အရှင်စန္ဒဝံသာလင်္ကာရ အမည်ရှိသော

ဒုတိယ မြို့ပြင်ကြီး

ဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော

အဘိဓမ္မတ္ထသရူပဒီပကကျမ်း

(ပဌမတွဲ)

စိတ္တ-စေတသိကသရူပဒီပကကဏ္ဍ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာတော်နှစ် ၂၅၀၇ ကောဇာသက္ကရာဇ် ၁၃၂၅ ၁၉၆၃

၄၄၄၉

အရှင်စန္ဒဝံသာလင်္ကာရ အမည်ရှိသော

ဒုတိယ မြို့ပြင်ကြီး

ဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော

အဘိဓမ္မတ္ထသရူပဒီပကကျမ်း

(ပဉ္စမတွဲ)

စိတ္တ-စေတသိကသရူပဒီပကကဏ္ဍ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာတော်နှစ် ၂၅၀၇ ကောဇာသက္ကရာဇ် ၁၃၂၅ ၁၉၆၃



မြိုပြင်ကြီးဆရာတော်ဘုရား။

နိဒါန်း

ဗုဒ္ဓရှင်တော်ဘုရား၏ စကားတော်များကို ပိဋကတ်အားဖြင့် ပိုင်းခြား ခွဲဝေသော် သုတ္တန္တပိဋက ဝိနယပိဋက အဘိဓမ္မပိဋက ဟူ၍ ၃-မျိုးရှိသည်။ ထို ၃-မျိုးတို့တွင် ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက် ပဋ္ဌာန်း ဟူသော ၇-ကျမ်းတို့သည်ကား အဘိဓမ္မပိဋက ဖြစ်သည်။ ဓမ္မအရာဝယ် သုတ္တန်ပိဋကထက် သာလွန်ထူးခြားသည့် ပိဋကတော်ဖြစ်သောကြောင့် "အဘိ" သဒ္ဒါနှင့်တကွ အဘိဓမ္မပိဋက ဟု ခေါ်ဝေါ်ခြင်း ဖြစ်လေသည်။ ထို အဘိဓမ္မပိဋက၌ (ဝိနယ ပိဋက ဆိုင်ရာ) အာဏာဒေသနာဆိုင်ရာများနှင့် (သုတ္တန်ပိဋက ဆိုင်ရာ) ဝေါဟာရဒေသနာဆိုင်ရာများ ပါဝင်ငြားသော်လည်း များသောအားဖြင့် ပရမတ္ထတရားတို့ကိုသာ မူရင်းထား၍ ဟောကြားတော်မူသောကြောင့် **ပရမတ္ထဒေသနာ** ဟုသာ ခေါ်သည်။

အကယ် စင်စစ် ထင်ရှားရှိသောတရားကား ပရမတ္ထ လေးပါးသာဖြစ်သည်။ သို့ရာတွင် ထို ပရမတ္ထ လေးပါး၌ သတ္တဝါတို့သည် ခွဲခြားဝေဖန်၍ သိမြင်နိုင်စွမ်း မရှိကြသဖြင့် "ငါ"ဟူ၍၎င်း "ငါ၏ ဥစ္စာ"ဟူ၍၎င်း (အတ္တအစွဲတည်းဟူသော) အယူအဆလွဲမှားနေသူတို့အား တရားမှန်အတိုင်း သိမြင်အောင် ဆုံးမဟောကြားတော်မူသည့် ပိဋက ဖြစ်သောကြောင့် (သာသနာ ၃-မျိုးအနက်) **ယထာဓမ္မသာသနာ** ဟုလည်း ခေါ်သည်။

နာမ် ရုပ် နှစ်ပါးကို ပိုင်းခြားသိမြင်အောင် ဟောကြားတော်မူသည့် ပိဋကတော် ဖြစ်သောကြောင့် (ကထာ ၃-မျိုးအနက်) **နာမရူပပရိစ္ဆေဒကထာ** ဟုလည်း ခေါ်သည်။

သီလ သမာဓိ ပညာ ဟူ၍ သိက္ခာ ၃-ပါး ရှိသည့်အနက် အဘိဓမ္မပိဋက၌ အဓိပညာသိက္ခာ ဆိုင်ရာတို့ကို အထူးတလည် ဟောကြားတော်မူသည်။ ပရမတ္ထတရားတည်းဟူသော ရုပ် နာမ် တို့ကို ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိမြင်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်အောင် ဟောကြားတော်မူသည်ဖြစ်သောကြောင့် **အဓိပညာသိက္ခာ**ဟု ခေါ်ခြင်း ဖြစ်လေသည်။

လွန်ကျူးမှုကို ပယ်ခြင်း ဝီတိက္ကမပဟာန်, ထကြွမှုကို ပယ်ခြင်း ပရိယုဋ္ဌာန-ပဟာန်, အစဉ်ကိန်းဝပ်လျက်ရှိသော ကိလေသာကို ပယ်ခြင်း အနုသယပဟာန်

ဟူ၍ ပဟာန် သုံးပါး ရှိသည့်အနက် ပညာသည် အနုသယ၏ ဆန့်ကျင်ဘက် ဖြစ်၏၊ ထို့ကြောင့် အဘိဓမ္မပိဋကသည် အနုသယပဟာန်လည်း မည်ပေ၏။

ဤသို့လျှင် အမြင့်ဆုံး ဒေသနာ အကျယ်ဝန်းဆုံး သာသနာ အနက်ဆုံး ကထာ အကြီးဆုံး သိက္ခာ အထက်ဆုံး ပဟာန်ဆိုင်ရာတို့ကို ဦးစားပေး၍ ဟောကြားတော်မူရာ၊ အဘိဓမ္မာပိဋကတ် တရားမြတ်သည်ကား သာဝကဉာဏ်မျိုး ပစ္စေကဗောဓိဉာဏ်မျိုး တို့ဖြင့် တီထွင် ဟောကြားနိုင်သည့် တရားမျိုး မဟုတ်ချေ၊ သာမည ပါရမီရှင်တို့ သိမြင်နိုင်ဘွယ်မရှိ၊ အတိဒုက္ကရ ဤကိစ္စကို သမ္မာသမ္ဗုဒ္ဓ ဓမ္မသနင်း တရားမင်းတို့သာလျှင် ချင်းနင်းကုန်စင် တီထွင် ဟောကြားတော်မူနိုင်သည့် တရားမျိုး ဖြစ်သည်။

ထို့ကြောင့် မိလိန္ဒပဉှာပါဠိတော် အရူပဓမ္မာနဝဝတ္ထာနပဉှာ၌လည်း အောက်ပါအတိုင်း ဟောကြားထားတော်မူသည်။

(မိလိန္ဒ) ဗုဒ္ဓဘုရား ပြုလုပ် (ဆောင်ရွက်)တော်မူခဲ့သည့် ခဲယဉ်းသော အရာ ရှိပါသလား ဘုရား။

(အရှင်နာဂသိန်) ခဲယဉ်းသောအရာ ရှိပါသည်။

(မိလိန္ဒ) ခဲယဉ်းစွာ ပြုလုပ်ခဲ့သော အရာဟူသည် အဘယ်ပါနည်း ဘုရား။

(နာဂသိန်) မြတ်စွာဘုရားသည် တခုထည်းသော အာရုံ၌ ဖြစ်ကြသည့် နာမ်ဖြစ်ကြသော ဤ စိတ် စေတသိက် တရားတို့ကို "ဤတရားသဘောကား ဖဿ တည်း၊ ဤတရားသဘောကား ဝေဒနာတည်း၊ ဤတရား သဘောကား သညာ တည်း၊ ဤတရားသဘောကား စေတနာတည်း၊ ဤတရားသဘောကား စိတ်တည်း" ဟု ပိုင်းခြားဝေဖန်လျက် ဟောကြားတော်မူရခြင်းသည် ခဲယဉ်းစွာ ပြုအပ်သော အရာမည်ပါ၏။

(မိလိန္ဒ) မြင်သာအောင် ဥပမာပြုတော်မူပါဦး ဘုရား။

(နာဂသိန်) ဥပမာအားဖြင့် ယောကျ်ား တယောက်သည် လှေဖြင့် မဟာ သမုဒ္ဒရာသို့ သက်ဝင်ပြီးနောက် မဟာသမုဒ္ဒရာရေကို လက်ခုပ်ဖြင့် ယူပြီးလျှင် လျှာဖြင့်လျက်၍ "ဤရေသည် ဂင်္ဂါမြစ်ရေတည်း၊ ဤရေသည် ယမုနာ မြစ်ရေ တည်း၊ ဤရေသည် အစိရဝတီ မြစ်ရေတည်း၊ ဤရေသည် သရဘူ မြစ်ရေတည်း၊ ဤရေသည် မဟီမြစ်ရေတည်း" ဟု သိနိုင်ရာပါသလော။

(မိလိန္ဒ) သိနိုင်ရန် ခဲယဉ်းလှပါသည် ဘုရား။

(နာဂသိန်) ဤတခုတည်းသော အာရုံ၌ဖြစ်ကြသည့်။ပ။ ပိုင်းခြား ဝေဖန် လျက် ဟောကြားတော်မူရခြင်းသည် ဤရေကို အသိခက်သည်ထက် အလွန် ခဲယဉ်းစွာ ပြုတော်မူအပ်သော အရာဖြစ်ပါ၏။

(မိလိန္ဒ) ကောင်းလှပါပေ၏ အရှင်ဘုရား။

ဤသို့ ခက်ခဲနက်နဲသော ဂုဏ်နှင့် ပြည့်စုံမှုကြောင့်ပင်လျှင် ကာလကြာ၍ ပရိယတ္တိသာသနာ ကွယ်ပရာတွင် အဘိဓမ္မာပိဋက ကစ၍ ကွယ်လိမ့်မည်ဟု ပိဋကတော်များတွင် ဖွင့်ပြတော်မူကြသည်၊ ထိုစကားကို အတန်ငယ်ချဲ့ဦးအံ့။

သာသနာကွယ်ခြင်းဟူသည်* (၁) ပရိယတ်ကွယ်ခြင်း (၂) ပဋိပတ်ကွယ် ခြင်း (၃) ပဋိဝေဓ ကွယ်ခြင်း (၄) ရဟန်းအသွင်ကွယ်ခြင်း (၅) ဓာတ် တော် မွေတော်ကွယ်ခြင်းဟူ၍ ၅-မျိုးရှိလေသည်။

ထို ၅-မျိုးတို့တွင် ပရိယတ္တိသာသနာ တည်လျှင် ပဋိပတ္တိသာသနာ ပဋိ ဝေဓသာသနာ ၂-ပါးကို ဖြည့်ကျင့်နိုင်ကြောင်း ဖြစ်သောကြောင့် ပရိယတ္တိ သည်သာလျှင် သာသနာတော်၏ တည်ရင်းအကြောင်း ဖြစ်သည်။

ကာလကြာလေသော် ပရိယတ္တိ သာသနာတော်ကြီးသည် တစထက်တစ ယုတ်လျော့မည်ဖြစ်သည်၊ ပရိယတ္တိသာသနာ၌လည်း ပိဋက ၃-ပုံ အနက် အဘိဓမ္မပိဋကသည် ရှေးဦးစွာကွယ်ပျောက်မည် ဖြစ်သည်၊ အဘိဓမ္မ ပိဋက တွင်လည်း ပဋ္ဌာန်းကျမ်းကြီးကစ၍ အစဉ်အတိုင်း ကွယ်ပလိမ့်မည် ဖြစ်ကြောင်း ကို အဋ္ဌကထာများ၌ အကျယ် ဖွင့်ပြတော်မူကြလေသည်။

ရှေးရှေးပုဂ္ဂိုလ်တို့သည် သုတ္တန်ပိဋကထက် လွန်ကဲထူးခြားသော ထိုအဘိ ဓမ္မပိဋကကို အထူးအားစိုက်ကာ သင်ကြားလေ့လာတော် မူကြရုံသာမက ဘာသာ အသီးသီးတို့ဖြင့် ပြန်ဆိုမှု, ဖွင့်ပြမှု, အဆင့်ဆင့်ဖွင့်ပြမှု, အကျဉ်းချုံးမှု စသည်တို့ကိုလည်း ပြုလုပ်တော်မူခဲ့ကြသည်။

အဘိဓမ္မာ ၇-ကျမ်းတို့ကို ပါဠိဘာသာဖြင့် အကျဉ်းချုံး ရေးသားသည့် လက်သန်းအဋ္ဌကထာကျမ်းတို့တွင် အရှင်အနုရုဒ္ဓါ ရေးသားတော်မူသော အဘိ ဓမ္မတ္ထသင်္ဂဟ,ပရမတ္ထဝိနိစ္ဆယ,နာမရူပပရိစ္ဆေဒကျမ်းများ၊အရှင်ဗုဒ္ဓဒတ္တ ရေးသား တော်မူသော အဘိဓမ္မာဝတာရကျမ်း၊ အရှင်ဓမ္မပါလ ရေးသားတော်မူခဲ့သော သစ္စသင်္ခေပကျမ်း၊ ကျစွာမင်းကြီး ရေးသားခဲ့သော ပရမတ္ထဗိန္ဒု စသော ကျမ်း တို့သည် ထင်ရှားသော ကျမ်းများဖြစ်ကြသည်။

ထို ကျမ်းတို့တွင် အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းသည် သဒ္ဒါနည်းလျက် အနက် ကျယ်ဝန်းစွာ ပါဝင်ခြင်း၊ အခဏ်းဖွဲ့ပုံ, ရေးသားပုံမှစ၍ သေသပ် ကျနခြင်း

---

* သမ္မောဟဝိနောဒနီအဋ္ဌကထာ ဥဗာဏဝိဘင်း အဖွင့် ပဉ္စဂုတ္တရအဋ္ဌကထာ စသည် တို့၌ သာသနာကွယ်ပုံ ၅-မျိုးတို့ကို အကျယ်ရှုပါ။

လွယ်ကူခြင်း စသော ဂုဏ်တို့ကြောင့် ယနေ့တိုင် အထင်ရှားဆုံး, အကျော်စောဆုံး, အလေ့အလာအများဆုံး, ဖြစ်ခဲ့သည်။ ထိုကျမ်း၏နိဿယများ, အဖွင့်များ, ထပ်ဆင့်ဖွင့်ပြချက်များ, အကောက်များလည်း အများအပြား ပေါ်ထွက်ခဲ့သည်။

အဘိဓမ္မတ္ထသင်္ဂဟကို မူတည်၍ ရေးသားဖွင့်ပြတော်မူကြသော ကျမ်းဂန်တို့တွင် ယခု မြို့ပြင်ကြီးဆရာတော် ရေးသားတော်မူသည့် အဘိဓမ္မတ္ထသရူပဒီပက ကျမ်းသည်လည်း တကျမ်း အပါအဝင် ဖြစ်သည်။ ထို့ကြောင့် (သင်္ဂြိုဟ်ကျမ်းကို သင်ကြားဆောင်ရွက်လေ့ကျက်သော ပုဂ္ဂိုလ်တို့အား ကျေးဇူးပြုနိုင်စေခြင်းငှါ များသောအားဖြင့် သင်္ဂြိုဟ် ၉-ပိုင်း၌လာသော အစဉ်အားဖြင့် ပြဆိုမည်ဖြစ်ကြောင်း) ဆရာတော်ဘုရားကြီးကိုယ်တိုင် မှာထားတော်မူခဲ့လေသည်။

ထိုသို့ မှာထားတော်မူသည့်အတိုင်း (၁) စိတ္တသရူပဒီပက ကဏ္ဍ (၂) စေတသိကသရူပဒီပက ကဏ္ဍ (၃) ရူပသရူပဒီပက ကဏ္ဍ (၄) နိဗ္ဗာနသရူပဒီပက ကဏ္ဍ ဟူ၍ အဘိဓမ္မတ္ထသင်္ဂဟအတိုင်းပင် ပရမတ္ထတရား လေးပါးတို့ကို စီစဉ်ပြီးလျှင် အခဏ်းကြီး လေးခဏ်း ဖွဲ့၍ ရေးသားစီရင်တော်မူလေသည်။

ဤသို့ပရမတ္ထလေးပါးတို့ကို အဘိဓမ္မတ္ထသင်္ဂဟအတိုင်း အခဏ်းကြီး လေးခဏ်းဖွဲ့၍ ဖွင့်ပြတော်မူရုံမျှသာမက အဘိဓမ္မတ္ထသင်္ဂဟနှင့် အနီးစပ်ဆုံးဖြစ်သည့် ဓမ္မသင်္ဂဏီပါဠိတော်အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ, ဋီကာကျော်ဟု ခေါ်သော သင်္ဂြိုဟ်အဖွင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ, ဋီကာကျော်၏အဖွင့် မဏိသာရမဉ္ဇူသာတို့ကို လက်ရင်းထားကာ ဤအဘိဓမ္မတ္ထသရူပဒီပကကို ဖွင့်ပြ ရေးသားတော်မူသည်။

တဖန် ထိုသို့ ဖွင့်ပြရေးသားရာဝယ် လက်ရင်းထားသည့် ကျမ်းများ၌ (၁) ကျယ်လွန်းသော အရာများကို အကျဉ်းချုံး၍ရင်း (၂) ကျဉ်းလွန်းသော အရာများကို အကျယ်ချဲ့၍ရင်း (၃) သာမညလောက်သာ ဆိုထားသည့်အရာတို့ကို ဝိသေသအားဖြင့် ဖော်ပြ၍ရင်း (၄) မနှစ်သက်ဖွယ် ဟု ယူဆသော အရာ တိမ်းချွတ်သည်ဟု ယူဆသော အရာတို့ကိုလည်း ပါဠိ အဋ္ဌကထာ ဋီကာကြီးတို့ကို ဆောင်ပြ,ညှိနှိုင်း, သုတ်သင်တော်မူ၍ရင်း (၅) ဥပလက္ခဏနည်း, နိဒဿန နည်းတို့ဖြင့် မပြည့်မစုံ ပြဆိုသော အရာများကိုလည်း ကျမ်းတပါးတို့မှ ဆောင်ယူဖြည့်လောင်း၍ရင်း (၆) အချို့နေရာများ၌ ပိုမို၍ အဆင်ပြေစေရန်·အလို့ငှါ ဋီကာကျော်, မဏိသာရမဉ္ဇူသာ စသည်တို့၏ အလိုသို့ မလိုက်ဘဲ ပါဠိတော်, အဋ္ဌကထာ, ဋီကာကြီးများကို ကိုးကား၍ရင်း ရေးသားဖွင့်ပြတော်မူထားပေသည်။ ထိုသို့ လေးနက် ခမ်းနားလှစွာ ရေးသားပုံ စံနစ်ကို သိရသဖြင့် ကျမ်းပြုအရှင်မြတ်ကြီး၏ ဉာဏ်တော် မည်မျှကြီးမားမည်ကိုလည်း ခန့်မှန်းနိုင်ပေသည်။

ဆရာတော်ဘုရားကြီး ပြုစုတော်မူသည့် ကျမ်းများကို ကြည့်ရှု လေ့လာခဲ့ပါလျှင် သုတ္တန်ပိဋကာ, ဝိနည်းပိဋက တို့၌လည်း များစွာနှံ့စပ် ကျေပွန်တော်မူကြောင်း သိသာပေသည်။ အထူးအားဖြင့်ကား (အဌုပ္ပတ္တိတွင် ပြထားသည့်အတိုင်း) ဆရာစဉ်ဆက် မပျက်ထင်စွာ ပရမ္ပရာဘတ နယမုဋ္ဌိ မိမိ ရရ ဝိသေသ အာဘိဓမ္မိကဂုဏ်နှင့် ထူးခြားစွာ ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ကြောင်း ထင်ရှားလှသည်။

ထိုသို့ အဘိဓမ္မာအရာဝယ် သူတကာထက် ဆဆတက်၍ နယဂ္ဂါဟ အာစေရမုဋ္ဌ မှန်ထုပ်လျှို့ဝှက် သိရန်ခက်သည့် အနက်သဒ္ဒါ အဖြာဖြာတို့ကို ရရှိတော်မူကြောင်းနှင့် စပ်လျဉ်း၍ ဆရာတော်ဘုရားကြီး ပြုစုသည့် ကျမ်းတို့၌ အများအပြား ဖော်ပြထားရုံမျှမက အထူးသဖြင့် ဤ ကျမ်း၏အစ ဂန္ထာရမ္ဘ၌ "အဘိဓမ္မတ္ထသရူပဒီပကံ=အဘိဓမ္မာ၏ အနက်ဖြစ်သော ပရမတ္ထ တရားတို့၏ လက္ခဏာ စသည်နှင့်တကွသော သရုပ်ကို ပြဆိုရာဖြစ်၍ အဘိဓမ္မတ္ထသရူပဒီပက မည်သော မှတ်စု ဝိနိစ္ဆယကို"ဟု ဖော်ပြတော်မူချက်အရလည်း ဆရာတော်ကြီး၏ အဘိဓမ္မာဉာဏ်ပညာ ပရမ္ပရာဘတ (မှတ်စုဝိနိစ္ဆယ) မည်မျှများပြားသည်ကို ထင်ရှားစေလေသည်။

ဆရာတော်ဘုရားကြီးသည် ပရိယတ္တိအခြေခံ သဒ္ဒါဉာဏ်ကလည်း ထက်သန်ပြည့်ဝ ထိတိုင်းရှ ဖြစ်တော်မူသည်နှင့်အညီ "သွားရင်းဟန်လွဲ" ဆိုသကဲ့သို့ အဘိဓမ္မာ၏ သရုပ်သဘောတို့ကို စောကြောစိစစ် အဆီညှစ်၍ ပြဆိုတော်မူရင်းပင် သဒ္ဒါ အဆုံးအဖြတ် အရပ်ရပ်တို့ကိုလည်း ကြားညှပ်ထည့်သွင်း၍ သုတေသီတို့အကျိုးငှါ ဖော်ပြတော်မူသည်။

ကြားညှပ်ထည့်သွင်းချက်မျှသာ ဟု ဆိုရသော်လည်း တခါတရံ အရေးကြီးလှသော သဒ္ဒါ အဆုံးအဖြတ်မျိုး ဖြစ်၍နေသည်ကို တွေ့ရပေသည်။ စိတ္တသရူပဒီပက ကဏ္ဍ၏ အစလောက်တွင် (သဒ္ဒနယကို အလိုရှိသော ပုဂ္ဂိုလ်တို့၏ အလိုအားလျော်စွာ အချို့သောအရာ၌ အနည်းအမြွက်မျှသော သဒ္ဒဝိနိစ္ဆယ။ ပ ။ ကိုပြဆိုမည်)ဟု မိန့်မှာတော်မူသော်လည်း "တတ္ထ ဝုတ္တာ" ၍ သင်္ဂိုဟ်ဂါထာတွင် "ပရမတ္ထတော" ဟူသော ပုဒ်၌ "တောပစ္စယတ္ထ"ကို ဝေဖန် ဆုံးဖြတ်တော် မူခြင်းသည်ပင် ပြောပလောက်သည့် သဒ္ဒါဖြတ်ထုံးကြီးတရပ် ဖြင်ပေသည်။

ထိုသို့ တောပစ္စယတ္ထကို အရာအားလျော်စွာ ကျမ်း အကိုး အကားတို့ဖြင့် နည်းမျိုးစုံစွာ ခမ်းခမ်း နားနား ညှိနှိုင်းဆုံးဖြတ်တော်မူပြီးလျှင် "သဒ္ဒဝိနိစ္ဆယ နှင့်တကွ ပြဆိုသည်ရှိသော် သဒ္ဒနယ၌ မလေ့လာ မကျွမ်းကျင်သော ပုဂ္ဂိုလ်ဘို့ အမှတ်အသား ခက်ရသောကြောင့်၎င်း၊ အလွန်ကျယ်ဝန်း များပြားရသောကြောင့်၎င်း၊ ဆိုလတ္တံ့သောအရာတို့၌ သဒ္ဒဝိနိစ္ဆယကို မပြဆိုဘဲ အနက်အဓိပ္ပါယ်မျှကိုသာ ပြဆိုတော့အံ့" ဟု မှာထားတော်မူသည်။

ထိုကဲ့သို့ သဒ္ဒါဉာဏ်နု စာရှုပုဂ္ဂိုလ် များထိုထိုကို ငဲ့လိုသည့်ဆန္ဒ ရှိသော်လည်း ဌာနအလျောက် သဒ္ဒါနှင့်ထောက်မှ ပြီးမြောက်မည့်အရာ တွေ့ရှိလာပြန်သော်၊ သဒ္ဒါဉာဏ်ကို ပိတ်ပင်ရန်မတတ်အားဘဲ အကျယ်တဝင့် တခမ်းတနားပင် ရေးသားတော်မူပြန်သည်။

ဤကဲ့သို့ ပိဋကတ္တယကောဝိဒ ဂုဏ်မူလ၌ ဝိသေသ ဟူ သူမတူတန် အဘိဓမ္မာဉာဏ်နှင့် သဒ္ဒါဉာဏ်စက် ထက်မြက်ထိန်ညီး မြို့ပြင်ကြီး ဆရာတော်ဘုရားသည် ပရမတ္ထ ဓမ္မလေးပါး မူတည်ထား၍ ရေးသား ဖော်ပြတော်မူသည့် ဤကျမ်း၌ ဝိနည်းမကျန် သုတ္တန်မလွတ် သွင်းသွတ်သင့်ရာ ပါဠိတော်လာ အဖုံဖုံ၊ အဋ္ဌကထာဆိုပုံ အနည်းနည်း ဋီကာလည်း အရပ်ရပ် ယောဇနာ ဂဏ္ဌိ အထပ်ထပ် အာစရိယဝါဒများလည်း ကြားညှပ်၍ မလစ်လပ်သော ကိုယ်ပိုင်ဉာဏ်ဖြင့် ရေးသားတော်မူသော ကျမ်းကြီးဖြစ်ရကား **"အဘိဓမ္မာပိဋကကို အရင်းတည်သည့် ပိဋက ၃-ပုံ အကျဉ်းချုပ်ကျမ်းကြီး"** ဖြစ်သည်ဟုပင် ဆိုနိုင်လောက်ပေသည်။

အထူးသဖြင့် ဗုဒ္ဓဝါဒ၏ အဆုံးသတ် ရည်ရွယ်ချက် သံသရာစက်၏ စခန်းသိမ်း ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို ယူဆရန်အရေးနှင့် စပ်လျဉ်း၍ ပိဋကတ္တယ ပါရဂူ ဝိဒူအကျော် ဆရာတော် အဆက်ဆက် တဖက်တလမ်း ခွဲခြမ်းဆုံးဖြတ်ယူမှတ်စေပုံ အလုံးစုံကို အာရုံစေ့ငု သတိပြုလျက် ရင့်နုမရွေး ဉာဏ်မထွေးဘဲ နက်လေးနှိုင်းထောက် သဘောပေါက်အောင် အရောက်ပို့မည် ကြံရွယ်ရည်လျက် ဤမည်သော **နိဗ္ဗာနသရူပဒီပကကဏ္ဍ** ကိုလည်း အတန်ပင် ကျယ်ဝန်းစွာ ဖွင့်ပြရေးသားတော်မူခဲ့လေသည်။

ဤသို့လျှင် အဘိဓမ္မာအရာဝယ် ကျော်စောထင်ရှားတော်မူလှသော ဒုတိယ မြို့ပြင်ကြီး ဆရာတော်ဘုရား၏ ဤအဘိဓမ္မတ္ထသရူပဒီပကကျမ်းကို (၁) စိတ်နှင့် (၂) စေတသိက်အတွက် ၁-အုပ် (၃) ရုပ်အတွက် ထိုဆရာတော်ဘုရားကြီးပင် ပြုစုတော်မူသည့် ရူပဝိထိပကာသနီနှင့် တွဲ၍ ၁-အုပ် (၄) နိဗ္ဗာန်အတွက် ၁-အုပ် အစုစု ၃-အုပ်ခွဲ၍ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ဆရာတော်ဘုရားကြီး ကိုးကားတော်မူရင်း ဖြစ်သည့် ကျမ်းတို့၏ (ဆင္ဃသံဂါယနာမူ) စာမျက်နှာ စသည်တို့ကို ညွှန်ပြလျက် အက္ခရာဝလိ များနှင့်တကွ ထပ်မံ ပုံနှိပ်ကာ ဗုဒ္ဓသာသနာတော် နေရောင် လရောင် ရာထောင်မက ထွန်းပစေကြောင်း ကောင်းမြတ်သော စေတနာဖြင့် ဖြန့်ချိလိုက်ရပေသတည်း။

ဆရာမာသ
(ဝဏ္ဏကျော်ထင်)
သာသနာ့ရေးရာခြည်စာစောင် အယ်ဒီတာ
ဗုဒ္ဓသာသနာအဖွဲ့

ဆရာဉာဏ်
(မဟာပညာဗလ, ပါဠိပါမောက္ခ)
စာပြင်မှူးချုပ်
ဗုဒ္ဓသာသနာအဖွဲ့

အဘိဓမ္မတ္ထသရူပဒီပကကျမ်းပြု

ဒုတိယ မြို့ပြင်ကြီးဆရာတော် အဋ္ဌုပ္ပတ်

မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓသာသနာ ဆိုက်ရောက် လာသည့် အချိန်ကစ၍ သာသနာတော် သုံးရပ်၏ အခြေခံဖြစ်သော ပိဋကတ်တော်များလည်း ဆိုက်ရောက်ခဲ့ကြောင်း ရာဇဝင် သာသနာဝင် စာပေများအရ ကောင်းစွာ သိရလေသည်။ ပိဋကသုံးသွယ် ကျမ်းပင်လယ်ဘွင် တသွယ်အပါ သညာဝိသေသ အဘိဓမ္မမည်ခေါ် တရားတော်သည်လည်း ထိုအခါကပင် ထွန်းကားခဲ့ကြောင်း ထင်ရှားလှပါပေသည်။

ဤသို့လျှင် ပုဂံ မြင်စိုင်း စစ်ကိုင်း ပင်းယ အင်းဝမည်လစ် ခေတ်အဆက်ဆက် မပျက်စဉ်လာ ထွန်းကားစွာသား အဘိဓမ္မာခေါ် တရားတော်၌ ထင်ပေါ်ကဲလွန် ထူးချွန်တတ်မြောက် တဖက်ကမ်းပေါက်ကြသည့် ကုန်းဘောင်ခေတ်ပေါ် ပုဂ္ဂိုလ်ကျော်တို့တွင် ဤယခု ပြဆိုလတ္တံ့သော ဒုတိယ မြို့ပြင်ကြီးဆရာတော်သည်လည်း တပါးအပါအဝင် ဖြစ်တော်မူပါပေသည်။

ဒုတိယ မြို့ပြင်ကြီးဆရာတော်သည် အမရပူရမြို့မှ တောင်ဘက် တာနှင့်ထောင်ခန့် အကွာတွင် တည်ရှိသော မြို့သစ်မြို့၏အနီး အနောက်မြောက်ဖက် (ထိုမြို့သစ်မြို့၏ အပြင်တွင် တည်နေသောကြောင့်) မြို့ပြင်ကြီးဟု မည်တွင်သော ရွာ၌ ၁၁၇၉·ခု တပေါင်းလဆန်းတွင် မွေးဖွားတော်မူခဲ့ကြောင်းကိုင်း ၁၂၆၃-ခု နယုန်လအတွင်း ရန်ကုန်မြို့ ဗဟန်းရပ် ကျောင်းတော်ရာ ဗင်္ဂလားတိုက်*၌ ပျံလွန်တော်မူကြောင်းကိုင်း သိရပေသည်။ ဘွဲ့တော်ကား အရှင်စန္ဒဝံသ ဖြစ်၏။ ခမည်းတော် အမည်ကိုကား မသိရချေ။ မယ်အိမ်လေး မယ်အိမ်မွေး နှင့် ဖိုးညိုရောင်ဟူသော မောင်နှမများအနက် မယ်အိမ်လေးသည် ဆရာတော်ဘုရားကြီး၏ မယ်တော်ဖြစ်၏။

ဤဒုတိယ မြို့ပြင်ကြီး ဆရာတော်သည် အမျိုးအားဖြင့် ဘကြီးတော်ဘုရား (၁၁၇၁·၉၉)လက်ထက် အဘိဓမ္မာ ညဝါအရာဝယ် ထင်ရှားကျော်စောတော်မူလှသော တုတ်လှမ်း ဆရာတော်ဘုရားကြီး၏ တူတော်ရင်း ဖြစ်လေသည်။

---

*မင်းတုန်းမင်းကြီးက ကျောင်းတော်ရာအဖြစ် လှူပြီးလျှင် သူဌေး ဦးဇံ ထံ အပ်ထားခဲ့သည်။ သင်္ဂဇာဆရာတော်, ရွှေကျင်ဆရာတော်, ဗဂလားဆရာတော်ဘုရားကြီး များသည် (ဆိုင်ရာမှ အသီးသီးပိုင်းခြား လှူဒါန်းချက်အရ) အသီးအသီး သိတင်းသုံးတော်မူခဲ့ကြသည်။ ထို့ကြောင့် ကျောင်းတော်ရာ ဗင်္ဂလားတိုက်ဟု တွဲ၍ သုံးထားခြင်းဖြစ်သည်။

ရတနာပူရ အဝမြို့တော်၏ အနောက် တောင်ဘက် တာလေးထောင်ခန့် အကွာ(လေးတိုင်ခန့်အကွာ-ဟုလည်း မှုကွဲတွေ့ရသည်) တုတ်လှုမ်းစေတီတော်အနီး တုတ်လှုမ်းကျောင်းတိုက်၌ သီတင်း သုံးနေတော်မူသောကြောင့် တုတ်လှုမ်းဆရာတော်ဟု ခေါ်ဝေါ်ထင်ရှားလေသည်။ ဘွဲ့တော်ကား အရှင်စန္ဒမာလာဖြစ်၏။ ထိုဆရာတော်ဘုရားကြီးသည် ရှေးအခါက ညဝါအရာ လေ့လာသင်ကြားပုဂ္ဂိုလ်များတို့ နှုတ်ဖျားရွရွ ကျက်မှတ်ကြသည့် ယမက-ကဗျာများနှင့် အဖြေများကိုပါ ရေးသားတော်မူခဲ့လေသည်။

ထိုတုတ်လှုမ်းဆရာတော် ဘုရားကြီး၌ အရှင်သုတဓရနှင့် အရှင်အရိယဝံသဟူသော ညီတော်ရင်း ၂-ပါးရှိတော်မူလေသည်။ အရှင်သုတဓရသည် (ဆိုခဲ့သည့်) မြို့ပြင်ကြီးရွာကို ဂေါစရဂါမ်ပြု၍ သီတင်းသုံးတော်မူသဖြင့် မြို့ပြင်ကြီးဆရာတော်ဟုလည်း ကျော်စောထင်ရှားတော်မူ၏*။

အရှင်အရိယဝံသသည် မန္တလေးမြို့အနောက်ပြင် မင်းတဲရပ် (ရတနာမဥ္ဇူစေတီတော်အနီး) ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသဖြင့် မင်းတဲဆရာတော်ဟူ၍ရင်း ရတနာမဥ္ဇူဆရာတော်ဟူ၍ရင်း ကျော်စောထင်ရှားတော်မူ၏။

ဒုတိယ မြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသသည် ဥပဇ္ဈာယ် ဆရာဖြစ်သော ဦးလေးတော် အရှင်သုတဓရနှင့် အရှင်အရိယဝံသ ဆရာတော်များထံ၌သာမက အမရပူရမြို့ ပြည်တိုက် ပြည်ဆရာတော် ဘုရားကြီးနှင့် နောင်ကြီးအိုင် ဆရာတော်† စသော ဆရာတော်ဘုရားကြီးများထံ၌လည်း ပညာရင်နို့ သောက်စို့တော်မူခဲ့လေသည်။ (မြို့ပြင်ကြီး ၅-စောင်တွဲကျမ်း နိဒါန်းအရ) ဒုတိယ မြို့ပြင်ကြီး ဆရာတော်သည် အမရပူရမြို့ ပြည်တိုက် ပြည်ဆရာတော်ဘုရားကြီး၏ ထံတော်ဝယ် ခုနစ်နှစ် တိုင်တိုင် ကျမ်းဂန်များ သင်ကြားတော်မူခဲ့ကြောင်းကိုရင်း၊ (အဆိုပါနိဒါန်းနှင့် အဘိဓမ္မတ္ထသရူပဒီပက ဂန္ထာရမ္ဘ စသည်တို့အရ) နောင်ကြီးအိုင်ရွာလျှင် ဖွားရာဇာတိရှိသဖြင့် နောင်ကြီးအိုင်ဆရာတော်ဟု ထင်ရှားကျော်စောသော ဆရာတော် အရှင်နန္ဒိယနှင့် ရွှေဂူဆရာတော် စသည်တို့ထံ၌ ကျမ်းဂန်များ သင်ကြားတော်မူခဲ့ကြောင်းကိုရင်း သိရလေသည်။ အထူးသတိပြုဖွယ်ကား နောင်ကြီးအိုင်ဆရာတော်နှင့် ဒုတိယ

---

* မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်း စသည်တို့၏ အဓိပ္ပါယ်များကို ရေးသားတော်မူခဲ့သော အမရပူရမြို့ ရှေးမြို့ပြင်ကြီးဆရာတော် ဦးအရိန္ဒမ ဟူသည် ဤဆရာတော်ပင်ဖြစ်မည်ထင်သည်ဟု မြစ်ကွေ့ဆရာတော်က မှာလေသည်။ သို့ရာတွင် တပါးစီသာဖြစ်ကြောင်းကို (အဂ္ဂမဟာပဏ္ဍိတ) အဖြောက် ဆရာတော်ဘုရားကြီးက မိန့်တော်မူလေသည်။

† မုံရွာခရိုင် အရာတော်မြို့နယ်အတွင်း နောင်ကြီးအိုင်ရွာဟုရှိသည်။

မြို့ပြင်ကြီးဆရာတော် ၂-ပါးလုံးပင် ပြည်ဆရာတော် ဘုရားကြီး၏ တပည့်များ ဖြစ်ကြောင်းပေတည်း။ မောင်းထောင်ဆရာတော်၏ အက္ခရဝိသောဓနီကျမ်း (နိဒါန်း) ၌ ပဉ္စမသံဂါယနာတင်ရန် စာမူတော်များကို ပြဆိုရာတွင်—

ခါတုကထာ ပါဠိ၊ အဋ္ဌကထာကို ပြည်တိုက်နေ ရှင်စန္ဒက သုတ်သင်ပြင် ဆင်၍ သွင်းရ၏။

ပုဂ္ဂလပညတ် ပါဠိ၊ အဋ္ဌကထာကို ပြည်တိုက်နေ ရှင်နန္ဒိယက သုတ်သင်ပြင် ဆင်၍ သွင်းရ၏။

ဟုပါလေသည်။ ၎င်းအက္ခရဝိသောဓနီ-လာ ပုဂ္ဂိုလ် ၂-ပါးမှာ ဒုတိယမြို့ပြင်ကြီး ဆရာတော် အရှင်စန္ဒဝံသနှင့် နောင်ကြီးအိုင် ဆရာတော် အရှင်နန္ဒိယတို့ပင် ဖြစ်ဖွယ်ရှိလေသည်။

ထိုဒုတိယမြို့ပြင်ကြီး ဆရာတော်ဘုရားသည် ပုလိပ်ရွာ၏တောင်မျက်နှာရှိ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုကျောင်းတော်၊ မြို့သစ်မြို့ မြို့ပြင်ကြီးရွာ အနောက်ဖက်ရှိ ကျောင်းတော်၊ ၎င်းရွာ မြောက်ဖက်ရှိ မြစည်းခုံကျောင်းတိုက်စသည်တို့တွင် အလှည့်အလည် သီတင်းသုံးတော်မူကာ ပရိယတ္တိဓမ္မကို မပြတ်ပို့ချလျက်သာ အချိန်ကို ကုန်လွန်စေတော်မူခဲ့လေသည်။

ထို့ကြောင့်ပင် (၁) မန္တလေးမြို့ ရွှေဂူတိုက်ဆရာတော် ဦးသုဇာတ (၂) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် (ဒုတိယ ရွှေကျင်သာသနာပိုင်) ဆရာတော် ဦးဝိသုဒ္ဓ (၃) အရှေ့ပြင် မှန်ကျောင်းတိုက် သီပေါမင်းတရား၏ ဆရာတော် ဦးဉာဏဝံသ (၄) ငါးစို့တိုက် ဆရာတော် ဦးနရိန္ဒ (၅) အလ္လကပ္ပတိုက် မြို့သာဆရာတော် ဦးသုမန (၆) အနောက်ပြင် မှန်ကျောင်း မြတောင်တိုက် ဆရာတော် ဦးပဏ္ဍဝံသ* (၇) တောင်ပြင် နန်းဦးတိုက် ဒုတိယဆရာတော် ဦးပညာ စသော တံဆိပ်တော်ရ ဆရာတော်များနှင့်တကွ (၈) ရန်ကုန်မြို့ ဗဂ်လားဆရာတော် (၉) ပုဇွန်တောင် နော်မံကျောင်းကြီး ဆရာတော် (၁၀) ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဦးပဏ္ဍဝံသ စသော ကျော်စောထင်ရှား သည့် ဆရာတော်ကြီးအပေါင်းတို့၏ ဓမ္မာစရိယ ဆရာတော်ကြီးတဆူ ဖြစ်တော်မူလေသည်။

ထို့ပြင် မန္တလေး ရွှေမြို့တော် ဝန်းကျင် အရှေ့ပြင် တောင်ပြင် လမိုင်း လက်ျာတော်၊ အမရပူရမြို့ ပုလိပ်ရွာ တဘက်ဆွဲရွာမှစ၍ တဋ္ဌဝတီ=မြစ်ငယ် ဝဲယာ မြို့ရွာများရှိ ကျောင်းပေါင်း ၄၀၀-ကျော် သံဃာတော်ပေါင်း ၂၀၀၀-

---

* မန်လည်ဆရာတော်နှင့် အမေးအဖြေပြုတော်မူသော (မင်းကွန်း) ဆရာတော်ပင်ဖြစ်သည်ဟု အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်။

ကျော်တို့၏ အကြီးအမှူး ဂဏာစရိယ ဂဏပါမောက္ခလည်း ဖြစ်တော်မူလေသည်။

ထိုဆရာတော်ဘုရားကြီးသည် ပရိယတ္တိသာသနာ လွန်စွာတိုးပွါး အကျိုးများ၍ ထင်ရှားတည်တံ့စေရန် အားထုတ်တော်မူရုံမျှမက ဂန္ထကာရကဂုဏ်လောက်လုံပြည့်ဝတော်မူသည်နှင့်အညီ အောက်ပါ ၁၃-ခုသော ကျမ်းဂန်များကိုလည်း ရေးသား စီရင်တော်မူခဲ့လေသည်။

၁။ အဋ္ဌသာလိနီ ဂဏ္ဌိသစ်(ကျမ်းပြီး သက္ကရာဇ် မပါ) ၇-ဝါ အရတွင်ရေး။

၂။ ပဋ္ဌိစ္စသမုပ္ပါဒနယဒီပနီ (၁၂၄၅-ခုပြီး)

၃။ ဒိဋ္ဌိဘေဒပကာသနီ (၁၂၄၅-ခုပြီး)

၄။ ကုက္ကုစ္စဝိနိစ္ဆယ (၁၂၄၅-ခုပြီး)

၅။ ဖလဋ္ဌဘေဒဒီပနီ (၁၂၄၅-ခုပြီး)

၆။ ရူပဝီထိပကာသနီ (၁၂၄၅-ခုပြီး)

၇။ သမ္မောဟဆေဒနီ (၁၂၅၂-ခုပြီး)

၈။ အဘိဓမ္မတ္ထသရူပဒီပက (ကျမ်းပြီး သက္ကရာဇ်မပါ)

၉။ ပုစ္ဆာဗျာကရဏ (၁၂၅၈-ခုပြီး)

၁၀။ စက္ခာဒိဥပ္ပတ္တိဒီပက (၁၂၅၉-ခုပြီး)

၁၁။ သီလသမာဒါနဝိနိစ္ဆယ (၁၂၅၉-ခုပြီး)

၁၂။ သရဏသရူပါဒိဒဿန (၁၂၅၉-ခုပြီး)

၁၃။ နိဗ္ဗာနသရူပဒီပကကဏ္ဍ *

---

* ဤကျမ်းကို သီးသန့်ခွဲထားသော်လည်း အဘိဓမ္မတ္ထသရူပဒီပက၏ ကဏ္ဍကြီးတခုသာ ဖြစ်ကြောင်း ထင်ရှားသည်။

အဘိဓမ္မတ္ထသရူပဒီပကကျမ်း (ပဉ္စမတွဲ)

ကိုးကားသော ကျမ်းများ

[အ]

အင်္ဂုတ္တရပါဠိတော်
အဋ္ဌသာလိနီအဋ္ဌကထာ
အဋ္ဌသာလိနီဂဏ္ဌိ
အဋ္ဌသာလိနီယောဇနာ
အနုဋီကာတတိယတွဲ
အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ
အဘိဓမ္မတ္ထသင်္ဂဟ
အဘိဓမ္မာဝတာရဋီကာသစ် – ပဉ္စမတွဲ
အဘိဓာနပ္ပဒီပိကာ

[ဧ]

ဧကက္ခရကောသဋီကာ

[က]

ကစ္စည်းသဒ္ဒါကြီး
ကထာဝတ္ထုပါဠိတော်

[ခ-ဇ]

ခုဒ္ဒကပါဌအဋ္ဌကထာ
ဇာတကအဋ္ဌကထာ
ဇာတကပါဠိတော်

[ဓ]

ဓမ္မပဒပါဠိတော်
ဓမ္မသင်္ဂဏီပါဠိတော်

[ပ]

ပဉ္စပကရဏအဋ္ဌကထာ

[မ-ဝ]

မဏိဒီပ
မဏိသာရမဉ္ဇူသာ
မဓုသာရတ္ထဒီပနီ
မဟာနိဒ္ဒေသအဋ္ဌကထာ
မဟာနိဒ္ဒေသပါဠိတော်
မိန္တွောင်း
မူလဋီကာ ပဉ္စမတွဲ
မူလပဏ္ဏာသအဋ္ဌကထာ
မူလပဏ္ဏာသဋီကာ
ဝိဘင်္ဂပါဠိတော်

[သ]

သံပျင်ဋီကာ
သံယုတ္တအဋ္ဌကထာ
သံယုတ္တဋီကာ
သံယုတ္တပါဠိတော်
သင်္ခေပဝဏ္ဏနာဋီကာ
သင်္ဂဟဋီကာဟောင်း
သာရတ္ထဒီပနီဋီကာ
သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ
သီလက္ခန္ဓဝဂ္ဂဋီကာ (ပုရာဏ)
သီလက္ခန္ဓဝဂ္ဂပါဠိတော်

မာတိကာ

အကြောင်းအရာ | **စာမျက်နှာ**

၁-စိတ္တသရူပဒီပကကဏ္ဍ

ပဏာမနှင့် ပဋိညာဉ်	၁
ဥယျောဇဉ်	၄
တတ္တဝုတ္တာဂါထာအဓိပ္ပါယ်	၅
ပရမတ္ထတရား ၄-ပါး	၅
စိတ်စသည်တို့ ပရမတ်မည်ခြင်းအကြောင်း	၁၇
ပရမတ္ထအပြား ဥပမာ	၂၂
ဝိညာဏ်၏ စိတ္တမည်ခြင်းအကြောင်း	၂၅
ပရမတ္ထတရား ၄-ပါး အစဉ်ထားပုံ	၃၂
ဘူမိဘေဒဖြင့် စိတ်လေးပါးပြားပုံ	၃၇
ကာမာဝစရမည်ပုံ	၃၈
ရူပါဝစရမည်ပုံ	၄၇
အရူပါဝစရမည်ပုံ	၄၈
မဏိမဉ္ဇူသာ, သင်္ဂဟဂါထာအဓိပ္ပါယ်	၄၈
လောကုတ္တရာစိတ်မည်ပုံ	၄၉
လောကသုံးပါးမှ ထွက်မြောက်ပုံ	၅၄
စိတ်အစဉ်ထားပုံအကျဉ်း	၅၅
အကုသိုလ်နှင့် အဟိတ်အစဉ်ထားပုံ	၅၆
လောဘမူစိတ်	၅၉
သောမနဿ, ဥပေက္ခာစသည်ဖြစ်ပုံ	၇၄
မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းအကြောင်း	၇၇
လောဘမူစိတ်ဖြစ်ပုံ	၇၇
လောဘမူစိတ်တို့၏ အပြစ်	၈၀
လောဘမူစိတ်ထားပုံ အစဉ်	၈၂
လောဘမူစိတ် မြောက်ပွါးပုံ	၈၃
လောဘမူ၌ ဖဿသဟဂုတ် စသည်မဆိုသင့်ပုံ	၈၄

အကြောင်းအရာ			စာမျက်နှာ
အဋ္ဌကထာ, ဋီကာတို့၏ဝါဒအကျယ်	....	....	၈၆
ဒေါသမူစိတ်	....	....	၈၈
ဒေါမနဿ, ပဋိဃတို့၏အထူး	....	....	၈၉
မောဟမူစိတ်	....	....	၉၄
အကုသိုလ်စိတ်ဥပမာ	....	....	၉၉
အဟိတ်စိတ်	....	....	၁၀၅
စက္ခုဝိညာဏ် စသည် အစဉ်ထားပုံ	....	....	၁၀၆
သမ္ပဋိစ္ဆိုန်း, သန္တီရဏ၌ မှတ်ရန်	....	....	၁၁၁
ပဉ္စဝိညာဏ်တို့ ဥပေက္ခာဖြစ်ရပုံ	....	....	၁၁၂
ကာယဝိညာဏ်ဒွေး	....	....	၁၁၃
သမ္ပဋိစ္ဆိုန်းဒွေး	....	....	၁၁၄
ကုသလဝိပါက်သန္တီရဏ	....	....	၁၁၅
အကုသလဝိပါက်သန္တီရဏ	....	....	၁၁၅
အဟိတ်ကြိယာ	....	....	၁၂၁
အဟိတ်ကုသလဝိပါက်	....	....	၁၂၉
အဟိတ်အကုသလဝိပါက်	....	....	၁၃၀
မဟာကုသိုလ်စိတ်	....	....	၁၃၂
ဖဿသဟဂုတ် စသည်မဆိုရပုံ	....	....	၁၃၄
သောမနဿ စသည် ဖြစ်ခြင်းအကြောင်း	....	....	၁၃၆
သောမနဿ စသည် ဖြစ်ကြောင်း အကျဉ်း	....	....	၁၄၁
မဟာကုသိုလ်စိတ်	....	....	၁၄၃
မဟာကုသိုလ်မဟပ္ဖလဖြစ်ပုံ	....	....	၁၄၅
မဟာကုသိုလ်၌ ပိသဒ္ဒါဖြင့်ပေါင်းပုံ	....	....	၁၄၆
မဟာဝိပါက်စိတ်	....	....	၁၄၇
ဇောဖောက်ပြန်ပုံ	....	....	၁၄၉
ဉာဏသမ္ပယုတ် စသည်ဖြစ်ပုံ	....	....	၁၅၀
ဇောဖြင့် တဒါရုံမှတ်ပုံ	....	....	၁၅၀
အသင်္ခါရိက, သသင်္ခါရိကဖြစ်ပုံ	....	....	၁၅၃
မဟာဝိပါက်၌ ပိသဒ္ဒါဖြင့်ပေါင်းပုံ	....	....	၁၅၃
ဝိပါကသဒ္ဒါ၏သဘော	....	....	၁၅၅
အဓိပတိဖြင့် မမြောက်သင့်ပုံ	....	....	၁၅၆

အကြောင်းအရာ			စာမျက်နှာ
မဟာကြိယာစိတ်	....	....	၁၅၇
သောမနဿ စသည်ဖြစ်ခြင်းအကြောင်း	....	....	၁၅၈
ကာမသောဘဏစိတ် သင်္ဂဟဂါထာ	....	....	၁၅၉
ဝေဒနာ, ဉာဏ်, သင်္ခါရတို့၏ အပြား	....	....	၁၆၀
ကာမာဝစရဖြင့်အထူးပြုပုံ	....	....	၁၆၁
သဟေတုကဖြင့် အထူးပြုပုံ	....	....	၁၆၂
ရူပါဝစရကုသိုလ်စိတ်	....	....	၁၆၅
ဈာန်ဟုခေါ် ဆိုရပုံ စသည်	....	....	၁၆၇
ဖဿ စသည်ဖြင့် မမှတ်သင့်ပုံ	....	....	၁၆၉
ဥပနိဇ္ဈာနသဘော	....	....	၁၆၉
နီဝရဏတို့နှင့် ဆန့်ကျင်ပုံ	....	....	၁၇၀
ပဟာနင်္ဂအားဖြင့် ငါးပါးပြားပုံ	....	....	၁၇၁
ဈာန်ရကြောင်း၏ အာရုံ	....	....	၁၇၄
ပဉ္စမဈာန်၏ အာရုံ	....	....	၁၇၅
ရူပါဝစရ၌ သင်္ခါရမဆိုသင့်ပုံ	....	....	၁၇၉
အဓိကာရကြောင့် ဈာန်ရပုံ	....	....	၁၈၀
ရူပါဝစရစိတ် မြောက်ပွါးပုံ	....	....	၁၈၁
ပဋိပဒါလေးပါး	....	....	၁၈၂
အာရုံလေးပါး	....	....	၁၈၄
အာရုံ ပဋိပဒါ အရော	....	....	၁၈၄
ရူပါဝစရ ဝိပါက်စိတ်	....	....	၁၈၅
ရူပဝိပါက်၌ ပိသဒ္ဒါဖြင့်ပေါင်းပုံ	....	....	၁၈၆
ရူပါဝစရကြိယာစိတ်	....	....	၁၈၆
အရူပါဝစရစိတ်	....	....	၁၈၇
အာကာသာနဉ္စာယတနစိတ်	....	....	၁၈၈
ဝိညာဏဉ္စာယတနစိတ်	....	....	၁၈၉
အာကိဉ္စညာယတနစိတ်	....	....	၁၉၁
နေဝသညာနာသညာယတနစိတ်	....	....	၁၉၂
စတုတ္ထာရုပ္ပသညာဥပမာ	....	....	၁၉၆
ဖဿ စသည်တို့ဖြင့် မမှတ်သင့်ပုံ	....	....	၁၉၈
အဆင့်ဆင့် သိမ်မွေ့ လွန်မြတ်ပုံ	....	....	၁၉၉
အာရုံကိုလွန်ပုံ, အာရုံပြုပုံ	....	....	၂၀၁

အကြောင်းအရာ	စာမျက်နှာ
အရူပစျာန်စီးဖြန်းပုံအကျဉ်း	၂၀၂
အာရုပ္ပ၌ ပဋိပဒါအပြား	၂၀၈
အရူပဝိပါက်, ကြိယာ	၂၀၉
လောကုတ္တရာစိတ်	၂၀၉
မဂ်စိတ်လေးပါး	၂၁၀
မဂ်သံယောဇဉ်ပယ်ပုံ	၂၁၅
မဂ်သစ္စာသိပုံ, ကိလေသာပယ်ပုံ	၂၁၆
မဂ်နိမိတ်မှထပုံ	၂၂၀
မဂ်လေးပါးတို့၏ကိစ္စ	၂၂၄
မဂ်ကိလေသာပယ်ပုံ ဥပမာ	၂၂၈
မဂ်စိတ်၌ ပိသဒ္ဒါဖြင့်ပေါင်းပုံ	၂၃၄
ပဋိပဒါလေးပါးထူးခြားပုံ	၂၄၂
သုညတမဂ် စသည်မည်ပုံ	၂၄၄
သကဒါဂါမ်၏ ခေါင်းပါးပုံ	၂၅၁
ဖိုလ်စိတ်လေးပါး	၂၅၂
လောကုတ္တရာ၌ ကြိယာမဖြစ်သင့်ပုံ	၂၅၅
ဇာတ်တူ, ဘုံတူ ပေါင်း၍ပြသောစိတ်	၂၅၇
အကုသိုလ်နှင့်ကုသိုလ်ဆန့်ကျင်ပုံ	၂၅၉
ကုသိုလ်မည်ပုံ ဝါဒအမျိုးမျိုး	၂၆၁
ဝိပါက်မည်ပုံ	၂၆၇
ကြိယာမည်ပုံ	၂၆၉
စိတ်အကျယ်ပြားပုံ	၂၇၀
ပါဒကစျာန်စသည်	၃၇၁
စိတ်အကျယ် ၁၂၁-ပါး ရေတွက်ပုံ	၂၇၉
စိတ်၏ပရိယာယ် သဒ္ဒါအပြား	၂၈၂
စိတ်၏ ဒုက, တိကစသော အမည်	၂၈၃
ရှေ့စိတ်ဖြင့်မှတ်၍ပြသော နောက်စိတ်သရုပ်	၂၈၇
အကုသလ, နောက် အနန္တရစိတ်	၂၈၈
အဟေတုက, နောက် အနန္တရစိတ်	၂၉၁
ကာမာဝစရ, နောက် အနန္တရစိတ်	၂၉၃
ရူပါဝစရ, နောက် အနန္တရစိတ်	၂၉၈
အရူပါဝစရ, နောက် အနန္တရစိတ်	၂၉၉

အကြောင်းအရာ			စာမျက်နှာ
လောကုတ္တရာ, နောက်အနန္တရစိတ်	....	....	၃၀၃
ပကိဏ္ဏက အနန္တရစိတ်	....	....	၃၀၄
နောက်စိတ်ဖြင့်မှတ်၍ပြသော ရှေ့စိတ်သရုပ်	....	....	၃၀၈
အသောဘဏ, ရှေ့အနန္တရစိတ်	....	....	၃၀၈
ကာမာဝစရ, ရှေ့အနန္တရစိတ်	....	....	၃၁၀
ရူပါဝစရ, ရှေ့အနန္တရစိတ်	....	....	၃၁၃
အရူပါဝစရ, ရှေ့အနန္တရစိတ်	....	....	၃၁၄
လောကုတ္တရာ,ရှေ့အနန္တရစိတ်	....	....	၃၁၆
အနန္တရစိတ်တို့၏ အလယ်စိတ်	....	....	၃၁၆
စေတသိက်ဖြင့်မှတ်၍ ပြသော စိတ်သရုပ်	....	....	၃၁၉
ဝေဒနာတို့ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၂၂
ဟိတ်တို့ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၂၂
ကိစ္စတို့ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၂၃
ဒွါရတို့ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၂၄
အာရုံတို့ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၂၇
ဝတ္ထုတို့ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၃၆
ကိစ္စ,ဌာန,ဒွါရ,အာရုံ,ဝတ္ထုတို့ဖြင့် မှတ်၍ပြသော စိတ်သရုပ်		....	၃၄၁
ဘုံဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၄၂
ပုဂ္ဂိုလ်ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၄၉
ကိစ္စ စသည်တို့ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၅၅
ဖြစ်သောအကြိမ်ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၅၆
ဈာနင် စသည်တို့ဖြင့် မှတ်၍ပြသော စိတ်သရုပ်	....	....	၃၅၇

၂-စေတသိကသရူပဒီပကကဏ္ဍ

စေတောယုတ္တလက္ခဏာ	....	....	၃၆၂
စေတသိက်သရုပ်နှင့် စေတသိက်မည်ကြောင်း	....	....	၃၈၁
စေတသိက် သုံးမျိုး ပြားကြောင်း	....	....	၃၈၃
စေတသိက်ရာသိအစဉ်ထားပုံ	....	....	၃၈၆
သဗ္ဗစိတ္တသာဓာရဏစေတသိက် သဘောလက္ခဏာ	....	....	၃၉၃
ပကိဏ်းစေတသိက်တို့၏ သဘောလက္ခဏာ	....	....	၄၀၃
ဝိတက်,ဝိစာရ နှစ်ပါး အထူး	....	....	၄၀၅
ပီတိ ငါးပါး	....	....	၄၀၈
အကုသိုလ်စေတသိက်တို့၏ သဘောလက္ခဏာ	....	....	၄၁၄

အကြောင်းအရာ **စာမျက်နှာ**

မာန ကိုးပါး ၄၂၃
မစ္ဆရိယ ငါးပါး ၄၂၇
ထိန, မိဒ္ဓ နှစ်ပါး အထူး ၄၃၂
သောဘဏစေတသိက်တို့၏ သဘောလက္ခဏာ ၄၃၅
ဟိရိ, ဩတ္တပ္ပ နှစ်ပါး အထူး ၄၄၄
ဟိရိဖြစ်ခြင်း အကြောင်း လေးပါး ၄၄၈
အကောဘ် သုံးမျိုး ၄၅၉
ဝိရတိစေတသိက်တို့၏ သဘောလက္ခဏာ ၄၆၃
ဝိရတိသုံးပါးပြားပုံ ၄၆၇
ဝေရမဏီနှင့် ဝိရတီတူခြင်းအကြောင်း ၄၈၅
သီလဆောက်တည်နည်း ၄၈၈
အပ္ပမညာ နှစ်ပါး, လေးပါး ၄၉၂
အပ္ပမညာ လေးပါးတို့၏ လက္ခဏာစသည် ၄၉၅
ဗြဟ္မဝိဟာရ မည်ခြင်းအကြောင်း ၅၀၀
အပ္ပမညာ မည်ခြင်းအကြောင်း ၅၀၄
ပညိန္ဒြေစေတသိက်၏ သဘောလက္ခဏာ ၅၁၁
သတိ, သဒ္ဓါ, ပညိန္ဒြေတို့ အကုသိုလ်နှင့်မယှဉ်ပုံ ၅၁၆
သညာ, ဝိညာဏ်, ပညာသိတို့၏ အထူး ၅၂၄
စေတနာ, မနသိကာရ, ဝိတက်တို့၏ အထူး ၅၂၅
ဆန္ဒနှင့် လောဘ အထူး ၅၂၆
ဒိဋ္ဌိအမြင်နှင့် ဉာဏ်အမြင် အထူး ၅၂၇
လောဘ, ဒေါသ, မောဟတို့၏ အထူး ၅၂၇
အလောဘ, အဒေါသ, အမောဟတို့၏ အထူး ၅၂၉
ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စ အထူး ၅၃၂
သဒ္ဓါစသော တရားခုနစ်ပါး အထူး ၅၃၂
တအာရုံတည်း၌ ဖြစ်သောတရားတို့၏အထူးသိနိုင်ခဲပုံ ၅၃၃
အညသမာနရာသိ သမ္ပယောဂနည်း ၅၃၇
အကုသလရာသိ သမ္ပယောဂနည်း ၅၃၉
သောဘဏရာသိ သမ္ပယောဂနည်း ၅၃၉
စိတ်နှင့်အမျှယှဉ်သော အညသမာန် ၅၄၀
စိတ်နှင့်အမျှယှဉ်သော သောဘဏ ၅၄၁
အကုသိုလ်စိတ်နှင့်ယှဉ်သော စေတသိက်သရုပ် ၅၄၂

အကြောင်းအရာ	စာမျက်နှာ
အဟိတ်စိတ်နှင့်ယှဉ်သော စေတသိက်သရုပ်	၃၄၄
ကာမာဝစရစိတ်နှင့်ယှဉ်သော စေတသိက်သရုပ်	၃၄၅
မဟဂ္ဂုတ်စိတ်နှင့်ယှဉ်သော စေတသိက်သရုပ်	၃၄၆
အသောဘဏ, သောဘဏနှင့် ယှဉ်သော စေတသိက်သရုပ်	၃၄၆
လောကုတ္တရာစိတ်နှင့် ယှဉ်သော စေတသိက်သရုပ်	၃၄၇
ကုသိုလ်, ဝိပါက်, ကြိယာတို့နှင့် ယှဉ်,မယှဉ်	၃၄၇
သုခ, ဒုက္ခ စသည်တို့နှင့် ယှဉ်,မယှဉ်	၃၄၈
အဟိတ်, သဟိတ် စသည်တို့နှင့် ယှဉ်,မယှဉ်	၃၄၉
နိယတ, အနိယတယောဂီစေတသိက်	၃၅၁
အညသမာန်းနှင့် ယှဉ်, မယှဉ် စေတသိက်	၃၅၂
အကုသိုလ်နှင့် ယှဉ်, မယှဉ် စေတသိက်	၃၅၄
သောဘဏနှင့် ယှဉ်, မယှဉ် စေတသိက်	၃၅၆
ဝေဒနာနှင့် ယှဉ်,မယှဉ် စေတသိက်	၃၅၈
ဟိတ်နှင့် ယှဉ်,မယှဉ် စေတသိက်	၃၅၉
ကိစ္စနှင့် ယှဉ်,မယှဉ် စေတသိက်	၃၅၉
အာရုံနှင့် ယှဉ်, မယှဉ် စေတသိက်	၃၆၀
ဝတ္ထုနှင့် ယှဉ်, မယှဉ် စေတသိက်	၃၆၂
ဘုံဖြင့်မှတ်၍ပြသော စေတသိက်	၃၆၂
ပုဂ္ဂိုလ်ဖြင့် မှတ်၍ပြသော စေတသိက်	၃၆၄
အာသဝဖြင့် မှတ်၍ပြသော စေတသိက်	၃၆၄
ဂန္ထဖြင့် မှတ်၍ပြသော စေတသိက်	၃၆၅
ဥပါဒါန်ဖြင့် မှတ်၍ပြသော စေတသိက်	၃၆၆
နီဝရဏဖြင့် မှတ်၍ပြသော စေတသိက်	၃၆၆
အနုသယဖြင့် မှတ်၍ပြသော စေတသိက်	၃၆၈
သံယောဇဉ်ဖြင့် မှတ်၍ပြသော စေတသိက်	၃၆၉
ကိလေသာဖြင့် မှတ်၍ပြသော စေတသိက်	၃၇၀
ဈာန်ဖြင့် မှတ်၍ပြသော စေတသိက်	၃၇၁
သစ္စာဖြင့် မှတ်၍ပြသော စေတသိက်	၃၇၂

အဘိဓမ္မတ္ထသရုပဒီပကကျမ်း ပဌမတွဲ

မာတိကာ ပြီး၏။

အဘိဓမ္မတ္ထသရူပဒီပကကျမ်း

(ပဌမတွဲ)

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

ပဏာမပဋိညာဉ်

(၁) ဝိဘဇ္ဇဝါဒိံ သမ္ဗုဒ္ဓံ၊ ဓမ္မံ ဧမောဟဝိဓံသကံ။
နတွာဟံ အနဃံ သံဃံ၊ ဝရံ ဂါရဝဘာဇနံ။ ။

(၂) တယောစ မာတုလေ ထေရေ၊ ထိရသီလေ မိဘာကရေ။
သာသနေ ရဝိသသိဝ၊ ယေသံ တေစေရပုင်္ဂဝေ။ ။

(၃) ဂတော နိဿာယ ကောသလ္လံ၊ နာနာနယသမာနိတံ။
ဒိပိဿံ **အဘိဓမ္မတ္ထ၊ သရူပဒီပကံ သုဘံ။** ။

(၄) ပုရဿ နဝပုရဿ၊ ဗာဟိရေ ပစ္ဆိမုတ္တရေ။
သဏ္ဌိတော ယော မဟာဂါမော၊ ဗဟိနဂရနာမကော။ ။

(၅) ဝသန္တော ဟေတ္ထ သာရူပိ၊ ဥပါသကေဟိ ယာစိတော။
အန္တဂ္ဂတာတိက္ကမနတ္ထံ၊ တံ နိဿာမေန္တု သာဓဝေါ။ ။

အဟံ၊ငါသည်။ ဂါရဝဘာဇနံ၊ ရှိသေလေးမြတ်ပြုအပ်ပြုထိုက်သည့်၏ အဖြစ် တည်းဟူသော အရဟံ-စသော ဂုဏ်တော် အပေါင်းတို့၏ တည်

ရာ ဖြစ်တော် မူထသော။ ဝရံ၊ သူတော်ကောင်းတို့သည် တောင့်တအပ်ကုန် မြတ်စွာထသော။ ဝိဘဇ္ဇဝါဒီ ၊ ပရမတ္ထတရားတို့ကို အထူးထူးအထွေထွေ ခွဲဝေဝိတ်ဖြာ၍ များစွာသော နည်းတို့ဖြင့် ဟောတော် မူတတ် ထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နတွာ-နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ ဂါရဝ ဘာဇနံ၊ ရိုသေလေးမြတ် ပူဇော် ပြုထိုက်သည့်၏ အဖြစ် တည်းဟူသော သွာက္ခာတတာစသော ဂုဏ်တော်အပေါင်းတို့၏ တည်ရာဖြစ်တော်မူထ သော။ ဝရံ၊ သော။ မောဟဝိဓံသကံ၊ မောဟကို အထူးသဖြင့် ပယ်ဖျက် တော်မူတတ်ထသော။ ဓမ္မဉ္စ၊ ဆယ်ပါးသောတရားတော်ကိုလည်း။ နတွာ- နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ၍။ ဂါရဝဘာဇနံ၊ ရိုသေလေးမြတ် ပူဇော်ပြုထိုက် သည့်၏ အဖြစ် တည်းဟူသော သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော် အပေါင်းတို့၏ တည်ရာ ဖြစ်တော် မူထသော။ ဝရံ၊ သော။ အနင်္ဂဏံ၊ ရာဂ စသော ကိလေသာရှိတော်မမူထသော။ သံဃဉ္စ၊ ရှစ်ပါးသော အရိယာ သံဃာတော် ကိုလည်း။ နတွာ-နမာမိ၊ ၏။ နတွာ၊ ၍။ ။အာကာသေ၊ ကောင်းကင်၌။ ရဝိသသီ၊ နေ,လ,သည်။ ဘာကရေဗ္ဗုဝ၊ အရောင်အလင်း ကို ပြုသကဲ့သို့။ သာသနေ၊ ၌။ မိဘာကရေ၊ ပညာတည်းဟူသော အရောင် အလင်းကို ပြုတတ်ကုန်ထသော။ ထိရသီလေ၊ မြဲမြံခိုင်ကြံ့ တည်တံ့သော သီလလည်း ရှိကုန်ထသော။ မာတုလေ၊ မိခင်မောင်ကြီး ဦးရီးနှင့်နှင့်ဖြစ် ကုန်သော။ တယောထေရေစ၊ ရတနာပုရအင်းဝမြို့မှ အနောက်တောင် တာလေးထောင်ခန့်ကွာသော တုပ်လှမ်း စေတီတော်၏ အနီး ကျောင်း တိုက်ကြီး၌ သီတင်း သုံးနေတော် မူသည် ဖြစ်၍ တုပ်လှမ်း ဆရာတော် ဟူ၍ ကျော်စော ထင်ရှားသော **အရှင်စန္ဒမာလာ** မည်သော နောင်တော် မထေရ်၊ အမရပုရမြို့မှတောင် တာနှစ်ထောင် ခန့် ကွာသော မြို့သစ်မြို့မှ အနောက်မြောက်ယွန်းသော မုဓ္ဓောစေတီတော်၏အနီး မြို့ပြင်ရွာကို ဂေါ စရဂါမ် ပြု၍ သီတင်း သုံးနေသော **အရှင်သုဓာစရ** မည်သော ညီတော် အလတ်မထေရ်။ မန္တလေးရတနာပုံ နေပြည်တော် အနောက်ပြင်၊ မင်းတဲ တွင်သော အရပ်ဝယ် ရတနာမဥ္စူ စေတီတော်၏ အနီး ကျောင်းတိုက် ကြီး၌ သီတင်းသုံးနေတော် မူသည်ဖြစ်၍ မင်းတဲ ဆရာတော် ဟူ၍ငင်း။ ရတနာမဥ္စူ ဆရာတော်ဟူ၍ငင်း။ ကျော်စောထင်ရှားသော **အရှင်အရိယ**

ဝံသ မည်သော ညီတော်အငယ်မထေရ် ဟူကုန်သော တမိဝမ်းပျော်
ထေရ်ကျော် သုံးပါးတို့ကိုလည်း။ နတ္ထာ-နမာမိ၊၏။ နတ္ထာ၊၍။ ယေသံအာ
စေရ ပုဂ်ဝါနံ၊ **ပြည်ဆရာတော်ဘုရားကြီး** အမှူးရှိသော နေခင်ကြီးအိုင်
ရွာလျှင် ဘွားရာဇာတိရှိ၍ နေခင်ကြီးအိုင် ဆရာဟု ကျော်စော ထင်ရှား
သော **အရှင်နန္ဒိယ** မထေရ် အစ ရှိသော အကြင် ဆရာမြတ် တို့ကို။
နိဿာယ၊ အမှီပြု၍။ အဟံ၊ ငါသည်။ သာသနေ၊၌။ ကောသလ္လံ၊သိကြား
လိမ်မာသည်၏ အဖြစ်သို့။ ဂတော၊ ရောက်၏။ အာကာသေ၊ ၌။ ရဝိ
သသိ၊ သည်။ ဘာကရေဇ္ဇာဝ၊ သို့။ သာသနေ၊၌။ဓိဘာကရေ၊ကုန်သော။
ထိရသီလေ၊ကုန်သော။တေအာစေရပုဂ်ဝေစ၊ထိုဆရာမြတ်တို့ကိုလည်း။
နတ္ထာ-နမာမိ၊၏။နတ္ထာ၊၍။နဝပုရသ၊မြို့သစ်မည်သော။ ပုရသ၊မြို့၏။နဝ
ပုရသ ပုရသ၊မြို့သစ်မြို့၏။ဗာဟိရေ၊အပ၌။ပြင်၌။အပဖြစ်သော။ပြင်ဖြစ်
သော။ပန္တိမုတ္တရေ၊အနောက်မြောက်ထောင့်၌။သဏ္ဌိတော၊တည်သော။
တည်၍။တည်သောကြောင့်။ဗဟိနဂရနာမကော၊မြို့ပြင်မည်သော။ယော
မဟာဂါမော၊ အကြင်ရွာကြီးသည်။ အတ္ထိ၊ရှိ၏။ ဩော၊ဤမြို့ပြင်မည်သော
ရွာကြီး၌။ ဤမြို့ပြင်ကြီးရွာ၌။ ဝသန္တေဟိ၊နေကုန်သော။ ဥပါသကေဟိ၊
ရတနာသုံးပါးသို့ဆည်းကပ်လေ့ရှိကုန်သော။သာဒုဟိ၊သူတော်ကောင်း
တို့သည်။ ဝါ၊သာဒုဟိ၊ သူတော်ကောင်း ဖြစ်ကုန်သော။ ဥပါသကေဟိ၊
ဒါယကာတို့သည်။ ယာစိတော၊ တောင်းပန်အပ်သည် ဖြစ်၍။ နာနာနယ
သမာနိတံ၊ ပါဠိ,အဋ္ဌကထာ, ဋီကာစသော ထိုထိုကျမ်းဂန်တို့မှ ကောင်း
စွာထုတ်နုတ် ဆောင်ယူအပ်သော အထူးထူး အပြားပြား များစွာသော
နည်းရှိသော။သုဘံ၊လူ့ရှင်ရဟန်း အများတို့နှင့် ဆက်ဆံသည်ဖြစ်၍ တင့်
တယ်သော။ အဘိဓမ္မတ္ထသင်္ဂဟဒီပကံ၊ အဘိဓမ္မာ၏ အနက်ဖြစ်သော ပရ
မတ္ထ တရားတို့၏ လက္ခဏာ စသည်နှင့် တကွသော သရုပ်ကို ပြဆိုရာ
ဖြစ်၍ **အဘိဓမ္မတ္ထသင်္ဂဟဒီပက** မည်သော မှတ်စု ဝိနိစ္ဆယကို။ အနုတ္တာ
တိက္ကမနတ္ထံ၊ အနုပုထုဇ္ဇန်၏ အဖြစ်ကို လွန်မြောက်ခြင်းငှါ။ လွန်မြောက်
ခြင်းဟူသော အကျိုးငှါ။ ဒိပိဿံ၊ ရေးသား ပြဆိုပေအံ့။ တံ၊ ထိုပြဆိုအပ်
လတ္တံ့သော အဘိဓမ္မတ္ထသင်္ဂဟဒီပက မည်သော မှတ်စုဝိနိစ္ဆယကို။ သာ
ဓဝေါ၊ အနုပုထုဇ္ဇန်အဖြစ်ကိုလွန်၍ ကလျာဏပုထုဇ္ဇန်အဖြစ်၌ တည်လို

ကုန်သော သူတော်ကောင်းတို့သည်။ နိဿာမေနဲ့၊ ကြည့်ရှုနာခံ ကြိုးစည် မှတ်သားကြကုန်လော။

ဥယျောဇဉ်

အကြင်ပုဂ္ဂိုလ်အား ခန္ဓာ,အာယတန,ဓာတ်,ပဋိစ္စသမုပ္ပါဒ်,စသည့်တို့ကိုသင်နာဆောင်ရွက် လေ့ကျက်ဆွေးနွေးမေးမြန်းစိစစ်ကြိုးစည်ဆုံးဖြတ်မှတ်သားခြင်းမရှိ။ ထိုပုဂ္ဂိုလ်သည် ခန္ဓာ,အာယတန စသည်တို့ကိုသင်နာခြင်း စသည်မှ ကင်းသဖြင့် သဿတ, ဥစ္ဆေဒ စသော မိစ္ဆာ အမြင်ကိုတားမြစ်တတ်သော အာဂုမ်ပရိယတ်၏ မရှိခြင်း,ထိုပရိယတ်လျှင် အခြေအမြစ် အကြောင်းရင်းရှိသော ပဋိပတ်ဖြင့် သိအပ်ရအပ်သော အဓိဂမ၏ မရှိခြင်းကြောင့် အကြား အမြင် သုတမရှိသော "အသုတဝန္တပုထုဇ္ဇန်" မည်၏။ ထိုခန္ဓာ,အာယတန စသည်ကိုသိမြင်သော ပညာမျက်စိမှ ကင်းသဖြင့် စက္ခု နှစ်ဘက် ရုံလုံး ပျက်သော သူကန်းနှင့် တူသော "အန္ဓပုထုဇ္ဇန်" လည်းမည်၏။ ဗျတိရေက အားဖြင့် ခန္ဓာ,အာယတနစသည်ကိုသင်နာဆောင်ရွက် လေ့ကျက် ဆွေးနွေး မေးမြန်းစိစစ် ကြိုးစည် ဆုံးဖြတ်မှတ်သားသော သူသည် ခန္ဓာ, အာယတန စသည်ကို သိသော အကြားအမြင် ပညာမျက်စိ ရှိသည်ဖြစ်၍ မျက်စိအမြင်သန်သောသူနှင့် တူသော "သုတဝန္တကလျာဏပုထုဇ္ဇန်" မည်၏ဟု အဋ္ဌကထာ တို့၌ ဆိုတော်မူရကား အသုတဝန္တ အန္ဓပုထုဇ္ဇန် အဖြစ်ကိုလွန်၍ သုတဝန္တ ကလျာဏပုထုဇ္ဇန် အဖြစ်၌ တည်လိုကုန်သော အမျိုးကောင်းသား တို့သည် ခန္ဓာ, အာယတနစသည်နှင့်ဘက္ခ ထိုခန္ဓာ,အာယတနစသည်တို့ကို သိကြောင်းဖြစ်သော စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူသော ပရမတ္ထဓမ္မတို့၏ သရုပ်အပြား သဘော လက္ခဏာ များကို ပြဆိုရာ ဤအဘိဓမ္မတ္ထ သရုပ ဒီပက မည်သော မှတ်ရ ဝိနိစ္ဆယကို ကြည့်ရှု၍ ထိုစိတ်, စေတသိက်, စသည်တို့၏ သရုပ် သဘော လက္ခဏာများကို ကြိုးစည်ဆွေးနွေး မေးမြန်းဆင်ခြင်သုံးဖြက် မှတ်သား ပြောဟောကြပါကုန်။

၁—စိတ္တသရူပဒီပကကဏ္ဍ

တတ္တရတ္တာဂါထာကို ပြခြင်း

ဤ၌ယခု ပြဆိုအပ်လတ္တံ့သော စိတ်,စေတသိက်,စသည်တို့၏ သရုပ် စသည် တို့ကိုလည်း သဂြိုဟ် ကျမ်းကို သင်နာ ဆောင်ရွက် လေ့ကျက် သော ပုဂ္ဂိုလ်တို့အားလည်း ကျေးဇူးပြုနိုင်စေခြင်း၌ များသောအားဖြင့် သဂြိုဟ်ကျမ်း၌ လာသော အစဉ်အားဖြင့်။

တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။
စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။ ။

ဟူသော ဂါထာကို အဦးထား၍ သဒ္ဒနယကို အလိုရှိသော ပုဂ္ဂိုလ် တို့၏ အလိုအားလျော်စွာ အချို့သောအရာ၌ အနည်းအပြွက်မျှသော သဒ္ဒ ဝိနိစ္ဆယ,ပရမတ္ထ မည်ခြင်း၏ အကြောင်း,ရှေ့နောက် အစဉ် ထား၍ ဆို ခြင်း၏ အကြောင်းကို စိစစ်ခြင်း အဆုံးအဖြတ်နှင့်တကွ ပြဆိုပေအံ့။

*အဘိဓမ္မာပိဋကတ်ဝယ် ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာ ကတာဓမ္မာ စသည်ဖြင့် ကုသိုလ်စသည်တို့၏ အစွမ်းဖြင့်ရင်း, ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော စသည်ဖြင့် ခန္ဓာ စသည်တို့၏ အစွမ်းဖြင့် ရင်း, အကျယ်အားဖြင့် ဟောတော်မူအပ်သော အဘိဓမ္မတ္ထ တို့သည် အဘယ်၏အစွမ်းအားဖြင့် တည်ကုန်သနည်း။ ပရမတ်၏အစွမ်းအားဖြင့် တည်ကုန်သလော။ ပညတ်၏ အစွမ်းအားဖြင့် တည်ကုန် သလော။ နှစ်ပါးရုံ၏ အစွမ်းအားဖြင့် တည်ကုန်သလောဟူမူ။ ။ပရမတ်၏ အစွမ်း ဖြင့်သာတည်ကုန်သည်။ ပညတ်၏ အစွမ်းဖြင့်ရင်း, နှစ်ပါးရုံ၏အစွမ်းဖြင့် ရင်း,မတည်ကုန်ဟူလေ။

ပရမတ္ထတရား–၄–ပါး

ပရမတ်၏ အစွမ်းဖြင့်သာ တည်သောဟူပြီ။ ထိုပရမတ်၏ အစွမ်းဖြင့် တည်သော အဘိဓမ္မတ္ထတို့သည် အဘယ်မျှသော အပြားတို့ဖြင့် တည်

---

* အဘိဓမ္မာစုနစ်ကျမ်း။

ကုန်သနည်း။ လေးပါးထက်အလွန်, လေးပါး၏အောက် အယုတ်အားဖြင့် တည်လေကုန်သလောဟူမူ။ လေးပါး အပြားဖြင့်သာ တည်ပါကုန်သည် ဟူလေ။

လေးပါးဟူသည် အဘယ်နည်း၊ လေးပါး၏အရသကရုပ်ကား အဘယ်နည်း ဟူမူ။

၁။ စိတ်တပါး။

၂။ စေတသိက်တပါး။

၃။ ရုပ်တပါး။

၄။ နိဗ္ဗာန်တပါး။

ဤသို့လေးပါးဟူလေ။ ။ဤကား။ ပရမတ္ထတောကိုသမ္မုတိ ဌပေတွာ နိဗ္ဗတ္တိတပရမတ္ထဝသေန။ ဟုဖွင့်၍။ ဋီကာ ဟူသော ပါဌသေသန္ဒ စပ်သော ဋီကာကျော်ဆရာ၏ အလို။ ။ဤအလိုသော်၊ တတ္ထဝုတ္တာဘိဓမ္မတ္ထာ- စသော ဂါထာ၌။ ။တတ္ထ၊ ထိုအဘိဓမ္မာ-၇-ကျမ်း၌။ သင်္ဂဟော၊ ကုသိုလ် အစရှိသော, ခန္ဓာ အစရှိသော အပြား အားဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ အဘိဓမ္မတ္ထာ၊ အဘိဓမ္မာ၏အနက်တို့သည်။ ပရမတ္ထတော၊ လူနတ်စသော သမ္မုတိဉာဏ်က, တောတောင် စသော အဝိညာဏက သမ္မုတိပညတ်မှ အသီးထုတ်နုတ်အပ်သော စစ်စစ်သော ပရမတ္ထ၏အစွမ်းအားဖြင့်။ စိတ္တံ၊ စိတ်ငင်း။ စေတသိကံ၊ ငင်း။ ရူပံ၊ ငင်း။နိဗ္ဗာနံ၊ ငင်း။ ဣတိ၊ ဤသို့။ စတုဓာ၊ လေးပါးသောအပြားတို့ဖြင့်။ ဌိတာ၊တည်ကုန်၏။ ။ဤသို့အနက်သမ္ဗန်။

တနည်းလည်း။အဘိဓမ္မာ၌ ဟောတော် မူအပ်ကုန်သော အဘိဓမ္မာ၏ အနက်တို့သည် အဘယ်မျှသော အပြားအားဖြင့် တည်ကုန်သနည်း။ အပြားမရှိ တပါးတည်းဖြင့်သာ တည်လေသလောဟူမူ။ ။အဘိဓမ္မာ၌ ဟောတော်မူအပ်သောအနက်တို့သည် အဘိဓမ္မတ္ထ၏ အဖြစ်ဖြင့် သာမညတပါးတည်းသာဖြစ်သော်လည်း။ လေးပါးသောအပြားတို့ဖြင့် တည်ကုန်သည် ဟူလေ။ လေးပါးသော အပြားတို့ဖြင့်တည်သော အဘိဓမ္မတ္ထတို့ဟူသည် ပရမတ်လော၊ ပညတ်လော။ ဝါ။ ပရမတ္ထ၌ အလွန်လိမ်မာတော်မူသော မြတ်စွာဘုရားသည် ပရမတ္ထ များသော အားဖြင့် ဟော

တော်မူအပ်သော အဘိဓမ္မာပိဋကတ်သည် ပရမတ္ထ ဒေသနာ မည်၏ဟု သုတ္တန်, ဝိနည်း, အဘိဓမ္မာ အဋ္ဌကထာကြီးတို့ဝယ် ဒေသနာအပြားကို ပြသောအရာ၌ ဆိုတော်မူအပ်ကုန်ရကား အဘိဓမ္မာပိဋကတ်သည် များသောအားဖြင့်သာ ပရမတ်တို့၏ဟောရာဖြစ်၍ အပ္ပကအားဖြင့် ဝေါဟာရပညတ်တို့၏လည်း ဟောရာဖြစ်ချေသေးသောကြောင့် လေးပါးသော အဘိဓမ္မတ္ထတို့ဟူသည် ပညတ်, ပရမတ် နှစ်ပါးရုံလောဟူမူ။ လေးပါးသော အဘိဓမ္မတ္ထတို့သည် ပရမတ္ထဖြစ်သော အတ္ထသာတည်း။ ပညတ်, ပရမတ်နှစ်ပါးရုံမဟုတ်ဟူလေ။

ပရမတ္ထဖြစ်သော အဘိဓမ္မတ္ထတို့သည် လေးပါးဟူ၏။ အဘယ်သို့သောအပြားအားဖြင့် လေးပါးဖြစ်လေသနည်းဟူမူ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဤသို့သော အပြားအားဖြင့် လေးပါးဖြစ်သည် ဟူလေ။ ။ ဤကား။ တတ္ထဝုတ္တာ ပရမတ္ထတော ပရမတ္ထဘူတာ အဘိဓမ္မတ္ထာ သဗ္ဗထာ သဗ္ဗပ္ပကာရံ စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနန္တိ ဣတိဣမိနာ ပဘေဒေန စတုဓာဝ ဌိတာတိယောဇနာတိနောတက္ကောဟူ၍ ပရမတ္ထတော ဟူသောပုဒ်ကို ပဌမာဗဟုဝစနန္တံ-ဟုယူ၍ အဘိဓမ္မတ္ထာနှင့်စပ်၍ ယောဇနာသော မဏိသာရမဉ္ဇူသာဆရာ၏အလိုတည်း။

တတ္ထ၊ ထိုအဘိဓမ္မာပိဋကတ်၌။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ ပရမတ္ထတော-ပရမတ္ထဘူတာ၊ပရမတ္ထဖြစ်၍ဖြစ်ကုန်သော။အဘိဓမ္မတ္ထာ၊ တို့သည်။ သဗ္ဗထာ-သဗ္ဗပ္ပကာရံ၊ ခပ်သိမ်းသော အပြားရှိသော။ စိတ္တဉ္စ၊ စိတ်ရင်း။ စေတသိကဉ္စ၊ရင်း။ ရူပဉ္စ၊ရင်း။ နိဗ္ဗာနဉ္စ၊ရင်း။ ဣတိ၊ဤသို့။ဣတိ ဣမိနာပဘေဒေန၊ ဤသို့သောအပြားအားဖြင့်။ စတုဓာဝ၊ လေးပါးသော အပြားတို့ဖြင့် သာလျှင်။ ဌိတာ၊ တည်ကုန်၏။ ဣတိ၊ ဤသို့။ ယောဇနာ၊ ယောဇနာ၁ အပ်၏။ ဣတိ၊ ဤသို့ ယောဇနာ ခြင်းသည်။ နော၊ ငါတို့၏။ တက္ကော၊အကြံတည်း။ ။ဤအလိုသော်ယခင်ဂါထာ၌။ ။တတ္ထ၊၌။ဝုတ္တာ၊ ကုန်သော။ပရမတ္ထတော၊ပရမတ္ထဖြစ်ကုန်သော။အဘိဓမ္မတ္ထာ၊တို့သည်။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားရှိသော။ စိတ္တံ၊ ရင်း။ စေတသိကံ၊ ရင်း။ ရူပံ၊ ရင်း။ နိဗ္ဗာနံ၊ ရင်း။ ဣတိ၊ ဤသို့သောအပြားအားဖြင့်။ စတုဓာဝ၊လေးပါးအပြားတို့ဖြင့်သာလျှင်။ ဌိတာ၊ တည်ကုန်၏။ ဟုပေး။

အထဝါ ပရမတ္ထတော ပရမတ္ထဘူတာ ပရမတ္ထဘာဝေန ဝါ ဠိတာ အဘိဓမ္မတ္ထာ စိတ္တဉ္စ စေတသိကဉ္စ ရူပဉ္စ နိဗ္ဗာနဉ္စ ဣတိသဗ္ဗထာ ဣမိနာ သဗ္ဗပ္ပကာရေန စတုဓာဝေ တတ္ထ တသ္မိံ အဘိဓမ္မေ တထာဂတေဟိ ဝုတ္တာတိယောဇနာ။ ဟူ၍ ပရမတ္ထတော ဟူသောပုဒ်ကို တတိယာဒေကဝစနန္တ ယူ၍ ဌိတာ၌ ယင်းကို အဘိဓမ္မတ္ထာ၌စပ်၍ တနည်းဆိုသော ၎င်းဆရာ၏ အလိုသော်။ ယခင်ဂါထာ၌။ ပရမတ္ထတော၊ ပရမတ္ထ အားဖြင့်။ ပရမတ္ထအဖြစ်ဖြင့်။ ဌိတာ၊ တည်ကုန်သော။ အဘိဓမ္မတ္ထာ၊ တို့ကို။ စိတ္တံ၊ ၎င်း။ စေတသိကံ၊ ၎င်း။ ရူပံ၊ ၎င်း။ နိဗ္ဗာနံ၊ ၎င်း။ ဣတိသဗ္ဗထာ၊ ဤသို့သော အပြားအားဖြင့်။ တတ္ထ၊ ထိုအဘိဓမ္မာခုနစ်ကျမ်း၌။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ဟုပေးလေ။

မဏိမဉ္ဇူသဆရာ၏ အလိုနှစ်နည်းတွင် ပဌမနည်းသည် အရှင်အနုရုဒ္ဓါ ဆရာသည်ပင် အထက်၌ ဆိုလတ္တံ့သော။

ဣတိ စိတ္တံ စေတသိကံ၊ ရူပံ နိဗ္ဗာနမိစ္စပိ။
ပရမတ္ထံ ပကာသေန္တိ၊ စတုဓာဝ တထာဂတာ။ ။

ဟူသောစကားနှင့်ညီ၏။ **။ဒုတိယနည်းသည်လည်း။** ၎င်းစကား နှင့်၎င်း။ ဣစ္စေဝံ သဗ္ဗထာပိ ဧကူနဝုတိဝိဓာနိ စိတ္တာနိ သမတ္တာနိ။ ဣစ္စေဝံ သဗ္ဗထာပိ အဋ္ဌာရသာဟေတုကစိတ္တာနိ သမတ္တာနိ။ စသော ဆိုလတ္တံ့ **သောစကားတို့နှင့်၎င်း ညီ၏။**

ပရမတ္ထတောဟူသောပုဒ်ကို သမ္မုတိံ ဌပေတွာ နိဗ္ဗတ္တိတပရမတ္ထ ဝသေန။ ဟုဖွင့်ဆိုသော ဋီကာကျော်၌ အဓိပ္ပါယ်ကိုအကျဉ်းမျှပြလိုက်ဦး အံ့။ **။ကစ္စည်းကျမ်း၌။** ကွစိတောပဉ္စမျတ္ထေ- ဟူသောသုတ်ဖြင့် ပဉ္စမီဝိဘတ်၏အနက်၌ တောပစ္စည်း သက်ကြောင်းကိုဆိုသော်လည်း ထိုတော ပစ္စည်းသည် ပဉ္စမီဝိဘတ်၏အနက်၌သာ သက်ရသည်မဟုတ်။ ၎င်းသုတ် ၌ ပဉ္စမျတ္ထေ ဟူသော အာခါရကို ချန်လှပ်လွှတ်ထား၍။ ကွစိတောဟု တသုတ်ပြုလုပ် ဝေဘန်သော အားဖြင့် ပဉ္စမီမှတပါး ပဌမာ, ဒုတိယာ စသော ဝိဘတ်တို့၏ အနက်၌လည်း ဖြစ်၏။ ထိုတွင် ဤပရမတ္ထတော ၌ တောပစ္စည်းသည် တတိယာဝိဘတ်၏ အနက်၌ သက်၏။ တတိယာ

ဝိဘတ်၏ ကရဏတ္ထ, သဟတ္ထ စသော အနက်အများတို့တွင်ကား။ကြိယာဝိသေသနအနက်၌ သက်၏။ ။အဘိဓမ္မတ္ထဟူသည် စိတ်, စေတသိက်စသောဒြဗ်။ ပရမတ္ထဟူသည်လည်း စိတ်, စေတသိက်စသောဒြဗ်ပင် ဖြစ်ရကား စိတ်, စေတသိက် စသည်ဖြစ်သော အဘိဓမ္မတ္ထ တို့သည် စိတ်,စေတသိက် စသောပရမတ္ထအားဖြင့် တည်၏ဟူသော အနက်မဖြစ်သင့်သောကြောင့် ပရမတ္ထဘာဝတောဟု ဆိုအပ်လျက် ဂါထာဗန္ဓအရာဖြစ်၍ ဆန္ဒာနုရက္ခဏာဆန်းကို စောင့်ရှောက်ခြင်းအကျိုးငှါ ဘာဝသဒ္ဒါကိုချေ၍ ပရမတ္ထတောဟုဆိုသည်။

တနည်းသည်း။ပရမတ္ထတော၌ ပရမတ္ထသဒ္ဒါကား ဒဗ္ဗပဓာန မဟုတ် ဘာဝပဓာနဖြစ်သည်ဟု ပြခြင်းငှါ ပရမတ္ထတောကို ပရမတ္ထဝသေနဟု ဖွင့်ဆိုသည်။ ။ဤ၌ နာဝိဘတ်ဖြင့် တောပစ္စည်း၏ တတိယတ္ထကို ပြသည်။ ဝသသဒ္ဒါဖြင့် ဘာဝသဒ္ဒါကြေသည်ကို။ ဝါ။ ဘာဝပဓာနဖြစ်သည်ကို ပြသည်။ ဝသသဒ္ဒါကား ဘာဝအနက်ဟော။ ထိုကြောင့် မဏိမဥ္ဇူ၌ ပရမတ္ထဝသေနကို ပရမတ္ထဘာဝေနဟု ဖွင့်ဆိုလေသည်။

[တောပစ္စည်း၏ ဝိဘတ်ခုနစ်သွယ် လုံး၏ အနက် ၌ပင် ဖြစ်ကြောင်းကို ဥဒါဟရဏ်နှင့်တကွ အဋ္ဌသာလိနီဂဏ္ဌိသစ်ဝယ်ပြဆိုခဲ့ပြီ။ ကျယ်လွန်းအံ့ပိုးသောကြောင့် ဤ၌မပြမဆိုသည်]။

ပရမတ္ထ၏အစွမ်းဖြင့် တည်သည်ဟူ၏။ ပရမတ္ထဖြစ်သော ရုပ်,နာမ်, ခန္ဓာငါးပါး အပေါင်းအစုဖြစ်သော ခန္ဓပဉ္စကဒြဗ်ကိုပင် လူနတ် စသည်ဖြင့် ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်။ ပထဝီစသော အဋ္ဌကလာပ်ရုပ် အပေါင်းအစုကိုပင် တောတောင်စသည်ဖြင့် ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်ဖြစ်၍။ ထိုလူနတ်စသည် တောတောင် စသည်ဖြင့် သမုတ်ပညတ် အပ်သော သမ္မုတိပညတ်နှင့် ရောထွေးရှက်တင် မစင်မသန့်သော ပရမတ္ထသည်ပင် ဤ၌ ပရမတ္ထ ဖြစ်လေသလော ဟူမူ။ သမ္မုတိ ပညတ်နှင့် ရောစပ်ထွေးရှက်သောပရမတ်မဟုတ်။ ထုတ်နုတ်အပ် အစစ်ဆတ်ဆတ်ဖြစ်သောပရမတ် ဟူလေ။ ။သီးခြား ထုတ်နုတ်အပ်သော အစစ်ဆတ်ဆတ်ဖြစ်သော ပရမတ်ဟူ၏။ ထုတ်နုတ်ရာကား အဘယ်နည်း။ အဘယ်

မှ ထုတ်နှုတ်သနည်းဟူမူ။ လူနတ် စသည့် တောတောင် စသည်ဖြင့် ခေါ်ဝေါ်အပ်သော သမ္မုတိပညတ်မှ သီးခြားထုတ်နှုတ်အပ်သည်ဟူလေ။

နိဗ္ဗတ္တိတပရမတ္ထဝသေနဉ္စ နိဗ္ဗတ္တိတသဒ္ဒါသည် အပါဒါန်ကို ဧကန် အမြဲငဲ့သော ဧကန္တအပါဒါနာပေက္ခ ဖြစ်ရကား။ နိဗ္ဗတ္တိတ၏ အပါဒါန်ကားအဘယ်နည်း။အဘယ်မှအသီးထုတ်နှုတ်သနည်းဟုစောဒနာရန်ရှိ၍ သမ္မုတိံ ဌပေတွာကို ဒီကာဆရာ ပြဆိုရပြန်လေသည်။ဤသမ္မုတိံ ဌပေတွာကို နိဗ္ဗတ္တိတကထွက်။ ဌပေတွာကို ၎င်းပုဒ်၌ပင်စပ်။ ။နိဗ္ဗတ္တိတ၏ အပါဒါနကို မေးပါသည်ကို သမ္မုတိတောဟု မဖြေ မဆိုဘဲ။ သမ္မုတိံ ဌပေတွာဟု ဖြေဆိုခြင်းသည် အမေးနှင့်အဖြေမတန်။အမ္ဗံ ပုဋ္ဌော လဗုဇံ ဗျာကရောတိ။ သရက်ပင်ကို မေးပါသည်ကို။ တောင်ပိန္နဲပင်ကို ဖြေမှားသကဲ့သို့။ "ခုတ်ရာတပါး ရှရာတခြား" စကားလိုးလွဲ ဖြစ်ခဲ့၏ ဟူငြားအံ့ မဖြစ်ဟူလေ။အဘယ်ကြောင့် မဖြစ်သနည်းဟူမူ။ ။ပါသာဒံ အဘိရုဟိတွာ သက်မေယျ။ပါသာဒံ၊ ပြာသာဒ်သို့။အဘိရုဟိတွာ၊ တက်၍။ သက်မေယျ၊ပြောင်းရွှေ့ရာ၏။ အာသနေ နိသီဒိတွာ ဝုဋ္ဌဟေယျ။အာသနေ၊ နေရာ၌။ နိသီဒိတွာ၊ထိုင်နေ၍။ ဝုဋ္ဌဟေယျ၊ ထ,ရာ၏။ စသည့်အရာတို့၌ တွာလောပေကမ္မာဓိကရဏေသု ဟူ၍ တွာပစ္စယန္တပုဒ် ကြေပျောက်သည်ရှိသော်။တွာပစ္စယန္တပုဒ်ကို ဝဒန္တပုဂ္ဂိုလ် မရွတ် မဆိုသည် ရှိသော် ထိုတွာပစ္စယန္တပုဒ်၏ ကံ၏အရာ အာဓာရ၏ အရာတို့၌။ ပဉ္စမီဝိဘတ်သက်ရကြောင်း။ တွာပစ္စယန္တပုဒ် ကြေပျောက်သည်ရှိသော် ထိုတွာပစ္စယန္တပုဒ်၏ ကံသည်၎င်း အာဓာရသည်၎င်း။အပါဒါန်ဖြစ်ကြောင်းကို ကစ္စည်းကျမ်း၌ ဆိုသောကြောင့်။အဘိရုဟိတွာဟူသော တွာပစ္စယန္တပုဒ် ကြေပျောက်သည်ရှိသော်။ ထိုအဘိရုဟိတွာဟူသော တွာပစ္စယန္တပုဒ်၏ ကံဖြစ်သော ပါသာဒံဟူသော ကံသည်။ပါသာဒါ၊ပြာသာဒ်မှ။ သက်မေယျ၊ပြောင်းရွှေ့ရာ၏ဟု သက်မေယျ၏ အပါဒါန်ဖြစ်၏။ နိသီဒိတွာ ဟူသော တွာပစ္စယန္တပုဒ် ကြေပျောက်သည်ရှိသော်။ထိုနိသီဒိတွာ ဟူသော တွာပစ္စယန္တ ပုဒ်၏ အာဓာရ ဖြစ်သော အာသနေ ဟူသော အာဓာရသည်။ အာသနာ၊နေရာမှ။ ဝုဋ္ဌဟေယျ၊ထ,ရာ၏ဟု ဝုဋ္ဌဟေယျ၏ အပါဒါန်ဖြစ်၏။ ထိုကဲ့သို့ ဤသမ္မုတိံ ဌပေတွာ၌လည်း။ဌပေတွာဟူသောပုဒ်ကြေပျောက်

သည် ရှိသော်။ ထိုဥပေက္ခာ ဟူသော တွာပစ္စယန္တ ပုဒ်၏ ကံဖြစ်သော သမ္မုတိံ ဟူသော ကံသည်။သမ္မုတိတော၊ သမ္မုတိပညတ်မှ-ဟု နိဗ္ဗတ္တိ တန္တ အပါဒါန်ဖြစ်၏။ထို့ကြောင့် “ခုတ်ရာတပါး ရှရာတခြား”ဟူသကဲ့သို့ မရှိဟူလေ။

မဏိမဉ္ဇူဆရာကား။ ဤသမ္မုတိံ ဥပေက္ခာဖြင့် ပရမတ္ထတော၌ ဝေ သဒ္ဒါအတွင်းဝင်သည်၏ အဖြစ်ကိုရင်း။ ထိုဝေသဒ္ဒါဖြင့် နစ်စေအပ်သော နိဝတ္တေတဗ္ဗဖလကိုရင်း။ဋီကာဆရာပြသည်ဟု ဆို၏။ဥပေက္ခာကိုလည်း ဌိတာ၌စပ်၏။ ။မဏိမဉ္ဇူပဌမနည်းအလိုသော်။ပရမတ္ထတော၌ တော ပစ္စည်းသည်ပဉ္စမာဗဟုဝုစ်ယောဝိဘတ်၏အနက်၌သက်သည်ဟုလို၏။ ။ သီတံဥဏှံ ပဋိဟနတိ၊ တတော ဝါဠမိဂါနိစ။ ။သီတဉ္စ၊ အချမ်းဘေး ကိုရင်း။ ဥဏှဉ္စ၊ အပူဘေးကိုရင်း။ ဝါဠမိဂါနိစ၊ ကြမ်းသော သစ်ကျား သားရဲဘေး တို့ကိုရင်း။ တတောသောဝိဟာရော၊ ထိုကျောင်းသည်။ ပဋိ ဟနတိ၊ပယ်ဖျောက်၏။ဤဝိနည်းပါဠိတော်ဝယ်။ တတော၌ တောပစ္စည်း သည် ပဉ္စမာဧကဝုစ်ဝိဘတ်၏ အနက်၌ဖြစ်၏။ ။ကာမာဝစရကုသလ တောအဋ္ဌာတိ ကာမာဝစရကုသလေ စတ္တာရော ခန္ဓေ ဂဟေတွာ တ တောအဋ္ဌစိတ္တာနိ ဥဒ္ဓရတိ၊ဟု ဖွင့်ဆိုသော မူလဋီကာဆရာ၏ အလိုအား ဖြင့် ကာမာဝစရကုသလတော အဋ္ဌ ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ ဝယ်။ကာမာဝစရကုသလတော၌ တောပစ္စည်းသည် နိဒ္ဓါရဏအနက်၌ ဖြစ်သည်ဟုလို၏။ ။ကာမာဝစရကုသလတော၊ကာမာဝစရကုသိုလ် နာမက္ခန္ဓာ လေးပါး တို့တွင်။ အဋ္ဌ၊ ရှစ်ပါးသော စိတ်တို့ကိုရင်းဟုပေး။ ။ ကုသလာဓမ္မာ ဟူသော မာတိကာ၊ ကတမေဓမ္မာကုသလာ ဟူသော ပုစ္ဆာ ပါဠိတို့၌ ကုသလ သဒ္ဒါဖြင့် ကုသိုလ်နာမက္ခန္ဓာ လေးပါး လုံးကို ဟောတော် မူသကဲ့သို့။ဤ၌ကာမာဝစရကုသလသဒ္ဒါဖြင့် ကာမာဝစရ ကုသိုလ် နာမက္ခန္ဓာ လေးပါးလုံးကို ယူတော်မူသည်။ ။ကာမာဝစရ ကုသလေ စတ္တာရော ခန္ဓေ ဂဟေတွာ တတောဖြင့် နိဒ္ဓါရဏသမုဒါယ ကို,အဋ္ဌစိတ္တာနိဖြင့် နိဒ္ဓါရဏီယကို, ဥဒ္ဓရတိဖြင့် နိဒ္ဓါရဏကို မူလဋီကာ ဆရာပြတော်မူသည်။ စိတ်ဇာတ်သည်။ ဝါ၊ သချာဂုဏ်သည် နိဒ္ဓါရဏ ဟေတု။

မနုသာရဉ္စဒီပနီမည်သော ဋီကာ၌လည်း။ ဥဒ္ဒရတိတိဖေတော နတော ဝစနသ္သ နိဒ္ဒါရဏတ္ထံ ဒဿေတိ။ ဟူ၍ ဥဒ္ဒရတိဖြင့် ကာမာဝစရကုသလတော၌ တောဝိဘတ်၏ နိဒ္ဒါရဏတ္ထကို မူလဋီကာ ဆရာ ပြသည်ဟု ဆိုတော်မူ၏။ ။ပဌမာဝိဘတ္တိတိပိဝဒန္တိ၊ ဟု မူလဋီကာ၌ ပြအပ်သော ဝဒန္တိ ဟူသော ကြိယာ၏ ကတ္တား ဖြစ်သော ရှေးဆရာမြတ်တို့ အလိုသော်ကား။တောပစ္စည်းသည် ပဌမာဝိဘတ်၏ အနက်၌ဖြစ်၏။ ။ဤနည်း၌ကား။ကာမာဝစရကုသလသဒ္ဒါဖြင့် စိတ်ကိုသာ ယူသောကြောင့် အဓိ နှင့်တုလျာဓိကရဏ ဖြစ်ရကား။ ကာမာဝစရကုသလတော၊ ကာမာဝ စရကုသိုလ်ဖြစ်ကုန်သော။အဓိ၊ရှစ်ပါးသောစိတ်တို့ရင်း ဟုပေး။ ။ကာ မာဝစရကုသလတောအဓိတိ၊ကာမာဝစရကုသလတောအဓိဟူသည် ကား။ကာမာဝစရကုသလေ၊ကာမာဝစရကုသိုလ်ဖြစ်ကုန်သော။စတ္တာ ရောခန္ဓေ၊ လေးပါးသော နာမက္ခန္ဓာတို့ကို။ ဂဟေတွာ၊ ယူ၍။ တတော၊ ထိုကာမာဝစရကုသိုလ် နာမက္ခန္ဓာလေးပါးမှ။ အဓိစိတ္တာနိ၊ရှစ်ပါးသော ကာမာဝစရ ကုသိုလ်စိတ်တို့ကို။ ဥဒ္ဒရတိ၊ ထုတ်၏။ ပဌမာဝိဘတ္တိတိပိ၊ ပဌမာ ဝိဘတ်၏ အနက်၌ သက်သော တောပစ္စည်း ဖြစ်၍ ပဌမာ ဝိဘတ် ဟူ၍လည်း။ အာစရိယာ၊ ရှေးဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။ ဋီကာပါဌ်၏အနက်။ ။ဤကာမာဝစရကုသလတော၌ တောပစ္စည်းကို နိဒ္ဒါရဏတ္ထ ဖြစ်သော ဆဋ္ဌီဝိဘတ်ဟူ၍သာ ဆိုအပ်သည် မဟုတ်သေး။ လိင်္ဂတ္ထဖြစ်သော ပဌမာဝိဘတ် ဟူ၍လည်း ဆိုအပ်သေး၏ဟု ရှေးဆရာ တို့ ဆိုကုန်သည် ဟူလို။ ။တွာဒယောဝိဘတ္တိသညာယော။ ။တွာဒ ယော၊ တောအစရှိသော ပစ္စည်းတို့သည်။ ဝိဘတ္တိသညာယော၊ ဝိဘတ် ဟူသော အမည်ရှိကုန်၏ဟု ကစ္စည်းကျမ်း၌ တောပစ္စည်း စသည်တို့ကို ဝိဘတ်ဟု အမည်မှည့်သောကြောင့် ပဌမာယောဝိဘတ်၏အနက်၌သက် သော တောပစ္စည်းကို ပဌမာဝိဘတ်ဟု ဆိုလေသည်။

မဏိဒီပဆရာကား။ ဤမူလဋီကာပါဌ်ဝယ် ပဌမာဝိဘတ္တိတိပိ ဝဒန္တိ၊ ဟူသော စကားသည် ဥဒ္ဒရတိ၏ နောက်အခြားမဲ့၌မရှိသင့်။ဥပပန္နမေတံ ဧကူနနဝုတိစိတ္တာနိစိတ္တဝိဘတ္တိတိဟူသော စကား၏နောက်၌သာ ရှိသင့် သည်။ပဌမာဝိဘတ္တိဟု ပဌမ၌ အာကာရန္တနှင့် မရှိသင့်။ ပဌမဟု အကာ

ရနိုင်သော ရှိသင့်သည်ဟုဆို၍။ စိတ်တခုယုတ်ကိုးဆယ်တို့ကို ဝေဘန်
ရာ ဤပါဠိကို စိတ္တဝိဘတ္တိဟူ၍သာ ဆိုအပ်သည်မဟုတ်။စိတ္တဝိဘတ္တိ ရူပ
ဝိဘတ္တိ နိက္ခေပကဏ္ဍ အဋ္ဌကထာကဏ္ဍအားဖြင့် လေးပါးသော ဝိဘင်္ဂ
တို့တွင် ရှေးဦးပဌမအစဖြစ်သော ဝိဘတ္တိဖြစ်သောကြောင့်။ ပဌမဝိဘတ္တိ
ဟု ဆိုအပ်၏ဟု ကေစိဆရာတို့ ဆိုကုန်သည်ဟု အဓိပ္ပါယ်ကိုဆို၏။

မိန္တ္လေးခြာင်းဆရာလည်း။ ဤစိတ္တဝိဘတ္တိတိနေ့ခါက်၌သာ ပဌမာဝိဘတ္တိ
တိပိ ဝဒန္တိ ဟု စာရှိလိုသည်ကို ဥဒ္ဓရတိနေ့ခင် ထားမှားလေသည်ဟု ဆို
၏။ရှိတိုင်းသော အရာ၌ ပါဠိရှိတိုင်း သင့်လျော်အောင် မကြံဘဲ နေရာ
ပြောင်းလွဲ ပြုပြင်၍ ကြံသောကြောင့်ရင်း။ မူလဋီကာဆရာ၏ အလိုတော်
မကျသောကြောင့်ရင်း။ မဏိဒီပဆရာ, မိန္တ္လေးခြာင်းဆရာ တို့၏ စကားကို
မသင့်သည် သာဟု မှတ်အပ်၏။ မရသာရဏ္ဍဒီပနီ ဋီကာ၌လည်း ထို
မဏိဒီပဆရာ, မိန္တ္လေးခြာင်းဆရာတို့စကားကို မနှစ်သက်သောကြောင့်ပင်။
ပဌမာဝိဘတ္တိတိပိ ဝဒန္တိတိဣဒံ အဋ္ဌာနန္တိကေစိဟု ဆိုတော်မူ၏။ ။
ပဌမာဝိဘတ္တိတိပိ ဝဒန္တိတိဣဒံ၊ ပဌမာဝိဘတ္တိတိပိ ဝဒန္တိဟူသော ဤ
စကားသည်။အဋ္ဌာနံ၊နေရာမကျ။ဣတိ၊ဤသို့။ကေစိ၊အချို့ကုန်သော မဏိ
ဒီပဆရာ,မိန္တ္လေးခြာင်းဆရာတို့သည်။ဝဒန္တိ၊ဆိုကြကုန်၏။

ပဌမာဝိဘတ္တိတိပိ ဝဒန္တိဟူသော မူလဋီကာကို သာဓကပြု၍။ ကာ
မာဝစရကုသလတော-ကာမာဝစရကုသလဘူတာနိ၊ ကာမာဝစရ ကု
သိုလ်ဖြစ်၍ဖြစ်ကုန်သော။ အဋ္ဌ၊ ရှစ်ပါးသောစိတ်တို့ရင်း။ ဟုအနက်ပြန်
ဆိုသော ရှေးနိဿယဆရာကို။**ပဌမကျောင်းအောင် စံထားဆရာတော်**ဘု
ရားလည်း၊ မူလဋီကာ, မဓုဋီကာတို့ကို သေချာစွာ နှလုံးမထားဘဲ။ မဏိ
ဒီပဆရာ, မိန္တ္လေးခြာင်းဆရာတို့စကားကိုသာ အမှီသာဓကအထောက်ပြု၍
မိမိရေးပြုသော အဋ္ဌသာလိနီဂဏ္ဌိ၌။ ။ယခု ကာလ၌ ဖြစ်ကုန်သော
အချို့သော သူတို့ကား။ ကာမာဝစရကုသလတော ကာမာဝစရကုသ
လဘူတာနိ။ ကုန်သော။ အဋ္ဌ၊ တို့ရင်း။ ဟုယောဇနာ၍။ ပဌမာဝိဘတ္တိ
တိပိ ဝဒန္တိ-ဟူသော ဋီကာပါဠိနှင့် အညီတည်းဟု ဆိုကုန်၏။ ထိုသူတို့
ကား"မိမိစီးလျက် မြင်းထိးမြင်းမ,ဟုမသိသကဲ့သို့" မိမိတို့ဆောင်သော
ပါဠိ ပျက်သည်ကိုလည်းမသိ၊ အနှသစ် အနှဟောင်း များစွာ ရှိသည်ကို

လည်း မကြည့် မမြော်၊ သဘောကိုလည်း မထောက်၊ ဟုတ်ဟုတ်ငြား ငြား ဆန္ဒသို့လိုက်၍ ပါဌ်ကိုပြင်၍ ယောဇနာလေသည်သာ၊ မသင့်အနေ တည်း စသည်ဖြင့် အပြစ်တင်၍။

[အရပ် မျက်နှာ၌ တွေ ဝေ သော မျက်စိ လည်သော ယောကျ်ားသည် မိမိကဲ့သို့ မျက်စိလည်သောကြောင့်၊ အမှန်ကို အမှား၊ အမှားကိုအမှန် ပြောကြားသောသူတို့ စကားကိုသာ အ ဟုတ်မှတ်ထင်ယုံကြည်စွဲယူ၍ အရပ်မှန်လမ်းမှန်ကိုပြောကြားပြ ဆိုသောသူတို့၏စကားကိုပယ်မှားသကဲ့သို့ပယ်တော်မူဘိ၏။]

ဥဒ္ဒရတိနောင် ရှိသောစကား၏ နေရာမကျသည်၏ အပြစ်၌ အနုသစ် ဟုရှေး၌ခေါ်ဝေါ်ကြသော မရသာရတ္ထဒီပနီဋီကာကို အထောက်သာဓ က ပြုမိလေသည်လည်း။ "အမှုသည်တဖက်၏ အလိုအတိုင်း ထွက်ဆို သောသက်သေကို သက်သေပေး မှားသကဲ့သို့" မိမိနှင့် အယူတူသည် ထင်၍ ထောက်ထားကိုးမှီမိလေသည်။ ။မရဆရာ၏စကားသည် ထို သူတို့၏ အယူနှင့်မတူ။ ထိုမဏိဒီပဆရာ, မိန္ဒြောင်းဆရာ, အဠသာလိနီ ဂဏ္ဌိဆရာ တို့ကဲ့သို့ ယူသော ဆရာတို့၏ ဝါဒကို ကေစိဝါဒဆို၍ ပယ် သောစကားသာဖြစ်သည်။ ထို့ကြောင့် *လေညာ၌တည်သောသူကို ဖုံ မှုံဖြင့် လွှင့်ပက်သည် ရှိသော်။ ထိုဖုံမှုံသည် လေညာ၌ နေသော သူသို့ မရောက်ဘဲ လေကြေ လေအောက်ကနေ၍ လွှင့်ပက်သော သူသို့သာ လျှင် ပြန်၍ရောက် သကဲ့သို့။ ဂဏ္ဌိဆရာ တင်သမျှသော အပြစ်သည် မူလ ဋီကာဆရာ၏ အလိုသဘောကို အဟုတ်အမှန်သိ၍ မဏိဒီပဆရာ မိန္ဒြောင်းဆရာတို့အလိုသို့မလိုက်ဘဲယောဇနာသော ရှေးနိဿယဆရာ သို့ မထိ မရောက်မူ၍ မိမိဟူသော ဂဏ္ဌိဆရာသို့သာ ပြန်ရောက် လေ သည်။

ဋီကာကျော်အလို မဏိဒီပဒုတိယနည်းအလိုသော်။ ပရမတ္ထတော၌ တောပဓွည်းသည်။ ယော သတ္တိကဗ္ဗော ပရမတ္ထော။ တတော သောပုဂ္ဂ

* အကြောင်းသူအား တရေးမရှု ပြစ်မှားပြုသော်၊ တန့်ပြမား၊လေငြာရှော်ရှု၊ လွှင့်သော မြူသည်၊တူရှုမျက်နှာ ပြန့်လွင့်လာသို့ (ဘုရိဒတ်ဇာတ်ပေါင်းမျို)

လော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမဋ္ဌေန။ ဟူသောကထာဝတ္ထုပါဠိတော်ဝယ်။ တတော၌ တောပစ္စည်းကဲ့သို့ ကရိုဏ်းဝိဘတ်ဟူသော တတိယာဝိဘတ်၏ အနက် ဖြစ်သော ကြိယာဝိသေသန အနက်၌ ဖြစ်၏။ ။ယံ ကထာဝတ္ထုပါဠိတော်ဝယ်။ တတော၌တောပစ္စည်း၏ တတိယာဝိဘတ်၏ အနက်၌ ဖြစ်ကြောင်းကိုလည်း။ ။တတောတိကရဏဝစနမေတံ။ တသ္မာ တေန သစ္စိကဋ္ဌပရမဋ္ဌေန သော ပုဂ္ဂလော ဥပလဗ္ဘတီတိအယမေတ္ထ အတ္ထော၊ ဟူသော ကထာဝတ္ထုအဋ္ဌကထာ။ ။ယောသစ္စိကဋ္ဌောတိ အာဒိမှိ ပန ယောပုဂ္ဂလော သစ္စိကဋ္ဌပရမဋ္ဌေန ဥပလဗ္ဘတိ။ သော ပုဂ္ဂလော ယော သစ္စိကဋ္ဌောပရမဋ္ဌော အတ္ထိ။ တတော တေန သစ္စိကဋ္ဌပရမဋ္ဌေန ဥပလဗ္ဘတီတိအယမတ္ထော။ တတောတိဧတ္ထ ဟိ ဝုတ္တနယေန တတိယတ္ထေ တောပစ္စယောတိ။ ဟူသောမဏိဒီပ။ ။သော တဝပုဂ္ဂလော တတော တေန သစ္စိကဋ္ဌပရမဋ္ဌေန ဥပလဗ္ဘတိ။ ဟူသော အဋ္ဌသာလိနီယောဇနာ။ ၏ကျမ်းတို့ကို ထောက်၍ သိလေ။ ။ တတောတိဧတံ၊ တတောဟူသော၏ပုဒ်သည်။ ကရဏဝစနံ၊ ကရိုဏ်းဝိဘတ်အဆုံးရှိသော ပုဒ်တည်း။ တသ္မာ၊ ထိုသို့တတော ဟူသော ပုဒ်၏ ကရိုဏ်းဝိဘတ်အဆုံးရှိသောပုဒ်၏အဖြစ်ကြောင့်။ ဧတ္ထ၊ ဤဝါကျ၌။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ တေနသစ္စိကဋ္ဌပရမဋ္ဌေန၊ ထိုဟုတ်မှန်သော သဘော၏အဖြစ် မြတ်သော သဘော၏ အဖြစ်ဖြင့်။ ဥပလဗ္ဘတိ၊ ဉာဏ်ဖြင့်ကပ်၍ သိအပ်မည်လော။ ဣတိအယံအတ္ထော၊ ဤအနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။ယောသစ္စိကဋ္ဌောတိအာဒိမှိပန၊ ယောသစ္စိကဋ္ဌော အစရှိသော ဤပါဠ်၌ကား။ ယောပုဂ္ဂလော၊ ကို။ သစ္စိကဋ္ဌပရမဋ္ဌေန၊ ဟုတ်မှန်သော သဘော မြတ်သော သဘောအားဖြင့်။ ဥပလဗ္ဘတိ၊ ၏။ သောပုဂ္ဂလော၊ ကို။ယောသစ္စိကဋ္ဌောပရမဋ္ဌော၊အကြင်ဟုတ်မှန်သော သဘောမြတ်သောသဘောသည်။ အတ္ထိ၊ ရှိ၏။ တတော တေန သစ္စိကဋ္ဌပရမဋ္ဌေန၊ ထိုဟုတ်မှန်သောသဘော မြတ်သောသဘောအားဖြင့်။ ဥပလဗ္ဘတိ၊ဉာဏ်ဖြင့်ကပ်၍သိအပ် ရအပ်ပါမည်လော။ဣတိအယံအတ္ထော၊ ဤသို့သောအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။ ဟိသစ္စံ။ မှန်၏။ တတောတိဧတ္ထ၊ တတောဟူသော၏ပုဒ်၌။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ တတိ

ယဌ္ဌေ၊တတိယာဝိဘတ်၏အနက်၌။ တေသပစ္စယော၊တေသပစ္စည်းသည်။ ပဟောတိ၊ ၏။ ။တဝ၊ သင်ပရဝါဒီ၏။ သောပုဂ္ဂလော၊ ထိုသစ္စိကဋ္ဌ ပရမတ္ထအားဖြင့်ရအပ်သောပုဂ္ဂိုလ်ကို။ တတောတေနသစ္စိကဋ္ဌပရမဋ္ဌေန၊ ထိုဟုတ်မှန်သော သဘောမြတ်သော သဘော အားဖြင့်။ ဥပလဗ္ဘတိ၊ ညဏ်ဖြင့်ကပ်၍ သိအပ်ရအပ်ပါမည်လော။ ။အစဉ်အတိုင်းသာဓကေ ၃-ရပ်၏အနက်။

ကျောင်းအောင်စံထား ဆရာတော် ဘုရားကား။ ပုန ယော သစ္စိကဋ္ဌ ပရမဋ္ဌေန ဥပလဗ္ဘတိ။ သော သစ္စိကဋ္ဌပရမတ္ထတော အညော တဒါခါရော။အညတြ ဝါတေဟိ။ တေသံဝါ အာခါရဘူတော။ အနညောဝါ တတော ရူပ္ပနာဒိသဘာဝတော သပစ္စယာဒိသဘာဝတောဝါ ဥပလဗ္ဘမာနော အာပဇ္ဇတိတိအနုယုဥ္ဇတိ ယော သစ္စိကဋ္ဌော။လ။ပရမဋ္ဌေနာတိ။ ဟူသောမူလဋီကာ၌ သစ္စိကဋ္ဌပရမတ္ထတောကို ပါဠိတော်၌ တတော၏ အစွဲပြု။ အညောစသည်ကိုလည်း သောသပြဟု ထင်မှား၍။ တတော သစ္စိကဋ္ဌပရမတ္ထတော၊ ထိုသစ္စိကဋ္ဌပရမတ္ထမှ။ အညော၊ တပါးသော။ တဒါခါရော၊ ထိုသစ္စိကဋ္ဌပရမတ္ထလျှင် တည်ရာရှိသော။ ပုဂ္ဂလောသို့သွား။ ဋီကာဆရာ၏ အလိုဟု အဋ္ဌသာလိနီဂဏ္ဌိ၌ ပြဆိုတော်မူမိလေသည်။ ။ ထိုစကားကို ယခင်ပြဆိုခဲ့သော ကထာဝတ္ထုအဋ္ဌကထာ, အဋ္ဌသာလိနီ ယောဇနာ, မဏိဒီပ တို့နှင့် မညီသောကြောင့်၎င်း။ မူလဋီကာ ဆရာ၏ အလိုတော် မကျသောကြောင့်၎င်း၊ ပယ်အပ်သည်သာ။ ။မူလဋီကာ ဆရာကား အညော အနညောတို့၏ အပါဒါန်ကို ပြလို၍သာ။ သစ္စိကဋ္ဌ ပရမတ္ထတောအညော။ အနညောဝါတတောဟုဆိုတော်မူလေသည်။ ပါဠိတော်၌ တတော၏အစွဲအနက်ကို ပြသည်မဟုတ်။ ယင်း၏အစွဲကိုကား ပါဠိတော်၌ပင် တိုက်ရိုက်ရှိပြီဖြစ်၍ မပြသည်။

ပုန၊တဘန်။ ယောပုဂ္ဂလော၊ကို။ သစ္စိကဋ္ဌပရမဋ္ဌေန၊ ဟုတ်မှန်သော သဘော မြတ်သောသဘောအားဖြင့်။ ဥပလဗ္ဘတိ၊ ညဏ်ဖြင့်ကပ်၍ သိအပ်ရအပ်၏။ သောပုဂ္ဂလော၊ ထိုသစ္စိကဋ္ဌပရမတ္ထအားဖြင့် သိအပ် ရအပ်သော သင်ပရဝါဒီ၏ ပုဂ္ဂိုလ်သည်။ ဝါ၊ ကို။ သစ္စိကဋ္ဌပရမတ္ထတော သစ္စိကဋ္ဌပရမတ္ထမှ။ အညော၊တပါးသော။ တဒါခါရော၊ထိုသစ္စိကဋ္ဌပရ

မဏ္ဍလျှင် တည်ရာရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥပလဗ္ဘမာနော၊ ဉာဏ်ဖြင့် ကပ်၍ သိအပ်ရအပ်သည်။ အာပဇ္ဇတိ၊ ဖြစ်ရာ၏။ တေဟိသစ္စိကဋ္ဌပရမတ္ထေဟိ၊ ထိုသစ္စိကဋ္ဌပရမတ္ထတို့ကို။ အညတြ၀ါ၊ ကြဉ်၍ ထားသော်လည်း။ ဥပလဗ္ဘမာနော၊ သည်။ အာပဇ္ဇတိ၊ ၏။ တေသံသစ္စိကဋ္ဌပရမတ္ထာနံ၊ တို့၏။ အာဓာရဘူတော၀ါ၊တည်ရာဖြစ်သည်ဖြစ်၍သော်လည်း။ ဥပလဗ္ဘမာနော၊ သည်။ အာပဇ္ဇတိ၊ ၏။ တတောသစ္စိကဋ္ဌပရမတ္ထတော၊ မှ။ အနညော၀ါ၊ တပါးတခြားမဟုတ်မူ၍လည်း။ ရုပ္ပနာဒိသဘာ၀တော ၀ါ၊ရုပ္ပနစသော သဘောအားဖြင့်သော်ငြား။ သပစ္စယာဒိသဘာ၀တော ၀ါ၊သပစ္စယစသော သဘောအားဖြင့်သော်ငြား။ဥပလဗ္ဘမာနော၊သည်။ အာပဇ္ဇတိ၊၏။ဣတိ၊သို့။ယောသစ္စိကဋ္ဌော။လ။ ပရမတ္ထေနုာတိ၊ယောသစ္စိကဋ္ဌော။လ။ပရမတ္ထေနဟူ၍။အနုယုဉ္ဇတိ၊စိစစ်၏။ဋီကာအနက်။

စိတ်စသည်တို့ ပရမတ်မည်ခြင်း၏အကြောင်း

အဘိဓမ္မာပိဋကတ်၀ယ် အကျယ်အားဖြင့် ဟောကြားတော်မူအပ်သော အနက် ဟူသော ဓမ္မသည် ပရမတ္ထ မည်သည် ဟူ၏။ ထို အဘိဓမ္မတ္ထ ဖြစ်သော ဓမ္မသည် အဘယ်ကြောင့် ပရမတ္ထမည်သနည်း ဟူမူ။ မြတ်သော သဘော ဖြစ်သောကြောင့် ပရမတ္ထ မည်ပါသည် ဟူလေ။

ဟီနာဒိဓမ္မာစသည်ဖြင့် ဆိုးညစ် ယုတ်ညံ့သော အကုသိုလ် တရားတို့ ကိုလည်း အဘိဓမ္မာ၌ ဟောတော်မူပါသည် မဟုတ်လော။ထိုသို့ဟောခဲ့ သော် မြတ်သော သဘောဖြစ်သောကြောင့် ပရမတ္ထ မည်၏ ဟူသော စကားသည် မသင့်ရာသည်သာ တကား ဟူငြားအံ့။ ။ဟီနဓမ္မတို့ကို အဘိဓမ္မာ၌ ဟောတော်မူသည်မှန်၏။ ဤအရာ၌ကား။ အကုသိုလ်ထက် ကုသိုလ်။ ပဌမဈာန်စသည်ထက် ဒုတိယဈာန်စသည်။ ပဌမမဂ်စသည် ထက် ဒုတိယမဂ်စသည်။ ပဌမဖိုလ်စသည်ထက် ဒုတိယဖိုလ်စသည်။ ဇာတ်,ဘုံ,ဂုဏ်,စသည်ဖြင့် တပါးထက်တပါးဆင့်ကဲဆင့်ကဲ မြတ်သည်

ကို မြတ်သည်ဟု မဆိုလို။ ထိုဓမ္မတို့၏ သဘောအားဖြင့် မဖောက်မပြန် သည်ကိုသာ မြတ်သည်ဟု ဆိုသည်ဖြစ်၍ သင့်ပါ၏ဟူလေ။

သဘောအားဖြင့် အဘယ်သို့ မဖောက်မပြန်သနည်းဟူမူ။ဖဿသည် မည်သည့်ဘုံ၊ မည်သည့်ဓာတ်၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်သန္တာန်၊ မည်သည့်ကာလမဆို၊ ခပ်သိမ်းသော ဘုံဓာတ်ပုဂ္ဂိုလ် သန္တာန်ကာလ ဝယ် ဖြစ်လေသမျှ၌ပင် ဖုသနသဘော အားဖြင့်သာ ဖြစ်သည်။ ဖုသန သဘောမှ ဖောက်ပြန်၍ တရံတဆစ်မျှ တပါးသော ဝေဒယန စသော သဘော အားဖြင့် ဖြစ်သော မည်သည် မရှိသည် သာတည်း။ ဝေဒနာ သညာ စသည်တို့၏ ဝေဒယနသဘော,သဉ္ဇာနနသဘောစသည်၊ စိတ်၏ ဝိဇာနနသဘော၊ ပထဝီဓာတ် စသည်တို့၏ ကက္ခဠတ္တစသော သဘော၊ နိဗ္ဗာန်၏သန္တိသဘောတို့မှ မဖောက်မပြန်သည်၏အဖြစ်ကိုလည်း ဖဿ ၌ကဲ့သို့ ထိုက်သည်အားလျော်စွာသိလေ။ ။ဤသို့မဖောက်မပြန်သည် ဟူလေ။

ပရမော ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထော၊ဣတိကာကျော်။ ။ ပရမောဥတ္တမော၊မြတ်သော။ အဝိပရီတော၊ သဘောအားဖြင့် မဖောက် မပြန်သော။အတ္ထော၊သဘောတည်း။ပရမတ္ထော၊မြတ်သောသဘောအား ဖြင့် မဖောက်မပြန်သောသဘော။ ။ဤပရမတ္ထတော်၌ ပရမသဒ္ဒါသည် အမြတ်ဟူသော ဥတ္တမအနက်ကို ဟော၏ဟု ပြခြင်းငှါ ပရမောကို ဥတ္တ မောဟု ဖွင့်သည်။ သဒ္ဒတ္ထဖွင့်။ ။မြတ်သည် ဆိုသော်လည်း ဓာတ်ဘုံ စသော အနိမ့်အမြင့် အယုတ် အမြတ် အစဉ်အားဖြင့် မြတ်သည်ကို ဤအ ရာ၌ မြတ်သည်ဟူ၍ မဆိုလို။ သဘောအားဖြင့် မဖောက်မပြန် သည်ကို သာ မြတ်၏ဟု ဆိုလိုသည်ဟု အဓိပ္ပါယ်ကို ပြခြင်း ငှါသာ ဥတ္တမောကို အဝိပရီတောဟု ဖွင့်ပြ ပြန်သည်။ ဤအလို အားဖြင့် အဝိပရီတောသည် ဥတ္တမော၏ အဓိပ္ပါယတ္ထဖွင့်သာ သဒ္ဒတ္ထဖွင့်မဟုတ်။

တနည်းလည်း။ ။ အဘိဓမ္မာ၌ ဟီနဖြစ်သော အကုသိုလ် တို့ကိုလည်း ဟောပါသည် မဟုတ်လော။ ထိုသို့ ဟီန ဓမ္မ တို့ကိုလည်း အဘိဓမ္မာ၌ ဟောပါလျက် အဘယ်သို့သော အကြောင်းကြောင့် မြတ်လေသနည်းဟု မေးဘွယ်ရှိ၍ မြတ်ခြင်း၏ အကြောင်းကို ပြခြင်းငှါ အဝိပရီတောကို ဆို

လေသည်။သဘောအားဖြင့် မပေါက်မပြန်သောကြောင့် မြတ်သည် ဟူ လို၏။ ။အဝိပရိတော၊ သဘောအားဖြင့် မပေါက်မပြန်သောကြောင့်။ ပရမော ဥတ္တမော၊မြတ်သော။အတ္ထော၊သဘောတည်းဟု အနက်ပေး။ ။ ဤကား အဝိပရိတောတိ ဧတေန ဥတ္တမဘာဝဿ ဟေတုံ ဒဿေတိ။ ယသ္မာ အဝိပရိတော ဟောတိ။တသ္မာ ဥတ္တမောတိဟိအတ္ထော-ဟူသော မဏိမဉ္ဇူဆရာ၏အလို။ ဤအလိုသော် အဝိပရိတောသည် ဥတ္တမော၏ အကြောင်းကို ပြသော စကားသာ အဓိပ္ပါယတ္ထကို ပြသော စကား မဟုတ်။ ။အဝိပရိတောတိ ဧတေန၊အဝိပရိတော ဟူသော ဤပုဒ်ဖြင့်။ ဥတ္တမဘာဝဿ၊မြတ်သည်၏အဖြစ်၏။ဟေတုံ၊အကြောင်းကို။ဒဿေတိ၊ ဋီကာဆရာပြ၏။ ဟိသဒ္ဒါ၊မှန်၏။ ယသ္မာ၊ အကြင့်ကြောင့်။ အဝိပရိတော၊ သဘော အားဖြင့် မပေါက်မပြန်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ သဘောအားဖြင့် မပေါက်မပြန်သည်၏ အဖြစ်ကြောင့်။ ဥတ္တမော၊ မြတ် သည်။ ဟောတိ၊ ၏။ ဣတိအယံအတ္ထော၊ ဤသို့သော အနက်ကို။ ဝေဒိ တဗ္ဗော၊ သိအပ်၏ဟု ပေး။ ။အဝိပရိတဘာဝတော ဝေ ပရမောပဓာ နော အတ္ထောတိ ပရမတ္ထောဟု ဆိုသော ကထာဝတ္ထု အနုဋီကာ အလို အားဖြင့်လည်း။ အဝိပရိတောကို ဥတ္တမော၏ အကြောင်းပြ ဟူ၍ပင် ယူ လို၏။ ။အဝိပရိတဘာဝတောဝေ၊ သဘောအားဖြင့် မပေါက်မပြန် သည်၏ အဖြစ်ကြောင့်သာလျှင်။ ပရမော ပဓာနော၊ ပြဓာန်းသော မြတ် သော။ အတ္ထော၊သဘောတည်း။ ဣတိ၊ထို့ကြောင့်။ ပရမတ္ထော၊ ပရမတ္ထ မည်၏ဟုပေး။

တနည်းလည်း။ အဘိဓမ္မာ၌ ဟောတော်မူအပ်သော ကုသိုလ် အကု သိုလ် စသော ဓမ္မတို့သည် မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် ပရမတ္ထမည်သည်ဟူလေ။ မြတ်သောသဗ္ဗညုတ ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် ပရမတ္ထမည်သည် ဟူခဲ့ သော် သဗ္ဗညုတဉာဏ်သည် ကုသိုလ်စသော ဓမ္မတို့ကိုသာ အာရုံပြု သည်မဟုတ် ပညတ်တရားတို့ကိုလည်း အာရုံပြုရကား။ထိုပညတ်တရား တို့သည်လည်း သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် ပရမတ္ထမည်ခဲ့ရာ၏ဟူငြားအံ့။ ။သဗ္ဗညုတဉာဏ်သည် ကုသိုလ်စသော

ဓမ္မတို့ကိုသာ အာရုံပြုသည်မဟုတ် ပညတ်တရားတို့ကိုလည်းအာရုံပြု၏။ ထိုသို့ပင်ပြုသော်လည်း ပရမတ္ထဟူသော အမည်သည် ကုသိုလ်စသော ဓမ္မတို့၌သာ ထင်သည်။ ပညတ်တရားတို့၌ မထင်။ ထို့ကြောင့် ကုသိုလ်စသော ဓမ္မသာ ပရမတ္ထ မည်သည်။ ပညတ် တို့ကား ပရမတ္ထ မမည် ဟူလေ။

ကုသိုလ်စသောဓမ္မသည်ဖြစ်စေ၊ ပညတ်တို့သည်ဖြစ်စေ၊ သဗ္ဗညုတဉာဏ်၏အာရုံ၏အဖြစ်ဖြင့်တူကြပါလျက်၊ပရမတ္ထဟူသောအမည်သည်ပညတ်တို့၌မထင်ဘဲ ကုသိုလ်စသော ဓမ္မ၌သာ ထင်သောကြောင့် ပညတ်တို့သည် ပရမတ္ထ မမည်မူ၍ ကုသိုလ်စသောဓမ္မသာ ပရမတ္ထမည်သည်ကို အဘာယ်သို့သော လောကူပမာဖြင့် သိအပ်ပါသနည်း ဟူမူ။ ။ပင်္ကေဇာတံ ပင်္ကဇံ။ ပင်္ကေ၊ ညွန်၌။ ဇာတံ၊ ပေါက်ရောက်ဘတ် သည်တည်း။ ပင်္ကဇံ၊ ညွန်၌ပေါက်ရောက်သည် ဟူသည်နှင့်အညီ။ ညွန်၌ပေါက်တတ်သောကြောင့် ကြာသည် ပင်္ကဇ မည်သည် ဟူရာ၌၊ ကြာသာ ညွန်၌ ပေါက်သည်မဟုတ်၊ ဟင်းရွက်,ကတောက်,စသည်တို့သည်လည်း ညွန်၌ ပေါက်ကုန်၏။ထိုသို့ပင်ပေါက်သော်လည်း ပင်္ကဇဟူသောအမည်သည် ကြာ၌သာထင်သည်။ ဟင်းရွက်,ကတောက်,စသည်၌မထင်။ ထို့ကြောင့် ကြာသာလျှင် ပင်္ကဇမည်၍ဟင်းရွက်,ကတောက်,စသည်တို့သည် ပင်္ကဇ မမည်သကဲ့သို့ဖြင့်။ *မဟိယံရဝတီတိမယူရော၊ မဟိယံ၊ မြေ၌။ ရဝတိ၊ တွန်မြည်တတ်၏။ ဣတိ၊ထို့ကြောင့်။ မယူရော၊မယူရမည်၏ဟူသည်နှင့်အညီ မြေ၌မြူးတူး တွန်မြည် ဘတ်သောကြောင့် ဥဒေါင်းသည် မယူရမည်၏ဟူရာ၌ ဥဒေါင်းသာ မြေ၌ တွန်မြည် တတ်သည် မဟုတ် ကြက်စသော သတ္တဝါတို့သည်လည်း မြေ၌တွန်မြည်တတ်ကုန်၏။ ထိုသို့ တွန်မြည်သော်လည်း မယူရဟူသော အမည်သည် ဥဒေါင်းငှက်၌သာ ထင်၍ ကြက်စသည်၌ မထင်သောကြောင့် ဥဒေါင်းငှက်သာ မယူရမည်၍ ကြက်စသော သတ္တဝါတို့သည် မယူရ မမည် သကဲ့သို့ဖြင့်။ ကုသိုလ်စသောဓမ္မသာ သဗ္ဗညုတဉာဏ်၏ အာရုံဖြစ်သည်မဟုတ် ပညတ်တရားတို့သည်လည်း သဗ္ဗညုတဉာဏ်၏ အာရုံဖြစ်ကုန်သော်လည်း။ ပရမတ္ထ

* အညာတိသယနည်း၊ပသိဒ္ဓရုဠှီကိုပြသည်။

ဟူသော အမည်သည် ပညတ်၌မထင်ဘဲ ကုသိုလ်စသော ဓမ္မ၌သာ ထင်သောကြောင့် ပညတ်သည် ပရမတ္ထ မမည်မူ၍ ကုသိုလ်စသော ဓမ္မသာ ပရမတ္ထ မည်ပါသည် ဟူလေ။ ။ဤကား- ပရမဿဝါ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရောတိ ပရမတ္ထော-ဟူသော ဋီကာကျော်နှင့် အညီတည်း။ ဝါ၊ တနည်းကား။ပရမဿဥတ္တမဿ၊ မြတ်သော။ ဉာဏဿ၊ သဗ္ဗညုတဉာဏ်၏။အတ္ထောဂေါစရော၊ဖြစ်ရာကျက်စားရာ အာရုံတည်း။ ဣတိ၊ထို့ကြောင့်။ ပရမတ္ထော၊ ပရမတ္ထမည်၏။ ။ဤနည်း၌လည်း ပရမတ်သည် အတိုင်းအရှည်ပမာဏအနက်,လွန်ကဲခြင်းအတိရေကအနက်, စသည်ကိုမဟော၊ ဥတ္တမ အနက်ကိုသာ ဟော၏ဟု ပြခြင်းငှါ ပရမဿ ကို ဥတ္တမဿဟု ဖွင့်ပြသည်။ ဥတ္တမ အရ ကိုလည်း မြတ်စွာဘုရား၏ ဖြစ်ကို မယူအပ်။ ။သဗ္ဗေဓမ္မာ သဗ္ဗာကာရေန ဗုဒ္ဓဿ ဘဂဝတော ဉာဏမုခေ အာပါတမာဂစ္ဆန္တိ-ဟု ဟောတော်မူသောကြောင့်၊ ဉာဏ်ကိုသာယူဟု ပြခြင်းငှါ ဉာဏဿဟု ဖွင့်ပြန်သည်။ ။မြတ်စွာဘုရားသည် ခပ်သိမ်းသော အဘိဓမ္မတ္ထတို့ကို သဗ္ဗညုတဉာဏ်ဖြင့်သာ ဟောတော်မူ ရကား။ ဉာဏဿ၌ ဉာဏ်အရကိုလည်း သဗ္ဗညုတ ဉာဏ်ကိုသာယူ၊ အဘိညာဉာဏ်စသည်ကိုမယူလင့်။ ။သဗ္ဗေ၊ခပ်သိမ်းကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဘဂဝတော၊ ဘုန်းတော်–၆–ပါးနှင့်ပြည့်စုံတော်မူသော။ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ဉာဏမုခေ၊သဗ္ဗညုတဉာဏ်တော်ဝ၌။ သဗ္ဗာကာရေန၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အာပါတံ၊ရှေးရှုကျလာခြင်း ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ ။ဤကို ထောက်၍ မြတ်စွာဘုရား၏ အာရုံ ဖြစ်သောကြောင့် ပရမတ်ခေါ်၏ စသည်ဖြင့်ဆိုသောစကားကို မသင့်ဟူ၍ မှတ်အပ်၏။

[နည်းနှစ်ပါးတွင် ရှေ့နည်း၌ပရမတ္ထတောဝယ် အတ္ထသဒ္ဒါကို အရိယတိ ဉာယတီတိ အတ္ထောဟု ကမ္မသာဓနပြု၊ နောက်နည်း၌ကား အရတိပဝတ္တတိဉာဏံ ဧတ္ထာတိအတ္ထောဟု အဓိကရဏသာဓနပြုလေ။]

သဒ္ဒပိနိဗ္ဗာယနှင့် တကွ ပြဆိုသည် ရှိသော်။ သဒ္ဒနယ၌ မလေ့လာ မကျွမ်းကျင်သော ပုဂ္ဂိုလ်တို့ အမှတ်အသား ခက်ရာသော ကြောင့်ရင်း၊

အလွန် ကျယ်ဝန်း များပြားရာသောကြောင့်ငင်း၊ ဆိုလတ္တံ့သော အရာတို့၌ သဒ္ဒပိန္နိဿယကို မပြ မဆိုဘဲ အနက် အဓိပ္ပါယ် မျှကိုသာ ပြဆိုတော့အံ့။ ။ဤ၌ ဆိုလတ္တံ့သော အစဉ်ကိုလည်း များသော အားဖြင့် သင်္ဂြိုဟ်ကျမ်း၌ လာသော အစဉ်အားဖြင့် ပြဆိုအံ့။ များသော အားဖြင့်လည်း အဋ္ဌသာလိနီအဋ္ဌကထာ, ဋီကာကျော်,မဏိမဉ္ဇူတို့ကို အမှီတကဲပြု၍ဆိုအံ့။ ငင်းကျမ်းတို့၌ ကျယ်လွန်းသော အရာကို အနက် အဓိပ္ပါယ်တို့ကို မပျက်စေရ အကျဉ်း ချုံး၍၊ ကျဉ်းလွန်းသော အရာကိုလည်း အကျယ်ချဲ့၍၊ သာမည်ဆိုသော အရာကိုလည်း ဝိသေသ ဘော်ပြ၍ မနှစ်သက်ဘွယ်သော အရာ တိမ်းချွတ်သော အရာတို့ကိုလည်း ပါဠိ အဋ္ဌကထာ,ဋီကာကြီးတို့ကို ဆောင်ပြ၍နှိုင်းညှိ သုမ်သင်၍။ မပြည့်မရံ ဥပလက္ခဏနည်း နိဒဿနနည်းတို့ဖြင့် ပြဆိုသော အရာတို့ကိုလည်း ကျမ်းတပါးတို့မှ ဆောင်ယူ ဖြည့်လောင်း၍။ မြန်မာဝေါဟာရ၌ စကားပြေဖြစ် စေခြင်းငှါ ရှေ့စကားကိုနောက်, နောက်စကားကိုရှေ့ ထားသင့်လျှင်ထား၍ ပြဆိုအံ့သည် ဖြစ်သောကြောင့် ဋီကာကျော်,မဏိမဉ္ဇူတို့ စကားနှင့်မတူ ကွဲပြား ပြဆိုသော အရာတို့ကို ဋီကာကျော်, မဏိမဉ္ဇူတို့နှင့် မညီဟူ၍ အပြစ်တင် မလျှင်မစောဘဲ။ ပါဠိ,အဋ္ဌကထာ, ဋီကာကြီး တို့နှင့် ညီမညီ သဘောယုတ္တိ ရှိမရှိကို အထူးနှုလုံးထား၍ မှတ်သားကြည့်ရှုကြ ပါကုန်။

ပရမတ္ထ–၄–ပါး ပြားကြောင်းကို ဥပမာဖြင့် ပြခြင်း

*ဥပမာယမိဓေကစ္စေ၊အတ္ထံဇာနန္တိ ပဏ္ဍိတာ။ ။ဣဓ၊ဤလောက၌။ ဧကစ္စေ၊အချို့ကုန်သော။ပဏ္ဍိတာ၊ပညာရှိတို့သည်။ဥပမာယ၊ဥပမာဖြင့်။ အတ္ထံ၊ အနက်ကို။ ဇာနန္တိ၊ သိကြကုန်၏။ ။ဟူသည်နှင့်အညီ။ တိမ်မြုပ်ကွယ်ဝှက် ပြက်ပြက် ထင်စွာ မသိသာသော အနက်အရာ တို့ကိုလည်း ထင်လင်း သိသာအောင် နှိုင်းခိုင်း ပုံပြု တန့်ဘွယ်ရာ ဥပမာ သာဓကတို့ဖြင့် ပြဆိုအံ့။ ။တခုသော လောကဓာတ်၌ ထိုက်သည့်အားလျော်စွာ မိမိတို့၏ကံသည် ပစ်ချအပ်သည် ဖြစ်၍ ပဋိသန္ဓေ စွဲနေရ ကုန်သော

---

* နာရဒဇာတ်ပါဠိတော်စသည်။

သတ္တဝါတို့သည် အသီးအသီး မိမိတို့ဒြပ်အားဖြင့် ဤရွေ့ဤမျှဟု ရေဆ, ချင့်တွက်ခြင်းငှါ မတတ်နိုင်အောင် များပြောင်လှစွာ၏။ ထိုများစွာသော သတ္တဝါတို့သည် သတ္တဝါ၏အဖြစ် သာမညအားဖြင့်သော် တပါးတည်း သာဖြစ်၏၊ ထိုသတ္တဝါ သာမည အားဖြင့် တပါးတည်းသာ ဖြစ်သော သတ္တဝါကို ပဋိသန္ဓေစွဲယူခြင်း ယောနိအားဖြင့် တပါးနှင့်တပါး မတူကွဲ ပြားလေသောကြောင့်။ယောနိဘေဒအားဖြင့်ပိုင်းခြား ရေတွက်သော်၊

၁။ အဏ္ဍဇယောနိ,ဥခွံတွင်း၌ပဋိသန္ဓေစွဲနေသောသတ္တဝါ။
၂။ ဇလာဗုဇယောနိ,သားအိမ်တွင်း၌ပဋိသန္ဓေစွဲနေသောသတ္တဝါ။
၃။ သံသေဒဇယောနိ,အညှိစသည်၌ပဋိသန္ဓေစွဲနေသောသတ္တဝါ။
၄။ ဩပပါတိကယောနိ,ဥပပါတ်ပဋိသန္ဓေစွဲနေသောသတ္တဝါ။

ဟု-၄-ပါး ပြားပြန်လေသကဲ့သို့ အဘိဓမ္မာပိဋကတ်၌ မြတ်စွာဘုရား သည် များစွာသော ရေတွက် ခြင်းငှါ မတတ်နိုင် ရာသော နည်းတို့ဖြင့် ဟောတော်မူအပ်သော ဓမ္မတို့သည် သမ္ပယောဂ, ကိစ္စ, ဒွါရ, အာရုံ, စသော နည်းအပြား အားဖြင့် ဤရွေ့ ဤမျှဟု ချင့်ဆ, ရေတွက် ခြင်းငှါ မတတ်နိုင်၊ အနန္တ,အပရိမာဏအဆုံး အပိုင်းအခြားမရှိ များလှစွာ၏။ထို အနန္တ, အပရိမာဏ ဖြစ်သော တရားတို့သည် အဘိဓမ္မာ၏ အနက်ဖြစ် သောအဘိဓမ္မတ္ထ၏အဖြစ်ပရမတ္ထ၏အဖြစ် သာမညအားဖြင့်သော်တပါး တည်းသာဖြစ်၏။ ထိုသို့အဘိဓမ္မတ္ထပရမတ္ထ အဖြစ်အားဖြင့် တပါးတည်း သာဖြစ်သောဓမ္မကိုဝိဇာနနသဘော,စိတ္တနိဿိတသဘော,ရုပ္ပနသဘော သင်္ခတသဘော,အားဖြင့်တပါးနှင့်တပါးမတူကွဲပြားလေသောကြောင့်။သ ဘာဝဘေဒအားဖြင့် ပိုင်းခြားရေတွက်သော်။

၁။ ဝိဇာနနသဘောရှိသောစိတ်။
၂။ စိတ္တနိဿိတသဘောရှိသော စေတသိက်။
၃။ ရုပ္ပနသဘောရှိသောရုပ်။
၄။ သင်္ခတသဘောရှိသော နိဗ္ဗာန်ဟု-၄-ပါးပြားလေသည်။

ဤဥပမာ၌ အဘိဓမ္မာပိဋကတ်သည် လောကဓာတ်နှင့်တူ၏၊ အဘိ ဓမ္မာ၌ ဟောတော်မူအပ်သော ပိုင်းခြားရေတွက်ခြင်းငှါ မတတ်ကောင်း

သော များစွာသော ဓမ္မတို့သည် ထိုလောကဓာတ်၌ဖြစ်သော အနန္တ, အပရိမာဏ, ဖြစ်သော သတ္တဝါတို့နှင့်တူ၏။ ထိုဓမ္မတို့၏အဘိဓမ္မတ္ထပရမတ္ထအဖြစ် သာမည့အားဖြင့် တပါးတည်းသာဖြစ်ခြင်းသည် ထိုသတ္တဝါတို့၏သတ္တဝါ၏အဖြစ် သာမညအားဖြင့် တပါးတည်းသာ ဖြစ်သည်နှင့်တူ၏။ ထိုအဘိဓမ္မတ္ထပရမတ္ထ၏အဖြစ် သာမည တပါးတည်းသာ ဖြစ်သော ဓမ္မ၏သဘောလက္ခဏာ အပြားအားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်,ဟူ၍-၄-ပါးပြားပြန်ခြင်းသည် ထိုသတ္တဝါ၏အဖြစ် သာမညအားဖြင့် တပါးတည်းသာဖြစ်သော သတ္တဝါ၏ ယောနိအပြားဖြင့် အဏ္ဍဇသတ္တဝါ, ဇလာဗုဇသတ္တဝါ, သံသေဒဇသတ္တဝါ, ဥပပါတ်သတ္တဝါဟု ၄-ပါးပြားပြန်သည်နှင့်တူ၏။

တနည်းလည်း။ တခုသော စကြဝဠာတိုက်၌ ဖြစ်သော များစွာသော လူတို့သည် မနုဿဇာတ် သာမညအားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း။ ဝံသဘောဒအနွယ်အပြားအားဖြင့် ၁-ခတ္တိယ၊ ၂-ဝေဿ၊ ၃-သုဒ္ဒ၊ ၄-ဗြာဟ္မဏ၊ဟု-၄-ပါးပြားသကဲ့သို့။ အဘိဓမ္မာပိဋကတ်၌ ဟောတော်မူအပ်သော တရားတို့သည် အဘိဓမ္မတ္ထပရမတ္ထ၏အဖြစ် သာမည အားဖြင့်တပါးတည်းသာဖြစ်သော်လည်း။မိမိတို့သဘောကိစ္စစသော အပြားအားဖြင့်၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ဟူ၍-၄-ပါးပြားသည်။ ။ဤဥပမာ၌ အဘိဓမ္မာပိဋကတ်သည် တခုသော စကြဝဠာတိုက်နှင့်တူ၏။ ထိုအဘိဓမ္မာပိဋကတ်၌ ဟောတော်မူအပ်သောဓမ္မတို့၏ အဘိဓမ္မတ္ထပရမတ္ထအဖြစ် သာမညအားဖြင့် တပါးတည်းသာ ဖြစ်ခြင်းသည် ထိုစကြဝဠာတိုက်၌ ဖြစ်သော လူတို့၏ မနုဿဇာတ် သာမညအားဖြင့် တပါးတည်းသာ ဖြစ်သည်နှင့်တူ၏။ ထိုအဘိဓမ္မတ္ထပရမတ္ထ အဖြစ်အားဖြင့် တပါးဘည်းသာဖြစ်သော ဓမ္မ၏ သဘာဝကိစ္စ စသော အပြားအားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ဟူ၍-၄-ပါးပြားပြန်ခြင်းသည် ထိုမနုဿဇာတ်အားဖြင့် တပါးတည်းသာဖြစ်သော လူ၏ဝံသဘောဒအနွယ်အပြားအားဖြင့်ခတ္တိယ,ဝေဿ,သုဒ္ဒ,ဗြာဟ္မဏဟု ၄-ပါးပြားပြန်သည်နှင့်တူ၏။

ထိုလေးပါးတွင် စိတ်သည် ခတ္တိယမျိုးနှင့်တူ၏။ စေတသိက်သည် ဝေဿမျိုးနှင့်တူ၏။ ရုပ်သည် သုဒ္ဒမျိုးနှင့်တူ၏။ နိဗ္ဗာန်သည် ဗြာဟ္မဏ

မျိုးနှင့်တူ၏။ ။**အဘယ်သို့တူသနည်း** ဟူမူ။ ရေမြေအရှင် ဖြစ်သော မင်းသည် လူအပေါင်းတို့၏ မှီခိုရာအစိုးရအကြီးအမှူး ပဓာနဖြစ်သကဲ့သို့။ စိတ်သည် စေတသိက်တို့၏ တည်ရာမှီရာ ဖြစ်သည်။ ယှဉ်ဘက် သမ္ပယုတ် စေတသိက်တို့၏ ပဓာနပုဗ္ဗင်္ဂမသေဋ္ဌဖြစ်သည်။ ဤသို့ စိတ်သည် ခတ္တိယမျိုးနှင့် တူသည်။ သူဌေး သူကြွယ် ကုန်သည် လယ်လုပ် စသော ဝေဿမျိုးတို့သည် မင်းကိုအမှီပြု၍ ဖောက်ကား ရောင်းဝယ် ကုန်သွယ် ကူးသန်းခြင်း လယ်ယာလုပ်ဆောင်ခြင်း စသော အမှုကိစ္စတို့ကို ချမ်းသာစွာ ရွက်ဆောင်ပြီးစီးစေနိုင်သကဲ့သို့။ ဖဿစသော စေတသိက်တို့သည် စိတ်ကိုမှီ၍သာ အာရုံကိုတွေ့ထိခြင်း အာရုံ၏အရသာကို ခံစားခြင်း စသော အသီးအသီးသော မိမိတို့ကိစ္စကို ပြီးစေနိုင်သည်။ ဤသို့စေတသိက်တို့သည် ဝေဿမျိုးနှင့်တူသည်။

ဟင်းရွက်ခူး, ထင်းခွေ, ရေခပ်, ထမ်းရွက်သည်ပိုးခြင်းစသည်တို့ဖြင့် လျင်စွာလျင်စွာ သွားတတ်သောကြောင့် သုဒ္ဒဟုခေါ်ဝေါ်အပ်သော သူဆင်းရဲမျိုးသည် မင်းသူဌေးစသော ခတ္တိယမျိုး ဝေဿမျိုးတို့၏ စေခိုင်းရာဖြစ်သကဲ့သို့ရုပ်တို့သည် ဝတ္ထု, ဒွါရ, အာရုံ,အဖြစ်စသည်တို့ဖြင့် စိတ်စေတသိက်တို့၏ မှီရာဖြစ်ရာကျက်စားရာဖြစ်၏။ ဤသို့ရုပ်တို့သည် သုဒ္ဒမျိုးနှင့် တူသည်။ မကောင်းမှု အကုသိုလ်ကို ရိတ်ဖြတ် ပယ်မျော တတ်သောကြောင့် ဗြာဟ္မဏမည်သောရသေ့ ပရိဗိုဇ်စသည်တို့သည် ရှေးအမျိုး-၃-ပါးတို့ ပြုလုပ်ရွက်ဆောင်အပ်သော ကိစ္စဟူသမျှတို့မှ ကင်းလွတ်ချမ်းသာသကဲ့သို့ နိဗ္ဗာန်သည် ဘုံ-၃-ပါး၌ ဖြစ်သော သင်္ခါရဝါခပ်သိမ်းတို့ ရှာမှီးတောင့်တ, ပြုကျင့်အပ် ခံစံအပ်သောအမှုကိစ္စ ခပ်သိမ်းသော ဘေးခပင်းငြိမ်းရာဖြစ်၍ ချမ်းသာသည်။ ဤသို့နိဗ္ဗာန်သည် ဗြာဟ္မဏမျိုးနှင့်တူသည်။ **ဤသို့ ဥပမာဥပမေယျနှစ်ရပ်ကို စပ်ဟပ်၍သိလေ။**

ဝိညာဏ်၏စိတ္တမည်ကြောင်းကိုပြခြင်း..

ထိုလေးပါးတို့တွင် စိတ်ဟူသည် အဘယ်နည်း။ အဘယ်သည် စိတ္တမည်သနည်းဟူမူ။ **စိတ်ဟူသည် ဝိညာဏ်တည်း။ ဝိညာဏ်သည်စိတ္တ**

မည်သည် ဟူလေ။ ပညတ္တိံစိတ္တမာသေသု၊ စိတ္တော တာရက္ခရေထဝိယံ။ ဟုအဘိဓာန်ဆိုရကား။ ပုလ္လိင်ဖြစ်သောစိတ္တသဒ္ဒါသည် စိတ္တမည်သော သူကြွယ်, စိတ္တမည်သောနွား, စသည်ဟူရာ၌ စိတ္တဟူသောအမည်နာမ ပညတ်အနက်။ စိတ္တောဝေသာခေါ် စသည် ဟူရာ၌ တန်ခူးလ ဟူသော အနက်ကိုဟောသည်။ ဣတ္ထိလိင်ဖြစ်သော စိတ္တသဒ္ဒါကား စိတြနက္ခတ် ဟူသော အနက်ကိုဟောသည်။ ဤ၌စိတ္တသဒ္ဒါမူကား နပုလ္လိင်စိတ္တသဒ္ဒါ ဖြစ်သောကြောင့်၎င်း, အရာ မဟုတ်သောကြောင့်၎င်း, ထိုစိတ္တ အမည် စသော အနက်တို့ဖြင့် သံသယပသင်္ဂမပြုသင့် မပြုကောင်း။

ဝိညာဏ်သည် စိတ္တမည်သည်ဟုဆို၏။ ထိုဝိညာဏ်သည် အဘယ်ကြောင့် စိတ္တမည်သနည်းဟူမူ။ အာရုံကို သိတတ် သောကြောင့် စိတ္တမည်သည်။

တနည်းလည်း။ ဖဿဝေဒနာစသော စေတသိက်တို့သည် စိတ်နှင့် ယှဉ်၍ စိတ်ကိုမှီ၍သာအာရုံကိုသိကုန်ရကား။ ဖဿစသော ယှဉ်ဘက် သမ္ပယုတ်တရားတို့၏ အာရုံကိုသိခြင်း၏ အကြောင်း ဖြစ်သောကြောင့် စိတ္တမည်သည်ဟူလေ။

တနည်းလည်း။ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဆန်းကြယ်ခြင်း၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်ခြင်းကို ပြုတတ်သောကြောင့် စိတ္တမည်သည်ဟူလေ။ အဘယ်သို့ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဆန်းကြယ်ခြင်းကို ပြုသနည်းဟူမူ။ လောက၌ ပန်းချီရေးမှုထက်ဆန်းကြယ်သောအမှုမည်သည်မရှိ ထိုပန်းချီ ရေးမှု တွင်လည်း မည်သည့် ကောင်းမှုကို ပြုသော် မည်သို့စံစားရကုန်၏ဟု ဥယျာဉ်, ရေကန်, ဗိမာန်, ခြွေရံ, စသည်ဖြင့် စံစားရပုံ အခြင်းအရာကို ပုံစံနှုန်းပြုပြကြားရန် ဆန်းကြယ်စွာ ရေးသား၍ ထိုထိုအရပ်သို့ ဆောင်သွား ပြောပြအပ်သော ပြပုံကားချပ်မည်သည် အလွန်ပင် ဆန်းကြယ်စွာ၏။ ထိုပြပုံစံကားကို ရေးသားသော ပန်းချီဆရာတို့၏ ဤနေရာ၌ မည်သည့်ရုပ်ပုံ မည်သည့် သစ်ပင်၊ စသည်ကို ရေးအံ့ဟု စိတ်ဖြင့်မှတ်၍ ထိုမှတ်သော စိတ်ဖြင့် မီးသွေးသားခြင်း, ဆေးသွတ်ခြင်း, မှိန်သင့်ထင်သင့် စသော အရာအားလျော်စွာ ဆေးဖျက်ခြင်း, နံခမ်းသပ်ခြင်း စသည်ကို ပြီးစေတတ်သော စိတ်အမူအရာကြောင့်၊ ထို

ပြပုံစံကားၷ အရုပ်သည် ပြီး၏။ ဤသို့ ပန်းချီ စသော လောကၷ ဆန်းကြယ်သော အမှုဟူသမျှကို စိတ်ဖြင့် ကြံ၍သာ ပြုအပ် ပြီးစေအပ်သည် ဖြစ်၍ အကျိုးပန်းချီမှ ဆန်းကြယ်သကဲ့သို့ ထိုအမှုကို ပြီးစေတတ်သော စိတ်သည် ဆန်းကြယ်သည်။ စိတ်ဖြင့် ကြံအပ်သော ရေးထု ပြုလုပ်ခြင်း အမှုကို စိ(?)အကြံရှိတိုင်း မပြီးစေနိုင် သောကြောင့် ဆန်းကြယ်သော အမှုမျိုး ဟူသမျှတို့ထက်ပင် စိတ်သည်သာလွန်၍ ဆန်းကြယ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည်။

ဒိဋ္ဌံ ဝေါ ဘိက္ခဝေ စရဏံနာမ စိတ္တန္တိ။ ဧဝံဘန္တေ။ တံပိခေါ ဘိက္ခဝေ စရဏံ စိတ္တံ စိတ္တေနေဝ စိန္တိတံ။ တေနပိ ခေါ ဘိက္ခဝေ စရဏေန စိတ္တေန စိတ္တံယေဝ စိတ္တတရံ။ ဟူ၍ ဟောတော်မူသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ စရဏံနာမစိတ္တံ၊ ထိုထိုသော အရပ်သို့ ဆောင်သွားအပ်သော ပြပုံစံကား ရုပ်မည်သည်ကို။ ဒိဋ္ဌံ၊ မြင်အပ်ဘူး၏လော။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဤသို့ မိန့်တော်မူတိုင်း မြင်ဘူးပါ၏ဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြသည်ရှိသော်။ ဘိက္ခဝေ၊ တို့။ တံပိခေါစရဏံစိတ္တံ၊ သွားလေရာရာအရပ်သို့ ဆောင်ယူအပ်သော ထိုပြပုံစံကားရုပ်ကိုလည်း။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ စိန္တိတံ၊ ထိုသို့ရေးအံ့ဟု ကြံအပ်၏။ ဘိက္ခဝေ၊ တို့။ တေနပိခေါစရဏေနစိတ္တေန၊ ထိုပြပုံစံကားရုပ်ထက်လည်း။ စိတ္တံယေဝ၊ စိတ်သည်သာလျှင်။ စိတ္တတရံ၊ ဆန်းကြယ်မြတ်၏။ ဤသို့ ဗဟိဒ္ဓသန္တာနၷဖြစ်သော ဆန်းကြယ်ခြင်းကို ပြုသည် ဟူလေ။

အဘယ်သို့အဇ္ဈတ္တသန္တာနၷဖြစ်သော ဆန်းကြယ်ခြင်းကိုပြုသနည်း ဟူမူ။ ဒေဝဂတိ, မနုဿဂတိ, နိရယဂတိ, တိရစ္ဆာနဂတိ, ပေတဂတိ, တို့ၷ ဒါနသီလဘာဝနာ အပစာယနစသော။ ဟိံသာ သာဌေယျ မက္ခပလာသစသော နည်းဖြင့်ဖြစ်သော ကာယကံ ဝစီကံ မနောကံ အပြားရှိသော စိတ်သည် ပြုအပ် ပြီးစေအပ် ဖြစ်စေအပ်သော ကုသိုလ်ကံ, အကုသိုလ်ကံ, ဟူသော ကံတို့၏ ထူးသည်၏ အဖြစ် တည်းဟူသော **ကမ္မနာနတ္တသည်ဖြစ်၏**။ ကံထူးသည်အဖြစ်ကြောင့်သာလျှင် ထိုထိုဂတိတို့ၷ၊

လက်,ခြေ,နား,ဝမ်း,လည်,မျက်နှာ,တို့ဖြင့် မတူ ထူးခြား ကွဲပြားခြင်းဟူသောအသွင်သဏ္ဌာန်ထူးသည်၏အဖြစ်တည်းဟူသော **လိင်္ဂနာနတ္တသည် ဖြစ်၏**။အသွင်သဏ္ဌာန်ထူးသောကြောင့်သာလျှင်။အကြင်အကြင်မှတ်ယူအပ်တိုင်းသော သဏ္ဌာန်၏ အစွမ်းဖြင့်။ ဤသူကား မိန်းမ၊ ဤသူကား ယောကျ်ား၊ ဤသူကား မင်း၊ စသည်ဖြင့် ဖြစ်သော အမှတ် သညာဖြင့်။ သညာ ထူးသည်၏ အဖြစ်တည်းဟူသော **သညာနာနတ္တသည် ဖြစ်၏**။ သညာထူးသောကြောင့်၊ အမှတ်သညာအား လျော်သောအားဖြင့် မိန်းမဟူ၍၎င်း။ယောကျ်ားဟူ၍၎င်း။မင်း,ပုဏ္ဏား,သူဌေး,စသည်ဟူ၍၎င်း။ခေါ်ဝေါ်ကုန်သောသူတို့အား ခေါ်ဝေါ်ခြင်းထူးသည်၏ အဖြစ်တည်းဟူသော **ဝေါဟာရနာနတ္တသည် ဖြစ်၏**။ ဝေါဟာရ ထူးသည်၏ အစွမ်းဖြင့်ကား မိန်းမဖြစ်လို၏,ယောကျ်ားဖြစ်လို၏, မင်း,ပုဏ္ဏား,သူဌေး,နတ်,စသည်ဖြစ်လို၏ဟုတောင့်တရည်မှန်း၍၊ထိုထိုအတ္တဘောကိုဖြစ်စေတတ်သောကံကိုပြုကုန်ရကား ဝေါဟာရ ထူးသောကြောင့် တဘန်ကံထူးသည်၏ အဖြစ်တည်းဟူသော ကမ္မနာနတ္တသည်ဖြစ်၏။ထိုကံထူးသည်၏အဖြစ်ဟူသော ကမ္မနာနတ္တသည် တောင့်တ, ရည်ရွယ်အပ် တိုင်းသော ဘဝကို တဘန်ဖြစ်စေပြန်သည်ရှိသော် ဒေဝမနုဿစသော ဂတိ၏အစွမ်းဖြင့် ဖြစ်စေပြန်သောကြောင့် ကမ္မနာနတ္တကြောင့် **ဂတိနာနတ္တဖြစ်၏**။ကမ္မနာနတ္တကြောင့်ပင်လျှင် ထိုထိုသတ္တဝါတို့အား ထိုထိုဂတိ၌ ခြေမရှိသည်၏အဖြစ်။ခြေနှစ်ချောင်း ရှိသည်၏အဖြစ်။ ခြေလေးချောင်း ရှိသည်၏အဖြစ်။ ခြေခြောက်ချောင်း စသော များသော ခြေရှိသည်၏ အဖြစ်သည်၎င်း။ ထိုထိုဖြစ်ရာ၌ မြင့်သည် နိမ့်သည် မြတ်သည် ယုတ်သည်၏အဖြစ်။လောကင်ကုံလုံ ပြည့်စုံကြွယ်ဝသည်၏အဖြစ်။မရှိမငပ္ပည်းလျှ၍ ဆင်းရဲငြိုငြင်ပင်ပန်းသည်၏အဖြစ် စသည်သည်၎င်း။ ထိုထို အတ္တဘော၌ ကောင်းသော အဆင်းသဏ္ဌာန်ကြွန်အင် လက္ခဏာရှိသည်၏ အဖြစ်။ မကောင်း ယုတ်ညံ့သော အဆင်းသဏ္ဌာန် ကြွန်အင် လက္ခဏာ ရှိသည်၏ အဖြစ်သည်၎င်း။ လောကဓံတို့၌ လာဘ်ပေါများခြင်း, လာဘ်ရှားပါးမရခြင်း, အခြံအရံများခြင်း, အခြံအရံမဲ့ခြင်း, ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, ချမ်းသာခြင်း, ဆင်းရဲခြင်းသည် ထင်မြင်ကုန်၏။

[ထို့ကြောင့် ဒေဝမနုဿ စသော ဂတိတို့၌ ကံထူးသည်၏ အဖြစ်,သဏ္ဍာန်ထူးသည်၏အဖြစ်, သညာထူးသည်၏အဖြစ်,ဝေါဟာရထူးသည်၏အဖြစ်,စသည် အပြားရှိသော အဇ္ဈတ္တသန္တာန်၌, ဖြစ်ဖြစ်သမျှသော ဆန်းကြယ် ခြင်းကို စိတ်သည် သာလျှင် ပြုအပ်၏ဟု သိအပ်မှတ်အပ်သည်။ဤသို့အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်ခြင်းကို ပြုသည်ဟူလေ။]

ဝိညာဏ်ပြုသောအကျိုး ဆန်းကြယ်သကဲ့သို့ အကြောင်း ဝိညာဏ် ဆန်းကြယ်သည်။ တစုံတခုသော အကြောင်းချို့သည်ဖြစ်၍ အကျိုးပေး ခွင့်မရသော အဘိသင်္ခါရ ဝိညာဏ်၏ အချို့သော ဆန်းကြယ်ခြင်းကို မပြုရသောကြောင့် အဇ္ဈတ္တ သန္တာန်၌ ဖြစ်သော ဆန့်ကြယ်ခြင်း ဟူ သမျှတို့ထက် ဝိညာဏ်ကပင် သာလွန်၍ ဆန်းကြယ်သေးသည်။ ထို့ ကြောင့် မြတ်စွာဘုရားသည်။

နာဟံ ဘိက္ခဝေ အညံ့ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံစိတ္တံ။ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာပါဏာ၊ တေဟိ ပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတေဟိပါဏေဟိ စိတ္တံယေဝ စိတ္တတရံ။ ။ဟူ၍ဟောတော်မူသည်။ ။ဘိက္ခဝေ၊တို့။တိရစ္ဆာနဂတာ၊တိရစ္ဆာန်မျိုးဖြစ်ကုန်သော။ ဣဒံ-ဣမေပါဏာ၊ ဤသတ္တဝါ တို့သည်။ စိတ္တာယထာ၊ ဆန်းကြယ်ကုန်သကဲ့သို့။ဧဝံတထာ၊ထို့အတူ။စိတ္တံ၊ဆန်းကြယ်သော။အညံ၊တိရစ္ဆာန်မှ တပါးသော။ ဧကနိကာယမ္ပိ၊ တခုသော အပေါင်းကို မျှလည်း။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊ တို့။ တိရစ္ဆာနဂတေဟိ၊တိရစ္ဆာန်ဖြစ်ကုန်သော။ တေဟိပိခေါပါဏေဟိ၊ ထိုသတ္တဝါ အပေါင်းတို့ထက်လည်း။ စိတ္တံယေဝ၊ စိတ်သည်သာလျှင်။ စိတ္တတရံ၊ အလွန်အကြူးထူး၍ ဆန်းကြယ်၏။ ။ဤသို့အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် နှစ်ပါး၌ပင် ဆန်းကြယ် ခြင်းကို ပြုတတ်သောကြောင့် ဝိညာဏ်သည် စိတ္တမည်သည်ဟူလေ။

ဤဝိညာဏ်သည် ဆန်းကြယ်ခြင်းကို ပြုတတ်သောကြောင့်သာ စိတ္တ မည်သည်မဟုတ်သေး။ဝိညာဏ်ဟူသောမိမိသည်ပင် ဆန်းကြယ်သော

ကြောင့်လည်း ဝိတ္ထမည်သည်။ထိုဝိညာဏ်၏ ဆန်းကြယ်သည့်၏ အဖြစ်ကို အဘယ်၏ အစွမ်းဖြင့် သိအပ်သနည်း ဟူမူ။ ။သမ္ပယုတ်,ဘုံ,အာရုံ, ဟီန,မဇ္ဈိမ, ပဏီတ, အဓိပတိ, တို့၏ အစွမ်းဖြင့် ဝိညာဏ်၏ ဆန်းကြယ်သည့်၏ အဖြစ်ကို သိအပ်သည် ဟူလေ။ ။သမ္ပယုတ် စသည်တို့၏ အစွမ်းဖြင့် အဘယ်သို့ ဆန်းကြယ်သနည်း ဟူမူ။ ။လောဘနှင့်ယှဉ်သော သရာဂ စိတ်လည်း တပါးတခြား။ ဒေါသနှင့်ယှဉ်သော သဒေါသစိတ်လည်း တခြားတပါး။မောဟနှင့်ယှဉ်သော သမောဟစိတ်လည်း တခြားတပါး။ ဤသို့စသည်ဖြင့်ရင်း။ စေတသိက်-၇-ခုနှင့်သာ ယှဉ်သော စိတ်လည်း တခြားတပါးရင်း။ ၁၀-ခုနှင့်သာ ယှဉ်သော စိတ်ရင်း။ ၁၁-ခုနှင့်သာ ယှဉ်သော စိတ်ရင်း။ ၁၂-ခုနှင့်သာ ယှဉ်သောစိတ်ရင်း။ ၁၅-ခုနှင့်သာ ယှဉ်သော စိတ်လည်း တခြားတပါး စသည်ဖြင့်ရင်း။ ဤသို့စသည်ဖြင့် သမ္ပယုတ်၏ အစွမ်းဖြင့် ဆန်းကြယ်သည်။ ကာမဘုံ၌ များစွာ ကျင်လည်တတ် ဖြစ်တတ်သော ကာမာဝစရ စိတ်လည်း တခြားတပါး။ ရူပါဝစရစိတ် စသည်လည်း တခြားတပါး။ ဤသို့ ဖြစ်ရာ ဘုံ၏ အစွမ်းဖြင့်လည်း ဆန်းကြယ်သည်။ ။ရူပါရုံလျှင်အာရုံရှိသောစိတ်လည်း တခြားတပါး။သဒ္ဒါရုံစသည်လျှင် အာရုံရှိသော စိတ်လည်း တခြားတပါး။ရူပါရုံလျှင် အာရုံရှိသော စိတ်သည်လည်း ညိုသော အာရုံရှိသော စိတ်လည်း တခြားတပါး။ ရွှေသော အာရုံစသည်လျှင် အာရုံရှိသော စိတ်လည်း တခြားတပါး။ သဒ္ဒါရုံလျှင် အာရုံရှိသော စိတ်သည်လည်း ဥတုဇသဒ္ဒလျှင် အာရုံရှိသောစိတ်သည်လည်းတခြားတပါး။စိတ္တဇသဒ္ဒလျှင်အာရုံရှိသော စိတ်လည်း တခြားတပါး။ဥတုဇသဒ္ဒလျှင် အာရုံရှိသော စိတ်သည်လည်း မိုးသံလျှင် အာရုံရှိသော စိတ်လည်းတခြားတပါး။လေသံလျှင် အာရုံရှိသောစိတ်လည်းတခြားတပါး။ ဂန္ဓာရုံ, ရသာရုံ, စသည်တို့၌လည်း ဤနည်းဆို။ ဤသို့ စသည်ဖြင့် အာရုံ၏ အစွမ်းဖြင့်လည်း ဆန်းကြယ်သည်။ ဆိုအပ်ခဲ့ပြီးသော စိတ်တို့တွင်လည်း။အချို့ဟီန,အချို့မဇ္ဈိမ,အချို့ပဏီတ, ထိုဟီနစသည့်တွင်လည်း။ ဆန္ဒာဓိပတိတပ်သော စိတ်လည်းတခြား။ဝီရိယာဓိပတိတပ်သောစိတ်လည်းတခြား။စိတ္တာဓိပတိတပ်သောစိတ်လည်း တခြား။ ဝီမံသာဓိပတိ တပ်သော စိတ်လည်း တခြားတပါး။ ဤသို့ဟီန

စသည်တို့၏ အစွမ်းဖြင့်လည်း ဆန်းကြယ်သည်။ ဤသို့မိမိသည်ပင် ဆန်းကြယ်သောကြောင့်လည်း ဝိညာဏ်သည် ဆန်းကြယ်သည်။

တနည်းလည်း။ ကိလေသာလျှင် သဟဲအားပေး အဘော်ရှိသော ကံသည် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် စိတ္တမည်၏။ **တနည်းလည်း။** ကံကိလေသာတို့သည် စိစဉ်ဆည်းပူးအပ်ဖြစ်စေအပ်သော အတ္တဘောကို စောင့်ရှောက်တတ်သည်၏အဖြစ်ကြောင့် စိတ္တမည်၏။ ဤနည်းနှစ်ပါး၌ ဝိပါက် ဝိညာဏ်သာ မုချ စိတ္တမည်သည်။

တနည်းလည်း။ ဇောဝိထိ၏ အစွမ်းဖြင့် မိမိ၏ သန္တာန်ကို စီတတ်သောကြောင့် စိတ္တမည်၏။ ဤနည်း၌အဆုံးဇောမှတပါးလောကီကုသိုလ် အကုသိုလ် မဟာကြိယာကိုသာ ရသည်။ **တနည်းလည်း။** ဆန်းကြယ်သော အာရုံ ရှိသောကြောင့် ဝိညာဏ်သည် စိတ္တမည်၏ ဟူလေ။ ဤနောက်ဆုံး နည်းသည် ဋီကာကျော်အလိုသာ။ **အန္တသာဓနီ အန္တကဆော အလိုသော်** မိမိသည်ပင် ဆန်းကြယ်သောကြောင့် စိတ္တမည်၏ဟူသော နည်း၌ပါဝင်လေသည်။ အကျဉ်းမှတ်လွယ်စေခြင်းငှါ ဋီကာကျော်၌လာသော သင်္ဂဟဂါထာကိုပြလိုက်အံ့။

ဝိစိတ္တ ကရဏာ စိတ္တံ၊ အတ္တနော စိတ္တတာယဝါ
စိတံ ကမ္မကိလေသေဟိ၊ စိတံတာယတိဝါတထာ။
စိနောတိ အတ္တသန္တာနံ၊ ဝိစိတ္တာ ရမ္မဏန္တိ စ။ ။

ဝိစိတ္တကရဏာ၊ အဇ္ဈတ္တဗဟိဒ္ဓ သန္တာန် နှစ်ပါး၌ ဖြစ်သော ဆန်းကြယ်ခြင်းကိုပြုတတ်သောကြောင့်။ စိတ္တံ၊ စိတ္တမည်၏။ ဝါ၊ ကား။ အတ္တနော၊ မိမိဟူသောဝိညာဏ်၏။ စိတ္တတာယ၊ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ ၏။ ဝါ၊ ကား။ ယံဝိညာဏံ၊ အကြင်ဝိပါက်ဝိညာဏ်ကို။ ကမ္မကိလေသေဟိ၊ ကံကိလေသာတို့သည်။ (ကိလေသာလျှင် သဟဲရှိသော ကံတို့သည်။) စိတံ၊ ဆည်းပူးအပ် ဖြစ်စေ အပ်၏။ ဣတိ၊ ထို့ကြောင့်။ တံဝိညာဏံ၊ သည်။ စိတ္တံ၊ မည်၏။ ဝါ၊ ကား။ စိတံ၊ ကံကိလေသာတို့သည် ဆည်းပူးအပ်သောအတ္တဘောကို။ တာယတိ၊ စောင့်တတ်၏။ ဣတိ၊ ကြောင့်။ စိတ္တံ၊ ၏။ ဝါ၊ ကား။ အတ္တသန္တာနံ၊ မိမိသန္တာန်ကို။

စိနေ့ာတိ၊ စိတတ်၏။ ဣတိ၊ ကြောင့်။ စိတ္တံ၊ ၏။ ဝါ၊ ကား။ ယံဝိညာဏံ၊ အကြင်ဝိညာဏ်သည်။ ယသ္မာ၊ ကြောင့်။ ဝိစိတ္တာရမ္မဏံ၊ ဆန်းကြယ်သော အာရုံရှိသည်။ ဟောတိ၊ ၏။ တသ္မာစ၊ ကြောင့်လည်း။ တံဝိညာဏံ၊ သည်။ စိတ္တံ၊ မည်၏။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, အစဉ်ထားပုံကိုပြခြင်း၊

ဤပရမတ္ထ ဓမ္မတို့၏ အစဉ်ကို။ စိတ္တံ, စေတသိကံ, ရူပံ, နိဗ္ဗာနံ, ဟူ၍ အဘယ်ကြောင့် နိဗ္ဗာန်ကို နောက်ဆုံး၌ထား၍ သင်္ဂြိုဟ်ကျမ်း၌ ဆိုအပ်လေသနည်းဟူမူ။ ပရမတ္ထဓမ္မသည် **သပစ္စယဓမ္မ အပစ္စယဓမ္မ အားဖြင့် နှစ်ပါး** အပြား ရှိသည်။ ထိုတွင် စိတ်, စေတသိက်, ရုပ်, တို့သည် ကံ စိတ်ဥတုအာဟာရ ဟူသော အကြောင်းတရားလေးပါးတို့သည် ထိုက်သည့်အားလျော်စွာ ပြုပြင်စီရင်အပ်သည်ဖြစ်၍ ထိုကံစသောအကြောင်း ရှိသောကြောင့် **သပစ္စယဓမ္မမည်ကုန်**၏။ နိဗ္ဗာန်သည် ထိုကံစသော တစုံ တခုသော အကြောင်းမရှိသောကြောင့် **အပစ္စယဓမ္မမည်**၏။ ။**သင်္ခတ ဓမ္မအသင်္ခတဓမ္မ ဟူ၍လည်း နှစ်ပါး** ပင်ပြားသည်။ ထိုတွင် စိတ်စေတ သိက်ရုပ်တို့သည် ကံစိတ်ဥတု အာဟာရ ဟူသော အကြောင်းတရား လေးပါး တို့သည် ထိုက်သည့်အား လျော်စွာ ပြုပြင် စီရင် အပ်သော ကြောင့် **သင်္ခတမည်**၏။ နိဗ္ဗာန်သည် ထိုအကြောင်းတို့သည် မပြုပြင်မစီ ရင်အပ်သောကြောင့် **အသင်္ခတမည်**၏။ ထိုတွင် အပစ္စယ အသင်္ခတဖြစ် သော နိဗ္ဗာန်သည် သပစ္စယ, သင်္ခတ, ဖြစ်သော စိတ်စေတသိက်ရုပ်တို့ ၏ တဖန် အသစ် ဖြစ်ပြန်ခြင်း မရှိ အကြွင်းမဲ့ ချုပ် ငြိမ်းရာ ဖြစ်သော ကြောင့် ထိုနိဗ္ဗာန်ကို နောက်ဆုံးထား၍ဆိုလေသည်။

စိတ်,စေတသိက်,ရုပ်,တို့၏ အကြွင်းမဲ့ချုပ်ငြိမ်းရာ ဖြစ်သောကြောင့် နိဗ္ဗာန်ကို နောက်ထား၍ ဆိုသော် ဆိုတန်စေ။ စိတ်, စေတသိက်, ရုပ်တို့ တွင်ကား အဘယ် ကြောင့် ရုပ်ကို နောက် ထား၍ ဆိုလေ သနည်း။ မြတ်စွာဘုရားသည် ဝိဘင်းကျမ်းကို ဟောတော်မူသော အခါ ဝိဘင်း တဆဲ့ရှစ်ပါးတွင် ခန္ဓဝိဘင်းကို ပဌမ။ ထိုခန္ဓဝိဘင်း၌လည်း ပဉ္စက္ခန္ဓာ,

ရူပက္ခန္ဓော, ဝေဒနာက္ခန္ဓော စသည်ဖြင့် ရုပ်ကိုရှေးဦးစွာ ဟောတော်မူသောကြောင့်။ ရူပံစိတ္တံစေတသိကံဟု ရုပ်ကို အစထား၍ဆိုသင့်ပါသည်မဟုတ်လော ဟူငြားအံ့။ ဝိဘင်းကျမ်း၌ ရုပ်ကို ရှေးဦးစွာ ဟောတော်မူသည်မှန်ပေ၏။ **ဓမ္မသင်္ဂဏီကျမ်း၌ကား။** ရုပ်တို့ကို နောက်ထား၍ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာဖြစ်သော စိတ်စေတသိက်တို့ကို ရှေးဦးစွာဟောတော်မူသည်။

[**ဓမ္မသင်္ဂဏီကျမ်းသည်လည်း** အဘိဓမ္မာခုနစ်ကျမ်းတွင် ရှေးဦးအစ ပဌမ ဟောတော် မူသော ကျမ်း ဖြစ်သောကြောင့် ဤသင်္ဂြိုဟ်ကျမ်း၌ ဝိဘင်းကျမ်းကိုမမှီဘဲ ဓမ္မသင်္ဂဏီကျမ်းကိုသာမှီ၍ ရုပ်ကိုနောက်ထား၍ ဆိုပါသည်ဟူလေ။]

ဓမ္မသင်္ဂဏီပါဠိတော်၌ .ကုသလာဓမ္မာ, အကုသလာဓမ္မာ, ဟူသော တိက်ပုဒ်ကို ရှေးဦးစွာ ဟောတော်မူသည်။ ထိုကုသလာဓမ္မာ, အကုသလာဓမ္မာ, တို့ဖြင့်လည်းကုသိုလ်, အကုသိုလ်စိတ္တုပ္ပါဒ်ဟူသော စိတ်စေတသိက်တို့ကို ပြတော် မူသည်။ ထို့နောင် အဗျာကတာဓမ္မာ ဟူသော ပုဒ်ကို ဟောတော် မူသည်။ ထိုအဗျာကတာ ဓမ္မာဖြင့် ဝိပါက် ကြိယာ စိတ္တုပ္ပါဒ်, ရုပ်နိဗ္ဗာန် ဟူသော အဗျာကတဓမ္မ သာမညကို ပြတော်မူသော်လည်း။ ၎င်းအဗျာကတာဓမ္မာဟူသော မာတိကာကို အကျယ်ဝေဘန်တော်မူရာ ပဒဘာဇနီ၌ ဝိပါက် ကြိယာ စိတ္တုပ္ပါဒ်တို့ကို ရှေးဦးစွာ ဝေဘန်တော် မူသည်။ ထို့နောင် ရုပ်ကို။ ထို့နောင် နိဗ္ဗာန်ကို ဝေဘန်တော်မူရကား။ ဓမ္မသင်္ဂဏီကျမ်း၌ ဟောတော် မူအပ်သော နည်းအစဉ်ကိုမှီ၍လည်း။စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်,ဟုအစဉ်ကိုထား၍ဆိုသည်ဟူ၍လည်းသိမှတ်အပ်၏။

တနည်းလည်း။ပရမတ္ထဓမ္မသည်နာမဓမ္မ,ရူပဓမ္မ,ဟုနှစ်ပါးပြားသည်၊ ထိုတွင် စိတ်စေတသိက်နိဗ္ဗာန်သည်နာမဓမ္မမည်၏။ ပထဝီဓာတ်စသည်သည် ရူပဓမ္မမည်၏။ ထိုတွင် နိဗ္ဗာန်သည် ပြဆိုခဲ့ပြီးသည့်အတိုင်း၊ စိတ်စေတသိက် ဟူသော နာမ်၏ရင်း, ရုပ်၏ရင်း,ချုပ်ငြိမ်းရာဖြစ်၍ နောက်ဆုံးထားသည်။ ကြွင်းသောနာမ်ရုပ်တို့တွင် ကမ္မစေတနာနှင့်တကွ စိတ်

စေတသိက် ဟူသော နာမ်သာ ရုပ်ကိုဖြစ်စေတတ်၍။ ရုပ်သည် နာမ်ကို မဖြစ်စေတတ်သောကြောင့်၊ ဖြစ်စေတတ်သော အကြောင်း, ဖြစ်စေအပ်သော အကျိုးတွင်လည်း အကြောင်းကိုရှေ့၊ အကျိုးကို နောက်ထားသင့်ရကား ရုပ်ကိုနောက်ထား၍ ဆိုသည်ဟူလေ။

စိတ်စေတသိက်နိဗ္ဗာန် တို့သည် **အဘယ်ကြောင့် နာမ်မည်သနည်း** ဟူမူ။ နာမကရဏဋ္ဌေန နမနဋ္ဌေန နာမနဋ္ဌေန စ နာမံ။ ။နာမကရဏဋ္ဌေန၊ အမည်ကိုပြုတတ်သော သဘောကြောင့်ဇင်း။ နမနဋ္ဌေန၊ အာရုံသို့ ရှေ့ရှုညွတ်တတ်သော သဘောကြောင့်ဇင်း။ နာမနဋ္ဌေန၊ ညွတ်စေတတ်သောသဘောကြောင့်ဇင်း။ နာမံ၊ နာမမည်၏။ဟုအဋ္ဌသာလိနီအဋ္ဌကထာ လာသည်နှင့် အညီ။ အမည်ကို ပြုတတ်သည်၏ အဖြစ် စသော အကြောင်းကြောင့် နာမမည်သည်ဟူလေ။

အဘယ်သို့ အမည်ကိုပြုသနည်းဟူမူ။ ဤတွင် စိတ်စေတသိက်တို့၏ အမည်သည် မဟာသမ္မတမင်း၏ မဟာသမ္မတ ဟူသော အမည်သည် သင်သည် ငါတို့၏မင်းဖြစ်လောဟု များစွာသောလူတို့သည် သမုတ်အပ်သောကြောင့် ဖြစ်သကဲ့သို့ဇင်း။ မိဘစသည်တို့သည် ဤသတို့သားကား တိဿမည်စေ၊ ဖုဿမည်စေ၊ စသည်ဖြင့် သား၏ အမည်ကို ကြံးကုန် မှည့်ကုန် သကဲ့သို့ဇင်း။ တရားဟောပုဂ္ဂိုလ် ဝိနည်းမိရ်ပုဂ္ဂိုလ်၊ စသည်တို့၏ ဓမ္မကထိက၊ ဝိနယဓရ၊ စသော အမည်သည် တရားဟောခြင်း ဝိနည်းကို ဆောင်ခြင်း၊ စသော မိမိတို့ ဂုဏ်အားဖြင့် လာသကဲ့သို့ဇင်း။ အများသမုတ်၍ မှည့်၍ ဖြစ်သည်မဟုတ်။ မြေကြီး စကြဝဠာ မြင်းမိုရ် စသည် တို့၏ ပထဝီ, စက္ကဝါဠ, သိနေရု, စသော အမည်တို့သည် မြေကြီး စကြဝဠာမြင်းမိုရ်တို့ ဖြစ်သည်ရှိသော် သင်သည် ပထဝီမည်လော။ သင်သည် စက္ကဝါဠမည်လော။ သင်သည် သိနေရုမည်လော၊စသည်ဖြင့် အမည်ကို သူတပါးတို့ မှည့်ဘွယ်ပြုဘွယ်မရှိ။ အလိုလိုသာ ရှေးပညတ်၌ ကျ၍ ဖြစ်သကဲ့သို့ စိတ်, စေတသိက်, တို့ဖြစ်သည် ရှိသော်။ သင်သည် ဖိဿမည်လော၊ သင်သည် ဖဿမည်လော စသည်ဖြင့် တစုံတယောက်သောသူမှုမမှည့်မဆိုရ။ မှည့်ဘွယ်ကိစ္စမရှိ။ စိတ်ဖြစ်သည်ရှိသော် စိတ္တ ဟူသောအမည်။ ဖဿ,ဝေဒနာ, စသည်တို့ ဖြစ်သည်ရှိသော် ဖဿ, ဝေ

ဒနာ, စသော အမည်သည် အလိုလိုသာဖြစ်၍ မိမိ၏အမည်ကို မိမိပင်ပြုသည်။ဤသို့ပစ္စုပ္ပန်,အတိတ်,အနာဂတ်ကာလ သုံးပါး၌ပင် အမည်ကို ပြုတတ်သည် ဟူလေ။

နိဗ္ဗာန်မူကား။အခါခပ်သိမ်းပင် နိဗ္ဗာနမည်သည်။အာရုံသို့ ရှေ့ရှုညွတ်တတ် ညွတ်စေတတ်သောကြောင့် နာမ မည်သည် ဟူရာ၌။ စိတ်, စေတသိက် တို့သည် အာရမ္မဏိက အဘို့၌တည်၍ အာရုံသို့ ညွတ်တတ်သောကြောင့်ဧင်း။ အာရုံအဘို့ အာရုံအရာ၌ တည်၍ မိမိသို့ အာရမ္မဏိက ဖြစ်သော စိတ်,စေတသိက်,တို့ကိုပင် ညွတ်စေတတ်သောကြောင့်ဧင်း နာမ မည်ကုန်၏။ နိဗ္ဗာန်မူကား အနဝဇ္ဇ ဖြစ်သော တိဟိတ် ကာမ ကုသိုလ် စသည်တို့ကို မိမိသို့ညွတ်စေတတ်သောကြောင့် နာမ မည်၏။

ပြဆိုအပ်ပြီးသော အကြောင်းကြောင့်။ရုပ်,နိဗ္ဗာန်,တို့ကို နောက်ထား၍ဆိုတန်စေ။စိတ်,စေတသိက် နှစ်ပါးတွင်ကား အဘယ်ကြောင့် စိတ်ကို ရှေ့၊ စေတသိက်ကို နောက်ထား၍ ဆိုလေသနည်း ဟူမူ။ စေတသိက် တို့သည် စိတ်ကိုမှီ၍သာ ဖြစ်ရကုန်သည်။ စိတ်သာလျှင် ရှေ့ဆောင် ရှေ့သွား ဦးစီး ဦးကိုင် ဖြစ်၍ ပြဋ္ဌာန်း ရကား၊ စိတ်ကိုသာ ရှေ့ထား၍ ဆိုပါသည် ဟူလေ။

စိတ်,စေတသိက် နှစ်ပါးတွင် စိတ်သာလျှင် ပဓာနပုဗ္ဗင်္ဂမ ရှေ့ဆောင် ဦးကိုင် ဖြစ်သည်ကို အဘယ်ကြောင့် သိပါသနည်း ဟူမူ။ နာမက္ခန္ဓာ တို့သည် စိတ်လျှင် ရှေ့ဆောင် ရှေ့သွား ဦးစီး ဦးကိုင် ရှိကြောင်း။ စိတ်လျှင် အမြတ်အကဲ ရှိကြောင်း။ စိတ်ဖြင့် ပြီးကြောင်းကို မနော ပုဗ္ဗင်္ဂမာ ဓမ္မာ မနောသေဋ္ဌာ မနောမယာ ဟူ၍ဧင်း။လောကကို စိတ်သည် ဆောင်အပ်ဆွဲငင် အပ်ကြောင်း။ စိတ်၏အလိုသို့သာ အလုံးစုံသော ဓမ္မတို့ လိုက်ရကြောင်းကို။

စိတ္တေန နီယတိ လောကော၊စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊သဗ္ဗေဝ ဝသမန္ဗဂူ။ ။

ဟူ၍ဧင်း။သတ္တဝါတို့သည် စိတ်ညစ်ညူးခြင်းကြောင့်ညစ်ညူးကြောင်း၊ စိတ်ဖြူစင် သန့်ရှင်းခြင်းကြောင့် ဖြူစင်သန့်ရှင်းကြောင်းကို စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ ဝိသုဇ္ဈန္တိ-ဟူ၍

ဂုဏ်း။စိတ်ကို မစောင့်ရှောက်သည် ရှိသော် ကာယကံ,ဝစီကံ,မနောကံတို့ကိုမစောင့်ရှောက်သည်မည်ကြောင်း။စိတ်ကိုစောင့်ရှောက်သည်ရှိသော် ကာယကံ, ဝစီကံ, မနောကံတို့ကို စောင့်ရှောက်သည် မည်ကြောင်းကို။ စိတ္တေ ထပတိ အရက္ခိတေ ကာယကမ္မံပိ အရက္ခိတံ ဟောတိ၊ ဝစီကမ္မံပိ အရက္ခိတံ ဟောတိ၊ မနောကမ္မံပိ အရက္ခိတံ ဟောတိ စသည် ဟူ၍ဂုဏ်း ဟောတော် မူသောကြောင့် သိသည်ဟူလေ။

ဓမ္မာ၊နုသမက္ခန္ဓာ တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာ ဟူသော စိတ်လျှင် ရှေ့ဆောင် ရှေ့သွား ရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်လျှင် အမြတ်အကဲ ရှိကုန်၏။မနောမယာ၊စိတ်ဖြင့်သာ ပြီးကုန်၏။

လောကော၊လောကကို။ဝါ၊သတ္တဝါအပေါင်းကို။ စိတ္တေန၊စိတ်သည်။ နိယျတိ၊ ဆောင်အပ်၏။ စိတ္တေန၊ သည်။ ပရိကဿတိ၊ ဆွဲငင် အပ်၏။ သဗ္ဗေဝ၊ အလုံးစုံတို့သာလျှင်။ စိတ္တဿ၊ စိတ်ဟူသော။ ဧကဓမ္မဿ၊ တခုတည်းသော တရား၏။ ဝသံ၊ အလိုနိုင်ငံသို့။ အန္ဝဂူ၊ အစဉ်တစိုက် လိုက်ကြရကုန်၏။

ဘိက္ခဝေ၊တို့။သတ္တာ၊သတ္တဝါတို့သည်။ စိတ္တသံကိလေသာ၊စိတ်ညစ်နွမ်းခြင်းကြောင့်။သံကိလိဿန္တိ၊ညစ်နွမ်းကုန်၏။စိတ္တဝေါဒါနာ၊စိတ်သန့်ရှင်းစင်ကြယ်ခြင်းကြောင့်။ဝိသုဇ္ဈန္တိ၊သန့်ရှင်းစင်ကြယ်ကုန်၏။

ထပတိ၊လက်သမား။စိတ္တေ၊စိတ်ကို။ အရက္ခိတေ၊မစောင့်ရှောက်အပ်သည်ရှိသော်။ကာယကမ္မံပိ၊ကာယကံသည်လည်း။ဝါ၊ကိုလည်း။အရက္ခိတံ၊မစောင့်ရှောက်အပ်သည်။ ဟောတိ၊၏။ ဝစီကမ္မံပိ၊ သည်လည်း။ ဝါ၊ ကိုလည်း။ အရက္ခိတံ၊သည်။ ဟောတိ၊၏။ မနောကမ္မံပိ၊သည်လည်း။ ဝါ၊ ကိုလည်း။အရက္ခိတံ၊သည်။ဟောတိ၊၏။

[**စေတသိကအခရ** ဖဿစသည်တို့၏ စေတသိကမည်ကြောင်း တို့ကိုစေတသိကသင်္ဂဟဘေဒကိုပြသောအရာသို့ ရောက်မှဆိုအံ့။ ရူပအရ ပထဝီဓာတ် စသည်တို့၏ ရူပမည်ခြင်း၏ အကြောင်းကို လည်း ရူပဘေဒကို ပြသောအရာသို့ ရောက်မှဆိုအံ့။]

ဘူမိဘေဒအားဖြင့် စိတ်လေးပါးပြားပုံကို ပြခြင်း

ပရမတ္ထဖြစ်သော ထိုလေးပါးသော အဘိဓမ္မတ္ထတို့တွင် စိတ္တံ,စေတသိကံ,ရူပံ,နိဗ္ဗာနံ,ဟူ၍မာတိကာဥဒ္ဒေသအကျဉ်းပြထားအပ်သော အစဉ်အားလျော်စွာ၊ စိတ်တို့၏ အကျယ်ဝိဘာဂကို ရှေးဦးစွာပြသည်။ ။ထိုစိတ်သည် အာရုံကိုအထူးသိခြင်းဟူသော အာရမ္မဏဝိဇာနနလက္ခဏာအားဖြင့် သာမည တပါးတည်းသာဖြစ်၏။ ထိုလက္ခဏာအားဖြင့် အပြားမရှိ တပါးတည်းသာ ဖြစ်သောစိတ်ကို၊ ဖြစ်ရာဘုံ အထူးအပြားအားဖြင့် ခွဲခြမ်းဝေဘန်သည်ရှိသော် လူအဖြစ်လူဇာတ် သာမညတပါးတည်းသာ ဖြစ်သောလူကို ဖြစ်ရာကျွန်းအထူးအားဖြင့် ခွဲဝေသော်။

၁။ ဇမ္ဗူဒီပါကျွန်းသား။
၂။ ဥတ္တရကုရုကျွန်းသား။
၃။ ပုဗ္ဗဝိဒေဟကျွန်းသား။
၄။ အပရဂေါယာန်ကျွန်းသား-ဟု လေးပါး ပြားသကဲ့သို့ရင်း။

တနည်းလည်း သာကီဝင်မျိုး သာမညအားဖြင့် တပါးတည်းကိုမြစ်ခွဲနေထိုင် ကျင်လည်ရာ မြို့ရွာဒေသ အပေါင်းအရ မှီနေရာ အထူးအပြားအားဖြင့် ခွဲဝေသော်။ ကပိလဝတ်ပြည်လျှင် ကျင်လည် ကျက်စား မွေးဘွားမြစ်ခွဲ နေထိုင်ရာ ရှိသော ကပိလဝတ် သာကီဝင်၊ ကောလိယပြည်လျှင် ကျင်လည် ကျက်စား မွေးဘွားမြစ်ခွဲ နေထိုင်ရာရှိသော ကောလိယသာကီဝင်။ ဒေဝဒဟပြည်လျှင် ကျင်လည် ကျက်စား မွေးဘွားမြစ်ခွဲ နေထိုင်ရာရှိသော ဒေဝဒဟသာကီဝင်၊ သာသနာတော်ဝင် ရှင်ရဟန်း ဟူသော သမြဟ္မစာရီ သိတင်းသုံးဘော် အပေါင်းလျှင်မှီရာရှိသော အနဂါရိယသာကီဝင်ဟု လေးပါးပြားသကဲ့သို့ရင်း။ ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ်, အားဖြင့်လေးပါးပြား၏။

ဖြစ်ရာဘုံသည်ကား ဌာနဘုံအဝတ္ထုဘုံအားဖြင့် နှစ်ပါးရှိသည်။ထိုတွင် ကာမတဆဲ့တဘုံ၊ ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံသည်ဌာနဘုံမည်၏။ ကာမစိတ်အပေါင်း၊ ရူပစိတ်အပေါင်း၊ အရူပစိတ်အပေါင်း၊ လော

ကုသလစိတ်အပေါင်းသည် အဝဏ္ဏာဘုံမည်၏။ ။၍အဝဏ္ဏာဘုံကား အမြဲအစွဲမရှိ အခိုက်အတန့် အားဖြင့် အစိတ်ဖြစ်သော တပါးပါးကို ဖြစ်တတ်၊ တည်တတ်သော ဌာနီဟုယူခိုက်၊ ကြွင်းကျန်သောအပေါင်းသည် ထိုအစိတ်၏ဖြစ်ရာ တည်ရာဌာန ဖြစ်၏၊ မည်သည့်စိတ်သာ တည်တတ် တည်ရာ ရှိသော ဌာနီဖြစ်သည်၊ မည်သည့် စိတ်သာ တည်ရာ ဌာန ဖြစ်သည်ဟုအမြဲမရှိ၊ အခိုက်အတန့်အားဖြင့်သာဖြစ်ရာဖြစ်၍ ဘုံခေါ်ရသောကြောင့် အဝဏ္ဏာဘုံမည်မည်၏။

ကာမာဝစရမည်ပုံကိုပြခြင်း။

ထိုလေးပါးတို့တွင်အကုသိုလ်စိတ်, အဟိတ်စိတ်, ကာမသောဘဏ စိတ်တို့သည် ကာမာဝစရ မည်၏။ ထိုအကုသိုလ်စိတ် စသည်တို့သည် အဘယ်ကြောင့် ကာမာဝစရစိတ် မည်သနည်းဟူမူ။ လိုချင် မက်မော တတ် တွယ်တာ ကပ်ငြိတတ်သောကြောင့် ကာမမည်သော တဏှာ၏ အာရုံပြုသောအားဖြင့် ကျင်လည် ကျက်စားရာ ဖြစ်ရာဖြစ်သောကြောင့် ကာမာဝစရမည်ပါသည်ဟူလေ။

တနည်းလည်း။ ကိလေသကာမ ဖြစ်သော တဏှာသည် တောင့်တ အပ်သောကြောင့် ကာမတဆဲ့တဘုံသည် ကာမမည်၏။အကုသိုလ်စိတ် စသည် တို့သည် ထိုကာမတဆဲ့တဘုံ၌ များသောအားဖြင့် ကျင်လည် တတ်ဖြစ်တတ်သောကြောင့် ကာမာဝစရမည်သည်ဟူလေ။

ကာမတဏှာသည် တောင့်တအပ် အလိုရှိအပ်၊ တပ်မက်မောအပ် သောကြောင့် ကာမတဆဲ့တဘုံသည် ကာမမည်သည်ဟူရာ၌ အကယ် ၍ ကာမတဏှာသည် တောင့်တအပ်သောကြောင့် ကာမမည်သည်ဖြစ် အံ့၊ ထိုကာမ တဏှာသည် သုဂတိဘုံကိုသာ တောင့်တ၍ ဒုဂ္ဂတိ ဖြစ် သော အပါယ်ဘုံကို မတောင့်တရာသောကြောင့် ကာမသုဂတိခုနစ်ဘုံ သာကာမမည်ရာခဲ့သည်။ဒုဂ္ဂတိလေးဘုံသည်ကာမမမည်ရာဟူငြားအံ့။ ဘဝနိကန္တိလောဘဇောဟူသော ကာမတဏှာသည် တောင့်တအပ်ရ ကား ဒုဂ္ဂတိဘုံလည်းကာမမည်ပါ၏ဟူလေ။

ဘဝနိကန္တိ တဏှာသည် တောင့်တအပ် သောကြောင့် ကာမမည် သည်ဟူခဲ့ပြန်လျှင်လည်း။ ထိုဘဝနိကန္တိတဏှာသည်အပါယ်ပဋိသန္ဓေ နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော အပါယ် ဥပပတ္တိဘဝကိုသာ တောင့်တ သည်၊ အပါယ်ဘုံကို မတောင့်တဖြစ်သောကြောင့် အပါယ်ဥပပတ္တိဘဝ သာ ကာမ မည်ရာသည်။ အပါယ် လေးဘုံသည် ကာမ မမည်ရာသေး တကား ဟူငြားအံ့။ အပါယ် ဥပပတ္တိဘဝကို တောင့်တလျှင် ထိုဥပပတ္တိ ဘဝ၏ တည်ရာဖြစ်သော အပါယ်ဘုံကိုလည်း တောင့်တ အပ်သည် ပင် မည်ပါတော့သည် ဖြစ်၍ အပါယ် လေးဘုံလည်း ကာမ မည်ပါ၏ ဟူလေ။

တနည်းလည်း။ ကာမရာဂ၏ အနာဂါမိ မဂ်ဖြင့် မပယ်မဖျက် အပ် သေးသမျှကာလပတ်လုံး၊ ထိုတောင့်တခြင်း သဘောကို မလွန်နိုင်သေး သည့်၏ အဖြစ်ကြောင့် အဓ္ဓာသယ၏ အစွမ်းဖြင့် ထိုကိလေသ ကာမ သည် တောင့်တ အပ်သည်သာမည်ရကား အပါယ်လေးဘုံလည်း ကာ မမည်ပါ၏ဟူလေ။

တနည်းလည်း။ ဖောက်ပြန်သောဝိပရီတသညာ၏အစွမ်းဖြင့်ဧကန္တ အနိဋ္ဌဖြစ်၍ စင်စစ်အလိုမရှိအပ်သော ဒုဂ္ဂတိဘဝကိုလျက်လည်း အလိုရှိ အပ်သော ဣဋ္ဌဟူ၍ ယူခြင်းကြောင့် ထိုဒုဂ္ဂတိဘဝကိုလည်း၊ ကိလေသ ကာမသည် တောင့်တအပ်သည်သာ ဖြစ်ရကား အပါယ်လေးဘုံလည်း ကာမမည်သည်သာ ဟူလေ။ ဤစောဒနာ သောဓနာ စကားရပ်များကို မဏိမဥ္ဇူကို မှီ၍ဆိုလိုက်သည်။

အကယ်၍ ကာမဘုံ၌ ကျင်လည်တတ် ဖြစ်တတ်သောကြောင့် ကာ မာဝစရ မည်သည် ဟူအံ့။ ထိုအကုသိုလ်စိတ် စသည်တို့သည် ကာမဘုံ ၌သာ ဖြစ်သည်မဟုတ် ရူပဘုံအရူပဘုံတို့၌လည်း ဖြစ်ရကား၊ ရူပါဝစရ အရူပါဝစရလည်း မည်ရာခဲ့၏ ဟူငြားအံ့။ စစ်မြေ အရပ်၌ ကျင်လည် ကျက်စား သွားလာ တတ်သောကြောင့် တိုက်ဆင်သည် "သင်္ဂါမာ ဝစရ" မည်သည်ဟူရာ၌ ထိုတိုက်ဆင်သည် မြို့ရွာဇနပုဒ်စသည်၌လည်း ကျင်လည် ကျက်စား သွားလာသော်လည်း ထိုမြို့ရွာ စသည်၌ ရံဖန်ရံခါ အနည်းငယ်သာ ကျင်လည် သွားလာသောကြောင့် နဂရာဝစရ, ဂါမာ

ဝစရ,မမည်။ စိမ်ခြေအရပ်၌သာ ကျင်လည်သွားလာ များသောကြောင့် သင်္ဂါမာဝစရသာ မည်သကဲ့သို့ရင်း။တော၌ ကျင်လည်ကျက်စားတတ် သောကြောင့် မုဆိုးသည် "ဝနစရ" မည်သည် ဟူရာ၌။ ထိုမုဆိုးသည် တော၌သာ ကျင်လည် ကျက်စား သွားလာ တတ်သည် မဟုတ် မြို့ရွာ စသည်တို့၌ ကျင်လည် ကျက်စား သွားလာ၏။ ထိုသို့ပင် မြို့ရွာစသည်၌ ကျင်လည် ကျက်စား သော်လည်း ရံဖန်သာ ကျင်လည်၍ နဂရာ ဝစရ,စသည်မမည်။တော၌သာ ကျင်လည်ကျက်စား များသောကြောင့် ဝနစရသာ မည်သကဲ့သို့ရင်း။ ရေ၌ ကျက်စားတတ် ဖြစ်တတ်သော ကြောင့် "ဇလဇ" မည်သော သတ္တဝါသည် ကုန်း ကြည်း, ၌ပင် ရံဖန် ကျက်စားသော်လည်း ထလဇ မမည်မူ၍။ရေ၌သာ ကျက်စားများသော ကြောင့် ဇလဇ မည်သကဲ့သို့ရင်း။ဤအကုသိုလ်စိတ်စသည်တို့သည် ရူပ ဘုံ အရူပဘုံတို့၌ပင် ဖြစ်သော်လည်း ထိုဘုံတို့၌ ရံဖန်ရံခါ အနည်းမျှသာ ဖြစ်၍ ကာမဘုံ၌သာ များစွာ ဖြစ်သောကြောင့် ကာမာဝစရသာ မည် သည်။ရူပါဝစရအရူပါဝစရ မမည်ဟူလေ။

ဤအရာ၌ အကုသိုလ်စိတ် စသည်တို့သည် တိုက်ဆင်နှင့်တူ၏။ကာမ တဆဲ့တဘုံသည် စစ်မြေအရပ်နှင့် တူ၏။ ရူပဘုံ အရူပဘုံတို့သည် မြို့ရွာ စသည်တို့နှင့်တူ၏။ ထိုအကုသိုလ်စိတ် စသည်တို့၏ ရူပဘုံအရူပဘုံတို့၌ ဖြစ်သော်လည်း။ ရံဖန်ရံခါ အနည်း မျှသာ ဖြစ်၍ ရူပါဝစရ အရူပါဝစရ မမည်ခြင်းသည် ထိုတိုက်ဆင်၏ မြို့ရွာ စသည်၌ ကျင်လည် ကျက်စား သွားလာသော်လည်း ရံဖန်ရံခါ အနည်းမျှသာဖြစ်၍ နဂရာဝစရ စသည် မမည်ခြင်းနှင့်တူ၏။ ကာမဘုံ၌သာ ဖြစ်ခြင်းများသောကြောင့်။ ထိုအကု သိုလ်စိတ် စသည် တို့၏ ကာမာဝစရသာ မည်ခြင်းသည် စစ်မြေ၌သာ ကျင်လည်ခြင်း များသောကြောင့် တိုက်ဆင်၏ သင်္ဂါမာဝစရသာ မည် ခြင်းနှင့်တူ၏။ ဤသို့ဥပမာ ဥပမေယျ နှစ်ရပ်ကို ဟပ်၍ သိလေ။ နောက် ဥပမာတို့၌လည်း ဤနည်းဟပ်လေ။

တနည်းလည်း။ အကုသိုလ်စိတ် စသည်တို့သည် ကာမဘုံ၌ ကျင် လည်တတ် ဖြစ်တတ် သောကြောင့် ကာမာဝစရ မည်သည် ဟူပြားအံ့။ အကုသိုလ်စိတ် စသည်တို့သာ ကာမဘုံ၌ ဖြစ်သည်မဟုတ် ရူပဇော,

အရူပဗောစိတ်, လောကုတ္တရာစိတ်တို့သည်လည်း။ ကာမဘုံ၌ ဖြစ်ကုန်သည်သာ ဖြစ်ရကား၊အကုသိုလ်စိတ် စသည်တို့သာ ကာမာဝစရ မည်သည်မဖြစ်ရာ။ ရူပဗော, အရူပဗောစိတ်, လောကုတ္တရာစိတ်, တို့သည်လည်း ကာမာဝစရမည်ရာခဲ့၏ဟူငြားအံ့။ထိုရူပ,အရူပဗောစိတ်,မဂ်စိတ်, ဖိုလ်စိတ်,တို့သည် ကာမဘုံ၌ပင် ဖြစ်သော်လည်း ရံဖန်ရံခါသာ ဖြစ်သည် အကုသိုလ်စိတ် စသည်တို့ကဲ့သို့ များစွာ ဖြစ်သည် မဟုတ်။ ထို့ကြောင့် ရူပအရူပ လောကုတ္တရာဗောစိတ်, တို့သည် ကာမာဝစရ မမည်ဟူလေ။

အဘယ်ကဲ့သို့နည်းဟူမူ။ မူဆိုးမှ တပါးသော သူတို့သည် တော၌ပင် ကျင်လည် သွားလာ သော်လည်း ရံဖန်ရံခါသာ သွားလာ သောကြောင့် ဝနစရ မမည်ကုန် သကဲ့သို့ရှိရင်း။ ရေ၌ ကျက်စားသော သတ္တဝါသည် ကြည်း၌ပင် ကျက်စား သော်လည်း ရံဖန်ရံခါ အနည်းမျှသာဖြစ်၍ ထလစရ မမည် သကဲ့သို့ရှိရင်း မှတ်လေ။ ဤအကုသိုလ်စိတ် စသည် တို့သည် ရူပဘုံအရူပဘုံတို့၌ ရံဖန်ရံခါအနည်းမျှသာဖြစ်၍ ကာမဘုံ၌သာအဘယ်ကြောင့် များစွာ ဖြစ်လေသနည်း ဟူမူ။ အောက်အဘို့ အပိုင်းအခြားအားဖြင့် အဝီစိငရဲ။ အထက်အဘို့ အပိုင်းအခြားဖြင့် ပရနိမ္မိတဝသဝတ္တီဘုံကို အပိုင်း အခြား အတွင်းပြု၍ ဤအောက်အဘို့ အဝီစိ၊ အထက်အဘို့ ဝသဝတ္တီဘုံ အပိုင်းအခြား အတွင်းဖြစ်သော ခန္ဓာ,အာယတန,ဓာတ်,ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်, ဟူသော ကာမဓာတ်၌သာ အကျုံးဝင်သော စိတ်ဖြစ်သောကြောင့် ကာမဘုံ၌သာ များစွာဖြစ်လေသည် ဟူလေ။အဘယ်ကြောင့် ၎င်းစိတ်သည် ကာမဓာတ်၌ အကျုံးဝင်ရသနည်း ဟူမူ။ ကာမတဏှာ၏ အာရုံဖြစ်သောကြောင့် ကာမဓာတ်၌ အကျုံးဝင်သည်ဟူလေ။

တနည်းသည်း။ ဤအကုသိုလ်စိတ် စသည်တို့သည် ကာမတဏှာ၏ အာရုံဖြစ်သောကြောင့် ၎င်းတဏှာ၏ အာရုံ၏ အဖြစ်ဖြင့် တူသော ကာမဓာတ်၌သာ အတွင်းဝင်သော စိတ်ဖြစ်ရကား၊ ရူပဘုံအရူပဘုံတို့၌ တခါ တရံပင် ဖြစ်သော်လည်း ရူပါဝစရ အရူပါဝစရ မမည်ဘဲ။ကာမဘုံ၌ဖြစ်သည်ကိုစွဲ၍ ကာမာဝစရသာ မည်လေသည် ဟူလေ။

ဥပမာ အဘယ်ကဲ့သို့နည်းဟူမူ။ နဂါးမက မွေးဘွားသော သာဂရ

မင်းသား,သမုဒ္ဒစာမင်းသမီးတို့ကို နဂါးမဖြစ်သော တိရစ္ဆာန်မ၏ ဝမ်းတိုက်၌ပင် ပဋိသန္ဓေ စွဲနေ သော်လည်း လူဇာတ်၌သာ အကျုံးဝင်သောကြောင့် လူဟူ၍သာ ခေါ်ဆိုအပ်သည်။နဂါးမျိုးနဂါးဇာတ်၌ အကျုံးမဝင်သောကြောင့် နဂါးဟူ၍ မခေါ်ဆိုအပ်သကဲ့သို့ရှင်း။ မြင်း၏ မျက်နှာနှင့်တူသော မျက်နှာရှိသော အဿမုခီမြင်းဘီလူးမက မွေးဘွားသော *ပဒလက္ခဏာမဏ္ဍန်ကို တတ်သော ဘုရားအလောင်းတော် လုလင်ကို ဘီလူးမဝမ်း၌ပင် ပဋိသန္ဓေနေသော်လည်း။ ဘီလူးမျိုး ဘီလူးဇာတ်၌ အကျုံးမဝင်သောကြောင့် ဘီလူးဟူ၍ မဆိုအပ်။ အဘ,ဘက်သို့လိုက်၍ လူဇာတ်၌သာ အကျုံးဝင်သောကြောင့် လူဟူ၍သာ ခေါ်ဆိုအပ် သကဲ့သို့ရှင်း။ ကုဏ္ဍိကိန္နရီမက မွေးဘွားသော သုမိတ္တမထေရ်,တိဿမထေရ်,ညီနောင်နှစ်ပါးတို့ကို ကိန္နရီမဝမ်း၌ပင် ပဋိသန္ဓေ နေသော်လည်း ကိန္နရာမျိုး ကိန္နရာဇာတ်၌ အကျုံးမဝင်သောကြောင့် ကိန္နရာဟူ၍ မဆိုအပ်။အဘ,ဘက်သို့လိုက်၍ လူဇာတ်၌သာ အကျုံးဝင်သောကြောင့် လူဟူ၍သာ ဆိုအပ်သကဲ့သို့ရှင်း။သမင်မက မွေးဘွားသော ဦးခေါင်း၌ ဦးချိုငယ်အရေးအဖုနှစ်ခုရှိသောကြောင့် မိဂသိင်္ဂမည်သော ရသေ့ကိုသမင်မဝမ်း၌ပင် ပဋိသန္ဓေ နေသော်လည်း သမင်ဇာတ်၌ အကျုံးမဝင် သောကြောင့် သမင်ဟူ၍မခေါ်ဆိုအပ်။အဘ,ဘက်သို့လိုက်၍ လူဇာတ်၌သာအကျုံးဝင်သောကြောင့် လူဟူ၍သာ ခေါ်ဆိုအပ်သကဲ့သို့ရှင်း။သမုဒ္ဒစာမင်းသမီးက မွေးဘွားသောသုဒဿန,ဘူရိဒတ်,သုဘောဂ,ကဏ္ဍာရိဋ္ဌ,ဟူသောညီနောင်လေးယောက်တို့ကို လူမိန်းမဝမ်း၌ပင် ပဋိသန္ဓေနေသော်လည်း။လူဇာတ်၌အကျုံးမဝင်သောကြောင့် လူဟူ၍မခေါ်ဆိုအပ်။ အဘ,ဘက်သို့လိုက်၍ နဂါးဇာတ်၌သာ အကျုံးဝင်သောကြောင့် နဂါးဟူ၍သာ ခေါ်ဆိုအပ်သကဲ့သို့ရှင်း။ ဤအကုသိုလ်စိတ် စသည်တို့သည် ရူပဘုံ အရူပဘုံ တို့၌ဖြစ်သော်လည်း။ ရူပဓာတ် ရူပဘဝ အရူပဓာတ် အရူပဘဝတို့၌ အကျုံးမဝင်သောကြောင့်.ရူပါဝစရအရူပါဝစရဟု မဆိုအပ်။ကာမဓာတ်ကာမဘဝ၌သာ အကျုံးဝင်သောကြောင့် ကာမာဝစရ ဟူ၍သာ ခေါ်ဆို အပ်သည်ဟူလေ။ဥပမာဥပမေယျနှစ်ရပ်ကို ဟပ်၍သိလေ။

* တဆဲ့နှစ်နှစ်အတွင်း ခိုးသောသူခိုး၏ခြေရာကို သိနိုင်သောဝိဇ္ဇာမဏ္ဍိ မန္တန်။

ဤနည်းကိုကား။ ယထာ မနုဿတ္တိယာ ကုစ္ဆိသ္မိံ နိဗ္ဗတ္တောပိ တိရစ္ဆာနဂတိကော တိရစ္ဆာနယောနိယမေဝ ပရိယာပန္နတ္တာ တိရစ္ဆာနောတွေဝ ဝုစ္စတိ။ ဧဝမေဝံ ရူပါရူပဘဝေသု ဥပ္ပန္နမ္ပိ ကာမာဘဝပရိယာပန္နတ္တာ ကာမာဝစရမိစ္စေဝ ကထိတန္တိ။တပ္ပရိယာပန္နတာစဿ အဝိဇ္ဇပရိနိပ္ဖန္နတာ ပရိဒ္ဓိန္နောကာသနိန္နတာယ ကာမတဏှာယ ဝိသယဘာဝတော တိ ဝေဒိတဗ္ဗော-ဟူသော အဘိဓမ္မာဝတာရဋီကာကိုမှီ၍ဆိုလိုက်သည်။

မနုဿတ္တိယာ၊ လူမိန်းမ၏။ ကုစ္ဆိသ္မိံ၊ ဝမ်းတိုက်၌။ နိဗ္ဗတ္တောပိ၊ ဖြစ်သော်လည်း။ တိရစ္ဆာနဂတိကော၊ တိရစ္ဆာန်ဇာတ်ရှိသောသတ္တဝါကို။ တိရစ္ဆာနယောနိယမေဝ၊တိရစ္ဆာန်မျိုး၌သာလျှင်ပရိယာပန္နတ္တာ၊အကျုံးဝင်သည်၏အဖြစ်ကြောင့်။တိရစ္ဆာနောတွေဝ၊တိရစ္ဆာန်ဟူ၍သာလျှင်။ ဝုစ္စတိယထာ၊ဆိုအပ်သကဲ့သို့။ ဧဝမေဝံ၊ဤအတူ။ ဣဒံစိတ္တံ၊ ဤအကုသိုလ်စသောစိတ်ကို။ ရူပါရူပဘဝေသု၊ ရူပဘုံအရူပဘုံတို့၌။ ဥပ္ပန္နမ္ပိ၊ ဖြစ်သော်လည်း။ကာမာဘဝပရိယာပန္နတ္တာ၊ကာမာဘဝ၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ ကာမာဝစရမိစ္စေဝ၊ ကာမာဝစရဟူ၍သာလျှင်။ ကထိတံ၊ ဆိုအပ်၏။ဣတိ၊ဤသို့မှတ်အပ်၏။အဿ၊ထိုအကုသိုလ်စိတ်စသည်၏။တပ္ပရိယာပန္နတာစ၊ထိုကာမဘုံ၌ အကျုံးဝင်သည်၏ အဖြစ်သည်လည်း။အဝိဇ္ဇပရိနိပ္ဖန္နတာပရိဒ္ဓိန္နောကာသနိန္နတာယ၊ အောက်အထက် အဘို့အားဖြင့် အဝိစိငရဲ ပရနိမ္မိတဝသဝတ္တီဘုံဖြင့် ပိုင်းခြားအပ်သော ကာမဘုံ ဟူသော အရပ်၌ ညွတ်သည်၏ အဖြစ်ဟူသော။ကာမတဏှာယ၊ကာမတဏှာ၏။ ဝိသယဘာဝတော၊ အာရုံ၏အဖြစ်ကြောင့်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊သိအပ်၏။

ယခင် ပြဆိုခဲ့သော ဥပမာ၌ ကိန္နရာမကား တိရစ္ဆာန်တည်း။ မိဂေါ တိစ မဂေါတိစ စတုပ္ပဒေါ ဝုစ္စတိ။ မိဂေါတိစ၊ မိဂ ဟူသည်ရင်း။ မဂေါ တိစ၊ မဂဟူသည်ရင်း။ စတုပ္ပဒေါ၊ အခြေလေးချောင်း ရှိသော သားကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟုသဒ္ဒနီတိ၌ မိဂသဒ္ဒါအခြေလေးချောင်းရှိသော သား ကိုဟောကြောင်းကိုဆိုတော်မူသည်။

ရမ္မဝတိ ကိမ္ပုရိသိ၊ သာပိဝန္တံ့ အကာမယိ။
မနုဿော မိဂိယာ သဒ္ဓိံ၊ နတ္ထိ ကာမေ အသာဒိသော။ ။

ဟူသောဓာတ် ပါဠိတော်၌ မိဂသဒ္ဒါသည် အခြေနှစ်ချောင်း ရှိသော ကိန္နရာကိုလည်းဟော၏ဟုမှတ်လေ။ ။ရဋ္ဌဝတီ၊ရဋ္ဌဝတီအမည်ရှိသော။ သာပိကိမ္ပုရိသီ၊ ထိုကိန္နရာမသည်လည်း။ ဝါ၊ သာရဋ္ဌဝတီ။ ထိုရဋ္ဌဝတီအမည်ရှိသော ကိန္နရာမသည်။ ကိမ္ပုရိသိပိ၊ လူနှင့်အမျိုး ဓာတ်အား ဖြင့် ကွဲပြားသောကိန္နရာမလျက်လည်း။ ဝစ္ဆံ၊ လူဓာတ်ဖြစ်သော ဝစ္ဆ မည်သော ရှင်ရသေ့ကို။ အကာမယိ၊ ကြင်ဘော်မျောက်သား မယားပြု စိမ့်သောငှါ မိမိကိုအလိုရှိစေ၏။ မနုဿော၊ လူဖြစ်သော သူသည်။ မိဂိ ယာ၊ သားမျိုးဖြစ်သောကိန္နရာမနှင့်။ သဒ္ဓိံ၊ တကွ။ ကာမေ၊ ကာမဂုဏ် ၌။ အသဒိသော၊ မတူခြင်းသည်။ နတ္ထိ၊ မရှိ။

ဝစ္ဆတာပသော တာဝ မနုဿော ဟုတွာ တိရစ္ဆာနဂတာယ ကိမ္ပု ရိသိယာ သဒ္ဓိံ သံဝါသံ ကပ္ပေသိ။ ။မဟာနိပါတ် မဟောသဓဇာတ် အဋ္ဌကထာ။ ဝစ္ဆတာပသော၊ ဝစ္ဆအမည် ရှိသော ပုဏ္ဏားမျိုး ရသေ့ သည်။ မနုဿော၊ လူသည်။ တာဝဟုတွာ၊ ဖြစ်ပါလျက်။ တိရစ္ဆာနဂ တာယ၊ တိရစ္ဆာန်မျိုးဖြစ်သော။ ကိမ္ပုရိသိယာ၊ ကိန္နရာမနှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ လင်မယား အဖြစ်ဖြင့် ပေါင်းဖေါ်ခြင်းကို။ ကပ္ပေသိ၊ ပြု၏။

ဤကိုထောက်၍ ကိန္နရာကား တိရစ္ဆာန်မျိုးတည်းဟုမှတ်။ ကိန္နရော ကိမ္ပုရိသောတို့ဝယ် ကိံသဒ္ဒါကား။ ဝါနရော၌ ဝါသဒ္ဒါကဲ့သို့ သဒိသ အနက်ကိုဟော၏။ ထို့ကြောင့် မျောက်သတ္တဝါကို ဟောသော ဝါနရ သဒ္ဒါကို။ ဝါသဒိသော နရောနာတိ ဝါနရော။ ဟု ဧကက္ခရကောသ ဋီ ကာ၌ ပြုသကဲ့သို့။ ကိံသဒိသော နရောနာတိ ကိန္နရော။ ကိံသဒိသော ပုရိသောနာတိကိမ္ပုရိသော ဟုပြုလေ။ နရေန၊ လူသတ္တဝါနှင့်။ ဝါသဒိ သော။ တူသည်တည်း။ ဣတိ၊ ထို့ကြောင့်။ ဝါနရော၊ ဝါနရမည်၏။ နရေန၊ လူသတ္တဝါနှင့်။ ကိံသဒိသော၊ တူသောသတ္တဝါတည်း။ ဣတိ၊ ကြောင့်။ ကိန္နရော၊ ကိန္နရမည်၏။ ဘီလူးကို ဟောသော မနုဿသဒ္ဒါ၌ အ,သည်လည်း သဒိသအနက် ဟောပင်။ ထို့ကြောင့် ဘီလူး, မျောက်, ကိန္နရာ, ဤသတ္တဝါသုံးမျိုးသည် လူနှင့်တစိတ်တူသည်။ ကိန္နရသဒ္ဒါကို

ကိံ အယံနရောတိ ဝတ္တဗ္ဗတံ အရဟာတီတိ ကိန္နရော- ဟု ပြုသော်လည်း သင့်ရာ၏။ အယံ၊ ဤသတ္တဝါသည်။ ကိံ-ကော၊ အဘယ်သတ္တဝါနည်း။ နရော၊ လူသတ္တဝါလေလော။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗတံ၊ ဆိုအပ်သည်၏ အဖြစ်ကို။ အရဟတိ၊ ထိုက်၏။ ဣတိ၊ ကြောင့်။ ကိန္နရော၊ မည်၏။ လူပင် ဖြစ်လေသလောဟု ယုံမှား မှတ်ထင်ရလောက်အောင် လူနှင့် တူသည် ဟူလို။ ဤသို့ယူသော် ကိံ သဒ္ဒါပုစ္ဆာဝါစကပင်။

သိင်္ဃိဂေါ အာယတနေတ္တိ။ ။အာယတနေတ္တိ၊ ရှည်သောမျက်စိရှိ သော။ သိင်္ဃိဂေါ၊ တက်မတည်းဟူသော ဦးချိုရှိသော ပုဇွန်သည်။ ဟူ ရာ၌ ဂိမ်္ဃသဒ္ဒါ အခြေရှစ်ချောင်းရှိသော ပုဇွန်ကိုလည်းဟောသေး၏။

တနည်းလည်း။ ဝဏ္ဏကာမကို အလိုရှိတတ် တောင့်တ မက်မော တတ် ကပ်ငြိ တွယ်တာတတ်သော ကာမတဏှာ ဟူသော ကိလေသ ကာမ၊ ထိုကာမ တဏှာသည် အလိုရှိအပ် တောင့်တ မက်မော အပ် တွယ်တာ ကပ်ငြိ အပ်သော ကာမတရား ဟူသော ဝတ္ထုကာမ။ ထို ကာမနှစ်ပါး၏ ကျင်လည်ကျက်စားရာဖြစ်သောကြောင့် ကာမတဆဲ့တ ဘုံသည် ကာမာဝစရမည်၏။

ယင်းသို့ ကိလေသကာမ ဝတ္ထုကာမ ဟူသော ကာမနှစ်ပါးတို့၏ ကျင်လည် ကျက်စားရာ ဖြစ်ရာ ဖြစ်သောကြောင့် ကာမ တဆဲ့တဘုံ သည် ကာမာဝစရ မည်သည် ဟူခဲ့သော်၊ ထိုဘုံတို့၌ ကာမနှစ်ပါး တို့ သာဖြစ်သည်မဟုတ်၊ ရူပတရား အရူပတရား တို့လည်း ဖြစ်ကုန်ရကား ထိုဘုံတို့သည် ကာမာဝစရသာမည်သင့်သည်မဟုတ် ရူပါဝစရ အရူပါ ဝစရလည်း မည်ရာခဲ့၏ဟူငြားအံ့။ လက်နက်နှင့် တကွသော လက်နက် ကိုင်သားယောက်ျားတို့၏ ကျင်လည်ရာ အရပ်ကို ထိုအရပ်၌ လက်နက် ကိုင်ယောက်ျားတို့မှ တပါးသော အခြေ နှစ်ချောင်း အခြေ လေးချောင်း ရှိသော သတ္တဝါ တို့သည် ကျင်လည် သွားလာ ကုန်ငြား သော်လည်း ထိုလက်နက်ကိုင် ယောက်ျား တို့ဖြင့် မှတ်အပ် သည်၏ အဖြစ် ကြောင့် "သသတ္ထာဝစရ"ဟူ၍သာဆိုသကဲ့သို့၊ ကာမနှစ်ပါး၏ ဖြစ်ရာဖြစ်သော ကာမဘုံကိုလည်း ထိုဘုံ၌ တပါးသော ရူပတရား စသည်ဖြစ်ငြားသော် လည်း ထိုကာမ နှစ်ပါးတို့ဖြင့် မှတ်အပ်သည်၏ အဖြစ်ကြောင့် ကာမာ

ဝစရဟူ၍သာ ဆိုအပ်သည်။ ရူပါဝစရ စသည်ဟူ၍မဆိုအပ်ဟူလေ။

ဤအလိုသော် ကာမဘုံသာ မုချအားဖြင့် ကာမာဝစရမည်၏။ ထိုဘုံ၌ဖြစ်သော စိတ်မှုကား ဖြစ်ရာဌာနဖြစ်သောဘုံ၏ ကာမာဝစရ ဟူသော အမည်ကို ဌာနီဖြစ်သော စိတ်၌တင်စား၍ ဌာနူပစာအားဖြင့်သာ ကာမာဝစရမည်၏။ မဉ္စာဥက္ကုဋ္ဌိံ ကရောန္တိ၊ မဉ္စာ၊ ညောင်စောင်း တို့သည်။ ဥက္ကုဋ္ဌိံ၊ ကြွေးကြော်ခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ ဟူရာ၌ညောင်စောင်း၏ ကြွေးကြော်ခြင်းမည်သည်မဖြစ်ရာ။ထိုညောင်စောင်း၌ တည်နေသော သူ၏သာ ကြွေးကြော်ခြင်း ဖြစ်ရာ သောကြောင့် တည်မှီရာ နေရာဖြစ်သော ညောင်စောင်း၏ မဉ္စဟူသောအမည်ကို ထိုညောင်စောင်း၌တည်သော ဌာနီဖြစ်သော လူ၌တင်စား၍ ထိုဌာနီဖြစ်သော လူကို ဌာနူပစာရအားဖြင့် မဉ္စဟု ခေါ်ဝေါ်သကဲ့သို့ရင်း။

သဗ္ဗောဂါမောအာဂတော။ သဗ္ဗောဂါမော၊ တရွာလုံးသည်။ အာဂတော၊ လာ၏။ ဟူရာ၌ ရွာ၏လာခြင်းမည်သည် မဖြစ်ရာ သောကြောင့် နေရာဌာနဖြစ်သောရွာ၏ ဂါမ ဟူသော အမည်ကို ရွာနေလူ၌တင်စား၍ ဌာနီဖြစ်သော ရွာနေလူကို ဂါမဟု ခေါ်ဆိုသကဲ့သို့ရင်း။ ကျောင်းစာအံသည် ကျောင်းစာသင်သည် ဟူရာ၌ ကျောင်း၏စာအံခြင်း သင်ခြင်းမည်သည် မဖြစ်ရာသောကြောင့် ဌာနဖြစ်သောကျောင်း၏ ကျောင်းဟူသော အမည်ကို ကျောင်းနေ ပုဂ္ဂိုလ်၌ တင်စား၍ ဌာနီဖြစ်သော ကျောင်းနေပုဂ္ဂိုလ်တို့ကို ကျောင်းဟုခေါ်ဆိုသကဲ့သို့ရင်း။ ကာမဘုံ၏ ကာမာဝစရ ဟူသော အမည်ကို ထိုဘုံဝယ် ဖြစ်သော စိတ်၌ တင်စား၍ ဌာနူပစာရ အားဖြင့် စိတ်ကို ကာမာဝစရဟု ခေါ်ဆိုသည်ဟုမှတ်လေ။

> ကာမောဝစရတီတျတ္ထ၊ ကာမေဝစရတီတိ ဝါ။
> ဌာနူပစာရတော ဝါ ပိ၊ တံ ကာမာဝစရံ ဘဝေ။ ။

ဓိကာကျော်သင်္ဂဟဂါထာ။ ဓွေ့စိတ္တေ၊ ဤအကုသိုလ် အဟိတ် စသောစိတ်၌။ ကာမော၊ ကာမတဏှာသည်။ *အဝစရတိ၊ အခဲ့ပြုသည်

* အဝစရန္တာကရဏဝသေန-ဟုပါဠိသေသထည့်၍သန္ဓန်သည်။
(ဘုရားကြီးဆရာတော်ဝါဒ)။

၏အစွမ်းဖြင့်ကျင်လည်တတ်ဖြစ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ တံစိတ္တံ၊ ထိုအကုသိုလ်စသော စိတ်သည်။ ကာမာဝစရံ၊ ကာမာဝစရမည်သည်။ ဘဝေ၊ ဖြစ်၏။ ဝါ၊ ကား။ ယံစိတ္တံ၊ ကာမတဏှာသည်အာရုံပြုအပ်သည်၏အဖြစ်ကြောင့် ကာမဓာတ်၌ အကျုံးဝင်သော အကြင်စိတ်သည်။ ကာမေ၊ ကာမဘုံ၌။ အဝစရတိ၊ သက်ဝင် ကျင်လည်၍ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံစိတ္တံ၊ သည်။ ကာမာဝစရံ၊ မည်သည်။ ဘဝေ၊ ၏။ ဝါ၊ ကား။ ဌာနူပစာရတောဝါ၊ ကာမနှစ်ပါး၏ ဖြစ်ရာဖြစ်၍ ကာမာဝစရမည်သော ဌာနဖြစ်သောဘုံ၏ ကာမာဝစရ ဟူသောအမည်ကို ထိုဘုံ၌ ဖြစ်သော ဌာနီဖြစ်သောစိတ်၌ တင်စားသော ဌာနူပစာရအားဖြင့်လည်း။ တံစိတ္တံ၊ သည်။ ကာမာဝစရံ၊ သည်။ ဘဝေ၊ ၏။

ရူပါဝစရမည်ပုံကိုပြခြင်း

ရူပါဝစရဟူသည် အဘယ်နည်း၊ အဘယ်သည် ရူပါဝစရ မည်သနည်း ဟူမူ၊ ကုသိုလ်ဝိပါက်ကြိယာ ဖြစ်သော ပဉ္စမဈာန်စိတ် စသည်သည် ရူပါဝစရ မည်၏ ဟူလေ။ အဘယ်ကြောင့် ထိုပဉ္စမ ဈာန် စိတ်စသည်သည် ရူပါဝစရ မည်သနည်း ဟူမူ၊ အာရုံပြုသော အားဖြင့် ရူပတဏှာ၏ ကျင်လည်ရာ ကျက်စားရာဖြစ်ရာဖြစ်သောကြောင့် ရူပါဝစရ မည်၏၊ တနည်းလည်း များသောအားဖြင့် ရူပဘုံ၌ကျင်လည်ကျက်စား တတ်ဖြစ်တတ်သောကြောင့် ရူပါဝစရမည်၏။ တနည်းလည်း ရူပဓာတ် ရူပဘဝ၌ အကျုံးဝင်သော တရား ဟူသော ရူပ၊ ရူပတဏှာ ဟူသော ရူပ၊ ဤရူပနှစ်ပါးတို့၏ ဖြစ်ရာဖြစ်၍ မုချရူပါဝစရ မည်သော ရူပဘုံ၏ ရူပါဝစရ ဟူသော အမည်ကို ထိုဘုံ၌ ဖြစ်သော ဌာနီ စိတ်၌တင်စား၍ ဌာနူပစာရအားဖြင့် ရူပါဝစရမည်၏ဟူလေ။

အရူပါဝစရမည်ပုံကိုပြခြင်း

အဘယ်သည် အရူပါဝစရ မည်သနည်းဟူမူ။ အာကာသာနဉ္စာယတနစိတ် စသည်တို့သည် အရူပါဝစရ မည်သည် ဟူလေ။ ထိုအာကာသာနဉ္စာယတန စိတ်စသည်သည် အဘယ်ကြောင့် အရူပါဝစရ မည်သနည်း ဟူမူ။ အာရုံပြုသည်၏ အစွမ်းဖြင့် အရူပ တဏှာ၏ ကျင်လည်ကျက်စားရာ ဖြစ်ရာဖြစ်သောကြောင့်ငင်း။ များသောအားဖြင့် အရူပဘုံ၌ ကျင်လည်ကျက်စားတတ်ဖြစ်တတ်သောကြောင့်ငင်း။အရူပဓာတ်အရူပဘဝ၌ အကျုံးဝင်သော တရားဟူသော အရူပ၊ အရူပတဏှာ ဟူသော အရူပ၊ ဤအရူပ နှစ်ပါးတို့၏ ကျင်လည် ကျက်စားရာဖြစ်၍ မုချ အရူပါဝစရမည်သော ဌာနဖြစ်သော အရူပါဝစရဘုံ၏ အရူပါဝစရဟူသော အမည်ကို ထိုဘုံ၌ဖြစ်သော ဌာနီစိတ်၌ တင်စား၍ ဌာနူပစာရ အားဖြင့်ငင်း အရူပါဝစရမည်သည်ဟူလေ။ ဤရူပါဝစရစိတ် အရူပါဝစရစိတ်တို့၌ ဉပမာနှင့်တကွသောအကျယ်ကို ကာမာဝစရစိတ်၌ပြဆိုခဲ့ပြီးသော နည်းကို အစဉ်မှီး၍ ထိုက်သည်အားလျော်စွာ သိလေ။

မဏိမဉ္ဇူသာသင်္ဂဟဂါထာကိုပြခြင်း

ရူပံဝစရတီတျေတ္ထ၊ရူပေဝစရတီတိ ဝါ။
ဌာနူပစာရတော ဝါ ပိ၊တံ ရူပါဝစရံ ဘဝေ။ ။
အရူပံဝစရတီတျေတ္ထ၊အရူပေဝစရတီတိ ဝါ။
ဌာနူပစာရတော ဝါ ပိ၊တံ အရူပါဝစရံ ဘဝေ။ ။

ဧတ္ထ၊ဤပဌမဈာနိစိတ်စသည်၌။ ရူပံ၊ရူပတဏှာသည်။ အဝစရတိ၊၏။ ဣတိတသ္မာ၊ကြောင့်။ တံစိတ္တံ၊ထိုပဌမဈာနစသော စိတ်သည်။ ရူပါဝစရံ၊မည်သည်။ဘဝေ၊၏။ဝါ၊ကား။ယံစိတ္တံ၊သည်။ ရူပေ၊ရူပဘုံ၌။ အဝစရတိ၊၏။ဣတိတသ္မာ၊ ကြောင့်။ တံစိတ္တံ၊သည်။ ရူပါဝစရံ၊သည်။ ဘဝေ၊၏။ ဝါ၊ကား။ဌာနူပစာရတောပိ၊ဌာနဖြစ်သောရူပဘုံ၏ရူပါဝစရဟူသောအမည်ကိုထိုဘုံ၌ဖြစ်သော ဌာနီစိတ်၌တင်စားသော ဌာနူပစာရအားဖြင့်လည်း။ တံစိတ္တံ၊သည်။ရူပါဝစရံ၊သည်။ဘဝေ၊၏။

ပဥ္စမဝိကပ်၌။ ရူပတဏှာဟု ဆိုလိုလျက် တဏှာဟူသော နောက်ပုဒ်ကိုချေ၍ ရူပ်ဟုဆိုသည်။ ဒုတိယ ဝိကပ်၌လည်း ရူပဘဝေ ဟူအပ်လျက် ဘဝဟူသော နောက်ပုဒ်ကိုချေ၍ ရူပေဟုဆိုသည်။ နောက်အရူပ်အရူပေ တို့၌လည်း ဤနည်းမှတ်။

[ပုဒ်ကို ချေသည် အက္ခရာကို ချေသည် ဟူရာ၌ တိုက်ရိုက်ရှိသော ပုဒ်အက္ခရာတို့ကို ချေဖျက်ရတော့သည် မဟုတ်၊ရွတ်ဆိုပြောကြားစဉ် အခါက ဝဒန္တ ပုဂ္ဂိုလ် မပြော မရွတ်သော ပုဒ်အက္ခရာကိုပင် ချေဖျက်သည် ကြေပျက်သည်ဟူ၍ ဆိုသည်ဟု မှတ်လေ။]

ထွေ၊ ဤအာကာသာနဉ္စာယတနစိတ် စသည်၌။ အရူပ်၊ အရူပတဏှာသည်။ အဝစရတိ၊၏။ ဣတိတသ္မာ၊ကြောင့်။ တံစိတ္တံ၊သည်။ အရူပါဝစရံ၊သည်။ဘဝေ၊၏။ဝါ၊ကား။ယံစိတ္တံ၊သည်။ အရူပေ၊အရူပဘုံ၌။ အဝစရတိ၊၏။ဣတိတသ္မာ၊ကြောင့်။တံစိတ္တံ၊သည်။ အရူပါဝစရံ၊သည်။ ဘဝေ၊၏။ဝါ၊ကား။ ဌာနူပစာရတောဝ၊ ဖြစ်ရာဌာနဖြစ်သော အရူပဘုံ၏ အရူပါဝစရဟူသောအမည်ကို ထိုဘုံ၌ဖြစ်သော ဌာနီစိတ်၌ တင်စားသော ဌာနူပစာရအားဖြင့်လည်း။တံစိတ္တံ၊သည်။အရူပါဝစရံ၊သည်။ဘဝေ၊၏။

လောကုတ္တရာစိတ်မည်ပုံကိုပြခြင်း။

လောကုတ္တရံ၌လောကုတ္တရာစိတ်ဟူသည်အဘယ်နည်း။အဘယ်သည် လောကုတ္တရာ မည်သနည်းဟူမူ။ မဂ်စိတ် ဖိုလ်စိတ်သည် လောကုတ္တရာ မည်၏ဟူလေ။ မဂ်စိတ်ဖိုလ်စိတ်သည် လောကုတ္တရာ မည်သည်ဟုဆို၏။ ထိုမဂ်စိတ် ဖိုလ်စိတ်သည် အဘယ်ကြောင့် လောကုတ္တရာ မည်သနည်း ဟူမူ။လောကမှ ထွက်မြောက် ကင်းလွတ်တတ် လောကမှ ကင်းလွတ် ထွက်မြောက်ပြီး ဖြစ်သည်၏ အဖြစ်ကြောင့် လောကုတ္တရာ မည်သည်ဟူလေ။လောကမှ ထွက်မြောက်သည် ဟူရာ၌။ ထွက်မြောက်ရာ ဖြစ်သော လောကဟူသည်။

၁။ သတ္တလောက။
၂။ သင်္ခါရလောက။
၃။ ဩကာသလောက။

အားဖြင့်သုံးပါးသောလောကတို့တွင် အဘယ်လောကနည်း။အဘယ် လောကမှ ထွက်မြောက်သနည်း ဟူမူ။ ဤအရာ၌ သင်္ခါရလောကသည် လောကမည်၏။ ထိုသင်္ခါရလောကမှ ထွက်မြောက်သည်ဟူလေ။

သင်္ခါရလောကဟူသည်အဘယ်နည်း။အဘယ်သည် သင်္ခါရလောက မည်သနည်း ဟူမူ။ ဥပါဒါန်၏ အာရုံဖြစ်သော တေဘူမက စိတ္တုပ္ပါဒ် ရုပ် ဟူသော ဥပါဒါနက္ခန္ဓာသည် သင်္ခါရလောကမည်သည်ဟူလေ။အဘယ် ကြောင့် ထိုဥပါဒါနက္ခန္ဓာသည် လောကမည်သနည်း ဟူပြန်မူ။ ပျက်စီး တတ် အဖန်ဖန် ပျက်စီးတတ်သောကြောင့် လောကမည်သည် ဟူလေ။ ပျက်စီးတတ် အဖန်ဖန် ပျက်စီးတတ် သောကြောင့် လောက မည်သည် ဟူခဲ့သော် ထိုဥပါဒါနက္ခန္ဓာတို့သာ ပျက်စီးတတ် အဖန်ဖန်ပျက်စီးတတ် သည်မဟုတ်၊ မဂ်စိတ်, ဖိုလ်စိတ်, တို့သည်လည်း သင်္ခတတရားပင်ဖြစ်၍ ပျက်တတ်သော သဘောရှိသည်၊ပျက်တတ်သည်သာ ဖြစ်ရကား၊ထိုဥပါ ဒါနက္ခန္ဓာတို့သာ လောကမည်သည်မဟုတ်၊ မဂ်စိတ်,ဖိုလ်စိတ်,တို့သည် လည်း လောကပင် မည်ရာခဲ့၏၊ယင်းသို့ မဂ်စိတ်, ဖိုလ်စိတ်,တို့ လောက မည်ခဲ့ကလည်း လောကအဖြစ်မှ မလွတ်သောကြောင့် မဂ်စိတ်,ဖိုလ်စိတ် တို့ကို လောကမှ ထွက်မြောက်၏ဟု ဆိုခြင်းသည် မသင့်ရာတကား ဟူ ငြားအံ့။ သင်္ခတတရားဖြစ်၍ ပျက်သည်ပင် ဖြစ်သော်လည်း မဂ်စိတ်,ဖိုလ် စိတ်,တို့သည် လောကမမည်သည်သာ ဖြစ်ရကား ထိုမဂ်စိတ်,ဖိုလ်စိတ်, တို့ကို လောကမှ ထွက်မြောက်၏ ဆိုခြင်းသည်သင့်ပါ၏ဟူလေ။

မဂ်စိတ်, ဖိုလ်စိတ်, တို့သည် ဥပါဒါနက္ခန္ဓာတို့ကဲ့သို့ ပျက်တတ်သော သဘောရှိပါလျက် အဘယ်ကြောင့် လောက မမည်လေ သနည်း ဟူမူ။ တေဘူမကတရားဟူသော ဥပါဒါနက္ခန္ဓာတို့သည် ပုထုဇ္ဇန်တို့၏သန္တာန် ၌လည်းဖြစ်သည်၊ ပုထုဇ္ဇန်တို့သာလည်း ဓိပ္ပလ္လာသ အားဖြင့် ထိုဥပါ ဒါနက္ခန္ဓာတို့ကို မပျက်မစီး အမြဲတည်သည်ဟု ဓုဝသညာ အဖြစ်ဖြင့်

ယူကုန်သည်ဖြစ်၍ ထိုဥပါဒါနက္ခန္ဓာတို့ကို ပျက်စီးခြင်းမရှိ၊ ဓုဝသဿတ ဖြစ်၍ မြဲ၏ဟူ၍ပင်ယူသော်လည်း ထိုဥပါဒါနက္ခန္ဓာတို့သည် သင်တို့မှတ်ယူသည့်အတိုင်းမပျက်မစီးဘဲ အမြဲတည်သည်မဟုတ်၊စင်စစ်ပျက်တတ် အဖန်ဖန်ပျက်တတ်ကုန်သည်သာတည်းဟု ပြတော်မူခြင်း၌ လောကဟု ဟောတော်မူရကား ဥပါဒါနက္ခန္ဓာတို့သာ လောကမည်သည်။ မဂ်စိတ်, ဖိုလ်စိတ်, တို့မူကား အရိယာ ပုဂ္ဂိုလ်တို့ သန္တာန်၌သာ ထိုက်သည်အား လျော်စွာဖြစ်သည်။ထိုဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည်သာလည်း ၎င်းစိတ်တို့ကို အာရုံပြုနိုင်သိနိုင်ကုန်သည်။ထိုဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အားလည်း ဒိဋ္ဌိဝိပလ္လာသကို ကုန်စင် ကြွင်းမဲ့ ပယ်ဖျက်ပြီး ဖြစ်သောကြောင့် မိမိတို့ ရအပ် သိအပ်သော မဂ်စိတ်, ဖိုလ်စိတ်, တို့၏ စင်စစ် အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, သဘောရှိသည်၏အဖြစ်ကို "လက်ဝယ်တင်ထားသောပတ္တမြားကို မျက်ဝါးထင်ထင် သိမြင်သကဲ့သို့" စင်စစ် သိမြင်သည်သာ ဖြစ်ရကား မဂ်စိတ်, ဖိုလ်စိတ်,တို့ကို ပျက်စီးခြင်းမရှိ မြဲ၏ဟူ၍ တရံတဆစ်မျှ မှတ်ထင်စွဲယူခြင်း မရှိလေသောကြောင့် သင်တို့ ရအပ် သိအပ်သော ဤမဂ်စိတ်, ဖိုလ်စိတ်,တို့ကား ပျက်တတ် အဖန်ဖန် ပျက်တတ် ဖောက်ပြန်တတ်သော တရားသာတည်းဟု ပြဘွယ်ပြတွက်မရှိသည်ဖြစ်၍ မဂ်စိတ်,ဖိုလ်စိတ်,တို့၏ လုဇ္ဇန, ပလုဇ္ဇန, အဖြစ်ဟူသော လောကဟူသော အမည်ကို မဟောမပြသောကြောင့် ၎င်းစိတ်တို့သည် လောက မမည်သည်သာ ဟူလေ။

ဤစကားရပ်တို့ကို။ လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။ ယဒိဧဝံ လောကုတ္တရစိတ္တာနမ္ပိ သင်္ခတတ္တာ ဝိနာသသဘာဝတာယ လောကတာ အာပဇ္ဇေယျာတိ။ န။ နလုဇ္ဇတိ နပလုဇ္ဇတီတိ ယောဂဟိတော တထာ နဟောတိ။ သောလောကောတိ တံ ဂဟဏ ရဟိတာနံ လောကုတ္တရာနံ လောကတာ ဘာဝတော-ဟူသော မဏိမဉ္ဇူကိုမှီ၍ဆိုလိုက်သည်။ ။လုဇ္ဇတိ၊ ပျက်တတ်၏။ ပလုဇ္ဇတိ၊ အဖန်တလဲလဲ ပျက်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ပျက်တတ် အဖန်ဖန် ပျက်တတ်သည်၏ အဖြစ်တည်းဟူသော သဘောကြောင့်။လောကော၊လောကမည်၏။လုဇ္ဇနပလုဇ္ဇနသဘာဝေန၊ပျက်တတ် အဖန်ဖန် ပျက်တတ်သော သဘောကြောင့်။ လောကော၊ လောက မည်သည်။ ယဒိသိယာ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။

လောကုတ္တရစိတ္တာနမ္ပိ၊လောကုတ္တရာစိတ်တို့၏လည်း။သမ်တတ္တာ၊သမ်တတရား၏ အဖြစ်ကြောင့်။ ဝိနာသသဘာဝတာယ၊ ပျက်စီးခြင်း သဘောရှိသည့်၏ အဖြစ်ကြောင့်။လောကတာ၊လောကမည်သည့်၏အဖြစ်သည်။ အာပဇ္ဇေယျ၊ဖြစ်ရာခဲ့၏။ဣတိအယံ၊ဤသည့်ကား။ စောဒနာ၊စောဒနာခြင်းတည်း။ လောကုတ္တရာနံ၊ တို့၏။ လောကတာ၊ သည်။ နအာပဇ္ဇတိ၊ မဖြစ်။ ကသ္မာ၊အဘယ်ကြောင့်။ နအာပဇ္ဇတိ၊ မဖြစ်သနည်း။ နလုဇ္ဇတိ-နပလုဇ္ဇတိ၊ မပျက်တတ် အပနဲ့ပနဲ မပျက်တတ်ဟူ၍။ ဂဟိတော၊ ဒိဋ္ဌိဝိပလ္လာသအားဖြင့်ပုထုဇ္ဇန်တို့သည်ယူအပ်သော။ယောသဘာဝေါ၊အကြင်သဘောတရားသည်။တထာ၊ထိုယူတိုင်း။ယူသလို။ယူတိုင်းသောအခြင်းအရာအားဖြင့်။နဟောတိ၊မဖြစ်။သောသဘာဝေါ၊ထိုမပျက်တတ်ဟု ယူသော်လည်း ယူတိုင်းမဖြစ်သော သဘော တရားသည်။ လောကော၊ လောကမည်၏။ ဣတိတသ္မာ၊ ထိုသို့မပျက်မစီး နိစ္စဓုဝသဿတသာဟု ယူသော်လည်း ယူတိုင်းမဖြစ်သော သဘော၏ လောကမည်သည့်၏အဖြစ်ကြောင့်။ တံ ဂဟာဏရဟိတာနံ၊ ထိုပျက်စီးခြင်းမရှိ နိစ္စဓုဝသဿတသာဟု ယူခြင်းကင်းကုန်သော။ လောကုတ္တရာနံ၊ လောကုတ္တရာစိတ်တို့၏။လောကတာဘာဝတော၊ လောက မည်သည့်၏ အဖြစ်တည်း ဟူသောလောက ဟူသောအမည်၏မဖြစ်သင့်သောကြောင့်။လောကတာ၊လောကမည်သည့်၏အဖြစ်သည်။နအာပဇ္ဇတိ၊မဖြစ်။ ဣတိအယံ၊ဤသည့်ကား။ ပရိဟာရော၊ အဖြေတည်း။

ဂုတ်္တကွဏော လုဇ္ဇတိ၊ပဒိုသန္တိကွဏော ပလုဇ္ဇတိ-ဟုဖွင့်ဆိုသော ဉာဏ်ကျမ်း၏ အဖွင့်ဖြစ်သော သံပျင်ဋီကာ အလိုသော်။လုဇ္ဇတိ၊ဂုတ်၏ အစွမ်းဖြင့်ပျက်တတ်၏။ပလုဇ္ဇတိ၊ပဒိုသန္တေ၏အစွမ်းဖြင့်ဖြစ်တတ်၏ဟုပေးလို၏။ ပလုဇ္ဇတိ၌ ပ,ဟူသောဥပသာရကို ဓာတွတ္ထဗာဓကကြံသည်။ ရှေ့နည်းအလို ဓာတွတ္ထဝိသေသက။ ငါတ္ကိုကျေးဖုးရှင် ပြည် ဆရာတော် ဘုရားကြီးကား ရှေ့နည်းကိုသာ ကြိုက်တော်မူသည်။

တနည်းလည်း။။ဒုက္ခသစ္စာမည်သောလောကီစိတ်ရှစ်ဆဲ့တခု။ထိုစိတ်ရှစ်ဆဲ့တခုနှင့်ယှဉ်သောလောဘကြဉ်သော စေတသိက်ငါးဆဲ့တခု။ရုပ်

နှစ်ဆဲ့ရှစ်ခုသည်လောကမည်၏။မဂ်စိတ်,ဖိုလ်စိတ်,တို့မူကား ဒုက္ခသစ္စာ မည်သည်၏အဖြစ် မရှိသောကြောင့် လောကမမည် ဟူလေ။

အဘယ်ကြောင့် လောကီစိတ် စသည်တို့သာ ဒုက္ခသစ္စာမည်၍ မဂ် စိတ် ဖိုလ်စိတ် တို့သည် ဒုက္ခသစ္စာ မမည်လေသနည်းဟူမူ။ ဤလောကီ စိတ် စသည်တို့သည် ပုထုဇ္ဇန်တို့ သန္တာန်၌လည်း ဖြစ်သည်။ ပုထုဇ္ဇန် တို့သာလည်း ဒိဋ္ဌိဝိပလ္လာသအားဖြင့်။ ၎င်းလောကီ စိတ်စေတသိက်ရုပ် တို့ကို သုခဟု စွဲယူမှတ်ထင်ကုန်သည်ဖြစ်၍။ သုခဟုသင်တို့ မှတ်ထင်စွဲ ယူအပ်သော ဤတရားတို့ကား သုခမဟုတ် ဒုက္ခသာတည်း။ ဒုက္ခမည် ဆန်းကာမျှ မဟုတ်သေး။ မုချကေန် အမှန်စင်စစ် ဒုက္ခသာ ဖြစ်မည်ဟု ဘဝများစွာ သံသရာ ကာလပတ်လုံး ဆစဉ်မပြတ် အမြဲအစွဲလိပ်ခဲတင်း လင်း သုခဟု မှတ်ထင်ခြင်းကိုပယ်၍ ထိုတရားတို့၏ အမှန်စင်စစ်ဒုက္ခဖြစ် သည်၏ အဖြစ်ကိုပြခြင်းငှါ ဒုက္ခသစ္စာကို ဟောတော်မူရကား ၎င်းလော ကီတရားတို့သာ ဒုက္ခသစ္စာ မည်သည်။ မဂ်စိတ် ဖိုလ်စိတ် တို့ကား အရိ ယာပုဂ္ဂိုလ် တို့၌သာ ထိုက်သည့်အား လျော်စွာ ဖြစ်သည်။ ဖလဋ္ဌာန် ပုဂ္ဂိုလ် တို့သာလည်း ၎င်းစိတ် တို့ကို အာရုံပြုနိုင် သိနိုင်ကုန်သည်။ ထို ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အားလည်း ပယ်အပ်ပြီးသော ဒိဋ္ဌိဝိပလ္လာသရှိကုန်ရ ကား။ မိမိတို့ သိအပ် ရအပ်သော မဂ်စိတ် ဖိုလ်စိတ် တို့၏ စင်စစ် ဝိပရိ ဏာမ ဒုက္ခသဘောရှိသည်၏ အဖြစ်ကို "လက်၌ တင်ထားသော ပတ္တ မြားကို မျက်ဝါးထင်ထင် သိမြင်သကဲ့သို့" စင်စစ် သိမြင်သည်သာ ဖြစ် သောကြောင့်။ မဂ်စိတ် ဖိုလ်စိတ်တို့ကို ဖောက်ပြန်ခြင်း ဆင်းရဲခြင်းမရှိ။ သုခ,သုဘသာ ဖြစ်၏ဟူ၍ တရံတဆစ်မျှ မှတ်ထင် စွဲယူခြင်း မရှိလေရ ကား။ သင်တို့သိအပ်ရအပ်သော မဂ်စိတ်ဖိုလ်စိတ် တို့ကား သုခမဟုတ် ဒုက္ခကေန် အမှန်ဖြစ်၏ဟု ပြဘွယ် ပြတွက် မရှိသည်သာ ဖြစ်၍ ထိုမဂ် စိတ်ဖိုလ်စိတ်တို့၏ ဒုက္ခသစ္စာ မည်သည်၏ အဖြစ်ကို မဟောမပြ သော ကြောင့် ၎င်းစိတ် တို့၏ ဒုက္ခသစ္စာ မည်သည်၏ အဖြစ်သည် မဖြစ်လေ သည်ဟူလေ။

ဤနည်းကိုလည်း။ ဒုက္ခသစ္စံဝါ လောကောတိ လောကုတ္တရာနံ တဏှာ ဝါဘာဝတောဟူသော မဏိမဉ္ဇူကိုပင်မှီ၍ဆိုသည်။ ဝါ၊ တနည်းကား။

နက္ခသစ္စံ၊ နက္ခသစ္စာသည်။ လောကော၊ လောကမည်၏။ ဣတိဟသ္မာ၊ ထိုသို့နက္ခသစ္စာသာ လောက မည်သည်၏ အဖြစ်ကြောင့်။ လောကုတ္တရာနံ၊ လောကုတ္တရာစိတ်တို့၏။ တဗ္ဘာဝါဘာဝတော၊ ထိုနက္ခသစ္စာမည်သည်၏ အဖြစ်၏မရှိခြင်းကြောင့်။ လောကုတ္တရာနံ၊ တို့၏။ လောကတာ၊ လောကမည်သည်၏အဖြစ်သည်။ နအာပဇ္ဇတိ၊ မဖြစ်။ ဣတိအယံ၊ ကား။ ပရိဟာရော၊ တည်း။

မဂ်စိတ် ဖိုလ်စိတ် တို့သည် မဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာကာလ၊ သူတပါးတို့၏ စိတ်ကိုသိသော ပရစိတ္တဝိဇာနနကာလ၊ စသည်တို့၌ ဥပါဒါနက္ခန္ဓာ ဖြစ်သော မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အဘိညာဏ် တို့၏လည်း အာရုံဖြစ်ကုန်ရကား။ ဥပါဒါနက္ခန္ဓာ ဟူသော သင်္ခါရလောကမှ ထွက်မြောက်သည် ဟူရာ၌။ ဥပါဒါနက္ခန္ဓာ တို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့် ထွက်မြောက်သည် မဟုတ်။ အာသဝေါ တရားတို့၏ အာရုံ မဟုတ်သည်၏ အဖြစ်ဖြင့် ဥပါဒါနက္ခန္ဓာ၌ အကျုံးမဝင်သော အားဖြင့် ထွက်မြောက်သည် ဟူလေ။ ။ဤကား **ဋီကာကျော်ဆရာ၏အလို။**

လောကသုံးပါးမှထွက်မြောက်ပုံကိုပြခြင်း

တနည်းလည်း။ လောက သုံးပါးတို့မှ ထွက်မြောက် သောကြောင့် လောကုတ္တရာမည်သည်ဟူလေ။ အဘယ်သို့လောကသုံးပါးတို့မှ ထွက်မြောက်သနည်း ဟူမူ။ သင်္ခါရ လောကအရ သင်္ခါရလောကမှ ထွက်မြောက်ဟန်မှာ။ ပြဆိုခဲ့သည့်အတိုင်းပင်။ ခပ်သိမ်းသော သတ္တဝါသည် သတ္တလောက မည်၏။ ထိုသတ္တ လောကတွင် သောတာပတ္တိ မဂ်သည် အလုံး ရုံသော ပုထုဇ္ဇန် ဟူသော သတ္တလောကမှ ထွက်မြောက်၏။ သကဒါဂါမိ မဂ်သည် သောတာပန် ဟူသော သတ္တလောကမှ ထွက်မြောက်၏။ အနာဂါမိမဂ်သည် သကဒါဂါမ် ဟူသော သတ္တလောကမှ ထွက်မြောက်၏။ အရဟတ္တ မဂ်သည် အနာဂါမ် ဟူသော သတ္တလော

ကမှ ထွက်မြောက်၏။ ဤသို့ သတ္တလောကမှ ထွက်မြောက်သည်၊ သုံးဆဲ့တဘုံသည် ဩကာသ လောက မည်၏။ ထိုသုံးဆဲ့တဘုံတွင် သောတာပတ္တိ မဂ်သည် အပယ်လေးဘုံ ဟူသော အပါယ လောကမှ ထွက်မြောက်၏။ သကဒါဂါမိ ပုဂ္ဂိုလ်သည် ကာမသုဂတိဘုံ၌ အလွန် အားဖြင့် နှစ်ကြိမ်မျှသာဖြစ်ရန် ပဋိသန္ဓေ အကြွင်း ရှိသောကြောင့် သကဒါဂါမိမဂ်သည် ကာမသုဂတိ လောကတစိတ်မှ ထွက်မြောက်၏။ အနာဂါမိပုဂ္ဂိုလ်သည် ကာမဘုံ၌ တဖန်ပဋိသန္ဓေမနေကောင်း မဖြစ်ကောင်းပြီ ဖြစ်သောကြောင့် အနာဂါမိမဂ်သည် အလုံးစုံသော ကာမလောကမှ ထွက်မြောက်၏။ ရဟန္တာ ပုဂ္ဂိုလ်သည် အလုံးစုံသောဘုံ၌ ကုန်ပြီးသော ပဋိသန္ဓေရှိရကား အရဟတ္တမဂ်သည် ရူပအရူပလောကမှထွက်မြောက်၏ဟူလေ။ **။ဤကားအဘိဓမ္မာဝတာရဋီကာဆရာ၏အလို။**

စိတ်တို့အစဉ်ထားပုံကိုအကျဉ်းပြခြင်း၊

ထိုလေးပါးသော စိတ်တို့တွင် ရူပါဝစရစိတ် စသည်ကို ထောက်သော် ကာမာဝစရ စိတ်သည် ယုတ်ည့်၏။ ထိုကာမာဝစရ စိတ်ထက် ရူပါဝစရစိတ်သည်မြတ်၏။ ရူပါဝစရစိတ်ထက် အရူပါဝစရစိတ်သည် အထူးသဖြင့် မြတ်၏။ ထိုအရူပါဝစရ စိတ်ထက်ပင် လောကုတ္တရာစိတ်သည် အလွန်အထူးသဖြင့် မြတ်၏။ ဤသို့ တပါးထက်တပါး ဆင့်ကဲတိုးတက်၍မြတ်သောကြောင့် အယုတ်,အမြတ်,အထူးသဖြင့်အမြတ်,အလွန်အထူးသဖြင့် အမြတ်, ဖြစ်သော အစဉ် အားဖြင့် ရှေးဦးစွာ ကာမာဝစရစိတ်ကို။ ထို့နောင် ရူပါဝစရစိတ်ကို။ ထို့နောင် အရူပါဝစရစိတ်ကို။ထို့နောင် လောကုတ္တရာစိတ်ကို ဝေဘန်ပြဆိုအပ်သည်ဖြစ်၍။ ထိုအကျယ်ဝေဘန်လတ္တံ့သော အစဉ်အားလျော်စွာ။ မဝေဘန်မီ ရှေးဦးစွာ မာတိကာ ဥဒ္ဒေသကို ကာမာဝစရံ, ရူပါဝစရံ, အရူပါဝစရံ, လောကုတ္တရဉ္စ၊ ဟုပြထားတော်မူသည်။

အကုသိုလ် အဟိတ် အစဉ်ထားပုံကို ပြခြင်း။

ထိုသို့ မာတိကာဥဒ္ဒေသ အကျဉ်းပြထားသော အစဉ် အားလျော်စွာ ကာမာဝစရ စိတ်က စ၍ အစဉ် အတိုင်း၊ စိတ်တို့၏ သရုပ်အပြားကို သင်္ဂြိုဟ်ကျမ်း၌ ပြဆိုသည့် အတိုင်း ပြဆိုအံ့။ ကာမာဝစရ စိတ်အများ တွင် အဘယ်ကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာ ပြဆိုသနည်း။ မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော်၌ ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာဟု ကုသိုလ်ကို ရှေးဦးစွာထား၍ဟောတော်မူပါသည်။ ဤသင်္ဂြိုဟ် ကျမ်းကိုလည်း ဓမ္မသင်္ဂဏီ ပါဠိတော်ကိုပင် များသော အား ဖြင့် မှီ၍ပြုသည်ဖြစ်၍ ထိုဓမ္မသင်္ဂဏီ၌ ဟောတော် မူသော နည်းအစဉ် အားလျော်စွာ ကုသိုလ်; အကုသိုလ်, အဗျာကတ, အားဖြင့် သုံးပါးသော ကာမာဝစရ စိတ်တို့တွင် ကုသိုလ်စိတ်ကို ရှေးဦးစွာ ဆိုသင့်ရာပါသည် မဟုတ်လော ဟူမူ၊ ဓမ္မသင်္ဂဏီကျမ်းကို မှီ၍ဆိုမူ၊ ကုသိုလ်စိတ်ကို ရှေး ဦးစွာ ဆိုသင့်သည်မှန်၏။ မှန်သော်လည်း ဤကာမာဝစရ စိတ်သည် ဂုဏ်ရှိ ဂုဏ်မဲ့ အပြားအားဖြင့် သောဘဏစိတ် အသောဘဏစိတ်ဟူ၍ နှစ်ပါးပြားသည်။ ထိုတွင်အကုသိုလ်စိတ် အဟိတ်စိတ်တို့သည် အသော ဘဏမည်၏။ မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ စိတ်တို့သည် သောဘဏမည်၏။ ထိုနှစ်ပါး တို့တွင် အသောဘဏကို ရှေးဦးစွာ ပြလို သောကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာဆိုသည် ဟူလေ။

အဘယ်ကြောင့်ကား အသောဘဏကို ရှေးဦးစွာ ပြလိုရသနည်းဟူ မူ၊ မဟာကုသိုလ်စိတ်၊ စသည် တို့သာ သောဘဏ မည်သည် မဟုတ် ရူပါဝစရစိတ် စသည်တို့သည်လည်း သောဘဏပင်မည်ကုန်သည်ဖြစ် ၍ အယုတ်, အမြတ်, စသော အစဉ်အားဖြင့် ကာမာဝစရစိတ်၏ အခြား မဲ့၌ ရူပါဝစရစိတ်၊ စသည်ကို ပြရလတ္တံ့ ဖြစ်ရကား။ သောဘဏ မည် ကြခြင်း တူသော စိတ်တို့ကို တလုံးတစည်း တရတည်း ဖြစ်စေလိုသော ကြောင့် သောဘဏစိတ်၏ ရှေးဦးစွာ အသောဘဏစိတ်ကို ပြလိုသည် ဟူလေ။

ပါပါဟေတုကမုတ္တာနိ၊ သောဘဏာနီတိဝုစ္စရေ။ဟုအကုသိုလ်စိတ် အဟိတ်စိတ်တို့မှလွတ်သော။ ယင်းတို့မှတပါးသော မဟာကုသိုလ်စိတ် စသော ငါးဆဲ့ကိုးခု အကျယ် ကိုးဆဲ့တခုသော စိတ်တို့၏သာ သောဘဏာ မည်ကြောင်းကိုဆို၍။ အကုသိုလ်စိတ် အဟိတ် စိတ်တို့၏ အသောဘဏာမည်ကြောင်းကို မဆိုရကား။ အကုသိုလ်စိတ် အဟိတ်စိတ်တို့ကို အသောဘဏာမည်၏ဟု ဆိုခြင်းသည် မသင့်ရာတကား ဟူငြားအံ့။ ဝဂ္ဂါ ပဉ္စပဉ္စသော မန္တာ၊ ဟူသော ကစ္စည်း သုတ်ဖြင့်။ က, အစ၊ မ, အဆုံးရှိသော ငါးလုံးတစု ငါးလုံးတစု အားဖြင့် ငါးစုရှိသော နှစ်ဆဲ့ငါးလုံးသော အက္ခရာတို့ကို ဝဂ္ဂမည်၏ဆိုသဖြင့်။ ယ, အစရှိသော ရှစ်လုံးသော အက္ခရာတို့ကို အဝဂ္ဂ မည်၏ဟု တိုက်ရိုက်ပင် မမှည့် မဆိုသော်လည်း။ ဗျတိရေကနည်းအားဖြင့် အဝဂ္ဂမည်၏ဟု ဆိုသည်ပင် မည်သကဲ့သို့ရင်း။ ရွာနှစ်ရွာတွင် တောင်ရွာ ကြီးသည် ဆိုသဖြင့် မြောက်ရွာ ငယ်သည်ဟု တိုက်ရိုက် မဆိုသော်လည်း ဆိုသည်ပင် မည်သကဲ့သို့ရင်း။ ငမြို့ ငညို ဟူသော လူနှစ်ယောက်တွင် ငမြို့ပညာရှိသည် ဆိုသဖြင့် ငညိုပညာမရှိဟု ဆိုသည်ပင် မည်သကဲ့သို့ရင်း။ အကုသိုလ်စိတ် အဟိတ်စိတ် တို့မှ တပါးသော စိတ်တို့ကို သောဘဏာ မည်၏ ဆိုသဖြင့် အကုသိုလ်စိတ် အဟိတ်စိတ် တို့၏ အသောဘဏာ မည်ကြောင်းကို တိုက်ရိုက်ပင် မဆိုသော်လည်း *ဗျတိရေကနည်း အားဖြင့် ဆိုသည်ပင် မည်ရကား အကုသိုလ်စိတ် အဟိတ်စိတ်တို့သည် အသောဘဏာ မည်၏ဟုဆိုသင့်ပါ၏ ဟူလေ။

မဟာကုသိုလ် စသော ငါးဆဲ့ကိုးပါးသော စိတ်တို့သည်။ **အဘယ် ကြောင့် သောဘဏာ မည်လေသနည်း** ဟူမူ။ အလောဘ စသော အပြစ်ကင်းသော ဟိတ်တို့နှင့် ယှဉ်သော ကြောင့်ရင်း။ သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ,စသည်တို့နှင့် ယှဉ်သည်ဖြစ်၍ တင့်တယ်သော ဂုဏ်ကိုဆောင်တတ်သောကြောင့်ရင်း။ သောဘဏာ မည်သည် ဟူလေ။

လောကူပမာကား။ အလွန်မွှေးကြိုင်သော နံ့သာပန်း စသည်တို့ဖြင့် လိမ်းချယ် ပန်ဆင်အပ်သော ပုတီးနားဒောင်း ကောင်းမွန်ချောမွေ့ သိမ်

ဖြန်သောအားဖြင့်ယူရသောနည်း။

မွှေ့ နူးညံ့ ဆန်းကြယ်သော အဘိုးများစွာ ထိုက်သော အဝတ်တန်ဆာ တို့ဖြင့် တန်ဆာ ဆင်အပ်သော လုလင်သည် တင့်တယ်သကဲ့သို့တည်း။ ငါးဆဲ့ကိုးပါးသောစိတ်သည် လုလင်နှင့်တူ၏။ အလောဘစသောဟိတ်, သဒ္ဓါ, သတိ, စသော တရားတို့သည် ကောင်းမွန် ဆန်းကြယ် တင့်တယ် သော အဝတ်တန်ဆာ နံ့သာပန်း စသည်တို့နှင့် တူ၏။ အပြစ်ကင်းသော တင့်တယ်သော အလောဘစသည် သဒ္ဓါ,သတိ,စသည်တို့နှင့်ယှဉ်သည် ဖြစ်၍ စိတ်တို့၏ တင့်တယ်ခြင်းသည် နံ့သာပန်း အဝတ်တန်ဆာ စသည် တို့ဖြင့် ဆင်ယင် အပ်သည် ဖြစ်၍ လုလင်၏ တင့်တယ် ခြင်းနှင့် တူ၏ဟု ပမာပမည်း ဟပ်လေ။

အကုသိုလ်စိတ် အဟိတ်စိတ်တို့သည် **အဘယ်ကြောင့် အသောဘဏာ စိတ်မည်သနည်း** ဟူမူ။ အကုသိုလ် အဟိတ် နှစ်ပါးတွင် အဟိတ်စိတ် သည် ကောင်းမွန် ဆန်းကြယ် တင့်တယ်သော အဝတ်တန်ဆာ နံ့သာ ပန်း စသည်တို့ဖြင့် ဝတ်ဆင်ခြင်းမရှိ။ အမိမွေးဘွားတိုင်းသော ကိုယ်ဖြင့် တည်သောလုလင်သည် မတင့်တယ်သကဲ့သို့ အပြစ်ကင်းသော အလော ဘစသောဟိတ်၊တင့်တယ်သောသဒ္ဓါ,သတိ,စသော တရားတို့နှင့်မယှဉ် သည်ဖြစ်၍ တင့်တယ်သော ဂုဏ်မှကင်း ရကား မတင့်တယ် သော ကြောင့် အသောဘဏာ မည်သည်။ အကုသိုလ်စိတ် မူကား မစင်, ဆီး ချေး, သွေး, ပြည်, စသည်တို့ဖြင့် လိမ်းကပ်စွန်းငြိ တမြက်ချေး စွန်ရာ စသည်တို့၌ သူတပါးတို့ စွန့်ပစ်အပ် ရုတ်ပွဲပေါက်ပြတ် ညစ်ထပ် ဟောင်း နွမ်း ညှိနံ့သည်ဖြစ်၍ စက်ဆုပ် ရွံ့ရှာဘွယ် မတင့်တယ်သော အဝတ်ကို ဝတ်သော လုလင်သည် မတင့်တယ် သကဲ့သို့ သူတော် သူမြတ်တို့သည် မနှစ်သက်အပ် တဒင်္ဂ, ဝိက္ခမ္ဘနပဟာန် စသည်တို့ဖြင့် ထိုက်သည်အား လျော်စွာ စွန့်ပယ်အပ်သော အပြစ်နှင့် တကွဖြစ်သော လောဘ ဒေါသ စသောဟိတ်။အဟိရိကအနောတ္တပ္ပစသောတရားတို့နှင့်ယှဉ်သည်ဖြစ်၍ မတင့်တယ် သောကြောင့် အသောဘဏာ မည်သည် ဟူလေ။ **ရှေးနည်း ကိုမှီ၍ ဥပမာဥပမေယျ ဟပ်လေ။**

သောဘဏာ စိတ်၏ ရှေးဦးစွာ အသောဘဏာ စိတ်ကို ပြလိုသော ကြောင့် အကုသိုလ် စိတ်ကို ရှေးဦးစွာ ဆိုသည်ဟူ၏။ ယင်းသို့ အသော

ဘာဏစိတ်ကို ပြလိုသော် အပဲတ်စိတ် သည်လည်း အသေဘာဏာပင် ဖြစ်သောကြောင့် အပဲတ်စိတ်ကိုလည်း ရှေးဦးစွာပြရာ ပါသည်မဟုတ် လော။ထိုသို့လျှက် အဘာယ်ကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာ ပြလေ သနည်းဟူမူ။ အကုသိုလ်ကား အကြောင်း။ အကုသလ ဝိပါက် စသော အပဲတ်စိတ်ကား အကျိုးဖြစ်သည်။အကြောင်းအကျိုး နှစ်ပါးတွင်လည်း အကြောင်း ရှိသော်သာ အကျိုးဖြစ်သည်။ အကြောင်းမရှိဘဲ အကြောင်း နှင့်ကင်း၍ အကျိုးဖြစ်သော မည်သည်မရှိ။အကြောင်းပြီးနှင့်မှ အကျိုးဖြစ် သောကြောင့် အကြောင်းအကျိုး နှစ်ပါးတွင် အကျိုး၏ ရှေးဦးစွာ အ ကြောင်းကို ဆိုသင့် ဆိုထိုက် ရကား အပဲတ် စိတ်၏ ရှေးဦးစွာ အကု သိုလ်စိတ်ကို ပြဆိုပါသည် ဟူလေ။

လောဘမူစိတ်ကိုပြခြင်း

ထိုအကုသိုလ်စိတ် သည်လည်း အကုသိုလ်အဖြစ် အကုသိုလ်ဇာတ် အားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း မူလဘေဒ မူလအပြား အား ဖြင့် လောဘမူစိတ်, ဒေါသမူစိတ်, မောဟမူစိတ်,ဟု သုံးပါး ပြားသည်။ ထိုတွင် အစမထင် သံသရာကာလ၌ မည်သည့် တရားသာ ရှေးဦးစွာ ဖြစ်သည်ဟု ကိလေသာတို့၏ ဖြစ်စဉ်ကို မစိစစ်နိုင်မစိစစ်ထိုက်ကြောင်း ကို အဋ္ဌကထာတို့၌ ပြဆိုအပ်သော်လည်း။တခုသောဘဝ၌ ဖြစ်သင့်ဖြစ် ထိုက်သော ဇောစိတ်တို့တွင် ဘဝသစ်ကို တပ်နှစ်သက်တတ်သော ဘ ဝနိကန္တိ လောဘဇော စိတ်သာလျှင် ဇောစိတ် တကာတို့၏ ရှေးဦးစွာ ဖြစ်မြဲ ဖြစ်သောကြောင့် ဒေါသမူစိတ်, မောဟမူစိတ်, တို့၏ ရှေးဦးစွာ လောဘမူစိတ်,ကို ပြသည်။

[**လောဘမူစိတ်စသည်ဟူရာ၌**။ လောဘ,ဒေါသ,မောဟ,တို့ သည် လောဘ,စသည်သာ မမည်ဘဲ အဘာယ်ကြောင့် မူလမည် လေသနည်း ဟူမူ။ မူလမည်သော သစ်မြစ်နှင့် တူသောကြောင့် မူလ မည်ပါသည် ဟူလေ။ အဘာယ်ကြောင့်ကား သစ်မြစ်သည်

မူလမည်ရသနည်း။အဘယ်သို့ကား လောဘ,ဒေါသ,မောဟ,တို့ သည် သစ်မြစ်နှင့် တူသနည်းဟူမူ။မူလယတိပတိဋ္ဌာတိ ရုက္ခော ဧတ္ထာတိမူလံ-ဟူသည်နှင့်အညီ သစ်မြစ်သည် သစ်ပင်၏ မြဲမြံစွာ တည်ရာဖြစ်သောကြောင့် မူလမည်သည်။သစ်ပင်သည် သစ်မြစ် ၌တည်၍ စည်ပင် ခိုင်ပြီး ကြီးပွါး ပြန့်ပြော ခြင်းသို့ ရောက်သည် ဖြစ်၍ သစ်မြစ်သည် သစ်ပင်၏ စည်ပင် ခိုင်ပြီး ကြီးပွါး ပြန့်ပြော ခြင်း၏ အကြောင်း ဖြစ်သကဲ့သို့ လောဘမူစိတ် စသည်တို့ သည် လည်း လောဘ စသည်ကိုစွဲမှီ၍ စည်ပင် ခိုင်ပြီး ကြီးပွါး ပြန့်ပြော ခြင်းသို့ ရောက်ရကား လောဘသည် လောဘမူစိတ်၏, ဒေါသ သည် ဒေါသမူစိတ်၏, မောဟသည် အကုသိုလ်စိတ်၏ စည်ပင် ခိုင်ပြီး ကြီးပွါး ပြန့်ပြော ခြင်း၏ အကြောင်းဖြစ်သည်။ ဤသို့တူ သည်ဟူလေ။]

ဘဝနိကန္တိ လောဘဇောစိတ်သည် တရသော ဘဝဝယ် ဖြစ်သင့် သမျှသော ဇောစိတ်တကာတို့၏ ရှေးဦးစွာ ဖြစ်သည် ဟူရာ၌။ ထိုဘဝ နိကန္တိလောဘဇောသည် အဘယ်အခါ၌ ဖြစ်လေသနည်း ဟူမူ။ ကာမ, ရူပ,အရူပ,ဟူသော ဘုံသုံးပါး၌ ပဋိသန္ဓေ တည်နေသော အသညသတ် ဘုံ၌ ဖြစ်ခိုက်မှတပါး ခပ်သိမ်းသော ပုဂ္ဂိုလ်ဟူသမျှ တို့အား။ နည်းစွအ ဆုံး ပဋိသန္ဓေစိတ်နောင်ဘဝင်စိတ် တဆဲ့ငါးကြိမ်။မနောဒွါရာဝဇ္ဇန်းစိတ် တကြိမ်ဖြစ်ပြီးနောက် ပဋိသန္ဓေစိတ်က စ၍ရေသော် စိတ္တက္ခဏ တဆဲ့ ခုနစ်ချက် လွန်သည်၏ အခြားမဲ့ဖြစ်သော အခါ၌ ဖြစ်သည်ဟူလေ။

လောဘမူစိတ်သည်လည်း။။လောဘ-ဟူသော မူလရှိသည်၏ အဖြစ် တည်းဟူသော သာမညအားဖြင့်တပါးတည်းသာဖြစ်သော်လည်း လော ဘမူစိတ်၏ သောမနဿ, ဥပေက္ခာ, ဟူသော ဝေဒနာနှစ်ပါးတို့နှင့် ယှဉ် ခြင်းကြောင့် ယှဉ်သော ဝေဒနာအပြားအားဖြင့် သောမနဿ သဟဂုတ် စိတ် ဥပေက္ခာသဟဂုတ်စိတ်ဟူ၍ နှစ်ပါးပြား၏။ထိုနှစ်ပါးတို့တွင် တပါး တပါးသည်ပင် ဒိဋ္ဌိနှင့်ယှဉ်မယှဉ်အားဖြင့် နှစ်ပါးစီပြားပြန်သောကြောင့် သမ္ပယောဂ ဘေဒအားဖြင့် သောမနဿ သဟဂုတ်-ဒိဋ္ဌိဂတ သမ္ပယုတ်

စိတ်, သောမနဿသဟဂုတ်-ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်, ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်, ဥပေက္ခာသဟဂုတ်- ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်,ဟု လေးပါးပြား၏။ထိုလေးပါးတို့တွင် တပါးတပါးသည်ပင်တိုက်တွန်းခြင်း ပုဗ္ဗာဘိသင်္ခါရရှိမရှိ အပြားအားဖြင့် နှစ်ပါးစီပြားပြန်သောကြောင့် သင်္ခါ ရဘေဒအားဖြင့်သောမနဿသဟဂုတ်-ဒိဋ္ဌိဂတသမ္ပယုတ်-အသင်္ခါရိက စိတ်,၎င်းသသင်္ခါရိကစိတ်,စသောအားဖြင့် ၈စ်ပါးပြားလေသည်။

လောဘကူပမာကား။ လောဘသည် ရူးသွပ်သော ရောဂါနှင့် တူ၏။ လောဘမူစိတ်သည် ရူးသွပ်သောရောဂါ စွဲကပ်သော သူရူးနှင့်တူ၏။ ထို လောဘမူ စိတ်၏ ဇာဋ္ဌ,အနိဋ္ဌ,အာရုံ အလုံးစုံကို ဝိပလ္လာသ အားဖြင့် ဇာဋ္ဌ အခြင်းအရာ အားဖြင့်သာယူ၍ သောမနဿ သဟဂုတ်။ ၎င်းအာရုံကို မဇ္ဈတ္တာကာရ အားဖြင့်သာယူ၍ ဥပေက္ခာ သဟဂုတ် ဖြစ်ခြင်းသည် ထို သူရူး၏ ညှီနံ့ သိုးပုတ် စက်ဆုပ်ဖွယ်သောအစာ။ ထောပတ် ပျားသကာ, ငါး,အမဲ,စသော ချိုမြိန် ကောင်းမြတ်သောအစာတို့ကို အကောင်းချည်း သာထင်မှတ်၍နှစ်သက်ရွှင်လမ်းဝမ်းမြောက်စွာစားသုံးခြင်းဆိုးကောင်း ယုတ်မြတ်သော အစာဟူသမျှကို ဆိုးသည် ကောင်းသည်ဟုမသိ သတိ မပြု လျစ်လျူရှု၍ စားသုံးခြင်း တို့နှင့် တူ၏။ ၎င်းစိတ်၏ ဒိဋ္ဌိနှင့် ယှဉ်ခြင်း သည် သူရူး၏ ပဒိုင်း သီးကို စားမိသည်နှင့် တူ၏။ ဒိဋ္ဌိ စေတသိက်သည် ပဒိုင်းသီးနှင့်တူ၏။ ၎င်းစိတ်၏ ဒိဋ္ဌိနှင့်မယှဉ်ခြင်းသည် သူရူး၏ ပဒိုင်းသီး ကိုမစားဘဲ ရူးမြဲတိုင်းသာ တည်ခြင်းနှင့် တူ၏။ ၎င်းစိတ်၏ တိုက်တွန်း ခြင်း ပုဗ္ဗာဘိသင်္ခါရရှိ၍ သသင်္ခါရိက ဖြစ်ခြင်းသည်မြိမ်းချောက်မောင်းမဲ ခြင်း ပင့်ကြွ ချီးမြှောက်ခြင်း ဟူသော အကြောင်းကြောင့် သူရူး၏ အရူး ထ,ခြင်းနှင့်တူ၏။ ပုဗ္ဗာဘိသင်္ခါရမရှိ အသင်္ခါရိက ဖြစ်ခြင်းသည် မြိမ်း ချောက် မြှောက်ပင့်ခြင်း စသည်မရှိဘဲ အရူးထ,ခြင်းနှင့် တူ၏ ဤသို့ မှတ်လေ။

ဤလောဘမူစိတ်ကို ဝေဒနာဖြင့်မှတ်၍ သောမနဿ သဟဂုတံ, ဥပေက္ခာသဟဂုတံ, ဟူ၍၎င်း။ ဒိဋ္ဌိစေတသိက်ဖြင့် မှတ်၍ ဒိဋ္ဌိဂတသမ္ပ ယုတ္တံ,ဒိဋ္ဌိဂတဝိပ္ပယုတ္တံ,ဟူ၍၎င်းဆို၏။ ဤလောဘမူစိတ်သည် ဝေဒနာ ဒိဋ္ဌိတို့နှင့်သာ ယှဉ်သည် မဟုတ် ဤစိတ်၌ ဝေဒနာ ဒိဋ္ဌိတို့သာ ရှိသည်

မဟုတ် ယင်းတို့မှ တပါးကုန်သော ဖဿ, သညာ, စသော စေတသိက်, ဝိတက်,ဝိစာရ,စသော စေတသိက်, မောဟ,အဟိရိက,စသော စေတသိက်တို့နှင့်လည်း ယှဉ်ပါကုန်သည်။ ၎င်းတို့လည်းရှိပါကုန်သည်မဟုတ်လော။ ထိုသို့ယှဉ်ကုန် ရှိကုန်ခဲ့ကလည်း ထိုဖဿ,သညာ,စသော စေတသိက်တို့ဖြင့် မှတ်၍ အထူးပြု၍ ဖဿသဟဂတံ ဖဿသမ္ပယုတ္တံ စသည်ဖြင့်၎င်း။ ဝိတက်,ဝိစာရ,စသော ပကိဏ်းစေတသိက်တို့ဖြင့် အထူးပြု၍ ဝိတက္ကသဟဂတံ,ဝိတက္ကသမ္ပယုတ္တံ,စသည်ဖြင့်၎င်း။ မောဟ,အဟိရိက, စသော စေတသိက် တို့ဖြင့် အထူးပြု၍ မောဟသဟဂတံ, မောဟသမ္ပယုတ္တံ,စသည်ဖြင့်၎င်း ဆိုရာပါသည် မဟုတ်လော။ ထိုသို့လျက် အဘယ်ကြောင့် ဖဿ စသည်ဖြင့်မှတ်၍ ဖဿသဟဂုတ် အဖြစ် စသည်ကို မဆိုလေသနည်းဟူမူ။ ထိုဖဿ စသည်တို့တွင် ဖဿ,သညာ,စသော စေတသိက် ခြောက်ခုတို့သည် ဤလောဘမူ စိတ်နှင့်သာ ယှဉ်သည် ဆက်ဆံသည်မဟုတ်။ ရှိသမျှစိတ် ရှစ်ဆဲ့ ကိုးခု လုံးနှင့်ပင် ယှဉ်သည် ဆက်ဆံသည်။ ဝိတက်,ဝိစာရ,စသော ပကိဏ်းစေတသိက်ခြောက်ခု တို့လည်း ကုသိုလ် အဗျာကတ တို့နှင့်လည်း ယှဉ်သည် ဆက်ဆံသည်။ မောဟ စသော စေတသိက် လေးခုတို့လည်း အကုသိုလ်စိတ် တဆဲ့နှစ်ခုလုံးနှင့် ယှဉ်သည် ဆက်ဆံသည် ဖြစ်၍ ထိုဖဿစသော စေတသိက်, ဝိတက် စသော စေတသိက်, မောဟ စသော စေတသိက်, တို့ဖြင့် ဤလောဘမူစိတ်ကို အထူးပြုခြင်းငှါ မတတ်ကောင်း သောကြောင့် ဤလောဘမူစိတ်ကို ဖဿ စသည်ဖြင့် အထူးပြု၍ ဖဿသဟဂတံ စသည်၊ ဝိတက် စသည်ဖြင့် မှတ်၍ ဝိတက္ကသဟဂတံစသည် မောဟစသည်ဖြင့် မှတ်၍ မောဟသဟဂတံစသည် မဆိုလေသည်။

သောမနဿ, ဉပေက္ခာ, ဒိဋ္ဌိ, တို့မူကား အချို့သော လောဘမူစိတ်၌သာဖြစ်၍၊ အချို့၌ မဖြစ်သောကြောင့် သောမနဿ စသည်ဖြင့် မှတ်အပ်သည်ရှိသော် လောဘမူစိတ်၏ အထူးသည် အလွန် ထင်ရှား ရကား သောမနဿ, ဉပေက္ခာ, ဒိဋ္ဌိ, တို့ဖြင့် အထူးပြု၍ သောမနဿသဟဂတံ၊ စသည်ဟူ၍သာ မိန့်ဆိုလေသည် ဟူလေ။ ဤစောဒနာသောဓနာစကားရပ်များကို။

ကသ္မာ ပနေတ္ထ အညေသု ပိ ဖဿာဒိသမ္ပယုတ္တဓမ္မေသု ဝိဇ္ဇမာနေသု သောမနဿ သဟဂတာဒိဘာဝေါဝ ဝုတ္တောတိ၊ သောမနဿာဒိနမေဝ အသာဓာရဏဘာဝတော၊ ဖဿာဒယော ဟိ ကေစိ သဗ္ဗစိတ္တသာဓာရဏာ၊ ကေစိ ကုသလာဒိ သာဓာရဏာ၊ မောဟာဒယော စ သဗ္ဗာကုသလသာဓာရဏာတိ နတေဟိ သက္ကာ စိတ္တံ ဝိသေသေတုံ။ သောမနဿာဒယော ပန ကတ္ထစိ စိတ္တေ ဟောန္တိ ကတ္ထစိ န ဟောန္တီတိ ပါကဋ္ဌောဝ တံ ဝသေန စိတ္တဿ ဝိသေသော။ ဟူ၍ရင်း။ ။တသ္မာ အတ္တနော အနုရူပကာရဏဝသေန နေသံ ဥပ္ပဇ္ဇနတော ကတ္ထစိ စိတ္တေယေဝ သမ္ဘဝေါတိ သက္ကာ ဧတေဟိ စိတ္တဿ ဝိသေသောပညာပေတုန္တိ။ ဧဝဉ္စ ကတွာ နေသံ သတိပိ မောဟဟေတုကဘာဝေ လောဘသဟဂတဘာဝေါဝ နိဂမေ ဝုတ္တော။ ဟူ၍ရင်း ဆိုသော **ဋီကာကျော်ဆရာ၏အလိုအားဖြင့်ပြဆိုလိုက်သည်။**

ပန၊ စေဒနာဖွယ်ကိုပယ်ဦးအံ့။ ဧတ္တ၊ ဤလောဘမူစိတ်၌။ အညေသု၊ သောမနဿ ဥပေက္ခာ ဒိဋ္ဌိမှ တပါးကုန်သော။ ဖဿာဒိသမ္ပယုတ္တဓမ္မေသု၊ ဖဿ အစရှိသော သမ္ပယုတ် တရား တို့သည်။ ဝိဇ္ဇမာနေသုပိ၊ ရှိကုန်လျှင်းလျက်လည်း။ သောမနဿ သဟဂတာဒိဘာဝေါ၊ သောမနဿ သဟဂုတ် အစရှိသည်၏ အဖြစ်ကိုသာလျှင်။ ကသ္မာ၊ အဘယ်ကြောင့်။ အာစရိယေန၊ အရှင်အနုရုဒ္ဓါဆရာသည်။ ဝုတ္တော၊ ဆိုတော်မူအပ်သနည်း။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာ ခြင်းတည်း။ သောမနဿာဒိနမေဝ၊ သောမနဿ စသည် တို့၏ သာလျှင်။ ဝ၊ သောမနဿ ဥပေက္ခာ ဒိဋ္ဌိတို့၏ သာလျှင်။ အသာဓာရဏဘာဝတော၊ တပါးသော စိတ်တို့နှင့် မဆက်ဆံသည်၏ အဖြစ်ကြောင့်။ သောမနဿသဟဂတာဒိဘာဝေါ၊ ကိုသာလျှင်။ ဝုတ္တော၊ ၏။ ဖဿသဟဂတာဒိဘာဝေါ၊ဖဿ သဟဂုတ် အစရှိသည်၏ အဖြစ်ကို။ နဝုတ္တော၊ဆိုတော်မမူအပ်။ဟိဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ဖဿာဒယော၊ ဖဿစသော စေတသိက်တို့သည်။ကေစိ၊ အချို့ကုန်သော ဝေဒနာမှတပါးသော သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့သည်။ သဗ္ဗစိတ္တသာဓာရဏာ၊ အလုံးစုံသောစိတ် ၈စ်ဆဲ့ကိုးခုတို့နှင့် ဆက်ဆံကုန်၏။ ကေစိ၊ အချို့ကုန်သော ဝိတက်စသော ပကိဏ်းစေတ

သိက်ခြောက်ခုတို့သည်။ကုသလာဒိသာဓာရဏာ၊ကုသိုလ်စိတ် စသည် တို့နှင့် ဆက်ဆံကုန်၏။ မောဟာဒယောစ၊ မောဟ အစရှိသော။ ဝါ၊ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, စေတသိက် လေးခု တို့သည် လည်း။ သဗ္ဗာကုသလသာဓာရဏာ၊ အလုံးစုံသော အကုသိုလ် စိတ် တဆဲ့နှစ်ခုတို့နှင့် ဆက်ဆံကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေဟိ၊ထို ဖဿစသော ဝိတက် စသော မောဟ စသော စေတသိက်တို့ဖြင့်။ ဝိရတ္တံ၊ လောဘမူစိတ်ကို။ ဝိသေသေတုံ၊ တပါးသောစိတ်တို့မှ အထူးပြုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ပန၊ အလျှော်ကိုဆိုအံ့။သောမနဿာဒယော။ သောမနဿ စသည်တို့သည်။ ဝါ၊ သောမနဿ ဥပေက္ခာဒိဋ္ဌိ တို့သည်။ ကတ္ထစိစိတ္တေ၊ အချို့သောစိတ်၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတ္ထစိစိတ္တေ၊ ၌။ နဟောန္တိ၊ ကုန်။ ဣတိတသ္မာ၊ ကြောင့်။ တံဝသေန၊ ထိုသောမနဿ, ဥပေက္ခာ, ဒိဋ္ဌိ, တို့၏အစွမ်းဖြင့်။ ဝိတ္တဿ၊ လောဘမူစိတ်၏။ ဝိသေသော၊ တပါးသော စိတ်တို့မှ အထူးသည်။ ဝါ၊ ဒေါသမူ မောဟမူ စိတ်တို့မှ အထူးသည်။ ပါကဋောဝ၊ ထင်ရှားသည်သာလျှင်။ ဟောတိ၊ ၏။ အတ္တနော၊ မိမိဟူသော သောမနဿ, ဥပေက္ခာ, ဒိဋ္ဌိ, အား။ အနုရူပကာရဏ ဝသေန၊ လျော်သောအကြောင်း၏ အစွမ်းဖြင့်။ နေသံ၊ ထိုသောမနဿ, ဥပေက္ခာ, ဒိဋ္ဌိ, တို့၏။ တသ္မာဉပ္ပန္နတော၊ ထိုသို့ဖြစ်ခြင်းကြောင့်။ ကတ္ထစိစိတ္တေယေဝ၊ အချို့သော စိတ်၌ သာလျှင်။ နေသံ၊ ထိုသောမနဿ စ သည်တို့၏။ သမ္ဘဝေါ၊ဖြစ်သင့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဧတေဟိ၊ ထိုသောမနဿ စသည်တို့ဖြင့်။ ဝိတ္တဿ၊လောဘမူ စိတ်၏။ ဝိသေသော၊ ဒေါသမူ မောဟမူစိတ်တို့မှ အထူးသည်။ ပညာပေ တုံ၊ အပြားအားဖြင့် သိစေခြင်းပြုခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ ဣတိ တသ္မာ၊ ကြောင့်။ သောမနဿ သဟဂတာဒိဘာဝေါဝ၊ ကိုသာလျှင်။ ဝုတ္တော၊ ၏။ ဖဿသဟဂတာဒိဘာဝေါ၊ ကို။ နဝုတ္တော၊ အပ်။ ဧဝဉ္စ ကတွာ၊ ဤသို့တပါးသော စိတ်တို့နှင့် မဆက်ဆံသော သောမနဿ စ သည်တို့ဖြင့်သာ လောဘမူစိတ်၏ တပါးသော စိတ်တို့မှ။ ဝါ၊ ဒေါသမူ မောဟမူစိတ်တို့မှ အထူးကို အပြားအားဖြင့် သိစေခြင်း ပြုခြင်းငှါ တတ် ကောင်းသည်၏ အဖြစ်, တပါးသော စိတ်တို့နှင့် ဆက်ဆံသော ဖဿ

စသည့်တို့ဖြင့် လောဘမူစိတ်၏တပါးသောစိတ်တို့မှ အထူးကို မသိစေနိုင် မပြနိုင်သည်၏ အဖြစ်ကြောင့်။ နေသံ၊ ထိုလောဘမူစိတ်တို့၏။ မောဟဟေတုကဘာဝေ၊ မောဟဟိတ် ရှိသည်၏ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ လောဘသဟဂတဘာဝေါ၊ လောဘသဟဂုတ်အဖြစ်ကိုသာလျှင်။ နိဂမေ၊ နိဂုမ်း၌။ ဝုတ္တော၊ လောဘသဟဂတစိတ္တာနီဟူ၍ဆိုတော်မူအပ်၏။

မဏိမဉ္ဇူ၌သည်း။ ကေစိကုသလာဒိ သာဓာရဏာတိ ဣဒံ ဝိတက္ကာဒယော ပကိဏ္ဏကေ သန္ဓာယာဟ။ စသည် ဟူ၍ရင်း။ ။သက္ကာဒေတေဟိ စိတ္တသ ဝိသေသောပညာပေတုံ-ဟူသော ဋီကာကို၊ဧတေဟိသော မနသာဒီဟိ လောဘမူလဿစိတ္တဿ ဝိသေသော ဒေါသမူလ မောဟမူလစိတ္တေဟိ ဝိသဒိသတာပညာပေတုံ နာနပ္ပကာရတော ဇာနာပေတုံ ဒဿေတုံဝါ သက္ကာ သက္ကုဏေယျာ။ ။ဟူ၍ရင်း ဋီကာကျော်ဆရာ၏ အလိုအာဘော်အတိုင်း ကျအောင်သာ ဘွင့်ပြတော်မူ၏။ ဋီကာကျော် စကား၏ သင့်မသင့်ကို စိစစ်တော်မမူ။

အကယ်၍ ဋီကာကျော်ဆရာဆိုသည့်အတိုင်း ဖဿစသည် ဝိတက်စသည် မောဟစသည်တို့၏ လောဘမူစိတ်မှ တပါးသောစိတ် ကုသိုလ်စသော စိတ်တို့နှင့် ဆက်ဆံခြင်း ယှဉ်ခြင်းကြောင့်။ ၎င်းစေတသိက်တို့ဖြင့်မှတ်၍၊ ဖဿသဟဂတံစသည်, ဝိတက္ကသဟဂတံစသည်, မောဟသဟဂတံစသည်ဖြင့် လောဘမူစိတ်ကို တပါးသောစိတ်တို့မှ အထူးပြုခြင်းငှါ မတတ်ကောင်းသည်ဟူပြောအံ့။ ဖဿစသည်တို့သာ လောဘမူမှတပါးသောစိတ် ကုသိုလ်စသော စိတ်တို့နှင့်ဆက်ဆံသည် ယှဉ်သည် မဟုတ်၊ ဖဿ စသည့်ကဲ့သို့ပင် သောမနဿ ဥပေက္ခာတို့ သည်လည်း လောဘမူမှတပါးသောစိတ်၊ ကုသိုလ်စသောစိတ်တို့နှင့် ဆက်ဆံသည် ယှဉ်သည်ပင်ဖြစ်ရကား ဖဿစသည်ဖြင့်မှတ်၍ ဖဿသဟဂတံစသည်, ဝိတက်စသည်ဖြင့်မှတ်၍ ဝိတက္ကသဟဂတံစသည်, မောဟစသည်ဖြင့်မှတ်၍ မောဟသဟဂတံစသည်, ဟူ၍ လောဘမူစိတ်ကို အထူးပြုခြင်းငှါမတတ်ကောင်းသကဲ့သို့။ သောမနဿဥပေက္ခာတို့ဖြင့်မှတ်၍ သောမ

နသဿသဟဂတံ ဥပေက္ခာသဟဂတံ ဟူ၍လည်း အထူးပြုခြင်း၌မတတ်ကောင်းရာ။ ထိုသို့မတတ်ကောင်းကလည်း ပါဠိအဋ္ဌကထာတို့၌ လောဘမူစိတ်ကို သောမနဿသဟဂတံ ဥပေက္ခာသဟဂတံ ဟူ၍ ယင်းတို့ဖြင့် အထူးပြု၍ မဟောမပြရာ။ ပြကား ပြတော်မူ ကြသည်ဖြစ်၍ ဖဿသဟဂတံ စသည်ဖြင့်မှတ်၍ လောဘမူစိတ်ကို အထူးမပြုရာ၌။ အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံခြင်း, ယှဉ်ခြင်း, ဟူသောအကြောင်း။ ဝိတက်စသည်ဖြင့်မှတ်၍ ဝိတက္ကသဟဂတံ စသည်ဖြင့် အထူးမပြုရာ၌။ ကုသိုလ်စသည်တို့နှင့် ဆက်ဆံခြင်း ယှဉ်ခြင်း ဟူသော အကြောင်း။ မောဟ စသည်ဖြင့်မှတ်၍ မောဟသဟဂတံ စသည်ဖြင့် အထူးမပြုရာ၌ အလုံးစုံသောအကုသိုလ်စိတ်တို့နှင့် ဆက်ဆံခြင်းယှဉ်ခြင်းဟူသော အကြောင်းတို့ကိုပြဆိုသောယခင် **နိကာဓကျော်၌**။ဖဿာဒယောပဟိ ကေစိ သဗ္ဗစိတ္တသာဓာရဏာ။ကေစိကုသလာဒိသာဓာရဏာ။မောဟာဒယောစ သဗ္ဗာကုသလသာဓာရဏာတိ နတေဟိ သက္ကာစိတ္တံ ဝိသေသေတုံ-ဟူသော စကားသည် လောဘမူစိတ်၌ လောဘ, မောဟ, ဟူသော ဟိတ်နှစ်ပါး ရှိလျက် မောဟသည် လောဘမူစိတ်မှ တပါးသော ဒေါသမူ မောဟမူ စိတ်တို့နှင့်လည်း ဆက်ဆံခြင်း ယှဉ်ခြင်းကြောင့် လောဘမူစိတ်ကို မောဟဖြင့်မှတ်၍ လောဘမူစိတ်၏ နိဂမ်း၌ ဣမာနိ အဋ္ဌပိ မောဟသဟဂတစိတ္တာနိဟုမဆိုဘဲ လောဘသာလျှင် လောဘမူစိတ်မှတပါး အခြားစိတ်နှင့် မဆက်ဆံ သောကြောင့်။ လောဘဖြင့်သာ မှတ်၍ လောဘသဟဂတစိတ္တာနိ- ဟုဆိုသော အဋ္ဌကထာကို ထောက်မြဲ၍ ဆိုသော စကားပင် ဖြစ်သော်လည်း။ အဋ္ဌကထာ ဆရာ၏ အလိုတော် ကျမည် မထင်။

[လောဘမူစိတ်မှ တပါးသော စိတ်တို့နှင့် ယှဉ်နိုင်ကြခြင်း အတူတူသာ ဖြစ်ပါလျက် သောမနဿဥပေက္ခာ တို့ဖြင့် အထူးပြုသင့်ကြောင်းကိုခွင့်ပြု၍ ဖဿစသည်, ဝိတက်စသည်, မောဟ စသည်, တို့ဖြင့် အထူးမပြုသင့်ဟု မြစ်သောကြောင့် မိမိစကားပင် ရှေ့နောက်မညီ ဆန့်ကျင်ရာခဲ့သည်။ သဘာဝဏ္ဏ အားဖြင့် မှားယွင်း၏ ဟူ၍ အထူးပင် အပြစ် မဆိုလောက် သော်လည်း

ပါဠိအဋ္ဌကထာ တို့နှင့် ညီအောင် ရှေ့နောက်လည်း မဆန့်ကျင် ရအောင် ဆိုမှသာလျှင် သာ၍သင့်မြတ်ရာသည်။]

သင်္ခေပဝဏ္ဏနာဋီကာ၌လည်း။ ဤလောဘမူ စိတ်၌ ဖဿ စသော တရား တို့လည်း ရှိပါကုန်လျက် ယင်းတို့ဖြင့် မှတ်၍ လောဘမူ စိတ်၏ ဖဿ သဟဂုတ် အဖြစ် စသည်ကိုမဆိုမူ၍ သောမနဿ စသည် တို့ဖြင့် သာမှတ်၍ သောမနဿသဟဂုတ်အဖြစ်စသည်ကိုသာ အဘယ်ကြောင့် ဆိုလေသနည်းဟု မေးဦး၍ ဖဿစသည်တို့၏ အလုံးစုံသော အကုသိုလ် စိတ်တို့နှင့်ဆက်ဆံသည်၏ အဖြစ်ကြောင့် ယင်းတို့ဖြင့်မှတ်၍ ဖဿသဟ ဂုတ်အဖြစ် စသည်ကိုမဆိုဘဲ သောမနဿ စသည်တို့၏သာ အချို့သော အကုသိုလ်စိတ်၌ ဖြစ်ခြင်းကြောင့် ယင်းတို့ဖြင့်မှတ်၍ သောမနဿသဟ ဂုတ်အဖြစ် စသည်ကိုသာ ဆိုသင့်ကြောင်းကို။

အညေသုပိ ဖဿာဒိ သမ္ပယုတ္တ ဓမ္မေသု ဝိဇ္ဇမာနေသု ကသ္မာ သော မနဿာဒိဟေဝ သောမနဿသဟဂတာဒိဘာဝေါ ဝုတ္တောတိ။ဖဿာဒိ နံသဗ္ဗာကုသလသာဓာရဏတ္တာ ဝုတ္တော။ သောမနဿာဒယော ပါ ကတ္ထစိ အကုသလေ ပဝတ္တာ။တသ္မာ တေဟေဝ သောမနဿ သဟဂ တာဒိဘာဝေါဝုတ္တောတိ-ဟု ဆိုတော်မူ၏။

> [ဤဋီကာ၌လည်း ဖဿစသည်တို့သည် အလုံးစုံသော အကု သိုလ်စိတ်တို့နှင့်ဆက်ဆံသောကြောင့် ယင်းတို့ဖြင့်မှတ်၍ ဖဿ သဟဂတံ စသည်ဖြင့် မဆိုသင့်ဟု ပြဆိုသော ဖဿာဒိနံသဗ္ဗာ ကုသလသာဓာရဏတ္တာ- ဟူသော စကားသည်လည်း အလို တော်နှစ်ပါးနှင့် ညီမည်မထင်။]

အညေသု၊သောမနဿစသည်မှတပါးကုန်သော။ဖဿာဒိသမ္ပယုတ္တ ဓမ္မေသု၊ ဖဿ စသော သမ္ပယုတ်တရားတို့သည်။ ဝိဇ္ဇမာနေသုပိ၊ ရှိကုန် လျှင်းသော်လည်း။ကသ္မာ၊အဘယ်ကြောင့်။သောမနဿာဒိဟေဝ၊သော မနဿစသည်တို့ဖြင့်သာလျှင်။သောမနဿသဟဂတာဒိဘာဝေါ၊သော မနဿသဟဂုတ်စသည်၏အဖြစ်ကို။ဝုတ္တော၊ဆိုအပ်သနည်း။ဣတိအယံ၊ ဤသည်ကား။စောဒနာ၊စောဒနာခြင်းတည်း။ဖဿာဒိနံ၊ဖဿစသော စေ

တသိက် တို့၏။ သဗ္ဗာ ကုသလ သာဓာရဏတ္တာ၊ အလုံး စုံသော အကု
သိုလ် စိတ်တို့နှင့် ဆက်ဆံသည့်၏ အဖြစ်ကြောင့်။ ဖဿသဟဂတာဒိ
ဘာဝံ၊ ဖဿသဟဂုတ် စသည့်၏အဖြစ်ကို။ အဝတွာ၊ မဆိုမူ၍။ သောမ
နဿသဟဂတာဒိဘာဝေါ၊ ကို။ ဝုတ္တော၊၏။ ဟိ၊ ချဲ့ဦးအံ့။ သောမနဿာ
ဒယော၊ တို့သည်။ ကတ္ထစိအကုသလေ၊ အချို့သော အကုသိုလ် စိတ်၌။
ယသ္မာ၊ အကြင့်ကြောင့်။ ပဝတ္တာ၊ဖြစ်ကုန်၏။ တသ္မာ၊ ထိုသို့သောမနဿ
စသည် တို့၏ အချို့သော အကုသိုလ် စိတ်၌သာ ဖြစ်သည့်၏ အဖြစ်
ကြောင့်။ တေဟေဝ၊ ထိုသောမနဿ စသည်တို့ဖြင့်သာလျှင်။ သောမ
နဿသဟဂတာဒိဘာဝေါ၊ကို။ဝုတ္တော၊၏။ဣတိအယံ၊ကား။ပရိဟာရော၊
အဖြေတည်း။

ငါတို့အကျိုက်ကား။ ကသ္မာပနေတ္ထ အညေသုပိ ဖဿာဒိသမ္ပယုတ္တ
ဓမ္မေသု ဝိဇ္ဇမာနေသု ဖဿသဟဂတာဒိဘာဝံ အဝတွာ သောမနဿ
သဟဂတာဒိဘာဝေါဝ ဝုတ္တောတိ။ သောမနဿာဒိနမေဝ အသာဓာရ
ဏဘာဝတော။ ဖဿာဒယော ဟိ သဗ္ဗလောဘမူလ သာဓာရဏာတိ
ဖဿသဟဂတန္တိ အာဒိနာ တေသံ ဖဿသဟဂတာဒိဘာဝေ ဝုတ္တေ
သဗ္ဗေသမ္ပိလောဘမူလာနံ ဖဿသဟဂတာဒိ ဘာဝသာမညေန နအညာ
မညဝိသေသတာ ဘာဝေယျာတိ နဖဿသဟဂတာဒိ ဘာဝေါ ဝုတ္တော။
သောမနဿာဒယော ပန ကတ္ထစိ စိတ္တေ ဟောန္တိ၊ ကတ္ထစိနဟောန္တီတိ
ပါကဋ္ဌောဝ တံဝသေန စိတ္တာသ အညမည ဝိသေသော။ သောမနဿ
သဟဂတန္တိ ဟိ ဝုတ္တေ တသ ဥပေက္ခာသဟဂတတော ပါကဋ္ဌောဝ
ဝိသေသော။ ဥပေက္ခာ သဟဂတန္တိစ သောမနဿ သဟဂတတော,
ဒိဋ္ဌိဂတသမ္ပယုတ္တန္တိ ဒိဋ္ဌိဂတဝိပ္ပယုတ္တတော, ဒိဋ္ဌိဂတဝိပ္ပယုတ္တန္တိ ဒိဋ္ဌိ
ဂတသမ္ပယုတ္တတောတိ။ဤသို့ဆိုလို၏။

ပန၊စေဒနာဘွယ်ကို ပယ်ဦးအံ့။ဧတ္ထ၊ဤလောဘမူစိတ်၌။ အညေသု၊
သောမနဿဥပေက္ခာဒိဋ္ဌိတို့မှ တပါးကုန်သော။ ဖဿာဒိသမ္ပယုတ္တဓမ္မေ
သု၊တို့သည်။ဝိဇ္ဇမာနေသုပိ၊လျက်လည်း။ ဖဿသဟဂတာဒိဘာဝံ၊ဖဿ
သဟဂုတ် စသည့်၏အဖြစ်ကို။ အဝတွာ၊ မဆိုမူ၍။ သောမနဿသဟဂ
တာဒိဘာဝေါဝ၊ကိုသာလျှင်။ ကသ္မာ၊ကြောင့်။ ဝုတ္တော၊နည်း။ဣတိအယံ၊

ကား။စေဒနာ၊တည်း။ သောမနဿာဒိနံဝေ၊ သောမနဿ စသည်တို့၏
သာလျှင်။ ဝါ၊ သောမနဿဥပေက္ခာ ဒိဋ္ဌိတို့၏သာလျှင်။ အသာဓာရဏာ
ဘာဝတော၊ လောဘမူစိတ် အားလုံးတို့နှင့် မဆက်ဆံသည့်၏ အဖြစ်
ကြောင့်။ သောမနဿသဟဂတာဒိဘာဝေါ၊ ကိုသာလျှင်။ ပုတ္တော၊၏။
ဟိဝိတ္တာရေမိ၊အံ့။ဖဿာဒယော၊ဖဿအစရှိသော စေတသိက်တို့သည်။
ဝါ၊ ဖဿအစရှိသော အညသမာန်း စေတသိက် သဗ္ဗာကုသလ သာဓာ
ရဏာစေတသိက်တို့သည်။သဗ္ဗလောဘမူလသာဓာရဏာ၊အလုံးစုံသော
လောဘမူစိတ် ၈စ်ခုတို့နှင့် ဆက်ဆံကုန်၏။ ဣတိတသ္မာ၊ထိုသို့ဝေဒနာမှ
တပါး ဖဿအစရှိသော အညသမာန်းစေတသိက်၊မောဟစသော သဗ္ဗာ
ကုသလသာဓာရဏာ စေတသိက်တို့၏လောဘမူစိတ်၈စ်ခုလုံးနှင့် ဆက်
ဆံသည့်၏ အဖြစ်ကြောင့်။ ဖဿသဟဂတ န္တိ အာဒိနာ၊ ဖဿသဟဂတံ
ဤသို့ စသည်ဖြင့်။ တေသံ၊ ထိုလောဘမူ စိတ်တို့၏။ ဖဿသဟဂတာဒိ
ဘာဝေ၊ ဖဿသဟဂုတ် စသည့်၏ အဖြစ်ကို။ ဝုတ္တေ၊ ဆိုအပ်သည့်ရှိ
သော်။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ လောဘမူလာနံ၊လော
ဘမူ စိတ်တို့၏။ ဖဿသဟဂတာဒိဘာဝသာမညေန၊ ဖဿသဟဂုတ်
စသည့်၏ အဖြစ်ဖြင့် တူသည့်၏ အဖြစ်ကြောင့်။ အညမညဝိသေသတာ၊
အချင်းချင်း တပါးသည့် တပါးမှ ထူးသည့်၏ အဖြစ်သည်။ နဘဝေယျ၊
မဖြစ်ရာ။ ဣတိတသ္မာ၊ ထိုသို့လောဘမူစိတ်၏ ဖဿသဟဂုတ် စသော
အဖြစ်ကို ဆိုခဲ့က အလုံးစုံဖဿသဟဂုတ်စသည်ချည်းသာဖြစ်၍ အချင်း
ချင်း တပါးသည့်တပါးမှ မထူးသည့်၏ အဖြစ်ကြောင့်။ဖဿဘဟဂတာ
ဒိဘာဝေါ၊ဖဿသဟဂုတ်စသည့်၏အဖြစ်ကို။နဝုတ္တော၊ဆိုတော်မမူအပ်။
ပန၊အလျော်ကိုဆိုအံ့။သောမနဿာဒယော၊သောမနဿ အစရှိသည်တို့
သည်။ဝါ၊သောမနဿဥပေက္ခာဒိဋ္ဌိတို့သည်။ကတ္ထစိလောဘမူလစိတ္တေ၊
အချို့သောလောဘမူစိတ်၌။ဟောန္တိ၊ဖြစ်ကုန်၏။ ကတ္ထစိ၊အချို့သောဘမူ
စိတ်၌။နဟောန္တိ၊မဖြစ်ကုန်။ ဣတိတသ္မာ၊ထိုသို့သောမနဿဥပေက္ခာဒိဋ္ဌိ
တို့၏အချို့လောဘမူစိတ်၌သာဖြစ်၍ အချို့လောဘမူစိတ်၌မဖြစ်သည့်၏
အဖြစ်ကြောင့်။တံဝသေန၊ထိုသောမနဿဥပေက္ခာဒိဋ္ဌိတို့၏ အစွမ်းဖြင့်။
စိတ္တသ၊လောဘမူစိတ်၏။အညမညဝိသေသော၊တပါး၏တပါးမှအထူး

သည်။ ပါကဋောဝ၊ ထင်ရှားသည်သာလျှင်။ဟောတိ၊၏။ ဟိသဒ္ဒါ၊၏။ဝါ၊ ဟိဝိတ္ထာရေမိ၊အံ့။ သောမနဿ သဟဂတန္တိ၊ သောမနဿ သဟဂတံ ဟူ၍။ဝုတ္တေ၊သောမနဿ သဟဂုတ်အဖြစ်ကို ဆိုအပ်သည်။သတိ၊သော်။ တသ္မိ၊ထိုသောမနဿသဟဂုတ် လောဘမူစိတ်၏။ဥပေက္ခာသဟဂတတော၊ ဥပေက္ခာသဟဂုတ် လောဘမူစိတ်မှ။ ဝိသေသော၊ အထူးသည်။ ပါကဋောဝ၊ထင်ရှားသည်သာလျှင်။ဟောတိ၊၏။ ဥပေက္ခာသဟဂတန္တိ စ၊ ဥပေက္ခာသဟဂတံ ဟူ၍လည်း။ ဝုတ္တေ၊ ဥပေက္ခာသဟဂုတ်အဖြစ်ကို ဆိုအပ်သည်။ သတိ၊ သော်။ တသ္မိ၊ ထိုဥပေက္ခာသဟဂုတ် လောဘမူစိတ်၏။ သောမနဿ သဟဂတတော၊ သောမနဿသဂုတ် လောဘမူစိတ်မှ။ ဝိသေသော၊သည်။ ပါကဋောဝ၊သာလျှင်။ ဟောတိ၊၏။ ဒိဋ္ဌိဂတသမ္ပယုတ္တန္တိ၊ ဟူ၍။ ဝုတ္တေ၊ ဒိဋ္ဌိဂတသမ္ပယုတ် အဖြစ်ကို ဆိုအပ်သည်။ သတိ၊သော်။တသ္မိ၊ထိုဒိဋ္ဌိဂတသမ္ပယုတ် လောဘမူစိတ်၏။ ဒိဋ္ဌိဂတဝိပ္ပယုတ္တတော၊မှ။ဝိသေသော၊သည်။ပါကဋောဝ၊သာလျှင်။ဟောတိ၊၏။ ဒိဋ္ဌိဂတဝိပ္ပယုတ္တန္တိ၊ဟူ၍။ ဝုတ္တေ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်အဖြစ်ကို ဆိုအပ်သည်။ သတိ၊သော်။တသ္မိ၊ထိုဒိဋ္ဌိဂတဝိပ္ပယုတ် လောဘမူစိတ်၏။ ဒိဋ္ဌိဂတသမ္ပယုတ္တတော၊မှ။ဝိသေသော၊သည်။ပါကဋောဝ၊သာလျှင်။ဟောတိ၊၏။ဣတိ တသ္မာ၊ထိုသို့သောမနဿဝေဒနာစသည်၏ အချို့သောလောဘမူစိတ်၌ သာဖြစ်၍ သောမနဿသဟဂုတ်အဖြစ် စသည်ကို ဆိုသော် လောဘမူစိတ်၏ အချင်းချင်း ထူးသည်၏ အဖြစ်၏ ထင်ရှား ခြင်းကြောင့်။ သောမနဿ သဟဂတာဒိဘာဝေါ၊ကို။ ဝုတ္တော၊၏။ ဣတိအယံ၊ ကား။ ပရိဟာရော၊တည်း။

ဤလောဘမူစိတ်၌ သောမနဿ,ဥပေက္ခာ,ဒိဋ္ဌိ,တို့သာ ရှိသည်ယှဉ်သည်မဟုတ်၊ ယင်းတို့မှ တပါးကုန်သော ဖဿစသော စေတသိက် တို့သည်လည်း ရှိပါယှဉ်ပါ ကုန်သည်သာ မဟုတ်လော။ ထိုသို့ရှိပါ ယှဉ်ပါကုန်လျက် အဘယ်ကြောင့် ထိုဖဿ စသည် တို့ဖြင့် မှတ်၍ လောဘမူစိတ်၏ ဖဿသဟဂုတ်စသော အဖြစ်ကိုမဆိုမူ၍ သောမနဿဥပေက္ခာ ဒိဋ္ဌိတို့ဖြင့်သာမှတ်၍ သောမနဿသဟဂုတ်ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အဖြစ်တို့ကိုသာ ဆိုလေသနည်းဟူမူ။ဖဿ

စသော စေတသိက်တို့၏ လောဘမူစိတ် ၇စ်ခုလုံးနှင့်ယှဉ်ခြင်း ဆက်ဆံခြင်းကြောင့်။ ထိုဖဿစသည်ဖြင့်မှတ်၍ လောဘမူစိတ်၏ ဖဿသဟဂတံ စသည်ဖြင့် ဖဿသဟဂုတ် စသည်၏အဖြစ်ကို ဆိုအပ်သည်ရှိသော် ၇စ်ခုလုံးပင် ဖဿသဟဂုတ် စသည်ချည်းသာ ဖြစ်ချေရကား လောဘမူစိတ်၏ အချင်းချင်း တပါးသည် တပါးမှ ထူးသည်၏ အဖြစ်သည် မဖြစ်ရာသောကြောင့် ထိုဖဿ စသည်တို့ဖြင့် မှတ်၍ လောဘမူစိတ်၏ ဖဿသဟဂုတ်အဖြစ် စသည်ကို ဆိုတော်မမူသည်။

သောမနဿ စသည်တို့မူကား လောဘမူစိတ် အချို့၌သာ ဖြစ်၍ အချို့၌မဖြစ်ခြင်းကြောင့်၇စ်ခုလုံးနှင့်မယှဉ်မဆက်ဆံလေရကား သောမနဿဖြင့်မှတ်၍ သောမနဿသဟဂတံဟု သောမနဿသဟဂုတ်အဖြစ်ကိုဆိုသည်ရှိသော် ထိုသောမနဿသဟဂုတ်လောဘမူစိတ်၏ဥပေက္ခာသဟဂုတ် လောဘမူမှ ထူးသည်၏အဖြစ် ဥပေက္ခာဖြင့်မှတ်၍ ဥပေက္ခာသဟဂုတ် အဖြစ်ကို ဆိုကလည်း ထိုဥပေက္ခာ သဟဂုတ် လောဘမူ၏ သောမနဿသဟဂုတ် လောဘမူမှထူးသည်၏ အဖြစ်။ ဒိဋ္ဌိဖြင့်မှတ်၍ ဒိဋ္ဌိဂတသမ္ပယုတ်အဖြစ်ကိုဆိုသော်၊ ထိုဒိဋ္ဌိဂတသမ္ပယုတ်လောဘမူ၏ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘမူမှ ထူးသည်၏ အဖြစ်။ ဒိဋ္ဌိဂတဝိပ္ပယုတ် အဖြစ်ကို ဆိုသော်၊ ထိုဒိဋ္ဌိဂတဝိပ္ပယုတ်လောဘမူ၏ ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူ စိတ်မှထူးသည်၏ အဖြစ်သည် ထိသာထင်ရှားသည်သာဖြစ်သောကြောင့် သောမနဿ စသည်ဖြင့်သာ မှတ်၍ သောမနဿသဟဂုတ် အဖြစ် စသည်ကိုသာဆိုသည် ဟူလေ။ ဤသို့ယူမှ မြတ်စွာဘုရား အလိုတော် အဋ္ဌကထာဆရာတို့ အလိုတော်ကျမည်ထင်ပေသည်။

စောဒနာဘွယ်ရာရှိသည်ကို ဆက်လက်ပြဆို ဖြေကြား လိုက်ဦးအံ့။ အကယ်၍ သောမနဿ, ဥပေက္ခာ, ဒိဋ္ဌိ, တို့သည် အချို့လောဘမူ၌သာ ဖြစ်၍ ၇စ်ခုလုံးနှင့် မဆက်ဆံသောကြောင့်။ ယင်းတို့ဖြင့်မှတ်၍ လောဘမူစိတ်၏ သောမနဿသဟဂုတ် ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အဖြစ်တို့ကို ဆိုသည်ဟူခဲ့မူ။ ဤသောမနဿ စသည်တို့သာ လောဘမူစိတ် အချို့၌သာဖြစ်၍ ၇စ်ခုလုံးနှင့် မဆက်ဆံသည် မဟုတ်။ ပီတိ, ထိန, မိဒ္ဓ, မာန, တို့သည်လည်း လောဘမူအချို့၌သာဖြစ်

၍ ၅စ်ခုလုံးနှင့်မဆက်ဆံ။ ။**ထိုတွင်ပီတိသည်** လောဘမူသောမနဿ သဟဂုတ်၌သာ ဖြစ်သည့် ဥပေက္ခာသဟဂုတ်၌ မဖြစ်။ ထိနမိဒ္ဓ သည် သသင်္ခါရိက၌သာ ဖြစ်သည့် အသင်္ခါရိက၌မဖြစ်။ မာနသည်လည်း ဒိဋ္ဌိ ဂတဝိပ္ပယုတ်၌သာ ဖြစ်သည့် ဒိဋ္ဌိဂတသမ္ပယုတ်၌ မဖြစ်ရကား။ လော ဘမူစိတ်၅စ်ခုလုံးနှင့် မဆက်ဆံသောကြောင့်။ ပီတိဖြင့်မှတ်၍ ပီတိသမ္ပ ယုတ္တံဟုဆိုသည်ရှိသော် ထိုပီတိသမ္ပယုတ်လောဘမူ၏ ဥပေက္ခာသဟ ဂုတ်လောဘမူမှ ထူးသည်၏ အဖြစ်။ ထိနမိဒ္ဓတို့ဖြင့်မှတ်၍ ထိနမိဒ္ဓသမ္ပ ယုတ္တံဟုဆိုသည်ရှိသော် သသင်္ခါရိကလောဘမူ၏ အသင်္ခါရိကလောဘ မူမှ ထူးသည်၏ အဖြစ်။ မာနဖြင့်မှတ်၍ မာနသမ္ပယုတ္တံဟု ဆိုသည်ရှိ သော် ထိုမာနသမ္ပယုတ်လောဘမူ၏ ဒိဋ္ဌိဂတသမ္ပယုတ်မှ ထူးသည်၏ အဖြစ်သည် ထင်ရှားရာ သောကြောင့် လောဘမူစိတ်၏ ပီတိသမ္ပယုတ် အဖြစ်, ထိနမိဒ္ဓသမ္ပယုတ်အဖြစ်, မာနသမ္ပယုတ်အဖြစ်, ကိုလည်းဆိုသင့် ရာပါသည်မဟုတ်လော။ ထိုသို့လျက်အဘယ်ကြောင့် လောဘမူစိတ်၏ ပီတိသမ္ပယုတ်အဖြစ်, ထိနမိဒ္ဓသမ္ပယုတ်အဖြစ်, မာနသမ္ပယုတ်အဖြစ်,ကို မပြမဆိုလေသနည်းဟူမူ။ ပီတိသည် သောမနဿနှင့် မကွေမကွာသာ ဖြစ်ရကား အကြင်စိတ်၌ ပီတိဖြစ်၏ ထိုစိတ်၌ သောမနဿ မဖြစ်သော မည်သည်မရှိ၊ ဖြစ်သည်သာ။ သောမနဿဖြစ်သောစိတ်ဟူသမျှ၌သော် ကား ပီတိမဖြစ်နိုင်။ စတုတ္ထဈာန်စိတ်တဆဲ့တခု၌ သောမနဿသာဖြစ်၍ ပီတိမဖြစ်သောကြောင့် သောမနဿသည် ပီတိထက် အရေးကျယ်သည် ဖြစ်၍ သောမနဿသဟဂုတ် အဖြစ်ကိုဆိုက ပီတိသမ္ပယုတ် အဖြစ်ကို လည်းဆိုသည်ပင် မည်ရကား လောဘမူစိတ်၏ ပီတိသမ္ပယုတ် အဖြစ် ကို အသီးမဆိုလေသည်။

ထိနမိဒ္ဓမာနတို့မူကား။ မိမိတို့နှင့် ယှဉ်သင့်သော စိတ်နှင့် အမြဲယှဉ် ခြင်းရှိသော နိယတယောဂီစေတသိက်,မိမိတို့ယှဉ်သင့်သောစိတ်၌ အမြဲ ယှဉ်ခြင်းမရှိ အကြောင်းအား လျော်စွာ ရံခါသာ ယှဉ်သော အနိယတ ယောဂီစေတသိက်, အားဖြင့် နှစ်မျိုးသော စေတသိက်တို့တွင်။ အနိယ တယောဂီဖြစ်သောကြောင့် ထိနမိဒ္ဓသည် သသင်္ခါရိကလောဘမူ၌ယှဉ် သည်ပင်ဖြစ်သော်လည်း။မိမိတို့ဖြစ်ထိုက်သောအကြောင်းအားလျော်စွာ

အချို့ သသင်္ခါရိက စိတ်၌သာ ယှဉ်၍ အချို့ သသင်္ခါရိက၌ မယှဉ်သော ကြောင့်။ ဒိဋ္ဌိဖြင့်မှတ်ရာ၌ ဒိဋ္ဌိဂတသမ္ပယုတ္တံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ-ဟု ယှဉ် မယှဉ် နှစ်ပါးဆိုသကဲ့သို့ ထိနမိဒ္ဓတို့ဖြင့် မှတ်ရာ၌လည်း ထိနမိဒ္ဓသမ္ပ ယုတ္တံ, ထိနမိဒ္ဓဝိပ္ပယုတ္တံ-ဟု ယှဉ်မယှဉ် နှစ်ပါး ဆိုရာချေရကား ထိန မိဒ္ဓသမ္ပယုတ္တံ-ဟု ဆိုသည် ရှိသော် လောဘမူ အသင်္ခါရိက သည်ရင်း။ ထိန,မိဒ္ဓ,နှင့် မယှဉ်သော လောဘမူ သသင်္ခါရိက အချို့သည်ရင်း။ ထိန မိဒ္ဓဝိပ္ပယုတ် အဖြစ်ဖြင့် ကြွင်းကျန်သည်ဖြစ်၍ လောဘမူ သသင်္ခါရိက၏ အသင်္ခါရိကမှ ထူးသည်အဖြစ်သည် မဖြစ်ရာသောကြောင့် လောဘမူ စိတ်၏ ထိနမိဒ္ဓသမ္ပယုတ်အဖြစ်။ ထိနမိဒ္ဓဝိပ္ပယုတ်အဖြစ်ကို မပြမဆိုလေ သည်။

မာနသည်လည်း။ အဟမေဝသေယျော၊ ငါသာမြတ်၏ဟု မှတ်ထင် စွဲယူတတ်သည်။ ဒိဋ္ဌိသည်လည်း ဣဒမေဝသစ္စံ၊ မောဃမညံ။ ငါ၏ အ ယူဝါဒသာမှန်သည်၊ သူတပါးတို့အယူဝါဒကားမမှန်လေ၊ အမှားတစေ သာဖြစ်၍ အချည်းနှီးသာဟု မှတ်ထင် စွဲယူတတ်သည်ဖြစ်၍ အခြေလေး ချောင်း သားအပေါင်းတို့၏ မှင်းဖြစ်သော *ခြင်္သေ့ လေးမျိုးတွင် ကေ သရာမျိုးဖြစ်သော ခြင်္သေ့သည် တခုတည်းသောဂူ၌ နှစ်စီးပြိုင်၍ အတူ မနေသကဲ့သို့ရင်း။ အဓိပတိတရား လေးပါး တို့သည် တခုတည်းသော စိတ္တုပ္ပါဒ်၌ နှစ်ပါးပြိုင်၍ အဓိပတိကိစ္စ မတပ်ကောင်း သကဲ့သို့ရင်း။ ထို ဒိဋ္ဌိ, မာန, တို့သည် တခုတည်းသောစိတ်၌ နှစ်ပါးပြိုင်၍ မဖြစ်ကောင်း မယှဉ်ကောင်းရကား၊ မာနသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌မယှဉ်နိုင် ဒိဋ္ဌိ ဂတဝိပ္ပယုတ်၌သာယှဉ်သည်။ ထိုသို့ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့် ယှဉ်သည်ပင် ဟူသော်လည်း ၎င်းဝိပ္ပယုတ် ဖြစ်တိုင်း မာနယှဉ်သည် မဟုတ်၊ မိမိဖြစ် ထိုက်သော အကြောင်းအားလျော်စွာ အချို့ဝိပ္ပယုတ်၌သာ ယှဉ်၍ အချို့ ဝိပ္ပယုတ်၌ မယှဉ်သောကြောင့် ဒိဋ္ဌိမာနတို့ဖြင့်မှတ်၍ ဒိဋ္ဌိဂတသမ္ပယုတ္တံ မာနသမ္ပယုတ္တံ၊ ဟုဆိုသည်ရှိသော်၊ ဒိဋ္ဌိဂတသမ္ပယုတ္တံဖြင့် ဒိဋ္ဌိနှင့်ယှဉ် သော လောဘမူစိတ်ကို။ မာနသမ္ပယုတ္တံဖြင့် ဒိဋ္ဌိနှင့်မယှဉ်သော လော ဘမူစိတ် အချို့ကိုသာ ယူနိုင်သည် ဖြစ်၍၊ ဒိဋ္ဌိနှင့်လည်း မယှဉ် မာနနှင့်

---

* (ခြင်္သေ့လေးမျိုးကား) တိဏသီဟ။ကာဠသီဟ။ပဏ္ဍုသီဟ။ကေသရသီဟ။

၁။ ဇာ္ဈာမဂ္ဂရုံလည်းတပါး။
၂။ ဥပေက္ခာနှင့်ယှဉ်သော ပဋိသန္ဓေ ရှိသည်၏အဖြစ်တည်းဟူသော ဥပေက္ခာ ပဋိသန္ဓေလည်းတပါး။
၃။ နက်နဲသော သဘောရှိသော သဘောနက်သော သဘောကြီးသော၊ သဘောပြည့်သောသူ၏ အဖြစ်လည်းတပါး ဤသုံးပါးတည်း။

ရူပါရုံစသော ငါးပါးသော အာရုံ ကာမဂုဏ်တို့၏ ပြည့်စုံခြင်းသည် လောဘမူ သောမနဿ ဖြစ်ခြင်း၏ အကြောင်း၊ မပြည့်စုံ ခြင်းသည် ဥပေက္ခာဖြစ်ခြင်း၏အကြောင်း **ဤသို့လည်းမှတ်လေ။**

ဤအရာ၌ အချို့သော ဆရာ တို့သည် သောမနဿ ဖြစ်ခြင်း၏ အကြောင်း သုံးပါးလုံးစုံလင်မှ လောဘမူ သောမနဿဖြစ်သည်။တပါးပါးချို့သော်မဖြစ် ဥပေက္ခာသာဖြစ်သည်။ ဥပေက္ခာ ဖြစ်ခြင်း၏ အကြောင်း သုံးပါးစုံလင်မှ ဥပေက္ခာဖြစ်သည်။ တပါးပါးချို့သော်မဖြစ်။သောမနဿသာဖြစ်သည်ဟုဆိုကုန်၏။ ထိုဆရာတို့၏စကားကိုမမှတ်အပ်။ အဘယ်ကြောင့် မမှတ်အပ် သနည်း ဟူမူ။ အကယ်၍ သောမနဿ ဥပေက္ခာတို့သည် မိမိတို့ ဖြစ်ထိုက်သော အကြောင်း စုံလင်မှသာဖြစ်၍ တပါးပါးချို့တဲ့ခဲ့သော် မဖြစ်သည်ဖြစ်အံ့။ဥပေက္ခာဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့အား သောမနဿ ဖြစ်ခြင်း၏ အကြောင်း သုံးပါးတွင် သောမနဿ ပဋိသန္ဓေဟူသော အကြောင်းတပါးသည် အမြဲချို့ချေသောကြောင့် အသက်ထက်ဆုံးပင် သောမနဿမဖြစ်ကောင်းရာပြီ။သောမနဿဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့အားလည်း ဥပေက္ခာ ဖြစ်ခြင်း၏ အကြောင်း သုံးပါးတွင် ဥပေက္ခာပဋိသန္ဓေ ဟူသော အကြောင်းတပါးသည် အမြဲချို့တဲ့ချေသောကြောင့် တသက်လုံးပင် ဥပေက္ခာမဖြစ်နိုင်ရာပြီ၊ထို့ကြောင့် မမှတ်အပ်ဟူလေ။

ဒိဋ္ဌိသဥ္ပါသည် သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ, နှစ်ပါးကို ဟောနိုင်သည်။ ဤဒိဋ္ဌိဂတသမ္ပယုတ္တံ၌လည်း မိစ္ဆာဒိဋ္ဌိ,သမ္မာဒိဋ္ဌိ,ဟု အထူးမဆိုသောကြောင့် ဒိဋ္ဌိနှစ်ပါးလုံးနှင့် ဆက်ဆံသည်ပင် ဖြစ်သော်လည်း။ အကုသိုလ်စိတ် တို့ကို ပြဆိုသောအရာဖြစ်၍ အရာအားလျော်စွာ မိစ္ဆာဒိဋ္ဌိကိုယူလေ။

မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းကား အဘယ်နည်းဟူမူ

၁။ ဖောက်ပြန် မှားယွင်းသော အမြင်အယူရှိသော ပုဂ္ဂိုလ်ကို။အယူကိုနှစ်သက်သော အားဖြင့် ပေါင်းဖော်ဖက်စပ် ဆည်းကပ် မှီဝဲခြင်းလည်း တပါး။

၂။ သဿတ အယူ ဥစ္ဆေဒ အယူလျှင် တည်ရာ ရှိသော ပုဂ္ဂိုလ် အဖြစ်လည်းတပါး ဤနှစ်ပါးတည်း။

ခပ်သိမ်းသော ဒိဋ္ဌိတို့သည် ခြောက်ဆဲ့နှစ်ပါးသောဒိဋ္ဌိတို့၌ ဝင်သည်ချည်းသာ ခြောက်ဆဲ့နှစ်ပါးမှ အလွတ်မရှိ ဟူ၍ရင်း။ ခြောက်ဆဲ့ နှစ်ပါးတွင်လည်း ခုနစ်ပါးသာဥစ္ဆေဒဒိဋ္ဌိ၊ကြွင်းသောဒိဋ္ဌိ ငါးဆဲ့ငါးပါးတို့ကား သဿတဒိဋ္ဌိချည်းသာ ဟူ၍ရင်း။သီလက္ခန်ပြဟ္မဇာလသုတ် အဋ္ဌကထာ၌ဆိုသောကြောင့် သဿတ,ဥစ္ဆေဒ နှစ်ပါးဖြင့် အလုံးစုံ ဒိဋ္ဌိ ဟူသမျှကိုယူနိုင်သည်ဖြစ်၍သက္ကာယဒိဋ္ဌိနှစ်ဆယ်။အကိရိယ,အဟေတုက,နတ္ထိက, ဒိဋ္ဌိသုံးပါးတို့နှင့်တကွ ခြောက်ဆဲ့နှစ်ပါးတွင် အမှတ်မဲ့တပါးပါးလျှင် မှီရာရှိသည်၏ အဖြစ်သည်ပင် မိစ္ဆာဒိဋ္ဌိ ဖြစ်ခြင်း၏ အကြောင်း ဖြစ်၏။ ဤနှစ်ပါးတို့ကား မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းသာ။ အင်္ဂါမဟုတ်ဟုမှတ်။ အင်္ဂါကား ဒုစရိုက်တို့၏ အင်္ဂါကို ပြသောအရာ၌ ထင်ရှားလတ္တံ့။

လျောက်ပတ်သောဥတု, ဘောဇဉ်,အိပ်ရာ,နေရာ, ကိုယ်၏ ကျန်းခန့်ခြင်း အစရှိသည်သည် **အသင်္ခါရိက ဖြစ်ခြင်း၏ အကြောင်း**။ မလျောက်ပတ်သော ဥတု, ဘောဇဉ်, စသည်သည် **သသင်္ခါရိက ဖြစ်ခြင်း၏ အကြောင်းမည်၏**။

ပဌမလောဘမူစိတ်စသည်ဖြစ်ပုံကိုပြခြင်း

လောဘမူ စိတ်တို့၏ သောမနဿ စသည်တို့နှင့် ယှဉ်၍ ဖြစ်ဟန်အချင်းအရာကိုပြဦးအံ့။သတ္တဝါတို့သည် သေလျှင်တဘန်အသစ် ပဋိသန္ဓေနေခြင်းမရှိပြီ ပျောက်ပျက် ကင်းပြတ်လေတော့သည်ဟု တမလွန်လောကကို ပယ်၍ ကာမဂုဏ်တို့ကို သုံးဆောင် ခံစားခြင်း၌ အပါယ်လားကြောင်း မကောင်းမှု အပြစ်မည်သည် မရှိဟူ၍ရင်း။အကြင်ကြောင့် မေ

ထုန်အကျင့်ကို ကျင့်သဖြင့် သားသမီးရသော သားသမီး၏ မျက်နှာကို မြင်ရသော သူသည် စိုးရိမ် ကင်းပျောက် နတ်ရွာ နိဗ္ဗာန်သို့ ရောက်၏။ ထို့ကြောင့် အမိန္ဒပင်သော်လည်း မေထုနသံဝါသကို ကျင့်ခြင်း၌ အပြစ်မရှိ နတ်ရွာ နိဗ္ဗာန်သို့ ရောက်ကြောင်းသာ ဖြစ်သည်ဟူ၍၎င်း။ မိန္တာဒိဗ္ဗိကိုပဓာနပြု၍ နှစ်သက်ရှင်လမ်း ဝမ်းမြောက်စွာ ထိနမိဒ္ဓ စသည် ကင်းသဖြင့် မကောင်းမှုကို ပြုခြင်း၌ တွန့်တို ဆုတ်နစ် ခြင်းသို့ မရောက်သောကြောင့် မိမိသည်၎င်း, သူတပါးသည်၎င်း, တိုက်တွန်ခြင်းမှ ကင်းသော သဘောအားဖြင့် ထက်သန်သောစိတ်ဖြင့် အကြင်အခါ ကာမဂုဏ်တို့ကို သုံးဆောင်ခံစား၏။ ပုဏ္ဏားတို့အား ရွှေကိုခိုးယူသော်သာ အပြစ်ရှိသည်။ ရွှေမှတပါးသော ဥစ္စာပစ္စည်းကို ခိုးယူသော် အပြစ်မရှိ ဟူ၍၎င်း, ဆရာမိဘတို့၏၎င်း, မိမိ၏၎င်း, အသက်ဟူသော အကျိုး၌ မုသား ဆိုသော် အပြစ်မရှိ။ တပါးအကျိုး၌ ဆိုသော်သာ အပြစ်ရှိသည် ဟူ၍၎င်း,ဆရာမိဘ စသည် တို့၏ အကျိုး၌ ဂုံးချောသော စကားကို ဆောင်သော် အပြစ်မရှိ။ သူတပါးတို့ အကျိုး၌ ဆောင်သော်သာ အပြစ်ရှိသည် ဟူ၍၎င်း။ သိဘာမင်းသမီးကို ဒသဂိရိခိုးယူခြင်းစသော အစီအစဉ်ကို ဆိုရာဖြစ်သော ရာမဇာတ်, ဤနောင်ဇာတ်, မွေနွန်းဇာတ်, ဒေဝကုမ္ဘန်ဇာတ်, အစရှိသော ရုပ်သေး ဇာတ်သဘင်၊ ပြသ, ပောပြောခြင်း၌ စီရင် ရေးသား ပြုလုပ်အပ်သော ဇာတ်ဝတ္ထုတို့ကို ပြသ,ပြောဟော ကြားနာခြင်းသည် အကုသိုလ် ငြိမ်းခြင်း ဟူသော အကျိုး၌သာ ဖြစ်သည် အပြစ်မရှိ ဟူ၍၎င်း စွဲယူ၏။ကောင်းသော မင်္ဂလာရှိသော အာရုံကို မြင်ကြား တွေ့သိရခြင်း, ကောင်းသော အိပ်မက်ကို မြင်မက်ခြင်း စသည်သည် စည်းစိမ်ဥစ္စာ ရာထူး ဌာနန္တရ သုခစီးပွါး များပြား တိုးတက်ခြင်း စသည်၏ အကြောင်း ဖြစ်သော ကုသိုလ်ကံ အကျိုးပေးမည့်ကြောင့် ဖြစ်သည်။ မကောင်းသော မင်္ဂလာမရှိသော အာရုံကို မြင်ကြား တွေ့သိရခြင်း, မကောင်းသော အိပ်မက်ကို မြင်မက်ရခြင်း, အစရှိသည်သည် စည်းစိမ် အသက်ပျက်စီးဆုတ်ယုတ်ဆင်းရဲခြင်း၏အကြောင်းဖြစ်သောမကောင်းမှုအကုသိုလ်ကံ အကျိုးပေးမည့်ကြောင့်ဖြစ်သည်ဟု ပုဗ္ဗနိမိတ်၏ အဖြစ်ဖြင့် မယူမူ၍ ကောင်းသော အာရုံနှင့်တွေ့ကြုံရခြင်း, ကောင်းသောအိပ်

မက်ကိုမြင်မက်ခြင်းသည်ပင် ပွါးစီးတိုးတက်ကြီးမြင့် ချမ်းသာကြောင်း ဖြစ်၏။မကောင်းသောအာရုံနှင့် တွေ့ကြုံရခြင်း,မကောင်းသောအိပ်မက်ကို မြင်မက်ခြင်း သည်ပင် ဆုတ်ယုတ်ဆင်းရဲ ပျက်စီးကြောင်း ဖြစ်၏ဟု အဟုတ်အဟတ် ယုံမှတ်စွဲယူ၏။ထိုအခါသောမနသ္သသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက ပဌမ လောဘမူစိတ် ဖြစ်၏။

အကြင်အခါ ပြဆိုခဲ့ပြီးသည့်အတိုင်း မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပဓာနပြု၍ နှစ်သက်ရွှင်လမ်းစွာ ထိနမိဒ္ဓ စသည်တို့၏ အစွမ်းဖြင့် မကောင်းမှုကို ပြုခြင်း၌ တွန့်တိုဆုတ်နစ်ခြင်းသို့ ရောက်သဖြင့် မိမိသည်၎င်း, သူတပါးတို့သည်၎င်း,နှိုးဆော် တိုက်တွန်းအပ်သော နုန့်နှေး လေးလံသော စိတ်ဖြင့် ကာမဂုဏ်တို့ကိုသော်လည်း သုံးဆောင်ခံစား၏။ ဒိဋ္ဌမင်္ဂလာစသည်တို့ကိုသော်လည်း အဟုတ်အမှန်အားဖြင့် ယုံကြည်စွဲယူ၏။ ထိုအခါသောမနသ္သသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက ဒုတိယ လောဘမူစိတ် ဖြစ်၏။

အကြင်အခါ မိစ္ဆာဒိဋ္ဌိကို ရှေ့သွား ပဓာန မပြုဘဲ နှစ်သက်ရွှင်လမ်းစွာ သဘော အားဖြင့် ထက်သော တိုက်တွန်းခြင်း ကင်းသော စိတ်ဖြင့် မေထုနသံဝါသကို သော်လည်းပြု၏။သူတပါးဥစ္စာကို သော်လည်း မိမိသို့ရှေ့ရှု ညွတ်စေသော အားဖြင့်ကြံ၏။ သူတပါးတို့ ဥစ္စာကို ခိုးယူခြင်း, မုသားဆိုခြင်း, ချောပစ် ဂုံးတိုက်ခြင်း, အနက် အကျိုး မရှိသော ဇာတ်ဝတ္ထုတို့ကို ပြသ,ပြောဟောခြင်း, စသည်ကို သော်လည်းပြု၏။ ထိုအခါသောမနသ္သသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက တတိယ လောဘမူစိတ်ဖြစ်၏။

အကြင်အခါ ပြဆိုခဲ့သည့်အတိုင်း မိစ္ဆာဒိဋ္ဌိကို ရှေ့သွား မပြုဘဲ နှစ်သက်ဝမ်းသာ နုန့်နှေးလေးလံသောစိတ်ဖြင့် မေထုနသံဝါသအမှု စသည်ကိုပြု၏။ ထိုအခါသောမနသ္သသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက စတုတ္ထလောဘမူစိတ်ဖြစ်၏။

ခံစားသုံးဆောင်အပ်သော ကာမဂုဏ်၏ မပြည့်စုံခြင်း, သူတပါးတို့၏ဥစ္စာကိုခိုးယူရာ ရည်ရွယ်တိုင်းသောဥစ္စာမှတပါးသော အခြားပစ္စည်းဥစ္စာကိုသာရခြင်း, ဣဋ္ဌမဇ္ဈတ္တာရုံနှင့် တွေ့ကြုံခြင်း, ဥပေက္ခာ သဟဂုတ်

စိတ်ဖြင့် ပဋိသန္ဓေ နေခြင်း, နက်နဲသော သဘော ရှိခြင်း, ဟူသော အ ကြောင်း တို့ကြောင့် ပြဆိုခဲ့ပြီးသော လေးပါးသော ကာလ အထူးတို့၌ အကြွင်းအခါဥပေက္ခာဝေဒနာနှင့်ယှဉ်၏။ထိုအခါဒိဋ္ဌိနှင့်ယှဉ်မယှဉ် တိုက် တွန်းခြင်းရှိမရှိအစဉ်အားဖြင့်ကြွင်းသော လောဘမူ ပဉ္စမ,ဆဋ္ဌ,သတ္တမ, အဋ္ဌမ,စိတ်တို့သည်ဖြစ်ကုန်၏။**ဤသို့ဖြစ်ဟန်အခြင်းအရာကိုသိလေ။**

လောဘမူစိတ်တို့၏အဖြစ်အကြီးအလေးကိုပြခြင်း

ဤလောဘမူစိတ်ရှစ်ခုတို့တွင်။သောမနဿသဟဂုတ်ထက်ဥပေက္ခာ သဟဂုတ်သည် ဗလဝတရဖြစ်၏။ ဒိဋ္ဌိဂတဝိပ္ပယုတ်ထက် ဒိဋ္ဌိဂတသမ္ပ ယုတ်သည် ဗလဝတရဖြစ်၏။သသင်္ခါရိကထက် အသင်္ခါရိကသည် ဗလ ဝတရဖြစ်၏။ ထို့ကြောင့် စတုတ္ထစိတ်ထက် တတိယစိတ်သည် ဗလဝ တရဖြစ်၏။တတိယစိတ်ထက် အဋ္ဌမစိတ်သည် ဗလဝတရဖြစ်၏။အဋ္ဌမ စိတ်ထက် သတ္တမစိတ်သည် ဗလဝတရဖြစ်၏။သတ္တမစိတ်ထက် ဒုတိယ စိတ်သည် ဗလဝတရဖြစ်၏။ဒုတိယစိတ်ထက် ပဌမစိတ်သည် ဗလဝတ ရဖြစ်၏။ ပဌမစိတ်ထက် ဆဋ္ဌစိတ်သည် ဗလဝတရဖြစ်၏။ ဆဋ္ဌစိတ် ထက် ပဉ္စမစိတ်သည် ဗလဝတရဖြစ်၏။ ဤလောဘမူစိတ်တို့၏ ဆင့်ကဲ ဆင့်ကဲ တပါးထက်တပါး အဖြစ်ကြီးသည် လေးသည်၏အဖြစ်ကို ပြဆို သော ဤစကားတို့ကို။

ဣမေသုပန အဋ္ဌသု လောဘမူလစိတ္တေသု သောမနဿသဟဂတ တော ဥပေက္ခာသဟဂတံ ဗလဝတရံ။ ဒိဋ္ဌိဂတဝိပ္ပယုတ္တတော ဒိဋ္ဌိဂတ သမ္ပယုတ္တံ။သသင်္ခါရိကတော အသင်္ခါရိကံ ဗလဝတရံ-ဟူ၍ဝှင်း။

ဣတိ စတုတ္ထ စိတ္တတော တတိယစိတ္တံ ဗလဝတရံ။ တတော အဋ္ဌမ စိတ္တံ။တတော သတ္တမစိတ္တံ တတော ဒုတိယစိတ္တံ တတော ပဌမစိတ္တံ တ တော ဆဋ္ဌစိတ္တံ တတော ပဉ္စမစိတ္တန္တိ ဧဝမိမေသံ ဗလဝတရ ဘာဝေါ ဝေဒိတဗ္ဗော။ဟူ၍ဝှင်းလာသော မဏိမဉ္ဇူအတိုင်း ပြဆိုသည်။

ပန၊လောဘမူစိတ်ရှစ်ခုတို့၏တပါးထက်တပါး အားရှိလွန်ကဲသည်၏ အဖြစ်တည်းဟူသောအဖြစ်ကြီးသည်လေးသည်၏အဖြစ်ကိုပြလိုက်ဦးအံ့။

အဓ္မသုံ၊ ၇စ်ပါး ကုန်သော။ ရူမေသုလောဘမူလစိတ္တေသု၊ ဤလောဘမူ စိတ်တို့တွင်။ သောမနဿသဟဂတတော၊ သောမနဿသဟဂုတ်ထက်။ ဥပေက္ခာသဟဂတံ၊ သည်။ ဗလဝတရံ၊ အားရှိ မြတ်၏။ အထူးသဖြင့် အားရှိ၏။ ဒိဋ္ဌိဂတဝိပ္ပယုတ္တတော၊ ထက်။ ဒိဋ္ဌိဂတသမ္ပယုတ္တံ၊ သည်။ ဗလဝတရံ၊ ၏။ သသင်္ခါရိကတော၊ ထက်။ အသင်္ခါရိကံ၊ သည်။ ဗလဝတရံ၊ ၏။ ။ဣတိတသ္မာ၊ ထို့ကြောင့်။ စတုတ္ထစိတ္တတော၊ လေးခုမြောက်ဖြစ်သော သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်သသင်္ခါရိကစိတ်ထက်။ တတိယစိတ္တံ၊ သုံးခုမြောက်ဖြစ်သော သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်သည်။ ဗလဝတရံ၊ ၏။ တတော၊ ထိုတတိယမြောက် ဖြစ်သော စိတ်ထက်။ အဋ္ဌမစိတ္တံ၊ ၇စ်ခုမြောက်ဖြစ်သော ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်သည်။ဗလဝတရံ၊ ၏။ တတော၊ ထိုအဋ္ဌမ စိတ်ထက်။ သတ္တမစိတ္တံ၊ ခုနစ်ခုမြောက်ဖြစ်သော ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်သည်။ ဗလဝတရံ၊ ၏။ တတော၊ ထိုသတ္တမစိတ်ထက်။ ဒုတိယစိတ္တံ၊ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက ဖြစ်သော နှစ်ခုမြောက်သောစိတ်သည်။ ဗလဝတရံ၊ ၏။ တတော၊ ထိုဒုတိယ စိတ်ထက်။ ပဌမစိတ္တံ၊ ရှေးဦးစွာသော သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်သည်။ ဗလဝတရံ၊ ၏။ တတော၊ ထိုပဌမစိတ်ထက်။ ဆဋ္ဌစိတ္တံ၊ ခြောက်ခုမြောက် ဖြစ်သော ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်သည်။ ဗလဝတရံ၊ ၏။ တတော၊ ထိုဆဋ္ဌစိတ်ထက်။ ပဉ္စမစိတ္တံ၊ ငါးခုမြောက် ဖြစ်သော ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်သည်။ ဗလဝတရံ၊ ၏။ ဣတိဧဝံ၊ ဤသို့။ ဣမေသံ၊ ဤလောဘမူစိတ် ၇စ်ခု တို့၏။ ဗလဝတရဘာဝေါ၊ တပါးထက် တပါး ဆင့်ကဲ အလွန်အကြူးအထူးအားဖြင့်အားကြီးသည့်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊၏။

ငါတို့ ကျေးဇူးရှင် ဖြစ်သော **အရှင်နန္ဒိယ မည်သော နောင်ကြီးဆိုင်ဆရာတော်သည်လည်း။** လောဘသေးသော လောဘနည်းသော သူ

(ဆောင်ပုဒ်ဂါထာ) စတုတ္ထာ တတိယံ စိတ္တံ၊ တတော အဋ္ဌမသတ္တမံ။
ဒုတိယံ ပဌမံ ဆဋ္ဌံ၊ ဗလဝံ ဟောတိ ပဉ္စမံ။

သည့် သူတပါးတို့ဥစ္စာကို ခိုးယူသောအခါ စသည်၌ အနည်းငယ်သော ဥစ္စာပစ္စည်းကိုပင် ရသော်လည်း နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်သည်။ လောဘကြီးသော လောဘပြောသော လောဘဇော အကြိမ်အခါများ စွာဖြစ်ခြင်း ရှိသောသူသည် အနည်းငယ်သော ဥစ္စာပစ္စည်းကိုရသော်၊ ရောင့်ရဲတင်းတိမ်ခြင်းမရှိ နှစ်သက်အားယမ်း ဝမ်းမြောက်ခြင်းမဖြစ်နိုင်။ လောဘဇော အကြိမ်များစွာဖြစ်ကလည်း ထိုလောဘသည် တပါးအား တပါး အာသေဝန, ဥပနိဿယ, အားဖြင့် ကျေးဇူးပြုသည်ဖြစ်၍ ဗလဝ တရမဟာသာဝဇ္ဇ ဖြစ်ရကား၊ ဤလောဘမူ စိတ်အရာ၌ သောမနဿ သဟဂုတ်ထက် ဥပေက္ခာသဟဂုတ်သည် သာလွန်၍ အပြစ်ကြီးသည် ဟုဆိုတော်မူ၏။

နိယတ မိစ္ဆာဒိဋ္ဌိကံသည် အကုသိုလ်ကံ ဟူဟူသမျှတို့ထက်ပင် အလွန် အပြစ်ကြီးသည်။ ထိုနိယတ မိစ္ဆာဒိဋ္ဌိ အယူကိုလည်း ဤဒိဋ္ဌိ ဂတသမ္ပယုတ်စိတ်ဖြင့်သာ ယူရကား၊ ဒိဋ္ဌိဂတသမ္ပယုတ်သည် ဒိဋ္ဌိဂတ ဝိပ္ပယုတ်ထက် မဟာသာဝဇ္ဇဖြစ်သည်။

လောဘမူစိတ်ဘို၏ထားပုံအစီအစဉ်ကိုပြခြင်း

ဤလောဘမူစိတ်၌ သောမနဿသဟဂုတ်ဥပေက္ခာသဟဂုတ်နှစ်ပါး တွင် အဘယ်ကြောင့် သောမနဿကိုရှေ့ထား၍ဆိုတော်မူလေသနည်း ဟူမူ။ ဥပေက္ခာသဟဂုတ်ထက် သောမနဿ သဟဂုတ်သာလျှင် သတ္တ ဝါတို့ သန္တာန်ဝယ် ဖြစ်လွယ်သောကြောင့်၎င်း, အဖြစ် များသော ကြောင့်၎င်း, သောမနဿသဟဂုတ်ကိုရှေ့ထား၍ဆိုပါသည်ဟူလေ။

ဒိဋ္ဌိဂတသမ္ပယုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် နှစ်ပါး တွင်ကား။ အဘယ် ကြောင့် သမ္ပယုတ်ကို ရှေ့ဆိုလေ သနည်းဟူမူ။ ယှဉ်မယှဉ်နှစ်ပါးကိုပြ သောအရာ၌ယှဉ်သည်ကို ရှေးဦးစွာပြ၍မယှဉ်သည်ကို နောက်ပြသော် သာသိလွယ်သောကြောင့်၎င်း,ဒိဋ္ဌိဂတဝိပ္ပယုတ်ထက်ဒိဋ္ဌိဂတသမ္ပယုတ် က အပြစ်ကြီးသောကြောင့်၎င်း, ဒိဋ္ဌိဂတသမ္ပယုတ်ကို ရှေ့ဆိုသည် ဟူလေ။

ယှဉ်မယှဉ် နှစ်ပါးကို ပြရာဝယ်။ ယှဉ်သည်ကိုရှေ့၊ မယှဉ်သည်ကို နောက်ထား၍ သော်သာ သိလွယ်သကဲ့သို့။ ရှိမရှိ နှစ်ပါးတွင်လည်း ရှိသည်ကိုရှေ့၊ မရှိသည်ကို နောက်ထား၍ ပြဆိုသော်သာ သိလွယ်ရာသောကြောင့်။ တိုက်တွန်းခြင်း ပုဗ္ဗာဘိသင်္ခါရရှိသောသသင်္ခါရိက၊ ၎င်းသင်္ခါရမရှိသော အသင်္ခါရိက နှစ်ပါးတွင် ၎င်းသင်္ခါရရှိသော သသင်္ခါရိကကိုရှေ့ထား၍ ဆိုသင့်ရာပါသည် မဟုတ်လော ထိုသို့လျက် အဘယ်ကြောင့် အသင်္ခါရိကကို ရှေ့ထား၍ ပြဆိုလေသနည်းဟူမူ။ အသင်္ခါရိကသည် သသင်္ခါရိကထက် အပြစ်ကြီးသောကြောင့် ရှေ့ထား၍ ပြဆိုလေသည်ဟူလေ။

လောဘမူစိတ်ဖြောက်ပွါးပုံကိုပြခြင်း

လောဘမူစိတ်တို့၏ သရုပ်ကို ဝေဒနာဒိဋ္ဌိသင်္ခါရအပြားတို့ဖြင့်ရှစ်ပါးအပြားအားဖြင့်သာဝေဘန်ပြဆိုသည်အားလျော်စွာ ၎င်းစိတ်၏နိဂုမ်းကို ဤစိတ် ရှစ်ပါးတို့သည် လောဘသဟဂုတ်စိတ် မည်ကုန်၏ဟု။ ဣမာနိ အဋ္ဌလောဘသဟဂတစိတ္တာနိနာမ- ဟူ၍ ဟုတ်ရာ မှန်တိုင်း တိတိသာ မဆိုမူ၍၊ အဘယ်ကြောင့် ဤစိတ်ရှစ်ပါးတို့သည်လည်းဟု။ ဣမာနိ အဋ္ဌပိဟူ၍ ပိသဒ္ဒါကို အမောက်အညွန့်တပ်၍ ရှစ်ပါးပြင် ပေါင်းယူစရာ အခြားလောဘမူစိတ် ရှိသေးသကဲ့သို့ ဆိုလေသနည်း။ ဤရှစ်ပါးပြင်ပေါင်းယူရန် အခြား ရှိပါ၏လော မရှိသော် မသင့်ရာ။ အဘယ်ကို ပေါင်းယူလေသနည်း ဟူမူ။ ဤရှစ်ပါးအပြားပြင် ငါးဆဲ့ခြောက်ပါးစသော အပြားရှိသေးသည်။ ထိုငါးဆဲ့ခြောက်ပါး စသောအပြားကို ပေါင်းယူသည်ဖြစ်၍သင့်ပါ၏ဟူလေ။*အဘယ်ငါးဆဲ့ခြောက်ပါး စသောအပြားကို ပေါင်းယူသနည်းဟူမူ။ ဤလောဘမူစိတ် ရှစ်ပါးတွင် တပါးပါးသည်ပင် အကု

---

* ကာမေနသတ္တကုသလ၊ ကမ္မပထေဟိ ဂေါစရေး တိဟာဓိပတိ ကမ္မေဟိ၊ ဂဏေယျာနယကောဝိဒေါ။ (ဘုရားကြီးဆရာတော်ဝါဒ)

သုံးတောင်နှစ်ဆယ် ခွန်းကယ်မူလ လေးခုရအောင် လောဘပွါးဟန် အမှန်ဖြစ်ရ ကမ္မပထ အာရုမ္မဏာနှင့် အဓိပတိကံ ဤလေးတန် အမှန်ဤသို့ ဖြောက်သတည်း။ (ခိုလ်ကုန်းဆရာတော်)

သလကမ္မပထ ဆယ်ပါးတို့တွင် ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ, မှတပါး အဒိန္နာဒါန် စသော ကမ္မပထ ခုနစ်ပါးတို့၌ ဖြစ်ခြင်းကြောင့် ရှစ်ပါး ခုနစ်လီသော် ငါးဆဲ့ခြောက်ပါး ဖြစ်ရကား။ ထိုငါးဆဲ့ခြောက်ပါး သော အပြားကိုရင်း။ ကာလ, ဒေသ, သန္တာန်, အာရုံ, စသော အပြား အားဖြင့် မရေတွက်နိုင်အောင်ပင် များလှစွာသော အပြားကိုရင်း။ပေါင်း ယူသည်ဟူလေ။

ဖဿသဟဂုတ်စသည်မဆိုရပုံကိုပြခြင်း

လောဘမူစိတ် ရှစ်ခုတို့ကို လောဘဖြင့် အထူးမှတ်၍၊ လောဘသဟ ဂုတစိတ္တာနိဟုဆိုတော်မူ၏။ ဤစိတ်တို့သည် လောဘနှင့်သာ တကွဖြစ် သည်မဟုတ်။ လောဘသာလည်း ဤစိတ် ရှစ်ခု လုံးနှင့်တကွ ဖြစ်သည် မဟုတ်။ အညသမာန်း စေတသိက် သဗ္ဗာကုသလ သာဓာရဏ စေတ သိက်တို့နှင့်လည်းတကွ ဖြစ်ကုန်၏။ ပီတိမှတပါးသော ထိုအညသမာန်း စေတသိက် တဆဲ့နှစ်ခု။ မောဟ စသော သဗ္ဗာကုသလ သာဓာရဏ စေတသိက်လေးခုအားဖြင့် တဆဲ့ခြောက်ပါးသော၊ စေတသိက်တို့သည် လည်း လောဘမူစိတ် ရှစ်ခုလုံးနှင့်ပင် တကွ ဖြစ်ပါကုန်၏။ ထိုသို့ဖြစ် သောကြောင့် ထိုစေတသိက် တဆဲ့ခြောက်ပါးတို့တွင် တပါးပါးတို့ဖြင့် လည်း အထူးပြု၍ ဖဿသဟဂတစိတ္တာနိနာမ, သညာသဟဂတစိတ္တာ နိနာမ, စသည် ဟူ၍ရင်း။ ဝိတက္ကသဟဂတစိတ္တာနိနာမ, စသည် ဟူ၍ ရင်း။ မောဟသဟဂတစိတ္တာနိနာမ, စသည်ဟူ၍ရင်းဆိုသင့်ရာပါသည် မဟုတ်လော။ ထိုသို့လျက် ထိုဖဿ, စသည်၊ ဝိတက်, စသည် မောဟ, စသည်တို့ဖြင့် အထူးပြု၍ ဖဿသဟဂတစိတ္တာနိ စသည်၊ ဝိတက္ကသဟ ဂတစိတ္တာနိ စသည်၊ မောဟသဟဂတစိတ္တာနိ စသည် ဟူ၍။ ဤစိတ် ရှစ်ခု တို့၏ ဖဿသဟဂုတ် အဖြစ် စသည်ကို မဆိုဘဲ အဘယ်ကြောင့် လောဘသဟဂတစိတ္တာနိ ဟူ၍ လောဘသဟဂုတ်အဖြစ်ကိုသာဆိုလေ သနည်းဟူမူ။ထိုလောဘမူစိတ်သည် အညသမာန်း စသည်တို့နှင့်တကွ ဖြစ်သည်။ ထိုဖဿ စသော စေတသိက် တဆဲ့ခြောက်ခုတို့သည် လော

ဘမူ စိတ်ရှစ်ခုလုံးနှင့်တကွ ဖြစ်ကြသည်ပင် ဖြစ်သော်လည်း လောဘမူ စိတ်နှင့်သာ တကွဖြစ်သည် မဟုတ်၊ ထိုတဆဲ့ခြောက်ပါး အနက်၊ ဖဿ စသော စေတသိက် ခုနစ်ပါး တို့သည် အလုံးစုံ ရှိသမျှစိတ် ရှစ်ဆဲ့ကိုးခု လုံးနှင့်ပင် တကွဖြစ်သောကြောင့်။ ၎င်းခုနစ်ပါးတွင်တပါးပါးဖြင့် အထူး ပြု၍ ဖဿသဟဂတစိတ္တာနိ စသည်ဖြင့် ဖဿသဟဂုတ်အဖြစ်၊ စသည် ကိုဆိုသည်ရှိသော် အလုံးစုံစိတ်ရှစ်ဆဲ့ကိုးခုလုံးပင် ဖဿသဟဂုတ်ချည်း သာဖြစ်သောကြောင့် ဤစိတ်ရှစ်ခုတို့၏ ကြွင်းသောစိတ်ရှစ်ဆဲ့တခုတို့မှ ထူးသည်၏ အဖြစ်သည် မဖြစ်ရာ၊ ပီတိမှတပါး ဝိတက်စသော ပကိဏ်း စေတသိက် ငါးခုတွင် တပါးပါးဖြင့် အထူးပြု၍ ဝိတက္ကသဟဂတစိတ္တာ နိနာမ စသည်ဖြင့် ဤစိတ်၏ ဝိတက္ကသဟဂုတ် အဖြစ် စသည်ကို ဆိုက လည်း ထိုဝိတက် စသော စေတသိက် ငါးခုတို့သည် ဤလောဘမူစိတ် ရှစ်ခု တို့နှင့်သာ တကွ ဖြစ်သည်မဟုတ် ဝိတက်သည် စိတ်ငါးဆဲ့ငါးခု နှင့်။ ဝိစာရသည် စိတ်ခြောက်ဆဲ့ခြောက်ခုနှင့်။ အဓိ မောက္ခသည် စိတ် ခုနစ်ဆဲ့ရှစ်ခုနှင့်၊ ဝိရိယသည် စိတ် ခုနစ်ဆဲ့သုံးခုနှင့်။ ဆန္ဒသည် စိတ် ခြောက်ဆဲ့ကိုးခုနှင့် တကွ ဖြစ်သည်ဖြစ်၍ ထိုဝိတက် စသည် တို့တွင် တပါးပါးဖြင့် အထူးပြု၍ ဝိတက္ကသဟဂတစိတ္တာနိနာမ၊ စသည်ဖြင့် ဤ လောဘမူစိတ်၏ ဝိတက္ကသဟဂုတ်အဖြစ်စသည်ကိုဆိုခဲ့ကလည်း ကြွင်း သောစိတ် လေးဆဲ့ခုနစ်ခုမှ ငါးဆဲ့ရှစ်ခု စသည်တို့နှင့် ဝိတက္ကသဟဂုတ် စသော အဖြစ်ဖြင့် အတူတူသာ ဖြစ်သောကြောင့် ဤစိတ်ရှစ်ခုတို့၏ ၎င်း စိတ်လေးဆဲ့ခုနစ်ခု စသည်တို့မှ ထူးသည်၏ အဖြစ်သည် မဖြစ်ရာ။ မော ဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ, တို့တွင် တပါးပါးဖြင့် အထူးပြု၍။ မော ဟသဟဂတစိတ္တာနိနာမ၊ စသည်ဖြင့်။ ဤစိတ်တို့၏ မောဟသဟဂုတ် အဖြစ်၊ စသည်ကို ဆိုပြန်ခဲ့လျှင်လည်း ထိုမောဟ စသော စေတသိက် လေးခု တို့သည် ဤစိတ်ရှစ်ခု တို့နှင့်သာ တကွဖြစ်သည် မဟုတ်။ အကု သိုလ်စိတ် တဆဲ့နှစ်ခုလုံးနှင့်ပင် တကွဖြစ်ရကား ဤစိတ် ရှစ်ခုတို့၏ ဒေါ သမူ၊ မောဟမူ စိတ်တို့နှင့် မောဟသဟဂုတ်စသော အဖြစ်ဖြင့် အတူတူ သာဖြစ်သောကြောင့်၊ ဒေါသမူစိတ်၊ မောဟမူစိတ်တို့မှ ထူးသည်၏ အ ဖြစ်သည် မဖြစ်ရာ။ ထို့ကြောင့် ထိုဖဿ စသော စေတသိက် တဆဲ့

ခြောက်ပါးတို့တွင် တပါးပါးဖြင့်မျှအထူးပြု၍ ဗဿသဟဂတစိတ္တာနိနာမ,စသည့်ဖြင့်မဆိုမူ၍။ လောဘစေတသိက်မူကား ဤစိတ်ရှစ်ခုတို့မှ တပါးသော စိတ်တို့နှင့် အတူတကွ မဖြစ်မယှဉ် မဆက်ဆံ သောကြောင့် လောဘဖြင့် အထူးပြု၍ လောဘသဟဂတစိတ္တာနိနာမ-ဟု ဤစိတ်ရှစ်ခုတို့၏ လောဘသဟဂုတ်အဖြစ်ကို ဆိုသည့်ရှိသော် ဤစိတ်ရှစ်ခု၏ တပါးသောစိတ်တို့မှ ထူးသည်၏ အဖြစ်သည် ထိသာထင်ရှားရကား လောဘဖြင့်သာ အထူးပြု၍ လောဘသဟဂတ စိတ္တာနိနာမ-ဟူ၍ "လောဘသဟဂုတ်"အဖြစ်ကိုသာ ဆိုအပ်သည် ဟူလေ။ ဤသို့စိစစ်ပြဆိုသည်ကား သောတုဇနတို့ စိန္တာမယ ဉာဏဝဍ္ဎန အကျိုးငှါသာတည်း။

အဋ္ဌကထာဆရာ ဋီကာကျော်ဆရာတို့ဝါဒကို အကျယ်ပြခြင်း

အဋ္ဌဓာလောဘမူလာနိ၊ ဒေါသမူလာနိစဒွိဓာ။ စသည်ကို ဆိုလတ္တံ့သော အဋ္ဌကထာဆရာ။ ဣမေသံ ပန သတိပိ မောဟဟေတုကဘာဝေ လောဘသဟဂတဘာဝေါ နိဂမနေဝုတ္တော-ဟု ဆိုသော ဋီကာကျော်ဆရာတို့၏ အလိုသော် မောဟစေတသိက် တပါးတည်းဖြင့်သာ စိစစ်တော်မူလို၏။ထို**အဋ္ဌကထာဋီကာကျော်ဆရာ**တို့အလိုအတိုင်းစိစစ်ပြဆိုလိုက်ဦးအံ့။ဤစိတ်ရှစ်ခုတို့၌ လောဘဟူသောဟိတ်သာရှိသည်မဟုတ်၊ မောဟဟူသော ဟိတ်သည်လည်းရှိ၏။ ထိုသို့ မောဟ ဟူသော ဟိတ်လည်းရှိပါလျက် ထိုမောဟဖြင့်အထူးပြု၍ ဤစိတ်တို့၏နိဂုမ်း၌။ "ဣမာနိ အဋ္ဌပိမောဟ သဟဂတ စိတ္တာနိနာမ"ဟု ဤစိတ်၏ မောဟ သဟဂုတ်အဖြစ်ကို မဆိုဘဲ လောဘဖြင့်သာ အထူးပြု၍။ ဣမာနိ အဋ္ဌပိ လောဘသဟဂတ စိတ္တာနိ နာမ-ဟု လောဘ သဟဂုတ် အဖြစ်ကိုသာ အဘယ်ကြောင့် ဆိုလေသနည်း ဟူမူ။မောဟဟူသော ဟိတ်သည် ဤစိတ်ရှစ်ခုတို့၌သာ ယှဉ်သည်မဟုတ်၊ ဒေါသမူ,မောဟမူ, စိတ်၌လည်း ယှဉ်သည်ပင်ဖြစ်၍ စိတ်တို့၏ မောဟသဟဂုတ်အဖြစ်ကို ဆိုသည့်ရှိသော် မောဟသဟဂုတ်အဖြစ်ဖြင့် ထူးခြားကွဲပြားမရှိ အတူတူသာဖြစ်သော ဒေါသမူ, မောဟမူ, စိတ်တို့မှ ဤစိတ်ရှစ်ခု တို့၏ ထူးသည်၏ အဖြစ်သည် မဖြစ်

ရာ လောဘသည့်ကား ဤစိတ်ရှစ်ခုတို့နှင့်သာ ယှဉ်၍ ဒေါသမူ, မောဟမူ,စိတ်တို့နှင့် မဆက်ဆံ သောကြောင့် လောဘဖြင့် အထူးပြု၍ ဤစိတ်ရှစ်ခုတို့၏ လောဘ သဟာဂုတ် အဖြစ်ကို ဆိုသော်သာ ဤစိတ်တို့၏ ဒေါသမူ,မောဟမူ, စိတ်တို့မှ ထူးသည်၏ အဖြစ်သည် သိသာထင်ရှားသောကြောင့် မောဟဖြင့် အထူးပြု၍ ဤစိတ်၏ မောဟသဟာဂုတ် အဖြစ်ကို မဆိုဘဲ လောဘ သဟာဂုတ် အဖြစ်ကိုသာ ဆိုသည် ဟူလေ။ ဤသို့စိစစ်အပ်၏။

ဘေရီသဒ္ဒေါ၊စည်ကြီးသံဟူရာ၌။အသံသည်စည်ကြီး,လက်ခတ်,နှစ်ပါးကြောင့်ဖြစ်သော အသံဖြစ်သော်လည်း။လက်ခတ်သည် စည်ကြီးသံနှင့်သာ ဆက်ဆံသည်မဟုတ်၊ တပါးသော စည်သံ စသည်တို့နှင့်လည်း ဆက်ဆံရကား လက်ခတ်သံဟု ဆိုသည်ရှိသော် စည်ကြီးသံ၏ တပါးသော စည်သံတို့မှ အထူးမထင်ရှား သောကြောင့် တပါးသော စည်သံတို့နှင့် မဆက်ဆံသော စည်ကြီးဖြင့်သာ မှတ်၍ စည်ကြီးသံ ဟူ၍သာ ဆိုသကဲ့သို့ရင်း။ယဝင်္ကုရော၊မုယောညှောက်ဟူရာ၌၊ထိုမုယောညှောက်သည်မုယောစေ့၊ဥတု,မြေ,ရေ,တို့ကြောင့်ဖြစ်သော အညှောက်ဖြစ်သော်လည်းဥတု,မြေ,ရေ,တို့သည်၊မုယောညှောက်မှတပါးသောစပါးပြောင်းပဲစသည်တို့၏ အညှောက်တို့လည်း ဆက်ဆံရကား ထိုဥတု, မြေ, ရေ, တို့ဖြင့်မှတ်၍။ ဥတင်္ကုရော၊ ဥတုညှောက်။ ပထဝင်္ကုရော၊ မြေညှောက် စသည် ဆိုသည်ရှိသော် မုယောညှောက်၏ တပါးသောစပါး, ပြောင်း,ပဲ, စသည်တို့၏ အညှောက်မှ အထူး မထင်ရှား သောကြောင့် ယင်းတို့ဖြင့် အထူး ပြု၍ ဥတင်္ကုရော၊ ဥတုညှောက် စသည်ဖြင့် မဆိုဘဲ တပါးသော အညှောက် တို့နှင့် မဆက်ဆံသော မုယောစေ့ဖြင့်သာ မှတ်၍။ ယဝင်္ကုရော၊မုယောညှောက် ဟူ၍သာ ဆိုသကဲ့သို့ရင်း။အများအခြားနှင့် ဆက်ဆံသော ဖဿစသည်,ဝိတက်စသည်,မောဟစသည်,တို့ဖြင့် မမှတ်မူ၍။ ဝါ၊မောဟဟိတ်ဖြင့်မမှတ်မူ၍။တခြားတပါးသော တရားတို့နှင့် မဆက်ဆံမူ၍ ဤစိတ် ရှစ်ခု တို့နှင့်သာ ဆက်ဆံသော လောဘ ဖြင့်သာ မှတ်၍ လောဘသဟာဂုတ် အဖြစ်ကိုသာ ဆိုသည်ဟူလို။

ဒွေါသမူစိတ်တို့ကိုပြခြင်း

လောဘမူစိတ်ကို ပြဆိုသည်၏ အခြားမဲ့၌ မောဟမူစိတ်ကို မပြမဆို မူ၍ အဘယ်ကြောင့် ဒေါသမူစိတ်ကို ပြဆိုလေသနည်းဟူမူ။လောဘမူ စိတ်သည် လောဘ,မောဟ,ဟူသော ဟိတ်နှစ်ပါးနှင့် ယှဉ်သည်။ဒေါသ မူစိတ်သည်လည်းဒေါသ,မောဟ,ဟူသောဟိတ်နှစ်ပါးနှင့်ယှဉ်သည်ပင် ဖြစ်၍ လောဘမူ,ဒေါသမူစိတ်နှစ်ပါးတို့သည် ဒွိဟိတ်၏အဖြစ်ဖြင့် တူကြ သောကြောင့် လောဘမူစိတ်တို့ကို ဝေဘန် ပြဆိုသည်၏ အခြားမဲ့၌ ထို လောဘမူစိတ်နှင့်ဒွိဟိတ်၏ အဖြစ်ဖြင့်တူသော ဒေါသမူစိတ်ကို ဝေဘန် ပြဆိုအပ်သည်ဟူလေ။

လောဘမူစိတ်သည် သောမနဿဝေဒနာ,ဥပေက္ခာဝေဒနာ, နှစ်ပါး နှင့် ယှဉ်သည် ဖြစ်၍ ဝေဒနာ ဘေဒ အားဖြင့် သောမနဿ သဟဂုတ် ဥပေက္ခာသဟဂုတ်ဟု နှစ်ပါးပြားသကဲ့သို့ ဤဒေါသမူစိတ်သည် ဝေဒနာ ဘေဒအားဖြင့် အပြားမရှိ၊ဒေါမနဿဝေဒနာ တပါးတည်းနှင့်သာ ယှဉ် သည်ဖြစ်ပါလျက် အဘယ် အကျိုးငှါ ဤစိတ်ကို ဒေါမနဿ ဝေဒနာဖြင့် အထူးပြု၍ ဒေါမနဿသဟဂတံ-ဟု ဆိုရလေသနည်းဟူမူ။ ဤဒေါသမူ စိတ်သည် ဝေဒနာ၏ အစွမ်း အားဖြင့် အထူးအပြားပင် မရှိသော်လည်း ဒေါမနဿ ဝေဒနာသည် ဒေါသမူစိတ်နှင့်သာ ယှဉ်သည် ဖြစ်၍ ယင်းမှ တပါးသော စိတ်တို့နှင့် မယှဉ်သောကြောင့် တပါးသော စိတ်တို့နှင့် မဆက်ဆံသော ဒေါမနဿဝေဒနာဟူသော အနညသာဓာရဏဓမ္မ၏ အစွမ်းဖြင့် ဤဒေါသမူစိတ်ကို၊ လောဘမူ, မောဟမူ, စိတ်တို့မှ အထူးပြု ခြင်းအကျိုးငှါ ဒေါမနဿသဟဂတံ-ဟု ဆိုရလေသည် ဟူလေ။

ဒေါမနဿ ဝေဒနာသည် ဒေါသမူ စိတ်နှင့်သာ ယှဉ်သည် ရှိသော် ပဋိဃသမ္ပယုတ္တံ၌ ပဋိဃဟူသည်လည်း ဒေါသစေတသိက်ပင် ဖြစ်ရ ကား ဤစိတ်၏ ဒေါမနဿ သဟဂုတ်အဖြစ်ကို ဆိုအပ်သည်ရှိသော် ပဋိ ဃသမ္ပယုတ် အဖြစ်ကိုလည်းသိအပ်သိနိုင်ပါသည်သာမဟုတ်လော၊ထို သို့သိနိုင်ပါလျက် အဘယ်အကျိုးငှါ ဤစိတ်၏ ပဋိဃသမ္ပယုတ်အဖြစ်ကို ဆိုအပ်ပြန်လေသနည်း ဟူမူ၊ ဒေါမနဿ သဟဂုတ် အဖြစ်ကို ဆိုလျှင်

ဤစိတ်၏ပဋိဃသမ္ပယုတ်အဖြစ်ကိုသိနိုင်သည်ပင်ဖြစ်သော်လည်းဒေါမန ဿ ဝေဒနာ,ပဋိဃ ဟူသော ဒေါသ,ဤစေတသိက် နှစ်ပါးတို့၏ ဧကန္တ အားဖြင့် ဤဒေါသမူစိတ်၌ မကွေမကွာ အတူတကွသာဖြစ်လေ့ ရှိသည် ၏အဖြစ်ကို ပြခြင်းအကျိုးငှါ ဆိုအပ်သည်ဟူလေ။

ဒေါမနဿပဋိဃတို့၏ထူးပုံကိုပြခြင်း

ဒေါမနဿပဋိဃ နှစ်ပါးတို့သည် ဧကန္တအားဖြင့် မကွေမကွာ အတူ တကွသာ ဖြစ်သည်ရှိသော် ထိုနှစ်ပါးတို့၏အထူးကို လူသာမန်တို့သည် သိနိုင်ရန်ခဲခက်၏။ထိုတရားနှစ်ပါးတို့၏ အထူးကို အဘယ်သို့ သိအပ်ပါ သနည်းဟူမူ။ဒေါမနဿပဋိဃနှစ်ပါးတို့တွင်ဒေါမနဿဟူသည် အနိဋ္ဌာ ရုံကိုခံစားခြင်း လက္ခဏာရှိသော ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သော တခု သော ဝေဒနာ စေတသိက် တရားတည်း။ ပဋိဃ ဟူသည် ကြမ်း ကြုတ် သောသူ၏ အဖြစ် တည်း ဟူသော သဘော လက္ခဏာ ရှိသော သင်္ခါ ရက္ခန္ဓာ၌ အကျုံးဝင်သော တခုသော ဒေါသစေတသိက် တရားတည်း၊ ဤသို့အထူးကို သိအပ်သည်ဟူလေ။ဤကား—ဒေါမနဿသဟဂတဿ ဝေဒနာဝသေန အဘေဒေပိ အသာဓာရဏဓမ္မဝသေန ဓိတ္တဿ ဥပ လက္ခဏတ္ထံ ဒေါမနဿဂ္ဂဟဏံ၊ ပဋိဃသမ္ပယုတ္တဘာဝေါ ပန ဥဘိန္နံ ဧကန္တသဟစရိတတာ ဒဿနတ္ထံ ဝုတ္တောတိ ဒဋ္ဌဗ္ဗံ။ဒေါမနဿဉ္စေတ္ထ အ နိဋ္ဌာရမ္မဏာနုဘဝနလက္ခဏော ဝေဒနာက္ခန္ဓ ပရိယာပန္နော ဓေကော ဓမ္မော။ပဋိဃော စဏ္ဍိက္ကသဘာဝေါ သင်္ခါရက္ခန္ဓပရိယာပန္နော ဓေကော ဓမ္မောတိ အယမေတေသံ ဝိသေသော။

ဟူသော ဋီကာကျော်ဆရာ၏ အလိုအားလျော်စွာ ပြဆိုအပ်သော အဓိပ္ပါယ်တည်း။ဒေါမနဿသဟဂတဿ၊ဒေါမနဿသဟဂုတ်စိတ်၏။ ဝေဒနာဝသေန၊ဝေဒနာ၏အစွမ်းဖြင့်။ အဘေဒေ၊မပြားခြင်းသည်၊ သတိ ပိ၊ရှိသော်လည်း။အသာဓာရဏဓမ္မဝသေန၊ဒေါသမူစိတ်မှတပါးတခြား သောစိတ်တို့နှင့် မဆက်ဆံသော ဒေါမနဿဝေဒနာ ဟူသောဓမ္မ၏ အ စွမ်းဖြင့်။ဓိတ္တဿ၊ဒေါသမူစိတ်ကို။ ဥပလက္ခဏတ္ထံ၊ မှတ်ခြင်းအကျိုးငှါ။

ဝါ၊လောဘမူ,မောဟမူ,စိတ်တို့မှ အထူးပြုခြင်းအကျိုးငှါ။ ဒေါမနဿဂ္ဂ ဟဏံ၊ဒေါမနဿသဒ္ဒါကို ဆိုခြင်းသည်။ ဟောတိ၊ဖြစ်၏။ပန၊ဒေါမနဿ ကိုဆိုခြင်း၏ အကျိုးမှတပါး။ပဋိဃသမ္ပယုတ်အဖြစ်ကို ဆိုခြင်း၏အကျိုး ကိုဆိုဦးအံ့။ပဋိဃသမ္ပယုတ္တဘာဝေါ၊ဒေါမနဿသဟဂုတ်စိတ်၏ ပဋိဃ သမ္ပယုတ်အဖြစ်ကို။ ဥဘိန္နံ၊ဒေါမနဿ,ပဋိဃ,နှစ်ပါးတို့၏။ ဧကန္တ သဟ စရိတတာဒဿနတ္ထံ၊ စင်စစ်အားဖြင့် မကွေမကွာ အတူတကွသာ ဖြစ် လေ့ရှိသည့်၏အဖြစ်ကို ပြခြင်းအကျိုးငှါ။ဝုတ္တော ဆိုတော်မူအပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊အမြဲမှတ်အပ်၏။ စ၊ဒေါမနဿ, ပဋိဃ, နှစ်ပါးတို့၏ အထူးကို ပြဦးအံ့။ဧတ္ထ၊ဤဒေါမနဿ,ပဋိဃ,နှစ်ပါးတို့တွင်။ ဒေါမနဿံ၊ဒေါမနဿ ဟူသည်။အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏော၊အနိဋ္ဌာရုံကိုခံစားခြင်းလက္ခ ဏာရှိသော။ဝေဒနာက္ခန္ဓပရိယာပန္နော၊ဝေဒနာက္ခန္ဓာ၌အကျုံးဝင်သော။ ဧကောဓမ္မော၊စေတသိက်တရားတပါးတည်း။ပဋိဃော၊ပဋိဃဟူသည်။ စဏ္ဍိက္ကသဘာဝေါ၊ ခက်ထန် ကြမ်းတန်းသည့်၏ အဖြစ်တည်းဟူသော သဘောရှိသော။ သင်္ခါရက္ခန္ဓပရိယာပန္နော၊ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင် သော။ ဧကောဓမ္မော၊ ဒေါသဟူသော စေတသိက် တရားတပါးတည်း။ ဣတိအယံ၊ ဤပြဆိုအပ် ပြီးသည်ကား။ ဧတေသံ၊ ထိုဒေါမနဿ ပဋိဃ နှစ်ပါးတို့၏။ဝိသေသော၊အထူးတည်း။

တနည်းလည်း။ လောဘမူ စိတ်သည် အလုံးစုံသော အာရုံကို ဣဋ္ဌာ ကာရဣဋ္ဌမဇ္ဈတ္တာကာရ အားဖြင့် ယူ၍ ဖြစ်တတ်သောကြောင့် ထိုယူ သော အခြင်းအရာအားလျော်စွာ ဣဋ္ဌာကာရ အားဖြင့် ယူ၍ ဖြစ်ခိုက်၊ သောမနဿနှင့်။ ဣဋ္ဌမဇ္ဈတ္တာကာရ အားဖြင့် ယူ၍ဖြစ်ခိုက်၊ ဥပေက္ခာနှင့် ယှဉ်၍ဖြစ်ရကား။ ဝေဒနာဘေဒအားဖြင့် သောမနဿသဟဂုတ်လော ဘမူစိတ်၊ ဥပေက္ခာသဟဂုတ် လောဘမူစိတ်၊ ဟုပြားသကဲ့သို့။ဒေါသမူ စိတ်သည်လည်း အနိဋ္ဌာကာရ, အနိဋ္ဌမဇ္ဈတ္တာကာရ, အားဖြင့်ယူ၍ ဖြစ် တတ်သောကြောင့် အကြောင်း အာရုံအားလျော်စွာ အနိဋ္ဌာကာရအား ဖြင့် ယူခိုက်၊ ဒေါမနဿနှင့်။ အနိဋ္ဌမဇ္ဈတ္တာကာရ အားဖြင့် ယူခိုက်၊ ဥပေက္ခာနှင့် ယှဉ်၍ဖြစ်သင့်ရာ၏။ထိုသို့ဖြစ်ကလည်း ဝေဒနာဘေဒအား ဖြင့် ဒေါမနဿသဟဂုတ် ဒေါသမူစိတ်, ဥပေက္ခာသဟဂုတ်ဒေါသမူ

စိတ်, ဟုနှစ်ပါးပြားရာ၏။ ဤသို့တပုံတယောက်သော ပုဂ္ဂိုလ်သည် မှတ်ထင် ယူမှားရာ သောကြောင့် ဤဒေါသမူ စိတ်သည် အနိဋ္ဌာရုံအနိဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြု၍ပင် ဖြစ်သော်လည်း ကြမ်းတန်းသော သဘောရှိသည်ဖြစ်၍ အာရုံကိုပုတ်ခတ် ထိပါးသကဲ့သို့သာ ဖြစ်သော ဒေါသစေတသိက်နှင့် ယှဉ်သောကြောင့် တရံတဆစ်မျှ ဥပေက္ခာနှင့် မယှဉ်နိုင် ဒေါမနဿနှင့်သာ အမြဲယှဉ်ရလေသည်ဟု ပြခြင်းငှါ ဒေါမနဿသဟဂတံဟု ဒေါသမူစိတ်၏ ဒေါမနဿသဟဂုတ် အဖြစ်ကို ပြဆိုလေသည်။

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဟူသော စေတသိက် လေးခုတို့သည် ဒေါမနဿသဟဂုတ် စိတ်နှင့်သာယှဉ်၍။ ယင်းမှ တပါးသော စိတ်တို့နှင့် မယှဉ် မဆက်ဆံသော အနညသာဓာရဏ တရားချည်းသာ ဖြစ်သောကြောင့်။ ယင်းလေးပါးတွင် တပါးပါးဖြင့် မှတ်အပ် အထူးပြု အပ်လျှင်ပင် ဒေါသမူစိတ်၏၊ လောဘမူ၊ မောဟစိတ်တို့မှ အထူးသည် ထိသာထင်ရှားသည်သာဖြစ်ရကား။ ဣဿာဖြင့်အထူးပြု၍ ဣဿာသမ္ပယုတ္တံ ဟူ၍သော်ရင်း။ မစ္ဆရိယဖြင့် အထူးပြု၍ မစ္ဆရိယသမ္ပယုတ္တံဟူ၍ သော်ရင်း။ ကုက္ကုစ္စဖြင့်အထူးပြု၍ ကုက္ကုစ္စသမ္ပယုတ္တံဟူ၍သော်ရင်း။ဆိုသင့်ဆိုရာပါသည် မဟုတ်လော။ ထိုသို့လျက်၊ ယင်းသုံးပါးတွင် တပါးပါးဖြင့်မျှ အထူးပြု၍မဆိုဘဲ အဘယ်ကြောင့် ဒေါသစေတသိက်ဖြင့်သာ အထူးပြု၍ ပဋိဃသမ္ပယုတ္တံဟု ဆိုလေသနည်းဟူမူ။ ထိုသုံးပါးသော စေတသိက်တို့သည် ဒေါသမူစိတ်နှင့်ယှဉ်သည်ပင်ဆိုသော်လည်း ဣဿာသည် သူတပါးစည်းစိမ်ကို အာရုံပြု၍ ငြူစူသောအခါ၌သာ ယှဉ်သည်။ မစ္ဆရိယ သည်လည်း အာဝါသ, ကုလ, လာဘ, စသော မိမိ၏ ရပြီးရလတ္တံ့သော စည်းစိမ်ကိုအာရုံပြု၍ သူတပါးတို့နှင့်မဆက်ဆံစေလို ဝန်တိုသောအခါ၌သာယှဉ်သည်။

ကုက္ကုစ္စသည်လည်း ပြုအပ်ပြီးသော ဒုစရိုက်။ မပြုလိုက်ရ မပြုလိုက်မိသော သုစရိုက်ကို အာရုံပြု၍ အဖန်တလဲလဲ ဝိုးရိမ် ပူပန်သော အခါ၌သာယှဉ်သည်။ ဤသို့မိမိတို့ ဖြစ်ထိုက်သော အာရုံအကြောင်းအားလျော်စွာ ရံခါရံခါသာ ယှဉ်သောကြောင့် ထိုဣဿာ စသည်တို့ဖြင့် အထူးပြု၍ ဣဿာသမ္ပယုတ္တံ၊စသည်ဖြင့် ဣဿာသမ္ပယုတ်အဖြစ် စသည်ကိုမဆို

မှု၍ ဒေါသစေတသိက် သာလျှင် ဒေါသမူစိတ် ဖြစ်ထိုက်သမျှသော ခပ်သိမ်းသော ပုဂ္ဂိုလ်, အာရုံ, ဘုံ, ဘဝ, ကာလ, စသည်တို့၌ပင် ဒေါသမူစိတ်ဖြစ်တိုင်း အမြဲမပြတ် ပါသည့် ယှဉ်သည်ချည်း ဖြစ်သောကြောင့် ဒေါသစေတသိက် ဖြင့်သာ အထူးပြု၍ ပဋိဃသမ္ပယုတ္တ ဟု ပဋိဃသမ္ပယုတ် အဖြစ်ကိုသာဆိုသည်ဟူလေ။ **ဤကားငါ့ဒိုအကြိုက်**။

ပဋိဃသမ္ပယုတ္တ၌ ပဋိဃဟူသည် ဒေါသဟု ဆို၏။ ထိုဒေါသသည် အဘယ်ကြောင့် ပဋိဃမည်လေသနည်းဟူမူ။ အာရုံကိုထိပါးတတ်သောကြောင့် ပဋိဃမည်သည် ဟူလေ။ အာရုံကို ထိပါးတတ်သည် ဆိုသော်လည်း သပ္ပဋိဃ ဖြစ်သော ဩဠာရိက ရုပ်တို့၏ ထိပါးခြင်းကဲ့သို့ ထိပါးသည်မဟုတ်။ နာမ်ဟူသမျှသည် အပ္ပဋိဃ တရားချည်း ဖြစ်သောကြောင့် ထိပါး သကဲ့သို့သာ ဖြစ်သည်ဟု မှတ်လေ။ ဤဒေါသသည် နာမ်တရားဖြစ်ပါလျက် အဘယ်ကြောင့် အာရုံကိုထိပါးသော အခြင်းအရာအားဖြင့် ဖြစ်လေ သနည်း ဟူမူ။ ကြမ်းကြုတ် ခက်ထန်သော သဘော ရှိသောကြောင့် ထိပါးသော အခြင်းအရာအားဖြင့် ဖြစ်သည်ဟူလေ။

ဒေါမနဿဖြစ်ခြင်း၏ အကြောင်းကား။ ၁။အနိဋ္ဌာရုံတပါး။ ၂။အာဃာတဝတ္ထုတပါး။ ဤနှစ်ပါးတည်း။ ထိုနှစ်ပါးသည်ပင် ပဋိဃဖြစ်ခြင်း၏အကြောင်းလည်းဖြစ်၏။ ဤ၌ အနိဋ္ဌာရုံအရကို ပကတိ သဘာဝအားဖြင့် အနိဋ္ဌဖြစ်သော အာရုံကိုသာ ယူအပ်သည်မဟုတ်။ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ် စသည် တို့သည် မြတ်စွာဘုရား အဆင်းတော် တရားဟောသော အသံတော် စသော စင်စစ် အလွန်အလိုရှိအပ်သော အတိဣဋ္ဌဖြစ်သော အာရုံ၌သော်လည်း ဒိဋ္ဌိဝိပလ္လာသ, သညာဝိပလ္လာသ, အားဖြင့် အနိဋ္ဌဟု မှတ်ထင်ယူမှားကုန်ရကား ပရိကပ္ပိတ ဖြစ်သော အနိဋ္ဌာရုံကိုလည်းယူ။

***အာဃာတဝတ္ထုကိုးပါးဟူသော်ကား။** ဤသူသည် ငါ၏ အကျိုးစီးပွါးမဲ့ကို ပြုဘူးပြီဟူ၍၊ ရှေးကပြုဘူးသည်ကို စွဲ၍လည်း ရန်ငြိုးထားခြင်းဖြစ်၏။ ဤသူသည် ငါ၏အကျိုးမဲ့ကို ပြု၏ဟူ၍ ပြုတုန်း ပြုဆဲကို စွဲ

---

* မိမိအတ္တ ပရချစ်လူ မုန်းသူပါထည့် တည်ဘိအမှန် ပစ္စုပ္ပန်နှင့် တီတ်နာဂတ် မြောက်လတ်မမှား ရငြားမှန်စွာ အဋ္ဌာနာနှင့် ကောပါအမျက် ဆယ်ချက်ရန်မျိုး အပါယ်တိုးသည် ကြိုးကြိုးစားစား မှတ်လို့ထား။ (ဓိုလ်ကုန်းလက်ာ)

၍သည်း ရန်ငြိုးထားခြင်းဖြစ်၏။ ဤသူသည် ငါ၏ အကျိုးမဲ့ကို ပြုလတ္တံ့ဟူ၍ နှောင်ပြုအံ့သည်ကို မြော်ခေါ်၍လည်း ရန်ငြိုးထားခြင်းဖြစ်၏။ ဤသို့မိမိ၏ အကျိုးမဲ့ကို ပြုရာ၌ ရန်ငြိုးထားခြင်းသည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလသုံးပါးကိုစွဲ၍ သုံးပါးဖြစ်၏။ ဤသူသည် ငါ၏ ချစ်နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သောသူ စသည်၏ အကျိုးမဲ့ကို ပြုပြီဟူ၍ရင်း, ပြုဆဲဟူ၍ရင်း, ပြုလတ္တံ့ဟူ၍ရင်း, ဝိယ-မနာပ ဖြစ်သော ဝတ္ထု၏ အကျိုးမဲ့ကိုပြုရာ၌ ရန်ငြိုးထားခြင်း သုံးပါး။ ဤသူသည် ငါ၏ မချစ်မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော ရန်သူ စသည်၏ အကျိုးစီးပွါးကို ပြုပြီဟူ၍ရင်း၊ ပြုဆဲဟူ၍ရင်း၊ ပြုလတ္တံ့ဟူ၍ရင်း၊ အဝိယ, အမနာပ, ဝတ္ထု၏ အကျိုးစီးပွါးကိုပြုရာ၌ ရန်ငြိုး ထားခြင်း သုံးပါး။ ဤသို့ ကိုးပါးတည်း။

[မိုဃ်းမရွာသော် မရွာကောင်းလေဟု အမျက်ထွက်၏။ ရွာလွန်းသော်လည်း ရွာရာသလောဟုအမျက်ထွက်၏။ ဤသို့ အစရှိသောအဋ္ဌာနကောပနှင့်သော် ဆယ်ပါးဖြစ်၏။]

အကြင်အခါ သဘောအားဖြင့် ထက်သည်ဖြစ်၍ မိမိသည်ရင်း, သူတပါးတို့သည်ရင်း, တိုက်တွန်းခြင်းကင်းသောစိတ်ဖြင့် ပါဏာတိပါတ၊ စသည်ကိုပြု၏။ ထိုအခါ ဒေါသမူ အသင်္ခါရိက ပဌမ စိတ်ဖြစ်၏။ အကြင်အခါ နုံနွဲ့ နှေး လေးလံသည်ဖြစ်၍ မိမိသည်ရင်း, သူတပါး တို့သည်ရင်း, တိုက်တွန်းအပ်သော စိတ်ဖြင့်၊ ပါဏာတိပါတ၊ စသည်ကိုပြု၏။ ထိုအခါ ဒေါသမူ သသင်္ခါရိက ဒုတိယစိတ်ဖြစ်၏။

ဤဒေါသမူ စိတ်သည် ခွေးရူးနှင့်တူ၏၊ ပဋိဃသည် ခွေး၌ စွဲရောက်သော ရူးသော ရောဂါနှင့်တူ၏။ ထိုခွေးရူးသည် ခက်ထန် ကြမ်းတမ်းသော သဘောရှိသည်ဖြစ်၍ သူတပါးတို့ကို ကိုက်ခဲတတ်သော ရူးသော ရောဂါရှိသကဲ့သို့၊ ဒေါသမူစိတ်သည် ကြမ်းကြုတ်သော သဘောရှိသည်ဖြစ်၍ အာရုံကို ထိပါးတတ်သော ပဋိဃနှင့် ယှဉ်သည်။ ခွေးရူးသည် ဤသူကား ငါ့အား ချီးမြှင့်စောင့်ရှောက် ကျွေးမွေးသော ကျေးဇူးရှင် ဖြစ်၍ မကိုက်ခဲအပ်သောသူတည်း။ ဤသူကား မြိမ်းချောက်လိုက်လံပစ်ခတ်နှိပ်

စက်သော ငါ၏ရန်သူဖြစ်၍ ကိုက်ခဲအပ်သောသူတည်း၊ဤ ဆိတ်,ကြက်, ဝက်, နွား, မြင်း, စသည်တို့သည် ငါ့အား ချီးမြှင့်ခြင်း နှိပ်စက်ခြင်းကိုမပြု လျစ်လျူ ရှုအပ်သော သူပေတည်းဟု ရွေးချယ်ခြင်းကိုမပြု။ အလုံးစုံကို ပင် ရန်သူချည်းသာထင်၍တွေ့မြင်တိုင်း ကိုက်ခဲခြင်း ပစ်မှားခြင်းနှင့်သာ ယှဉ်သကဲ့သို့။ ဒေါသမူစိတ်သည် ဤကား အလိုရှိအပ် တောင့်တ ရှာမှီး အပ် ကောင်းမြတ်သော ဣဋ္ဌ ဖြစ်သော အာရုံတည်း၊ ဤကား အလိုမရှိ အပ် ရွံရှာစက်ဆုပ် အပ်သော အနိဋ္ဌ ဖြစ်သော အာရုံတည်း။ ဤကား လျစ်လျူရှုအပ် အလတ်သဘောရှိသော မဇ္ဈတ္တ ဖြစ်သော အာရုံတည်း ဟူ၍ ရွေးချယ်ခြင်းမရှိ။ အလုံးစုံသော အာရုံကို အနိဋ္ဌ အခြင်းအရာအား ဖြင့်သာ ယူတတ် ခံစားတတ်သော ဒေါမနဿနှင့် ယှဉ်သည်။

*ဒေါသမူစိတ်နှစ်ခုတို့သည်။ ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာ ဒိဋ္ဌိတို့မှ တပါးသော အကုသိုလ် ကမ္မပထ ခုနစ်ပါး တို့၌ဖြင်း။ ကာမ တဆဲ့ဘစ်ဘုံ၊ ပဋိသန္ဓေမှ ခြောက်ယောက်၊ အာရုံခြောက်ပါး၊ ကာလသုံးပါး၊ သန္တာန်နှစ်ပါး၊ စသည်တို့၌ဖြင်း၊ ဖြစ်ကုန်ရကား။ ထိုဒေါသမူစိတ်သည် ယင်းတို့ဖြင့် မြှောက်ပွါးရေတွက်သော် များသော အရေအတွက်အပြား ရှိ၏။ ထိုအလုံးစုံကို။ ဣမာနိဒွေပိ စသော နိဂုမ်း၌၊ ပိသဒ္ဒါဖြင့် ပေါင်းယူ သည်။

မောဟမူစိတ်ကိုပြခြင်း

ဒွိဟိတ်အဖြစ်ဖြင့် တူသောကြောင့် လောဘမူစိတ်၏ အခြားမဲ့၌ ဒေါ သမူစိတ်ကိုပြဆိုတန်စေ။ဒေါသမူစိတ်၏အခြားမဲ့၌ကားအဘယ်ကြောင့် ဧကဟိတ် ဖြစ်သော မောဟမူစိတ်ကို ဝေဘန် ပြဆိုလေသနည်း ဟူမူ။ အမျိုးဇာတ် အားဖြင့် အကုသိုလ်၏ အဖြစ်ဖြင့် တူကြသည် ဖြစ်၍ အကု သိုလ် ဇာတ်တူတရားတို့ကို တလုံးတဝ တရတပေါင်းတည်းပြလိုသော ကြောင့် ပြဆိုသည်ဟူလေ။

---

* ကမေနုသတ္တာကုသလးကမ္မပထေဟိဂေါစရာ။ တီဟာဓိပတိကမ္မေဟိ၊ ဂဏေယျ နယ ကောဝိဒေါ။ ။(၇၅၆) ပါးမျှသာ ရေတွက်၍ပြကြသည်။

မောဟမူစိတ်သည် လောဘမူစိတ်ကဲ့သို့ ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ,ကို အာရုံပြု၍ဖြင်း, ဒေါသမူစိတ်ကဲ့သို့ အနိဋ္ဌာရုံကို အာရုံပြု၍ဖြင်း ဖြစ်သော ကြောင့်ထိုအာရုံသုံးပါးတွင်၊ဣဋ္ဌာရုံကို အာရုံပြုခိုက် သောမနဿနှင့်ဣဋ္ဌ မဇ္ဈတ္တာရုံကိုအာရုံပြုခိုက်ဥပေက္ခာနှင့်အနိဋ္ဌာရုံကိုအာရုံပြုခိုက်ဒေါမနဿ နှင့်ယှဉ်သည် မဟုတ်လော။ထိုသို့ဝေဒနာ သုံးပါးနှင့်ယှဉ်၍ ဖြစ်ကောင်း ကလည်း ဖြင်းဝေဒနာသုံးပါးဖြင့်အထူးပြု၍ မောဟမူစိတ်၏သောမနဿ သဟဂုတ်,ဥပေက္ခာသဟဂုတ်, ဒေါမနဿသဟဂုတ်, အဖြစ်ကို ဆိုအပ် ရာ၏။ထိုသို့လျက်အဘယ်ကြောင့် ဤမောဟမူစိတ်၏သောမနဿသဟ ဂုတ်အဖြစ် ဒေါမနဿ သဟဂုတ်အဖြစ်ကို မဆိုမူ၍ ဥပေက္ခာသဟဂုတ် အဖြစ်ကိုသာ ပြဆိုလေ သနည်း ဟူမူ။ ဤမောဟမူ စိတ်သည် ဣဋ္ဌဣဋ္ဌ မဇ္ဈတ္တ,အနိဋ္ဌ,ဟူသော အာရုံ အလုံးစုံကိုပင် အာရုံပြု၍ ဖြစ်သော်လည်း။ ဣဋ္ဌာရုံ၌ သော်လည်း တပ်နှစ်သက်ခြင်း ရဇ္ဇနသဘော မရှိ။ အနိဋ္ဌာရုံ၌ သော်လည်း ပြစ်မှားခြင်း ဒုဿနသဘောမရှိ။ ထိုသို့ခပ်သိမ်းသော အာ ရုံ၌ပင် တပ်နှစ်သက်ခြင်း,ပြစ်မှားခြင်း, ရဇ္ဇနသဘော, ဒုဿနသဘော,မှ ကင်းသောကြောင့် သောမနဿဝေဒနာ,ဒေါမနဿဝေဒနာ,တို့နှင့်ယှဉ် ၍ မဖြစ်ရကား ဖြင်းစိတ်၏ သောမနဿ သဟဂုတ် အဖြစ်, ဒေါမနဿ သဟဂုတ်အဖြစ်တို့ကိုမဆိုဘဲ၊ဥပေက္ခာသဟဂုတ်အဖြစ်,ကိုသာ ဆိုလေ သည်ဟူလေ။

အဘယ်ကြောင့် ခပ်သိမ်းသော အာရုံ၌ ရဇ္ဇနသဘော, ဒုဿန သ ဘော,မှ ကင်းလေသနည်းဟူမူ။ မောဟနှင့် ယှဉ်သည်ဖြစ်၍ ထိုမောဟ ဖြင့် အလွန်မိုက်မဲ တွေဝေသောကြောင့် တပ်ခြင်းရဇ္ဇနသဘော,ပြစ်မှား ခြင်းဒုဿနသဘော,မှ ကင်းလေသည်။မိုက်မဲတွေဝေသောကြောင့်သာ မဟုတ်သေး။ တုန့်လှုပ်သည် အဖြစ်ကြောင့်လည်း ရဇ္ဇနဒုဿနသဘော မှကင်းသည်ဟူလေ။

မောဟဖြင့် အလွန်မိုက်မဲ တွေဝေသောဟု ဆို၏။ မောဟသည် ဤ စိတ်နှစ်ခုတို့နှင့်သာ ယှဉ်သည်မဟုတ်၊ လောဘမူစိတ်,ဒေါသမူစိတ်,တို့ နှင့်လည်းယှဉ်၏။ ထိုသို့လျက် အဘယ်ကြောင့် ဤစိတ်နှစ်ခုတို့ သာလျှင် မောဟဖြင့် အလွန်မိုက်မဲ တွေဝေရလေသနည်းဟူမူ။ လောဘမူဒေါသ

မူစိတ်တို့သည် မောဟနှင့် ယှဉ်သည်ပင် ဖြစ်သော်လည်း မောဟ ဟူသော မူလနှင့်ချည်းသာ ယှဉ်သည်မဟုတ်၊ လောဘမူစိတ်မှာ လောဘ ဟူသော မူလနှင့်၊ဒေါသမူစိတ်မှာလည်း ဒေါသဟူသော မူလနှင့်လည်း ယှဉ်သောကြောင့် ထိုစိတ်တို့သည် မောဟဖြင့် ရိုက်မဲ တွေဝေ သော်လည်း ဤမောဟမူ စိတ်ကဲ့သို့ အလွန်အကဲရိုက်မဲ တွေဝေသည်မဟုတ်၊ ဤစိတ်နှစ်ခုမူကား လောဘ,ဒေါသ,ဟူသော တပါးတခြားသော မူလမှ ကင်းသောကြောင့် မောဟဖြင့်အလွန်အကြူးထူး၍ ရိုက်မဲတွေဝေသည် ဟူလေ။

အဘယ်ကြောင့်ကား ဤစိတ်နှစ်ခုသည် ခပ်သိမ်းသောအာရုံ၌ တုန် လှုပ်လေသနည်းဟူမူ။ တခုတည်းသောအာရုံ၌ ငြိမ်သက်ကောင်းမွန်စွာ မတည်စေရှားသည်၏အစွမ်းအားဖြင့်ဖြစ်သောဝိစိကိစ္ဆာ,ပျံ့လွင့်သည် ၏အစွမ်းအားဖြင့်ဖြစ်သောဥဒ္ဓစ္စ,တို့နှင့်ယှဉ်သောကြောင့်တုန်လှုပ်သည် ဟူလေ။

မောဟမူစိတ် နှစ်ခုတို့တွင် ပဌမ စိတ်၌ ဝိစိကိစ္ဆာမှ တပါးသော ဖဿ စသော စေတသိက်,အဟိရိကစသော စေတသိက်တို့လည်း ရှိပါ ကုန်လျက်။ ယင်းတို့ဖြင့်မှတ်၍ ဖဿသမ္ပယုတ္တံ စသည်၊ အဟိရိကသမ္ပ ယုတ္တံ စသည်ဖြင့် မဆိုမူ၍ အဘယ်ကြောင့် ဝိစိကိစ္ဆာဖြင့်သာမှတ်၍ ဝိစိ ကိစ္ဆာသမ္ပယုတ္တံ ဟူ၍သာ ဆိုလေသနည်းဟူမူ။ ဖဿစသည်၊ အဟိရိ က စသည်တို့သည်၊ ဤစိတ်နှင့်သာ ယှဉ်သည်မဟုတ်၊ ဒုတိယမောဟမူ စိတ်နှင့်လည်းယှဉ်သည်ဖြစ်၍ နှစ်ပါးလုံးနှင့်ဆက်ဆံသောကြောင့် ယင်း တို့ဖြင့်အထူးပြုသည်ရှိသော် ဤပဌမစိတ်၏ ဒုတိယ မောဟမူစိတ်မှ ထူး သည်၏ အဖြစ်သည် မဖြစ်ရာ သည်သာ ဖြစ်၍ ယင်းတို့ဖြင့် အထူးပြု၍ မမှတ်ဘဲ။ဝိစိကိစ္ဆာစေတသိက်သာလျှင် ပဌမမောဟမူစိတ်နှင့်သာယှဉ် သည်ဖြစ်၍။ ၎င်းစိတ်မှ တပါးသော ဒုတိယမောဟမူစိတ်နှင့် မဆက်ဆံ သော တရားဖြစ်ရကား ဝိစိကိစ္ဆာဖြင့်မှတ်၍ ဆိုသော်သာ ပဌမစိတ်၏ ဒုတိယစိတ်မှ ထူးသည်၏ အဖြစ် ထင်ရှားသောကြောင့် ယင်းတို့ဖြင့်သာ မှတ်၍ ဝိစိကိစ္ဆာသမ္ပယုတ္တံ-ဟု ဆိုပါသည်ဟူလေ။

[**ဘောရီသဒ္ဒေါ၊** စည်ကြီးသံ။ ယဝက်ရော၊ မုယောဗြောက်စသည် ဟူရာမှာ ကဲ့သို့ အသာဓာရဏ နည်းအားဖြင့် ဆိုသည်နောက်၌ ဆိုခဲ့ပြီးသည်ကိုမှီ၍ အကျယ်သိလေ။]

ဥဒ္ဓစ္စစေတသိက်သည် အကုသိုလ်စိတ်တဆဲ့နှစ်ပါးလုံးနှင့် ယှဉ်သည်ဖြစ်၍ မောဟ, အဟိရိက,အနောတ္တပ္ပ, စေတသိက်တို့ကဲ့သို့ အကုသိုလ်စိတ် ဟူသမျှ တို့နှင့် ဆက်ဆံသော သဗ္ဗာကုသလ သာဓာရဏ စေတသိက်ဖြစ်ပါလျက် ရှေ့စိတ်တို့မှာ ဥဒ္ဓစ္စသမ္ပယုတ္တံ-ဟု ဥဒ္ဓစ္စဖြင့်အထူးမပြုဘဲ အဘယ်ကြောင့် ဤအဆုံးစွန် ဖြစ်သော စိတ်ကိုသာ ဥဒ္ဓစ္စဖြင့် အထူးပြု၍ ဥဒ္ဓစ္စသမ္ပယုတ္တံ-ဟု ဆိုရလေသနည်း ဟူမူ။ ဤဥဒ္ဓစ္စ စေတသိက်သည် အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ယှဉ်သည် ဆက်ဆံသည်အမှန်ပင်ဖြစ်သော်လည်း ထိုဥဒ္ဓစ္စသည် လောဘမူစိတ်မှာ လောဘထင်ရှား ရှိသောကြောင့် အားမရှိရကား ၎င်းစိတ်နှင့် ယှဉ်သော သမ္ပယုတ်တရားတို့၌ မပြဓာန်း။ ဒေါသမူ စိတ်မှာလည်း ဒေါသထင်ရှား ရှိသောကြောင့် အားမရှိရကား ၎င်းစိတ်နှင့် ယှဉ်သော သမ္ပယုတ် တရားတို့၌ မပြဓာန်း။ ဝိစိကိစ္ဆာသဟဂုတ်စိတ်မှာလည်း ဝိစိကိစ္ဆာထင်ရှားရှိသောကြောင့် အားမရှိရကား ၎င်းစိတ်နှင့် ယှဉ်သော သမ္ပယုတ် တရားတို့၌ မပြဓာန်း။ **ဤအဆုံးစွန်စိတ်၌ကား။** လောဘ,ဒေါသ,ဝိစိကိစ္ဆာတို့ မရှိခြင်းကြောင့် ဥဒ္ဓစ္စသည် အားရှိ လွန်ကဲ၏။ ထိုသို့ အားရှိ လွန်ကဲသောကြောင့် ဤစိတ်၌ယှဉ်သော သမ္ပယုတ်တရားတို့၌ပြဓာန်း၏။ ယင်းသို့အဆုံးစွန်သောစိတ်၌သာ သမ္ပယုတ်တရားတို့၌ပြဓာန်းသောကြောင့် ဤအဆုံးစွန် စိတ်ကိုသာ ဥဒ္ဓစ္စဖြင့် တပါးသော အကုသိုလ် စိတ်တို့မှ အထူးပြု၍ ဥဒ္ဓစ္စသမ္ပယုတ္တံ-ဟု ဆိုလေသည်ဟူလေ။

သဗ္ဗာကုသလယုတ္တမ္ပိ၊ ဥဒ္ဓစ္စံ အန္တိမာနသေ။
ဗလဝံ ဣတိ တံယေဝ၊ ဝုတ္တမုဒ္ဓစ္စယောဂတော။ ။

ဋီကာကျော်သင်္ဂဟဂါထာ။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စစေတသိက်သည်။ သဗ္ဗာကုသလယုတ္တမ္ပိ၊ အလုံးစုံသော အကုသိုလ်စိတ်တဆဲ့နှစ်ခုလုံးနှင့် ယှဉ်သည်ပင်ဖြစ်သော်လည်း။ ယသ္မာ၊ အကြင့်ကြောင့်။ အန္တိမာနသေ၊ အဆုံးစွန်[illegible]သာ

အကုသိုလ်စိတ်၌။ဗလဝံ၊အားရှိ၏။ ဇုတိတဿ၊ထိုသို့အကုသိုလ်စိတ် အလုံးရုံ၌ယှဉ်သော်လည်း တပါးသောအကုသိုလ်စိတ်၌ ယှဉ်ခိုက်အားမရှိ အဆုံးစွန်သော စိတ်၌ ယှဉ်ခိုက်သာ အားရှိသည်၏ အဖြစ်ကြောင့်။ တံယေဝ၊ထိုအဆုံးစွန်ဖြစ်သော အကုသိုလ်စိတ်ကိုသာလျှင်။ ဥဒ္ဒစ္စယောဂတော၊ဥဒ္ဒစ္စနှင့်ယှဉ်သောအားဖြင့်။ ဝုတ္တံ၊ ဥဒ္ဒစ္စသမ္ပယုတ္တံ-ဟု အဋ္ဌကထာဆရာမိန့်ဆိုအပ်၏။

တနည်းပြဆိုလိုက်ဦးအံ့။ လောဘမူ စိတ်ကို ဒိဋ္ဌိဖြင့်မှတ်၍ ဒိဋ္ဌိဂတသမ္ပယုတ္တံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ-ဟု ဒိဋ္ဌိနှင့်ယှဉ်, မယှဉ်, အပြားအားဖြင့် ဆိုသည်ရှိသော် လောဘမူစိတ်ရှစ်ခုလုံး အကြွင်းအကျန်မရှိ အကုန်အစင်ပါဝင်သကဲ့သို့ရင်း။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်, ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်, တို့၏ တပါးသည် တပါးမှ ထူးသည်၏အဖြစ် ထင်ရှားသကဲ့သို့ရင်း။ ဤမောဟမူစိတ်ကိုလည်း ဝိစိကိစ္ဆာဖြင့် သာလျှင် မှတ်၍ ဝိစိကိစ္ဆာ သမ္ပယုတ္တံ, ဝိစိကိစ္ဆာဝိပ္ပယုတ္တံ,ဟူ၍ ဝိစိကိစ္ဆာနှင့် ယှဉ်,မယှဉ်,အပြားအားဖြင့် ဆိုအပ်သည် ရှိသော်၊ မောဟမူစိတ် နှစ်ခုလုံး အကြွင်း အကျန်မရှိ အကုန်အစင် ပါဝင်သောကြောင့်ရင်း။ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်,ဝိစိကိစ္ဆာဝိပ္ပယုတ်စိတ်တို့၏ တပါးသည် တပါးမှ ထူးသည်၏ အဖြစ် သိသာထင်ရှားသောကြောင့်ရင်း ဝိစိကိစ္ဆာဖြင့်သာမှတ်၍ဤမောဟမူစိတ်၏ဝိစိကိစ္ဆာသမ္ပယုတ်အဖြစ်, ဝိစိကိစ္ဆာ ဝိပ္ပယုတ်အဖြစ်,ကို ဆိုရပါသည် မဟုတ်လောထိုသို့လျက်စိတ် ၂ခုလုံးကိုဝိစိကိစ္ဆာဖြင့်သာမှတ်၍မဆိုဘဲအဘယ်ကြောင့် ဥဒ္ဒစ္စဖြင့်မှတ်၍ ဤနောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၏ ဥဒ္ဒစ္စသမ္ပယုတ် အဖြစ်ကို ဆိုလေသနည်း ဟူမူ။ မောဟမူစိတ်၏ ဝိစိကိစ္ဆာသမ္ပယုတ်အဖြစ်,ဝိစိကိစ္ဆာဝိပ္ပယုတ်အဖြစ်,ကိုဆိုက မောဟမူစိတ်အလုံးရုံကုန်သည်, စိတ်နှစ်ပါး အထူး ထင်ရှား သည်ပင် အမှန်ဖြစ်ရကား ဝိစိကိစ္ဆာဖြင့်သာမှတ်၍ဆိုသော်လည်းဆိုသင့်ရာပေ၏။ထိုသို့ဆိုသင့်သော်လည်း ဥဒ္ဒစ္စ စေတသိက်သည် သဗ္ဗာကုသလသာဓာရဏ စေတသိက်ဖြစ်၍ အကုသိုလ်စိတ် တဆဲ့နှစ်ခုလုံးနှင့် ယှဉ်ရကား ရှေ့အကုသိုလ်စိတ်တဆဲ့တခုတို့နှင့်ယှဉ်သောဥဒ္ဒစ္စသည် ဗလဝပဓာနမဖြစ်သကဲ့သို့မဟုတ်၊ ဤနောက်ဆုံး အကုသိုလ်စိတ်နှင့်ယှဉ်သော ဥဒ္ဒစ္စသည် ဗလဝပဓာနဖြစ်

သည်သာ ဖြစ်၍။ ၎င်းစိတ်၌ ဥဒ္ဒစ္စ၏ ဗလဝပစ္စယ ဖြစ်သည်၏ အဖြစ်ကို ပြလိုသောကြောင့် ဝိစိကိစ္ဆာဖြင့်သာမဖွတ်ဘဲ ဥဒ္ဒစ္စဖြင့်ဖွတ်၍ ဤနောက်ဆုံးစိတ်၏ ဥဒ္ဒစ္စသမ္ပယုတ် အဖြစ်ကို အဋ္ဌကထာဆရာ ဆိုတော်မူသည်။

အကုသိုလ်စိတ် တဆဲ့နှစ်ခုတွင် ရှေ့စိတ် ရှစ်ခု၌ လောဘရှိသောကြောင့် ကိုးခုမြောက်,ဆယ်ခုမြောက်,ဖိတ်နှစ်ခု၌ ဒေါသရှိသောကြောင့် တဆဲ့တစ်ခုမြောက်၌ ဝိစိကိစ္ဆာရှိသောကြောင့် ဥဒ္ဒစ္စသည် ဗလဝပစ္စယ မဖြစ်နိုင်သည်။ ဤနောက်ဆုံးစိတ်၌ကား လောဘ,ဒေါသ,ဝိစိကိစ္ဆာတို့ မရှိသောကြောင့် ဗလဝပစ္စယဖြစ်သည်။ဥဒ္ဒစ္စ၏ရှေ့စိတ်တို့၌ ထိုက်သည့် အားလျော်စွာ လောဘ,ဒေါသ,ဝိစိကိစ္ဆာ,တို့ရှိ၍ဗလဝပစ္စယမဖြစ်ခြင်း။ နောက်ဆုံးစိတ်၌ ယင်းတို့မရှိခြင်းကြောင့် ဗလဝပစ္စယ ဖြစ်ခြင်းကို ဤဆိုလတ္တံ့သော လောကူပမာဖြင့် သိအပ်၏။

အကုသိုလ်စိတ်၌မှတ်သားရန်ဥပမာကိုပြခြင်း

လောကူပမာကား။ နိုင်ငံစွန်းတဘက်၌ မြို့သီး တဆဲ့နှစ်မြို့ တို့သည် ရှိကုန်၏။ထိုတဆဲ့နှစ်မြို့တွင် ရှစ်မြို့၌ အမတ်တယောက်ကို မြို့ဝန်ခန့်ထား၍ ထိုအမတ်သည် ၎င်းမြို့သူမြို့သားတို့ကို အုပ်ချုပ်၍နေ၏။နှစ်မြို့၌လည်း အမတ်တယောက်ကို မြို့ဝန် ခန့်ထား၍ ထိုအမတ်သည် ၎င်းမြို့သူမြို့သား တို့ကို အုပ်ချုပ်၍ နေ၏။ တမြို့၌လည်း အမတ်တယောက်ကို မြို့ဝန် ခန့်ထား၍ ထိုမြို့ဝန်သည် ၎င်းမြို့သူမြို့သားတို့ကို အုပ်ချုပ်၍နေ၏။ မြို့တမြို့၌ ကား၎င်းမြို့သူမြို့သားတို့ကို အုပ်ချုပ်သော မြို့ဝန်အမတ်မရှိ။တယောက်သောအမတ်ကိုကား ထိုတဆဲ့နှစ်မြို့လုံး၌ စစ်ကဲခန့်ထားရာ၏။ ထိုစစ်ကဲအမတ်သည် တဆဲ့ နှစ်မြို့ လုံး၏ စစ်ကဲ ဖြစ်သော်လည်း ရှစ်မြို့မှာ ရှစ်မြို့ဝန်ရှိသောကြောင့်။ ၎င်းစစ်ကဲ အမတ်သည် အားမရှိရကား။ ၎င်းရှစ်မြို့သားတို့၌ မပြဋ္ဌာန်း။ နှစ်မြို့မှာလည်း နှစ်မြို့ဝန် ရှိသောကြောင့် စစ်ကဲအမတ်သည်အားမရှိသည်ဖြစ်၍ ၎င်းနှစ်မြို့သားတို့၌ မပြဋ္ဌာန်း။ တမြို့မှာလည်း မြို့ဝန်ရှိသောကြောင့် စစ်ကဲအမတ်သည်အားမရှိရကား၊ ၎င်းတ

မြို့သားတို့၌ မပြဋ္ဌာန်း။ တမြို့၌ မြို့ဝန်အမတ် မရှိသောကြောင့် စစ်ကဲအမတ်သည် အားမရှိရကား ၎င်းမြို့သားတို့၌ စစ်ကဲသာ ပြဋ္ဌာန်း သကဲ့သို့တည်း။

ဤ၌ အကုသိုလ်စိတ် တဆဲ့နှစ်ခုသည် မြို့တဆဲ့နှစ်မြို့နှင့် တူ၏။ လောဘမူစိတ် ၈စ်ခုသည် ၈စ်မြို့ဝန် အမတ် အုပ်ချုပ်သော မြို့၈စ်မြို့နှင့် တူ၏။ ၎င်းစိတ် ၈စ်ခုနှင့်ယှဉ်သော လောဘသည် ၈စ်မြို့ဝန်နှင့်တူ၏။ လောဘမူစိတ်၈စ်ခု၌ လောဘထင်ရှားရှိသောကြောင့်။၎င်းစိတ်၈စ်ခုနှင့် ယှဉ်သော သမ္ပယုတ်တရားတို့၌အားမရှိ၍ ဥဒ္ဓစ္စ မပြဋ္ဌာန်းခြင်းသည် ၈စ်မြို့၌ ၈စ်မြို့ဝန် ထင်ရှားသောကြောင့် စစ်ကဲအမတ်၏အားမရှိ၍ ၎င်း၈စ်မြို့သားတို့၌ မပြဋ္ဌာန်းခြင်းနှင့်တူ၏။ ဒေါသမူစိတ်နှစ်ခုသည် နှစ်မြို့နှင့်တူ၏။ ၎င်းစိတ်နှင့်ယှဉ်သောဒေါသသည်နှစ်မြို့ဝန်နှင့်တူ၏ ဒေါသမူ စိတ်နှစ်ခု၌ ဒေါသထင်ရှားရှိသောကြောင့်။ ၎င်းစိတ်နှစ်ခုတို့နှင့်ယှဉ်သော သမ္ပယုတ်တရားတို့၌ ဥဒ္ဓစ္စ၏ အားမရှိ၍ မပြဋ္ဌာန်းခြင်းသည် နှစ်မြို့၌ နှစ်မြို့ဝန် ထင်ရှားရှိသောကြောင့် စစ်ကဲ၏အားမရှိ၍ နှစ်မြို့သားတို့၌ မပြဋ္ဌာန်းခြင်းနှင့်တူ၏။ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်သည်။တမြို့ဝန်အုပ်ချုပ်သောမြို့တမြို့နှင့်တူ၏။ ဝိစိကိစ္ဆာသည် ၎င်းမြို့ဝန်နှင့် တူ၏။ ဝိစိကိစ္ဆာသမ္ပယုတ် စိတ်၌ ဝိစိကိစ္ဆာ ထင်ရှားရှိသောကြောင့်။ ဥဒ္ဓစ္စအားမရှိ၍ သမ္ပယုတ် တရားတို့၌ မပြဋ္ဌာန်းခြင်းသည် ထိုမြို့၌မြို့ဝန်ထင်ရှားရှိသောကြောင့် အားမရှိ၍ ၎င်းမြို့သားတို့၌ စစ်ကဲမပြဋ္ဌာန်းခြင်းနှင့်တူ၏။ လောဘ, ဒေါသ, ဝိစိကိစ္ဆာ, တို့နှင့်မယှဉ်သော ဥဒ္ဓစ္စသမ္ပယုတ်စိတ်သည်။ မြို့ဝန်မရှိသောမြို့နှင့်တူ၏။ ထိုစိတ်၌ လောဘ, ဒေါသ, ဝိစိကိစ္ဆာ, တို့မရှိခြင်းကြောင့်။ ဥဒ္ဓစ္စအားရှိ၍ သမ္ပယုတ်တရားတို့၌ ပြဋ္ဌာန်းခြင်းသည် ထိုမြို့၌မြို့ဝန်မရှိသောကြောင့် စစ်ကဲအားရှိ၍ မြို့သားတို့၌ ပြဋ္ဌာန်းခြင်းနှင့်တူ၏။ လောဘ, ဒေါသ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, တို့မှကင်းသော သမ္ပယုတ်တရားတို့ကို။ ၎င်းပြဆိုခဲ့သော မြို့တို့၌ နေသော မြို့သူမြို့သားတို့နှင့်တူ၏ဟူ၍မှတ်။ ဤသို့ ဥပမာ ဥပမေယျဟာဝ်လေ။

ဥဒ္ဓစ္စ၏ အကုသိုလ်စိတ် တဆဲ့နှစ်ခုတွင် ရှေ့စိတ် တဆဲ့တခု၌ ဇလဝပဓာနမဖြစ်ပြင်း။ နောက်ဆုံးစိတ်၌သာ ဇလဝပဓာနဖြစ်ခြင်းကိုအဘယ်

ကြောင့်သိပါသနည်းဟူမူ။ အကုသလာဓမ္မာ ဟူသော မာတိကာ၏ ပဒဘာဇနီဝယ်။ အကုသိုလ်စိတ် တဆဲ့နှစ်ပါးတွင် ရှေ့တဆဲ့တပါး တို့၏နိဒ္ဒေသ၌။ တပါးပါးသော အကုသိုလ် စိတ္တုပ္ပါဒ်၌ အတူတကွ ဖြစ်ကြသော အကုသိုလ် တရားတို့ကို။ ဖဿော ဟောတိ ဝေဒနာ ဟောတိ၊ အစ ရှိသည်ဖြင့် အသီးသီး သရုပ်အားဖြင့် ရေတွက် ပြဆို ဝေဘန်ရာ ဓမ္မုဒ္ဒေသဝါရ ပါဠိတော်၌၊ဥဒ္ဓစ္စသည် ဗလဝပဓာနမဖြစ်၊ဒုဗ္ဗလအပဓာနသာဖြစ်သောကြောင့် ဖဿစသည်တို့ကို ဖဿော ဟောတိ အစရှိသည်ဖြင့် အသီးသီးထုတ်ဆောင် ဟောပြတော်မူသကဲ့သို့၊ ဥဒ္ဓစ္စံ ဟောတိ-ဟု ဝိသေသ သရုပ် အားဖြင့် ဟောပြတော် မမူဘဲ။ ယေဝါပန တသ္မိံသမယေ အညေပိ အတ္ထိပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ-ဟု သာမည အားဖြင့်သာ ဟောတော်မူ သောကြောင့်။ ရှေ့အကုသိုလ်စိတ် တဆဲ့တပါးတို့၌ ဥဒ္ဓစ္စ၏ ဒုဗ္ဗလအပဓာန ဖြစ်သည်၏ အဖြစ်ကိုရင်း။ နောက်ဆုံးစိတ်ကို ဝေဘန်ရာ ဓမ္မုဒ္ဒေသဝါရ ပါဠိတော်၌ကား ဥဒ္ဓစ္စ ကိုလည်း ဖဿစသည်ကို ဖဿော ဟောတိ- စသည်ဖြင့် ဟောသကဲ့သို့ ဥဒ္ဓစ္စံဟောတိဟူ၍ သရုပ်အားဖြင့် ဟောတော်မူသောကြောင့် နောက်ဆုံး အကုသိုလ်စိတ်၌ ဥဒ္ဓစ္စ၏ ဗလဝပဓာန ဖြစ်သည်၏အဖြစ်ကိုရင်း သိသည်ဟူလေ။

တရံတခါသော အကြောင်းအရာ အမှုကိစ္စဖြင့် တရံတခါသော မြို့ရွာရပ်ကွက်နေ သဘောတူ လူတို့ကို ရေတွက်ပြဆိုသော အရာ၌။ အမျိုး, အမည်, ဂုဏ်, အရည်, စသည်ဖြင့် ထင်ရှားသော ပဓာနဖြစ်သော လူတို့ကို ငမြို့, ငညို, စသည်၊ တိဿ, ဖုဿ, ဒတ္တ, စသည် သရုပ်အမည်အားဖြင့် ဖော်ကြား၍။ အပါကဋအပဓာန ဖြစ်သော လူတို့ကို သရုပ် အမည်ဝိသေသမထုတ်ဘဲ။ ငမြို့, ငညို, တိဿ, ဖုဿတို့နှင့် လူပေါင်း ငါးဆယ်လူပေါင်းတရာ၊ စသည်ဖြင့် ရေတွက်သကဲ့သို့။ စိတ္တုပ္ပါဒ်တို့ကို အကျယ်ဝေဘန်ရာဝယ်။ ထိုစိတ္တုပ္ပါဒ်တို့၌ အကျုံးဝင်သော ဓမ္မတို့ကို ရေတွက်ဟောပြသော ဓမ္မုဒ္ဒေသဝါရပါဠိတော်၌။ ဗလဝပဓာနပါကဋ ဖြစ်သောတရားတို့ကိုသာ၊ ဖဿောဟောတိ၊ စသည်ဖြင့်အသီးအသီး သရုပ်ဝိသေသ အားဖြင့် ဟောပြတော်မူသည်။ အပါကဋ ဒုဗ္ဗလ အပဓာန ဖြစ်သောတရား တို့ကိုကား။ ယေဝါပနတသ္မိံသမယေ အညေပိ အတ္ထိ ပဋိစ္စ

သမုပ္ပန္နာ အရူပိနော ဓမ္မာ၊ ရူပမေဓမ္မာအကုသလာ။ စသည်ဖြင့် ယေဝါ ပနကဟု သာမညအားဖြင့်သာ ဟောတော်မူလေသည်။

လောဘမူစိတ် ဒေါသမူစိတ်တို့သည် သင်္ခါရဘေဒအားဖြင့် အပြားရှိသကဲ့သို့ ဤမောဟမူ စိတ်သည် အဘယ်ကြောင့် သင်္ခါရဘေဒ အားဖြင့် အပြားမရှိလေသနည်းဟူမူ။ ဤစိတ်နှစ်ခုတို့အား သဘောအားဖြင့်ထက်သည်၏အဖြစ်လည်းမရှိ၊မိမိသည်ပင်း,သူတပါးတို့သည်ပင်း,တိုက်တွန်းအပ်သည်၏ အဖြစ်လည်း မရှိ၊ ထိုသို့သဘော အားဖြင့် ထက်သည်၏ အဖြစ် မရှိသောကြောင့် အသင်္ခါရိကမဖြစ်။ မိမိသည်ပင်း, သူတပါးတို့သည်ပင်း, တိုက်တွန်းအပ်သည်၏ အဖြစ်မရှိသောကြောင့် သသင်္ခါရိက လည်းမဖြစ်။ထို့ကြောင့် လောဘမူ ဒေါသမူစိတ်တို့ကဲ့သို့ သင်္ခါရဘေဒ အားဖြင့် အပြားမရှိသည်ဟူလေ။

အဘယ်ကြောင့်ကား။ ဤစိတ်နှစ်ခုအား ထက်သည်၏အဖြစ်, တိုက်တွန်းအပ်သည်၏အဖြစ်, မရှိလေသနည်း ဟူမူ။ ဤစိတ် နှစ်ခုတွင်၊ ပဌမစိတ်မှာ အာရုံ၌ ရွေ့ရှားခြင်းသဘောရှိသော ဝိစိကိစ္ဆာ စေတသိက်နှင့် ယှဉ်သောကြောင့် ဒုတိယစိတ်မှာ အာရုံ၌ ပျံ့လွင့်ခြင်း သဘောရှိသော ဥဒ္ဓစ္စနှင့် ယှဉ်သောကြောင့် နှစ်ခုလုံး၌ပင် သဘောအားဖြင့် ထက်သည်၏အဖြစ်, တိုက်တွန်းအပ်သည်၏အဖြစ်, မရှိသည်ဟူလေ။

လောဘမူစိတ်၏နိဂုံး၌။ လောဘသဟဂတစိတ္တာနိ၊ဟု သဟဂတသဒ္ဒါနှင့်ဆိုသကဲ့သို့၊ ဤမောဟမူစိတ်၏ နိဂုံး၌လည်း သဟဂတသဒ္ဒါနှင့်၊ မောဟသဟဂတစိတ္တာနိ- ဟူ၍သော်ပင်း။ ဒေါသမူစိတ်၏ နိဂုံး၌ သမ္ပယုတ္တသဒ္ဒါနှင့် ပဋိဃသမ္ပယုတ္တစိတ္တာနိ-ဟု ဆိုသကဲ့သို့ သမ္ပယုတ္တသဒ္ဒါနှင့် မောဟသမ္ပယုတ္တစိတ္တာနိ ဟူ၍သော်ပင်း။ မဆိုမူ၍ အဘယ်ကြောင့် မောမူဟာစိတ္တာနိဟု ဆိုလေသနည်းဟူမူ။ ဤစိတ်နှစ်ခုတို့သည် မောဟဖြင့် အလွန်တွေဝေ မိုက်မဲသောကြောင့် *မောမူဟာစိတ္တာနိဟု ဆိုသည်ဟူလေ။

---

* မောဟမူဟာ-ဟုဆိုလိုလျက် ဟ္ဓါဘာကိုချေ၍ မောမူဟာဆိုသည်။

ဤစိတ်နှစ်ခုတို့သည် မောဟနှင့်ယှဉ်သည်ဖြစ်၍ မောဟဖြင့် အလွန်တွေဝေ မိုက်မဲသောကြောင့် မောမူဟ မည်သည် ဟူခဲ့သော်။ မောဟသည် ဤစိတ်နှစ်ခုတို့နှင့်သာ ယှဉ်သည်မဟုတ်၊ လောဘမူစိတ်, ဒေါသမူစိတ်, တို့နှင့်လည်းယှဉ်သည်ပင်ဖြစ်၍ ထိုလောဘမူစိတ်, ဒေါသမူစိတ်, တို့သည်လည်း မောဟဖြင့် တွေဝေမိုက်မဲကုန်ရာ၏။ ယင်းသို့ တွေဝေမိုက်မဲကလည်း ထိုလောဘမူ, ဒေါသမူစိတ်, တို့ကိုလည်း မောဟမူဟု ဆိုအပ်ကုန်ရာ၏။ ထိုသို့လျက်ထိုစိတ်တို့ကိုမောဟမူဟုမဆိုဘဲ အဘယ်ကြောင့် ဤစိတ်နှစ်ခုတို့ကိုသာ မောဟမူဟု ဆိုအပ်လေကုန်သနည်းဟူမူ။ လောဘမူ ဒေါသမူ စိတ်တို့သည် မောဟနှင့် ယှဉ်သည်ဖြစ်၍ မောဟဖြင့် တွေဝေမိုက်မဲ ကုန်သော်လည်း မိုက်မဲ တွေဝေကာ မတ္တမျှသာ ဖြစ်သည်။ ဤစိတ် နှစ်ခုကဲ့သို့ အလွန်အကြူးထူး၍ မိုက်မဲတွေဝေသည် မဟုတ်။ဤစိတ်နှစ်ခုတို့သာလျှင် မောဟဖြင့်အလွန်အကြူးထူး၍ တွေဝေမိုက်မဲသောကြောင့် လောဘမူ, ဒေါသမူစိတ်, တို့ကို မောဟမူဟု မဆိုမူ၍ ဤစိတ်နှစ်ခုကိုသာ မောဟမူဟုဆိုအပ်သည်ဟူလေ။

လောဘမူ ဒေါသမူစိတ်တို့သည် မောဟနှင့် ယှဉ်ကြခြင်း အတူတူဖြစ်ပါလျက် အဘယ်ကြောင့် မောဟဖြင့် တွေဝေမိုက်မဲကာမျှ ဖြစ်၍ ဤစိတ်နှစ်ခုသာလျှင် မောဟဖြင့် အလွန်အကြူးထူး၍ မိုက်မဲတွေဝေရလေသနည်း ဟူမူ။ လောဘမူ, ဒေါသမူစိတ်, တို့သည် မောဟနှင့်သာ ယှဉ်သည်မဟုတ်၊ လောဘမူစိတ်မှာ လောဘနှင့်၊ ဒေါသမူစိတ်မှာဒေါသနှင့်လည်းတကွ ဖြစ်သောကြောင့်။ မောဟဖြင့် မိုက်မဲ တွေဝေသော်လည်း မိုက်မဲတွေကာ မတ္တမျှသာ ဖြစ်ကုန်သည်။ မောဟမူ စိတ်မူကား။ လောဘ, ဒေါသ, ဟူသော မူလ တပါးမှ ကင်းသောကြောင့် မောဟဖြင့် အလွန်အကြူးထူး၍မိုက်မဲတွေဝေလေသည်ဟူလေ။

လောကူပမာကား။ အငန်, အခါး, နှစ်ပါးနှင့်ရောသောအစာ။အစပ်, အခါး, နှစ်ပါးနှင့် ရောသော အစာတို့သည်၊ ခါး၏ပင် ဆိုသော်လည်း အလွန်မခါး။ ခါးကာမတ္တသာ ဖြစ်သကဲ့သို့။ အငန်, အစပ်မဖက် သက်သက်အခါးနှင့်သာ ရောသော အစာသည် အလွန်ခါးသကဲ့သို့တည်း။

အငြိုးနှင့် လောဘ။ အစဝ်နှင့် ဒေါသ။ အခါးနှင့် မောဟ။ အငန်အခါး နှစ်ပါးနှင့်ရောသောအစာနှင့် လောဘမောဟနှစ်ပါးနှင့်ယှဉ်သော လောဘမူစိတ်။ အစဝ် အခါး နှစ်ပါးနှင့် ရောသောအစာနှင့်၊ ဒေါသ, မောဟ နှစ်ပါးနှင့်ယှဉ်သောဒေါသမူစိတ်။ ထိုအစာနှစ်ပါး၏ခါးကာမတ္တသာဖြစ်သည်နှင့် လောဘမူ၊ ဒေါသမူစိတ် နှစ်ပါးတို့၏ ရိုက်မဲတွေဝေကာ မတ္တသာဖြစ်ခြင်း။ အငန် အစဝ် မဖက် သက်သက် အခါးနှင့်သာ ရောသော အစာနှင့် လောဘ ဒေါသ မဖက် သက်သက် မောဟနှင့်သာ ယှဉ်သော မောဟမူစိတ်။ သက်သက် အခါးနှင့်သာ ရောသောအစာ၏ အလွန်ခါးခြင်းနှင့် သက်သက် မောဟနှင့်သာ ယှဉ်သော မောဟမူစိတ်၏ အလွန်အကြူးထူး၍ ရိုက်မဲတွေဝေခြင်းနှင့်တူ၏။ **ဤသို့ဥပမာဥပမေယျကိုဟာစ်၍ သိလေ။**

သူတပါးတို့ ဥစ္စာကို ခိုးယူမှု၊ သား,ငါး,ပစ်သတ်မှု စသော ယုတ်မာသော အသက်မွေးကြောင်း အမှုကိုမှီ၍ အသက်မွေးသောသူခိုးကို၊သူခိုးချင်း,မုဆိုးကို မုဆိုးချင်း,စသည်ဖြင့် ပေါင်းရရေတွက်သကဲ့သို့။အကျယ်သရုပ် အားဖြင့် အသီးအသီး ထုတ်ဆို ဝေဘန်အပ် ပြီးသော လောဘမူစိတ် စသည်တို့ကို လောဘ,ဒေါသ,စသည်လျှင် မှီရာအကြောင်း အခြေအမြစ်မူလရှိသောလောဘမူစိတ်ကို၊လောဘမူစိတ်ချင်း,ဒေါသမူစိတ်ကို ဒေါသမူစိတ်ချင်း,စသော မူလတူအားဖြင့် သဘောတူရာ ပေါင်းရ၍ အကျဉ်းသင်္ဂဟအားဖြင့် ရေတွက်သော်။

၁။ လောဘမူစိတ်ကားရှစ်ပါး။
၂။ ဒေါသမူစိတ်ကားနှစ်ပါး။
၃။ မောဟမူစိတ်လည်းနှစ်ပါးရှိ၏။

ဝင်းစိတ်တို့သည် အကုသိုလ်စိတ်ချည်းသာ ဖြစ်သောကြောင့် အကုသိုလ်စိတ်တို့သည် တဆဲ့နှစ်ပါးအရေအတွက်ရှိကုန်၏ဟု အဋ္ဌဓာလောဘမူလာနိ၊စသော သင်္ဂဟဂါထာဖြင့် ပြသည်။

အဋ္ဌကထာဆရာသည် ဤသင်္ဂဟဂါထာ၌၊ အဋ္ဌဓာလောဘမူလာနိ, စသည်ဖြင့် မူလသဒ္ဒါနှင့် ဆိုတော်မူသဖြင့် ယခင် လောဘမူ, ဒေါသမူ,

မောဟမူ,စိတ်တို့၏ နိဂုံး၌လည်း။ဣမာနိအဋ္ဌပိလောဘမူလစိတ္တာနိနာမ။ ဣမာနိဒွေပိဒေါသမူလစိတ္တာနိနာမ။ဣမာနိဒွေပိမောဟမူလစိတ္တာနိနာမ၊ ဟူ၍ မူလသဒ္ဒါဖြင့်လည်းဆိုလိုသော် ဆိုသင့်ဆိုရ၏ဟု ပြတော်မူသည်။ လောဘမူစိတ်၏နိဂုမ်း၌။ဣမာနိအဋ္ဌပိလောဘသဟဂတစိတ္တာနိနာမ-ဟု ဆိုတော် မူသဖြင့်လည်း။ ဒေါသမူ, မောဟမူ, စိတ်တို့၏ နိဂုမ်း၌လည်း ဣမာနိဒွေပိပဋိဃသဟဂတစိတ္တာနိနာမ။ ဣမာနိဒွေပိမောဟသဟဂတ စိတ္တာနိနာမ-ဟူ၍ သဟဂတသဒ္ဒါဖြင့်လည်း ဆိုလိုသော် ဆိုသင့်ဆိုရ၏ ဟု ပြတော်မူသည်။ဒေါသမူစိတ်၏နိဂုမ်း၌။ ဣမာနိဒွေပိပဋိဃသမ္ပယုတ္တ စိတ္တာနိနာမ-ဟူ၍ သမ္ပယုတ္တသဒ္ဒါဖြင့် ဆိုတော်မူသဖြင့်လည်း လောဘ မူ, မောဟမူ,စိတ်တို့၏ နိဂုမ်း၌လည်း။ ဣမာနိအဋ္ဌပိလောဘ သမ္ပယုတ္တ စိတ္တာနိနာမ။ဣမာနိဒွေပိမောဟသမ္ပယုတ္တစိတ္တာနိနာမ-ဟူ၍လည်းဆိုလို သော် ဆိုသင့်ဆိုရ၏ဟု ပြတော်မူသည် ဟူ၍လည်း ကြံသင့်၏။

အဟိတ်စိတ်တို့ကိုပြခြင်း

အကုသိုလ် စိတ်တို့ကို ဝေဘန် ပြဆိုပြီးသည်၏ အခြားမဲ့၌ ထိုအကု သိုလ် စိတ်တို့နှင့် အသောဘဏ၏ အဖြစ်ဖြင့် တူသောကြောင့် အဟိတ် စိတ်တို့ကို ဝေဘန် ပြဆိုသည်။ ထိုအဟိတ်စိတ်သည်လည်း ဝိပါက်,ကြိ ယာ,ဟု ဇာတိဘေဒ အားဖြင့် နှစ်ပါးပြားသည်။ထိုတွင်ဝိပါက် ဟူသည် အကျိုးဖြစ်၍၊ အကျိုး ဟူက အကြောင်းနှင့် မကင်းကောင်း။ အကြောင်း ရှိသော်သာ ဖြစ်ရကား အကုသိုလ် ဟူကလည်း အကြောင်းသာဖြစ်၍၊ အကြောင်းကို ပြဆိုသည်၏ အခြားမဲ့၌ အကျိုးကိုပြဆိုသင့်သောကြောင့် ကြိယာစိတ်တို့၏ ရှေးဦးစွာဝိပါက်စိတ်ကို ပြဆိုသည်။ထိုအဟိတ်ဝိပါက် သည်လည်း အကုသလဝိပါက်, ကုသလဝိပါက်,ဟု နှစ်ပါး ပြားသေး သည်။ထိုတွင် အကြောင်း အကုသိုလ်စိတ်ကို ပြဆိုပြီးသည်၏ အခြားမဲ့၌ ထိုအကုသိုလ်၏ အကျိုးဖြစ်သော အကုသလဝိပါက်ကို ပြဆိုသင့်ရကား အဟိတ်ကုသလဝိပါက်၏ ရှေးဦးစွာ အကုသလဝိပါက်စိတ်ကိုပြသည်။ အကြောင်း အကုသိုလ်၏ အခြားမဲ့၌ ထိုအကုသိုလ်၏ အကျိုး ဝိပါက်ကို

ပြုသင့်သည်ဟုခဲ့သော် ကုသလဝိပါက်စိတ်သည် ကုသိုလ်၏အကျိုးဖြစ်သောကြောင့် အကြောင်းကုသိုလ်စိတ်ကို ပြဆိုပြီးသည်နောက်မှ ထိုကုသိုလ်၏ အကျိုးဖြစ်သော ကုသလဝိပါက် စက္ခုဝိညာဏ် စသည်ကို ပြဆိုသင့်ရာ၏။ထိုသို့လျက်အကြောင်း ကုသိုလ်စိတ်ကို မပြမဆိုမီကပင် ကုသလဝိပါက် စက္ခုဝိညာဏ် စသည်ကို၊ အကုသလဝိပါက်၏ အခြားမဲ့၌ မြွောင်ကပ်ကြားညှပ်၍ အဘယ်ကြောင့် ပြဆိုအပ်လေသနည်းဟူမူ။ ဤကုသလဝိပါက် စက္ခုဝိညာဏ် စသည်တို့လည်း၊ အဟိတ်အသောဘဏ၊ အကုသလဝိပါက် စိတ်တို့လည်း အဟိတ်အသောဘဏ ဖြစ်၍၊ အဟိတ်အဖြစ်, အသောဘဏအဖြစ်, ဝိပါက်အဖြစ်,ဖြင့် တူကြလေသောကြောင့် အကုသလဝိပါက်စိတ်ကို ပြဆိုသည်၏ အခြားမဲ့ အဟိတ်ကုသလဝိပါက်စိတ်ကို ပြဆိုသည်။

ထိုနှစ်ပါးတို့တွင် အကုသလဝိပါက်စိတ်သည် အကုသိုလ်၏အကျိုးဖြစ်သော သာမညအားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း၊မှီရာဝတ္ထုမတူကြ။ စက္ခု,သောတ, ဃာန,ဇိဝှါ,ကာယ, ဟဒယ, ဟူသော ဝတ္ထုခြောက်ပါးပြားသည်။ထိုတွင်ရှေ့ငါးပါးမှာ ထူးခြားကွဲပြားမရှိပြီ။ဟဒယဝတ္ထုကို မှီသော စိတ်သော်ကား၊ မှီရာဝတ္ထုပင် မကွဲပြား သော်လည်း သမ္ပဋိစ္ဆန်းကိစ္စတပ်သောစိတ်,သန္တီရဏကိစ္စတပ်သောစိတ်,ဟု ကိစ္စဘေဒအားဖြင့် နှစ်ပါးပြားပြန်သောကြောင့် ခုနစ်ပါးပြား၏။ထိုတွင်ပဉ္စဒွါရဝီထိ၌ ဖြစ်ကြသောအခါ ပဉ္စဝိညာဏ်နောင် သမ္ပဋိစ္ဆန်း၊ ယင်းနောင် သန္တီရဏဖြစ်မြဲ ဖြစ်သောကြောင့် ရှေးဦးစွာ ပဉ္စဝိညာဏ်ကို၊ ထို့နောင် သမ္ပဋိစ္ဆန်းကို၊ထို့နောင်သန္တီရဏကို ပြဆိုသည်။

စက္ခုဝိညာဏ်စသည်တို့၏အစဉ်ထားပုံကိုပြခြင်း

ပဉ္စဝိညာဏ်စိတ်၏ မှီရာပသာဒ ဝတ္ထု ငါးပါးတွင်။ ကာယပသာဒသည် အဏ္ဍဇ, ဇလာဗုဇ, ဟူသော ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေစိတ်နှင့် တပြိုင်တည်း ဖြစ်သောကြောင့် စက္ခုပသာဒစသည်တို့၏ ရှေးဦးစွာ ဖြစ်ပါလျက် အဘယ်ကြောင့် ထိုကာယပသာဒ ဝတ္ထုရုပ်ကို

မှီ၍ဖြစ်သော ကာယဝိညာဏ်စိတ်ကို စက္ခုဝိညာဏ်စိတ် စသည် တို့၏ နောက်မှ ဆိုလေ သနည်း ဟူမူ။ ကာယဝိညာဏ်သည် ဒုက္ခဝေဒနာနှင့်၊ စက္ခုဝိညာဏ် စသော စိတ်လေးခုမှာ ဥပေက္ခာဝေဒနာနှင့် ယှဉ်၍ဖြစ် ရကား။ဒုက္ခသဟဂုတ်ထက် ဥပေက္ခာသဟဂုတ်များသည်ဖြစ်၍ အနည်း အများနှစ်ပါးတွင် အများကို ရှေးဦးစွာ ပြဆိုလို၍ငင်း။ဝဏ္ဏ,ဒွါရ,ရာရ္ဌ တို့ကိုဟောတော်မူသောဒေသနာတော်အစဉ်ကိုမှီ၍ငင်း၊စက္ခုဝိညာဏ် စသည်ကိုရှေ့၊ကာယဝိညာဏ်ကို နောက်ထား၍ ဆိုလေသည် ဟူလေ။

စက္ခုဝိညာဏ်စသော လေးပါးတွင်ကား၊ အမှတ်မဲ့ တပါးပါးကို ရှေ့ ထား၍မဆိုဘဲ၊ အဘယ်ကြောင့် စက္ခုဝိညာဏ်, သောတ, ဃာန, ဇိဝှါ, ဝိညာဏ်,ဟု အစဉ်ထား၍ဆိုရလေသနည်းဟူမူ။ဂန္ထသေယျကတို့အား အဋ္ဌကထာ အလိုအားဖြင့် ပဋိသန္ဓေစွဲနေသည့်နောက် ခုနစ်ကြိမ်မြောက် သော သတ္တာဟမှစ၍ မူလဋီကာဆရာ အလိုအားဖြင့်ကား၊တဆဲ့တကြိမ် မြောက်သော သတ္တာဟမှစ၍ စက္ခု,သောတ,ဃာန,ဇိဝှါပသာဒ,ရုပ်က လာပ်တို့သည်အစဉ်အတိုင်း တသတ္တာဟစီ စဉ်၍ဖြစ်ရကား၊မှီရာပသာ ဒဝတ္ထုရုပ်တို့၏ ဖြစ်စဉ်အားလျော်စွာငင်း။ အာယတန, ဓာတု, ဣန္ဒြိယ, ယမိုက်တို့၌ ဟောတော်မူသော ဒေသနာက္ကမအား လျော်စွာငင်း။ ထိုပ သာဒ ဝတ္ထုရုပ်တို့ကို မှီသော စိတ်တို့၏ အစဉ်ကိုထား၍ ဆိုသည် ဟူ လေ။ဤအရာ၌ အချို့သောဆရာတို့သည် စက္ခုဒသကကလာပ် စသည် တို့၏မရှေးမနှောင်း တပြိုင်တည်းဖြစ်ကြောင်းကိုဆိုကုန်၏။ဤ၌ကား။

တတောပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒီနိစ ပါတုဘ ဝန္တိ-ဟူသော **အဘိဓမ္မတ္ထသင်္ဂဟ**။

တတောပရန္တိ ပဋိသန္ဓိတော ပရံ၊ပဝတ္တိကာလေတိ သတ္တမေသတ္တာ ဟေ၊ ဋီကာကာရမတေန ဧကာဒသမေ သတ္တာဟေ ဝါ။ ကမေနာတိ စက္ခုဒသက ပါတုဘာဝတော သတ္တာဟာတိက္ကမေန သောတဒသကံ။ တတော သတ္တာဟာတိက္ကမေန ဃာနဒသကံ။ တတော သတ္တာဟာ တိက္ကမေန ဇိဝှါဒသကန္တိ ဧဝံ အနုက္ကမေန။ အဋ္ဌကထာယံပိဟိ အယ မတ္ထော ဒဿိတောဝ-ဟူသော **ဋီကာကျော်**။

ကမေနာတိ သတ္တာဟာတိက္ကန္တံကမေန။ စက္ခုဒသကံ ဟိ သတ္တမေ သတ္တာဟေ ပါတုဘဝတိ၊ တတော သတ္တာဟာတိက္ကမေန သောတဒသကံ။တတော သတ္တာဟာတိက္ကမေန ဃာနဒသကံ။ တတော သတ္တာဟာတိက္ကမေန ဇိဝှါဒသကန္တိ အနုက္ကမေန-ဟူသော **သဒ္ဒေပဝတ္တနာနုဒီပကာ** တို့ကိုမှီ၍ အစဉ်အတိုင်းဖြစ်သည်ကိုပြဆိုလိုက်သည်။ အဋ္ဌကထာဋီကာ စသော ကျမ်းပြုဆရာ ဟူသမျှတို့နှင့်တကွ အများတကာတို့၏ ကိုးကား မှီခိုရာဖြစ်သော အရှင်ဗုဒ္ဓဃောသ မထေရ်မြတ်သည် မိန့်ဆိုအပ်သော အစဉ် အတိုင်း ဖြစ်ခြင်းကို ပြသောကြောင့် ရှေ့အဘို့ကို ဆောင်သော အားဖြင့် အဝိဇ္ဇာလျှင် အရင်းမူလ, ဝေဒနာလျှင် အဆုံးရှိသော ပဋိစ္စ သမုပ္ပါဒ်ကို,ဂန္ဓသေယျက၏ အစွမ်းဖြင့် ဟောတော်မူသည်။တကွဖြစ်ခြင်း ကိုပြသောကြောင့် နောက်အဘို့ကို ဆောင်သော အားဖြင့် တဏှာလျှင် အရင်းမူလ, ဇရာမရဏလျှင် အဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်ကို ဥပပါတ် ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူသည်ဟု ပြဆိုသော။**သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဋိစ္စသမုပ္ပါဒဝိဘင်း** အဖွင့်ကို ထောက်၍။ ထိုသဂြိုဟ်, ဋီကာကျော်, သဒ္ဒေပဝတ္တနာတို့ ဆိုသည့်အတိုင်းပင် သင့်ပေရာသည်ဟု ဆရာတို့ ဆိုကြကုန်၏။

တတော၊ထိုပဋိသန္ဓေကာလမှ။ပရံ၊နောက်၌။ ပဝတ္တိကာလေ၊ ခုနစ်ခု မြောက်သော သတ္တာဟ စသော ပဝတ္တိအခါ၌။ ကမေန၊တသတ္တာဟစိ သောအစဉ်အားဖြင့်။ စက္ခုဒသကာဒီနိ၊စက္ခုဒသကကလာပ် စသည် တို့သည်လည်း။ပါတုဘဝန္တိ၊ထင်ရှားဖြစ်ကုန်၏။

တတောပရန္တိ၊တတောပရံ-ဟူသည်ကား။ ပဋိသန္ဓိတော၊ ပဋိသန္ဓေ ကာလမှ။ ပရံ၊၌။ ပဝတ္တိကာလေတိ၊ကား။ သတ္တမေ၊ ကလလသတ္တာဟ နောက်ခုနစ်ခုမြောက် ဖြစ်သော။ သတ္တာဟေ၊ သတ္တာဟကာလ၌။ ဝါ၊ ကား။ ဋီကာကာရမတေန၊ မူလဋီကာကို ပြုစီရင်သော အရှင်အာနန္ဒာ ဆရာ၏ အလိုအားဖြင့်။ ဧကာဒသမေ၊ တဆဲ့တကြိမ် မြောက်သော။ သတ္တာဟေ၊ ၌။ ကမေနာတိ၊ ကား။စက္ခုဒသကပါတုဘာဝတော၊စက္ခု ဒသကကလာပ်ဖြစ်သည်မှ။ သတ္တာဟာတိက္ကမေန၊ တသတ္တာဟကိုလွန် သဖြင့်။ ဝါ၊ လွန်သောအခါ၌။ သောတဒသကံ၊ သောတဒသကကလာပ်

သည်။ ပါတုဘာဝတိ၊ ၏။ တတော၊ ထိုသောတဒါလမ္ဗဏကလာပ်ဖြစ်သော အခါမှ။ သတ္တာဟာတိက္ကမေန၊ ဖြင့်။ ဝါ၊ ၌။ ဃာနဒသကံ၊ ဃာနဒသက ကလာပ်သည်။ ပါတုဘာဝတိ၊ ၏။ တတော၊ ထိုဃာနဒသကဖြစ်သည်မှ။ သတ္တာဟာတိက္ကမေန၊ ဖြင့်။ ဝါ၊ ၌။ ဇိဝှါဒသကံ၊ ဇိဝှါဒသကကလာပ်သည်။ ပါတုဘာဝတိ၊ ၏။ ဣတိဧဝံ၊ ဤသို့။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဟိသန္တံ၊ စက္ခုဒသက စသည်တို့ အစဉ်အတိုင်း ဖြစ်၏ဟု ဆိုသောစကားမှန်၏။ အဋ္ဌကထာယမ္ပိ၊ အဋ္ဌကထာ၌လည်း။ ဝါ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၌လည်း။ အယံအတ္ထော၊ ဤစက္ခုဒသကကလာပ် စသည်တို့၏ အစဉ် အတိုင်းဖြစ်ခြင်း ဟူသောအနက်ကို။ ဒဿိတောဝ၊ ပြတော်မူအပ်သည် သာလျှင်။ ဟောတိ၊ ၏။

[ဤဋီကာကျော်ဝယ်ပြဆိုသည့်အစဉ်း။ စက္ခုဒသကကလာပ် စသည်တို့ဖြစ်ရာ သတ္တာဟကာလ၏ အဋ္ဌကထာဆရာ ဋီကာ ဆရာနှစ်ပါးတို့ အလို ကွဲပြားသင့် မကွဲပြား သင့်သည်ကို ရူပ သင်္ဂဟဒီပနီကထာသို့ရောက်မှ ပြဆိုအံ့။ သင်္ခေပဋီကာ၏ အနက် ကားလွယ်ပြီ။ အဟိတ် ကုသလဝိပါက်စိတ်တို့၌အစဉ်ကိုလည်း အကုသလဝိပါက်၌ ဆိုပြီးသည်ကိုမှီး၍သိလေ။]

အထူးမှာ။ အာရုံသို့လိုက်၍ဝေဒနာအထူးဖြစ်ရကား။ ဝေဒနာဘေဒ အားဖြင့် သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်,ဟု သန္တီရဏနှစ် ပါး ပြားသောကြောင့်။ အဟိတ်ကုသလ ဝိပါက်စိတ်သည် ၈စ်ပါးဖြစ် သည်။ အကြောင်း ကုသိုလ်ကိုပြရာ ဥပေက္ခာသဟဂုတ်၏ ရှေးဦးစွာ သောမနဿသဟဂုတ်ကို ပြဆိုလတ္တံ့သည်အား လျော်စွာ။ ဤအကျိုး ဝိပါက်သန္တီရဏ စိတ်၌လည်း ဥပေက္ခာသဟဂုတ် သန္တီရဏ၏ ရှေး ဦးစွာသောမနဿသဟဂုတ်သန္တီရဏကိုပြဆိုသည်။

အဟိတ်ကုသလဝိပါက် စိတ်ကိုပြဆိုသည်၏ အခြားမဲ့၌။ ယင်းနှင့် ကုသလဝိပါက်၏ အဖြစ်ဖြင့်တူသော မဟာဝိပါက် စိတ်တို့ကိုမပြမဆို ဘဲ။ အဘယ်ကြောင့် ပဉ္စဒွါရာဝဇ္ဇန်း စသည်တို့ကို ပြဆိုလေသနည်းဟူ မူ။ ကုသလဝိပါက်စက္ခုဝိညာဏ် စသည်တို့သည် အဟိတ်, အသော

ဘဏာ, ပဋိဃသင်္ခါရဝဇ္ဇန်း, စသော ကြိယာစိတ် သုံးခုတို့လည်း အဟိတ် အသောဘဏာ ဖြစ်၍။ အဟိတ်၏အဖြစ် အသောဘဏာ၏ အဖြစ်တို့ဖြင့် တူသောကြောင့်။ အဟိတ်ကုသလဝိပါက်၏ အခြားမဲ့၌ အဟိတ်ကြိယာ စိတ်တို့ကို ပြဆိုသည်ဟူလေ။

ထိုသုံးပါးတွင် ဟသိတုပ္ပါဒ်စိတ်သည် အရဟတ္တဖလ၌သာ ပုဂ္ဂိုလ် တယောက်ထည်း၌သာဖြစ်သည်။ အာဝဇ္ဇန်းမူကား ပုဂ္ဂိုလ်ရှစ်ယောက် ၌ဖြစ်သည်ဖြစ်၍ အရာကျယ်သောကြောင့်ငှင်း။ ခပ်သိမ်းသောဝိထိတို့၌ အာဝဇ္ဇန်းသာ ဇောစိတ်တို့၏ ရှေးဦးစွာ ဖြစ်သောကြောင့်ငှင်း။ ဟသိ တုပ္ပါဒ်၏ ရှေးဦးစွာ အာဝဇ္ဇန်းတို့ကိုပြဆိုသည်။

အာဝဇ္ဇန်းနှစ်ခုတွင်လည်း။ ပဉ္စဒွါရာဝဇ္ဇန်းသည် ဒွါရငါးပါး၌သာဖြစ် သည်။ မနောဒွါရာဝဇ္ဇန်းမူကား ဒွါရ ခြောက်ပါးလုံး၌ဖြစ်၍ အရာကျယ် သော်လည်း။ တခုသော ပဉ္စဒွါရိကဝိထိ၌ အတူတကွ ဖြစ်ကြသောအခါ ပဉ္စဒွါရာဝဇ္ဇန်းသာ ရှေးဦးစွာဖြစ်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်းကို ရှေးဦး စွာဆိုသည်။ ဤသို့အဟိတ်စိတ်တို့၏ ရှေ့နောက်ဆိုစဉ်ကိုသိလေ။ မှီရာ ပသာဒဝတ္ထုရုပ်ကားအကြောင်း၊ ထိုဝတ္ထုရုပ်၌မှီတတ်သော ဝိညာဏ် ကားအကျိုး၊ ဝိညာဏ်သည် ဝတ္ထုကိုမှီ၍ ဖြစ်ချေရကား၊ ဝတ္ထုကြောင့် ဖြစ်သည်။ ဝတ္ထုကိုမှီ၍အာရုံကိုသိသည်။ထို့ကြောင့် အကုသလဝိပါက် စိတ်ခုနစ်ခု တို့တွင်။ ပဌမစိတ်သည် အကြောင်းမှီရာ ဖြစ်သော ပသာဒ စက္ခု၏ အကျိုးဝိညာဏ် ဖြစ်သောကြောင့်ငှင်း, မှီရာဝတ္ထု ဖြစ်သော စက္ခုကြောင့်ဖြစ်သော ဝိညာဏ် ဖြစ်သောကြောင့်ငှင်း, စက္ခုဝတ္ထု၌မှီ သော ဝိညာဏ် ဖြစ်သောကြောင့်ငှင်း, စက္ခုဝတ္ထုကို မှီ၍အာရုံကိုသိ တတ်သောကြောင့်ငှင်း, စက္ခုဝိညာဏ်မည်၏။ ။ဒုတိယစိတ်စသည် တို့၏ သောတဝိညာဏ် စသည်မည်ရာ၌လည်း ဤနည်းကိုမှီး၍သိလေ။

ဒုတိယစိတ်သည် သောတပသာဒဟူသောဝတ္ထုကိုမှီသည်။တတိယ စိတ်သည် ဃာနပသာဒ ဟူသော ဃာန ဝတ္ထုရုပ်ကို မှီသည်။ စတုတ္ထ စိတ်သည် ဇိဝှါပသာဒ ဟူသော ဇိဝှါ ဝတ္ထုရုပ်ကို မှီသည်။ ပဉ္စမစိတ် သည် ကာယပသာဒ ဟူသော ကာယဝတ္ထုရုပ်ကိုမှီသည်။ ထို့ကြောင့် ငါးစိတ် တို့သည် မှီရာဝတ္ထု၏ အစွမ်းဖြင့် အစဉ်အတိုင်း သောတ

ဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မည်ကုန်သည်။

သမ္ပဋိစ္ဆိုန်းသန္တီရဏတို့မှတ်သားရန်ကိုပြခြင်း

ခြောက်ခုမြောက် ဆဋ္ဌစိတ်မှာ စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်သည် ယူအပ်ပြီးသောရူပါရုံစသော ငါးပါးသော အာရုံကို ပဉ္စဝိညာဏ်ချုပ်သည့် နောက်မပျောက် မပျက်စေရ ဆက်လက်ခံယူလင့် သကဲ့သို့သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းဟူသော သမ္ပဋိစ္ဆန ကိစ္စတပ်သော အားဖြင့် ဖြစ်သောကြောင့် သမ္ပဋိစ္ဆိုန်းမည်သည်။

လောကူပမာကား။ မိဘတို့သည် ဆည်းပူး ရှာမှီး ရထားအပ်သော အမွေဥစ္စာကို မိဘတို့သေဆုံး ကွယ်လွန်သည်နောက် ပျောက်ရပျက်စီးခြင်းမရှိစေရ သားသမီးတို့ အမွေခံယူသကဲ့သို့တည်း။ ဤ၌ပဉ္စဝိညာဏ်စိတ်သည် အနန္တရ, သမနန္တရ သတ္တိ စသည်တို့ဖြင့် သမ္ပဋိစ္ဆိုန်းအား ကျေးဇူး ပြုတတ်သော အကြောင်းပစ္စည်းတရား ဖြစ်သောကြောင့် မိဘနှင့်တူ၏။ ထိုပဉ္စဝိညာဏ် စိတ်သည် ကျေးဇူးပြုအပ်သော သမ္ပဋိစ္ဆိုန်းစိတ်သည် အကျိုးပစ္စယုပ္ပန်တရား ဖြစ်သောကြောင့် သားသမီးနှင့်တူ၏။ ထိုပဉ္စဝိညာဏ်၏ အာရုံဖြစ်သော ရူပါရုံစသော ပဉ္စာရုံသည် မိဘတို့ရှာမှီးရရုံးအပ်သော အမွေဥစ္စာနှင့်တူ၏။ ပဉ္စဝိညာဏ်စိတ်တို့ ချုပ်ပြီးသည့်နောက် ချင်းတို့၏အာရုံကို သမ္ပဋိစ္ဆိုန်း၏ ခံယူလင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည်။ မိဘတို့ကွယ်လွန် သေဆုံးသည့်နောက် ယင်းတို့၏ အမွေဥစ္စာကို သားသမီးတို့ခံယူသည်နှင့်တူ၏။ဤသို့ဟာပ်လေ။

ခုနစ်ခုမြောက်ဖြစ်သော သတ္တမစိတ်သည်။ သမ္ပဋိစ္ဆိုန်းသည် ခံယူအပ်ပြီးသောအာရုံကို ပုံစမ်းသကဲ့သို့သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းဟူသော သန္တီရဏ ကိစ္စတပ်သော အားဖြင့် ဖြစ်တတ်သောကြောင့် သန္တီရဏမည်၏။ **ဥပမာကား**။ သူငယ်တယောက်သည် မြင်အပ်သော ရွှေတုံးရွှေခဲကို သူငယ်တယောက် ကောက်ယူ၍ သူငယ်တယောက်က ဤအတုံး အခဲကား ရွှေ,ငွေ,ကြေး, သံ, စသည်တို့တွင် အဘယ်ဖြစ်လေ

သနည်းဟု ရုံစမ်းသကဲ့သို့ ရုံစမ်းသည်။ ပဌမသူငယ်နှင့် ပဥ္စဝိညာဏ်၊ ဒုတိယသူငယ်နှင့် သမ္ပဋိစ္ဆိုန်း၊ တတိယသူငယ်နှင့် သန္တီရဏတူ၏။ ဒွေခဲနှင့် ပဥ္စာရုံတူ၏ စသည်ဖြင့် ဟပ်လေ။ အဟိတ် ကုသလ ဝိပါက်စိတ် ရှစ်ခုတို့၌လည်း ဤနည်းကိုမှီး၍သိလေ။

ပဥ္စဝိညာဏ်တို့၏ ဥပေက္ခာဖြစ်ပုံကို ပြခြင်း။

စက္ခုဝိညာဏ် စသော ပဥ္စဝိညာဏ်စိတ်သည် အကုသလဝိပါက် ဖြစ်အံ့ အနိဋ္ဌာရုံကို၊ ကုသလဝိပါက်ဖြစ်အံ့ ဣဋ္ဌာရုံကို အာရုံပြု၍ဖြစ်၏။ ထိုသို့ပြုသောကြောင့်။ အကြောင်း အာရုံအားလျော်စွာ အနိဋ္ဌာရုံကို အာရုံပြုမှု ဒုက္ခဝေဒနာနှင့်။ ဣဋ္ဌာရုံကို အာရုံပြုမှု သုခဝေဒနာနှင့် ယှဉ်ရာပါသည်မဟုတ်လော။ ထိုသို့ သုခ, ဒုက္ခ, တို့နှင့် ယှဉ်ကလည်း အကုသလဝိပါက်စက္ခုဝိညာဏ် စသည်ကိုဒုက္ခသဟဂုတ်။ ကုသလဝိပါက်စက္ခုဝိညာဏ် စသည်ကို သုခသဟဂုတ်ဟုဆိုအပ်ရာ၏။ထိုသို့လျက်အဘယ်ကြောင့် အကုသလဝိပါက်၊ ကုသလဝိပါက် နှစ်ပါးလုံးကိုပင် ဥပေက္ခာသဟဂုတ် ဟူ၍သာ ဆိုအပ်လေသနည်းဟူမူ။စက္ခုဝိညာဏ်, သောတ, ဃာန,ဇိဝှါဝိညာဏ်တို့သည် အစဉ်အတိုင်း စက္ခုဝတ္ထု,သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု ရုပ်တို့ကိုသာ မှီသည်။ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,တို့ကိုသာ အာရုံပြုသည်။ ထိုစက္ခု စသောဝတ္ထု၊ ရူပါရုံစသော အာရုံတို့သည်လည်း ဥပါဒါရုပ်တို့ ချည်းသာဖြစ်၍ အားနည်းသည်။ ထိုသို့အားနည်းသော ဥပါဒါရုပ် ဖြစ်သော ဝတ္ထုအာရုံတို့၏ ထိခိုက်ခြင်းသည် ပေထက်၌ ဝါဂွမ်းစိုင်တခုကို တင်ထား၍ ဝါဂွမ်းစိုင်တခုဖြင့် ပုတ်ခတ်သည်ရှိသော်။ ထိုဝါဂွမ်းစိုင်၏ ထိခိုက်ခြင်းသည် အလွန် အားနည်းသကဲ့သို့ အလွန်အားနည်းသောကြောင့် အနိဋ္ဌာရုံ၌သော်လည်း ဒုက္ခဝေဒနာမဖြစ်။ဣဋ္ဌာရုံ၌သော်လည်း သုခဝေဒနာမဖြစ်၊ဣဋ္ဌအနိဋ္ဌအာရုံအလုံးရုံ၌ပင် ဥပေက္ခာသာဖြစ်ရကား ဒုက္ခသဟဂုတ်,သုခသဟဂုတ်, ဟုမဆိုဘဲ၊ အကုသလဝိပါက်၊ ကုသလဝိပါက် နှစ်ပါးလုံး၌ပင်၊ ဥပေက္ခာသဟဂုတ်ဟူ၍သာဆိုရလေသည်ဟူလေ။

ဤဝယ် စက္ခုဒွါရ ကလာပ်၌ ပါသော မဟာဘုတ်လျှင် မှီရာရှိသော စက္ခုပသာဒ ဝတ္ထုသည် ပေထက်၌ တင်ထားအပ်သော ဝါဂွမ်းစိုင်နှင့်တူ၏။ ထိုစက္ခုပသာဒဝတ္ထု၏ မှီရာဖြစ်သော မဟာဘုတ်သည် ဝါဂွမ်းစိုင်၏ တင်ထားရာပေနှင့်တူ၏။ ထိုစက္ခုပသာဒ၌ ထိခိုက်သော ရူပါရုံသည် ထိုပေထက်၌ တင်ထားသော ဝါဂွမ်းစိုင်ကို ထိခိုက်လာသောဝါဂွမ်းစိုင်နှင့်တူ၏။ ထိုရူပါရုံ၏ စက္ခုပသာဒ၏မှီရာ မဟာဘုတ်သို့ မရောက်မခိုက် ပသာဒတွင်ရွေ့သာထိခိုက်ခြင်းသည် ထိုဝါဂွမ်းစိုင်၏ ပေထက် ဝါဂွမ်းစိုင်၏မှီရာ ပေသို့မရောက်မခိုက် ဝါဂွမ်းစိုင်တွင်ရွေ့သာ ထိခိုက်ခြင်းနှင့်တူ၏။ ဝတ္ထု အာရုံ ဟူသော ဥပါဒါရုပ်တို့ ထိခိုက်ခြင်း၏ အလွန် အားနည်းခြင်းသည် ဝါဂွမ်းစိုင်နှစ်ခုတို့ ထိခိုက်ခြင်း၏ အလွန် အားနည်းခြင်း မပြင်းထန်ခြင်းနှင့်တူ၏။ သောတဝတ္ထု သဒ္ဒါရုံ စသည်တို့၌လည်း ဤနည်းမှတ်လေ။

ကာယဝိညာဏ်၏ ဒုက္ခ,သုခ,ဖြစ်ပုံကိုပြခြင်း

ကာယဝိညာဏ်သည် ထိုစက္ခုဝိညာဏ် စသည်တို့နှင့် ပဉ္စဝိညာဏဓာတ်၏အဖြစ်ဖြင့်အတူတူဖြစ်ပါလျက်၊အဘယ်ကြောင့် ကာယဝိညာဏ်ကို စက္ခုဝိညာဏ် စသည်ကဲ့သို့ ဥပေက္ခာ သဟဂုတ်ဟု မဆိုဘဲ၊ ဒုက္ခသဟဂုတ်,သုခသဟဂုတ်,ဟု ဆိုအပ်လေသနည်း ဟူမူ။ကာယဝိညာဏ်သည် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသည်။ ဖောဋ္ဌဗ္ဗာရုံ- ဟူသည်လည်း ပထဝီ,တေဇော,ဝါယော, ဟူသော မဟာဘုတ်ဖြစ်ရကား၊ ထိုမဟာဘုတ် ဖြစ်သော ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်၏ မှီရာဖြစ်သော ကာယပသာဒရုပ်ကို ထိခိုက်သည်ရှိသော်၊ ကာယပသာဒရုပ်တွင်သာ တန့်ရပ်၍မနေ ပေထက်၌ ဝါဂွမ်းစိုင်ကိုတင်၍ တူဖြင့်နှက်သည်ရှိသော် တူသည်ဝါဂွမ်းစိုင်တွင် တန့်ရပ်၍မနေ ဝါဂွမ်းစိုင်ကိုလွန်၍ ထိုဝါဂွမ်းစိုင်၏ တည်ရာပေကိုထိခိုက်သကဲ့သို့ တူ၏ပေနှင့်ထိခိုက်ခြင်းသည်လည်း အလွန်ပြင်းထန်သကဲ့သို့၊ထိုကာယပသာဒရုပ်၏ မှီရာဖြစ်သော ကာယဒသက ကလာပ်၌တည်သော မဟာဘုတ်သို့ ရောက်အောင် ထိခိုက်သောကြောင့် မဟာ

ဘုတ်၏ မဟာဘုတ်နှင့် ထိခိုက်ခြင်းသည်လည်း အလွန်ပြင်းထန် အားရှိ ရကား စက္ခုဝိညာဏ် စသည်ကဲ့သို့ အလုံးရုံသောအာရုံ၌ ဥပေက္ခာနှင့် သာမယှဉ်ဘဲ အနိဋ္ဌာရုံ၌ဒုက္ခဝေဒနာနှင့်၊ ဣဋ္ဌာရုံ၌သုခဝေဒနာနှင့်ယှဉ်၍ ဖြစ်ရကား အကုသလဝိပါက် ကာယဝိညာဏ်ကို ဒုက္ခသဟဂုတ်၊ ကုသ လဝိပါက် ကာယဝိညာဏ်ကို သုခသဟဂုတ် ဟူ၍သာ ဆိုအပ်သည်ဟူ လေ။ ဖောဋ္ဌဗ္ဗာရုံ ဖြစ်သော မဟာဘုတ်သည် တူနှင့် တူ၏ စသည်ဖြင့် **ဥပမာဥပမေယျဟာပ်လေ မခဲခက်ပြီ။**

သမ္ပဋိစ္ဆိုန်းဒွေ၏ဥပေက္ခာဖြစ်ပုံကိုပြခြင်း

အနိဋ္ဌာရုံကိုသာ အာရုံပြု၍ဖြစ်သော အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ကို ဒုက္ခသဟဂုတ်။ ဣဋ္ဌာရုံကို အာရုံပြု၍ဖြစ်သော ကုသလဝိပါက် သမ္ပ ဋိစ္ဆိုန်းကို သုခ သဟဂုတ်ဟု ဆိုရာပါသည် မဟုတ်လော။ ထိုသို့လျက် အဘယ်ကြောင့် သမ္ပဋိစ္ဆိုန်းနှစ်ခုလုံးကိုဥပေက္ခာသဟဂုတ်ဟူ၍သာဆို လေသနည်းဟူမူ။ ဤသမ္ပဋိစ္ဆိုန်းနှစ်ခုသည်အစဉ်အတိုင်းအနိဋ္ဌာရုံဣဋ္ဌာရုံ တို့ကိုပင် အာရုံပြုသော်လည်း။ ခဲသိမ်းသော အခြင်းအရာအားဖြင့် အာရုံ ၏အရသာကို ပြည့်ပုံစွာမခံစားနိုင်။ တစိတ်တဒေသမျှဖြင့်သာ ခံစားနိုင် သောကြောင့် ဣဋ္ဌ,အနိဋ္ဌ,အာရုံအလုံးရုံ၌ပင် ဥပေက္ခာနှင့်သာ ယှဉ်၍ဖြစ် ရကား ဥပေက္ခာသဟဂုတ် ဟူ၍သာ ဆိုရလေသည် ဟူလေ။

အဘယ်ကြောင့်ကား ထိုစိတ်နှစ်ခုတို့သည် အာရုံ၏အရသာကိုပြည့် ရုံစွာမခံစားနိုင်လေသနည်းဟူမူ။ စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့ သည် ပသာဒဝတ္ထုရုပ်တို့သာ မှီကုန်သည်။သမ္ပဋိစ္ဆိုန်းစိတ်မူကား ဟ ဒယဝတ္ထုရုပ်ကိုသာ မှီသည်။ ပဉ္စဝိညာဏ် စိတ်၏ အခြားမဲ့၌သာလည်း ဖြစ်သည်။ တပါးသော စိတ်တို့၏ အခြားမဲ့၌ မဖြစ်နိုင်သည်ဖြစ်၍ ဟဒယ ဝတ္ထုကိုသာမှီသော မိမိဟူသောသမ္ပဋိစ္ဆိုန်းနှင့် မိမိအားအနန္တရသတ္တိ ဖြင့် ကျေးဇူးပြုတတ် ထောက်ပံ့ဘတ်သော ပသာဒဝတ္ထုကိုမှီသော ပဉ္စ ဝိညာဏ်၏ မှီရာဝတ္ထုအားဖြင့် မတူကြသည်သာ ဖြစ်ရကား မှီရာဝတ္ထု တူသည်၏အဖြစ်ဖြင့် သဘောတူသောစိတ်မှ အနန္တရသတ္တိဖြင့် ကျေးဇူး

ပြုခြင်း ဟူသော အထောက်အကူကို မရသည်ဖြစ်၍ စိတ်တူ ကိုယ်တူ ကူညီထောက်ပံ့မည့်သူ သဘောတူ အဆွေခင်ပွန်း အထောက် အကူမှ ကင်းသောယောကျ်ားသည် အားမရှိလွန်းသကဲ့သို့၊ အားမရှိလွန်းသော ကြောင့် အာရုံ၏အရသာကို ပြည့်ပြည့်ဝဝ မခံစားနိုင်လေသည် ဟူလေ။

ကုသလဝိပါက်သန္တီရဏသည်ဝေဒနာနှစ်ပါး၌ဖြစ်ပုံကိုပြခြင်း

ကုသလဝိပါက် သန္တီရဏကို ဝေဒနာဘေဒအားဖြင့်၊ သောမနဿ သဟဂုတ်,ဥပေက္ခာသဟဂုတ်,ဟူ၍ အဘယ်ကြောင့် နှစ်ပါးအပြားအား ဖြင့် ဆိုအပ်လေသနည်းဟူမူ။ကုသလဝိပါက် သန္တီရဏစိတ်သည် ဟဒယ ယဝတ္ထုကို မှီသည်ဖြစ်၍ ဟဒယ ဝတ္ထုကို မှီကြခြင်း တူသည်၏ အဖြစ် ဖြင့် မိမိနှင့်သဘောတူသော ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်မှ အနန္တ ရသတ္တိဖြင့် ကျေးဇူးပြုခြင်း ဟူသော အထောက်အပံ့ကို ရသောကြောင့် စိတ်တူကိုယ်မျှ အားပေးအားဖြင့် ချီပင့်ထောက်ပံ့မည့်သူ အဆွေခင်ပွန်း ကောင်းမှ အထောက်အကူကို ရသော ယောကျ်ားသည် အလွန်အားရှိ သကဲ့သို့ အလွန်အားရှိသောကြောင့် ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာရုံ၏ အရသာကို ပြည့်ပြည့်ဝဝ ခံစားနိုင်သည်ဖြစ်၍ ဣဋ္ဌာရုံကို အာရုံပြု ခိုက် သောမနဿနှင့် ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြုခိုက် ဥပေက္ခာနှင့်ယှဉ်၍ ဖြစ်ရကား ဝေဒနာဘေဒအားဖြင့် သောမနဿ သဟဂုတ်, ဥပေက္ခာသ ဟဂုတ်,ဟု နှစ်ပါးအပြားအားဖြင့် ဆိုအပ်သည် ဟူလေ။

အကုသလဝိပါက်သန္တီရဏသည် ဥပေက္ခာ၌သာဖြစ်ပုံကိုပြခြင်း

ကုသလဝိပါက် သန္တီရဏသည် မှီရာဝတ္ထုတူ ဖြစ်သော စိတ်မှ အနန္တရပစ္စည်းကိုရ၍ အလွန်အားရှိသောကြောင့် ဣဋ္ဌာရုံဣဋ္ဌမဇ္ဈတ္တာရုံ အားလျော်စွာ ဝေဒနာဘေဒအားဖြင့် သောမနဿ သဟဂုတ် ဥပေက္ခာ သဟဂုတ်ဟု နှစ်ပါးပြားသည်ဟူခဲ့သော်၊ အကုသလဝိပါက်သန္တီရဏ စိတ်သည်လည်း ဟဒယဝတ္ထုကို မှီသည်ဖြစ်၍ ဟဒယဝတ္ထုကို မှီကြ

ခြင်းတူသည်အဖြစ်ဖြင့် မိမိနှင့်သဘောတူသော အကုသလဝိပါက် သမ္ပ ဋိစ္ဆိုနိုင်းစိတ်မှ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်း ဟူသော အထောက် အပံ့ကို ရသည်ဖြစ်၍ သဘောတူ အဆွေခင်ပွန်း အထောက် အကူကိုရ သော ယောက်ျားသည် အားရှိသကဲ့သို့ အလွန်အားရှိရသောကြောင့် အနိဋ္ဌာရုံကိုအာရုံပြုခိုက် ဒေါမနဿ ဝေဒနာနှင့် အနိဋ္ဌမဇ္ဈတ္တာရုံကိုအာ ရုံပြုခိုက် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သင့်ရကား၊ ဝေဒနာဘေဒ အားဖြင့် ဒေါမနဿ သဟဂုတ်သန္တီရဏ, ဥပေက္ခာသဟဂုတ် သန္တီရဏ, ဟု နှစ်ပါးပြားရာ ပါသည်မဟုတ်လောဟူမူ။မပြားသင့်ဟူလေ။

ဒေါမနဿဝေဒနာသည် အနိဋ္ဌာရုံ၌ဖြစ်သင့်ဖြစ်ထိုက်ပါသည် မဟုတ် လော။ ထိုသို့ ဖြစ်သင့်လျက် အဘယ်ကြောင့် နှစ်ပါး မပြားလေသနည်း ဟူမူ။ဒေါမနဿသည် အနိဋ္ဌာရုံ၌ ဖြစ်သင့်ဖြစ်ထိုက် သော်လည်း ထိုဒေါ မနဿသည် ပဋိဃနှင့်ကင်း၍ တရံတဆစ်မျှ မိမိချည်းသက်သက်မဖြစ် နိုင်ရကား အကုသလ ဝိပါက် စိတ်တို့၌ မဖြစ်သင့် မယှဉ်သင့် သော ကြောင့် မပြားလေသည်ဟူလေ။

ဒေါမနဿသည် ပဋိဃနှင့်ကင်း၍ မိမိချည်း မဖြစ်နိုင် သောကြောင့် အကုသလဝိပါက်စိတ်တို့၌ မဖြစ်နိုင်ဟူ၏။ ထိုသို့ကင်း၍ မဖြစ်နိုင်သော် ပဋိဃနှင့် အတူတကွပင် ယှဉ်ပါစေတော့လော ဟူပြန်မူ။ မယှဉ်နိုင်,အ ဘယ်ကြောင့်မယှဉ်နိုင်သနည်းဟူမူပဋိဃဟူသည်ဒေါသစေတသိက်ပင် ဖြစ်သည်။ဒေါသစေတသိက်၏လည်း စင်စစ်အကုသိုလ်သဘောရှိသည် ၏အဖြစ်ကြောင့် ပြားသောဇာတ်ရှိသော တရားတို့၏လည်း မိမိနှင့်ဇာတ် မတူဘဲ ကွဲလွဲသော ဇာတ်ရှိသော တရားတို့၌ ကူးလူးရှက်တင် စပ်ယှဉ် ရာပေါက်၍ မဖြစ်ကောင်း ရကား ဧကန္တ အကုသိုလ် သဘောရှိသော ပဋိဃသည် ဧကန္တအဗျာကတ သဘောရှိသော အကုသလဝိပါက်စိတ် တို့၌ မဖြစ်ကောင်းသည်သာ ဖြစ်သောကြောင့် ဒေါမနဿသည် ပဋိဃ နှင့်တကွလည်း အကုသလဝိပါက်စိတ်တို့၌ မယှဉ်နိုင်လေသည်ဟူလေ။

ဤသို့ ဒေါမနဿ ဝေဒနာ၏ တရံတဆစ်မျှ ပဋိဃနှင့် ကင်း၍ မဖြစ် သည်၏ အဖြစ် ပြားသော ဇာတ်ရှိသော ဇာတ်မတူသော တရား တို့၏

တပါးနှင့်တပါး မယှဉ်ကောင်းသည်သာဖြစ်၍ စင်စစ် အကုသိုလ်ဇာတ် ပဋိဃ၏လည်း စင်စစ် အဗျာကတ ဇာတ်ရှိသော ဝိပါက်စိတ်တို့၌ မဖြစ်ကောင်း သည့်၏ အဖြစ်ကြောင့် ဒေါမနဿနှင့် မကွေ မကွာ အမြဲသာ ယှဉ်သော ပဋိဃ၏ အကုသလဝိပါက် စိတ်တို့၌ မဖြစ်နိုင်ရကား ဒေါမနဿဝေဒနာသည် အကုသလဝိပါက် သန္တီရဏစိတ်၌ မယှဉ်နိုင်သည်သာဖြစ်၍ အကုသလဝိပါက် သန္တီရဏ စိတ်သည် ဝေဒနာဘေဒ အားဖြင့်ဒေါမနဿ သဟဂုတ်,ဥပေက္ခာသဟဂုတ်,ဟု နှစ်ပါး မပြားသင့်ပြီ။ ဥပေက္ခာသဟဂုတ် တပါးတည်းသာ ဖြစ်သည် ဟူလေ။

တနည်းလည်း။ တရံ တယောက်သော အားကြီးသော ယောကျ်ားသည် ပုတ်ခတ် ရိုက်နှက် အပ်သော အားငယ်သော ယောကျ်ားသည် ထိုအားကြီးသောသူအား ရိုက်ပုတ်တုံ့ပြန်၍ ရိုက်ပုတ်ခြင်းငှါ မစွံမစွမ်း နိုင်သည်ဖြစ်၍ ထိုအားကြီးသော ယောကျ်ား၌ လစ်လျူရှုရ သည်သာ ဖြစ်သကဲ့သို့ အကုသလ ဝိပါက် စိတ်တို့၏ ထက်ဝန်းကျင် အလွန်အားနည်း သည့်၏ အဖြစ်ကြောင့် အနိဋ္ဌာရုံကိုပင် အာရုံပြု သော်လည်း ဒေါမနဿနှင့် မယှဉ်နိုင် ဥပေက္ခာ ဝေဒနာနှင့်သာ ယှဉ်၍ ဖြစ်ချေ ရကား အကုသလဝိပါက် သန္တီရဏ စိတ်သည် ဝေဒနာဘေဒ အားဖြင့် ဒေါမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်,ဟု နှစ်ပါး မပြား။ ဥပေက္ခာသဟဂုတ်သာ ဖြစ်သည်ဟူလေ။

စက္ခုဝိညာဏ်ဖြစ်ခြင်း၏အကြောင်းကား။ ၁-စက္ခုပသာဒ။ ၂-ရူပါရုံ။ ၃-အာလောက။ ၄-မနသိကာရ။ ဤလေးပါးတည်း။ ဧင်းလေးပါးပြည့်စုံမှ၊ စက္ခုဝိညာဏ်ဖြစ်သည် တပါးပါးချို့သော် မဖြစ်နိုင်။ ပဋိသန္ဓေအားဖြင့် စက္ခုပသာဒချို့သောသူ,တရံတခုသော ပယောဂဖြင့် စက္ခုပသာဒ ပျက်သောသူ, စသည်တို့အား ကြွင်းသော အကြောင်း သုံးပါး ပြည့်စုံ လျက်ပင်သော်လည်း စက္ခုပသာဒဟူသော အကြောင်းချို့တဲ့ ချေသော ကြောင့် အလျှင်းပင် စက္ခုဝိညာဏ် မဖြစ်နိုင်။ အကယ်၍ စက္ခုပသာဒ မရှိဘဲလျက်ပင် စက္ခုဝိညာဏ်ဖြစ်နိုင်အံ့ မျက်စိနှစ်ဖက် ရုံလုံးပျက်သော သူကန်းတို့ သည်လည်း ရူပါရုံကို မြင်ကုန်ရာ ခဲ့သည်၊မြင်ကား မမြင်နိုင်

ကုန်။ ထို့ကြောင့် စက္ခုပသာဒသည် စက္ခုဝိညာဏ် ဖြစ်ခြင်း၏ မကင်းရာ မကင်းကောင်းသော အကြောင်း တပါးဟု သိသာသည်။ ရူပါရုံ မရှိခဲ့ကလည်း ကြွင်းသော အကြောင်း သုံးပါးပင် ရှိသော်လည်း စက္ခုဝိညာဏ်မဖြစ်နိုင်။ အကယ်၍ နီလ, ပီတ, အညို, အရွှေ, စသော ရူပါရုံမရှိဘဲပင် စက္ခုဝိညာဏ် ဖြစ်သည်ဖြစ်အံ့။ ဒေသဌာန စသည်ကို မှတ်သားနိုင်ခြင်းမဖြစ်ရာ။ မှတ်သားနိုင်ခြင်းသည် ရှိသည်သာဖြစ်ရကား ရူပါရုံသည်လည်း စက္ခုဝိညာဏ် ဖြစ်ခြင်း၏ မကင်းရာ မကင်း ကောင်းသော အကြောင်းတပါးဟု သိသာသည်။

ဤကား။ စက္ခုရူပဂဟဏေန နိဿယတော အာရမ္မဏတော စ စိတ္တံ ဝိဘာဝေတိ။ ဥဘယာဓိနဝုတ္တိကတ္တာ၊ ယဒိဟိ စက္ခုနာမ နသိယာ။ အန္ဓာပိ ရူပံ ပဿေယျုံ န စ ပဿန္တိ၊ ယဒိစ နီလာဒိရူပံနာမ နသိယာ။ တဿ ဒေသာဒိနိယမေန နဘာဝိတဗ္ဗံ။ အတ္ထေဝ စ နိယမောတိ။ ဟူသော **မဏိသာရမဉ္ဇူ** ကိုမှီ၍ဆိုသော အဓိပ္ပါယ်တည်း။

စက္ခုရူပဂဟဏေန၊ စက္ခုသန္နိဿိတရူပဝိဇာနနလက္ခဏံ ဟူသော ဋီကာကျော်၌ စက္ခုသဒ္ဒါ ရူပသဒ္ဒါဖြင့်။ ဥဘယာဓိနဝုတ္တိကတ္တာ။ စက္ခုဝိညာဏ်၏ စက္ခုပသာဒ ရူပါရုံနှစ်ပါးနှင့်စပ်၍သာဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်။ နိဿယတော စ၊ မှီရာအားဖြင့်၎င်း။ အာရမ္မဏတော စ။ အာရုံအားဖြင့်၎င်း။ စိတ္တံ၊ စက္ခုဝိညာဏ်စိတ်ကို။ ဝိဘာဝေတိ၊ ထင်ရှားပြ၏။ ဟိ သစ္စံ၊ မှန်၏။ ဝါ၊ ဟိ- ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ စက္ခုနာမ၊ စက္ခုပသာဒ မည်သည်။ ယဒိ နသိယာ၊ အကယ်၍ စက္ခုဝိညာဏ်၏ မှီရာမဖြစ်ခဲ့သည် ဖြစ်အံ့။ အန္ဓာပိ၊ မျက်စိနှစ်ဘက်ပုံလုံးပျက်သော သူကန်းတို့သည်လည်း။ ရူပံ၊ ရူပါရုံကို။ ပဿေယျုံ၊ မြင်ကုန်ရာ၏။ န စ ပဿန္တိ၊ မြင်ကား မမြင်ပါခဲ့ကုန်။ နီလာဒိရူပံနာမ၊ အညိုစသော ရူပါရုံမည်သည်။ ယဒိစ နသိယာ၊ အကယ်၍လည်း စက္ခုဝိညာဏ်၏ အာရုံမဖြစ်ခဲ့သည်ဖြစ်အံ့။ တဿ၊ ထို ရူပါရုံ၏။ ဒေသာဒိနိယမေန၊ အရပ် စသည်ကို မှတ်သားနိုင်ခြင်းမည်သည်။ နဘာဝိတဗ္ဗံ၊ မဖြစ်ရာ။ နိယမော၊ ဒေသ စသည်ကို မှတ်သားနိုင်ခြင်းသည်။ အတ္ထေဝ စ၊ ရှိကားရှိသည်သာလျှင်တည်း။ ဣတိ တသ္မာ၊ ထို့

ကြောင့်။ စက္ခု၊ စက္ခုပသာဒသည်။ နိဿယော၊ စက္ခုဝိညာဏ်၏ မှီရာသည်။ ဟောတိ၊ ၏။ ရူပဥ္စ၊ရူပါရုံသည်လည်း။ အာရမ္မဏံ၊စက္ခုဝိညာဏ်၏အာရုံသည်၊ ဟောတိ၊ ၏။

တနည်းငါတို့အကြိုက်ကိုပြမိုက်ခန့်။ စက္ခုဝိညာဏ်သည် ရူပါရုံကိုသာ အာရုံပြုသည်။ ရူပါရုံမှတပါး တပုံတခုသောအာရုံကိုမျှ အာရုံမပြုနိုင်။ စိတ်ဟူသမျှသည်လည်း အာရုံနှင့်ကင်း၍၊ အာရမ္မဏပစ္စည်းကိုမရဘဲဖြစ်သော မည်သည် မရှိရကား။ စက္ခုဝိညာဏ်သည် အာရုံနှင့်ကင်း၍လည်းမဖြစ်နိုင်။ ရူပါရုံမှတပါးသော အာရုံကိုလည်း အာရုံမပြုနိုင်။ စင်စစ်ရူပါရုံကိုသာ အာရုံပြု၍ ဖြစ်သောကြောင့် ရူပါရုံသည်လည်း စက္ခုဝိညာဏ် ဖြစ်ခြင်း၏ မကင်းရာ မကင်းကောင်းသော အကြောင်းတပါးဟု သိသာသည်ဟူလေ။

တိမ်သူလာဖုံးလွှမ်းခြင်း, တပုံတခုသော ပယောဂဖြင့် မျက်စိကိုမိတ်ပင်ခြင်း, မှောင်အတိဖုံးလွှမ်းခြင်း, စသောအာလောကကို တားမြစ်နှောင့်ယှက်တတ်သော အကြောင်းကြောင့် အလင်းကိုမရသည်ရှိသော်။ ကြွင်းသောအကြောင်းကြောင့် သုံးပါးပင် ပြည့်စုံသော်လည်း စက္ခုဝိညာဏ်မဖြစ်နိုင်။ လောကန္တရိက်ငရဲ၌ မှောင်အတိဖုံးလွှမ်းသောကြောင့် ထိုငရဲသူ သတ္တဝါတို့အား ဘုရားအလောင်းတော်တို့ လက်ထက်၌ နိယတဗျာဒိတ်ကိုခံရသောအခါ,ဘုရားအဖြစ်သို့ရောက်တော်မူသောအခါ, စသည်တို့၌ သုံးဆဲ့နှစ်ပါးသော နိမိတ်တို့ ထင်ရှား ဖြစ်ခိုက်၌ရင်း, ပဋ္ဌာန်းကျမ်းကိုသုံးသပ်တော်မူသောအခါ၊ စသည်တို့၌ ရောင်ခြည်တော်ထွက်သောအခိုက်၌ရင်း, အလင်းကိုရ၍ စက္ခုဝိညာဏ် ဖြစ်နိုင်သည်။ ကြွင်းသောကာလတို့၌ မဖြစ်နိုင်။ ထို့ကြောင့် အာလောက သည်လည်း စက္ခုဝိညာဏ် ဖြစ်ခြင်း၏ မကင်းရာ မကင်းကောင်းသော အကြောင်းတပါးဟုသိသာသည်။ စက္ခု, ရူပ, အာလောက, ဟူသော အကြောင်း သုံးပါးပင် ရှိသော်လည်း။ အာရုံကို နှလုံးမသွင်း သတိ မထားချေက စက္ခုဝိညာဏ်မဖြစ်နိုင်။ ဤကိုရည်၍ပင် ရှေးသူဟောင်းပညာရှိသည် "သတိမမူက ဂူမမြင်"ဟု အစဉ်သုံးစွဲကြသည်။

တနည်းလည်း။ ဤ၌မနသိကာရဟူသည် ပဉ္စဒွါရာဝဇ္ဇန်းတည်း။ ထို ကြောင့် အကြောင်း သုံးပါးပင် ရှိသော်လည်း အစဉ်မပြတ် ဖြစ်သော ဘဝင် အယဉ်ကိုလည်းစေ, တန့်ရပ်စေတတ်သော ပဉ္စဒွါရာဝဇ္ဇန်း မဖြစ် သော် စက္ခုဝိညာဏ်မဖြစ်နိုင်။ ပဉ္စဒွါရာဝဇ္ဇန်းဖြစ်ပါမှ စက္ခုဝိညာဏ် ဖြစ်နိုင်သည်။ ထို့ကြောင့် မနသိကာရသည်လည်း စက္ခုဝိညာဏ် ဖြစ် ခြင်း၏ မကင်းရာ မကင်းကောင်းသော အကြောင်း တပါးဟု သိသာ သည်။ သောတဝိညာဏ်၊ စသည်တို့၏ အကြောင်းကိုပြရာ၌လည်း။ ဤ နည်းပြဆိုပြီးသောနည်းကိုမှီးသဖြင့် ထိုက်သည့်အားလျော်စွာသိလေ။

သောတဝိညာဏ်ဖြစ်ခြင်း၏ အကြောင်းကား။ ၁-သောတပသာဒ။ ၂-သဒ္ဒါရုံ။ ၃-အခေါင်း အပေါက်ဟူသော ဝိဝရ။ ၄-မနသိကာရအား ဖြင့် လေးပါးတည်း။ ဤအကြောင်း လေးပါးရံမှ သောတဝိညာဏ် ဖြစ် သည်။ တပါးပါးချို့သော် မဖြစ်ဟုမှတ်။ ဤနည်းကိုမှီး၍ နောက်ကိုလည်း သိလေ။ ဤသောတဝိညာဏ်သည် ပဋိသန္ဓေအားဖြင့် သောတချို့သော သူ, တရံတခါသော အကြောင်းကြောင့် သောတပျက်သောသူ, စသည် တို့အား သောတပသာဒ မရှိသောကြောင့် မဖြစ်။ အသံမှ ကင်းသော ဆိတ်ငြိမ်ရာ စသည်၌ နေသော သူအားလည်း သဒ္ဒါရုံ မရှိခြင်းကြောင့် မဖြစ်၊ နဖာချေး ပိတ်ဆို့ခြင်း, တရံတခါသော ပယောဂဖြင့် နားကိုပိတ် ဆို့ခြင်း, စသည်ကြောင့် အလင်း လဟာ အပေါက်ကို မရသောသူအား လည်း ဝိဝရ၏ မရှိခြင်းကြောင့်မဖြစ်။ ဤသို့စသည်ဖြင့် သောတပသာဒ သဒ္ဒါရုံ စသည်တို့၏ သောတဝိညာဏ် ဖြစ်ခြင်း၏ မကင်းရာ မကင်း ကောင်းသော အကြောင်းဖြစ်သည်ကိုသိလေ။

ဃာနဝိညာဏ်ဖြစ်ခြင်း၏ အကြောင်းကား။ ၁-ဃာနပသာဒ။ ၂-ဂန္ဓာရုံ။ ၃-အာကာသ။ ၄-မနသိကာရအားဖြင့်လေးပါး။

ဇိဝှါဝိညာဏ်ဖြစ်ခြင်း၏အကြောင်းကား။ ၁-ဇိဝှါပသာဒ။ ၂-ရသာ ရုံ။ ၃-အာပေါ။ ၄-မနသိကာရ, အားဖြင့် လေးပါး။

ကာယဝိညာဏ်ဖြစ်ခြင်း၏အကြောင်းကား။ ၁-ကာယပသာဒ။ ၂-ဖောဋ္ဌဗ္ဗာရုံ။ ၃-ပထဝီ။ ၄-မနသိကာရအားဖြင့် လေးပါး။ ဤသို့ အသီး အသီးမှတ်လေ။

အသညသတ်မှ တပါးသော ရူပဖြပဥ္စ တို့အား၊ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဟူသောအကြောင်း၊ အာကာသ, အာပေါ, ပထဝီ, ဟူသော အကြောင်း စသည်တို့ ရှိကုန်ငြားသော်လည်း ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, တို့မရှိခြင်းကြောင့်၊ ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, တို့မဖြစ်ကုန်ဟု မှတ်လေ။

အဟိတ်ကြိယာစိတ်ကိုပြခြင်း

အကယ်၍ ကုသလဝိပါက်သန္တိရဏသည် ဟဒယဝတ္ထုကို မှီကြခြင်းတူသည်၏ အဖြစ်ဖြင့် မိမိနှင့်သဘောတူသော ရှေ့စိတ်မှ အနန္တရပစ္စည်း အထောက်အကူကို ရသောကြောင့် အားရှိရကား အာရုံ၏ အရသာကို ပြည့်ဝစွာ ခံစားနိုင်၍ ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ, တို့၌ ထိုက်သည် အားလျော်စွာ သောမနဿဥပေက္ခာ တို့နှင့် ယှဉ်ခြင်းကြောင့် ဝေဒနာဘေဒအားဖြင့် သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်, ဟုနှစ်ပါး ပြားသည်ဖြစ်အံ့။ ပဥ္စဒွါရာဝဇ္ဇန်း မနောဒွါရာဝဇ္ဇန်း တို့သည်လည်း ဟဒယဝတ္ထုကိုမှီကြခြင်း တူသည်၏အဖြစ်ဖြင့် မိမိတို့နှင့် သဘောတူသော ရှေ့စိတ်မှ အနန္တရပစ္စည်း အထောက်အကူကို ရသောကြောင့် အားရှိရာ၏။ အားရှိကလည်း အာရုံ၏ အရသာကို ပြည့်ဝစွာ ခံစားနိုင်ရာ၏။ ထိုသို့ခံစားနိုင်ကလည်း အာဝဇ္ဇန်းစိတ်တို့သည် ဣဋ္ဌအနိဋ္ဌအာရုံအလုံးစုံကိုအာရုံပြုနိုင်သောကြောင့် အနိဋ္ဌာရုံကိုအာရုံပြုခိုက် ဒုက္ခဒေါမနဿနှင့် ဣဋ္ဌာရုံကို အာရုံပြုခိုက် သုခသောမနဿနှင့်လည်း ယှဉ်သင့်ရာပါသည်။ ထိုသို့ယှဉ်သင့်ခဲ့ကလည်း ဝေဒနာဘေဒအားဖြင့် ပြားရာပါသည်၊ ထိုသို့ လျက်အဘယ်ကြောင့် အပြားအားဖြင့်မဆိုဘဲ ဥပေက္ခာသဟဂုတ် ဟူ၍သာ ဆိုလေသနည်းဟူမူ။ အာဝဇ္ဇန်းနှစ်ခုတို့တွင်။

ပဥ္စဒွါရာဝဇ္ဇန်းစိတ်သည်။ မိမိနှင့်ဟဒယ ဝတ္ထုကိုမှီကြခြင်းတူသော ကာမ, ရူပ, ဘဝင်စိတ်တို့မှ အနန္တရပစ္စည်း အထောက် အကူကိုပင် ရသော်လည်း။ မိမိမဖြစ်မီ ရှေ့အဘို့၌ တရံတခုသော ဝီထိစိတ်သည် မယူ အစ်ဘူးသော အသစ်သာဖြစ်သော အာရုံကို ယူရသောကြောင့်ရင်း။ ထို

အသစ်သော အာရုံ၌ပင် တကြိမ်တည်းသာ ဖြစ်သောကြောင့်ငင်း အားနည်းရကား၊ အာရုံ၏ အရသာကို ပြည့်ဝစွာ မခံစားနိုင်သောကြောင့် ဣဋ္ဌာရုံကိုပင် အာရုံပြုသော်လည်း သုခ, သောမနဿနှင့်မယှဉ်နိုင်။ အနိဋ္ဌာရုံကိုပင် အာရုံပြုသော်လည်း ဒုက္ခ,ဒေါမနဿတို့နှင့်မယှဉ်နိုင်။အလုံးစုံသောအာရုံ၌ပင် ဥပေက္ခာနှင့်သာ ယှဉ်၍ ဖြစ်ရသောကြောင့် ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို ဥပေက္ခာသဟဂုတ် ဟူ၍သာ ဆိုရလေသည်။

မနောဒွါရာဝဇ္ဇန်းစိတ်သည်လည်း။ မနောဒွါရ၌ အာဝဇ္ဇန်းကိစ္စတပ်၍ဖြစ်သော အခါ၌ငင်း။ ပဉ္စဒွါရဝယ် အတိမဟန္တာရုံ ဝီထိ, မဟန္တာရုံ ဝီထိ,တို့၌ ဝုဋ္ဌော ကိစ္စတပ်၍ဖြစ်သောအခါ၌ငင်း။ မိမိက ဇောမဟုတ်ဘဲ လျက် ဇောစိတ်တို့ကို အနန္တရသတ္တိ, သမနန္တရသတ္တိ, တို့ဖြင့် ကျေးဇူးပြု၍ ဖြစ်စေရသော အားဖြင့် ပရိတ္တာရုံဝီထိ၌ ဖြစ်သောအခါ မိမိကဝီထိစိတ်ဖြစ်၍ မိမိနှင့်မတူသော ကာမဘဝင်, ရူပဘဝင်, ဟူသော ဝီထိမုတ်စိတ်ကို အနန္တရသတ္တိ၊ စသည်ဖြင့် ကျေးဇူးပြု၍ ဖြစ်စေရသော အားဖြင့် အာရုံ၏အရသာကို ခံစားခြင်းမှတပါးသော ဗျာပါရကို ငဲ့သောကြောင့် အားနည်းချေရကား အာရုံ၏ အရသာကို ပြည့်ဝစွာမခံစားနိုင်။ ထိုသို့ မခံစားနိုင် သောကြောင့်၊ အနိဋ္ဌာရုံ၌ သော်လည်း ဒုက္ခ, ဒေါမနဿနှင့် မယှဉ်၊ ဣဋ္ဌာရုံ၌ သော်လည်း သုခ, သောမနဿမယှဉ်၊ အလုံးစုံသော အာရုံ၌ပင် ဥပေက္ခာနှင့်သာယှဉ်ရကား ငင်းစိတ်ကိုလည်း ဥပေက္ခာသဟဂုတ် ဟူ၍သာဆိုအပ်လေသည် ဟူလေ။

အဟိတ်ကြိယာစိတ် သုံးခုတို့တွင်။ ပဌမစိတ်သည် အဘယ်ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းမည်သနည်းဟူမူ။စက္ခုဒွါရစသော ငါးပါးသော ဒွါရတို့၌ ထိုက်သည် အားလျော်စွာ ထင်ခြင်းသို့ ရောက်သော ရူပါရုံ စသည်ကို ဆင်ခြင်တတ်, ထိုအာရုံ၌ နှလုံးသွင်းခြင်းကို ပြုတတ်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မည်သည်ဟူလေ။

တနည်းလည်း။ အစဉ်မပြတ် တစပ်ထည်း ဖြစ်သော စိတ်အစဉ်ကို ဘဝင်၏ အစွမ်းဖြင့် ဖြစ်မိမ့်သော၌ မပေးမူ၍ စက္ခုဒွါရစသော ငါးပါး သောဒွါရ၌ ဝီထိစိတ် ဖြစ်မိမ့်သော၌ ညွတ်စေတတ်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်းမည်သည်ဟူလေ။

ဒုတိယ စိတ်သည် အဘယ်ကြောင့် မနောဒွါရာဝဇ္ဇန်း မည်သနည်း ဟူမူ၊ အာဝဇ္ဇန်းအား အနန္တရ သတ္တိဖြင့် ကျေးဇူး ပြုတတ်သော ဘဝင်္ဂုပစ္ဆေဒစိတ်သည် ဝီထိစိတ်တို့ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် မနောဒွါရမည်၏။ ဤဒုတိယစိတ်သည် ဘဝင်္ဂုပစ္ဆေဒဟူသောမနောဒွါရ၌မြင်,ကြား,တွေ့,သိ,ဘူးသည်၏အစွမ်းဖြင့်ထင်ရှားခြင်းသို့ရောက်သော အာရုံကိုဆင်ခြင်တတ်သောကြောင့်မနောဒွါရာဝဇ္ဇန်းမည်သည်ဟူလေ။

တနည်းလည်း။ အစဉ် မပြတ် တစပ်ထည်း ဖြစ်သော စိတ်အစဉ်ကို ဘဝင်၏အစွမ်းဖြင့် ဖြစ်စိမ့်သော၄ါ အခွင့်မပေးမူ၍ ထိုမနောဒွါရ၌ ဝီထိ စိတ်ဖြစ်စိမ့်သော၄ါ ညွတ်စေတတ်သောကြောင့် မနောဒွါရာဝဇ္ဇန်း မည် သည်ဟူလေ။

[**ကာမာဝစရမှာ** အရော ပဉ္စဝိညာဏ ဝီထိတို့ကို ပြဆိုသောအရာ တို့၌ ဝေါဋ္ဌဗ္ဗနစိတ် ဟူသည်လည်း အခြားမဟုတ် ဤမနောဒွါရာ ဝဇ္ဇန်းစိတ်ပင် ဖြစ်သည်ဟု မှတ်လေ။]

အဘယ်ကြောင့် ဤစိတ်ကို မနောဒွါရာဝဇ္ဇန်း ဟူ၍သာ မဆိုဘဲ ဝေါ ဋ္ဌဗ္ဗန ဟူ၍လည်း ဆိုအပ်လေသနည်းဟူမူ၊ ပဉ္စဒွါရ၌ဖြစ်ခိုက် သန္တီရဏ သည် ပုံစမ်းအပ်တိုင်းသော အာရုံကို မှတ်သားတတ် လေသောကြောင့် ဝေါဋ္ဌဗ္ဗန ဟူ၍လည်း ဆိုအပ်သည် ဟူလေ။

ဤမနောဒွါရာဝဇ္ဇန်းစိတ်သည် ကာမ,ရူပ,အရူပ,ဟူသော ဘုံသုံးပါး၌ တစုံတယောက်သော စိတ်ရှိသော သစိတ္တကသတ္တဝါအား မဖြစ်သော မည်သည်မရှိ။ အလုံးစုံ သစိတ္တက သတ္တဝါ ဟူသမျှ တို့နှင့် ဆက်ဆံ၏။ ခြောက်ပါးသော အသာဓာရဏ ဉာဏ်တော်တို့ သည်လည်း ဤမနော ဒွါရာဝဇ္ဇန်းစိတ်ယူသော အာရုံကိုသာယူကြရကုန်သည်။ ဤစိတ်၏အာရုံ မဖြစ်သော တစုံတခုသော တရားမည်သည်မရှိ။ အလုံးစုံကိုအာရုံပြုနိုင် သည်။ ဖြစ်ရာဘုံ,ပုဂ္ဂိုလ်,အာရုံ,အားဖြင့် တပါးသောစိတ်တို့ထက် ကျယ် သောအရာရှိရကား ခပ်သိမ်းသော တိရစ္ဆာန်တို့ထက် ကြီးသောကိုယ် ရှိသော ဆင်ပြောင်ကြီးနှင့် တူသည်မည်၏။

[**သဗ္ဗညုတဉာဏ်** မဟုတ်ဘဲလျက် သဗ္ဗညုတဉာဏ်နှင့် အ လား တူသော တရားကား အဘယ် တရား နည်းဟု မေးသည်

ရှိသော် ဤမနောဒွါရာဝဇ္ဇန်းစိတ်ပင်တည်းဟု ဖြေကြားအပ်၏ဟု အဋ္ဌသာလိနီအဋ္ဌကထာ၌ဆို၏။]

သုခိတ္တကသတ္တဝါ ဟူသမျှတို့နှင့် ဆက်ဆံသည့်ဟူ၍ပင် အဋ္ဌကထာ ဆရာ ဆိုသော်လည်း မဂ္ဂစိတ္တက္ခဏ သမင်္ဂီ အခိုက် ကိုသာ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ဟုဆိုသည်။ မဂ်စိတ် ဟူကလည်း တကြိမ်တခါတည်း ဖြစ်သည် ဖြစ်၍ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို လွတ်၍ယူလေ။

တတိယစိတ်သည် အဘယ်ကြောင့် ဟသိတုပ္ပါဒ် မည်သနည်းဟူမူ။ ပြုံးရွှင်ခြင်းကိုဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပါဒ်မည်သည်ဟူလေ။ ဤဟသိတုပ္ပါဒ် စိတ်သည် ကုန်ပြီးသော အာသဝေါရှိသော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်တို့၏သာ အသီးပုဂ္ဂလိက အာဝေဏိက ဖြစ်သော စိတ်တည်း။တပါးသောပုဂ္ဂိုလ်တို့နှင့် ဆက်ဆံသောစိတ်မဟုတ် အနေဝဋ္ဌာရိက ဖြစ်သော အာရုံတို့၌ ပြုံးရွှင်သော အခြင်း အရာမျှ၏ အကြောင်း ဖြစ်သော စိတ်တည်းဟု ဋီကာကျော်၌ဆို၏။

ဟသိတံ ဥပ္ပါဒေတီတိ ဟသိတုပ္ပါဒံ။ ခီဏာသဝါနံ အနေဝဋ္ဌာရိကာ ရမ္မဏေသု ပဟဋ္ဌာကာရမတ္တဟေတုကံ ကိရိယာဟေတုက မနောဝိ ဏာဓာတုသောမနဿသဟဂတစိတ္တံ။ **ဋီကာကျော်**။

ယံစိတ္တံ၊အကြင်စိတ်သည်။ဟသိတံ၊ပြုံးရွှင်ခြင်းကို။ ဥပ္ပါဒေတိ၊ဖြစ်စေတတ်၏။ဣတိတသ္မာ၊ကြောင့်။ တံစိတ္တံ၊သည်။ ဟသိတုပ္ပါဒံ၊ ဟသိတုပ္ပါဒ် မည်၏။ခီဏာသဝါနံ၊ကုန်ပြီးသောအာသဝေါရှိကုန်သော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်တို့၏။အနေဝဋ္ဌာရိကာရမ္မဏေသု၊ပကတိသောသတ္တဝါတို့၏ စိတ်အားထင်ခြင်းသို့မရောက်နိုင်သော အလွန်သိမ်မွေ့ သေးဖွဲ့ နည်းငယ်သော အာရုံတို့၌။ ဝါ၊ အရိုးရပြိတ္တာတို့၏ရုပ်အစရှိသော ယုတ်ညံ့သော အာရုံတို့၌။ ပဟဋ္ဌာကာရမတ္တဟေတုကံ၊ ပြုံးရွှင်သော အခြင်း အရာမျှ၏ အကြောင်းဖြစ်သော။ကိရိယာဟေတုကမနောဝိညာဏဓာတု သောမနဿသဟဂတစိတ္တံ၊ ကြိယာအဟိတ် မနောဝိညာဏဓာတ် ဖြစ် သော သောမနဿ သဟဂုတ်စိတ်တည်း။

ဩဠာရိကသဉ္ဇါသည့်ရှေးနည်း၌ဩဠာရိကရုပ်စသည်၌ကဲ့သို့ ရုန့်ရင်း ထင်ရှားသော အနက်ကို ဟော၏။ ဤအရာ၌ကား နံ,သဒ္ဒါနှင့် သမာသ်

တွဲလျက်ဖြစ်၍ သိမ်မွေ့ သေး ဖွဲ့ နည်းငယ်သော အနက်ကို ဟောသည်။ နောက်နည်း၌ကား ဥဒ္ဓာရကုလံ စသည်၌ ကဲ့သို့ ပြန့်ပြောသော မြတ်သောအနက်ကိုဟော၏။ဤ၌ကား နှ,နှင့်သမာသ်တွဲလျက်ဖြစ်၍ ယုတ်ညံ့သောအနက်ကိုဟောသည်။ဋီကာ၌ အနောဠာရိကအာရုံကိုသာဆိုသည်ကား ဥပလက္ခဏာ နိဒဿန မျှသာ ဖြစ်သည်။ ကမ္ဗည္ဓာန်း စီးဖြန်းခြင်း၌ လျှောက်ပတ်သော အရပ်ကိုမြင်၍ ရွှင်လမ်းနှစ်သက် ရာဝယ် ရူပါရုံကို အာရုံပြု၍ ဟသိတုပ္ပါဒ်စိတ် ဖြစ်ကြောင်း စသည်ကို ဆိုသောကြောင့် ဥဠာရ ဖြစ်သော မြတ်သော အာရုံ၌လည်း ဖြစ်၏ဟုမှတ်လေ။

ရယ်ခြင်းအပြားကား။ ၁-သိတ၊ ၂-ဟသိတ။ ၃-ဝိဟသိတ၊ ၄-ဥပဟသိတ၊ ၅-အပဟသိတ၊ ၆-အတိဟသိတ-ဟူ၍ခြောက်ပါးရှိသည်။ထိုတွင်

၁။ မျက်စိမျက်နှာ ပွင့်လမ်းရွှင်ရုံမျှ ပြုံးရွှင်ခြင်းသည် သိတမည်၏။

၂။ သွားဖျားပေါ်ရုံမျှ ပြုံးရယ်ခြင်းသည် ဟသိတ မည်၏။

၃။ အသံညှင်းညှင်း သာသာမျှထွက်ရုံပြုံးရယ်ခြင်းသည် ဝိဟသိတ မည်၏။

၄။ ဦးခေါင်း, ပခုံး, လက်ရုံး, လက်မောင်း, လှုပ်အောင် ရယ်ခြင်းသည် ဥပဟသိတ မည်၏။

၅။ မျက်ရည်ယိုထွက်အောင် ရယ်ခြင်းသည် အပဟသိတ မည်၏။

၆။ ကိုယ်ကိုပစ်လှဲ၍ ရှေ့ထိုးနောက်လှန် ပြင်းထန်စွာ ရယ်ခြင်းသည် အတိဟသိတ မည်၏။

ထိုခြောက်ပါးတွင် ရှေ့နှစ်ပါးသည် သူမြတ်တို့၏ရယ်ခြင်း။ အလယ်နှစ်ပါးသည် သူလတ်တို့၏ ရယ်ခြင်း။ နောက်နှစ်ပါးကား သူယုတ်တို့၏ ရယ်ခြင်းတည်း။

ရယ်ခြင်းကိုဖြစ်စေတတ်သောစိတ်ကား။ လောဘမူသောမနဿသဟဂုတ်စိတ်လေးခု, ဟသိတုပ္ပါဒ်စိတ်တခု, မဟာကုသိုလ်သောမနဿသဟဂုတ်စိတ်လေးခု, မဟာကြိယာသောမနဿသဟဂုတ်စိတ်လေးခု, အားဖြင့် တဆဲ့သုံးပါး ရှိသည်။ *ထိုတွင် ပုထုဇ္ဇန် တို့သည်၊ လောဘမူ

* (ဆောင်ပုဒ်ဂါထာ) ပုထုဇ္ဇနာ ဟသန္တီဟိ၊ စိတ္တေဟိ ပန အဋ္ဌဟိ။
ဆဟိ သေက္ခာ အသေက္ခာတု၊ စိတ္တေဟိ ပန ပဉ္စဟိ။

သောမနဿ သဟဂုတ်စိတ်လေးခု, မဟာကုသိုလ် သောမနဿ သဟဂုတ်လေးခု, ဤဖိတ် ၅ စ်ခုတို့ဖြင့် ရယ်ကုန်သည်။ အောက်ဖလဋ္ဌာန် သုံးယောက်တို့ကား ဒိဋ္ဌိဂတ ဝိပ္ပယုတ် သောမနဿ သဟဂုတ်စိတ် နှစ်ခု။ မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ်လေးခု။ ဤဖိတ်ခြောက်ခုတို့ဖြင့် ရယ်ကုန်သည်။ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကား ဟသိတုပ္ပါဒ် စိတ်တခု။မဟာကြိယာ သောမနဿ သဟဂုတ်စိတ် လေးခု။ဤစိတ်ငါးခုတို့ဖြင့် ရယ်ကုန်သည်။

ဟသိတသဒ္ဒါသည် ရယ်ခြင်း သာမညကိုလည်း ဟောသည် ဖြစ်၍ ရယ်ခြင်း ခြောက်ပါးလုံးနှင့်ပင် ဆက်ဆံသည်။ ဆက်ဆံ ကြောင်း ကိုလည်း။မဟာဟာသိတံဟသိ။မဟာဟာသိတံ၊သည်းစွာသောရယ်ခြင်းကို။ ဟသိ၊ရယ်၏။စသည်ဟူရာ၌ ဦးခေါင်း,ပခုံး,လက်ရုံး,လှုပ်လျက်လက်ခုပ်လက်ဖက်တီးခတ်၍ ကျယ်ကျယ်ဟောင်ဟောင် အသံထွက်အောင် ပြင်းပြစွာ ရယ်မောခြင်း တို့ကိုပင် ဟသိတသဒ္ဒါနှင့် ဆိုသည်ကို ထောက်၍ သိအပ်သည်။

ရယ်ခြင်းခြောက်ပါး သရုပ်ကို ပြရာစသည့်၌ ထိုခြောက်ပါးတွင် နှစ်ခုမြောက်ဖြစ်သော ဟသိတ,ဟူသော ရယ်ခြင်းဝိသေသကိုလည်း ဟောသည်။ ဤဟသိတုပ္ပါဒ ဟူရာ၌ကား။ နှစ်ခုမြောက်သော ဟသိတ, ဟူသော ရယ်ခြင်း ဝိသေသကို မဟော ရယ်ခြင်း သာမည ကိုသာ ဟောသည်။ ထိုသို့သာမညကိုဟော၍ ရယ်ခြင်း ခြောက်ပါးလုံးနှင့် ဆက်ဆံသော်လည်း "သာမညဇောတနာယ ဝိသေသေ အဝဋ္ဌာနတော ဝိသေသတ္ထိကေန ဝိသေသောပယောဇီယတိ" ဟူသည်နှင့်အညီ သာမညကို ဟောသောသဒ္ဒါသည် ဝိသေသအရာ၌ တည်ရကား၊ ဝိသေသကို အလိုရှိသော ပုဂ္ဂိုလ်သည် ဝိသေသနှင့် ယှဉ်အပ် သောကြောင့် ရယ်ခြင်း ခြောက်ပါးတွင် အစပဌမဖြစ်သော သိတ,ဟူသော ရယ်ခြင်းကိုသာ ဟသိတသဒ္ဒါဖြင့်ယူ။

သာမညဇောတနာယ၊အနက်သာမညကို ထွန်းပြဟောကြား တတ်သောသဒ္ဒါ၏။ ဝိသေသေ၊ ဝိသေသအရာ၌။ အဝဋ္ဌာနတော၊ တည်ခြင်း

ကြောင့်။ ဝိသေသတ္ထိကေန၊ အနက်ဝိသေသကို အလိုရှိသော သူသည်။ ဝိသေသော၊အနက်ဝိသေသကို။ပယောဇိယတိ၊ယှဉ်အပ်၏။

ဟာသိတုပ္ပါဒ ဟူရာ၌။ ဟာသိတ သဒ္ဒါဖြင့် ရယ်ခြင်း ခြောက်ပါးတွင် သိတ,ဟူသော ပဌမရယ်ခြင်းကိုသာ ယူရမည်ဟု ဆို၏။ မြတ်စွာဘုရား တို့ပြုံးတော်မူသောအခါ သွားတော်မှရောင်ခြည်ထွက်ကြောင်းကို ထိုထို အရာတို့၌ ဆိုသောကြောင့် ဟာသိတသဒ္ဒါဖြင့် နှစ်ခုမြောက်သော သွား များပေါ်ရုံ ရယ်ခြင်းဟူသော ဟာသိတရယ်ခြင်းကိုပင် ယူအပ်ရာပါသည် မဟုတ်လောဟူမူ။မယူသင့်အဘယ်ကြောင့်မယူသင့်သနည်းဟူမူ။သွား ပေါ်မှသာသွားတော်မှ ရောင်ခြည်ထွက်သည်မဟုတ် နှုတ်ခမ်းတော်စဉ်း ငယ်ပွင့်လျှင်ပင် ရောင်ခြည်တော် ထွက်သောကြောင့်ရင်း။ထိုထိုပါဠိအဋ္ဌ ကထာတို့၌ မြတ်စွာဘုရားပြုံးတော်မူသောအရာဝယ် "သိတံပါတွာကာ သိ"ဟူ၍ရင်း။"ဘဂဝတောသိတပါတုကမ္မာယ"ဟူ၍ရင်း။ဤသို့စသည် ဖြင့် သိတသဒ္ဒါနှင့်သာများစွာလာရှိသောကြောင့်ရင်း။မယူသင့်ဟူလေ။

ဟာသိတံဥပ္ပါဒေတိဟူရာ၌။ ဟာသိတမေဝဟု ဧဝသဒ္ဒါ အတွင်းဝင် သင့်ရကား ထိုဧဝသဒ္ဒါဖြင့် သိတဟူသော ပဌမရယ်ခြင်းမှတပါးကြွင်း သောရယ်ခြင်းတို့ကို နှစ်စေသည်။ တနည်းလည်း ဤအဟိတ် သောမန သသ သဟဂုတ်ကြိယာစိတ်ဖြင့် သဗ္ဗညုတဘုရားရှင်တို့သာ ပြုံးရွှင်သည် မဟုတ် ရဟန္တာဖြစ်သော သာဝကတို့လည်း ယင်းစိတ်ဖြင့် ပြုံးရွှင်ကြ သည်ပင် ဖြစ်သောကြောင့်ရင်း, ဤစိတ်သည် ရယ်ခြင်း ခြောက်ပါးတွင် ရှေ့နှစ်ပါးကို ဖြစ်စေသည်ချည်း ဖြစ်သောကြောင့်ရင်း, ဤ၌ ဟာသိတ သဒ္ဒါဖြင့်၊ သိတ, ဟာသိတ, ဟူသော ပဌမ ဒုတိယရယ်ခြင်း နှစ်ပါးကိုပင် ယူသော်လည်း သင့်ရာသည်ပင်။

[**ရယ်ခြင်းခြောက်ပါးတွင်။** မြတ်စွာဘုရားတို့အားရှေ့နှစ်ပါး သာဖြစ်သည်။ အရိယာသာဝကတို့အား ရှေ့လေးပါး ဖြစ်သည်။ ပုထုဇန်တို့အား ခြောက်ပါးလုံးပင် ဖြစ်သင့်သည်ဟုမှတ်လေ။]

ရယ်ခြင်းကို ဖြစ်စေတတ်သော စိတ်သည် တဆဲ့သုံးပါး ရှိပါလျက် အလုံးစုံသည် ဟာသိတုပ္ပါဒ်မမည်ဘဲ အဘယ်ကြောင့် ဤစိတ်သာ ဟာသိ တုပ္ပါဒ်မည်လေသနည်းဟူမူ။ လောဘမူ, မဟာကုသိုလ်, မဟာကြိယာ

သောမနဿ သဟဂုတ်စိတ် တဆဲ့နှစ်ခု တို့သည်။ ရယ်ခြင်းကို ဖြစ်စေ တတ်ကုန် သော်လည်း ရယ်ခြင်းကိစ္စမှ တပါးသော ကိစ္စတို့ကိုလည်း ဖြစ်စေသည်ဖြစ်၍ ဗျာပါရတပါးကိုလည်း ငဲ့သောကြောင့် ဟာသိတုပ္ပါဒ် မမည်ကုန်။ ဤစိတ်ဖြင့်သာလျှင် ပြုံးရယ်ခြင်းကိုသာ ဖြစ်စေ၍ ယင်းမှ တပါးသောကိစ္စကို မငဲ့သောကြောင့် ဟာသိတုပ္ပါဒ်မည်သည်ဟူလေ။

တနည်းလည်း။ ညွန့်၍ ပေါက်သောကြောင့် ကြာသည် ပဒုမမည် သည်ဟူရာ၌ ကြာသာ ညွန့်၍ပေါက်သည်မဟုတ် ဟင်းရွံ့ ကတောက် စသည်တို့သည်လည်း ညွန့်၍ပေါက်ကုန်၏။ ထိုသို့ပင်ပေါက်သော်လည်း ပဒုမ ဟူသော အမည်သည် ကြာ၌သာ ထင်သောကြောင့် အထင်ရုဠှီ အားဖြင့် ကြာသာ ပဒုမမည်၍ ဟင်းရွံ့ စသည်တို့သည် ပဒုမ မမည် ကုန်သကဲ့သို့ ရယ်ခြင်းကို ဖြစ်စေတတ်သောကြောင့် ဟာသိတုပ္ပါဒ် မည် သည်ဟူရာ၌ ဤစိတ်သာရယ်ခြင်းကို ဖြစ်စေတတ်သည်မဟုတ် ယင်းမှ တပါးသော ကာမသောမနဿသဟဂုတ် ဇောစိတ်တို့သည်လည်းရယ် ခြင်းကို ဖြစ်စေတတ်ကုန်သော်လည်း ဟာသိတုပ္ပါဒဟူသောအမည်သည် ဤစိတ်၌သာထင်၍ ယင်းမှတပါးသော စိတ်တဆဲ့နှစ်ခုတို့၌ မထင်သော ကြောင့် အထင်ရုဠှီအားဖြင့် ဤစိတ်သာ ဟာသိတုပ္ပါဒ် မည်သည်။ ကြွင်း သောစိတ်တို့မမည်ဟူလေ။

ရဟန္တာသည် ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌ လျောက်ပတ်သော အရပ် ကိုမြင်၍ ဤစိတ်ဖြင့် ဝမ်းမြောက်သောအခါ ဤစိတ်သည် စက္ခုဒွါရ၌ဖြစ် ၏။ ဘဏ္ဍာကို ဝေဘန်ရာ၌ ကျယ်စွာသော အသံကိုပြု၍ မက်မက်မော မောခံ ယူကြသည်ရှိသော် ဤသို့ သဘောရှိသော လောလုပ္ပတဏှာကို ငါပယ်စွန့်ရပေပြီဟု ဝမ်းမြောက်သောအခါ သောတဒွါရ၌ဖြစ်၏။ နံ့သာ ပန်းစသည်တို့ဖြင့် စေတီတော်ကိုပူဇော်၍ ဝမ်းမြောက်သောအခါ ဃာ နဒွါရ၌ဖြစ်၏။ အရသာနှင့် ပြည့်စုံသော ဆွမ်းဘောဇဉ်ခဲဘွယ်ကို ရ၍ သီတင်းသုံးဘော်တို့နှင့် ဝေဘန် သုံးဆောင်သဖြင့် သာရဏီယ တရား ကိုဖြည့်ရပေသည်ဟု ဝမ်းမြောက်သောအခါ ဇိဝှါဒွါရ၌ဖြစ်၏။ အဘိသ မာစာရိက ဝတ်ကိုပြု၍ ဝတ်ပြည့်ပေသည်ဟု ဝမ်းမြောက်သော အခါ ကာယဒွါရ၌ဖြစ်၏။ ဓောတိပါလ လုလင်ဖြစ်သောအခါ, မဃဒေဝ မင်း

ဖြစ်သောအခါ, ကဏ္ဍရသော့ ဖြစ်သောအခါ, စသည်တို့၌ ပြဆိုအပ်သော အကြောင်းကို ပုဗ္ဗေနိဝါသဉာဏ်,သဗ္ဗညုတဉာဏ်,တို့ဖြင့် ကြည့်ရှုဆင်ခြင်၍ ပြုံးရွှင်သောအခါ နောင်သောကာလ ဤသူသည် ဤမည်သော မဟာသာဝက ဖြစ်လတ္တံ့, အဂ္ဂသာဝက ဖြစ်လတ္တံ့, ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့, စသည်ဖြင့် အနာဂတံသဉာဏ်, သဗ္ဗညုတဉာဏ်, တို့ဖြင့်ကြည့်ရှုဆင်ခြင်၍ပြုံးရွှင်သောအခါတို့၌ မနောဒွါရ၌ဖြစ်၏။ဤသို့ ဒွါရခြောက်ပါးတို့၌ပင်ဖြစ်သည်။

ထိုတွင် ပဉ္စဒွါရ၌ ဖြစ်သော အခါ ပဉ္စဒွါရိက ဓာတ်တို့၏ ဝိညတ်ကို မဖြစ်စေနိုင် သည်သာ ဖြစ်သောကြောင့် ပြုံးရွှင်ခြင်းကို မဖြစ်စေနိုင်။ မနောဒွါရ၌ ပြုံးရွှင်ခြင်း၏အကြောင်းဖြစ်သော ဝမ်းမြောက်ခြင်းသောမနသာမျှကိုသာ ဖြစ်စေနိုင်သည်ဟု မှတ်အပ်၏။ ထိုစိတ်တို့သည် အဟိတ်အဖြစ်, အသောဘဏအဖြစ်, အဗျာကတအဖြစ်, ဟူသော သာမညအားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း ဝိပါက်ဓာတ်, ကြိယာဓာတ်, ကိုခွဲ၍ ခွဲဝေသော် ဝိပါက်, ကြိယာ, ဟူ၍ နှစ်ပါးပြားသည်။ ထိုတွင် နောက်သုံးပါးကား ကြိယာ။ ရှေ့စိတ်တို့ကား ဝိပါက်တို့ချည်းတည်း။

ထိုတွင် ရှေ့စိတ် ခုနစ်ခုသည် အကုသိုလ်၏ အကျိုးဖြစ်သောကြောင့် အကုသလဝိပါက်မည်၏။ နောက်စိတ်ရှစ်ခုသည် ကုသိုလ်၏ အကျိုးဖြစ်သောကြောင့်ငင်း, ဟိတ်မရှိသောကြောင့်ငင်း, ကုသလဝိပါက်အဟိတ်မည်၏။

ကုသလဝိပါက်အဟိတ်စိတ်၌ဇနကဟိတ်ကိုပြခြင်း

ကုသလဝိပါက်သည်ဟိတ်မရှိသောကြောင့် အဟေတုကမည်သည်ဟူ၏, ငင်းစိတ်သည် ကုသိုလ်၏ အကျိုးဖြစ်၍ ထိုစိတ်ကို ဖြစ်စေတတ်သောအကြောင်း ကုသိုလ်သည် အလောဘ စသော ဟိတ်နှင့် ယှဉ်ရကား ထိုကုသလဝိပါက် စိတ်တို့အား အကြောင်း နိဗ္ဗတ္တကဇနကဟိတ်တို့သည် ရှိပါကုန်သည်သာ မဟုတ်လော။ ထိုသို့ဇနကဟိတ်ရှိကလည်း ထိုဇနက ဟိတ်၏ အစွမ်းဖြင့် သဟေတုကဟု ခေါ်ဆိုသင့်ရာပါသည်

မဟုတ်လော ဟူမူ။ ဖြစ်စေတတ်သော အကြောင်းဇနက ဟိတ်ရှိသည့် အမှန်ပင် ဖြစ်သော်လည်း ဇနကဟိတ်၏ အစွမ်းဖြင့် သဟေတုကဟု မခေါ်မဆိုသင့်။ တကွယှဉ်ဘက် သမ္ပယုတ်ဟိတ်မရှိသောကြောင့် သမ္ပယုတ်ဟိတ်၏ အစွမ်းဖြင့်သာလျှင် အဟေတုက ဟူ၍သာ ခေါ်ဆိုသင့်သည်ဟူလေ။

ဇနကဟိတ်၏အစွမ်းဖြင့် သဟေတုကဟု မခေါ်မဆိုသင့်ဟူ၏။ ထိုဇနကဟိတ်၏ အစွမ်းဖြင့် သဟေတုကဟု ခေါ်ဆိုခဲ့သော် အဘယ်သို့သော အပြစ်ရှိသနည်း။ တစုံတခုသော အပြစ်မရှိခဲ့က ဇနကဟိတ်၏အစွမ်းဖြင့်ပင်သဟေတုက ဟူ၍လည်းခေါ်ဆိုသင့်ရာပါသည်မဟုတ်လော ဟူမူ–မခေါ်မဆိုသင့်။ အဘယ်ကြောင့် မခေါ်မဆိုသင့် သနည်း ဟူမူ။ အကယ်၍ ဇနကဟိတ်၏ အစွမ်းဖြင့် သဟေတုကဟု ခေါ်ဆိုသည်ဖြစ်အံ့။ ဤစိတ် ၅စ်ခုတို့သာ ကုသိုလ်၏ အကျိုးဖြစ်သည် မဟုတ် မဟာဝိပါက်၅စ်ခုတို့သည်လည်း ကုသိုလ်၏ အကျိုးပင် ဖြစ်သောကြောင့် အကြောင်းဇနက ဟိတ်ရှိကြသည်ချည်းဖြစ်၍ စိတ်တဆဲ့ခြောက်ခုလုံးပင် သဟေတုကချည်းသာ မည်ခဲ့ရကား ဤစိတ်၅စ်ခုတို့၏ မဟာဝိပါက်စိတ်၅စ်ခုတို့မှထူးသည်၏ အဖြစ်မရှိခြင်းဟူသော အပြစ်ရှိသောကြောင့် ဇနကဟိတ်၏ အစွမ်းဖြင့် သဟေတုကဟု မခေါ်မဆိုဘဲ သမ္ပယုတ်ဟိတ်၏အစွမ်းဖြင့် အဟေတုကဟူ၍သာ ခေါ်ဆိုရလေသည်ဟူလေ။

အကုသလဝိပါက်စိတ်၌အဟေတုကအထူးမပြုပုံ စသည်ကိုပြခြင်း။

ကုသလ ဝိပါက်အရာ၌ အဟေတုက ဟူသော ဝိသေသနကို ဆိုသကဲ့သို့ အကုသလ ဝိပါက်အရာ၌လည်း ထိုအဟေတုက ဟူသော ဝိသေသနကို ဆိုသင့်ရာပါသည် မဟုတ်လော။ ထိုသို့လျက် အဘယ်ကြောင့် မဆိုလေသနည်း ဟူမူ။ အကုသလဝိပါက် ဟူက အမြဲကေဋ္ဌ အားဖြင့် အဟိတ်သာဖြစ်သည်။အကုသလဝိပါကသဒ္ဒါဖြင့်ပင်ဒုင်းမိတ် ခုနစ်ခုတို့၏ ကေဋ္ဌနိယမ အားဖြင့် အဟိတ်အဖြစ်ကို ဟောပြနိုင်သည်ဖြစ်၍ အ

ကုသလဝိပါက်ဟူသည် သဟိတ်လေလောဟု တွေးတောယုံမှားလျှင်း ပါးရန်မရှိသောကြောင့် အဟောတုက ဟူသော ဝိသေသနဖြင့် အထူးပြု ရန်မရှိ။ အထူးပြုဘွယ် မရှိဘဲလျက် ပြုရမည်လည်း အကျိုးမရှိသည် သာဖြစ်ရကား အဟောတုက ဟူသော ဝိသေသနဖြင့် အထူးပြု၍ အကု သလဝိပါကာဟေတုကစိတ္တာနိ၊ ဟုမဆိုလေသည် ဟူလေ။

အကုသလဝိပါက် ဟူက သဟိတ်လေလောဟု တွေးတော ယုံမှား လျှင်းပါးရန်မရှိဟုဆို၏။ အဘယ်ကြောင့် လျှင်းပါးရန် မရှိလေသနည်း ဟူမူ။ အကုသလဝိပါက်စိတ်တို့၏ တရံတဆစ်မျှ သဟိတ်အဖြစ်ဖြင့်ဖြစ် သင့်ခြင်း မရှိသောကြောင့် လျှင်းပါးရန်မရှိသည် ဟူလေ။

အဘယ်ကြောင့်ကားသဟိတ်အဖြစ်ဖြင့်ဖြစ်သင့်ခြင်းမရှိလေသနည်း။ ထိုအကုသလဝိပါက် စိတ်တို့သည် ကုသလဝိပါက် စိတ်တို့ကဲ့သို့ အ လောဘ စသော ဟိတ်တို့နှင့် ယှဉ်သင့်ရာပါသည် မဟုတ်လော ဟူမူ။ မယှဉ်သင့် အဘယ်ကြောင့် မယှဉ်သင့်သနည်းဟူမူ။ အကုသလဝိပါက် စိတ်တို့သည် သာဝဇ္ဇဓမ္မ ဖြစ်သော လောဘ စသည်တို့၏ အကျိုးဖြစ် သည်။ ထိုလောဘ စသော သာဝဇ္ဇ တရားတို့၏လည်း အနဝဇ္ဇဓမ္မ ဖြစ် သော အလောဘ စသည်တို့နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်၍ သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းနှင့် ထိုမှာဘက်ကမ်းမျှ မက သဘောအား ဖြင့် အလွန်ဝေးကွာကြသောကြောင့် မယှဉ်လေသည်ဟူလေ။

အလောဘ စသော ဟိတ်တို့သည် သဘောအားဖြင့် အလွန်ဝေးကြ သောကြောင့် မယှဉ်ရှိတန်စေ။ ထိုအလောဘ စသည်တို့နှင့်ပင် မယှဉ် သော်လည်း လောဘဟိတ် စသည်တို့နှင့် ယှဉ်ရာပါသည် မဟုတ်လော ဟူပြန်မူ။ အကုသလဝိပါက်တို့ကား အနဝဇ္ဇ သဘောရှိသည်, လောဘ စသည်တို့ကား သာဝဇ္ဇ သဘောရှိသည်ဖြစ်၍, သဘောအားဖြင့် ဆန့် ကျင်ကြသောကြောင့် မယှဉ်သည်။ သာဝဇ္ဇသဘော အနဝဇ္ဇသဘော အားဖြင့် သဘောချင်း မတူကြသောကြောင့်သာ မဟုတ်သေး။ အကုသ လဝိပါက်စိတ်ကား အဗျာကတ, လောဘ စသည်တို့ကား အကုသိုလ်, ဖြစ်၍ ဇာတ်အားဖြင့်မတူ ကွဲပြားကြသည်။ ဇာတ်အားဖြင့် မတူကွဲပြား သောတရားတို့၏လည်း တပါးနှင့်တပါး တကွယှဉ်ခြင်းမဖြစ်သင့်ရကား

အဗျာကတ ဇောတ်, အကုသိုလ် ဇောတ်, အားဖြင့် မတူကြ သောကြောင့် လည်း မယှဉ်သင့်သည် ဟူလေ။

သဘော,၏အဖြစ် သာမညကို အဘာ,ကိုအစွဲပြု၍ သူယုတ်သား, သူမြတ် သား,ဟု ခွဲဝေသကဲ့သို့ အဟိတ်ဝိပါက်စိတ် သာမညကို အကြောင်း ဇနကစိတ်ကို အစွဲပြု၍ ခွဲဝေသော် အကုသလ ဝိပါက်စိတ်, ကုသလဝိပါက် စိတ်,ဟု နှစ်ပါးပြားသည်။

ယုတ်ညံ့သော အဖြစ်နှင့်တကွဖြစ်သော အသက်မွေးမှုရှိသော မုဆိုး တငါ စသော သူယုတ်တို့၏သားကို သူယုတ်တို့၏သားချင်း ပေါင်းသကဲ့ သို့၎င်း, ကောင်းမြတ်သော အဖြစ်ကင်းသော အသက်မွေးမှုရှိသော သူ ဌေး,သူကြွယ်,ကုန်သည်,လယ်လုပ်,စသော သူမြတ်တို့၏သားကို သူမြတ် တို့၏ သားချင်း ပေါင်းသကဲ့သို့၎င်း, အကုသလ ဝိပါက်ကို အကုသလ ဝိပါက်ချင်း, အဟိတ်ကုသလ ဝိပါက်ကို အဟိတ်ကုသလ ဝိပါက်ချင်း, ပေါင်း၍ ရေတွက်သော်-

၁။ အကုသလဝိပါက်စိတ်ကား-ခုနစ်ပါး။
၂။ အဟိတ်ကုသလဝိပါက်စိတ်ကား-ရှစ်ပါးရှိသည်။

အဟေတုကကြိယာစိတ္တာနိ၌။အဟေတုကကိုမထည့်ဘဲ ကြိယာစိတ္တာ နိမှုကိုသာ ဆိုသည်ရှိသော် ကြိယာသည် အဟိတ်ကြိယာ, သဟိတ် ကြိယာ,ဟု နှစ်ပါး ရှိသောကြောင့် သဟိတ် ကြိယာစိတ် လေလောဟု ထင်မှားရန် ရှိသည် ဖြစ်၍ ဤအရာ၌ သဟိတ် ကြိယာကို မလို အဟိတ် ကြိယာ ကိုသာ လိုသည်ဟု သိစေခြင်းငှါ အဟေတုက ဟူသော ဝိသေ သနဖြင့် အထူးပြု၍ အဟေတုကကြိယစိတ္တာနိဟု ဆိုရလေသည်။

မဟာကုသိုလ်စိတ်တို့ကိုပြခြင်း

သောဘဏ,အသောဘဏ,အားဖြင့် နှစ်ပါးသော ကာမာဝစရစိတ် တို့တွင် အသောဘဏ ဖြစ်သော အကုသိုလ်စိတ်, အဟိတ်စိတ်, တို့ကို ပြဆို ဝေဘန်၍ ပြည့်စုံပြီး ဖြစ်သောကြောင့် ကြွင်း ကျန်သော သော ဘဏဖြစ်သော ကာမာဝစရစိတ်တို့ကို ပြဆိုဝေဘန်သည်။

ထိုကာမာဝစရ သောဘဏ စိတ်သည် သောဘဏ အဖြစ်ဖြင့် သာမညဲ တပါး တည်းသာ ဖြစ်သော်လည်း ဇာတိဘေဒ အားဖြင့် ကုသိုလ်, ဝိပါက်,ကြိယာ,ဟုသုံးပါးပြားသည်။ထိုသုံးပါးတို့တွင် ဝိပါက်၏ကုသိုလ်ချင် ဖြစ်ကြောင်း ရှိသည်၏ အဖြစ်, ကြိယာ စိတ်တို့၏လည်း ပကတူပနိဿယအားဖြင့် ကျေးဇူးပြုသော ကုသိုလ်ချင် အကြောင်းအမွန်ရှိသည်၏အဖြစ်ကြောင့်,ထိုဝိပါက်ကြိယာတို့အား ကုသိုလ်ချင်ရှေ့သွားပုဗ္ဗင်္ဂမ အကြောင်းရှိရကား ဝိပါက်ကြိယာတို့၏ ရှေးဦးစွာ ကုသိုလ်စိတ်ကို ဝေဘန် ပြဆိုသည်။

ထိုကာမာဝစရကုသိုလ်စိတ်သည်ကုသိုလ်၏အဖြစ်သာမညအားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း ဝေဒနာဘေဒ အားဖြင့် သောမနဿ သဟဂုတ်,ဥပေက္ခာသဟဂုတ်,ဟူ၍ နှစ်ပါးပြား၏။ထိုနှစ်ပါးတွင် တပါး တပါး သည်ပင် ဉာဏ်နှင့် ယှဉ်မယှဉ် ဉာဏဘေဒ အားဖြင့် ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်,ဟု နှစ်ပါးစီပြားရကား လေးပါးဖြစ်၏။ ထိုလေးပါးတွင် တပါးတပါးသည်ပင်တိုက်တွန်းခြင်း ပုဗ္ဗာဘိသင်္ခါရရှိမရှိ အပြား အားဖြင့် အသင်္ခါရိက,သသင်္ခါရိက,ဟု နှစ်ပါးစီ ပြားပြန် ရကား ရှစ်ပါးဖြစ်၏။

တနည်းလည်း။ကာမာဝစရကုသိုလ်၏အဖြစ်ဖြင့်တပါးတည်းသည် သင်္ခါရဘေဒအားဖြင့်အသင်္ခါရိက,သသင်္ခါရိက,ဟုနှစ်ပါးပြား၏။ထိုတွင် တပါးတပါးသည်ပင် ဝေဒနာဘေဒ အားဖြင့် သောမနဿ သဟဂုတ်, ဥပေက္ခာ သဟဂုတ်,ဟု နှစ်ပါးစီပြားရကား လေးပါးဖြစ်၏။ ထိုလေးပါးတွင် တပါးတပါးသည်ပင် ဉာဏဘေဒအားဖြင့် ဉာဏသမ္ပယုတ်,ဉာဏဝိပ္ပယုတ်,ဟု နှစ်ပါးစီပြားပြန်ရကား ရှစ်ပါးဖြစ်၏။

တနည်းလည်း။ ကုသိုလ်စိတ် အဖြစ်ဖြင့် တပါးတည်းသည် ဉာဏဘေဒအားဖြင့် နှစ်ပါးစီဖြစ်၏။ ထိုတွင် တပါးတပါးသည် သင်္ခါရဘေဒ အားဖြင့် နှစ်ပါး ပြားရကား လေးပါး ဖြစ်၏။ ထိုတွင် တပါးတပါးသည် ဝေဒနာဘေဒအားဖြင့် နှစ်ပါးစီပြားရကား ရှစ်ပါးဖြစ်၏။

ဉာဏသမ္ပယုတ္တံ-ဟူရာ၌ ဉာဏဟူသည်အဘယ်နည်းဟူမူ။အထက်စေတသိကကျမ်း၌ပြဆိုလတ္တံ့သော ပညိန္ဒြေ စေတသိက်ပင်ဖြစ်သည်

ဟူလေ။ ထိုပညတ်ခြင်္ခြေသည် အဘယ်ကြောင့် ဉာဏ မည်သနည်း ဟူမူ။ အကြင်အကြင် ရုပ်နာမ်ဖြစ်သော သဘောတရားတို့ကို ကက္ခဠတ္တ, ဖုသန,စသော အခြင်းအရာ-အနိစ္စစသော အခြင်းအရာတို့ဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် ဉာဏမည်သည် ဟူလေ။

တနည်း။အကြင်ရုပ်နာမ်တရားတို့၏ ကက္ခဠတ္တ,ဖုသန,စသောဝိသေသသဘော,အနိစ္စ စသော သာမညသဘော,တို့ကို ထိုးထွင်း၍ သိတတ်သောကြောင့် ဉာဏမည်သည် ဟူလေ။

တနည်း။ ကက္ခဠတ္တ,ဖုသန,စသော ဝိသေသသဘော၊ အနိစ္စ စသော သာမညသဘော, အားလျော်စွာ ရုပ်,နာမ်,ဟူသော သဘာဝဓမ္မ တို့ကို ထိုးထွင်း၍သိတတ်သောကြောင့် ဉာဏမည်သည် ဟူလေ။

[**ဟိတ်တို့ကို ပြဆိုသော အရာ၊** မူလတို့ကို ပြဆိုသော အရာ စသည်တို့၌ ဤပညတ်ခြင်္ခြေသည်ပင် မေဝဟ၏ ဆန့်ကျင်ဘက် ဖြစ်၍ အမောဟလည်း မည်၏။ထိုထိုအရာတို့၌ ထိုက်သည့်အား လျော်စွာ ထိုထိုအကြောင်းကို အစွဲပြု၍ သမ္မာဒိဋ္ဌိ,ဝိဇ္ဇာ,ပဋိသမ္ဘိဒါ,ဓမ္မဝိစယ,ပဋိဝေဓ,စသည်လည်း မည်၏။]

မဟာကုသိုလ်၌ဖဿသဟဂုတ်စသည် မဆိုရပုံကိုပြခြင်း

ဤမဟာ ကုသိုလ် စိတ်ကို သောမနဿ ဥပေက္ခာ ဉာဏ်ဖြင့် မှတ်၍ သောမနဿသဟဂုတ်စသည်ဖြင့် သောမနဿသဟဂုတ်အဖြစ်စသည် ကိုဆို၏။ ဤစိတ်၌ သောမနဿ ဥပေက္ခာဉာဏ်တို့သာ ရှိသည်မဟုတ်၊ ယင်းတို့မှ တပါးသော ဖဿစသော အညသမာန်း စေတသိက် သဒ္ဓါ စသော သောဘဏ စေတသိက် တို့လည်း ရှိပါကုန် သည်သာ မဟုတ် လော ထိုသို့ရှိပါကုန်လျက် အဘယ်ကြောင့် ယင်းတို့ဖြင့်မှတ်၍ ဤစိတ်၏ ဖဿသဟဂုတ် အဖြစ်စသည် သဒ္ဓါသမ္ပယုတ်အဖြစ် စသည်ကို မဆိုမူ၍ သောမနဿသဟဂုတ် အဖြစ်စသည်ကိုသာ ဆိုလေသနည်းဟူမူ။ဖဿ စသည်, သဒ္ဓါ စသည်တို့သည် ဤမဟာကုသိုလ်စိတ် ရှစ်ခုလုံးနှင့် ယှဉ် သည်ဖြစ်၍ ဤစိတ်၏ ဖဿသဟဂုတ် အဖြစ်စသည် သဒ္ဓါသမ္ပယုတ် အ

ဖြစ်စသည်ကို ဆိုသည်ရှိသော် စိတ်ရှစ်ခုလုံးပင် ဖဿ သဟာဂုတ် အဖြစ် စသည် သဒ္ဒါသမ္ပယုတ်အဖြစ် စသည်တို့ဖြင့် တပါးနှင့်တပါး ထူးခြားကွဲပြားခြင်းမရှိအတူတူသာဖြစ်သောကြောင့် တပါးသည်တပါးမှထူးသည်၏အဖြစ်သည်မဖြစ်သည်သာဖြစ်ရကား ထိုဖဿစသည်သဒ္ဒါစသည်တို့ဖြင့်မှတ်၍ ဖဿသဟာဂတံစသည် သဒ္ဒါသမ္ပယုတ္တံစသည်ဖြင့် ဤစိတ်၏ ဖဿ သဟာဂုတ် အဖြစ်စသည် သဒ္ဒါသမ္ပယုတ် အဖြစ် စသည်ကို မဆိုလေသည်။

သောမနဿ ဥပေက္ခာဉာဏ်တို့မူကား။ အချို့သော မဟာကုသိုလ်စိတ်တို့၌သာ ယှဉ်၍ အချို့စိတ်၌ မယှဉ်သောကြောင့် သောမနဿဖြင့်မှတ်၍ သောမနဿ သဟာဂုတ်အဖြစ်ကို ဆိုသည်ရှိသော် မဟာကုသိုလ်သောမနဿ သဟာဂုတ်၏ ၎င်းဥပေက္ခာသဟာဂုတ်မှ ထူးသည်၏အဖြစ်, ဥပေက္ခာဖြင့် မှတ်၍ ဥပေက္ခာသဟာဂုတ် အဖြစ်ကို ဆိုသည်ရှိသော် ၎င်းဥပေက္ခာ သဟာဂုတ်၏ သောမနဿ သဟာဂုတ်မှ ထူးသည်၏ အဖြစ်, ဉာဏ်ဖြင့်မှတ်၍ ဉာဏသမ္ပယုတ်အဖြစ်ကို ဆိုသည်ရှိသော် ၎င်း၏ဉာဏဝိပ္ပယုတ်မှထူးသည်၏အဖြစ်ဉာဏဝိပ္ပယုတ်အဖြစ်ကိုဆိုကလည်း၎င်း၏ဉာဏသမ္ပယုတ်မှ ထူးသည်၏အဖြစ်သည် သိသာထင်ရှားရကား သောမနဿဥပေက္ခာ ဉာဏ်တို့ဖြင့်သာမှတ်၍ သောမနဿ သဟာဂုတ်အဖြစ်, ဥပေက္ခာသဟာဂုတ်အဖြစ်,ဉာဏသမ္ပယုတ်အဖြစ်, ဉာဏဝိပ္ပယုတ်အဖြစ်, တို့ကိုသာ ဆိုအပ်သည် ဟူလေ။

သောမနဿ ဥပေက္ခာ ဉာဏ်တို့သည် မဟာကုသိုလ် ရှစ်ခုလုံးနှင့် မယှဉ် အချို့၌သာ ယှဉ်သောကြောင့် ယင်းတို့ဖြင့်သာ မှတ်သည်။ ယင်းတို့ဖြင့် မှတ်မှသာ အချင်းချင်း တပါးမှတပါး အထူး ထင်ရှားသည် ဟူခဲ့သော် ပီတိသည်လည်း ၎င်းစိတ် ရှစ်ခုလုံးနှင့် မယှဉ် လေးခု၌သာ ယှဉ်သောကြောင့် ပီတိဖြင့်လည်းမှတ်၍ ပီတိသဟာဂတံ ပီတိသမ္ပယုတ္တံ-ဟူ၍ ၎င်းစိတ်၏ ပီတိသဟာဂုတ် အဖြစ်ကိုဆိုက ပီတိသမ္ပယုတ် မဟာကုသိုလ်၏ ပီတိဝိပ္ပယုတ် မဟာကုသိုလ်မှ ထူးသည်၏အဖြစ် ထင်ရှား သောကြောင့် ပီတိဖြင့်လည်းမှတ်၍ ပီတိသမ္ပယုတ်, ပီတိဝိပ္ပယုတ်, အဖြစ်ကိုလည်း ဆိုသင့်ရာပါသည် မဟုတ်လော ဟူမူ။ ပီတိသည် သောမနဿ

သဟဂုတ် စိတ်၌သာ ယှဉ်သည် ပီတိယှဉ်သော စိတ်ဟူသမျှ၌ သောမနဿမယှဉ်သော မည်သည်မရှိ ယှဉ်နိုင်သည်ချည်းသာဖြစ်သည်။သောမနဿ ယှဉ်သော စိတ်ဟူသမျှ၌ သော်ကား ပီတိမယှဉ်နိုင်သည် ဖြစ်၍ သောမနဿသည် ပီတိထက် အရေကျယ်ရကား သောမနဿကိုဆိုက ပီတိလည်း ပါဝင်သည်သာ ဖြစ်သောကြောင့် ပီတိဖြင့် မှတ်၍ ပီတိသဟဂုတ်အဖြစ်ကို အသီးမဆိုဘဲ သောမနဿ သဟဂုတ် အဖြစ်ကိုသာ ဆိုသည် ဟူလေ။

သောမနဿ ဥပေက္ခာ ဉာဏ်တို့သည် မဟာကုသိုလ် အချို့၌သာ ယှဉ်၍ အချို့၌မယှဉ်ဟုဆို၏။ ထိုသောမနဿ စသည့်တို့သည် အဘယ်ကြောင့် အချို့၌သာယှဉ်၍ အချို့၌ မယှဉ်လေ သနည်းဟူမူ။ မိမိတို့ ဖြစ်ထိုက်သောအကြောင်းရှိသော်သာဖြစ်သည်။မရှိသော်မဖြစ်သောကြောင့် အချို့၌သာယှဉ်၍ အချို့၌မယှဉ်သည် ဟူလေ။

သောမနဿ ဥပေက္ခာ ဉာဏ်ဖြစ်ခြင်းတို့၏ အကြောင်းကိုပြခြင်း

သောမနဿ စသည့်တို့သည် အကြောင်းရှိမှ ဖြစ်သည်ဟူ၏။ထိုသောမနဿစသည့်တို့တွင် သောမနဿဖြစ်ခြင်း၏ အကြောင်းကား အဘယ်နည်း, ဥပေက္ခာဖြစ်ခြင်း၏ အကြောင်းကား အဘယ်နည်း,ဉာဏ်ဖြစ်ခြင်း၏အကြောင်းကား အဘယ်နည်း ဟူမူ။

၁။ သဒ္ဓါတရား အားကြီးသည် မျှားသည်၏အဖြစ် တည်းဟူသော သဒ္ဓါဗဟုလတာသည်၎င်း။

၂။ ပေးလှူအပ်သော အလှူ၏အကျိုး၊ ကျင့်သုံး အပ်သော သီလ၏ အကျိုးရှိ၏၊ ဟုသိသော သမ္မာဒိဋ္ဌိဉာဏ်အမြင်နှင့် ပြည့်စုံသည်၏ အဖြစ်တည်း ဟူသော ဒဿနသမ္ပတ္တိသည်၎င်း။ **မဟာကုသိုလ် သောမနဿဖြစ်ခြင်း၏ အကြောင်းဖြစ်၏။**

ထိုသဒ္ဓါဗဟုလတာ, ဒဿနသမ္ပတ္တိ, တို့၏ မဟာကုသိုလ် သောမနဿဖြစ်ခြင်း၏ အကြောင်းဖြစ်သည်ကို အဘယ်ကြောင့်သိသနည်းဟူမူ။ သဒ္ဓါတရား ရှားပါးသော သဒ္ဓါမဲ့သောသူ, မှောက်မှား ဖောက်ပြန်သော

အမြင်အယူရှိသော မိစ္ဆာဒိဋ္ဌိဖြစ်သောသူ, တို့အား စင်စစ် ကေဏ္ဍ ရူမ္ဘ, ကဏ္ဍ, မနာပ, ဖြစ်သော မြတ်စွာဘုရား အဆင်းတော် တရားတော်သံ စသည်တို့၌ သော်လည်း သောမနဿ မဖြစ်နိုင်သောကြောင့် ထိုသဒ္ဓါဗဟုလ, ဒဿနသမ္ပတ္တိ, တို့၏ သောမနဿ ဖြစ်ခြင်း၏ အကြောင်းဖြစ်သည်ကိုသိအပ်သည်။

၁။ အဝတ်သင်္ကန်း, နံ့သာ, ပန်း, ဆွမ်း, အဖျော်, စသောအလှူဝတ္ထု တို့၏ မွန်မြတ်သည်၏အဖြစ်၊ တရားနှင့်ညီစွာဖြစ်သည် ရသည်၏အဖြစ်ဟူသော ပစ္စယသမ္ပတ္တိသည်၎င်း။

၂။ အလှူခံပုဂ္ဂိုလ်တို့၏ အင်္ဂါဒက္ခိဏေယျအဖြစ်စသော ပဋိဂ္ဂါဟက သမ္ပတ္တိသည်၎င်း။

၃။ ရခဲရှားပါးသော ဆွမ်းခဲဘွယ် စသည်ရှိသော အရပ် ဟူသော ဒေသသမ္ပတ္တိသည်၎င်း။

၄။ ရခဲရှားပါးသော ဆွမ်းစသည်ရှိသော ကာလ ဟူသော ကာလ သမ္ပတ္တိသည်၎င်း။ **သောမနဿ ဖြစ်ကြောင်းဖြစ်၏။**

ဆွမ်းစသည် ရှားပါးသော အရပ်ဒေသ၊ ရှားပါးသော အခါကာလ တို့၌ ပေးလှူရခြင်းသည် လှူလိုသော အဇ္ဈာသယအားကြီးသည်၏အဖြစ်ကြောင့် အားကြီးဖွံ့ဖြိုးသော အကျိုးရှိသည်။ သောမနဿ ဖြစ်ခြင်း၏ အကြောင်းလည်းဖြစ်သည်။

အဆွေခင်ပွန်းကောင်းကိုအမှီရသဖြင့် အလှူပေးခြင်းစသည်၌ တက်ကြွရွှင်လမ်း ဝမ်းမြောက်သော စိတ်ရှိရကား မိတ္တသမ္ပတ္တိ သည်လည်း သောမနဿ ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ အလှူပေးရာ စသည်၌ မစေမခိုင်းရဘဲပင် ထိုထိုအမှုကိစ္စကို မမေ့မလျော့ပြည့်စုံအောင် ကူညီရွက်ဆောင်သော အလုပ်အကျွေးကောင်းကို ရခြင်း ဟူသော ပရိစာရက သမ္ပတ္တိသည်၎င်း, ဇုဗ္ဘာရုံသည်၎င်း, မနက်နဲသော သဘောရှိသောသူ၏ အဖြစ်သည်၎င်း, သောမနဿနှင့်ယှဉ်သော ပဋိသန္ဓေသည်၎င်း,သောမနဿဖြစ်ကြောင်းဖြစ်၏။

ကုသိုလ်ဖြစ်ခြင်း၌ အကျိုးအာနိသင်ကိုမမြင်သောသူသည် သူတပါး တို့ စေခိုင်း တိုက်တွန်းသောကြောင့် ဒါန စသော ကောင်းမှုကိုပင်ပြု

သော်လည်း သောမနဿ မဖြစ်ရကား ကုသိုလ်၏အကျိုး အာနိသင်ကို မြင်ခြင်း ဟူသော အာနိသံသဒဿာဝိတာသည်လည်း သောမနဿဖြစ်ခြင်း၏အကြောင်းဖြစ်၏။

ပီတိသမ္ဗောဇ္ဈင်၏ အကြောင်း ဖြစ်သော မြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်တော်တို့ကို အဖန်ဖန်အောက်မေ့ခြင်း ဟူသော ဗုဒ္ဓါနုဿတိ။ တရားတော်၏ သွာက္ခာတတာ စသော ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်း ဟူသော ဓမ္မာနုဿတိ။ သံဃာတော်၏ သုပ္ပဋိပန္နတာ စသော ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်း ဟူသော သံဃာနုဿတိ။ မိမိကျင့်သုံးဆောက်တည်အပ်သော သီလဂုဏ်ကို အဖန်ဖန်ဆင်ခြင် အောက်မေ့ခြင်း ဟူသော သီလာနုဿတိ။ မိမိလှူဒါန်းပေးကမ်း စွန့်ကြဲခြင်း ဟူသော ဒါနကုသိုလ်ကို အဖန်ဖန် ဆင်ခြင် အောက်မေ့ခြင်း ဟူသော စာဂါနုဿတိ။ နတ်တို့သည် ရှေးရှေးသော ဘဝကာလအထူးတို့က သဒ္ဓါ စသော ဂုဏ်နှင့်ပြည့်စုံခြင်းကြောင့် နတ်ပြည်၌ ဖြစ်ကြရကုန်သည် ထိုသဒ္ဓါ စသောဂုဏ်သည် ငါ့အားလည်းရှိ၏ဟု နတ်တို့ကို ဥပမာသာဓကထား၍ မိမိ၏ သဒ္ဓါတရား စသော ဂုဏ်ကို အဖန်ဖန်ဆင်ခြင်အောက်မေ့ခြင်း ဟူသော ဒေဝတာနုဿတိ။ နိဗ္ဗာန်၏ရာဂ စသည်မှ ငြိမ်းခြင်း စသောဂုဏ်ကို အဖန်ဖန် ဆင်ခြင် အောက်မေ့ခြင်း ဟူသော ဥပသမာနုဿတိ။ ရုန့်ရင်းကြမ်းတန်းသောပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်း ဟူသော လူခပုဂ္ဂလပရိဝဇ္ဇနတာ။ နူးညံ့ သိမ်မွေ့သော ပုဂ္ဂိုလ်ကို ဆည်းကပ်မှီဝဲခြင်း ဟူသော သိနိဒ္ဓပုဂ္ဂလသေဝနတာ။ ကြည်ညိုဘွယ်ကို ဆောင်တတ်သော သုတ္တန်ကို ဆင်ခြင်ခြင်းဟူသော ပသာဒနီယ သုတ္တန္တပစ္စဝေက္ခဏတာ။ ထိုသောမနဿ၌ ညွတ်ကိုင်းခြင်း နှလုံးသွင်းခြင်း ဟူသော တဒဓိမုတ္တတာ။ ဤတဆဲ့တပါးသော အကြောင်းတို့သည်လည်း သောမနဿဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။

ဤအကြောင်းတို့တွင် တပါး နှစ်ပါး စသော အချို့သော အကြောင်း ပြည့်စုံလျှင်ပင် သောမနဿ ဖြစ်၏။ အလုံးစုံပြည့်စုံမှ သောမနဿဖြစ်သည်မဟုတ်။ သောမနဿဖြစ်ခြင်း၏အကြောင်းဖြစ်ထိုက်သောကြောင့်သာ၊ အလုံးစုံကို ထုတ်နုတ်ပြဆိုလိုက်သည်။ **အချို့သော ဆရာတို့ကား**

ဂုဏ်ပြဆိုခဲ့ပြီးသော အကြောင်းအလုံးစုံ ပြည့်စုံမှ သောမနဿဖြစ်သည် တပါးပါးချို့သော် သောမနဿမဖြစ်နိုင်။ ဥပေက္ခာသာဖြစ်သည်ဆိုကုန်၏။ ထိုစကား၏ မသင့်ကြောင်းကို လောဘမူ သောမနဿ ဖြစ်ခြင်း၏ အကြောင်းကိုပြဆိုသော အရာ၌ပြဆိုခဲ့ပြီ။

ဤမဟာကုသိုလ် ဥပေက္ခာဖြစ်ခြင်း၏ အကြောင်းမှာ။ သဒ္ဓါတရားပါး၍သာ အားနည်းသည်၏ အဖြစ်၊ ပေးလှူကျင့်သုံး အပ်သော ကောင်းမှု၏ အကျိုးသည်ရှိ၏ဟု မသိမမြင်သည်၏အဖြစ် ယုတ်ညံ့ခြင်း တရားနှင့် မလျော်သဖြင့်ရခြင်း၊ စသည်တို့ဖြင့် အလှူဝတ္ထု၏ မပြည့်စုံသည်၏ အဖြစ်၊ အလှူခံပုဂ္ဂိုလ်၏ မပြည့်စုံသည်၏အဖြစ်၊ ဒေသ, ကာလ, မိတ္တ, ပရိစာရိက, တို့၏ မပြည့်စုံသည်၏ အဖြစ်၊ ဇာတိမဇ္ဈတ္တာရုံ, နက်နဲသော သဘော, ဥပေက္ခာနှင့် ယှဉ်သော ပဋိသန္ဓေ ဤသို့စသည်ဖြင့် သောမနဿဖြစ်ခြင်း၏ အကြောင်းမှ ပြန်သောအားဖြင့်၊ ဥပေက္ခာဖြစ်ခြင်း၏ အကြောင်းကိုယူလေ။

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်ခြင်း၏ အကြောင်းကား။ ပညာကို ဖြစ်စေတတ်သောကံတပါး။ သူတပါးတို့၏ အကျိုးစီးပွါးကို လိုလားတောင့်တသဖြင့် တရားဟောခြင်း။ ယုတ်ယုတ်မြတ်မြတ်သော ကျူထရံသည်အတတ်, ဟူးရားဂဏန်းအတတ်, စသည် လက်သမား, ပန်းထိမ်, ပန်းပဲ, ပန်းတဉ်း, ပန်းပု, စသောအမှု လယ်ယာဥယျာဉ် ထွန်းရက်စိုက်ပျိုးလုပ်ဆောင်မှု ၅န ရုဏ်သော မြွား ငြောင့် တို့ကို နှုတ်ပယ် ကုသနိုင်သောပညာ။ ဓာတ်ပေး, ဆေးပေး, ဆေးကုပညာ, စသည် အပြစ်ကင်းလွတ်သော အတတ်အမှု ပညာမျိုးတို့ကို သူတပါးတို့အား သင်ကြားပြသပို့ချခြင်း။ မိမိသင်ယူခြင်း။ ဓမ္မကထိကပုဂ္ဂိုလ်အား ရိုသေလေးမြတ်ပြု၍ တောင်းပန် တိုက်တွန်း လျှောက်ထား၍ တရားဟောစေခြင်း။ တရားတော်ကို ရိုသေလေးမြတ်စွာ နာခံမှတ်သားခြင်း။ ဒါန သီလ စသည် အထူးထူးအပြား များစွာသော ကောင်းမှု တခုခုကိုပင်ပြုရာ နောင်သောအခါ ပညာရှိ ဖြစ်ရပါလို၏ ဟုတောင့်တရည်သန် ဆုပန်၍ပြုခြင်း၊ ကြီးကျယ်ပြန့်ပြော များမြတ်သော ပညာရှိသောဘုရား စသော ပုဂ္ဂိုလ်တို့၏ဂုဏ်ကို ချီးမွမ်း မြှောက်စား ဘော်ကြား ဟောပြခြင်း ဤသို့ ပြဆိုခဲ့

သော သူတပါးတို့အား တရားဟောခြင်း စသောကောင်းမှု အလုံးစုံတို့သည်- ပညာကို ဖြစ်စေတတ်သော ကောင်းမှုကံတို့ချည်းတည်း။

ဒေါမနဿ ဗျာပါဒမှ အခါခပ်သိမ်းကင်းငြိမ်းရာဖြစ်သော ရူပါဝစရ ဗြဟ္မာဘုံ၌ ဖြစ်ခြင်းတပါး။ ပညာဒသက အရွယ်ရောက်ခြင်း စသည့်တို့ဖြင့် ရင့်သော ပညိန္ဒြေရှိသည့်၏ အဖြစ်လည်းတပါး။ သမထဘာဝနာ ဝိပဿနာဘာဝနာတို့ဖြင့် ပယ်ခွါအပ်သည့်၏အဖြစ် စသည့် တို့ကြောင့် ကိလေသာတို့မှ ဝေးကွာသည့်၏ အဖြစ်လည်း တပါး။ ။သမထဝိပဿနာဘာဝနာတို့ဖြင့် ပယ်ခွါအပ်သော ကိလေသာရှိသော ပုဂ္ဂိုလ်တို့အား နှစ်ပေါင်း ငါးဆယ် ခြောက်ဆယ် တိုင်အောင်ပင် သော်လည်း ကိလေသာ မဖြစ်နိုင်။ ရတနာ သုံးပါး၏ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းလည်းတပါး။ တိဟိတ် ပဋိသန္ဓေလည်း တပါး။ တိဟိတ် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်အား ဘဝင်အစဉ်၏ အစွမ်းဖြင့် များစွာဖြစ်သော ပညာသည် ဥပနိဿယ အားဖြင့် ဉာဏ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သည်။

ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပညာရှိတို့နှင့် တရားစကား အနက်အဓိပ္ပါယ်တို့ကို ဆွေးနွေး မေးမြန်းလေ့ ရှိသည့်၏ အဖြစ် ဟူသော ပရိပုစ္ဆကတာ။ ဝတ္ထု၏ သန့်စင်သည့်၏ အဖြစ်ကို ပြုခြင်း ဟူသော ဝတ္ထုဝိသဒကိရိယာ။ သဒ္ဓါစသော ဣန္ဒြေတို့၏ ညီညွတ်သည့်၏ အဖြစ်ကို ပြီးစေခြင်း ဟူသော ဣန္ဒြိယသမတ္တ ပဋိပါဒနာ။ ပညာမဲ့သောသူတို့နှင့် မပေါင်းမဘက် မဆက်ဆံဘဲ ဝေးစွာကြဉ်ဖဲ ရှောင်လွှဲခြင်း ဟူသော ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ။ ပညာရှိတို့နှင့် ပေါင်းဖော် ယှဉ်စပ် ဆည်းကပ် မှီဝဲခြင်း ဟူသော ပညဝန္တပုဂ္ဂလသေဝနာ။ နက်နဲသော ဉာဏ်ဖြင့်သာ ကျင့်အပ်သော အကျင့်ကို ဆင်ခြင်ခြင်းဟူသော ဂမ္ဘီရ ဉာဏစရိယပစ္စဝေက္ခဏာ။ ပညာ၌နှလုံး အမြဲစွဲယူ ညွတ်ရှိုင်းသည့်၏ အဖြစ် တည်းဟူသော တဒဓိမုတ္တတာ။ ဤခုနစ်ပါးသော အကြောင်းတို့သည်လည်း**မဟာကုသိုလ်ဉာဏသမ္ပယုတ်ဖြစ်ခြင်း၏အကြောင်းဖြစ်၏။**

[**ပညာကိုဖြစ်စေတတ်သော** ကောင်းမှုကံ၏မရှိခြင်း စသည့်ဖြင့် ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းမှ ပြန်သော အားဖြင့်။ဉာဏဝိပ္ပယုတ်ဖြစ်ခြင်း၏အကြောင်းကိုလည်းသိလေ။]

ကိုယ်စိတ်တို့၏ကျန်းခံ့ချမ်းသာခြင်းအားလျော်သောသင့်တင့်ကောင်းမြတ်လျောက်ပတ်သော အာဝါသသပ္ပါယ,ဥတုသပ္ပါယ, ဘောဇနသပ္ပါယ,ပုဂ္ဂလသပ္ပါယ,စသည်တို့၏အစွမ်းဖြင့် ကိုယ်စိတ်တို့၏ ထိုထိုကိစ္စကိုဆုံးတိုင်ပြီးပြေအောင် ရွက်ဆောင်ပြုလုပ်ခြင်း၌ခံ့သည်၏အဖြစ်တည်းဟူသောအကြောင်း။ရှေးရှေးဘဝ ကာလတို့က ဒါန,သီလ,စသော ပုညကိရိယာဝတ္ထုတို့၌ များစွာအားထုတ်ပြုလုပ်လေ့ကျက် ဘူးသည်၏ အဖြစ်။ ဤပစ္စုပ္ပန် ဘဝ၌ပင် ပုညကိရိယာဝတ္ထုကိုမပြတ်လေ့ကျက် ရွက်ဆောင်ပြုကျင့်သည်၏ အဖြစ် ဟူသော အကြောင်း။ ကောင်းမှုပြုခြင်း၌ စိတ်ကိုကောင်းစွာထားခြင်း အတ္တသမ္မာပဏိဓိ ဟူသောအကြောင်း။ဘုရားပစ္စေကဗုဒ္ဓါသာဝကအလောင်း သူတော်ကောင်းတို့၏ ရှေးရှေးဘဝ ကာလတို့၌ ဖြည့်ကျင့်တော်မူကြသော ပါရမီစာဂစရိယအကျင့်တို့ကို အဖန်ဖန်ဆင်ခြင် အောက်မေ့ခြင်းဟူသော ပဗ္ဗစရိယာနုဿရဏ အကြောင်း။ ဤသို့စသော အကြောင်းတို့သည်။ **မဟာကုသိုလ် အသင်္ခါရိက ဖြစ်ခြင်း၏ အကြောင်းတို့ချည်းတည်း။**

[**အသပ္ပါယအာဝါသ**,အသပ္ပါယဥတု,အသပ္ပါယဘောဇဉ်, အသပ္ပါယပုဂ္ဂိုလ်,စသည်တို့၏ အစွမ်းဖြင့် ကိုယ်စိတ်တို့၏ထိုထိုအမှုကို ပြုလုပ်ခြင်း၌ မခံ့သည်၏ အဖြစ်စသည်ဖြင့် အသင်္ခါရိကဖြစ်ခြင်း၏ အကြောင်းမှ ပြန်သောအားဖြင့် သသင်္ခါရိကဖြစ်ခြင်း၏အကြောင်းကိုလည်းမှတ်လေ။]

သောမနဿ ဥပေက္ခာ စသည်တို့၏ ဖြစ်ခြင်းအကြောင်းကို အကျဉ်းပြခြင်း

မဟာကုသိုလ် သောမနဿ ဖြစ်ခြင်း၏ အကြောင်းစသည်ကို မဏိမဉ္ဇူ၌ ပြဆိုအပ်သော သင်္ဂဟဂါထာကို ပြဆိုလိုက်အံ့။

ဏ္ဍာရမ္မဏာ သဒ္ဓါ၊ ဗဟုလံ ဒိဋ္ဌိသုဒ္ဓိစ။
ဖလဒဿာဝိတာစေဝ၊ ပီတိဗောဇ္ဈင်္ဂဟေတုယော။ ။

ဇောဒသ တထာ ဓမ္မာ၊ အဂမ္ဘီရ သဘာဝတာ။
သောမနဿယုတာသန္ဓိ၊ဣစ္စေတေ သုခဟေတုယော။ ။
အဘာဝေါ သုခဟေတူနံ၊မဇ္ဈတ္တာရမ္မဏာဒိစ။
ဂမ္ဘီရတာစ ဥပေက္ခာ၊သန္ဓိ ဥပေက္ခာယ ဟေတုယော။ ။
ကမ္မူပပတ္တိတောစေဝ၊တထာ ဣန္ဒြိယပါကတော။
ကိလေသူပသမာ ဓမ္မ၊ဝိစယဿစ ဟေတုယော။ ။
သတ္တဓမ္မေဟိ ဗုဒ္ဓါဒိ၊ဂုဏာနုဿရဏေနစ။
သပ္ပုညသန္ဒိတောစေဝ၊စိတ္တံ ဉာဏယုတံ သိယာ။ ။
ဥတုဘောဇနအာဝါသ၊သပ္ပါယာဒီဟိ ဟေတုဟိ။
အသင်္ခါရိကဘာဝေါပိ၊ဟောတိတိ ဝိညူနာ မတော။ ။

ဣဋ္ဌာရမ္မဏတာစ၊ဣဋ္ဌာရုံ၏အဖြစ်၎င်း။သဒ္ဓါဗဟုလံ၊သဒ္ဓါတရားများ ခြင်း၎င်း။ ဒိဋ္ဌိသုဒ္ဓိ၊ အယူအမြင်၏စင်ကြယ်ခြင်း၎င်း။ ဖလဒဿာဝိတာစ၊ ကုသိုလ်၏ အကျိုးအာနိသင်ကို မြင်သည်၏အဖြစ်၎င်း။ပီတိဗောဇ္ဈင်္ဂဟေ တုယော၊ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော။ဇောဒသ ဓမ္မာစ၊ ဗုဒ္ဓါနုဿတိစသော တဆဲ့တပါးသော တရားတို့၎င်း။ အဂမ္ဘီရ သဘာဝတာစ၊မနက်နဲသော သဘောရှိသည်၏အဖြစ်၎င်း။သောမနဿ ယုတာ၊ သောမနဿဝေဒနာနှင့် ယှဉ်သော။ သန္ဓိ၊ ပဋိသန္ဓေ၎င်း။ ဣစ္စေ တေ၊ ဤအကြောင်းတို့သည်။ သုခဟေတုယော၊ မဟာကုသိုလ် သောမ နဿဖြစ်ခြင်း၏ အကြောင်းတို့ချည်းတည်း။

သုခဟေတူနံ၊သောမနဿဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော သဒ္ဓါ ဗဟုလဒဿနသမ္ပတ္တိ စသော အကြောင်းတို့၏။ အဘာဝေါစ၊ မရှိခြင်း သည်၎င်း။မဇ္ဈတ္တာရမ္မဏာဒိစ၊ဣဋ္ဌမဇ္ဈတ္တာရုံသည်၎င်း။ ဂမ္ဘီရတာစ၊နက် နဲသော သဘော ရှိသည်၏ အဖြစ်သည်၎င်း။ ဥပေက္ခာသန္ဓိစ၊ ဥပေက္ခာ ဝေဒနာနှင့်ယှဉ်သော ပဋိသန္ဓေသည်၎င်း။ ဥပေက္ခာယ၊ မဟာကုသိုလ် ဥပေက္ခာ၏။ဟေတုယော၊အကြောင်းတို့တည်း။

ကမ္မူပပတ္တိတောစေဝ၊ ပညာကိုဖြစ်စေတတ်သော သူတပါးတို့အား တရားဟောခြင်းစသော ကံဟူသော အကြောင်း ရူပဗြဟ္မာဘုံ၌ ဖြစ်ခြင်း

ဟူသော အကြောင်းကြောင့်ၐရင်း။တထာ၊ထို့ အတူ။ဣန္ဒြိယပါကတောစ၊ ပညိန္ဒြေ၏ ရင့်ခြင်းကြောင့်ၐရင်း။ကိလေသူပသမာစ၊သမထဝိပဿနာတို့ ၏အစွမ်းဖြင့် ကိလေသာတို့၏ ကြာမြင့်စွာ ငြိမ်းခြင်းကြောင့်ၐရင်း။ဓမ္မဝိစ ယသာ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၏။ ဟေတုဟိ၊ အကြောင်း ဖြစ်ကုန်သော။ သတ္တဓမ္မေဟိစ၊ ပရိပုစ္ဆကတာစသော ခုနစ်ပါးသော တရားတို့ကြောင့် ၐရင်း။ ဗုဒ္ဓါဒိဂုဏာနုဿရဏောနစ၊ ဘုရားစသော ရတနာ သုံးပါး တို့၏ ဂုဏ်တော်တို့ကို အဖန် တလဲလဲ ဆင်ခြင် အောက်မေ့ ခြင်းကြောင့်ၐရင်း။ သပ္ပညသန္တိတောစေဝ၊ ပညာနှင့် တကွဖြစ်သော တိဟိတ် ပဋိသန္ဓေ ကြောင့်ၐရင်း။စိတ္တံ၊မဟာကုသိုလ်စိတ်သည်။ ဉာဏယုတံ၊ ဉာဏ်နှင့်ယှဉ် သည်။သိယာ၊ဖြစ်ရာ၏။

ဥတုဘောဇနအာဝါသသပ္ပါယာဒိဟိ၊ဥတုသပ္ပါယ,ဘောဇနသပ္ပါယ, အာဝါသသပ္ပါယ,အစရှိကုန်သော။ ဟေတုဟိ၊ အကြောင်းတို့ကြောင့်။ အသင်္ခါရိကဘာဝေါပိ၊မဟာကုသိုလ်၏ အသင်္ခါရိကအဖြစ်သည်လည်း။ ဟောတိ၊၏။ ဣတိ၊ သို့။ ဝိညုနာ၊ ပညာရှိသော ပုဂ္ဂိုလ်သည်။ မတော၊ သိအပ်၏။

မဟာကုသိုလ်စိတ်တို့၏ ဖြစ်ပုံကိုပြခြင်း

မဟာကုသိုလ် စိတ်တို့၏ ဖြစ်သော အခြင်းအရာကို အစဉ်အတိုင်းပြ ဦးအံ့။အကြင်အခါ အလှူဝတ္ထု၏ပြည့်စုံခြင်း,အလှူခံပုဂ္ဂိုလ်၏ပြည့်စုံခြင်း, သဒ္ဓါတရားပွါးများအားကြီးခြင်း,အလှူကောင်းမှု၏ အကျိုးအာနိသင်ကို သိမြင်ခြင်း,စသော ပြဆိုခဲ့ပြီးသော သောမနဿ ဖြစ်ခြင်း၏ အကြောင်း တို့ကိုစွဲ၍ နှစ်သက် ရွှင်လန်း ဝမ်းမြောက်စွာ ပေးလှူ အပ်သော အလှူ၏ အကျိုးရှိ၏။အလှူ ကြီးပေးခြင်း၏ အကျိုးရှိ၏။တတ်စွမ်းသည့်အလျောက် အနည်းငယ်မျှပင် ပေးလှူ ရခြင်း၏ အကျိုးရှိ၏။ ကောင်းစွာ ပြုအပ်သော သုစရိုက် မကောင်းသဖြင့် ပြုအပ်သော ဒုစရိုက်တို့၏ ကောင်းကျိုး မကောင်းကျိုးရှိ၏။ ပစ္စုပ္ပန်လောက, တမလွန်လောကရှိ၏။ အမိ,အဘ, တို့၌ပြုအပ်သော လုပ်ကျွေးခြင်းပြစ်မှားခြင်းတို့၏ ကောင်းကျိုးမကောင်း

ကျိုးရှိ၏။ ပဋိသန္ဓေနေသောသတ္တဝါရှိ၏။ အကြင်မကောင်းမှု ငြိမ်းပြီး မကောင်းမှုကို အပပြုပြီးသော ဘုရားရဟန္တာတို့သည် ဤပစ္စုပ္ပန်လောကကိုရင်း, တမလွန်လောကကိုရင်း, မျက်မှောက် ပြု၍ ကိုယ်တိုင်သိ၍ ကောင်းစွာ ညာဏ်ဖြင့်ကပ်၍ နေကုန်လတ္တံ့။ အညီ အညွတ် ဖြစ်ကုန် ကောင်းစွာ ကျင့်ကုန်သော ထိုဘုရားရဟန္တာတို့သည် လောက၌ရှိကုန်၏။ ဤသို့ သမ္မာဒိဋ္ဌိကို ရှေ့သွားပုဗ္ဗင်္ဂမ ပဓာန အကြီးအကဲ အမြတ်ပြု၍ ပစ္စည်း၌ မငဲ့မကွက် လွတ်လွတ် ပေးလှူရက်ခြင်း စသည်၏ အစွမ်းဖြင့် ဒါန သီလ စသော ကောင်းမှုကို ပေးလှူခြင်းမှ တွန့်တို ဆုတ်နစ်ခြင်း၏ အကြောင်းဖြစ်သော လောဘမစ္ဆေရ၏အစွမ်းဖြင့် တွန့်တိုဆုတ်နစ်ခြင်း သို့မရောက်သောကြောင့် သူတပါးတို့သည်ရင်း,မိမိသည်ရင်း, ကောင်းမှုပြုစိမ့် သော၌ အားထုတ်ခြင်းကို ဖြစ်စေသည်၏ အစွမ်းဖြင့် မတိုက်တွန်းမနှိုးဆော်အပ်ဘဲလျက် ကောင်းမှုတို့ကိုပြု၏။ထိုအခါသောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကပဌမ မဟာကုသိုလ်စိတ်ဖြစ်၏။

အကြင်အခါ ဆိုအပ်ပြီးသော သောမနဿ ဖြစ်ကြောင်း တို့ကို စွဲ၍ နှစ်သက် ရွှင်လမ်း ဝမ်းမြောက်စွာ သမ္မာဒိဋ္ဌိကို ရှေ့သွားပြုနိုင် ပါလျက် အလှူဝတ္ထု၌ ငဲ့ငဲ့ကွက်ကွက် လွတ်လွတ် မပေး မစွန့် မလှူရက်သည်၏ အဖြစ်စသည်တို့၏ အစွမ်းဖြင့် ကောင်းမှုပြုခြင်း၌ တွန့်တိုဆုတ်နစ်ခြင်းသို့ ရောက်သောကြောင့် သူတပါးတို့သော်ရင်း,မိမိစိတ်ကိုမိမိပင်သော်ရင်း, နှိုးဆော် တိုက်တွန်းအပ်သည်ဖြစ်၍ ဒါနစသောကောင်းမှုကိုပြု၏။ထိုအခါ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဒုတိယ မဟာကုသိုလ်စိတ်ဖြစ်၏။

အကြင်အခါ သူငယ်တို့သည် ရဟန်းတို့အား ပေးလှူပူဇော်ခြင်း,ရှိခိုးခြင်း,စသည်ကို ပြုကုန်သော မိဘ,ဘိုး,ဘွား,စသော ဆွေမျိုးတို့ ကျင့်ရိုးကျင့်စဉ်ကို မြင်ဘူးသဖြင့် ထိုလှူဒါန်း ရှိခိုးပူဇော်ခြင်းတို့၌ ဖြစ်သော လေ့ကျက်ခြင်း ရှိကုန်သည်ဖြစ်၍ ရဟန်းတို့ကို မြင်သဖြင့် နှစ်သက် ရွှင်လမ်း ဝမ်းမြောက်စွာ ပေးလှူပူဇော် ရှိခိုးခြင်းကြောင့် ကုသိုလ်ဖြစ်၏ ဟူ၍မျှ မသိဘဲလျက် ဘိုး,ဘွား,မိဘ,စသည်တို့သည် မတိုက်တွန်း မစေခိုင်းရဘဲလျက်ပင် ဆောဆောလျင်လျင် မိမိ၌ရှိသောဝတ္ထုကို လှူသော်လည်း

လှူအံ့၊ ရှိခိုးသော်လည်းရှိခိုးအံ့၊ ထိုအခါ ထိုသူငယ်တို့အား သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက တတိယ မဟာ ကုသိုလ် စိတ် ဖြစ်၏။

အကြင်အခါ ထိုသို့သဘောရှိသော သူငယ်တို့သည် ပေးလှူလော့, ရှိခိုးလော့,ဟု ဘိုး,ဘွား,မိဘ,စသည်တို့ စေခိုင်း တိုက်တွန်းသဖြင့် ပေး လှူခြင်း,ရှိခိုးခြင်းတို့ကို ပြုကုန်အံ့။ထိုအခါထိုသူငယ်တို့အား သောမနဿ သဟဂုတ်ဉာဏဝိပ္ပယုတ်သသင်္ခါရိက စတုတ္ထမဟာကုသိုလ်စိတ်ဖြစ်၏။

အကြင်အခါ၌ အလှူဝတ္ထု၏ မမွန်မြတ်ခြင်း တရားနှင့် မလျော်သော ရခြင်းတို့ဖြင့် ဒေယျဓမ္မ၏ မပြည့်စုံခြင်းကိုရင်း။ ယုတ်ညံ့သော အလှူခံ ပုဂ္ဂိုလ်ဖြစ်၍ ပဋိဂ္ဂါဟက၏ မပြည့်စုံခြင်းကိုရင်း။သဒ္ဓါတရားပါးရှားအား နည်းခြင်း, အယူ၏မစင်ကြယ်ခြင်း, အဆွေခင်ပွန်းကောင်းကို မရခြင်း, ထောက်ပံ့ ကူညီသောသူတို့၏ လွန်စွာနှိုးဆော် တိုက်တွန်းရခြင်း, ဖိတ် ဖိတ်စင်စင် မရှိမသေအမှုကို ပြုလုပ်ခြင်းတို့ဖြင့် အလုပ်အကျွေး၏ မပြည့် စုံခြင်းတို့ကြောင့်ရင်း, ကြွင်းသော ပြဆိုခဲ့ပြီးသော သောမနဿ ဖြစ် ကြောင်းတို့၏ မရှိခြင်းကြောင့်ရင်း, အစဉ်အတိုင်း ပြဆိုခဲ့ပြီးသော လေး ပါးသော အရေးကာလ အလှူး တို့၌ သောမနဿမှ ကင်းကုန်၏။ ထိုအခါ ထိုပုဂ္ဂိုလ်တို့အား အစဉ်အတိုင်း ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဥ္စမ မဟာကုသိုလ်စိတ် အစရှိကုန်သော ဥပေက္ခာသဟ ဂုတ် မဟာကုသိုလ်စိတ် လေးခုတို့သည် ဖြစ်ကုန်၏။

မဟာကုသိုလ်တို့၏မဟပ္ဖလဖြစ်ပုံကိုပြခြင်း

ဤပိုဒ် ရှစ်ခုတို့တွင် ဥပေက္ခာ သဟဂုတ်ထက် သောမနဿ သဟ ဂုတ်သည် မဟပ္ဖလမဟာနိသံသ ဖြစ်သောကြောင့် သောမနဿ သဟ ဂုတ်ကိုရှေ့ထား၍ဆိုသည်။ဉာဏဝိပ္ပယုတ်ထက်, ဉာဏသမ္ပယုတ်သည် မဟပ္ဖလမဟာနိသံသဖြစ်သောကြောင့်ဉာဏသမ္ပယုတ်ကိုရှေ့ဆိုသည်။ သသင်္ခါရိကထက် အသင်္ခါရိက စိတ်သည် မဟပ္ဖလ မဟာနိသံသ ဖြစ် သောကြောင့် အသင်္ခါရိကကို ရှေ့ထား၍ဆိုသည်။ ဓမ္မသင်္ဂဏီပါဠိတော်

၌ဟောတော်မူသော အစဉ်အတိုင်း ဒေသနာက္ကမအားဖြင့် အစဉ်အတိုင်း ဆိုသည်ဟူ၍လည်း မှတ်အပ်၏။

ဥပေက္ခာသဟဂုတ်ထက် သောမနဿသဟဂုတ်၊ ဉာဏဝိပ္ပယုတ်ထက် ဉာဏသမ္ပယုတ်၊ သသင်္ခါရိကထက် အသင်္ခါရိက စိတ်သာလျှင် မဟာဖလ မဟာနိသံသ ဖြစ်သောကြောင့် ထိုစိတ် ရှစ်ခုတွင် အဋ္ဌမစိတ်ထက်သတ္တမစိတ်၊ ထိုထက်စတုတ္ထစိတ်၊ ထိုထက်တတိယစိတ်၊ ထိုထက် ဆဋ္ဌမစိတ်၊ ထိုထက်ပဉ္စမစိတ်၊ ထိုထက်ဒုတိယစိတ်၊ ထိုထက် ပဌမစိတ် သည် မဟာဖလမဟာနိသံသ ဖြစ်သည်ဟု မှတ်လေ။

[**ဥပေက္ခာသဟဂုတ်မဟာကုသိုလ်ထက်**။ သောမနဿသဟဂုတ်မဟာကုသိုလ်၏ မဟာဖလမဟာနိသံဖြစ်ရာ၌ ထောက်ထားရန် အာဂမ်ယုတ္တိ အခြားရှာရန်မရှိပြီ။ ဤ၌ပြဆိုအပ်သော မဟာကုသိုလ်စိတ်၏ သောမနဿ ဖြစ်ခြင်း၏အကြောင်း ဥပေက္ခာဖြစ်ခြင်း၏ အကြောင်းတို့ကိုပင် ထောက်၍သိလေ။]

မဟာကုသိုလ်စိတ်၌ ပိသဒ္ဒါဖြင့်ပေါင်းယူပုံကိုပြခြင်း။

ဣမာနိအဋ္ဌပိ ကာမာဝစရ ကုသလစိတ္တာနိနာမ၊ ဟူသော နိဂုမ်း၌ *သမ္ပိဏ္ဍန အနက်ရှိသော ပိသဒ္ဒါဖြင့် ပေါင်းယူအပ်သောအပြား ပေါင်းယူပုံ ပေါင်းယူဟန်၊ ပေါင်းရစိတ်ရေတို့ကိုပြဦးအံ့။ ၎င်းစိတ်ရှစ်ခုတို့တွင် တပါးပါးသည်ပင် ဆယ်ပါးသော ပုညကိရိယာဝတ္ထုတို့၌ အသီးအသီး ဖြစ်သည်ချည်း ဖြစ်သောကြောင့် ၎င်းစိတ်ရှစ်ခုကိုတည်၍ ပုညကိရိယာဝတ္ထု ဆယ်ပါးတို့ဖြင့် မြှောက်သော် ရှစ်ဆယ်ဖြစ်၏။ ထိုရှစ်ဆယ်တွင် တပါးတပါးသည်ပင် အာရုံခြောက်ပါးတို့၌ အသီးသီးဖြစ်ရကား၎င်းရှစ်ဆယ်ကိုတည်၍ အာရုံခြောက်ပါးနှင့် မြှောက်သော် လေးရာ့ ရှစ်ဆယ် ဖြစ်၏။ ထိုကိုဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် နှစ်ဖို့ ညီမျှခွဲသော် နှစ်ရာ့ လေးဆယ်စီ နှစ်ဖုဖြစ်၏။ ထိုတွင် ဉာဏဝိပ္ပယုတ် နှစ်ရာ့လေးဆယ်ကို

* ကာမေနုပုညဝဏ္ဏုပဟီ၊ ဂေါစရာဝိပတိပဟီခါ။
ကမ္မဟီနာ ဝိတောခေဝ၊ ဂဏောယျ နယကောဝိဒေါ။

ဝိမံသာဓိပတိမှ တပါးသော အဓိပတိ သုံးပါးတို့ဖြင့် မြှောက်သော် ခုနစ်ရာ့နှစ်ဆယ် ဖြစ်၏။ ဉာဏသမ္ပယုတ် နှစ်ရာ့လေးဆယ်ကို၊ အဓိပတိလေးပါးတို့ဖြင့် မြှောက်သော် ကိုးရာ့ခြောက်ဆယ် ဖြစ်၏။ ၎င်းဉာဏသမ္ပယုတ် ကိုးရာ့ခြောက်ဆယ်ကို ယခင်ဉာဏဝိပ္ပယုတ် ခုနစ်ရာ့နှစ်ဆယ်နှင့် ပေါင်းသော် တထောင့်ခြောက်ရာ့ရှစ်ဆယ် ဖြစ်၏။ ထိုတွင် တပါးတပါးသည်ပင် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဟူသောကံသုံးပါး၏အစွမ်းဖြင့် အသီးအသီးဖြစ်ရကား ယခင်တထောင့်ခြောက်ရာ့ရှစ်ဆယ်ကိုတည်၍ ကံသုံးပါးဖြင့် မြှောက်သော် ငါးထောင့်လေးဆယ်ဖြစ်၏။ ထိုတွင် တပါးတပါး သည်ပင် ဟီန, မဇ္ဈိမ, ပဏီတ, ၏အစွမ်းဖြင့် အသီးအသီးဖြစ်ရကား ငါးထောင့်လေးဆယ် ကိုတည်၍ ဟီန စသော သုံးခုဖြင့် မြှောက်သော် ကာမာဝစရ ကုသိုလ် စိတ်ပေါင်း၊ တသောင်း ငါးထောင့်တရာ့နှစ်ဆယ်ဖြစ်၏။ **ဤကား ဦးကာဠကျောင်ဆရာ ရေတွက်သောနည်းတည်း။**

ကာမာဝစရ ကုသိုလ် စိတ်ပေါင်း တသောင့်ခုနစ်ထောင့်နှစ်ရာ့ရှစ်ဆယ်ရှိ၏ဟု ရေတွက်သည်ကား **အဘိဓမ္မာဝတာရဆရာ အရှင်ဗုဒ္ဓဒတ်မထေရ်၏ ရေတွက်နည်းတည်း။**

အဓိပတိဖြင့် မြှောက်ပွါး ရေတွက်ရာ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်နှစ်ပါးလုံးကိုပင် အဓိပတိလေးပါးလုံးဖြင့်မြှောက်ပွါးရေတွက်လေသောကြောင့် တသောင်းခုနစ်ထောင့်နှစ်ရာ့ရှစ်ဆယ် ဖြစ်သည်ဟု မှတ်လေ။ ရှေ့ဝါဒသာ သင့်သည်ဟုမှတ်။ ဘုံ, ပုဂ္ဂိုလ်, သန္တာန်, ဒေသ, စသည်ဖြင့် မြှောက်ပွါးသော် ဤကာမာဝစရ ကုသိုလ်စိတ်သည် ရေတွက်ခြင်းငှါ မစွမ်းနိုင်အောင်ပင်များလှစွာ၏။ ထိုအလုံးရုံကိုပင် ဝိသဋ္ဌါဖြင့် ပေါင်းယူသည်ဟုမှတ်လေ။

မဟာဝိပါက်စိတ်ကိုပြခြင်း။

ကုသိုလ် အဗျာကတအားဖြင့်နှစ်ပါးသော ကာမာဝစရ သောဘဏစိတ်တို့တွင် ကုသိုလ်ဖြစ်သော ကာမာဝစရ သောဘဏစိတ်ကိုဝေဘန်

ပြဆိုရ၍ ပြည့်စုံပြီ ဖြစ်သောကြောင့် အဗျာကတဖြစ်သော ကာမသောဘဏဝိပါက်စိတ်တို့ကို ဝေဘန်ပြဆိုသင့်ရကား ထိုအဗျာကတစိတ်သည် အဗျာကတ၏ အဖြစ်သာမညအားဖြင့်တပါးတည်းသာဖြစ်သော်လည်းဝိပါက်ကြိယာအားဖြင့် နှစ်ပါးပြားသေးသည်ဖြစ်၍။ ထိုတွင်ကုသိုလ်ကိုပြသည်၏အခြားမဲ့၌ ထိုကုသိုလ်၏ အကျိုးကို ပြဆိုသင့်သောကြောင့် သဟိတ်ကုသလဝိပါက် စိတ်တို့ကို ပြဆို ဝေဘန်သည်။ ထိုဝိပါက် စိတ်သည် သဟိတ်ကာမ ဝိပါက် အဖြစ်ဖြင့် သာမည တပါးတည်းသာ ဖြစ်သော်လည်း ဝေဒနာဘေဒ အားဖြင့် သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်, အားဖြင့်နှစ်ပါးပြား၏။ထိုတွင်တပါးတပါးသည် ဉာဏဘေဒ အားဖြင့် ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်, ဟု နှစ်ပါး ပြားရကား လေးပါးဖြစ်၏။ ထိုတွင်တပါးတပါးသည်ပင် သင်္ခါရဘေဒအားဖြင့် အသင်္ခါရိက, သသင်္ခါရိက, ဟုနှစ်ပါးစီ ပြားပြန်ရကား ၈ပါးဖြစ်သည်။

[**ဤမဟာဝိပါက်စိတ်၌။** သောမနဿ၊ဥပေက္ခာ၊ဉာဏ်တို့မှ တပါးသော ဖဿစသော အညသမာန်းစေတသိက်,သင်္ခါရစသော သောဘဏ သာဓာရဏ စေတသိက်, တို့လည်း ရှိကုန်လျက် ယင်းတို့ဖြင့်မှတ်၍ ဖဿသဟဂတံ စသည်၊ သင်္ခါသမ္ပယုတ္တံ စသည်ဖြင့် ဤမဟာဝိပါက် စိတ်၏ ဖဿသဟဂုတ်အဖြစ် စသည် သင်္ခါသမ္ပယုတ်အဖြစ် စသည်ကို မဆိုရာ၌အကြောင်း သောမနဿ, ဥပေက္ခာ, ဉာဏ်, တို့ဖြင့်မှတ်၍ သောမနဿသဟဂတံ စသည်ဖြင့် သောမနဿ သဟဂုတ်အဖြစ် စသည်ကိုသာ ဆိုရာ၌ အကြောင်းကို မဟာကုသိုလ်စိတ်ကို ပြဆိုသောအရာ၌ ပြဆိုခဲ့သည့်အတိုင်းသိလေ။]

ဤမဟာဝိပါက်စိတ်သည် ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ, ကိစ္စအားဖြင့် ဖြစ်လေသမျှ၌ပင် ဣဋ္ဌာရုံ၌ သောမနဿ သဟဂုတ်သာဖြစ်၏။ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ်သာဖြစ်၏။ ဤမဟာဝိပါက်စိတ်တို့သည် အဘယ်ကြောင့် ဣဋ္ဌာရုံ၌ သောမနဿ သဟဂုတ်သာ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ်သာ ဧကန်အမြဲ ဖြစ်ရလေသနည်းဟူမူ။ ဝိပါက်စိတ်

တို့သည် ကုသိုလ်၊ အကုသိုလ်, တို့၏ အကျိုးဖြစ်၍ အကြောင်းဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံ, အားလျော်စွာသာဖြစ်သောကြောင့် ကြေးမုံ ပြင်၌ထင်သော မျက်နှာရိပ်ကဲ့သို့အထူးမကြံတတ် အထူးကြံခြင်းမှကင်း သည်ဖြစ်၍ အာရုံကိုအထူးကြံ၍ မယူတတ်သည်၏အဖြစ်ကြောင့် အာရုံ အားလျော်စွာ ဣဋ္ဌာရုံ၌ သောမနဿသဟဂုတ်သာ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ်သာ, ဧကန္တနိယမ အားဖြင့် ဖြစ်သည်ဟူလေ။ ဤ၌ ကုသိုလ်, အကုသိုလ်, သည် ပကတိသော မျက်နှာနှင့် တူ၏။ ၎င်းကု သိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သော ဝိပါက်စိတ် တို့သည် ကြေးမုံ ပြင်၌ထင်သော မျက်နှာရိပ်နှင့်တူ၏။ ၎င်းဝိပါက်စိတ်၏ ကုသိုလ် အကု သိုလ်တို့၏ အကျိုးမျှ ဖြစ်၍အထူး မကြံ တတ်ခြင်းသည် ထိုမျက်နှာရိပ် ၏ ပကတိသော မျက်နှာ၏ အရိပ်ဖြစ်၍ အထူးမကြံတတ်သည်နှင့်တူ၏ ဟုမှတ်လေ။

ဓောဖောက်ပြန်ပုံကိုပြခြင်း

ကုသိုလ် အကုသိုလ် တို့သော်ကား။ မပယ်အပ်သေးသော ဝိပလ္လာ သရှိသော ပုထုဇ္ဇန်တို့ သန္တာန်၌ ဖြစ်ခြင်းကြောင့် အတိဣဋ္ဌ ဖြစ်သော အာရုံကိုလျက် ဣဋ္ဌမဇ္ဈတ္တအခြင်းအရာ, အနိဋ္ဌအခြင်းအရာ, အားဖြင့် ယူ တတ်ကုန်သည်။ အနိဋ္ဌဖြစ်သော အာရုံကိုလျက်လည်း ဣဋ္ဌအခြင်းအရာ, ဣဋ္ဌမဇ္ဈတ္တ အခြင်းအရာ, အားဖြင့် ယူတတ်ကုန်သည်၊ ထို့ကြောင့် သဒ္ဓါ တရားမဲ့သော သူတို့အား ဘုရားအစရှိသော အတိဣဋ္ဌာရုံ၌ သော်လည်း သောမနဿဓောမဖြစ်ဘဲ ဥပေက္ခာဓောဖြစ်သည်။ တိတ္ထိအစရှိသောသူ တို့အား ဒေါမနဿ ဓောဖြစ်သည်။ နက်နဲသော သဘော ရှိသောသူ စ သည်တို့အား သူကောင်ပုတ်, မစင်, စသော အတိ ပဋိကူလ ဖြစ်သော အနိဋ္ဌာရုံ၌သော်လည်း ဒေါမနဿဓောမဖြစ်ဘဲ ဥပေက္ခာဓောဖြစ်သည် ကျီး, ခွေး, လင်းတ, စသည်တို့အား သောမနဿဓောဖြစ်၏။ ထိုဓောတို့ ၏ ရှေ့အဘို့ နောက်အဘို့၌ဖြစ်သော ဝိပါက်စိတ်တို့ သော်ကား မိမိတို့ ဖြစ်ထိုက်သော အာရုံအားလျော်စွာသာလျှင် ဖြစ်ကုန်သည်ဟု မှတ်လေ။

ဉာဏသမ္ပယုတ်စေတနာဖြစ်ပုံကိုပြခြင်း။

ဤမဟာဝိပါက် စိတ်တို့သည် အဘယ်သို့သော အကြောင်းကြောင့် ဉာဏသမ္ပယုတ် ဖြစ်သနည်း။ အဘယ် အကြောင်းကြောင့် ဉာဏဝိပ္ပယုတ်ဖြစ်သနည်း။ မဟာကုသိုလ်မှာကဲ့သို့ ဣန္ဒြိယပရိပါက, ကိလေသဒူရီဘာဝ,စသော အကြောင်းတို့ကြောင့်ပင် ထိုအကြောင်းတို့အားလျော်စွာ ဖြစ်လေသလော ဟူမူ။ ဤမဟာဝိပါက် စိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စအားဖြင့် ဖြစ်ခိုက် ထိုဝိပါက်ကိုဖြစ်စေတတ်သော ဇနကကံ၏ ဗလဝဖြစ်ခြင်း, အဗလဝဖြစ်ခြင်း, ဟူသော အကြောင်းကြောင့် ထိုကံအားလျော်စွာ ဝှင်းကံသည် တိဟိတ်ဥက္ကဋ္ဌဖြစ်၍ အားရှိမူ ဉာဏသမ္ပယုတ်သာ ဖြစ်၏။ တိဟိတ်ဩမက သော်၎င်း ဒွိဟိတ်ဥက္ကဋ္ဌ သော်၎င်းဖြစ်၍အားမရှိမူ ဉာဏဝိပ္ပယုတ်သာ ဖြစ်၏။ တဒါရုံကိစ္စတပ်ခိုက်ဖြစ်မူကား မိမိရှေ့အနန္တရဖြစ်သောဇောအားလျော်စွာ ထိုဇောသည် ဉာဏသမ္ပယုတ်ဖြစ်အံ့ များသောအားဖြင့် ဉာဏသမ္ပယုတ်ဖြစ်၏။ထိုဇောသည် ဉာဏဝိပ္ပယုတ်ဖြစ်အံ့ များသောအားဖြင့် ဉာဏဝိပ္ပယုတ်ဖြစ်၏။

ဇောဖြင့်တဒါရုံကိုမှတ်၍ပြခြင်း။

အဘယ်ကြောင့်များသောအားဖြင့် ဖြစ်သည်ဟုဆိုသနည်း တိဟိတ်ဇောနောင် တိဟိတ်တဒါရုံသာ, ဒွိဟိတ်ဇောနောင် ဒွိဟိတ် တဒါရုံသာ ဖြစ်ရပါသည်မဟုတ်လောဟူမူ။ပါဏာတိပါတစသောအကုသိုလ်ကိုမပြတ်လေ့လာအားထုတ်သောသူအားအကုသိုလ်ဇောသာလျှင်အဖြစ်များသောကြောင့် အကုသိုလ်ဇော၏ အခြားမဲ့၌ ဖြစ်ခြင်း လေ့လာခြင်း များသော အဟိတ်တဒါရုံသည် တရံတခါ တိဟိတ် ကုသိုလ်ဇော ဖြစ်သည်ရှိသော် ထိုတိဟိတ် ကုသိုလ်ဇော၏ အခြားမဲ့၌လည်းဖြစ်၏။ ဒါနသီလစသော ကုသိုလ်ကို မပြတ်လေ့လာ အားထုတ်သော သူအား တိဟိတ်ကုသိုလ်ဇောသာ အဖြစ်များသောကြောင့် ထိုတိဟိတ်ဇော၏ အခြားမဲ့၌ ဖြစ်ခြင်း လေ့လာခြင်း များသော တိဟိတ် တဒါရုံသည် တရံတခါ အကုသိုလ်ဇော ဖြစ်သည်ရှိသော် ထိုအကုသိုလ်ဇော၏ အခြားမဲ့၌လည်း ဖြစ်

၏။ထို့ကြောင့် များသော အားဖြင့်သာ တိဟိတ်ဓောနောင် တိဟိတ် တဒါရုံ။ဒွိဟိတ်ဓောနောင် ဒွိဟိတ်တဒါရုံဖြစ်၏ဟူလော။

ဤမဟာဝိပါက်စိတ်သည် ပဋိသန္ဓေ,ဘဝင်,စုတိ,ကိစ္စတပ်ခိုက်၌သာ မိမိကိုဖြစ်စေတတ်သော ဇနကကံအားလျော်စွာ ဉာဏသမ္ပယုတ်,ဉာဏ ဝိပ္ပယုတ်,ဖြစ်သည် မဟုတ်သေး၊ တဒါရုံကိစ္စတပ်ခိုက်၌လည်း ရုံဖန်ရုံခါ အနန္တရဓောကိုမငဲ့ဘဲ မိမိကိုဖြစ်စေတတ်သော ဇနကကံအားလျော်စွာ ထိုဇနက ကံသည် တိဟိတ် ဥက္ကဋ္ဌဖြစ်၍ ဗလဝ ဖြစ်အံ့ ဉာဏသမ္ပယုတ် တဒါရုံဖြစ်၏။ ထိုဇနကကံသည် တိဟိတ် ဩမက ဒွိဟိတ် ဥက္ကဋ္ဌ ဖြစ်၍ အားနည်းအံ့ ဉာဏဝိပ္ပယုတ် တဒါရုံဖြစ်၏။

ဣမာနိပိ ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တာရမ္မဏဝသေန ယထာက္ကမံ သောမနဿုပေက္ခာသဟိတာနိ၊ပဋိသန္ဓာဒိဝသပ္ပဝတ္တိယံ ကမ္မဿ ဗလဝါဗလဝဘာဝတော။တဒါရမ္မဏပ္ပဝတ္တိယံ ယေဘုယျေန ဇဝနာနုရူပတော။ ကဒါစိ တဏ္ဍာပိ ကမ္မာနုရူပတော ဉာဏသမ္ပယုတ္တာနိ ဉာဏဝိပ္ပယုတ္တာနိစ ဟောန္တိ။ ။**ဋီကာကျော်**။

ဣမာနိပိ၊ဤမဟာဝိပါက်စိတ်တို့သည်လည်း။ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာရမ္မဏဝသေန၊ဣဋ္ဌာရုံဣဋ္ဌမဇ္ဈတ္တာရုံတို့၏အစွမ်းဖြင့်။ယထာက္ကမံ၊အစဉ်အတိုင်း။ အစဉ်အားလျော်စွာ။အစဉ်ကိုမလွန်မူ၍။ သဗ္ဗကာလေသုပိ၊(ထည့်။)ပဋိသန္ဓေဘဝင်စုတိတဒါရုံကိစ္စအားဖြင့်ဖြစ်သော ခပ်သိမ်းသော အခါတို့၌လည်း။သောမနဿုပေက္ခာသဟိတာနိ၊ သောမနဿဝေဒနာ ဥပေက္ခာဝေဒနာတို့နှင့် တကွဖြစ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ပဋိသန္ဓာဒိဝသပ္ပဝတ္တိယံ၊ ပဋိသန္ဓေအစရှိသောကိစ္စ၏ အစွမ်းဖြင့်ဖြစ်သောအခါ၌။ ဝါ၊ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ,၏ အစွမ်းဖြင့် ဖြစ်သော အခါ၌။ ဝါ၊ ၏အစွမ်းဖြင့် ဖြစ်သည်။သတိ၊ရှိသော်။ ကမ္မဿ၊ ထိုမဟာဝိပါက်ကို ဖြစ်စေသော ဇနကကံ၏။ ဗလဝါ ဗလဝဘာဝတော၊ တိဟိတ်ဥက္ကဋ္ဌဖြစ်၍ အားရှိသည်၏အဖြစ် တိဟိတ်ဩမကဒွိဟိတ်ဥက္ကဋ္ဌဖြစ်၍ အားမရှိသည်၏ အဖြစ်ကြောင့်။ ယထာက္ကမံ၊ အကြင်အကြင် ဗလဝကံ အဗလဝကံ အစဉ်အတိုင်း။ ဝါ၊ဗလဝကံ အဗလဝကံ-ဟူသော အစဉ်ကို မလွန်မူ၍။

ဝါ၊ ဗလဝကံ အဗလဝကံ အစဉ်အားလျော်စွာ။ ဉာဏသမ္ပယုတ္တာနိစ၊ ဉာဏ်နှင့် ယှဉ်ကုန် သည်ရင်း။ ဉာဏဝိပ္ပယုတ္တာနိစ၊ ဉာဏ်နှင့် မယှဉ်ကုန်သည်ရင်း။ ဟောန္တိ၊ ဖြ၏။ (ရှေ့ကယထာက္ကမံကိုလိုက်စေ။) တနည်းလည်း။ ပဋိသန္ဓာဒိဝသပ္ပဝတ္တိယံ၊ ၌။ ဝါ၊သည်။ သတိ၊သော်။ ကမ္မသာ၊၏။ ဗလဝါ ဗလဝဘာဝတော၊ ကြောင့်။ ကမ္မာနုရူပတော၊ ထိုဝိပါက်ကိုဖြစ်စေသော ဗလဝကံအဗလဝကံ အစဉ်အားလျော်သော အားဖြင့်။ ဉာဏသမ္ပယုတ္တာနိစ၊ ကုန်သည်ရင်း။ ဉာဏဝိပ္ပယုတ္တာနိစ၊ ကုန်သည်ရင်း။ ဟောန္တိ၊ကုန်၏။(ဆိုလတ္တံ့ ကမ္မာနုရူပတောကို ဤသို့လှည့်၍လိုက်စေ။) တဒါရမ္မဏပ္ပဝတ္တိယံ၊ တဒါရုံကိစ္စတပ်သော အားဖြင့် ဖြစ်သောအခါ၌။ ဝါ၊ဖြစ်သည်၊သတိ၊သော်။ယေဘုယျေန၊များသောအားဖြင့်။ ဇဝနာနုရူပတော၊ ရှေ့အနန္တရ အခြားမဲ့ဖြစ်သော ဉာဏသမ္ပယုတ်ဇော ဉာဏဝိပ္ပယုတ်ဇောအား လျော်သော အားဖြင့်။ ဉာဏသမ္ပယုတ္တာနိစ၊ရင်း။ ဉာဏဝိပ္ပယုတ္တာနိစ၊ရင်း။ဟောန္တိ၊ကုန်၏။ကဒါစိ၊တရံတခါ။တတ္ထာပိ၊ထိုတဒါရုံကိစ္စအားဖြင့် ဖြစ်သောအခါ၌ ပင်သော်လည်း။ ကမ္မာနုရူပတော၊မိမိကိုဖြစ်စေသော ဗလဝကံအဗလဝကံ အားလျော်သောအားဖြင့်၊ဉာဏသမ္ပယုတ္တာနိစ၊ရင်း။ ဉာဏဝိပ္ပယုတ္တာနိစ၊ရင်း။ ဟောန္တိ၊ ကုန်၏-ဟု အနက်ပေးလေ။

[တတ္ထာပိ၌ အပိသဒ္ဒါသည် သမ္ဘာဝနာအနက်ရှိ၏။ ယင်းအပိသဒ္ဒါဖြင့် ဤမဟာဝိပါက် စိတ်သည် ပဋိသန္ဓေ,ဘဝင်,စုတိ,ကိစ္စ,အားဖြင့် ဖြစ်သောအခါ၌သာ မိမိကိုဖြစ်စေတတ်သော ဇနကကံ၏ဗလဝအဖြစ် အဗလဝ အဖြစ်ကြောင့် ထိုမိမိကို ဖြစ်စေသော ဗလဝကံအဗလဝကံ အားလျော်သောအားဖြင့် ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် ဖြစ်သည် မဟုတ်သေး။ တဒါရုံ ကိစ္စ တပ်သော အားဖြင့် ဖြစ်သော အခါ၌လည်း တရံတခါ မိမိကို ဖြစ်စေသော ဗလဝကံအဗလဝကံ အားလျော်သောအားဖြင့် ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် ဖြစ်ပါ၏ဟူသော အနက်ကိုပြသည်။]

အသင်္ခါရိက သသင်္ခါရိက ဖြစ်ပုံကိုပြခြင်း

ဤမဟာဝိပါက် စိတ်သည် အဘယ်သို့သော အကြောင်းကြောင့် အသင်္ခါရိက အဘယ်သို့သော အကြောင်းကြောင့် သသင်္ခါရိကဖြစ်သနည်းဟူမူ။ ဤမဟာဝိပါက် စိတ်သည် သေခါနီးသော သတ္တဝါအား မိမိ၏ ပယောဂ သူတပါးတို့၏ ပယောဂတို့မှ ကင်း၍ မရဏာသန္နဇောအား ထင်ခြင်းသို့ ရောက်သောကံ, ကမ္မနိမိတ်, ဂတိနိမိတ်, အာရုံ- ဟူသော အကြောင်းကြောင့် ပဋိသန္ဓေ ကိစ္စအားဖြင့် ဖြစ်သောအခါ အသင်္ခါရိက ဖြစ်၏။မိမိပယောဂ သူတပါးပယောဂနှင့် တကွဖြစ်၍ မရဏာသန္နဇော အားဖြင့် ထင်ခြင်းသို့ရောက်သော ကံ,ကမ္မနိမိတ်, ဂတိနိမိတ်, အာရုံ-ဟူသော အကြောင်းကြောင့် ပဋိသန္ဓေ ကိစ္စ အားဖြင့် ဖြစ်သောအခါ သသင်္ခါရိကဖြစ်၏။ဘဝင်ကိစ္စ,စုတိကိစ္စ,အားဖြင့် ဖြစ်သော အခါတို့၌ကား တခုသောဘဝ၌ ပဋိသန္ဓေဘဝင်စုတိစိတ်တို့သည် ဘုံ,ဓာတ်,သမ္ပယုတ္တဓမ္မ,သင်္ခါရ,အာရုံ,တို့ဖြင့် တူမြဲဖြစ်သောကြောင့် ပဋိသန္ဓေကိစ္စ အားဖြင့် ဖြစ်သော အခါနှင့် မထူးပြီ။ တဒါရုံကိစ္စ အားဖြင့် ဖြစ်သော အခါ၌ကား လျောက်ပတ်သော ဥတု,ဘောဇဉ်,စသည်တို့၏ အစွမ်းအားဖြင့် အသင်္ခါရိကဖြစ်၏။မလျောက်ပတ်သော ဥတုဘောဇဉ်စသည်တို့၏ အစွမ်းအားဖြင့် သသင်္ခါရိက ဖြစ်၏။ ရှေ့အနန္တရ ဖြစ်သော ဇော၏ အစွမ်း အားဖြင့်လည်း ထိုဇောသည်အသင်္ခါရိကဖြစ်အံ့ အသင်္ခါရိကဖြစ်၏။ထိုဇောသည် သသင်္ခါရိကဖြစ်အံ့ သသင်္ခါရိကဖြစ်၏။

မဟာဝိပါက်၏ဝိသဒ္ဒါဖြင့်ပေါင်းယူဟာန်ကိုပြခြင်း ၊

*အဋ္ဌဝိဓ၌ သင်္ဂဟာနယ အနက် ရှိသော ဝိသဒ္ဒါဖြင့် ပေါင်းယူ ရေတွက်မြွက်ပွါးပုံကား ဤမဟာဝိပါက် ၈စ်ခုတို့တွင် တခုခုသည်ပင် ရူပါရုံစသော အာရုံခြောက်ပါး တို့၌ အသီးအသီး ဖြစ်ကောင်း သောကြောင့် မဟာဝိပါက်၈စ်ခုကိုတည်၍ အာရုံခြောက်ပါးဖြင့်မြှောက်သော် လေးဆဲ့ ၈စ်ပါးဖြစ်၏။ ထိုကို ဟီန,မဇ္ဈိမ,ပဏီတ, အားဖြင့် သုံးပါးစီ ဖြစ်ကောင်း

* ဂေါစရေန ဟီနာဒိဘိ၊ဂဏောယျ. နယကောဝိဒေါ၊

သောကြောင့် သုံးချဖြင့် မြွက်သော် မဟာဝိပါက် စိတ်ပေါင်း တရာ့ လေးဆဲ့ လေးချဖြစ်၏။ ဤအလုံးစုံကို ပေါင်းသည်။ ဤမဟာဝိပါက်စိတ် တို့၏ ဟီန,မဇ္ဈိမ,ပဏီတ,အဖြစ်ကိုကား ထိုဝိပါက်ကို ဖြစ်စေတတ်သော အကြောင်းဖြစ်သော ကုသိုလ်ကံတို့၏ ယုတ်သည့်, အလယ်အလတ်ဖြစ် သည့်,မြတ်သည့်,၏ အစွမ်းဖြင့် အကြောင်းကံ၏ ဟီန,စသော အမည်ကို အကျိုးဝိပါက်၌ တင်စား၍ ကာရဏူပစာရ အားဖြင့်သာ သိအပ်၏။ ထို မဟာဝိပါက်တို့ပင် စင်စစ် ဟီန,စသည်ဖြစ်၏ဟု မုချအားဖြင့် မသိအပ်။

မဟာကုသိုလ်စိတ်တို့ကို ပုညကိရိယာဝတ္ထု ဆယ်ပါး, ကမ္မဒွါရသုံး ပါး,ကံသုံးပါး, အဓိပတိလေးပါး, တို့ဖြင့် မြွက်ပွါး ရေတွက်သကဲ့သို့ ဤမဟာဝိပါက် တို့ကိုလည်း ပုညကိရိယာဝတ္ထု စသည်တို့ ဖြင့်လည်း မြွက်ပွါး ရေတွက်သင့်ရာ ပါသည်မဟုတ်ပါလော ဟူမူ။ မရေတွက် သင့်။ အဘယ်ကြောင့် မရေတွက်သင့် သနည်းဟူမူ။ မဟာကုသိုလ်တို့ သည်ပုညကိရိယာဝတ္ထုစသည်တို့၏အစွမ်းဖြင့်ဖြစ်သကဲ့သို့ မဖြစ်သော ကြောင့် မရေတွက်အပ်သည်ဟူလေ။

[**ဤမဟာဝိပါက်တို့သည်** အဘယ်ကြောင့်ပုညကိရိယာဝတ္ထု ၏အစွမ်းဖြင့် မဖြစ်လေသနည်းဟူမူ။ ဒါန,သီလ, ဘာဝနာ, အပ စာယန, စသည်တို့၏ အစွမ်း အားဖြင့် မဖြစ်လေ သောကြောင့် မဖြစ်သည်ဟူလေ။]

အဘယ်ကြောင့်ကား ကာယကမ္မဒွါရ, ဝစီကမ္မဒွါရ, တို့ကို ဖြစ်စေ သည့်၏အစွမ်းဖြင့် မဖြစ်လေသနည်းဟူမူ။ကာယဝိညတ်,ဝစီဝိညတ်,တို့ ကိုဖြစ်စေနိုင်ခြင်း မရှိသောကြောင့် မဖြစ်သည်ဟူလေ။အဘယ်ကြောင့် ကား ဝိညတ်တို့ကို မဖြစ်စေနိုင် သနည်း ဟူမူ။ ဝိပါက်တို့၏ အားထုတ် ခြင်းမှ ကင်းသည့်၏အဖြစ်, ငြိမ်းသည့်၏အဖြစ်, ဖြန့်ခြင်းမရှိသည့် ဖြစ်၍ အားနည်းသည်၏ အဖြစ်ကြောင့် မဖြစ်စေနိုင်လေသည်ဟူလေ။အဘယ် ကြောင့် ကာယကံ,ဝစီကံ,မနောကံ,တို့နှင့် ယှဉ်သည်၏အစွမ်းဖြင့် မဖြစ် လေသနည်း ဟူမူ။ အကျိုးကို ဖြစ်စေခြင်း သဘောမရှိ သည့်၏ အဖြစ် ကြောင့် မယှဉ်သည် ဟူလေ။

ဝိပါကသဒ္ဒါဖြင့်ရသင့်သောသဘောတို့ကိုပြခြင်း

ဝိပါကသဒ္ဒါသည် ဝိပါကဓမ္မာ အစရှိသော အချို့သော အရာ၌ ရင့်သည်၏အဖြစ်သို့ ရောက်သော အကျိုးဖြစ်သော ဝိပါက် နာမက္ခန္ဓာကို ဟော၏။ ဝိပါကဓမ္မဓမ္မာ အစရှိသော အချို့သောအရာ၌ အကျိုးကို ဖြစ်စေခြင်း သဘောကို ဟော၏။ ဤအဝိပါက· သဘာဝတော-ဟူသော ဋီကာကျော်၌ ဝိပါကသဒ္ဒါသည် အကျိုးကို ဖြစ်စေခြင်း သဘော၌ ဖြစ်၏။ ထို့ကြောင့် အဝိပါကသဘာဝတော၊ အကျိုးကိုဖြစ်စေခြင်း သဘောမရှိသည်၏ အဖြစ်ကြောင့်-ဟု အနက်ပေးလေ။ အကျိုးသဘော မရှိသည်၏ အဖြစ်ကြောင့်-ဟု မပေးလေနှင့်။

ဝိပါက သဒ္ဒါဖြင့် ရင့်သည်၏ အဖြစ်သို့ ရောက်ကုန်သော ဝိပါက်နာမက္ခန္ဓာတို့ကို အကယ်၍ ယူအပ်ကုန်သည် ဖြစ်အံ့ ထိုဝိပါက် နာမက္ခန္ဓာတို့သည် အကြင်ကုသိုလ် အကုသိုလ်အားရှိကုန်၏။ ထိုအကျိုးဝိပါက်နာမက္ခန္ဓာရှိသော အကျိုးပေးသော ကုသိုလ် အကုသိုလ်မှ တပါး အကျိုးဝိပါက်နာမက္ခန္ဓာမရှိသောတရားသည်အဝိပါကမည်ရာ၏။ထိုသို့အကျိုးဝိပါက်မရှိသောအကျိုးမပေးသောတရားသည် အဝိပါကမည်ခဲ့ကလည်း အဘိညာဏ်ကုသိုလ်အချို့သောအကျိုးမပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ,အပရာပရိယဝေဒနီယကံ,အထက်မဂ်သုံးပါးတို့သည် ထိုက်သည်အားလျော်စွာပယ်အပ်သော ဘာဝနာယပဟာတဗ္ဗဖြစ်သော အကုသိုလ်တို့အားလည်း အကျိုး၏ဖြစ်ခြင်း အကျိုးပေးခြင်း မရှိရကား ထိုအဘိညာဏ်စသည်တို့ကို အဝိပါက အဖြစ်ဖြင့် အဝိပါက ဟူသော အမည်ဖြင့် သင်္ဂြိုဟ်ရေတွက်ခြင်းဖြစ်ခဲ့ရာသည်။ ဤသို့ရေတွက်ခြင်းဖြစ်ခဲ့ကလည်း အဝိပါက မည်သော အကျိုးသဘောမရှိသော အကျိုးမပေးသောတရားသည် အဗျာကတ မည်၏ဟူ၍ ဟောတော်မူသောကြောင့် ထိုအဘိညာဏ် ကုသိုလ်စသည်တို့၏ အဗျာကတအဖြစ်,အဗျာကတဟူသောအမည်ဖြစ်ခဲ့ရာသည်။ ထိုအဘိညာဏ်ကုသိုလ် အကျိုးမပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံစသည် ဘာဝနာယပဟာတဗ္ဗ အကုသိုလ် စသည်ကို ကုသိုလ်, အကုသိုလ်, တို့ကို အကျယ်ပြရာ ကုသလနိဒ္ဒေသ အကုသလ

နိုင်ခြေသည်၌ အကျယ်ပြတော်မူသောကြောင့် ထိုကုသိုလ် အဘိညာဏ် စသည်တို့၏ အဗျာကတ မည်သည်၏အဖြစ်ကို စင်စစ်အလိုမရှိအပ် ဝိပါကသဒ္ဒါဖြင့် အကျိုးကို ဖြစ်စေခြင်းသဘောကို ယူပါသည်ရှိသော်ကား ထိုအကျိုးကိုဖြစ်စေခြင်းသဘောမည်သည် အရိယာမဂ်ဖြင့်မပယ်မဖျက်အပ် မပြတ်သေးသော အဝိဇ္ဇာ, တဏှာ, မာန, ရှိသောပုထုဇ္ဇန်၊ သေက္ခတို့၏ သန္တာန်၌ အကျိုးကိုဖြစ်စေခြင်းငှါ အားထုတ် ကြောင့်ကြဗျာပါရနှင့် တကွဖြစ်ခြင်းသာလျှင် ဖြစ်သောကြောင့် ထိုအကျိုးကိုဖြစ်စေခြင်းငှါ အားထုတ်ခြင်းဗျာပါရ၏ ထိုကုသိုလ်အဘိညာဏ် စသည်တို့၌လည်း ရှိသည်၏ အဖြစ်ကြောင့် အကျိုးကို ဖြစ်စေခြင်းပင် မရှိသော်လည်း ထိုကုသိုလ်အဘိညာဏ်စသည်တို့ကို သဝိပါကအဖြစ်ဖြင့် သဂြိုဟ်ရေတွက်ခြင်းသည် ပြီးသည် ထင်ရှားသည်သာ ဖြစ်သောကြောင့် လိုအပ်သော တရုံတခုသော အကျိုး၏ ပျက်ခြင်းမပြည့်ပုံခြင်းသည်မဖြစ်။ထို့ကြောင့် ဝိပါက သဒ္ဒါဖြင့် ရင့်သည်၏ အဖြစ်သို့ ရောက်သော အကျိုးဝိပါက်နာမက္ခန္ဓာကို မယူဘဲ အကျိုးဝိပါက်ကို ဖြစ်စေခြင်းငှါ အားထုတ် ကြောင့်ကြခြင်းဗျာပါရကိုသာယူအပ်သည်။

အဓိပတိဖြင့်မမြောက်ပွါးရပုံကိုပြခြင်း

အဘယ်ကြောင့် ဤဝိပါက်စိတ်ကိုအဓိပတိတို့ဖြင့် မမြောက်ပွါးမရေတွက်သင့်လေသနည်းဟူမူ။ အကယ်၍ ဒါန စသော ကောင်းမှုကိုပြုလိုသော ဆန္ဒရှိသောသူသည် ကောင်းမှုကို ပြုနိုင်သည်ဖြစ်အံ့။ ငါကဲ့သို့သော ကောင်မှုပြုလိုသော ဆန္ဒရှိသောသူသည် အဘယ်ကြောင့် ဒါနစသော ကောင်းမှုကို မပြုနိုင်ဘဲ ရှိအံ့နည်း ဟုဆန္ဒာဓိပတိကို ရှေ့သွား ပုဗ္ဗင်္ဂမပဓာန အကြီးအကဲထား၍ငင်း။ အကယ်၍ ကောင်းမှု ပြုလိုသော စိတ်ရှိသောသူသည် ကောင်းမှုပြုနိုင်သည်ဖြစ်အံ့ ငါကဲ့သို့သောကောင်းမှုပြုလိုသော စိတ်ရှိသောသူသည် အဘယ်မှာကောင်းမှုကို မပြုနိုင်ဘဲရှိရအံ့နည်းဟု စိတ္တာဓိပတိကို ရှေ့သွား ပုဗ္ဗင်္ဂမပဓာန အကြီး အကဲ ပြု၍ငင်း။ အကယ်၍ ကောင်းမှုပြုနိုင်အောင် လုံ့လကြိုးကုတ် အားထုတ်ခြင်း

ရှိသောသူသည် ကောင်းမှုကို ပြုနိုင်သည်ဖြစ်အံ့ ငါကဲ့သို့သော လုံ့လကြိုးကုတ်အားထုတ်ခြင်းဝီရိယရှိသောသူသည် အဘယ်ကြောင့်ကောင်းမှုကိုမပြုနိုင်ဘဲရှိရအံ့နည်း ဟုဝီရိယာဓိပတိရှေ့သွား ပုဗ္ဗင်္ဂမပဓာနအကြီးအကဲပြု၍ဝင်း အကယ်၍ ရုံစမ်းဆင်ခြင် မြော်မြင် တတ်သော ပညာရှိသောသူသည် ကောင်းမှုကို ပြုနိုင်သည်ဖြစ်အံ့ ငါကဲ့သို့သော ပညာရှိသောသူသည် အဘယ်မှာကောင်းမှုကို မပြုနိုင်ဘဲ ရှိအံ့နည်းဟု ဝိမံသာဓိပတိကို ရှေ့သွား ပုဗ္ဗင်္ဂမပဓာန အကြီးအကဲ ထား၍ဝင်း။ ဝင်းမဟာကုသိုလ်တို့သည် ဖြစ်ကုန်သကဲ့သို့ ဤမဟာဝိပါက် စိတ်၏ ဆန္ဒာဓိပတိစသည်ကို ရှေ့သွား ပုဗ္ဗင်္ဂမပဓာန အကြီးအကဲထား၍ မဖြစ်သည်၏ အဖြစ်ကြောင့် သဟာဇာတာဓိပတိ ဖြစ်သော ဆန္ဒာဓိပတိ စသည်တို့နှင့် ယှဉ်သည်၏အစွမ်းဖြင့်မဖြစ်ရကား ဤမဟာဝိပါက်စိတ်တို့ကို အဓိပတိဘေဒအားဖြင့်လည်း မမြောက်ပွါး မရေတွက်သင့်ဟုမှတ်လေ။

မဟာကြိယာစိတ်ကိုပြခြင်း

မဟာဝိပါက်စိတ်တို့၏ အခြားမဲ့၌ ထိုမဟာဝိပါက်နှင့် ကာမာဝစရသောဘာဝအဖြစ်ဖြင့်ဝင်း, အဗျာကတအဖြစ်ဖြင့်ဝင်း, တူသောကြောင့် မဟာကြိယာစိတ်ကို ပြဆိုသည်။ ထိုမဟာကြိယာစိတ်သည် မဟာကြိယာ၏ အဖြစ်ဖြင့် သာမည တပါးတည်းသာ ဖြစ်သော်လည်း ဝေဒနာဘေဒအားဖြင့် သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်, ဟု နှစ်ပါးပြား၏။ထိုတွင်တပါးတပါးသည် ဉာဏဘေဒအားဖြင့် ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်, ဟုနှစ်ပါးစီ ပြားရကား လေးပါးဖြစ်၏။ ထိုတွင် တပါးတပါးသည်ပင် သင်္ခါရဘေဒ အားဖြင့် နှစ်ပါးစီ ပြားပြန်ရကား ရှစ်ပါးဖြစ်၏ စသည်ကို ရှေးနည်းကိုမှီး၍ဆိုလေ။

[ဤစိတ်ကို။ ပဿ,ဝိတက်,သဋ္ဌါ, စသည်တို့ဖြင့်မှတ်၍အထူးမပြုသင့်ကြောင်း။ သောမနဿ, ဥပေက္ခာ,ဉာဏ်, တို့ဖြင့် မှတ်၍ အထူးပြုမှ တပါး၏ တပါးမှ အထူးထင်ရှားသည်ဖြစ်၍ ယင်းတို့

ဖြင့်သာမှတ်၍ အထူးပြုသင့်ကြောင်းကို မဟာကုသိုလ်စိတ်ကိုပြ ရာ၌ ဆိုခဲ့ပြီးသည့်အတိုင်း မှတ်လေ။]

မဟာကြိယာ၌သောမနဿစသည်ဖြစ်ခြင်း၏အကြောင်းကိုပြခြင်း။

မဟာကြိယာ၏ သောမနဿ ဖြစ်ခြင်း၏ အကြောင်းကား။ ၁-မဂ်ဖြင့်လာသည်ဖြစ်၍ တုန်လှုပ်ခြင်းကင်းသော အားကြီးသော ဗလဝသဒ္ဓါတပါး။ ၂-မိစ္ဆာဒဿန၏ သောတာပတ္တိမဂ်ဖြင့် အကြွင်းမဲ့ ပယ်အပ်ပြီးသည်၏အဖြစ်ကြောင့်၊ ဓမ္မကို ညဏ်အမြင်၏ ပြည့်စုံခြင်း ဒဿနသမ္ပတ္တိတပါး။ ၃-ဈာန်ရှိခြင်းတပါး။ ၄-သောမနဿနှင့်ယှဉ်သော ပဋိသန္ဓေတပါး။ ၅-မနက်နဲသောသဘောတပါး။ ဤသို့ငါးပါးတည်း။

ရှင်းစိတ်၏ဥပေက္ခာသဟဂုတ်ဖြစ်ခြင်း၏ အကြောင်းကား။ ၁-ဈာန်မရှိခြင်းတပါး။ ၂-ဥပေက္ခာနှင့်ယှဉ်သော ပဋိသန္ဓေတပါး။ ၃-နက်နဲသောသဘောရှိသည်၏ အဖြစ်တပါး။ ဤသုံးပါးတည်း။

ပစ္စယသမ္ပတ္တိ, ပစ္စယအသမ္ပတ္တိ, ပဋိဂ္ဂါဟကသမ္ပတ္တိ, ပဋိဂ္ဂါဟကအသမ္ပတ္တိ, တို့သည် ယင်းတို့၏ကောင်းမှု၏ အကျိုးကိုအလိုရှိ၍ ပေးကမ်းလှူဒါန်းသော ပုထုဇ္ဇန် သေက္ခတို့အားသာ ရအပ်သည်၏ အဖြစ်ကြောင့် ကုသိုလ်စိတ်တို့၏သာ အစဉ်အတိုင်း သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်, ဖြစ်ခြင်း၏ အကြောင်းဖြစ်သည်။ ကြိယာ၏ သောမနဿသဟဂုတ်၊ ဥပေက္ခာသဟဂုတ် ဖြစ်ခြင်း၏ အကြောင်း မဖြစ်။ ဗလဝသဒ္ဓါ၏ မရှိခြင်း၊ ဒဿနသမ္ပတ္တိ၏ မရှိခြင်းသည်လည်း ပုထုဇ္ဇန်တို့အားသာ ဖြစ်သောကြောင့် ကုသိုလ်၏သာ ဥပေက္ခာသဟဂုတ် ဖြစ်ကြောင်းဖြစ်သည်။ မဟာကြိယာ၏ ဥပေက္ခာသဟဂုတ် ဖြစ်ကြောင်း မဟုတ်။ ပညာကိုဖြစ်စေတတ်သောကံ၊ ထိုကံ၏မရှိခြင်း, ပညိန္ဒြေ၏ရင့်ခြင်း, ရင်း၏နုခြင်းသည် အစဉ်အတိုင်း မဟာကြိယာစိတ်၏ ဉာဏသမ္ပယုတ်ဖြစ်ကြောင်း ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်း ဖြစ်၏။

ကိလေသာတို့မှ မဝေးမကွာခြင်း နီးခြင်းသည် အရိယာမှ တပါးသောသူအားသာ ရကောင်း ဖြစ်ကောင်း သောကြောင့် ထိုကိလေသာ

တို့မှ မဝေးကွာ ခြင်းသည် မဟာကုသိုလ်၏သာ ဉာဏဝိပ္ပယုတ် ဖြစ်ကြောင်း ဖြစ်သည်။ မဟာကြိယာ၏ ဉာဏ ဝိပ္ပယုတ် ဖြစ်ခြင်း၌ ဤအကြောင်းကိုမရ။ ရဟန္တာတို့အား အလုံးစုံသော ကိလေသာတို့ကို လေးပါးသောမဂ်တို့ဖြင့်အကြွင်းမဲ့ အကုန်အစင်ပယ်ဖျက်ပြီးဖြစ်သောကြောင့် စင်စစ် ကိလေသာမရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ကိလေသာတို့မှ ဝေးကွာခြင်း ဟူသော အကြောင်းသည် မဟာကြိယာ၏ ဉာဏသမ္ပယုတ် ဖြစ်ကြောင်းသော်ကားဖြစ်၏။ ရူပါဝစရဗြဟ္မာ့ဘုံ၌ ဖြစ်ခြင်းမဖြစ်ခြင်းသည် မကောင်းသေးသော ဒေါမနဿရှိသော သူတို့အားသာ အစဉ်အတိုင်း ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ် ဖြစ်ကြောင်းဖြစ်ရကား မဟာကုသိုလ်၏သာ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် ဖြစ်ခြင်း၏ အကြောင်း ဖြစ်သည်၊ မဟာကြိယာ၏ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်း မဖြစ်ဟုမှတ်။ အာဝါသသပ္ပါယ, ဘောဇနသပ္ပါယ, စသည်တို့၏ အစွမ်းဖြင့် ကိုယ်စိတ်တို့၏ ထိုထိုအမှု၌ ပြုလုပ်ခြင်းငှါ ခံ့သည်၏ အဖြစ်ကြောင့် ဤမဟာ ကြိယာစိတ်သည် အသင်္ခါရိက ဖြစ်၏။ အာဝါသအသပ္ပါယ စသည်တို့၏အစွမ်းဖြင့် ကိုယ်စိတ်တို့၏ အမှု၌မခံ့သည်၏ အဖြစ်ကြောင့် သသင်္ခါရိကဖြစ်၏။ ရှေးရှေးဘဝကာလ၌ရင်း, ဤပစ္စုပ္ပန်ဘဝ၌ရင်း, ဒါန စသည်၌ ပြုအပ်ပြီးသော လေ့လာခြင်းရှိသည်၏အဖြစ် လေ့လာခြင်းမရှိသည်၏ အဖြစ်သည် မကောင်းသေးသော အနုသယရှိသော သာနုသယ ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်ကုန်ရကား မဟာကုသိုလ်၏သာ အစဉ်အတိုင်း အသင်္ခါရိက သသင်္ခါရိက ဖြစ်ကြောင်းဖြစ်၏၊ မဟာကြိယာ၏ အသင်္ခါရိက သသင်္ခါရိကဖြစ်ကြောင်း မဖြစ်ဟု မဏိမဉ္ဇူ၌ဆို၏။

ကာမသောဘဏစိတ်၏သင်္ဂဟဂါထာကိုပြခြင်း

ဤမဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာ, ဟူသော ကာမာဝစရ သောဘဏစိတ်တို့သည် အသီးအသီးဝေဒနာဘေဒအားဖြင့် နှစ်ပါးစီ။ ဉာဏဘေဒ အားဖြင့် လေးပါးစီ၊ သင်္ခါရဘေဒ အားဖြင့် ရှစ်ပါးစီရှိသောကြောင့် ကုသိုလ်,ဝိပါက်,ကြိယာ, သုံးပါးလုံးကိုပေါင်း၍ရေတွက်

သော် ဝေဒနာဘေဒအားဖြင့်ခြောက်ပါး။ ဉာဏဘေဒအားဖြင့် တဆဲ့နှစ်ပါး။ သင်္ခါရဘေဒအားဖြင့် နှစ်ဆဲ့လေးပါး ရှိကုန်၏။ **။ဤကား ဦးကာ ကျော်၌ ရေတွက်သောနည်းတည်း။**

ဝေဒနာဉာဏသင်္ခါရ၊ဘေဒေနစတုဝီသတိ။ဟူသဖြင့်ပုဟ်ကျမ်း၌သာမန် ဆိုသည်ကိုထောက်၍ဝင်း။ဝေဒနာဉာဏသင်္ခါရဟူသောဒွန်သမာသ်ပုဒ်၏နောက်၌ တည်သောဘေဒေန၌ ဘေဒသဒ္ဒါကို ရှေ့ဒွန်ပုဒ်တို့နှင့်အသီးအသီးယှဉ်၍ ဝေဒနာဘေဒေနစတုဝီသတိ၊ ဉာဏဘေဒေနစတုဝီသတိ၊ သင်္ခါရဘေဒေနစတုဝီသတိ-ဟု ယောဇနာသင့်သည်ကိုထောက်၍ဝင်း, မဟာကုသိုလ်စိတ်သည် ဝေဒနာဘေဒအားဖြင့် သောမနဿသဟဂုတ် လေးခု၊ ဥပေက္ခာသဟဂုတ်လေးခုအားဖြင့်ရှစ်ပါး။ ဉာဏဘေဒအားဖြင့် လည်း ဉာဏသမ္ပယုတ် လေးခု၊ ဉာဏဝိပ္ပယုတ် လေးခုအားဖြင့် ရှစ်ပါး။ သင်္ခါရဘေဒအားဖြင့်လည်း အသင်္ခါရိကလေးခု၊သသင်္ခါရိကလေးခုအားဖြင့်ရှစ်ပါး။ ထို့အတူ မဟာဝိပါက် မဟာကြိယာတို့ကိုလည်း ရေတွက်၍ကုသိုလ်,ဝိပါက်,ကြိယာ,သုံးပါးလုံးကိုပေါင်း၍ရေတွက်သော်ဝေဒနာဘေဒအားဖြင့် သောမနဿ သဟဂုတ် တဆဲ့နှစ်ခု၊ ဥပေက္ခာသဟဂုတ် တဆဲ့နှစ်ခုအားဖြင့် နှစ်ဆဲ့လေးပါး။ ဉာဏဘေဒ အားဖြင့်လည်း ဉာဏသမ္ပယုတ်တဆဲ့နှစ်ခု၊ ဉာဏဝိပ္ပယုတ်တဆဲ့နှစ်ခုအားဖြင့် နှစ်ဆဲ့လေးပါး။ သင်္ခါရဘေဒ အားဖြင့်လည်း အသင်္ခါရိကတဆဲ့နှစ်ခု၊ သသင်္ခါရိကတဆဲ့နှစ်ခုအားဖြင့် နှစ်ဆဲ့လေးပါးရှိသည်ဟု ရေတွက်ရမည်ကဲ့သို့ရှိ၏။

ဉာဏ်သင်္ခါရတို့ပြားပုံကိုပြခြင်း

ဝေဒနာ ဉာဏသင်္ခါရ၊ ဘေဒေနစတုဝီသတိ-ဟူရာ၌၊ ဝေဒနာသည် ဣဋ္ဌာရုံကိုခံစားခြင်း ဣဋ္ဌအခြင်းအရာအားဖြင့် အာရုံ၏အရသာကို ခံစားခြင်း သောမနဿ, ဣဋ္ဌမဇ္ဈတ္တာရုံကို ခံစားခြင်း ဣဋ္ဌမဇ္ဈတ္တ အခြင်းအရာအားဖြင့် အာရုံ၏အရသာကို ခံစားခြင်း ဥပေက္ခာ၏အစွမ်းဖြင့် ပြားသောသဘောလက္ခဏာ ရှိသောကြောင့် ဝေဒနာအပြားဟု ဆိုခြင်းသည် ဆိုသင့်စွာန်စေ။ဉာဏ်သင်္ခါရမူကား ထိုဉာဏ်သင်္ခါရ၏ လက္ခဏာအားဖြင့်

တပါးတည်းသာ ဖြစ်သောကြောင့် ဤလည်းဉာဏ်, ဤလည်းဉာဏ်, ဤလည်းသညာ,ဤလည်းသညာ,ဟု ညွှန်ပြစရာဉာဏ် သညာတို့၏ အပြား မရှိရကား အသို့လျှင်ဉာဏ်အပြား သညာအပြားဟု ဆိုကောင်းအံ့နည်း။ မဆိုသင့်ရာသည်သာ မဟုတ်ပါလောဟူမူ။ ဉာဏ်၏ရှိခြင်းမရှိခြင်းသည် ပြုအပ်သော အပြားသည် ဉာဏ်အပြား, သညာ၏ ရှိခြင်း မရှိခြင်းသည် ပြုအပ်သောအပြားသည် သညာအပြားမည်ရကား ဆိုသင့်ပါ၏ဟူလေ။

ဉာဏ်၏ရှိခြင်း မရှိခြင်းသည် ပြုအပ်သော အပြားဟူသည် အဘယ်နည်းဟူမူ။ စိတ်၏ဉာဏ်နှင့် အတူတကွဖြစ်ခြင်း, အတူတကွချုပ်ခြင်း, တူသောအာရုံရှိခြင်း,တူသောမှီရာရှိခြင်းတို့၏အစွမ်းဖြင့် ယှဉ်ခြင်းမယှဉ်ခြင်းဟူသော တကွနှောခြင်း, မနှောခြင်းပင် တည်းဟူလေ။ သညာတို့၏ ရှိခြင်း, မရှိခြင်း,သည် ပြုအပ်သော အပြားဟူသည် သသင်္ခါရိကာ၌ သဟ သဒ္ဒါကို တုလျယောဂတ္ထ ယူမူ။ စိတ်၏ သညာနှင့် တကွဖြစ်ခြင်း, တကွမဖြစ်ခြင်း,ပင်တည်း။ သဟသဒ္ဒါကို ဝိဇ္ဇမာနတ္ထယူသော်ကား စိတ်၏သညာနှင့် စပ်ခြင်း,မစပ်ခြင်း,ပင်တည်းဟူလေ။ရလွယ်ပေါများသော အစာအာဟာရရှိခြင်းသည် မိစ်းရှိခြင်း, မိစ်းကောင်းခြင်း ကြောင့်ဖြစ်သည်။ရခဲရှားပါးသောအစာအာဟာရရှိခြင်းသည်မိစ်း၏မရှိခြင်း,မိစ်းခေါင်ခြင်းကြောင့် ဖြစ်သည် ဖြစ်၍ မိစ်း၏ရှိခြင်း, မရှိခြင်း,သည် ပြုအပ်သော သုဘိက္ခ,ဒုဗ္ဘိက္ခ,ကို ဗလူပစာရ အားဖြင့် မိစ်းပြုသည်ဟု ဆိုသကဲ့သို့ ဉာဏ်သညာတို့၏ ရှိခြင်း, မရှိခြင်း, သည် ပြုအပ်သော အပြားကို ဗလူပစာရအားဖြင့် ဉာဏ်အပြား သညာအပြားဟု ဆိုသည်။

ကာမာဝစရဖြင့်အထူးပြုပုံကိုပြခြင်း

သဟေတုက ကာမာဝစရကုသလဝိပါကကြိယစိတ္တာနီ-၌ ကုသလဝိပါကကြိယစိတ္တာနိမှုကိုသာ ဆိုသည်ရှိသော် ကုသိုလ်ဝိပါက် ကြိယာတို့သည် ကာမရူပ အရူပစိတ်တို့နှင့် ဆက်ဆံသည်။ ကာမရူပ အရူပဖြစ်သော ကုသိုလ် ဝိပါက် ကြိယာ တို့သည် ကုသလဝိပါက ကြိယသဒ္ဒါ၏ အနက်၏အဖြစ်ဖြင့်တူသည်၏အဖြစ်တည်းဟူသော သာမညသမ္ဗန္ဓဝဖြစ်

သည်။ ထိုသို့သမ္ဘဝ ဖြစ်ကလည်း ကုသိုလ်ဝိပါက် ကြိယာတို့၏ ကာမဝိတ်၌သာ ဧကန္တိကအားဖြင့်မဖြစ်ခြင်း။ ကုသလဝိပါက ကြိယာသဒ္ဒါ၏ ကာမကုသိုလ်ဝိပါက်ကြိယာကို ဧကန္တိကအားဖြင့် မဟောမပြနိုင်ခြင်း ဟူသော အနေကန္တိက ဗျဘိစာရ ဖြစ်သည်။ထိုသို့ဗျဘိစာရ ဖြစ်သော ကြောင့် ဤအရာ၌ရူပအရူပကုသိုလ်ဝိပါက်ကြိယာသည် ကုသိုလ်ဝိပါက် ကြိယာ မည်လေသလော။ ကုသလဝိပါက ကြိယသဒ္ဒါ၏ အနက်သည် ရူပ အရူပ ကုသိုလ်ဝိပါက် ကြိယာလေလောဟု တွေးတော ယုံမှားရန် ရှိသောကြောင့် ဤအရာ၌ ကုသလဝိပါက ကြိယသဒ္ဒါ၏ အနက်သည် ကာမာဝစရ ကုသိုလ် ဝိပါက် ကြိယာသာတည်း။ ရူပ အရူပ ကုသိုလ် ဝိပါက်ကြိယာ မဟုတ်ဟု ပြခြင်းငှါ ကာမာဝစရ ကုသလ ဝိပါက ကြိယစိတ္တာနိ-ဟု ကုသလဝိပါက ကြိယသဒ္ဒါကို ကာမာဝစရ ဟူသော ဝိသေသနဖြင့် အထူးပြု၍ ဆိုရလေသည်။

တနည်းလည်း။ ဤအရာ၌ ကုသလဝိပါကကြိယသဒ္ဒါသည် ရူပအရူပ ကုသိုလ်ဝိပါက်ကြိယာကိုမဟော ကာမာဝစရကုသိုလ်ဝိပါက် ကြိယာ ကိုသာ ဟောသည်ဟု ပြခြင်းငှါ ကာမာဝစရ ဟူသော ဝိသေသနဖြင့် ကုသလဝိပါကကြိယစိတ္တာနိ,ကို အထူးပြု၍ ဆိုရလေသည်။

သဟေတုကဖြင့်အထူးပြုပုံကိုပြခြင်း

ကာမာဝစရ ကုသိုလ်ဟူက သဟိတ်သာ အဟိတ်ဟူ၍ မရှိသော ကြောင့် ဤကာမာဝစရကုသိုလ်သည် သဟိတ်လေလော အဟိတ်လေ လောဟု တွေးတော ယုံမှားရန် မရှိရကား ကုသလသဒ္ဒါကို သဟေတု က ဟူသော ဝိသေသနဖြင့် အထူးပြုဘွယ်မရှိ။ ကာမာဝစရ ဝိပါက်ကြိ ယာတို့မူကား သဟိတ်ဝိပါက်,အဟိတ်ဝိပါက်,သဟိတ်ကြိယာ,အဟိတ် ကြိယာ,ဟု နှစ်ပါး ပြားသောကြောင့် ဤ၌ကာမာဝစရ ဝိပါက် ကြိယာ ဟူသည် သဟိတ်လေလော အဟိတ်လေလောဟု ဒွိဟပသင်္ဂဖြစ်ဘွယ် ရှိသောကြောင့် ဤ၌ အဟိတ်ဝိပါက် အဟိတ် ကြိယာကို မလို သဟိတ် ဝိပါက် သဟိတ်ကြိယာကိုသာ လိုသည်ဟု သိစေခြင်းငှါ ဝိပါကကြိယ

သဒ္ဒါကိုသာ သဟေတုက ဟူသော ဝိသေသနဖြင့် အထူးပြုသင့်ရကား သဟေတုက သဒ္ဒါကို ဝိပါက်ကြိယာဂကိုသာ ငဲ့၍ ဆိုသည်။ ကုသိုလ်ကို ငဲ့၍မဆို။

ထို့ကြောင့် ပဿေယျ သိပ္ပိကသမ္ဗုကမ္ပိ သက္ခရကထလိကမ္ပိ မစ္ဆဂုမ္ဗမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ-ဟူသော **သီလက္ခန္ဓဝဂ္ဂသာမညဖလသုတ်**။

သိပ္ပိကသမ္ဗုကမ္ပိ၊ ယောက်သွား ခရုကိုရင်း။ သက္ခရကထလိကမ္ပိ၊ ကျောက်စစ်အိုးခြမ်းကိုရင်း။မစ္ဆဂုမ္ဗမ္ပိ၊ငါးအပေါင်းကိုရင်း။စရန္တမ္ပိ၊သွားသည်ကိုရင်း။တိဋ္ဌန္တမ္ပိ၊ရပ်သည်ကိုရင်း။ပဿေယျ၊မြင်ရာ၏။

ဤ၌ ခရုယောက်သွား ငါးအပေါင်း တို့၏သာ သွားခြင်း ရပ်ခြင်း ဖြစ်သင့်သည်။ကျောက်စစ် အိုးခြမ်းတို့၏ကား ရပ်ခြင်းသာ ဖြစ်သင့်၍ သွားခြင်း မဖြစ်သင့် သောကြောင့် ယထာလာဘ နည်းအားဖြင့် တိဋ္ဌန္တမ္ပိကို သိပ္ပိကသမ္ဗုကမ္ပိ သက္ခရကထလိကမ္ပိ မစ္ဆဂုမ္ဗမ္ပိ-ဟူသောသုံးပုဒ်လုံးနှင့် စရန္တမ္ပိကိုကား သိပ္ပိကသမ္ဗုကမ္ပိ မစ္ဆဂုမ္ဗမ္ပိ-ဟူသော နှစ်ပုဒ်နှင့်သာစပ်၍ယူသင့်သကဲ့သို့ ဤ၌လည်း ယထာလာဘ နည်းအားဖြင့် ကာမာဝစရ သဒ္ဒါကို သုံးပုဒ် လုံးနှင့် သဟေတုက သဒ္ဒါကိုကား ကုသလ သဒ္ဒါနှင့် မစပ်မယှဉ်ဘဲ ဝိပါကသဒ္ဒါ ကြိယသဒ္ဒါ တို့နှင့်သာ စပ်ယှဉ်လေ။ ဤအလိုသော် ကာမာဝစရ ဟူသော ဝိသေသနသည် ထိုကုသိုလ်, ဝိပါက်, ကြိယာစိတ်,တို့၏ ရူပစိတ် အရူပစိတ်အဖြစ်ကိုနစ်စေ၍ ကာမစိတ်အဖြစ်ကို ပြသောကြောင့် ဗျဝစ္ဆေဒဝိသေသန၊ သဟေတုက ဟူသော ဝိသေသနသည်လည်း ထိုကာမဝိပါက် ကာမကြိယာတို့၏ အဟိတ်အဖြစ်ကို နစ်စေ၍ သဟိတ် အဖြစ်ကို ပြသောကြောင့် ဗျဝစ္ဆေဒ ဝိသေသနပင် ဟူလို။

ဥပမာသာဓက ဖြစ်သော ပါဠိတော်၌ ကျောက်စစ် အိုးခြမ်းတို့အား သွားခြင်း မည်သည် အလျှင်းပင် မဖြစ်ကောင်းသောကြောင့် သက္ခရက ထလိကမ္ပိကို စရန္တမ္ပိနှင့် အလျှင်းပင် မစပ်မယှဉ်သင့်။ ဤသဟေတုက ကာမာဝစရ ကုသလ ဝိပါက ကြိယစိတ္တာနိ-ဟူသော ဥပမေယျသာချ ပါဠ်၌ သော်ကား သဟေတုက ဟူသော ဝိသေသနကို သုံးပုဒ်လုံး၌ပင် စပ်သော်လည်း သဒ္ဒသာမတ္ထိယ အားဖြင့် စပ်သင့်စပ်နိုင်ရာ၏။ သဟေ

တုက ဟူသော ဝိသေသနသည် ဝိပါက ကြိယ သဒ္ဒါတို့နှင့် စပ်ခိုက် နီလော ပဋ္ဌော၊ နီလော၊ ညိုသော။ ပဋ္ဌော၊ ပုဆိုး ဟူရာ၌။ နီလော ဟူသော ဝိသေသနသည် ပုဆိုး ဒြဗ်၏ အဖြူ, အနီ, စသော အဖြစ်ကို နစ်စေ၍ ညို သောဂုဏ်ကို ပြတတ်သောကြောင့် ဗျဝစ္ဆေဒ ဝိသေသန ဖြစ်သကဲ့သို့ ဤ၌လည်း ဝိပါက် ကြိယာတို့၏ အဟိတ်အဖြစ်ကို နစ်စေ၍ သဟိတ်အ ဖြစ်ကို ပြသောကြောင့် ဗျဝစ္ဆေဒဝိသေသနသာ။ ကုသလသဒ္ဒါနှင့် စပ် ခိုက်သော်ကား ကုဋိလတုဏ္ဍိလောသူဝေါ၊ ကုဋိလတုဏ္ဍိလော၊ ကောက် သောနှုတ်သီးရှိသော။ သူဝေါ၊ ကျေးသား၊ ဟူရာ၌ ကုဋိလတုဏ္ဍိလောဟူ သော ဝိသေသနသည် ကျေးသတ္တဝါ ဟူက မကောက်သော နှုတ်သီး ရှိသော မည်သည် တရံတဆစ်မျှ မဖြစ် စဘူး သောကြောင့် နစ်စေရန် အနက် မရှိ သော်လည်း ကျေး ဟူသမျှသည် ကောက်သော နှုတ်သီးရှိ သည်ချည်း တည်းဟု ဟုတ်မှန်တိုင်းသော သဘောကို ထင်စွာ ပြတတ် သောကြောင့် ယထာဘူတကထန ဝိသေသန,တပ္ပါကဋိကရဏ ဝိသေ သန,သာဖြစ်သကဲ့သို့ ဤ၌လည်း သဟေတုကဟူသော ဝိသေသနသည် ကုသလ သဒ္ဒါနှင့် စပ်ခိုက် ကာမာဝစရ ကုသိုလ်ဟူက အဟိတ် မည် သည် တရံတဆစ်မျှ မဖြစ်ဘူးသောကြောင့် နစ်စေရန် အနက်မရှိသော် လည်း ကုသိုလ် ဟူသမျှသည် သဟိတ်ချည်းသာ တည်းဟု ကုသိုလ်၏ ဟုတ်မှန် တိုင်းသော သဘောကို ထင်စွာ ပြတတ်သောကြောင့် ယထာ ဘူတကထနဝိသေသန တပ္ပါကဋိကရဏ ဝိသေသနဟု ယူသော်လည်း သင့်ရာ၏။ သဒ္ဒသာမတ္တိယအားဖြင့် ရသင့်သောကြောင့်သာ သောတု ဇနတို့အား စိန္တာမယဉာဏ် ပွါးစိမ့်သော၄ါသာ ဆိုလိုက်သည် အဋ္ဌ ကထာဆရာ၏ အလိုသော်ကား မဟုတ်ပေ။

အဋ္ဌကထာဆရာကား။ ရှေးပြဆိုခဲ့သည့်အတိုင်း ယထာလာဘအား ဖြင့်သာ ယှဉ်စေလိုသည်။ **ဋီကာကျော်ဆရာလည်း** အဋ္ဌကထာဆရာ၏ အလိုအတိုင်းညီအောင်ပင် ပြဆိုတော်မူပေသည်။ ယထာလာဘအားဖြင့် အဋ္ဌကထာဆရာယှဉ်စေလိုကြောင်းကိုအဘယ်ကြောင့်သိသနည်းဟူမူ။ မဟာကုသိုလ်စိတ်၏နိဂုမ်း၌။ ဣမာနိအဋ္ဌပိကာမာဝစရကုသလစိတ္တာနိ ဟူ၍သာ သဟေတုကဟူသောဝိသေသနဖြင့်အထူးမပြုဘဲဆို၍ဝိပါက်

စိတ်ကြိယာစိတ်တို့၏ နိဂုမ်း၌ သဟေတုကကာမာဝစရဝိပါကစိတ္တာနိ သဟေတုက ကာမာဝစရကြိယစိတ္တာနိ ဟူ၍ သဟေတုက ဟူသော ဝိသေသနနှင့်တကွ ဆိုသည်ကိုထောက်၍ သိပါသည်ဟူလေ။

ယခုဝေဘန် ပြဆိုခဲ့သော စိတ်တို့ကား ကာမာဝစရ စိတ်တို့ချည်းတည်း။ ထိုစိတ် တို့သည် ပုဂ္ဂိုလ်, ဘုံ, အာရုံ, ကာလ, ဒေသ, စသော အပြား အားဖြင့် ရေတွက်ခြင်းငှါ မစွမ်းနိုင်အောင် အလွန် များသော အပြား ရှိကုန်သော်လည်း အကျိုးဖြစ်သော စိတ်ကိုအကျိုးစိတ်ချင်း, အကြောင်းဖြစ်သောစိတ်ကို အကြောင်းစိတ်ချင်း,အကြောင်းလည်းမဟုတ် အကျိုးလည်း မဟုတ်သောစိတ်ကို အကျိုးအကြောင်းမဟုတ်သောစိတ်ချင်း, တရစီထား၍ ပေါင်းရရေတွက်သော်။

၁။ ဝိပါက်စိတ်နှစ်ဆဲ့သုံးခု။
၂။ ကုသိုလ်အကုသိုလ်စိတ်နှစ်ဆယ်။
၃။ ကြိယာစိတ်တဆဲ့တခု အားဖြင့် ကာမာဝစရစိတ်ပေါင်း ငါးဆဲ့လေးပါးသာရှိသည်ဟူလေ။

အကုသိုလ်တို့သည် သာဝဇ္ဇပဟာတဗ္ဗတရား၊ကုသိုလ်တို့ကား အနဝဇ္ဇပဟာယကတရားဖြစ်၍ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်သော ဇာတ်မတူသော တရားဖြစ်ပါလျက် ထိုကုသိုလ်စိတ် အကုသိုလ်စိတ်တို့ကို ပုညာပုညာနိဝိသတိ ဟူ၍ အဘယ်ကြောင့် တရတည်းပေါင်း၍ ရေတွက်လေသနည်းဟူမူ။ ထိုကုသိုလ်အကုသိုလ်တို့၏ အကျိုးဝိပါက်စိတ်တို့ကို တေဝီသပါကာနိ ဟုတရတည်းပေါင်း၍ ရေတွက်သည် အားလျော်စွာ ထိုဝိပါက်တို့၏ အကြောင်းဖြစ်၍ တပေါင်း တရတည်း ရေတွက်ပါသည်ဟူလေ။

ရူပါဝစရကုသိုလ်စိတ်ကိုပြခြင်း၊

ဟိနု, ဥက္ကဋ္ဌ, ဥက္ကဋ္ဌတရ, ဥက္ကဋ္ဌတမ, ဟူသော အယုတ်, အမြတ်, အထူးသဖြင့်အမြတ်, အလွန်အထူးသဖြင့်အမြတ်, ဖြစ်သော အစဉ်အားဖြင့် ကာမာဝစရံ, ရူပါဝစရံ, အရူပါဝစရံ, လောကုတ္တရဉ္စေတိ၊ ဟူ၍

အကျဉ်း ဥဒ္ဒေသ မာတိကာ အစဉ် ပြထားသည်အား လျော်စွာ ဟီန ဖြစ်သော ကာမာဝစရ စိတ်တို့ကို ဝေဘန်ပြဆိုပြီး ဖြစ်၍ ဥက္ကဋ္ဌဖြစ်သော ရူပါဝစရ စိတ်ကို ဝေဘန် ပြဆိုသည်။ ထိုရူပါဝစရ စိတ်သည် ရူပတုံ၌ များသော အားဖြင့် ကျင်လည်တတ် ဖြစ်တတ် သည်၏ အဖြစ် စသော သာမညအားဖြင့် တပါးတည်းသာဖြစ်သော်လည်း ဇာတိဘေဒ အားဖြင့် ကုသိုလ်, အဗျာကတ, ဟု နှစ်ပါး အပြားရှိသည်။ တနည်း·ကု သိုလ်, ဝိပါက်, ကြိယာ, ဟူ၍ သုံးပါးအပြားရှိသည်။ ထိုတွင် ဝိပါက်ကြိ ယာအဗျာကတတို့၏ ကုသိုလ်လျှင် ရှေ့သွား ပုဗ္ဗင်္ဂမပဓာန အကြောင်း ရင်း ဖြစ်ရကား အဗျာကတ ဖြစ်သော ဝိပါက်ကြိယာတို့၏ ရှေးဦးစွာ ကုသိုလ်စိတ်ကိုပြဆိုသည်။

ထိုကုသိုလ် စိတ်သည်လည်း ရူပါဝစရ ကုသိုလ်စိတ်၏ အဖြစ် ဟူ သော သာမညအားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း ဈာန်အင်္ဂါ တို့နှင့်ယှဉ်သော အထူးအားဖြင့်။

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ ငါးပါးနှင့်ယှဉ်သော ပဌမဈာန်ကုသိုလ်စိတ်။

၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါလေးပါးနှင့် ယှဉ်သော ဒုတိယဈာန်ကုသိုလ်စိတ်။

၃။ ပီတိ, သုခ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ သုံးပါးနှင့် ယှဉ် သော တတိယဈာန်ကုသိုလ်စိတ်။

၄။ သုခ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် ယှဉ်သော စတုတ္ထဈာန်ကုသိုလ်စိတ်။

၅။ ဥပေက္ခာ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်သော ပဉ္စမဈာန်ကုသိုလ်စိတ်။

ဟူ၍ ငါးပါးရှိသည်။ ထိုတွင် ပဌမ, ဒုတိယ, စသည်ဖြင့် ရှေ့ နောက် ထား၍ အစဉ်အားဖြင့် ဆိုရသောနည်းသည်။

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနံ။ ။

စသည်၌ကဲ့သို့ ရှေ့နောက်ဖြစ်စဉ် ဟူသော ပဝတ္တိက္ကမ အားဖြင့်ရှေ့နောက် အစဉ်ထား၍ ဆိုသောအရာလည်း ရှိသည်။ ပဌမံမဟာကုသလ စိတ္တံဥပ္ပဇ္ဇတိ။ ဒုတိယံမဟာကုသလစိတ္တံဥပ္ပဇ္ဇတိ။ စသည်၌ကဲ့သို့ မြတ်စွာဘုရားသည်ဝင်း, အဋ္ဌကထာဆရာ စသော ရှေးပညာရှိတို့သည်ဝင်း, ရှေ့ နောက် ဟောဆိုသော အစဉ်ဟူသော ဒေသနာက္ကမ အားဖြင့် ရှေ့နောက် အစဉ်ထား၍ ဆိုသော အရာလည်း ရှိသည်။ အာသဝေါတရား လေးပါး တို့တွင် ဒိဋ္ဌာသဝကို သောတာပတ္တိမဂ်သည် အကြွင်းမဲ့ ပယ်အပ်သောကြောင့် ကြွင်းအာသဝ သုံးပါးတို့၏ ရှေးဦးစွာပယ်သည်။ကာမာသဝကို အနာဂါမိမဂ် အကြွင်းမဲ့ ပယ်သောကြောင့် နှစ်ကြိမ်မြောက်၌ပယ်သည်။ ဘဝါသဝ, အဝိဇ္ဇာသဝ, ကို အရဟတ္တမဂ် အကြွင်းမဲ့ပယ်သောကြောင့် သုံးကြိမ်မြောက်၌ ပယ်သည် စသည် ဟူရာ၌ကဲ့သို့ ရှေ့နောက် ပယ်စဉ် ဟူသော ပဟာနက္ကမ အားဖြင့်ထား၍ ဆိုသော အရာလည်း ရှိသည်ဖြစ်၍။ ဤအရာ၌လည်း ဈာန်ကို ဖြစ်စေခြင်း၌ အားထုတ်စီးဖြန်းသော ယောဂါဝစရ ပုဂ္ဂိုလ်တို့ ဈာန်ကိုရသော အစဉ်ဟူသော ပဝတ္တိက္ကမ အားဖြင့်ဝင်း။ မြတ်စွာ ဘုရားသည် အစဉ် အတိုင်း ဟောကြားတော် မူအပ်သော အစဉ်ဖြစ်သော ဒေသနာက္ကမ အားဖြင့်ဝင်း ပြခြင်း၌ ပဌမဈာန် ကုသိုလ်စိတ်ကစ၍ အစဉ်အတိုင်းပြဆိုသည်။

ဈာန်ဟူ၍ခေါ်ဆိုရပုံစသည်ကိုပြခြင်း.

ဤပဌမဈာနကုသလစိတ္တံ-စသည်ဟူရာ၌ အဘယ်သည်ဈာန်မည်သနည်း။ ဈာန ဟူသည် အဘယ်နည်း ဟူမူ။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ,ဟူသော စေတသိက် ငါးပါးတို့၏ အပေါင်း၊ ဝိစာရစသော စေတသိက် လေးပါးတို့၏ အပေါင်း၊ ပီတိစသော သုံးပါးတို့၏အပေါင်း။ သုခဧကဂ္ဂတာ နှစ်ပါး အပေါင်း၊ ဥပေက္ခာ,ဧကဂ္ဂတာ, နှစ်ပါး အပေါင်းသည် ဈာန်မည်၏။ ဈာနဟူသည် ဝင်းအပေါင်းပင် ဟူလေ။ ဝိတက်ဝိစာရ စသော ငါးပါးအပေါင်း စသည်သည် ဈာန်မည်သောဟူ၏။ ပရမတ္ထ အားဖြင့် အပေါင်းမည်သည် ထင်ရှား မရှိပါသည်သာ မဟုတ်လော။ ထို

သို့မရှိကလည်း ပရမတ္ထ ဖြစ်သော အစိတ်အစိတ်သော ဝိတက် စသော စေတသိက်တို့သာ ဈာန်မည်ရာသည်၊ ထိုဝိတက်စသည်တို့၏ အပေါင်းသည် ဈာနမမည်ရာ၊ ထိုသို့လျက် အဘယ်ကြောင့် ဝိတက် စသော စေတသိက်တို့ကို ဈာနဟုမဆိုဘဲ။ ထိုဝိတက်စသည်တို့၏အပေါင်းကို ဈာနဟူ၍ ဆိုအပ်လေသနည်း ဟူမူ။ ဘိန်း, ဝင်ရိုး, လှည်းသန်, စသည် တို့၏ အပေါင်းသာ ရထားမည်သည်။ ထိုရထား၏အစိတ်ဖြစ်သော ဘိန်း, ဝင်ရိုး, စသော တခုတခုသည် ရထားမမည်၊ ရထား၏အစိတ် ရထား၏ အင်္ဂါသာ မည်သည်၊ ထိုဘိန်း, ဝင်ရိုး, စသော အစိတ်မှ လွတ်သော ရထား မည်သည်လည်း မရှိသကဲ့သို့ ဝိတက် စသော အစိတ်မှ လွတ်သော အပေါင်း ဈာန်မည်သည် မရှိသော်လည်း ထိုဝိတက် စသည်တို့၏ အပေါင်းသာဈာန်မည်သည်။ထိုအပေါင်း၌သာ ဈာနဟူသော ခေါ်ဝေါ်ခြင်းဖြစ်သည်၊ ဈာန်၏ အစိတ်ဖြစ်သော ဝိတက် စသည်တို့သည် ဈာနမမည်၊ ဝိတက် စသော အစိတ်အစိတ်သောတရား၌ ဈာနဟူသော ခေါ်ဝေါ်ခြင်းမဖြစ်၊ ထိုဝိတက် စသည်တို့သည် ဈာန်အစိတ် ဈာန်အင်္ဂါသာ မည်သည်၊ ထို့ကြောင့် ဝိတက်စသော တပါးတပါးသော အစိတ်ဈာန်အင်္ဂါကို ဈာနဟုမဆိုဘဲ ဝိတက်စသော ဈာန်အင်္ဂါတို့၏ အပေါင်းကိုသာ ဈာနဟု ခေါ်ဆိုအပ်သည် ဟူလေ။

အဘယ်ကြောင့်ကား။ ထိုဝိတက်စသော ဈာန်အင်္ဂါငါးပါးအပေါင်းသည် ဈာနမည်သနည်းဟူမူ။ကသိုဏ်းစသော အာရုံကိုကပ်၍ ရှုကြည့်တတ်သောကြောင့် ဈာနမည်သည်၊ ထို့ကြောင့်သာ မဟုတ်သေး ဆန့်ကျင်ဘက် ဖြစ်သော နီဝရဏ တရားတို့ကို ဖုတ်မြိုက် လောင်ကျွမ်းစေတတ်သောကြောင့်လည်း ဈာနမည်သည်ဟူလေ။

ဤရူပါဝစရ ကုသိုလ်စိတ်ကို အဘယ်ကြောင့် ပဌမဈာန် ကုသိုလ်စိတ်, ဒုတိယဈာန် ကုသိုလ်စိတ်, စသည်ဖြင့် ခေါ်ဆိုအပ်လေ သနည်း။ ပဌမဈာန်စသည်တို့ပင်ကုသိုလ်စိတ်ဖြစ်၍ပဌမဈာန်ကုသိုလ်စိတ်စသည်ဖြင့်ခေါ်ဆိုအပ်လေသလော ဟူမူ။ မြင်းကသောရထားကို မြင်းရထား, ဆိတ်ကသောရထားကို ဆိတ်ရထား, စသည်ဖြင့် ခေါ်ဆိုသကဲ့သို့ ပဌမ

ဈာန် စသည်နှင့် ယှဉ်သော ကုသိုလ်စိတ် ဖြစ်သောကြောင့် ပဌမဈာန် ကုသိုလ်စိတ် စသည်ဖြင့် ခေါ်ဆိုအပ်သည်ဟူလော။

ဖဿစသည်တို့ဖြင့်မမှတ်ပုံကိုပြခြင်း.

ဤရူပါဝစရ စိတ်တို့နှင့် ထိုက်သည့်အားလျော်စွာ ယှဉ်သော စေတသိက်တို့သည် အညသမာန်း တဆဲ့သုံးခု။ ဝိရတိမှတပါး သောဘဏ စေတသိက် နှစ်ဆဲ့နှစ်ခု အားဖြင့် သုံးဆဲ့ငါးခု ရှိပါလျက် ဖဿ စသော စေတသိက် တို့ဖြင့် မမှတ်မူ၍ အဘယ်ကြောင့် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, တို့ဖြင့်မှတ်၍ ဝိတက္ကဝိစာရ ပီတိသုခေကဂ္ဂတာသဟိတံ, စသည်ဖြင့် ဆိုအပ်လေသနည်း ဟူမူ။ ဤစိတ်၌ ဖဿ စသည်တို့ ရှိကုန်သော်လည်း ထိုဖဿ စသည်တို့အား ကသိုဏ်း စသော အာရုံကို ကပ်၍ရှုခြင်း ဟူသော ဥပနိဇ္ဈာန ကိစ္စမရှိ။ နီဝရဏတို့၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏ အဖြစ်လည်းမရှိကုန်။ ဝိတက်စသော စေတသိက်ငါး ခုတို့၏သာလျှင် ဥပနိဇ္ဈာန ကိစ္စရှိသည်၏ အဖြစ်, နီဝရဏ တရားတို့၏ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်သည်၏ အဖြစ်ကြောင့်, ယင်းငါး ပါးတို့ဖြင့်သာ မှတ်၍ဆိုရလေသည်ဟူလော။

ဥပနိဇ္ဈာနသဘောကိုပြခြင်း။

ဤ၌ ဥပနိဇ္ဈာနကိစ္စသည် အဘယ်နည်း ဟူမူ။ ဝိတက်၏ ကသိုဏ်း စသော အာရုံ၌ စိတ်ကို ရှေးရှုတင်ခြင်း, ဝိစာရ၏ အာရုံ၌စိတ်ကို အစဉ် မပြတ် စပ်ဘွဲ့သော အားဖြင့် ဖြစ်စေခြင်း, ပီတိ၏ စိတ်ကို အာရုံဖြင့် နှစ် သက် ရောင့်ရဲစေခြင်း, သုခ၏ စိတ်ကို အာရုံ၌ ဘာဝနာ၏ အစွမ်းဖြင့် ပွါးစေခြင်း,ထိုဝိတက်,ဝိစာရ,ပီတိ,သုခ,တို့သည်အာရုံ၌ ရှေးရှုတင်ခြင်း, အာရုံ၌ အစဉ်မပြတ် ဘွဲ့စပ်၍ ဖြစ်စေခြင်း, အာရုံဖြင့် နှစ်သက် ရောင့်ရဲ စေခြင်း,အာရုံ၌ဘာဝနာ၏အစွမ်းဖြင့် ပွါးစေခြင်း,တို့ဖြင့် ချီးမြှင့်ထောက် ပင့်အပ်သော သမာဓိ၏ သမ္ပယုတ် စေတသိက်နှင့် တကွသော စိတ်ကို အာရုံ၌ အညီအညွတ် ကောင်းစွာ ထားခြင်း, သမာဓာန ကိစ္စဖြင့် မိမိသို့

အစဉ်လိုက်စေ၍ တခုတည်းသော သဘောရှိသောအာရုံ၌ သဋ္ဌါစသော ဈာန်ဂြွတို့၏ တပါးကိုတပါးမလွန်စေ အညီအမျှဖြစ်စေသည်၏အစွမ်းဖြင့် အညီ အညွတ် ထားခြင်း, ဆန့်ကျင်ဘက် ဖြစ်သော နီဝရဏ တို့၏ ဝေးသည်၏ အဖြစ်ကြောင့် တွန့်တိုခြင်း, ပျံ့လွင့်ခြင်း, မရှိသဖြင့် ကောင်းစွာ ထားခြင်းသည် ဥပနိဇ္ဈာနကိစ္စပင် ဖြစ်သည် ဟူလေ။

ဤဥပနိဇ္ဈာနကိစ္စသည် ဝိတက်စသည်တို့၏သာ ကိစ္စမဟုတ်ဘဲ ဖဿစသည်တို့၏လည်း ကိစ္စဖြစ်ခဲ့သော် ဝိတက်စသည်တို့၏သာ ဥပနိဇ္ဈာန ကိစ္စ ရှိသည်၏ အဖြစ်ကို ဆိုခြင်းသည် မသင့်ရာ တကားဟူမူ။ ဤဥပနိဇ္ဈာန ကိစ္စသည် ဖဿစသော တပါးသော တရားတို့နှင့် မဆက်ဆံသော ဝိတက် စသည် တို့၏သာ အသီးသော ဥစ္စာ ဖြစ်သောကြောင့် ဝိတက် စသည်တို့၏ ဥပနိဇ္ဈာန ကိစ္စရှိသည်၏ အဖြစ်ကို ဆိုခြင်းသည် သင့်ပါ၏ ဟူလေ။

နီဝရဏတို့နှင့်ဆန့်ကျင်ပုံကိုပြခြင်း

ဝိတက်စသော ငါးပါးသော တရားတို့သည် နီဝရဏတို့၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သည်ဟု ဆို၏၊ ထိုငါးပါးတွင် အဘယ်တရားသည် အဘယ် နီဝရဏ၏ ဆန့်ကျင်ဘက် ဖြစ်လေသနည်း ဟူမူ။ ကာမစ္ဆန္ဒ နီဝရဏ၏ အစွမ်းဖြင့် အထူးထူးသော အာရုံတို့သည် ဖွဲ့ပတ်ဖြားယောင်း အပ်သော အထူးထူးသော အာရုံ၌သာ ရစ်သီ ရစ်သီ တဝဲလည်လည် ဖွဲ့လည်သော စိတ်ကို တခုတည်းသော အာရုံ၌ အညီအညွတ် ကောင်းစွာ ထားခြင်း,စိတ်၏ အညီအညွတ် ကောင်းစွာတည်ခြင်းသည် ဧကဂ္ဂတာဖြင့်သာဖြစ်ရကား သမာဓိသည် ရာဂဟူသော တောင့်တခြင်း,ရာဂပဏိဓိ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်-

၁။ သမာဓိသည် ကာမစ္ဆန္ဒ နီဝရဏ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၏။

၂။ ပီတိသည် နှစ်သက်ခြင်း သဘောရှိသောကြောင့် ဗျာပါဒ နီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏။

၃။ ဝိတက်သည် အသင့်အားဖြင့် ကောင်းစွာကြံသည်၏ အစွမ်းဖြင့် ပျံ့လွင့်ခြင်းနှင့် တကွဖြစ်သောကြောင့် ထိနမိဒ္ဓနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏။

၄။ သုခသည် ငြိမ်သက်ခြင်း, ချမ်းသာခြင်း, သဘော ရှိသည်၏ အဖြစ်ကြောင့် မငြိမ်သက်ခြင်း, အဖန်ဖန်ပိုးရိမ်ပူပန်ခြင်း, သဘောရှိသော ဥဒ္ဓစ္စ,ကုက္ကုစ္စနီဝရဏ,၏ ဆန့်ကျင်ဘက်ဖြစ်၏။

၅။ ဝိစာရသည်အာရုံ၌ အဖန်တလဲလဲသုံးသပ်တတ်သည်၏ အစွမ်းဖြင့် ပညာနှင့်အလားတူသော သဘောရှိရကား ဝိစိကိစ္ဆာနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏ ဟူလေ။

[ဥပေက္ခာသည် ငြိမ်သက်သော ဖြစ်ခြင်းရှိသောကြောင့် သုခ၌ ဝင်ရကား သုခ ကဲ့သို့ပင် ဥဒ္ဓစ္စ, ကုက္ကုစ္စ, နီဝရဏ,၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဝိတက်, ဝိစာရ, စသည်တို့၏လက္ခဏာ, ရသ, စသည်ကို စေတသိကကဏ္ဍဝယ် အညသမာန်း စေတသိက်တို့၏ လက္ခဏာ,စသည်ကို ပြဆိုသောအရာသို့ ရောက်မှပြဆိုအံ့။]

ပဟာနင်္ဂအားဖြင့်ငါးပါးပြားပုံကိုပြခြင်း

ဤရူပါဝစရ ကုသိုလ်စိတ်သည် ဝိတက်,ဝိစာရ, စသော ဈာန်အင်္ဂါ ငါးပါးနှင့်ယှဉ်သော ပဌမဈာန်,ဝိစာရစသော ဈာန်အင်္ဂါလေးပါးနှင့်ယှဉ်သော စတုရင်္ဂိကဈာန်,ပီတိစသော ဈာန်အင်္ဂါသုံးပါးနှင့်ယှဉ်သော တိဝင်္ဂိကဈာန်, သုခဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်သော ဒုဝင်္ဂိကဈာန်, ဥပေက္ခာ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် ယှဉ်သော ဒုဝင်္ဂိကဈာန်,ဟူသော သမ္ပယုတ်ဈာန်အင်္ဂါ အထူးအားဖြင့်လည်း ငါးပါးအပြားရှိသည်။ နီဝရဏကိုပယ်သော ပဌမဈာန်, ဝိတက်ကို ပယ်သော ဒုတိယဈာန်,ဝိစာရကိုပယ်သော တတိယဈာန်, ပီတိကိုပယ်သော စတုတ္ထဈာန်,သုခကိုပယ်သော ပဉ္စမဈာန်,ဟူ၍ ပယ်အပ်သော အင်္ဂါဟူသော ပဟာနင်္ဂ အထူးအားဖြင့်လည်း ငါးပါးပင် အပြားရှိ၏။

နီဝရဏ,ဝိတက်စသည်တို့၏ ပဟာနင်္ဂဖြစ်ကြောင်း၊ယင်းတို့ကိုပယ်ကြောင်းကို ပြဦးအံ့။ အရိက်ရှိသော် ဆီမီးရောင် မဖြစ်သကဲ့သို့ ထိုနီဝရဏတို့ ရှိသော် ဈာန် မဖြစ်နိုင်၊ မြစ်၏ ဤမှာ ဘက်ကမ်းကို စွန့်ခွါသောကြောင့်သာ ထိုမှာဘက်ကမ်းသို့ ရောက်သကဲ့သို့ နီဝရဏတို့ကို စွန့်ခွါသောကြောင့်သာ ပဋိဂိကပဌမဈာန်ကိုရသည်။ ထို့ကြောင့် နီဝရဏတို့သည် ပဌမဈာန်၏ ပဟာနင်္ဂဖြစ်၏။ရူပါဝစရပဌမဈာန်၌ များစွာသော အကျိုး အာနိသင်ကိုမြင်၍ ထိုဈာန်ကို ရခြင်းငှါ အားထုတ်သဖြင့် ရအပ်ပြီးသော ပဌမဈာန်ရှိသော ယောဂီပုဂ္ဂိုလ်သည် ရူပါဝစရ ဒုတိယဈာန်ကို အလိုရှိပြန် လတ်သော် ငါရပြီးသော ဈာန်သည် နီဝရဏ တည်းဟူသော နီးစွာသော ရန်သူရှိ၏ ဝိတက်တည်းဟူသော ကြမ်းတန်းရုန့်ရင်းသော အင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏ အားသည် နည်း၏ဟု မိမိရပြီးသော ရူပါဝစရ ပဌမဈာန်၌ များစွာအပြစ်ရှု၍ ဒုတိယဈာန်ကိုကား ငြိမ်သက်သော အားဖြင့်ရှု၍ ပထဝီပထဝီ စသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းလတ်သော် ဝိတက်ကို စွန့်ပစ်ပယ်လွှန်ခြင်းကြောင့် ဝိစာရစသော ဈာန်အင်္ဂါလေးပါးနှင့်ယှဉ်သော ဒုတိယဈာန်ကိုရသည်။ထို့ကြောင့် ဝိတက်သည် စတုရင်္ဂိက ဒုတိယဈာန်၏ ပဟာနင်္ဂဖြစ်၏။

ဤအရာ၌ လောကူပမာ အဘယ်ကဲ့သို့နည်းဟူမူ။ တယောက်သော မိန်းမ၌ များစွာသော ဂုဏ်ကျေးဇူး အကျိုးအာနိသင်ကို ရှုမြင်၍ အိမ်ထောင်ဘက်စပ် မယားပြုလုပ်ခြင်းငှါ အားထုတ်ကြောင်းလမ်း တောင်းရမ်း၍ အိမ်ထောင်ဘက် မယားဖြစ်ပြီးမှ တဖန် မယားသစ် တယောက်ယူပြန်လိုသော ယောကျ်ားသည် မိမိရပြီးသော မယားဟောင်း မိန်းမ၌ ဤသို့ ဤသို့ အပြစ်ရှိသည်ဟု အပြစ်ကိုရှုမြင်၍ ယူလတ္တံ့သော မိန်းမကိုကား တင့်တယ် လျောက်ပတ် ကောင်းမြတ်သော အားဖြင့် ရှုမြင်၍ ထိုမိန်းမကို ရခြင်းငှါ အားထုတ်ပြန်သဖြင့် မယားဟောင်း၌ရှိသော အပြစ်မျိုးမှကင်းလွတ်သော မယားတယောက်ကိုလည်း ရပြန်သကဲ့သို့တည်းဟူလေ။တတိယစတုတ္ထပဥ္စမဈာန်တို့ကိုရရာ၌လည်း မယားနှစ်ယောက်ကကို တိုးတက်၍ သုံးယောက် လေးယောက် ငါးယောက်တိုင်အောင် ယူသော ယောကျ်ား၏ ဥပမာဖြင့် သိလေ။

ဒုတိယဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် တတိယဈာန်ကို အလိုရှိပြန် သတ်သော် ငါရပြီးသော ဒုတိယဈာန်သည် ဝိတက် ဟူသော နီးသော ရန်သူရှိ၏။ဝိစာရဟူသော ကြမ်းကြုတ်သော ဈာန်အင်္ဂါရှိ ခြင်းကြောင့် အားနည်း၏ဟု ရပြီးသော ဒုတိယဈာန်၌ အပြစ်ကိုရှု၍ တတိယ ဈာန်ကို ကား ငြိမ်သက် ကောင်းမြတ်သော အားဖြင့်ရှု၍ တတိယဈာန်ကို ရစိမ့်သောငှါ ပထဝီ,ပထဝီ,စသည်ဖြင့် အားထုတ် စီးဖြန်းလတ်သော် ဝိစာရကို စွန့်ပစ်ပယ်လွှန်ခြင်းကြောင့် ဝိစာရမှကင်းသော ပီတိသုခဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ သုံးပါးရှိသော တတိယဈာန်ကိုရသည်။ထို့ကြောင့် ဝိစာရသည် တိဝဂ်ဂိက တတိယဈာန်၏ ပဟာနင်ဖြစ်၏။

တတိယဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် စတုတ္ထဈာန်ကို အလိုရှိပြန် လတ်သော် ငါရပြီးသော တတိယဈာန်သည် ဝိစာရ ဟူသော နီးသော ရန်သူရှိ၏။ ပီတိ တည်းဟူသော ရုန့်ရင်းသောအင်္ဂါရှိခြင်းကြောင့် အားနည်း၏ဟု တတိယဈာန်၌ အပြစ်ကိုရှု၍ စတုတ္ထဈာန် ကိုကား ငြိမ်သက်သောအားဖြင့်ရှု၍ စတုတ္ထဈာန်ကို ရစိမ့်သောငှါ ပထဝီ, ပထဝီ, စသည်ဖြင့် အားထုတ် စီးဖြန်းလတ်သော် ပီတိကို စွန့်ပစ်ပယ်လွှန် ခြင်းကြောင့် ပီတိမှကင်းသော သုခ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် ယှဉ်သော ဒုဝဂ်ဂိက စတုတ္ထဈာန်ကို ရ၏။ ထို့ကြောင့် ပီတိသည် ဒုဝဂ်ဂိက စတုတ္ထဈာန်၏ ပဟာနင်ဖြစ်၏။

စတုတ္ထဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် ပဉ္စမဈာန်ကို အလိုရှိပြန် လတ်သော် ငါရပြီးသော စတုတ္ထဈာန်သည် ပီတိတည်းဟူသော နီးသော ရန်သူ ရှိ၏။ သုခ တည်း ဟူသော ကြမ်းတန်းသော ဈာန်အင်္ဂါ ရှိခြင်းကြောင့် အားနည်း၏ဟု စတုတ္ထဈာန်၌ အပြစ်ကိုရှု၍ ပဉ္စမဈာန် ကိုကား ငြိမ်သက် ကောင်းမြတ်သော အားဖြင့် နှလုံးသွင်း၍ ပဉ္စမဈာန်ကို ရစိမ့်သောငှါ အဖန်တလဲလဲ စီးဖြန်းအားထုတ်ဖန် များလတ်သော် သုခကိုစွန့်ပစ်ပယ်လွှန်ခြင်းကြောင့် ဥပေက္ခာ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါနှစ်ပါးရှိသော ဒုဝဂ်ဂိက ပဉ္စမဈာန်ကိုရ၏။ ထို့ကြောင့် သုခသည် ရူပါဝစရ ပဉ္စမဈာန်၏ ပဟာနင်ဖြစ်၏။

[ဤသို့နီဝရဏ, ဝိတက်, ဝိစာရ, ပီတိ, သုခ, တို့၏ အစဉ်အတိုင်း ရူပါဝစရပဥ္စမဈာန်စသော ငါးပါးတို့၏ ပဟာနင်္ဂဖြစ်သည်ကိုရင်း။ ပဟာနင် ငါးပါး ပြားသောကြောင့် ထိုပဟာနင် တို့၏ အစွမ်းဖြင့် ရူပါဝစရ ကုသိုလ်၏ တပါးနှင့်တပါး မတူ ထူးခြားရကား ငါးပါး ပြားသည်ကိုရင်း သိလေ။]

ဈာန်ရကြောင်း၏အာရုံကိုပြခြင်း.

ရူပါဝစရဈာန်ကို ရခြင်း၏ အကြောင်း အာရုံကား ကသိုဏ်း ဆယ်ပါး,အသုဘဆယ်ပါး,ကာယဂတာသတိ၏အာရုံဖြစ်သော ၃၂ ကောဋ္ဌာသဟူသော ကာယဂတာသတိပညတ်တပါး, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ် တပါး, မေတ္တာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တပညတ်တပါး, ကရုဏာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော ဒုက္ခိတသတ္တပညတ်တပါး,မုဒိတာဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော သုခိတ သတ္တပညတ် တပါး, ဥပေက္ခာ ဗြဟ္မဝိဟာရ၏ အာရုံ ဖြစ်သော သတ္တပညတ်တပါး, ဤသို့နှစ်ဆဲ့ခြောက်ပါးရှိ၏။ ထိုတွင်ဥပေက္ခာ ဗြဟ္မဝိဟာရ၏အာရုံဖြစ်သော သတ္တပညတ်မှတပါးနှစ်ဆဲ့ငါးပါးသောပညတ်တို့သည် ရူပ ပဌမဈာန်၏ ရကြောင်း အာရုံဖြစ်၏။ ထိုနှစ်ဆဲ့ ငါးပါးတွင် အသုဘ ဆယ်ပါးနှင့် ကာယကောဋ္ဌာသ ပညတ်မှတပါး တဆဲ့လေးပါးသော ပညတ်တို့သည် ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, တို့၏လည်း ရကြောင်းအာရုံ ဖြစ်၏။ ကသိုဏ်းဆယ်ပါး, အာနာပါန ပညတ်တပါး,ဤတဆဲ့တပါးသော ပညတ်တို့သည် ဈာန်ငါးပါးလုံးပင် ရခြင်း၏ အကြောင်းဖြစ်၏။ဥပေက္ခာဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တပညတ်သည် ပဥ္စမဈာန်၏သာ အကြောင်း အာရုံဖြစ်၏။ ထိုနှစ်ဆဲ့ ခြောက်ပါးသောပညတ်တို့တွင် အသုဘပညတ်ဆယ်ပါး,ကာယကောဋ္ဌာသပညတ်တပါး,ဤပညတ်တဆဲ့တပါးသည် ပဌမဈာန်၏သာအာရုံဖြစ်၏၊ဥပေက္ခာဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တပညတ်သည် ပဥ္စမဈာန်၏သာ အာရုံဖြစ်၏။မေတ္တာ,ကရုဏာ,မုဒိတာ,ဗြဟ္မဝိဟာရသုံးပါး၏အာရုံဖြစ်သော

သတ္တပညာတ် သုံးပါးသည် ရှေ့ဈာန် လေးပါး၏ အာရုံဖြစ်၏။ ကသိဏ်း ဆယ်ပါး, ထွက်သက် ဝင်သက် ပညတ် တပါး, ဤတဆဲ့ တပါးသော ပညတ်သည် ဈာန်ငါးပါးလုံး၏ အာရုံဖြစ်၏။

[**အသီးအသီးပြခဲ့ပြီးသော** မိမိတို့ထိုက်သင့်ရာ ရသင့်၊ ရထိုက်၊ ရကြောင်းဖြစ်သောပညတ်အာရုံတို့မှတပါးသော တရားကိုအကြိမ်များစွာပင်ပွါးများအားထုတ် စီးဖြန်းသော်လည်း ဈာန်ကိုမရနိုင်။ ဤပြဆိုခဲ့ပြီးသောဈာန်ကို ရကြောင်း ပညတ်တို့တွင်လည်းအာရုံဖြစ်သင့်သမျှ အကုန်စီးဖြန်းရသည်မဟုတ် နှစ်သက်ရာ အလိုရှိရာ တပါးပါးကိုသာစီးဖြန်းမှဈာန်ကိုရသည်။]

ပညတ်တဆဲ့တပါးသည် ပဥ္စမဈာန်၏ အာရုံဖြစ်ပုံကိုပြခြင်း

အသုဘ ပညတ်, ကာယဂတာသတိ ပညတ်, ဤပညတ် တဆဲ့တပါးသည် အဘယ်ကြောင့် ပဥ္စမဈာန်၏သာ အကြောင်း အာရုံဖြစ်၍ ဒုတိယဈာန် စသော အထက်ဈာန် လေးပါးတို့၏ အကြောင်း အာရုံ မဖြစ်လေသနည်း ဟူမူ။ ဤတဆဲ့တပါးသော ပညတ် အာရုံ တို့သည် အလွန်ရုန့်ကြမ်း အားနည်းသော အာရုံ ဖြစ်သောကြောင့် ဝိတ်သည် ဝိတက်၏ အစွမ်းဖြင့်သာလျှင် တရတည်းသောအာရုံရှိသည်ဖြစ်၍ မပျံ့မလွင့်တည်နိုင်သည်။ ဝိတက်နှင့်ကင်း၍မတည်နိုင်။ ဝိတက်စေတသိက်သည်လည်း ပဥ္စမဈာန်နှင့်သာယှဉ်၍ ဒုတိယဈာန် စသည်တို့နှင့်မယှဉ်။ထို့ကြောင့်ဤပညတ် တဆဲ့တပါးသည် ပဥ္စမဈာန်၏သာ အကြောင်းအာရုံ ဖြစ်သည် ဒုတိယဈာန်စသည်တို့၏ အကြောင်းအာရုံမဖြစ်ဟူလေ။

လောကူပမာ အဘယ်ကဲ့သို့နည်းဟူမူ။ တည်တံ့ ရပ်ဆိုင်းခြင်း မရှိ ဟောဟောဗိုးဗိုး ကျည်တောက် သွန်စီးသော လျင်သော ရေအယဉ် ရှိသောမြစ်၌ လှေသည်ထိုးဝါး၏အစွမ်းဖြင့်သာလျှင် မလန်မမျောတည်တံ့နိုင်သည်။ ထိုးဝါးနှင့်ကင်း၍မတည်မရပ်နိုင်သကဲ့သို့တည်း။ ဤ၌ရုန့်ရင်းအားနည်းသော အသုဘပညတ်, ကာယဂတာသတိပညတ်, အာရုံသည် လျင်သော အဟုန်ပြင်းစီးသော ရေအယဉ်ရှိသော မြစ်နှင့်တူ၏။ ဝိတက်

သည့်ထိုးဝါးနှင့်တူ၏။ ဝိတက်နှင့်ယှဉ်သော ပဌမဈာန်စိတ်သည် ထိုးဝါးရှိသော လှေနှင့်တူ၏။ ဝိတက်၏ အစွမ်းဖြင့် ပဌမဈာန်စိတ်၏ ထိုတဆဲ့တပါးသော ပညတ်အာရုံ၌ မပျံ့မလွင့် တည်တံ့နိုင်ခြင်းသည် ထိုးဝါး၏ အစွမ်းကြောင့် လှေ၏ လျင်သော ရေအယဉ်ရှိသောမြစ်၌ မလန်မဈော တည်ရပ်နိုင်ခြင်းနှင့်တူ၏။ ဝိတက်နှင့် မယှဉ်သော ဒုတိယဈာန် စသည့်တို့သည် ထိုးဝါးမရှိသော လှေနှင့်တူ၏။ ဒုတိယဈာန်စိတ် စသည် တို့၏ ၎င်းပညတ်အာရုံတဆဲ့တပါး၌မတည်တံ့နိုင်ခြင်းသည်ထိုးဝါးအထောက်အကူမရှိသောလှေ၏ ပြင်းသောရေအယဉ်ရှိသော မြစ်၌ မတည်ရပ်နိုင်ခြင်းနှင့်တူ၏ ဤသို့ ဥပမာဥပမေယျ နှစ်ရပ်ကိုဟပ်၍သိလေ။

ယသ္မာပန ဒုသဝိဓေပိ ဇေတဿ်ိံအသုဘေ သေယျထာပိနာမ အပရိသဏ္ဌိတဇလာယ သီဃသောတာယ နဒိယာ အရိတ္တဗလေနေဝ နာဝါ တိဋ္ဌတိ။ ဝိနာ အရိတ္တေန နသက္ကာ ဌပေတုံ။ ဧဝမေဝ ဒုဗ္ဗလတ္တာ အာရမ္မဏဿ ဝိတက္ကဗလေနေဝ စိတ္တံ ဧကဂ္ဂံ ဟုတွာ တိဋ္ဌတိ။ ဝိနာ ဝိတက္ကေန နသက္ကာ ဌပေတုံ၊ တသ္မာ ပဌမဈာနမေဝေတ္ထ ဟောတိ၊ န ဒုတိယာဒီနိ။

အဋ္ဌသာလိနီအဋ္ဌကထာ။

ယသ္မာပန၊ အကြင်ကြောင့်ကား။ ဒုသဝိဓေ၊ ဆယ်ပါးအပြားရှိသော။ ဇေတဿ်ိံအသုဘေ၊ ထိုအသုဘပညတ်အာရုံ၌။ သေယျထာပိနာမ ၊ဥပမာမည်သည်ကား။အပရိသဏ္ဌိတဇလာယ၊တည်တံ့ရပ်ဆိုင်းခြင်းမရှိသောရေဖြင့်။ သီဃသောတာယ၊ လျင်သောရေအယဉ်ရှိသော။ နဒိယာ၊ မြစ်၌။ နာဝါ၊ လှေသည်။ အရိတ္တဗလေနေဝ၊ ထိုးဝါး၏ အစွမ်းဖြင့်သာလျှင်။ တိဋ္ဌတိယထာ၊ တည်ရပ်နိုင်သကဲ့သို့။ အရိတ္တေန၊ ထိုးဝါးနှင့်။ ဝိနာ၊ ကင်း၍။ နာဝါ၊ လှေသည်။ ဌပေတုံ၊ တည်ရပ် စေခြင်းငှါ။ နသက္ကာယထာ။ မတတ်ကောင်း သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အာရမ္မဏဿ၊ အသုဘအာရုံ၏။ ဒုဗ္ဗလတ္တာ၊ အားနည်းသည်၏ အဖြစ်ကြောင့်။ ဝိတက္ကဗလေနေဝ၊ ဝိတက်၏အစွမ်းဖြင့်သာလျှင်။ စိတ္တံ၊ ရူပါဝစရကုသိုလ်စိတ်သည်။ ဧကဂ္ဂံ၊ တခုတည်းသောအာရုံဟူသောအဖျားရှိသည်။ ဟုတွာ၊ ဖြစ်၍။ တိဋ္ဌတိ၊ တည်နိုင်၏။ ဝိတက္ကေန၊ ဝိတက်နှင့်။ ဝိနာ၊ ကင်း၍။ ဌပေတုံ၊

ထားခြင်း၌။နသက္ကာ၊မတတ်ကောင်း။တသ္မာ၊ထို့ကြောင့်။ဧတ္ထ၊ ဤအသုဘပညတ်အာရုံ၌။ပဋ္ဌမဈာနမေဝ၊ပဋ္ဌမဈာန်သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ဒုတိယာဒီနိ၊ဒုတိယဈာန်စသည်တို့သည်။နဟောန္တိ၊မဖြစ်ကုန်။

ဤအသုဘပညတ်၊ကာယဂတာသတိပညတ်အာရုံတို့သည်စက်ဆုပ် ရွံရှာဘွယ်သော အနိဋ္ဌာရုံဖြစ်ပါသည်မဟုတ်လော ထိုသို့အနိဋ္ဌာရုံ ဖြစ်ကလည်း ဣဋ္ဌာရုံသည် ပီတိသောမနဿ ဖြစ်ခြင်း၏အကြောင်း၊ အနိဋ္ဌာရုံသည် ဒုက္ခဒေါမနဿဖြစ်ခြင်း၏အကြောင်းဖြစ်ရကား ဒုက္ခဒေါမနဿသာ ဖြစ်ရာသည်။ ပီတိသောမနဿမဖြစ်ရာ ရူပါဝစရ ပဋ္ဌမဈာန်သည်လည်း ပီတိသောမနဿနှင့် ယှဉ်သည်ဟူလေ။

ထိုသို့လျက် အဘယ်ကြောင့် ထိုအသုဘကာယဂတာသတိအာရုံတို့၌ ပီတိသောမနဿနှင့်ယှဉ်သော ပဋ္ဌမဈာန်သည် ဖြစ်နိုင်လေသနည်းဟူမူ။ ထိုအသုဘ ကာယဂတာသတိ အာရုံတို့သည် စက်ဆုပ် ရွံရှာဘွယ်သော ပဋိကူလ အနိဋ္ဌ အာရုံပင် ဖြစ်သော်လည်း ဤပဋ္ဌမဈာန်ဟူသော အကျင့်ဖြင့် စင်စစ် ဇရာမရဏ တို့မှ ကင်းလွတ်ရာ နိဗ္ဗာန်သို့ ရောက်ရပေတော့အံ့ဟု ဈာန်၏အကျိုးကို ရှုမြင်သောကြောင့်၎င်း, နီဝရဏ ဟူသောပူပန်ခြင်းကို ပယ်ဖျောက်ကင်းငြိမ်း စေသောကြောင့်၎င်း, စင်စစ် အနိဋ္ဌဖြစ်သော ထိုအသုဘပညတ် ကာယဂတာသတိပညတ် အာရုံတို့၌ ပင်သော်လည်း ပီတိသောမနဿဖြစ်သည် ဟူလေ။

အဘယ်ကဲ့သို့နည်း ဟူမူ။ မစင်ဘင်ပုတ်တို့ကို ကျုံးယူသည်ပိုး စွန့်ပစ် ခြင်းကြောင့် များစွာသော ထမင်းရိက္ခာ အခစ္စာ တို့ကို ရပေလိမ့်သတည်းဟု မစင်ဘင်ပုတ်တို့ကိုကျုံးယူသည်ပိုးခြင်း၌ အကျိုးအာနိသင်ကိုရှုမြင်သောပန်းမှိုက်စွန့် ဘင်ကျုံးယောကျ်ားအား သူခပ်သိမ်းတို့မနှစ်သက်စရာစက်ဆုပ် ရွံရှာဘွယ်ဖြစ်သော မစင်ဘင်ရ၌သော်လည်း စက်ဆုပ် ရွံရှာခြင်းမရှိ။ နှစ်သက်ဝမ်းမြောက်ခြင်းသာဖြစ်သကဲ့သို့၎င်း,အနာရောဂါ တည်းဟူသော ဒုက္ခ၏ငြိမ်းခြင်းကို အလိုရှိသော အနာရောဂါစွဲကပ်သော ရောဂါသည် ယောကျ်ားအား အများမနှစ်သက်စရာ စက်ဆုပ် ရွံရှာဘွယ်ဖြစ်သော အော့အန်ခြင်း, ဝမ်းလျှောခြင်း ၌သော်လည်း

အော့အန်ဝမ်းလျှော့ခြင်းကြောင့် အနာလွတ်ငြိမ်း ကင်းပျောက် အံ့သော အကျိုးကိုမြင်၍ စက်ဆုပ် ရွံရှာခြင်းမရှိ နှစ်သက် ဝမ်းမြောက်ခြင်းသာ ဖြစ်သကဲ့သို့ရင်း မှတ်လေ။

ဤ၌ အနိဋ္ဌာရုံ ဖြစ်သော အသုဘပညတ် ကာယ ကောဋ္ဌာသပညတ် အာရုံသည် စက်ဆုပ် ရွံရှာဘွယ်သော မစင်ဘင်ရနှင့်တူ၏။ ပဋ္ဌမဈာန် ကိုပွါးများခြင်းသည် မစင်ကိုကျုံးယူ သည်ပိုးသည်နှင့်တူ၏။ ပဋ္ဌမဈာန် ကို အားထုတ် ပွါးများခြင်း အကျင့်ကြောင့် အနုပါဒိသေသ နိဗ္ဗာန်တိုင် အကျိုးကို ရှုမြင်၍ အနိဋ္ဌ ဖြစ်သော အသုဘပညတ် ကာယကောဋ္ဌာသ ပညတ်အာရုံတို့၌သော်လည်း ဒုက္ခဒေါမနဿမဖြစ်ဘဲ ပီတိသောမနဿ သာဖြစ်ခြင်းသည် ဘင်ကျုံးယောက်ျား၏ ရွံရှာ စက်ဆုပ်ဘွယ်သော မစင်ဘင်ရ၌လည်း စက်ဆုပ် ရွံရှာခြင်းမရှိ၊ဘင်ကိုကျုံးယူ သည်ပိုးခြင်း ကြောင့် ရလတ္တံ့သောထမင်းရိက္ခာ အခစ္စာဟူသော အကျိုးအာနိသင် ကိုရှုမြင်၍ နှစ်သက်ဝမ်းမြောက်ခြင်းနှင့်တူ၏။ **ဤသို့ဥပမာဥပမေယျကို ဟပ်၍သိအပ်၏။**

နောက်ဥပမာ၌လည်း။ ဤနည်းကို မှီး၍သိလေ။ ထိုသို့ အကျိုးကိုရှု မြင်၍ အနိဋ္ဌဖြစ်သော အသုဘစသည်၌လည်းပီတိသောမနဿဖြစ်သော ကြောင့် ထိုအသုဘအာရုံတို့၌ ပီတိသောမနဿနှင့်ယှဉ်သော ပဋ္ဌမဈာန် ဖြစ်နိုင်လေသည် ဟူလေ။

ပဋိကူလေပိစ ဧတသ္မိံ အာရမ္မဏေ အဋ္ဌ ဣမာယပဋိပဒါယ ဇရာမ ရဏမှာ ပရိမုစ္စိဿာမိတိ ဧဝံ အာနိသံသဒဿာဝိတာယစေဝ နီဝရဏ သန္တာပပ္ပဟာနေနစ ပီတိသောမနဿံ ဥပ္ပဇ္ဇတိ။ဗဟုံဝေတ္တနံ လဘိဿာ မိတိ အာနိသံသဒဿာဝိနော ပုပ္ဖဆဍ္ဍကဿ ဂူထရာသိမှိဝိယ။ ဥပဿဂ္ဂ ဗျာဓိဒုက္ခိဿ ရောဂိနော ဝမနဝိရေစနပ္ပဝတ္တိယံဝိယစ။ **အဋ္ဌသာလိနီ။**

ပဋိကူလေပိ၊ စက်ဆုပ် ရွံရှာဘွယ် ရှိသည်လည်း ဖြစ်သော။ ဧတသ္မိံ အာရမ္မဏေ၊ ထိုအသုဘအာရုံ၌။ အဋ္ဌ၊ မချွတ်။ ဣမာယပဋိပဒါယ။ ဤအ ကျင့်ဖြင့်။ ဇရာမရဏမှာ၊ အိုခြင်း သေခြင်းမှ။ ပရိမုစ္စိဿာမိ၊ လွတ်ရပေ အံ့။ ဣတိဧဝံ၊ ဤသို့။ အာနိသံသ ဒဿာဝိတာယစေဝ၊ အကျိုးကို ရှုမြင် သောကြောင့်ရင်း။ နီဝရဏသန္တာပပ္ပဟာနေနစ၊ နီဝရဏ တည်းဟူ

သော ပူပန်ခြင်းကို ပယ်ခြင်းကြောင့်ရင်း။ ပီတိသောမနဿံ၊ နှစ်သက် ဝမ်းမြောက်ခြင်း ပီတိသောမနဿသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဗဟုံဝေတ္တန်၊ များစွာသော အခဥ္စာကို။ လဘိဿာမိတိ၊ ရပေလိမ့်ဟူ၍။ အာနိသံသ ဒဿာဝိနော၊ မစင်ကိုကျုံးခြင်း၌ အကျိုးအာနိသင်ကို ရှုမြင်သော။ ပုပ္ဖ ဆဍ္ဍကဿ၊ ပန်းမှိုက်စွန့်မျိုးဖြစ်သော ဘင်ကျုံးယောကျ်ားအား။ဂူထရာ သိမ္ဘိ၊ မစင်ဘင်ရုန်၌။ ပီတိသောမနဿံ၊ နှစ်သက် ဝမ်းမြောက်ခြင်းသည်၊ ဥပ္ပဇ္ဇတိဝိယာစ၊ ဖြစ်သကဲ့သို့ရင်း။ ဥပဿန္တဗျာဓိဒုက္ခဿ၊ အနာရောဂါနှိပ် စက်ခြင်း ဆင်းရဲမှ ကင်းငြိမ်းလိုသော။ ရောဂိနော၊ အနာရောဂါ စွဲကပ် သော ရောဂါသည်အား။ ဝမနဝိရေစနပ္ပဝတ္တိယံ၊ ဆေးကို သုံးဆောင် သဖြင့် အန်ခြင်း, ဝမ်းလျှောခြင်း, ဖြစ်ရာ၌။ ပီတိသောမနဿံ၊ သည်။ ဥပ္ပဇ္ဇတိဝိယာစ၊ ဖြစ်သကဲ့သို့ရင်းတည်း။

ရူပါဝစရ၌သညီရအပြားမဆိုရပုံကိုပြခြင်း

မဟာကုသိုလ်စိတ်တို့၌ အသင်္ခါရိက,သသင်္ခါရိက, ဟု အပြားကို ဆို သကဲ့သို့ ဤရူပါဝစရ ကုသိုလ်စိတ်၌ အဘယ်ကြောင့် သင်္ခါရအပြားကို မဆိုလေသနည်း။ဤရူပါဝစရကုသိုလ်စိတ်ကိုလည်း မဂ္ဂါမိဂမနှင့်မရော မရှက် သက်သက်သော အဖန်ဖန် အားထုတ် စီးဖြန်း အပ်သော သမထ ဘာဝနာ၏ အစွမ်းကြောင့် ရအပ်သော ရူပါဝစရ ကုသိုလ် ဈာန်ကို သ သင်္ခါရိက၊ပထဝီ,ပထဝီ,စသည်ဖြင့် ကြိမ်ဖန်များစွာ အားထုတ်အပ်သော သမထ ဘာဝနာနှင့် ရောရှက်ခြင်း မရှိသော ရအပ်သော မဂ်၏ အစွမ်း ကြောင့် မဂ်ကိုရသည်မှ နောက်အဘို့ ကာလ၌ သန္တာန်ဝယ် ဖြစ်ခြင်းငှါ ထိုက်သော အားဖြင့် ရအပ်သော ရူပါဝစရ ကုသိုလ်ကို အသင်္ခါရိက ဟူ၍ ဆိုခြင်းငှါ တတ်ကောင်းပါ မဟုတ်လော။ထိုသို့ရူပါဝစရ ကုသိုလ် ကိုလည်း သသင်္ခါရိက,အသင်္ခါရိက,အဖြစ်ဖြင့် ဆိုခြင်းငှါ တတ်ကောင်း သည်၏ အဖြစ်ကြောင့် ဤရူပါဝစရ ကုသိုလ်စိတ်၌လည်း သင်္ခါရအပြား ကိုဆိုအပ်သည်သာ မဟုတ်လောဟူမူ။မဂ္ဂါမိဂမ၏အစွမ်းသတ္တိကြောင့် ရအပ်သော ဈာန်၏လည်း နောက်အဘို့ကာလ၌ ပရိကံနှင့် ကင်း၍ မဖြစ်

နိုင်။ ပရိကံ၏ အစွမ်းဖြင့်သာ ဖြစ်ရကား မဂ္ဂါဓိဂမ၏ အစွမ်းကြောင့် ရသောဈာန် သမထဘာဝနာ၏ အစွမ်းကြောင့် ရသောဈာန် ဟူသော အလုံးစုံသော ဈာန်၏လည်း ပရိကံနှင့်ကင်း၍ သက်သက်သော အဓိကာရ၏ အစွမ်းဖြင့်သာ မဖြစ်ခြင်းကြောင့် အသင်္ခါရိက ဟူ၍လည်း မဆိုကောင်းခဲ့၊ အဓိကာရနှင့် ကင်း၍ သက်သက်သော ပရိကံ၏ အစွမ်းကြောင့်သာ မဖြစ်ခြင်းကြောင့် သသင်္ခါရိက ဟူ၍လည်း မဆိုကောင်းခဲ့ ရကား ဤရူပါဝစရ ကုသိုလ်၌ သင်္ခါရအပြားကို မဆိုပါသည် ဟူလေ။

တနည်းလည်း။ ရူပါဝစရ ကုသိုလ် ဟူသမျှသည် ပရိကံ ဟူသော ပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းဖြင့်သာ ဖြစ်သောကြောင့် ထိုပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းကြောင့် ဖြစ်သော ရူပါဝစရကုသိုလ်၏ အသင်္ခါရိက အဖြစ်သည် တရံတဆစ်မျှ မဖြစ်နိုင်ရကား ၎င်းကုသိုလ်ကို အသင်္ခါရိက ဟူ၍ မဆိုထိုက်မဆိုသင့်သည်သာ၊အသင်္ခါရိကဟု မဆိုရသော် သသင်္ခါရိကဟူ၍ ဆိုပါတော့လောဟူမူ။ပုဗ္ဗာဘိသင်္ခါရကြောင့်သာ ဖြစ်၍ စင်စစ် ကေန္တ သသင်္ခါရိကသာဖြစ်ရကား သသင်္ခါရိက ဟုတ်လေ၏လော မဟုတ်လေ၏လောဟုတွေးတောယုံမှားရန် သံသယ ပသင် အနေကန္တကဗျာဘိစာရ ဖြစ်ဖွယ် မရှိသောကြောင့် သသင်္ခါရိက ဟူ၍လည်း မဆိုသင့်ပြီ။ ထို့ကြောင့် မဟာကုသိုလ်၌ သင်္ခါရ အပြားကို ဆိုသကဲ့သို့ ဤရူပါဝစရ ကုသိုလ်၌ သင်္ခါရအပြားကို မဆို မဟော မပြလေသည် ဟူလေ။

အဓိကာရအစွမ်းကြောင့်ဈာန်ရပုံကိုပြခြင်း

ဤ၌သမထာနုယောဂ၏အစွမ်းကြောင့် ရသောဈာန်ဟူသည် ပထဝီ, ပထဝီ,စသည်ဖြင့် ကြိမ်ဖန်များစွာ အားထုတ် ပွါးများအပ်သော သမထဘာဝနာကြောင့် ရသော ဈာန်တည်း။ မဂ္ဂါဓိ ဂမ၏ အစွမ်းကြောင့် ရသောဈာန်ဟူသည် မဂ်ကိုရသည်၏အစွမ်းဖြင့် ရအပ်သော မဂ်၏အစွမ်းအာနုဘော်ကြောင့် ရသောဈာန်တည်း။ မဂ္ဂါဓိဂမ၏ အစွမ်းဖြင့် ရသည် ဟူရာ၌လည်း မဂ်ဖြစ်ဆဲ ခဏ၌ လောကီဈာန် မဖြစ်ကောင်း ရကား မဂ်ကိုရပြီးသည့်မှ နောက်ကာလ၌ ထိုမဂ်၏အာနုဘော်ကြောင့် သမထဘာ

ဝနာကို အသီးအားမထုတ်ရဘဲ ဗလဌာနပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ထိုက် ဖြစ်ကောင်းသည်ကိုဆိုသည်။ပရိကံဟူသည် အပ္ပနာကိုပြုပြင်စီရင်တတ် သောဈာန်၏ ရှေ့အတို့၌ဖြစ်သော ပထဝီ, ပထဝီ, စသည်ဖြင့် ဖြစ်သော ဘာဝနာဖြင့်ပြီးသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တည်း။ ပုဗ္ဗာဘိသင်္ခါရ ဟူသည်လည်း ၎င်းပရိကံပင်။အဓိကာရနှင့်ကင်း၍ ဈာန် မည်သည်မဖြစ်နိုင်၊အဓိကာရ၏ အစွမ်းကြောင့်သာ ရသည်ဟူရာ၌၊

[**အဓိကာရဟူသည်** ရှေးရှေးဘဝ ကာလတို့၌ မြတ်စွာဘုရား တို့ သာသနာတော်တွင်းဝယ် ရဟန်းသာမဏေ ပြုလုပ်၍သော် ၎င်း, သာသနာပ ကာလဝယ် ရသေ့ပရိဗိုဇ်ပြုလုပ်၍ သော်၎င်း, မပြုမလုပ်ဘဲပင်သော်၎င်း, ကသိဏ်းစသောအာရုံတို့၌ ဈာန်ကို ဖြစ်စေခြင်း ဈာန်ကိုပင် မဖြစ်စေနိုင် သော်လည်း ထိုကသိဏ်း စသော အာရုံတို့၌ ပထဝီ,ပထဝီ, စသည်ဖြင့် သမထဘာဝနာကို ပွါးများခြင်းတို့ ပင်တည်း။]

ထိုသို့ အဓိကာရနှင့်ကင်း၍ ဈာန်ကိုမရကောင်းမရနိုင်။အဓိကာရ၏ အစွမ်းကြောင့်သာ ဈာန်ကို ရသောကြောင့် ဖြဟ္မာ့ဘုံ၌ ဖြစ်ရခြင်း၏အ ကြောင်း တရားကောင်းတရားမြတ် ဗြဟ္မာ့ဘုံသို့ ရောက်ကြောင်း လမ်း ကောင်း လမ်းမှန် ဖြစ်သော ဈာန်ကို ရလိုကုန်သော သူတော်ကောင်းအ ပေါင်း တို့သည် ရှင်ရဟန်းပင် မပြုနိုင် ဤဘဝ ဈာန်ကိုပင် မရနိုင်သော် လည်း လာလတ္တံ့နောက်နောက် ဘဝတို့၌ မငြိုမငြင် မပင်မပန်း လွယ် လင့်တကူရနိုင်စေခြင်းငှါ ဈာန်၏အာရုံ အကြောင်းဖြစ်သော ကသိဏ်း စသော အာရုံတို့၌ ပထဝီ,ပထဝီ, စသည်ဖြင့် စီးဖြန်းပွါးများခြင်း သမထ ဘာဝနာကို လွန်စွာပွါးများ အားထုတ်သင့်လှတော့သည်သာတည်း။

ရူပါဝစရစိတ်၌မြောက်ပွါးပုံကိုပြခြင်း.

ဣမာနိ ပဉ္စပိ ရူပါဝစရကုသလစိတ္တာနိနာမ၊ဟူသောနိဂုမ်း၌ သင်္ဂြိုဟ်ဆန အနက်ရှိသော ပိသဒ္ဒါဖြင့် ပေါင်းယူရေတွက်အပ်သော အပြားကို ပြဦး အံ့။ စတုက္က နည်း၏ အစွမ်းဖြင့် ဟောတော် မူအပ်သော ဈာန်လေးပါး၊

ပဥ္စက နည်း၏ အစွမ်းဖြင့် ဟောတော်မူအပ်သော ဈာန်ငါးပါး အားဖြင့် သက်သက် အာရုံပဋိပဒါတို့နှင့် မရောမရှက်ဘဲ ဟောတော်မူသော သုဒ္ဓိကနဝကတပါး။ ထိုသုဒ္ဓိကနဝကကိုပင် ပဋိပဒါလေးပါးနှင့် စပ်ယှဉ်၍လည်း ဟောတော်မူရကား ပဋိပဒါနဝကလေးပါး။ အာရုံလေးပါးတို့နှင့်လည်း စပ်ယှဉ်၍ ဟောတော်မူရကား အာရမ္မဏနဝကလေးပါး။ အာရုံပဋိပဒါကို ရောစပ်၍လည်း ဟောတော်မူရကား အာရမ္မဏပဋိပဒါမိဿကနဝက တဆဲ့ခြောက်ပါး အားဖြင့် နဝကပေါင်း နှစ်ဆဲ့ ငါးပါး။ ဤသို့စသော နဝကတို့ကို ပေါင်းယူသည်။နဝကတပါးလျှင် ဈာန်ကိုးပါးစီဖြစ်၍ဈာန်ဝိတ်ပေါင်း နှစ်ရာ့နှစ်ဆဲ့ငါးပါး စသည်ဖြင့် ရေတွက်လေ။

[စတုက္ကပဥ္စကနည်းနှစ်ပါးတွင် ပဥ္စကနည်း၌ ပဌမဈာန်ဝယ် ဈာန်အင်္ဂါငါးပါးတို့တွင်ဝိတက်ကိုပယ်၍ရသောဈာန်ကိုဒုတိယ၊ ဝိစာရကို ပယ်၍ရသောဈာန်ကိုတတိယ၊ ပီတိကိုပယ်၍ ရသောဈာန်ကိုစတုတ္ထ၊သုခကိုပယ်၍ရသောဈာန်ကိုပဥ္စမဈာန်ဟု ဟောတော်မူသည်။စတုက္ကနည်း၌ဝိတက်ဝိစာရနှစ်ပါးကိုတခါတည်း ပယ်သော ဈာန်ကိုဒုတိယ၊ ပီတိကိုပယ်သော ဈာန်ကိုတတိယ၊ သုခကိုပယ်သောဈာန်ကိုစတုတ္ထဈာန်-ဟူ၍ဟောတော်မူသည်။]

ပဋိပဒါလေးပါးကိုပြခြင်း။

ပဋိပဒါလေးပါးဟူသည် ဒုက္ခပဋိပဒါဒန္ဓာဘိညာ,ဒုက္ခပဋိပဒါခိပ္ပါဘိညာ, သုခပဋိပဒါ ဒန္ဓာဘိညာ, သုခပဋိပဒါခိပ္ပါဘိညာ, ဤလေးပါးတည်း။ ဤ၌ ကသိုဏ်း စသော အာရုံ၌ စိတ်ကိုဆောင်သည် နှလုံးသွင်းသည်မှ စ၍ ဥပစာရ ဈာန်တိုင်အောင် အတွင်း၌ ဖြစ်သမျှသော ဈာန်ကို ရကြောင်းအကျင့်သည် ပဋိပဒါမည်၏။ဥပစာရဈာန်မှစ၍ အပ္ပနာဈာန်တိုင်အောင် ပညာသည် အဘိညာမည်၏။ ဥပစာရဈာန်ဟူသည် နီဝရဏ, ဝိတက်, ဝိစာရ, နိကန္တိ, စသည်တို့၏ ငြိမ်းကြောင်းဖြစ်သော ကာမာဝစရဈာန်တည်း။ဥပစာရဈာန်ဖြစ်သည်မှနောက် အပ္ပနာ၏ရှေ့အဘို့၌ ပညာသည်ဖင်း,အပ္ပနာပညာသည်ဖင်း,အဘိညာမည်၏။ထိုပဋိပဒါသည်အချို့သော

ပုဂ္ဂိုလ်အား နိဝရဏ အစရှိသော ဆန့်ကျင်ဘက် တရားတို့၏ ဖြစ်ခြင်း ထူထပ် များပြား သောကြောင့် ငြိုငြင် ပင်ပန်း ဆင်းရဲ၏။ အချို့သော ပုဂ္ဂိုလ်အား ထိုတရားတို့၏ နည်းပါး ကင်းဝေးသောကြောင့် မပင်မပန်း ချမ်းသာ၏။ အဘိညာသည်လည်း အချို့အား နုံနဲ့နှေး လေးလံစွာဖြစ်၏။ အချို့အား ထက်မြက် လျင်မြန်စွာဖြစ်၏။ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသည်မှ စ၍ ကိလေသာကို ဆင်းရဲငြိုငြင် ပင်ပန်းစွာ ခွါရသော ပုဂ္ဂိုလ်အား ဒုက္ခပဋိပဒါ၊ ငြိုငြင် ပင်ပန်းခြင်းမရှိ ချမ်းသာသဖြင့် ခွါနိုင်သော သူအား သုခပဋိပဒါဖြစ်သည်။ ခွါအပ်ပြီးသော ကိလေသာ ရှိသည်ဖြစ်၍ အပ္ပနာ ဟူသော ထုံခြင်းဖြင့် ထုံအပ်သည့်ရှိသော် ကြာမြင့်မှ ဈာန်အင်္ဂါထင်ရှား ဖြစ်ခြင်းသို့ ရောက်သောသူအား ဒန္ဓာဘိညာ, မကြာမြင့်မီ ထင်ရှား ဖြစ်ခြင်းသို့ ရောက်သော သူအား ခိပ္ပါဘိညာ ဖြစ်သည်။

တနည်းလည်း ထူထပ်ပြန့်ပြော အားကြီးသော ကိလေသာ ရှိသော သူအား ဒုက္ခပဋိပဒါ၊ အားနည်းပါးကျဲသော ကိလေသာရှိသော သူအား သုခပဋိပဒါဖြစ်သည်။နုသောနုံ့သော ဣန္ဒြေရှိသောသူအား ဒန္ဓာဘိညာ၊ ထက်သောရင့်သောဣန္ဒြေရှိသောသူအား ခိပ္ပါဘိညာဖြစ်သည်။ အသပ္ပါယကို မှီဝဲသော သူအား ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ဖြစ်သည်။ ရှေ့အဘို့၌ သပ္ပါယကို၊ နောက်အဘို့၌ အသပ္ပါယကို မှီဝဲသော သူအား သုခပဋိပဒါ ဒန္ဓာဘိညာဖြစ်သည်။ရှေ့အဘို့၌အသပ္ပါယကို၊နောက်အဘို့၌ သပ္ပါယကို မှီဝဲသောသူအား ဒုက္ခပဋိပဒါသုခါဘိညာဖြစ်သည်။ သပ္ပါယကိုမှီဝဲသော သူအား သုခပဋိပဒါခိပ္ပါဘိညာဖြစ်သည်။

တနည်းလည်း တဏှာသည် နှိပ်စက်အပ်သောသူအား ဒုက္ခပဋိပဒါ၊ တဏှာသည် မနှိပ်စက်အပ်သော သူအား သုခပဋိပဒါဖြစ်သည်။ အဝိဇ္ဇာ နှိပ်စက်သောသူအား ဒန္ဓာဘိညာ၊ အဝိဇ္ဇာမနှိပ်စက်သော သူအား ခိပ္ပါ ဘိညာဖြစ်သည်။ တနည်းလည်း သမထ၌ အဓိကာရ ပါးရှား အားနည်း သောသူအား ဒုက္ခပဋိပဒါ၊အဓိကာရပေါများအားကြီးသောသူအား သုခ ပဋိပဒါဖြစ်သည်။ ဝိပဿနာ၌ အဓိကာရ ပါးရှားအားနည်းသော သူအား ဒန္ဓာဘိညာ၊ အဓိကာရ ပေါများ အားကြီးသော သူအား ခိပ္ပါဘိညာ ဖြစ်သည်။

အာရုံလေးပါးကိုပြခြင်း။

အာရုံ လေးပါးဟူသည်ကား ပရိတ္တပရိတ္တာရမ္မဏတပါး, ပရိတ္တအပ္ပမာဏာရမ္မဏတပါး,အပ္ပမာဏပရိတ္တာရမ္မဏတပါး,အပ္ပမာဏအပ္ပမာဏာရမ္မဏတပါး,ဤလေးပါးတည်း။ဤ၌ရကာဓမ္မဘဿ လေ့လာဝင်စားခြင်းမရှိ အထက်ဈာန်၏ အကြောင်းမဖြစ်နိုင် အထက်ဈာန်အား ကျေးဇူးမပြုနိုင်သောဈာန်သည် ပရိတ္တမည်၏။ မပွါးစေအပ်သော မန်းမှုခွက်မျှကျဉ်းငယ်သော အာရုံရှိသောဈာန်သည် ပရိတ္တာရမ္မဏမည်၏။ များစွာလေ့လာဝင်စားပွါးများအပ်သောဈာန်သည် အပ္ပမာဏ မည်၏။ ပွါးစေအပ်သော ကျယ်ပြန့်သော အာရုံရှိသော ဈာန်သည် အပ္ပမာဏာရမ္မဏမည်၏။

အာရုံပဋိပဒါအရောကိုပြခြင်း

အာရုံပဋိပဒါအရောတဆဲ့ခြောက်ပါးဟူသည်ကား။ ၁-ဒုက္ခပဋိပဒါဒန္ဓာဘိညာပရိတ္တပရိတ္တာရမ္မဏတပါး။ ၂-ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ပရိတ္တအပ္ပမာဏာရမ္မဏတပါး။ ၃-ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ အပ္ပမာဏ ပရိတ္တာရမ္မဏတပါး။ ၄-ဒုက္ခပဋိပဒါဒန္ဓာဘိညာ အပ္ပမာဏ အပ္ပမာဏာ ရမ္မဏတပါး။ ၅-ဒုက္ခပဋိပဒါခိပ္ပါဘိညာပရိတ္တ ပရိတ္တာရမ္မဏတပါး။ ၆-ဒုက္ခပဋိပဒါခိပ္ပါဘိညာပရိတ္တအပ္ပမာဏာရမ္မဏ တပါး။ ၇-ဒုက္ခပဋိပဒါခိပ္ပါဘိညာအပ္ပမာဏပရိတ္တာရမ္မဏတပါး။ ၈-ဒုက္ခပဋိပဒါခိပ္ပါဘိညာအပ္ပမာဏအပ္ပမာဏာရမ္မဏ တပါး။ ၉-သုခပဋိပဒါ ဒန္ဓာဘိညာပရိတ္တ ပရိတ္တာရမ္မဏတပါး။ ၁၀-သုခပဋိပဒါဒန္ဓာဘိညာပရိတ္တအပ္ပမာဏာရမ္မဏတပါး။ ၁၁-သုခပဋိပဒါဒန္ဓာဘိညာ အပ္ပမာဏပရိတ္တာရမ္မဏပါး။ ၁၂- သုခပဋိပဒါဒန္ဓာဘိညာအပ္ပမာဏအပ္ပမာဏာရမ္မဏ တပါး။ ၁၃-သုခပဋိပဒါခိပ္ပါဘိညာပရိတ္တပရိတ္တာရမ္မဏ တပါး။ ၁၄-သုခပဋိပဒါခိပ္ပါဘိညာပရိတ္တအပ္ပမာဏာရမ္မဏတပါး။ ၁၅-သုခပဋိပဒါခိပ္ပါဘိညာ အပ္ပမာဏ ပရိတ္တာရမ္မဏ တပါး။ ၁၆-သုခပဋိပဒါခိပ္ပါဘိညာ အပ္ပမာဏအပ္ပမာဏာ ရမ္မဏ တပါး ဤတဆဲ့ခြောက်ပါးတည်း။

ရူပါဝစရဝိပါက်စိတ်ကိုပြခြင်း ။

အကျိုးဝိပါက် ဟူက အကြောင်း ကံကြောင့် ဖြစ်ရကား အကြောင်း ကံဖြစ်သော ရူပါဝစရကုသိုလ်စိတ်တို့ကို ဝေဘန်ပြဆိုပြီးသည်၏အခြား မဲ့၌ ယင်းတို့၏အကျိုးဖြစ်သော ရူပါဝစရဝိပါက်စိတ်တို့ကို ဝေဘန်ပြဆို သည်။ ထိုရူပဝိပါက်သည် အကျိုးဝိပါက်၏ အဖြစ် ဟူသော သာမည အားဖြင့် တပါး တည်းသာ ဖြစ်သော်လည်း အကြောင်း ကုသိုလ် ဈာန် အားလျော်စွာ ဈာန်အင်္ဂါတို့နှင့်ယှဉ်သောအပြားအထူးအားဖြင့် ပဥ္စကိက ပဌမဈာန်ဝိပါက်,စတုရင်္ဂိကဒုတိယဈာန်ဝိပါက်, စသောအားဖြင့်ငါးပါး ပြား၏။

[**ထိုတွင်**။ ပဝတ္တိက္ကမ, ဒေသနာက္ကမ, အားဖြင့် ပြဆိုခဲ့သော ရူပါဝစရ ကုသိုလ်စိတ်တို့၏ အစဉ်အားလျော်စွာ ပဥ္စင်္ဂိကပဌမ ဈာန်ဝိပါက်ကစ၍ ပြဆိုသည်။]

ကာမာဝစရကုသိုလ်၏ အကျိုးဖြစ်သော ဝိပါက်ကို အကြောင်း ကုသိုလ်နှင့်တူမတူအားဖြင့် ဝေဘန်ပြဆိုသကဲ့သို့ ဤရူပါဝစရကုသိုလ်၏ အကျိုးဖြစ်သောဝိပါက်ကိုလည်း အကြောင်းကုသိုလ်နှင့်တူမတူအပြား အားဖြင့် ဝေဘန်ပြဆိုသင့်ပါသည်မဟုတ်လော။အဘယ်ကြောင့် ဤရူပါ ဝစရဝိပါက်ကို အကြောင်း ကုသိုလ်နှင့် တူစွာသာ ဝေဘန် ပြဆိုလေ သနည်းဟူမူ။ ကြေးမုံပြင်မှန်အပြင်၌ ရှေ့ရှုတည်သော ဆင်မြင်း စသည် တို့၏ ကြေးမုံပြင်၌ ထင်သော အရိပ်သည် ထိုဆင်မြင်း စသည်တို့နှင့်တူ သည်သာဖြစ်သကဲ့သို့ ပဥ္စင်္ဂိက, စတုရင်္ဂိက,စသည်ဖြင့် တပါးနှင့်တပါး မတူထူးခြားသော ရူပါဝစရကုသိုလ်ဈာန်အထူးသည် ဖြစ်စေအပ်သော ရူပါဝစရဝိပါက်ဈာန်သည် ရူပ, အရူပ, လောကုတ္တရာ, ကုသိုလ် တို့၏ မိမိတို့နှင့် သမ္ပယုတ်, ဘုံ, အာရုံ, စသည်တို့နှင့် တူသော ဝိပါက်ကိုသာ ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်ငင်း၊ ကာမာဝစရ ကုသိုလ်တို့သည် အမှတ်မရှိသောဘဝ၌ အကျိုးကို ပေးသကဲ့သို့မဟုတ် ရူပအရူပကုသိုလ် တို့မူကား *အနန္တရာယ်မရှိသည်ရှိသော် အနန္တရဒုတိယဘဝ၌ အကျိုး

* ကမ္မန္တရာယ် ကိလေသန္တရာယ် ဝိပါကန္တရာယ် ဥပဝါဒန္တရာယ် အာဏာဝီတိက္ကမန္တ ရာယ်။

ပေးသောကြောင့်ဟုဆိုရင်း, မိမိကို ဖြစ်စေတတ်သော ထိုထိုအကြောင်း ကုသိုလ်ဈာန်နှင့် ပဋ္ဌဂီကဈျင် ပဋ္ဌဂီကဈျင်း, စတုရဂီကဈျင် စတုရဂီကချင်းစသည် သမ္ပယုတ်, ဘုံ, အာရုံ, စသည်ဖြင့် ကေန်မလွဲ တူမြဲသာဖြစ်ရကား ကာမာဝစရ ဝိပါက်ကို အကြောင်း ကာမကုသိုလ်နှင့် တူမတူ အပြားတို့ဖြင့် ဝေဘန်ပြဆိုသကဲ့သို့ မဝေဘန်မူ၍ အကြောင်း ကုသိုလ်ဈာန်နှင့်တူစွာသာ ဝေဘန်ပြဆိုအပ်သည်ဟူလေ။

ရူပါဝစရဝိပါက်၌ဝိသဒ္ဓါဖြင့်ပေါင်းယူပုံကိုပြခြင်း

ပဋ္ဌဝိ၌ ဝိသဒ္ဓါဖြင့် ပေါင်းပုံရေတွက်ပုံမှာ ၎င်းဝိပါက်စိတ်ငါးပါးတွင် တပါးတပါးကိုပင် ဒုက္ခပဋိပဒါဒန္ဓာဘိညဝိပါက်စသည်ဖြင့် ပဋိပဒါဘေဒအားဖြင့်လေးပါး။ပရိတ္တပရိတ္တာရမ္မဏာ ဝိပါက်စသည်ဖြင့် အာရမ္မဏာဘေဒ အားဖြင့်လည်း လေးပါး။ ဒုက္ခပဋိပဒါဒန္ဓာဘိည ပရိတ္တပရိတ္တာရမ္မဏာ ဝိပါက်ဈာန် စသည်ဖြင့် အာရုံပဋိပဒါ အရောအားဖြင့် တဆဲ့ခြောက်ပါး စသည်ဖြင့် ကုသိုလ်မှာကဲ့သို့ရေတွက်လေ။

ဤဒုက္ခပဋိပဒါဒန္ဓာဘိညစသည် မည်ခြင်းသည်ကား။ အကြောင်းကုသိုလ်နှင့် တူစွာသာ ဖြစ်သောကြောင့် အကြောင်းကုသိုလ် အမည်အားဖြင့် ဒုက္ခပဋိပဒါဒန္ဓာဘိည ကုသိုလ် ဈာန်ကြောင့် ဖြစ်သော ဝိပါက်ဈာန်သည်လည်း။ ဒုက္ခပဋိပဒါဒန္ဓာဘိညဝိပါက်ဈာန်,ပရိတ္တပရိတ္တာရမ္မဏာကုသိုလ်ဈာန်ကြောင့် ဖြစ်သော ဝိပါက် ဈာန်သည် ပရိတ္တပရိတ္တာရမ္မဏာ ဝိပါက်ဈာန် စသည် မည်လေသည်။ဤဝိပါက်ဈာန်သည် ဆန္ဒ, စိတ္တ, ဝီရိယ, ဝိမံသ, တို့ကိုအကြီးအကဲပြု၍ မဖြစ်သောကြောင့် ဤ၌အဓိပတိဘေဒကိုမရ။

ရူပါဝစရကြိယာစိတ်ကိုပြခြင်း

ရူပါဝစရဝိပါက်စိတ်ကို ဝေဘန်ပြဆိုပြီးသည်၏ အခြားမဲ့၌ ယင်းနှင့် ဘုံတူ, အဗျာကတ ဓာတ်တူ, ဖြစ်သော ရူပါဝစရ ကြိယာစိတ်ကိုလည်း ဝိတက်စသော ဈာန်အင်္ဂါငါးပါးရှိသော ပဋ္ဌဂီကပဌမဈာန်၊ စသည်ဈာန်

အင်္ဂါတို့နှင့်ယှဉ်သော အပြားအားဖြင့် ငါးပါးပင်ဝေဘန်ပြဆိုသည်။ ဤရူပါဝစရကြိယာစိတ်၌လည်း၊ ဝိသဇ္ဇါဖြင့် ပေါင်းယူရေတွက်သောနည်းသည် ကုသိုလ်ကအတိုင်းပင်။ ကုသိုလ်ကြိယာ နှစ်ပါးလုံး၌ပင် အဓိပတိတို့ဖြင့်လည်း မြှောက်ပွါး ရေတွက်လေ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသောဈာန်, အာပေါကသိုဏ်းလျှင် အာရုံရှိသောဈာန်,စသည်ဖြင့် ရသင့်ရထိုက်သော ပညတ်အာရုံအပြားအားဖြင့်၎င်း၊ သန္တာန်,ကာလ,ဒေသ, စသော အပြား တို့ဖြင့်၎င်း မြှောက်ပွါး ရေတွက်သော် မရေတွက်နိုင်အောင်ပင်များလှစွာ၏။

အရူပါဝစရစိတ်ကိုပြခြင်း

အယုတ်အမြတ်စသော အစဉ်အားဖြင့် ပြထားအပ်သော မာတိကာ အစဉ်အတိုင်း ဥက္ကဋ္ဌဖြစ်သောမြတ်သော ရူပါဝစရစိတ်ကိုဝေဘန်ပြဆိုပြီးသည်၏အခြားမဲ့၌ ဥက္ကဋ္ဌတရဖြစ်သော အထူးသဖြင့် မြတ်သော အရူပါဝစရစိတ်ကို ဝေဘန်ပြဆိုသည်။ ထိုအရူပါဝစရစိတ်သည်လည်း အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သည်၏အဖြစ် စသော သာမညအားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း ဇာတိဘေဒ အားဖြင့် ကုသိုလ်, ဝိပါက်, ကြိယာ, ဟုသုံးပါးပြားသည်။ ထိုတွင် ဝိပါက်ကြိယာတို့အား ကုသိုလ်သာလျှင် ပဓာန ပုဗ္ဗင်္ဂမဖြစ်ရကား ကုသိုလ်ကို ရှေးဦးစွာ အာရုံအပြားဖြင့် လေးပါးဝေဘန်ပြဆိုသည်။ ထိုလေးပါးတွင် ရူပါဝစရစိတ်၌ကဲ့သို့ဖြစ်သောအစဉ် ရသောအစဉ်ဟူသော ပဝတ္တိက္ကမ အားဖြင့်၎င်း, ဟောတော်မူသောအစဉ် ဟူသော ဒေသနာက္ကမအားဖြင့်၎င်း, အာကာသာနဉ္စာယတန ကုသိုလ်စိတ်ကို ရှေးဦးပြသည်။ ထို့နောင် ဝိညာဏဉ္စာယတန ကုသိုလ်စိတ်ကို၊ ထို့နောင် အာကိဉ္စညာယတန ကုသိုလ်စိတ်ကို၊ထို့နောင် နေဝသညာနာသညာယတန ကုသိုလ်စိတ်ကိုပြသည်။ ဤအာကာသာနဉ္စာယတနကုသလစိတ္တံ ဟူရာ၌ အဘယ်သည် အာကာသမည်သနည်း ဟူမူ။ ကောင်းကင် ပညတ်သည် အာကာသ မည်သည် ဟူလေ။

[**ပရိစ္ဆိန္နာကာသ**, အဇဋာကာသ, ကသိဏုဂ္ဃာဋိမာကာသ, ဟူသော အာကာသ သုံးပါး တွင်ကား ဤအရာ၌ အာကာသ ကသိုဏ်းမှတပါး ပထဝီကသိုဏ်းစသော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါ၍ရအပ်သော ကောင်းကင်ပညတ်ဟူသော ကသိဏုဂ္ဃာဋိမာကာသကိုသာယူလေ။]

အာကာသာနဉ္စာယတနစိတ်ကိုပြခြင်း

အဘယ်ကြောင့်ကား ထိုကောင်းကင်သည် အာကာသမည်သနည်း ဟူမူ။ရေးခြစ်သော်လည်း ရေးခြစ်ရာ၌ အရေးအကြောင်းမထင်ကောင်း ရကား မရေးမခြစ်အပ်သောကြောင့် အာကာသမည်သည်ဟူလေ။

အာကာသာနန္တဟူသည် အဘယ်နည်း ဟူမူ။ ထိုကသိဏုဂ္ဃာဋိမဖြစ်သော ကောင်းကင်ပညတ်ပင်ဟူလေ။ ထိုကောင်းကင်သည် အာကာသ သာမမည်ဘဲ အဘယ်ကြောင့် အာကာသာနန္တ မည်လေသနည်း ဟူမူ။ ဥပါဒ်, ဌီ, ဘင်, ဟူသော အပိုင်းအခြားမရှိသောကြောင့် အာကာသာနန္တ မည်သည်ဟူလေ။ အာကာသာနဉ္စာယတနဟူသည် အဘယ်နည်းဟူမူ။ ထိုကောင်းကင်ပညတ်ပင်ဟူလေ။

အဘယ်ကြောင့် ထိုဥပါဒ် စသော အပိုင်းအခြား မရှိသော ကောင်းကင် ပညတ်သည် အာကာသာနန္တသာ မမည်မူ၍ အာကာသာနဉ္စာယ တန မည်လေသနည်းဟူမူ။ နတ်ကွန်း, နတ်နန်း, နတ်ဘုံဗိမာန်သည် နတ် တို့၏တည်ရာဖြစ်၍ ဒေဝါယတန မည်သကဲ့သို့ ထိုဥပါဒ် စသော အပိုင်း အခြားမရှိသော ကသိုဏ်းရုပ်ကိုခွါ၍ ရအပ်သော ကောင်းကင် ပညတ် သည်လည်း ဖဿ စသော သမ္ပယုတ်တရားတို့နှင့် တကွသော ဈာန်၏ တည်ရာဖြစ်သောကြောင့် အာကာသာနဉ္စာယတနမည်သည်ဟူလေ။

ထိုပြဆိုခဲ့သောသဘောရှိသောကောင်းကင်ပညတ်သာအာကာသာ နဉ္စာယတန မည်သလော ယင်းမှတပါးသော တရားသည် အာကာသာ နဉ္စာယတန မမည်ပြီလော ဟူမူ။ ထိုကောင်းကင် ပညတ်၌ အပ္ပနာသို့ ရောက်သော ထိုကောင်းကင်ပညတ်လျှင် အာရုံရှိသော ပဉ္စမအရူပ ဈာန်

သည်လည်း ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဈာန်သည် အကြောင်း အာရုံ၏ ပထဝီကသိဏဟူသော အမည်ကို အကျိုးအာရမ္မဏိက ဈာန်၌ တင်စား၍ ကာရဏူ ပစာရ အားဖြင့် ပထဝီကသိဏ မည်သကဲ့သို့ အကြောင်းအာရုံဖြစ်သော ကောင်းကင်ပညတ်၏ အာကာသာနဉ္စာယတန ဟူသောအမည်ကို ထိုကောင်းကင်ပညတ်လျှင် အာရုံရှိသော အကျိုးအာရမ္မဏိက ပဌမာ ရုပ္ပဈာန်၌ တင်စား၍ ကာရဏူပစာရ အားဖြင့် ပဌမာရုပ္ပဈာန်သည်လည်း အာကာသာနဉ္စာယတန မည်ပါသေး၏ဟူလေ။

ထိုပဌမာရုပ္ပ ဈာန်သည် ပြဆိုခဲ့သည့်အတိုင်း ဥပစာရ အားဖြင့်သာ အာကာသာနဉ္စာယတန မည်သည်မဟုတ်သေး ထိုကောင်းကင်ပညတ် အာရုံလျှင် တည်ရာရှိသောကြောင့် မုချအားဖြင့်လည်း အာကာသာနဉ္စာယတန မည်၏ ဟူလေ။ ပဌမာရုပ္ပ ကုသိုလ်စိတ်သည် အဘယ်ကြောင့် အာကာသာနဉ္စာယတန ကုသိုလ်စိတ် မည်လေသနည်း ဟူမူ။ အာကာ သကသိုဏ်းမှ တပါးသော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ဥပါဒ်ငြိဘင် ဟူသော အပိုင်းအခြားမှ ကင်းသော ကောင်း ကင်ပညတ် တည်းဟူသော အာရုံလျှင် တည်ရာရှိသော ဈာန်နှင့်ယှဉ် သော ကုသိုလ်စိတ် ဖြစ်သောကြောင့် အာကာသာနဉ္စာယတန ကုသိုလ် စိတ် မည်ပါသည် ဟူလေ။

ဝိညာဏဉ္စာယတနစိတ်ကိုပြခြင်း

ဝိညာဏဉ္စာယတနကုသလစိတ္တံ-၌ ဝိညာဏဟူသည် အဘယ်နည်း စိတ္တသဉ္ဇါ,မနသဉ္ဇါ,ဝိညာဏသဉ္ဇါ,တို့သည် စိတ်သာမညကို ဟောသော သဉ္ဇါချည်း ဖြစ်သောကြောင့် စိတ်သာမညကို ယူရအံ့လောဟူမူ။ ဤ၌ ဝိညာဏဟူသည် ပဌမာရုပ္ပကုသိုလ်စိတ်တည်း။ ဝိညာဏဖြင့် စိတ်သာ မန်ကိုမယူရ ပဌမာရုပ္ပ ဝိညာဏ်ကိုသာ ယူဟူလေ။ ဝိညာဏဉ္စ သဉ္ဇါ ကား မူလရင်း ဝိညာဏာနန္တ သဉ္ဇါကဖြစ်သော သဉ္ဇါဖြစ်၍ ဝိညာဏဉ္စ နှင့် ဝိညာဏာနန္တကား အတူတူပင်ဟု မှတ်လင့်ဦး။ ဝိညာဏာနန္တ ဟူ သည်လည်း ပဌမာရုပ္ပဝိညာဏ်ပင်ဖြစ်သည် အဘယ်ကြောင့် ပဌမာရုပ္ပ

ဝိညာဏ်သည် ဝိညာဏာနန္တ မည်ရသနည်း ထိုပဥ္စမာရုပ္ပဝိညာဏ်အား ဥပါဒ်ဋ္ဌီဘင်ဟူသော အပိုင်းအခြားရှိပါသည် မဟုတ်လော ကောင်းကင် နိဗ္ဗာန်တို့သည် ဥပါဒ်စသောအပိုင်းအခြားမရှိသောကြောင့် အနန္တ မည် သကဲ့သို့ ဥပါဒ် စသော အပိုင်းအခြား မရှိသောကြောင့်ပင် ဝိညာဏာ နန္တမည်လေသလော ဟူမူ။ ပဥ္စမာရုပ္ပ ဝိညာဏ်သည် ဥပါဒ်စသော အ ပိုင်းအခြား မရှိသည်မဟုတ် ရှိပါပေ၏။ ယင်းသို့ပင် ရှိသော်လည်း ဥပါဒ် စသော အပိုင်းအခြား မရှိသော ကောင်းကင် ပညတ် အာရုံ၌ ဖြစ်သော ကြောင့် ဖြစ်ရာအာရုံ၏ အနန္တဟူသော အမည်ကို အာရမ္မဏိက ဝိတ်၌ တင်စား၍ ဌာနူပစာရအားဖြင့် ပဥ္စမာရုပ္ပ ဝိညာဏ်သည်ပင် ဝိညာဏာ နန္တမည်သည် ဟူလေ။

အနန္တဖြစ်သော ကောင်းကင် ပညတ်အာရုံ၌ ဖြစ်သောကြောင့် ဌာနူ ပစာရအားဖြင့်သာ ဝိညာဏာနန္တမည်သည် မဟုတ်သေး။ မိမိဟူသော ပဥ္စမာရုပ္ပဝိညာဏ်ကို အာရုံပြု၍ဖြစ်သော ကာမာဝစရ ဉာဏသမ္ပယုတ် ဘာဝနာ၏ ထိုပဥ္စမာရုပ္ပဝိညာဏ်၏ ဥပါဒ်စသောအပိုင်းအခြားကို မယူ မူ၍ "အနန္တံ ဝိညာဏံ-အနန္တံ ဝိညာဏံ"ဟု အနန္တ အားဖြင့် နှံ့သည်၏ အစွမ်းဖြင့် ဖြစ်ခြင်း ကြောင့်လည်း ဝိညာဏာနန္တ မည်သည် ဟူလေ။ ထိုဝိညာဏာနန္တသည်ပင် သကတ္ထ၌ ဏျပစ္စည်းသက်၍ အာဒိဿကို အ ရဿပြု၍ နအက္ခရာကိုလည်းချေ၍ ဝိညာဏဉ္စမည်သည်။

တနည်းလည်း ဤဝိညာဏဉ္စသဒ္ဒါသည် ဝိညာဏာနန္တ သဒ္ဒါကဖြစ် သည်မဟုတ် ဝိညာဏဉ္စကို ဝိညာဏအာနဉ္စဟု ပုဒ်ဖြတ်၍ ဝိညာဏတ ပုဒ်,အာနဉ္စတပုဒ်, ယူသော်ကား ဝိညာဏအရကို ဒုတိယာရုပ္ပဝိညာဏ် ကိုယူ၊ဝိညာဏဉ္စအရကိုကား ပဥ္စမာရုပ္ပဝိညာဏ်ကိုပင်ယူ၊ထိုပဥ္စမာရုပ္ပ ဝိညာဏ်သည်ဤနည်း၌ ယခင်ပြဆိုခဲ့သော အကြောင်းတို့ကြောင့် ဝိညာ ဏဉ္စမည်သည်မဟုတ်၊ ဒုတိယာရုပ္ပ ဝိညာဏ်သည် အာရုံပြုသော အား ဖြင့် ရောက်အပ်သောကြောင့် ဝိညာဏဉ္စမည်သည် ဟူလေ။

နတ်တို့၏ တည်ရာ နတ်ကွန်းသည် ဒေဝါယတန မည်သကဲ့သို့ သမ္ပ ယုတ်တရားနှင့်တကွသောဒုတိယာရုပ္ပဈာန်၏တည်ရာဖြစ်၍ဝိညာဏဉ္စာ

ယတနမည်သော ပဌမာရုပ္ပဝိညာဏ်ဟူသော အာရုံ၏အမည်ကို ထိုပဌမာရုပ္ပ ဝိညာဏ်လျှင် အာရုံရှိသော ဒုတိယာရုပ္ပစျာန်၌ တင်စား၍ ဌာနူပစာရ အားဖြင့်ရင်း, ဝိညာဏဥ္စမည်သော ပဌမာရုပ္ပဝိညာဏ် ဟူသော မဟဂ္ဂုတ်အာရုံလျှင် တည်ရာရှိသည်ဖြစ်၍ မုချအားဖြင့်ရင်း,ဒုတိယာရုပ္ပစျာန်သည် ဝိညာဏဥ္စာ ယတနမည်၏။ ဒုတိယာရုပ္ပ ကုသိုလ်စိတ်သည် ဝိညာဏဥ္စာယတန စျာန်နှင့် ယှဉ်သော ကုသိုလ်စိတ် ဖြစ်သောကြောင့် ဝိညာဏဥ္စာယတန ကုသိုလ်စိတ်မည်၏။

အာကိဉ္စညာယတနစိတ်ကိုပြခြင်း

အာကိဉ္စညာယတန ကုသလစိတ္တံ-၌ အကိဉ္စန ဟူသည် ပဌမာ ရုပ္ပ ဝိညာဏ်ပင်တည်း။ ထိုပဌမာရုပ္ပ ဝိညာဏ်သည် ဖိုးစဉ်းအနည်းငယ်မျှ သော အကြွင်းအကျန် မရှိသောကြောင့် အကိဉ္စနမည်၏။ဖိုးစဉ်းအနည်း ငယ်သော အကြွင်းအကျန်မရှိသော ပဌမာရုပ္ပဝိညာဏ်ဟူရာ၌ ထိုပဌမာ ရုပ္ပဝိညာဏ်သည် ဥပါဒ်ဋ္ဌီဘင် ဟူသော ခဏတ္တယနှင့် ပြည့်စုံသော သ ဘာဝဓမ္မ တပါးပင်ဖြစ်ရကား ဖိုးစဉ်းအနည်းငယ်သော အကြွင်းအကျန် မရှိဆိုသော်လည်း စတုတ္ထာရုပ္ပစျာန်ကို ရှုနိုင်ရင်းသော သညာမရှိသော ကြောင့် သညာမရှိဟု ဆိုရသကဲ့သို့ ရှုနိုင်ရင်း ထင်ရှားသော သဘော အ ကြွင်းအကျန် မရှိသည်ကို ရည်၍သာဆိုသည်။ ထိုပဌမာရုပ္ပဝိညာဏ်၏ ဥပါဒ်ဋ္ဌီဘင်ခဏသုံးပါးဟူသော အကြွင်းအကျန်သော်ကား ရှိသေး၏ဟု မှတ်ရအံ့လောဟူမူ။ဥပါဒ်ဋ္ဌီဘင်ဟူသော ခဏသုံးပါးလုံး အကြွင်းရှိမည် ကို မဆိုထားဘိ အယုတ်ဆုံးအားဖြင့် ဘင်ခဏမျှသော်လည်း ဖြစ်သော အကြွင်းအကျန်သည် မရှိပြီဟူလေ။ဖိုးစဉ်းအနည်းငယ်သောအယုတ်သ ဖြင့် ဘင်ခဏမျှသော်လည်း အကြွင်းအကျန် မရှိသည်၏ အဖြစ်ဟူသော ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်သည် အာကိဉ္စ ညမည်၏။

နတ်တို့တည်ရာ ဗိမာန်သည် ဒေဝါယတန မည်သကဲ့သို့ သမ္ပယုတ် တရားနှင့် တကွသော တတိယာရုပ္ပစျာန်၏ တည်ရာဖြစ်၍ အာကိဉ္စညာ

ယတန မည်သော ပဌမာရုပ္ပ ဝိညာဏ်၏ မရှိခြင်း ဟူသော နတ္ထိဘော ပညတ်အာရုံ၌ အပ္ပနာသို့ရောက်သော တတိယာရုပ္ပဈာန်သည် ဌာနအာ ရုံ၏အမည်ကို ဌာနီအာရမ္မဏိက၌ တင်စား၍ ဌာနူပစာရ အားဖြင့်ဂုဏ်း။ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းနတ္ထိဘောပညတ် အာရုံဟူသော တည်ရာ ရှိသည်ဖြစ်၍ မုချအားဖြင့်ဂုဏ်း အာကိဉ္စညာယတနမည်၏။ တတိယာရုပ္ပ ကုသိုလ်စိတ်သည် ထိုပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘော ပညတ်လျှင် တည်ရာရှိသော ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်ဖြစ်သော ကြောင့် အာကိဉ္စညာယတန ကုသိုလ်စိတ်မည်၏။

နေဝသညာနာသညာယတနစိတ်ကိုပြခြင်း

နေဝသညာနာသညာယတနကုသလစိတ္တံ-၌ စတုတ္ထာရုပ္ပဈာန်သည် နေဝသညာနာသညာမည်၏။ ထိုစတုတ္ထာရုပ္ပဈာန်သည် အဘယ်ကြောင့် နေဝသညာနာသညာ မည်သနည်း ဟူမူ။ သညာမရှိသောကြောင့်ဂုဏ်း, သညာမရှိသည်လည်း မဟုတ်သောကြောင့်ဂုဏ်း, နေဝသညာနာသညာ မည်သည် ဟူလေ။ အဘယ်ကြောင့်ကား သညာမရှိဟု ဆိုရသနည်း၊ အဘယ် ကြောင့်ကား သညာ မရှိသည်လည်း မဟုတ်ဟု ဆိုရသနည်း ဟူမူ။ ရုန့်ရင်းသော သညာ မရှိသောကြောင့် သညာမရှိဟူ၍ သိမ်မွေ့ သော သညာကား ရှိသောကြောင့် သညာမရှိသည်လည်းမဟုတ် ဟူ၍ ဆိုရ လေသည် ဟူလေ။ ထိုစတုတ္ထာရုပ္ပ ဈာန်သည်ပင် ရုန့်ရင်းသော သညာမရှိ သိမ်မွေ့သော သညာ မရှိ သည်လည်း မဟုတ် အာယတန လည်း ဖြစ်သောကြောင့် နေဝသညာနာသညာယတနမည်၏။

ဤ၌ အာယတန သဒ္ဒါသည် အောက်ဈာန် သုံးပါးမှာကဲ့သို့ တည်ရာ သာမညာဂိုမဟော။ စက္ခာယတနစသည်ဟူရာ၌ကဲ့သို့ အာယတနကိုပင် ဟောသည်။ နေဝသညာနာသညာဖြစ်သော စတုတ္ထာရုပ္ပဈာန်သည် အာ ယတနလည်း ဖြစ်သည်ဟူ၏ ထိုစတုတ္ထာရုပ္ပ ဈာန်ဟူသည် ဥပေက္ခာ ဧကဂ္ဂတာ ဖြစ်ရကား ဓမ္မာယတန၌ အကျုံးဝင်သောကြောင့် အာယ တနဖြစ်သည် ဟူရအံ့လော ဟူမူ။

ဋီကာကျော်၌ ဩဠာရိကာယ သညာယ အဘာဝတော သုခုမာယစ သညာယ အတ္ထိတာယ နေဝဿ သသမ္ပယုတ္တဓမ္မဿ သညာ အတ္ထိ နာပိ အသညံ အဝိဇ္ဇမာနသညတ္တာ နေဝသညာနာသညံ။ စတုတ္ထာရုပ္ပဈာနံ။

ဟူ၍ နေဝသညာနာသညာဟူသော ပုဒ်၏ အရကို စတုတ္ထာရုပ္ပဈာန် ကိုသာ ကောက်ယူသော်လည်း အဿဟူသော အညပုဒ်၏အစွဲကို ဈာန် မှုကိုသာမစွဲဘဲ သသမ္ပယုတ္တ ဓမ္မဿ-ဟု သမ္ပယုတ် တရားနှင့် တကွစွဲ သောကြောင့်ရင်း။ ဩဠာရိကာယ သညာယ အဘာဝတော သုခုမာယစ ဘာဝတော နေဝဿ သသမ္ပယုတ္တဓမ္မဿ ဈာနဿ သညာ နာသညာတိ နေဝသညာနာသညံ-ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ၌လည်း။ အဿ၊ ဟူသော အညပုဒ် အစွဲကို သမ္ပယုတ်နှင့် တကွပင် စွဲသောကြောင့်ရင်း။ နေဝသညာ နာသညာ၏ အရကို ဈာန်မှုကိုသာ မကောက်မယူဘဲ သမ္ပယုတ်တရားနှင့်တကွ ကောက်ယူသင့်သည်။ ယင်းသို့သမ္ပယုတ်နှင့်တကွ ကောက်ယူသော် သမ္ပယုတ်တရားနှင့်တကွသော ဈာန်အနက် စတုတ္ထာရုပ္ပစိတ်သည် မနာယတန ရင်းစိတ်နှင့်ယှဉ်သော ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဟူသော ဈာန်သည်ရင်း။ ကြွင်းသော စေတသိက်နှစ်ဆဲ့ရှစ်ခုသည်ရင်း။ ဓမ္မာယတန မည်ရကား မနာယတန ဓမ္မာယတန၌ အကျုံး ဝင်သော ကြောင့် အာယတန ဖြစ်သည်ဟူလေ။ ထို့ကြောင့်ရင်း **အဋ္ဌသာလိနီ၌** နေဝသညာနာသညဉ္စတံ မနာယတနဓမ္မာယတနပရိယာပန္နတ္တာ အာယတနန္တိ နေဝသညာနာသညာယတနံ-ဟူ၍ရင်း။ **ဋီကာကျော်၌လည်း** နေဝသညာ နာသညမေဝ အာယတနံ မနာယတနဓမ္မာယတန ပရိယာပန္နတ္တာတိ နေဝသညာ နာသညာယတနံ-ဟူ၍ရင်း။ မနာယတန ဓမ္မာယတနနှစ်ပါး၌ အကျုံးဝင်ကြောင်းကို ဆိုတော်မူကုန်၏။

မဏိမဉ္ဇူသာ၌လည်း။ နနု စတုတ္ထာရုပ္ပဈာနဿ အဿာတိ အညပဒတ္ထ ဘာဝတော။ စတုတ္ထာရုပ္ပဈာနန္တိ စ တဿ ဝုတ္တတ္တာ ဓမ္မာယတနပရိယာ ပန္နတ္တာတိ ဧတ္တကမေဝ ဝတ္တဗ္ဗံ။ နမနာယတန ဓမ္မာယတနပရိယာပန္နတ္တာ တိ။ သစ္စံ။ သသမ္ပယုတ္တဓမ္မဿာတိ ဝုတ္တတ္တာ ပန ဈာနဿာပိ နေဝသညာ နာသညာဘာဝတော မနာယတနဓမ္မာယတနပရိယာပန္နတ္တာတိ ဝုတ္တံ။ ဝေဠု

ကတွာ အဋ္ဌသာလိနိယမ္ဟိ နေဝသညာနာသညဉ္စတံ မနာယတန ဓမ္မာယတန ပရိယာပန္နတ္တာ အာယတနဉ္စာတိ ဝုတ္တံ။ ။ဟု စိစစ်ပြဆိုတော်မူ၏။

ဩဠာရိကာယ၊ ရုန့်ရင်းသော။ သညာယ၊ သညာ၏။ အဘာဝတော စ၊ မရှိခြင်းကြောင့်ရင်း။ သုခုမာယ၊ သိမ်မွေ့သော။ သညာယ၊၏။ အတ္ထိ တာယစ၊ ရှိသည်၏အဖြစ်ကြောင့်ရင်း။ သသမ္ပယုတ္တဓမ္မဿ၊ သမ္ပယုတ် တရားနှင့်တကွသော။ အဿ၊ ထိုစတုတ္ထာရုပ္ပဈာန်အား။ သညာ၊ ရုန့်ရင်းသော သညာသည်။ နေဝအတ္ထိ၊ မရှိ။ အသညံ့အဝိဇ္ဇမာနသည်၊ သိမ်မွေ့သော သညာမရှိသည်လည်း။ နဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ ကြောင့်။ နေဝသညာနာသညံ၊ မည်၏။ စတုတ္ထာရုပ္ပဈာနံ၊ စတုတ္ထာရုပ္ပ ဈာန်ကိုရ၏။ အဋ္ဌသာလိနီပါဌ်လည်း ဤနည်းကိုမှီး၍ပေး။

စတုတ္ထာရုပ္ပဈာနဿ၊ စတုတ္ထာ ရုပ္ပဈာန်၏။ အဿာတိအညပဒတ္ထ ဘာဝတော၊အဿဟူသောအညပုဒ်၏အနက်၏အဖြစ်ကြောင့်။စတုတ္ထာ ရုပ္ပဈာနန္တိစ၊ စတုတ္ထာရုပ္ပဈာနံဟူ၍လည်း။ တဿ၊ထိုနေဝသညာနာသ ညာဟူသောပုဒ်အနက်ကို။ ဝုတ္တတ္တာ၊ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဓမ္မာ ယတနပရိယာပန္နတ္တာတိဧတ္ထကမေဝ၊ဓမ္မာယတနပရိယာပန္နတ္တာဟူသော ဤမျှသောစကားကိုသာလျှင်။ ဝတ္တဗ္ဗံနနု၊ ဆိုအပ်ဆိုသင့်ပါသည်မဟုတ် လော။ မနာယတနဓမ္မာယတနပရိယာပန္နတ္တာတိ။ တ္တာဟူသော စကား ကို။ နဝတ္တဗ္ဗံနနု၊မဆိုအပ်ပါသည်သာမဟုတ်လော။ ဣတိအယံ၊ဤသည် ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ သစ္စံ၊ နေဝသညာနာသည ပုဒ်အရ ကို စတုတ္ထာရုပ္ပဈာန်ကိုသာ ကောက်သည်ကိုထောက်သော် မနာယတ နနှင့်တကွ မနာယတနဓမ္မာယတန ပရိယာပန္နတ္တာဟု မဆိုသင့်သည်မှန် ၏။ သသမ္ပယုတ္တဓမ္မဿာတိဝုတ္တတ္တာပန၊ သသမ္ပယုတ္တဓမ္မဿ ဟူသော ဝိသေသနကိုဆိုအပ်သည်၏ အဖြစ်ကြောင့်မူကား။စိတ္တဿာပိ၊စတုတ္ထာ ရုပ္ပစိတ်၏လည်း။နေဝသညာ နာသညာဘာဝတော၊ နေဝသညာနာသည မည်သည်၏ အဖြစ်ကြောင့်။ မနာယတန ဓမ္မာယတန ပရိယာပန္နတ္တာတိ။ တ္တာဟူ၍။ ဝုတ္တံ၊ ဋီကာကျော်ဆရာဆိုအပ်၏။ ဧဝဉ္စကတွာ၊ ဤသို့သော အကြောင်းကြောင့်။ အဋ္ဌသာလိနိယမ္ဟိ၊အဋ္ဌသာလိနီအဋ္ဌကထာ၌လည်း။ နေဝ၊ လ၊ နဉ္စာတိ၊ နေဝ၊ လ၊ နဉ္စ ဟူ၍။ ဝုတ္တံ၊ ၏။

တနည်း‌လည်း။ နေဝသညာနာသညာဟူသည် ဈာန်မဟုတ်။သညာ စေတသိက်ပင်ဖြစ်သည်။ ထိုသညာ စေတသိက်သည် အဘယ်ကြောင့် နေဝသညာ အဘယ်ကြောင့်ကား နာသညာ မည်လေသနည်း ဟူမူ။ သညာမဟုတ်သောကြောင့် နေဝသညာမည်သည်။သညာမဟုတ်သည် လည်း မဟုတ်သောကြောင့် နာသညာမည်သည်ဟူလေ။

ဤစတုတ္ထာရုပ္ပဈာန်နှင့်ယှဉ်သော သညာသည် သညာ စေတသိက် ဖြစ်ပါလျက် အဘယ်ကြောင့် သညာမဟုတ်ဟု ဆိုရလေသနည်း ဟူမူ။ ထင်ရှားသော သညာကိစ္စကို ပြုခြင်းငှါ မစွမ်းနိုင်သောကြောင့် သညာ စေတသိက်ပင်ဖြစ်သော်လည်း သညာမဟုတ်ဟုဆိုရလေသည်ဟူလေ။

ဆိုအပ်ပြီးသော အကြောင်းကြောင့် သညာမဟုတ် ဆိုအပ်သည်ဟူ သော် သညာမဟုတ် ဟူ၍သာမဆိုဘဲ အဘယ်ကြောင့် သညာမဟုတ် သည်လည်း မဟုတ်ဟု ဆိုရပြန်လေသနည်းဟူမူ။ ထင်ရှားရှိသေးသော သညာဖြစ်သောကြောင့် သညာမဟုတ်သည်သာဟု ဧကန္တနိယမအား ဖြင့် မဆိုကောင်းရကား သညာမဟုတ်သည်လည်း မဟုတ်ဟုဆိုရလေ သည်ဟူလေ။

ထင်ရှားရှိသေးသော သညာဟူ၏ အဘယ်၏အဖြစ်ဖြင့် ထင်ရှားရှိသ နည်း အောက်အောက် ဈာန်တို့၌ သညာကဲ့သို့ ဩဠာရိက အဖြစ်ဖြင့်ပင် ထင်ရှားရှိလေသေးသလောဟူမူ။ ဩဠာရိကအဖြစ်ဖြင့် ထင်ရှားရှိသည် မဟုတ် ဩဠာရိကသင်္ခါရမှကြွင်းသော သိမ်မွေ့သောအဖြစ်ဖြင့်ထင်ရှား ရှိသည်ဟူလေ။

ထင်ရှားသော သညာကိစ္စကို ပြုခြင်းငှါမစွမ်းနိုင်ဟူရာ၌ သညာကိစ္စ ဟူသည် အဘယ်နည်း။ အဘယ်သို့ကား ထိုကိစ္စကိုပြုခြင်းငှါ မစွမ်းနိုင် သနည်းဟူမူ။အာရုံကို အမှတ်ပြု၍ သိခြင်းသည်၎င်း၊ အနိစ္စစသည်ဖြင့်ရှု သော ဝိပဿနာ၏ အာရုံ၏အဖြစ်သို့ရောက်၍ ငြီးငွေ့ခြင်းကို ဖြစ်စေခြင်း သည်၎င်း၊ သညာကိစ္စဖြစ်၏။ ရေအေးရေချမ်း၌ တည်သော တေဇော ဓာတ်သည် မိမိ၏ပူလောင်ခြင်းဟူသော ဒဟနကိစ္စကိုထင်စွာမပြုနိုင်သ ကဲ့သို့ ဤစတုတ္ထာရုပ္ပနှင့်ယှဉ်သောသညာသည်သဉ္ဇာနနကိစ္စကို ထင်စွာ ပြုခြင်းငှါမစွမ်းနိုင်။ တပါးသော ခန္ဓာတို့၌ အနိစ္စစသည်ဖြင့် သုံးသပ်ခြင်း

နှလုံးသွင်းခြင်းကိုမပြုဘဲ နေဝသညာနာသညာခန္ဓာတို့ကို အနိစ္စ စသည်ဖြင့် သုံးသပ်၍ သင်္ခါရတို့၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါသို့ ရောက်ခြင်းငှါ စွမ်းနိုင်သောရဟန်းမည်သည်မရှိ၊ သင်္ခါရတရားတို့ကို အနိစ္စစသည်ဖြင့် မပြတ်ရှုနေကြ ပကတိဝိပဿက ဖြစ်သော နက်နဲ ကြီးကျယ်သော ပညာရှိသော အရှင်သာရိပုတ္တရာ ကဲ့သို့သော တယောက်တလေမျှသောပုဂ္ဂိုလ်ထူးသည်သာ နိဗ္ဗိဒါသို့ ရောက်အောင်ရှုခြင်းငှါ စွမ်းနိုင်ရာ၏။ထိုသို့စွမ်းနိုင်ရာ၏ပင်ဆိုသော်လည်း ဤစတုတ္ထာရုပ္ပ တရားတို့သည် တပါးမှလာ၍မဖြစ်ဘဲ အကြောင်းအားလျော်စွာသာဖြစ်ကုန်၏။ဖြစ်ပြီး၍လည်းတပါးသို့ ပြောင်းလဲ၍မသွားဘဲ ကင်းချုပ်ပျက်ပျောက်ကုန်၏။ ဤသို့ ခန္ဓာတို့ကို အပေါင်းအားဖြင့် သုံးသပ်ခြင်း၏ အစွမ်းဖြင့်သာစွမ်းနိုင်သည်။အစဉ်အတိုင်း တပါးတပါးစီသော တရားအနှံ့ကို အနိစ္စ စသည်ဖြင့် ရှုသည်၏ အစွမ်းဖြင့် မစွမ်းနိုင်ကုန်။ ဤစတုတ္ထာရုပ္ပ သမာပတ်သည် သို့စဉ်ကလောကပင် နူးညံ့ သိမ်မွေ့ခြင်းသို့ ရောက်သော သမာပတ် ဖြစ်သောကြောင့် အောက်အောက်သမာပတ်တို့၌ရှိသောသညာသည် ဝိပဿနာ၏ အာရုံ၏အဖြစ်သို့ရောက်၍ငြီးငွေ့ခြင်းကိုပြုစွမ်းနိုင်သကဲ့သို့ဤစတုတ္ထာရုပ္ပသမာပတ်၌ ရှိသော သညာသည် ဝိပဿနာ၏ အာရုံ၏ အဖြစ်သို့ရောက်၍ ငြီးငွေ့ခြင်းကိစ္စကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်သည်ဟူလေ။

စတုတ္ထာရုပ္ပ၌ရှိသောသညာကိုဥပမာဖြင့်ပြခြင်း

ဤစတုတ္ထာ ရုပ္ပသမာပတ်၌ ရှိသော သညာကို သညာမဟုတ်ဟူ၍၎င်း, သညာမဟုတ်သည် မဟုတ်ဟူ၍၎င်း, ဆိုအပ်သည်ကိုအဘယ်သို့သော လောကူပမာဖြင့် သိအပ်ပါသနည်း ဟူမူ။ သပိတ်၌ သုတ်လိမ်းသောဆီဥပမာဖြင့် သိလေ။ တပည့် သာမဏေသည် သပိတ်ကို ဆီဖြင့် သုတ်လိမ်း၍ထား၏၊ ထိုသာမဏေကိုဆရာရဟန်းသည် ယာဂုသောက်ချိန်ကာလ၌ သာမဏေ သပိတ်ယူခဲ့ဟု ဆိုသည်ရှိသော် သပိတ်၌သုတ်လိမ်းသောဆီသည် အနည်းငယ်မျှဖြစ်၍ ယာဂုနှင့် ရောရှက်ခြင်းငှါမအပ်ပါ၊ သပိတ်၌ဆီရှိပါသည်ဟုလျှောက်၏။ ယင်းသို့ဆီရှိသော်ဆီကိုယူ

ခဲ့လော ဆီကျည်တောက်ပုလင်းကို ပြည့်စေအံ့ဟု ဆရာရဟန်းက ဆို ပြန်သော် ဆီကျည်ပုလင်းကို ပြည့်လောက်အောင် ဆီမရှိသောကြောင့် ဆီမရှိပါဟု လျှောက်ထားသကဲ့သို့မှတ်လေ။

ဤ၌ စတုတ္ထာရုပ္ပသမာပတ်သည် ဆီသုတ်သောသပိတ်နှင့်တူ၏။ ထို သမာပတ်၌ရှိသော သညာသည် သပိတ်၌သုတ်သော ဆီနှင့်တူ၏။ ပဋု သညာကိစ္စကို မပြုစွမ်းနိုင်သောကြောင့် ၎င်းသညာကို သညာမဟုတ် ဟု ဆိုရခြင်းသည် ပုလင်း ပြည့်လောက်အောင် သပိတ်၌ ဆီမရှိသော ကြောင့် ဆီမရှိပါဟုလျှောက်သည်နှင့်တူ၏။ ထိုသညာကိုသိမ်မွေ့သော သဘော အားဖြင့် ထင်ရှား ရှိသေး သောကြောင့် သညာ မဟုတ်သည် လည်းမဟုတ်ဟု ဆိုရခြင်းသည် သပိတ်၌ရှိသောဆီကို ယာဂုနှင့် ရော၍ မအပ်ခြင်းကြောင့် ဆီရှိပါသည်ဟု လျှောက်ခြင်းနှင့်တူ၏။ **ဤသို့ ဥပမာ ဥပမေယျ ဟပ်လေ။**

ခရီးလမ်း၌ရှိသော ရေဥပမာဖြင့်သိလေ။ ခရီးသွားသော မထေရ်၏ ရှေ့မှ သွားနှင့်သော သာမဏေသည် လမ်း၌ အနည်းငယ်သော ရေကို မြင်၍ အရှင်ဘုရား ရေရှိသည် ဖိနပ်ချွတ်တော်မူပါဟုလျှောက်ထား၍။ ယင်းသို့ရေရှိဘပြီးကား ရေသနုပ်ကိုယူခဲ့ ရေချိုးအံ့ဟု ဆိုသည်ရှိသော် ရေမရှိပါဟုလျှောက်သကဲ့သို့မှတ်လေ။ ဤ၌စတုတ္ထာရုပ္ပသမာပတ်သည် ရေရှိသောလမ်းနှင့်တူ၏။ ထိုသမာပတ်၌ရှိသော သညာသည် သိမ်မွေ့ သည့်၏အဖြစ်ဟူသော သဘောအားဖြင့် ထင်ရှားရှိသောကြောင့်သညာ မဟုတ်သည် မဟုတ်ဟုဆိုရခြင်းသည် ဖိနပ်ဝိုစွပ်လောက်ရုံမျှ လမ်း၌ ရေရှိသောကြောင့် ရေရှိပါသည်ဟု လျှောက်သည်နှင့်တူ၏၊ ပဋု သညာ ကိစ္စကို မပြုစွမ်းနိုင်သောကြောင့် သညာမဟုတ်ဟု ဆိုရခြင်းသည် ချိုး လောက်အောင် မရှိသောကြောင့် ရေမရှိပါဟု လျှောက်ထား သည်နှင့် တူ၏ဟုဟပ်လေ။

[နေဝသညာနာသညာယတန ဟူသည် အခြား မဟုတ် ထို သညာပင်ဖြစ်သည်။ ထိုသညာသည် အဘယ်ကြောင့်နေဝသညာ နာသညာသာ မဖြစ်ဘဲ အာယတနလည်း ဖြစ်လေသနည်း။ အာ

ယတနနှ၌ အကျုံးဝင်ခြင်းဟူသော အကြောင်းကြောင့်ပင် အာယ တန ဖြစ်လေ မည်လေသလော ဟူမူ။ အာယတနနှ၌ အကျုံးဝင် သောကြောင့်မဟုတ်။ မိမိဟူသော သညာမှကြွင်းသော သမ္ပ ယုတ်တရားနှင့် တကွသော ဈာန်၏တည်ရာ ဖြစ်သောကြောင့် အာယတနလည်း မည်သည် ဟူလေ။]

ဖဿဝေဒနာတို့ဖြင့်မမှတ်ပုံစသည်ကိုပြခြင်း

ဤစတုတ္ထာရုပ္ပဈာန်၌ သညာသော နေဝသညာ နာသညာ မည်သည် မဟုတ်သေး။ ဝေဒနာသည်လည်း နေဝဝေဒနာ နာဝေဒနာ၊ စိတ်သည် လည်း နေဝစိတ္တနာစိတ္တ၊ ဖဿသည်လည်း နေဝဖဿနာဖဿ၊ စသည် ဖြင့် သမ္ပယုတ်တရား အားလုံးပင် သညာကဲ့သို့သော သဘောရှိကြ ကုန် သည်သာတည်း။ သဘောချင်း အတူတူဖြစ်ပါလျက် ဝေဒနာ, ဖဿ, စ သည်တို့ဖြင့် နေဝဝေဒနာ နာဝေဒနာယတန,နေဝဖဿနာဖဿာယတန စသည်ဖြင့် တပါးသော တရားဖြင့် မမှတ်မူ၍ နေဝသညာ နာသညာ ယ တနဟု သညာဖြင့်သာ ဈာန်ကို မှတ်ခြင်းသည် ဥပလက္ခဏာ နိဒဿနမျှ သာဖြစ်၍ တပါးသော သမ္ပယုတ် တရား တခုခုဖြင့်လည်း မှတ်ကောင်း မှတ်သင့်သည် ချည်းသာဟု မှတ်လေ။ ရူပါဝစရ ဈာန်တို့သည် ရှေးရှေး ဈာန်၏ အင်္ဂါကို လွန်၍ရင်း,ရှေးရှေးဈာန်၏ ကသိုဏ်းစသော အာရုံကို ယူ၍ရင်း, ဖြစ်ကုန်သကဲ့သို့ အရူပဈာန် တို့သည်လည်း ရှေးရှေး ဈာန်၏ အင်္ဂါကိုလွန်၍ရင်း, ရှေးရှေးဈာန်၏ အာရုံကို ယူ၍ရင်း, ဖြစ်လေကုန်သ လောဟူမူ။ ဤအရူပဈာန်တို့သည် ရှေးရှေးဈာန်၏ အင်္ဂါကို လွန်၍ရင်း, ရှေးရှေးဈာန်၏ အာရုံကိုယူ၍ရင်း,မဖြစ်ကုန်။ စင်စစ်သော်ကား ရှေးရှေး ဈာန်၏ အာရုံကို လွန်သည်၏ အစွမ်းဖြင့်ရင်း,အသစ်အသစ်သော အာရုံ ကို ယူ၍သာရင်း, ဖြစ်ကုန်သည် ဟူလေ။

[**အဘယ်ကြောင့်** ဈာန်အင်္ဂါကိုလွန်သည်၏အစွမ်းဖြင့် မဖြစ် လေသနည်း ဟူမူ။ ရူပါဝစရ ပဉ္စမဈာန်၌ ဥပေက္ခာ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါနှစ်ပါးသာရှိသည်။ထိုတွင်တပါးပါးကို လွန်

ခဲ့သော် တပါးတည်းသာ ကျန်ခဲ့ရာသည်။ ဈာန်အင်္ဂါအပေါင်းကို သာလည်း ဈာန်ဟု ဆိုအပ်သည် ဖြစ်ရကား တပါး တည်းသည် ဈာန်မမည်ရာ ဈာန်ခေါ်စရာပင် မရှိ ဖြစ်ခဲ့ရာ သောကြောင့်ဝင်း၊ ဥပေက္ခာ, ဧကဂ္ဂတာ, တို့ကို ဩဠာရိက အားဖြင့် မရှု နှလုံးမပြု သောကြောင့်ဝင်း၊အင်္ဂါကိုလွန်သည်၏ အစွမ်းဖြင့်မဖြစ်။ရူပ ပဥ္စမဈာန်၌ကဲ့သို့ အရူပဈာန် လေးပါးလုံး၌ပင် ဥပေက္ခာ,ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါးစီသာ ရှိသည်ဟူလေ။]

ဆင့်ကဲဆင့်ကဲသိမ်မွေ့လွန်မြတ်ပုံကိုပြခြင်း

အရူပဈာန် လေးပါးလုံးပင် ဈာန်အင်္ဂါနှစ်ပါးစီချည်းသာရှိခဲ့သော် ထို အရူပသမာပတ်သည် ဥပေက္ခာ,ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါနှစ်ပါး ရှိသော ဒုဝင်္ဂိက ဈာန်၏ အဖြစ်ဖြင့် တပါးနှင့်တပါး ထူးခြားကွဲပြား မရှိ ရာသောကြောင့် ရူပ သမာပတ်၌ ဒုတိယဈာန် စသည်သည် ပဌမဈာန် စသည်၌ ရှိသော ဝိတက် စသော ရုန့်ရင်းသော အင်္ဂါကို ပယ်ခြင်း ကြောင့် ပဌမဈာန်စသည်ထက် ဒုတိယဈာန်စသည် တဆင့်ထက်တဆင့် သိမ်မွေ့မွန်မြတ် သာလွန်သကဲ့သို့ တပါးထက်တပါး သိမ်မွေ့သာလွန် မွန်မြတ်ခြင်းမရှိ အတူတူသာ ဖြစ်ခဲ့ရာသည်။ ယင်းသို့ တူခဲ့ကလည်း အ ထက်အထက် ဈာန်ကို ပွါးများ အားထုတ် ရခြင်းသည် အကျိုးမရှိရာပါ သည်သာ မဟုတ်လော ဟူမူ။ ထိုအရူပ သမာပတ် တို့သည် ဥပေက္ခာ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါး ရှိကြခြင်း တူငြားသော်လည်း အောက်အောက် သမာပတ်၌ရှိသော ဈာန်အင်္ဂါထက် အထက်အထက် သမာပတ်၌ ရှိသော ဈာန်အင်္ဂါသည် ဆင့်ကဲဆင့်ကဲ သိမ်မွေ့ သာလွန် မွန်မြတ်သည်ဖြစ်၍ အထက်အထက်ဈာန်ကိုရအောင် ပွါးများအားထုတ် ခြင်းသည် အကျိုးရှိပါ၏ ဟူလေ။

ဈာန်အင်္ဂါနှစ်ပါး ရှိကြခြင်းပင် တူသော်လည်း အောက်အောက် သ မာပတ်၌ရှိသော ဈာန်အင်္ဂါထက် အထက်အထက် သမာပတ်၌ရှိသော ဈာန်အင်္ဂါသည် ထူးခြားသာလွန် မွန်မြတ်သောဟူ၏။ ထိုသို့ဈာန်အင်္ဂါ

နှစ်ပါး ရှိကြခြင်း တူပါလျက် အထက်အထက် သမာပတ်၌ ရှိသောဈာန်အင်္ဂါ၏ အောက်အောက် သမာပတ်၌ရှိသော ဈာန်အင်္ဂါထက် သာ၍လွန်မွန်မြတ်ရာ၌ အဘယ်ကဲ့သို့သော ဥပမာကို သိအပ်သနည်း။ အဘယ်ဥပမာဖြင့် သိအပ်သနည်းဟူမူ။ ပြာသာဒ်အပြင်,ပုဆိုး,စသော ဥပမာသာဓကတို့ကို သိအပ်၏။ ထိုသို့သာ၍လွန် မွန်မြတ်သည် အဖြစ်ကို ပြာသာဒ်အပြင်ဥပမာ၊ပုဆိုးဥပမာတို့ဖြင့် သိလေ။

ပြာသာဒ်အပြင်ဥပမာကား ဘုံလေးဆင့်ရှိသောပြာသာဒ်၏ အောက်ဆုံးပဌမအပြင်၌ဖြစ်သော ကခြင်း,သီခြင်း, တီးမှုတ်ခြင်း,နတ်၌ ဖြစ်သော အလွန် မွှေးကြိုင်သော ရနံ့ရှိသော နံ့သာပန်း ကောင်းသော မြိန်မြတ်သော အရသာရှိသော အဖျော် ယမကာ သုခါ ဘောဇဉ် အဝတ် ပုဆိုး အိပ်ရာနေရာစသော မြတ်သော ငါးပါးသောကာမဂုဏ်တို့သည် ပြည့်စုံကုန်ရာ၏။ဒုတိယဘုံအပြင်၌ ထိုပဌမဘုံအပြင်၌ရှိသော ကာမဂုဏ်ထက် သာ၍လွန် ကောင်းမြတ်သော ကာမဂုဏ်တို့သည် ပြည့်စုံကုန်ရာ၏။တတိယ ဘုံအပြင်၌ကား ထိုဒုတိယ ဘုံအပြင်၌ ရှိသော ကာမဂုဏ်ထက်ပင် အလွန် ကောင်းမြတ် ကုန်ရာ၏။ စတုတ္ထ ဘုံအပြင်၌ကား ထိုအလုံးစုံတို့ထက် အလွန်အကျူး ထူးမြတ် ကောင်းမွန်သော ကာမဂုဏ် တို့သည် ပြည့်စုံကုန်ရာ၏။

ဤဥပမာ၌ အရူပသမာပတ် လေးခုသည် ဘုံလေးဆင့် ရှိသော ပြာသာဒ်၏ လေးထပ်သော ဘုံအပြင်နှင့်တူ၏။၎င်းသမာပတ် လေးပါးတို့၏ ဈာန်အင်္ဂါ နှစ်ပါး ရှိသော သမာပတ်၏ အဖြစ်ဖြင့် ထူးခြား ကွဲပြား မရှိ အတူတူသာဖြစ်ခြင်းသည် လေးခုသော ပြာသာဒ်အပြင်၏ ငါးပါးသော ကာမဂုဏ်နှင့် ပြည့်စုံသော ပြာသာဒ်အပြင်၏အဖြစ်ဖြင့် ထူးခြားကွဲပြား မရှိ အတူတူသာ ဖြစ်သည်နှင့်တူ၏။အောက်အောက်သမာပတ်၌ရှိသော ဈာန်အင်္ဂါထက် အထက်အထက် သမာပတ်၌ရှိသော ဈာန်အင်္ဂါ၏ ဆင့်ကဲ ဆင့်ကဲ တိုးတက် သာ၍လွန် မွန်မြတ် သိမ်မွေ့ ခြင်းသည် အောက်အောက် ပြာသာဒ် အပြင်၌ ပြည့်စုံသော ကာမဂုဏ်ထက် အထက်အထက် ပြာသာဒ်အပြင်၌ ပြည့်စုံသော ကာမဂုဏ်၏ ဆတက်ဆတက် သာ၍လွန် ကောင်းမြတ်ခြင်းနှင့်တူ၏။ ဘာဝနာ အထူးအားဖြင့် ရှေးရှေး

သမာပတ်ထက် လွန်မြတ်သော ဈာန်အင်္ဂါရှိသည်၏အဖြစ်ဖြင့် အောက်အောက် သမာပတ်ထက်၊အထက်အထက် သမာပတ်၏ လွန်ကဲထူးမြတ်သည်၏အဖြစ်သည် အောက်အောက် ပြာသာဒ်အပြင်ထက် အထက်အထက်ပြာသာဒ်အပြင်၏သာလွန်သော ကာမဂုဏ် ပြည့်စုံသည်၏အဖြစ်ဖြင့်လွန်ကဲထူးမြတ်ခြင်းနှင့်တူ၏ဟု ဥပမာဥပမေယျနှစ်ရပ်ကိုဟပ်လေ။

ပုဆိုးဥပမာကား တယောက်သောမိန်းမသည် ငင်အပ်သော ရှန့်ရင်းကြမ်းသောချည်ဖြင့် ရက်အပ်သော လေးပိုအချိန်စီးသောပုဆိုး။သိမ်မွေ့သော ချည်ဖြင့် ရက်အပ်သော သုံးပိုအချိန်စီးသောပုဆိုး။ အထူးသဖြင့် ချောမောသေးသွယ် သိမ်မွေ့သော ချည်ဖြင့် ရက်အပ်သော နှစ်ပိုအချိန်စီးသောပုဆိုး။အလွန်အကျူး အထူးသဖြင့် ချောမောသေးသွယ် သိမ်မွေ့လှသော ချည်ဖြင့် ရက်အပ်သော တပိုအချိန်စီးသောပုဆိုး ဟူကုန်သော အလျား အနံအားဖြင့် တူမျှသော ပမာဏ ရှိကုန်သော လေးထည်သော ပုဆိုးတို့သည် ရှိကုန်ရာ၏။ ထိုပုဆိုးတို့သည် အလျားအနံ ပမာဏအားဖြင့် အထူးအခြားမရှိ တူမျှကြသော်လည်း ကောင်းသောအတွေ့ရှိသည်၏အဖြစ် သိမ်မွေ့နူးညံ့ချောမောသည်၏အဖြစ်။အဘိုးအများထိုက်သည်၏အဖြစ်တို့ဖြင့် တထည်ထက်တထည် သာလွန် ထူးမြတ် ကုန်သကဲ့သို့ ထိုအရူပ သမာပတ်တို့သည်လည်း ဥပေက္ခာ,ဧကဂ္ဂတာ,ဟူသော ဈာန်အင်္ဂါနှစ်ပါး ရှိသည်၏ အဖြစ်ဖြင့် အထူးအခြားမရှိ တူကြ သော်လည်း ဘာဝနာအထူးအားဖြင့် အောက်အောက် သမာပတ်၌ရှိသော ဈာန်အင်္ဂါထက်၊ အထက်အထက် သမာပတ်၌ ရှိသော ဈာန်အင်္ဂါ၏ သာလွန်ထူးမြတ်သည်၏ အဖြစ်အားဖြင့် အောက်အောက် သမာပတ်ထက်၊ အထက်အထက် သမာပတ်သည် ထူးမြတ်သာလွန်သည် ဟူလေ။

အာရုံကိုလွန်ပုံနှင့်အာရုံပြုပုံကိုပြခြင်း

အရူပဈာန်တို့သည် ရှေးရှေးဈာန်၏ အာရုံကိုမယူ တထပ်တဖန်ပြန်၍အာရုံမပြု။ ထိုအာရုံကိုလွန်၍ အသစ်အသစ်သော အာရုံကိုသာ အာရုံ

ပြုသည် ဟူရာ၌ အဘယ် အာရုံကို လွန်၍ အဘယ် အာရုံကို အာရုံပြုသနည်း ဟူမူ။ ပဌမာရုပ္ပဈာန်သည် ရူပ ပဉ္စမဈာန်၏ အာရုံ ဖြစ်သော ကသိုဏ်း ပဋိဘာဂနိမိတ် အာရုံကိုလွန်၍ အာကာသ ကသိုဏ်းမှ တပါးသော ကသိုဏ်း ကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြုသည်။ ဒုတိယာရုပ္ပဈာန်သည် ထိုကသိဏုဂ္ဃါဋိမ ဖြစ်သော ကောင်းကင်ပညတ် အာရုံကို လွန်၍ ထိုကောင်းကင် ပညတ် အာရုံရှိသော ပဌမာရုပ္ပဝိညာဏ်ကို အာရုံပြုသည်။ တတိယာရုပ္ပသမာပတ်သည် ထိုပဌမာရုပ္ပ ဝိညာဏ် ဟူသော အာရုံကိုလွန်၍ ပဌမာရုပ္ပ ဝိညာဏ်၏ မရှိသည်၏ အဖြစ် ဟူသော နတ္ထိဘော ပညတ်ကို အာရုံပြုသည်။စတုတ္ထာရုပ္ပသမာပတ်သည် ထိုနတ္ထိဘောပညတ် အာရုံကိုလွန်၍ ထိုနတ္ထိဘောပညတ်လျှင် အာရုံရှိသော တတိယာရုပ္ပ ဝိညာဏ်ကို အာရုံပြုသည် ဟူလေ။

အရူပဈာန်စီးဖြန်းပုံကိုအကျဉ်းပြခြင်း။

ထိုအရူပဈာန်တို့ကို စီးဖြန်းပုံနှင့်တကွ အကျဉ်းမျှပြလိုက်ဦးအံ့။ ရူပါဝစရဈာန်ကို အကုန်ရပြီးသော ပုဂ္ဂိုလ်သည် သတ္တဝါတို့အား ရုပ်ရှိခြင်းကြောင့်သာလျှင် ထား,တုတ်,စသော လက်နက်ဖြင့် ခုတ်ဖြတ်သတ်ပုတ်ရိုက်နှက်ညှဉ်းဆဲခြင်း, ခိုက်ရန်ဖြစ်ပွါးခြင်း, စသော ဘေးရန်တို့ ရှိကုန်သည်။ရုပ်မရှိသော် ထိုဘေးရန်တို့ မရှိရာဟု ကရဇကာယ၌ အပြစ်ကြီးတခုဟု ရှုဆင်ခြင်၍ ငါရပြီးသော ရူပပဉ္စမဈာန်သည် ငါငြီးငွေ့စက်ဆုပ်သော ကသိုဏ်းရုပ်ကို အာရုံပြု၏။သုခတည်းဟူသော နီးသောရန်သူရှိ၏ဟု ရူပပဉ္စမဈာန်၌ အပြစ်ကိုရှု၍ အာကာသာနဉ္စာယတနဈာန်ကို ငြိမ်သက်သော အားဖြင့် နှလုံး သွင်း၍ အာကာသ ကသိုဏ်းမှ တပါးသော ကသိုဏ်းပဋိဘာဂနိမိတ် ကိုးပါးတွင် တပါးပါးကို အလိုရှိသော အပိုင်းအခြားအတိုင်းပွါးစေ၍ထိုကသိုဏ်းပဋိဘာဂနိမိတ်ကို “အနန္တော အာကာသော-အနန္တော အာကာသော”ဟူ၍၎င်း၊ “အာကာသော-အာကာသော”ဟူ၍၎င်း၊ အဖန်ဖန် နှလုံးသွင်းသည်ရှိသော် ကသိုဏ်း ပဋိဘာဂ,

နိမိတ် ကင်းပျောက်၍ ကောင်းကင် အတိသာ ထင်၏။ ထိုသို့ ထင်သော ကသိဏုဂ္ဃါဋိမဖြစ်သော ကောင်းကင်ပညတ်ကိုပင် အာကာသော အာကာသောဟု အဖန်တလဲလဲနှလုံးသွင်းသောပုဂ္ဂိုလ်အား ကသိဏ်း ကိုးပါးတွင် တပါးပါးကိုခွါ၍ ရအပ်သော ထိုကောင်းကင်ပညတ်ကိုပင် အာရုံပြု၍ အာကာသာနဉ္စာယတနဈာန်ဖြစ်သည်။

ကရဇရုပ်၌ အပြစ်ကို ရှုမြင်သော ပုဂ္ဂိုလ်သည် ကရဇ ရုပ်ကိုသာ မလွန်မူ၍အဘယ်ကြောင့်ကသိဏ်းရုပ်ကိုလွန်လိုသနည်းဟူမူ။ တန္ဆော, မြေဘုတ်, ကို ကြောက်တတ်သော ယောက်ျားသည် ညဥ့်အခါ မသွားလာ မလေ့ကျက် ဘူးသော အရပ်သို့ သွားသည် ရှိသော် ထန်းပင် ငုတ်စသည်ကို မြင်၍ တန္ဆော, မြေဘုတ်, ဟူသော အမှတ်ဖြင့် ကြောက်ရွံ့ ထိတ်လန့်သကဲ့သို့ ကရဇရုပ်၌အပြစ်ကိုမြင်၍ လွန်လိုသောပုဂ္ဂိုလ်သည် ထိုကရဇ ရုပ်နှင့် တူသောကြောင့် ထိုကသိဏ်း ရုပ်ကိုလည်း လွန်လိုသည်ဟူလေ။

[**ကသိဏ်းရုပ်ကိုခွါသည် ဟူရာ၌လည်း**။ ခင်းထားရာမှဖျာကို လိပ်၍ခွါ သကဲ့သို့ရင်း, မုံ့အိုးကင်းမှ မုံ့ကိုဆယ်ခွါ သကဲ့သို့ရင်း, ခွါသည်မဟုတ်။ ထိုကသိဏ်းရုပ်ကို မဆင်ခြင် နှလုံး မသွင်းဘဲ ထိုကသိဏ်းရုပ်ဖြင့် တွေ့ထိရာအရပ်ကို အာကာသောအာကာသောဟု နှလုံးသွင်းခြင်းသည်ပင် ခွါသည်မည်၏။]

အာကာသာနဉ္စာယတနဈာန်ကိုရပြီးသောပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနဈာန်ကို ရပြန်လိုသည်ရှိသော် ငါရသော အာကာသာနဉ္စာယတနဈာန်သည် ရူပပဉ္စမဈာန်တည်းဟူသော နီးသောရန်သူရှိ၏ဟုရင်းဈာန်၌ အပြစ်ကိုရှု၍ တပ်နှစ်သက်ခြင်းကိုစွန့်၍ ဝိညာဏဉ္စာယတန ဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ထိုပဌမာရုပ္ပဝိညာဏ်ကိုပင် "ဝိညာဏံအနန္တံ-ဝိညာဏံအနန္တံ" ဟု အဖန်တလဲလဲ နှလုံးသွင်းသည် ရှိသော် ဝိညာဏဉ္စာယတန ဈာန်သည် ကောင်းကင် ပညတ် အာရုံကို လွန်၍ အာကာသာနဉ္စာယတနပဌမာရုပ္ပဝိညာဏ်ကို အာရုံပြု၍ဖြစ်၏။

ဝိညာဏဉ္စာယတနဈာန်ကို ရပြီးသောပုဂ္ဂိုလ်သည် အာကိဉ္စညာယတနဈာန်ကိုရပြန်လိုသည်ရှိသော် ငါရပြီးသောဝိညာဏဉ္စာယတနဈာန်

သည့်အာကာသာနဉ္စာယတနဈာန်ဟူသော နီးသောရန်သူရှိ၏ဟု အပြစ်ရှု၍ ထိုဈာန်၌ နှစ်သက်ခြင်းကိုစွန့်ခွါ၍ အာကိဉ္စညာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ ပဌမာရုပ္ပဝိညာဏ် မရှိသည့်၏ အဖြစ်ဟူသော နတ္ထိဘောပညတ်ကိုအာရုံပြု၍ "နတ္ထိကိဉ္စိ-နတ္ထိကိဉ္စိ" ဟု အဖန်တလဲလဲ နှလုံးသွင်းသည်ရှိသော် အာကိဉ္စညာယတနဈာန်သည် ပဌမာရုပ္ပဝိညာဏ် ဟူသော မဟဂ္ဂုတ် အာရုံကိုလွန်၍ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ဖြစ်၏။

အာကိဉ္စညာယတန ဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် နေဝသညာနာသညာယတန ဈာန်ကို ရပြန်လိုသည်ရှိသော် ငါရပြီးသော အာကိဉ္စညာယတနဈာန်သည် ဝိညာဏဉ္စာယတန ဈာန်ဟူသော နီးသောရန်သူရှိ၏ဟု အပြစ်ရှု၍ ထိုဈာန်၌တပ်ခြင်းနိကန္တိကိုစွန့်ခွါ၍ နေဝသညာနာသညာယတနဈာန်ကို ငြိမ်သက်သော အားဖြင့် နှလုံးသွင်း၍ အာကိဉ္စညာယတနဈာန်ကိုပင် "သန္တမေတံ-ပဏီတမေတံ" ဟု အဖန်ဖန် နှလုံးသွင်းသည်ရှိသော် နေဝသညာနာသညာယတနဈာန်သည်ပဌမာရုပ္ပဝိညာဏ်၏မရှိခြင်းဟူသော နတ္ထိဘောပညတ်ကိုလွန်၍ အာကိဉ္စညာယတနတတိယာရုပ္ပမဟဂ္ဂုတ်အာရုံကိုအာရုံပြု၍ဖြစ်၏။

စတုတ္ထာရုပ္ပဈာန်ကို ရအောင်စီးဖြန်းသော ပုဂ္ဂိုလ်သည် "သန္တမေတံ-ပဏီတမေတံ" ဟု အာကိဉ္စညာယတန ဈာန်ကို ဤဈာန်ကား ငြိမ်သက်ကောင်းမြတ်၏ဟု အဖန်ဖန်နှလုံးထားလျက် အဘယ်ကြောင့် လွန်နိုင်လေသနည်း ဟူမူ။ ထိုသို့ပင် ချီးမွမ်း မြှောက်စား နှလုံးထား သော်လည်း ၎င်းအာကိဉ္စညာယတန ဈာန်ကို ဝင်စားခြင်း၌ အလိုမရှိသော ကြောင့် လွန်နိုင်လေသည် ဟူလေ။

ချီးမွမ်းလျက်အဘယ်ကြောင့်မဝင်စားလိုသနည်းဟူမူထိုအာကိဉ္စညာယတနဈာန်ထက်နေဝသညာ[illegible]သညာယတနဈာန်သည်ဆတက်အရာသာ[illegible]မက ငြိမ်သက်ကောင်းမြတ်လှသောကြောင့် မဝင်စားလိုသည် ဟူလေ။တိုင်းပြည်မြို့တော်ကို လှည့်လည်ကြည့်ရှုသော ပြည်ကြီးသေနင်းမင်းမြတ်သည် ဆန်းကြယ်ကောင်းမွန်စွာပွတ်ထုရေးသားသောပန်းပွတ်, ပန်းပု, ပန်းချီ, တို့ကို တွေ့မြင်သည်ရှိသော် ဆရာတို့ကား အလွန်

လိမ္မာ ကောင်းမွန် တတ်ပွန်လှပေစွ ဟု ချီးမွမ်း အံ့ဩ သော်လည်း ထို အတတ်ကို တတ်မြောက်သော အတတ်သည် တို့ထက်, မင်းအဖြစ်သာ လျှင် အလွန်မြတ်သောကြောင့် မင်းအဖြစ်ကို စွန့်ပစ်၍ ပန်းပွတ်ဆရာ၏ အဖြစ်စသည်ကို အလိုမရှိသကဲ့သို့မှတ်လေ။

နေဝသညာ နာသညာယတနစျာန်ကိုရအောင် စီးဖြန်းသော ပုဂ္ဂိုလ် သည် အာကိဉ္စညာယတနစျာန်ကို အပြစ်အားဖြင့် ရှုလျက် စတုတ္ထာရုပ္ပ ဝိညာဏ်သည် အဘယ်ကြောင့် ထိုတတိယာရုပ္ပဝိညာဏ်ကို အာရုံပြုရ ပြန်လေသနည်း ဟူမူ။ မစောင့်စည်းသော ကိုယ်, နှုတ်, နှလုံး, ရှိသော ကြမ်းကြုတ်ခက်ထန်သော ကိုယ်နှုတ်အမူအရာ ဗျာပါဒ အားကြီးသော ပြည့်ရှင်မင်းကြီးကို ဤမင်းကားကြမ်းကြုတ်ခက်ထန်၏ဟု အပြစ်ကိုမြင် သော်လည်း တပါးသောမင်း၌မှီ၍ အသက်မွေးကြောင်း စည်းစိမ်ဥစ္စာ ကို မရသည်ဖြစ်၍ အသက်မွေးရာ စည်းစိမ်ဥစ္စာ ဟူသော အကြောင်း ကြောင့် လူအပေါင်းသည် ထိုမင်းကြမ်းကိုသာ မှီရသကဲ့သို့ အာကိဉ္စ ညာယတနစျာန်သည် ဝိညာဏဉ္စာယတန စျာန်တည်းဟူသော နီးသော ရန်သူရှိ၏ဟု အပြစ်ကို မြင်ငြား သော်လည်း ၎င်းအာကိဉ္စညာယတန စျာန်မှတပါး အာရုံပြုရန် မရမရှိသောကြောင့် နေဝသညာနာသညာယ တန စတုတ္ထာရုပ္ပဝိညာဏ်သည် ထိုအာကိဉ္စညာယတန တတိယာရုပ္ပ ဝိညာဏ်ကိုပင် အာရုံပြုရပြန်လေသည် ဟူလေ။

ဥပမာတနည်းကား။ ရှည်စွာသော စောင်းတန်း လှေကားကို တက် သောသူသည် စောင်းတန်းလက်ရန်းကို ကိုင်သကဲ့သို့၎င်း, တောင်ထိပ် သို့တက်သော သူသည် မိမိဒူးကိုပင် လက်ထောက်၍ တက်သကဲ့သို့, စတုတ္ထာ ရုပ္ပဝိညာဏ်သည် တတိယာ ရုပ္ပဝိညာဏ်ကို အာရုံပြု၍ ဖြစ် သည်ဟူလေ။

လေးပါးသောအရူပစျာန်တို့၏ရှေးရှေးစျာန်၏အာရုံကိုမယူဘဲအသစ် အသစ်သော အာရုံကိုသာယူသည်၏အဖြစ်ကို ခရီးသွားယောကျ်ားလေး ယောက်တို့ဖြင့် နှိုင်းခိုင်းပုံဆောင်ရာ၏။ ခြေချစရာမရှိ မစင်အတိ ပြည့် သောအရပ်၌တခုသောမဏ္ဍပ်သည်ရှိရာ၏။ထိုအခါခရီးသွားယောကျ်ား

လေးယောက်တို့သည် အစဉ်အတိုင်း လာသည်ရှိသော် ရှေးဦးစွာသောသူသည် ထိုမစင်ကို ရှုံ့ရှာစက်ဆုပ်သောကြောင့် မဏ္ဍပ်ကိုလက်ဖြင့်ဆွဲကိုင်၍ ထိုမဏ္ဍပ်၌ ဆွဲထားအပ်သကဲ့သို့ တွဲလျားဆွဲကိုင်၍တည်၏။ ထို့နောင် နှစ်ကြိမ်မြောက် တယောက်လာပြန်၍ ထိုမဏ္ဍပ်၌ မဆွဲမကိုင်ဘဲ တွဲလျားဆွဲနေသောသူကိုသာ ဆွဲမှီကိုင်တွယ်၍တည်၏။ ထို့နောင် သုံးကြိမ်မြောက် တယောက်လာပြန်၍ မဏ္ဍပ်ပြင်သည် ရှိသော် ထိုသူတို့၏ ကျခြင်းမချွတ်ဖြစ်ရာသောကြောင့် ထိုသူနှစ်ယောက်တို့သည် မကောင်းသဖြင့်တည်ကုန်၏။ ငါမူကား မဏ္ဍပ်၏အပြင်၌သာ တည်ရပ်အံ့ဟု ကြံ၍ မဏ္ဍပ်၌ ဆွဲနေသောသူကို တွယ်မှီဆွဲကိုင်၍ တည်သော နှစ်ယောက်မြောက်လူကို.မမှီမတွယ်မူ၍ မဏ္ဍပ်၏ ပြင်ပ၌သာ ရပ်နေ၏။ ထို့နောင် လေးကြိမ်မြောက် တယောက်လာပြန်၍ မဏ္ဍပ်၌ဆွဲကိုင်သောသူ၏၎င်း, ထိုသူ၌ဆွဲကိုင်တွယ်မှီသောသူ၏၎င်း, ဘေးမကင်းသည်၏အဖြစ်ကိုကြံ၍ ပြင်ပ၌တည်သော သူကိုကား ကောင်းစွာ တည်၏ဟုသိ၍ ထိုပြင်ပ၌တည်သောသူကို မှီကပ်တည်နေ၏။

ဉပမာ၌ ရူပပဉ္စမဈာန်၏ အာရုံဖြစ်သော ကသိုဏ်း ပဋိဘာဂနိမိတ်ကို မစင်ကဲ့သို့မှတ်။ ကသိုဏ်းကိုးပါးတွင် တပါးပါးကိုခွါ၍ရအပ်သော ကောင်းကင် ပညတ်ကို မစင်အတိပြည့်သောအရပ်၌ မဏ္ဍပ်ကဲ့သို့မှတ်။ ကသိုဏ်းရုပ်ကို စက်ဆုပ်သောကြောင့် ကသိုဏ်းကို ခွါ၍ရအပ်သော ကောင်းကင် ပညတ်ကို အာရုံပြုသော ပဌမာရုပ္ပဝိညာဏ်ကို မစင်ကို စက်ဆုပ် သောကြောင့် မဏ္ဍပ်၌ တွဲလျား ဆွဲနေသော သူကဲ့သို့မှတ်။ ကောင်းကင်ပညတ်ကို အာရုံမပြုဘဲ ထိုကောင်းကင် ပညတ်လျှင် အာရုံရှိသော အာကာသာနဉ္စာယတန စိတ်ကို အာရုံပြုသော ဝိညာဏဉ္စာယတနဈာန်ကို မဏ္ဍပ်၌ မဆွဲမကိုင်မူ၍ မဏ္ဍပ်၌တွဲလျားဆွဲနေသောသူကိုသာ ဆွဲမှီသောသူကဲ့သို့မှတ်။ အာကာသာနဉ္စာယတနဝိညာဏ်ကို အာရုံမပြုမူ၍ ထိုဝိညာဏ်၏ မရှိခြင်း နတ္ထိဘော ပညတ်ကို အာရုံပြုသော တတိယာရုပ္ပဝိညာဏ်ကို ထိုမဏ္ဍပ်ကို ဆွဲနေသောသူ၌ ဆွဲမှီတွယ်နေသောသူကို မမှီမူ၍ ပြင်ပအရပ်၌ တည်နေသော သူကဲ့သို့မှတ်။ ထိုနတ္ထိဘောပညတ်ကို အာရုံပြုသော တတိယာရုပ္ပဝိညာဏ်ကို အာရုံပြုသော

စတုတ္ထာရုပ္ပဝိညာဏ်ကို မဈာန်မှပြင်ပအရပ်၌ တည်နေသောသူကိုမှီ၍ တည်နေသောသူကဲ့သို့မှတ်လေ။

အရူပကုသိုလ်စိတ်သည် ဥပေက္ခာ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် ယှဉ်သည်၏ အဖြစ်ဖြင့် တပါးတည်းသာ ဖြစ်သော်လည်း အတိက္ကမိတဗ္ဗဖြစ်သော လွန်အပ်သောကသိုဏ်းပဋိဘာဂနိမိတ်အာရုံ, ထိုကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင် ပညတ်အာရုံ, ပဌမာရုပ္ပဝိညာဏ် ဟူသော မဟဂ္ဂုတ်အာရုံ, ထိုပဌမာရုပ္ပ ဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်အာရုံ, တို့၏အပြားအားဖြင့်ငင်း,အာလမ္ဗိတဗ္ဗဖြစ်သော အာရုံပြုအပ်သောကသိုဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါ၍ရအပ်သော ကောင်းကင်ပညတ်အာရုံ,ပဌမာရုပ္ပဝိညာဏ်ဟူသော မဟဂ္ဂုတ်အာရုံ, ထိုပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်အာရုံ,တတိယာရုပ္ပဝိညာဏ် ဟူသော မဟဂ္ဂုတ် အာရုံတို့၏ အပြား အားဖြင့်ငင်း, လေးပါးပြား၏။ ထိုတွင် တပါးပါးသည်ပင် ပဋိပဒါဘေဒ အားဖြင့် ဒုက္ခပဋိပဒါဒန္ဓာဘိညာဈာန်,ဒုက္ခပဋိပဒါခိပ္ပါဘိညာဈာန်, သုခပဋိပဒါဒန္ဓာဘိညာဈာန်,သုခပဋိပဒါ ခိပ္ပါဘိညာဈာန်ဟု လေးပါးစီပြား၏။ အာရမ္မဏာဘေဒ အားဖြင့်လည်း ပရိတ္တပရိတ္တာရမ္မဏာဈာန်,ပရိတ္တအပ္ပမာဏာရမ္မဏာဈာန်, အပ္ပမာဏပရိတ္တာရမ္မဏာဈာန်, အပ္ပမာဏအပ္ပမာဏာရမ္မဏာဈာန်၊ ဟု လေးပါးစီပင်ပြား၏။ အာရုံပဋိပဒါအရော ဖြစ်သော အာရမ္မဏပဋိပဒါ မိဿကဘေဒအားဖြင့်ကား။ဒုက္ခပဋိပဒါဒန္ဓာဘိညာ ပရိတ္တပရိတ္တာရမ္မဏာဈာန်,ဒုက္ခပဋိပဒါ ခိပ္ပါဘိညာပရိတ္တပရိတ္တာရမ္မဏာဈာန်, သုခပဋိပဒါ ဒန္ဓာဘိညာ ပရိတ္တ ပရိတ္တာရမ္မဏာဈာန်,သုခပဋိပဒါခိပ္ပါဘိညာ ပရိတ္တပရိတ္တာရမ္မဏာဈာန်,စသည်ဖြင့် တဆဲ့ခြောက်ပါးစီပြား၏။ ပဌမာရုပ္ပ၌သုဒ္ဓတပါး,ပဋိပဒါဘေဒအားဖြင့် လေးပါး,အာရမ္မဏာဘေဒအားဖြင့် လေးပါး, အာရမ္မဏပဋိပဒါ မိဿကဘေဒအားဖြင့် တဆဲ့ခြောက်ပါးဖြစ်၍ ပဌမာရုပ္ပ ကုသိုလ်နှစ်ဆဲ့ငါးပါး,ထို့အတူဒုတိယာရုပ္ပကုသိုလ် နှစ်ဆဲ့ငါးပါး,တတိယာရုပ္ပကုသိုလ်နှစ်ဆဲ့ငါးပါး, စတုတ္ထာရုပ္ပ ကုသိုလ် နှစ်ဆဲ့ငါးပါး အားဖြင့် အရူပကုသိုလ်စိတ်တရာ, ဤသို့အစရှိသော အပြားတို့ကို ဋ္ဌမာနိစတ္တာရိ ဝိ-ဟူသော နိဂုမ်း၌ ပိသဒ္ဒါဖြင့် ပေါင်းယူရေတွက်လေ။

အာရုပ္ပလေးပါး၌ပဋိပဒါအပြားကိုပြခြင်း

ပဌမာရုပ္ပဈာန်သည်။ ရူပပဥ္စမဈာန်နှင့် တစ်နှစ်သက်ခြင်း နိကန္တိကို ငြိုငြင်ပင်ပန်းစွာ ခွါရခြင်းကြောင့် ဒုက္ခပဋိပဒါ, လွယ်လင့်တကူ ခွါနိုင်ခြင်းကြောင့် သုခပဋိပဒါ, နိကန္တိကိုစွန့်ခွါပြီးနောက်ကြာမြင့်မှဖြစ်သောကြောင့် ဒန္ဓာဘိည, စွန့်ခွါပြီးနောက်မကြာမတင်လျင်စွာဖြစ်ခြင်းကြောင့် ခိပ္ပါဘိညဖြစ်သည်။ ကျဉ်းသောကသိုဏ်း ပဋိဘာဂနိမိတ်ကိုခွါ၍ရအပ်သော ကောင်းကင်ပညတ်၌ ဖြစ်ခြင်းကြောင့် ပရိတ္တာရမ္မဏ, ကျယ်ပြန့်သောကသိုဏ်း ပဋိဘာဂနိမိတ်ကိုခွါ၍ ရအပ်သောကောင်းကင်ပညတ်လျှင် အာရုံရှိခြင်းကြောင့် အပ္ပမာဏာရမ္မဏဖြစ်သည်။

ဒုတိယာရုပ္ပဈာန်သည်။ ပဌမာရုပ္ပဈာန်နှင့် တစ်နှစ်သက်ခြင်း နိကန္တိကို ငြိုငြင်ပင်ပန်းစွာ စွန့်ခွါရခြင်းကြောင့် ဒုက္ခပဋိပဒါ, လွယ်လင့်တကူ စွန့်ခွါ နိုင်ခြင်းကြောင့် သုခပဋိပဒါ ဖြစ်သည်, ဒန္ဓာဘိည, ခိပ္ပါဘိညဖြစ်ကြောင်းမှာ ပဌမာရုပ္ပ၌ ပြဆိုခဲ့သည့်အတိုင်း နောက်ဈာန်တို့၌လည်း သိလေ။ ကျဉ်းသော ကသိုဏ်းရုပ်ကိုခွါ၍ ရအပ်သောကောင်းကင်ပညတ်လျှင် အာရုံရှိသော ပဌမာရုပ္ပဝိညာဏ်၌ ဖြစ်ခြင်းကြောင့် ပရိတ္တာရမ္မဏ ကျယ်ပြန့်သော ကသိုဏ်းရုပ်ကိုခွါ၍ ရအပ်သော ကောင်းကင် ပညတ်အာရုံ၌ဖြစ်သော ပဌမာရုပ္ပဝိညာဏ်၌ ဖြစ်ခြင်းကြောင့် အပ္ပမာဏာရမ္မဏဖြစ်သည်။ တတိယာရုပ္ပ စတုတ္ထာရုပ္ပတို့၌ ပဋိပဒါ ပြားကြောင်းကိုလည်းထိုက်သည့်အားလျော်စွာသိလေ။

တတိယာရုပ္ပဈာန်၌။ ကျဉ်းသော ကသိုဏ်းရုပ်ကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်လျှင် အာရုံရှိသော ပဌမာရုပ္ပဝိညာဏ်၏မရှိခြင်း ဟူသောနတ္ထိဘာဝပညတ်၌ဖြစ်ခြင်းကြောင့် ပရိတ္တာရမ္မဏ, ကျယ်ပြန့်သော ကသိုဏ်းရုပ်ကိုခွါ၍ရအပ်သော ကောင်းကင်ပညတ်လျှင် အာရုံရှိသော ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်၌ ဖြစ်ခြင်းကြောင့် အပ္ပမာဏာရမ္မဏဖြစ်သည်။

စတုတ္ထာရုပ္ပဈာန်၌လည်း။ ကျဉ်းသော ကသိုဏ်းရုပ်ကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်လျှင် အာရုံရှိသော ပဌမာရုပ္ပဝိညာဏ်၏ မရှိ

ခြင်း နတ္ထိဘောပညတ်အာရုံ၌ဖြစ်သော တတိယာရုပ္ပဝိညာဏ်၌ဖြစ်ခြင်း ကြောင့်ပရိတ္တာရမ္မဏ, ကျယ်ပြန့်သောကသိုဏ်းရုပ်ကိုခွါ၍ရအပ်သော ကောင်းကင် ပညတ်လျှင် အာရုံရှိသော ပဌမာရုပ္ပ ဝိညာဏ်၏ မရှိခြင်း နတ္ထိဘော ပညတ်လျှင် အာရုံရှိသော တတိယာရုပ္ပ ဝိညာဏ်၌ ဖြစ်ခြင်း ကြောင့် အပ္ပမာဏာရမ္မဏဖြစ်သည်ကို သိလေ။

အရူပဝိပါက်ကြိယာတို့ကိုပြခြင်း

ကြေးမုံပြင်၌ရှေးရှုတည်သော တန်ဆာဆင်အပ်သောမင်း၏ ကြေးမုံ ပြင်၌ ထင်သောအရိပ်သည် ထိုမင်းနှင့် တူသည်သာဖြစ်သကဲ့သို့ အရူပ ကုသိုလ်ကြောင့်ဖြစ်သော အရူပဝိပါက်သည်လည်း ၎င်းကုသိုလ်နှင့် တူ သည်သာဖြစ်သောကြောင့် အရူပဝိပါက်သည် ၎င်းကုသိုလ်နှင့် ကောင်း ကင်ပညတ်လျှင် ကောင်းကင်ပညတ်ချင်း စသည်၊ ဒုက္ခပဋိပဒါလျှင်ဒုက္ခ ပဋိပဒါချင်း စသည်၊ ဒန္ဓာဘိညာလျှင်ဒန္ဓာဘိညာချင်း စသည်၊ ပရိတ္တာရမ္မ ဏလျှင်ပရိတ္တာရမ္မဏချင်း စသည်ဖြင့် တူကြ၏။

အရူပကြိယာသည်လည်း ၎င်းကုသိုလ်နှင့် အာရုံပဋိပဒါ စသည်ဖြင့် တူ၏။ ထို့ကြောင့် ဝိပါက်ကြိယာ တို့၌လည်း ကုသိုလ်၌ကဲ့သို့ ဝိသဇ္ဇ ဖြင့်ပေါင်းယူရေတွက်ရာ၌ တရာစိပင်ရေတွက်လေ။ ကုသိုလ် ဝိပါက် ကြိယာ သုံးပါးကို ပေါင်းသော် သုံးရာဖြစ်၏။ ထိုတွင် တပါးတပါးသည် ဟီန, မဇ္ဈိမ, ပဏီတ, အားဖြင့် သုံးပါးစီ ပြားကောင်း ရကား ၎င်းသုံးရာ ကိုသုံးချန့်နှင့် မြှောက်ပွါးသော် ကိုးရာဖြစ်၏။ သန္တာန်ကာလ စသည်ဖြင့် မြှောက်ပွါးသော် မရေတွက်နိုင်အောင်ပင်များလှစွာ၏ဟုမှတ်လေ။

လောကုတ္တရာစိတ်ကိုပြခြင်း

ဟီန, ဥက္ကဋ္ဌ, ဥက္ကဋ္ဌတရ, ဥက္ကဋ္ဌတမ, အစဉ်အားဖြင့် ကာမာဝစရ, ရူပါဝစရ, စသည်ဖြင့် မာတိကာဥဒ္ဒေသ ပြထား ခဲ့သည့်အား လျော်စွာ ကာမ, ရူပ, အရူပ, စိတ်တို့ကို ဝေဘန်ပြဆိုပြီး၍ လောကုတ္တရာ စိတ်ကို ဝေဘန်ပြဆိုသည်။ ထိုလောကုတ္တရာစိတ်သည် အာသဝေါ တရားတို့၏

အာရုံမဟုတ်သည့်၏အဖြစ်ဖြင့် ဥပါဒါနက္ခန္ဓာဟူသော လောကမှထွက်မြောက်သည့်၏အဖြစ် စသော အကြောင်းကြောင့် လောကုတ္တရာ မည်သော သာမညာ အားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း ကုသိုလ်ဝိပါက်ဟု ဇာတိဘေဒအားဖြင့် နှစ်ပါးပြားရကား ကုသိုလ်သည်ဝိပါက်၏အကြောင်းဖြစ်၍၊ အကြောင်းအကျိုး နှစ်ပါးတွင်လည်း အကြောင်းကိုရှေးဦးစွာ ပြဆိုသင့်သည့်အတိုင်း ကုသိုလ်ကိုရှေးဦးစွာပြသည်။ ထိုကုသိုလ်သည် သာမညာ အားဖြင့် တပါးတည်း ဖြစ်သော်လည်း လေးပါးသောမဂ် အပြားအားဖြင့် သောတာပတ္တိမဂ်နှင့် ယှဉ်သောစိတ် စသည်ဖြင့် လေးပါးပြားသည်။ ထိုလေးပါးတွင် ကျင့်စဉ်ဖြစ်သော ပဋိပတ္တိက္ကမအားဖြင့်ငှင်း, ဖြစ်သော အစဉ်ဖြစ်သော ပဝတ္တိက္ကမ အားဖြင့်ငှင်း, ဟောတော်မူသောအစဉ် ဟူသော ဒေသနာက္ကမ အားဖြင့်ငှင်း,သောတာပတ္တိမဂ်စိတ်ကစ၍ အစဉ်အတိုင်း။

၁။ သောတာပတ္တိနှင့် ယှဉ်သောစိတ်။
၂။ သကဒါဂါမိမဂ်နှင့် ယှဉ်သောစိတ်။
၃။ အနာဂါမိမဂ်နှင့် ယှဉ်သောစိတ်။
၄။ အရဟတ္တမဂ်နှင့် ယှဉ်သောစိတ်ဟု လေးပါးအပြားအားဖြင့်ဝေဘန်ပြဆိုသည်။

မဂ်စိတ်လေးပါးကိုပြခြင်း

သောတာပတ္တိမဂ္ဂစိတ္တံ၌ သောတဟူသည် အဘယ်နည်းဟူမူ။အဋ္ဌင်္ဂိက အရိယမဂ် ဟူလေ။ ထိုအဋ္ဌင်္ဂိက အရိယ မဂ်သည် အဘယ်ကြောင့် သောတ မည်သနည်းဟူမူ နိဗ္ဗာန်သို့ ရှေးရှုအာရုံပြုသော အားဖြင့် ကပ်တတ်သောကြောင့် သောတမည်သည် ဟူလေ။

တနည်းသည်း။ နိမ့်ရှိုင်းချိုင့်ဝှမ်းရာသို့ စီးသွားတတ်၍ သောတမည်သော ရေအယဉ်နှင့်တူသောကြောင့် သောတမည်သည်ဟူလေ။

အဘယ်သို့ ရေအယဉ်နှင့် တူသနည်း ဟူမူ။ ရေအယဉ်သည် မဟာ

သမုဒ္ဒရာ၌ စီးဝင်သောအားဖြင့် ညွတ်သကဲ့သို့ နိဗ္ဗာန်၌ အာရုံပြုသော အားဖြင့် ညွတ်တတ်သည်ဖြစ်၍ တူသည်ဟူလေ။

နိဗ္ဗာန်သည် မဟာသမုဒ္ဒရာနှင့်တူ၏ အဘယ်ကဲ့သို့ တူသနည်းဟူမူ။ မဟာသမုဒ္ဒရာသည် မိကျောင်း, မကန်း, ငါး, လိပ်, စသည်တို့၏ တည် နေရာ ဖြစ်သကဲ့သို့ နိဗ္ဗာန်သည် အရိယာပုဂ္ဂိုလ်တို့သည် သန္တိကိရိယာ ဘိသမယ အားဖြင့် မျက်မှောက်ပြုအပ်သောကြောင့် ထိုအရိယာပုဂ္ဂိုလ် တို့၏တည် နေရာဖြစ်၏။ သမုဒ္ဒရာသည် ရွှေ, ငွေ, ပုလဲ, စသော ရတနာ အပေါင်းတို့၏ တည်ရာ ဖြစ်သကဲ့သို့ နိဗ္ဗာန်သည်လည်း ဗောဓိပက္ခိယ တရားတို့၏အာရုံဖြစ်၍။ထိုသုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားရတ နာတို့၏တည်ရာဖြစ်၏။ ဤသို့တူသည်ဟူလေ။

ပဌမမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏ ဒုတိယမဂ် စသည်သို့ရောက်ခြင်းမှ ရှေးအတို့ ဖြစ်သောကာလ၌ ထိုသို့သောတမည်သော အရိယမဂ်သို့ရောက်ခြင်းသည် သောတာပတ္တိမည်၏။ ရှေးဦးစွာ မဂ်သို့ရောက်သောဟူသည်လည်း ထို မဂ်နှင့် ရှေးဦးစွာ ပြည့်စုံခြင်းပင်။ မဂ္ဂစိတ္တံ ဟူရာ၌လည်း မဂ်ကိုအာရုံပြု သောစိတ် စသည်မဟုတ်။ ဝါ၊ မဂ်ပင်စိတ်မဟုတ်။ မြင်းကသော မြင်းရ ထားကို မြင်းရထားဟူသကဲ့သို့ မဂ်နှင့်ယှဉ်သောစိတ်ဖြစ်၍ မဂ်စိတ်မည် သည်။ မဂ္ဂဟူသည်လည်း အဋ္ဌင်္ဂိကအရိယမဂ်တည်း။ ထိုအဋ္ဌင်္ဂိက အရိ ယမဂ်သည် အာရုံပြုသည်၏ အစွမ်းဖြင့် နိဗ္ဗာန်ကို ရှာမှီးတတ်သည်၏အ ဖြစ်ကြောင့်၎င်း, နိဗ္ဗာန်ကိုအလိုရှိသော ပုဂ္ဂိုလ်တို့သည် ရှာမှီးအပ်သည် ၏အဖြစ်ကြောင့်၎င်း, ကိလေသာဟူသောရန်သူတို့ကိုပယ်သတ်၍နိဗ္ဗာန် သို့ သွားရောက် တတ်သည်၏ အဖြစ်ကြောင့်၎င်း, မဂ္ဂမည်၏။ အာရုံပြု သောအားဖြင့် နိဗ္ဗာန်သို့ ရှေ့ရှုကပ်တတ်သော အရိယမဂ်သို့ ရှေးဦးစွာ ရောက်ခြင်းဖြင့်၊ ဝါ၊ ရောက်ခြင်းကြောင့်ရအပ်သော မဂ်နှင့် ယှဉ်သော စိတ်သည် သောတာပတ္တိမဂ်စိတ်မည်၏။

တနည်း။ နိဗ္ဗာန်ကို အာရုံပြုသော အားဖြင့် ညွတ်တတ်သည် ဖြစ်၍ မဟာသမုဒ္ဒရာသို့ စီးဝင်သောအားဖြင့် ညွတ်တတ်သော ရေအယဉ်နှင့် တူသောကြောင့် သောတမည်သော အရိယမဂ်သို့ရှေးဦးစွာ ရောက်ခြင်း

ကြောင့် ရအပ်သော အရိယမဂ်နှင့် ယှဉ်သောစိတ်သည် သောတာပတ္တိ မဂ်စိတ်မည်၏။

တနည်းလည်း။ အာရုံပြုသော အားဖြင့် နိဗ္ဗာန်သို့ ရှေးရှု ကပ်တတ်သောအရိယမဂ်သို့ ရှေးဦးစွာရောက်ခြင်းရှိသောပုဂ္ဂိုလ်သည် သောတာပတ္တိမည်၏။ ထိုပုဂ္ဂိုလ်၏မဂ်သည် သောတာပတ္တိမဂ် မည်၏။ ထိုမဂ်နှင့် ယှဉ်သောစိတ်သည် သောတာပတ္တိမဂ်စိတ်မည်၏။

သကဒါဂါမိ ပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သော စိတ်သည် သကဒါဂါမိ မဂ်စိတ် မည်၏။ သောတာပန် ပုဂ္ဂိုလ်၏ မဂ်နှင့် ယှဉ်သော စိတ်သည် သောတာပတ္တိ မဂ်စိတ် မည်သည် ဟူရာ၌ အရိယ မဂ်သို့ ရှေးဦးစွာ ရောက်ခြင်း ရှိသောကြောင့် သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် သာ သောတာပတ္တိ မည်သည် ဖြစ်၍ ပဌမ မဂ်သည်လည်း ထိုသောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၏ မဂ်ဖြစ်ရကား ပဌမ မဂ်ကို သောတာပန် ပုဂ္ဂိုလ်၏ မဂ်ဟုဆိုသင့် ဆိုထိုက်လှ၏။ ဤသကဒါဂါမိ၏ မဂ်နှင့်ယှဉ်သော စိတ်သည် သကဒါဂါမိမဂ်စိတ် မည်သည် ဟူရာ၌ကား။ သကိံ ဧကဝါရံ ပဋိသန္ဓိဝသေန ဣမံ မနုဿလောကံ အာဂစ္ဆတီတိ သကဒါဂါမိ-ဟူသည်နှင့် အညီ ပဋိသန္ဓေ၏ အစွမ်းဖြင့် ဤလူ့ဘုံသို့ တလှည့်တခေါက် တကြိမ် လာရောက်သော ပုဂ္ဂိုလ်သည်သာ သကဒါဂါမိ မည်ရကား မဂ်စိတ်ဟူကလည်း တကြိမ်တည်းသာ ဖြစ်မြဲ ဖြစ်သည်။ ထိုမဂ္ဂစိတ္တက္ခဏ သမင်္ဂီ အခိုက် ဖြစ်သော ပုဂ္ဂိုလ်သည် သာလည်း မဂ္ဂဋ္ဌာန် မည်သည်ဖြစ်၍ မဂ္ဂသမင်္ဂီဖြစ်သော ပုဂ္ဂိုလ်၏ ပဋိသန္ဓေအားဖြင့် ဤလူ့ဘုံသို့ တကြိမ် လာခြင်း မဖြစ်ကောင်း သောကြောင့် ဒုတိယ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည် သကဒါဂါမိမမည်။ ဒုတိယ ဖလဋ္ဌာန် ပုဂ္ဂိုလ်၏သာ ပဋိသန္ဓေအားဖြင့် ဤလူ့ဘုံသို့တကြိမ်လာခြင်း ဖြစ်ရာသောကြောင့် ဒုတိယ ဖလဋ္ဌာန် ပုဂ္ဂိုလ်သည်သာ သကဒါဂါမိ မည်သည်။ ထိုသို့ ဖလဋ္ဌာန် ပုဂ္ဂိုလ်သာ သကဒါဂါမိ မည်၍ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည် သကဒါဂါမိ မမည် သောကြောင့် ဒုတိယမဂ်ကို သကဒါဂါမိ ပုဂ္ဂိုလ်၏ မဂ်ဟု မဆိုသင့်ရာ ပါသည် မဟုတ်လော ဟူမူ။ အကယ်၍ပင် ဒုတိယ ဖလဋ္ဌာန် ပုဂ္ဂိုလ်သာ သကဒါဂါမိမည်၍ ဒုတိယ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည် သကဒါ

ဂါမိ မမည်သော်လည်း ဒုတိယမဂ်ကို သကဒါဂါမိပုဂ္ဂိုလ်၏ မဂ်ဟုဆို အပ်၏ ဟူလေ။

ဒုတိယမဂ်ကို သကဒါဂါမိပုဂ္ဂိုလ်၏ မဂ်ဟု ဆိုအပ်၏ဟု ဆို၏။ပဌမ မဂ်ကို မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ သောတာပတ္တိမဂ်ဟု ဆိုအပ်သကဲ့သို့ ဒုတိယ မဂ်ကိုလည်း မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ပင် သကဒါဂါမိမဂ်ဟု ဆိုအပ်လေသလော ဟူမူ။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ ဆိုအပ်သည်မဟုတ် ဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ ဆိုအပ်သည် ဟူလေ။ အဘယ်ကြောင့်ကား ဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြင့် အထူးပြုရလေသနည်း ဟူမူ။ ဒုတိယမဂ်သည် ဒုတိယဖလဋ္ဌာန်၌ဖြစ်သော ဖိုလ်၏အကြောင်းဖြစ်သောကြောင့် အထူးပြုသည် ဟူလေ။ ဖိုလ်၏အကြောင်းဖြစ်၏ ဟူသည်လည်း ထိုဒုတိယ ဖလဋ္ဌာန် ပုဂ္ဂိုလ်၏ ဖိုလ်သို့မရောက်မီ ရှေ့အဘို့ အနန္တရကာလ၌ဖြစ်သော ထိုဖိုလ်၏ နိဗ္ဗတ္တကဇနက အကြောင်းဖြစ်သည် ဟူလေ။

ဒုတိယမဂ်ကို သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဂ်မဟုတ်ပါဘဲလျက်ကို အဘယ် အကျိုး၌ါ ၎င်းဖလဋ္ဌာန် ပုဂ္ဂိုလ်ဖြင့် အထူးပြုရ လေသနည်း ဟူမူ။ အကယ်၍ မဂ္ဂစိတ္တံဟု သာမန်သာ ဆိုသည်ဖြစ်အံ့ မဂ္ဂသဒ္ဒါ၏ မဂ်လေးပါးလုံးနှင့် ဆက်ဆံရကား ဤအရာ၌အဘယ်မဂ်ကို ဆိုလေသနည်းဟု သံသယ ပသင် ္ဇိဟ မကင်း ရှိရာသည်။ သကဒါဂါမိ မဂ္ဂစိတ္တံဟု ဖလဋ္ဌာန်ဖြင့် အထူးပြု၍ ဆိုသော်ကား ပဌမမဂ်,တတိယမဂ်,စတုတ္ထမဂ်, မဟုတ် ဒုတိယမဂ်တည်းဟု သိသာထင်ရှားသောကြောင့် ထိုဒုတိယမဂ်ကို ပဌမ, တတိယ, စတုတ္ထ, ဖြစ်သော တပါးသော မဂ်တို့မှ ပိုင်းခြားသိသာ ထင်လင်းစွာ ပြရခြင်းအကျိုး၌ါ အထူးပြုပါသည် ဟူလေ။

ဤသကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဂ်ဟုဆိုရာ၌ သကဒါဂါမိပုဂ္ဂိုလ်အရကို လူ့ဘုံ၌ သကဒါဂါမိမဂ်ကိုရ၍ လူ့ဘုံ၌ပင် သကဒါဂါမိ အဖြစ်ဖြင့် တကြိမ် ပဋိသန္ဓေနေ၍ သကဒါဂါမိမဂ်ကို ရသောဘဝမှ အနန္တရ ဒုတိယဖြစ်သော ထိုဘဝ၌ပင် အစဉ်အတိုင်း အရဟတ္တဖိုလ်ကို ရ၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော "ဣဓပတ္တာ ဣဓပရိနိဗ္ဗာယီပုဂ္ဂိုလ်" ကာမာဝစရနတ်ဘုံ၌ သကဒါဂါမိမဂ်ကိုရ၍ ၎င်းနတ်ဘုံ၌ပင် သကဒါဂါမိအဖြစ်ဖြင့် တကြိမ်ပဋိသန္ဓေနေ၍ ထိုဘဝ၌ အရဟတ္တဖိုလ်သို့ ရောက်၍ ကိလေသ

ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သော "တတ္ထပရိနိဗ္ဗာယီ တတ္ထ ပရိနိဗ္ဗာယိ ပုဂ္ဂိုလ်"လူ့ဘုံ၌ သကဒါဂါမိမဂ်ကိုရ၍ သကဒါဂါမိ အဖြစ်ဖြင့်ပင် ကာမာဝစရ နတ်ဘုံ၌ တကြိမ်ပဋိသန္ဓေနေ၍ ၎င်းဘဝ၌ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော "ဣဓပတွာ တတ္ထ ပရိနိဗ္ဗာယိ ပုဂ္ဂိုလ်"ကာမာဝစရ နတ်ဘုံ၌ သကဒါဂါမိမဂ်ကိုရ၍ သကဒါဂါမိ၏ အဖြစ်ဖြင့်ပင် လူ့ဘုံ၌တကြိမ်ပဋိသန္ဓေနေ၍၎င်းဘဝ၌ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော "တတ္ထပတွာဣဓပရိနိဗ္ဗာယိပုဂ္ဂိုလ်" လူ့ဘုံ၌ သကဒါဂါမိမဂ်ကိုရ၍ သကဒါဂါမိ အဖြစ်ဖြင့်ပင် ကာမာဝစရ နတ်ဘုံ၌ တကြိမ်ပဋိသန္ဓေနေ၍ တဖန်လူ့ဘုံ၌ တကြိမ်ဖြစ်ပြန်မှ ၎င်းဘဝ၌ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော "ဣဓပတွာ တတ္ထနိဗ္ဗတ္တိတွာ ဣဓပရိနိဗ္ဗာယိပုဂ္ဂိုလ်" ဟူသော သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်ငါးယောက်တို့တွင် ငါးယောက်မြောက် ဖြစ်သော ပုဂ္ဂိုလ်သည်သာ လူ့ဘုံ၌ သကဒါဂါမိမဂ်ကိုရ၍၊ ကာမာဝစရနတ်ဘုံ၌ တကြိမ်ပဋိသန္ဓေနေပြီးမှ သကဒါဂါမိအဖြစ်ဖြင့် လူ့ဘုံသို့တဖန် တခေါက်တကြိမ် ပဋိသန္ဓေအားဖြင့် လာရောက်ခြင်း ဖြစ်သင့်ရကား၊ ၎င်းပဉ္စမ ပုဂ္ဂိုလ်ကိုသာယူဟု **ဋီကာကျော်၌ဆို၏**။

[**အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏** မဂ်နှင့်ယှဉ်သောစိတ်ကိုပြဆိုသောအရာ၌ အနက်အဓိပ္ပါယ်ကိုလည်း သကဒါဂါမိမဂ်စိတ်၌ပြဆိုခဲ့ပြီးသော နည်းကို မှီ၍သိလေ။ စတုတ္ထ ဖလဋ္ဌာန် ဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်ဟူသော အရဟတ္တဖိုလ်၏ အကြောင်း ဖြစ်သော စတုတ္ထမဂ်နှင့် ယှဉ်သောစိတ်သည် အရဟတ္တမဂ်စိတ် မည်၏။]

လောကုတ္တရာ ကုသိုလ်စိတ်သည် လောကုတ္တရာကုသိုလ်၏ အဖြစ်ဖြင့် သာမညတပါးတည်းသာ ဖြစ်သော်လည်း သောတာပတ္တိမဂ် အစရှိသော အင်္ဂါကအရိယမဂ်၏ လေးပါးအပြားရှိသည်၏ အဖြစ်ကြောင့် ထိုမဂ်နှင့်ယှဉ်သော အပြားအားဖြင့် လေးပါးပြားလေသည် သောတာပတ္တိမဂ်အစရှိသော အင်္ဂါကအရိယမဂ်သည် လေးပါး အပြားရှိသည် ဟူ၏။

သောတာပတ္တိမဂ်ဟူသည် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော မဂ္ဂင်ရှစ်ပါး ဖြစ်သည်။ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်ဟူသည်လည်း ၎င်းမဂ္ဂင်ရှစ်ပါးပင် ဖြစ်ရကား မဂ်တပါးနှင့်တပါးကွဲပြားမရှိ မဂ္ဂင် တရားကိုယ် ရှစ်ပါး အဖြစ်ဖြင့် အတူတူသာ ဖြစ်ပါသည် မဟုတ်လော။ ထိုသို့အတူတူ ဖြစ်ကလည်း မဂ်သည် လေးပါးမပြားရာပါ မဂ်လေးပါး မပြားကလည်း လေးပါးသော မဂ်တို့နှင့် ယှဉ်သော အပြားအားဖြင့် လောကုတ္တရာကုသိုလ်စိတ် လေးပါးပြားသည်မဖြစ်သင့်သည်သာ မဟုတ်ပါလောဟူမူ။ မဂ္ဂင်တရားကိုယ်ရှစ်ပါး၏အဖြစ်ဖြင့်တူသော်လည်း သံယောဇဉ်ကို ပယ်ခြင်းကိစ္စမတူ ထူးခြား ကွဲပြားသောကြောင့် သံယောဇဉ်ကိုပယ်ခြင်းကိစ္စ၏အစွမ်း အထူးအားဖြင့် မဂ်သည် လေးပါးပြား၏။ ထိုသို့မဂ်လေးပါး ပြားရကား ၎င်းမဂ်လေးပါးနှင့် ယှဉ်သော အပြားအားဖြင့် ၎င်းကုသိုလ်စိတ်သည်လည်း လေးပါး ပြားသင့်ပါ၏ဟူလေ။

မဂ်သည်သံယောဇဉ်ပယ်ပုံကိုပြခြင်း

အဘယ်မဂ်သည် အဘယ်သံယောဇဉ်ကို အဘယ်သို့ပယ်၍အဘယ်သို့ သံယောဇဉ်ကို ပယ်ခြင်းကိစ္စအထူးဖြစ်လေသနည်းဟူမူ။

၁။ သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ သံယောဇဉ်, တို့ကိုမကြွင်းမကျန်စေရအကုန်အစင် ပယ်သည်။

၂။ သကဒါဂါမိမဂ်သည် ကြမ်းတန်း ရုန့်ရင်းသော ပဝတ္တိအကျိုးကိုဖြစ်စေနိုင်သော ကာမရာဂ ဗျာပါဒ သံယောဇဉ်, တို့ကို၊ ပါးကျဲ အားနည်းသည့်၏ အဖြစ်သို့ ရောက်စေသော အားဖြင့် ပယ်သည်။

၃။ အနာဂါမိမဂ်သည် သကဒါဂါမိမဂ်ပယ်၍ ကြွင်းကျန်သော ထိုကာမရာဂဗျာပါဒတို့ကိုပင် ကုန်စင်ကြွင်းမဲ့ပယ်သည်။

၄။ အရဟတ္တမဂ်သည် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ သံယောဇဉ်, တို့ကို ကုန်စင်ကြွင်းမဲ့ပယ်သည်။

ဤသို့မဂ်လေးပါးတို့၏ အစဉ်အတိုင်း ထိုက်သည့်အားလျော်စွာ မိမိတို့သီးသန့်ကန့်ကွက် ပယ်ဖျက်သင့်သော သံယောဇဉ်တို့ကို ပယ်သော အားဖြင့်၊ သံယောဇဉ်ကို ပယ်ခြင်းကိစ္စထူးလေသည် ဟူလေ။

[**လေးပါးသောမဂ်တို့၏**။ သံယောဇဉ်ကိုပယ်ခြင်းကိစ္စသည် အဘယ်ကြောင့် ထူးလေသနည်းဟူမူ။ မဂ်တို့၏ တပါးနှင့်တပါး စွမ်းအား သတ္တိမတူ ထူးခြား ကွဲပြားသော အစွမ်း အာနုဘော်ရှိသည်၏အဖြစ်ကြောင့် ပယ်ခြင်းကိစ္စထူးသည် ဟူလေ။]

အဘယ်ကြောင့်ကား ထိုမဂ်တို့သည် မတူထူးခြားကွဲပြားသော စွမ်းရည်သတ္တိအာနုဘော် ရှိရသေသနည်း ဟူမူ။ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, ဟူသောငါးပါးသောဣန္ဒြေတို့၏ မထက်လွန်းသည်၏အဖြစ်, ထက်သည်၏အဖြစ်, အထူးသဖြင့် ထက်သည်၏ အဖြစ်, အလွန်အထူးသဖြင့် ထက်သည်၏ အဖြစ်တို့ဖြင့် ပြားသောကြောင့် ထူးခြားကွဲပြားသော သတ္တိရှိသည်ဟူလေ။

တနည်းသည်း။ ထိုက်သည့်အားလျော်စွာ လေးပါးသော မဂ်ဉာဏ်ဟုဆိုအပ်သော အနညာတညဿာမိတိန္ဒြေ,အညိန္ဒြေ,တို့၏မထက်လွန်းသည်, ထက်သည်, အထူးသဖြင့်ထက်သည်, အလွန်အထူးသဖြင့် ထက်သည်, ၏ အဖြစ်ဖြင့် ပြားသောကြောင့် ပြားသောသတ္တိရှိသည် ဟူလေ။ သောတာပတ္တိ မဂ်ဉာဏ် ဖြစ်သော အနညာတညဿာမိတိန္ဒြေထက် သကဒါဂါမိ မဂ်ဉာဏ် ဖြစ်သော အညိန္ဒြေထက်သည်၊ ထိုထက် အနာဂါမိ မဂ်ဉာဏ်ဖြစ်သော အညိန္ဒြေထက်သည် ထိုထက်ပင်အရဟတ္တမဂ်ဉာဏ် ဖြစ်သော အညိန္ဒြေထက်သည်ဟူလို။

မဂ်တို့၏သစ္စာကိုသိပုံကိလေသာကိုပယ်ပုံတို့ကိုပြခြင်း.

လေးပါးသောမဂ်တို့၏ သစ္စာလေးပါးတို့ကို သိဟန်မြင်ဟန် ကိလေသာတို့ကိုပယ်ဟန်စသည်တို့ကို အဋ္ဌသာလိနီအဋ္ဌကထာ၌လာသည်ကို

ယူ၍ မဂ္ဂဝီထိဖြစ်ပုံအမြွက်နှင့်တကွ အကျဉ်းအားဖြင့် ပြဆိုဦးအံ့။တေဘု မက သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ,ဟု အဖန်ဖန် ဝိပဿနာ ရှုသော ပုဂ္ဂိုလ်အား မဂ္ဂဝီထိ ဖြစ်ရာ၌ တိက္ခပညာ ပုဂ္ဂိုလ်အား အနုလုံဇော နှစ်ကြိမ် သုံးကြိမ်မြောက် ဂေါတြဘူ၊ လေးကြိမ်မြောက် မဂ်ဇောတကြိမ် ထို့နောင် ဖိုလ်ဇော လေးကြိမ် ဖြစ်၍ ဘဝင်ကျ၏။ မဇ္ဈိမပညာ ပုဂ္ဂိုလ်အား အနုလုံဇောသုံးကြိမ် လေးကြိမ်မြောက် ဂေါတြဘူငါးကြိမ်မြောက် မဂ်ဇောတကြိမ် ထို့နောင် ဖိုလ်ဇောနှစ်ကြိမ်ဖြစ်၍ ဘဝင်ကျ၏။မန္ဒပညာ ပုဂ္ဂိုလ်အား အနုလုံဇောလေးကြိမ် ငါးကြိမ်မြောက်ဂေါတြဘူခြောက်ကြိမ်မြောက် မဂ်ဇောတကြိမ် ထို့နောင်ဖိုလ်ဇောတကြိမ်ဖြစ်၍ ဘဝင်ကျ၏။

ထိုသုံးယောက်တွင် ဤ၌ မဇ္ဈိမပညာပုဂ္ဂိုလ်၏ အစွမ်းဖြင့်ပြအံ့။ တေဘူမက သင်္ခါရကို အနိစ္စ စသည်ဖြင့် အဖန်ဖန် ရှုသော ပုဂ္ဂိုလ်အား မဂ္ဂဝီထိဖြစ်လိုသည် ရှိသော် မနောဒွါရာဝဇ္ဇန်းစိတ်သည် ဝိပဿနာ၏ အာရုံဖြစ်သော တေဘူမကခန္ဓာကို အာရုံပြု၍ ဘဝင်ကိုနှစ်စေလည်စေ၏၊ထို့နောင် ထိုမနောဒွါရာဝဇ္ဇန်းသည် ယူအပ်သော ခန္ဓာကိုပင် အာရုံပြု၍ ပဌမအနုလုံဇောသည် အနိစ္စဟူ၍သော်၎င်း,ဒုက္ခဟူ၍သော်၎င်း,အနတ္တဟူ၍ သော်၎င်း, ရှုသော အခြင်းအရာ အားဖြင့် ဖြစ်၍ သစ္စာလေးပါးတို့ကို ဖုံးလွှမ်း တတ်သော ရုန့်ရင်း ရုန့်ရင်းသော ကိလေသာကို ပယ်ဖျောက်လျက် အနိစ္စ, ဒုက္ခ, အနတ္တ, ဟူသော လက္ခဏာတို့ကို လွန်စွာ လွန်စွာ ထင်ရှားသည်ကို ပြု၍ချုပ်၏။ထိုပဌမအနုလုံ၏ အခြားမဲ့၌ ဒုတိယအနုလုံ ဇောသည် ထိုပဌမအနုလုံဇောမှ အာသေဝန ပစ္စည်းကို ရသောကြောင့် ထက်မြက် ရဲရင့် ကြည်လင်စွာဖြစ်၍ ထိုခန္ဓာ အာရုံ၌ ပင်လျှင် ထိုအနိစ္စ စသည်ဖြင့်ရှုသော အခြင်းအရာအားဖြင့်ဖြစ်၍ အလယ်အလတ်ဖြစ်သော သစ္စာ လေးပါးကို ဖုံးလွှမ်း တတ်သော ကိလေသာကို ပယ်ဖျက်လျက် အနိစ္စ စသော လက္ခဏာတို့ကို လွန်စွာ ထင်ရှားသည်ကိုပြု၍ချုပ်၏။ ထိုဒုတိယအနုလုံဇော၏ အခြားမဲ့၌ တတိယအနုလုံဇောသည် ထိုဒုတိယ အနုလုံ ဇောမှ အာသေဝန ပစ္စည်းကို ရသောကြောင့် တိက္ခသူရပသန္န ဖြစ်၍ ထိုခန္ဓာအာရုံ၌ ပင်လျှင် ထိုအနိစ္စ စသည်ဖြင့် ရှုသော အခြင်းအရာ အားဖြင့် ဖြစ်၍ ရှေ့ဇော နှစ်ခုသည် ပယ်အပ် သည်မှ ကြွင်း ကျန်သော

သိမ်မွေ့သေး ဖွဲသော သန္တာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာ ဟူသော အမိုက်ကို ပယ်ဖျက်လျက် အကြွင်းအကျန် မရှိသည့်ကိုပြု၍ သုံးပါးသော လက္ခဏာ တို့ကို လွန်စွာ လွန်စွာ ထင်ရှား သည့်ကို ပြု၍ ချုပ်၏။ဤသို့သုံးပါးသော အနုလုံဉာဏ်တို့သည် သန္တာလေးပါးကို ဖုံးလွှမ်း တတ်သော ကိလေသာအမိုက်တို့ကို ပယ်ဖျောက်အပ် ပြီးသည့်ရှိသော် ထိုတတိယအနုလုံဉာဏ်၏ အခြားမဲ့၌ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်၏။

ဤအရာ၌တန့်ရပ်၍ ဥပမာကိုပြဦးအံ့။ တယောက်သော မျက်စိအမြင်သန်သော ယောက်ျားသည် နက္ခတ်၏ စန်းနှင့် ယှဉ်ခြင်းကို သိလို၍ ညဉ့်အခါ၌ လ,ကို မြင်ခြင်းငှါ မော်၍ ကြည့်သည် ရှိသော် တိမ်ဖုံးလွှမ်းသောကြောင့် လ,သည်မထင်။ထိုအခါ တခုသောလေသည် လာလတ်၍ ထူထပ်အလွန်ထူထပ်သောတိမ်တိုက်ကို ပယ်လွှင့်ဖျက်ဆီး၏။ထို့နောင် တခုသောလေသည် လာပြန်လတ်၍ အလတ်စားဖြစ်သော တိမ်တိုက်ကို ပယ်လွှင့်ဖျက်ဆီး၏။ထို့နောင်တခုသောလေသည် လာပြန်လတ်၍ သိမ်မွေ့ပါးကျဲသော တိမ်ကို ပယ်လွှင့် ဖျက်ဆီး၏။ ထို့နောင် ထိုယောက်ျားသည် ကင်းသော တိမ်တိုက်တိမ်လွှာရှိသော ကောင်းကင်၌ လ,ကိုမြင်၍ စန်းသည် ဤမည်သော နက္ခတ်နှင့်ယှဉ်၏ဟု စန်းယှဉ်နက္ခတ်ကိုသိ၏။

ဤဉပမာ၌ သုံးထပ်သော တိမ်တိုက်တိမ်လွှာကဲ့သို့ သန္တာလေးပါးကို ဖုံးလွှမ်း တတ်သော ထူလ,မဇ္ဈိမ,သုခုမ,ဖြစ်သော ကိလေသာ ဟူသော အမိုက်တိုက်ကို မှတ်လေ။ သုံးခုသော လေကဲ့သို့ သုံးပါးသော အနုလုံဉာဏ်ကို မှတ်လေ။ မျက်စိ အမြင်သန်သော ယောက်ျားကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်လေ။လ,ကဲ့သို့နိဗ္ဗာန်ကိုမှတ်လေ။ သုံးခုသောလေ၏ အစဉ်အတိုင်း သုံးခုသော တိမ်တိုက်တိမ်လွှာကို ပယ်လွှင့် ဖျက်ဆီးခြင်းကဲ့သို့ သုံးခုသောအနုလုံဉာဏ်၏ သန္တာကိုဖုံးလွှမ်းတတ်သော ဩဠာရိက,မဇ္ဈိမ, သုခုမ,ဖြစ်သော သုံးပါးသောကိလေသာအမိုက်တိုက်ကို အစဉ်အတိုင်း ပယ်ဖျောက်ခြင်းကို မှတ်လေ။တိမ်တိုက်တိမ်လွှာမှ ကင်းသော ကောင်းကင်၌ ယောက်ျား၏ သန့်ရှင်းစင်ကြယ်သော လ,ကိုမြင်ခြင်းကဲ့သို့ သန္တာကို ဖုံးလွှမ်း တတ်သော သုံးပါးသော ကိလေသာမှောင် ကင်းပျောက်

သည့်ရှိသော် ဂေါတြဘူ၏ အလွန်သန့်ရှင်း စင်ကြယ်သော နိဗ္ဗာန်ကို အာရုံပြုခြင်းကို မှတ်လေ။

သုံးခုသောလေတ္တိုသည် လ,ကိုဖုံးလွှမ်းသော သုံးခုသော တိမ်တိုက် တိမ်လွှာ ကိုသာ ပယ်လွှင့် ဖျက်ဆီး ခြင်းငှါ စွမ်းနိုင်၍ လ,ကို မြင်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ သုံးပါးသော အနုလုံဇောသည် သစ္စာကိုဖုံးလွှမ်းတတ်သော ကိလေသာ ဟူသော အမိုက်တိုက်ကိုသာ ပယ်ဖျက်ခြင်းငှါ စွမ်းနိုင်၍ နိဗ္ဗာန်ကို အာရုံပြုခြင်းမြင်ခြင်းငှါ မစွမ်းနိုင်၊မျက်စိအမြင်သန်သော ယောကျ်ားသည် လ,ကို မြင်ခြင်းသာ စွမ်းနိုင်၍ သုံးခုသော တိမ်တိုက် တိမ်လွှာကို ပယ်ခွါ ဖျောက်ခြင်းငှါ မစွမ်းနိုင် သကဲ့သို့ ဂေါတြဘူသည် နိဗ္ဗာန်ကို အာရုံပြုခြင်း မြင်ခြင်းငှါသာ စွမ်းနိုင်၍ ကိလေသာ ဟူသော အမိုက်တိုက်ကို ပယ်ဖျက်ခြင်းငှါ မစွမ်းနိုင်။ဤသို့လျှင် အနုလုံဇော သုံးခုသည် တေဘူမက သင်္ခါရကို အာရုံပြုသည်။ ဂေါတြဘူသည် နိဗ္ဗာန်ကို အာရုံပြုသည်။ အကယ်၍ ဂေါတြဘူသည် အနုလုံ ယူအပ်သော သင်္ခါရ အာရုံကို ယူသည်ဖြစ်အံ့ တဖန် အနုလုံ အဖြစ်သို့သာ အစဉ်လိုက်ရာခဲ့ ရကား မဂ်ဝိတ်ပင်မဖြစ်နိုင်ရာ ဂေါတြဘူမူကား အနုလုံ၏အာရုံကို မယူဘဲ အနုလုံ၏နောက်လိုက်မပြုမူ၍ မိမိသည် အာဝဇ္ဇန်းမဟုတ်ဘဲမိမိအား အာဝဇ္ဇန်းမရှိဘဲ မဂ်၏ အာဝဇ္ဇန်းအရာ၌တည်၍ ငါ့နည်းအတူ နိဗ္ဗာန်ကို အာရုံမူ၍ ဖြစ်လေတော့ဟု မဂ်အား အမှတ်ပေးသကဲ့သို့ ဖြစ်၍ချုပ်၏။

မဂ်ဝိတ်သည်လည်း ထိုဂေါတြဘူ ပေးသော အမှတ်ကို မလွှတ်မူ၍ သာလျှင် ဂေါတြဘူနှင့် အခြားမရှိ တစပ်ထည်းသော အစဉ်ဖြင့် ထိုဂေါတြဘူသို့ အစဉ်လိုက်၍ ရှေး၌တရံတဆစ်မျှ မဖောက်ထွင်း မဖောက်ခွဲဘူးသေးသော လောဘအစု, လောဘတုံး,လောဘခဲ, ဒေါသအစု, ဒေါသတုံး, ဒေါသခဲ, မောဟအစု, မောဟတုံး, မောဟခဲ,ကို ဖောက်ထွင်း ဖောက်ခွဲ၍သာလျှင်ဖြစ်၏။

ဥပမာကား တယောက်သော လေးသမားကောင်းသည် လေးအပြန် တရာ ဝေးကွာသော အရပ်၌ ပျဉ်ချပ်တရာကိုထားစေ၍ မျက်နှာကို အဝတ်ဖြင့် ရစ်ပတ်ပိတ်ဖုံး၍ မြှားကို့ဖွဲ့လျက် ယန္တရားထက်၌ တည်ရပ်၏။ တပါးသော ယောကျ်ားသည် စက်ယန္တရားကို လှည့်လည်စေ၍ လေး

သမား၏ ပျဉ်ချပ်တရာသို့ မျက်နှာဆိတည့်တည့် ရှေ့ရှုတည်သောအခါ ထိုယန္တရားနှ် လှံတံဖြင့်တီးခေါက်၍ အမှတ်ပေးသောအခါ၌ လေးသမား သည် ထိုပေးသောလှံတံအမှတ်ကို မလွှတ်ဘဲမြှားကိုပစ်လွှတ်၍ ပျဉ်ချပ် တရာကို ဖူးဝင်စေ၏။ ဤဥပမာ၌ လှံတံ အမှတ်ကဲ့သို့ ဂေါတြဘုကို မှတ် အပ်၏။လေးသမားကဲ့သို့ မဂ်ကိုမှတ်အပ်၏။ လေးသမား၏ လှံတံအမှတ် ကို မလွှတ်မူ၍ ပျဉ်ချပ်တရာကို ပစ်ဖောက် ခြင်းကဲ့သို့ မဂ်၏ ဂေါတြဘု သည် ပေးအပ်သော အမှတ်ကို မလွှတ်မူ၍သာလျှင် နိဗ္ဗာန်ကို အာရုံပြု၍ တရံတဆစ်မျှရှေး၌မဖောက်ထွင်းမဖောက်ခွဲဘူးသော လောဘ,ဒေါသ, မောဟ,အဂုအစိုင် အတုံးအခဲတို့ကို ဖောက်ထွင်း ဖောက်ခွဲခြင်းကို မှတ် အပ်၏။ အထက်မဂ် တို့၌လည်း ဤသောတာပတ္တိ မဂ်၌ ပြဆိုခဲ့ပြီးသော နည်းကိုမှီ၍ ထိုက်သည့်အားလျော်စွာသိလေ။

အနုပါဒိဒ္ဓာဥပါဒိဒ္ဓာနိမိတ်တို့မှ-ထမုံကိုပြခြင်း

ထိုမဂ်လေးပါးတို့သည် အနုသယကို ပယ်စွန့်ကုန်သည် ဖြစ်၍ သင်္ခါရ နိမိတ်မှထသည် မည်ကုန်၏။ ထိုနိမိတ် ဟူသည်လည်း ဥပါဒိဏ္ဏ အနုပါ ဒိဏ္ဏအားဖြင့် နှစ်ပါးရှိသည်။ ထိုတွင် တဗ္ဗာဒိမ္ဗိတို့သည် အာရုံပြုသော အားဖြင့် ကပ်အပ်သော တေဘူမကကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ် သော လောကီဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်သည် ဥပါဒိဏ္ဏ နိမိတ်မည် ၏။ကြွင်းသော လောကီစိတ်စေတသိက်တိဇရုပ်သည် အနုပါဒိဏ္ဏနိမိတ် မည်၏။ထိုနှစ်ပါးတို့တွင် မဂ်သည် အနုပါဒိဏ္ဏ နိမိတ်မှ ထ,သည်ဟု ရှေး ဆရာမြတ်တို့ ဆိုတော်မူကုန်၏။

ဆိုဟန်ကိုပြဦးအံ့။ သောတာပန် ပုဂ္ဂိုလ်သည် အကယ်၍ သောတာ ပတ္တိမဂ်ကို မပွါး စေအပ် မရအပ်သည် ဖြစ်အံ့ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် တခုအားဖြင့် ငါးခုသောစိတ်တို့သည် ခြောက်ပါးသော အာရုံတို့၌ ကုသိုလ်ဖြစ်ခွင့်ကို လုယူ ထိုးကျင့် နှိပ်စက် ခြင်းသို့ ရောက်ကုန်ရာ၏။ သောတာပတ္တိ မဂ်သည်ကား ထိုငါးပါးသော စိတ်တို့၏ ထိုးကျင့်နှိပ်စက်ခြင်းကိုတားမြစ်လျက် အကြောင်းကိုအကြွင်း

မဲ့ဖျက်လျက် တဖန်အသစ် ဖြစ်ပြန်နိုင်ခြင်း မရှိသည့်၏ အဖြစ်ကိုပြု၍ ထို စိတ်ငါးခုတို့ကို ပယ်သောကြောင့် ၎င်းစိတ်ငါးခု,၎င်းနှင့်ယှဉ်သော စေတသိက်, ၎င်းစိတ်သည် ဖြစ်စေအပ်သော စိတ္တဇရုပ်, ဟူသော အနုပါဒိဏ္ဏနိမိတ်မှထမြောက်၏။

သကဒါဂါမိ ပုဂ္ဂိုလ်သည် အကယ်၍ သကဒါဂါမိ မဂ်ကို မပွါးစေ အပ် မရအပ်သည်ဖြစ်အံ့ ရုန့်ရင်းသော ကာမရာဂ, ဗျာပါဒ၏ အစွမ်းဖြင့် ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် လေးခု, ဒေါသမူ စိတ်နှစ်ခု, အားဖြင့် ခြောက်ခု သော စိတ်တို့သည် ခြောက်ပါးသော အာရုံ တို့၌ ကုသိုလ် ဖြစ်ခွင့်ကို လုယူနှိပ်စက်၍ တည်သည် ဖြစ်ကုန်ရာ၏။ သကဒါဂါမိ မဂ်သည်ကား ထိုခြောက်ခုသော စိတ်တို့၏ လုယူထိုးကျင့် နှိပ်စက်၍ တည်ခြင်းကို တားမြစ်လျက် အကြောင်းကို ပယ်ဖျက်လျက် တဖန်အသစ် ဖြစ်နိုင်ခြင်း မရှိသည့်၏ အဖြစ်ကိုပြု၍ ထိုစိတ်ခြောက်ခုတို့ကို ပယ်သောကြောင့် ထို စိတ် ခြောက်ခု ၎င်းနှင့် ယှဉ်သော စေတသိက်, ၎င်းစိတ်သည် ဖြစ်စေ အပ်သော စိတ္တဇရုပ်,ဟူသော အနုပါဒိဏ္ဏနိမိတ်မှထ၏။

အနာဂါမိပုဂ္ဂိုလ်သည် အကယ်၍ အနာဂါမိမဂ်ကို မပွါးစေအပ် မရ အပ်သည်ဖြစ်အံ့ သိမ်မွေ့သော ကာမရာဂဗျာပါဒ၏ အစွမ်းဖြင့် ဖြစ်ကုန် သော ထိုဒိဋ္ဌိဂတ ဝိပ္ပယုတ်ဒေါသမူ ဟူသောစိတ် ခြောက်ခုတို့သည်ပင် လျှင် ခြောက်ပါးသော အာရုံတို့၌ ကုသိုလ်ဖြစ်ခွင့်ကို လုယူထိုးကျင့် နှိပ် စက်၍တည်သည်ဖြစ်ကုန်ရာ၏။အနာဂါမိမဂ်သည်ကား ထိုစိတ်ခြောက် ခုတို့၏ လုယူနှိပ်စက်၍တည်ခြင်းကို တားမြစ်လျက် အကြောင်းကို ပယ် ဖျက်လျက် တဖန်အသစ်ဖြစ်ပြန် နိုင်ခြင်း မရှိသည့်၏အဖြစ်ကိုပြု၍ ထိုစိတ် ခြောက်ခုတို့ကိုပယ်သောကြောင့် ထိုစိတ်ခြောက်ခု, ယင်းနှင့်ယှဉ်သော စေတသိက်, ၎င်းစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်, ဟူသော အနုပါဒိဏ္ဏ နိမိတ်မှထ၏။

အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်သည် အကယ်၍ အရဟတ္တမဂ်ကို မပွါး စေအပ်မရအပ်သည်ဖြစ်အံ့ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု၊ဥဒ္ဓစ္စသဟဂုတ် စိတ်တခု အားဖြင့် ငါးခုသောစိတ်တို့သည် ခြောက်ပါးသော အာရုံတို့၌

ကုသိုလ်ဖြစ်ခွင့်ကို လုယူနှိပ်စက်၍ တည်သည်ဖြစ်ကုန်၏။ အရဟတ္တမဂ်
သည်ကား ထိုစိတ် ငါးခုတို့၏ လုယူ နှိပ်စက်၍ တည်ခြင်းကို တားမြစ်
လျက် အကြောင်းကို ပယ်ဖျက်လျက် တဖန် အသစ်ဖြစ်ပြန်နိုင်ခြင်း မရှိ
သည်၏အဖြစ်ကိုပြု၍ ထိုစိတ်ငါးခုတို့ကိုပယ်သောကြောင့် ထိုစိတ်ငါးခု,
ယင်းနှင့်ယှဉ်သောစေတသိက်, ၎င်းစိတ်သည် ဖြစ်စေအပ်သော စိတ္တဇ
ရုပ်, ဟူသော အနုပါဒိန္နနိမိတ်မှထ၏ဟုဆိုကုန်၏။

ဥပါဒိန္နနိမိတ်မှထမြောက်ဟန်ကိုပြဦးအံ့။ သောတာပန်ပုဂ္ဂိုလ်သည်
အကယ်၍ သောတာပတ္တိမဂ်ကိုမပွါးစေအပ် မရအပ်သည်ဖြစ်အံ့ ကာမ
ဘုံဝယ် ဖြစ်လတ္တံ့ ခုနစ်ဘဝမှ အထက် သံသရာစက်၌ ဖြစ်တို့ဖြစ်ရန်
ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဥပါဒိန္နတရားတို့၏ ဖြစ်ကြောင်း
ဖြစ်သော သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဟူသော သံ
ယောဇဉ်သုံးပါး, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, ဟူသော အနုသယနှစ်
ပါးအားဖြင့် ငါးပါးသောကိလေသာတို့၏ ထင်ရှားရှိသေးသည်၏အဖြစ်
ကြောင့် ခုနစ်ဘဝမှ အထက်ဖြစ်သော သံသရာ၌ ထိုဝိပါက် နာမက္ခန္ဓာ
ကမ္မဇရုပ်ဟူသော ဥပါဒိန္နတရားတို့၏ ဖြစ်ခြင်းသည်ဖြစ်ရာပေသေး၏။
သောတာပတ္တိမဂ်သည် မိမိဖြစ်သည်နှင့် တပြိုင်နက် ထိုငါးပါးသော ကိ
လေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်သည်ဖြစ်၍ အကြွင်းမဲ့ ပယ်ဖျက်ပြီး
သော ဤယခုအခါ၌ကား သောတာပန်ပုဂ္ဂိုလ်အား ခုနစ်ဘဝကို ထား၍
ယင်းသည် ခုနစ်ဘဝမှအထက်သံသရာစက်၌ ထိုဝိပါက်နာမက္ခန္ဓာကမ္မ
ဇရုပ် ဟူသော ဥပါဒိန္န တရားတို့သည် အဘယ်မှာ ဖြစ်နိုင်တော့လတ္တံ့
နည်း မဖြစ်နိုင်ပြီ။ ဤသို့သောတာပတ္တိမဂ်သည် လာလတ္တံ့ ခုနစ်ဘဝမှ
အထက်၌ ဖြစ်ရမည့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဥပါဒိန္န
တရားတို့ကို မဖြစ်နိုင်အောင်ပြု၍ ဥပါဒိန္နနိမိတ်မှထသည်။

သကဒါဂါမိ ပုဂ္ဂိုလ်သည် အကယ်၍ သကဒါဂါမိမဂ်ကို မပွါးစေ
အပ်မရအပ်သည်ဖြစ်အံ့ ကာမဘုံ၌နှစ်ခုသောဘဝကိုထား၍ငါးပါးသော
ဘဝ၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဥပါဒိန္န တရား၏ ဖြစ်
ကြောင်းဖြစ်သော ရုန့်ရင်းကြမ်းတန်းသော ကာမရာဂသံယောဇဉ်,ပဋိ
ဃသံယောဇဉ်, ကာမရာဂါနုသယ, ပဋိဃာနုသယ, ဟူသော လေးပါး

သော ကိလေသာတို့၏ ထင်ရှား ရှိသေးသည်၏ အဖြစ်ကြောင့် ငါးပါးသောဘဝတို့၌ ထိုဝိပါက်နာမက္ခန္ဓာကမ္မဇရုပ် ဟူသော ဉပါဒိန္နတရား၏ဖြစ်ခြင်းသည် ဖြစ်ရာပေသေး၏။ သကဒါဂါမိ မဂ်သည် မိမိဖြစ်သည်နှင့်တပြိုင်နက် ထိုဩဠာရိက ကိလေသာ လေးပါးတို့ကို အကြွင်းမဲ့ပယ်ဖျက်သည်ဖြစ်၍ ပယ်ဖျက်ပြီးသော ဤယခုအခါ၌ သကဒါဂါမ် ပုဂ္ဂိုလ်အား ကာမဘုံ၌ နှစ်ဘဝကိုထား၍ ငါးပါးသောဘဝတို့၌ ထိုဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ဉပါဒိန္နတရားတို့၏ ဖြစ်ခြင်းသည် အဘယ်မှာဖြစ်နိုင်တော့လတ္တံ့နည်း။ မဖြစ်နိုင်ပြီ။ ဤသို့သကဒါဂါမိမဂ်သည် နှစ်ဘဝမှ အထက်ဖြစ်သော ငါးဘဝ၌ဖြစ်ရမည့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဉပါဒိန္နတရားကို မဖြစ်နိုင်အောင်ပြု၍ ဉပါဒိန္နနိမိတ်မှထသည်။

အနာဂါမ်ပုဂ္ဂိုလ်သည် အကယ်၍အနာဂါမိမဂ်ကို မပွါးစေအပ်မရအပ်သည်ဖြစ်အံ့ ရူပဘဝ, အရူပဘဝ, ဟူသော တခုသော ဘဝကိုထား၍ ကာမဘုံဝယ် နှစ်ခုသော ဘဝတို့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဉပါဒိန္နတရားတို့၏ ဖြစ်ကြောင်းဖြစ်သော သေးဖွဲသိမ်မွေ့သော ထိုလေးပါးသော ကိလေသာတို့၏ ထင်ရှားရှိသည်၏အဖြစ်ကြောင့် ထို နှစ်ပါးသောဘဝတို့၌ ထိုဝိပါက်နာမက္ခန္ဓာကမ္မဇရုပ် ဟူသော ဉပါဒိန္နတရား၏ ဖြစ်ခြင်းသည် ဖြစ်ရာပေသေး၏။ အနာဂါမိ မဂ်သည် မိမိဖြစ်သည်နှင့်တပြိုင်နက် ထိုသုခုမဖြစ်သော လေးပါးသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်သည်ဖြစ်၍၊ ပယ်ဖျက်ပြီးသော ဤယခုအခါ၌ အနာဂါမ်ပုဂ္ဂိုလ်အား ရူပဘဝ, အရူပဘဝကိုထား၍ ကာမဘုံဝယ်နှစ်ခုသော ဘဝတို့၌ ထိုဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဉပါဒိန္နခန္ဓာသည် အဘယ်မှာ ဖြစ်နိုင်တော့လတ္တံ့နည်း။ မဖြစ်နိုင်ရာပြီ။ ဤသို့အနာဂါမိမဂ်သည် ကာမဘုံဝယ် နှစ်ခုသောဘဝတို့၌ ဖြစ်ရမည့် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ဉပါဒိန္နခန္ဓာကို မဖြစ်နိုင်အောင်ပြု၍ ဉပါဒိန္န နိမိတ်မှထသည်။

ရဟန္တာပုဂ္ဂိုလ်သည် အကယ်၍ အရဟတ္တမဂ်ကိုမပွါးစေအပ် မရအပ်သည်ဖြစ်အံ့ ရူပဘုံ အရူပဘုံတို့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူ

သော ဥပါဒိန္န တရားတို့၏ ဖြစ်ကြောင်း ဖြစ်သော ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ, ဟူသော ဥဒ္ဓမ္ဘာဂိယသံယောဇဉ် ငါးပါး။ မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ, ဟူသော အနုသယသုံးပါးအား ဖြင့် ရှစ်ပါးသော ကိလေသာတို့၏ ထင်ရှားရှိသေးသည်၏အဖြစ်ကြောင့် ရူပဘုံ အရူပဘုံတို့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ဥပါဒိန္နခန္ဓာ ၏ဖြစ်ခြင်းသည် ထိုက်သည်အားလျော်စွာ ဖြစ်ရာပေသေး၏။ အရဟတ္တ မဂ်သည် မိမိဖြစ်သည်နှင့် တပြိုင်နက် ထိုရှစ်ပါးသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်သည်ဖြစ်၍ ထိုရှစ်ပါးသော ကိလေသာတို့ကို ပယ် ဖျက်ပြီးသော ဤယခုအခါ၌ ရဟန္တာပုဂ္ဂိုလ်အား ရူပဘုံအရူပဘုံတို့၌ထို ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဥပါဒိန္န ခန္ဓာသည် အဘယ်မှာ အဘယ်သို့သော အကြောင်းကြောင့် ဖြစ်နိုင်တော့လတ္တံ့နည်း။ မဖြစ်နိုင် ပြီ။ ဤသို့ အရဟတ္တမဂ်သည် ရူပဘုံအရူပဘုံတို့၌ ဖြစ်ရမည့် ဝိပါက်နာ မက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဥပါဒိန္နခန္ဓာကို မဖြစ်နိုင်အောင်ပြု၍ ဥပါ ဒိန္နနိမိတ်မှထ၏။ ဤသို့ဥပါဒိန္နနိမိတ်မှထသည်။

မဂ်လေးပါးတို့၏ကိစ္စကိုပြခြင်း

လေးပါးသော မဂ်တို့သည် အသီးအသီးသစ္စာလေးပါးတို့ကို တပြိုင် နက်တည်းသိမြင်ကုန်သည်။ သစ္စာလေးပါးတွင်ကား ဒုက္ခသစ္စာကို ပိုင်း ခြား၍သိခြင်းဟူသော ပရိညာဘိသမယအားဖြင့်, သမုဒယသစ္စာကိုပယ် ၍သိခြင်း ဟူသော ပဟာနာဘိသမယ အားဖြင့်, နိရောဓသစ္စာကို မျက် မှောက်ပြု၍ သိခြင်း ဟူသော သစ္ဆိကိရိယာဘိသမယ အားဖြင့်, မဂ္ဂ သစ္စာကို ပွါးစေ၍သိခြင်းဟူသော ဘာဝနာဘိသမယအားဖြင့်သိသည်။ နိရောဓသစ္စာကို အာရုံပြုသောအားဖြင့် သိခြင်းဟူသော ဝိသယာဝဗော ဓအားဖြင့်သိသည်။ ဒုက္ခသစ္စာ,သမုဒယသစ္စာ,မဂ္ဂသစ္စာ, ဟူသောသစ္စာ သုံးပါးတို့ကိုကား သစ္စာတို့ကို မသိမထင် မမြင်နိုင်အောင် ဖုံးလွှမ်းတတ် သောမောဟကို ဖျက်ဆီးသောအားဖြင့် သိခြင်းဟူသော သမ္မောဟ ဝိဒ္ဓံ သနအားဖြင့်သိသည်။ဤသို့သိခြင်းအထူးကိုသိလေ။

မဂ်လေးပါးတို့ဖြင့် သစ္စာလေးပါးတို့ကို သိမြင်ရာ၌ သကဒါဂါမိမဂ်စသော အထက်မဂ် သုံးပါးတို့သည် သောတာပတ္တိမဂ်သည် သိမြင်အပ်သော သစ္စာလေးပါးတို့ကိုပင် တဖန်ထပ်၍သိမြင်ရသည်။ အသစ်အသစ်အခြားစီသော သစ္စာကိုသိမြင်သည်မဟုတ်၊အကယ်၍အသစ်အသစ် အခြားစီသောသစ္စာကိုသိမြင်သည်ဖြစ်အံ့သောတာပတ္တိမဂ်၌အနညာတညဿာမိထိန္ဒြေကို ဝေဘန်တော် မူသကဲ့သို့ အထက်မဂ် သုံးပါးတို့၌လည်း အနညာတညဿာမိတိန္ဒြေကိုပင် ဝေဘန်တော် မူခဲ့ရာသည်။ ယင်းသို့ကား ဝေဘန်တော်မမူဘဲ အထက်မဂ် သုံးပါးတို့၌ အညိန္ဒြေကို ဝေဘန်တော်မူသည်ကို ထောက်၍ဂှင်း, အထက်မဂ်တို့သည် သောတာပတ္တိမဂ် သိမြင်သော သစ္စာမှတပါး အသီးအခြား လေးပါးစီသော သစ္စာကို မြင်သည်ဟူအံ့ သစ္စာတို့သည် တဆဲ့ခြောက်ပါး ဖြစ်ကုန်ခဲ့ရာသည်။ ဤသို့ တဆဲ့ခြောက်ပါး ဟူသော်ကား ဟောတော်မမူ၊ လေးပါးဟူ၍သာဟောတော်မူသည်ကိုထောက်၍ဂှင်း,အထက်မဂ်တို့သည် အသစ်တခြားသစ္စာကိုသိမြင်သည်မဟုတ် သောတာပတ္တိမဂ်သိမြင်ပြီး သစ္စာကိုပင်ထပ်၍သိမြင်သည်ဟု သိသာထင်ရှားသည်။ သစ္စာကို မြင်ခြင်း၏ အသစ်မဟုတ်သည့်၏အဖြစ်၌ ရတနာထည့်သော တံတင်းဥပမာကိုယူအပ်၏။

တံတင်းဥပမာကား။ တယောက်သောသူသည် ရတနာထည့်သော လေးလုံးသော တံတင်းတို့ကို ဥစ္စာထားရာဘဏ္ဍာတိုက်၌ သွင်းထား၏။ ထိုသူသည် ညဥ့်အခါ ထိုရတနာတံတင်းတို့၌ ပြုဘွယ်ကိစ္စရှိသည်ဖြစ်၍ တိုက်ခန်းတံခါးကို ဘွင့်လှစ်၍ ဆီမီးညှိထွန်း၍ ဆီမီးရောင်ဖြင့် အမိုက်မှောင် ကင်းသည်ရှိသော် ရတနာတံတင်းတို့ ထင်မြင်ကုန်သဖြင့် ထိုတံတင်းတို့၌ ပြုဘွယ်ကိစ္စကိုပြုပြီး၍ တိုက်ခန်း တံခါးကိုပိတ်၍ ထွက်သော် တဖန် အမိုက်တိုက်သည် ဖုံးလွှမ်းမြဲ ဖုံးလွှမ်း ပြန်၏။ နှစ်ကြိမ်မြောက်လည်း ထိုတံတင်းတို့၌ ပြုဘွယ်ကိစ္စရှိပြန်၍ တံခါးကိုဘွင့်လှစ် ဆီမီးညှိထွန်း၍ ဆီမီးရောင်ဖြင့် အမိုက်မှောင်ကင်းပျောက်၍ ရတနာတံတင်းတို့ထင်ခြင်းသို့ ရောက်လတ်သော် ထိုတံတင်းတို့၌ ပြုဘွယ်ကိစ္စကို ပြုပြီး၍ ထွက်သွားသောအခါ တဖန်ပင် အမိုက်တိုက်သည် ဖုံးလွှမ်းပြန်သေ၏။ သုံးကြိမ်မြောက်လည်း ထိုတံတင်းတို့၌ ပြုဘွယ်ကိစ္စရှိပြန်လတ်၍ တံခါး

ကိုဘွင့်လှစ် ဆီမီးညှိထွန်း၍ ဆီမီးရောင်ဖြင့် မိုက်မှောင် ကင်းပျောက်၍ ရတနာတံတင်းတို့ထင်ခြင်းသို့ ရောက်ပြန်လတ်သော် ထိုတံတင်းတို့၌ ပြူ ဘွယ်ကိစ္စကိုပြုပြီး၍ တိုက်ခန်းတံခါးကို ပိတ်ထား ထွက်သွား ပြန်လတ် သော် တဖန်ပင်မှောင်အတိဖုံးလွှမ်းပြန်လေ၏။ လေးကြိမ်မြောက်လည်း ထိုတံတင်းတို့၌ပြုဘွယ်ကိစ္စရှိပြန်လတ်၍ တံခါးကိုဘွင့်လှစ်သည့်ရှိသော် အမိုက်မှောင်၌ တံတင်း တို့သည် ထင်ကုန်၏ဟု ရုံစမ်း ဆင်ခြင် စဉ်ပင် နေထွက် လာသည်နှင့် နေရောင်ဖြင့် အမိုက်မှောင် ကင်းပျောက် လတ် သော် တံတင်းတို့၌ ပြုဘွယ်ကိစ္စကိုပြု၍ ထွက်သွားလေ၏။

ဤဥပမာ၌ လေးလုံးသော ရတနာ တံတင်းတို့ကဲ့သို့ သစ္စာလေးပါး တို့ကို မှတ်အပ်၏။ ထိုတံတင်းတို့၌ ပြုဘွယ် ကိစ္စရှိ၍ တံခါးကို ဘွင့်လှစ် သောအခါကဲ့သို့ သောတာပတ္တိမဂ်ကို ရစိမ့်သောငှါ ဝိပဿနာသို့ စိတ် ကို ရှေ့ရှုဆောင်သော ကာလကိုမှတ်အပ်၏။ အမိုက်တိုက်ကဲ့သို့ သစ္စာ လေးပါးကို ဖုံးလွှမ်းတတ်သော မောဟကို မှတ်အပ်၏။ဆီမီးရောင်ကဲ့သို့ သောတာပတ္တိမဂ် ဉာဏ်ရောင်ကို မှတ်အပ်၏။ အမိုက် ကင်းပျောက် အ လင်းရောက်၍ ထိုယောကျ်ားအား တံတင်းတို့၏ ထင်ခြင်းသို့ ရောက်သ ကဲ့သို့ သောတာပတ္တိ မဂ်ဉာဏ်အား သစ္စာ လေးပါး တို့၏ ထင်ခြင်းသို့ ရောက်သည်ကို မှတ်အပ်၏။တံတင်းတို့၌ ပြုဘွယ်ကိစ္စကို ပြုပြီး၍ ထွက် သွားသကဲ့သို့ သောတာပတ္တိမဂ်၏ မိမိပယ်သင့်ပယ်ထိုက်သော ကိလေ သာကို ပယ်စွန့်၍ ချုပ်သော ကာလကို မှတ်အပ်၏။ တဖန်အမိုက်တိုက် လွှမ်းမိုး ပြန်သကဲ့သို့ အထက်မဂ် သုံးပါးတို့ ပယ်သင့် ပယ်ထိုက်သော သစ္စာကို ဖုံးလွှမ်းတတ်သော မောဟကို မှတ်လေ။

နှစ်ကြိမ်မြောက် တိုက်ခန်းတံခါးကိုဘွင့်သောကာလကဲ့သို့ သကဒါ ဂါမိမဂ်ကို ရစိမ့်သောငှါ ဝိပဿနာသို့ စိတ်ကို ရှေ့ရှုဆောင်သော ကာ လကို မှတ်လေ။ဆီမီးရောင်ကဲ့သို့ သကဒါဂါမိ မဂ်ဉာဏ်ရောင်ကို မှတ် လေ။ ဆီမီးရောင်ဖြင့် အမိုက်မှောင် ကင်းပျောက် အလင်းရောက်၍ ထို ယောကျ်ားအား တံတင်းတို့၏ ထင်ခြင်းသို့ ရောက်သကဲ့သို့ သကဒါဂါမိ မဂ်ဉာဏ်အား သစ္စာတို့၏ထင်ခြင်းသို့ ရောက်သည်ကိုမှတ်လေ။တံတင်း တို့၌ ပြုဘွယ်ကိစ္စကိုပြုပြီး၍ ထွက်သွားသကဲ့သို့ သကဒါဂါမိ မဂ်၏ မိမိ

ပယ်သင့် ပယ်ထိုက်သော ကိလေသာကိုပယ်ပြီး၍ ချုပ်သောကာလကို မှတ်လေ။ တဖန် အမိုက်တိုက် ဖုံးလွှမ်းပြန်သကဲ့သို့ အထက်မဂ် နှစ်ပါးသည် ပယ်သင့်ပယ်ထိုက်သောသစ္စာကို ဖုံးလွှမ်းတတ်သော မောဟကို မှတ်လေ။

အနာဂါမိမဂ်ကိုရလို၍ သုံးကြိမ်မြောက် ဝိပဿနာသို့ စိတ်ကို ရှေ့ရှုဆောင်ပြန်ခြင်းသည် ထိုယောက်ျား၏သုံးကြိမ်မြောက် တိုက်ခန်းတံခါးကို ဖွင့်ပြန်သည်နှင့်တူ၏။အနာဂါမိမဂ်ဉာဏ်ရောင်သည် ဆီမီးရောင်နှင့်တူ၏။ အနာဂါမိမဂ်ဉာဏ်အား သစ္စာလေးပါးတို့၏ ထင်ခြင်းသို့ ရောက်ခြင်းသည် ဆီမီးရောင်ဖြင့် အမိုက်မှောင် ကင်းပျောက် အလင်းရောက်၍ ထိုယောက်ျားအား ရတနာ တံတင်းတို့၏ ထင်ခြင်းသို့ ရောက်သည်နှင့်တူ၏။ အနာဂါမိမဂ်၏ မိမိသည် ပယ်သင့် ပယ်ထိုက်သော ကိလေသာတို့ကိုပယ်၍ ချုပ်သောကာလသည် တံတင်းတို့၌ ပြုဘွယ်ကိစ္စကို ပြုပြီး၍ ထိုယောက်ျား၏ တဖန်ထွက်သွားသော ကာလနှင့်တူ၏။ အရဟတ္တမဂ် ပယ်သင့် ပယ်ထိုက်သော မောဟ၏ တဖန် သစ္စာတို့ကို ဖုံးလွှမ်းပြန်ခြင်းသည် တဖန်အမိုက်တိုက် ဖုံးလွှမ်းပြန်ခြင်းနှင့်တူ၏ဟု မှတ်လေ။

အရဟတ္တမဂ်ကို ရစိမ့်သော၄ါ ဝိပဿနာသို့ စိတ်ကို တဖန် ဆောင်ပြန် ခြင်းသည် လေးကြိမ် မြောက်၌ တံတင်း တို့ဝယ် ပြုဘွယ် ကိစ္စရှိ၍ တိုက်ခန်း တံခါးကို ဖွင့်ပြန်သည်နှင့် တူ၏။ အရဟတ္တမဂ် ဖြစ်ခြင်းသည် နေထွက် သည်နှင့် တူ၏။ အရဟတ္တမဂ်၏ သစ္စာကို ဖုံးလွှမ်းတတ်သော မောဟကို ပယ်ပျောက် ခြင်းသည် နေရောင်ဖြင့် အမိုက် မှောင် ကင်းပျောက်ခြင်းနှင့်တူ၏။အရဟတ္တမဂ်ဉာဏ်အား သစ္စာလေးပါးတို့၏ ထင်သည်၏ အဖြစ်သည် နေရောင်ဖြင့် အမိုက်မှောင် ကင်းပျောက် သည်ရှိသော် ထိုယောက်ျားအား တံတင်းတို့၏ ထင်သည်၏ အဖြစ်နှင့်တူ၏။ အရဟတ္တမဂ်၏ အလုံးပုံသောကိလေသာတို့ကို ပယ်ခွါကုန်ခန်းစေခြင်းသည် တံတင်းတို့၌ပြုဘွယ်ကိစ္စကိုပြုပြီး၍ထွက်သွားသောအခါနှင့်တူ၏။ အရဟတ္တမဂ် ဖြစ်သော အခါမှစ၍ တဖန် သစ္စာကို ဖုံးလွှမ်း တတ်သော မောဟမဖြစ်ခြင်းသည် နေထွက်သော အခါမှစ၍ အလင်းသာဖြစ်သည်နှင့်တူ၏ဟု မှတ်လေ။

မဂ်ဘို့သည်ကိလေသာကိုပယ်ရာ ဥပမာဖြင့်ပြခြင်း

သစ္စာလေးပါးတို့ကို မြင်ရာ၌ သောတာပတ္တိမဂ် မြင်ပြီး သစ္စာကိုသာ အထက်မဂ်တို့ ထပ်၍မြင်သည်။ အသစ်အသစ် အခြားစီသော သစ္စာကို မြင်သည်မဟုတ်ဟူခဲ့သော် ကိလေသာကိုပယ်ရာ၌လည်း အခြားအခြား စီသော ကိလေသာကို ပယ်သည်မဟုတ်၊ သောတာပတ္တိမဂ်ပယ်ပြီး ကိလေသာကိုသာ ထပ်ခါထပ်ခါ အထက် မဂ်တို့လည်း ပယ်သည်ဟု မှတ်ရအံ့လောဟူမူ။ကိလေသာကို ပယ်ရာ၌ကား ပယ်ပြီးကိလေသာကိုထပ်၍ ပယ်သည် မဟုတ် တပါးတပါးသော မဂ်သည် မိမိတို့ ပယ်သင့် ပယ်ထိုက်သော အခြားအခြား စီသော ကိလေသာတို့ကို ပယ်သည်ဟု မှတ်ယူရမည် ဟူလေ။ တပါးတပါးသောမဂ်သည် အခြားအခြားစီသော ကိလေသာကိုပယ်ရာ၌ ဤဆိုလတ္တံ့သော ဥပမာကို သိအပ်၏။

တယောက်သောသူသည် မိမိ၏ ညစ်နွမ်းသော အဝတ်ကို ဖွပ်လျှော်စိမ့်သော၄ါ *ကုဟာသည်သို့ ပေးအပ်လိုက်၏။ ကုဟာသည်သည် ထိုအဝတ်ကို ဆပ်ပြာအငန့်,ပြာအငန့်,နွားချေးအငန့်,ဟူသော သုံးပါးသော အငန်ရေတို့ကိုပေး၍ အငန်ရေတို့သည် အညစ်အကြေး ချေးညှော်တို့ကို စားသည်၏ အဖြစ်ကိုသိ၍ ရေဖြင့်ဖွပ်လျှော်၍ ကြမ်းတန်း အလွန်ကြမ်းတန်းသော အညစ်အကြေးချေးညှော်တို့ကို လျှောထွက်စေ၏။ထို့နောင် ဤအဝတ်သည် သန့်ရှင်း စင်ကြယ်စွာ မဖြူမစင်ချေသေးဟူ၍ နှစ်ကြိမ်မြောက်လည်း ရှေးအတူအငန်ရေသုံးပါးတို့ကို ပေးပြန်၍ ရေ၌ဖွပ်လျှော်၍ ထိုအဝတ်မှ မသိမ်မွေ့ လွန်းသော အညစ်အကြေးတို့ကို လျှောထွက်စေ၏။ထို့နောင်မဖြူမစင်ချေသေးဟူ၍ သုံးကြိမ်မြောက်လည်း ထိုအငန်ရေသုံးပါးတို့ကိုပေးမြဲပေးပြန်၍ရေ၌ဆေးလျှော်၍ အလွန်သိမ်မွေ့သော အညစ်အကြေးတို့ကို လျှောထွက်စေ၏။ ထို့နောင် ကောင်းကောင်းကြီး မဖြူစင်ချေသေးဟူ၍ လေးကြိမ်မြောက်လည်း အငန်ရေ သုံးပါး တို့ကို ပေးမြဲ ပေးပြန်၍ ရေ၌ဆေးလျှော်၍ ချည်ပင် ကြား၌ ရှိသော အညစ်အကြေးကိုမျှ မကြွင်းမကျန် စေရ အညစ်အကြေး ချေးညှော် ရှိသမျှ ကုန်

* ကုဟာသည့်ကား ရှေးပေါရာဏအခေါ်ဘည်း၊ ယခုအခါ၌ ခေါ်သည်ဟုခေါ်သည်။

ပျောက် ပြုစင်သော အဝတ်ကို ဥစ္စာရှင်အား ပေးအပ်ဆောင်နှင်း၏။ ထို အဝတ်ရှင် ယောကျ်ားသည် ထိုအဝတ်ကို နံ့သာကြုတ်၌ သိမ်းသွင်းထား ၍ အလိုရှိတိုင်း အလိုရှိတိုင်းသောအခါ၌ ဝတ်ဆင်သုံးဆောင်၏။

ဤဥပမာ၌။ကိလေသာဟူသော အညစ်အကြေးသို့ အစဉ်လိုက်သော စိတ်သည် ညစ်နွမ်းသော အဝတ်နှင့်တူ၏။အနိစ္စာနုပဿနာ စသော သုံး ပါးသော အနုပဿနာတို့၌ ကမ္မဋ္ဌာန်းကို ဖြစ်စေသော ကာလသည် သုံး ပါးသော အငန်ရေကို ပေးသောအခါနှင့်တူ၏။သောတာပတ္တိမဂ်ဖြင့် သံ ယောဇဉ်သုံးပါး အနုသယနှစ်ပါးဟူသော ငါးပါးသောကိလေသာတို့ကို ပယ်ဖျက် ကုန်ခန်း စေခြင်းသည် ရေ၌ ဖွပ်လျှော်၍ ရုန့်ရင်း အလွန်ရုန့် ရင်း ထူထပ်သော အညစ်အကြေး ချေးညှော်ကို လျှောထွက် စေသော ကာလနှင့်တူ၏။ ဤစိတ်သည် မစင်ကြယ်ချေသေးဟူ၍ ထိုသုံးပါးသော အနုပဿနာ တို့၌ပင် တဖန် ကမ္မဋ္ဌာန်း စီးဖြန်းခြင်းကို ဖြစ်စေ ခြင်းသည် ဤအဝတ်ကား မပြုစင်ချေသေး ဟူ၍ ကုဟာသည်၏ နှစ်ကြိမ်မြောက် ထိုအငန်ရေ သုံးပါးတို့ကို အစဉ်အတိုင်း ပေးပြန်သည်နှင့်တူ၏။သကဒါ ဂါမိမဂ်ဖြင့် ရုန့်ရင်း ကြမ်းတန်းသော သံယောဇဉ်နှစ်ပါး အနုသယ နှစ် ပါးဟူသော လေးပါးသော ကိလေသာတို့ကို ပယ်ဖျက်ကုန်ခန်းစေခြင်း သည် သုံးပါးသောအငန်ရေကို ပေးပြီးသည်နောက် မသိမ်မွေ့လွန်းသော ချေးအညစ်အကြေးတို့ကို ရေ၌ဖွပ်လျှော် လျှောထွက် စေခြင်းနှင့် တူ၏။ ထို့နောင် ဤစိတ်ကား ကောင်းစွာမစင်ကြယ် ချေသေး-ဟူ၍ အနာဂါမိ မဂ်ကို ရစိမ့်သောငှါ သုံးပါးသော အနုပဿနာတို့၌ ကမ္မဋ္ဌာန်းကို ဖြစ်စေ ခြင်းသည် ဤအဝတ်ကား သန့်ရှင်းစွာ မပြု မစင် ချေသေး ဟူ၍ ကုဟာ သည်၏ သုံးပါးသော အငန်ရေကို အစဉ်အတိုင်း ပေးပြန်ခြင်းနှင့် တူ၏။ အနာဂါမိ မဂ်ဖြင့် သိမ်မွေ့ သေး ဖွဲသော ထိုကိလေသာ လေးပါးတို့ကို ဖျက်ဆီးကုန်ခန်း စေခြင်းသည် အငန်ရေသုံးပါး ပေးပြီးနောက် အလွန် သိမ်မွေ့သော ချေးအညစ်အကြေးတို့ကို ရေ၌ ဆေးလျှော် လျှောထွက် စေခြင်းနှင့်တူ၏။အရဟတ္တမဂ်ဖြင့် ရှစ်ပါးသော ကိလေသာတို့ကို ဖျက် ဆီး ကုန်ခန်း စေသည်၏ အဖြစ်ကြောင့် သန့်ရှင်းစင်ကြယ် ကုန်ပြီးသော အာသဝေါရှိသောစိတ်ကို အလိုရှိတိုင်း အလိုရှိတိုင်းသောခဏ၌ ဖလသ

မဘဝဇ္ဇိ ဝိဟာရဖြင့် လွှန်စေ ခြင်းသည် အငန်ရေ သုံးပါး ပေးပြီးသည် နောက်၌ ဖွပ်လျှော်သဖြင့် ချည်ပင်၏ အတွင်း၌ တည်သော ချေးအညစ် အကြေးတို့ကို အကုန်အစင် လျှော်ထွက် စေ၍ အလွန် ဖြူစင်သော ငွေ ပြားအသွေး ဖွေးဖွေးဖြူသော နံ့သာကြုတ်၌ သိုထားအပ်သော အဝတ်ကို အလိုရှိတိုင်း အလိုရှိတိုင်းသော ခဏ၌ ဝတ်ဆင်သည်နှင့်တူ၏။ ဤသည် ကား တပါးတပါးသော မဂ်သည် အခြားအခြား စီသော ကိလေသာကို ပယ်ရာ၌ ဥပမာတည်း။

၁။ သောတာပတ္တိ မဂ်သည် သမ္ပယုတ်နှင့် တကွသော ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်လေးခု, ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု, အားဖြင့် ငါးခုသော စိတ်တို့ကို အကြွင်းမဲ့ပယ်သည်။

၂။ သကဒါဂါမိ မဂ်သည် သမ္ပယုတ်နှင့် တကွသော ဒေါသမူစိတ် နှစ်ခုတို့ကို ပါးကျဲ အားနည်း စေသည်။

၃။ အနာဂါမိ မဂ်သည် သမ္ပယုတ်နှင့် တကွသော ထိုဒေါသမူစိတ် နှစ်ခုတို့ကိုပင် အကြွင်းမဲ့ ပယ်သည်၊

၄၊ အရဟတ္တမဂ်သည် သမ္ပယုတ်နှင့်တကွသော ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် လေးခု, ဥဒ္ဓစ္စသဟဂုတ်စိတ်တခု, အားဖြင့်ငါးခုသောစိတ် တို့ကို အကြွင်းမဲ့ ပယ်သည်။

သမ္ပယုတ် တရားတို့နှင့် တကွသော ဤအကုသိုလ်စိတ် တဆဲ့နှစ်ခု တို့ကိုပယ်ပြီးသော အခါမှစ၍ ရဟန္တာပုဂ္ဂိုလ်အား တဖန်ထိုစိတ်တို့နှင့် ယှဉ်သည်၏ အစွမ်းဖြင့် နောက်တဖန်ဖြစ်သော ကိလေသာ မည်သည် မရှိပြီ။ မဂ်လေးပါးတို့၏ ထိုက်သည်အား လျော်စွာ သမ္ပယုတ်နှင့် တကွ သော အကုသိုလ် စိတ်တို့ကို ပယ်ရာ၌ ဤဆိုလတ္တံ့သော ဥပမာကို သိလေ။

ပြည်ကြီးသခင်ဘုရင်မင်းမြတ်သည် တိုင်းစွန်မြို့တို့၌ သူရဲကောင်းမှူး မတ်တို့ကို အစောင့် အရှောက် မြို့ဝန် မြို့စားခန့်ထား၍ မင်းနေပြည်ကြီး ၌ အစိုးရခြင်း မင်း၏စည်းစိမ်ကို ခံစားလျက် နေသတတ်။ ထိုအခါ အ ထောင်မက များလှစွာသော လက်သားခိုးသူယုတ်တို့နှင့်တကွသော ခိုး မှူးကြီး တဆဲ့နှစ်ယောက် တို့သည် တိုင်းစွန်မြို့ရွာကို တိုက်ဖျက်လုယူ

နှိပ်စက်ကုန်သည်ဖြစ်၍တိုင်းခွန်မြို့နေသူရဲကောင်းအမတ်ကြီးတို့ကတိုင်းခွန်မြို့ရွာတို့၌ ခိုးသားထားပြ ထကြွမငြိမ် နှောင့်ရှက် ဖျက်ဆီးကြောင်းကို မင်းကြီးအား လျှောက်တင်ကုန်ရာ၏။ ထိုသို့လျှောက်တင်သောအခါ မင်းကြီးကသင်တို့အား စည်းစိမ်ဆုလာဘ် မြို့စားရွာစားရာထူးခန့်ထားအပ့်ထမ်းရည်ရှိသည်အလျောက် သူကောင်းပြုရန် ငါပြုအံ့။ ကြောက်ရွံ့ဆုတ်ဆိုင်းမရှိ ဝံ့ဝံ့ရဲရဲ ထိုခိုးသူတို့ကိုဘမ်းဆီးကြရမည်ဟု အမိန့်တော်စာ ဆုလာဘ်ဥစ္စာ လက်နက် ကိရိယာ တို့ကို စေလွှတ်ပေးအပ်၏။ ထိုအမတ်ကြီးတို့သည် ပဌမတကြိမ်တိုက်သဖြင့်လျှင် များစွာသော လက်သားခိုးသူငယ်တို့နှင့်တကွ ငါးယောက်သောခိုးမှူးကြီးတို့ကိုသတ်လိုက်ရကုန်၏။ ကြွင်းသော ခိုးမှူးကြီးခုနစ်ယောက်တို့သည် မိမိတို့သင်းပင်းခြံရံတို့ကိုယူ၍ တောအုံတောင်ကမ်း ထူထပ်ရာ ရှောင်လွှဲပြေးပုန်းကုန်၏။ အမတ်တို့သည် ထိုအကြောင်းကိုတင်လျှောက်ကုန်လတ်သော် မင်းကြီးလည်း သင်တို့ကို သူကောင်းပြုရန်ကိုငါသိအံ့။ ထိုကြွင်းကျန်သော ခိုးသူတို့ကိုလည်း ရမိအောင် ဖမ်းကြလေကုန်ဟု မှာထားဆုလာဘ် များစွာပေးပို့၍ ခဲယမ်းမီးကျောက် လက်နက်ထပ်လောင်းပြန်၏။ အမတ်တို့နှစ်ကြိမ်မြောက်တိုက်ပြန်သဖြင့် နှစ်ယောက်သော ခိုးမှူးကြီးတို့ကိုယင်းတို့အခြံအရံ အသင်းအပင်းနှင့်တကွ အားနည်းအောင် နာကျင်စွာ နှိပ်စက်လိုက်ရကုန်၏။ထိုအလုံးရုံသောခိုးသူတို့သည် တောအုံတောင်ကမ်းကြီးရာပြေးဝင်လေကုန်၏။ ထိုအကြောင်းကိုတင်လျှောက်ကြပြန်လတ်သော် မင်းကြီးလည်း မကြောက်မရွံ့ကုန်စင်ရမိအောင်ဖမ်းဆီးကြလေဟု မှာထား၍ ဆုလာဘ် ရိက္ခာ လက်နက်ကိရိယာ ထပ်လောင်း ပေးပို့ပြန်၏။ အမတ်တို့ သုံးကြိမ်မြောက်တိုက်ပြန်သဖြင့် ယခင်နှစ်ကြိမ်မြောက်တိုက်သည့်အခါက နာကျင်စွာနှိပ်စက်လိုက်၍ အားနည်းပြီးသောနှစ်ယောက်သောခိုးမှူးကြီးတို့ကို အခြံအရံလက်သားခိုးငယ်တို့နှင့်တကွ အောင်မြင်စွာသတ်လိုက်ရ၍ ထိုအကြောင်းကို တင်လျှောက် ပြန်လတ်သော် မင်းကြီးသည် ကြွင်းကျန်သော ခိုးသူတို့ကိုလည်း တယောက်မျှ မလွတ်စေဘဲရမိကုန်စင်အောင်တိုက်ဖျက်ဖမ်းဆီးကြလေဟု မှာထား၍ဆုလာဘ်ရိက္ခာလက်နက် ကိရိယာပေးပို့ထပ်လောင်းပြန်၏။ အမတ်တို့လေးကြိမ်

မြောက် လိုက်လံဖမ်းဆီးတိုက်ဖျက်ပြန်သဖြင့် တယောက်မကြွင်း သင်းပင်းလက်သားတို့နှင့်တကွ ကျွန်ငါးယောက်သော ခိုးမှုးကြီးတို့ကိုသတ်ရကုန်၏။ အခြံအရံနှင့်တကွ တကျိပ်နှစ်ယောက်သော ခိုးမှူးတို့ကိုသတ်ရပြီးသည်မှစ၍ တရံတယောက်သော ခိုးသူမည်သည်မရှိ အလုံးရုံကုန်ကင်း၍တိုင်းနွံမြို့ရွာဇနပုဒ်နေလူတို့သည် မိဘတို့ရင်ခွင်ထက်ကြောက်ရွံ့ခြင်းမရှိမြူးထူးကစားသော သားသူငယ်ကဲ့သို့ ဘေးဘျမ်းမမြင်ကြည်ရွှင်ချမ်းသာစွာ နေရကုန်၏။ မင်းကြီးသည် အောင်အပ်ပြီးသော စစ်ပွဲတိုက်ပွဲရှိသော အမတ်သူရဲကြီးတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ မင်းနေပြည်ကြီးဝယ်မြတ်သောပြာသာဒ်မ,ထက်တည်လျက်ကြီးစွာသော မင်းစည်းစိမ်ကိုခံစားတော်မူသည်။

ဤဥပမာ၌။ တိုင်းကြီးပြည်ကြီးအရှင်ဘုရင်ဧကရာဇ်မင်းကဲ့သို့ သုံးလောက အရှင်ဘုရင်ဓမ္မရာဇ် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်ကိုမှတ်လေ။ တိုင်းနွံမြို့ရွာနေ သူရဲကောင်းအမတ်တို့ကဲ့သို့ ကမ္မဋ္ဌာန်းကိုအားထုတ် စီးဖြန်းသော ယောဂါဝစရ ပုဂ္ဂိုလ်ကိုမှတ်လေ။ တကျိပ်နှစ်ယောက်သော ခိုးမှုးကြီးတို့ကဲ့သို့ တဆဲ့နှစ်ပါးသော အကုသိုလ်စိတ်တို့ကိုမှတ်လေ။ ထိုခိုးမှူးတဆဲ့နှစ်ယောက်တို့၏ ချင်းရင်းသဟဲဖြစ်သော အထောင်မကသော များလှစွာသော ခိုးသားငယ်တို့ကဲ့သို့ သမ္ပယုတ်အကုသိုလ်တို့ကို မှတ်လေ။ တိုင်းနွံ မြို့နား ခိုးသား ထားပြ ထကြွ မငြိမ်ရှိကြောင်းကို မင်းကြီးအား တင်လျှောက်သောအခါကဲ့သို့ အာရုံတို့၌ ကိလေသာ ဖြစ်လတ်သော်အကျွန်ုပ်အား ကိလေသာဖြစ်ပါသည်ဟု မြတ်စွာဘုရားအား လျှောက်ကြားသောကာလကိုမှတ်လေ။မြို့ရွာကိုဖျက်ဆီးလုယူသော ခိုးသူတို့ကိုရမိအောင်ဖမ်းလေဟု မှာထား၍ ဆုလာဘ်ဥစ္စာလက်နက် ပေးအပ်လိုက်သကဲ့သို့ ကိလေသာတို့ကို ပယ်ခွါနှိပ်နင်းလေလောဟု ယောဂါဝစရပုဂ္ဂိုလ်အား မြတ်စွာဘုရား၏ ကမ္မဋ္ဌာန်းကို ပေးကြားတော်မူခြင်းကို မှတ်လေ။ အခြံအရံနှင့်တကွ ငါးယောက်သော ခိုးမှူးတို့ကို သတ်လိုက်ရသောအခါကဲ့သို့ သောတာပတ္တိမဂ်ဖြင့် သမ္ပယုတ်တရားနှင့်တကွ ငါးပါးသော အကုသိုလ်စိတ်တို့ကို အကြွင်းမဲ့ ဖျက်ဆီးခြင်းကိုမှတ်လေ။ အောင်မြင်စွာသတ်လိုက်ရသောအကြောင်းအခြင်းကို

မင်းကြီးအားတင်လျှောက်သကဲ့သို့ မိမိတို့ရသောကျေးဇူးဂုဏ်ကို မြတ်စွာဘုရားအား လျှောက်ကြားခြင်းကိုမှတ်လေ။ ကြွင်းကျန်သမျှထားပြန်ိုး သူတို့ကိုလည်း ရမိအောင်ဖမ်းဆီးကြလေဟု တဖန်မှာထား လက်နက်မျိုးရိက္ခာဥစ္စာဆုလာဘ်ပေးထပ် လောင်းစွက်သကဲ့သို့ သကဒါဂါမိမဂ်အလို့ငှါ ယောဂါဝစရပုဂ္ဂိုလ်အား မြတ်စွာဘုရား၏ ဝိပဿနာကိုကြားတော်မူခြင်းကိုမှတ်လေ။ နှစ်ကြိမ်မြောက်တိုက်ဖျက်သဖြင့် အခြံအရံနှင့်တကွ နှစ်ယောက်သောခိုးမှူးတို့ကို အားနည်းအောင် ပြုလိုက်ရခြင်း ကဲ့သို့ သကဒါဂါမိမဂ်ဖြင့်သမ္ပယုတ်နှင့်တကွဒေါသမူစိတ်နှစ်ခုတို့ကိုပါးကျဲ အားနည်းအောင် ပြုခြင်းကိုမှတ်လေ။ နှစ်ကြိမ်မြောက် အောင်မြင်လိုက်သောအကြောင်းကို မင်းကြီးအားတဖန်တင်လျှောက်ပြန်သကဲ့သို့ မိမိတို့ရသော သကဒါဂါမိမဂ် ဟူသော ကျေးဇူးဂုဏ်ကို မြတ်စွာဘုရားအား လျှောက်ကြားခြင်းကို မှတ်လေ။ ကြွင်းကျန်သော ခိုးသူတို့ကိုလည်း ရမိအောင် ဖမ်းလေဟုမှာထား၍ လက်နက်ကိရိယာ ပေးပို့ထပ်လောင်းပြန်သကဲ့သို့ အနာဂါမိမဂ်အလို့ငှါ မြတ်စွာဘုရား၏ ဝိပဿနာကိုပေးကြားတော်မူခြင်းကို မှတ်လေ။ သုံးကြိမ်မြောက် လိုက်လံဖမ်းဆီး တိုက်ဖျက်ပြန်သဖြင့် အခြံအရံနှင့်တကွ ခိုးမှူးကြီးနှစ်ယောက်တို့ကို သတ်လိုက်ရသကဲ့သို့ အနာဂါမိမဂ်ဖြင့် သမ္ပယုတ်နှင့်တကွသော ဒေါသမူစိတ် နှစ်ခုတို့ကို အကြွင်းမဲ့ပယ်ဖျက်ခြင်းကို မှတ်လေ။ သုံးကြိမ်မြောက်အောင်မြင်သောအကြောင်းအရာကို မင်းကြီးအားတင်လျှောက်ပြန်သကဲ့သို့ မိမိတို့ရသော အနာဂါမိမဂ် ဟူသော ကျေးဇူးဂုဏ်ကို မြတ်စွာဘုရား အားလျှောက်ကြား ခြင်းကို မှတ်လေ။ ကြွင်း ကျန်သော ခိုးသူ တို့ကိုလည်း တယောက်မလွတ် ကုန်စင်အောင် တိုက်ဖျက်လိုက်လံဖမ်းဆီးလေကုန်ဟုတဖန်မှာထား၍ လက်နက်ရိက္ခာထပ်လောင်းပေးပို့ပြန်သကဲ့သို့ အရဟတ္တမဂ်အလို့ငှါ မြတ်စွာဘုရား၏ ဝိပဿနာကို ကြားတော် မူပြန်ခြင်းကိုမှတ်လေ။ လေးကြိမ်မြောက် လိုက်လံဖမ်းဆီး တိုက်ဖျက်ပြန်သဖြင့် တယောက်မျှမကျန် အလုံးစုံသော လက်သား ခိုးသူတို့နှင့် တကွ ငါးယောက်သော ခိုးမှူးကြီးတို့ကို သတ်လိုက်ရသောအခါမှစ၍ တိုင်းပြည်မြို့ရွာ သာယာငြိမ်းချမ်း ဘေးဘျမ်းခပင်း ကင်းသောအခါကဲ့သို့ အရ

ဟဋ္ဌမဂ်ဖြင့် သမုစ္ဆေဒနှင့်တကွ ငါးပါးသော အကုသိုလ်စိတ်တို့ကို အကြွင်းမဲ့ ပယ်ဖျက်ပြီးသောအခါမှစ၍ တဖန်ဖြစ်ထိုက်သော အကုသိုလ်တရား၏ မရှိခြင်းကို မှတ်လေ။ အောင်အပ်ပြီးသော ရန်စစ် အပေါင်း ရှိသော အမတ်အပေါင်းသည် ခြံရံအပ်သော ဧကရာဇ်မင်းမြတ်၏ မြတ်သောပြာသာဒ်မ အပြင်ထက်မင်းစည်းစိမ်ကို ခံစားခြင်းကဲ့သို့ အကြွင်းမဲ့ ပယ်အပ်ပြီးသော ကိလေသာရှိသော ရဟန္တာအပေါင်း ခြံရံအပ်သော တရားသဖြင့်လူနတ်တို့၏ မင်းဖြစ်တော်မူသောမြတ်စွာဘုရား၏ သုညတ အနိမိတ္တအပ္ပဏိဟိတ အပြားရှိသော ဖလသမာပတ်ချမ်းသာတို့တွင် အလိုတော် ရှိတိုင်းသော ဖလသမာပတ် ချမ်းသာကို ခံစားတော်မူခြင်းကို မှတ်အပ်၏။

လောကုတ္တရာကုသိုလ်၌ပိသဒ္ဓါဖြင့်ပေါင်းယူပုံကိုပြခြင်း

ဈာနင်္ဂယောဂဘေဒေန၊ ကတွေကေကံတု ပဉ္စဓာ ...

ဈာနနိစတ္တာရိပိ လောကုတ္တရ ကုသလစိတ္တာနီနာမ-ဟူသော နိဂုမ်း၌ သမ္ပိဏ္ဍန အနက်ရှိသော ပိသဒ္ဒါဖြင့်တပါးတပါးသောမဂ်၏ တထောင်တထောင်စီသော နည်း၏အစွမ်းဖြင့်လေးပါးသောမဂ်တို့၏ လေးထောင် အပြားရှိသောနည်း, သစ္စဝိဘင်း၌ လာသော ခြောက်သောင်း အပြားရှိသောနည်း, ကာလ, ဒေသ, သန္တာန်, စသည်တို့၏အစွမ်းဖြင့် ပြဆိုခဲ့ပြီးသော များသော အပြားရှိသော နည်းတို့ကိုပေါင်းသည်။

တထောင်သောနည်းဟူသည်ကား။ သောတာပတ္တိမဂ်ကို ဈာန ဟူသောအမည်ဖြင့် ပဋိပဒါ အပြားကို မသုံးသပ်ဘဲ သက်သက် သုညတ, အပ္ပဏိဟိတ, ဟု နှစ်ပါးအပြားအားဖြင့် ဝေဘန်သည်။တဖန် ထိုနှစ်ပါးတို့တွင် တပါးတပါးကိုပင် ပဋိပဒါလေးပါးတို့နှင့် ယှဉ်၍ အသီးအသီး လေးပါးလေးပါးစီ ဝေဘန်ရကား ရှစ်ပါးဖြစ်၏။ ယခင်သုဒ္ဓိကနှစ်ပါးနှင့်ပေါင်းသော် ဆယ်ပါးဖြစ်၏။ ဤသို့ဈာန ဟူသော အမည်ဖြင့် ဆယ်ပါး, ထို့အတူ မဂ္ဂအမည်, သတိပဋ္ဌာန အမည်, သမ္မပ္ပဓာနအမည်, ဣဒ္ဓိပါဒ, ဣန္ဒြိယ, ဗလ, ဗောဇ္ဈင်, သစ္စ, သမထဝိပဿနာ, ဓမ္မ, ခန္ဓ, အာယတန, ဓာတု, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ္တ, အမည် တို့

ဖြင့်လည်း အသီးအသီး ဆယ်ပါးဆယ်ပါး ဖြစ်သော နည်းတို့ဖြင့် ဝေဘန် အပ်ရကား ဈာနအစ စိတ္တအဆုံးရှိသော နှစ်ဆယ်သောအရာတို့၌ နည်း နှစ်ရာဖြစ်၏။ ထိုနှစ်ရာတွင် တပါးတပါးကိုအဓိပတိလေးပါးတို့နှင့်ယှဉ်၍ အသီးအသီး လေးပါးစီလေးပါးစီ ဝေဘန်အပ်ရကား ရှစ်ရာဖြစ်၏။ ၎င်း ရှစ်ရာကို အဓိပတိနှင့်မရောဘဲ ဝေဘန်အပ်သောနှစ်ရာနှင့် ပေါင်းသော် သောတာပတ္တိမဂ်၌ နည်းတထောင်ဖြစ်၏။ ထို့အတူ အထက်မဂ်သုံးပါး တို့၌လည်း တထောင်စီ ဖြစ်ရကား လောကုတ္တရာကုသိုလ်၌ နည်းလေး ထောင်ဖြစ်၏။

ဤကား ပိသဒ္ဒေန ဧကေကဿ မဂ္ဂဿ နယသဟဿံ ဝသေန စတုန္နံ စတုသဟဿဘေဒံ သစ္စဝိဘင်္ဂေ အာဂတံ သမ္မာသဟဿဘေဒံ နယံ ဟေဒ္ဓာ ဂုတ္တနယေန အနေကဝိဓတ္တမ္ပိ သင်္ဂဏှာတိ။ တတ္ထာယံ နယသ ဟဿ မဂ္ဂပရိဒီပနာ။ ကထံ၊ သောတာပတ္တိမဂ္ဂေါ တာဝ ဈာနနာမေန ပဋိပဒါဘေဒံ အနာမသိတွာ ကေဝလံ သုညတော အပ္ပဏိဟိတောတိ ဒွိဓာ ဝိဘတ္တော။ ပုန ပဋိပဒါစတုက္ကေန ယောဇေတွာ ပစ္စေကံ စတုဓာ ဝိဘတ္တောတိ ဧဝံ ဈာနနာမေန ဒသဓာ ဝိဘတ္တော။ တထာ မဂ္ဂ သတိ ပဋ္ဌာန သမ္မပ္ပဓာန ဣဒ္ဓိပါဒ ဣန္ဒြိယ ဗလဗောဇ္ဈင်္ဂသစ္စ သမထဝိပဿနာ ဓမ္မ ခန္ဓ အာယတန ဓာတု အာဟာရ ဖဿ ဝေဒနာသညာ စေတနာ စိတ္တ နာမေဟိပိ ပစ္စေကံ ဒသဒသဟာကာရေဟိ ဝိဘတ္တော တထာတထာ ဗုဇ္ဈနကာနံ ပုဂ္ဂလာနံ ဝသေန၊ တသ္မာ ဈာနဝသေန ဒသမဂ္ဂါဒိနံ ဧကူန ဝီသတိယာဝသေန ဒသဒသာတိ ဝီသတိယာ ဌာနေသု ဒွေနယသတာနိ ဟောန္တိ။ ပုန တာနိ စတူဟိအဓိပတီဟိ ယောဇေတွာ ပစ္စေကံ စတုဓာ ဝိဘတ္တာနီတိ ဧဝံအဓိပတီဟိ အမိဿေတွာ ဒွေနယသတာနိ မိဿေ တွာအဋ္ဌသတာနီတိ သောတာပတ္တိမဂ္ဂေ နယသဟဿံ ဟောတိ၊ တ ထာ သကဒါဂါမိမဂ္ဂါဒိသုပိ။ ဟူသောဋီကာကျော်နှင့်အညီတည်း။

ပိသဒ္ဒေန၊ ဣမာနိစတ္တာရိပိ-စသောနိဂုမ်း၌အကျုံးဝင်သောပေါင်းယူ ခြင်းဟူသော သမ္ပိဏ္ဍန အနက်ရှိသော ပိသဒ္ဒါဖြင့်။ ဧကေကဿ၊တပါး တပါးသော။ မဂ္ဂဿ၊မဂ်၏။ နယသဟဿဝသေန၊ တထောင်တထောင် စီသောနည်း၏အစွမ်းဖြင့်။စတုန္နံ၊သောတာပတ္တိမဂ် အစရှိသော လေးပါး

သော မဂ်တို့၏။စတုသဟာသဘောဒ်၊လေးထောင်အပြားရှိသော။ နယမွိ၊ နည်းကိုရင်း။ သစ္စဝိဘင်္ဂေ၊ သစ္စဝိဘင်းပါဠိတော်၌။ အာဂတံ၊လာသော။ သမ္ဒသဟာသဘောဒ်၊ခြောက်သောင်းအပြားရှိသော။ နယမွိ၊နည်းကိုရင်း။ ဟောဒ္ဓာ၊အောက်ဖြစ်သော အကုသလနိဒ္ဒေသ၏နိဂုမ်းအဖွင့်စသည်တို့၌။ ဝုတ္တနယေန၊ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အနေကဝိဓတ္တမွိ၊များသောနည်း အပြားရှိသည့်၏ အဖြစ်ကိုရင်း။ အာစရိယော၊ အရှင်အနုရုဒ္ဓါဆရာသည်။ သင်္ဂြောတိ၊ပေါင်းယူတော်မူ၏။ တတ္ထ၊ ထိုနည်းအပေါင်းတို့တွင်။ အယံ၊ ဤယခု ပြဆို လတ္တံ့ သည်ကား။ နယသဟာဿမတ္တပရိဒီပနာ၊ နည်းတ ထောင်မျှကို ပြခြင်းတည်း။ ကထံပရိဒီပနာ၊ အဘယ်သို့ ပြသနည်း ဟူမူ ကား။သောတာပတ္တိမဂ္ဂေါ၊သောတာပတ္တိမဂ်ကို။တာဝ၊သကာဒါဂါမိ မဂ် စသည့်တို့၏ရှေးဦးစွာ။ဝါ၊တာဝ၊မဂ္ဂဟူသော အမည်စသည်ဖြင့် ဝေဘန် သည်မှရှေးဦးစွာ။ ဈာနနာမေန၊ ဈာန်ဟူသော အမည်ဖြင့်။ ပဋိပဒါဘေဒ်၊ ပဋိပဒါအပြားကို။အနာမသိတွာ၊မသုံးသပ်မူ၍။ကေဝလံ၊ပဋိပဒါနှင့်မရော မရှက် သက်သက်။ သုညတော၊ သုညတမဂ်။ အပ္ပဏိဟိတော၊ အပ္ပဏိ ဟိတမဂ်။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါးအပြားအားဖြင့်။ ဝိဘင်္ဂေ၊ ဝေဘန် တော်မူအပ်၏။ပုန၊တဖန်။ ပဋိပဒါစတုက္ကေန၊ ပဋိပဒါလေးပါးနှင့်။ ယော ဇေတွာ၊ယှဉ်၍။ ပစ္စေကံ၊အသီးအသီး။ စတုဓာ၊လေးပါးအပြားအားဖြင့်။ ဝိဘင်္ဂေ၊၏။ ဣတိဧဝံ၊ ဤသို့။ ဈာနနာမေန၊ ဈာနဟူသော အမည်ဖြင့်။ ဒသဓာ၊ ဆယ်ပါးအပြားအားဖြင့်။ ဝိဘင်္ဂေ၊၏။ တထာ၊ ထို့အတူ။ မဂ္ဂ သတိပဋ္ဌာနသမ္မပ္ပဓာနဣဒ္ဓိပါဒဣန္ဒြိယဗလဗောဇ္ဈင်္ဂသစ္စသမထဓိပဿနာ ဓမ္မခန္ဓ အာယတန ဓာတု အာဟာရ ဖဿဝေဒနာ သညာစေတနာ စိတ္တ နာမေဟိပိ၊မဂ္ဂဟူသောအမည် သတိပဋ္ဌာနဟူသောအမည်၊လ၊စေတနာ ဟူသောအမည် စိတ္တဟူသောအမည်တို့ဖြင့်လည်း။ပစ္စေကံ၊အသီးအသီး။ ဒသဒသဟာကာရေဟိ၊ ဆယ်ပါး ဆယ်ပါးသော နည်း အခြင်း အရာ အပြားတို့ဖြင့်။ တထာတထာ၊ထိုထို ဈာန မဂ္ဂ စသော အမည်ဖြင့်။ဝိဘတ္တော၊ ဟောတော်မူအပ်သည်ရှိသော်။ဗုဇ္ဈနကာနံ၊ သောတာပတ္တိမဂ်ကိုသိခြင်း ငှါ စွမ်းနိုင်ကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ ဝသေန၊ အလိုဆန္ဒအဇ္ဈာ သယ၏အစွမ်းဖြင့်။ ဝါ၊ လျောက်ပတ်သည့်၏အစွမ်းဖြင့်။ ဝိဘင်္ဂေ၊ ၏။

တသ္မာ၊ ထိုသို့ဗျာနဟူသောအမည်ဖြင့် ဆယ်ပါး မဂ္ဂဟူသောအမည်၊လ၊ ဝိတ္ထာဟူသော အမည်တို့ဖြင့်လည်း ဆယ်ပါးဆယ်ပါးစီ ဝေဘန်အပ်သည် ၏အဖြစ်ကြောင့်။ ဗျာနဝသေန၊ဗျာန်ဟူသော အမည်၏အစွမ်းဖြင့်။ ဒသ၊ ဆယ်ပါးသောနည်းတို့ရင်း။ကော့နဝိသတိယာ၊တခုယုတ်နှစ်ဆယ်သော။ မဂ္ဂါဒိနံ၊မဂ္ဂအမည်စသည်တို့၏။ ဝသေန၊အစွမ်းဖြင့်။ ဒသဒသ၊ဆယ်ပါး ဆယ်ပါးသော နည်းတို့ရင်း။ ဣတိ၊ ဤသို့။ ဝိသတိယာ၊ နှစ်ဆယ်သော။ ဌာနေသု၊အရာတို့၌။ဧွနယသတာနိ၊နှစ်ရာသောနည်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပုန၊တဖန်။တာနိ၊ထိုနှစ်ရာသောနည်းတို့ကို။ စတူဟိ၊လေးပါး ကုန်သော။ အဓိပတီဟိ၊ အဓိပတိတို့နှင့်။ ယောဇေတွာ၊ ယှဉ်၍။ ပစ္စေကံ၊ အသီးအသီး။ စတုဓာ၊ လေးပါးအပြားအားဖြင့်။ ဝိဘတ္တာနိ၊ ဝေဘန်အပ် ကုန်၏။ ဣတိဝေဝဏ္ဏမာနိယထာဝုတ္တာနိ၊ ဤဆိုအပ်ခဲ့ပြီးသော အပြားရှိကုန် သော။အဓိပတီဟိ၊တို့နှင့်။ အမိသောတွာ၊ မရောမူ၍။ ဝိဘတ္တာနိ၊ ဝေဘန် အပ်ကုန်သော။ ဧွနယသတာနိ၊ နှစ်ရာသော နည်းတို့ရင်း။ အဓိပတီဟိ၊ တို့နှင့်။ မိသေတွာ၊ ရောေ၍။ ဝိဘတ္တာနိ၊ ကုန်သော။ အဋ္ဌသတာနိ၊ရှစ်ရာ သောနည်းတို့ရင်း။ဣတိ၊ဤသို့။ သောတာပတ္တိမဂ္ဂေ၊ သောတာပတ္တိမဂ်၌။ နယသဟဿံ၊နည်းတထောင်သည်။ဟောတိ၊ဖြစ်၏။တထာ၊ထိုသောတာ ပတ္တိမဂ်အတူ။ သကဒါဂါမိမဂ္ဂါဒီသုပိ၊ သကဒါဂါမိမဂ် အစရှိသော အ ထက်မဂ် သုံးပါးတို့၌လည်း။ နယသဟဿံ၊ တထောင်တထောင်စီသော နည်းသည်။ဟောတိ၊ဖြစ်၏။

[ဤ**ဋီကာကျော်ဝယ်**။နည်းခြောက်သောင်းမှာ သစ္စဝိဘင်း၌ လာသည်ဟု ဟောတော်မူရာဌာနကို ညွှန်ပြတော်မူ၍ တထောင် သောနည်းကိုကား မည်သည့် ပါဠိတော်၌လာသည်ဟု ဟောရာ ဌာနကို ညွှန်ပြတော်မမူ။ ထိုသို့ပင်မညွှန်မပြသော်လည်း ဓမ္မသင် ဂဏီဝိတ္ထာ၊ ပ္ပါဒကဏ္ဍကုသလနိဒ္ဒေသပါဠိတော် သောတာပတ္တိမဂ် ကို ဝေဘန် ဟောပြတော် မူသော အရာ၌ လာသည်ကို ရည်၍ ဆိုသည်ဟု ယူရန်ရှိသည်။ရင်းပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌ သာလိနီအဋ္ဌကထာ၌ နည်းတထောင် ယူပုံမှာ ဤဋီကာကျော်နှင့် မတူ။]

အဋ္ဌကထာဋီကာ။ အယံတာဝ သုဒ္ဓိက ပဋိပဒါယ ဝိသေသော။ ဣတောပရံ သုဒ္ဓိကသုညတာ။ သုညတပဋိပဒါ။ သုဒ္ဓိကအပ္ပဏိဟိတံ။ အပ္ပဏိဟိတပဋိပဒါတိ အယံ ဒေသနာဘေဒေါ ဟောတိ-ဟူ၍ရှင်း။

ဣတိ ဘဂဝါ လောကုတ္တရံ ဈာနံ ဘာဝေန္တော သုဒ္ဓိကပဋိပဒါယ စတုက္ကနယံ ပဉ္စကနယဉ္စ ဒွေပိ နယေ အာဟရတိ။ တထာ သုဒ္ဓိကသုညတာယ။ သုညတပဋိပဒါယ သုဒ္ဓိကအပ္ပဏိဟိတေ အပ္ပဏိဟိတပဋိပဒါယာတိ။ ကသ္မာ ဧဝံ အာဟရတိ။ ပုဂ္ဂလဇ္ဈာသယဝသေန စေဝ ဒေသနာဝိလာသေန စ။ တဒုဘယမ္ပိ ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဧဝံ လောကုတ္တရံ ဈာနံ ဘာဝေတီတိ ဧတ္ထ သုဒ္ဓိကပဋိပဒါယ စတုက္ကပဉ္စကဝသေန ဒွေနယာ။ တထာ သေသေသူတိ သဗ္ဗေသုပိ ပဉ္စသု ကောဋ္ဌာသေသု ဒသ နယာ ဘာဇိတာ-ဟူ၍ရှင်း။

တတ္ထ ယထေဝ လောကုတ္တရံဈာနန္တိ ဝုတ္တဋ္ဌာနေ ဒသနယာ ဝိဘတ္တာ။ ဧဝံမဂ္ဂါဒီသုပိ တေသုယေဝ ဝေဒိတဗ္ဗာ။ ဣတိ ဝိသတိယာ ဌာနေသုဒသဒသ ကတွာ ဒွေနယသတာနိ ဝိဘတ္တာနိ ဟောန္တိ။ ဣဒါနိ အဓိပတိဘေဒံ ဒဿေတုံ ပုန ကတမေဓမ္မာကုသလာတိအာဒိ အာရဒ္ဓံ။ တတ္ထ ဆန္ဒံ ဓုရံ ဇေဋ္ဌကံ ပုဗ္ဗင်္ဂမံကတွာ နိဗ္ဗတ္တိတံ လောကုတ္တရံဈာနံ ဆန္ဒာဓိပတေယျံနာမ။ သေသေသုပိ ဧသေဝနယော။ ဣတိပုရိမသ္မိံ သုဒ္ဓိကေ ဒွေနယသတာနိ။ ဆန္ဒာဓိပတေယျာဒီသုပိ ဒွေဒွေတိ နယသဟဿေန ဘာဇေတွာ ဒဿေတိ ဓမ္မရာဇာ-ဟူ၍ရှင်း။

ယထာပန ပဌမမဂ္ဂေ။ ဧဝံ ဒုတိယာဒီသုပိ နယသဟဿမေဝါတိ စတ္တာရောမဂ္ဂါ စတူဟိ နယသဟဿေဟိ ဘာဇေတွာ ဒဿေတိ ဓမ္မရာဇာ။ သစ္စဝိဘင်္ဂေပန သဋ္ဌိနယသဟဿာနိ လောကုတ္တရာနိ ဣမေသံဧဝ ဝသေန နိက္ခိတ္တာနိ။ ဣဓစ ပန စတူသု မဂ္ဂေသု စတ္တာရိယေဝ နယသဟဿာနိ။ သတိပဋ္ဌာနဝိဘင်္ဂေ ဝီသတိနယသဟဿာနိ လောကုတ္တရာနိ ။သမ္မပ္ပဓာနဝိဘင်္ဂေ ဝီသတိ ။ဣဒ္ဓိပါဒဝိဘင်္ဂေ ဒွတ္တိံသ၊ ဗောဇ္ဈင်္ဂဝိဘင်္ဂေဒွတ္တိံသ၊မဂ္ဂဝိဘင်္ဂေ အဋ္ဌဝီသတိ နယသဟဿာနိ လောကုတ္တရာနိ ဣမေသံဧဝ ဝသေန နိက္ခိတ္တာနိ-ဟူ၍ရှင်း မိန့်ဆိုတော်မူ၏။

အယံ၊ဤပြဆိုအပ်ခဲ့ပြီးသည့်ကား။ သုဒ္ဓိကပဋိပဒါယ၊သုညတအပ္ပဏိဟိတတို့နှင့်မရော သက်သက်သောပဋိပဒါ၌။ဝိသေသော၊အထူးတည်း။ ဣတော၊ ဤသုဒ္ဓိကပဋိပဒါမှ။ ပရံ၊ နောက်၌။ သုဒ္ဓိကသုညတာ၊ပဋိပဒါနှင့်မရော သက်သက်သော သုညတရင်း။သုညတပဋိပဒါ၊ပဋိပဒါနှင့်ယှဉ်စပ်၍ဟောအပ်သော သုညတပဋိပဒါရင်း။ သုဒ္ဓိကအပ္ပဏိဟိတံ၊ ပဋိပဒါနှင့်မယှဉ်ဘဲ သက်သက် ဟောတော်မူအပ်သော သုဒ္ဓိကအပ္ပဏိဟိတံရင်း။ အပ္ပဏိဟိတပဋိပဒါ၊ အပ္ပဏိဟိတပဋိပဒါရင်း။ ဣတိအယံဒေသနာဘေဒေါ၊ဤသို့သော ဒေသနာအပြားသည်။ဟောတိ၊ဖြစ်၏။

ဣတိ၊ဤသို့။လောကုတ္တရံ၊လောကုတ္တရာဖြစ်သော။ ဈာနံ၊ဈာန်ကို။ဘာဇေန္တော၊ဝေဘန်တော်မူသော။ဘဂဝါ၊မြတ်စွာဘုရားသည်။ သုဒ္ဓိကပဋိပဒါယ၊သုဒ္ဓိကပဋိပဒါ၌။ စတုက္ကနယံ၊စတုက္ကနည်းရင်း။ပဉ္စကနယံ၊ပဉ္စကနည်းရင်း။ဣတိ၊ဤသို့။ ဒွေဝနယေ၊နှစ်ပါးသော နည်းတို့ကိုလည်း။ အာဟရတိ၊ဆောင်တော်မူ၏။တထာ၊ထိုသုဒ္ဓိကပဋိပဒါအတူ။ သုဒ္ဓိကသုညတာယ၊ သုဒ္ဓိကသုညတ၌ရင်း။ သုညတပဋိပဒါယ၊ သုညတ ပဋိပဒါ၌ရင်း။ သုဒ္ဓိကအပ္ပဏိဟိတေ၊ သုဒ္ဓိကအပ္ပဏိဟိတ၌ရင်း။ အပ္ပဏိဟိတပဋိပဒါယ၊အပ္ပဏိဟိတပဋိပဒါ၌ရင်း။ ဒွေဝနယာ၊ စတုက္ကနည်း ပဉ္စကနည်းအားဖြင့် နှစ်ပါးသော နည်းတို့ကိုလည်း။ အာဟရတိ၊၏။ ကသ္မာ၊ အဘယ်ကြောင့်။ဧဝံ၊ဤသို့။ အာဟရတိ၊ဆောင်တော်မူသနည်း။ ပုဂ္ဂလဇ္ဈာသယဝသေနစေဝ၊ပုဂ္ဂိုလ်၏အလိုဆန္ဒ အဇ္ဈာသယ၏ အစွမ်းကြောင့်ရင်း။ဒေသနာဝိလာသေနစ၊ ဒေသနာဝိလာသကြောင့်ရင်း။ အာဟရတိ၊၏။ တဒုဘယမ္ပိ၊ထိုပုဂ္ဂလဇ္ဈာသယဒေသနာဝိလာသနှစ်ပါးကိုလည်း။ဟေဋ္ဌာ၊အောအောက်၌။ဝုတ္တနယေနေဝ၊ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်။ဝေဒိတဗ္ဗံ၊သိအပ်၏။ဧဝံ၊ဤသို့။ လောကုတ္တရံဈာနံဘာဝေတီတိဧတ္ထ၊ လောကုတ္တရံဈာနံဘာဝေတိ-ဟူသောဈာနဟူသောအမည်ဖြင့်ဟောတော်မူအပ်သောအရာ၌။သုဒ္ဓိကပဋိပဒါယ၊သုဒ္ဓိကပဋိပဒါ၌။စတုက္ကပဉ္စကဝသေန၊စတုက္ကနည်း ပဉ္စကနည်း၏ အစွမ်းဖြင့်။ ဒွေနယာ၊ နှစ်ပါးသော နည်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တထာ၊ ထို့အတူ။ သေသေသု၊ သုဒ္ဓိက ပဋိပဒါ မှကြွင်းသော သုဒ္ဓိကသုညတအစရှိသော လေးပါးသော အရာတို့၌။ ဒွေန

ယာ၊စတုက္ကနည်း ပဉ္စကနည်း၏ အစွမ်းဖြင့် နှစ်ပါးသော နည်းတို့သည်။ ဟောအပ်ကုန်၏။ဣတိ၊ဤသို့။သဗ္ဗေသုပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ ပဉ္စသု၊ငါးပါးကုန်သော။ကောဋ္ဌာသေသု၊အဘို့အစုတို့၌။ဒသနယာ၊ဆယ် ပါးသောနည်းတို့ကို။ဘာဇိတာ၊ဝေဘန်တော်မူအပ်ကုန်၏။

တတ္ထ၊ ထိုနှစ်ဆယ်သောအရာတို့တွင်။ လောကုတ္တရာချာနန္တိ၊ လောကုတ္တရာဈာန်ဟူ၍။ ဝုတ္တဋ္ဌာနေ၊ဟောတော်မူအပ်သောအရာ၌။ ဒသနယာ၊ ဆယ်ပါးသောနည်းတို့ကို။ ဝိဘတ္တာယထာဝေ၊ ဝေဘန်တော်မူအပ်ကုန် သကဲ့သို့ သာလျှင်။ ဖဝံတထာ၊ထို့အတူ။ မဂ္ဂါဓိပတိသုပိ၊ မဂ္ဂ စသည် တို့၌ လည်း။ ဝါ၊ လောကုတ္တရာမဂ္ဂဘာဝေတိ-စသည်ဖြင့် ဟောတော်မူအပ် သော အရာတို့၌လည်း။ တေယေဝ၊ ထိုဆယ်ပါးသော နည်းတို့ကိုသာ လျှင်။ ဝိဘတ္တာ၊ ဝေဘန်တော်မူအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိ အပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိသတိယာ၊ နှစ်ဆယ်သော။ ဌာနေသု၊ အရာ တို့၌။ ဒသဒသကတွာ၊ ဆယ်ပါးဆယ်ပါးစီပြု၍။ ဒွေနယသတာနိ၊ နှစ်ရာ သောနည်းတို့ကို။ ဝိဘတ္တာနိ၊ ဝေဘန်တော် မူအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဒါနိ၊ယခုအခါ၌။ အဓိပတိဘေဒံ၊အဓိပတိအပြားကို။ဒဿေ တုံ၊ ပြတော်မူခြင်းငှါ။ ပုန၊ တဖန်။ ကတမေဓမ္မာကုသလာတိအာဒိ၊ကတ မေဓမ္မာကုသလာ ဤသို့စသော စကားကို။ အာရဒ္ဓံ၊ အားထုတ်တော် မူ အပ်၏။ တတ္ထဝစနေ၊ ထိုစကား၌။ ဆန္ဒံ၊ ဆန္ဒကို။ ဓုရံ၊ အဦးအကဲကို။ဇေ ဋ္ဌကံ၊ အကြီးအမြတ်ကို။ ပုဗ္ဗင်္ဂမံ၊ ခေါင်းတည်ရှေ့သွားကို။ ကတွာ၊ ပြု၍။ နိဗ္ဗတ္တိတံ၊ဖြစ်စေအပ်သော။ လောကုတ္တရာချာနံ၊ လောကုတ္တရာဈာန်သည်။ ဆန္ဒာဓိပတေယျံနာမ၊ ဆန္ဒလျှင် ရှေ့သွားအဦးအမှူးအကဲရှိသည်မည်၏။ ဝါ၊ဆန္ဒာဓိပတေယျမည်၏။ သေသေသုပိ၊ကြွင်းသော ဝိရိယာဓိပတေယျ စိတ္တာဓိပတေယျ ဝီမံသာဓိပတေယျ တို့၌လည်း။ ဧသေဝနယော၊ ဤ ဆန္ဒာဓိပတေယျ၌ ဆိုအပ်သောနည်းလျှင် နည်းရှိ၏။ ဣတိ၊ ဤဆိုအပ်ပြီး သောနည်းဖြင့်။ ပုရိမသ္မိံ၊ ရှေးဖြစ်သော။ သုဒ္ဓိကေ၊ သုဒ္ဓိက၌။ ဒွေနယသ တာနိ၊ နှစ်ရာသောနည်းတို့ငှါ။ ဆန္ဒာဓိပတေယျာဒိသု၊ ဆန္ဒာဓိပတေယျ စသည်တို့၌။ ဒွေဒွေနယသတာနိ၊ နှစ်ရာနှစ်ရာသော နည်းတို့ငှါ။ ဣတိ၊ ဤသို့။နယသဟဿနှ၊နည်းတထောင်ဖြင့်။ ဘာဇေတွာ၊ဝေဘန်၍။ပဌမ

မဂ္ဂံ၊ ရှေးဦးအစ ဖြစ်သော သောတာပတ္တိမဂ်ကို။ ဓမ္မရာဇာ၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ဝါ၊တရားသဖြင့်သာလျှင် နတ်နှင့် တကွသောလောက၏မင်းဖြစ်တော်မူသောမြတ်စွာဘုရားသည်။ဒသေ -တိ၊ ပြတော်မူ၏။

ပဌမမဂ္ဂေ၊ ပဌမမဂ်၌။ နယသဟဿံ၊ နည်းတထောင်သည်။ ဟော တိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ထို့အတူ။ ဒုတိယမဂ္ဂါဒီသုပိ၊ ဒုတိယ မဂ်စသည်တို့၌လည်း။ နယသဟဿမေဝ၊ တထောင်တထောင်စီသော နည်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ စတ္တာရောမဂ္ဂါ၊ မဂ် လေးပါးတို့ကို။ စတုဟိနယသဟဿေဟိ၊ လေးထောင်သော နည်းတို့ ဖြင့်။ ဘာဇေတွာ၊ ၍။ ဓမ္မရာဇာ၊ သည်။ ဒသေတိ၊ ၏။ ပန၊ နည်းအထူး ကိုပြဦးအံ့။ သစ္စဝိဘင်္ဂေ၊ သစ္စဝိဘင်းပါဠိတော်၌။ သဋ္ဌိနယသဟဿာနိ၊ ခြောက်သောင်းသော နည်းရှိကုန်သော။ လောကုတ္တရာနိ၊လောကုတ္တရာ စိတ်တို့ကို။ ဣမေသံဧဝ၊ ဤနည်းတို့၏ သာလျှင်။ ဝသေန၊ အစွမ်းဖြင့်။ နိက္ခိတ္တာနိ၊ ထားတော် မူအပ်ကုန်၏။ ဣဓပန၊ ဤဓမ္မသင်္ဂဏီစိတ္တုပ္ပါဒ ကဏ္ဍလောကုတ္တရာကုသိုလ်ကိုဝေဘန်သောအရာ၌မူကား။စတူသုမဂ္ဂေ သု၊ မဂ်လေးပါးတို့၌။ စတ္တာရိယေဝနယသဟဿာနိ၊ လေးထောင်သော နည်းတို့ကိုသာလျှင်။ နိက္ခိတ္တာနိ၊ ထားတော်မူအပ်ကုန်၏။ သတိပဋ္ဌာနဝိ ဘင်္ဂေ၊ သတိပဋ္ဌာနဝိဘင်း၌။ ဝီသတိနယသဟဿာနိ၊ နှစ်သောင်းသော နည်းရှိကုန်သော။လောကုတ္တရာနိ၊တို့ကို။ သမ္မပ္ပဓာနဝိဘင်္ဂေ၊၌။ဝီသတိန ယသဟဿာနိ၊ ကုန်သော။ လောကုတ္တရာနိ၊ တို့ကို။ ဣဒ္ဓိပါဒဝိဘင်္ဂေ၊၌။ ဒွတ္တိံသနယသဟဿာနိ၊ သုံးသောင်းနှစ်ထောင်သောနည်းရှိကုန်သော။ လောကုတ္တရာနိ၊တို့ကို။ဗောဇ္ဈင်္ဂဝိဘင်္ဂေ၊၌။ဒွတ္တိံသ နယသဟဿာနိ၊သုံး သောင်းနှစ်ထောင်သော နည်းရှိကုန်သော။ လောကုတ္တရာနိ၊ တို့ကို။ မဂ္ဂ ဝိဘင်္ဂေ၊ မဂ္ဂဝိဘင်း၌။အဋ္ဌဝီသတိနယသဟဿာနိ၊နှစ်သောင်းရှစ်ထောင် သောနည်းရှိကုန်သော။ လောကုတ္တရာနိ၊ တို့ကို။ ဣမေသံယေဝ၊ဤနည်း တို့၏သာလျှင်။ ဝသေန၊အစွမ်းဖြင့်။ နိက္ခိတ္တာနိ၊ ထားတော်မူအပ်ကုန်၏။

ဤအဋ္ဌကထာလာသည့်အတိုင်း သောတာပတ္တိမဂ်၌ နည်းတထောင် ယူပုံမှာ။ သုဒ္ဓိကပဋိပဒါတပါး, သုဒ္ဓိကသုညတတပါး, သုညတပဋိပဒါ

တပါး, သုဒ္ဓိကအပ္ပဏိဟိတတပါး, အပ္ပဏိဟိတပဋိပဒါတပါး, အားဖြင့် သောတာပတ္တိမဂ်ကို ငါးပါးဝေဘန်တော်မူ၏။ ထိုငါးပါးတွင် တပါးတပါး၌ စတုက္ကနည်း ပဉ္စကနည်းအားဖြင့် နှစ်ပါးကိ ဟောတော်မူရကား ဈာနဟူသောအမည်ဖြင့် ဟောတော်မူရာ၌နည်းဆယ်ပါးဖြစ်၏။ ထို့အတူမဂ္ဂဟူသောအမည်, သတိပဋ္ဌာနဟူသောအမည်, သမ္မပ္ပဓာန, ဣဒ္ဓိပါဒ, ဣန္ဒြိယ, ဗလ, ဗောဇ္ဈင်္ဂ, သစ္စ, သမထဝိပဿနာ, ဓမ္မ, ခန္ဓ, အာယတန, ဓာတု, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ္တ, ဟူသော တဆဲ့ကိုးပါးသော အမည်တို့ဖြင့် ဟောတော်မူရာ၌လည်း နည်းဆယ်ပါးဆယ်ပါးစီဖြစ်ရကား နှစ်ဆယ်သောအရာတို့၌ နည်းပေါင်းနှစ်ရာဖြစ်၏။ ၎င်းနည်းနှစ်ရာကို အဓိပတိသုံးပါးတို့နှင့်လည်းယှဉ်၍ ဟောတော်မူသောကြောင့် အဓိပတိနှင့် မယှဉ်ဘဲ ဟောတော်မူအပ်သော နည်းနှစ်ရာ၊ ဆန္ဒာဓိပတိတပ်ရာ၌နှစ်ရာ၊ စိတ္တာဓိပတေယျ၌နှစ်ရာ၊ ဝီရိယာဓိပတေယျ၌နှစ်ရာ၊ ဝီမံသာဓိပတေယျ၌ နှစ်ရာအားဖြင့် သောတာပတ္တိမဂ်၌ နည်းတထောင်ဖြစ်၏။ ထို့အတူအထက်မဂ်သုံးပါးတို့၌လည်း တထောင်စီဖြစ်ရကား လောကုတ္တရာကုသိုလ်စိတ်၌ နည်းလေးထောင်ဖြစ်သည်ဟုလို၏။

[**ဋီကာကျော်ဆရာယူပုံမှာ။** ဤပါဠိအဋ္ဌကထာနှင့်မတူ။နည်းခြောက်သောင်း နည်းနှစ်သောင်းစသည်ကို ယူပုံရေတွက်ပုံရေတွက်နည်းတို့ကို သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ပြဆို၏။ကျယ်လွန်းအံ့သောကြောင့် ဤ၌မပြမဆိုသည်။]

ပဋိပဒါလေးပါးထူးခြားပုံကိုပြခြင်း

ဝိပဿနာကို အားထုတ်သည်မှစ၍ ကိလေသာကို ခွါသည်ရှိသော် ဆင်းရဲငြိုငြင် ပင်ပန်းစွာအားထုတ်၍ ခွါရသောပုဂ္ဂိုလ်၏ ပဋိပဒါသည် ဒုက္ခပဋိပဒါမည်၏။ ကိလေသာကိုပယ်ခွါပြီးသည့်နောက် ရှည်လျားမြင့်ကြာမှ မဂ်၏ဖြစ်ခြင်းထမြောက်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်၏အဘိညာသည် ဒန္ဓာဘိညာမည်၏။ ထိုဒုက္ခ ပဋိပဒါဒန္ဓာဘိညာရှိသော မဂ်သည် ဒုက္ခပဋိပဒါဒန္ဓာဘိညမဂ်မည်၏။ကိလေသာကိုခွါပြီးသည့်နောက်မကြာ

မတင်သောလျှင်စွာမဂ်၏ထမြောက်ခြင်းဖြစ်ခြင်းသို့ရောက်သောပုဂ္ဂိုလ်
၏ အဘိညာသည် ခိပ္ပါဘိညာမည်၏။ ထိုဒုက္ခပဋိပဒါခိပ္ပါဘိညာရှိသော
မဂ်သည် ဒုက္ခပဋိပဒါခိပ္ပါဘိညမဂ်မည်၏။ ကိလေသာကိုခွါသည့်ရှိသော်
လွယ်လင့်တကူ ချမ်းသာစွာ ခွါနိုင်သောပုဂ္ဂိုလ်၏ ပဋိပဒါသည် သုခပဋိ
ပဒါမည်၏။ ထိုသုခပဋိပဒါဒန္ဓာဘိညာရှိသောမဂ်သည် သုခပဋိပဒါဒန္ဓာ
ဘိညမဂ်မည်၏။ သုခပဋိပဒါခိပ္ပါဘိညာရှိသောမဂ်သည် သုခပဋိပဒါခိပ္ပါ
ဘိညမဂ်မည်၏။

ဤပဋိပဒါသည် ပဌမမဂ် ဒုက္ခပဋိပဒါဖြစ်လျှင် အထက်မဂ် တို့လည်း
ဒုက္ခပဋိပဒါ။ ပဌမမဂ်သုခပဋိပဒါဖြစ်လျှင် အထက်မဂ်တို့လည်း သုခပဋိပ
ဒါ။ ပဌမမဂ်ဒန္ဓာဘိညဖြစ်လျှင် အထက်မဂ်တို့လည်း ဒန္ဓာဘိညာ။ ပဌမ
မဂ်ခိပ္ပါဘိညဖြစ်လျှင် အထက်မဂ်တို့လည်း ခိပ္ပါဘိညာအားဖြင့်မဂ်လေး
ပါးလုံးအတူတူသာဖြစ်လေသလော၊ တပါးနှင့်တပါးမတူကွဲပြား၍သာ
ဖြစ်လေသလောဟူမူ။ လေးပါးလုံးတူသည်လည်းရှိ၏ မတူသည်လည်း
ရှိ၏။

အရှင်သာရိပုတ္တရာမထေရ်၏မဂ်သည်လေးပါးလုံးသုခပဋိပဒါခိပ္ပါဘိ
ညချည်းသာဖြစ်၏။အရှင်မဟာမောဂ္ဂလာန်မထေရ်၏ပဌမမဂ်သည် သုခ
ပဋိပဒါခိပ္ပါဘိညဖြစ်၏။ အထက်မဂ်သုံးပါးတို့မူကား ဇိပ်နွှဲငိုက်မျဉ်း
ခြင်းနှိပ်စက်သောကြောင့် ဒုက္ခပဋိပဒါခိပ္ပါဘိညဖြစ်၏။ အမိသည် သား
သူငယ်အား ဘေးရန်ပယ်ရှား စောင့်ရှောက်ဆောင်ရွက်သကဲ့သို့ မြတ်
စွာဘုရားသည် ခုနစ်ရက်ပတ်လုံး မထေရ်ကို ဘေးရန်ပယ်ရှား စောင့်
ရှောက် မှိုင်းမတော်မူသည်ဖြစ်၍ တနေ့သ၌ မထေရ်သည် ငိုက်မျဉ်း၍
နေသည်ကို "မောဂ္ဂလာန ပစလာယသိနော တွံ ဗြာဟ္မဏ" ဗြာဟ္မဏ၊
ပုဏ္ဏားမျိုး ဖြစ်သော။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ တနည်း။ မောဂ္ဂလာန၊
မောဂ္ဂလာန အနွယ်ဖြစ်သော။ ဝါ၊ မောဂ္ဂလိပုဏ္ဏေးမ၏ သားဖြစ်သော။
ဗြာဟ္မဏ၊ပုဏ္ဏား။ တွံ၊သင်သည်။ ပစလာယသိနော၊ငိုက်မျဉ်းသလော။
ဤသို့မြတ်စွာဘုရား မိန့်တော်မူမှသတိရ၍ ကိလေသာကို ပယ်ခွါသဖြင့်
အစဉ်အတိုင်း အထက်မဂ် သုံးပါးတို့ကို လျင်စွာရတော်မူသည်။ ဤသို့
မြတ်သော အဘိညာဏ်သို့ရောက်သော ဤသို့သဘောရှိသော လက်ဝဲ

တော်ရှံ ဒုတိယအင်္ဂသာဝက မထေရ်မြတ်စဉ်လျက် မင်္ဂလာမချင်းမတူ ရှိဘိသေး၏။ တပါးသောပုဂ္ဂိုလ်တို့အားကား အဘယ်ဆိုဘွယ်ရန်ရှိအံ့နည်း။ မင်္ဂလေးပါးလုံးပင် အချို့ပုဂ္ဂိုလ်အား ဒုက္ခပဋိပဒါဒန္ဓာဘိညာဖြစ်၏။ အချို့အား ဒုက္ခပဋိပဒါခိပ္ပါဘိညာဖြစ်၏။ အချို့အား သုခပဋိပဒါဒန္ဓာဘိညာ ဖြစ်၏။ အချို့အားသုခပဋိပဒါခိပ္ပါဘိညာဖြစ်၏။ အချို့အားပဌမမင်္ဂသည် ဒုက္ခပဋိပဒါဒန္ဓာဘိညာ၊ ဒုတိယမင်္ဂသည် ဒုက္ခပဋိပဒါခိပ္ပါဘိညာ၊ တတိယမင်္ဂသည် သုခပဋိပဒါဒန္ဓာဘိညာ၊ စတုတ္ထမင်္ဂသည် သုခပဋိပဒါခိပ္ပါဘိညာဖြစ်၏။ ဤသို့စသည်တူမတူဖြစ်၏ဟုမှတ်အပ်သည်ဟူလေ။

သုညတမင်္ဂစသည်မည်ပုံကိုပြခြင်း

သုညတဟူသည် လောကုတ္တရာမင်္ဂ၏အမည်တည်း။ ထိုမင်္ဂသည် အဘယ်အကြောင်းကြောင့် သုညတမည်သနည်းဟူမူ။ လာရာအကြောင်း, မိမိ၏ ဂုဏ်, အာရုံ, ဟူသော အကြောင်းသုံးပါးတို့ကြောင့် သုညတမည်သည် ဟူလေ။

အကြောင်းသုံးပါးတို့ကြောင့် သုညတမည်ဟန်ကိုပြဦးအံ့။ ဤသာသနာတော်၌ အကြင်ယောဂီပုဂ္ဂိုလ်သည် တေဘူမကသင်္ခါရတို့ကို အနတ္တဟု နှလုံးသွင်း၍ အနတ္တဟုရှု၏။ အနတ္တဟု ရှုမြင်ရုံနှင့် မင်္ဂ၏ ထ,မြောက်ခြင်းမည်သည် မရှိသည်သာဖြစ်၍ အနိစ္စ,ဒုက္ခ,ဟူ၍လည်း ရှုသင့်သည်သာဖြစ်ရကား အနိစ္စ,ဒုက္ခ,အနတ္တ,ဟုသုံးပါးသော အနုပဿနာသို့တင်၍ ဆင်ခြင် သုံးသပ်လျက်ကျင့်၏။ ထိုပုဂ္ဂိုလ်၏ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် တေဘူမကသင်္ခါရတို့ကို အတ္တမှဆိတ်သောအားဖြင့် ရှုမြင်သောကြောင့် သုညတမည်၏။ထိုသုညတမည်သောဝုဋ္ဌာနဂါမိနီဝိပဿနာသည် မင်္ဂ၏ လာရာ အကြောင်း ဖြစ်သော အရာ၌ တည်၍ မိမိမှ လာသော မင်္ဂအား သုညတဟူသော အမည်ကိုပေး၏။ဤသို့လာရာအကြောင်းအားဖြင့် မင်္ဂသည် သုညတမည်၏။မင်္ဂသည်ရာဂစသည်တို့မှ ကင်းသည် ဆိတ်သည်သာဖြစ်ရကား ရာဂစသည်မှ ဆိတ်ကင်းခြင်းဟူသော မိမိဂုဏ်အားဖြင့်လည်း သုညတမည်၏။ရာဂစသည်တို့မှ ဆိတ်ကင်းရာဖြစ်၍ သုညတဟု

ဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ရကား အာရုံအားဖြင့်လည်း သုည တမည်၏။

[**အပ္ပဏိဟိတဟူသည်လည်း**မဂ်၏အမည်ပင်တည်း။မဂ်သည် အပ္ပဏိဟိတ ဟူသော အမည်ကိုလည်း လာရာအကြောင်း မိမိ ဂုဏ်အာရုံဟူသော အကြောင်းသုံးပါးကြောင့်ပင် ရသည်။]

ရဟန်ကို ပြဦးအံ့။ ဤသာသနာတော်၌ အကြင်ယောဂီပုဂ္ဂိုလ်သည် တေဘူမကသင်္ခါရတို့ကို ဒုက္ခဟု နှလုံးသွင်း၍ ဒုက္ခဟု ရှုမြင်ရုံမျှနှင့် မဂ်၏ ထမြောက်ခြင်း မည်သည် မရှိသည်သာ ဖြစ်၍ အနိစ္စ, အနတ္တ, ဟူ၍လည်း ရှုသင့်သည်သာ ဖြစ်ရကား အနိစ္စ,ဒုက္ခ,အနတ္တ,ဟု သုံးပါးသော အနုပဿနာသို့တင်၍ ဆင်ခြင်သုံးသပ်လျက်ကျင့်၏။ ထိုပုဂ္ဂိုလ်၏ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် တေဘူမကသင်္ခါရတို့၌ တောင့်တခြင်းရာဂစသော ပဏိဓိကို ခြောက်တပ် ကုန်ခန်းစေ၍ ဖွန့်သောကြောင့် အပ္ပဏိဟိတ မည်၏။ ထိုအပ္ပဏိဟိတ မည်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် မဂ်၏ လာရာ အကြောင်းဖြစ်သော အရာ၌တည်၍ မိမိမှလာသောမဂ်အား အပ္ပဏိဟိတ ဟူသော အမည်ကို ပေးရကား မဂ်သည် လာရာ အကြောင်းအားဖြင့် အပ္ပဏိဟိတ ဟူသော အမည်ကို ရ၏။ ထိုမဂ်၌ ရာဂ, ဒေါသ, မောဟ, ဟူသော ပဏိဓိ မရှိရကား ပဏိဓိတို့၏ မရှိခြင်း ဟူသော မိမိ ဂုဏ် အားဖြင့်လည်း အပ္ပဏိဟိတ ဟူသော အမည်ကို ရ၏။ ထိုရာဂ စသော ပဏိဓိတို့၏ မရှိခြင်းကြောင့် အပ္ပဏိဟိတဟု ဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ရကား အာရုံအားဖြင့်လည်း အပ္ပဏိဟိတ ဟူသော အမည်ကိုရ၏။

မဂ်သည်လာရာအကြောင်း,မိမိဂုဏ်,အာရုံ,ဟူသော အကြောင်းသုံး ပါးတို့ဖြင့် အမည်ကို ရသည်ဟူ၍ပင် ဆိုသော်လည်း ထိုအကြောင်း သုံး ပါးတွင် မိမိဂုဏ်အားဖြင့်၎င်း,အာရုံအားဖြင့်၎င်း, အမည်ကိုရခြင်းသည် သုတ္တန္တိကပရိယာယဖြင့်သာ ရချေသည်။ ထိုသုတ္တန်ဒေသနာသည် ပရိယာယဒေသနာမျှသာဖြစ်သည်။မုချဒေသနာမဟုတ်။အဘိဓမ္မာဒေသနာ မူကား မုချနိပ္ပရိယာယ ဒေသနာ ဖြစ်သောကြောင့် ပဌမမဂ်ကို ဝေဘန်

သော ဤအဘိဓမ္မာ အရာ၌ လာရာ အကြောင်း အားဖြင့်သာ အမည်ကို ရသည်။ မိမိဂုဏ်အားဖြင့်၎င်း, အာရုံအားဖြင့်၎င်း, အမည်ကိုမရ။ ထိုအကြောင်း သုံးပါးတို့တွင် လာရာ အကြောင်း ဖြစ်သော အာဂမနသာ ပြဋ္ဌာန်းသည်။ မိမိဂုဏ်ဟူသော သဂုဏအကြောင်း, အာရုံဟူသော အာရမ္မဏအကြောင်းတို့ မပြဋ္ဌာန်းကုန်။ ထိုအာဂမနသည်လည်း ဝိပဿနာဂမန,မဂ္ဂါဂမန,အားဖြင့် နှစ်ပါးရှိသည်။ထိုတွင်မဂ်၏လာရာ၌ ဝိပဿနာဂမနပြဋ္ဌာန်း၏။ဖိုလ်၏လာရာ၌ မဂ္ဂါဂမနပြဋ္ဌာန်း၏။ဤ၌မဂ်၏လာရာဖြစ်သောကြောင့် ဝိပဿနာဂမနသာ ပဓာနဖြစ်၏။

တယော မေ ဘိက္ခဝေ ဝိမောက္ခာ သုညတော ဝိမောက္ခော အနိမိတ္တော ဝိမောက္ခော အပ္ပဏိဟိတော ဝိမောက္ခောတိ ။ဘိက္ခဝေ ၊တို့။ ဝိမောက္ခာ၊ဝိမောက္ခတို့သည်။ဝါ၊မဂ်တို့သည်။ ဣမေတယော၊ ဤသုံးပါးတို့တည်း။တယော၊သုံးပါးသောဝိမောက္ခတို့ဟူသည်။သုံးပါးသောမဂ်တို့ ဟူသည်။ကတမေ၊အဘယ်တို့နည်း ဟူမူကား။ သုညတောဝိမောက္ခော၊ သုညတမဂ်တပါး ။အနိမိတ္တော ဝိမောက္ခော၊ အနိမိတ္တမဂ် တပါး။ အပ္ပဏိဟိတော ဝိမောက္ခော၊ အပ္ပဏိဟိတမဂ်တပါး။ ဣတိဣမေတယော၊ ဤသုံးပါးတို့တည်း။ ဤသို့ဟောတော်မူသောကြောင့် သုညတအနိမိတ္တ အပ္ပဏိဟိတ ဟူသော ဤသုံးပါးတို့သည် မဂ်၏ အမည်တို့ချည်း ဖြစ်ပါကုန်သည် မဟုတ်လော။ ထိုသို့ဖြစ်လျက် ထိုသုံးပါးတွင် ဤပဋ္ဌမ မဂ်ကို ဝေဘန် ရာ၌ အဘယ်ကြောင့် သုညတ အပ္ပဏိဟိတမဂ် နှစ်ပါးကိုသာ ယူ၍ အနိမိတ္တကိုမယူလေသနည်းဟူမူ။ လာရာ အကြောင်း မရှိသောကြောင့် မယူသည် ဟူလေ။

အဘယ်ကြောင့် လာရာအကြောင်း မရှိလေသနည်း ဝိပဿနာသည် ရှိပါသည်သာမဟုတ်လောဟူမူ။ ရှိ၏ ရှိသော်လည်း ထိုဝိပဿနာသည် မဂ်၏အကြောင်းရှိသော အရာ၌တည်၍ မိမိ၏အမည်ကို မဂ်အားပေးခြင်းငှါမစွမ်းနိုင်သောကြောင့် လာရာအကြောင်းမရှိသည်ဟူလေ။ အဘယ်ကြောင့်ကား မဂ်၏လာရာ အကြောင်းရှိသော အရာ၌တည်၍ မဂ်အား အမည်ကို မပေးနိုင်လေသနည်း ဟူမူ။ မိမိက အနိမိတ္တ မဖြစ် သနိမိတ္တသာ ဖြစ်သောကြောင့် မပေးနိုင်သည် ဟူလေ။

အဘယ်ကြောင့် ဝိပဿနာသည် သနိမိတ္တသာ ဖြစ်လေ သနည်း။ မြတ်စွာဘုရားသည် သားတော်အရှင်ရာဟုလာ မထေရ်အား။

အနိမိတ္တဉ္စ ဘာဝေဟိ၊မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ၊ဥပသန္တော စရိဿသိ။ ။

ဟု အနိမိတ္တ ဝိပဿနာကို ဟောတော် မူပါသည်။ ထိုဝိပဿနာကိုလည်း နိစ္စနိမိတ်, ဓုဝနိမိတ်, သုခနိမိတ်, အတ္တနိမိတ်, တို့ကို ဖွစ်ခွါ ဖျက်ပယ်တတ်သောကြောင့်အနိမိတ္တဟု ဆိုအပ်သည်။ထိုသို့နိစ္စနိမိတ်စသည်ကို ဖွစ်ခွါတတ်ကလည်း သနိမိတ္တမဖြစ်ရာ အနိမိတ္တသာ ဖြစ်ရာပါသည် မဟုတ်လော ဟူပြန်မူ။အကယ်၍ပင် သင်ထင်သည့်အတိုင်း ထိုနိစ္စနိမိတ်စသည်ကို ဖွစ်ခွါသည်ပင် ဖြစ်သော်လည်း မိမိဟူသော ဝိပဿနာသည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်, ဟူသော တေဘူမက ခန္ဓာ ဖြစ်သော နိမိတ္တတရားတို့၌ အကျုံးဝင်သော အားဖြင့် ဖြစ်သောကြောင့် အနိမိတ္တမဖြစ်။သနိမိတ္တသာ ဖြစ်သည် ဟူလေ။

ဤသို့လျှင် တေဘူမက သင်္ခါရတို့ကို အနိစ္စဟု ရှုသော အနိမိတ္တဝိပဿနာသည် နိစ္စ, ဓုဝ, သုခ, အတ္တ, နိမိတ်တို့ကို ဖွစ်ခွါသော်လည်း သနိမိတ္တ ဖြစ်သော တေဘူမက ခန္ဓာတို့၌ အကျုံးဝင်သောကြောင့် သနိမိတ္တသာ ဖြစ်ရကား မဂ်၏လာရာ အကြောင်းရှိသော အရာ၌တည်၍ မိမိမှလာသောမဂ်အား အနိမိတ္တ ဟူသော အမည်ကို ပေးခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍ မိမိဟူသော မဂ်အား အနိမိတ္တဟူသော အမည်ကို ပေးစိမ့်သော ဝိပဿနာဟူသော လာရာအကြောင်း မရှိသောကြောင့် ဤအရာ၌ အနိမိတ္တမဂ်ကို ယူတော်မမူ လေသည်။

တနည်းလည်း။ အဘိဓမ္မာမည်သည် ပရမတ္ထ ဒေသနာတည်း။ အနိမိတ္တမဂ်အားလည်း ပရမတ္ထအားဖြင့် အကြောင်းချွတ်သည်သာ ဖြစ်၏။ အဘယ်သို့ချွတ်သနည်းဟူမူ။ အနိစ္စာနုပဿနာ၏ အစွမ်းဖြင့် အနိမိတ္တမဂ်ကို ဆိုအပ်၏။ထိုအနိမိတ္တဝိမောက္ခဖြင့်သာလျှင် သဒ္ဓိန္ဒြေသည်လွန်ကဲ၏။ ထိုသဒ္ဓိန္ဒြေသည် အရိယာမဂ်၏ တခုသော အင်္ဂါမျှလည်းမဖြစ်။ ထိုသို့မဂ္ဂင်မဖြစ်သောကြောင့် မိမိ၏မဂ်အား ပရမတ္ထအားဖြင့်အမည်ကိုပေးခြင်းငှါ

မစွမ်းနိုင်။ အနိမိတ္တမဂ်မှတပါး နှစ်ပါးသော သုညတမဂ်, အပ္ပဏိဟိတ မဂ်, တို့တွင်ကား အနတ္တာနုပဿနာ၏ အစွမ်းဖြင့် သုညတမဂ်ကို၊ ဒုက္ခာနုပဿနာ၏ အစွမ်းဖြင့် အပ္ပဏိဟိတ မဂ်ကို ပဟာအပ်၏။ ထိုနှစ်ပါးတို့တွင် သုညတဝိမောက္ခဖြင့် ပညိန္ဒြေလွန်ကဲ၏။အပ္ပဏိဟိတဝိမောက္ခဖြင့် သမာဓိန္ဒြေလွန်ကဲ၏။ထိုပညိန္ဒြေ,သမာဓိန္ဒြေ,တို့သည်အရိယာမဂ်၏သမ္မာဒိဋ္ဌိအင်္ဂါ, သမ္မာသမာဓိအင်္ဂါ, ဖြစ်သောကြောင့် မိမိတို့မဂ်အား ပရမတ္ထအားဖြင့် အမည်ကို ပေးစွမ်းနိုင် ကုန်သည်။ ထို့ကြောင့် ပဥ္စမမဂ်ကို ဝေဘန်သော ပရမတ္ထဒေသနာ အရာဖြစ်ရကား ဤနှစ်ခုသုညတမဂ်, အပ္ပဏိဟိတမဂ်, နှစ်ပါးတို့ကိုသာယူ၍ အနိမိတ္တမဂ်ကို ယူတော်မမူ လေသည် ဟူလေ။ ဤနောက် ဖြစ်သော ဝိနိစ္ဆယကား အဋ္ဌကထာဝုတ္တ ဖြစ်သော **ဆရာတပါး၏အလိုဖြစ်သောဝိနိစ္ဆယတည်း။**

အချို့သောဆရာတို့ကား။ အနိမိတ္တမဂ်သည် လာရာအကြောင်း အာဂမနအားဖြင့် အမည်ကို မရသော်လည်း သုတ္တန်နည်းအားဖြင့် မိမိဂုဏ်အားဖြင့်၎င်း,အာရုံအားဖြင့်၎င်း,အမည်ကိုရသည်ဟုဆိုကုန်၏။ထိုဆရာတို့ကို ဤစကားကိုဆို၍ ပယ်မြစ်အပ်ကုန်၏။ အဘယ်သို့ဆို၍ ပယ်မြစ်ရမည်နည်း။ အကယ်၍ သင်တို့ဆိုသည့်အတိုင်း အနိမိတ္တမဂ်သည် မိမိ၏ဂုဏ်အားဖြင့်၎င်း,အာရုံအားဖြင့်၎င်း,အမည်ကို ရသည်ရှိသော် သုညတမဂ်, အပ္ပဏိဟိတမဂ်, တို့သည်လည်း မိမိတို့ ဂုဏ်အားဖြင့်၎င်း, အာရုံအားဖြင့်၎င်း,အမည်ကိုရကုန်ရာ၏ ရကားမရကုန်ခဲ့။အဘယ်အကြောင်းကြောင့် မရကုန်သနည်းဟူမူ။ဤမဂ်မည်သည် မိမိသဘောအားဖြင့်၎င်း, ဆန့်ကျင်ဘက်အားဖြင့်၎င်း,ဤအကြောင်းနှစ်ပါးတို့ကြောင့် အမည်ကိုရသည်။ထိုမဂ်သုံးပါးတို့တွင်သုညတမဂ်,အပ္ပဏိဟိတမဂ်,တို့သည် မိမိသဘောအားဖြင့်၎င်း, ဆန့်ကျင်ဘက်အားဖြင့်၎င်း, အမည်ကိုရကုန်သည်။ အဘယ်သို့သဘောအားဖြင့်အမည်ကို ရကုန်သနည်းဟူမူ။ သုညတမဂ်သည် ရာဂစသည်တို့မှ ဆိတ်သောကြောင့် သုညတမည်၏။ အပ္ပဏိဟိတမဂ်သည်လည်း ရာဂစသောပဏိဓိတို့ဖြင့် တောင့်တခြင်း ပဏိဓိ မရှိသောကြောင့် အပ္ပဏိဟိတမည်၏။ ဤသို့သဘောအားဖြင့် အမည်ကိုရကုန်သည် ဟူလေ။

[**အဘယ်သို့** ဆန့်ကျင်ဘက်အားဖြင့်အမည်ကိုရကုန်သနည်း ဟူမူ။ သုညတမဂ်သည် အတ္တဟုနှလုံးသွင်းခြင်း အတ္တာဘိနိဝေသ၏ ဆန့်ကျင်ဘက်ဖြစ်၍ သုညတမည်၏။ အပ္ပဏိဟိတမဂ်သည် ရာဂစသော တောင့်တခြင်း ပဏိဓိ၏ ဆန့်ကျင်ဘက်ဖြစ်၍ အပ္ပဏိဟိတမည်၏။ ဤသို့ဆန့်ကျင်ဘက်အားဖြင့် **အမည်ကိုရကုန်** သည်ဟူလေ။]

အနိမိတ္တမဂ်မူကား။ ရာဂစသော နိမိတ်တို့၏ရင်း, နိစ္စနိမိတ် စသည်တို့၏ရင်း, မရှိခြင်းကြောင့် မိမိသဘောအားဖြင့်သာ အမည်ကိုရသည်။ ဆန့်ကျင်ဘက် အားဖြင့် အမည်ကိုမရ။ အဘယ်ကြောင့် ဆန့်ကျင်ဘက် အားဖြင့် အမည်ကိုမရလေသနည်း ဟူမူ။ ထိုအနိမိတ္တ မဂ်သည် သင်္ခါရနိမိတ်လျှင် အာရုံရှိသော အနိစ္စာနုပဿနာ၏ ဆန့်ကျင်ဘက်မဟုတ်၊ အနိစ္စာနုပဿနာသည် မဂ်အားလျော်သော အဖြစ်၌သာတည်ချေသည်။ ထိုသို့အနိစ္စာနုပဿနာ၏မဂ်၏ အလျော်အနုလောမအရာ၌သာတည်၍ ဆန့်ကျင်ဘက် မဟုတ်သောကြောင့် ဆန့်ကျင်ဘက် အားဖြင့် အမည်ကိုမရသည် ဟူလေ။ ဤသို့ ပြဆိုခဲ့သည်အတိုင်း ခပ်သိမ်းသော အခြင်း အရာအကြောင်းတို့ဖြင့်လည်း အဘိဓမ္မာဒေသနာ နည်းအားဖြင့် အနိမိတ္တမဂ်မည်သည်အလျှင်းပင်မရှိ။ ဤသို့ဆို၍ပယ်မြစ်ရမည်ဟူလေ။

သုတ္တန် နည်းအားဖြင့်ကား ဤသို့ဆောင်၍ ပြအပ်၏။ မဂ္ဂဝုဋ္ဌာန ဖြစ်သောအကြိမ်၏ ကမ္မဋ္ဌာန်း အလွှန်ထင်ရကား သုံးပါးသောတရားတို့၏ တပြိုင်တည်း ထင်ခြင်းမည်သည် မရှိသော်လည်း အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာသုံးပါးသည် တခုတည်းသော အာဝဇ္ဇန်းဖြင့်ပင်လျှင် ထင်သကဲ့သို့ ထင်ခြင်းသို့ရောက်၏။အနိစ္စစသော တပါးပါးကိုနှလုံးသွင်းသည်ရှိသော် လက္ခဏာတပါးတည်းကိုရှုမြင်ရုံမျှနှင့် မဂ္ဂဝုဋ္ဌာန မည်သည်မဖြစ်ရကား နှလုံးသွင်းရင်းလက္ခဏာမှ တပါးသော လက္ခဏာ နှစ်ပါးတို့ကိုလည်း ရှုခြင်းငှါအပ်သည်သာဖြစ်သောကြောင့် အနိစ္စဟုနှလုံးသွင်းသောရဟန်းသည် အနိစ္စမှသာထသည်မဟုတ် ဒုက္ခမှလည်းထ၏။ အနတ္တမှလည်းထ၏။ ဒုက္ခဟုစ၍နှလုံးသွင်းရာ၌လည်း ဒုက္ခမှသာထသည်မဟုတ်

အနိစ္စမှလည်းထ၏။ အနတ္တမှလည်းထ၏။ အနတ္တဟုစ၍ နှလုံးသွင်းရာ၌လည်း အနတ္တမှသာ ထသည်မဟုတ် အနိစ္စမှလည်းထ၏။ ဒုက္ခမှလည်းထ၏။ ဤသို့ရှေးဦးအစကာလ၌ အနိစ္စစသော အမှတ်မဲ့ တပါးပါးသောလက္ခဏာ၌ နှလုံး သွင်းသည်ပင် ဖြစ်စေ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်အကြွင်းအကြွင်းလက္ခဏာကိုသုံးသပ်၍ထ၏။ ထိုထိုသုံးသပ်၍ထရာလက္ခဏာ၏အစွမ်းဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူသောမိမိသည် မဂ်၏လာရာအကြောင်း ဟူသောအရာ၌တည်၍ မိမိအမည်ကိုမဂ်အားပေး၏။ ထိုသုံးပါးတွင် အနိစ္စလက္ခဏာမှထသော ပုဂ္ဂိုလ်၏မဂ်သည် အနိမိတ္တမည်၏။ ဒုက္ခလက္ခဏာမှထသော ပုဂ္ဂိုလ်၏မဂ်သည် အပ္ပဏိဟိတ မည်၏။ အနတ္တ လက္ခဏာမှ ထသော ပုဂ္ဂိုလ်၏ မဂ်သည် သုညတ မည်၏။ ဤသို့ သုတ္တန်နည်းအားဖြင့်ဆောင်၍ပြအပ်၏။

အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာမည်သည် ပညတ်နှင့် အလားတူ၏။ ပရမတ် အတိတ် အနာဂတ်ဟု မဆိုအပ် မဆိုထိုက်သော တရား ဖြစ်၏။ တော်ဘူမကသင်္ခါရတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ, ဟုသုံးပါးသော လက္ခဏာတို့ကိုမှတ်နိုင်သော ပုဂ္ဂိုလ်အား ခန္ဓာငါးပါးတို့သည် လည်၌ဖွဲ့ချည်အပ်သော အကောင်ပုပ်ကဲ့သို့ဖြစ်ကုန်၏။သင်္ခါရသာလျှင် အာရုံရှိသော ဝိပဿနာ ဉာဏ်သည် သင်္ခါရမှထ၏။ သပိတ်ဝယ်လိုသော ရဟန်းသည် သပိတ်သည်သည် ဆောင်ယူခဲ့သောသပိတ်ကိုမြင်၍ နှစ်သက်ဝမ်းသာ ဝယ်ယူအံ့ဟု ကြံပြီးမှ ကြည့်ရှုဆင်ခြင် ရုံစမ်းသည်ရှိသော် သုံးရသော အပေါက်တို့ကို မြင်လတ်လေက သုံးရသော အပေါက်၌ တပ်နှစ်သက်ခြင်း ကင်းသည် မဟုတ်၊ စင်စစ်သော် သပိတ်၌သာ တပ် နှစ်သက်ခြင်း ကင်းသကဲ့သို့ရင်း, ပုဆိုးဝယ်လိုသောယောကျ်ားသည် ပုဆိုးကုန်သည်သည် ဆောင်ယူခဲ့သောပုဆိုးကိုမြင်၍ နှစ်သက်ရွှင်လန်း ဝမ်းမြောက်စွာဝယ်ယူမည်ကြံပြီးမှ ရုံစမ်းဆင်ခြင်ကြည့်ရှုသည်ရှိသော် သုံးရသော အပေါက်ကိုမြင်လေက အပေါက်၌ တပ်နှစ်သက်ခြင်းကင်းသည်မဟုတ် အပေါက်ရှိသောပုဆိုး၌ တပ်ခြင်းကင်းသကဲ့သို့ရင်း, ထို့အတူ သုံးပါးသောလက္ခဏာတို့ကိုမှတ်၍ သင်္ခါရတရားတို့၌တပ်ခြင်းကင်းလေသည်။ သင်္ခါရလျှင် အာရုံရှိသောဉာဏ်ဖြင့် သင်္ခါရမှထ၏ဟုသိလေ။

[အဓိပတိဘေဒအရေ၌သည်း။ အချို့ပုဂ္ဂိုလ်အားမဂ်လေးပါး လုံးပင်ဆန္ဒာဓိပတေယျဖြစ်၏။ အချို့အား ဝီရိယာဓိပတေယျ ဖြစ်၏။ အချို့အား ဓိတ္တာဓိပတေယျဖြစ်၏။ အချို့အား ဝိမံသာဓိပတေယျဖြစ်၏။အချို့အား ပဌမမဂ်သည် ဆန္ဒာဓိပတေယျ၊ဒုတိယမဂ်သည် ဝီရိယာဓိပတေယျ၊ တတိယ မဂ်သည် စိတ္တာဓိပတေယျ၊ စတုတ္ထ မဂ်သည် ဝိမံသာဓိပတေယျ ဖြစ်၏။ ဤသို့ စသည်ဖြင့် မဂ်တပါးနှင့်တပါးတူသည်လည်းရှိ၏။ မတူသည်လည်းရှိ၏ဟု မှတ်လေ။]

သကဒါဂါမိ၏ကာမရာဂတို့၌ခေါင်းပါးပုံကိုပြခြင်း၊

သကဒါဂါမိပုဂ္ဂိုလ်အား ကာမရာဂဗျာပါဒတို့ ခေါင်းပါး အားနည်း သည်ဟူရာ၌ ရံဖန်ရံခါသာဖြစ်ခြင်း, နှိပ်စက်လွှမ်းမိုးထိုးကျင့်ခြင်းမှ အား နည်းခြင်း, ဟူသောအကြောင်းနှစ်ပါးတို့ကြောင့် ခေါင်းပါး အားနည်း၏။ သကဒါဂါမိတို့အား ထိုကာမရာဂဗျာပါဒတို့ဖြစ်ကုန်သော်လည်း လော ကီ လူအပေါင်း တို့အား ဖြစ်သကဲ့သို့ မပြတ်အကြိမ် များစွာဖြစ်သည် မဟုတ် ပါးပါးသာ မျိုးစေ့ ကျဲမွှမ်းအပ်သော လယ်၌ ကောက်ညှန့် ကောက်ပင်တို့ကဲ့သို့ တကြိမ်နှင့်တကြိမ် ကာလဝေးကွာ ရံခါရံခါသာ ဖြစ်သည်။ ထိုသို့ရံခါရံခါပင် ဖြစ်သော်လည်း နင်းနယ်ပြန့်နှံ့လွှမ်းမိုးဖိစီး အမိုက်တိုက်ကိုပြု၍ဖြစ်သည်မဟုတ် အောက်မဂ်နှစ်ပါးတို့ဖြင့် နှစ်ကြိမ် တိုင် ပယ်ဖျက်ပြီး ဖြစ်သောကြောင့် တိမ်လွှာ, ပလူတောင်, ပျားတောင်, ယင်တောင်, ကဲ့သို့ပါးလွှာအားနည်းစွာသာ ဖြစ်သည်ဟုမှတ်လေ။

အချို့သောမထေရ်တို့သည်။ သကဒါဂါမိတို့အား သားသမီး တို့ကို ရခြင်းထင်မြင်သည်ကို ထောက်ဆသဖြင့် ရံခါရံခါသာ ဖြစ်သော်လည်း ဖြစ်သောအခါ ထူထပ်အားကြီးစွာသာဖြစ်သည်ဟုဆိုကုန်၏။ ထိုမထေရ် တို့စကားသည်မသင့် အဘယ်ကြောင့်မသင့်သနည်းဟူမူ။ သားသမီးရ ခြင်းသည် ကိလေသာ ထူထပ် အားကြီးရာ၌ ထောက်ထား အားကိုး လောက်ပမာပြုလောက်မိုလောက်သောအကြောင်းမဟုတ် ကိုယ်လက်

အင်္ဂါကြီးငယ်ကို သုံးသပ်ခြင်းစသည်ဖြင့်ပင် သားသမီးရသောကြောင့် မသင့်သည်ဟူလေ။

ပါရိကာရသေ့မ၏ချက်ကိုဒုကုလရသေ့ခြေမဖြင့်သုံးသပ်ခြင်းကြောင့် ပဋိသန္ဓေရ၍ ဘုရားအလောင်းတော် သုဝဏ္ဏသာမ ရသေ့ကို ဘွားကြောင်း။ ထို့အတူ ဒိဋ္ဌမင်္ဂလိကာ၏ ချက်ကို မာတင်္ဂရသေ့ သုံးသပ်ခြင်းကြောင့် ပဋိသန္ဓေရ၍ မဏ္ဍဗျလုလင်ကိုဘွားကြောင်း။ စဏ္ဍပဇ္ဇောတမင်း၏မယ်တော်၏ အင်္ဂါ၌ကင်းခြေများ လျှောက်သွားသည်ကို သာယာသဖြင့် ပဋိသန္ဓေရ၍ စဏ္ဍပဇ္ဇောတမင်းကို ဘွားကြောင်း။ သမင်မသည် ရသေ့၏သုက်နှင့်ရောသောကျင်ငယ်ကို သောက်ခြင်းကြောင့် ပဋိသန္ဓေရ၍ မိဂသိင်္ဂရသေ့ကို ဘွားကြောင်း။ ဘိက္ခုနီမတယောက်သည် ရဟန်းယောက်ျား၏သင်းပိုင်၌လူးကပ်သောသုက်ကိုခံတွင်းဖြင့်ရပ်၍မျိုသောကြောင့် ပဋိသန္ဓေရကြောင်း။ နွားလား၏အနံ့ကိုယူသဖြင့် များစွာသောနွားမတို့၌ ပဋိသန္ဓေရကြောင်း။ မိုးသံချုန်းသံကိုကြားသဖြင့် များစွာသော ဗျိုင်းအောက်ဗျိုင်းနှမ်းမတို့ ပဋိသန္ဓေရကြောင်း။ နန်းတွင်းသူ စသည်တို့သည်တပ်သောရာဂစိတ်ဖြင့် ယောက်ျားကိုကြည့်ခြင်းကြောင့် ပဋိသန္ဓေရကြောင်းတို့ကို ကျမ်းဂန်တို့၌ များစွာပင်လာရှိချေသည်။

ဖိုလ်စိတ်လေးပါးကိုပြခြင်း

ဖိုလ်စိတ်သည်လည်း အကျိုးဝိပါက်၏ အဖြစ်ဖြင့် သာမညတပါးတည်းသာဖြစ်သော်လည်း ထိုလောကုတ္တရာမင်္ဂ ကုသိုလ်တို့၏ သာလျှင် အကျိုး ဖြစ်သောကြောင့် ဇနကအကြောင်း ဖြစ်သောမင်္ဂသည် ထိုက်သည်အားလျော်စွာ ပယ်အပ်ပြီးသောကိလေသာတို့ကိုပင် အဖိုးအကင်း အငွေ့အသက်မျှ မကြွင်းမကျန်စေရအောင်တဖန်ထပ်မံ၍ ငြိမ်းစေသောအားဖြင့် ပယ်သည်ဖြစ်၍ မင်္ဂအားလျော်စွာသာဖြစ်ရကား မင်္ဂစိတ်လေးပါးပြားသကဲ့သို့ လေးပါးပင်ပြားလေသည်။

နိဂုမ်းဝယ်ဝိသဇ္ဇါဖြင့် ပေါင်းယူရေတွက်ရာ၌ အဋ္ဌသာလိနီ အဋ္ဌကထာ၌လာသည်အားလျော်စွာ ရေတွက်သော် သညာတမည်သော ဝဋ္ဋာန

ဂါမိနီဝိပဿနာ ဟူသော လာရာအကြောင်းအားဖြင့် သုညတ ဟူသော အမည်ကို ရသောမဂ်ကို မိမိတို့ဂုဏ် အားဖြင့်၎င်း, အာရုံ အားဖြင့်၎င်း, အပ္ပဏိဟိတဟူ၍၎င်း, အနိမိတ္တဟူ၍၎င်း, ဆိုအပ်သောကြောင့် မိမိဟူသောမဂ်သည် ဖိုလ်၏လာရာ အကြောင်းအရာ၌တည်၍ မိမိ၏ဖိုလ်အား သုံးပါးသောအမည်ကိုပေး၏။

ပေးဟာန်ကိုပြဦးအံ့။ သက်သက်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟူသောလာရာ အကြောင်း၏အစွမ်းဖြင့် သုညတဟူ၍ ရအပ်သောအမည်ရှိသော မဂ်သည် ဖိုလ်၏လာရာ အကြောင်းအရာ၌တည်၍ မိမိ၏ ဖိုလ်အားအမည်ကိုပေးသည်ဖြစ်၍ သုညတဟူသောအမည်ကိုပြု၏။ သုညတ အနိမိတ္တမဂ်သည် ဖိုလ်၏လာရာအကြောင်းအရာ၌ မိမိတည်၍မိမိ၏ဖိုလ်အား အမည်ကိုပေးသည်ရှိသော် အနိမိတ္တ အမည်ကိုပြု၏။ သုညတအပ္ပဏိဟိတမဂ်သည်ဖိုလ်၏လာရာအကြောင်းအရာ၌တည်၍မိမိ၏ဖိုလ်အား အမည်ကို ပေးသည်ရှိသော် အပ္ပဏိဟိတဟူသော အမည်ကိုပြု၏။ဖိုလ်သည် ဤအမည် သုံးပါးကိုရ၏ ဟူသော်လည်း ဤနည်းဖြင့် မဂ်၏အခြားမဲ့၌ဖြစ်သော ဖိုလ်စိတ်၌သာရသည်။ မဂ်ကို ရပြီးသည်မှ နောက်ကာလ ဝယ် ဝင်စားအပ်သော ဖလသမာပတ်၌ ရသည်မဟုတ် နောက်အဖို့ ကာလ၌ကား အနိစ္စ, စသော သုံးပါးသော ဝိပဿနာ တို့ဖြင့် ရှုခြင်း၌ါ တတ်ကောင်း လေသောကြောင့် ထ,အပ်သော ဝိပဿနာ၏ အစွမ်းဖြင့် အနိစ္စဝိပဿနာမှ ထ,လျှင် အနိမိတ္တ,ဒုက္ခဝိပဿနာမှ ထ,လျှင် အပ္ပဏိဟိတ,အနတ္တဝိပဿနာမှ ထ,လျှင်သုညတ,ဟူ၍ ဖိုလ်၏သုံးပါးသော အမည်တို့သည် ဖြစ်ကုန်၏။အပ္ပဏိဟိတ မည်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူသော လာရာ အကြောင်း အားဖြင့် အပ္ပဏိဟိတ အမည်ရသော မဂ်ကို မိမိဂုဏ်အားဖြင့်၎င်း,အာရုံအားဖြင့်၎င်း,အနိမိတ္တဟူ၍၎င်း,သုညတဟူ၍၎င်း,ဆိုအပ်သောကြောင့် မိမိဟူသောမဂ်သည်ဖိုလ်၏လာရာအကြောင်းအရာ၌တည်၍ မိမိဖိုလ်အား သုံးပါးသော အမည်ကို ပေး၏။

ပေးဟာန်ကိုပြဦးအံ့။သက်သက်ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူသော လာရာအကြောင်း၏ အစွမ်းဖြင့် အပ္ပဏိဟိတဟု ရအပ်သော အမည်ရှိသော မဂ်သည် ဖိုလ်၏ လာရာ အကြောင်း အရာ၌ တည်၍ မိမိ၏ဖိုလ်အား အ

မည့်ကို ပေးသည့်ရှိသော် အပ္ပဏိဟိတဟူသော အမည်ကိုပြု၏။အပ္ပဏိဟိတ အနိမိတ္တမဂ်သည် မိမိဖိုလ်၏ လာရာ အကြောင်း အရာ၌ တည်၍ မိမိ၏ဖိုလ်အား အမည်ကို ပေးသည့်ရှိသော် အနိမိတ္တဟူသော အမည်ကို ပြု၏။အပ္ပဏိဟိတ သုညတမဂ်သည် မိမိသည့်ဖိုလ်၏လာရာ အကြောင်း အရာ၌တည်၍ မိမိ၏ဖိုလ်အား အမည်ကို ပေးသည့်ရှိသော် သုညတဟူသော အမည်ကိုပြု၏။ဖိုလ်သည်ဤအမည် သုံးပါးကိုရ၏ဟူသော်လည်း ဤနည်းဖြင့် မဂ်၏အခြားမဲ့၌ဖြစ်သော မဂ္ဂါနန္တရဖိုလ်၌သာရသည်။မဂ်ကို ရပြီးသည့်မှ နောက်ကာလဝယ် ဝင်စားအပ်သော ဖလ သမာပတ်၌ ရ သည်မဟုတ်။ နောက်အတို့ ကာလ၌ကား အနိစ္စ, စသော သုံးပါးသော ဝိပဿနာတို့ဖြင့် ရှုခြင်းငှါတတ်ကောင်း လေသောကြောင့် ထ,အပ်သော ဝိပဿနာ၏ အစွမ်းဖြင့် အနတ္တဝိပဿနာမှ ထ,လျှင်သုညတ,ဒုက္ခဝိပဿ နာမှ ထ,လျှင်အပ္ပဏိဟိတ,အနိစ္စဝိပဿနာမှ ထ,လျှင်အနိမိတ္တ,ဟူ၍ဖိုလ် ၏ သုံးပါးသော အမည်တို့သည် ဖြစ်ကုန်၏။

တောဘူမက ကုသိုလ် တို့သည် အကျိုး ဝိပါက်ကို အဓိပတိကို ရစေ ခြင်းငှါ မစွမ်းနိုင်ကုန်။လောကုတ္တရာ ကုသိုလ်တို့မူကား ဤကဲ့သို့မဟုတ် မိမိတို့ အကျိုး ဝိပါက်ကို အဓိပတိကို ရစေနိုင်ကုန် သည်သာ။ အဘယ် ကြောင့် တေဘူမက ကုသိုလ်တို့သည် ဝိပါက်ကို အဓိပတိကို မရစေနိုင် ကုန်သနည်း၊ အဘယ်ကြောင့်ကား လောကုတ္တရာ ကုသိုလ်တို့သည် မိမိ တို့ အကျိုးဝိပါက်ကို အဓိပတိကို ရစေနိုင်ကုန်သနည်းဟူမူ။တေဘူမက ကုသိုလ်တို့၏ အားထုတ်သော ပြုသောကာလတခြား၊ အကျိုးဖြစ်သော ကာလတခြား ဖြစ်သောကြောင့် ထိုတေဘူမက ကုသိုလ်တို့သည် မိမိ တို့အကျိုးဝိပါက်ကို အဓိပတိကို မရစေနိုင်ကုန်သည်။

[**လောကုတ္တရာကုသိုလ်တို့မူကား**။မိမိတို့နှင့်ယှဉ်သောသဒ္ဓါ, ဝီရိယ,သတိ, သမာဓိ,ပညာ,တို့ မပြိမ်း မအေး မီးနွေးနွေး လော လော ဆောဆော လျှင်လျှင် မချွတ်မလွဲ အမြဲကေန် မဂ်၏အခြား မဲ့၌ပင် အကျိုးကို ရကုန်သောကြောင့် မိမိတို့ အကျိုး ဝိပါက်ကို အဓိပတိကို ရစေနိုင်ကုန်သည်။]

လောကုတ္တရာစိတ်၌ကြိယာမဖြစ်သည်ကိုပြခြင်း။

အရူပစိတ်ကို ကုသိုလ်လေးခု၊ဝိပါက်လေးခု၊ကြိယာလေးခု-အားဖြင့် တဆဲ့နှစ်ပါး ဝေဘန် ပြဆိုသကဲ့သို့ လောကုတ္တရာ စိတ်ကိုလည်း တဆဲ့နှစ်ပါးပြဆိုသင့်ပါသည် မဟုတ်လော။အဘယ်ကြောင့် ၈စ်ပါးသာပြဆိုလေသနည်းဟူမူ။ အရူပကြိယာစိတ် ရှိသကဲ့သို့ လောကုတ္တရာ ကြိယာစိတ်ဟူ၍ မရှိသောကြောင့် တဆဲ့နှစ်ပါးဟု မပြမဆိုဘဲ ၈စ်ပါးသာပြဆိုလေသည် ဟူလေ။

အဘယ် ကြောင့်ကား လောကုတ္တရာ ကြိယာစိတ် ဟူ၍ မရှိလေသနည်းဟူမူ။မဂ်၏တခုသောစိတ်၏ခဏကဲ့သို့သောခဏသာလျှင်အသက်ရှိသည် ဖြစ်၍ ထိုမဂ်နှင့် ယှဉ်သော လောကုတ္တရာ ကုသိုလ် စိတ်သည် တကြိမ် တည်းသာ ဖြစ်လေ သောကြောင့် ကြိယာစိတ် မရှိပါသည် ဟူလေ။

တကြိမ်တည်းသာဖြစ်ရသောကြောင့်ကြိယာစိတ်မရှိသည်ဟုဆို၏။ အကယ်၍ မဂ်စိတ်သည် အကြိမ်ကြိမ်ထပ်၍ ဖြစ်ခဲ့သော် ကြိယာရှိသည်၏အဖြစ်ကို ဆိုကောင်းလိမ့်လော။ ကာမကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်, တို့ဆို ရဟန္တာ တို့၌ ဖြစ်သော်သာ ကြိယာဟု ဆိုရ၍ ပုထုဇ္ဇန် သေက္ခတို့၌ဖြစ်သော လောကီ ကုသိုလ် တို့ကို အကြိမ်များစွာ အခါခါပင် ဖြစ်သော်လည်း ကြိယာဟုမဆိုရ ကုသိုလ်ဟူ၍သာ ဆိုရသည်။ မဂ်စိတ်သည်လည်း သေက္ခဖြစ်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၌သာ ဖြစ်သောစိတ်ဖြစ်သောကြောင့် တကြိမ်မက အကြိမ်များစွာပင် ဖြစ်သော်လည်း ကုသိုလ်ဟူ၍သာ ဆိုသင့်ရာပါသည် မဟုတ်လော။ ထိုသို့ကုသိုလ်ဟု ဆိုသင့်ကလည်း မဂ်စိတ်သည် အကြိမ်ကြိမ်ပင်ဖြစ်စေကာမူ ထိုမဂ်စိတ်၏အကြိမ်ကြိမ်ဖြစ်ခြင်းကြောင့် လောကုတ္တရာစိတ်၏ ကြိယာရှိသည်၏ အဖြစ်ကို မဆိုကောင်းရာပါသည်သာမဟုတ်လောဟူမူ။အကယ်၍ မဂ်စိတ်သည် အကြိမ်ကြိမ် ဖြစ်ခဲ့သည်ဖြစ်အံ့ ထိုသို့ မဂ်စိတ်၏ အကြိမ်ကြိမ် ဖြစ်ခြင်းကြောင့် လောကုတ္တရာ စိတ်၏ ကြိယာ ရှိသည်၏ အဖြစ်ကို ဆိုခြင်းငှါ တတ်ကောင်းရာပါ၏ ဟူလေ။

မဂ်စိတ်သည် အကြိမ်ကြိမ် ဖြစ်ပါမူ လောကုတ္တရာ စိတ်၏ ကြိယာ ရှိသည့်၏ အဖြစ်ကို ဆိုကောင်း၏ ဟူခဲ့သော် ထိုမဂ်စိတ်သည် အကြိမ်ကြိမ်ပင် ဖြစ်ပါစေတော့လော ဟူပြန်မူ။ ထိုမဂ်စိတ်တို့ မူကား သေက္ခပုဂ္ဂိုလ်တို့အားရင်း, အသေက္ခပုဂ္ဂိုလ်တို့အားရင်း, တရံတဆစ်မျှ တဖန်ထပ်၍ မဖြစ်သင့်သောကြောင့် အကြိမ်ကြိမ် မဖြစ်ပြီ ဟူလေ။ အဘယ်ကြောင့်တဖန်ထပ်၍ မဖြစ်လေသနည်းဟူမူ။တဖန်ထပ်၍ဖြစ်သော်လည်း ထိုမဂ်ဖြင့် ပြုစရာကိစ္စမရှိပြီ ဖြစ်သောကြောင့် ထပ်၍မဖြစ်သည် ဟူလေ။ ပြုစရာကိစ္စ မရှိသောကြောင့် ထပ်၍ မဖြစ်သည်ဟူ၏။ အဘယ်ကြောင့်ကား ပြုစရာကိစ္စ မရှိလေသနည်းဟူမူ။ ကိလေသာကို ကောင်းစွာဖြတ်သည့်၏ အစွမ်းဖြင့်သာလျှင် ရအပ်သောကြောင့် ပြုဘွယ်ပြုရန် မရှိသည် ဟူလေ။

ကိလေသာကို ကောင်းစွာဖြတ်သည့်၏ အစွမ်းဖြင့်သာ ရအပ်သောကြောင့် ပြုဘွယ် ပြုရန် ပြုစရာကိစ္စ မရှိသည် ဟူ၏။ ကာမကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်, တို့သည် ထိုက်သည် အားလျော်စွာ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်,တို့ဖြင့် ထပ်ခါထပ်ခါ ကိလေသာကိုပယ်သကဲ့သို့ ပယ်ပြီးကိလေသာကိုပင် အထပ်ထပ်ပယ်ဖျက်သည်ရှိသော် ကိလေသာကို ပယ်ခြင်းဟူသောပြုရန်ကိစ္စရှိရာပါသည်မဟုတ်လောဟူမူ။မဂ်စိတ်သည် ကာမ,မဟဂ္ဂုတ်, ကုသိုလ်များကဲ့သို့ မဟုတ် တကြိမ်တည်း ဖြစ်သဖြင့်သာလျှင် ထိုထိုမိမိတို့ ပယ်သင့်ပယ်ထိုက်သော ကိလေသာတို့၏ စင်စစ်တဖန်အသစ်မဖြစ်ပြန်နိုင်ခြင်းကို ပြီးစေတတ်သောကြောင့် တထပ်တဖန် ပယ်ခြင်းကို ပြုရန်ကိစ္စမရှိသည် ဟူလေ။

မဂ်သည် တကြိမ်တည်း ဖြစ်သဖြင့် သာလျှင် ကိလေသာတို့၏ စင်စစ်ဧကန် တဖန်အသစ် မဖြစ်ပြန်နိုင်ခြင်းကို ပြီးစေတတ်သည့်၏အဖြစ်ကို အဘယ်သို့သော နှိုင်းခိုင်းစရာ လောကူပမာဖြင့် သိအပ်ပါသနည်းဟူမူ။ မိုးသက်ကြိုးပစ်၍သေသော သစ်ပင်ဥပမာဖြင့် သိလေ။ မိုးသက်ကြိုးသည်တကြိမ်တည်းကျ၍ပစ်သဖြင့် သစ်ပင်ချုံနွယ်တို့၏တဖန်ပေါက်ရောက်စည်ကား ဖြစ်ပွါးခြင်းမရှိ။အမြစ်အရင်းနှင့်တကွ ပျက်စီးခြင်းကို ပြီးစေသကဲ့သို့ မဂ်သည် တကြိမ်တည်း ဖြစ်သဖြင့် မိမိတို့ ပယ်သင့် ပယ်ထိုက်သော

ကိလေသာတို့၏ စင်စစ်ကေန် တဖန်အသစ် မဖြစ်ပြန်နိုင်ခြင်းကို ပြီးစေ သည် ဟူလေ။

မဂ်သည်တကြိမ်တည်းသာ ဖြစ်သဖြင့်လျှင် ကိလေသာတို့ကို တဖန် အသစ်မဖြစ်နိုင်အောင် အကြွင်းမဲ့ ပယ်ဖြတ်လေသောကြောင့် တဖန်ထပ် ၍ဖြစ်သော်လည်း တထပ်တဖန် ပယ်ရန်ကိစ္စ မရှိသောကြောင့် တဖန် မဖြစ်သည် ဟူ၏။ ထိုသို့ ကိလေသာကို ပယ်ရန်ကိစ္စ မရှိသော်လည်း နိဗ္ဗာန်ကို အာရုံပြုသည့်၏ အစွမ်းဖြင့် မျက်မှောက်၌ ချမ်းသာစွာ နေရ ခြင်းအကျိုးငှါ တဖန်ဖြစ်သင့် ပါသေးသည် မဟုတ်လော ဟူပြန်မူ။ဖလ သမာပတ် သာလျှင် နိဗ္ဗာန်ကို အာရုံ ပြုသည့်၏ အစွမ်းဖြင့် ဖြစ်ရကား ဒိဋ္ဌဓမ္မ သုခဝိဟာရ အကျိုးငှါလည်း ဖလသမာပတ် ရှိလေပြီ ဖြစ်သော ကြောင့် တဖန်ထပ်၍ မဂ်စိတ်မဖြစ်လေသည် ဟူလေ။

စိတ်ကိုဘုံတူဇာတ်တူပေါင်း၍ပြခြင်း

ဤအစိတ်အစိတ် အကျယ်ပြဆိုခဲ့ပြီးသော ရှစ်ဆဲ့ကိုးခုသော စိတ်တို့ ကို ဘုံတူဇာတ်တူအားဖြင့် ပေါင်းရေတွက်၍ပြဦးအံ့။အဘယ်သို့ဘုံတူ အားဖြင့် ပေါင်းရေတွက်အပ်သနည်းဟူမူ။ထိုထိုဒေသ ဌာနတို့မှလာ၍ တခုသောအရပ်၌ စည်းဝေးသော လူအများကို များသောအားဖြင့် ကျင် လည် ကျက်စား မြဲစွဲနေထိုင်ရာ မြို့ရွာဒေသဖြင့် မှတ်၍ သာဝတ္ထိ ပြည် သားကို သာဝတ္ထိပြည်သားချင်း,ရာဇဂြိုဟ်ပြည်သားကို ရာဇဂြိုဟ် ပြည် သားချင်း, စသည်ဖြင့် မြို့ရွာဒေသတူအားဖြင့် ပေါင်းရေတွက်သကဲ့သို့ အဘိဓမ္မတ္ထသင်္ဂဟ မည်သော သင်္ဂြိုဟ်ကျမ်း၌ အဘိဓမ္မာ ပိဋကတ်မှ ထုတ်နုတ်ဆောင်ယူ၍ ပြဆိုအပ်သော စိတ်ရှစ်ဆဲ့ကိုးခုတို့ကို များသော အားဖြင့် ကျင်လည် ကျက်စားရာဖြစ်ရာ ဘုံကိုစွဲ၍ ကာမာဝစရစိတ်ကို ကာမာဝစရစိတ်ချင်း, ရူပါဝစရစိတ်ကို ရူပါဝစရစိတ်ချင်း, စသည်ဖြင့် ဘုံတူအားဖြင့် ပေါင်းရေတွက်သော်။

၁။ ကာမာဝစရစိတ်ငါးဆဲ့လေးပါး။

၂။ ရူပါဝစရစိတ်တဆဲ့ငါးပါး။

၃။ အရူပါဝစရစိတ်တဆဲ့နှစ်ပါး။
၄။ လောကုတ္တရာစိတ်ရှစ်ပါးဖြစ်၏။

ဤသို့ဖြစ်ရာ ဘုံတူအားဖြင့် လေးရပြားသော စိတ်တို့ကို ပေါင်းမြန်သော် ရှစ်ဆဲ့ကိုးပါးပင် ဖြစ်၏။ ထိုစိတ်တို့၏ ကာမာဝစရ စသည်မည်ခြင်းအကြောင်းကို အောက်ကာမာဝစရံ, ရူပါဝစရံ, အရူပါဝစရံ, လောကုတ္တရဥ္စေတိ-ဟူသော ဥဒ္ဒေသမာတိကာကိုပြဆိုသောအရာ၌ပြဆိုခဲ့ပြီ။

သာဝတ္ထိပြည်သား စသော လေးပြည်ထောင်သားတို့တွင် သာဝတ္ထိပြည်သားသည် သာဝတ္ထိပြည်သား အဖြစ်, ရာဇဂြိုဟ် ပြည်သားသည် ရာဇဂြိုဟ်ပြည်သားအဖြစ်, စသော သာမညအားဖြင့် အတူတူ တပါးစီသာဖြစ်သော်လည်း တလိုင်း, မြန်မာ, စသော အမျိုးဇာတ်အားဖြင့်မတူကွဲပြား ကြသေး သောကြောင့် အမျိုးဇာတ် အပြား အားဖြင့် တပြည်ထောင်သားသည် လေးပါး, နှစ်ပြည်ထောင်သားမှာ သုံးပါးစီ, တပြည်ထောင်သားမှာ နှစ်ပါးပြားသကဲ့သို့ကာမာဝစရစိတ်စသည်သည်လည်း ကာမာဝစရစိတ်အဖြစ် စသော သာမညအားဖြင့် အတူတူတပါးစီသာဖြစ်သော်လည်း အကုသိုလ်ဇာတ်, ကုသိုလ်ဇာတ်, စသည်ဖြင့်ကွဲပြားကြသောကြောင့် ဇာတိဘေဒအားဖြင့် ကာမာဝစရစိတ်သည် အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာ, ဟုလေးပါး။ ရူပါဝစရ, အရူပါဝစရ စိတ်တို့မှာ ကုသိုလ်, ဝိပါက်, ကြိယာ, ဟု သုံးပါးစီ။ လောကုတ္တရာစိတ်မှာ ကုသိုလ်, ဝိပါက်, ဟု နှစ်ပါးပြား၏။ ထိုအမျိုး အားဖြင့် လေးပါး, သုံးပါး, စသည်ဖြင့် ပြားသော ပြည်ထောင်သား တို့တွင် အသီးအသီး တပြည်ထောင် တပြည်ထောင်သား တို့ကိုပင် အမျိုးတူ အားဖြင့် ပေါင်း၍ ရေတွက်သကဲ့သို့ ထိုကာမာဝစရစိတ် စသည်ကို ဇာတ်တူအားဖြင့်ပေါင်း၍ အသီးအသီး ရေတွက်သော် ကာမစိတ် ငါးဆဲ့လေးခုတွင် ၁-အကုသိုလ်စိတ်တဆဲ့နှစ်ခု။ ၂-ကုသိုလ်စိတ်ရှစ်ခု။ ၃-ဝိပါက်စိတ် နှစ်ဆဲ့သုံးခု။ ၄-ကြိယာစိတ် တဆဲ့တခု ဖြစ်၏။ ရူပစိတ် တဆဲ့ငါးခုတွင်၊ ၁-ကုသိုလ်စိတ်ငါးခု။ ၂-ဝိပါက်စိတ် ငါးခု။ ၃-ကြိယာစိတ် ငါးခုဖြစ်၏။ အရူပစိတ် တဆဲ့နှစ်ခုတွင်၊ ၁-ကုသိုလ်စိတ်လေးခု။ ၂-ဝိပါက်စိတ်လေးခု။ ၃-ကြိ

ယာစိတ် လေးခုဖြစ်၏။ လောကုတ္တရာစိတ် ၈ခုတွင်၊ ၁-ကုသိုလ်စိတ် လေးခု၊ ၂-ဝိပါက်စိတ်လေးခုဖြစ်၏။ အကုသိုလ်ဇာတ်, ကုသိုလ်ဇာတ်, ဝိပါက်ဇာတ်, ကြိယာဇာတ်, လေးပါးသည့်မြန်မာစသောလေးပါးသော အမျိုးနှင့်တူ၏။ အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာ, လေးပါး၏ ဖြစ်ရာ ကာမဘုံသည် လူမျိုးလေးပါးတို့၏ နေရာပြည်နှင့် တူ၏။ ကုသိုလ်, ဝိပါက်, ကြိယာ, သုံးပါး၏ဖြစ်ရာ ရူပ အရူပဘုံသည် လူမျိုး သုံးပါးတို့၏ နေရာ ပြည်နှင့်တူ၏။ ကုသိုလ်,ဝိပါက် နှစ်ပါး၏ဖြစ်ရာလောကုတ္တရာဘုံ သည် လူမျိုးနှစ်ပါး၏ နေရာပြည်နှင့်တူ၏။ သိလွယ်အောင် အဝတ္တာဘုံ ကိုဥာနဘုံကဲ့သို့ဆိုလိုက်သည်။ လေးပြည်ထောင်သားအားလုံးကိုအမျိုး ဇာတ်တူ အားဖြင့် ပေါင်း၍ ရေတွက်သကဲ့သို့ ဘုံလေးပါး၌ ဖြစ်သော စတုဘုမ္မကစိတ်တို့ကို ဇာတ်တူအားဖြင့် ပေါင်း၍ရေတွက်သော်။

၁။ အကုသိုလ်စိတ်တဆဲ့နှစ်ခု။
၂။ ကုသိုလ်စိတ်နှစ်ဆဲ့တခု။
၃။ ဝိပါက်စိတ်သုံးဆဲ့ခြောက်ခု။
၄။ ကြိယာစိတ်နှစ်ဆယ်အားဖြင့်ပေါင်း ၈၉ဆဲ့ကိုးခုပင်ဖြစ်၏။

အကုသိုလ် ကုသိုလ်တို့၏ဆန့်ကျင်ပုံကိုပြခြင်း။

၅၈သို့ပြဆိုခဲ့သောစိတ် ၈၉ဆဲ့ကိုးခုတွင် လောဘမူစိတ်၈ခု, ဒေါသမူစိတ် နှစ်ခု, မောဟမူစိတ် နှစ်ခု, အားဖြင့် တဆဲ့နှစ်ခုသည် အကုသိုလ် စိတ်မည်၏။ မဟာကုသိုလ်စိတ် ၈ခု, ရူပကုသိုလ်စိတ် ငါးခု, အရူပကု သိုလ်စိတ်လေးခု, မဂ်စိတ်လေးခု, ၅၈စိတ်နှစ်ဆဲ့တခုသည် ကုသိုလ်မည် ၏။ ကာမဝိပါက် နှစ်ဆဲ့သုံးခု, ရူပဝိပါက်ငါးခု, အရူပဝိပါက်လေးခု,ဖိုလ် စိတ်လေးခု, ၅၈စိတ်သုံးဆဲ့ခြောက်ခုသည် ဝိပါက်မည်၏။ ကာမကြိယာ စိတ်တဆဲ့တခု, ရူပကြိယာစိတ်ငါးခု, အရူပကြိယာစိတ်လေးခု, ၅၈စိတ် နှစ်ဆယ်သည် ကြိယာမည်၏။

ထိုတွင် လောဘမူစိတ် အစရှိသော စိတ်တဆဲ့နှစ် ခုသည် အဘယ် ကြောင့် အကုသိုလ် မည်သနည်းဟူမူ။ ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်

သောကြောင့် အကုသိုလ်မည်သည် ဟူလေ။ အဘယ်သည် အဘယ်၏ ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်လေသနည်းဟူမူ။ ရန်သူသည် အဆွေခင်ပွန်း၏ ဆန့်ကျင်ဘက် ဖြစ်သကဲ့သို့၎င်း, အလောဘ စသည်တို့သည် လောဘ စသည်တို့၏ ဆန့်ကျင်ဘက် ဖြစ်သကဲ့သို့၎င်း, ဆန့်ကျင်ဘက်ဖြစ်သည်ဟူလေ။ ကုသလပဋိပက္ခာနိအကုသလာနိ၊ မိတ္တပဋိပက္ခာအမိတ္တာဝိယ–ဟူ၍၎င်း, လောဘာဒိပဋိပက္ခာအလောဘာဒယောဝိယ–ဟူ၍၎င်း, အ-သဒ္ဒါ၏ ပဋိပက္ခဝိရုဒ္ဓအနက်ကို ဟောသည်၏ အဖြစ်ဆန့်ကျင်ဘက်အဖြစ် သဘောမညာအားဖြင့်တူသည်ကိုပြသည်။

ဝိပါက်ကိုပြရာ၌ အညမညဝိရုဒ္ဓါနံ ကုသလာကုသလာနံ-ဟူသည်ကို ထောက်၍ကုသိုလ်အကုသိုလ်တို့၏အချင်းချင်း တပါးသည်တပါး၏ဆန့်ကျင်ဘက်ဖြစ်သည်ကိုသိလေ။အချင်းချင်းဆန့်ကျင်သည်ဆိုသော်လည်း လောကဝယ် အချင်းချင်း ဆန့်ကျင်ဘက် ရန်ဘက် ဖြစ်သော သူနှစ်ယောက်တို့သည် ညီညွတ်ပြည့်ဝုံသော အားအစွမ်းကို ရသည် ရှိသော် တယောက်ကိုတယောက် ညှဉ်းဆဲရိုက်ပုတ် ထိုးခုတ်ပစ်သတ်နိုင်ခြင်း စသည်တို့ဖြင့်ဆန့်ကျင်ဘက်ရန်ဘက်ဖြစ်သကဲ့သို့ ကုသိုလ်ကအကုသိုလ်ကို အကုသိုလ်ကလည်း ကုသိုလ်ကို ပယ်ဖျက်နိုင်သည်၏ အဖြစ်ဖြင့် အချင်းချင်းဆန့်ကျင်ဘက်ရန်ဘက်ဖြစ်သည်မဟုတ် ဂဠုန်နှင့်နဂါး,မြွေနှင့်ဘား,ကြောင်နှင့်ကြွက်,တို့သည်အချင်းချင်းဆန့်ကျင်ဘက် ရန်ဘက်ဖြစ်သည်ဟူရာ၌ ပြည့်ဝုံသော အားအစွမ်းသတ္တိ ရှိသောကြောင့် ဂဠုန်က နဂါးကို, မြွေကဘားကို, ကြောင်ကသာ ကြွက်ကိုနှိပ်စက်နိုင် သတ်နိုင်၍ နဂါး ဘား ကြွက်တို့က ဂဠုန် မြွေ ကြောင်တို့ကို မနှိပ်စက်နိုင်သကဲ့သို့ စင်စစ်ကုသိုလ်ဟူသမျှ၏ အကုသိုလ်တို့ကို ပယ်တတ်ဖျက်ဆီးတတ်သော ပဟာယကသဘော ဝိနာသကသဘော ရှိသည်၏ အဖြစ်, အကုသိုလ် ဟူသမျှ၏လည်း ကုသိုလ်တို့သည် ပယ်အပ် ဖျက်ဆီးအပ်သော ပဟာတဗ္ဗ ဝိနာသိတဗ္ဗ သဘောရှိသည်၏ အဖြစ်ကြောင့်, အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၍ ကြီးသောခွန်အား စွမ်းပကား သတ္တိရှိရကား ကုသိုလ်တို့ကသာလျှင် အခါမပြတ် သတ္တဝါတို့၏ သန္တာန်၌ ကိန်းသော အကုသိုလ်တို့ကို ထိုက်သည်အား လျော်စွာ တဒင်္ဂပဟာန်

စသည်တို့၏အစွမ်းဖြင့် ပယ်သတ်ဖျက်ဆီးကုန်သည်။ အကုသိုလ်တို့က ကုသိုလ်တို့ကို တရံတဆစ်မျှမပယ်ဖျက်နိုင်ဟုမှတ်လေ။

အကုသိုလ်ကလည်း ကုသိုလ်ကိုပယ်ဖျက်၏ဟုယူသော် အဘယ်အဖြစ်ဖြစ်သနည်း၊ အဖြစ်မရှိသော် ကုသိုလ်အကုသိုလ်တို့သည်အချင်းချင်း ဆန့်ကျင်ဘက် အညမညဝိရုဒ္ဓ သဘောရှိကြောင်းကို အဌကထာ၌ ဆိုသောကြောင့် ကုသိုလ်ကအကုသိုလ်ကို ပယ်ဖျက်သကဲ့သို့ အကုသိုလ်ကလည်း ကုသိုလ်တို့ကို ပယ်ဖျက်၏ ဟူ၍ပင် ယူသင့်ပါသည် မဟုတ်လော ဟူပြန်အံ့။ အကယ်၍ အကုသိုလ်ကလည်း ကုသိုလ်ကို ပယ်ဖျက်၏ ယူချေသော် အကုသိုလ်တို့သည် ပယ်ဖျက်အပ်ကုန်သည်ဖြစ်၍ စင်စစ် ကင်းပြတ် ကုန်ပျက်သော ကုသိုလ် ဟူသော သုဂတိသို့ ရောက်ကြောင်း မူလ ရှိကုန်သောကြောင့် သတ္တဝါ ဟူသမျှ တို့သည် အပါယ်လေးဘုံ၌သာဖြစ်ကုန် အပါယ်လေးဘုံကိုသာ ပြည့်စေကုန်ရာသော အဖြစ်ဖြစ်ခဲ့ရကား မယူသင့်ဟူလေ။

ကုသိုလ်မည်ပုံကိုဝါဒအမျိုးမျိုးဖြင့်ပြခြင်း

မဟာကုသိုလ်စသော စိတ်နှစ်ဆဲ့တခုတို့သည် အဘယ်ကြောင့် ကုသိုလ် မည်ကုန်သနည်း ဟူမူ။ ကဲ့ရဲ့စက်ဆုပ် ရွံရှာအပ်သော ယုတ်မာသော အကုသိုလ်တရားတို့ကို တုန်လှုပ်စေတတ်သောကြောင့် ကုသိုလ်မည်သည်ဟူလေ။ အကုသိုလ်တရားတို့ကို ကဲ့ရဲ့စက်ဆုပ်ရွံရှာအပ်သော တရားဟုဆို၏ ထိုအကုသိုလ်တရားတို့ကို မပြတ်လေ့လာ ပြုကျင့်သုံးစွဲမှီဝဲသော သူမိုက် သူယုတ်တို့သည် မစက်ဆုပ်မရွံရှာ မကဲ့ရဲ့ပါသည်သာ မဟုတ်လော။ ထိုသို့မကဲ့ရဲ့မစက်ဆုပ်ကလည်း ကဲ့ရဲ့စက်ဆုပ်အပ်သော တရားဟုဆိုခြင်းသည် မသင့်ရာသည်သာတကားဟူငြားအံ့။ ထိုသူမိုက် သူယုတ်တို့သည် မစက်ဆုပ်အပ်သော်လည်း ထိုသူတို့၏ စက်ဆုပ်ခြင်း မစက်ဆုပ်ခြင်းသည် ပမာဏမဟုတ် မြတ်သူရှာကြီးသူ တို့သည် မစင်ကို ရွံရှာကဲ့ရဲ့စက်ဆုပ်သကဲ့သို့၊ ပညာရှိသူတော်ကောင်းတို့သည် ရွံရှာကဲ့ရဲ့ စက်ဆုပ် အပ်သောကြောင့် စက်ဆုပ်ကဲ့ရဲ့ ရွံရှာအပ်သောတရားဟု ဆို

ခြင်းသည်သင့်ပါ၏ ဟူလေ။ ဝါ၊ ကဲ့ရဲ့စက်ဆုပ်သည်ပင် ဖြစ်စေ, မကဲ့ရဲ့ မစက်ဆုပ်သည်ပင်ဖြစ်စေ, စင်စစ်ကဲ့ရဲ့စက်ဆုပ်ရွံရှာထိုက်သော တရား ဖြစ်သောကြောင့် သင့်ပါ၏ဟူလေ။

တုန်လှုပ်စေသည် ဟူရာ၌လည်း သစ်ခက် စသည်ကို လှုပ်သကဲ့သို့ လှုပ်စေသည်မဟုတ် ထိုအကုသိုလ်တရားတို့ကို ဖျက်ဆီးသည် ပျက်စီး စေသည်ကိုပင် တုန်လှုပ်စေသည်ဟူပါသည်။ ဖျက်ဆီးသည်ပျက်စီးစေ သည် ဟူရာ၌လည်း သစ်ပင် စသည်ကို ခုတ်ဖြတ် သကဲ့သို့ရင်း, ပုဆိုး အဝတ်စသည်ကို ဆုတ်ဖြတ်သကဲ့သို့ရင်း, အိုးစသည်ကို ခွဲဖောက်သကဲ့ သို့ရင်း, အိမ်စသည်ကို ဖြိုဖျက်သကဲ့သို့ရင်း, ထင်ရှားရှိသော ထိုအကု သိုလ်တို့ကိုဖျက်ဆီးသည် ပျက်စီးစေသည်မဟုတ်၊ကုသိုလ်ဟူသောမိမိ ၏ဖြစ်ရာ ပုဂ္ဂိုလ်သန္တာန်ဝယ် ထိုအကုသိုလ်တို့ကိုမဖြစ်စေမူ၍ ဖြစ်ခြင်း မှ ကင်းစေသည်ကိုပင် ဖျက်ဆီးသည် ဟူပါသည်။

၌ကားကုစ္ဆိတေပါပကေ ဓမ္မေသလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တိ အပဂမေန္တိ တိ ကုသလာနိ-ဟူသော **နိက္ခေကျော်၌**၊ ကမ္ပေန္တိစသော နောက်နောက် ပုဒ်သည်အစဉ်အတိုင်း သလယန္တိစသော ရှေ့ရှေ့ပုဒ်၏ အနက်ကို ပြဆို သော ပုဒ်ဖြစ်ကြောင်းကို ဆိုသော။ သလယန္တိတိအာဒိသုပုရိမဿပုရိ မဿ ပစ္ဆိမံပစ္ဆိမံအတ္ထဝစနံ-ဟူသော **မဏိမဉ္ဇူ အလို**။

ယာနိပိတ္တာနိ၊ အကြင်စိတ်တို့သည်။ ကုစ္ဆိတေ၊ ကဲ့ရဲ့စက်ဆုပ်ရွံရှာ အပ်ကုန်သော။ ပါပကေဓမ္မေ၊ ယုတ်မာသော အကုသိုလ်တရားတို့ကို။သလ ယန္တိကမ္ပေန္တိ၊တုန်လှုပ်စေတတ်ကုန်၏။ဝိဒ္ဓံသေန္တိ၊ဖျက်ဆီးတတ်ကုန်၏။ အပဂမေန္တိ၊ဖြစ်ခြင်းမှ ကင်းစေတတ်ကုန်၏။ဣတိတသ္မာ၊ကြောင့်။တာနိ စိတ္တာနိ၊ တို့သည်။ ကုသလာနိ၊ ကုသလမည်ကုန်၏-ဟု ပေးလို၏။ သလ ယန္တိတိအာဒိသု၊ သလယန္တိစသော ကြိယာပုဒ် လေးခုတို့တွင်။ ပစ္ဆိမံ ပစ္ဆိမံ၊ကမ္ပေန္တိ အစရှိသော နောက်နောက်ပုဒ်သည်။ပုရိမဿပုရိမဿ၊ သလယန္တိ အစရှိသော ရှေ့ရှေ့ပုဒ်၏။ အတ္ထဝစနံ၊အနက်ကိုဟောသော ပုဒ်တည်း။

[**၌အလို** ကမ္ပေန္တိ-ဟူသော ရှေ့ပုဒ်သာ သလယန္တိ၌ သလ ဓာတ်၏အနက်ကိုပြသောပုဒ်။နောက်နှစ်ပုဒ်တို့ကား ဓာတွတ္ထကို

ပြသော ပုဒ်မဟုတ်။ ဝိဒ္ဒံသေန္တိဖြင့် ကမ္မေန္တိ၌ ကမ္မနဖြစ်ပုံ။ အပဂမေန္တိဖြင့် ဝိဒ္ဒံသေန္တိ၌ ဝိဒ္ဒံသနဖြစ်ပုံ အဓိပ္ပါယ်ကိုသာ ပြသည်ဖြစ်၍ အဓိပ္ပါယတ္ထပြသာ ဟူလို၏။]

တနည်းလည်း။ ယာနိစိတ္တာနိ၊ တို့သည်။ ကုသလံ၊ ကုန်သော။ ပါပဓမ္မေ၊တို့ကို။သလယန္တိ ကမ္မေန္တိ၊တဒင်္ဂပဟာန်ဖြင့်တုန်လှုပ်စေတတ်ကုန်၏။ သလယန္တိ ဝိဒ္ဒံသေန္တိ၊ ဝိက္ခမ္ဘန ပဟာန်ဖြင့် ဖျက်ဆီးတတ် ကုန်၏။ သလယန္တိ အပဂမေန္တိ၊ သမုစ္ဆေဒ ပဟာန်ဖြင့် အကြွင်းမဲ့ ကုန်ကင်းစေတတ်ကုန်၏။ ဣတိတသ္မာ၊ကြောင့်။ တာနိစိတ္တာနိ၊ တို့သည်။ ကုသလာနိ၊ ကုန်၏-ဟုပေး။ဤအလိုသော်ကမ္မေန္တိစသော နောက်ပုဒ်သုံးခုလုံးပင် သလယန္တိ-ဟူသော ရှေ့ပုဒ်၏ အနက်ကို ပြသောပုဒ်တို့ချည်းသာ၊ကတ္တားအရကာမ,မဟဂ္ဂုတ်,လောကုတ္တရာသုံးပါး။ကြိယာသုံးပုဒ်ပဟာန်သုံးပါး အစဉ်အတိုင်း ဟပ်၍ယူ။ ဤ၌လည်း အထဝါ သလနဿ အတ္ထဒီပနာနိ ကမ္မနာဒီနိ တိဏိ တဒင်္ဂ ပဟာနာဒီဟိ ယထာက္ကမံ ယောဇေတဗ္ဗာနိ။ ဟူသော မဏိမဉ္ဇူ အလိုပင်။

အထဝါ၊တနည်းကား။ သလနဿ၊သလယန္တိ၌ သလဓာတ်၏။ အတ္ထဒီပနာနိ၊ အနက်ကို ပြတတ် ကုန်သော။ ကမ္မနာဒီနိ၊ ကမ္မေန္တိ အစရှိကုန်သော။ တိဏိ၊ သုံးပုဒ်တို့ကို။ တဒင်္ဂပဟာနာဒီဟိ၊ တဒင်္ဂပဟာန် စသော ပဟာန သုံးပါးတို့နှင့်။ ယထာက္ကမံ၊အစဉ်အတိုင်း။ ယောဇေတဗ္ဗာနိ၊ယှဉ်အပ်ကုန်၏။ ဤအလိုသော် မဟာကုသိုလ်စသော စိတ်နှစ်ဆဲ့တခုတို့တွင် ရှေ့ကာမစိတ်ရှစ်ခုသည် ကံ့ရှဲစက်ဆုပ်အပ်သော ယုတ်မာသော အကုသိုလ် တရား တို့ကို တဒင်္ဂပဟာန်ဖြင့် တုန်လှုပ် စေတတ် သောကြောင့်၊ အလယ်မဟဂ္ဂုတ်စိတ်ကိုးခုတို့သည် ဝိက္ခမ္ဘနပဟာန်ဖြင့် ဖျက်ဆီးတတ်သောကြောင့်၊နောက်လောကုတ္တရာစိတ်ငယ်းခုတို့မှာ သမုစ္ဆေဒပဟာန်ဖြင့်အကြွင်းမဲ့ ကုန်ကင်းစေတတ် သောကြောင့် ကုသိုလ်မည်ပါသည်ဟု အသီးသီးခွဲ၍ပြရလေ။

တနည်းလည်း။ မစင်မကြယ် ရွံရှာဘွယ်သော ရာဂ စသည် တို့နှင့် ယှဉ်သောကြောင့်ရင်း, အထူးထူးအပြားပြား များလှစွာသော ဒုက္ခ၏အ

ကြောင်းဖြစ်သောကြောင့်ရင်း,စက်ဆုပ်ဘွယ်သောအခြင်းအရာအားဖြင့် သတ္တဝါတို့သန္တာန် မိတ်အစဉ်၌ ဖြစ်တတ်သော အကုသိုလ်တို့ကို ပယ်ဖျတ်တတ်သောကြောင့် ကုသိုလ်မည်သည် ဟူလေ။

ဥပမာကား။သွေး,ပြည်စေး,စသောရွံရှာဘွယ်သော အညစ်အကြေးရှိသော၊ယားယံ ပူစပ် နာကျင် ကိုက်ခဲခြင်း ဆင်းရဲကို ဖြစ်စေတတ်သော နူနာ, ဝဲနာ, ဒိုင်းနာ, စသော စက်ဆုပ်ဘွယ်သော အခြင်းအရာ အားဖြင့် လူတို့၌ စွဲကပ်ပေါက်ရောက်သော ရောဂါဆိုးကို၊ကောင်းစွာ ဖော်ရအပ်သော ဆေးသည် ပယ်ဖျောက် ပျောက်ကင်း စေသကဲ့သို့တည်း။ ဤ၌ ရာဂစသော စက်ဆုပ်ဘွယ်သော အညစ်အကြေးသည် သွေး,ပြည်စေး, စသော အညစ်အကြေးနှင့်တူ၏။ ထိုရာဂ စသည်နှင့် ယှဉ်သော အကုသိုလ်သည် သွေး,ပြည်စေး,စသော အညစ်အကြေး ရှိသော နူနာစသော ရောဂါနှင့်တူ၏။ ထိုအကုသိုလ်ကြောင့် ဖြစ်သော အပါယဒုက္ခ စသော အထူးထူး အပြားပြား များစွာသော ဒုက္ခသည် ထိုနူနာ စသော ရောဂါကြောင့်ဖြစ်သော ယားယံ ပူစပ် ကိုက်ခဲ ကျင်နာခြင်း စသော ဆင်းရဲနှင့်တူ၏။ ထိုအကုသိုလ်တို့၏ ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, စသည်၊ ရူပါရုံ စသော ငါးပါးသော ကာမဂုဏ်တို့သည် ထိုနူနာ စသော ရောဂါဖြစ်ကြောင်းဖြစ်သော မလျောက်ပတ်မတော်မသင့်သော ဥတုအာဟာရသွေးဆိုးလေဆိုးစသည်တို့နှင့်တူ၏။အကြောင်းဖြစ်သော အဝိဇ္ဇာတဏှာ စသည်၊ သမ္ပယုတ်ဖြစ်သော ရာဂဒေါသ အညစ်အကြေး စသည်တို့ကို အသီးအသီး ပယ်ဖျက်နိုင်သော အစွမ်း သတ္တိ ကိစ္စ လက္ခဏာရှိသော သဒ္ဓါသတိစသည်တို့နှင့်ယှဉ်သော ကုသိုလ်တရားတို့သည် သွေး,လေ,စသောအကြောင်း၊ သွေး, ပြည်စေး, စသော အညစ်အကြေးတို့ကို ပယ်ဖျောက် ဖျက်ဆီး ကုန်ခန်း စေနိုင်သော အသီး အသီးသော အစွမ်းသတ္တိ အရသာရှိသော အသီးအပွင့် အမြစ်အခေါက် စသည်တို့ဖြင့် ကောင်းစွာ ဖော်ရ အပ်သော ဆေးနှင့် တူ၏။ ကုသိုလ်တို့၏ အကုသိုလ်တို့ကို ဖျက်ပယ် ခြင်းသည် ဆေး၏ နူနာ စသော ရောဂါကို ဖျက်ပယ်ပျောက်ကင်း စေခြင်းနှင့်တူ၏။ **ဤသို့ဥပမာဥပမေယျဟပ်လေ**။

ဤကား ကုစ္ဆိတေနဝါအာကာရေနသယန္တီတိကုသာ။တေအကုသ

လဓမ္မသင်္ခါတေကုသေလုနန္တိဆိန္ဒန္တိတိကုသလာ ဟူသောအဋ္ဌသာလိနီ။ အထဝါ၊ကုစ္ဆိတာကာရေနသန္တာနေသယနတော ပဝတ္တနတော ကုသ သင်္ခါတေ ပါပဓမ္မေလုနန္တိ ဆိန္ဒန္တိတိ ကုသလာနိ-ဟူသော **ဋီကာကျော်**တို့နှင့်အညီတည်း။ ဝါ၊ကား။ ယေဓမ္မာ၊ တို့သည်။ ကုစ္ဆိတေန၊ ကဲ့ရဲ့စက်ဆုပ်ဘွယ်သော။ အာကာရေန၊အခြင်းအရာဖြင့်။ သယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ကြောင့်။ တေဓမ္မာ၊တို့သည်။ ကုသာ၊ ကုသမည်ကုန်၏။ အကုသလဓမ္မသင်္ခါတေ၊အကုသိုလ်ဓမ္မဟု ဆိုအပ်ကုန်သော။တေကုသေ၊ ထိုကုသမည်သော တရားတို့ကို။ယေဓမ္မာ၊တို့သည်။ လုနန္တိ ဆိန္ဒန္တိ၊ဖြတ်တတ်ကုန်၏။ ဣတိတသ္မာ၊ကြောင့်။ တေဓမ္မာ၊ တို့သည်။ ကုသလာ၊မည်ကုန်၏။ အထဝါ၊ကား။ ယာနိစိတ္တာနိ၊တို့သည်။ ကုစ္ဆိတာကာရေန၊ စက်ဆုပ်ဘွယ်သော အခြင်းအရာဖြင့်။ သန္တာနေ၊ သတ္တဝါတို့သန္တာန်၌။ဝါ၊ စိတ်အစဉ်၌။ သယနတော ပဝတ္တနတော၊ ဖြစ်တတ်သောကြောင့်။ကုသ သင်္ခါတေ၊ကုသဟု ဆိုအပ်ကုန်သော။ပါပဓမ္မေ၊တို့ကို။လုနန္တိ ဆိန္ဒန္တိ၊ကုန်၏။ဣတိတသ္မာ၊ကြောင့်။တာနိစိတ္တာနိ၊တို့သည်။ကုသလာနိ၊ကုန်၏။

တနည်းလည်း။ ကဲ့ရဲ့ စက်ဆုပ် အပ်သော အကုသိုလ်တို့ကို တဒင်္ဂပဟာန်ဝိက္ခမ္ဘနပဟာန်တို့ဖြင့်ပါးကျဲအားနည်းအောင် သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ကင်းကုန်ပြီးဆုံးအောင် ပြုတတ်သောကြောင့် ဉာဏ်သည်ရင်း, သဒ္ဓါစသော တရားသည်ရင်း, ကုသမည်၏။ ထိုကုသမည်သော ဉာဏ်သည်ရင်း, သဒ္ဓါစသည်သည်ရင်း, သဟဇာတသတ္တိ, ဥပနိဿယသတ္တိ,တို့ဖြင့်ထိုက်သည့်အားလျော်စွာဖြစ်စေအပ်သောကြောင့် ကုသိုလ်မည်သည် ဟူလေ။ ထိုတွင် ဉာဏ်သည် တိဟိတ် စိတ်ကို သဟဇာတ ဥပနိဿယ အဖြစ်တို့ဖြင့်။ ဒွိဟိတ်ကိုကား ဥပနိဿယအဖြစ်ဖြင့်သာ ဖြစ်စေသည်။ သဒ္ဓါ စသည်တို့မူကား တိဟိတ် ဒွိဟိတ် နှစ်ပါးလုံး ကိုပင် သဟဇာတ ဥပနိဿယ အားဖြင့်ဖြစ်စေသည်။ ကုသလအရကိုအဋ္ဌသာလိနီ၌ ဉာဏ်ကိုသာကောက်သည်။ ဋီကာကျော်၌ ဉာဏ်ကိုရင်း, သဒ္ဓါစသော တရားကိုရင်း,ယူသည်။ အဘိဓမ္မာဝတာရဋီကာ၌ကား သဒ္ဓိန္ဒြေစသော ဣန္ဒြေငါးပါးတို့ကိုလည်းယူ၏။ပညိန္ဒြေ၏ရင်း,ပညာမှတပါးသော

သဒ္ဒါနွေ့ စသော ရုပ်နွေလေးပါး တို့၏ဝင်း, အသီးအသီး တိဟိတ်ဒွိဟိတ် တို့ကို ဖြစ်စေခြင်း၌ ပြဆိုပြီးကို မှီး၍သိလေ။

တနည်းလည်း။ ကုသလဝိယ လုနန္တိတိ ကုသလာ-ဟူသည်နှင့်အညီ။ သမန်းဖြက် ဖြတ်သကဲ့သို့ အကုသိုလ်ကို ဖြတ်တတ်သောကြောင့် ကုသိုလ် မည်သည် ဟူလေ။သမန်းဖြက်သည် အဘယ်ကြောင့် ကုသမည် သနည်း ဟူမူ။ ကုယံဘူမိယံသယန္တိ ပဝတ္တန္တိတိ ကုသာ-ဟူသည်နှင့်အညီ မြေ၌ ဖြစ်တတ် ပေါက်ရောက် တတ်သောကြောင့် ကုသ မည်သည် ဟူလေ။ **မဏိဒီပအလို။**

တနည်းလည်း။ ကုဝိယသတ္တံဝိယ ဂဏှန္တာနံ ဟတ္ထပဒေသံ သယတိ သိန္ဒတိတိကုသော-ဟူသော**ကောက္ခရကောသဋီကာနှင့်အညီ**။ကိုင်သော သူတို့၏ လက်အရပ်ကိုသန်လျက်ကဲ့သို့ရှဖြတ်တတ်သောကြောင့် ကုသ မည်သည် ဟူလေ။

သမန်း ဖြက်သည် အဘယ်ကို ဖြတ်သကဲ့သို့ အဘယ်ကို ဖြတ်တတ်သောကြောင့် သမန်းဖြက်ဖြတ်သကဲ့သို့ ဖြတ်သည်ဟူရလေသနည်း ဟူမူ။သမန်းဖြက်သည် မိမိကိုကိုင်ဆုပ်သော နှစ်ဘက်သောအဘို့၌ တည်သောလက်အရပ်ကို ရှဖြတ်သကဲ့သို့ ထိုနှစ်ဆဲ့တပါးသော စိတ်တို့သည်လည်း ဖြစ်ပြီးအတိတ် ကိလေသာနှင့် တူသော အနာဂတ် ကိလေသာ ဖြစ်ပြီးအတိတ်ကိလေသာနှင့်မတူသော အနာဂတ်ကိလေသာ ဟူသော ဥပ္ပန္န အနုပ္ပန္န အဖြစ်ဖြင့် နှစ်ပါးသော အဘို့၌ တည်သော သံကိလေသပက္ခ ဖြစ်သော အကုသိုလ်တို့ကို ဖြတ်ပယ်တတ် သောကြောင့် သမန်းဖြက်ဖြတ်သကဲ့သို့ဖြတ်သည်ဟူလေ။

ဤနည်း၌ ကုသလသဒ္ဒါ၏ ဝစနတ္ထကို ကုသာဝိယာတိကုသာ၊ လုနန္တိတိလာ၊ကုသာစတေလာစာတိကုသလာဟု **မဏိဒီပ၌ဆို၏။** ကုသာ ဝိယ၊ သမန်းဖြက်နှင့် တူကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ ကုသာ၊ ကုသ မည်ကုန်၏။ ယေဓမ္မာ၊ တို့သည်။ လုနန္တိ၊ ဖြတ်တတ်ကုန်၏။ဣတိတသ္မာ၊ ကြောင့်။ တေဓမ္မာ၊ တို့သည်။ လာ၊ လမည်ကုန်၏။ ကုသာစ၊ သမန်းဖြက်နှင့် တူကုန်သည်လည်း။ ဟောန္တိ၊ ၏။ တေ၊ ထိုသမန်းဖြက်နှင့်တူ

သောတရားတို့ဟူသည်။ လာဝ၊ အကုသိုလ်ကိုရိတ်ဖြတ်တတ်ကုန်သည် လည်း။ ဟောန္တိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ ကုသလာ၊ မည်ကုန်၏။

ငါတို့ကား။ ဂေါဝိယဇာယတိတိဂဝဇော၊ ဟူသကဲ့သို့အဋ္ဌကထာ၌ ရှိသည့်အတိုင်း ကုသာဝိယလုနန္တီတိကုသလာ၊ ဟူ၍ပင် ဝစနတ္ထ ပြုလို ၏။ ကုသာ၊ သမန်းမြက်တို့သည်။ လုနန္တိဝိယ၊ မိမိကိုကိုင်သောသူတို့၏ နှစ်ဖက်သော အသွားအဘို့၌တည်သော လက်အရပ်ကိုရှဖြတ်ကုန်သကဲ့ သို့။ ယေဓမ္မာ၊ တို့သည်။ လုနန္တိ၊ ဖြစ်ပြီးအတိတ် ကိလေသာနှင့်တူသော အနာဂတ်ကိလေသာ ဟူသော ဥပ္ပန္န, ဖြစ်ပြီးအတိတ်ကိလေသာနှင့်မတူ သော အနာဂတ် ကိလေသာ ဟူသော အနုပ္ပန္န, အဖြစ်ဖြင့် နှစ်ပါးသော အဘို့၌တည်သော သံကိလေသပက္ခ ဖြစ်သော အကုသိုလ်တို့ကို ပယ် ဖြတ်တတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေဓမ္မာ၊ တို့သည်။ ကုသလာ၊ မည်ကုန်၏ ဟုပေး။ ဂေါဝိယ၊ နွားကဲ့သို့။ ယောသတ္တော၊ အကြင်သတ္တ ဝါသည်။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောသတ္တော၊ သည်။ ဂဝဇော၊ ဂဝဇမည်၏။

[ရှေ့ပိုင်းရှေ့အဘို့ကိုယ်ကား ကျွဲနှင့်,နောက်ပိုင်းနောက်အဘို့ ကိုယ်ကား နွားနှင့် တူသော နွားနောက်ဟု ခေါ်ဝေါ်ကြသော သတ္တဝါအထူးသည် ဂဝဇမည်သည်။]

ဝိပါက်စိတ်မည်ပုံကိုပြခြင်း

ဝိပါက်စိတ် ဟူသည် အဘယ်နည်း။ အဘယ်သည် ဝိပါက် မည်သ နည်းဟူမူ။ စက္ခုဝိညာဏ် စသော အဟိတ်ဝိပါက် တဆဲ့ငါးခု။ မဟာ ဝိပါက်ရှစ်ခု။ မဟဂ္ဂုတ်ဝိပါက်ကိုးခု၊ ဖိုလ်စိတ်လေးခုအားဖြင့် စိတ် သုံး ဆဲ့ခြောက်ခုသည် ဝိပါက်မည်သည်ဟူလေ။

ဤစိတ်သုံးဆဲ့ခြောက်ခုသည် အဘယ်ကြောင့်ဝိပါက်မည်သနည်းဟူ မူ။ အပြစ်နှင့်တကွဖြစ်ခြင်း အပြစ်ကင်းခြင်း သဘောအားဖြင့်ရင်း, ဆင်း ရဲခြင်းဟူသောမကောင်းကျိုးကိုပေးခြင်း,ချမ်းသာခြင်းဟူသောကောင်း ကျိုးကိုပေးခြင်း သဘောအားဖြင့်ရင်း, အချင်းချင်းတပါးသည် တပါးနှင့်

ဆန့်ကျင်ဘက် ဖြစ်သော သဘောမတူ ထူးခြား ဝေးကွာသော အကု
သိုလ်ကုသိုလ်တို့၏အကျိုးဖြစ်သောကြောင့် ဝိပါက်မည်သည်ဟူလေ။

ကုသိုလ်အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက်မည်သည်
ဟူခဲ့သော် ကုသိုလ် အကုသိုလ် တို့ကြောင့် ဤစိတ် သုံးဆဲ့ခြောက်ခုတို့
သာဖြစ်သည်မဟုတ်၊ ကမ္မဇရုပ်တို့သည်လည်း ယင်းတို့ကြောင့်ပင် ဖြစ်
သောကြောင့် ကုသိုလ် အကုသိုလ်တို့၏ အကျိုးပင် ဖြစ်ရကား ဝိပါက်
မည်ခဲ့ရာ၏။ ထိုသို့လျက် ကမ္မဇရုပ်တို့ကို ဝိပါက်ဟု မခေါ်ဆိုဘဲ ဤစိတ်
တို့ကိုသာအဘယ်ကြောင့် ဝိပါက်ဟုခေါ်ဆိုရလေသနည်း ဟူမူ။ ကမ္မဇ
ရုပ်တို့သည် ကုသိုလ်အကုသိုလ်တို့ကြောင့်ဖြစ်သည် အမှန်ပင်ဖြစ်သော်
လည်း အကြောင်း ကုသိုလ်အကုသိုလ်တို့နှင့်မတူသောကြောင့် ဝိပါက်
ဟုမခေါ်ဆိုသင့်။ဤစိတ်သုံးဆဲ့ခြောက်ခုတို့သာလျှင်အကြောင်း ကုသိုလ်
အကုသိုလ်တို့နှင့် တူသောကြောင့် ဝိပါက်ဟု ခေါ်ဆိုသင့်ရကား ယင်း
တို့ကိုသာ ဝိပါက်ဟု ခေါ်ဆိုသည်ဟူလေ။

သလေးပင်၏ အညှောက်,အညွန့်,ပင်စည်,အရိုး,အရွက်,အသီး, တို့
သည် သလေးမျိုးစေ့ကြောင့် ချည်းသာဖြစ်သော်လည်း အညှောက်, အ
ညွန့်, ပင်စည်, အရိုး, အရွက်, တို့သည် သလေး မျိုးစေ့နှင့် မတူသော
ကြောင့် ယင်းတို့ကို သလေးဟုမခေါ်ဆိုရ။ သလေးသီးကိုသာ မျိုးစေ့
ရင်းနှင့်တူသောကြောင့် သလေးဟုခေါ်ဆိုရသကဲ့သို့၊ ဝိပါက်ကမ္မဇရုပ်
တို့သည် ကုသိုလ်အကုသိုလ်တို့ကြောင့်ဖြစ်သောအကျိုးချည်းဖြစ်သော်
လည်း ကုသိုလ်သည် ပြုစင်သောသုက္ကတရား, အကုသိုလ်သည် မည်း
ညစ်သောကဏှတရား, နှစ်ခုလုံးပင်နာမ်တရား၊ အာရုံကိုယူတတ်သော
သာရမ္မဏ တရားဖြစ်သည်။ ကမ္မဇရုပ်မူကား နေဝသုက္ကနကဏှတရား,
ရုပ်တရားအာရုံကိုမယူတတ်သော အနာရမ္မဏ တရားဖြစ်၍ မတူသော
ကြောင့် ဝိပါက်ဟုမခေါ်ဆိုရ။ ဤစိတ်သုံးဆဲ့ခြောက်ခု တို့သာလျှင် နာမ်
၏အဖြစ်, သာရမ္မဏ၏အဖြစ်, သုက္က, ကဏှ, စသည်တို့၏အဖြစ်ဖြင့် ကု
သိုလ်အကုသိုလ်တို့နှင့်တူသောကြောင့် ယင်းတို့ကိုသာ ဝိပါက်ဟု ခေါ်
ဆိုရသည်ဟူလို။

ကြိယာစိတ်မည်ပုံကိုပြခြင်း

အဘယ်သည် ကြိယာမည်သနည်းဟူမူ။ ကာမကြိယာစိတ်တဆဲ့တခု, မဟဂ္ဂုတ်ကြိယာစိတ်ကိုးခု, အားဖြင့် ဤဗိတ်နှစ်ဆယ်သည် ကြိယာမည်သည် ဟူလေ။ ဤဗိတ်နှစ်ဆယ်သည် အဘယ်ကြောင့် ကြိယာမည်သနည်းဟူမူ။ဤဗိတ်နှစ်ဆယ်သည်ကုသလမူလဟူသောကုသိုလ်ဟိတ်, ယောနိသော မနသိကာရ ဟူသော ကုသလပစ္စယတို့ မရှိသောကြောင့် ကုသိုလ်လည်းမဟုတ်၊ အကုသလမူလ ဟူသော အကုသိုလ်ဟိတ်, အယောနိသောမနသိကာရဟူသော အကုသလပစ္စယတို့မရှိသောကြောင့် အကုသိုလ်လည်းမဟုတ်၊ကုသိုလ်အကုသိုလ်ဟူသောဇနကအကြောင်း မရှိသောကြောင့် ကုသိုလ် အကုသိုလ် တို့၏ အကျိုးလည်း မဟုတ်။ မအောင်မမြင် အသီးမတင် မျိုးမဝင်သော လေပွင့် အမြစ်ပြတ်ပြီးသော သစ်ပင်၏အပွင့်တို့သည် အသီးကိုမဖြစ်စေနိုင်သကဲ့သို့ ဤဗိတ်နှစ်ဆယ်တွင် ဇောအဖြစ်သို့မရောက်သော အာဝဇ္ဇန်းနှစ်ခုသည် လေပွင့်နှင့် တူသည်။ ဟသိတုပ္ပါဒ်စသော ဇောအဖြစ်သို့ရောက်သော ကြွင်းသောစိတ်တဆဲ့ရှစ်ခုသည် အမြစ်ပြတ်ပြီးသော သစ်ပင်၏ အပွင့်နှင့်တူသည်ဖြစ်၍ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသောအကျိုးကို မဖြစ်စေနိုင်ရကား ကုသိုလ် အကုသိုလ်တို့ကဲ့သို့ အကျိုးကိုလည်း မဖြစ်စေတတ်၊ ထိုထိုဒါနသီလစသောကိစ္စကို ပြီးစေတတ်သည်၏အစွမ်းဖြင့်ဖြစ်ခြင်းကြောင့်ကား ပြုကာမတ္တပြုရုံမျှသာ ဖြစ်သောကြောင့် ကြိယာမည်သည်ဟူလေ။

ဤပြဆိုခဲ့ပြီးသော စိတ်ရှစ်ဆဲ့ကိုးခုတွင် အဘိညာဏ် ကိစ္စတပ်ခိုက်ဖြစ်သော ရူပါဝစရ ကုသိုလ်ကြိယာ ပဉ္စမဈာန်စိတ် နှစ်ခုသည် အဘိညာဏ်မည်၏။အခိုက်အတန့်မျှသာ အဘိညာဏ်မည်သောကြောင့်စိတ်ရှစ်ဆဲ့ကိုးခု၌ အဘိညာဏ်နှစ်ခုကိုနုတ်သော်လည်း ရှစ်ဆဲ့ကိုးခုအောက်မလျော့ မနုတ်သော်လည်း ရှစ်ဆဲ့ကိုးခုထက်မပိုမလွန်။**ဥပမာကား။** ခရုတပြည်ကိုပြုတ်၍ အဆန်ကို နုတ်သော်လည်း တပြည်အောက် မလျော့၊ မနုတ်သော်လည်း တပြည်ထက်မပိုလွန်သကဲ့သို့တည်း။ ဟုဆရာကို့ဥပမာပြုကုန်၏။ **နာမရူပပရိစ္ဆေဒမည်သော လက်သန်းအဋ္ဌကထာ၌ကား။**

ဗတ္တမေကူနနဝုတိ၊ ဝိဓံတတ္တ ဝိဘာဝယေ။
ကေနဝုတိ ဝိဓံဝါ၊ ကေဝိသ သတ်ဝိဝါ။ ။

ဟု အဘိညာဏ်နှစ်ခုကို အသီးယူ၍လည်း တနည်းရေတွက် ပြဆို တော်မူ၏။

စိတ်အကျယ်ပြားပုံကိုပြခြင်း

ပြဆိုခဲ့ပြီးသော ရှစ်ဆဲ့ကိုးပါး အပြားရှိသော စိတ်ကို တရာ့နှစ်ဆဲ့ တပါးအပြားအားဖြင့်လည်း တနည်းဝေဘန်ပြဆိုတော်မူကုန်၏။ ထိုရှစ်ဆဲ့ကိုးပါးသောစိတ်သည် အဘယ်ကြောင့် တရာ့နှစ်ဆဲ့တပါး ပြားလေ သနည်းဟူမူ။ စိတ်ရှစ်ဆဲ့ကိုးခုတွင် လောကုတ္တရာစိတ်ရှစ်ခုသည် မဂ်စိတ် နှစ်ဆယ်၊ ဖိုလ်စိတ် နှစ်ဆယ် အားဖြင့် လေးဆယ် ပြားလေသော ကြောင့် လောကီစိတ်ရှစ်ဆဲ့ဘခု, လောကုတ္တရာစိတ်လေးဆယ်အားဖြင့် တရာ့နှစ်ဆဲ့တပါးပြားသည်ဟူလေ။

မဂ်စိတ်လေးခုသည် အဘယ်ကြောင့် နှစ်ဆယ်ဖြစ်လေသနည်းဟူမူ။ လေးခုသော မဂ်စိတ်တို့တွင် တပါးတပါးသည်ပင် ငါးပါးငါးပါးစီပြား သောကြောင့် နှစ်ဆယ်ဖြစ်သည်ဟူလေ။

အဘယ်ကြောင့် မဂ်စိတ်လေးပါးတွင် တပါးတပါး သည်ပင် ငါးပါး ငါးပါးစီ ပြားရလေသနည်းဟူမူ။သောတာပတ္တိမဂ်စိတ်သည် ပဌမဈာန သောတာပတ္တိမဂ်စိတ်, ဒုတိယဈာန,တတိယဈာန,စတုတ္ထဈာန,ပဉ္စမဈာ န,သောတာပတ္တိမဂ်စိတ်၊ဟုပဌမဈာနစသောအမည်ကိုရကုန်သည်။ထို့ အတူ အထက်မဂ် သုံးပါးတို့သည်လည်း ပဌမဈာန သကဒါဂါမိမဂ်စိတ် စသည်, ပဌမဈာနအနာဂါမိမဂ်စိတ်စသည်, ပဌမဈာနအရဟတ္တမဂ်စိတ် စသည်ဖြင့်, ပဌမဈာန, ဒုတိယဈာန, စသောအမည်ကို ရကုန်သည်ဖြစ်၍ အသီးအသီး ငါးပါး ငါးပါးစီပြားလေသည်ဟူလေ။

ပဌမဈာန်, ဒုတိယဈာန်, စသည်ဖြင့်မဟဂ္ဂုတ်ဈာန်တို့ရှိကုန်သကဲ့သို့ လောကုတ္တရာဈာန်ဟု စင်စစ်မရှိပါသည် မဟုတ်လော။ ထိုသို့လျက် အ ဘယ်ကြောင့် လေးပါးသော မဂ်စိတ်တို့သည် ပဌမဈာန စသောအမည်

ကိုရကုန်သနည်းဟူမူ။ ပါဒကဈာန်, သမ္ပသိတဈာန်, ပုဂ္ဂိုလ်အလိုရှိအပ်သောဈာန်, မှူသော ပဌမဈာန်စသော တပါးပါးသော မဟဂ္ဂုတ်ဈာန်နှင့်တူသောကြောင့် ပဌမဈာန်စသော အမည်ကိုရသည်ဟူလေ။

ပါဒကဈာန်စသည်ကိုပြခြင်း

ကိလေသာတို့မှဝေးကွာ၍ လျင်မြန်ဆောစွာမဂ်ကိုရလွယ်ခြင်း၏အကြောင်း အမြစ်အခြေပါဒကဖြစ်စေခြင်းငှါ ရှေးဦးဝင်စားအပ်သောဈာန်သည် ပါဒကဈာန်မည်၏'ပဌမဈာန်အနိစ္စံ'စသည်ဖြင့်အနိစ္စစသောဝိပဿနာသို့တင်၍သုံးသပ်အပ်သောဈာန်သည်သမ္ပသိတဈာန်မည်၏။ပဌမဈာန်စသည်တို့တွင် ဤမည်သော ဈာန်နှင့်တူသော မဂ်ကိုရလို၏ဟု ယောဂါဝစရပုဂ္ဂိုလ်သည် အလိုရှိအပ် တောင့်တအပ်သော ဈာန်သည် ပုဂ္ဂိုလ်အလိုရှိအပ်သော ဈာန်မည်၏။

ပါဒကဈာန်စသော တပါးပါးသော ဈာန်နှင့်တူသော မဂ်ကိုရသည်ဟူ၏။ အဘယ်၏ အစွမ်းဖြင့် အဘယ်ကြောင့် မဂ်သည် ပါဒကဈာန်နှင့်တူရသနည်း။ အဘယ်၏ အစွမ်းဖြင့် အဘယ်ကြောင့် သမ္ပသိတဈာန်နှင့်တူရသနည်း။ အဘယ်၏ အစွမ်းဖြင့် အဘယ်ကြောင့် ပုဂ္ဂိုလ်အလိုရှိအပ်သော ဈာန်နှင့် တူရသနည်း ဟူမူ။ ဈာန်ကို ပါဒကပြု၍ ဝင်စားသည်၏ အစွမ်းဖြင့် ဝင်စားသောကြောင့် ပါဒကဈာန်နှင့်တူသည်။ ဈာန်ကိုအနိစ္စစသည်သို့တင်၍ သုံးသပ်သည်၏ အစွမ်းဖြင့် သုံးသပ်သောကြောင့် သမ္ပသိတ ဈာန်နှင့် တူသည်။ မည်သည့် ဈာန်နှင့် တူသော မဂ်ကို ရလို၏ဟု ယောဂါဝစရ ပုဂ္ဂိုလ်အားဖြစ်သော အလိုဆန္ဒအဇ္ဈာသယ၏ အစွမ်းဖြင့် ပုဂ္ဂိုလ်အလိုရှိအပ်သော ဈာန်နှင့်တူသည်ဟူလေ။ မဟဂ္ဂုတ် ဖြစ်သော ပါဒကဈာန် စသည်နှင့် တူသည်ဟူ၏။ မဂ်စိတ်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ပါဒကဈာန်စသည်နှင့် တူလေသနည်း။အကျိုးပေးရာကာလ အကျိုးပေးရာဌာန အာရုံတူခြင်း စသည်တို့၏ အစွမ်းဖြင့် တူလေသလောဟူမူ။ဝိတက်စသောဈာန်အင်္ဂါထင်ရှားဖြစ်ခြင်းဖြင့် ဝိတက်စသော ဈာန်အင်္ဂါငါးပါး ဖြစ်ခြင်းဖြင့် ပဌမဈာန်နှင့်၊ဝိစာရစသော ဈာန်

အင်္ဂါလေးပါးဖြစ်ခြင်းဖြင့် ဒုတိယဈာန်နှင့်၊ပီတိစသော ဈာန်အင်္ဂါသုံးပါး ဖြစ်ခြင်းဖြင့် တတိယဈာန်နှင့်၊ သုခ,ဧကဂ္ဂတာ,ဟူသော ဈာန်အင်္ဂါနှစ်ပါး ဖြစ်ခြင်းဖြင့် စတုတ္ထဈာန်နှင့်၊ ဥပေက္ခာ, ဧကဂ္ဂတာ,ဟူသော ဈာန်အင်္ဂါ နှစ်ပါးထင်ရှားဖြစ်ခြင်းဖြင့် ပဉ္စမဈာန်နှင့် တူသည်ဟူလေ။

ပဌမဈာန် စသည်တို့တွင် အမှတ်မထင် အကြင်အကြင် ဈာန်ကို ဝင်စား၍ ၎င်းဈာန်မှထ,ပြီးသော် သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ,ဟု အဖန်ဖန် သုံးသပ်သော ပုဂ္ဂိုလ်အား ၎င်းဈာန ဂါမိနီဝိပဿနာသည် ဖြစ်၏။ ထိုဝင်စား အပ်သော ဈာန်သည် ၎င်းဈာန ဂါမိနီ ဝိပဿနာ၏ နီးစွာသော အကြောင်း ဖြစ်သောကြောင့် ပါဒကဈာန်မည်၏။အကြင်အကြင်ဈာန်ကို အနိစ္စ, စသည်ဖြင့် ဝိပဿနာသို့ တင်၍ အဖန်တလဲလဲ သုံးသပ်သော ပုဂ္ဂိုလ်အား ၎င်းဈာနဂါမိနီဝိပဿနာသည်ဖြစ်၏။ ထိုဈာန်သည် သမ္မသိတ ဈာန်မည်၏။ ငါ့အား ပဌမဈာန်နှင့်တူသော ဈာန်အင်္ဂါငါးပါးရှိသော မဂ် သည် ဖြစ်ပါမူကား ကောင်းလေစွ။ ဒုတိယဈာန်နှင့် တူသော ဈာန်အင်္ဂါ လေးပါးရှိသောမဂ်သည် ဖြစ်ပါမူကား ကောင်းလေစွ။ ဤသို့စသည်ဖြင့် ယောဂါဝစရ ပုဂ္ဂိုလ်အား ဖြစ်သော အလိုဆန္ဒ အဇ္ဈာသယသည် ပုဂ္ဂလဇ္ဈာသယမည်၏။

ထိုပါဒက စသော သုံးပါး တို့တွင် အကြင် ပုဂ္ဂိုလ်သည် ပဌမဈာန် စသည် တို့တွင် အမှတ်မရှိ တပါးပါးသော ဈာန်ကို ဝင်စား၍ ထိုဈာန်မှ ထ,ပြီးသော် ပကိဏ္ဏကသင်္ခါရတို့ကို အနိစ္စ,စသည်ဖြင့် သုံးသပ်၍ မဂ်ကို ဖြစ်စေအပ်၏။ ထိုပုဂ္ဂိုလ်၏ မဂ်သည် ပဌမဈာန်စသော ပါဒကဈာန်နှင့် တူ၏။ အကယ်၍ ဝိပဿနာ၏ ပါဒကဖြစ်သော တပုံတခုသော ဈာန်မရှိ ဘဲ သက်သက် ပဌမဈာန် စသည်တို့တွင် တပါးပါးကို အနိစ္စ,စသည်ဖြင့် ဆင်ခြင်သုံးသပ်၍ မဂ်ကိုဖြစ်စေအပ်သည်ဖြစ်အံ့ ထိုပုဂ္ဂိုလ်၏ မဂ်သည် ပဌမဈာန်စသော သမ္မသိတဈာန်နှင့်တူ၏။

အကြင်အခါ ပဌမဈာန် အစရှိသော တပုံတခုသောဈာန်ကို ဝင်စား၍ ထိုဈာန်မှ ထ,ပြီးသော်၊ အမှတ်မထင် တပါးပါးသော ဈာန်ကိုပင် အနိစ္စ စသည်ဖြင့် ဆင်ခြင် သုံးသပ်၍ မဂ်ကို ဖြစ်စေ အပ်သည် ဖြစ်အံ့ ထိုအခါ ယောဂါ ဝစရ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ပါဒကဈာန် သမ္မသိတဈာန် နှစ်ပါး

တွင် တပါးပါးနှင့်တူ၏။ အကယ်၍ ထိုပုဂ္ဂိုလ်အား မည်သည့်ဈာန်နှင့်တူသော မဂ်ကို ရလို၏ဟု အဇ္ဈာသယ မရှိသည်ဖြစ်အံ့ အောက်အောက်ဈာန်ကိုဝင်စား၍ အထက်အထက်ဈာန်ကိုသုံးသပ်သည်ရှိသော် အောက်အောက်ဈာန်ထက် အထက်အထက်ဈာန်သည် မြတ်ရကား မြတ်ရာဈာန်သို့လိုက်၍ သုံးသပ်အပ်သော သမ္မသိတဈာန်နှင့် တူသောမဂ်ကိုရ၏။ အကယ်၍ အထက်အထက်ဈာန်ကို ဝင်စား၍ အောက်အောက်ဈာန်ကို သုံးသပ်သည်ဖြစ်အံ့ သမ္မသိတဈာန်ထက် ပါဒကဈာန် မြတ်ရကား ပါဒကဈာန်နှင့် တူသော မဂ်ကိုရ၏။

ဤအရာ၌ ထေရဝါဒနှင့် တကွ မထေရ်တို့ ယူပုံကို အကျဉ်း မျှဖြင့် ပြဦးအံ့။ အရိယာမဂ်၏ ဈာန်အင်္ဂါအထူးကိုပါဒကဈာန်မှတ်သည်ဟု **တိပိဋကစူဠနာဂမထေရ်ယူတော်မူ၏။** ဝိပဿနာ၏ အာရုံမှတ်သည်ဟု မောရဝါပီ အရပ်၌ သီတင်းသုံးနေတော်မူသော **မဟာဒတ္တမထေရ် ယူတော်မူ၏။** ယောဂါဝစရပုဂ္ဂိုလ်၏ အလိုဟူသော ပုဂ္ဂလဇ္ဈာသယ မှတ်သည်ဟု **စူဠာဘယမထေရ် ယူတော်မူ၏။** သင်္ခါရုပေက္ခာ အံဖြစ်သို့ ရောက်သော ရှေးအဘို့၌ဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာမှတ်သည်ဟု **အရှင်ဗုဒ္ဓဃောသ အဋ္ဌကထာဆရာ ယူတော်မူ၏။**

ဂုင်းဝါဒလေးရပ်တို့တွင် ပဥ္စမထေရဝါဒ၌* အကြင်အမှတ်မရှိတပါးပါးသော ဈာန်ကို ဝင်စား ပြီးလျှင် ထိုဈာန်မှ ထ,၍ ဈာန်မှ တပါးသော ပကိဏ္ဏကသင်္ခါရတို့ကို အနိစ္စ,စသည်ဖြင့် ဆင်ခြင်သုံးသပ်၍ ဖြစ်စေအပ်ရအပ်သောမဂ်သည် ပါဒကဈာန်နှင့်တူ၏။ ပါဒကဈာန်သည် ဈာန်အင်္ဂါ ငါးပါးရှိသော ပဥ္စင်္ဂိကပဥ္စမဈာန်ဖြစ်လျှင် ဈာန်အင်္ဂါ ငါးပါးရှိသော ပဥ္စင်္ဂိကမဂ်ဖြစ်၏။ ပါဒကဈာန်သည် စတုရင်္ဂိကဒုတိယဈာန်ဖြစ်မူ စတုရင်္ဂိကမဂ်ကိုရ၏။ ပါဒကဈာန်သည် တိဝင်္ဂိကတတိယဈာန်ဖြစ်မူ တိဝင်္ဂိကမဂ်ကိုရ၏။ ပါဒကဈာန်သည် သုခ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါနှစ်ပါးရှိသော ဒုဝင်္ဂိက စတုတ္ထဈာန်ဖြစ်မူ ဒုဝင်္ဂိက စတုတ္ထဈာန်မဂ်ကိုရ၏။ ပါဒ

* ပဥ္စမဈာန၊ စသည်တို့တွင်၊ မှတ်မထင်ကို၊ ဝင်စားပြီးမှ၊ သင်္ခါရကို၊ ထ၍သုံးသပ်၊ မဂ်ရလတ်မူ၊ မှတ်ယူမပြား၊ အင်္ဂါအားဖြင့်၊ ဝင်စားရဈာန်၊ အမှန်မုချ၊ ပါဒကနှင့်၊ မခွတူလေစမြဲတည်း။ (ဒက္ခိဏာရာမဆရာတော်လင်္ကာ။)

ကဈာန်သည် ဥပေက္ခာ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော ဒုဝင်္ဂိကပဉ္စမဈာန်ဖြစ်မှု ဒုဝင်္ဂိကပဉ္စမဈာန်မင်္ဂဖြစ်၏။ ဖွတ်,မြွေ,တို့၏ နေ ရာမြေအဆင်းသည် ဖွတ်,မြွေ,တို့ အဆင်းကို နီလျှင်နီလျော်က် ပြာလျှင် ပြာလျော်က် မိမိနှင့်တူသည်ကို ပြုသကဲ့သို့ မင်္ဂ၏ရှေးအဘို့ အနီးကာလ ဝယ် ဝင်စားအပ်သော ဈာန်သည် မင်္ဂကိုမိမိနှင့် ဈာန်အင်္ဂါ အားဖြင့် တူ သည်ကို ပြုသည် ဟူလို။

အရိယာမင်္ဂ၏ဈာန်အင်္ဂါအထူးကို ပါဒကဈာန်သည်မှတ်၏ဟု အယူ ရှိသော ထိုတိပိဋက ရုဋ္ဌနာဂ မထေရ်ကို အနွှေဝါသိက တပည့်တို့က အကြင် ပဉ္စဝေါကာရဘုံ၌ ပါဒကဈာန်ရှိ၏။ ထိုဘုံ၌ ပါဒက ဈာန်သည် မှတ်တန်စေ။အကြင်စတုဝေါကာရဘုံ၌ ပါဒကဈာန်မရှိ။ထိုဘုံ၌အဘယ် မှာ ပါဒက ဈာန်သည် မှတ်နိုင် ပါအံ့နည်း။ မမှတ်နိုင်ရာ ပါသည် မဟုတ် လောဟု လျှော်က်ထားကြ ကုန်သည်ရှိသော် ထိုအရူပဘုံ၌လည်း ပါဒက ဈာန်ပင်မှတ်၏။အဘယ်သို့မှတ်သနည်းဟူမူ။ ရှစ်ပါးသော သမာပတ်ကို ရသောပဌမဈာန်ကိုပါဒကပြု၍ သောတာပတ္တိမင်္ဂ, သောတာပတ္တိဖိုလ်, တို့ကို ဖြစ်စေ၍ ဈာန်မှ မလျှော မယုတ်ဘဲ ရတော၍ အရူပဘုံ၌ ဖြစ်သော ရဟန်းသည် ပဌမဈာန်နှင့် တူသော ပဉ္စင်္ဂိက သောတာပတ္တိ ဖလသမာ ပတ်မှထ,၍ ဝိပဿနာကို ဖြစ်စေ၍ အထက်မင်္ဂ သုံးပါးတို့ကို ဖြစ်စေ၏။ ထိုဖြဟ္ဘာ၏ အထက်မင်္ဂ သုံးပါး တို့သည် ပဌမဈာန်နှင့် တူစွာ ပဉ္စင်္ဂိက သာ ဖြစ်ကုန်၏။ ဈာန်အင်္ဂါလေးပါး စသည်ရှိသော ဒုတိယဈာန် စသည် နှင့်တူသော စတုရင်္ဂိက သောတာပတ္တိ ဖလသမာပတ် စသည်မှထ,၍ ဝိပဿနာကိုဖြစ်စေ၍ အထက်မင်္ဂ သုံးပါးတို့ကို ဖြစ်စေရာ၌လည်း ထိုအ ထက်မင်္ဂသုံးပါးတို့၏ စတုရင်္ဂိက,တိဝင်္ဂိက, စသည်သာ ဖြစ်ခြင်းသည် လည်း ဤအတူပင်တည်း။အရူပဘုံ၌ပဉ္စမဈာန်သာ ရှိသည်မဟုတ်၊ပဌမ, ဒုတိယ,တတိယ,စတုတ္ထ,ဈာန်တို့သည်လည်း ရှိကုန်၏။ ထိုပဌမ,ဒုတိယ, တတိယ,စတုတ္ထ,ဈာန်ရှိသည် ဆိုသော်လည်း လောကုတ္တရာသာ လော ကီဈာန်သော်ကား မဟုတ်ဟု ဖြေဆိုတော်မူ၏။

*ဒုတိယထေရဝါဒ၌ အမှတ်မထင် အကြင်အကြင် သမာပတ်မှထ,၍ ထိုထိုသမာပတ် တရားတို့ကိုပင် အနိစ္စ, စသည်ဖြင့် သုံးသပ်၍ မဂ်ကိုဖြစ်စေသည် ရှိသော် ထိုမဂ်သည် အနိစ္စ, စသည်ဖြင့် သုံးသပ်သော ဝိပဿနာ၏အာရုံဖြစ်သော သမ္မသိတဈာန်နှင့်တူ၏။သမ္မသိတဈာန်သည် ပဉ္စင်္ဂိကဖြစ်လျှင် မဂ်လည်း ပဉ္စင်္ဂိကဖြစ်၏။ သမ္မသိတဈာန်သည် .စတုရင်္ဂိကစသည်ဖြစ်လျှင် မဂ်လည်း စတုရင်္ဂိကစသည်ဖြစ်၏။ အကယ်၍ ကာမာဝစရတရားတို့ကို အနိစ္စ,စသည်ဖြင့်သုံးသပ်၍ မဂ်ကိုဖြစ်စေသည်ဖြစ်အံ့ ထိုမဂ်သည် မဌမဈာန်နှင့်တူစွာ ပဉ္စင်္ဂိကမဂ် ဖြစ်သည် ဟူလို၏။

မဂ်၏ ဈာန်အင်္ဂါ အထူးကို ဝိပဿနာ၏ အာရုံသည် မှတ်၏ဟု ယူတော်မူသော မောရဝါပီအရပ်၌သီတင်းသုံးနေတော်မူသောမဟာဒတ္တမထေရ်ကို အန္တေဝါသိကတပည့်တို့ကမဂ်သည်အကယ်၍ ဝိပဿနာ၏ အာရုံနှင့် တူသည် ဖြစ်အံ့ ရုပ်တရားတို့ကို အနိစ္စ, စသည်ဖြင့် သုံးသပ်၍ မဂ်ကိုဖြစ်စေသောပုဂ္ဂိုလ်အားဖြစ်သောမဂ်သည် ရုပ်နှင့်တူသော အဗျာကတမဂ် ဖြစ်ခဲ့ရာသည်။ နေဝသညာ နာသညာယတန ဈာန်ကို နည်းယူသောအားဖြင့် အနိစ္စ,စသည်ဖြင့် သုံးသပ်၍ မဂ်ကိုဖြစ်စေသော ပုဂ္ဂိုလ်အား ထိုနေဝသညာ နာသညာယတန ဈာန်နှင့်တူသော နေဝသညာ နာသညာယတန အဖြစ်သို့ ရောက်သော မဂ်ဖြစ်ခဲ့ ရာသည်။ ဤသို့သော အပြစ်ဒေါသ ထင်၏ဟု လျှောက်ထား ကုန်သည် ရှိသော် ငါ့ရှင်တို့ လျှောက်ထားသည့်အတိုင်းမဖြစ် အပ္ပနာသို့ မရောက်သောလောကုတ္တရာမဂ်မည်သည် မရှိကောင်းရကား ရုပ်ကို အနိစ္စ, စသည်ဖြင့် သုံးသပ်သော ပုဂ္ဂိုလ်အား မဂ္ဂင်တရား ကိုယ်ရှစ်ပါးနှင့် ပြည့်စုံသော အဋ္ဌင်္ဂိကသောမနဿ သဟဂုတ်မဂ်သာဖြစ်သည်။ နေဝသညာ နာသညာယတန ဈာန်ကိုသုံးသပ်၍မဂ်ကိုရသော ပုဂ္ဂိုလ်၏မဂ်သည်လည်း အလုံးစုံသော အခြင်းအရာ အားဖြင့် နေဝသညာ နာသညာယတန ဈာန်နှင့် တူသည် မဟုတ်။ သမ္ဗောဇ္ဈင်္ဂ ခုနစ်ပါး မဂ္ဂင်တရားကိုယ်ရှစ်ပါးနှင့်ပြည့်စုံသော ဥပေက္ခာသဟဂုတ်မဂ်သာဖြစ်သည်ဟု ဖြေဆိုတော်မူ၏။

* ဈာန်ပါဒက၊ မရှိကြဘဲ၊ ပဌမဈာန၊စသည်တို့တွင်၊ မှတ်မထင်ကို၊ တင်ကာသုံးသပ်၊ ရအပ်သည့်မဂ်၊မပုက်အင်္ဂါ၊သုံးသပ်ရာနှင့်၊တူလာမကွဲမပြားတည်း။

*တတိယထေရဝါဒ၌ အမှတ်မထင် အကြင်အကြင်ဈာန်ကို ပါဒက ပြု၍ အကြင်အကြင် ဈာန်တရားတို့ကို အနိစ္စစသည်ဖြင့် သုံးသပ်၍ ဈာန် အင်္ဂါငါးပါးနှင့်ပြည့်စုံသောမဂ်သည် ငါ့အားဖြစ်ပါမူကောင်းလေစွဈာန် အင်္ဂါလေးပါး စသည်နှင့် ပြည့်စုံသော ဒုတိယဈာနိကမဂ် စသည်သည် ငါ့အားဖြစ်ပါမူ ကောင်းလေစွဟုတောင့်တ၍ မဂ်ကိုဖြစ်စေသည်ရှိသော် ထိုပုဂ္ဂိုလ်၏ အဇ္ဈာသယအားလျော်စွာ တောင့်တအပ်တိုင်းသော ပဥ္စင်္ဂိက,စတုရင်္ဂိက, စသောအပါးပါးသောမဂ်ဖြစ်၏။အဇ္ဈာသယအားလျော်စွာဖြစ်၏ ဟူသော်လည်း ပါဒကဈာန် သမ္မသိတဈာန် ရှိသော်သာ ဖြစ်သည် ပါဒကဈာန် သမ္မသိတဈာန်မှ ကင်း၍ အဇ္ဈာသယဖြင့် ဖြစ်သည် မဟုတ် ဟူလိုသည်။

မဂ်၏ ဈာန်အင်္ဂါအထူးကို ပုဂ္ဂလဇ္ဈာသယသည် မှတ်၏ဟု အယူရှိသော ရုက္ခဘာယမထေရ်ဝါဒကိုဆောင်၍ တိပိဋကစူဠနာဂမထေရ်အား လျှောက်ထား ကြသည်ရှိသော် ပါဒကဈာန်ရှိသောသူ၏ အဇ္ဈာသယ သည်မှတ်ဘန်စေ။ ပါဒကဈာန်မရှိသော ပုဂ္ဂိုလ်အား အဘယ်သို့သော အဇ္ဈာသယသည်မှတ်နိုင်လတ္တံ့နည်း။ အရင်းဥစ္စာမရှိသောသူ၏ အတိုး အပွါးကို ရှာမှီးခြင်းကဲ့သို့ဖြစ်၏ဟု မိန့်တော်မူသည်ရှိသော် ထိုတိပိဋက စူဠနာဂမထေရ်၏ စကားကိုဆောင်၍ ရုက္ခဘာယမထေရ်အား လျှောက် ထားကြပြန်၏။ ထိုအခါ ရုက္ခဘာယ မထေရ်သည် ပါဒကဈာန် ရှိသော ပုဂ္ဂိုလ်၏ အဇ္ဈာသယကိုငါဆိုသည်ဟုမိန့်တော်မူ၏။ သမ္မသိတ ဈာန်ရှိ သောပုဂ္ဂိုလ်၏ အဇ္ဈာသယကိုလည်း ဤအတိုင်းသိလေ။

ပဉ္စမဈာန်ကိုဝင်စား၍၊ငင်းဈာန်မှထ၍ပဌမဈာန်စသည်တို့ကိုသုံးသပ် သောပုဂ္ဂိုလ်အား ဖြစ်သော မဂ်သည် ပဌမ ထေရဝါဒအားဖြင့် ပါဒက ဖြစ်သော ပဉ္စမဈာန်နှင့်တူစွာ ဥပေက္ခာ,ဧကဂ္ဂတာ, ဟူသောဈာန်အင်္ဂါ နှစ်ပါးရှိသော မဂ်သည်ဖြစ်ရာ၏။ ဒုတိယထေရဝါဒအားဖြင့် သမ္မသိတ ဖြစ်သော ပဌမဈာန်ဒုတိယဈာန် စသည်နှင့်တူစွာ၊ ပဉ္စင်္ဂိက, စတုရင်္ဂိက, စသောမဂ်သည်ဖြစ်ရာ၏။ထို့ကြောင့် ဝါဒနှစ်ပါးတို့သည် ဆန့်ကျင်ကုန်

* ဈာန်ကိုပင်လျှင်၊ဝင်စားပြီးမှ၊ထ၍ဘဖန်၊ဈာန်ကိုသုံးသပ်၊မဂ်ရလတ်မူ၊မှတ်ယူမပြား၊ အင်္ဂါအားမှာ၊ဝင်စားသုံးသပ်၊ထိုနှစ်ရပ်တွင်၊လိုချင်ရာနှင့်၊ဘူလာမကွဲမပြားတည်း။

၏။ တတိယထေရဝါဒ အားဖြင့်ကား ပါဒကဈာန် သမ္ပယုတ္တဈာန်နှစ်ပါး တွင် အကြင်ဈာန်နှင့်တူသော မဂ်ကိုအလိုရှိ၏။ ထိုဈာန်နှင့်တူသော မဂ် ဖြစ်သည်ဖြစ်သောကြောင့် ရှေ့ဝါဒနှစ်ပါးတို့လည်း မဆန့်ကျင်။ အဇ္ဈာ သယလည်း အကျိုးရှိသည်သာဖြစ်၏ဟု အဋ္ဌကထာ၌ဆိုတော်မူ၏။

စတုတ္ထဝါဒ၌မဂ်ကိုရစိမ့်သောငှါ ဝိပဿနာကိုပွါးစေသော ပုဂ္ဂိုလ် အား ရှေ့အတိုကာလ၌ဖြစ်သော ဝိပဿနာသည် သောမနဿ သဟ ဂုတ်ပင်ဖြစ်စေ, ဥပေက္ခာသဟဂုတ်ပင်ဖြစ်စေ, သင်္ခါရုပေက္ခာ အဖြစ်သို့ ရောက်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်အကယ်၍ သောမနဿသဟ ဂုတ်ဖြစ်အံ့။ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန်တို့တွင် တပါးပါးနှင့်တူ သော မဂ်သည်ဖြစ်၏။ အကယ်၍ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဥပေက္ခာ သဟဂုတ်ဖြစ်အံ့ ပဉ္စမဈာန်နှင့် တူသောမဂ်သည် ဖြစ်၏ဟုလိုသည်။

ထိုက်သည့်အားလျော်စွာ ဝါဒအရပ်ရပ်ကို စပ်ဟပ်၍ပြဦးအံ့။သုက္ခ ဝိပဿကပုဂ္ဂိုလ်အားဖြစ်သောမဂ်သည်၎င်း, သမာပတ်ကိုပင်ရသော် လည်း ဈာန်ကို ပါဒကမပြုဘဲ ပကိဏ္ဏကသင်္ခါရတို့ကို အနိစ္စစသည်ဖြင့် သုံးသပ်သော ပုဂ္ဂိုလ်အား ဖြစ်သောမဂ်သည်၎င်း, ပဌမဈာန်နှင့် တူစွာ ပဉ္စင်္ဂိကဖြစ်၏။ ရှေ့အတို၌ဖြစ်သော ဝိပဿနာသည် သောမနဿသဟ ဂုတ်ပင်ဖြစ်စေ, ဥပေက္ခာသဟဂုတ်ပင် ဖြစ်စေ, ဝုဋ္ဌာနဂါမိနီ ဝိပဿနာ သည် သောမနဿ သဟဂုတ်သာ ဖြစ်သည်။ **ဤကား သမထမဘက် သက်သက်ဝိပဿနာဖြင့်မှတ်သောနည်းတည်း။**

ပဌမဈာန်ကိုပါဒကပြု၍ ဈာန်မှတပါးသော ကာမတရားတို့ကို အနိစ္စ စသည်ဖြင့်သုံးသပ်သော ပုဂ္ဂိုလ်အားဖြစ်သော မဂ်သည်၎င်း, ပဌမဈာန် ကိုပါဒကပြု၍ ၎င်းဈာန်ကိုပင်အနိစ္စစသည်ဖြင့် သုံးသပ်သောပုဂ္ဂိုလ်အား ဖြစ်သော မဂ်သည်၎င်း, ပဌမဈာန်နှင့်တူစွာ ပဉ္စင်္ဂိက မဂ်ဖြစ်၏။ဒုတိယ, တတိယ,စတုတ္ထဈာန်တို့တွင် တပါးပါးကိုပါဒကပြု၍ ဈာန်မှတပါးသော သင်္ခါရတို့ကို၎င်း,ထိုပါဒကပြုသော ဒုတိယဈာန်စသည်ကိုပင်၎င်း,အနိစ္စ စသည်ဖြင့်သုံးသပ်သော ပုဂ္ဂိုလ်အားဖြစ်သောမဂ်သည် ပါဒကပြုသော ဒုတိယဈာန် စသည်နှင့်တူစွာ စတုရင်္ဂိက, တိဝင်္ဂိက, ဒုဝင်္ဂိက, တို့တွင်

တပါးပါးဖြစ်၏။ ဤ၌ ပုဗ္ဗာဘာဂဝိပဿနာသည် သောမနဿ သဟဂုတ်ပင်ဖြစ်စေ, ဥပေက္ခာသဟဂုတ်ပင်ဖြစ်စေ, ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် သောမနဿသဟဂုတ်သာဖြစ်၏။ ရူပပဉ္စမဈာန် အရူပဈာန်တို့တွင်တပါးပါးကိုပါဒကပြု၍၊ ဈာန်မှတပါးသော သင်္ခါရတို့ကို၎င်း,ထိုပါဒကပြုသော ရူပ အရူပတရားတို့ကိုသော်၎င်း, အနိစ္စစသည်ဖြင့် သုံးသပ်သောပုဂ္ဂိုလ်အားဖြစ်သော မဂ်သည် ပါဒကပြုသော ပဉ္စမဈာန်နှင့် တူစွာ ဥပေက္ခာ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော ဒုဝင်္ဂိကမဂ်ဖြစ်၏။ ဤ၌ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဥပေက္ခာသဟဂုတ်သာဖြစ်၏။ ဤကား ပါဒကဈာန်၊ ဝိပဿနာနှစ်ပါးတို့မှတ်သောနည်းတည်း။

ဈာနလာဘီပုဂ္ဂိုလ်သည် ဈာန်ကိုပါဒက မပြုဘဲဖြစ်စေ, ပါဒက ပြု၍ပင်ဖြစ်စေ, ဈာန်တရားတို့ကိုသာ အနိစ္စစသည်ဖြင့်သုံးသပ်သော ပုဂ္ဂိုလ်အားဖြစ်သောမဂ်သည် သုံးသပ်အပ်သော သမ္မသိတဈာန်နှင့်တူ၏။ သမ္မသိတဈာန်သည် ပဌမဈာန် ဖြစ်မူ ပဉ္စင်္ဂိကမဂ် ဖြစ်၏။ ဒုတိယဈာန် ဖြစ်မူ စတုရင်္ဂိကမဂ်, တတိယဈာန်ဖြစ်မူ တိဝင်္ဂိကမဂ်, စတုတ္ထဈာန်ဖြစ်မူသုခ ဧကဂ္ဂတာဟူသော ဈာအင်္ဂါနှစ်ပါးရှိသော ဒုဝင်္ဂိကမဂ်ဖြစ်၏။ ဤ၌ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် သောမနဿသဟဂုတ်သာဖြစ်၏။ သမ္မသိတဈာန်သည် ပဉ္စမဈာန်ဖြစ်အံ့ ဥပေက္ခာ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါနှစ်ပါးရှိသော ဒုဝင်္ဂိကမဂ် ဖြစ်၏။ ဤ၌ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဥပေက္ခာသဟဂုတ်သာဖြစ်၏။ အကယ်၍ ကာမတရားတို့ကို အနိစ္စစသည်ဖြင့်သုံးသပ်၍ရအပ်သောမဂ်ဖြစ်အံ့ပဌမဈာန်နှင့်တူသောပဉ္စင်္ဂိကမဂ်သာဖြစ်၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာလည်း သောမနဿသဟဂုတ်သာဖြစ်၏။ အောက်အောက်ဈာန်ကို ပါဒကပြု၍ အထက်အထက်ဈာန်ကို သုံးသပ်သည် ဖြစ်စေ, ပါဒကပြုသောဈာန်ကိုပင်ထပ်၍သုံးသပ်သည်ဖြစ်စေ, သုံးသပ်အပ်သောဈာန်နှင့်တူသော ဈာန်အင်္ဂါရှိသောမဂ်ဖြစ်၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာမှာ၊ ၎င်းမဂ်သည် ပဉ္စမဈာန်နှင့်တူသောမဂ်ဖြစ်မူ ဥပေက္ခာသဟဂုတ်သာဖြစ်၏။ အောက်ဈာန် လေးပါးတွင် တပါးပါးနှင့် တူသော မဂ်ဖြစ်မူ၊ သောမနဿသဟဂုတ်သာဖြစ်၏။ ဤကား သမ္မသိတဈာန်, ဝိပဿနာနှစ်ပါးမှတ်သောနည်းတည်း။

အောက်အောက်ဈာန်ကိုပါဒကပြု၍အထက်အထက်ဈာန်ကိုသုံးသပ်သည်ဖြစ်စေ, အထက်အထက်ဈာန်ကိုပါဒကပြု၍ အောက်အောက်ဈာန်ကိုသုံးသပ်သည်ဖြစ်စေ, ယောဂါဝစရပုဂ္ဂိုလ်၏ အလိုအားလျော်စွာ ပါဒကဈာန်နှင့် တူသောမဂ်ကိုအလိုရှိလျှင် ပါဒကဈာန်နှင့် တူသောမဂ်ဖြစ်၏။ သမ္မသိတဈာန်နှင့်တူသောမဂ်ကိုအလိုရှိမူ သမ္မသိတဈာန်နှင့်တူသောမဂ်ဖြစ်၏။ ပုဗ္ဗာနဂါမိနီဝိပဿနာ မှုကား အောက်ဈာန် လေးပါးနှင့် တူသောမဂ်ဖြစ်မှု သောမနဿသဟဂုတ် ဖြစ်၏။ ပဉ္စမဈာန်နှင့် တူသောမဂ်ဖြစ်မှု ဥပေက္ခာသဟဂုတ်ဖြစ်၏။ ဤကား ပုဂ္ဂလဇ္ဈာသယ,ဝိပဿနာ, နှစ်ပါးမှတ်သောနည်းတည်း။

စိတ်အကျယ်တရာ့နှစ်ဆဲ့တပါးကိုရေတွက်၍ပြခြင်း

စိတ်တို့ကို ဘုံတူအားဖြင့်ရင်း, ဇာတ်တူ အားဖြင့်ရင်း, ပေါင်း၍ ရေတွက်ရာဝယ် စိတ်တို့ကိုတရာ့နှစ်ဆဲ့တပါးဟု ဆိုသောနည်း၌ ရင်းစိတ်အကျယ် တရာ့နှစ်ဆဲ့တပါးကိုဖြစ်ရာ ဘုံတူအားဖြင့် ပေါင်း၍ ရေတွက်သော်။

၁။ ကာမစိတ်ငါးဆဲ့လေးခု။
၂။ ရူပစိတ်တဆဲ့ငါးခု။
၃။ အရူပစိတ်တဆဲ့နှစ်ခု။
၄။ လောကုတ္တရာစိတ်လေးဆယ်ဟူ၍ရင်း။
ဇာတ်တူအားဖြင့်ပေါင်း၍ရေတွက်သော်။

၁။ အကုသိုလ်စိတ်တဆဲ့နှစ်ခု။
၂။ ကုသိုလ်စိတ်သုံးဆဲ့ခုနစ်ခု။
၃။ ဝိပါက်စိတ်ငါးဆဲ့နှစ်ခု။
၄။ ကြိယာစိတ်နှစ်ဆယ်ဟူ၍ရင်းရေတွက်လေ။

[**အကုသိုလ်စိတ်** ကြိယာစိတ်တို့ကားအကျဉ်းနည်းအကျယ်နည်း နှစ်ပါးလုံး၌ပင် အရေအတွက်မထူး။ ကုသိုလ်စိတ် ဝိပါက်စိတ်တို့အရေ၌သာထူးသည်။]

ဤစိတ်အကျယ် တရာ့နှစ်ဆဲ့တပါးတို့တွင် ဈာန်ဟူသော အမည်ကို ရသောစိတ်တို့ကို သမ္ပယုတ်ဈာန်အင်္ဂါ တူသော အားဖြင့် ပဌမဈာန်ကို ပဌမဈာန်ချင်း, ဒုတိယဈာန်ကို ဒုတိယဈာန်ချင်း, စသည်ဖြင့် ပေါင်းရရေတွက်သော် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဟူသောဈာန်အင်္ဂါ ငါးပါးရှိသော ပဌမဈာန်စိတ်သည် ရူပါဝစရ ပဌမဈာန်စိတ်သုံးခု, လောကုတ္တရာပဌမဈာန်စိတ်ရှစ်ခုအားဖြင့်တဆဲ့တပါးရှိ၏။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါလေးပါး ရှိသော ဒုတိယဈာန်စိတ်သည်လည်း ရူပဒုတိယဈာန်စိတ်သုံးခု, လောကုတ္တရာ ဒုတိယဈာန်စိတ် ရှစ်ခု အားဖြင့်တဆဲ့တပါးပင်ရှိ၏။ ပီတိ, သုခ, ဧကဂ္ဂတာ, ဟူသောဈာန်အင်္ဂါ သုံးပါးရှိသော တတိယဈာန်စိတ် သည်လည်း ရူပတတိယဈာန် သုံးခု, လောကုတ္တရာတတိယဈာန်စိတ်ရှစ်ခုအားဖြင့် တဆဲ့တပါးပင်ဖြစ်၏။ သုခ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော စတုတ္ထ ဈာန်စိတ်သည်လည်း ရူပစတုတ္ထဈာန်စိတ်သုံးခု, လောကုတ္တရာ စတုတ္ထဈာန်စိတ် ရှစ်ခု အားဖြင့် တဆဲ့တခုပင်ဖြစ်၏။ ဥပေက္ခာ, ဧကဂ္ဂတာ, ဟူသောဈာန်အင်္ဂါ နှစ်ပါးရှိသော ပဉ္စမဈာန်စိတ်သည် ရူပပဉ္စမစိတ်သုံးခု, အရူပစိတ် တဆဲ့နှစ်ခု, လောကုတ္တရာပဉ္စမဈာန်စိတ်ရှစ်ခုအားဖြင့် နှစ်ဆဲ့သုံးပါးရှိ၏ဟုရေတွက်လေ။

ဥပမာကား။ လက်နက်စွဲကိုင်သော သူရဲကောင်းတို့ကို စွဲကိုင်သော လက်နက်တူသောအားဖြင့် လက်နက်ငါးပါး စွဲကိုင်သော သူရဲကောင်းကို လက်နက်ငါးပါးစွဲကိုင်သောသူရဲကောင်းချင်း, လေးပါးစွဲကိုင်သော သူရဲကို လေးပါးစွဲကိုင်သောသူရဲချင်း, သုံးပါးစွဲကိုင်သောသူရဲကိုသုံးပါး စွဲကိုင်သောသူရဲချင်း, စသည်ဖြင့်ပေါင်း၍ရေတွက်သကဲ့သို့တည်း။

ဤဥပမာ၌ နီဝရဏစသော အကုသိုလ်တို့သည် ရန်သူနှင့်တူ၏။ ထို နီဝရဏစသော အကုသိုလ်တို့ကို ပယ်ဖျက်ကြောင်း ဖြစ်သော ဝိတက် အစရှိသော ဈာန်အင်္ဂါတို့သည် လက်နက်နှင့်တူ၏။ ထိုဈာန်အင်္ဂါတို့နှင့် ယှဉ်သော ဈာန်စိတ်တို့သည် လက်နက်စွဲကိုင်သော သူရဲကောင်းတို့နှင့် တူ၏။ ဝိတက်စသော ဈာန်အင်္ဂါ ငါးပါးရှိသော ပဌမဈာန်စိတ် တဆဲ့တခုသည် လက်နက်ငါးပါး စွဲကိုင်သော သူရဲနှင့်တူ၏။ ဝိစာရစသော ဈာန်

အင်္ဂါ လေးပါးရှိသော ဒုတိယဈာန်စိတ်သည် လက်နက်လေးပါး စွဲကိုင်သော သူရဲနှင့်တူ၏။ ဝိတိစသော ဈာန်အင်္ဂါ သုံးပါးရှိသော တတိယဈာန်စိတ်သည် လက်နက်သုံးပါး စွဲကိုင်သော သူရဲနှင့်တူ၏။ သုခ,ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော စတုတ္ထဈာန် စိတ်သည် ထား,လှံ,ဟူသော လက်နက်နှစ်ပါး စွဲကိုင်သော သူရဲနှင့်တူ၏။ ဥပေက္ခာ,ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော ပဉ္စမဈာန် စိတ်သည် ထား,လေး,ဟူသော လက်နက်နှစ်ပါး စွဲကိုင်သော သူရဲကောင်းနှင့်တူ၏ဟု ဟပ်လေ။

တနည်းဥပမာကား။ သူပုန် ရန်သူတို့ကို တိုက်ဖျက် အောင်မြင် နိုင်သော အစွမ်း သတ္တိ ရှိသော ဆည်းကပ် ခစား ထမ်းရွက်သော သူရဲကောင်း အမတ်ရှိသော မင်းတို့ကို ဆည်းကပ် ထမ်းရွက်သော အမတ်ရှိကြခြင်း တူသော အားဖြင့် သူရဲကောင်း အမတ် ငါးယောက် ရှိသော မင်းကိုငါးယောက်ရှိသောမင်းချင်း, အမတ်လေးယောက်ရှိသောမင်းကို လေးယောက်ရှိသောမင်းချင်း,စသည်ဖြင့်ပေါင်းသကဲ့သို့တည်း။

ဤ၌ နီဝရဏစသော အကုသိုလ် တရားတို့သည် တိုင်းပြည်မြို့ရွာကို တိုက်ဖျက်လုယူတတ်သော သူပုန်ရန်သူတို့နှင့်တူ၏။ထိုနီဝရဏစသည်ကို ဖျက်ပယ် တတ်သော ဝိတက်စသော ဈာန်အင်္ဂါတို့သည် သူပုန်ရန် ပေါ်ထွက်သမျှကိုတိုက်ဖျက်နှိပ်နင်းနိုင်သောသတ္တိရှိသောသူရဲအမတ်တို့နှင့်တူ၏။အမှုထမ်း အမတ်သူရဲကောင်းရှိသောမင်းသည် ဝိတက်စသော ဈာန်အင်္ဂါရှိသော ဈာန်စိတ်နှင့်တူ၏။ ဝိတက်စသော ဈာန်အင်္ဂါ ငါးပါးရှိသော ပဌမဈာန် စိတ်သည် သူရဲကောင်းအမတ် ငါးယောက် ရှိသော မင်းနှင့်တူ၏။ ဝိစာရစသော ဈာန်အင်္ဂါ လေးပါးရှိသော ဈာန်စိတ်သည် အမတ် လေးယောက်ရှိသော မင်းနှင့်တူ၏။ ဤသို့ စသည်ဖြင့် ဟပ်၍ သိလေ။

[**ဤပြဆိုခဲ့ပြီးသည်ကား။** သင်္ဂြိုဟ်ကျမ်းဝယ် စိတ်တို့ကို ၈၀ ဘန့်ပြဆိုရာ ပဌမပရိစ္ဆေဒ၌ ပြဆိုအပ်သောစိတ်တို့၏သရုပ် ရှေ့နောက်ဆိုစဉ် သင့်ယုတ်တို့ဖြင့် မှတ်ကြောင်း စသည်တို့ကို ဝိဘင် ပြဆိုသော စကားတည်း။]

စိတ်၏ဝေဝုစ်ပရိယာယ်အပြားတို့ကိုပြခြင်း

ဤပြဆိုပြီးသော စိတ်တို့သည် ပြဆိုအပ်ပြီးသော ဝိဘင်္ဂနသဘောစသည် ဖြင့် စိတ္တ-ဟူသော အမည်သာမညအားဖြင့် တပါးတည်း သာတည်း။ ဤစိတ်ကို ထိုထိုပါဠိအဋ္ဌကထာဋီကာ စသည်တို့၌။

စေတသာ စေတော ပရိစ္စ ဇာနာတိ။ ။
ဖုဋ္ဌံ ဓမ္မဋ္ဌ သံဃဥ္စ။ဝိပ္ပသန္နေနစေတသာ။
ဝဋ္ဋိတ္တွာ ဝန္ဒနာမာန။ပုဇာသက္ကာရဘာဇနံ။ ။
စသည်ဖြင့် **စေတ** ဟူသော အမည်ဖြင့် ပြဆိုသည်။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ဘာသတိဝါ ကရောတိဝါ။
တတော နံ သုခမန္ဝေတိ၊ဆာယာဝ အနုပါယိနီ။ ။
စသည်ဖြင့် **မန** ဟူသော အမည်ဖြင့်လည်း ပြဆိုသည်။

ဝိညာဏံ ဝိညာဏက္ခန္ဓောတိ၊အာမဋ္ဌာ။ ။
အာယု ဥသ္မာစ ဝိညာဏံ၊ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါတဒါသေတိ၊နိရတ္ထံဝကလိင်္ဂရံ။ ။
စသည်ဖြင့် **ဝိညာဏ** ဟူသော အမည်ဖြင့်လည်း ပြဆိုသည်။

စိတ္တံ မနော မာနသံ။ ။ဝေဝိသဗ္ဗဘူတေသုမာနသံဘာဝယေ။
စသည်ဖြင့် **မာနသ** ဟူသော အမည်ဖြင့်လည်း ပြဆိုသည်။

ယဿန္တရတော နသန္တိ ကောပါ။ ။
အနတ္တဇနနော ကောဓော၊ကောဓော စိတ္တပကောပနော။
ဘယမန္တရတော ဇာတံ၊တံဇနော နာဝဗုဇ္ဈတိ။ ။
စသည်ဖြင့် **အန္တရ** ဟူသော အမည်ဖြင့်လည်း ပြဆိုသည်။

အဘိဓာနိ၌ ဝိတ်ဟောပရိယာယ်ကို။စိတ္တံစေတောမနောနိဋ္ဌိ၊ဝိညာ ဏံ ဟဒယံတထာ-ဟု စိတ္တသဒ္ဒါ၊ စေတသဒ္ဒါ၊ မနသဒ္ဒါ၊ ဝိညာဏသဒ္ဒါ၊ ဟဒယသဒ္ဒါဖြင့်လည်း ပြဆိုသည်။

သင်္ဂြိုဟ်ကျမ်းဋီကာ၌လည်း။ စေတောယုတ္တာနိပုညာသ၊ မေ့ာစေတသိကာ မတာ-ဟု **စေတော** အမည်။ မနောသင်္ခါရံ, မနောဓာတု, စသည်ဖြင့် **မန** အမည်။ စက္ခုဝိညာဏံ, ဆဝိညာဏကာယာ, စသည်ဖြင့် **ဝိညာဏ** အမည်။ အာလမ္ဗဏာပုဗ္ဗင်္ဂမာဓမ္မာ, မနောသေဋ္ဌာ မနောမယာ, စသည်ဖြင့် **မာနသ** အမည်ဖြင့်လည်း ပြဆိုသည်။

ဟဒယအမည် အဇ္ဈတ္တိကအမည်ဖြင့် ဆိုသောအရာကား သင်္ဂြိုဟ်ကျမ်း၌ မလာမရှိ။ ဤသဒ္ဒါတို့တွင် မနသဒ္ဒါသည် ပုလ္လိင် နပုလ္လိင် နှစ်ပါး၌ ဖြစ်၏။ စိတ္တံ, မနော, မာနသံ၌ ပုလ္လိင်။ သင်္ခတဿမနံ ဟောတိ၌ နပုလ္လိင်။ စေတ သဒ္ဒါကား ပုလ္လိင်သာ ကြွင်းသောသဒ္ဒါတို့ကား နပုလ္လိင်ချည်းတည်း။ ထို့ကြောင့် ဤစိတ်တို့သည် စေတ**အမ**ည် မန, ဝိညာဏ, ဟဒယ, မာနသ, အဇ္ဈတ္တိက, အမည်တို့ဖြင့်လည်း သာမညတပါးတည်းသာဟု မှတ်လေ။

စိတ်၏ဒုကတိကစသောအမည်တို့ကိုပြခြင်း

ဤ၌ ဝေဘန် ပြဆိုအပ် လတ္တံ့သော အစဉ်၌ရင်း, အမည် သညာ စသည်ဖြင့် မထင်ရှားသော အနက်စသည်တို့၌ရင်း, ကွယ်ဝှက်မရှိ ထင်လင်း သိသာအောင် ဒုက, တိက, စတုက, စသော ဥဒ္ဒေသအစဉ်ကို ရှေးဦးစွာ ပြထားဦးအံ့။ လူဇာတ် လူအဖြစ် သာမည တပါး တည်းကို အိမ်၏ အစီး အပွါး ဖြစ်သော ကူးသန်း ရောင်းဝယ် လယ်ယာ လုပ်ဆောင်ခြင်း စသောအမှု၌ ယှဉ်စပ် အားထုတ် ပြုလုပ် ရှက်ဆောင်သော သူတို့၌ အကျုံးဝင်သော အာဂါရိက, ၎င်းအမှုတို့၌မယှဉ် အာဂါရိကအမှုမှ ထွက်မြောက် ကင်းလွတ်သော ယင်းသည်အာဂါရိက လူတို့ထက် လွန်မြတ်သော ရဟန်း သာမဏေ ရသေ့ ပရိဗိုဇ် စသော အနာဂါရိကဟု နှစ်ပါး ခွဲခြမ်း ဝေဘန်သကဲ့သို့ စိတ်အဖြစ် သာမည တပါးတည်းကို ပျက်တတ် အပန်ပန် ပျက်တတ်သောကြောင့် လောကမည်သော တရားဖြင့် မှတ်၍ ဝေဘန်သော် ထိုလောက၌ အကျုံးဝင်သော အားဖြင့် ယှဉ်သော လောကီစိတ်၊ ထိုလောက၌ အကျုံးမဝင် ထိုလောကမှ ထွက်လွတ် ထိုလောကထက် လွန်မြတ်သော လောကုတ္တရာစိတ်ဟု နှစ်ပါးပြား၏။

သဥတ္တရစိတ်,အနုတ္တရစိတ်,ဟူ၍လည်း နှစ်ပါးပြား၏။ထိုတွင်ကာမစိတ်ထက် ရူပစိတ်စသည် ရူပစိတ်ထက် အရူပစိတ်စသည် အရူပစိတ်ထက်လည်း လောကုတ္တရာစိတ်မြတ်သည်ဖြစ်၍ထိုကာမ,ရူပ,အရူပ,စိတ်တို့သည် မိမိတို့ထက် မြတ်သော တရား ရှိသောကြောင့် သဥတ္တရစိတ်မည်၏။ လောကုတ္တရာစိတ်မှာ မိမိထက် မြတ်သောစိတ် မရှိပြီဖြစ်သောကြောင့် အနုတ္တရစိတ် မည်၏။

တင့်တယ်သော ဂုဏ်ရှိဂုဏ်မဲ့ကို အပြား.အားဖြင့် ဂုဏ်ကိုခွဲ၍ ခွဲဝေသော်လည်း သောဘဏစိတ် အသောဘဏစိတ်ဟူ၍ နှစ်ပါးပင်ပြား၏။ ထိုတွင် မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာ, ရူပ, အရူပ, လောကုတ္တရာ စိတ်တို့သည် သောဘဏ စိတ်မည်၏။ အကုသိုလ်စိတ်, အဟိတ်စိတ်တို့သည် အသောဘဏစိတ်မည်၏။ထိုစိတ်တို့၏ သောဘဏမည်ကြောင်း အသောဘဏ မည်ကြောင်းကို အောက်၌ ပြဆိုခဲ့ပြီ။ ဤကျမ်းဝယ် အထက်၌ ပြဆိုလတ္တံ့သောအရာ။

သင်္ဂြိုဟ်ကျမ်းဝယ်။အဇ္ဈတ္တနုတ္တရေတထာ။အနုတ္တရေဗျာနဓမ္မာ။သောဘဏေသွေဝသောဘဏာ-စသည်တို့၌ အနုတ္တရစိတ်,သောဘဏစိတ်, တို့ဟူသည် ဤသည်တို့ပင်တည်းဟု သိလွယ်စေခြင်းငှါ ဤဒုကဥဒ္ဒေသတို့ကိုပြဆိုသည်။ယှဉ်ဘက်သမ္ပယုတ် ဟိတ်ရှိသော သဟေတုကစိတ်, ယှဉ်ဘက်သမ္ပယုတ်မရှိသော အဟေတုကစိတ်, ဟူ၍ငှင်း။ အာသဝေါတရားတို့၏ အာရုံဖြစ်သော သာသဝစိတ်။အာသဝေါတရားတို့၏ အာရုံမဟုတ်သော အနာသဝစိတ် ဟူ၍ငှင်း, နှစ်ပါးပြား၏။ ဤသို့ စသည်ဖြင့်လည်း ဆိုလေ။

လူအဖြစ် သာမန် တပါးတည်းကို ခုံးဇက် တိုက်ခိုက် ရိုက်သတ်မှုစသည်ကိုပြုကျင့်၍ ရာဇဝတ်မင်းဒဏ် အပြစ်သင့်သော သူတို့ကို အပြစ်အလျောက် စီရင်နိုင်သော ရာဇဝတ်ပိုင်မင်း, ငှင်းမင်းဒဏ် အပြစ်သင့်သော ခိုးသူစသော အပရာဓိကလူ, ရာဇဝတ်ပိုင်မင်းလည်းမဟုတ် ရာဇဝတ်သင့်သောသူလည်းမဟုတ် ထိုနှစ်ဦးမှတပါး အလွတ်လူအားဖြင့် သုံးရပ်ခွဲဝေသကဲ့သို့ ငှင်း, ရာဇဝတ်ပိုင်မင်းကို ရာဇဝတ်ပိုင် မင်းချင်း, အပြစ်သင့်သော အပရာဓိကလူကို အပရာဓိကလူချင်း, ငှင်းနှစ်ပါးမှ အလွတ်လူ

ကို အလွတ်လူချင်း ပေါင်းရရေတွက် သကဲ့သို့ငှင်း, စိတ်သာမန် တပါး တည်းကို ဓာတ်အပြား ဂုဏ်သတ္တိ ရှိမှုအပြားအားဖြင့် ခွဲဝေသော် အကု သိုလ်စိတ်, ကုသိုလ်စိတ်, အဗျာကတစိတ်, ဟူ၍ငှင်း၊ ပဟာယကစိတ်, ပဟာတဗ္ဗစိတ်,နေဝပဟာယကနပဟာတဗ္ဗစိတ်,ဟူ၍ငှင်းသုံးပါးပြား၏။ ထိုစိတ်တို့ကိုပင် ဓာတ်တူဂုဏ်သတ္တိ ရှိမှုတူအားဖြင့် ပေါင်းရ ရေတွက် သော် အကုသိုလ်စိတ် တဆဲ့နှစ်ခု၊ကုသိုလ်စိတ် နှစ်ဆဲ့တခု၊ တနည်း။ သုံး ဆဲ့ခုနစ်ခုရှိ၏။အဗျာကတာ၌ အ,သည်။

ပဋိသေဓေ ဝုမ္မိတဗ္ဗာဝေ၊ အညတ္တေ သဒိသေပိစ။
ဝိရုဒ္ဓေ ဂရဟော သုညေ။ **အ** ကာရော ဝိရဟာပ္ပကေ။ ။

အဘိဓာန်လာသောအနက်ဆယ်ပါး။

ဝုမ္မိတဗ္ဗာဝ သဒိသ၊ နိသေဓညပ္ပကေ ရဓော။
နိန္ဒာ ဝိရုဒ္ဓ ဝိရဟ၊ သုညေ **အ** ပဒပူရဏော။ ။

ကောဏ္ဍရကောသ၌လာသောအနက်တဆဲ့နှစ်ပါးတို့တွင်အညအနက် ဟောဖြစ်၍။ န-ဗျာကတာ အဗျာကတာ။ ဗျာကတာ၊ ဟောအပ်သည်။ န၊မဟုတ်။ အဗျာကတာ၊ ဟောအပ်သည်မဟုတ်။ မဟောအပ်ဟူသော် လည်း အလျှင်းပင်မဟောအပ်သည်မဟုတ်, ကုသိုလ်အကုသိုလ်အဖြစ်, ကုသိုလ် အကုသိုလ် အမည်ဖြင့်သာ မဟောအပ်သည်။ ကုသိုလ် အကု သိုလ်မှတပါးသောအဖြစ်ဖြင့် ဟောအပ်၏ဟူသင့်ရကား ကုသိုလ်,အကု သိုလ်တို့မှ တပါးသော ဝိပါက်, ကြိယာ, ဝဏ္ဏပ္ပဒါ, ရုပ်, နိဗ္ဗာန်, သည် အဗျာကတမည်၏။ဤ၌ကားစိတ်တို့ကိုပြဆိုသောအရာဖြစ်၍ဝိပါက်စိတ် ကြိယာစိတ်တို့ကိုသာယူ။ ထိုအဗျာကတ စိတ်ကား ငါးဆဲ့ခြောက်ပါး။ တနည်း ခုနစ်ဆဲ့နှစ်ပါးရှိ၏။ ကုသိုလ်စိတ် နှစ်ဆဲ့တခု၊ ဖိုလ်စိတ် လေးခု အားဖြင့် စိတ်နှစ်ဆဲ့ငါးခု တို့သည်၊ တနည်း ကုသိုလ်စိတ် သုံးဆဲ့ခုနစ်ခု, ဖိုလ်စိတ် နှစ်ဆယ် အားဖြင့် စိတ်ငါးဆဲ့ခုနစ်ခု တို့သည် တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်, ပဋိပဿဒ္ဓိပဟာန်, တို့ဖြင့် ထိုက် သည်အားလျော်စွာ အကုသိုလ်ကို ပယ်တတ်သောကြောင့် ပဟာယက စိတ်တို့မည်၏။အကုသိုလ်စိတ်တို့သည် ထိုတဒင်္ဂစသည်တို့ဖြင့် ကုသိုလ်

တို့သည် ပယ်အပ်သောကြောင့် ပဟာတဗ္ဗစိတ်တို့မည်၏။ ဒိုလ်မှ တပါးသော ဝိပါက်ကြိယာ စိတ်တို့သည် ပယ်လည်း မပယ်တတ်။ ပယ်အပ်သည်လည်း မဟုတ်သောကြောင့် နေဝပဟာယကနပဟာတဗ္ဗ စိတ်တို့မည်၏။ ဒိုလ်စိတ်တို့သည် မဂ်ဉာဏ်ကပင် မိမိတို့ပယ်သင့် ပယ်ထိုက်သော အကုသိုလ်တို့ကို ကြွင်းမဲ့ကုန်စင် အောင်မြင်ပယ်ဖျက်ပြီးဖြစ်ရကား။ မိမိတို့ပယ်စရာ အကုသိုလ်ဟူ၍ သရုပ်သီးခြားမရှိ။ အကျိုးကို ဖြစ်စေခြင်း ဝိပါကဓမ္မ သဝိပါကသဘော အနာဂ္ဂသုခဝိပါက လက္ခဏာမှ ကင်းသောကြောင့် ပဥ္စမတိက်၌ ကုသိုလ်စိတ်သို့ မဝင်မပါ။ အဗျာကတသာ ဖြစ်သည်။ ဒုတိယတိက်၌ကား မဂ်ပယ်ပြီး ကိလေသာကိုပင် အငွေ့ အသက် အငုံ့အကင်းမျှ မကြွင်းမကျန်စေရ ထပ်မံ၍ငြိမ်းခြင်း ပဋိပဿဒ္ဓိပဟာန်ဖြင့် သတ္တိကင်းကုန်အောင် အကုသိုလ်တို့ကို ပယ်သည်ကိုစွဲ၍ ပဟာယကစိတ်သို့ပါဝင်လေသည်။

ဤ၌ အကုသိုလ် ပဟာတဗ္ဗစိတ်တို့သည် ခိုးသူစသော မင်းပြစ်ရာဇဒဏ်ထိုက်သောအပရာဓိကလူတို့နှင့်တူ၏။ ကုသိုလ်ပဟာယကစိတ်တို့သည် ထိုအပရာဓိက ပုဂ္ဂိုလ်တို့ကို အပြစ်အလျောက် ဆုံးမ စီရင်သော ရာဇဝတ်ပိုင်မင်းတို့နှင့်တူ၏။ အဗျာကတ နေဝပဟာယက နပဟာတဗ္ဗစိတ်တို့သည် အပရာဓိကလည်းမဟုတ် ရာဇဝတ်ပိုင်မင်းလည်း မဟုတ်သောလူတို့နှင့်တူ၏ဟုဟာပ်လေ။

လူအဖြစ် သာမည တပါးတည်းကို ဂုဏ်အနိမ့်, အလတ်, အမြတ်, အားဖြင့် ဂုဏ်ကိုစွဲ၍ခွဲဝေသကဲ့သို့ စိတ်အဖြစ်သာမည တပါးကို ဂုဏ်ရှိမဲ့ကိုစွဲ၍ခွဲဝေသော် ဟီနစိတ်, မဇ္ဈိမစိတ်, ပဏီတစိတ်, ဟူသော သုံးပါးပြား၏။ ထိုတွင် အကုသိုလ် စိတ်သည် စွန့်ပစ် ပယ်ထားအပ် ယုတ်ညံ့သောကြောင့် ဟီနမည်၏။ လောကုတ္တရာ စိတ်သည် နှစ်သက် မြတ်နိုး၍ မရောင့်ရဲနိုင်အောင်မြတ်သည်၏အဖြစ်သို့ ရောက်သောကြောင့် ပဏီတမည်၏။ အဟိတ်စိတ်, ကာမသောဘဏစိတ်, ရူပစိတ်, အရူပစိတ်တို့သည် ယုတ်လည်းမယုတ် မြတ်လည်းအလွန်မမြတ်၊ အလယ် အလတ် ဖြစ်သောကြောင့် မဇ္ဈိမမည်၏။ လူအဖြစ်သာမည တပါးတည်းကို ဥစ္စာစည်းစိမ် ဂုဏ်သိန်အင်အားမတူ ထူးခြားသည်ကိုစွဲ၍ သုံးပါး ခွဲသကဲ့သို့

စိတ်သာမည ဘုံပါးဘည်းကို ဂုဏ်နည်း များကို စွဲ၍ခွဲဝေသော် ပရိတ္တစိတ်, မဟဂ္ဂတစိတ်, အပ္ပမာဏစိတ်, ဟူ၍သုံးပါးပင်ပြား၏။

ထိုတွင်ကာမာဝစရစိတ်သည် နည်းသောအာနုဘော်ရှိရကား ထက်ဝန်းကျင်မှ ပိုင်းခြားနိုင်၍ ပရိတ္တမည်သော အနည်းငယ်သော ဝတ္ထုနှင့်တူသောကြောင့် ပရိတ္တမည်၏။ ရူပစိတ် အရူပစိတ်တို့သည် ကိလေသာတို့ကိုကာလရှည်ကြာ ပယ်ခွါရပ်နားစေခြင်းငှါစွမ်းနိုင်သည်အဖြစ်, ပြန့်ပြောကြီးမားများမြတ်သော အကျိုးရှိသည်၏အဖြစ်, သမာပတ်ကို ဝင်စားသည်၏ အစွမ်းဖြင့် ကာမဘုံ၌ဖြစ်ခိုက် ခုနစ်ရက် တိုင်အောင်၎င်း, ဗြဟ္မာ့ဘုံ၌ ထိုထက်လွန်အောင်၎င်း, တပါးသော ဇောစိတ်မဝင် မချပ်မပြတ်သောဇောအစဉ်၏အစွမ်းဖြင့် ရှည်လျားသော့စိတ်အစဉ်ရှိသည်၏ အဖြစ်တို့ကြောင့် မြတ်သောအဖြစ်သို့ရောက်သည်၏ အဖြစ်ကြောင့်၎င်း, ကြီးကျယ်ပြန့်ပြောသော ဆန္ဒ, စိတ္တ, ဝီရိယ, ပညာ, ရှိသော မြတ်သော ပုဂ္ဂိုလ်တို့သာ ရအပ်ရောက်အပ်သည်၏ အဖြစ်ကြောင့်၎င်း မဟဂ္ဂုတ်မည်၏။

လောကုတ္တရာစိတ်သည် နှိုင်းယှဉ်ခြင်းကိုပြုတတ်သောကြောင့် ပမာဏမည်သော ရာဂစသော အကုသိုလ်တို့သည် အာရုံမပြုနိုင် မယှဉ်နိုင်သည်ဖြစ်၍ ထိုပမာဏမည်သော ရာဂစသည်တို့ မရှိသည်၏အဖြစ်, ထိုပမာဏဖြစ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည်၏အဖြစ်တို့ကြောင့် အပ္ပမာဏမည်၏။ ဤတိုက်တို့ကို။

> အနုတ္တရေ ဈာနဓမ္မာ၊ အပ္ပမညာစ မဇ္ဈိမေ။
> ဝိရတီ ဉာဏပီတီစ၊ ပရိတ္တေသု ဝိသေသကာ။ ။

စသည်၌ အနုတ္တရစိတ်, မဇ္ဈိမစိတ်, ပရိတ္တစိတ်, တို့ဟူသည် ဤသည်တို့ပင်တည်းဟု သိလွယ်စိမ့်သောငှါပြဆိုသည်။

ဈေစိတ်ဖြင့်မှတ်၍နောက်စိတ်တို့၏သရုပ်ကိုပြခြင်း

ပြဆိုအပ်ပြီးသောစိတ်တို့၏သရုပ်အထူးအပြားကို စိတ်,စေတသိက်, ဝေဒနာ, ဟိတ်, စသည်တို့ဖြင့် မှတ်၍ ပေဘာနဲ့ ပြဆိုလိုက်ဦးအံ့။ မှတ်

ကြောင်း အထူးပြုကြောင်း ဖြစ်သော ဗိတ်စေတသိက် စသည် တို့တွင် ဗိတ်ဖြင့် အထူးပြုအပ် မှတ်အပ်သော ဗိတ်တို့၏သင်္ဂဟအပြားကို ရှေးဦးစွာပြဆိုအံ့။ ထိုဗိတ်ဖြင့်မှတ်အပ်သောနည်းသည်လည်း ရှေ့အနန္တရဗိတ်ဖြင့်မှတ်၍ နောက်ဗိတ်တို့၏ အပြားကိုပြဆိုသောနည်း။ နောက်အနန္တရဗိတ်ဖြင့်မှတ်၍ ရှေ့ဗိတ်တို့၏အပြားကိုပြဆိုသောနည်း။ ရှေ့အနန္တရဗိတ် နောက် အနန္တရဗိတ်နှစ်ပါးတို့ဖြင့်မှတ်၍ အလယ်အကြားဖြစ်သော ဗိတ်တို့၏အပြားကို ပြဆိုသောနည်းအားဖြင့် သုံးပါးတို့တွင် ရှေ့အနန္တရဗိတ်ဖြင့်မှတ်၍ နောက်ဗိတ်တို့၏ သင်္ဂဟအပြားကို ပြဆိုသောနည်းကို ရှေးဦးစွာပြဆိုအံ့။

အကုသိုလ်၌နောက်အနန္တရစိတ်ကိုပြခြင်း

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကဖြစ်သော ပဌမလောဘမူစိတ်နောက် အခြားမဲ့၌ ဖြစ်ကောင်းသောဗိတ် နှစ်ဆဲ့တခုမှာ သန္တီရဏစိတ်သုံးခု, မဟာဝိပါက်စိတ်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ဗိတ် ကိုးခုအားဖြင့် ဤဗိတ်နှစ်ဆယ်နှင့် ပဌမလောဘမူစိတ်တခု။ ပဌမလောဘမူ ပဌမဇော စသည်နောက်၌ ဒုတိယဇော စသည်ဖြစ်သည်။ သတ္တမဇောနောင်တဒါရုံကျသည်ဖြစ်အံ့၊ သန္တီရဏစိတ်သုံးခု, မဟာဝိပါက်ရှစ်ခု, ဟူသော တဒါရုံဗိတ်တဆဲ့တခုတို့တွင် တခုခုဖြစ်သည်။ တဒါရုံမကျမူကား ကာမဘဝင်တဆယ်, မဟဂ္ဂုတ်ဘဝင်ကိုးခုအားဖြင့် ဘဝင်ဗိတ်တဆဲ့ကိုးခုတို့တွင် တခုခုဖြစ်သည်။ မရဏာသန္န အခါ၎င်း ပဥ္စမဇောနောင် တဒါရုံကျအံ့ တဒါရုံဗိတ် တဆဲ့တခုတွင် တခုခုပင်၊ ဘဝင်သော်၎င်း,စုတိသော်၎င်း,ဖြစ်မူကား ကာမဘဝင် ကာမစုတိဗိတ်တဆယ်တွင် တခုခုဖြစ်သည်။ စုတိ၏အခြားမဲ့၌ အပါယ်ဘုံသို့ရောက်လတ္တံ့ပုဂ္ဂိုလ်တို့အားသာ၊ မရဏာသန္နအခါ လောဘဇောဖြစ်သည်။ ဖြဟ္မာ့ဘုံမှ ရွေ့သော ပုဂ္ဂိုလ်တို့လည်း အခြားမဲ့ဘဝဝယ် အပါယ်ဘုံ၌ မဖြစ်ကောင်းသောကြောင့် မရဏာသန္နအခါလောဘမူ ပဥ္စမဇောနောက် အခြားမဲ့၌ မဟဂ္ဂုတ်ဘဝင် မဟဂ္ဂုတ်စုတိတို့မဖြစ်ကောင်း။ ထို့ကြောင့်လောဘမူ

မရဏာသန္နပဉ္စမဇောဇ၏ အခြားမဲ့၌ ဖြစ်ခိုက်သော ဘဝင်ဝုတိ အရကို ကာမဘဝင် ကာမဝုတိစိတ်တို့ကိုသာကောက်သည်။

ဒုတိယလောဘမူစိတ်နောက် အနန္တရ၌ဖြစ်ကောင်းသောစိတ်နှစ်ဆဲ့ တခုမှာယခင်စိတ်နှစ်ဆယ်နှင့် ဒုတိယလောဘမူစိတ်တခု။တတိယလော ဘမူစိတ်စတုတ္ထလောဘမူစိတ် စသည်တို့ဖြင့် မှတ်ရာ၌လည်း အခြားမဲ့ နောက် စိတ်အရကို နှစ်ဆဲ့တခုစီပင်ကောက်လေ။ဧင်းနှစ်ဆဲ့တခုအနက် နှစ်ဆယ်မှာ ယခင်စိတ် နှစ်ဆယ်ပင်။ လောဘမူ စိတ်တခု ဟူသည်မှာ တခုတည်းသောကာမဇောဝါရဝိထိ၌ ဇောစိတ်တို့၏ အာရုံ,သမ္ပယုတ်, သင်္ခါရတို့ဖြင့် မပြားကောင်းရကား ရှေ့မှတ်ကြောင်း လောဘမူစိတ်နှင့် သောမနဿနှင့်ယှဉ်လျှင်ယှဉ်ချင်း, ဥပေက္ခာနှင့်ယှဉ်လျှင်ယှဉ်ချင်း, ဒိဋ္ဌိ နှင့်ယှဉ်လျှင်ယှဉ်ချင်း, ဒိဋ္ဌိနှင့်မယှဉ်လျှင်မယှဉ်ချင်း, အသင်္ခါရိကလျှင် အ သင်္ခါရိကချင်း,သသင်္ခါရိကလျှင် သသင်္ခါရိကချင်း,တူမြဲဖြစ်သောကြောင့် ဒုတိယလောဘမူဖြင့် မှတ်ရာ ဒုတိယလောဘမူကိုသာ၊ တတိယဖြင့်မှတ် ရာ တတိယကိုသာ၊ စတုတ္ထလောဘမူစိတ် စသည်ဖြင့် မှတ်ရာ၌လည်း အစဉ်အတိုင်း စတုတ္ထလောဘမူစိတ်စသည် တခုတည်းကိုသာယူလေ။ ဧင်းစိတ်တို့၏ ဖြစ်ရာကာလ,ဌာန,အထူးမှာ ပဌမလောဘမူစိတ်ဖြင့် မှတ် ရာ၌ ပြဆိုခဲ့သည်အတိုင်း မှတ်လေ။

လောဘမူစိတ်နောက် အနန္တရဖြစ်ကောင်းသောစိတ်နှစ်ဆဲ့ရှစ်ခုမှာ၊ ယခင်စိတ်နှစ်ဆယ်နှင့် လောဘမူစိတ်ရှစ်ခု။ ပဌမလောဘမူနောက်ပဌမ၊ ဒုတိယလောဘမူနောက် ဒုတိယစသည် ဖြစ်ကောင်းသောကြောင့် ရှစ်ခု လုံးကုန်ရကား အလုံးရုံကိုပေါင်း၍ မှတ်ကြောင်းဖြစ်သော ရှေ့စိတ်,မှတ် အပ်သော နောက်စိတ်အရနှစ်ပါး၌ပင် သာမညအားဖြင့် ရှစ်ခုစီယူ၍ နှစ် ဆဲ့ရှစ်ခုဟု ကောက်လိုက်သည်။

ပဌမဒေါသမူစိတ်နောက် အနန္တရဖြစ်ကောင်းသောစိတ် ခုနစ်ခုမှာ၊ ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်နှစ်ခု, ဥပေက္ခာ သဟဂုတ် မဟာ ဝိပါက်စိတ်လေးခု, အားဖြင့် ၆စိတ်ခြောက်ခုနှင့် ပဌမဒေါသမူစိတ်တခု, ပဌမဇောစသည်နောက် ဒုတိယဇောစသည် ဖြစ်သောကြောင့် ဒေါသမူ

စိတ်ပါ ကောက်သည်။ ဒေါသဇောနောက် အခြားမဲ့၌ သောမနဿ တဒါရုံ သောမနဿဘဝင်တို့ မဖြစ်ကောင်း။ဗြဟ္မာတို့အားလည်း ဒေါသမူစိတ်မဖြစ်ကောင်း။မရဏာသန္နအခါဒေါသဇောကျ၍စုတေသောပုဂ္ဂိုလ်တို့လည်း သုဂတိဘုံ၌ မဖြစ်ကောင်းရကား ပကတိအခါ ဒေါသမူသတ္တမဇောနောင်ဖြစ်စေ, မရဏာသန္နအခါ ပဉ္စမဇောနောင်ဖြစ်စေ, တဒါရုံဖြစ်သော် ဥပေက္ခာတဒါရုံခြောက်ခုတွင် တခုခုသာဖြစ်နိုင်သည်။ဘဝင်ကျသော်လည်း ဥပေက္ခာသဟဂုတ် ကာမဘဝင်ခြောက်ခုသာ။ စုတိကျသော်လည်း ၎င်းစုတိ ခြောက်ခုသာ ဖြစ်နိုင်သည်။ ထို့ကြောင့် သန္တီရဏ မဟာဝိပါက် အရကို ဥပေက္ခာ သဟဂုတ်ကိုသာ ကောက်သည်။ ဒုတိယဒေါသမူစိတ် နောက်အနန္တရ ဖြစ်ကောင်းသောစိတ် ခုနစ်ခုအရကိုလည်း ဤ၌ ဆိုပြီးကို မှီး၍သိလေ။ ဒေါသမူစိတ် တခုအရကို ဒုတိယဒေါသမူစိတ်ကိုသာယူ။ ဒေါသမူစိတ်နောက်အနန္တရ ဖြစ်ကောင်းသောစိတ်အရမှာ။ ရှေ့စိတ်နောက်စိတ် နှစ်ပါးလုံး၌ပင် သာမညအားဖြင့် ဒေါသမူစိတ် နှစ်ခုလုံးကိုယူ၍ ရှစ်ခုကောက်လေ။

ဝိစိကိစ္ဆာသဟဂုတ်စိတ်နောက် အနန္တရဖြစ်ကောင်းသောစိတ် နှစ်ဆဲ့တခုမှာ၊ ပဌမလောဘမူစိတ်ဖြင့် မှတ်ရာ၌ ပြဆိုခဲ့သော စိတ်နှစ်ဆယ်နှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တခုပင်။ ဥဒ္ဓစ္စသမ္ပယုတ်စိတ်နောက် အနန္တရခြင်း ဖြစ်ကောင်းသောစိတ်နှစ်ဆဲ့တခုမှာလည်း ယခင်စိတ်နှစ်ဆယ်နှင့် ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခုပင်။ မောဟမူစိတ် နောက်အနန္တရ ဖြစ်ကောင်းသောစိတ်နှစ်ဆဲ့နှစ်ခုမှာလည်းယခင်စိတ်နှစ်ဆယ်နှင့်မောဟမူစိတ်နှစ်ခု။

[**မှတ်ကြောင်းစိတ်** မှတ်အပ်သောစိတ် နှစ်ပါးလုံး၌ သာမညအားဖြင့် မောဟမူစိတ် နှစ်ခုလုံးကိုယူ၍ နောက်စိတ်အရကို နှစ်ဆဲ့နှစ်ခုဟု ကောက်သည်။ ဤသို့နည်းတို့၌ ထိုစိတ်တို့၏ ဖြစ်ခြင်း ဖြစ်ရာကာလ ဋ္ဌာနစသည်တို့၌ ဖြစ်ပုံ ဖြစ်ဟန်ကို ပဌမလောဘမူစိတ်ဖြင့် မှတ်ရာ၌ ပြဆိုခဲ့ပြီးသည်ကို မှီး၍သိလေ။]

အဟိတ်၌နောက်အနန္တရစိတ်ကိုပြခြင်း

အကုသလဝိပါက် စက္ခုဝိညာဏ်နောက် အနန္တရဖြစ်ကောင်းသော စိတ်တခုမှာ၊အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း,အကုသလဝိပါက် သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်,တို့ နောက်အနန္တရ၌လည်း အကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ် တခုသာဖြစ်သည်။

ကုသလဝိပါက် စက္ခုဝိညာဏ် နောက်အနန္တရ ဖြစ်ကောင်းသော စိတ် တခုမှာ၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း, ကုသလဝိပါက် သောတဝိညာဏ်,ဃာန,ဇိဝှါ,ကာယဝိညာဏ်,တို့နောက် အနန္တရ၌လည်း ဤကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ် တခုသာ ဖြစ်ကောင်းသည်။

အကုသလ ဝိပါက် သမ္ပဋိစ္ဆိုန်း နောက်အနန္တရ ဖြစ်ကောင်းသော စိတ်တခုမှာ၊ အကုသလဝိပါက်သန္တီရဏ,ကုသလဝိပါက်သမ္ပဋိစ္ဆိုန်း နောက်အနန္တရ ဖြစ်ကောင်းသောစိတ် နှစ်ခုမှာ၊ ကုသလဝိပါက် သန္တီရဏ,အတိဣဋ္ဌာရုံ၌ဖြစ်ခိုက် ယင်းနောက်သောမနဿ သန္တီရဏ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဖြစ်ခိုက် ယင်းနောက်ဥပေက္ခာ သန္တီရဏသာ ဖြစ်သည်ဟု မှတ်လေ။

သောမနဿသဟဂုတ်သန္တီရဏ နောက်အနန္တရဖြစ်ကောင်းသော စိတ်တဆဲ့နှစ်ခုမှာ၊သန္တီရဏစိတ်သုံးခု, မဟာဝိပါက်စိတ်ရှစ်ခု,မနောဒွါရာဝဇ္ဇန်းစိတ်တခု, သန္တီရဏ ကိစ္စတပ်ခိုက် ယင်းနောက် မနော ဒွါရာဝဇ္ဇန်းစိတ်သည် ဝုဋ္ဌောကိစ္စတပ်၍ဖြစ်သည်။ တဒါရုံကိစ္စတပ်ခိုက် ပဌမတဒါရုံနောက် ယင်းသည် ဒုတိယတဒါရုံဖြစ်သည်။ဒုတိယတဒါရုံနောက် ကာမဘဝင်တဆယ် ကာမစုတိတဆယ်တို့တွင် ထိုက်သည်အားလျော်စွာ တခုခုဖြစ်သည်။

အကုသလဝိပါက် သန္တီရဏနောက် အနန္တရ ဖြစ်ကောင်းစိတ် တဆဲ့နှစ်ခုမှာ၊ ဥပေက္ခာသဟဂုတ် သန္တီရဏနှစ်ခု,မဟာဝိပါက်စိတ်ရှစ်ခု, အာဝဇ္ဇန်းစိတ်နှစ်ခု။၎င်းစိတ်သန္တီရဏကိစ္စတပ်ခိုက်ယင်းနောက်ဝုဋ္ဌော ဖြစ်သည်။ပဌမတဒါရုံအခိုက် ယင်းနောက်ဒုတိယတဒါရုံဖြစ်သည်။ ဒုတိယတဒါရုံအခိုက်ယင်းနောက်ကာမဘဝင်တဆယ်,ကာမစုတိတဆယ်,

တို့တွင် တခုခုဖြစ်သည်။ ဘဝင်ကိစ္စတပ်ခိုက် ယင်းနောက် ထိုက်သည့် အားလျော်စွာ ယင်းသည့် ဘဝင်တခု, ယင်းသည့် စုတိတခု, ဖြစ်သည်။ ဘဝင်္ဂုပစ္ဆေဒအခိုက် ယင်းနောက်ပဉ္စဒွါရာဝဇ္ဇန်း မနောဒွါရာဝဇ္ဇန်း ဟူသော အာဝဇ္ဇန်းဒွေတို့တွင်တခုခုဖြစ်သည်။ အာဂန္တုကဘဝင်ကိစ္စတပ်ခိုက် ယင်းနောက် ကာမသောမနဿ ဘဝင်လေးခု တို့တွင် တခုခုဖြစ်သည်။ စုတိကိစ္စတပ်ခိုက် ယင်းနောက် ကာမပဋိသန္ဓေ စိတ်တဆယ်တို့တွင်တခုခုဖြစ်သည်။ပဋိသန္ဓေကိစ္စတပ်ခိုက် ယင်းနောက် ၎င်းဘဝင်ဖြစ်သည်ဟုအသီးသီးခွဲဝေ၍မှတ်လေ။ကုသလဝိပါက် ဥပေက္ခာသန္တီရဏနောက်အနန္တရဖြစ်ကောင်းသော စိတ်တဆဲ့နှစ်ခုအရ၌လည်း ဤဝယ်ပြဆိုခဲ့သောနည်းကိုမှီး၍ သိလေ မထူးလှပြီ။

ပဉ္စဒွါရာဝဇ္ဇန်း နောက်အနန္တရ ဖြစ်ကောင်းသောစိတ် တဆယ်မှာ၊ ဒွေပဉ္စဝိညာဏ်စိတ်။မနောဒွါရာဝဇ္ဇန်း နောက်အနန္တရ ဖြစ်ကောင်းသောစိတ် လေးဆဲ့ ငါးခုမှာ၊ မနောဒွါရာဝဇ္ဇန်းတခု, ကာမဇော နှစ်ဆဲ့ကိုးခု, ဥပေက္ခာ သန္တီရဏ နှစ်ခု, မဟာဝိပါက်ရှစ်ခု, ရူပဝိပါက်ငါးခု, ထိုတွင် အတိ မဟန္တာရုံဝိထိ မဟန္တာရုံဝိထိ တို့၌ ဝုဋ္ဌော ကိစ္စတပ်သော မနောဒွါရာဝဇ္ဇန်း နောက်ကာမဇောနှစ်ဆဲ့ကိုးခုတို့တွင် တခုခုဖြစ်သည်။မနောဒွါရဝိထိ၌အာဝဇ္ဇန်းကိစ္စတပ်သောအခါအရာအားလျော်စွာယင်းနောက် ကာမဇော နှစ်ဆဲ့ ကိုးခု တို့တွင် တခုခုဖြစ်သည်။ ပရိတ္တာရုံဝိထိ၌ ပဌမဝုဋ္ဌောနောက် ဒုတိယဝုဋ္ဌောယင်းနောက် တတိယဝုဋ္ဌောဖြစ်သည်။အဆုံးဝုဋ္ဌောနောက်ကာမပုဂ္ဂိုလ်တို့အား ကာမဘဝင်စိတ်တဆယ်တွင် တခုခုဖြစ်သည်။ရူပဗြဟ္မာတို့အား ရူပဘဝင်ငါးခုတို့တွင် တခုခုဖြစ်သည်။

ဟသိတုပ္ပါဒ်နောက် အနန္တရ ဖြစ်ကောင်းသောစိတ် တဆဲ့သုံးခုမှာ၊ ဟသိတုပ္ပါဒ်စိတ်တခု,သုခသန္တီရဏစိတ်တခု,စတုတ္ထဒွေမှတပါးမဟာဝိပါက်စိတ် ခြောက်ခု,ရူပဝိပါက်စိတ်ငါးခု။ပဌမဇောစသည် နောက်ဒုတိယဇော စသည့်ဖြစ်သည်။ အဆုံးဇောနောက် သောမနဿ တဒါရုံငါးခုတွင်တခုခုဖြစ်သည်။ တဒါရုံမကျလျှင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခုခု ဖြစ်သည်။ ဟသိတုပ္ပါဒ်နောင် ဥပေက္ခာတဒါရုံ မဖြစ်ကောင်း။

ကာမာဝစရဇောနောက်အနန္တရစိတ်ကိုပြခြင်း၊

သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဌမ မဟာကုသိုလ်နောက် အနန္တရ ဖြစ်ကောင်းသောစိတ် ငါးဆဲ့ သုံးခုမှာ၊ သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက် ကိုးခု, ပဌမ မဟာကုသိုလ်စိတ်တခု,ရူပကုသိုလ်သုခသဟဂုတ်ဗိတ်လေးခု,မဂ်သုခသဟဂုတ်ဗိတ် တဆဲ့ခြောက်ခု, အောက်ဖိုလ် သုခသဟဂုတ်ဗိတ် တဆဲ့နှစ်ခု။ ပဌမဇောစသည်နောက် ဒုတိယဇောစသည်၊ ပဌမအနုလုံစသည်နောက် ဒုတိယအနုလုံ စသည်၊ ပရိကံဇောစသည်နောက် ဥပစာရဇော စသည် ဖြစ်သည်။ ထိုဇောတို့ကား သမ္ပယုတ္တဓမ္မ,သင်္ခါရ,ဘုံ,ဓာတ်, အားဖြင့် မပြားကောင်း။မဂ္ဂဝီထိအရာ၌ကား ဂေါတြဘူဝေါဒါန်တို့သည်နိဗ္ဗာန်ကိုအာရုံပြုသည်။ဂေါတြဘူဝေါဒါန်တို့ ရှေ့အနန္တရ အနုလုံတို့ကား တေဘူမက သင်္ခါရကို အာရုံပြုကုန်သည် ဖြစ်၍ ထိုဂေါတြဘူဝေါဒါန် တို့သည် ရှေ့အနန္တရအနုလုံနှင့် အာရုံအားဖြင့် ပြားကောင်းသေး၏။ကြွင်းသောအရာတို့၌ကား ရှေ့အနန္တရဇောနှင့် အာရုံအားဖြင့်လည်း မပြားကောင်း။ကာမဇော တဒါရမ္မဏဝါရဝီထိ၌ အဆုံးဇောနောက် တဒါရုံ တဆဲ့တခုတို့တွင် တခုခုဖြစ်သည်။ တဒါရုံကျလျှင် ဘဝင်တဆဲ့ကိုးခု, စုတိတဆဲ့ကိုးခုတို့တွင် ထိုက်သည် အားလျော်စွာ တခုခုဖြစ်သည်။ ဈာနဝီထိ၌ ဂေါတြဘူနောက်ရူပါဝစရ ပဌမ,ဒုတိယ,တတိယ,စတုတ္ထ,ကုသိုလ်ဗိတ်လေးခုတို့တွင် တခုခုဖြစ်သည်။မဂ္ဂဝီထိ၌ ဂေါတြဘူနောက် သောတာပတ္တိမဂ် သုခသဟဂုတ်ဗိတ် လေးခုတွင်တခုခု။ ဝေါဒါန်နောက် အထက်မဂ် သုခသဟဂုတ်ဗိတ် တဆဲ့နှစ်ခုတို့တွင် တခုခုဖြစ်သည်။ဖလသမာပတ္တိဝီထိ၌ အဆုံးအနုလုံ နောင် အောက်ဖိုလ် သုခသဟဂုတ်ဗိတ် တဆဲ့နှစ်ခုတို့တွင် တခုခုဖြစ်သည်။

[**ဒုတိယမဟာကုသိုလ်စိတ်** နောက်အနန္တရဖြစ်ကောင်းသောစိတ်ငါးဆဲ့သုံးခု ကောက်ရာ၌လည်း ဤနည်းအတူပင် မှတ်လေ။ ပဌမမဟာကုသိုလ်စိတ်အရာ၌ ဒုတိယမဟာကုသိုလ်စိတ်ကိုယူရသည်သာထူးသည်။]

တတိယ မဟာကုသိုလ်နောက် အနန္တရ ဖြစ်ကောင်းသော စိတ်နှစ်ဆဲ့တခုမှာ တတိယ မဟာကုသိုလ်စိတ် တခု, သန္တီရဏ သုံးခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက် ကိုးခု။ ပဌမဇော စသည်နောက် ဒုတိယဇောစသည်ဖြစ်သည်။ အဆုံးဇောနောက်တဒါရုံကျအံ့ တဒါရုံတဆဲ့တခုတို့တွင်တခုခု, တဒါရုံမကျမူအရာအားလျော်စွာ ဘဝင်တဆဲ့ကိုးခု, စုတိတဆဲ့ကိုးခုတို့တွင်တခုခုဖြစ်သည်။

စတုတ္ထမဟာကုသိုလ်,သတ္တမမဟာကုသိုလ်, အဋ္ဌမမဟာကုသိုလ်, နောက်အနန္တရဖြစ်ကောင်းသော စိတ်အရေကိုလည်း ဤနည်းအတိုင်းနှစ်ဆဲ့တခုစီ ကောက်ယူ၍ ဤတတိယ မဟာကုသိုလ်စိတ်ဖြင့် မှတ်ရာ၌ကဲ့သို့ မှတ်လေ။ အထူးမှာ တတိယ မဟာကုသိုလ် အရာ၌ စတုတ္ထ, သတ္တမ, အဋ္ဌမ, မဟာကုသိုလ် စိတ်တို့ကို ကောက်ယူ ရသည်သာထူးသည်။

ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်အသင်္ခါရိက ပဉ္စမမဟာကုသိုလ်စိတ်နောက် အနန္တရ ဖြစ်ကောင်းသော စိတ်သုံးဆဲ့သုံးခုမှာ သန္တီရဏသုံးခု,မဟာဝိပါက်ရှစ်ခု,မဟဂ္ဂုတ်ဝိပါက်ကိုးခု ပဉ္စမမဟာကုသိုလ်စိတ်တခု, ကုသိုလ်ပဉ္စမဈာန်ကိုးခု, အောက်ဖိုလ် ပဉ္စမဈာန်စိတ်သုံးခု။ ပဌမဇောစသည်နောက်ဒုတိယဇောစသည်။ ပဌမအနုလုံစသည်နောက် ဒုတိယအနုလုံစသည်။ ပရိကံဇော စသည်နောက် ဥပစာရဇော စသည်ဖြစ်သည်။ တဒါရမ္မဏဝါရဝိထိ၌ အဆုံးဇောနောက် တဒါရုံ တဆဲ့တခုတို့တွင် တခုခုဖြစ်သည်။ တဒါရုံမကျရာအဆုံးဇောနောက် ဘဝင်တဆဲ့ကိုးခု စုတိတဆဲ့ကိုးခုတို့တွင် ထိုက်သည်အားလျော်စွာ တခုခုဖြစ်သည်။ ဈာနဝိထိ၌ ဂေါတြဘူနောက် ရူပကုသိုလ် ပဉ္စမဈာန်စိတ်တခု, အရူပကုသိုလ်စိတ်လေးခု, တို့တွင်တခုခုဖြစ်သည်။ မဂ္ဂဝိထိ၌ ဂေါတြဘူနောက် သောတာပတ္တိမဂ်ပဉ္စမဈာန်စိတ်တခု, ဝေါဒါန်နောက် အထက်မဂ် ပဉ္စမဈာန်စိတ်သုံးခု ဖြစ်သည်။ ဖလသမာပတ္တိဝိထိ၌ အဆုံး အနုလုံနောက် အောက်ဖိုလ်ပဉ္စမဈာန်သုံးခုတွင် တခုခုဖြစ်သည်။

ဆဋ္ဌမမဟာကုသိုလ်နောက် အနန္တရ ဖြစ်ကောင်းသော စိတ်သုံးဆဲ့

သုံးခုကောက်ရာ၌လည်း ဤနည်းအတိုင်းသိလေ။ အထူးမှာ ပဥ္စမ မဟာကုသိုလ်စိတ်အရာ၌ ဆဋ္ဌမဟာကုသိုလ်ကိုယူ။

မဟာကုသိုလ်ပဥ္စမနွေနောက် အနန္တရဖြစ်ကောင်းသောစိတ် ငါးဆဲ့လေးခုဟု ကောက်သည်မှာ မှတ်ကြောင်းဖြစ်သော ရှေ့စိတ် မှတ်အပ်သောနောက်စိတ်အရနှစ်ပါး၌ပင် သာမညအားဖြင့် ပဥ္စမနွေအကုန်ယူ၍ ဤသို့ကောက်သည်။မဟာကုသိုလ် တတိယနွေနောက် အနန္တရစိတ်သုံးဆဲ့လေးခုဟု ကောက်ရာ၌လည်း ဤနည်းကို မှီး၍သိလေ။ ဒွိဟိတ်ကုသိုလ်နောက်အနန္တရဖြစ်ကောင်းသော စိတ်နှစ်ဆဲ့လေးခု ဟူရာ၌လည်း ရှေ့စိတ်နောက်စိတ်နှစ်ပါး၌ပင် ဒွိဟိတ်သာမည အားဖြင့် လေးပါးစီယူ၍ ကောက်သည်။ မဟာကုသိုလ်စိတ်နောက် အနန္တရစိတ်ဟု မဟာကုသိုလ်သာမညဖြင့်မှတ်၍မေးသော် သာမညအားဖြင့်ရှေ့စိတ်နောက်စိတ်နှစ်ပါး၌ပင် မဟာကုသိုလ်ရှစ်ခုလုံးယူ၍မှတ်အပ်သော နောက်စိတ်အရကိုခြောက်ဆယ်ဟုကောက်လေ။ မဟာကြိယာစိတ် စသည်တို့၌လည်း ဤသာမည နည်းတို့ကို စိစစ်ပြဆိုသင့်၏။ ထိုသို့ပြဆိုသင့် သော်လည်း သာမညဖြစ်၍ ဤနည်းတို့ကိုမပြပြီ။

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဥ္စမမဟာကြိယာစိတ်နောက်အနန္တရဖြစ်ကောင်းသောစိတ်နှစ်ဆဲ့ငါးခုမှာပဥ္စမမဟာကြိယာစိတ်တခု, သုခသန္တီရဏတခု, စတုတ္ထနွေမှတပါး မဟာဝိပါက်စိတ်ခြောက်ခု, မဟဂ္ဂုတ်ဝိပါက် ကိုးခု, ရူပကြိယာ သုခသဟဂုတ် စိတ်လေးခု, အရဟတ္တဖိုလ် သုခသဟဂုတ် စိတ်လေးခု, ပဥ္စမဇော စသည်နောက် ဒုတိယဇောစသည်ဖြစ်သည်။တဒါရမ္မဏဝါရဝီထိ၌ သုခသဟဂုတ်ကြိယာဇောနောင် ဥပေက္ခာသဟဂုတ် တဒါရုံ မဖြစ်ကောင်းသောကြောင့် သောမနဿတဒါရုံငါးခုတွင် တခုခုသာအဆုံးဇောနောက်ဖြစ်သည်။တဒါရုံမကျလျှင် ၎င်းအဆုံးဇောနောက် တိဟိတ်ဘဝင် တဆဲ့သုံးခု, တိဟိတ်ဂုတိတဆဲ့သုံးခုတို့တွင် ထိုက်သည်အားလျော်စွာ တခုခုဖြစ်သည်။ ဈာနဝီထိ၌ ဂေါတြဘူနောက် ရူပကြိယာ သုခသဟဂုတ် လေးခုတွင်တခုခုဖြစ်သည်။ ဖလသမာပတ္တိဝီထိ၌ အဆုံးအနုလုံဇောနောင် အရဟတ္တဖိုလ် သုခသဟဂုတ်လေးခုတွင်တခုခုဖြစ်သည်။ ဒုတိယ မဟာကြိ

ယာဇောနောက်အနန္တရ ဖြစ်ကောင်းသော စိတ်နှစ်ဆဲ့ငါးအရမှာလည်း ဤနည်းသိလေ။ ပဌမမဟာကြိယာစိတ်အရာ၌ ဒုတိယမဟာကြိယာစိတ်ကိုယူလေ။

တတိယ မဟာကြိယာနောက် အနန္တရဖြစ်ကောင်းသောစိတ် တဆဲ့ခုနစ်ခုမှာ။ သုခသန္တီရဏာတခု, စတုတ္ထနေ့မှတပါး မဟာဝိပါက်စိတ်ခြောက်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, တတိယမဟာကြိယာစိတ်တခု။ပဌမဇောစသည့်နောက် ဒုတိယဇောစသည်ဖြစ်သည်။ တဒါရမ္မဏာဝါရဝိထိ၌ အဆုံးဇောနောက် သောမနဿတဒါရုံ ငါးခုတို့တွင် တခုခုဖြစ်သည်။ တဒါရုံမကျရာ၌ အဆုံးဇောနောက် တိဟိတ်ဘဝင်တဆဲ့သုံးခု, တိဟိတ်ဒွိဟိတ် တဆဲ့သုံးခု တို့တွင် တခုခုဖြစ်သည်။ စတုတ္ထ မဟာကြိယာ စိတ်နောက်အနန္တရစိတ်တဆဲ့ခုနစ်ခုမှာလည်း ဤနည်းကိုမှီး၍သိလေ။တတိယမဟာကြိယာအရာ၌ စတုတ္ထမဟာကြိယာကိုယူ။

ပဥ္စမ မဟာကြိယာစိတ်နောက် အနန္တရ ဖြစ်ကောင်းသော စိတ်နှစ်ဆဲ့လေးခုမှာ ဥပေက္ခာသန္တီရဏာနှစ်ခု, ဒုတိယနေ့မှတပါး မဟာဝိပါက်စိတ်ခြောက်ခု, မဟဂ္ဂုတ်ဝိပါက် ကိုးခု, ရူပကြိယာပဥ္စမဈာန်စိတ် တခု, အရူပကြိယာစိတ်လေးခု, အရဟတ္တဖိုလ်ပဥ္စမဈာန်စိတ်တခု, ပဥ္စမမဟာကြိယာစိတ်တခု။ ပဌမဇောစသည့်နောက်ဒုတိယဇောစသည်ဖြစ်သည်။ တဒါရမ္မဏာဝါရဝိထိ၌ ဥပေက္ခာကြိယာဇောနောက် သောမနဿတဒါရုံမဖြစ်ကောင်းသောကြောင့် အဆုံးဇောနောက်ဥပေက္ခာတဒါရုံခြောက်ခုတို့တွင် တခုခုဖြစ်သည်။ တဒါရုံမကျရာ၌ ယင်းနောက်တိဟိတ်ဘဝင်တဆဲ့သုံးခု, တိဟိတ်ဒွိဟိတ် တဆဲ့သုံးခုတို့တွင် ထိုက်သည်အား လျော်စွာ တခုခုဖြစ်သည်။ ဈာနဝိထိ၌ ဂုင်းဂေါတြဘူနောက် ကြိယာပဥ္စမဈာန်ငါးခုတွင် တခုခုဖြစ်သည်။ ဖလသမာပတ္တိဝိထိ၌ အဆုံးအနုလုံနောက် အရဟတ္တဖိုလ် ပဥ္စမဈာန်ဖြစ်သည်။ ဆဋ္ဌမဟာကြိယာနောက် အနန္တရ ဖြစ်ကောင်းသော စိတ်နှစ်ဆဲ့လေးခုကောက်ရာ၌လည်း ဤနည်းတူမှတ်။ပဥ္စမ မဟာကြိယာအရာ၌ ဆဋ္ဌမဟာကြိယာစိတ်ကိုယူ။

သတ္တမ မဟာကြိယာနောက် အနန္တရဖြစ်ကောင်းသောစိတ် တဆဲ့ရှစ်ခုမှာ ဂုင်းကြိယာစိတ် တခု, ဥပေက္ခာသန္တီရဏာ နှစ်ခု, ဒုတိယနေ့မှ

တပါး မဟာဝိပါက်စိတ် ခြောက်ခု, မဟာကြိယာဝိပါက် ကိုးခု။ ပဌမဇော စသည်နောက် ဒုတိယဇော စသည်ဖြစ်သည်။တဒါရမ္မဏာဝါရဝီထိ၌ အဆုံးဇော နောက်ဥပေက္ခာတဒါရုံခြောက်ခုတွင်တခုခုဖြစ်သည်။ တဒါရုံ မကျရာ၌ ထိုက်သည်အားလျော်စွာ အဆုံးဇောနောက် အဟိတ်ဘဝင် တဆဲ့သုံးခု, တိဟိတ်ရတိ တဆဲ့သုံးခုတို့တွင် တခုခု ဖြစ်သည်။ အဋ္ဌမ မဟာကြိယာနောက်အနန္တရဖြစ်ကောင်းသောစိတ်တဆဲ့ရှစ်ခုမှာလည်း ဤနည်းသိလေ။ သတ္တမမဟာကြိယာစိတ်အရာ၌ အဋ္ဌမ မဟာကြိယာ စိတ်ကိုယူရသည်သာထူးသည်။

ပဌမမဟာဝိပါက်စိတ်နောက် အနန္တရဖြစ်ကောင်းသော စိတ်နှစ်ဆဲ့ တခုမှာ အာဝဇ္ဇန်းနွေ, ဥပေက္ခာသန္တီရဏ နှစ်ခု, မဟာဝိပါက် ရှစ်ခု, မဟာကြိယာဝိပါက်ကိုးခု။ တဒါရုံကိစ္စတပ်ခိုက် ပဌမတဒါရုံနောက်၊ ၎င်း ဒုတိယတဒါရုံဖြစ်သည် ဒုတိယတဒါရုံနောက် ကာမဘဝင်တဆယ်,ကာမရတိတဆယ်တို့တွင် တခုခုဖြစ်သည်။ဘဝင်ကိစ္စတပ်ခိုက် ပဌမဘဝင် စသည်နောက် ၎င်းဒုတိယ ဘဝင်စသည်နှင့် ၎င်းရတိစိတ်တို့ထိုက်သည် အားလျော်စွာ ဖြစ်သည်။ ဘဝင်ုပစ္ဆေဒအခိုက် ယင်းနောက် အာဝဇ္ဇန်း နွေတို့တွင်တခုခုဖြစ်သည်။ ရတိကိစ္စတပ်ခိုက် ယင်းနောက် ထိုက်သည် အားလျော်စွာ ပဋိသန္ဓေစိတ် တဆဲ့ကိုးခုတို့တွင် တခုခု ဖြစ်သည်။ ပဋိ သန္ဓေကိစ္စတပ်ခိုက်ယင်းနောက်၎င်းဘဝင်ဖြစ်သည်။ဒုတိယ,ပဉ္စမ,ဆဋ္ဌ, မဟာဝိပါက်စိတ်တို့ဖြင့်မှတ်ရာ၌လည်းဤနည်းနှစ်ဆဲ့တခုစီပင်ကောက်။ ပဌမ မဟာဝိပါက်အရာ၌ ဒုတိယ,ပဉ္စမ,ဆဋ္ဌ,မဟာဝိပါက်စိတ်တို့ကိုယူ။

တတိယမဟာဝိပါက်နောက် အနန္တရ ဖြစ်ကောင်းသော စိတ်တဆဲ့ နှစ်ခုမှာ အာဝဇ္ဇန်းနွေ, ဥပေက္ခာသန္တီရဏနှစ်ခု, မဟာဝိပါက်ရှစ်ခု။ဖြစ်ရာကာလ, ဌာန, ဖြစ်ပုံမှာ ပဌမ မဟာဝိပါက်စိတ်ဖြင့် မှတ်ရာ၌ကဲ့သို့ပင် သိလေ။ အထူးမှာ ရတိကိစ္စတပ်ခိုက် ယင်းနောင် ကာမ ပဋိသန္ဓေစိတ် တဆယ်တို့တွင် တခုခုကိုသာကောက်။ ဒွိဟိတ်ပုဂ္ဂိုလ်သည် ဖြဲ့ဖွဲ့ဘုံ၌ဖြစ်ကြောင်း ဈာန်ကို မရကောင်း သောကြောင့် ၎င်း၏ ရတိနောက် မဟာကြိယာပဋိသန္ဓေကို မယူမကောက်ရဟုမှတ်လေ။ စတုတ္ထ, သတ္တမ,

အဋ္ဌမ, မဟာဝိပါက်တို့ဖြင့် မှတ်ရာ၌လည်း ဤနည်း တဆဲ့နှစ်ခု စိသာ ကောက်လေ။ ဖြစ်ပုံဖြစ်ရာ ကာလဌာန တို့ကိုလည်း ဤနည်းအတိုင်းပင် မှတ်လေ။

ရူပါဝစရဇ္ဈာန်နောက်အနန္တရစိတ်ကိုပြခြင်း။

ရူပကုသိုလ် ပဌမဈာန်စိတ်နောက် အနန္တရ ဖြစ်ကောင်းသော စိတ် တဆယ်မှာ ၎င်းပဌမဈာန်စိတ်တခု, ပဉ္စဝေါကာရတိဟိတ်ဝိပါက်ကိုးခု။ သမာပတ္တိအခါ ပဌမဇော စသည်နောက် ၎င်းဒုတိယဇော စသည်ဖြစ် သည်။ အာဒိကမ္မိကအခါ ၎င်းဇောနောက်၊ သမာပတ္တိအခါ အဆုံးဇော နောက်ပဉ္စဝေါကာရ တိဟိတ်ဘဝင် ကိုးခုတို့တွင် တခုခုဖြစ်သည်။ ရူပ ဒုတိယ,တတိယ,စတုတ္ထ,ပဉ္စမ,ကုသိုလ်စိတ်တို့ဖြင့် မှတ်ရာ၌လည်း ဤအ တူ တဆယ်စီကောက်၍ ဤနည်းဖြစ်ပုံကိုမှတ်။ပဌမဈာန်ကုသိုလ်အရာ၌ ရူပဒုတိယ,တတိယ,စတုတ္ထ,ပဉ္စမဈာန် ကုသိုလ်ကိုယူ။ ရူပကြိယာ ပဌမ ဈာန် စသည်ဖြင့် မှတ်ရာ၌လည်း ဤနည်း တဆယ်စီကောက်၍ ဤနည်း ပင်ဖြစ်ပုံကိုလည်းမှတ်လေ။ရူပကုသိုလ်အရာ၌ ရူပကြိယာကို ယူရသည် သာထူးသည်။

ရူပ ပဌမဈာန်ဝိပါက် နောက် အနန္တရ ဖြစ်ကောင်းသောစိတ် တဆဲ့ ကိုးခုမှာ၊အာဝဇ္ဇန်းနွေ့,မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု။ဘဝင် ကိစ္စတပ်ခိုက်ပဌမဘဝင်စသည်နောက် ၎င်းဒုတိယဘဝင်စသည်၊ဘဝင် နောင်ဗုတိကျလျှင် ယင်းနောက်၎င်းဗုတိ။ဘဝင်္ဂုပစ္ဆေဒ နောက်အာဝဇ္ဇန်း နွေ့ဖြစ်သည်။ ပဋိသန္ဓေကိစ္စတပ်ခိုက် ယင်းနောက် ၎င်းဘဝင် ဖြစ်သည်။ ဗုတိကိစ္စတပ်ခိုက် ယင်းနောက် သဟိတ်ပဋိသန္ဓေစိတ် တဆဲ့ခုနစ်ခုတို့ တွင် တခုခု ဖြစ်သည်။ ရူပ ဒုတိယဈာန် ဝိပါက် စသည်တို့ဖြင့် မှတ်ရာ၌ လည်း ဤနည်း တဆဲ့ကိုးခုစီပင် ကောက်၍ ဖြစ်ပုံကိုလည်း ဤနည်းတူ သိလေ။

အရူပါဝစရဇောနောက်အနန္တရစိတ်ကိုပြခြင်း

ပဌမာရုပ္ပကုသိုလ်နောက် အနန္တရ ဖြစ်ကောင်းသောစိတ် တဆဲ့တခုမှာ၊ပဌမာရုပ္ပကုသိုလ်,ဝုဋ်ဌ်ပါက်,ပဉ္စဝေါကာရတိဟိတ်ဝိပါက်ကိုးခု။ သမာပတ္တိအခါ ပဌမဇော စသည့် နောက် ဝုဋ်ဒုတိယဇော စသည် ဖြစ်သည်။အာဒိကမ္မိကအခါ ဝုဋ်ဇောနောက် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခုခု ဖြစ်သည်။ သမာပတ္တိအခါ အဆုံးဇောနောက် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု,ပဌမာရုပ္ပဘဝင် တခုအားဖြင့် ဘဝင်တဆယ်တို့တွင် တခုခုဖြစ်သည်။ပဌမာရုပ္ပကြိယာနောက် အနန္တရ၌လည်း ဤနည်းကဲ့သို့ စိတ်တဆဲ့တခုပင်ဖြစ်သည်။ အထူးမှာ ပဌမာရုပ္ပကုသိုလ် အရာ၌ ပဌမာရုပ္ပကြိယာကို ယူရုံသာထူးသည်။ပဌမာရုပ္ပဝိပါက် နောက် အနန္တရ ဖြစ်ကောင်းသောစိတ် ကိုးခုမှာ၊မနောဒွါရာဝဇ္ဇန်း,တိဟိတ်ကာမဝိပါက်လေးခု, အရူပဝိပါက် လေးခု။ ဘဝင်ကိစ္စတပ်ခိုက် ပဌမဘဝင် စသည်နောက် ဝုဋ်ဒုတိယဘဝင် စသည်ဖြစ်သည်။ဘဝင်နောင်ပုတိကျလျှင် ယင်းနောက် ဝုဋ်ပုတိဖြစ်သည်။ဘဝင်ုပစ္ဆေဒအခိုက် ယင်းနောက် မနောဒွါရာဝဇ္ဇန်းဖြစ်သည်။ ပဋိသန္ဓေကိစ္စတပ်ခိုက် ယင်းနောက် ဝုဋ်ဘဝင်ဖြစ်သည်။ ပုတိကိစ္စတပ်ခိုက် ယင်းနောက် တိဟိတ်ကာမ ပဋိသန္ဓေစိတ်လေးခု, အရူပပဋိသန္ဓေစိတ်လေးခု,အားဖြင့် ရှစ်ခုတို့တွင် တခုခုဖြစ်သည်။ အရူပဘုံမှ ပုတေ၍ ရူပဘုံ၌ မဖြစ်ကောင်း။ အဟိတ် ဒွိဟိတ် ပဋိသန္ဓေလည်း မနေကောင်းသောကြောင့် ပဌမာရုပ္ပ ပုတိနောက် ရူပ ပဋိသန္ဓေစိတ်,အဟိတ်,ဒွိဟိတ်,ပဋိသန္ဓေစိတ်,တို့ကို မယူရသည်။

ဒုတိယာရုပ္ပကုသိုလ်နောက်အနန္တရဖြစ်ကောင်းသောစိတ်တဆဲ့နှစ်ခုမှာ၊ပဉ္စဝေါကာရ တိဟိတ်ဝိပါက်ကိုးခု,ပဌမ,ဒုတိယ,အရူပဝိပါက်နှစ်ခု, ဒုတိယာရုပ္ပကုသိုလ်စိတ်တခု။ ပဌမဇောစသည်နောက် ဝုဋ်ဒုတိယဇော စသည်ပင် ဖြစ်သည်။ အာဒိကမ္မိကဇောနောက် ပဉ္စဝေါကာရ တိဟိတ် ဘဝင်ကိုးခု, ပဌမာရုပ္ပဘဝင်တခု, အားဖြင့် ဘဝင်ဆယ်ခုတို့တွင် တခုခု ဖြစ်သည်။ သမာပတ္တိအခါ အဆုံးဇောနောက် ထိုက်သည်အားလျော်စွာ ဒုတိယာရုပ္ပဘဝင်နှင့် ယခင်ဘဝင်ဆယ်ခုတို့တွင် တခုခုဖြစ်သည်။ ဒုတိ

ယာရုပ္ပဘုံ၌ မဖြစ်မီ ရှေးဘဝ ကာမသုဂတိ ခုနစ်ဘုံ, ဝေဟပ္ဖိုလ်တိုင် ရူပဆယ်ဘုံ,ပဥ္စမာရုပ္ပဘုံတို့တွင် တဘုံဘုံက ဒုတိယာရုပ္ပကုသိုလ်စျာန်ကိုရပြီးပုဂ္ဂိုလ်သာ ဒုတိယာရုပ္ပဘုံ၌ ဖြစ်ကောင်းသောကြောင့် ဒုတိယာရုပ္ပအာဒိကဏ္ဍိက ကုသိုလ်ဇောနောက် အနန္တရ ဘဝင်အရကို ကောက်ရာ ဒုတိယာရုပ္ပဘဝင်နှင့်တကွ မကောက်မယူသင့်။ပြဆိုခဲ့သော ပဥ္စမာရုပ္ပအာဒိကဏ္ဍိကဇောနောက် အနန္တရ ဘဝင်အရ၌ ပဥ္စမာရုပ္ပ ဘဝင်ကို မယူရာ။ ပြဆိုလတ္တံ့သော အာဒိကဏ္ဍိက တတိယာ ရုပ္ပဇောနောက် အနန္တရဘဝင်အရ၌ တတိယာရုပ္ပဘဝင်ကိုမယူရာ။ စတုတ္ထာရုပ္ပအာဒိကဏ္ဍိကဇောနောက် အနန္တရ ဘဝင်အရ၌ စတုတ္ထာရုပ္ပဘဝင်ကို မယူရာ ကို၌လည်း ဤ၌ ပြဆိုသည်ကို မှီး၍သိလေ။ ဒုတိယာရုပ္ပကြိယာ နောက် အနန္တရ ဖြစ်ကောင်းသောစိတ် တဆဲ့နှစ်ခုမှာလည်း ယခင်ဝိပါက်တဆဲ့တခုနှင့် ဒုတိယာရုပ္ပကြိယာစိတ် တခုကိုယူ၍ ဖြစ်ရာကာလ ဌာနဖြစ်ပုံကို ရှေးနည်းမှတ်လေ။

ဒုတိယာရုပ္ပဝိပါက်နောက် အနန္တရဖြစ်ကောင်းသောစိတ် ရှစ်ခုမှာ၊ မနောဒွါရာဝဇ္ဇန်း,တိဟိတ်ကာမဝိပါက်လေးခု, ပဥ္စမာရုပ္ပမှတပါး အရူပဝိပါက်သုံးခု။ စုတိကိစ္စတပ်ခိုက် ယင်းနောက် ကာမတိဟိတ် ပဋိသန္ဓေလေးခု, ပဥ္စမာရုပ္ပမှတပါး အရူပ ပဋိသန္ဓေ သုံးခုအားဖြင့် ခုနစ်ခုတို့တွင် တခုခုဖြစ်သည်။ဘဝင်ကိစ္စတပ်ခိုက် ယင်းနောက်ဘဝင်,စုတိ,အာဝဇ္ဇန်းတို့ဖြစ်ဟန် ပဋိသန္ဓေကိစ္စတပ်ခိုက် ယင်းနောက်ဘဝင်ဖြစ်ဟန်မှာ ပဥ္စမာရုပ္ပဝိပါက်ဖြင့်မှတ်ရာ၌ ပြဆိုခဲ့ပြီးသည်ကိုမှီး၍ ထိုက်သည်အားလျော်စွာသိလေ။တတိယာရုပ္ပဝိပါက်, စတုတ္ထာရုပ္ပဝိပါက်တို့ဖြင့် မှတ်ရာ၌လည်း ယင်းတို့နောက် မနောဒွါရာဝဇ္ဇန်း, ဘဝင်, စုတိ, တို့ဖြစ်ပုံကို ဤနည်းသိလေ။ထူးသည်ကိုသာ ပြတော့အံ့။

တတိယာရုပ္ပကုသိုလ်နောက် အနန္တရ ဖြစ်ကောင်းသောစိတ် တဆဲ့သုံးခုမှာ၊ စတုတ္ထာရုပ္ပဝိပါက်မှတပါး လောကီတိဟိတ်ဝိပါက်စိတ် တဆဲ့နှစ်ခု,တတိယာရုပ္ပကုသိုလ်စိတ်တခု။ သမာပတ္တိအခါ ပဥ္စမဇော စသည်နောက်ဒုတိယဇောစသည်, အဆုံးဇောနောက် စတုတ္ထာရုပ္ပမှ တပါး တိဟိတ်ဘဝင် တဆဲ့နှစ်ခုတွင် တခုခုဖြစ်သည်။အာဒိကဏ္ဍိကအခါ ၎င်းဇော

နောက် တတိယာရုပ္ပ,စတုတ္ထာရုပ္ပ,တို့မှတပါး တိဟိတ်ဘဝင် တဆဲ့တခု တို့တွင် တခုခု ဖြစ်သည်။ တတိယာရုပ္ပ ကြိယာနောက် အနန္တရ ဖြစ် ကောင်းသောစိတ် တဆဲ့သုံးခုမှာ ယခင်ဝိပါက် တဆဲ့နှစ်ခုနှင့် တတိယာ ရုပ္ပကြိယာတခုကိုကောက်၍ ကုသိုလ်ဖြင့်မှတ်ရာ၌ ပြဆိုခဲ့သောနည်းကို မှီး၍သိလေ။

တတိယာရုပ္ပ ဝိပါက်နောက် အနန္တရ ဖြစ်ကောင်းသောစိတ် ခုနစ်ခု မှာ၊ မနောဒွါရာဝဇ္ဇန်း ကာမတိဟိတ် ဝိပါက်လေးခု, တတိယ, စတုတ္ထ, အရူပဝိပါက်နှစ်ခု။ ဗုတိကိစ္စတပ်ခိုက် ယင်းနောက် တိဟိတ် ကာမ ပဋိ သန္ဓေလေးခု,တတိယ, စတုတ္ထ,အရူပ ပဋိသန္ဓေ နှစ်ခုအားဖြင့် ခြောက်ခု တို့တွင် တခုခုဖြစ်သည်။

စတုတ္ထာရုပ္ပကုသိုလ်နောက် အနန္တရ ဖြစ်ကောင်းသောစိတ် တဆဲ့ ငါးခုမှာ၊ လောကီတိဟိတ်ဝိပါက်တဆဲ့သုံးခု, စတုတ္ထာရုပ္ပကုသိုလ်စိတ် တခု, အနာဂါမိဖိုလ် ပဌမဈာန်စိတ်တခု။ အာဒိကမ္မိက အခါ ၎င်းဇော နောက် စတုတ္ထအရူပဝိပါက်မှတပါး တိဟိတ်ဘဝင် တဆဲ့နှစ်ခု တို့တွင် တခုခုဖြစ်သည်။ သမာပတ္တိအခါ ပဌမဇော စသည်နောက် ၎င်းဒုတိယ ဇောစသည် အဆုံးဇောနောက် တိဟိတ်ဘဝင် တဆဲ့သုံးခု တို့တွင် တ ခုခုဖြစ်သည်။နိရောဓသမာပတ္တိအခါ ၎င်းကုသိုလ်ဇောနောက် အနာဂါ မိဖိုလ် ပဌမဈာန်စိတ်ဖြစ်သည်။ စတုတ္ထာရုပ္ပကြိယာနောက် အနန္တရဖြစ် ကောင်းသောစိတ် တဆဲ့ငါးခုမှာ လောကီ တိဟိတ် ဝိပါက်စိတ် တဆဲ့ သုံးခု,စတုတ္ထာရုပ္ပကြိယာစိတ်တခု, အရဟတ္တဖိုလ် ပဌမဈာန်စိတ်တခု။ ဤ၌လည်း ကုသိုလ်ဖြင့်မှတ်ရာ၌ ပြဆိုခဲ့သည်ကို မှီး၍သိလေ။ ကုသိုလ် အရာ၌ ကြိယာကိုယူ။ နိရောဓသမာပတ္တိ အခါ ၎င်းကြိယာဇောနောက် အရဟတ္တဖိုလ် ပဌမဈာန်ဖြစ်သည်။

စတုတ္ထာရုပ္ပဝိပါက်နောက် အနန္တရဖြစ်ကောင်းသောစိတ် ခြောက်ခု မှာ၊မနောဒွါရာဝဇ္ဇန်း, တိဟိတ်ကာမဝိပါက်လေးခု, စတုတ္ထာရုပ္ပဝိပါက် စိတ်တခု။ဗုတိကိစ္စတပ်ခိုက် ယင်းနောက်ကာမတိဟိတ်ပဋိသန္ဓေလေးခု, စတုတ္ထာရုပ္ပပဋိသန္ဓေ တခုအားဖြင့် ငါးခုတို့တွင် တခုခုဖြစ်သည်။

ဝေဟပ္ဖိုလ်တိုင် ရူပဆယ်ဘုံမှ စုတေသော ပုထုဇ္ဇန်သည် အခြားမဲ့ဘဝဝယ် အဟိတ်ပဋိသန္ဓေ မနေကောင်း၍ အပါယ်ဘုံ၌ မဖြစ်ကောင်း။ ဒွိဟိတ်တိဟိတ်အဖြစ်ဖြင့် ကာမသုဂတိခုနစ်ဘုံသို့သက်၍၎င်း,မိမိဖြစ်ရာဘုံ၌ထပ်၍၎င်း,အထက်အထက်ဘုံမှ အောက်အောက်ရူပဘုံသို့ သက်၍၎င်း,ဖြစ်ကောင်း၏။ အောက်အောက် မိမိဖြစ်ရာဘုံမှတက်၍ သုဒ္ဓါဝါသမှတပါး အထက်အထက် ရူပဘုံ၌၎င်း,အရူပဘုံ၌၎င်း,ဖြစ်ကောင်း၏။

ရူပအောက် ကိုးဘုံမှ စုတေသော သောတာပန်, သကဒါဂါမ်, တို့သည် ကာမဘုံ၌၎င်း,မိမိတို့ဖြစ်ရာဘုံမှ အောက်အောက်ရူပဘုံ၌ပင်၎င်း, မဖြစ်ကောင်းပြီ။မိမိဖြစ်ရာဘုံ၌ ထပ်၍၎င်း,သုဒ္ဓါဝါသ အသညသတ်ဘုံမှ တပါး အထက်အထက် ရူပဘုံ၌၎င်း,အရူပဘုံ၌၎င်း,ဖြစ်ကောင်း၏။

ဝေဟပ္ဖိုလ်ဘုံမှစုတေသော အောက်ဖလဋ္ဌာန် သုံးယောက်သည် ထိုဘုံ၌သာသပ်၍ ဖြစ်ကောင်းတော့သည်။တပါးဘုံ၌မဖြစ်ကောင်းပြီ။အောက်အရူပ ကိုးဘုံမှ စုတေသော အနာဂါမ်သည် ရူပဘုံတွင်၍ပင် မိမိဖြစ်ရာဘုံမှ အောက်အောက်ဘုံသို့သက်၍ မဖြစ်ကောင်းပြီ။မိမိဖြစ်ရာဘုံ၌၎င်း, အသညသတ်ဘုံမှတပါး သုဒ္ဓါဝါသနှင့်တကွ စတုဇ္ဈာရုပ္ပဘုံတိုင်အောင် မိမိဖြစ်ရာဘုံမှ အထက်အထက်ဘုံ၌၎င်း,ဖြစ်ကောင်း၏။

အသညသတ်ဘုံမှ စုတေသော ပုဂ္ဂိုလ်သည် အခြားမဲ့ဘဝ၌ မိမိဖြစ်ရာဘုံမှ စ၍ ရူပဘုံ အရူပဘုံ တို့၌ မဖြစ်ကောင်း။ အပါယ် ဘုံ၌လည်း မဖြစ်ကောင်း။ ကာမသုဂတိဘုံ၌သာ ဒွိဟိတ်တိဟိတ် ပဋိသန္ဓေဖြင့်သာ ဖြစ်ကောင်းသည်။ သုဒ္ဓါဝါသအောက်လေးဘုံမှ စုတေသော အနာဂါမ်သည်အောက်အောက်ဘုံသို့သက်၍၎င်း,အရူပဘုံသို့တက်၍၎င်း,မိမိဖြစ်ရာဘုံ၌ပင် ထပ်၍၎င်း,မဖြစ်ကောင်းပြီ။သုဒ္ဓါဝါသဘုံတွင်၍ အထက်ဘုံ၌သာ ဖြစ်ကောင်းတော့သည်ဖြစ်၍ အဝိဟာဘုံမှစုတေသော အနာဂါမ်သည် အထက်သုဒ္ဓါဝါသလေးဘုံ၌သာဖြစ်ကောင်းတော့သည်။ အတပ္ပါဘုံမှစုတေသောအနာဂါမ်လည်း အထက်သုံးဘုံ၌သာ ဖြစ်ကောင်းတော့သည်။သုဒဿာဘုံမှစုတေသော အနာဂါမ်လည်း သုဒဿီဘုံ အကနိဋ္ဌဘုံ၌သာ ဖြစ်ကောင်းတော့သည်။ သုဒဿီဘုံမှ စုတေသော အနာဂါမ်သည်လည်း အကနိဋ္ဌဘုံ၌သာ ဖြစ်ကောင်းတော့သည်။ အကနိဋ္ဌဘုံမှစ

တေသောပုဂ္ဂိုလ်မှုကား တရံတခုသောဘုံ၌မျှ မဖြစ်ကောင်းပြီ။ထိုဘဝ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုမြဲဧကန်သာဖြစ်သည်။

အရူပဘုံတွင်အထက်အထက်ဘုံမှရတေသောပုထုဇ္ဇန်သည်အောက် အောက် အရူပဈာန်တို့ကို ပယ်၍ ဝွန်နပ်ပြီးဖြစ်၍ အခြားမဲ့ ဘဝဝယ် အောက်အောက်အရူပဘုံ၌ရင်း, ရူပဘုံ၌ရင်း, မဖြစ်ကောင်း။ မိမိဖြစ်ဆဲ ဘုံ၌ထပ်၍ရင်း, မိမိဖြစ်ရာဘုံမှ အထက်အထက် ဘုံသို့တက်၍ရင်း, ဖြစ် ကောင်း၏။ကာမသုဂတိဘုံသို့သက်၍လည်း တိဟိတ်ပဋိသန္ဓေအားဖြင့် ဖြစ်ကောင်း၏။ အဟိတ်ဒွိဟိတ်ပဋိသန္ဓေအားဖြင့်မဖြစ်ကောင်း။အောက် အောက် အရူပဘုံမှ ရတေသော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက် သည် မိမိဖြစ်ဆဲဘုံ၌ ထပ်၍ရင်း, အထက်အထက် အရူပဘုံသို့ တက်၍ ရင်း, ဖြစ်ကောင်း၏။ မိမိဖြစ်ရာဘုံမှအောက်အောက်ဘုံ၌ရင်း, အရူပဘုံ မှအခြားဘုံ၌ရင်းမဖြစ်ကောင်းပြီ။ စတုတ္ထာရုပ္ပဘုံမှရတေသော အောက် ဖလဋ္ဌာန် ပုဂ္ဂိုလ်သည် တပါးဘုံ၌ မဖြစ်ကောင်းပြီ။ ထိုဘုံ၌ထပ်၍သော် ကား ဖြစ်ကောင်းသေး၏။ ဤပြဆိုခဲ့ပြီးသည်ကို နှလုံးထား၍ ရတိနောင် ဖြစ်ထိုက်သောပဋိသန္ဓေတို့ကိုသိလေ။

လောကုတ္တရာဇဝန်နောက်အနန္တရစိတ်ကိုပြခြင်း

သောတာပတ္တိမဂ်စိတ်နောက် အနန္တရဖြစ်ကောင်းသောစိတ်တခုမှာ သောတာပတ္တိဖိုလ်တခု။ ပဌမဈာန်လျှင် ပဌမဈာန်ချင်း, ဒုတိယဈာန်လျှင် ဒုတိယဈာန်ချင်း, တတိယဈာန်လျှင် တတိယဈာန်ချင်း, စတုတ္ထဈာန်လျှင် စတုတ္ထဈာန်ချင်း, ပဉ္စမဈာန်လျှင် ပဉ္စမဈာန်ချင်း, ၎င်းမဂ်နှင့် တူသော သောတာပတ္တိဖိုလ်ကိုယူ။သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်, တို့ဖြင့်မှတ်ရာ၌ နောက်အနန္တရဖြစ်ကောင်းသော စိတ်တခုအရကိုလည်း အသီးအသီးမှတ်ကြောင်း မဂ်စိတ်နှင့်ဈာန်အင်္ဂါတူသော မိမိတို့ဖိုလ်စိတ် ကိုသာကောက်ယူလေ။

သောတာပတ္တိဖိုလ်စိတ်နောက် အနန္တရဖြစ်ကောင်းသောစိတ်တဆဲ့ လေးခုမှာ လောကီတိဟိတ်ဝိပါက်တဆဲ့သုံးခု, သောတာပတ္တိဖိုလ်စိတ်

တခု။ ပဌမဇောစသည့်နောက် ဒုတိယဇောစသည်ဖြစ်သည်။ အဆုံးဇော နောက်တိဟိတ် ဘဝင် တဆဲ့သုံးခု တို့တွင် တခုခု ဖြစ်သည်။ မှတ်အပ်သော ဒုတိယဇောစသည့်အရကိုမှတ်ကြောင်း ပဌမဇောစသည်နှင့်ပဌမ ဈာန်လျှင် ပဌမဈာန်ချင်းစသည့်ဈာန်အင်္ဂါတူသောဇောကိုသာယူ။သကဒါဂါမိမိုလ်စိတ်နောက်အနန္တရဖြစ်ကောင်းသောစိတ်တဆဲ့လေးခု,အနာဂါမိမိုလ်စိတ်နောက် အနန္တရ ဖြစ်ကောင်းသော စိတ်တဆဲ့လေးခု, အရဟတ္တမိုလ်စိတ်နောက် အနန္တရဖြစ်ကောင်းသော စိတ်တဆဲ့လေးခု, ဟူရာ၌လည်း ဤနည်း လောကီတိဟိတ် ဝိပါက်စိတ် တဆဲ့သုံးခုနှင့် မှတ်ကြောင်းမိုလ်စိတ်နှင့် သကဒါဂါမိမိုလ်လျှင် သကဒါဂါမိမိုလ်ချင်း, ပဌမဈာန်လျှင် ပဌမဈာန်ချင်း, စသည်ဖြင့် ဈာန်အင်္ဂါတူသော မိုလ်စိတ်တခု ဟုကောက်လေ။

ပက်ဏ္ဏကရေ၍ပြခြင်း.

ဤယခုပြဆိုလတ္တံ့၌ကား။ ရှေ့စိတ်နှင့်သမ္ပယုတ်, ဇောတ်, ဘုံ, အာရုံ, ကိစ္စ, အားဖြင့် ငါးပါးလုံးတူသည်ကိုချန်လှပ်၍ တပါးပါးမတူသော စိတ်ကိုသာကောက်ယူအံ့။ နောက်စိတ်အရ အရေအတွက်သဘောတူသော ရှေ့စိတ်တို့ကိုလည်း တပေါင်းတည်းပြဆိုအံ့။ ပြဆိုခဲ့ပြီးသည်နှင့်အလုံးစုံတူသည်ကိုလည်းတဖန်မပြပြီ။ဖြေပြပြီးကိုထောက်သဖြင့်သိနိုင်လောက်ပြီဖြစ်သောကြောင့် အကျဉ်းမျှဖြင့်အဖြေကိုပြဆိုအံ့။ ဆိုခဲ့ပြီးသည်ကို မှီး၍သိလေ။

လောဘမူစိတ် မောဟမူစိတ် ဒွိဟိတ် ကုသိုလ်စိတ်နောက် အနန္တရဖြစ်ကောင်းသောစိတ်နှစ်ဆယ်မှာသန္တီရဏသုံးခု,မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု။ ဒေါသမူစိတ်နောက် အနန္တရဖြစ်ကောင်းသော စိတ်ခြောက်ခုမှာ ဥပေက္ခာသန္တီရဏနှစ်ခု,မဟာဝိပါက် ဥပေက္ခာသဟဂုတ်လေးခု။ သုခသန္တီရဏနောက် အနန္တရစိတ်တဆဲ့တခုမှာ မနောဒွါရာဝဇ္ဇန်းတခု, ဥပေက္ခာသန္တီရဏနှစ်ခု, မဟာဝိပါက် စိတ်ရှစ်ခု။ အကုသလဝိပါက် သန္တီရဏနောက် အနန္တရစိတ် တဆဲ့နှစ်ခုမှာ အာဝဇ္ဇန်း

နှစ်ခု,ဥပေက္ခာသန္တီရဏနှစ်ခု,မဟာဝိပါက်ရှစ်ခု။ အပါယ်လေးဘုံတွင် တဘုံဘုံမှစုတေ၍ ၎င်းတဘုံဘုံ၌ တဖန်ဖြစ်သော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့၏ စုတိပဋိသန္ဓေ တို့သည်၎င်း, ၎င်းပုဂ္ဂိုလ်တို့ ပဝတ္တိအခါ တဒါရုံဘဝင်တို့သည်၎င်း,သမ္ပယုတ်ဇာတ်ဘုံ အားဖြင့်ပင် တူသော်လည်း အာရုံကိစ္စအားဖြင့် မတူသောကြောင့် ဤအကုသလ ဝိပါက် သန္တီရဏဖြင့်မှတ်ရာ၌ နောက်စိတ်အရကို ၎င်းသန္တီရဏနှင့် တကွယူ၍ တဆဲ့နှစ်ခုကောက်သည်။ ကုသလ ဝိပါက် ဥပေက္ခာ သန္တီရဏနောက် အနန္တရစိတ်တဆဲ့နှစ်ခုမှာလည်းယခင်တဆဲ့နှစ်ခုပင်။ဤ၌လည်း သုဂတိအဟိတ်အဖြစ်မှ စုတေ၍ တဖန်သုဂတိအဟိတ် ဖြစ်သော ပုဂ္ဂိုလ်တို့၏ စုတိပဋိသန္ဓေ, ပဝတ္တိအခါ တဒါရုံဘဝင်တို့ကိစ္စအာရုံမတူ၍ ၎င်းသန္တီရဏပါကောက်သည်။

မနောဒွါရာဝဇ္ဇန်းနောက်အနန္တရစိတ်လေးဆဲ့လေးခုမှာ ကာမဇောနှစ်ဆဲ့ကိုးခု, ဥပေက္ခာသန္တီရဏနှစ်ခု, မဟာဝိပါက်ရှစ်ခု, ရူပဝိပါက်ငါးခု။ဟသိတုပ္ပါဒ် နောက်အနန္တရစိတ် တဆဲ့နှစ်ခုမှာ သုခသန္တီရဏတခု, စတုတ္ထဇ္ဈာန်မှတပါး မဟာဝိပါက်ခြောက်ခု, ရူပဝိပါက်ငါးခု။ ပဌမ မဟာကုသိုလ်နောက် အနန္တရ စိတ်ငါးဆဲ့သုံးခုမှာ သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ပဌမ မဟာကုသိုလ်စိတ် တခု, ရူပကုသိုလ်သုခသဟဂုတ်စိတ်လေးခု, မဂ်သုခသဟဂုတ်စိတ်တဆဲ့ခြောက်ခု, အောက်ဖိုလ် သုခသဟဂုတ်စိတ် တဆဲ့နှစ်ခု။ ဒုတိယ မဟာကုသိုလ်နောက်အနန္တရစိတ်ငါးဆဲ့သုံးခုမှာ ယခင်ငါးဆဲ့သုံး၌ပဌမမဟာကုသိုလ်ကိုနုတ်၍ ဒုတိယမဟာကုသိုလ်ကိုထည့်။ ဤစိတ်နှစ်ခုဖြင့်မှတ်ရာ၌လည်း မဂ္ဂဝိထိ၌ ဂေါတြဘူဝေါဒါန် တို့သည် အနုလုံနှင့်သမ္ပယုတ်, ဇာတ်, ဘုံ, ကိစ္စ, အားဖြင့်တူသော်လည်း အနုလုံကား တေဘူမကသင်္ခါရကို အာရုံပြုသည်။ ဂေါတြဘူဝေါဒါန်တို့မူ နိဗ္ဗာန်ကို အာရုံပြုသည်ဖြစ်၍ ရှေ့စိတ်နှင့်အာရုံမတူကြသောကြောင့် နောက်စိတ်အရကို ၎င်းစိတ်နှင့်တကွယူ၍ ငါးဆဲ့သုံးခုဟု ကောက်သည်။ မဟာကုသိုလ်ပဌမစိတ် ဆဋ္ဌစိတ်တို့ဖြင့်မှတ်ရာ၌လည်း ဤနည်းယူ။

ပဋ္ဌမမဟာကုသိုလ်စိတ်နောက် အနန္တရစိတ်သုံးဆဲ့သုံးခုမှာ သန္တီရဏသုံးခု, မဟာဝိပါက် ရှစ်ခု, မဟဂ္ဂုတ်ဝိပါက် ကိုးခု, ပဋ္ဌမ မဟာကုသိုလ်စိတ်တခု, ကုသိုလ်ပဋ္ဌမ ဈာန်စိတ်ကိုးခု, အောက်ဖိုလ် ပဋ္ဌမဈာန်စိတ်သုံးခု။ ဆဋ္ဌမဟာကုသိုလ်နောက် အနန္တရစိတ်သုံးဆဲ့သုံးခုမှာယခင်သုံးဆဲ့သုံးခု၌ ပဋ္ဌမ ကုသိုလ်ကိုနုတ်၍ ဆဋ္ဌကုသိုလ်ကိုထည့်။ မဟာကြိယာပဋ္ဌမဒွေနောက် အနန္တရစိတ် နှစ်ဆဲ့လေးခုမှာ သုခသန္တီရဏတခု, စတုတ္ထဒွေမှတပါး မဟာဝိပါက်ခြောက်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ရူပကြိယာသုခသဟဂုတ် စိတ်လေးခု, အရဟတ္တဖိုလ် သုခသဟဂုတ် စိတ်လေးခု။ မဟာကြိယာ ဒုတိယ ဒွေနောက် အနန္တရစိတ် တဆဲ့ခြောက်ခုမှာ သုခသန္တီရဏ တခု, စတုတ္ထဒွေမှ တပါး မဟာဝိပါက် ခြောက်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု။မဟာကြိယာတတိယဒွေနောက်အနန္တရစိတ်နှစ်ဆဲ့သုံးခုမှာဥပေက္ခာသန္တီရဏနှစ်ခု,ဒုတိယဒွေမှတပါးမဟာဝိပါက်စိတ်ခြောက်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ရူပကြိယာပဋ္ဌမဈာန်စိတ်တခု, အရူပကြိယာစိတ်လေးခု, အရဟတ္တဖိုလ်ပဋ္ဌမဈာန် စိတ်တခု။ မဟာကြိယာ စတုတ္ထဒွေနောက် အနန္တရစိတ်တဆဲ့ခုနစ်ခုမှာ ဥပေက္ခာသန္တီရဏနှစ်ခု, ဒုတိယဒွေမှတပါး မဟာဝိပါက်ခြောက်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု။ ဒွိဟိတ်ကာမဝိပါက်နောက် အနန္တရစိတ် တဆဲ့နှစ်ခုမှာ အာဝဇ္ဇန်းနှစ်ခု, ဥပေက္ခာသန္တီရဏနှစ်ခု, မဟာဝိပါက်ရှစ်ခု။ ဤဒွိဟိတ်ဝိပါက်ဖြင့် မှတ်ရာ၌လည်း ဒွိဟိတ်အဖြစ်မှ စုတေ၍ တဖန်ဒွိဟိတ်ပဋိသန္ဓေ နေသောသူတို့၏ စုတိပဋိသန္ဓေ တို့သည်၎င်း, ပဝတ္တိအခါ၌တဒါရုံ ဘဝင်တို့သည်၎င်း,သမ္ပယုတ်,ဇာတ်,ဘုံ, တူသော်လည်း အာရုံကိစ္စမတူသောကြောင့် နောက်စိတ်အရကို ၎င်းစိတ်နှင့်တကွယူ၍ တဆဲ့နှစ်ခုဟုကောက်သည်။

တိဟိတ်ကာမဝိပါက်နောက်အနန္တရစိတ်နှစ်ဆဲ့တခုမှာ ယခင်တဆဲ့နှစ်ခု၌ မဟဂ္ဂုတ်ဝိပါက်ကိုးခုကိုထည့်။ဤ၌လည်း တိဟိတ်ကာမပုဂ္ဂိုလ်အဖြစ်မှ စုတေ၍ တဖန်ကာမတိဟိတ် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့၏ စုတိပဋိသန္ဓေတို့သည်၎င်း, ပဝတ္တိအခါတဒါရုံဘဝင်တို့သည်၎င်း,အာရုံကိစ္စ မတူသောကြောင့် နောက်စိတ်အရကို ယင်းနှင့်တကွ နှစ်ဆဲ့တခုဟုကောက်ယူသည်။

ရူပကုသိုလ်နောက် အနန္တရစိတ်ကိုးခုမှာ ပဉ္စဝေါရ တိဟိတ်ဝိပါက် ကိုးခု။ ရူပကြိယာနောက် အနန္တရစိတ် ကိုးခုမှာလည်း ၎င်းကိုးခုပင်။ ရူပ ဝိပါက်နောက် အနန္တရစိတ် တဆဲ့ကိုးခုမှာ အာဝဇ္ဇန်းနှစ်ခု,မဟာဝိပါက် ရှစ်ခု,မဟာဂ္ဂုတ်ဝိပါက်ကိုးခု။ မိမိဖြစ်ရာ ရူပဘုံမှ စုတေ၍ အနန္တရ ဘဝ ဝယ် ၎င်းဘုံ၌ပင် ထပ်၍ ဖြစ်သော ပုဂ္ဂိုလ်၏ စုတိ ပဋိသန္ဓေ တို့သည် သမ္ပယုတ်,ဓာတ်,ဘုံ,တူသော်လည်း ကသိုဏ်းပညတ်, အသုဘပညတ်, စသည် ပထဝီ, အာပေါ,စသည် အာရုံမတူရာ၊ စုတိကိစ္စ, ပဋိသန္ဓေကိစ္စ, လည်း မတူသောကြောင့် နောက်စိတ်အရကို တဆဲ့ကိုးခု ကောက်ယူ သည်။

ပဉ္စမာရုပ္ပကုသိုလ်နောက် အနန္တရစိတ် တဆယ်မှာ ပဉ္စဝေါကာရ တိဟိတ်ဝိပါက်ကိုးခုနှင့် ပဉ္စမာရုပ္ပဝိပါက်တခု။ ပဉ္စမာရုပ္ပကြိယာနောက် အနန္တရစိတ်တဆယ်မှာလည်း ၎င်းတဆယ်ပင်။ ပဉ္စမာရုပ္ပဝိပါက်နောက် အနန္တရစိတ်ကိုးခုမှာ မနောဒွါရာဝဇ္ဇန်းတခု,တိဟိတ်ကာမဝိပါက် လေး ခု, အရူပဝိပါက် လေးခု။ ပဉ္စမာရုပ္ပဘုံမှ စုတေ၍ ၎င်းဘုံ၌ တဖန် ထပ်၍ ဖြစ်သော ပုဂ္ဂိုလ်၏ စုတိပဋိသန္ဓေတို့သည် သမ္ပယုတ်,ဓာတ်,ဘုံ,အာရုံ, တူသော်လည်း ကိစ္စမတူသောကြောင့် နောက်စိတ်အရကို ၎င်းစိတ်နှင့် တကွယူ၍ ကိုးခုကောက်သည်။ နောက်အရူပဝိပါက်စိတ် သုံးခုဖြင့် မှတ် ရာ၌လည်း ဤနည်းသိလေ။

ဒုတိယာရုပ္ပ ကုသိုလ်နောက် အနန္တရစိတ် တဆဲ့တခုမှာ ပဉ္စဝေါ ကာရ တိဟိတ်ဝိပါက် ကိုးခု, ပဉ္စမဒုတိယအရူပဝိပါက် နှစ်ခု။ ဒုတိယာ ရုပ္ပကြိယာနောက် အနန္တရစိတ် တဆဲ့တခု မှာလည်း ၎င်းဝိပါက် တဆဲ့ တခုပင်။ ဒုတိယာရုပ္ပ ဝိပါက်နောက် အနန္တရစိတ် ရှစ်ခုမှာ မနောဒွါရာ ဝဇ္ဇန်း,တိဟိတ်ကာမဝိပါက်လေးခု,ပဉ္စမာရုပ္ပမှတပါးအရူပဝိပါက်သုံးခု။ တတိယာရုပ္ပကုသိုလ်နောက် အနန္တရစိတ်တဆဲ့နှစ်ခုမှာ ပဉ္စဝေါကာရ တိဟိတ်ဝိပါက်၌ စတုတ္ထာရုပ္ပမှတပါး အရူပဝိပါက် သုံးခုကိုထည့်။ တတိ ယာရုပ္ပကြိယာနောက် အနန္တရစိတ် တဆဲ့နှစ်ခုမှာလည်း ၎င်းတဆဲ့နှစ် ခုပင်။ တတိယာရုပ္ပ ဝိပါက်နောက် အနန္တရစိတ် ခုနစ်ခုမှာ မနောဒွါရာ ဝဇ္ဇန်း,တိဟိတ်ကာမဝိပါက်လေးခု,တတိယ စတုတ္ထ အရူပဝိပါက်နှစ်ခု။

စတုတ္ထဈာန်ကုသိုလ်နောက် အနန္တရစိတ် တဆဲ့လေးခုမှာ လောကီတိဟိတ်ဝိပါက် တဆဲ့သုံးခုနှင့် အနာဂါမိဖိုလ် ပဉ္စမဈာန်စိတ်။ စတုတ္ထဈာန်ကြိယာနောက် အနန္တစိတ် တဆဲ့လေးခုမှာ ယခင်ဝိပါက် တဆဲ့သုံးခုနှင့် အရဟတ္တဖိုလ်ပဉ္စမဈာန်။ စတုတ္ထဈာန်ဝိပါက်နောက် အနန္တရစိတ် ခြောက်ခုမှာ မနောဒွါရာဝဇ္ဇန်း တခု, တိဟိတ် ကာမ ဝိပါက် လေးခု, စတုတ္ထဈာန် ဝိပါက်တခု။ ဖိုလ်စိတ်နောက် အနန္တရစိတ် တဆဲ့သုံးခုမှာ လောကီတိဟိတ်ဝိပါက်လေးခု။ အနန္တရရှေ့စိတ်ဖြင့်မှတ်၍ နောက်စိတ်တို့၏ သရုပ်အပြားကို ပြသောနည်းကား ဤတွင်ပြီးပြီ။

နောက်စိတ်ဖြင့်မှတ်၍ရှေ့စိတ်တို့၏သရုပ်ကိုပြခြင်း

အနန္တရ နောက်စိတ် တို့ဖြင့် မှတ်၍ ရှေ့စိတ်တို့၏ သရုပ် အပြားကို ပြသောနည်းကိုပြဦးအံ့။ ဤ၌လည်း နောက်စိတ်နှင့် သမ္ပယုတ်,ဇာတ်,ဘုံ, အာရုံ,ကိစ္စ,အလုံးစုံတူသည်ကို ချန်လှပ်လွှတ်ထား၍ တပါးပါးမတူသည်ကိုသာယူ။ ရှေ့စိတ်အရ သဘောသချာတူသောအရာ၌နောက်စိတ်တို့ကို တပေါင်းတည်းပြအံ့။

အသောဘဏာ၌ရှေ့အနန္တရစိတ်ကိုပြခြင်း

ပဉ္စဝိညာဏဓာတ် ရှေ့အနန္တရဖြစ်ကောင်းသောစိတ်တခုမှာ ပဉ္စဒွါရာဝဇ္ဇန်း။ အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ရှေ့အနန္တရစိတ် ငါးခုမှာ အကုသလဝိပါက် ပဉ္စဝိညာဏ်။ ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ရှေ့အနန္တရ စိတ်ငါးခုမှာ ကုသလဝိပါက်ပဉ္စဝိညာဏ်။ အကုသလဝိပါက် သန္တီရဏ ရှေ့အနန္တရစိတ်သုံးဆဲ့ခုနစ်ခုမှာ ကာမကြိယာ သုခသဟဂုတ်မှ တပါး ကာမဇော နှစ်ဆဲ့လေးခု,မနောဒွါရာဝဇ္ဇန်းတခု, သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု, အကုသလဝိပါက် သမ္ပဋိစ္ဆိုန်းတခု။ သန္တီရဏ ကိစ္စတပ်ခိုက် ယင်းရှေ့အကုသလဝိပါက်သမ္ပဋိစ္ဆိုန်းဖြစ်သည်။ တဒါရုံကိစ္စတပ်ခိုက်ယင်းရှေ့အကုသိုလ်စိတ်တဆဲ့နှစ်ခု,မဟာကုသိုလ်စိတ်ရှစ်ခု,မဟာကြိယာ ဥပေက္ခာ သဟဂုတ်စိတ်လေးခု, ဤစိတ် နှစ်ဆဲ့လေးခု တို့တွင်

တခုချဖြစ်သည်။ဘဝင်ကိစ္စတပ်ခိုက် ပရိတ္တာရုံဝိထိ၌ ယင်းရှေ့ဝုဋ္ဌောကိစ္စတပ်သော မနောဒွါရာဝဇ္ဇန်းဖြစ်သည်။ တဒါရမ္မဏဝါရဝိထိ၌ ယင်းရှေ့တဒါရုံတဆဲ့တခုတို့တွင် တခုချဖြစ်သည်။စုတိရှေ့ဘဝင်ပဋိသန္ဓေနောက်ဘဝင်တို့မှာ ၎င်းစိတ်ပင်။ ဇဝနဝါရ မဟန္တာရုံ ဝိထိ၌ ယင်းရှေ့ ကာမကုသိုလ် အကုသိုလ်ဇော နှစ်ဆယ် တို့တွင် တခုချဖြစ်သည်။ စုတိကိစ္စတပ်ခိုက် တဒါရုံနောင် စုတိကျလျှင် ယင်းရှေ့တဒါရုံ တဆဲ့တခု တို့တွင်တခုချ။ ဇောနောင် စုတိကျလျှင် ယင်းရှေ့အကုသိုလ် ကာမကုသိုလ်စိတ်နှစ်ဆယ်တို့တွင် တခုချဖြစ်သည်။ပဋိသန္ဓေကိစ္စတပ်ခိုက် ယင်းရှေ့ကာမစုတိစိတ် တဆယ်တို့တွင် တခုချဖြစ်သည်။

ဤအကုသလဝိပါက် သန္တီရဏဖြင့်မှတ်ရာ၌ အပါယ်ဘုံမှ စုတေ၍ ၎င်းဘုံ၌ တဖန်ဖြစ်သော ပုဂ္ဂိုလ်တို့၏ စုတိပဋိသန္ဓေတို့သည်၎င်း,ပဝတ္တိအခါ တဒါရုံဘဝင်စိတ် တို့သည်၎င်း, သမ္ပယုတ်, ဇာတ်, ဘုံ, တူသော်လည်း အာရုံကိစ္စမတူသောကြောင့် ရှေ့စိတ်အရကို ၎င်းစိတ်ပါယူ၍ သုံးဆဲ့ခုနစ်ခုကောက်သည်။ကုသလဝိပါက် ဥပေက္ခာသန္တီရဏရှေ့ အနန္တရဖြစ်ကောင်းသောစိတ် သုံးဆဲ့ခုနစ်ခု တို့၌လည်း ဤ၌ ဆိုအပ်ပြီးသောနည်းအတိုင်းပင်မှတ်လေ။ အထူးမှာ သန္တီရဏကိစ္စတပ်ခိုက် ယင်းရှေ့သမ္ပဋိစ္ဆိုန်း စိတ်အရကို ဤ၌ ကုသလဝိပါက်ကိုယူ။ ဤ၌လူ့ဘုံ, စတုမဟာရာဇ်ဘုံဝယ် သုဂတိအဟိတ် ပုဂ္ဂိုလ်အဖြစ်မှ စုတေ၍ အခြားမဲ့ဘဝ၌ တဖန် သုဂတိအဟိတ်ပင် ဖြစ်သော ပုဂ္ဂိုလ်၏ စုတိပဋိသန္ဓေတို့သည်၎င်း, တဒါရုံဘဝင်တို့သည်၎င်း, သမ္ပယုတ်, ဇာတ်, ဘုံ, တူသော်လည်း ကိစ္စမတူ အာရုံလည်း မတူသောကြောင့် ရှေ့စိတ် အရကို ၎င်းစိတ်နှင့်တကွယူ၍ သုံးဆဲ့ခုနစ်ခု ကောက်သည်။

သုခ သန္တီရဏရှေ့ အနန္တရစိတ် နှစ်ဆဲ့ လေးခုမှာ မဟာကြိယာဥပေက္ခာဇော လေးခု, ဒေါသဇော နှစ်ခုတို့မှတပါး ကာမဇော နှစ်ဆဲ့သုံးခု,ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းတခု။ သန္တီရဏကိစ္စတပ်ခိုက် ယင်းရှေ့ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းဖြစ်သည်။တဒါရုံကိစ္စတပ်ခိုက် ယင်းရှေ့လောဘဇေ စ်ခု, မောဟဇောနှစ်ခု, မဟာကုသိုလ်ဇောရှစ်ခု, ကာမကြိယာ သု ဟဂုတ် ဇောငါးခု, ဤဇောနှစ်ဆဲ့သုံးခု တို့တွင် တခုချဖြစ်

သည်။ ပဉ္စဒွါရာဝဇ္ဇန်း၏ အနန္တရစိတ် တဆဲ့ငါးခုမှာ ပဉ္စဝိညာဏ ဘဝင်စိတ် တဆဲ့ငါးခု။ မနောဒွါရာဝဇ္ဇန်း၏ အနန္တရစိတ် နှစ်ဆယ်မှာ သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု,မဟဂ္ဂုတ်ဝိပါက်ကိုးခု။ ဝုဋ္ဌောကိစ္စ တပ်ခိုက်ယင်း၏သန္တီရဏ သုံးခုတွင် တခုခုဖြစ်သည်။ အာဝဇ္ဇန်းကိစ္စ တပ်ခိုက် ယင်း၏ဘဝင် တဆဲ့ကိုးခုတွင် တခုခုဖြစ်သည်။

ကာမာဝစရဇ္ဇော၏အနန္တရစိတ်ကိုပြခြင်း

တိဟိတ်ကုသိုလ်မှတပါး ကာမဇောစိတ်၏ အနန္တရစိတ် တခုမှာ မနောဒွါရာဝဇ္ဇန်း။ ပဌမမဟာကုသိုလ်၏ အနန္တရစိတ် နှစ်ခုမှာ မနော ဒွါရာဝဇ္ဇန်း,မဟာကုသိုလ်။ ဒုတိယမဟာကုသိုလ်၏ အနန္တရစိတ်နှစ်ခု မှာ မနောဒွါရာဝဇ္ဇန်း, ဒုတိယ မဟာကုသိုလ်။ ပဉ္စမ မဟာကုသိုလ်၏ အနန္တရစိတ်နှစ်ခုမှာ မနောဒွါရာဝဇ္ဇန်း,ပဉ္စမမဟာကုသိုလ်။ ဆဋ္ဌမဟာ ကုသိုလ်၏ အနန္တရစိတ်နှစ်ခုမှာမနောဒွါရာဝဇ္ဇန်း,ဆဋ္ဌမဟာကုသိုလ်။ ဤတိဟိတ် ကာမကုသိုလ် လေးခုသည် မဂ္ဂဝီထိ၌ ဝေါဒါန် ဖြစ်ခိုက် အနုလုံနှင့်အာရုံ မတူသောကြောင့် ဤစိတ်ဖြင့်မှတ်ရာ၌ ၎စိတ် အရကို ၎င်းစိတ်ပါယူ၍ နှစ်ခုစီ ကောက်လိုက်သည်။

မဟာဝိပါက်ပဌမနွေ၏အနန္တရစိတ်ခုနစ်ဆယ်မှာဒေါသဇောနှစ်ခု, မဂ်ဇောလေးခုတို့မှတပါး ဇောလေးဆဲ့ကိုးခု, သန္တီရဏသုံးခု, မနောဒွါ ရာဝဇ္ဇန်းတခု,လောကီတိဟိတ်ဝိပါက်တဆဲ့သုံးခု,ဒွိဟိတ်ဝိပါက်လေးခု။ ဤစိတ်နှစ်ခုတို့ တဒါရုံကိစ္စတပ်ခိုက် ယင်းတို့၏ ဒေါသဇော မဟာကြိ ယာ ဥပေက္ခာသဟဂုတ်တို့မှတပါး ကာမဇောနှစ်ဆဲ့သုံးခုတို့တွင် တခုခု ဖြစ်သည်။

ဒေါသမူဇော ဥပေက္ခာ သဟဂုတ် ကြိယာဇောတို့နောက် သောမ နဿသဟဂုတ် တဒါရုံမဖြစ်ကောင်းသောကြောင့် တဒါရုံကိစ္စတပ်ခိုက် ယင်းစိတ် နှစ်ခုတို့၏ ၎င်းဇောခြောက်ခုတို့ မဖြစ်ကောင်း။ ဘဝင်ကိစ္စ တပ်ခိုက် ဖြစ်သောအခါ ပကတိကာလ၌ တဒါရမ္မဏဝါရဝီထိ၏ အခြား မဲ့၌ဖြစ်ခိုက် ယင်းတို့၏ တဒါရုံ တဆဲ့တခုတွင် တခုခု။ ဇဝနဝါရ ကာမ

ဓောဝိထိ၏ အခြားမဲ့၌ ဖြစ်ခိုက် ယင်းတို့ရှေ့ ဒေါသဓော၆ တပါး ကာမ ဓော နှစ်ဆဲ့ ခုနစ်ခုတို့တွင် တခုခု။ ပရိတ္တာရုံဝိထိ၏ အခြားမဲ့၌ ဖြစ်ခိုက် ယင်းတို့ရှေ့ ဝုဋ္ဌောကိစ္စတပ်သော မနောဒွါရာဝဇ္ဇန်းဖြစ်၏။ မရဏာသန္န အခါ ဇဝနဝါရဝိထိ၏ အခြားမဲ့၌ဖြစ်ခိုက် ယင်းတို့ရှေ့ ဒေါသဓောတို့မှ တပါး ကာမဓော နှစ်ဆဲ့ခုနစ်ခုတို့တွင် တခုခုဖြစ်၏။

တခုသောဘဝ၌ပဋိသန္ဓေ, ဘဝင်, စုတိ, တို့သည် သမ္ပယုတ်, ဓာတ်, ဘုံ, အာရုံ, သင်္ခါရ, အားဖြင့် အလုံးစုံတူမြဲ ဖြစ်သောကြောင့် စုတိရှေ့ ဘဝင်မှာစုတိနှင့် ပဋိသန္ဓေနောက်ဝဘင်မှာ ပဋိသန္ဓေနှင့်ကိစ္စမျှသာထူး ၍ သမ္ပယုတ် စသည်တူမြဲ ဖြစ်ရကား ၎င်းစိတ်တို့ စုတိကိစ္စတပ်၍ ဖြစ် သောအခါ ယင်းတို့ရှေ့ဘဝင်မှာ ယင်းတို့နှင့်သသင်္ခါရိကလျှင် သသင်္ခါရိ ကချင်း အသင်္ခါရိကလျှင် အသင်္ခါရိကချင်းတူ၏။ တဒါရုံနောက် စုတိကျ ခိုက် ယင်းတို့ရှေ့တဒါရုံတဆဲ့တခုတို့တွင်တခုခု,ဓောနောင်စုတိကျခိုက် ယင်းတို့ရှေ့ ဒေါသဓော၆တပါး ကာမဓော နှစ်ဆဲ့ခုနစ်ခုတို့တွင် တခုခု ဖြစ်သည်။ အပ္ပနာဓောဝါရ ဝိထိနောက် ဘဝင်ကိစ္စတပ်၍ဖြစ်ခိုက် ယင်း တို့ရှေ့မဟဂ္ဂုတ်ဓောတဆဲ့ရှစ်ခု, ဖိုလ်ဓောလေးခု, အားဖြင့် အပ္ပနာဓော နှစ်ဆဲ့နှစ်ခုတို့တွင် တခုခုဖြစ်သည်။ပဋိသန္ဓေကိစ္စတပ်၍ဖြစ်ခိုက်အပါယ် လေးဘုံမှ ရတေသော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်,လူဘုံ, စတုမဟာရာဇ်ဘုံ, အသညသတ်ဘုံတို့မှရတေသော သုဂတိအဟိတ်ပုဂ္ဂိုလ်, ကာမသုဂတိ ခုနစ်ဘုံတို့မှရတေသောဒွိဟိတ်ပုဂ္ဂိုလ်,ကာမသုဂတိခုနစ်ဘုံ,ဝေဟပ္ဖိုလ် တိုင်အောင် ရူပဆယ်ဘုံ, အရူပလေးဘုံတို့မှ ရတေသော တိဟိတ်ပုထု ဇ္ဇန်ပုဂ္ဂိုလ်, ကာမသုဂတိ ခုနစ်ဘုံမှ ရတေသော သောတာပန်သကဒါ ဂါမိပုဂ္ဂိုလ်တို့သည် အခြားမဲ့ဘဝ၌ ၎င်းစိတ်နှစ်ခုတို့တွင် တခုခုဖြင့် ပဋိ သန္ဓေနေကောင်းရကား ၎င်းပဋိသန္ဓေရှေ့ စုတိစိတ်တဆဲ့ကိုးခု တို့တွင် တခုခုဖြစ်သည်။

မဟာဝိပါက်တတိယနွေရှေ့အနန္တရစိတ် ခုနစ်ဆဲ့နှစ်ခုမှာ ယခင်စိတ် ခုနစ်ဆယ်၌ ဒေါသမူနွေကိုထည့်။ ထိုစိတ်တို့၏ ဖြစ်ရာကာလဌာန ဖြစ်ပုံ အထူးမှာ ပဌမနွေဖြင့်မှတ်အပ်သော စိတ်တို့နှင့်တူ၏။ အထူးမှာ တဒါရုံ ကိစ္စတပ်ခိုက် ယင်းတို့ရှေ့ သောမနဿသဟဂုတ် ကြိယာဓောမှ တပါး

ကာမဇော နှစ်ဆဲ့လေးခုတို့တွင် တခုခုဖြစ်သည်၊ တဒါရုံ၏ ဖြစ်ခိုက် ဇောမှာ ယခင်နည်း၌ ဥပေက္ခာသဟဂုတ် ကြိယာဇောကိုလွှတ်၍ ကာမဇောကိုယူသည်၊ ဤနည်း၌ သောမနဿသဟဂုတ်ကြိယာဇောကိုလွှတ်၍ ကာမဇောကိုယူသည်၊ ဤမျှသာထူးသည်။

မဟာဝိပါက် ဒုတိယနွေ၏ အနန္တရစိတ် လေးဆယ်မှာ လောဘမူစိတ်ရှစ်ခု, ဒေါသမူစိတ် နှစ်ခု, မဟာကုသိုလ် စိတ်ရှစ်ခု, သောမနဿသဟဂုတ် မဟာကြိယာစိတ် လေးခု, ဟသိတုပ္ပါဒ် သန္တီရဏ သုံးခု, မနောဒွါရာဝဇ္ဇန်း, မဟာဝိပါက်ရှစ်ခု, ရူပဝိပါက်ငါးခု၊ ၎င်းစိတ်တို့ဘဝင် ကိစ္စတပ်၍ ဇဝနဝါရ ကာမဇောဝီထိ၏ အခြားမဲ့၌ဖြစ်ခိုက် ယင်းတို့၏ လောဘမူရှစ်ခု,ဒေါသမူနှစ်ခု,မဟာကုသိုလ်ရှစ်ခုအားဖြင့် ဤစိတ်တဆဲ့ ရှစ်ခုတို့တွင် တခုခုဖြစ်သည်။

မဟာဝိပါက်စတုတ္ထနွေ၏ အနန္တရ ဖြစ်ကောင်းသော စိတ်လေးဆဲ့ တခုမှာသောမနဿကြိယာမှတပါး ကာမဇောနှစ်ဆဲ့လေးခု,မနောဒွါရာဝဇ္ဇန်း, သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု, ရူပဝိပါက်ငါးခု၊ ဤစိတ်နှစ်ခုတို့ ဘဝင်ကိစ္စတပ်၍ ဇဝနဝါရကာမဇောဝီထိ၏ အခြားမဲ့၌ ဖြစ်ခိုက် ယင်းတို့၏ အကုသိုလ်စိတ်တဆဲ့နှစ်ခု, မဟာကုသိုလ်စိတ်ရှစ်ခု, ဤစိတ် နှစ်ဆယ်တို့တွင် တခုခုသာဖြစ်သည်။၎င်းဒွိဟိတ်ကာမဝိပါက်စိတ်လေး ခုတို့သည် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ဖြစ်ခိုက် ဒွိဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်၌သာ ဖြစ်ကောင်းသောကြောင့် ထိုစိတ်လေးခုတို့ ဘဝင်ကိစ္စ တပ်ခိုက် ယင်းတို့၏ ကာမကြိယာဇော, မဟဂ္ဂုတ်လောကုတ္တရာဇော တို့မဖြစ်ကောင်း။ အရူပဘုံမှစုတေသော ပုဂ္ဂိုလ်တို့လည်း အခြားမဲ့ဘဝ ၌ အဟိတ်ဒွိဟိတ်ပဋိသန္ဓေမနေကောင်းသောကြောင့် ထိုစိတ်လေးခုတို့ ပဋိသန္ဓေ ကိစ္စတပ်ခိုက် ယင်းတို့၏ ပစ္ဆိမဝါရ စုတိတဆဲ့ငါးခု တို့ တွင် တခုခုသာဖြစ်ကောင်းသည်။ အရူပစုတိတို့မဖြစ်ကောင်း။ ၎င်းစိတ် လေးခုတို့ ဘဝင်ကိစ္စတပ်၍ ပရိတ္တာရုံဝီထိ တဒါရမ္မဏ ဝါရဝီထိ တို့၏ အခြားမဲ့၌ဖြစ်ခိုက် ယင်းတို့၏စိတ်မှာ မဟာဝိပါက်ပဌမနွေဖြင့်မှတ်ရာ၌ ပြဆိုခဲ့သည် အတိုင်းပင်။ ဘဝင်၏ ပဋိသန္ဓေ, စုတိ, ၏ဘဝင် တို့မှာ လည်းဤစိတ်လေးခု၌၎င်း,ဆိုလတ္တံ့ မဟဂ္ဂုတ်ဝိပါက်တို့၌၎င်း,ပဌမနွေ၌

ပြဆို ခဲ့သည့်ကိုပင် မှီ၍ သိလေ။ ရတိကိစ္စ တပ်ခိုက် ယင်းတို့ရှေ့ ဇော မှာလည်း ကာမကုသိုလ် အကုသိုလ်ဇော နှစ်ဆယ်တို့တွင် တခုခုကို သာယူ။

ရူပါဝစရဥ္စေ့ရှေအနန္တရစိတ်ကိုပြခြင်း

ရူပကုသိုလ်သုခသဟဂုတ်ရှေ့ အနန္တရဖြစ်ကောင်းသော စိတ်နှစ်ခုမှာ မဟာကုသိုလ်ပဌမဒွေ။ လောကီ ပဉ္စမဈာန် ကုသိုလ်ရှေ့ အနန္တရ စိတ်နှစ်ခုမှာ မဟာကုသိုလ် တတိယဒွေ။ ရူပကြိယာ သုခသဟဂုတ်ရှေ့ အနန္တရစိတ်နှစ်ခုမှာမဟာကြိယာပဌမဒွေ။ ကြိယာပဉ္စမဈာန်ရှေ့ အနန္တရစိတ်နှစ်ခုမှာ မဟာကြိယာတတိယဒွေ။ ရူပပဌမဈာန်ဝိပါက်ရှေ့ အနန္တရစိတ်ငါးဆဲ့ကိုးခုမှာ ဒွေါသဇောမဂ်ဇောတို့မှတပါး ဇောလေးဆဲ့ကိုးခု, မနောဒွါရာဝဇ္ဇန်း, ပဉ္စဝေါကာရ တိဟိတ်ဝိပါက်ကိုးခု။ ဘဝင်ကိစ္စအားဖြင့် ပရိတ္တာရုံဝီထိ၏ အခြားမဲ့၌ဖြစ်ခိုက် ယင်းရှေ့ဝုဋ္ဌော ဖြစ်သည်။ ပကတိအခါမဟန္တာရုံဝီထိ၏အခြားမဲ့၌ဖြစ်ခိုက်ယင်းရှေ့ ဒေါသဇောမှတပါး ကာမဇော နှစ်ဆဲ့ခုနစ်ခုတွင် တခုခုဖြစ်သည်။ မရဏာသန္န အခါဖြစ်မူ မဟာကုသိုလ် မဟာကြိယာဇော တဆဲ့ခြောက်ခု တို့တွင် တခုခု ဖြစ်သည်။ အပ္ပနာဝါရဝီထိနောက် ဖြစ်မူ ယင်းရှေ့မဂ်ဇောမှ တပါး အပ္ပနာဇော နှစ်ဆဲ့နှစ်ခုတို့တွင် တခုခု ဖြစ်ကောင်း၏။ ရတိကိစ္စတပ်ခိုက် ယင်းရှေ့ ဇောမှာယခင်ဇောတဆဲ့ခြောက်ခုတို့တွင် တခုခုပင်။ ပဋိသန္ဓေကိစ္စ တပ်ခိုက် ကာမသုဂတိ ခုနစ်ဘုံမှ ရတေသော ဈာန်ရ တိဟိတ်ပုထုဇ္ဇန် ဝေဟပ္ဖိုလ်တိုင် ရူပဆယ်ဘုံမှရတေသော တိဟိတ်ပုထုဇ္ဇန်တို့သည်ရူပ ပဌမဈာန်ဘုံ၌ ဖြစ်ကောင်းကုန်ရကား ယင်းရှေ့ပဉ္စဝေါကာရ တိဟိတ် ရတိကိုးခုတို့တွင် တခုခုဖြစ်သည်။ အောက်ဖလဌာန်ပုဂ္ဂိုလ်သုံးယောက်တို့၏ ပဋိသန္ဓေစိတ်ဖြစ်မူ ကာမသုဂတိခုနစ်ဘုံတို့မှရတေသော အောက်ဖလဌာန်သုံးယောက်, ရူပ ပဌမဈာန်ဘုံမှရတေသော အောက်ဖလဌာန်သုံးယောက်သာ ပဌမဈာန်ဘုံ၌ ဖြစ်ကောင်း သောကြောင့် ထိုရူပ ပဌမဈာန်ပဋိသန္ဓေရှေ့ရတိအရကို ကာမတိဟိတ်ရတိလေးခု, ရူပ ပဌမဈာန်

ရတိဘာသုအားဖြင့် ငါးရတ်တို့တွင် တခုခုကိုသာယူ။ ရူပဒုတိယဈာန်စိပါက် စသော အထက်ရူပဝိပါက်လေးရတ်တို့၏ အနန္တရဖြစ်ကောင်းသောစိတ် ငါးဆဲ့ကိုးရတ်တို့၌လည်း ဤနည်းအတိုင်းသိလေ။

အထူးမှာပဋိသန္ဓေကိစ္စတပ်ခိုက်၌ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏ပဋိသန္ဓေဖြစ်ခဲ့သော် ရူပဒုတိယဈာန် ပဋိသန္ဓေ၏ ကာမတိဟိတ်ရတိလေးခု, ရူပပဥ္စမဈာန် ဒုတိယဈာန် ရတိနှစ်ခုအားဖြင့် ခြောက်ရတ်တို့တွင်တခုခု။ တတိယဈာန် ပဋိသန္ဓေ၏ဖြစ်မှု ယခင်ရတိ ခြောက်ခုနှင့် တတိယဈာန် ရတိတခုအားဖြင့် ရတိခုနစ်ရတ်တို့တွင် တခုခု။ စတုတ္ထဈာန် ပဋိသန္ဓေ၏ ဖြစ်မှု ယခင်ရတိခုနစ်ခုနှင့် စတုတ္ထဈာန် ရတိတခု အားဖြင့် ရတိရှစ်ရတ်တို့တွင်တခုခု။ ရူပပဥ္စမဈာန် ပဋိသန္ဓေ၏ဖြစ်မှု ပဉ္စဝေါကာရတိဟိတ်ရတိ ကိုးရတ်တို့တွင် တခုခုဖြစ်သည်ဟုယူ။မိမိဖြစ်ရာဘုံမှရတော၍ အခြားမဲ့ဘဝဝယ်ထိုဘုံ၌ပင် ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏ ရတိပဋိသန္ဓေတို့သည် သမ္ပယုတ်, ဇာတ်, ဘုံ, တူသော်လည်း အာရုံမတူရာ ကိစ္စလည်း မတူသောကြောင့် ရှေ့စိတ်အရကို ယင်းနှင့်တကွယူ၍ ငါးဆဲ့ကိုးခုဟု ကောက်သည်။

အရူပါဝစရဋ္ဌရှေ့အနန္တရစိတ်ကိုပြခြင်း

ပဉ္စမာရုပ္ပဝိပါက်၏ အနန္တရစိတ် လေးဆဲ့ရှစ်ခုမှာ ဒေါသမူ ဟသိတုပ္ပါဒ်မှတပါး ကာမဇော နှစ်ဆဲ့ခြောက်ခု, အရူပဇောရှစ်ခု, ဖိုလ်ဇော လေးခု, ပဉ္စဝေါကာရတိဟိတ်ဝိပါက်ကိုးခု, ပဉ္စမာရုပ္ပဝိပါက် တခု။ ပဉ္စမာရုပ္ပဘုံမှရတော၍ တဖန် ထိုဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့၏ ရတိပဋိသန္ဓေတို့သည် သမ္ပယုတ်, ဇာတ်, ဘုံ, အာရုံ, တူသော်လည်း ကိစ္စမတူသောကြောင့် ရှေ့စိတ်အရကို ပဉ္စမာရုပ္ပဝိပါက်ပါယူ၍ လေးဆဲ့ရှစ်ခုကောက်သည်။ ဒုတိယာရုပ္ပဝိပါက် စသည်တို့၌လည်း ဤနည်းမှတ်။ ဘဝင်ကိစ္စတပ်၍ ကာမဇောဝါရဝီထိ၏ အခြားမဲ့၌ဖြစ်ခိုက် ယင်း၏ ဒေါသဇော ဟသိတုပ္ပါဒ်ဇောမှတပါး ကာမဇော နှစ်ဆဲ့ခြောက်ရတ်တို့တွင်တခုခု၊ မရဏာသန္နအခါဖြစ်မှု မဟာကုသိုလ် မဟာကြိယာဇောတဆဲ့ခြောက်ရတ်တို့

တွင်တရချ။ အပ္ပနာဇောဝါရဝိထိ၏အခြားမဲ့၌ဖြစ်မူ ယင်းရှေ့ အရူပဇော ရှစ်ခု,ဖိုလ်ဇောလေးခုအားဖြင့် ဤပတ်တဆဲ့နှစ်ချက်တို့တွင်တရချဖြစ်သည်။ ပဋိသန္ဓေကိစ္စတပ်ခိုက် ယင်းရှေ့ ပဉ္စဝေါကာရတိဟိတ် ဂတိကိုးခု, ပဉ္စမာရုပ္ပဂတိတခုအားဖြင့် ဤဂတိဆယ်ခုတို့တွင်တရချဖြစ်သည်။ ဂတိရှေ့ ဇောမှာ ယခင်ဇောတဆဲ့ခြောက်ခုတွင် တရချဖြစ်သည်။အထက်ဝိပါက် သုံးခုတို့၌လည်းဤနည်းမှတ်လေ။

ဒုတိယာရုပ္ပဝိပါက်ရှေ့ အနန္တရပစ်တ် လေးဆဲ့ခုနစ်ခုမှာ ယခင်လေးဆဲ့ရှစ်ခု၌ ပဉ္စမာရုပ္ပဇောနှစ်ချက်နှုတ်၍ ဒုတိယာရုပ္ပဝိပါက်ကိုထည့်။ အပ္ပနာဇောဝိထိနောက် ဘဝင်ကိစ္စတပ်ခိုက် ယင်းရှေ့ ပဉ္စမာရုပ္ပမှတပါးအရူပဇောခြောက်ခု ဖိုလ်ဇောလေးခု အားဖြင့် ဤပတ်ဆယ်ခုတို့တွင် တရချဖြစ်သည်။ ပဋိသန္ဓေကိစ္စတပ်ခိုက် ယင်းရှေ့ ပဉ္စဝေါကာရတိဟိတ်ဂတိကိုးခု, ပဉ္စမ, ဒုတိယ, အရူပဂတိနှစ်ခုအားဖြင့် ဤပတ်တဆဲ့တခု တို့တွင် တရချဖြစ်သည် အကြွင်းရှေးနှင့်တူပြီ။

တတိယာရုပ္ပ ဝိပါက်ရှေ့ အနန္တရပစ်တ် လေးဆဲ့ ခြောက်ခုမှာ ယခင် လေးဆဲ့ခုနစ်ခု၌ ဒုတိယာရုပ္ပဇော နှစ်ချက်နှုတ်၍ တတိယာရုပ္ပဝိပါက်ကို ထည့်။အပ္ပနာဇောဝါရဝိထိနောက် ဘဝင်ကိစ္စတပ်၍ဖြစ်ခိုက် ယင်းရှေ့ တတိယာရုပ္ပ စတုတ္ထာရုပ္ပဇောလေးခု,ဖိုလ်ဇောလေးခု,အားဖြင့် ဤပတ် ရှစ်ခုတို့တွင် တရချဖြစ်သည်။ပဋိသန္ဓေကိစ္စတပ်ခိုက် ယင်းရှေ့ စတုတ္ထာရုပ္ပဂတိမှတပါး တိဟိတ်ဂတိ တဆဲ့နှစ်ခုတွင် တရချဖြစ်သည်။ အကြွင်း သိသာပြီ။

စတုတ္ထာရုပ္ပဝိပါက်ရှေ့ အနန္တရပစ်က် လေးဆဲ့ငါးခုမှာ ယခင်လေးဆဲ့ ခြောက်ခု၌ တတိယာ ရုပ္ပဇော နှစ်ချက်ကို နှုတ်၍ စတုတ္ထာရုပ္ပဝိပါက်ကို ထည့်။အပ္ပနာဇောဝါရဝိထိ၏အခြားမဲ့၌ ဘဝင်ကိစ္စတပ်၍ဖြစ်ခိုက် ယင်း ရှေ့စတုတ္ထာရုပ္ပဇောနှစ်ခု, ဖိုလ်ဇောလေးခုအားဖြင့် ဤပတ်ခြောက်ခုတို့ တွင် တရချဖြစ်သည်။ ပဋိသန္ဓေကိစ္စတပ်ခိုက် ယင်းရှေ့ တိဟိတ် ဂတိ တဆဲ့သုံးခုတို့တွင် တရချဖြစ်သည်။

လောကုတ္တရာဇော၌ရှေ့အနန္တရစိတ်ကိုပြခြင်း

မဂ်သုခသဟဂုတ်ရှေ့ အနန္တရစိတ်နှစ်ခုမှာ မဟာကုသိုလ် ပဌမဒွေး၊ မဂ်ဥပေက္ခာသဟဂုတ်ရှေ့ အနန္တရစိတ်နှစ်ခုမှာ မဟာကုသိုလ်တတိယဒွေး၊ သောတာပတ္တိဖိုလ် ပဌမဈာန်ရှေ့ အနန္တရစိတ် သုံးခုမှာ ပဌမဈာန် သောတာပတ္တိမဂ်စိတ်တခု, မဟာကုသိုလ်ပဌမဒွေး၊ သောတာပတ္တိဖိုလ် ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, စိတ်တို့ဖြင့် မှတ်ရာ၌လည်း ဤနည်းသုံးခုစီကောက်၊ မဂ်မှာမိမိနှင့် ဈာန်အင်္ဂါတူသော မဂ်ကိုယူ၊ သောတာပတ္တိဖိုလ် ပဉ္စမဈာန်စိတ်ရှေ့ အနန္တရစိတ်သုံးခုမှာ သောတာပတ္တိမဂ် ပဉ္စမဈာန်စိတ်တခု, မဟာကုသိုလ်တတိယဒွေး၊ အထက်ဖိုလ်တို့ဖြင့် မှတ်ရာ၌လည်း ဤနည်းငါးချက်စီထုတ်၊ ရှေ့စိတ်အရာ၌ မဂ်စိတ်မှာ မိမိတို့မဂ်ကိုသာ အသီးအသီး အစဉ်အတိုင်းယူ၊ ထူးသည့်ကိုသာ ပြတော့အံ့၊

အနာဂါမိဖိုလ် ပဉ္စမဈာန်ရှေ့ အနန္တရစိတ် လေးခုမှာ အနာဂါမိမဂ် ပဉ္စမဈာန်, မဟာကုသိုလ် တတိယဒွေး, စတုတ္ထာရုပ္ပ ကုသိုလ်၊ နိရောဓ သမာပတ္တိရှေ့ဖြစ်သော စတုတ္ထာရုပ္ပ ကုသိုလ်သည် နိရောဓာနန္တရဖြစ်သော အနာဂါမိဖိုလ်၏ ရှေ့၌ ဖြစ်သည်၊ အရဟတ္တဖိုလ် ပဌမဈာန်ရှေ့ အနန္တရ ဖြစ်ကောင်းသောစိတ် သုံးခုမှာ အရဟတ္တမဂ်ပဌမဈာန်, မဟာကြိယာပဌမဒွေး၊ အရဟတ္တဖိုလ် ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်, တို့ဖြင့် မှတ်ရာ၌လည်း ဤနည်းသုံးခုစီကောက်၊ မဂ်မှာမိမိနှင့် ဈာန်အင်္ဂါတူသောမဂ်ကိုယူ၊ အရဟတ္တဖိုလ် ပဉ္စမဈာန်ရှေ့ အနန္တရ ဖြစ်ကောင်း သောစိတ်လေးခုမှာ အရဟတ္တမဂ်ပဉ္စမဈာန်တခု,မဟာကြိယာတတိယဒွေး,စတုတ္ထာရုပ္ပကြိယာ၊ အနန္တရနောက် စိတ်တို့ဖြင့် မှတ်အပ်သော ရှေ့စိတ်တို့၏ သရုပ်အပြားကို ပြသောနည်းကား ဤတွင်ပြီး၏။

ရှေ့-နောက်-အနန္တရစိတ်တို့ဖြင့်မှတ်၍အလယ်စိတ်ကိုပြခြင်း

အနန္တရရှေ့စိတ် နောက်စိတ်ဖြင့် မှတ်အပ်သော အလယ်အကြားဖြစ်သော စိတ်တို့၏ သရုပ်အပြားကို ပြသောနည်းကို ပြဦးအံ့၊ ဌာနတပါး၌ သာဖြစ်သောစိတ်သုံးဆဲ့လေးခုမှာ ပဉ္စဝိညာဏဓာတ်တဆယ်,စတုတ္ထာ

ရူပမှတပါး မဟဂ္ဂုတ်ဇော တဆဲ့ခြောက်ခု, လောကုတ္တရာစိတ် ၈စ်ခု။ ဤတွင် ပဥ္စဝိညာဏဓာတ်မှာ ပဥ္စဒွါရာဝဇ္ဇန်းစိတ် သမ္ပဋိစ္ဆိုန်းစိတ်တို့၏ အကြား၌ဖြစ်သည်။စတုတ္ထာရူပမှတပါးသော မဟဂ္ဂုတ်ဇောမှာ ကာမ ဇော ဘဝင်တို့၏ အကြား၌ ဖြစ်သည်။ မဂ်စိတ်မှာ ကာမဇော ဖိုလ်ဇော တို့၏ အကြား၌ ဖြစ်သည်။ ဖိုလ်စိတ်မှာ ဇောဘဝင် တို့၏ အကြား၌ ဖြစ်သည်။အောက်ဖိုလ်နှစ်ခုမှာ မဂ်ဇောဘဝင်တို့၏ အကြား ကာမဇော ဘ ဝင်တို့၏ အကြား၌ ဖြစ်၏။ ဤသို့ယူမှု နှစ်ဌာန၌ ဖြစ်သော စိတ်သို့သွင်း။ အထက်ဖိုလ်နှစ်ခုမှာ မဂ်ဇောဘဝင်တို့၏အကြား,ကာမဇောဘဝင်တို့၏ အကြား,စတုတ္ထာရူပဇောဘဝင်တို့၏ အကြား၌ဖြစ်၏။ဤသို့ယူမှု သုံးဌာန၌ ဖြစ်သော စိတ်သို့ သွင်း။ နှုတ်ရာ သွင်းရာ၌ သင်္ချာ အတိုး အလျော့ကို သိလေ။

ဌာနနှစ်ပါး၌ ဖြစ်သော စိတ်နှစ်ခုမှာ စတုတ္ထာရူပဇော။ ဤစိတ်သည် ကာမဇော ဘဝင်တို့၏ အကြား, ကာမဇော ဖိုလ်ဇောတို့၏ အကြား၌ ဖြစ်သည်။ သုံးဌာန၌ဖြစ်သော စိတ်နှစ်ခုမှာ သုခသန္တီရဏ မနောဒွါရာ ဝဇ္ဇန်း။ဤတွင်သန္တီရဏမှာ သန္တီရဏကိစ္စတပ်ခိုက်သမ္ပဋိစ္ဆိုန်းဝုဋ္ဌော တို့၏အကြား, တဒါရုံကိစ္စတပ်ခိုက် ဇောဘဝင်တို့၏အကြား, ဇောစုတိ တို့၏အကြား၌ဖြစ်သည်။ မနောဒွါရာဝဇ္ဇန်းမှာ အာဝဇ္ဇန်း ကိစ္စတပ်ခိုက် ဘဝင်ဇောတို့၏အကြား, ဝုဋ္ဌောကိစ္စတပ်ခိုက်မှာ မဟန္တာရုံဝိထိ အတိ မဟန္တာရုံဝိထိ၌ သန္တီရဏဇောတို့၏အကြား, ပရိတ္တာရုံဝိထိ၌ သန္တီရ ဏဘဝင်တို့၏ အကြား၌ ဖြစ်သည်။

လေးဌာန၌ဖြစ်သော စိတ်တခုမှာ ဟသိတုပ္ပါဒ်။ ဤစိတ်သည် မနော ဒွါရဝိထိ၌ ဖြစ်ခိုက် မနောဒွါရာဝဇ္ဇန်း တဒါရုံတို့၏အကြား, မနောဒွါရာ ဝဇ္ဇန်းဘဝင်တို့၏အကြား,ပဥ္စဒွါရ၌ဖြစ်ခိုက် ဝုဋ္ဌောတဒါရုံတို့၏အကြား, ဝုဋ္ဌောဘဝင်တို့၏ အကြား၌ဖြစ်၏။

[**ဤလည်းဟသိတုပ္ပါဒ်သည်** မရဟာသန္တာန်၌ မဖြစ်ကောင်းဟု ဆိုသော ဆရာတို့အလိုသာ ဖြစ်ကောင်း၏ဟု ယူမှု ခြောက်ဌာန ဖြစ်သောစိတ် နှစ်ဆယ်နှင့် ပေါင်း၍ယူ။]

ငါးဌာနန္တဖြစ်သောစိတ်သုံးခုမှာ မနောဓာတ်။ ဤတွင်သမ္ပဋိစ္ဆုန်းမှာ စက္ခုဝိညာဏ် သန္တီရဏတို့၏အကြား, သောတဝိညာဏ် သန္တီရဏ တို့၏အကြား, ဃာနဝိညာဏ် သန္တီရဏတို့၏ အကြား, ဇိဝှါဝိညာဏ် သန္တီရဏတို့၏အကြား, ကာယဝိညာဏ် သန္တီရဏတို့၏အကြား, ငါး ဌာနန္တဖြစ်သည်။ ပဉ္စဒွါရာဝဇ္ဇန်းမှာ ဘဝင်စက္ခုဝိညာဏ်, ဘဝင်သောတ ဝိညာဏ်, ဘဝင် ဃာနဝိညာဏ်, ဘဝင် ဇိဝှါဝိညာဏ်, ဘဝင် ကာယ ဝိညာဏ်,တို့၏အကြား၊ ဤငါးဌာနန္တဖြစ်သည်။

ခြောက်ဌာနန္တဖြစ်သော စိတ်နှစ်ဆယ်မှာ ဧကဟိတ်ဇောနှစ်ခု,ဒွိဟိတ် ဇော တဆဲ့ရှစ်ခု။ ဤစိတ်တို့သည် ပဉ္စဒွါရ၌ ဖြစ်ခိုက် ဝုဋ္ဌောတဒါရုံတို့၏ အကြား,ဝုဋ္ဌောဘဝင်တို့၏အကြား,ဝုဋ္ဌောစုတိတို့၏အကြား။ မနောဒွါရ၌ ဖြစ်ခိုက် မနောဒွါရာဝဇ္ဇန်း တဒါရုံတို့၏အကြား,မနောဒွါရာဝဇ္ဇန်း ဘဝင် တို့၏ အကြား, မနောဒွါရာဝဇ္ဇန်း စုတိတို့၏ အကြား၊ ဤခြောက် ဌာနန္တ ဖြစ်ကုန်သည်။

ခုနစ်ဌာနန္တ ဖြစ်သော စိတ်တဆဲ့ခုနစ်ခုမှာ တိဟိတ်ကာမဇောရှစ်ခု, မဟဂ္ဂုတ်ဝိပါက် ကိုးခု။ ဤတွင်မဟဂ္ဂုတ်ဝိပါက်မှာ ပဋိသန္ဓေကိစ္စတပ် ခိုက် စုတိဘဝင်တို့၏အကြား၌ ဘဝင်ကိစ္စတပ်ခိုက် ပဋိသန္ဓေအာဝဇ္ဇန်း တို့၏ အကြား, ဇောအာဝဇ္ဇန်းတို့၏ အကြား, ဝုဋ္ဌောအာဝဇ္ဇန်းတို့၏ အ ကြား, ဇောစုတိတို့၏ အကြား၌ စုတိကိစ္စတပ်ခိုက် ဇောပဋိသန္ဓေ တို့၏ အကြား, ဘဝင်ပဋိသန္ဓေတို့၏ အကြား၌ ဖြစ်၏။ တိဟိတ်ကာမဇောမှာ ယခင်ခြောက်ဌာနနှင့် အာဝဇ္ဇန်း အပ္ပနာဇောတို့၏ အကြား ဌာနန္တဖြစ်၏။

တဆဲ့နှစ်ဌာနန္တ ဖြစ်သော စိတ်ရှစ်ခုမှာ မဟာဝိပါက်။ ဤမဟာဝိပါက် စိတ်သည် ပဋိသန္ဓေကိစ္စတပ်ခိုက် စုတိဘဝင်တို့၏အကြား၌ ဘဝင်ကိစ္စ တပ်ခိုက် ပဋိသန္ဓေ အာဝဇ္ဇန်းတို့၏ အကြား, တဒါရုံ အာဝဇ္ဇန်းတို့၏ အ ကြား,ဝုဋ္ဌောအာဝဇ္ဇန်းတို့၏အကြား,ဇောအာဝဇ္ဇန်းတို့၏အကြား,တဒါရုံ စုတိတို့၏အကြား, ဇောစုတိတို့၏အကြား, စုတိကိစ္စတပ်ခိုက် ဘဝင်ပဋိ သန္ဓေတို့၏အကြား, တဒါရုံပဋိသန္ဓေတို့၏အကြား, ဇောပဋိသန္ဓေတို့၏ အကြား၌ တဒါရုံကိစ္စတပ်ခိုက် ဇောဘဝင်တို့၏အကြား,ဇောစုတိတို့၏ အကြား၌ဖြစ်၏။

တဆဲ့သုံးဌာန၌ဖြစ်သော စိတ်နှစ်ခုမှာ ဥပေက္ခာသန္တီရဏ။ ယခင်ဌာနတဆဲ့နှစ်နှင့် သန္တီရဏကိစ္စတပ်ဝိုက် သမ္ပဋိစ္ဆိုန်းပုဗ္ဗောတို့၏ အကြား ဌာနတပါး၌ဖြစ်သည်။

[**ရှေ့စိတ်နောက်စိတ်တို့ဖြင့်** မှတ်အပ်သော အလယ်အကြား ဖြစ်သော စိတ်တို့၏ သရုပ်အပြားကို ပြသောနည်းကား ဤတွင် ပြီး၏။]

စေတသိက်ဖြင့်မှတ်၍စိတ်၏ သရုပ်ကိုပြခြင်း

စေတသိက်ဖြင့်မှတ်၍ စိတ်တို့၏ သရုပ်အပြားကို ပြဦးအံ့။ ဖဿအစ ရှိကုန်သော သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ခုတို့သည် ရှိသမျှ စိတ်ရှစ်ဆဲ့ကိုးခု, အကျယ် တရာ့နှစ်ဆဲ့ တခု, တို့၌ ယှဉ်သည်ချည်း ဖြစ်သောကြောင့် ထိုဖဿစသည်ဖြင့်မှတ်၍ စိတ်တို့၏ဖဿသဟဂုတ်အဖြစ်စသည်ကို ဆိုသည်ရှိသော် အလုံးစုံသောစိတ်သည် ဖဿသဟဂုတ် အဖြစ်စသည်ဖြင့် သာမည တပါးတည်းသာဖြစ်၍ အထူးအပြားမရှိရကား ယင်းတို့ဖြင့် မှတ်၍ မပြမဆိုဘဲ ဝိတက်ဝိစာရ အစရှိကုန်သော စေတသိက်တို့သာလျှင် စိတ်အချို့နှင့်ယှဉ်၍ စိတ်အချို့နှင့် မယှဉ်သောကြောင့် ထိုဝိတက် အစရှိသည်တို့ဖြင့်မှတ်၍ ပြဆိုသော်သာ စိတ်တို့၏အထူးထင်ရှားရကား ဝိတက် စသည်တို့ဖြင့်သာ မှတ်၍ စိတ်တို့၏ သရုပ်အပြားကို ပြဆိုအံ့။

ဝိတက်နှင့်ယှဉ်သော သဝိတက္ကစိတ်ငါးဆဲ့ငါးခုမှာ ဒွေပဉ္စဝိညာဏ်မှ တပါးသော ကာမစိတ်လေးဆဲ့လေးခု, ပဌမဈာန်စိတ်တဆဲ့တခု။ ဝိစာရနှင့် ယှဉ်သော သဝိစာရစိတ် ခြောက်ဆဲ့ခြောက်ခုမှာ ယခင် သဝိတက္ကစိတ်ငါးဆဲ့ငါးခု, ဒုတိယဈာန်စိတ် တဆဲ့တခု။ အဓိမောက္ခနှင့် ယှဉ်သော သာဓိမောက္ခစိတ် ခုနစ်ဆဲ့ရှစ်ခုမှာ ဒွေပဉ္စဝိညာဏ် တဆယ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်အားဖြင့် ဤတဆဲ့တပါးသောစိတ်တို့မှ တပါးသောကာမစိတ်လေးဆဲ့သုံးခု, မဟဂ္ဂုတ် လောကုတ္တရာစိတ် သုံးဆဲ့ငါးခု၊ ဝိရိယနှင့် ယှဉ်သော သဝိရိယစိတ် ခုနစ်ဆဲ့သုံးခုမှာ ပဉ္စဝိညာဏဓာတ် တဆယ်,

မနောဓာတ်သုံးခု, သန္တီရဏစိတ်သုံးခုအားဖြင့် ဤစိတ်တဆဲ့ခြောက်ပါးတို့မှ တပါးသော ကာမစိတ် သုံးဆဲ့ရှစ်ခု, မဟဂ္ဂုတ်လောကုတ္တရာစိတ်သုံးဆဲ့ငါးခု။ ပီတိနှင့် ယှဉ်သော သပီတိကစိတ် ငါးဆဲ့တခုမှာ ဒေါသမူစိတ်နှစ်ခု, ဥပေက္ခာသဟဂုတ်စိတ် ငါးဆဲ့ငါးခု, ကာယဝိညာဏ်စိတ်နှစ်ခု, စတုတ္ထဈာန်စိတ် တဆဲ့တခု အားဖြင့် ဤစိတ် ခုနစ်ဆယ်တို့မှ တပါးသော သောမနဿ သဟဂုတ်စိတ်။ ဆန္ဒနှင့် ယှဉ်သော သဆန္ဒစိတ်ခြောက်ဆဲ့ကိုးခုမှာ အဟိတ်စိတ်တဆဲ့ရှစ်ခု, မောဟမူစိတ်နှစ်ခု အားဖြင့်ဤစိတ်နှစ်ဆယ်တို့မှ တပါးသောလောဘမူစိတ်ရှစ်ခု, ဒေါသမူစိတ်နှစ်ခု, သောဘဏစိတ်ငါးဆဲ့ကိုးခု။ ဤပကိဏ်းစေတသိက်တို့ဖြင့်မှတ်ရာ စိတ်အကျဉ်းအကျယ် နည်းနှစ်ပါးတွင် အဓိမောက္ခဝီရိယဆန္ဒဖြင့် မှတ်သောစိတ်အရကို အကျဉ်း နည်း၌ ဝိတက်, ဝိစာရ, ပီတိ, ဖြင့်မှတ်သော စိတ်အရကိုအကျယ်နည်း၌ယူလေ။

မောဟနှင့်ယှဉ်သော စိတ်တဆဲ့နှစ်ခုမှာ အကုသိုလ်စိတ်။ အဟိရိက, အနောတ္တပ္ပဥဒ္ဓစ္စတို့နှင့်ယှဉ်သော စိတ်တဆဲ့နှစ်ခုလည်းဤစိတ်ပင်။ လောဘနှင့်ယှဉ်သောစိတ်ရှစ်ခုမှာ လောဘမူစိတ်ရှစ်ခုပင်။ ဒိဋ္ဌိနှင့် ယှဉ်သောစိတ်လေးခုမှာ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်။ မာနနှင့်ယှဉ်သောစိတ်လေးခုမှာ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်။ ဒေါသနှင့် ယှဉ်သော စိတ်နှစ်ခုမှာ ဒေါသမူစိတ်။ ဣဿာမစ္ဆရိယကုက္ကုစ္စ တို့နှင့် ယှဉ်သော စိတ်နှစ်ခုလည်း ဤစိတ်ပင်။ ထိနနှင့် ယှဉ်သောစိတ်ငါးခုမှာ လောဘမူသသင်္ခါရိကစိတ်လေးခု, ဒေါသမူသသင်္ခါရိကစိတ်တခု။ မိဒ္ဓနှင့်ယှဉ်သောစိတ်လည်းဤငါးခုပင်။ ဝိစိကိစ္ဆာနှင့်ယှဉ်သောစိတ်တခုမှာ ဝိစိကိစ္ဆာသဟဂုတ်စိတ်။

သဒ္ဓါစေတသိက်နှင့် ယှဉ်သောစိတ်ငါးဆဲ့ကိုးခုမှာ သောဘဏစိတ်အကုန်။ သတိအစရှိသော သောဘဏသာဓာရဏစေတသိက်တဆဲ့ရှစ်ခုတို့နှင့်ယှဉ်သော စိတ်ငါးဆဲ့ကိုးခုတို့လည်း ဤစိတ်တို့ပင်။ သမ္မာဝါစာနှင့်ယှဉ်သော စိတ်တဆဲ့ခြောက်ခုမှာ မဟာကုသိုလ်စိတ်,လောကုတ္တရာစိတ်ရှစ်ခု။ သမ္မာကမ္မန္တ သမ္မာအာဇီဝ တို့နှင့် ယှဉ်သော စိတ်လည်း ဤစိတ်ဘဆဲ့ခြောက်ခုပင်။ ကရုဏာနှင့်ယှဉ်သောစိတ်နှစ်ဆဲ့ရှစ်ခုမှာ မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာရှစ်ခု, ရူပကုသိုလ်ဝိပါက်ကြိယာ သုခ

သဟဂုတ်စိတ်တဆဲ့နှစ်ခု။ မုဒိတာနှင့်ယှဉ်သောစိတ်လည်း၍စိတ်နှစ်ဆဲ့ ရှစ်ခုပင်။ ပညိန္ဒြေနှင့် ယှဉ်သော စိတ်လေးဆဲ့ခုနစ်ခုမှာ တိဟိတ် ကာမ ကုသိုလ်ဝိပါက် ကြိယာစိတ် တဆဲ့နှစ်ခု, မဟဂ္ဂုတ်စိတ် နှစ်ဆဲ့ခုနစ်ခု, လောကုတ္တရာစိတ်ရှစ်ခု။

သမ္ပယုတ်စေတသိက် အရေအတွက်တို့ဖြင့်မှတ်၍ စိတ်တို့၏ သရုပ် အပြားကိုပြဦးအံ့။ စေတသိက်ခုနစ်ခုတို့နှင့်သာယှဉ်သော စိတ်တဆယ် မှာ ဒွေပဉ္စဝိညာဏ်။ စေတသိက်တဆယ်နှင့်သာယှဉ်သောစိတ်ငါးခုမှာ မနောဓာတ် သုံးခု, ဥပေက္ခာသန္တီရဏနှစ်ခု။ စေတသိက် တဆဲ့တခုနှင့် သာ ယှဉ်သော စိတ်နှစ်ခုမှာ သုခသန္တီရဏ, မနောဒွါရာဝဇ္ဇန်း။ စေတ သိက်တဆဲ့နှစ်ခုနှင့်သာယှဉ်သောစိတ်တခုမှာ ဟသိတုပ္ပါဒ်။ စေတသိက် တဆဲ့ငါးခု နှင့်သာ ယှဉ်သော စိတ်နှစ်ခုမှာ မောဟမူစိတ်။ စေတသိက် တဆဲ့ရှစ်ခုနှင့်သာ ယှဉ်သောစိတ်နှစ်ခုမှာ ဥပေက္ခာသဟဂုတ်အသင်္ခါရိ ကဖြစ်သော လောဘမူပဉ္စမ သတ္တမစိတ်။ စေတသိက်တဆဲ့ကိုးခုနှင့်သာ ယှဉ်သော စိတ်နှစ်ခုမှာ သောမနဿသဟဂုတ် အသင်္ခါရိက ဖြစ်သော လောဘမူ ပဌမတတိယစိတ်။ စေတသိက် နှစ်ဆယ်နှင့်သာ ယှဉ်သော စိတ်သုံးခုမှာ ဥပေက္ခာသဟဂုတ် သသင်္ခါရိကဖြစ်သော လောဘမူဆဋ္ဌ အဋ္ဌမစိတ်နှစ်ခု, ဒေါသမူအသင်္ခါရိကစိတ်တခု။ စေတသိက် နှစ်ဆဲ့တခု နှင့်သာယှဉ်သော စိတ်နှစ်ခုမှာ သောမနဿသဟဂုတ် သသင်္ခါရိကဖြစ် သောလောဘမူဒုတိယစတုတ္ထစိတ်။ စေတသိက်နှစ်ဆဲ့နှစ်ခုနှင့်သာ ယှဉ် သောစိတ်တခုမှာ ဒေါသမူသသင်္ခါရိက။ စေတသိက် သုံးဆယ်နှင့်သာ ယှဉ်သော စိတ်တဆဲ့ငါးခုမှာ လောကီ ပဉ္စမဈာန်စိတ်။ စေတသိက် သုံး ဆဲ့တခုနှင့်သာ ယှဉ်သောစိတ် နှစ်ခုမှာ မဟာဝိပါက်စတုတ္ထဒွေ။ စေတ သိက်သုံးဆဲ့နှစ်ခုနှင့်သာ ယှဉ်သောစိတ်ခုနစ်ခုမှာ မဟာဝိပါက် ဒုတိယ ဒွေ, တတိယဒွေ, ရူပစတုတ္ထဈာန်စိတ်။ စေတသိက် သုံးဆဲ့သုံးခု နှင့်သာ ယှဉ်သောစိတ်နှစ်ဆဲ့သုံးခုမှာမဟာဝိပါက်ပဌမဒွေ,မဟာကြိယာစတုတ္ထ ဒွေ, ရူပဘတိယဈာန်, လောကုတ္တရာစတုတ္ထ, ပဉ္စမဈာန်။ စေတသိက်သုံး ဆဲ့လေးခုနှင့်သာ ယှဉ်သောစိတ်တဆဲ့ငါးခုမှာ မဟာကြိယာ ဒုတိယဒွေ, တတိယဒွေ, ရူပဒုတိယဈာန်, လောကုတ္တရာ တတိယဈာန်။ စေတသိက်

သုံးဆဲ့ငါးခုနှင့်သာယှဉ်သော စိတ်တဆဲ့သုံးခုမှာ မဟာကြိယာ ပဌမဒွေ, ရူပပဌမဈာန်, လောကုတ္တရာ ဒုတိယဈာန်။ စေတသိက် သုံးဆဲ့ခြောက်ခု နှင့်သာ ယှဉ်သော စိတ်တဆယ်မှာ မဟာကုသိုလ် စတုတ္ထဒွေ, လော ကုတ္တရာ ပဌမဈာန်။ စေတသိက် သုံးဆဲ့ခုနစ်ခုနှင့်သာ ယှဉ်သော စိတ် လေးခုမှာ မဟာကုသိုလ်ဒုတိယဒွေ, တတိယဒွေ။ စေတသိက် သုံးဆဲ့ရှစ် ခုနှင့်သာယှဉ်သောစိတ်နှစ်ခုမှာ မဟာကုသိုလ်ပဌမဒွေ။

ဝေဒနာဘို့ဖြင့်မှတ်၍စိတ်သရုပ်ကိုပြခြင်း

ဝေဒနာဖြင့်မှတ်၍ စိတ်တို့၏သရုပ်အပြားကိုပြဦးအံ့။ သုခဝေဒနာနှင့် ယှဉ်သောစိတ်တခုမှာ ကုသလဝိပါက်ကာယဝိညာဏ်။ ဒုက္ခဝေဒနာနှင့် ယှဉ်သောစိတ်တခုမှာ အကုသလဝိပါက်ကာယဝိညာဏ်။ သောမနဿ ဝေဒနာနှင့် ယှဉ်သောစိတ် ခြောက်ဆဲ့နှစ်ခုမှာ လောဘမူစိတ် လေးခု, သုခသန္တီရဏ တခု, ဟသိတုပ္ပါဒ် တခု, ကာမာဝစရ သောဘဏစိတ် တဆဲ့နှစ်ခု, ပဌမဈာန်စိတ်တဆဲ့တခု, ဒုတိယဈာန်စိတ်တဆဲ့တခု, တတိ ယဈာန်စိတ်တဆဲ့တခု, စတုတ္ထဈာန်စိတ်တဆဲ့တခု။ ဒေါမနဿဝေဒနာ နှင့်ယှဉ်သော စိတ်နှစ်ခုမှာ ဒေါသမူဒွေ။ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော စိတ်ငါးဆဲ့ငါးခုမှာ လောဘမူစိတ်လေးခု, မောဟမူစိတ်နှစ်ခု, အဟိတ် စိတ်တဆဲ့လေးခု, ကာမာဝစရ သောဘဏစိတ် တဆဲ့နှစ်ခု, ပဉ္စမဈာန် စိတ်နှစ်ဆဲ့သုံးခု။ ဣန္ဒြိယဘေဒအားဖြင့် ငါးပါးပြားသော ဝေဒနာဖြင့်မှတ် ၍ခွဲသည်။ အနုဘဝနလက္ခဏာအားဖြင့်သုံးပါးပြားသောဝေဒနာဖြင့်မှတ် ၍ခွဲသော်ကား ဒုက္ခသဟဂုတ် ဒေါမနဿ သဟဂုတ်နှစ်ပါးကို ပေါင်း၍ ဒုက္ခသဟဂုတ်စိတ်သုံးခု, သုခသဟဂုတ် သောမနဿသဟဂုတ် နှစ်ပါး ကိုပေါင်း၍ သုခသဟဂုတ်စိတ်ခြောက်ဆဲ့သုံးခုဟူ၍[illegible]။

ဟိတ်ဘို့ဖြင့်မှတ်၍စိတ်သရုပ်ကိုပြခြင်း

ဟိတ်ခြောက်ပါးဖြင့်မှတ်၍ စိတ်တို့၏သရုပ်အပြားကိုပြဦးအံ့။ လော ဘဟိတ်နှင့်ယှဉ်သောစိတ်ရှစ်ခုမှာ လောဘမူစိတ်။ ဒေါသဟိတ်နှင့်ယှဉ်

သောစိတ်နှစ်ခုမှာ ဒေါသမူနွေ။ မောဟဟိတ်နှင့်ယှဉ်သောစိတ်တဆဲ့နှစ်ခုမှာ အကုသိုလ်စိတ်။ အလောဘဟိတ်နှင့် ယှဉ်သောစိတ် ငါးဆဲ့ကိုးခုမှာ သောဘဏစိတ်အကုန်။ အဒေါသဟိတ်နှင့်ယှဉ်သောစိတ်ငါးဆဲ့ကိုးခုလည်းအတူ။ အမောဟဟိတ်နှင့်ယှဉ်သောစိတ်လေးဆဲ့ခုနစ်ခုမှာဉာဏသမ္ပယုတ် ကာမစိတ် တဆဲ့နှစ်ခု, မဟဂ္ဂုတ်စိတ် နှစ်ဆဲ့ခုနစ်ခု, လောကုတ္တရာစိတ်ရှစ်ခု။

ဟိတ်တပါးနှင့်သာယှဉ်သော ဧကဟိတ်စိတ် နှစ်ခုမှာ မောဟမူနွေ။ ဟိတ်နှစ်ပါးတို့နှင့်သာ ယှဉ်သော ဒွိဟိတ်စိတ် နှစ်ဆဲ့နှစ်ခုမှာ လောဘမူစိတ်ရှစ်ခု, ဒေါသမူစိတ်နှစ်ခု, ဉာဏဝိပ္ပယုတ် ဖြစ်သော မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာစိတ်တဆဲ့နှစ်ခု။ဟိတ်သုံးပါးတို့နှင့်ယှဉ်သော တိဟိတ်စိတ်လေးဆဲ့ခုနစ်ခုမှာယခင်လေးဆဲ့ခုနစ်ခုပင်။ဟိတ်နှင့်အလျှင်းပင်မယှဉ်သောစိတ်တဆဲ့ရှစ်ခုမှာ အဟိတ်စိတ်တဆဲ့ရှစ်ခုပင်။

ကိစ္စတို့ဖြင့်မှတ်၍စိတ်သရုပ်ကိုပြခြင်း

ကိစ္စတဆဲ့လေးပါးတို့ဖြင့်မှတ်၍ စိတ်တို့၏ သရုပ်အပြားကို ပြဦးအံ့။ ပဋိသန္ဓေ ကိစ္စတပ်သော စိတ်တဆဲ့ကိုးခုမှာ ဥပေက္ခာသန္တီရဏနှစ်ခု, မဟာဝိပါက် ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု။ ဘဝင်ကိစ္စ တပ်သောစိတ်, ရုတိကိစ္စတပ်သောစိတ်လည်း ဤတဆဲ့ကိုးခုပင်။ ဒဿနကိစ္စတပ်သော နှစ်ခုမှာ စက္ခုဝိညာဏ်နွေ။ သဝနကိစ္စတပ်သောစိတ်နှစ်ခုမှာ သောတဝိညာဏ်နွေ။ ဃာယနကိစ္စတပ်သော စိတ်နှစ်ခုမှာ ဃာနဝိညာဏ်နွေ။ သာယန ကိစ္စတပ်သော စိတ်နှစ်ခုမှာ ဇိဝှါဝိညာဏ်နွေ။ ဖုသနကိစ္စတပ်သော စိတ်နှစ်ခုမှာ ကာယဝိညာဏ်နွေ။ အာဝဇ္ဇနကိစ္စ တပ်သောစိတ် နှစ်ခုမှာ ပဉ္စဒွါရာဝဇ္ဇန်း မနောဒွါရာဝဇ္ဇန်း။ သမ္ပဋိစ္ဆနကိစ္စတပ်သောစိတ် နှစ်ခုမှာ သမ္ပဋိစ္ဆုန်းနွေ။ သန္တီရဏကိစ္စတပ်သော စိတ်သုံးခုမှာ သန္တီရဏ စိတ်သုံးခု။ ဝုဋ္ဌော ကိစ္စတပ်သော စိတ်တခုမှာ မနောဒွါရာဝဇ္ဇန်း။ ဇောကိစ္စ တပ်သောစိတ် ငါးဆဲ့ငါးခုမှာ အာဝဇ္ဇန်းနွေမှ တပါး ကြိယာစိတ် တဆဲ့ရှစ်ခု, အကုသိုလ်စိတ် တဆဲ့နှစ်ခု, ကုသိုလ်စိတ် နှစ်ဆဲ့တခု,

ဖိုလ်စိတ်လေးခု။တဒါရုံကိစ္စတပ်သောစိတ်တဆဲ့တခုမှာသန္တီရဏစိတ်သုံးခု,မဟာဝိပါက်စိတ်ရှစ်ခု။

ကိစ္စ တပါးသာ တပ်သောစိတ် ခြောက်ဆဲ့ ရှစ်ခုမှာ ပဥ္စဝိညာဏဓာတ်တဆယ်,မနောဓာတ်သုံးခု,ဇောငါးဆဲ့ငါးခု။ထိုတွင်စက္ခုဝိညာဏဓာတ်,သောတ, ဃာန,ဇိဝှါ, ကာယဝိညာဏဓာတ်, ငါးပါးမှာ အစဉ်အတိုင်း ဒဿနကိစ္စ,သဝန,ဃာယန,သာယန,ဖုသနကိစ္စ,တပါးစီသာ တပ်သည်။ သမ္ပဋိစ္ဆိုန်း နှစ်ခုမှာ သမ္ပဋိစ္ဆနကိစ္စ, ပဥ္စဒွါရာဝဇ္ဇန်းမှာ အာဝဇ္ဇန်းကိစ္စတပါးစီသာ တပ်သည်။ ဇောငါးဆဲ့ ငါးခုမှာ ဇဝနကိစ္စတပါးစီသာ တပ်သည်။ နှစ်ကိစ္စတပ်သော စိတ်နှစ်ခုမှာ သုခသန္တီရဏ, မနောဒွါရာဝဇ္ဇန်း။ထိုတွင်သုခသန္တီရဏသည် ပဥ္စဒွါရဝယ် ပရိတ္တာရုံဝိထိ,မဟန္တာရုံဝိ,တို့၌ သန္တီရဏ ကိစ္စတပ်၍ ဖြစ်သည်။ မနောဒွါရဝယ် ကာမဇောဝိဘူတာရုံဝိထိ၌တဒါရုံကိစ္စတပ်၍ဖြစ်သည်။အတိမဟန္တာရုံဝိထိ၌သန္တီရဏကိစ္စ,တဒါရုံကိစ္စ,နှစ်ပါးတပ်၍ဖြစ်သည်။မနောဒွါရာဝဇ္ဇန်းမှာ မနောဒွါရ၌ဖြစ်ချက် အာဝဇ္ဇန်းကိစ္စ, ပဥ္စဒွါရ၌ ဖြစ်ချက် ပရိတ္တာရုံ, မဟန္တာရုံ, အတိမဟန္တာရုံ,ဝိထိတို့၌ ဝုဋ္ဌောကိစ္စတပ်၍ဖြစ်သည်။သုံးကိစ္စတပ်သော စိတ်ကိုးခုမှာ မဟဂ္ဂုတ်ဝိပါက်ကိုးခု။ ဤစိတ်ကိုးခုသည် ပဋိသန္ဓေဘဝင် စုတိကိစ္စတပ်၍ဖြစ်သည်။လေးကိစ္စတပ်သောစိတ်ရှစ်ခုမှာ မဟာဝိပါက် ရှစ်ခု။ ဤစိတ် ရှစ်ခုသည် ယခင်သုံးကိစ္စနှင့် တဒါရုံကိစ္စတပ်၍ ဖြစ်သည်။ ငါးကိစ္စတပ်သော စိတ်နှစ်ခုမှာ ဥပေက္ခာ သန္တီရဏ နှစ်ခု။ ဤစိတ်နှစ်ခုသည် ယခင် လေးကိစ္စနှင့် သန္တီရဏကိစ္စတပ်၍ ဖြစ်သည်။

ဒွါရတို့ဖြင့်မှတ်၍စိတ်သရုပ်ကိုပြခြင်း

ဒွါရခြောက်ပါးတို့ဖြင့်မှတ်၍ စိတ်တို့၏သရုပ်အပြားကို ပြဦးအံ့။စက္ခုဒွါရ၌ ဖြစ်ကောင်းသော စက္ခုဒွါရိကစိတ် လေးဆဲ့ ခြောက်ခုမှာ နွေ ပဥ္စဝိညာဏ်ဟူသော ပဥ္စဝိညာဏဓာတ်တဆယ်မှတပါးသော မနောဓာတ် သုံးခု, ကာမ မနောဝိညာဏဓာတ် လေးဆဲ့တခု, ဟူသော ကာမစိတ် လေးဆဲ့လေးခုနှင့် စက္ခုဝိညာဏ်နွေ။စက္ခုဒွါရ၌သာဖြစ်သော စက္ခုဒွါ

ရိက ကောနိုစိတ်နှစ်ခုမှာ စက္ခုဝိညာဏ်ခွေ။ စက္ခုဒွါရ၌လည်းဖြစ် တပါးဒွါရ၌လည်းဖြစ်၍ စက္ခုဒွါရိက အနေကန်စိတ် လေးဆဲ့လေးခုမှာ မနောဓာတ်သုံးခု, ကာမ မနောဝိညာဏဓာတ် လေးဆဲ့တခု ဟူသော ယခင်စိတ် လေးဆဲ့လေးခုပင်။အလျှင်းပင် စက္ခုဒွါရ၌ မဖြစ်ကောင်းသောစိတ် လေးဆဲ့သုံးခုမှာ စက္ခုဝိညာဏ်မှ တပါးသော ပဉ္စဝိညာဏဓာတ် ရှစ်ခု, မဟဂ္ဂုတ်စိတ်နှစ်ဆဲ့ခုနစ်ခု,လောကုတ္တရာစိတ်ရှစ်ခု။

သောတဒွါရ၌ ဖြစ်ကောင်းသော သောတဒွါရိကစိတ် လေးဆဲ့ခြောက်ခုမှာ ယခင်ကာမစိတ် လေးဆဲ့လေးခုနှင့် သောတဝိညာဏ်ခွေ။ သောတဒွါရ၌သာဖြစ်သော သောတဒွါရိကကောနိစိတ်နှစ်ခုမှာ သောတဝိညာဏ်ခွေ။ သောတဒွါရ၌ လည်းဖြစ် တပါးဒွါရ၌ လည်းဖြစ်၍ သောတဒွါရိက အနေကန်စိတ် လေးဆဲ့လေးခုမှာ ယခင်အနေကန် လေးဆဲ့လေးခုပင်။ အလျှင်းပင် သောဘဒွါရ၌ မဖြစ်သောစိတ် လေးဆဲ့သုံးခုမှာ ယခင်လေးဆဲ့သုံးခု၌ သောတဝိညာဏ်ခွေကိုနှုတ်၍ စက္ခုဝိညာဏ်ခွေကိုထည့်။

ဃာနဒွါရ၌ ဖြစ်ကောင်းသော ဃာနဒွါရိကစိတ် လေးဆဲ့ခြောက်ခုမှာ ယခင် အနေကန် လေးဆဲ့လေးခုနှင့် ဃာနဝိညာဏ်ခွေ။ ဃာနဒွါရ၌သာဖြစ်သော ဃာနဒွါရိကကောနိစိတ်နှစ်ခုမှာ ဃာနဝိညာဏ်ခွေ။ဃာနဒွါရ၌ လည်းဖြစ် တပါးဒွါရ၌လည်းဖြစ်သော ဃာနဒွါရိကအနေကန်စိတ် လေးဆဲ့လေးခုမှာ ယခင်အနေကန် လေးဆဲ့လေးခုပင်။အလျှင်းပင် ဃာနဒွါရ၌ မဖြစ်ကောင်းသောစိတ် လေးဆဲ့ သုံးခုမှာ ယခင် လေးဆဲ့ သုံးခု၌ ဃာနဝိညာဏ်ခွေကိုနှုတ်၍ သောတဝိညာဏ်ခွေကိုထည့်။

ဇိဝှါဒွါရ၌ ဖြစ်ကောင်းသော ဇိဝှါဒွါရိကစိတ် လေးဆဲ့ ခြောက်ခုမှာ ယခင်အနေကန် လေးဆဲ့ လေးခု၌ ဇိဝှါဝိညာဏ် ခွေကိုထည့်။ ဇိဝှါဒွါရ၌သာဖြစ်သော ဇိဝှါဒွါရိကကောနိစိတ်နှစ်ခုမှာ ဇိဝှါဝိညာဏ်ခွေ။ဇိဝှါဒွါရ၌လည်းဖြစ် တပါးဒွါရ၌လည်းဖြစ်၍ ဇိဝှါဒွါရိက အနေကန် ဖြစ်သောစိတ် လေးဆဲ့လေးခုမှာ ယခင်အနေကန် လေးဆဲ့လေးခုပင်။ အလျှင်းပင် ဇိဝှါဒွါရ၌ မဖြစ်ကောင်းသောစိတ်လေးဆဲ့သုံးခုမှာယခင်လေးဆဲ့သုံးခု၌ ဇိဝှါဝိညာဏ်ခွေကိုနှုတ်၍ ဃာနဝိညာဏ်ခွေကိုထည့်။

ကာယဒွါရ၌ ဖြစ်ကောင်းသော ကာယဒွါရိကစိတ် လေးဆဲ့ခြောက်ခုမှာ ယခင်အနေကန် လေးဆဲ့လေးခု၌ ကာယဝိညာဏ်နှစ်ခုကိုထည့်။ ကာယဒွါရ၌သာဖြစ်သော ကာယဒွါရိကဧကန်စိတ်နှစ်ခုမှာ ကာယဝိညာဏ်နှစ်။ ကာယဒွါရ၌လည်းဖြစ် ဘပါးဒွါရ၌လည်းဖြစ်၍ ကာယဒွါရိကအနေကန်စိတ် လေးဆဲ့လေးခုမှာ ယခင်အနေကန် လေးဆဲ့လေးခုပင်။ အလျှင်းပင် ကာယဒွါရ၌ မဖြစ်ကောင်းသောစိတ် လေးဆဲ့သုံးခုမှာ ယခင် လေးဆဲ့သုံးခု၌ ကာယဝိညာဏ်နှစ်ခုကိုနုတ်၍ ဇိဝှါဝိညာဏ်နှစ်ခုကိုထည့်။

မနောဒွါရ၌ ဖြစ်ကောင်းသော မနောဒွါရိကစိတ် ခြောက်ဆဲ့ ခုနစ်ခုမှာ မဟဂ္ဂုတ်ဝိပါက်မှတပါး မနောဝိညာဏဓာတ်။ မနောဒွါရ၌သာဖြစ်သော မနောဒွါရိကဧကန်စိတ်နှစ်ဆဲ့ခြောက်ခုမှာ မဟဂ္ဂုတ်ကုသိုလ်ကိုးခု,မဟဂ္ဂုတ်ကြိယာကိုးခု,လောကုတ္တရာစိတ်ရှစ်ခု,ဟူသောအပ္ပနာဇော နှစ်ဆဲ့ခြောက်ခု။မနောဒွါရ၌လည်းဖြစ် တပါးဒွါရ၌လည်းဖြစ်၍ မနောဒွါရိကအနေကန်စိတ် လေးဆဲ့တခုမှာ ကာမမနောဝိညာဏဓာတ်။အလျှင်းပင် မနောဒွါရ၌ မဖြစ်ကောင်းသော စိတ် နှစ်ဆဲ့ နှစ်ခုမှာ ပဉ္စဝိညာဏဓာတ်တဆယ်,မနောဓာတ်သုံးခု,မဟဂ္ဂုတ်ဝိပါက်ကိုးခု။

ဒွါရတပါး၌သာ ဖြစ်သော ဧကဒွါရိကစိတ် သုံးဆဲ့ ခြောက်ခုမှာ ပဉ္စဝိညာဏဓာတ်တဆယ်,အပ္ပနာဇောနှစ်ဆဲ့ခြောက်ခု။ပဉ္စဝိညာဏဓာတ်မှာ အစဉ် အတိုင်း စက္ခုဒွါရ စသည်၌သာ ဖြစ်သည်။ အပ္ပနာဇောမှာ မနောဒွါရ၌သာဖြစ်သည်။ဒွါရငါးပါး၌သာဖြစ်သော ပဉ္စဒွါရိကစိတ်သုံးခုမှာ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း နှစ်ခု, ဟူသော မနောဓာတ် သုံးခု။ ဒွါရခြောက်ပါးလုံး၌ ဖြစ်ကောင်းသော ဆဒွါရိကစိတ် သုံးဆဲ့တခုမှာ ကာမဇော နှစ်ဆဲ့ကိုးခု,မနောဒွါရာဝဇ္ဇန်း သုခသန္တီရဏစိတ်။ ဒွါရခြောက်ပါးလုံး၌ အလျှင်းပင် မဖြစ်သော ဒွါရဝိမုတ် ဧကန်စိတ် ကိုးခုမှာ မဟဂ္ဂုတ်ဝိပါက်စိတ်။ ဒွါရခြောက်ပါး၌ပင်ရံခါဖြစ်ရံခါမဖြစ်သောစိတ်တဆယ်မှာ ဥပေက္ခာသန္တီရဏနှစ်ခု,မဟာဝိပါက်ရှစ်ခု။ထိုတွင်သန္တီရဏမှာသန္တီရဏကိစ္စတပ်ခိုက် ပဉ္စဒွါရ၌ တဒါရုံ ကိစ္စတပ်ခိုက် ဒွါရခြောက်ပါး၌ဖြစ်သည်။မဟာဝိပါက်မှာ တဒါရုံကိစ္စတပ်ခိုက် ဒွါရခြောက်ပါးလုံး၌ပင်ဖြစ်သည်။ဝုင်းစိတ်ဘဆယ်လုံးပင် ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စ,တပ်ခိုက် ဒွါရ

ဋ္ဌမဖြစ်။ ရုပ်ဒွါရ၌သာ ဖြစ်သောစိတ် တဆဲ့သုံးခုမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်။ နာမ်ဒွါရ၌သာ ဖြစ်သောစိတ် နှစ်ဆဲ့ ခြောက်ခုမှာ အပ္ပနာဇောဆယ့်ခြီသ။ရုပ်ဒွါရ,နာမ်ဒွါရ,နှစ်ပါး၌ပင်ဖြစ်သောစိတ် လေးဆဲ့တခုမှာ ကာမ မနောဝိညာဏဓာတ်။ ၎င်းဒွါရနှစ်ပါး၌ မဖြစ်သောစိတ် ကိုးခုမှာ မဟဂ္ဂုတ်ဝိပါက်။

ကာမဘုံ၌သာ ဖြစ်သော ဒွါရ၌ ဖြစ်သောစိတ် ငါးဆယ်မှာ စက္ခုဝိညာဏ်နွေ့, သောတဝိညာဏ်နွေ့, မှတပါးသော ကာမစိတ်။ကာမဘုံ၌သာဖြစ်သော ဒွါရ၌သာဖြစ်သောစိတ် ခြောက်ခုမှာ ဃာနဝိညာဏ်,ဇိဝှါဝိညာဏ်,ကာယဝိညာဏ်။ကာမဘုံ,ရူပဘုံ,နှစ်ပါး၌သာဖြစ်သော ဒွါရ၌ ဖြစ်သောစိတ် လေးဆဲ့ ရှစ်ခုမှာ ဃာန, ဇိဝှါ, ကာယဝိညာဏ်မှ တပါးသော ကာမစိတ်။ ကာမဘုံ,ရူပဘုံ,နှစ်ပါး၌သာဖြစ်သော ဒွါရ၌သာဖြစ်သောစိတ် လေးခုမှာ စက္ခုဝိညာဏ် သောတဝိညာဏ်။ကာမ,ရူပ,အရူပ,ဘုံသုံးပါးလုံး၌ ဖြစ်သော ဒွါရ၌ ဖြစ်သောစိတ် ခြောက်ဆဲ့ ခုနစ်ခုမှာ မဟဂ္ဂုတ်ဝိပါက်မှတပါးသော မနောဝိညာဏဓာတ်။၎င်းဘုံသုံးပါးလုံး၌ ဖြစ်သော ဒွါရ၌သာဖြစ်သောစိတ် နှစ်ဆဲ့ခြောက်ခုမှာ အပ္ပနာဇော။

[**တဆဲ့အဘုံ** ၌သာ ဖြစ်သော ဒွါရ၌ဖြစ်သောစိတ် ငါးဆယ်။ ၎င်းဒွါရ၌သာ ဖြစ်သောစိတ်ခြောက်။ နှစ်ဆဲ့ခြောက်ဘုံ၌သာဖြစ်သော ဒွါရ၌ဖြစ်သောစိတ် လေးဆဲ့ရှစ်။ ၎င်းဒွါရ၌သာ ဖြစ်သောစိတ်လေး။ဘုံသုံးဆယ်၌သာဖြစ်သော ဒွါရ၌ဖြစ်သောစိတ် ခြောက်ဆဲ့ခုနစ်။ ၎င်းဒွါရ၌သာဖြစ်သောစိတ် နှစ်ဆဲ့ခြောက်။ ဤခြောက်ချက်မှာအစဉ်အတိုင်းအထက်ခြောက်ချက်နှင့်သရုပ်အရတူ၏။]

အာရုံတို့ဖြင့်မှတ်၍စိတ်သရုပ်ကိုပြခြင်း

ခြောက်ပါးသော အာရုံတို့ဖြင့်မှတ်၍ စိတ်တို့၏သရုပ်အပြားကို ပြဦးအံ့။ဤယခုပြဆိုလတ္တံ့သောအရာ၌အာရမ္မဏကအဘိဓမ္မာဝယ်အဘိညာဏ်ကိစ္စတပ်နိုင်သောစိတ်ကိုလွှတ်၍ယူလေ။ရူပါရုံကိုအာရုံပြု၍ဖြစ်ကောင်းသောစိတ် လေးဆဲ့ခြောက်ခုမှာ စက္ခုဒွါရိကစိတ်ပင်။ရူပါရုံကိုသာ အာ

ရုံပြုသော ရူပါရုံကြောင့်စိတ်နှစ်ခုမှာ စက္ခုဝိညာဏ်။ ရူပါရုံကိုရင်း, ယင်းမှ တပါးသောအာရုံကိုရင်း, အာရုံပြုခြင်းကြောင့် ရူပါရုံအနေကန့်စိတ် လေးဆဲ့လေးခုမှာ ဒွေပဉ္စဝိညာဏ်မှတပါးသောကာမစိတ်။ အလျှင်းပင် ရူပါရုံကို အာရုံမပြုသောစိတ်လေးဆဲ့ သုံးခုမှာ ပဉ္စ ဝိညာဏခေတ် တဆယ်, မဟဂ္ဂုတ် လောကုတ္တရာစိတ် သုံးဆဲ့ငါးခုအားဖြင့် ၅၈စိတ်လေးဆဲ့ငါးခု၌ စက္ခုဝိညာဏ်ဒွေကိုနုတ်။

သဒ္ဒါရုံကို အာရုံပြု၍ ဖြစ်ကောင်းသော စိတ်လေးဆဲ့ ခြောက်ခု မှာ သောတဒွါရိကစိတ်။ သဒ္ဒါရုံကိုသာအာရုံပြုသော သဒ္ဒါရုံကြောင့်စိတ်နှစ်ခု မှာ သောတဝိညာဏ်ဒွေ။ သဒ္ဒါရုံအနေကန့်စိတ်လေးဆဲ့လေးခုမှာ ယခင် အနေကန့်လေးဆဲ့လေးခုပင်။ အလျှင်းပင်သဒ္ဒါရုံကို အာရုံမပြုသော စိတ် လေးဆဲ့သုံးခုမှာ ယခင်လေးဆဲ့ငါး၌သောတညာဏ်ဒွေကိုနုတ်။

ဂန္ဓာရုံကိုအာရုံပြု၍ဖြစ်ကောင်းသော စိတ်လေးဆဲ့ခြောက်ခုမှာ ဃာ နဒွါရိကစိတ်။ ဂန္ဓာရုံကိုသာအာရုံပြုသော ဂန္ဓာရုံကြောင့်စိတ်နှစ်ခုမှာ ဃာ နဝိညာဏ်ဒွေ။ ဂန္ဓာရုံအနေကန့်စိတ်လေးဆဲ့လေးခုမှာ ယခင်အနေကန့် လေးဆဲ့လေးပင်။ အလျှင်းပင်ဂန္ဓာရုံကို အာရုံမပြုသောစိတ် လေးဆဲ့သုံး ခုမှာ ယခင်လေးဆဲ့ငါးခု၌ ဃာနဝိညာဏ်ဒွေကိုနုတ်။

ရသာရုံကို အာရုံပြု၍ ဖြစ်ကောင်းသော စိတ်လေးဆဲ့ခြောက်ခုမှာ ဇိဝှါဒွါရိကစိတ်။ ရသာရုံကိုသာ အာရုံပြုသော ရသာရုံကြောင့် စိတ်နှစ်ခု မှာ ဇိဝှါဝိညာဏ်ဒွေ။ ရသာရုံ အနေကန့်စိတ် လေးဆဲ့လေးခုမှာ ယခင် အနေကန့်လေးဆဲ့လေးခုပင်။ အလျှင်းပင်ရသာရုံကိုအာရုံမပြုသောစိတ် လေးဆဲ့သုံးခုမှာ ယခင်လေးဆဲ့ငါးခု၌ ဇိဝှါဝိညာဏ်ဒွေကိုနုတ်။

ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၍ ဖြစ်ကောင်းသောစိတ်လေးဆဲ့ခြောက်ခုမှာ ကာယဒွါရိကစိတ်။ ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုသော ဖောဋ္ဌဗ္ဗကြောင့်စိတ် နှစ်ခုမှာ ကာယဝိညာဏ်ဒွေ။ ဖောဋ္ဌဗ္ဗာရုံ အနေကန့်စိတ် လေးဆဲ့လေးခု မှာ ယခင်အနေကန့် လေးဆဲ့လေးပင်။ အလျှင်းပင် ဖောဋ္ဌဗ္ဗာရုံကို အာရုံ မပြုသောစိတ်လေးဆဲ့သုံးခုမှာ ယခင်လေးဆဲ့ငါးခု၌ ကာယဝိညာဏ်ဒွေ ကိုနုတ်။

ဓမ္မာရုံကိုအာရုံပြု၍ ဖြစ်ကောင်းသောစိတ်ခုနစ်ဆဲ့ခြောက်ခုမှာ မနော ဝိညာဏဓာတ်။ ဓမ္မာရုံကိုသာအာရုံပြုသော ဓမ္မာရုံဧကန်စိတ် သုံးဆဲ့ငါး ခုမှာ မဟဂ္ဂုတ် လောကုတ္တရာ။ ဓမ္မာရုံအနေကန်စိတ် လေးဆဲ့တခုမှာ ကာမမနောဝိညာဏဓာတ်။ အလျှင်းပင် ဓမ္မာရုံကို အာရုံမပြုသောစိတ် တဆဲ့သုံးခုမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်။

ပစ္စုပ္ပန်တရားကို အာရုံပြု၍ ဖြစ်ကောင်းသောစိတ် ငါးဆဲ့လေးခုမှာ ကာမစိတ်အကုန်။ ပစ္စုပ္ပန်တရားကိုသာအာရုံပြုသောပစ္စုပ္ပန်အာရုံဧကန် စိတ်တဆဲ့သုံးခုမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်။ ပစ္စုပ္ပန် အနေကန် စိတ် လေးဆဲ့တခုမှာ ကာမ မနောဝိညာဏဓာတ်။ အလျှင်းပင် ပစ္စုပ္ပန် တရားကို အာရုံမပြုသောစိတ်သုံးဆဲ့ငါးခုမှာ မဟဂ္ဂုတ်လောကုတ္တရာ။

အတိတ်တရားကိုအာရုံပြု၍ ဖြစ်ကောင်းသောစိတ် လေးဆဲ့ခုနစ်ခုမှာ ကာမမနောဝိညာဏဓာတ်လေးဆဲ့တခု, ဒုတိယအရူပစိတ်သုံးခု,စတုတ္ထ အရူပစိတ်သုံးခု။ အတိတ်တရားကိုသာအာရုံပြုသောအတိတ်အာရုံဧကန် စိတ်ခြောက်ခုမှာ ဒုတိယာရုပ္ပစတုတ္ထာရုပ္ပ။ အတိတ်အာရုံအနေကန်စိတ် လေးဆဲ့တခုမှာ ယခင် အနေကန် လေးဆဲ့တခုပင်။ အလျှင်းပင် အတိတ် တရားကို အာရုံမပြုသောစိတ် လေးဆဲ့နှစ်ခုမှာ ပဉ္စဝိညာဏဓာတ်မနော ဓာတ်, ရူပါဝစရစိတ် တဆဲ့ငါးခု, ပဌမာရုပ္ပ သုံးခု, တတိယာရုပ္ပ သုံးခု, လောကုတ္တရာစိတ်ရှစ်ခု။

အနာဂတ်တရားကိုအာရုံပြု၍ ဖြစ်ကောင်းသောစိတ် လေးဆဲ့တခုမှ ကာမမနောဝိညာဏဓာတ်။ အနာဂတ်တရားကိုသာ အာရုံပြုသော အနာ ဂတ်အာရုံ ဧကန်စိတ်မှာမရှိ။ အနာဂတ် အနေကန်စိတ် လေးဆဲ့တခုမှာ ယခင် လေးဆဲ့တခုပင်။ အလျှင်းပင် အနာဂတ်တရားကို အာရုံမပြုသော စိတ် လေးဆဲ့ရှစ်ခုမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်, မဟဂ္ဂုတ်လော ကုတ္တရာ။

ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလသုံးပါးမှ လွတ်သော ကာလဝိ မုတ်တရားကို အာရုံပြု၍ ဖြစ်ကောင်းသော စိတ်ငါးဆဲ့ ရှစ်ခုမှာ ဟသိ တုပ္ပါဒ်မှတပါး ကာမဇော နှစ်ဆဲ့ရှစ်ခု, မနောဒွါရာဝဇ္ဇန်း, ရူပစိတ်တဆဲ့

ငါးခု, ပဥ္စမာရုပ္ပစိတ်သုံးခု, တတိယာရုပ္ပစိတ်သုံးခု, လောကုတ္တရာ စိတ်ရှစ်ခု။ ကာလဝိမုတ် တရားကိုသာ အာရုံပြုသော ကာလဝိမုတ် အာရုံ ကေန်စိတ် နှစ်ဆဲ့ကိုးခုမှာ ဒုတိယ, စတုတ္ထ, အရူပစိတ် ခြောက်ခုမှတပါး မဟဂ္ဂုတ်လောကုတ္တရာစိတ်။ အလျှင်းပင် ကာလဝိမုတ်တရားကို အာရုံ မပြုသော စိတ်သုံးဆဲ့တခုမှာ ကာမဝိပါက်စိတ် နှစ်ဆဲ့သုံးခု, ပဉ္စဒွါရာ ဝဇ္ဇန်းဟသိတုပ္ပါဒ်, ဒုတိယစတုတ္ထအရူပစိတ်ခြောက်ခု။

ကာမ တရားကို အာရုံပြု၍ ဖြစ်ကောင်းသောစိတ် ငါးဆဲ့လေးခုမှာ ကာမစိတ်အကုန်။ကာမတရားကိုသာ အာရုံပြုသော ကာမအာရုံကေန် စိတ် နှစ်ဆဲ့ငါးခုမှာ ကာမဝိပါက်, ပဉ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်။ ကာမ အာရုံ အနေကန်စိတ် နှစ်ဆဲ့ကိုးခုမှာ ဟသိတုပ္ပါဒ်မှ တပါးသော ကာမ ဇော, မနောဒွါရာဝဇ္ဇန်း။ အလျှင်းပင်ကာမတရားကို အာရုံမပြုသောစိတ် သုံးဆဲ့ငါးခုမှာ မဟဂ္ဂုတ်လောကုတ္တရာစိတ်။

မဟဂ္ဂုတ်တရားကိုအာရုံပြု၍ ဖြစ်ကောင်းသောစိတ် သုံးဆဲ့ငါးခုမှာ ဟသိတုပ္ပါဒ်မှ တပါးသော ကာမဇော,မနောဒွါရာဝဇ္ဇန်း,ဒုတိယ,စတုတ္ထ အရူပစိတ်။ မဟဂ္ဂုတ်တရားကိုသာအာရုံပြုသော မဟဂ္ဂုတ်အာရုံကေန် စိတ်ခြောက်ခုမှာ ဒုတိယ စတုတ္ထအရူပစိတ်။ မဟဂ္ဂုတ်အာရုံအနေကန် စိတ် နှစ်ဆဲ့ကိုးခုမှာ ယခင်ကာမအနေကန် နှစ်ဆဲ့ကိုးခုပင်။ အလျှင်းပင် မဟဂ္ဂုတ် တရားကို အာရုံမပြုသော စိတ်ငါးဆဲ့လေးခုမှာ ကာမကေန် နှစ်ဆဲ့ငါးခု, ကာလဝိမုတ်ကေန်နှစ်ဆဲ့ကိုးခုတို့ပင်။

နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်ကောင်းသောစိတ်တဆဲ့ခုနစ်ခုမှာ မနောဒွါရာ ဝဇ္ဇန်း, တိဟိတ်ကာမကုသိုလ်ကြိယာစိတ်ရှစ်ခု, လောကုတ္တရာစိတ်ရှစ် ခု။ နိဗ္ဗာန်ကိုသာ အာရုံပြုသော နိဗ္ဗာန်အာရုံကေန် စိတ်ရှစ်ခုမှာ လောကုတ္တရာစိတ်။ နိဗ္ဗာန်အာရုံအနေကန်စိတ်ကိုးခုမှာ မနောဒွါရာဝဇ္ဇန်း, တိဟိတ်ကာမကုသိုလ်ကြိယာ။ အလျှင်းပင် နိဗ္ဗာန်ကိုအာရုံမပြုသော စိတ် ခုနစ်ဆဲ့နှစ်ခုမှာ ယခင်ကိုးခုမှတပါးသော လောကီစိတ်။

ပညတ်ကိုအာရုံပြု၍ဖြစ်ကောင်းသော စိတ်ငါးဆယ်မှာ ဟသိတုပ္ပါဒ်မှတပါး ကာမဇော, မနောဒွါရာဝဇ္ဇန်း, ရူပစိတ်, ပဥ္စမ တတိယ အရူပ

စိတ်။ပညတ်ကိုသာအာရုံပြုသော ပညတ်အာရုံကေန်စိတ် နှစ်ဆဲ့တခုမှာ ရူပစိတ်, ပဉ္စမ တတိယ အရူပစိတ်။ ပညတ်အာရုံ အနေကန်စိတ် နှစ်ဆဲ့ကိုးခုမှာ ကာမအနေကန်နှစ်ဆဲ့ကိုးခုပင်။ အလျှင်းပင် ပညတ်ကိုအာရုံမပြုသောစိတ်သုံးဆဲ့ကိုးခုမှာ, ကာမအာရုံကေန်နှစ်ဆဲ့ငါးခု,မဟဂ္ဂုတ်ကေန်ခြောက်ခု, နိဗ္ဗာန်ကေန်ရှစ်ခု။

ရုပ်ကိုအာရုံပြု၍ ဖြစ်ကောင်းသောစိတ် ငါးဆဲ့လေးခုမှာ ကာမစိတ်။ ရုပ်ကိုသာအာရုံပြုသော ရုပ်အာရုံကေန်စိတ်တဆဲ့သုံးခုမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်။ ရုပ်အာရုံ အနေကန်စိတ် လေးဆဲ့တခုမှာ ကာမမနောဝိညာဏဓာတ်။ အလျှင်းပင်ရုပ်ကို အာရုံမပြုသောစိတ်သုံးဆဲ့ငါးခုမှာ မဟဂ္ဂုတ်လောကုတ္တရာ။

နာမ်တရားကိုအာရုံပြု၍ ဖြစ်ကောင်းသောစိတ်ငါးဆဲ့ငါးခုမှာ ကာမမနောဝိညာဏဓာတ်, ဒုတိယစတုတ္ထအရူပ, လောကုတ္တရာစိတ်။နာမ်ကိုသာအာရုံပြုသော နာမ်အာရုံကေန်စိတ်တဆဲ့လေးခုမှာ ဒုတိယ စတုတ္ထအရူပ, လောကုတ္တရာစိတ်။ နာမ်အာရုံ အနေကန်စိတ် လေးဆဲ့တခုမှာ ကာမမနောဝိညာဏဓာတ်။ အလျှင်းပင် နာမ်တရားကို အာရုံမပြုသောစိတ်သုံးဆဲ့လေးခုမှာပဉ္စဝိညာဏဓာတ်,မနောဓာတ်,ရူပစိတ်၊ပဉ္စမ,တတိယအရူပစိတ်။

အဇ္ဈတ္တတရားကို အာရုံပြု၍ ဖြစ်ကောင်းသောစိတ် ခြောက်ဆယ်မှာ ကာမစိတ်ငါးဆဲ့လေးခု,ဒုတိယစတုတ္ထအရူပစိတ်။ အဇ္ဈတ္တတရားကိုသာအာရုံပြုသော အဇ္ဈတ္တအာရုံကေန်စိတ် ခြောက်ခုမှာ ဒုတိယ စတုတ္ထအရူပစိတ်။ အဇ္ဈတ္တအာရုံအနေကန်စိတ်ငါးဆဲ့လေးခုမှာ ကာမစိတ်။ အလျှင်းပင် အဇ္ဈတ္တတရားကိုအာရုံမပြုသော စိတ်နှစ်ဆဲ့ကိုးခုမှာ ရူပစိတ်, ပဉ္စမ တတိယ အရူပစိတ်, လောကုတ္တရာစိတ်။

ဗဟိဒ္ဓတရားကို အာရုံပြု၍ ဖြစ်ကောင်းသော စိတ်ရှစ်ဆယ်မှာ ဒုတိယာရုပ္ပ၊ ဝ. တိယာရုပ္ပ၊ စတုတ္ထာရုပ္ပမှ တပါးသောစိတ်။ ဗဟိဒ္ဓတရားကိုသာ အာရုံပြုသော ဗဟိဒ္ဓအာရုံ ကေန်စိတ် နှစ်ဆဲ့ခြောက်ခုမှာ ရူပစိတ်တဆဲ့ငါးခု, ပဉ္စမာရုပ္ပသုံးခု, လောကုတ္တရာစိတ်ရှစ်ခု။ ဗဟိဒ္ဓအာရုံ အနေ

ကန်စိတ်ငါးဆဲ့လေးခုမှာ ကာမစိတ်။ အလျှင်းပင် ဗဟိဒ္ဓတရားကို အာရုံမပြုသောစိတ်ကိုးခုမှာ ပဌမာရုပ္ပမှတပါးသော အရူပစိတ်။

အဇ္ဈတ္တလည်းမဟုတ် ဗဟိဒ္ဓလည်းမဟုတ်သောတရားကို အာရုံပြု၍ဖြစ်ကောင်းသော စိတ်သုံးဆဲ့နှစ်ခုမှာ မဟဂ္ဂုတ်အနေကန် နှစ်ဆဲ့ကိုးခု၌ တတိယာရုပ္ပ သုံးခုကိုထည့်။ ၎င်းတရားကိုသာ အာရုံပြုသော ၎င်းအာရုံဧကန်စိတ်သုံးခုမှာ တတိယာရုပ္ပ။ ၎င်းအာရုံ အနေကန်စိတ် နှစ်ဆဲ့ကိုးခုမှာ ဟသိတုပ္ပါဒ်မှတပါး ကာမဇော, မနောဒွါရာဝဇ္ဇန်း။ အလျှင်းပင် ၎င်းတရားကို အာရုံမပြုသောစိတ် ငါးဆဲ့ခုနစ်ခုမှာ ကာမအာရုံ ဧကန်နှစ်ဆဲ့ငါးခု, တတိယာရုပ္ပမှတပါး မဟဂ္ဂုတ်လောကုတ္တရာစိတ်သုံးဆဲ့နှစ်ခု။

အရဟတ္တမဂ် အရဟတ္တဖိုလ်ကို အာရုံပြု၍ဖြစ်ကောင်းသောစိတ်ငါးခုမှာ မနောဒွါရာဝဇ္ဇန်း၊ တိဟိတ်ကာမကြိယာ။ အရဟတ္တမဂ်အရဟတ္တဖိုလ်ကိုသာ အာရုံပြုသော ၎င်းအာရုံ ဧကန်စိတ်မှာမရှိ။ ၎င်းအာရုံအနေကန်စိတ်ငါးခုမှာ ယခင်ငါးခုပင်။ အလျှင်းပင်၎င်းအာရုံကိုအာရုံမပြုသောစိတ်ရှစ်ဆဲ့လေးခုမှာ ယခင်ငါးခုမှတပါးသောစိတ်။

အောက်မဂ် အောက်ဖိုလ်ကို အာရုံပြု၍ ဖြစ်ကောင်းသောစိတ် ကိုးခုမှာ မနောဒွါရာဝဇ္ဇန်း, တိဟိတ် ကာမကုသိုလ် ကြိယာ။ အောက်မဂ်အောက်ဖိုလ်ကိုသာအာရုံပြု၍ဖြစ်သော ၎င်းအာရုံဧကန်စိတ်မှာမရှိ။ ၎င်းအာရုံ အနေကန်စိတ် ကိုးခုမှာ ယခင်ကိုးခုပင်။ အလျှင်းပင် ၎င်းအာရုံကိုအာရုံမပြုသောစိတ်ရှစ်ဆယ်မှာ ယခင်ကိုးခုမှတပါးသောစိတ်။

လောကီတရားကို အာရုံပြု၍ဖြစ်ကောင်းသော စိတ်ခြောက်ဆယ်မှာ ကာမစိတ်ငါးဆဲ့လေးခု, ဒုတိယစတုတ္ထ အရူပစိတ်ခြောက်ခု။ လောကီတရားကိုသာ အာရုံပြု၍ဖြစ်သော လောကီအာရုံ ဧကန်စိတ် သုံးဆဲ့တခုမှာ ကာမအာရုံဧကန် နှစ်ဆဲ့ငါးခု,မဟဂ္ဂုတ်အာရုံဧကန် ခြောက်ခု။ ၎င်းအာရုံ အနေကန် နှစ်ဆဲ့ကိုးခုမှာ ကာမအာရုံ အနေကန် နှစ်ဆဲ့ကိုးခုပင်။ အလျှင်းပင်လောကီတရားကို အာရုံမပြုသောစိတ်နှစ်ဆဲ့ကိုးခုမှာ ပညတ်ဧကန်စိတ် နှစ်ဆဲ့တခုနှင့် လောကုတ္တရာစိတ်။လောကုတ္တရာတရားကို အာရုံပြု၍ ဖြစ်ကောင်းသောစိတ် တဆဲ့ ခုနစ်ခုမှာ လောကုတ္တရာကိုသာ အာရုံပြု၍ဖြစ်သော ၎င်းအာရုံဧကန်စိတ်ရှစ်ခု,၎င်းအာရုံအနေကန်စိတ်ကိုးခု။

အလျှင်းပင် ၎င်းကိုအာရုံမပြုသောစိတ် ခုနစ်ဆဲ့နှစ်ခု, ဤလေးချက် နိဗ္ဗာန်ဖြင့်မှတ်သောလေးချက်နှင့် အစဉ်အတိုင်းတည်း။

စိတ်ကို အာရုံပြု၍ ဖြစ်ကောင်းသော စိတ် လေးဆဲ့ ခုနစ်ခုမှာ ကာမ မနောဝိညာဏဓာတ်နှင့် မဟဂ္ဂုတ်ကြေနံခြောက်ခု။စိတ်ကိုသာ အာရုံပြုသောစိတ် အာရုံကြေနံစိတ်မှာမရှိ။စိတ်အာရုံအနေကနံစိတ် လေးဆဲ့ခုနစ်ခုမှာ ယခင်လေးဆဲ့ခုနစ်ခုပင်။အလျှင်းပင် စိတ်ကိုအာရုံမပြုနိုင်သောစိတ် လေးဆဲ့နှစ်ခုမှာ ပဉ္စဝိညာဏဓာတ်,မနောဓာတ်, ရူပစိတ်,ပဉ္စမ တတိယ အရူပစိတ်, လောကုတ္တရာစိတ်။ စေတသိက်ဖြင့် မှတ်၍လည်း ဤနည်းလေးချက်ခွဲလေ။သင်္ချာသရုပ်တည်း။

အာရုံကို ယူတတ်သော တရားကို အာရုံပြု၍ ဖြစ်ကောင်းသောစိတ် လေးဆဲ့ခုနစ်ခုမှာယခင်လေးဆဲ့ခုနစ်ခုပင်။အာရုံကိုယူတတ်သောတရားကိုသာ အာရုံသော ၎င်းအာရုံ ကြေနံစိတ် ခြောက်ခုမှာ ဒုတိယ စတုတ္ထ အရူပစိတ်။၎င်းအာရုံအနေကနံစိတ် လေးဆဲ့တခုမှာ ကာမ မနောဝိညာဏဓာတ်။အလျှင်းပင် ၎င်းအာရုံမပြုနိုင်သောစိတ် လေးဆဲ့နှစ်ခုမှာ ယခင် လေးဆဲ့နှစ်ခုပင်။ မဟာဘုတ်ကိုသာ အာရုံပြုသောစိတ် နှစ်ခုမှာ ကာယဝိညာဏ်နွေ။ ဥပါဒါရုပ်ကိုသာ အာရုံပြုသောစိတ်ရှစ်ခုမှာ စက္ခု,သောတ,ဃာန, ဇိဝှါ, ဝိညာဏ်။ ဂေါစရရုပ်ကိုသာ အာရုံပြုသောစိတ် တဆဲ့သုံးခုမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်။ ကသိုဏ်ကိုသာ အာရုံပြုသောစိတ် လေးခုမှာ ဒုတိယ, စတုတ္ထ, အရူပကသိုဏ်ဝိပါက်။ အဇ္ဈာကတကိုသာ အာရုံပြုသောစိတ် နှစ်ဆဲ့တခုမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်, လောကုတ္တရာစိတ်။ကသိုဏ်အဇ္ဈာကတကိုသာ အာရုံပြုသောစိတ် နှစ်ခုမှာ ဒုတိယ,စတုတ္ထ,အရူပကြိယာ။ ရုပ်အဇ္ဈာကတကိုသာ အာရုံပြုသောစိတ် တဆဲ့ သုံးခုမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်။ နာမ်အဇ္ဈာကတကိုသာ အာရုံပြုသောစိတ် ရှစ်ခုမှာ လောကုတ္တရာစိတ်။

ဤယခု ပြဆိုလတ္တံ့ ဒွိကား အာရမ္မဏိက အဘိညာဏ်ကိစ္စ တပ်ဆိုက်သော စိတ်နှင့်တကွယူလေ။ဥပေယျဓမ်အကုန် အာရုံပြုနိုင်သော စိတ် ခြောက်ခုမှာ မနော ဒွါရာဝဇ္ဇန်း, တိဟိတ် ကာမ ကြိယာ, ကြိယာ အဘိညာဏ်။ဥပေယျဓမ်စိတ် ကိုသာ အာရုံပြုနိုင်သောစိတ် ရှစ်ဆဲ့သုံးခုမှာ

ယခင်ခြောက်ခုမှ ကြွင်းသောစိတ်။အရဟတ္တမဂ်,အရဟတ္တဖိုလ်,မှတပါး သော တရားအားလုံးကို အာရုံပြုနိုင်သောစိတ် ငါးခုမှာ တိဟိတ် ကာမ ကုသိုလ်,ကုသိုလ်အဘိညာဏ်။ခန္ဓာထိုက်သော တရားကိုသာ အာရုံပြု သောစိတ် သုံးဆဲ့တခုမှာ ကာမအာရုံဇောကြောင့် နှစ်ဆဲ့ငါးခု, မဟဂ္ဂုတ်အာ ရုံဇောကြောင့် ခြောက်ခု။ ခန္ဓာမထိုက်သော တရားကိုသာ အာရုံပြုသောစိတ် နှစ်ဆဲ့ခုနစ်ခုမှာ အဘိညာဏ်မှတပါး ရူပစိတ်,ပဌမ,တတိယ အရူပစိတ်, လောကုတ္တရာစိတ်။ခန္ဓာထိုက်မထိုက်တရားနှစ်ပါးကို အာရုံပြုသောစိတ် သုံးဆဲ့တခုမှာ ဟသိတုပ္ပါဒ်မှတပါးသော ကာမဇော,မနောဒွါရာဝဇ္ဇန်း, အဘိညာဏ်နွေ။ ခန္ဓာတပါးကိုသာ အာရုံပြုသောစိတ် တဆဲ့ သုံးခုမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်။ ခန္ဓာလေးပါးကိုသာ အာရုံပြုသောစိတ် ခြောက်ခုမှာ ဒုတိယ,စတုတ္ထ,အရူပစိတ်။ခန္ဓာငါးပါးကိုသာအာရုံပြုသော စိတ် လေးဆဲ့သုံးခုမှာ ကာမမနောဝိညာဏဓာတ်,အဘိညာဏ်နွေ။

အာယတနထိုက်သော တရားကိုသာ အာရုံပြုသောစိတ် သုံးဆဲ့ကိုးခု မှာ ကာမအာရုံဇောကြောင့် နှစ်ဆဲ့ငါးခု,မဟဂ္ဂုတ်အာရုံဇောကြောင့်ခြောက်ခု,နိဗ္ဗာန် အာရုံဇောကြောင့်ရှစ်ခု။ အာယတန မထိုက်သော တရားကိုသာ အာရုံပြုသော စိတ် တဆဲ့ ကိုးခုမှာ အဘိညာဏ်မှ တပါး ရူပစိတ် တဆဲ့ သုံးခု, ပဌမ, တတိယ,အရူပစိတ် ခြောက်ခု။ အာယတနထိုက်မထိုက် တရားနှစ်ပါးကို အာရုံ ပြုနိုင်သောစိတ် သုံးဆဲ့တခုမှာ ပညတ်အနေကြောင့် နှစ်ဆဲ့ ကိုးခုနှင့် အဘိညာဏ်နွေ။ အာယတန တဆဲ့နှစ်ပါးတို့တွင် တပါးကိုသာ အာရုံပြု သောစိတ် တဆဲ့ရှစ်ခုမှာ ပဉ္စဝိညာဏဓာတ်,လောကုတ္တရာ။ အာယတန နှစ်ပါးကိုသာအာရုံပြုသောစိတ်ခြောက်ခုမှာ ဒုတိယ,စတုတ္ထ,အရူပစိတ်။ အာယတန ငါးပါးကိုသာ အာရုံပြုသောစိတ် သုံးခုမှာ မနောဓာတ်။ အာ ယတန တဆဲ့နှစ်ပါးကို အာရုံပြုသောစိတ် လေးဆဲ့သုံးခုမှာ ကာမ မနော ဝိညာဏဓာတ်နှင့် အဘိညာဏ်နွေ။ဓာတ်တဆဲ့ရှစ်ပါးတို့ဖြင့်မှတ်၍လည်း ဤနည်း ခုနစ်ချက် ဝေဘန်လေ။ အဖြေ သင်္ချာ သရုပ် အရမှာ အစဉ် အတိုင်း အာယတနဖြင့် မှတ်သည်နှင့် တူ၏။

သဠာယတနထိုက်သောတရားကိုသာ အာရုံပြုသောစိတ် သုံးဆဲ့ကိုးခုမှာ ကာမအာရုံ ဇောကြောင့် နှစ်ဆဲ့ငါးခု, နာမ်အာရုံ ဇောကြောင့် တဆဲ့လေးခု။ သဠာ

မထိုက်သော တရားကိုသာ အာရုံပြုသောစိတ် တဆဲ့ကိုးခုမှာ အဘိညာဏ်မှတပါးရူပစိတ်, ပဉ္စမ, တတိယ, အရူပစိတ်။ သစ္စာထိုက်မထိုက် နှစ်ပါးကို အာရုံပြုနိုင်သောစိတ် သုံးဆဲ့တခုမှာ ပညတ် အနေကန် နှစ်ဆဲ့ကိုးခု,အဘိညာဏ်နွေ။သစ္စာတပါးကိုသာ အာရုံပြုသောစိတ် နှစ်ဆဲ့ခုနစ်ခုမှာ ရုပ်ကေန်တဆဲ့သုံးခု,မဟာဂ္ဂုတ်ကေန် ခြောက်ခု,နိဗ္ဗာန်ကေန်ရှစ်ခု။ သစ္စာနှစ်ပါးကိုသာ အာရုံပြုသောစိတ် သုံးဆဲ့တခုမှာ ကေဟိတ်ဒွိဟိတ်ဇော,သန္တီရဏာမဟာဝိပါက်။သစ္စာလေးပါးကို အာရုံပြုသောစိတ်တဆဲ့တခုမှာ မနောဒွါရာဝဇ္ဇန်း,တိဟိတ်ကာမဇော,အဘိညာဏ်နွေ။

ဤယခု ဆိုလတ္တံ့ ၌ကား အာရုံအရကို စိတ်ရှစ်ဆဲ့ကိုးခု, စေတသိက် ငါးဆဲ့နှစ်ခု,ရုပ်နှစ်ဆဲ့ရှစ်ခု,ပညတ်နှစ်ဆဲ့ရှစ်ခု,နိဗ္ဗာန်တခု,အားဖြင့် တရာ့ကိုးဆဲ့ရှစ်ပါး ယူ၍ကြံလေ။အာရုံတပါးကိုသာ အာရုံပြုသောစိတ် နှစ်ဆဲ့နှစ်ခုမှာ စက္ခု,သောတ,ဃာန,ဇိဝှါဝိညာဏ်, ပဉ္စမ,တတိယအရူပ,လောကုတ္တရာ။အာရုံသုံးပါးကိုသာ အာရုံပြုသောစိတ်နှစ်ခုမှာ ကာယဝိညာဏ်နွေ။အာရုံခုနစ်ပါးကိုသာ အာရုံပြုသောစိတ် သုံးခုမှာ မနောဓာတ်။အာရုံတဆဲ့ နှစ်ပါးကိုသာ အာရုံပြုသောစိတ် တခုမှာ ရူပ ပဉ္စမဈာန် ဝိပါက်။ အာရုံ တဆဲ့ လေးပါး ကိုသာ အာရုံ ပြုသောစိတ် ကိုးခုမှာ ရူပ ဒုတိယ, တတိယ,စတုတ္ထဈာန်စိတ်။ အာရုံနှစ်ဆဲ့ငါးပါးကိုသာ အာရုံပြုသောစိတ် သုံးခုမှာ ရူပ ပဉ္စမဈာန်စိတ်။အာရုံသုံးဆဲ့တပါးကိုသာ အာရုံပြုသောစိတ် လေးခုမှာ ဒုတိယာရုပ္ပ,စတုတ္ထာရုပ္ပ,ကုသိုလ်ဝိပါက်။ အာရုံသုံးဆဲ့နှစ်ပါး ကိုသာ အာရုံပြုသောစိတ် နှစ်ခုမှာ ဒုတိယ,စတုတ္ထ,အရူပကြိယာ။အာရုံ တရာ့ သုံးဆဲ့ လေးပါးကို အာရုံပြုသောစိတ် တဆဲ့ နှစ်ခုမှာ သန္တီရဏာ သုံးခု,မဟာဝိပါက်ရှစ်ခု,ဟသိတုပ္ပါဒ်။ အာရုံ တရာ့ရှစ်ဆဲ့ ကိုးပါးကိုသာ အာရုံပြုသောစိတ် နှစ်ဆယ်မှာ ကေဟိတ် ဒွိဟိတ်ဇော။ အာရုံ တရာ့ ကိုးဆဲ့ ခြောက်ပါး ကိုသာ အာရုံ ပြုသောစိတ် ငါးခုမှာ ကုသိုလ် အဘိညာဏ်,တိဟိတ်ကာမကုသိုလ်။အာရုံတရာ့ကိုးဆဲ့ရှစ်ပါးလုံးကိုသာ အာရုံပြုသောစိတ် ခြောက်ခုမှာ တိဟိတ် ကာမ ကြိယာ, မနောဒွါရာဝဇ္ဇန်း, ကြိယာအဘိညာဏ်။

ဝတ္ထုတို့ဖြင့်မှတ်၍ စိတ်သရုပ်ကိုပြခြင်း

ဝတ္ထု ခြောက်ပါးတို့ဖြင့် မှတ်၍ စိတ်တို့၏ သရုပ်အပြားကို ပြဦးအံ့။ စက္ခု ဝတ္ထု ကိုသာ မှီသောစိတ် နှစ်ခုမှာ စက္ခု ဝိညာဏ်။ သောတဝတ္ထု ကိုသာ မှီသောစိတ် နှစ်ခုမှာ သောတ ဝိညာဏ်။ ဃာနဝတ္ထု ကိုသာ မှီသောစိတ်နှစ်ခုမှာ ဃာနဝိညာဏ်။ဇိဝှါဝတ္ထုကိုသာမှီသောစိတ်နှစ်ခုမှာ ဇိဝှါဝိညာဏ်။ကာယဝတ္ထု ကိုသာမှီသောစိတ်နှစ်ခုမှာကာယဝိညာဏ်။ ဟဒယဝတ္ထုရုပ်ကို မှီသောစိတ် ခုနစ်ဆဲ့ ငါးခုမှာ အရူပ ဝိပါက်မှ တပါး သော မနောဝိညာဏဓာတ်,မနောဓာတ်။ဝတ္ထုရုပ်ကို မှီ၍သာ ဖြစ်သော စိတ် လေးဆဲ့ သုံးခုမှာ ဒေါသမူစိတ် နှစ်ခု, ပဋိဃနှစ်ခုမှာဝဇ္ဇန်း, ဟသိတုပ္ပါဒ်, ကာမဝိပါက်နှစ်ဆဲ့သုံးခု,ရူပစိတ်တဆဲ့ငါးခု, သောတာပတ္တိမဂ်စိတ်တခု။ ဝတ္ထုရုပ်ကို မမှီမူ၍သာ ဖြစ်သောစိတ် လေးခုမှာ အရူပဝိပါက်။ ဝတ္ထု ရုပ်ကို ရံခါမှီရံခါမမှီသောစိတ် လေးဆဲ့နှစ်ခုမှာ ဒေါသမူ,ဟသိတုပ္ပါဒ်မှ တပါး ကာမဇော။ မနောဒွါရာဝဇ္ဇန်း, အရူပဇော။ အထက်မဂ်စိတ်သုံးခု, ဖိုလ်စိတ် လေးခု။

ဝိညာဏဓာတ် တပါး၏သာ မှီရာဝတ္ထုရုပ်ကိုသာ မှီ၍ဖြစ်သော စိတ် တဆယ်မှာ ပဉ္စဝိညာဏဓာတ်။ ဝိညာဏဓာတ် နှစ်ပါး၏သာ မှီရာ ဝတ္ထုရုပ်ကိုသာ မှီ၍သာဖြစ်သောစိတ် သုံးဆဲ့ သုံးခုမှာ ဒေါသမူနွေ,ဟ သိတုပ္ပါဒ်,မနောဓာတ်သုံးခု,သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု,ရူပစိတ် တဆဲ့ငါးခု,သောတာပတ္တိမဂ်စိတ်တခု။ဝိညာဏဓာတ် နှစ်ပါး၏သာ မှီရာ ဝတ္ထုရုပ်ကိုသာမှီ၍ရင်း,ဝတ္ထုရုပ်ကိုမမှီမူ၍ရင်း,ဖြစ်သောစိတ် လေးဆဲ့ နှစ်ခုမှာ ဒေါသမူ,ဟသိတုပ္ပါဒ်မှတပါး ကာမဇောနှစ်ဆဲ့ခြောက်ခု,မနော ဒွါရာဝဇ္ဇန်း,အရူပဇောရှစ်ခု,အထက်မဂ်စိတ်သုံးခု,ဖိုလ်စိတ်လေးခု။

[**ဤစိတ်လေးဆဲ့နှစ်ခုသည်** ပဉ္စဝေါကာရဘုံ၌ဖြစ်ိုက် ဝတ္ထု ရုပ်ကိုမှီ၍သာ ဖြစ်ကုန်သည်။စတုဝေါကာရဘုံ၌ဖြစ်ိုက် ဝတ္ထု ရုပ်ကို မမှီမူ၍သာ ဖြစ်ကုန်၏။]

စေဘာသိက် ငါးဆဲ့ နှစ်ခုတို့တွင် စေဘာသိက် ခုနစ်ခုတို့၏သာ မှီရာ ဝတ္ထုရုပ်ကိုသာ မှီ၍သာဖြစ်သောစိတ် တဆယ်မှာ ပဉ္စဝိညာဏဓာတ်။

စေတသိက် ငါးဆဲ့နှစ်ခု၏ မှီရာဝတ္ထု ရုပ်ကိုသာ မှီ၍သာ ဖြစ်သောစိတ် သုံးဆဲ့သုံးခုမှာ ယခင် သုံးဆဲ့သုံးခုပင်။ စေတသိက် ငါးဆဲ့နှစ်ခုတို့၏ မှီရာ ဝတ္ထုရုပ်ကို မှီ၍ရင်း,မမှီမူ၍ရင်း, ဖြစ်သောစိတ် လေးဆဲ့နှစ်ခုမှာလည်း ယခင် လေးဆဲ့နှစ်ခုပင်။

ဝေဒနာငါးပါးတို့တွင် ဝေဒနာတပါး၏သာမှီရာဝတ္ထုရုပ်ကိုသာမှီ၍ သာဖြစ်သော စိတ်ရှစ်ခုမှာ စက္ခု သောတ ဃာန ဇိဝှါ ဝိညာဏ်။ ဝေဒ နာနှစ်ပါး၏သာ မှီရာဝတ္ထု ရုပ်ကိုသာ မှီ၍သာဖြစ်သော စိတ်နှစ်ခုမှာ ကာယဝိညာဏ်။ ဝေဒနာ သုံးပါး၏သာ မှီရာဝတ္ထုရုပ်ကိုသာ မှီ၍သာ ဖြစ်သောစိတ်သုံးဆဲ့သုံးခုမှာ ယခင်သုံးဆဲ့သုံးခုပင်။ ဝေဒနာသုံးပါး၏သာ မှီရာဝတ္ထုရုပ်ကိုမှီ၍ရင်း, ဝတ္ထုရုပ်ကိုမမှီမူ၍ရင်း, ဖြစ်သောစိတ်လေးဆဲ့ နှစ်ခုမှာလည်း ယခင်လေးဆဲ့နှစ်ခုပင်။

ကာမဘုံ၌သာ ဖြစ်သော ဝတ္ထုရုပ်ကိုသာ မှီ၍သာ ဖြစ်သော စိတ် ခြောက်ခုမှာ ဃာန ဇိဝှါ ကာယ ဝိညာဏ်။ ပဉ္စဝေါကာရဘုံ၌သာ ဖြစ် သော ဝတ္ထုရုပ်ကိုသာမှီ၍သာ ဖြစ်သောစိတ်သုံးဆဲ့ခုနစ်ခုမှာ ယခင်သုံး ဆဲ့သုံးခု၌ စက္ခု သောတ ဝိညာဏ် လေးခုကိုထည့်။ အသညသတ္တဂေါစ ရဂ္ဂါဟိကဝတ္ထုရုပ်ကိုသာမှီ၍သာဖြစ်သောစိတ်လေးခုမှာ စက္ခု,သော တဝိညာဏ်။ သညသတ္တဂေါစရဂ္ဂါဟိက ဝတ္ထုရုပ်ကိုသာမှီ၍သာဖြစ်သော စိတ်ခြောက်ခုမှာ ဃာန,ဇိဝှါ,ကာယဝိညာဏ်။ အဂေါစရဂ္ဂါဟိကဝတ္ထု ရုပ်ကိုသာ မှီ၍သာဖြစ်သောစိတ်သုံးဆဲ့သုံးခုမှာလည်း ယခင် သုံးဆဲ့သုံး ခုပင်။အဂေါစရဂ္ဂါဟိက ဝတ္ထုရုပ်ကိုသာ မှီ၍ရင်း, ဝတ္ထုရုပ်ကို မမှီမူ၍ ရင်း, ဖြစ်သောစိတ်လေးဆဲ့နှစ်ခုမှာလည်း ယခင်လေးဆဲ့နှစ်ခုပင်။

မိမိရှေ့အနန္တရစိတ်နှင့်အတူပြိုင်၍ ဥပါဒ်သောဝတ္ထုရုပ်ကိုသာ မှီ၍ သာဖြစ်သောစိတ်တဆဲ့နှစ်ခုမှာဟသိတုပ္ပါဒ်,ရူပဇော,သောတာပတ္တိမဂ်။

[**ဟသိတုပ္ပါဒ်ဇောသည်** ပကတိကာလ၌သာဖြစ်သည်၊ မရ ဏာသန္နအခါ မဖြစ်ကောင်းဟု ယူသော ဆရာတို့၏ အလိုအား လျော်စွာ ဟသိတုပ္ပါဒ်နှင့်တကွတဆဲ့နှစ်ခုကောက်သည်။ ဟသိ တုပ္ပါဒ်သည် မရဏာသန္နအခါ၌လည်း ဖြစ်၏ဟုယူသော ဆရာ တို့အလိုမူ၊ ယင်းစိတ်ကိုလွှတ်၍တဆဲ့တခုသာကောက်။]

မိမိရှေ့အနန္တရစိတ်နှင့်အတူ ဥပါဒ်သော ဝတ္ထုရုပ်ကိုသာ မှီ၍၎င်း, ဝတ္ထုရုပ်ကို မမှီမူ၍၎င်း, ဖြစ်သောစိတ်တဆဲ့သုံးခုမှာ အရူပဇော ရှစ်ခု, အထက်မဂ်စိတ်သုံးခု, အောက်ဖိုလ်စိတ်နှစ်ခု။ မရဏာသန္နအခါ၌ မဖြစ်ကောင်းသောကြောင့် ၎င်းစိတ်တဆဲ့သုံးခုတွင်အလယ်မဂ်နှစ်ခု,အောက်ဖိုလ်နှစ်ခုမှာ ကာမသုဂတိခုနစ်ဘုံ, ဝေဟပ္ဖိုလ်တိုင် ရူပဆယ်ဘုံ၌ကြွင်း စိတ်ငါးခုမှာ ကာမသုဂတိခုနစ်ဘုံ,အသညသတ်မှတပါး ရူပတဆဲ့ငါးဘုံ၌ ဖြစ်ခိုက် ၎င်းဝတ္ထုရုပ်ကို မှီ၍သာ ဖြစ်သည်။ စတုဝေါကာရ ဘုံ၌ ဖြစ်ခိုက်မူ ၎င်းတဆဲ့သုံးခုလုံးပင် ဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်သည်။ မိမိရှေ့ အနန္တရစိတ်နှင့်အတူ ဥပါဒ်သောဝတ္ထု, မိမိရှေ့ စိတ္တက္ခဏာတချက်ခန့် ကာလ၌ ဥပါဒ်သော ဝတ္ထုကိုသာမှီ၍၎င်း, ဝတ္ထုကို မမှီမူ၍၎င်း, ဖြစ်သောစိတ်နှစ်ခုမှာ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်, ဤစိတ်နှစ်ခုသည် နိရောဓသမာပတ်မှ ထသောအခါဖြစ်ရာ၌ မိမိရှေ့ စိတ္တက္ခဏာ တချက်ခန့် ကာလ၌ဖြစ်သော ဟဒယဝတ္ထုရုပ်ကိုမှီသည်။

မိမိရှေ့စိတ္တက္ခဏာလေးချက်မြောက်စိတ်ကစ၍တဆဲ့နှစ်ချက်မြောက် စိတ်တိုင်အောင်ကိုးခုသော စိတ်တို့နှင့်အတူ ဥပါဒ်သောဝတ္ထု ကိုးခုတွင် တခုခုကိုသာ မှီ၍သာဖြစ်သောစိတ်တဆယ်မှာ ဒွေပဉ္စဝိညာဏ်။ ဤစိတ် တဆယ်သည် အတိမဟန္တာရုံတဝီထိ, မဟန္တာရုံနှစ်ဝီထိ, ပရိတ္တာရုံငါး ဝီထိတို့၌ အစဉ်အတိုင်း ပဌမအတီတဘဝင်ကစ၍ နဝမအတီတဘဝင် တိုင်ကိုးခုသော အတီတဘဝင်နှင့်အတူ ဥပါဒ်သော ပသာဒဝတ္ထု ကိုးခု တို့တွင် ထိုက်သည်အား လျော်စွာ တခုခုကိုမှီသည်။ မရဏာသန္နအခါ ဖြစ်မူ တဒါရုံ နောင်ဘဝင်၏ အခြားမဲ့ အခါ, ဒုတိယ တဒါရုံ၏ အခြားမဲ့ ပဉ္စမဇောနောင်ဘဝင်၏ အခြားမဲ့, ပဉ္စမဇော၏ အခြားမဲ့၌ ဂတိကျသော ဝီထိအစဉ် အားဖြင့် မိမိရှေ့ လေးချက်မြောက် စိတ်ကစ၍ ခုနစ်ချက် မြောက်စိတ်တိုင်အောင် စိတ်တို့နှင့်အတူ ဥပါဒ်သော ဝတ္ထုလေးခုတွင် တခုခုကိုမှီသည်။

မိမိရှေ့ အနန္တရ စိတ်နှင့်အတူ ဥပါဒ်သောဝတ္ထု, မိမိရှေ့ ရှစ်ချက် မြောက်စိတ်ကစ၍ တဆဲ့ငါးချက်မြောက် စိတ်တိုင်အောင် စိတ်တို့နှင့် အတူဥပါဒ်သော ဝတ္ထုအားဖြင့် ဝတ္ထုကိုးပါးတွင် တပါးပါးကိုသာမှီ၍

သာဖြစ်သော စိတ်နှစ်ခုမှာ ဒေါသမူ။ ဤစိတ်နှစ်ခုသည် ပကတိအခါမိမိ ရှေ့အနန္တရစိတ်နှင့်အတူ ဥပါဒ်သောဝတ္ထုကိုသာမှီသည်။မရဏာသန္န အခါ တဒါရုံနောင်ဘဝင်၏အခြားမဲ့, တဒါရုံ၏အခြားမဲ့,ဇောနောင်ဘဝင် ၏အခြားမဲ့, ပဉ္စမဇော၏အခြားမဲ့တို့၌ ရုတ်ကျသောအစဉ်အားလျော်စွာ ပဌမဇောမှာမိမိရှေ့အဋ္ဌမစိတ်မှဧကာဒသမစိတ်တိုင်စိတ်လေးခုနှင့်ဒုတိ ယဇောမှာ နဝမစိတ်မှ ဒွါဒသမတိုင်,တတိယဇောမှာ ဒသမစိတ်မှ တေ ရသမတိုင်,စတုတ္ထဇောမှာ ဧကာဒသမစိတ်မှ ဂုဒ္ဒသမတိုင်,ပဉ္စမဇောမှာ ဒွါဒသမစိတ်မှ ပဏ္ဏရသမတိုင်၊ စိတ်တို့နှင့် အတူဥပါဒ်သော ဝတ္ထုတို့ တွင်တခုခုကိုသာ မှီ၍သာဖြစ်သည်။ ဟသိတုပ္ပါဒ်သည် ပကတိကာလ ၌သာ ဖြစ်သည်ဟု ယူသည်အားလျော်စွာ ဤနည်း၌ ဒေါသမူကိုသာ ကောက်သည်။ မရဏာသန္န အခါ၌လည်း ဖြစ်၏ဟုယူမူ ဟသိတုပ္ပါဒ် နှင့်တကွ သုံးခုကောက်လေ။

မိမိရှေ့ အနန္တရစိတ်နှင့်အတူ ဥပါဒ်သောဝတ္ထု, မိမိရှေ့ ရှစ်ချက် ခြောက်ဗိတ်ကစ၍ တဆဲ့ငါးချက်ခြောက် စိတ်တို့နှင့်အတူ ဥပါဒ်သော ဝတ္ထု ရှစ်ခုအားဖြင့် ဝတ္ထုကိုးပါးတို့တွင် တပါးပါးကိုသာမှီ၍ရင်း,ဝတ္ထု ကိုမမှီမူ၍ရင်း, ဖြစ်သောစိတ်နှစ်ဆဲ့ခြောက်ခုမှာ ဒေါသမူဟသိတုပ္ပါဒ်မှ တပါးသော ကာမဇော။ ဤစိတ်နှစ်ဆဲ့ခြောက်ခုသည် စတုဝေါကာရဘုံ ၌ဖြစ်ဂုက် ဝတ္ထုရုပ်ကိုမမှီ, အကြွင်းမှာ ရှေ့နည်း၌ပြဆိုခဲ့သည်ကို မှီး၍ သိလေ။

မိမိရှေ့ အနန္တရစိတ်၊ မိမိရှေ့ငါးချက်ခြောက် စိတ်ကစ၍ ရှစ်ချက် ခြောက်တိုင်စိတ်တို့နှင့်အတူ ဥပါဒ်သောဝတ္ထုငါးခုတွင် တခုခုကိုသာမှီ ၍သာ ဖြစ်သောစိတ်နှစ်ခုမှာ သမ္ပဋိစ္ဆိုင်နှီး။ ပကတိအခါဝိထိ, မရဏာ သန္နအခါ လေ့ဝိထိတို့၌ယူ။ နောင်ကိုလည်းဤနည်းမှတ်။ မိမိရှေ့အနန္တ ရစိတ်, မိမိရှေ့ ခြောက်ချက် ခုနစ်ချက် ရှစ်ချက် ကိုးချက် ခြောက်စိတ်, တဆဲ့သုံးချက် တဆဲ့လေးချက် တဆဲ့ငါးချက်ခြောက် စိတ်တို့နှင့် အတူ ဥပါဒ်သော ဝတ္ထုရှစ်ချက်တွင် တခုခုကိုသာမှီ၍သာ ဖြစ်သောစိတ်တခု မှာ သောမနဿသန္တီရဏ။ ဤစိတ်သည်ပကတိအခါ မိမိရှေ့ အနန္တရ စိတ်နှင့် မရဏာသန္နအခါဝိထိလေးချက်အစဉ်အားလျော်စွာသန္တီရဏ

ကိစ္စတပ်ခိုက် မိမိရှေ့ ခြောက်ချက် ခုနစ်ချက် ရှစ်ချက် ကိုးချက်မြောက် စိတ်နှင့် တဒါရုံ ကိစ္စတပ်ခိုက် ပဌမတဒါရုံမှာ မိမိရှေ့ တဆဲ့သုံးချက် တဆဲ့လေးချက်မြောက်စိတ်နှင့် ဒုတိယတဒါရုံမှာ တဆဲ့လေးချက် တဆဲ့ ငါးချက်မြောက်စိတ်နှင့်အတူ ဥပါဒ်သောဝတ္ထုကိုမှီသည်။

မိမိရှေ့ အနန္တရစိတ် မိမိရှေ့ သုံးချက်, လေးချက်, ငါးချက်, ခြောက် ချက်မြောက် စိတ်တို့နှင့်အတူ ဥပါဒ်သော ဝတ္ထု ငါးခုတို့တွင် တခုခုကို သာမှီ၍သာဖြစ်သောစိတ်တခုမှာ ပဉ္စဒွါရာဝဇ္ဇန်း။ မိမိရှေ့ အနန္တရစိတ် မိမိရှေ့ခုနစ်ချက်, ရှစ်ချက်, ကိုးချက်, ဆယ်ချက်မြောက်စိတ်တို့နှင့်အတူ ဥပါဒ်သော ဝတ္ထုငါးခုတို့တွင် တခုခုကိုသာ မှီ၍၎င်း, ဝတ္ထုကို မမှီမူ၍ ၎င်း,ဖြစ်သောစိတ်တခုမှာ,မနောဒွါရာဝဇ္ဇန်း။ ပဉ္စဝေါကာရဘုံ၌ ပကတိ အခါ မိမိရှေ့အနန္တရစိတ်နှင့် မရဏာသန္နအခိုက် ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စ။ မနောဒွါရ၌ အာဝဇ္ဇန်းကိစ္စတပ်ခိုက်ခုနစ်ချက်, ရှစ်ချက်, ကိုးချက်, ဆယ် ချက်မြောက်စိတ်နှင့်အတူဥပါဒ်သောဝတ္ထုကိုမှီသည်။

မိမိနှင့်အတူ ဥပါဒ်သောဝတ္ထု။ မိမိရှေ့ အနန္တရစိတ်မှစ၍ ကိုးချက် မြောက်တိုင်စိတ်။ မိမိရှေ့ တဆဲ့သုံးချက်,တဆဲ့လေးချက်,တဆဲ့ငါးချက်, တဆဲ့ခြောက်ချက်မြောက် စိတ်တို့နှင့်အတူ ဥပါဒ်သော ဝတ္ထုတို့တွင် တခုခုကိုသာ မှီ၍သာဖြစ်သောစိတ်တဆယ်မှာ ဥပေက္ခာသန္တီရဏနှစ် ခု, မဟာဝိပါက်ရှစ်ခု။ ဤစိတ်ဆယ်ခုသည် ပဋိသန္ဓေကိစ္စတပ်ခိုက် မိမိ နှင့်အတူ ဥပါဒ်သောဝတ္ထုကိုမှီသည်။ပဋိသန္ဓေနောင် ပဌမဘဝင်စသည့် အခိုက် မိမိရှေ့အနန္တရစိတ်နှင့် မရဏာသန္နအခါဇောနောင်တဒါရုံကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်ခိုက် မိမိရှေ့ တဆဲ့သုံးချက်, တဆဲ့လေးချက်, တဆဲ့ငါးချက်, တဆဲ့ခြောက်ချက်မြောက် စိတ်နှင့်, ပဉ္စဒွါရာဝဇ္ဇန်း ရှေ့ ဘဝင် ကိစ္စတပ်ခိုက် မိမိရှေ့ အနန္တရစိတ်ကစ၍ ငါးချက်မြောက်တိုင် စိတ်နှင့်,မနောဒွါရာဝဇ္ဇန်းရှေ့ဘဝင်ကိစ္စတပ်ခိုက် မိမိရှေ့ အနန္တရစိတ် ကစ၍ ကိုးချက်မြောက်တိုင်စိတ်နှင့်,အတူဥပါဒ်သောဝတ္ထုတို့တွင်တခုခု ကိုသာ မှီ၍သာဖြစ်သည်။ ဥပေက္ခာသန္တီရဏ နှစ်ခုသည် သန္တီရဏ ကိစ္စတပ်ခိုက် ပကတိအခါ မိမိရှေ့ အနန္တရစိတ်နှင့်မရဏာသန္နအခါ မိမိ

ရှေ့ ခြောက်ချက်, ခုနစ်ချက်, ရှစ်ချက်, ကိုးချက်မြောက် စိတ်နှင့်အတူ ဥပါဒ်သောဝတ္ထုတို့တွင် တခုခုကိုသာမှီ၍ဖြစ်သည်။

မိမိနှင့်အတူ ဥပါဒ်သောဝတ္ထု မိမိရှေ့ အနန္တရစိတ်ကစ၍ ကိုးချက်မြောက်တိုင်စိတ်, မိမိရှေ့ တဆဲ့ငါးချက်မြောက် တဆဲ့ခြောက်ချက်မြောက် စိတ်တို့နှင့်အတူဥပါဒ်သောဝတ္ထုတို့တွင် တခုခုကိုသာမှီ၍သာဖြစ်သော စိတ်ငါးခုမှာ ရူပဝိပါက်။ ဤစိတ်ငါးခုသည် ပဋိသန္ဓေကိစ္စတပ်ခိုက်မိမိနှင့် အတူ ဥပါဒ်သောဝတ္ထုကိုသာမှီသည်။ ဇောနောင်ဘဝင်ကိစ္စ စုတိကိစ္စ တပ်ခိုက် မိမိရှေ့တဆဲ့ငါးချက်မြောက် တဆဲ့ခြောက်ချက်မြောက် စိတ်နှင့်အတူ ဥပါဒ်သောဝတ္ထုကိုသာမှီသည်။ အာဝဇ္ဇန်းရှေ့ ဘဝင်ကိစ္စတပ်ခိုက်မိမိရှေ့အနန္တရစိတ်ကစ၍ ကိုးချက်မြောက်တိုင် စိတ်နှင့်အတူဥပါဒ်သောဝတ္ထုတို့တွင် တခုခုကိုသာမှီသည်။ တရုံတခုသောဝတ္ထုကို မမှီမူ၍သာဖြစ်သော စိတ်လေးခုမှာ အရူပဝိပါက်စိတ်။

ကိစ္စဋ္ဌာနဒွါရအာရုံဝတ္ထုတို့ဖြင့်မှတ်၍စိတ်သရုပ်ကိုပြခြင်း

ကိစ္စ,ဌာန,ဒွါရ,အာရုံ,ဝတ္ထုတို့ဖြင့်မှတ်၍ စိတ်တို့၏ သရုပ်အပြားကို ပြဦးအံ့။ ဤပြဆိုလတ္တံ့ ၌ ကိစ္စတဆဲ့လေးပါး, ဌာနဆယ်ပါး, ဒွါရခြောက်ပါး,အာရုံခြောက်ပါး,ဝတ္ထုခြောက်ပါး,တို့တွင် တပါးမှတပါးသို့ ပြောင်းလွှဲ၍ မဖြစ်သည်ကို မြဲသည်ဟု ယူလေ။ မြဲသော ကိစ္စ, ဌာန ,ဒွါရ, အာရုံ ဝတ္ထုရှိသောစိတ် တဆဲ့ ကိုးခုမှာ ဒွိပဉ္စဝိညာဏ် တဆယ်, ပဉ္စမဈာန်မှ တပါးရူပဇောရှစ်ခု,သောတာပတ္တိမဂ်စိတ်တခု။ ကိစ္စ,ဌာန,ဝတ္ထုသာမြဲ၍ ဒွါရအာရုံ မမြဲသောစိတ် ခြောက်ခုမှာ မနောဓာတ် သုံးခု, ဒေါသမူနှစ်ခု, ဟသိတုပ္ပါဒ်။ ဝတ္ထုသာမြဲ၍ ကိစ္စ,ဌာန,ဒွါရ,အာရုံ,မမြဲသောစိတ်တခုမှာ သုခသန္တီရဏ။ ကိစ္စ,ဌာန,ဒွါရ,ဝတ္ထုသာမြဲ၍ အာရုံမမြဲသောစိတ် နှစ်ခုမှာ ရူပပဉ္စမဈာန်ဇော။ ဝတ္ထုသာမြဲ၍ ကိစ္စ,ဌာန,အာရုံ,မမြဲ ဒွါရန္ဒရံခါဖြစ် ရံခါ မဖြစ်သောစိတ် တဆယ်မှာ ဥပေက္ခာ သန္တီရဏ မဟာဝိပါက်။ ဝတ္ထုအာရုံသာမြဲ၍ ကိစ္စ,ဌာန,မမြဲ ဒွါရန္ဒ မဖြစ်သောစိတ် ငါးခုမှာ ရူပ ဝိပါက်။ အာရုံသာမြဲ ကိစ္စ,ဌာန,မမြဲ ဝတ္ထုကိုမမှီ ဒွါရန္ဒလည်း မဖြစ်သော

စိတ်လေးခုမှာ အရူပဝိပါက်။ ကိစ္စ,ဌာန,သာမြဲ၍ ဒွါရအာရုံမမြဲ ဝတ္ထုကို ရုံခါမှီ ရုံခါမမှီသောစိတ် နှစ်ဆဲ့ခြောက်ခုမှာ ဒေါသမူ, ဟသိတုပ္ပါဒ်မှ တပါးသော ကာမဇော။ ကိစ္စ,ဌာန,ဒွါရ,အာရုံ,သာ မြဲ၍ ဝတ္ထုကို ရုံခါမှီ ရုံခါမမှီသောစိတ် တဆဲ့ငါးခုမှာ အရူပဇော ရှစ်, အထက်မဂ် သုံး, ဖိုလ် လေး။ ကိစ္စ,ဌာန,ဒွါရ,အာရုံ,မမြဲ ဝတ္ထုကိုလည်း ရုံခါမှီရုံခါမမှီသောစိတ် တခုမှာ မနောဒွါရာဝဇ္ဇန်း။

ဘုံဖြင့်မှတ်၍စိတ်သင်္ချာကိုပြခြင်း

ဘုံဖြင့် မှတ်၍ စိတ်တို့၏ သင်္ချာ အပြားကို ပြဦးအံ့။ ကာမဘုံ၌ ဖြစ်ကောင်းသော စိတ် ရှစ်ဆယ်မှာ မဟဂ္ဂုတ် ဝိပါက်မှ တပါးသောစိတ်။ ၎င်းအကျယ် တရာ့တဆဲ့နှစ်ခုမှာ ရှစ်ဆယ်၌ လောကုတ္တရာကိုချန်ပွါး။ ရူပဘုံ၌ ဖြစ်ကောင်းသော စိတ် ခြောက်ဆဲ့ ကိုးခုမှာ ဒေါသမူမှ တပါး သောဇောငါးဆဲ့သုံးခု,စက္ခု သောတဝိညာဏ်လေးခု,မနောဓာတ်သုံးခု, သန္တီရဏသုံးခု, မနောဒွါရာဝဇ္ဇန်း, ရူပဝိပါက်ငါးခု, ၎င်းအကျယ် တရာ့ တစ်။ အရူပဘုံ၌ ဖြစ်ကောင်းသောစိတ် လေးဆဲ့ ခြောက်ခုမှာ ဒေါသမူ, ဟသိတုပ္ပါဒ်မှ တပါးသော ကာမဇောနှစ်ဆဲ့ခြောက်ခု,မနောဒွါရာဝဇ္ဇန်း, အရူပစိတ် တဆဲ့နှစ်ခု, အထက်မဂ်သုံး,ဖိုလ်လေး။ ၎င်းအကျယ် ခုနစ်ဆဲ့ လေး။အပါယ်လေးဘုံ၌ ဖြစ်ကောင်းသောစိတ် သုံးဆဲ့ခုနစ်ခုမှာ ကြိယာ ဇော မဟာဝိပါက်တို့မှ တပါးသော ကာမစိတ်။ ကာမသုဂတိ ခုနစ်ဘုံ၌ ဖြစ်ကောင်းသောစိတ်ရှစ်ဆယ်မှာ မဟဂ္ဂုတ်ဝိပါက်မှ တပါးသောစိတ်။ ၎င်းအကျယ် တရာ့တဆဲ့နှစ်။ ပဌမဈာန် သုံးဘုံ၌ ဖြစ်ကောင်းသောစိတ် ခြောက်ဆဲ့ ငါးခုမှာ ရူပဘုံရစိတ် ခြောက်ဆဲ့ ကိုးခု၌ ရူပအထက်ဝိပါက် လေးခုကိုနုတ်။ ၎င်းအကျယ် ကိုးဆဲ့ခုနစ်။ ဒုတိယဈာန် သုံးဘုံ၌ ဖြစ် ကောင်းသော စိတ် ခြောက်ဆဲ့ ခြောက်ခုမှာ ယခင် ခြောက်ဆဲ့ ကိုးခု၌ ပဌမ,စတုတ္ထ,ပဉ္စမ,ဝိပါက်သုံးခုကိုနုတ်။၎င်းအကျယ်ကိုးဆဲ့ရှစ်။တတိယ ဈာန်သုံးဘုံ၌ ဖြစ်ကောင်းစိတ် ခြောက်ဆဲ့ငါးခုမှာ ယခင် ခြောက်ဆဲ့ကိုး ခု၌ ရူပ ပဌမ,ဒုတိယ,တတိယ,ပဉ္စမ,ဝိပါက် လေးခုကိုနုတ်။ ၎င်းအကျယ်

ကိုးဆဲ့ခုနစ်ခု။ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်ကောင်းသောစိတ် ခြောက်ဆဲ့ငါးခုမှာ
ယခင် ခြောက်ဆဲ့ကိုးခု၌ ရူပအောက်ဝိပါက် လေးခုကိုနှုတ်။၎င်းအကျယ်
ကိုးဆဲ့ ခုနစ်ခု။ သုဒ္ဓါဝါသ ငါးဘုံ၌ ဖြစ်ကောင်းစိတ် ငါးဆဲ့ ငါးခုမှာ ဝေ
ဟပ္ဖိုလ်ရစိတ် ခြောက်ဆဲ့ငါးခု၌ ဒိဋ္ဌိဂတသမ္ပယုတ် လေးခု, ဝိစိကိစ္ဆာ
သဟဂုတ်စိတ်တခု,အောက်မဂ်သုံးခု, အောက်ဖိုလ် နှစ်ခုတို့ကိုနှုတ်။ ၎င်း
အကျယ်ခြောက်ဆဲ့ခုနစ်ခု။ပဌမာရုပ္ပဘုံ၌ဖြစ်ကောင်းသောစိတ် လေးဆဲ့
သုံးခုမှာ ဒေါသမူ, ဟသိတုပ္ပါဒ်မှ တပါးသော ကာမဇော, မနောဒွါရာ
ဝဇ္ဇန်း,အရူပဇောရှစ်,အထက်မဂ်သုံး,ဖိုလ်လေး,ပဌမာရုပ္ပဝိပါက်။ ၎င်းအ
ကျယ် ခုနစ်ဆဲ့တစ်။ ဒုတိယာရုပ္ပဘုံ၌ ဖြစ်ကောင်းစိတ် လေးဆဲ့ တခုမှာ
ယခင်လေးဆဲ့သုံးခု၌ပဌမာရုပ္ပသုံးခုကိုနှုတ်၍ဒုတိယာရုပ္ပဝိပါက်ကိုထည့်။
၎င်းအကျယ် ခြောက်ဆဲ့ ကိုးခု။ တတိယာရုပ္ပဘုံ၌ ဖြစ်ကောင်းသောစိတ်
သုံးဆဲ့ကိုးခုမှာ ယခင်လေးဆဲ့တခု၌ ဒုတိယာရုပ္ပသုံးခုကိုနှုတ်၍ တတိယာ
ရုပ္ပဝိပါက်ကိုထည့်။၎င်းအကျယ် ခြောက်ဆဲ့ခုနစ်ခု။စတုတ္ထာရုပ္ပဘုံ၌ ဖြစ်
ကောင်းသောစိတ် သုံးဆဲ့ ခုနစ်ခုမှာ ယခင် သုံးဆဲ့ ကိုးခု၌ တတိယာရုပ္ပ
သုံးခုကိုနှုတ်၍ စတုတ္ထာရုပ္ပကိုထည့်။၎င်းအကျယ် ခြောက်ဆဲ့ငါး။

ကာမဘုံ၌သာ ဖြစ်ကောင်းစိတ် တဆဲ့ ခြောက်ခုမှာ ဒေါသမူ နှစ်ခု,
ဃာန, ဇိဝှါ, ကာယဝိညာဏ် ခြောက်ခု, မဟာဝိပါက်ရှစ်ခု။ ကာမဘုံ၌
မဖြစ်သောစိတ်ကိုးခုမှာ မဟဂ္ဂုတ်ဝိပါက်။ ရူပဘုံ၌သာ ဖြစ်သောစိတ်
ငါးခုမှာ ရူပဝိပါက်။ ရူပဘုံ၌ မဖြစ်သောစိတ် နှစ်ဆယ်မှာ ယခင် တဆဲ့
ခြောက်ခု၌ အရူပဝိပါက် လေးခုကိုထည့်။ အရူပဘုံ၌သာ ဖြစ်သောစိတ်
လေးခုမှာ အရူပဝိပါက်။အရူပဘုံ၌မဖြစ်သောစိတ် လေးဆဲ့သုံးခုမှာ ဒေါ
သမူ, ပဉ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်, ကာမဝိပါက် နှစ်ဆဲ့သုံးခု, ရူပစိတ်
တဆဲ့ငါး,သောတာပတ္တိမဂ်တခု။၎င်းအကျယ် လေးဆဲ့ခုနစ်။အပါယ်ဘုံ၌
သာ ဖြစ်သော စိတ်မှာ မရှိ။ အပါယ်ဘုံ၌ မဖြစ်သောစိတ် ငါးဆဲ့ နှစ်ခုမှာ
မဟာဝိပါက်ရှစ်, ကာမကြိယာဇော ကိုး, မဟဂ္ဂုတ် နှစ်ဆဲ့ခုနစ်, လော
ကုတ္တရာရှစ်။ ၎င်းအကျယ် ရှစ်ဆဲ့လေး။ ကာမသုဂတိဘုံ၌သာ ဖြစ်သော
စိတ် ရှစ်ခုမှာ မဟာဝိပါက်။ ကာမသုဂတိဘုံ၌ မဖြစ်သောစိတ် ကိုးခုမှာ
မဟဂ္ဂုတ်ဝိပါက်။ ပဌမဈာန်သုံးဘုံ၌သာ ဖြစ်သောစိတ် တခုမှာ ရူပပဌမ

ဈာန်ဝိပါက်။ပဥ္စမဈာန်သုံးဘုံ၌ မဖြစ်သောစိတ်နှစ်ဆဲ့လေးခုမှာ ဒေါသမူ, ဃာန,ဇိဝှါ,ကာယဝိညာဏ်, မဟာဝိပါက်,ပဥ္စမဈာန်မှတပါး မဟဂ္ဂုတ် ဝိပါက်။ဒုတိယဈာန်သုံးဘုံ၌သာ ဖြစ်သောစိတ် နှစ်ခုမှာ ရူပဒုတိယ,တတိယဈာန်ဝိပါက်။ ဒုတိယဈာန်သုံးဘုံ၌ မဖြစ်သောစိတ် နှစ်ဆဲ့သုံးခုမှာ ကာမဘုံရဇောကြေန် တဆဲ့ခြောက်ခု,ဒုတိယ,တတိယဈာန်မှ တပါးသောမဟဂ္ဂုတ် ဝိပါက်ခုနစ်ခု။တတိယဈာန်သုံးဘုံ၌သာဖြစ်သောစိတ်တခုမှာ ရူပစတုတ္ထ ဈာန်ဝိပါက်။တတိယဈာန်သုံးဘုံ၌ မဖြစ်သောစိတ် နှစ်ဆဲ့လေးခုမှာ ကာမဘုံရဇောကြေန် တဆဲ့ခြောက်ခု,စတုတ္ထဈာန်မှတပါး မဟဂ္ဂုတ်ဝိပါက်။ဝေဟပ္ဖိုလ်သုဒ္ဓါဝါသတို့၌သာ ဖြစ်သောစိတ်တခုမှာ ရူပပဥ္စမဈာန်ဝိပါက်။ ဝေဟပ္ဖိုလ်သုဒ္ဓါဝါသတို့၌ မဖြစ်သောစိတ် နှစ်ဆဲ့လေးခုမှာ ယခင်တဆဲ့ ခြောက်ခုနှင့် ရူပ ပဥ္စမဈာန်မှ တပါး မဟဂ္ဂုတ် ဝိပါက်။ သုဒ္ဓါဝါသဘုံ၌ မဖြစ်သောစိတ် သုံးဆဲ့လေးခုမှာ ဒိဋ္ဌိဂတသမ္ပယုတ်,ဒေါသမူ,ဝိစိကိစ္ဆာ သဟဂုတ်, ဃာန, ဇိဝှါ, ကာယဝိညာဏ်, မဟာဝိပါက်။ ရူပပဥ္စမဈာန်မှ တပါး မဟဂ္ဂုတ်ဝိပါက်, အောက်မဂ်သုံးခု, အောက်ဖိုလ် နှစ်ခု။ ၎င်းအကျယ် ငါးဆဲ့လေး။ ပဌမာရုပ္ပဘုံ၌သာ ဖြစ်သောစိတ် တခုမှာ ပဌမာရုပ္ပ ဝိပါက်။ပဌမာရုပ္ပဘုံ၌ မဖြစ်သောစိတ်လေးဆဲ့ခြောက်ခုမှာ ဒေါသမူ,ပဥ္စ ဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်,ကာမဝိပါက်,ရူပစိတ်,ဒုတိယ,တတိယ,စတုတ္ထ အရူပဝိပါက်,သောတာပတ္တိမဂ်တခု။၎င်းအကျယ်ငါးဆယ်။ဒုတိယာရုပ္ပ ဘုံ၌သာ ဖြစ်သောစိတ် တခုမှာ ဒုတိယာရုပ္ပ ဝိပါက်။ ဒုတိယာရုပ္ပဘုံ၌ မဖြစ်သောစိတ် လေးဆဲ့ရှစ်ခုမှာ ယခင် လေးဆဲ့ခြောက်ခု၌ ဒုတိယာရုပ္ပ ဝိပါက်ကိုနှုတ်၍ ပဌမာရုပ္ပ သုံးခုကိုထည့် ။၎င်းအကျယ် ငါးဆဲ့နှစ်။တတိ ယာရုပ္ပဘုံ၌သာဖြစ်သောစိတ်တခုမှာတတိယာရုပ္ပဝိပါက်။တတိယာရုပ္ပ ဘုံ၌မဖြစ်သောစိတ်ငါးဆယ်မှာ ယခင်လေးဆဲ့ရှစ်၌တတိယာရုပ္ပဝိပါက် ကိုနှုတ်၍ ဒုတိယာရုပ္ပ သုံးခုကိုထည့်။၎င်းအကျယ် ငါးဆဲ့လေး။ စတုတ္ထာ ရုပ္ပဘုံ၌သာ ဖြစ်သောစိတ် တခုမှာ စတုတ္ထာရုပ္ပ ဝိပါက်စိတ်။ စတုတ္ထာ ရုပ္ပဘုံ၌ မဖြစ်သောစိတ် ငါးဆဲ့ နှစ်ခုမှာ ယခင် ငါးဆယ်၌ စတုတ္ထာ ရုပ္ပ ဝိပါက်ကိုနှုတ်၍ တတိယာရုပ္ပ သုံးခုကိုထည့်။ ၎င်းအကျယ် ငါးဆဲ့ ခြောက်။ကာမဘုံရူပဘုံ၌သာဖြစ်သောစိတ်နှစ်ဆဲ့နှစ်ခုမှာစက္ခုသောတ

ဝိညာဏ်လေးခု, သန္တီရဏသုံးခု, မနောဓာတ်သုံးခု, ဟသိတုပ္ပါဒ်, ရူပ ဇောတဆယ်,သောတာပတ္တိမဂ်တခု။ ၎င်းအကျယ် နှစ်ဆဲ့ခြောက်။ ကာမ ဘုံရူပဘုံ၌ မဖြစ်သောစိတ် လေးခုမှာ အရူပဝိပါက်။ ကာမရူပအရူပဘုံ၌ ဖြစ်ကောင်းသောစိတ် လေးဆဲ့နှစ်ခုမှာ ဒေါသမူ, ဟသိတုပ္ပါဒ်မှ တပါး သော ကာမဇော နှစ်ဆဲ့ခြောက်ခု, မနောဒွါရာဝဇ္ဇန်း, အရူပဇောရှစ်ခု, အထက်မဂ်သုံးခု,ဖိုလ်လေးခု။ ၎င်းအကျယ် ခုနစ်ဆယ်။ သုံးဘုံ၌သာဖြစ် သောစိတ် လေးခုမှာ ပဥ္စမဈာန်မှတပါး ရူပဝိပါက်။ ခြောက်ဘုံ၌သာဖြစ် သောစိတ်တခုမှာ ရူပပဥ္စမဈာန်ဝိပါက်။ ခုနစ်ဘုံ၌သာ ဖြစ်သောစိတ် ရှစ် ခုမှာ မဟာဝိပါက်။ တဆဲ့တဘုံ၌သာ ဖြစ်သောစိတ်ရှစ်ခုမှာ ဒေါသမူ, ဃာန,ဇိဝှါ, ကာယဝိညာဏ်။ တဆဲ့ခုနစ်ဘုံ၌သာ ဖြစ်သောစိတ် တခုမှာ သောတာပတ္တိမဂ်တခု။ ၎င်းအကျယ်ငါး။ နှစ်ဆဲ့တဘုံ၌သာ ဖြစ်သောစိတ် လေးခုမှာ အလယ်မဂ်နှစ်ခု, အောက်ဖိုလ်နှစ်ခု ။ ၎င်းအကျယ်နှစ်ဆယ်။ နှစ်ဆဲ့ နှစ်ဘုံ၌သာ ဖြစ်သောစိတ် တဆဲ့တခုမှာ ဟသိတုပ္ပါဒ်, ရူပဇော။ နှစ်ဆဲ့သုံးဘုံ၌သာ ဖြစ်သောစိတ် နှစ်ခုမှာ ပဌမာရုပ္ပဇော။ နှစ်ဆဲ့လေးဘုံ ၌သာ ဖြစ်သောစိတ် နှစ်ခုမှာ ဒုတိယာရုပ္ပဇော။ နှစ်ဆဲ့ ငါးဘုံ၌သာ ဖြစ် သောစိတ် ခုနစ်ခုမှာ တတိယာရုပ္ပဇောနှစ်ခု, ဒိဋ္ဌိဂတသမ္ပယုတ် လေးခု, ဝိစိကိစ္ဆာ သဟဂုတ်စိတ် တခု။ နှစ်ဆဲ့ ခြောက်ဘုံ၌သာ ဖြစ်သောစိတ် နှစ်ဆဲ့သုံးခုမှာ စက္ခုသောတဝိညာဏ် လေးခု, သန္တီရဏသုံးခု, မနော ဓာတ်သုံးခု,မဟာကြိယာစိတ်ရှစ်ခု,စတုတ္ထာရုပ္ပဇောနှစ်ခု,အရဟတ္တမဂ် တခု,အထက်ဖိုလ်နှစ်ခု။ ၎င်းအကျယ် သုံးဆဲ့ငါး။ ဘုံသုံးဆယ်၌ ဖြစ်သော စိတ် တဆဲ့လေးခုမှာ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးခု, ဥဒ္ဓစ္စသဟဂုတ်စိတ် တခု,မနောဒွါရာဝဇ္ဇန်း,မဟာကုသိုလ်ရှစ်ခု။

ကာမ တဆဲ့တဘုံလုံး၌ ဖြစ်နိုင်သော စိတ်သုံးဆဲ့ ခုနစ်ခုမှာ ကြိယာ ဇော ကိုးခု, မဟာဝိပါက်ရှစ်ခု, ဟူသော စိတ် တဆဲ့ ခုနစ်ခု တို့မှ တပါး သောကာမစိတ်။ ရူပတဆဲ့ငါးဘုံလုံး၌ ဖြစ်နိုင်သောစိတ်ငါးဆဲ့လေးခုမှာ ဒိဋ္ဌိဂတဝိပ္ပယုတ် လေးခု, ဥဒ္ဓစ္စသဟဂုတ် တခု, စက္ခုသောတဝိညာဏ် လေးခု, သမ္ပဋိစ္ဆိုန်း နှစ်ခု, သန္တီရဏ သုံးခု, ကာမကြိယာစိတ် တဆဲ့ တခု, မဟာကုသိုလ် ရှစ်ခု, မဟဂ္ဂုတ်ဇော တဆဲ့ရှစ်ခု, အရဟတ္တ မဂ်

တခု, အထက်မိုလ်နှစ်ခု။ ၎င်းအရူပလေးဘုံလုံး၌ ဖြစ်နိုင်သောစိတ်သုံးဆဲ့ခြောက်ခုမှာ ဒေါသမူဟသိတ္ထုပ္ပါဒ်မှတပါး ကာမဇော,မနောဒွါရာဝဇ္ဇန်း, စတုတ္ထဈာနရူပဇော, အထက်မဂ် သုံးခု, မိုလ်စိတ် လေးခု။ ၎င်းအကျယ်ခြောက်ဆဲ့လေး။ ကာမ တဆဲ့တဘုံ, ရူပတဆဲ့ငါးဘုံလုံး၌ ဖြစ်နိုင်သောစိတ် နှစ်ဆဲ့ လေးခုမှာ စက္ခု သောတဝိညာဏ် လေး, သမ္ပဋိစ္ဆိုန်းနွေ, သန္တီရဏသုံး, အာဝဇ္ဇန်း နှစ်, ဒိဋ္ဌိဂတဝိပ္ပယုတ် လေး, ဥဒ္ဓစ္စ သဟဂုတ်တစ်, မဟာကုသိုလ်ရှစ်။ ရူပဘဆဲ့ငါးဘုံ- အရူပလေးဘုံ၌ ဖြစ်နိုင်သောစိတ်နှစ်ဆဲ့ခုနစ်ခုမှာ ဒိဋ္ဌိဂတဝိပ္ပယုတ်,ဥဒ္ဓစ္စသဟဂုတ်,မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ, စတုတ္ထဈာနရူပဇော, အရဟတ္တမဂ်,အထက်မိုလ်နှစ်။၎င်းအကျယ်သုံးဆဲ့ကိုး။ကာမတဆဲ့တဘုံ,ရူပတဆဲ့ငါးဘုံ,အရူပလေးဘုံလုံး၌ ဖြစ်နိုင်သောစိတ်တဆဲ့လေးခုမှာ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု, ဥဒ္ဓစ္စသဟဂုတ်တစ်, မနောဒွါရာဝဇ္ဇန်းတစ်, မဟာကုသိုလ်ရှစ်ခု။

စေတသိက် လေးဆဲ့ခြောက်ခု၏သာ ဖြစ်ရာဘုံ၌ရသောစိတ် ငါးဆဲ့ငါးခုမှာ သုဒ္ဓါဝါသဘုံရစိတ်။ စေတသိက် လေးဆဲ့ရှစ်ခု၏သာ ဖြစ်ရာဘုံ၌ရသော စိတ်ခုနစ်ဆဲ့သုံးခုမှာ ကာမဘုံရ ဇောနိစိတ် တဆဲ့ခြောက်ခုမှတပါးသောစိတ်။ စေတသိက် ငါးဆဲ့နှစ်ခု၏ ဖြစ်ရာဘုံ၌ရသောစိတ် ရှစ်ဆယ်မှာ မဟဂ္ဂုတ်ဝိပါက်မှတပါးသောစိတ်။ ဝေဒနာနှစ်ပါး၏သာ ဖြစ်ရာဘုံ၌ရသောစိတ်ခုနစ်ဆဲ့သုံးခုမှာ ယခင် ခုနစ်ဆဲ့သုံးခုပင်။ ဝေဒနာငါးပါး၏ ဖြစ်ရာဘုံ၌ရသော စိတ်ရှစ်ဆယ်မှာလည်း ယခင် ရှစ်ဆယ်ပင်။ ဟိတ်ငါးပါး၏သာ ဖြစ်ရာဘုံ၌ရသောစိတ်ခုနစ်ဆဲ့သုံး။ဟိတ်ခြောက်ပါး၏ဖြစ်ရာဘုံ၌ရသော စိတ်ရှစ်ဆယ်လည်း ဤအတူ။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏သာ ဖြစ်ရာဘုံ၌ရသောစိတ်သုံးဆဲ့ခုနစ်ခုမှာ အပါယ်ဘုံရစိတ်။သုဂတိအဟိတ်ပုဂ္ဂိုလ်၏သာ ဖြစ်ရာဘုံ၌စိတ်မှာ အသညသတ်ဘုံဖြစ်၍စိတ်မရှိ။ တိဟိတ်ပုဂ္ဂိုလ်၏သာ ဖြစ်ရာဘုံ၌စိတ်ခုနစ်ဆဲ့သုံးခုမှာ ယခင်ခုနစ်ဆဲ့သုံးပင်။ ဒွိဟိတ်တိဟိတ်၏သာ ဖြစ်ရာဘုံ၌ စိတ်ရှစ်ဆယ်, အဟိတ် ဒွိဟိတ် တိဟိတ်၏ ဖြစ်ရာဘုံ၌ စိတ်ရှစ်ဆယ်, ဤနှစ်ချက်မှာ မဟဂ္ဂုတ်ဝိပါက်မှတပါးစိတ်။ ပုထုဇ္ဇန်၏သာ ဖြစ်ရာဘုံ၌စိတ်သုံးဆဲ့ခုနစ်ခုမှာ အပါယ်ဘုံရစိတ်။ အရိယာ၏သာ ဖြစ်ရာဘုံ၌စိတ်ငါးဆဲ့

ငါးခုမှာ သုဒ္ဓါဝါသဘုံရစိတ်။ ပုထုဇ္ဇန်အရိယာတို့၏ ဖြစ်ရာဘုံ၌စိတ် ရှစ်ဆဲ့ကိုးခုမှာ ကာမသုဂတိဘုံ, ဝေဟပ္ဖိုလ်တိုင် ရူပဘုံအရူပဘုံတို့၌ စိတ်ကိုယူ။ ပုထုဇ္ဇန်တယောက်၏ ဖြစ်ရာဘုံ၌ စိတ်ရှစ်ဆဲ့တခုမှာ အပါယ်ဘုံ ဝေဟပ္ဖိုလ်တိုင် ရူပဆယ်ဘုံ, အရူပဘုံရစိတ်ဟူသော မဟာဝိပါက်ရှစ်ခုမှတပါးစိတ်။ ပုထုဇ္ဇန်နှစ်ယောက်၏ ဖြစ်ရာဘုံ၌ စိတ်ရှစ်ဆယ်မှာ စတုမဟာရာဇ်မှတပါး နတ်ပြည်ငါးထပ်၌စိတ်ကိုယူ။ ပုထုဇ္ဇန်သုံးယောက်၏ ဖြစ်ရာဘုံ၌ရှစ်ဆယ်မှာ လူ့ဘုံ စတုမဟာရာဇ်ဘုံ၌ စိတ်ကိုယူ။ အရိယာသုံးယောက်၏ ဖြစ်ရာဘုံ၌ စိတ်ငါးဆဲ့ငါးခုမှာ သုဒ္ဓါဝါသဘုံရစိတ်။ အရိယာခုနစ်ယောက်၏ ဖြစ်ရာဘုံ၌စိတ်လေးဆဲ့ခြောက်ခုမှာအရူပဘုံရစိတ်။ အရိယာရှစ်ယောက်၏ ဖြစ်ရာဘုံ၌စိတ်ရှစ်ဆဲ့ငါးခုမှာ ကာမသုဂတိခုနစ်ဘုံ, ဝေဟပ္ဖိုလ်တိုင် ရူပဆယ်ဘုံတို့၌စိတ်။ ပုဂ္ဂိုလ် တယောက်၏ သာ ဖြစ်ရာဘုံ၌စိတ်သုံးဆဲ့ခုနစ်ခုမှာ အပါယ်ဘုံရစိတ်။ ပုဂ္ဂိုလ်သုံးယောက်၏သာ ဖြစ်ရာဘုံ၌စိတ်ငါးဆဲ့ခြောက်ခုမှာ သုဒ္ဓါဝါသဘုံရစိတ်။ ပုဂ္ဂိုလ်ရှစ်ယောက်၏သာ ဖြစ်ရာဘုံ၌ စိတ်လေးဆဲ့ ခြောက်ခုမှာ အရူပ ဘုံရစိတ်။ ပုဂ္ဂိုလ် ကိုးယောက်၏သာ ဖြစ်ရာဘုံ၌ စိတ်ခြောက်ဆဲ့ ကိုးခုမှာ ရူပဘုံရစိတ်။ ပုဂ္ဂိုလ်ဆယ်ယောက်၏သာ ဖြစ်ရာဘုံ၌စိတ်ရှစ်ဆယ်မှာ တာဝတိံသာစသော နတ်ပြည်ငါးထပ် ဘုံရစိတ်။ ပုဂ္ဂိုလ်တဆဲ့တယောက်၏သာ ဖြစ်ရာဘုံရစိတ်ရှစ်ဆယ်မှာ လူ့ဘုံ စတုမဟာရာဇ်ဘုံရစိတ်။

ပဋိသန္ဓေ တဆဲ့ကိုးပါးတို့တွင် တပါး၏သာ ဖြစ်ရာဘုံ၌ ရသောစိတ် ခုနစ်ဆဲ့ကိုးခုမှာ ဒုတိယဈာန်သုံးဘုံမှတပါး ရူပဘုံရ, အရူပဘုံရ, အပါယ်ဘုံရ, ဖြစ်သောရူပဒုတိယတတိယဈာန်ဝိပါက်, မဟာဝိပါက်တို့မှတပါးသောစိတ်။ ပဋိသန္ဓေ နှစ်ပါး၏သာ ဖြစ်ရာဘုံ၌ ရသောစိတ် ခြောက်ဆဲ့ခြောက်မှာ ရူပဒုတိယဈာန်သုံးဘုံရစိတ်။ ပဋိသန္ဓေရှစ်ပါး၏သာဖြစ်ရာဘုံရစိတ် ရှစ်ဆယ်မှာ တာဝတိံသာ စသော နတ်ဘုံငါးထပ် ရစိတ်။ ပဋိသန္ဓေကိုးပါး၏သာ ဖြစ်ရာဘုံရစိတ်ရှစ်ဆယ်မှာ လူ့ဘုံ စတုမဟာရာဇ်ဘုံရစိတ်။ တနည်း။ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဥပပါတ်, ပဋိသန္ဓေလေးပါးတို့တွင် တပါး၏သာ ဖြစ်ရာရဘုံစိတ် ရှစ်ဆဲ့ကိုးခုမှာ နိရယဘုံ, တာဝတိံသာ, စသော နတ်ဘုံ, ပြိတ္တာဘုံရစိတ်။ ပဋိသန္ဓေ လေးပါးလုံး

၏ ဖြစ်ရာဘုံရစိတ် ၅စ်ဆယ်မှာ တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဘုံ, လူ့ဘုံ, စတုမဟာရာဇ်ဘုံရစိတ်။ တနည်းလည်း ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်, ပဋိသန္ဓေ လေးပါးတို့တွင် ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေတပါး၏သာ ဖြစ်ရာဘုံ၌စိတ်သုံးဆဲ့ခုနစ်ခုမှာ အပါယ်ဘုံရစိတ်။ တိဟိတ်ပဋိသန္ဓေတပါး၏သာ ဖြစ်ရာဘုံရစိတ်ခုနစ်ဆဲ့သုံးခုမှာ ရူပအရူပဘုံရဖြစ်သော ကာမဘုံရကောင်း တဆဲ့ခြောက်ခုမှတပါးစိတ်။ ဒွိဟိတ်တိဟိတ် ပဋိသန္ဓေနှစ်ပါး၏သာ ဖြစ်ရာဘုံ၌စိတ်၅စ်ဆယ်မှာ တာဝတိံသာစသော နတ်ပြည်ငါးဘုံရစိတ်။ သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်, ပဋိသန္ဓေသုံးပါး၏သာ ဖြစ်ရာဘုံရစိတ်၅စ်ဆယ်မှာ လူ့ဘုံ စတုမဟာရာဇ်ဘုံရစိတ်။ တနည်းလည်း ဒုဂ္ဂတိအဟိတ်စသော ပဋိသန္ဓေလေးပါးတွင် တပါး၏သာ ဖြစ်ရာဘုံ၌စိတ်၅စ်ဆဲ့တခုမှာ အပါယ်ဘုံရ ရူပ အရူပဘုံရဖြစ်သော မဟာဝိပါက်မှတပါးစိတ်။ ၎င်းလေးပါးတွင် နှစ်ပါး၏သာ ဖြစ်ရာဘုံ၌ စိတ်၅စ်ဆယ်မှာ အထက်ကာမာဝစရ နတ်ပြည်ငါးဘုံရစိတ်။ ၎င်းလေးပါးတွင် သုံးပါး၏သာ ဖြစ်ရာဘုံ၌ စိတ်၅စ်ဆယ်မှာ လူ့ဘုံစတုမဟာရာဇ်ဘုံရစိတ်။

ပဋိသန္ဓေစသော ကိစ္စတဆဲ့လေးပါးတို့တွင် ငါးပါး၏သာ ဖြစ်ရာဘုံ၌စိတ်လေးဆဲ့ခြောက်ခုမှာ အရူပဘုံရစိတ်။ ကိစ္စဆယ်ပါး၏သာ ဖြစ်ရာဘုံ၌စိတ်ခြောက်ဆဲ့ကိုးခုမှာ ရူပဘုံရစိတ်။ ကိစ္စတဆဲ့လေးပါးလုံး၏ ဖြစ်ရာဘုံ၌စိတ်၅စ်ဆယ်မှာ ကာမဘုံရစိတ်။ ဒွါရခြောက်ပါးတို့တွင် တပါး၏သာ ဖြစ်ရာဘုံ၌စိတ် လေးဆဲ့ခြောက်။ ဒွါရသုံးပါး၏သာ ဖြစ်ရာဘုံ၌စိတ်ခြောက်ဆဲ့ကိုး။ ဒွါရခြောက်ပါးလုံး၏ ဖြစ်ရာဘုံ၌စိတ်၅စ်ဆယ်။ ဤသုံးချက်မှာ အစဉ်အတိုင်းရှေ့သုံးချက်နှင့်အတူ။ ဝတ္ထုခြောက်ပါးတို့တွင် တပါး၏မျှ ဖြစ်ရာမဟုတ်သောဘုံ၌စိတ်လေးဆဲ့ခြောက်။ ဝတ္ထုသုံးပါး၏သာ ဖြစ်ရာဘုံ၌စိတ် ခြောက်ဆဲ့ကိုး။ ဝတ္ထုခြောက်ပါးလုံး၏ ဖြစ်ရာဘုံ၌စိတ်၅စ်ဆယ်။ ဤသုံးချက်လည်း နည်းတူ။

သညီဘုံ၌ ရသောစိတ်၅စ်ဆဲ့၅စ်ခုမှာ စတုတ္ထာရုပ္ပ ဝိပါက်မှ တပါးစိတ်။ အသညီဘုံ၌ရသောစိတ်မှာမရှိ။ နေဝသညာနာသညီဘုံ၌စိတ်သုံးဆဲ့ခုနစ်ခုမှာ စတုတ္ထာရုပ္ပဘုံရစိတ်။ ခန္ဓာငါးပါးတွင် ခန္ဓာတပါး၏သာ

ဖြစ်ရာ ကေဝေါကာရဘုံ၌စိတ်မှာမရှိ။ ခန္ဓာလေးပါး၏သာဖြစ်ရာ စတုဝေါကာရဘုံ၌စိတ်လေးဆဲ့ခြောက်ခုမှာ အရူပဘုံရစိတ်။ ခန္ဓာငါးပါးလုံး၏ ဖြစ်ရာ ပဉ္စဝေါကာရဘုံ၌ စိတ်ရှစ်ဆဲ့ငါးခုမှာ အရူပ ဝိပါက်မှ တပါးစိတ်။

အာယတန တဆဲ့နှစ်ပါးတွင် နှစ်ပါး၏သာ ဖြစ်ရာဘုံ၌စိတ်လေးဆဲ့ခြောက်ခုမှာ အရူပဘုံရစိတ်။ အာယတန ခြောက်ပါး၏သာ ဖြစ်ရာဘုံ၌စိတ်ခြောက်ဆဲ့ကိုးခုမှာ ရူပဘုံရစိတ်။ အာယတနတဆဲ့နှစ်ပါးလုံး၏ ဖြစ်ရာဘုံ၌စိတ်ရှစ်ဆယ်မှာ ကာမဘုံရစိတ်။ ဓာတ်တဆဲ့ရှစ်ပါးတွင် နှစ်ပါး၏သာဖြစ်ရာဘုံ၌ စိတ်လေးဆဲ့ခြောက်။ ဓာတ်ကိုးပါး၏သာ ဖြစ်ရာဘုံ၌စိတ်ခြောက်ဆဲ့ကိုး။ ဓာတ်တဆဲ့ရှစ်ပါးလုံး၏ ဖြစ်ရာဘုံ၌ စိတ်ရှစ်ဆယ်။ ဤသုံးချက်မှာ အစဉ်အတိုင်းရှေ့သုံးချက်နှင့်တူ၏။

ဈာန်ငြေ နှစ်ဆဲ့နှစ်ပါးတို့တွင် တပါး၏သာ ဖြစ်ရာဘုံ၌စိတ်မှာ အသညသတ် ဖြစ်၍စိတ်မရှိ။ ဈာန်ငြေတဆဲ့ တပါး၏သာ ဖြစ်ရာဘုံ၌ စိတ်လေးဆဲ့ခြောက်ခုမှာ အရူပဘုံရစိတ်။ ဈာန်ငြေတဆဲ့သုံးပါး၏သာ ဖြစ်ရာဘုံ၌ စိတ်ငါးဆဲ့ငါးခုမှာသုဒ္ဓါဝါသဘုံရစိတ်။ ဈာန်ငြေတဆဲ့လေးပါး၏သာဖြစ်ရာဘုံ၌စိတ်ခြောက်ဆဲ့ကိုးခုမှာရူပဘုံရစိတ်။ ဈာန်ငြေတဆဲ့ကိုးပါး၏သာဖြစ်ရာဘုံ၌စိတ်သုံးဆဲ့ခုနစ်ခုမှာ အပါယ်ဘုံရစိတ်။ ဈာန်ငြေနှစ်ဆဲ့နှစ်ပါးလုံး၏ ဖြစ်ရာဘုံ၌စိတ်ရှစ်ဆယ်မှာကာမဘုံရစိတ်။ ဤဈာန်ငြေဖြင့်အထူးပြုအပ်သော ဘုံဖြင့်မှတ်၍ပြရာ၌ ရုပ်ဇီဝိတ, နာမ်ဇီဝိတ နှစ်ပါးကို ဇီဝိတိန္ဒြေအဖြစ် သာမညအားဖြင့် တပါးတည်းယူလေ။

ပုဂ္ဂိုလ်ဖြင့်မှတ်၍စိတ်သရုပ်ကိုပြခြင်း

ပုဂ္ဂိုလ် ၁၂-ကိုးပ်နှစ်ယောက် တို့ဖြင့်မှတ်၍ စိတ်တို့၏ သရုပ် အပြားကိုပြဦးအံ့။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၌ ရကောင်းသောစိတ် သုံးဆဲ့ခုနစ်ခုမှာ ကြိယာဇော မဟာဝိပါက်တို့မှ တပါးသော ကာမစိတ်။ သုဂတိအဟိတ် ပုဂ္ဂိုလ်၌ ရကောင်းသော စိတ်လေးဆဲ့တခုမှာ ယခင် သုံးဆဲ့ခုနစ်ခု၌ဉာဏဝိပ္ပယုတ် မဟာဝိပါက် လေးခုကိုထည့်။ ဒွိဟိတ်ပုဂ္ဂိုလ်

၌ စိတ်လေးဆဲ့တခုမှာ ယခင်လေးဆဲ့တခုပင်။ တိဟိတ်ပုဂ္ဂိုလ်၌ စိတ်ရှစ်ဆဲ့ ကိုးခုမှာ အကုန်။ ၎င်းအကျယ် တရာ့ နှစ်ဆဲ့တစ်။ ပုထုဇ္ဇန်ပုဂ္ဂိုလ်၌ စိတ်ခြောက်ဆဲ့ သုံးခုမှာ ကြိယာဇော လောကုတ္တရာမှ တပါးစိတ်။ အရိယာ ပုဂ္ဂိုလ်၌ စိတ်ရှစ်ဆဲ့လေးခုမှာ ဒိဋ္ဌိဂတ သမ္ပယုတ် ဝိစိကိစ္ဆာသဟဂုတ်မှ တပါးသောစိတ်။၎င်းအကျယ် တရာ့တဆဲ့ခြောက်။ တိဟိတ် ပုထုဇ္ဇန်၌ စိတ်ခြောဆဲ့သုံးခုမှာ ယခင် ခြောက်ဆဲ့သုံးခုပင်။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ စိတ်လေးခုမှာ မဂ်စိတ်။ ၎င်းအကျယ်နှစ်ဆယ်။ ဖလဋ္ဌာန်ပုဂ္ဂိုလ်၌ စိတ်ရှစ်ဆယ်မှာ။ ဒိဋ္ဌိဂတ သမ္ပယုတ်, ဝိစိကိစ္ဆာ သဟဂုတ်, မဂ်စိတ်မှတပါးစိတ်။၎င်းအကျယ် ကိုးဆဲ့ခြောက်။သောတာပတ္တိမဂ္ဂဋ္ဌာန်၌စိတ်တခုမှာ သောတာပတ္တိမဂ်စိတ်။ ၎င်းအကျယ်ငါး။ သကဒါဂါမိမဂ္ဂဋ္ဌာန်၌ စိတ်တခုမှာ သကဒါဂါမိမဂ်စိတ်။၎င်းအကျယ်ငါး။အနာဂါမိမဂ္ဂဋ္ဌာန်၌စိတ်တခုမှာအနာဂါမိမဂ်စိတ်။၎င်းအကျယ်ငါး။အရဟတ္တမဂ္ဂဋ္ဌာန်၌စိတ်တခုမှာ အရဟတ္တမဂ်စိတ်။ ၎င်းအကျယ် ငါး။ သောတာပတ္တိဖလဋ္ဌာန်၌ စိတ်ငါးဆဲ့ကိုးခုမှာ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု,ဒေါသမူနှစ်,ဥဒ္ဓစ္စသဟဂုတ်တခု,အာဝဇ္ဇန်းနှစ်,လောကီဝိပါက် သုံးဆဲ့နှစ်ခု,လောကီကုသိုလ်တဆဲ့ခုနစ်, သောတာပတ္တိဖိုလ်တခု။ ၎င်းအကျယ် ခြောက်ဆဲ့သုံး။ သကဒါဂါမိဖလဋ္ဌာန်၌ စိတ်ငါးဆဲ့ကိုးခုမှာ ယခင်ငါးဆဲ့ကိုးခု၌ ပဌမဖိုလ်ကိုနုတ်၍ ဒုတိယဖိုလ်ကိုထည့်။ ၎င်းအကျယ် ခြောက်ဆဲ့သုံး။ အနာဂါမိဖလဋ္ဌာန်၌ စိတ်ငါးဆဲ့ခုနစ်ခုမှာ ယခင် ငါးဆဲ့ကိုး၌ ဒေါသမူနှစ်နှင့် ဒုတိယဖိုလ်ကိုနုတ်၍ တတိယဖိုလ်ကိုထည့်။ ၎င်းအကျယ် ခြောက်ဆဲ့တစ်။ အရဟတ္တဖလဋ္ဌာန်၌ စိတ်ငါးဆဲ့သုံးခုမှာ အကုသိုလ်စိတ်,ကုသိုလ်စိတ်,အောက်ဖိုလ်သုံးခုတို့မှ တပါးစိတ်။၎င်းအကျယ် ငါးဆဲ့ခုနစ်။သေက္ခပုဂ္ဂိုလ်၌စိတ်ခြောက်ဆဲ့ငါးခုမှာ သောတာပတ္တိ ဖလဋ္ဌာန်ရစိတ် ငါးဆဲ့ကိုးခု၌ မဂ်စိတ်လေးခု,အလယ်ဖိုလ်စိတ် နှစ်ခုကိုထည့်။၎င်းအကျယ် ကိုးဆဲ့သုံး။

ကာမပုဂ္ဂိုလ်၌ ရသောစိတ် ရှစ်ဆယ်မှာ မဟဂ္ဂုတ်ဝိပါက်မှ တပါးသောစိတ်။ ၎င်းအကျယ် တရာ့တဆဲ့နှစ်။ ကာမပုထုဇ္ဇန် ဈာန်မရ၌ စိတ်လေးဆဲ့ငါးခုမှာ ကြိယာဇောမှ တပါးကာမစိတ်။ ကာမပုထုဇ္ဇန်ဈာန်ရ၌စိတ်ငါးဆဲ့လေးခုမှာ ယခင်လေးဆဲ့ငါးခု၌ မဟဂ္ဂုတ်ကုသိုလ် ကိုးခုကို

ထည့်။ ကာမသောဘဏေ ပန် ဈာန်မရ၌စိတ်လေးဆဲ့တခုမှာ ယခင်လေးဆဲ့ ငါးခု၌ ဒိဋ္ဌိဂတ သမ္ပယုတ် ဝိပါက် ဿွာ သဟဂုတ်စိတ် ငါးခုတို့ကို နုတ်၍ ပဌမဗိုလ်ကိုထည့်။ ၎င်းဈာန်ရ၌ စိတ်ငါးဆယ်မှာ ယခင် လေးဆဲ့တခု၌ မဟာဂ္ဂုတ်ကုသိုလ်ကိုထည့်။၎င်းအကျယ်ငါးဆဲ့လေး။ကာမသကဒါဂါမိ ဈာန်မရ၌ စိတ်လေးဆဲ့တခုမှာ ယခင် လေးဆဲ့တခု၌ ပဌမဗိုလ်ကို နုတ်၍ ဒုတိယဗိုလ်ကိုထည့်။ ၎င်းဈာန်ရ၌ စိတ်ငါးဆယ်မှာ ယခင်လေးဆဲ့တစ်၌ မဟာဂ္ဂုတ်ကုသိုလ်ကိုထည့်။ ၎င်းအကျယ် ငါးဆဲ့လေး။ ကာမအနာဂါမိ ဈာန်မရ၌ သုံးဆဲ့ကိုးခုမှာ ယခင်လေးဆဲ့တစ်၌ ဒေါသမူနှေ့နှင့်ဒုတိယဗိုလ်ကိုနုတ်၍ တတိယဗိုလ်ကိုထည့်။၎င်းဈာန်ရ၌ စိတ်လေးဆဲ့ရှစ်ခုမှာ သုံးဆဲ့ကိုးခု၌ မဟာဂ္ဂုတ် ကုသိုလ်ကိုထည့်။ ၎င်းအကျယ် ငါးဆဲ့နှစ်။ ကာမရဟန္တာဈာန်မရ၌ စိတ်သုံးဆဲ့ငါးခုမှာ ကာမဝိပါက် နှစ်ဆဲ့သုံးခု, ကာမကြိယာတဆဲ့တခု, အရဟတ္တဗိုလ်။ ၎င်းဈာန်ရ၌ စိတ်လေးဆဲ့လေးခုမှာ သုံးဆဲ့ငါးခု၌ မဟာဂ္ဂုတ်ကြိယာကိုးခုကိုထည့်။၎င်းအကျယ်လေးဆဲ့ရှစ်။ ဤနည်းတို့ဝယ် ဈာန်ရပုဂ္ဂိုလ် အရာ၌ ဈာန်အကုန်ရသည်ကိုယူ၍ ဈာန်မရသော ပုဂ္ဂိုလ်ရစိတ်၌ ကိုးခုစီထည့်လိုက်သည်။ ဈာန်တပါး, နှစ်ပါး, သုံးပါး,စသည် အချို့သော ဈာန်ကိုသာရလျှင် ရသောဈာန် အားလျော်စွာ တခု, နှစ်ခု, စသည် အစဉ်အတိုင်းရှာ်ခုတိုင် ထည့်၍ ယူလေ။ ပြဆိုခဲ့ပြီးသောအရာပြဆိုလတ္တံ့သောအရာတို့၌လည်း ဤနည်းမှတ်ကြပါလေ။

ရူပပုဂ္ဂိုလ်၌ ရသောစိတ် ခြောက်ဆဲ့ ကိုးခုမှာ ဒေါသမူ,ဃာန,ဇိဝှါ, ကာယဝိညာဏ် မဟာဝိပါက်တို့မှ တပါးသော ကာမစိတ် သုံးဆဲ့ရှစ်ခု, အရူပဝိပါက်မှတပါး မဟဂ္ဂုတ်လောကုတ္တရာစိတ်။ ၎င်းအကျယ် တရာ့တစ်။ရူပပုထုဇ္ဇန်၌ စိတ်လေးဆဲ့သုံးခုမှာ ယခင်ခြောက်ဆဲ့ကိုးခု၌ ကြိယာဇော လောကုတ္တရာကိုနုတ်။ ရူပသောတာပန်၌ စိတ်သုံးဆဲ့ကိုးခုမှာ လေးဆဲ့သုံးခု၌ ဒိဋ္ဌိဂတသမ္ပယုတ်,ဝိပါကိ ဿွာသဟဂုတ်,ဤငါးခုကိုနုတ်၍ ပဌမဗိုလ်ကိုထည့်။ ရူပသကဒါဂါမိ၌ စိတ်သုံးဆဲ့ကိုးခုမှာ ယခင်သုံးဆဲ့ကိုးခု၌ ပဌမဗိုလ်ကိုနုတ်၍ ဒုတိယဗိုလ်ကိုထည့်။ရူပအနာဂါမိ၌ စိတ်သုံးဆဲ့ကိုးခုမှာ ယခင် သုံးဆဲ့ကိုးခု၌ ဒုတိယဗိုလ်ကိုနုတ်၍ တတိယဗိုလ်ကိုထည့်။ ရူပရဟန္တာ၌ စိတ်သုံးဆဲ့ငါးခုမှာ ယခင် ခြောက်ဆဲ့ကိုးခု၌ ကုသိုလ် အကု

သိုလ် အောက်ဖိုလ် သုံးခုကိုနှုတ်။ လောကုတ္တရာ စိတ်ပါရာ၌ အကျယ် တနည်းယူ။ နောက်ကို ဤနည်းမှတ်။

အရူပပုဂ္ဂိုလ်၌ စိတ် လေးဆဲ့ ခြောက်ခုမှာ ဒေါသမူ, ဟသိတုပ္ပါဒ်မှ တပါးသော ကာမဇော, မနောဒွါရာဝဇ္ဇန်း, အရူပစိတ်, အထက်မဂ်သုံးခု, ဖိုလ်လေးခု။ ပဉ္စမာရုပ္ပပုဂ္ဂိုလ်၌ စိတ်လေးဆဲ့သုံးခုမှာ ယခင်လေးဆဲ့ခြောက်ခု၌ အရူပ အထက်ဝိပါက် သုံးခုကိုနှုတ်။ ပဉ္စမာရုပ္ပပုထုဇ္ဇန်၌ စိတ်နှစ်ဆဲ့ လေးခုမှာ လေးဆဲ့သုံး၌ ကြိယာဇော, လောကုတ္တရာကိုနှုတ်။ ပဉ္စမာရုပ္ပ သောတာပန်၌ စိတ်နှစ်ဆယ်မှာ ယခင်နှစ်ဆဲ့လေး၌ ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာသဟဂုတ်ကိုနှုတ်၍ ပဉ္စမဖိုလ်ကိုထည့်။ပဉ္စမာရုပ္ပသကဒါဂါမ်၌စိတ်နှစ်ဆယ်မှာ ယခင် နှစ်ဆယ်၌ ပဉ္စမဖိုလ်ကို နှုတ်၍ ဒုတိယဖိုလ်ကို ထည့်။ ပဉ္စမာရုပ္ပ အနာဂါမ်၌ စိတ်နှစ်ဆယ်မှာလည်း ယခင် နှစ်ဆယ်၌ ဒုတိယဖိုလ်ကို နှုတ်၍ တတိယ ဖိုလ်ကိုထည့်။ ပဉ္စမာရုပ္ပ ရဟန္တာ၌ စိတ် တဆဲ့ငါးခုမှာ မနောဒွါရာဝဇ္ဇန်း,မဟာကြိယာ, အရူပကြိယာ, ပဉ္စမာရုပ္ပ ဝိပါက်,အရဟတ္တဖိုလ်။ဒုတိယာရုပ္ပပုဂ္ဂိုလ်၌ စိတ်လေးဆဲ့ဘခုမှာ ယခင် လေးဆဲ့ သုံးခု၌ ပဉ္စမာရုပ္ပ သုံးခုကို နှုတ်၍ ဒုတိယာရုပ္ပ ဝိပါက်ကိုထည့်။ ဒုတိယာရုပ္ပ ပုထုဇ္ဇန်၌ စိတ်နှစ်ဆဲ့သုံးခုမှာ ယခင် လေးဆဲ့ဘခု၌ ကြိယာ ဇော,လောကုတ္တရာကိုနှုတ်။ ဒုတိယာရုပ္ပ သောတာပန်၌ စိတ်တဆဲ့ကိုးခု မှာ ယခင်နှစ်ဆဲ့သုံးခု၌ ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာသဟဂုတ် ဟူသော အကုသိုလ်ငါးခုကို နှုတ်၍ ကျွန်တဆဲ့ရှစ်ခုဝယ် ပဉ္စမဖိုလ်ကိုထည့်။ ဒုတိ ယာရုပ္ပ သကဒါဂါမ်၌ စိတ် တဆဲ့ကိုးခုမှာ ယခင် တဆဲ့ရှစ်ခု၌ ဒုတိယ ဖိုလ်ထည့်။ဒုတိယာရုပ္ပအနာဂါမ်၌ စိတ်တဆဲ့ကိုးခုမှာ ယခင်တဆဲ့ရှစ်ခု၌ တတိယဖိုလ်ကိုထည့်။ဒုတိယာရုပ္ပရဟန္တာ၌ စိတ်တဆဲ့လေးခုမှာ ပဉ္စမာ ရုပ္ပရဟန္တာရစိတ် တဆဲ့ငါးခု၌ ပဉ္စမာရုပ္ပဝိပါက် ကြိယာနှစ်ခုကို နှုတ်၍ ဒုတိယာရုပ္ပဝိပါက်ကိုထည့်။

တတိယာရုပ္ပပုဂ္ဂိုလ်၌ စိတ်သုံးဆဲ့ကိုးခုမှာ ဒုတိယာရုပ္ပပုဂ္ဂိုလ်ရစိတ် လေးဆဲ့ဘခု၌ ဒုတိယာရုပ္ပစိတ် သုံးခုကို နှုတ်၍ တတိယာရုပ္ပ ဝိပါက်ကို ထည့်။တတိယာရုပ္ပပုထုဇ္ဇန်၌ နှစ်ဆဲ့နှစ်ခုမှာ သုံးဆဲ့ကိုးခု၌ ကြိယာဇော, လောကုတ္တရာကိုနှုတ်။ တတိယာရုပ္ပ သောတာပန်၌ စိတ် တဆဲ့ရှစ်ခုမှာ

ယခင်နှစ်ဆဲ့နှစ်၌ ယခင်အကုသိုလ်ငါးခုကိုနုတ်၍ ကျန်တဆဲ့ခုနစ်ခု၌ ပဌမ ဖိုလ်ကိုထည့်။ တတိယာရုပ္ပ သကဒါဂါမိ၌ စိတ်တဆဲ့ရှစ်ခုမှာ ယခင်တ ဆဲ့ခုနစ်ခု၌ ဒုတိယဖိုလ်ကိုထည့်။တတိယာရုပ္ပအနာဂါမိ၌စိတ်တဆဲ့ရှစ်ခု မှာ ယခင် တဆဲ့ခုနစ်ခု၌ တတိယဖိုလ်ကိုထည့်။ တတိယာရုပ္ပရဟန္တာ၌ စိတ်တဆဲ့သုံးခုမှာ ဒုတိယာရုပ္ပ ရဟန္တာရစိတ် တဆဲ့လေးခု၌ ဒုတိယာ ရုပ္ပဝိပါက်ကြိယာနှစ်ခုကိုနုတ်၍ တတိယာရုပ္ပဝိပါက်ကိုထည့်။

စတုတ္ထာရုပ္ပပုဂ္ဂိုလ်၌ သုံးဆဲ့ခုနစ်ခုမှာ ယခင်သုံးဆဲ့ကိုးခု၌ တတိယာ ရုပ္ပစိတ်သုံးခုကိုနုတ်၍ စတုတ္ထာရုပ္ပဝိပါက်ကိုထည့်။စတုတ္ထာရုပ္ပပုထုဇ္ဇန် ၌စိတ် နှစ်ဆဲ့တခုမှာ သုံးဆဲ့ခုနစ်ခု၌ ကြိယာဇော, လောကုတ္တရာကိုနုတ်။ စတုတ္ထာရုပ္ပသောတာပန်၌ စိတ်တဆဲ့ခုနစ်မှာ ယခင်နှစ်ဆဲ့တခု၌ ယခင် အကုသိုလ်ဇော ငါးခုကိုနုတ်၍ ကျန်စိတ် တဆဲ့ခြောက်ခု၌ ပဌမဖိုလ်ကို ထည့်။ စတုတ္ထာရုပ္ပသကဒါဂါမိ၌ စိတ်တဆဲ့ခုနစ်ခုမှာ ယခင်တဆဲ့ခြော် ခု၌ ဒုတိယ ဖိုလ်ကိုထည့်။ စတုတ္ထာရုပ္ပ အနာဂါမိ၌ စိတ်တဆဲ့ခုနစ်ခုမှာ ယခင် တဆဲ့ခြောက်ခု၌ တတိယဖိုလ်ကိုထည့်။ စတုတ္ထာရုပ္ပ ရဟန္တာ၌ စိတ်တဆဲ့နှစ်ခုမှာ တတိယာရုပ္ပ ရဟန္တာရစိတ် တဆဲ့သုံးခု၌ တတိယာ ရုပ္ပဝိပါက် ကြိယာနှစ်ခုကိုနုတ်၍ စတုတ္ထာရုပ္ပဝိပါက်ကိုထည့်။

ပုဂ္ဂိုလ် တဆဲ့နှစ်ယောက်တွင် တယောက်၌သာ ဖြစ်သောစိတ် နှစ် ဆဲ့ခြောက်ခုမှာ ကြိယာဇော တဆဲ့ရှစ်, လောကုတ္တရာစိတ်ရှစ်။ ပုဂ္ဂိုလ် လေးယောက်၌သာ ဖြစ်သောစိတ် တဆဲ့ လေးခုမှာ ဒိဋ္ဌိဂတ သမ္ပယုတ် လေး,ဝိစိကိစ္ဆာသဟဂုတ်,မဟာကုသိုလ်ကိုးခု။ပုဂ္ဂိုလ်ငါးယောက် ၌သာ ဖြစ်သောစိတ် တဆဲ့ သုံးခုမှာ လောကီ တိဟိတ် ဝိပါက်။ ပုဂ္ဂိုလ် ခြောက်ယောက်၌သာ ဖြစ်သောစိတ် နှစ်ခုမှာ ဒေါသမူ။ ပုဂ္ဂိုလ် ခုနစ် ယောက်၌သာ ဖြစ်သောစိတ် တဆဲ့ခုနစ်ခုမှာ ဒိဋ္ဌိဂတဝိပ္ပယုတ် လေးခု, ဥဒ္ဓစ္စသဟဂုတ်, မဟာကုသိုလ်ရှစ်ခု, ဒွိဟိတ်ဝိပါက်လေးခု။ ပုဂ္ဂိုလ်ရှစ် ယောက်၌သာ ဖြစ်သောစိတ် တဆဲ့ခုနစ်ခုမှာ ဟသိတုပ္ပါဒ်မှ တပါး အ ဟိတ်ဇက်။

စေတသိက် ငါးဆဲ့ နှစ်ခုတို့တွင် သုံးဆဲ့ ခုနစ်ခု၏သာ ဖြစ်ရာပုဂ္ဂိုလ်၌ စိတ်လေးခုမှာ မဂ်စိတ်။ စေတသိက် သုံးဆဲ့ရှစ်ခု၏သာ ဖြစ်ရာ ပုဂ္ဂိုလ်၌

စိတ်ငါးဆဲ့သုံးခုမှာ အရဟတ္တဖလဈာန် ပုဂ္ဂိုလ်ရစိတ်။ စေတသိက်လေးဆဲ့ခြောက်ခု၏သာ ဖြစ်ရာပုဂ္ဂိုလ်၌ စိတ်ငါးဆဲ့ခုနစ်ခုမှာ အနာဂါမ်ပုဂ္ဂိုလ်ရစိတ်။ စေတသိက် ငါးဆယ်၏သာ ဖြစ်ရာပုဂ္ဂိုလ်၌ စိတ်ခြောက်ဆယ်မှာ သောတာပန်ပုဂ္ဂိုလ်ရစိတ်၌ သကဒါဂါမိ ဒိုလ်ကိုထည့်။ စေတသိက်ငါးဆဲ့နှစ်ခု၏ဖြစ်ရာပုဂ္ဂိုလ်၌ စိတ်ခြောက်ဆဲ့သုံးခုမှာ ကြိယာဇောလောကုတ္တရာမှ တပါးသောစိတ်။

ဝေဒနာငါးပါးတွင် နှစ်ပါး၏သာ ဖြစ်ရာပုဂ္ဂိုလ်၌ စိတ်လေးခုမှာ မဂ်စိတ်။ ဝေဒနာလေးပါး၏သာ ဖြစ်ရာပုဂ္ဂိုလ်၌ စိတ်ခုနစ်ဆဲ့ ခြောက်ခုမှာ အနာဂါမိ ဖလဈာန် ပုဂ္ဂိုလ် ရစိတ်၌ ကြိယာဇောနှင့် အရဟတ္တဒိုလ်ကို ထည့်။ ဝေဒနာငါးပါး၏သာ ဖြစ်ရာပုဂ္ဂိုလ်၌ စိတ်ခြောက်ဆဲ့ငါးခုမှာ ကြိယာဇော တဆဲ့ရှစ်ခု, မဂ်စိတ်လေးခု, အထက်ဒိုလ်နှစ်ခု, ဟူကုန်သော ဤစိတ်နှစ်ဆဲ့လေးခုတို့မှ တပါးသောစိတ်။ ဟိတ်ခြောက်ပါးတို့တွင် သုံးပါး၏သာ ဖြစ်ရာ ပုဂ္ဂိုလ်၌ စိတ်ငါးဆဲ့ ခုနစ်ခုမှာ အကုသိုလ် လောကီကုသိုလ် အောက်ဒိုလ် သုံးခုတို့မှ တပါးသောစိတ်။ ဟိတ်ငါးပါး၏သာ ဖြစ်ရာ ပုဂ္ဂိုလ်၌ စိတ်ငါးဆဲ့ ခုနစ်ခုမှာ အနာဂါမိဖလဈာန်ရစိတ်။ ဟိတ်ခြောက်ပါး၏ ဖြစ်ရာပုဂ္ဂိုလ်၌ စိတ်ခြောက်ဆဲ့ငါးခုမှာ ကြိယာဇောမဂ်ဇော အောက်ဒိုလ် နှစ်ခုတို့မှ တပါးစိတ်။

သုံးဆဲ့တဘုံတွင် နှစ်ဘုံ၌သာ ဖြစ်သောပုဂ္ဂိုလ်၌ စိတ်လေးဆဲ့ တခုမှာ သုဂတိအဟိတ်ပုဂ္ဂိုလ်ရစိတ်။ လေးဘုံ၌သာဖြစ်သော ပုဂ္ဂိုလ်၌စိတ် သုံးဆဲ့ခုနစ်ခုမှာ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်ရစိတ်။ ခုနစ်ဘုံ၌သာ ဖြစ်သော ပုဂ္ဂိုလ်၌စိတ်လေးဆဲ့တခုမှာ ဒွိဟိတ်ပုဂ္ဂိုလ်ရစိတ်။ တဆဲ့ခုနစ်ဘုံ၌သာ ဖြစ်သော ပုဂ္ဂိုလ်၌ စိတ်တခုမှာ သောတာပတ္တိမဂ်စိတ်။ နှစ်ဆဲ့တဘုံ၌ သာဖြစ်သော ပုဂ္ဂိုလ်၌စိတ် ခြောက်ဆဲ့ခုနစ်ခုမှာ ကြိယာဇောမှ တပါး သောလောကီစိတ်, အလယ်မဂ်နှစ်ခု, အောက်ဒိုလ်နှစ်ခု။ နှစ်ဆဲ့ခြောက်ဘုံ၌သာ ဖြစ်သောပုဂ္ဂိုလ်၌ စိတ်ခုနစ်ဆဲ့ ခုနစ်ခုမှာ ဒိဋ္ဌိဂတ သမ္ပယုတ် လေးခု, ဒေါသမူနွေ၊ ဝိစိကိစ္ဆာ သဟဂုတ် စိတ်မှ တပါး လောကီစိတ် ခုနစ်ဆဲ့လေးခု,အရဟတ္တမဂ်အောက်ဒိုလ်နှစ်ခု။

ဘုံပုဂ္ဂိုလ် နှစ်ရပ်ဖြင့်မှတ်၍ စိတ်တို့၏ သရုပ်အပြားကို ပြဦးအံ့။ ဘုံသာမြဲ၍ ပုဂ္ဂိုလ်မမြဲသော စိတ်လေးခုမှာ အရူပဝိပါက်။ ပုဂ္ဂိုလ်သာမြဲ၍ ဘုံမမြဲသော စိတ်နှစ်ဆဲ့ခြောက်ခုမှာ ကြိယာဇော လောကုတ္တရာ။ ဘုံပုဂ္ဂိုလ်နှစ်ပါးမမြဲသောစိတ်ငါးဆဲ့ခြောက်ခုမှာကြိယာဇောအရူပဝိပါက်တို့မှတပါးလောကီစိတ်။

ကိစ္စစသည်ဖြင့်မှတ်၍စိတ်တို့၏သရုပ်ကိုပြခြင်း

ကိစ္စ, ဌာန, ဒွါရ, အာရုံ, ဝတ္ထု, ဘုံပုဂ္ဂိုလ် တို့ဖြင့်မှတ်၍ စိတ်တို့၏ သရုပ်အပြားကို ပြဦးအံ့။ ဤယခုပြဆိုလတ္တံ့၌ ကိစ္စတဆဲ့လေးပါး, ဌာနဆယ်ပါး, ဒွါရခြောက်ပါး, အာရုံခြောက်ပါး, ဝတ္ထုခြောက်ပါး, စိတ်ဖြစ်ရာဘုံသုံးဆယ် ပုဂ္ဂိုလ်တဆဲ့နှစ်ပါးတို့၌ တပါးမှတပါးသို့ ပြောင်းလွှဲ၍ မဖြစ်သည်ကိုမြဲ၏ဟုယူ။ ကိစ္စ, ဌာန, ဒွါရ, အာရုံ, ဝတ္ထု, ပုဂ္ဂိုလ်သာမြဲ၍ ဘုံမမြဲသောစိတ်ငါးခုမှာ ပဉ္စမဈာန်မှတပါးသော ရူပကြိယာ, သောတာပတ္တိမဂ်။ ကိစ္စ, ဌာန, ဒွါရ, ဝတ္ထု, အာရုံသာမြဲ၍ဘုံပုဂ္ဂိုလ်မမြဲသော စိတ် တဆဲ့လေးခုမှာ ပဉ္စဝိညာဏ် တဆယ်, ပဉ္စမဈာန်မှတပါး ရူပကုသိုလ် လေးခု။ ကိစ္စ, ဌာန, ဝတ္ထု, ပုဂ္ဂိုလ်သာမြဲ၍ ဒွါရ, အာရုံ, ဘုံမမြဲသော စိတ်တခုမှာ ဟသိတုပ္ပါဒ်။ ကိစ္စဌာနဝတ္ထုသာမြဲ ဒွါရအာရုံ ဘုံပုဂ္ဂိုလ်မမြဲသောစိတ်ငါးခုမှာ ဒေါသမူနွှေမနောဇောတ်သုံးခု။ ဝတ္ထုသာမြဲ၍ ကိစ္စဌာနဒွါရအာရုံဘုံ ပုဂ္ဂိုလ်မမြဲသော စိတ်တခုမှာ သုခသန္တီရဏ။ ကိစ္စဌာနဒွါရဝတ္ထု ပုဂ္ဂိုလ်သာမြဲ၍ အာရုံဘုံမမြဲသော စိတ်တခုမှာ ရူပကြိယာပဉ္စမဈာန်။ ကိစ္စဌာနဒွါရဝတ္ထုသာမြဲ၍ အာရုံဘုံပုဂ္ဂိုလ်မမြဲသော စိတ်တခုမှာ ရူပကုသိုလ် ပဉ္စမဈာန်။ ဝတ္ထုသာမြဲ၍ ကိစ္စဌာန အာရုံဘုံ ပုဂ္ဂိုလ်မမြဲ ဒွါရနှင့်ရံခါဖြစ် ရံခါမဖြစ်သောစိတ်တဆယ်မှာ ဥပေက္ခာသန္တီရဏ မဟာဝိပါက်။ ဝတ္ထုအာရုံသာမြဲ၍ ကိစ္စဌာနဘုံပုဂ္ဂိုလ်မမြဲ ဒွါရနှင့် မဖြစ်သော စိတ်ငါးခုမှာ ရူပဝိပါက်။ အာရုံဘုံသာမြဲ၍ ကိစ္စဌာနပုဂ္ဂိုလ် မမြဲ ဝတ္ထုကိုမမှီ ဒွါရနှင့်လည်း မဖြစ်သော စိတ်လေးခုမှာ အရူပဝိပါက်။ ကိစ္စဌာနပုဂ္ဂိုလ်သာမြဲ၍ ဒွါရအာရုံဘုံမမြဲ ဝတ္ထုကိုရံခါမှီ ရံခါမမှီသော

စိတ် ရှစ်ခုမှာ မဟာကြိယာ။ ကိစ္စငါးနသာမြဲ၍ ဒွါရအာရုံဘုံ ပုဂ္ဂိုလ်မမြဲ ဝတ္ထုကိုရံခါမှီ ရံခါမမှီသော တဆဲ့ရှစ်ခုမှာ လောဘမူ မောဟမူ မဟာကုသိုလ်။ ကိစ္စငါးနဒွါရအာရုံပုဂ္ဂိုလ်ဘုံမမြဲ ဝတ္ထုကိုရံခါမှီရံခါမမှီသော စိတ်တဆဲ့တခုမှာ အရူပကြိယာ, အထက်မဂ်သုံး, ဖိုလ်လေး။ ကိစ္စ ငါးန ဒွါရ အာရုံသာမြဲ၍ဘုံပုဂ္ဂိုလ်မမြဲ ဝတ္ထုကိုရံခါမှီရံခါမမှီသော စိတ်လေးခုမှာ အရူပကုသိုလ်။ ကိစ္စငါးနဒွါရ အာရုံဘုံပုဂ္ဂိုလ်မမြဲ ဝတ္ထုကို ရံခါမှီ ရံခါမမှီသောစိတ်တခုမှာ မနောဒွါရာဝဇ္ဇန်း။

ဖြစ်သောအကြိမ်ဖြင့်မှတ်၍စိတ်သရုပ်ကိုပြခြင်း

ဖြစ်သော အကြိမ်ဖြင့်မှတ်၍ စိတ်တို့၏သရုပ်အပြားကို ပြဦးအံ့။ တကြိမ်တကြိမ်သာဖြစ်သောစိတ်တဆဲ့ခုနစ်ခုမှာဒွေပဉ္စဝိညာဏ်တဆယ်, မနောဓာတ်သုံး, မဂ်စိတ်လေး။ တကြိမ်နှစ်ကြိမ်သာ ဖြစ်သောစိတ်တခုမှာ သုခသန္တီရဏ။ ဤစိတ်သည်သန္တီရဏကိစ္စဖြစ်ခိုက်တကြိမ် တဒါရုံကိစ္စဖြစ်ခိုက် နှစ်ကြိမ်ဖြစ်သည်။ တကြိမ် နှစ်ကြိမ် သုံးကြိမ်သာ ဖြစ်သောစိတ်တခုမှာ မနောဒွါရာဝဇ္ဇန်း။ အာဝဇ္ဇန်း ကိစ္စဖြစ်ခိုက် တကြိမ် ဝုဋ္ဌောကိစ္စဖြစ်ခိုက် နှစ်ကြိမ် သုံးကြိမ်လည်း ဖြစ်သည်။ ခုနစ်ကြိမ်သာ ဖြစ်သော စိတ်တခုမှာ ဟသိတုပ္ပါဒ်။ ဤစိတ်သည် ပြုံးရွှင်ခြင်း ပဟဋ္ဌာကာရအားဖြင့်သာဖြစ်ရကား ပကတိအခါ၌သာဖြစ်သည်။ မုစ္ဆာမရဏအခါတို့၌မဖြစ်ဟုယူသောအလို။ တကြိမ်ရင်း, အကြိမ်များစွာရင်း, ဖြစ်သော စိတ်နှစ်ဆဲ့ငါးမှာ စတုတ္ထာရုပ္ပဇောမှတပါး မဟဂ္ဂုတ်စိတ်။ ဤစိတ်တို့တွင်ဇောမှာ အာဒိကမ္မိကအခါ အဘိညာဏ်အခါတို့၌ တကြိမ်, သမာပတ္တိအခါ အကြိမ်များစွာဖြစ်သည်။ ဝိပါက်မှာပဋိသန္ဓေအခါ စုတိအခါတို့၌တကြိမ်, ဘဝင်အခါအကြိမ်များစွာဖြစ်သည်။ တကြိမ်ရင်း,နှစ်ကြိမ်ရင်း, အကြိမ်များစွာရင်း,ဖြစ်သောစိတ်တဆဲ့နှစ်မှာ ဥပေက္ခာသန္တီရဏ, မဟာဝိပါက်, စတုတ္ထာရုပ္ပဇော။ ဤတွင်သန္တီရဏမှာ စုတိပဋိသန္ဓေသန္တီရဏ အခါတို့၌တကြိမ်, တဒါရုံ အခါနှစ်ကြိမ်, ဘဝင်အခါ အကြိမ်များစွာဖြစ်သည်။စတုတ္ထာရုပ္ပဇောမှာအာဒိကမ္မိကအခါတကြိမ်,

နိရောဓအခါနှစ်ကြိမ်, သမာပတ္တိအခါအကြိမ်များစွာဖြစ်သည်။ နှစ်ကြိမ် သုံးကြိမ် အကြိမ်များစွာဖြစ်သော စိတ်နှစ်မှာ အောက်ဖိုလ်။ မဂ္ဂဝိထိ၌ နှစ်ကြိမ် သုံးကြိမ်, သမာပတ္တိအခါအကြိမ်များစွာဖြစ်သည်။ တကြိမ်နှစ် ကြိမ်သုံးကြိမ် အကြိမ်များစွာဖြစ်သောစိတ်နှစ်မှာ အထက်ဖိုလ်။ ဤစိတ် နှစ်ခုသည် နိရောဓဝုဋ္ဌာန အခါ၌တကြိမ်, မဂ္ဂဝိထိ၌နှစ်ကြိမ်, သုံးကြိမ်, ဖလသမာပတ္တိအခါ အကြိမ်များစွာ ဖြစ်သည်။ ငါးကြိမ် ခြောက်ကြိမ် ခုနစ်ကြိမ်သာဖြစ်သော စိတ်တဆဲ့နှစ်မှာ အကုသိုလ်စိတ်။ မုစ္ဆာမရဏ အခါ ငါးကြိမ် ခြောက်ကြိမ်, ပကတိအခါ ခုနစ်ကြိမ် ဖြစ်သည်။ ဟသိ တုပ္ပါဒ်သည် မရဏာသန္နအခါ၌လည်း ဖြစ်၏ဟုယူသော ဆရာတို့၏အ လိုသော် ၎င်းစိတ်ကိုဤနည်းသို့သွင်း၍ တဆဲ့သုံးခုဟုကောက်လေ။လေး ကြိမ် ငါးကြိမ် ခြောက်ကြိမ် ခုနစ်ကြိမ်သာဖြစ်သောစိတ်ရှစ်မှာ ဒွိဟိတ် ကာမကုသိုလ်ကြိယာ။ ဤစိတ်သည် လဟုကပဝတ္တိအခါ ပစ္စဝေက္ခနာ ဇောလေးကြိမ် ငါးကြိမ်, မုစ္ဆာမရဏာသန္နအခါ ငါးကြိမ်ခြောက်ကြိမ် ပကတိအခါ ခုနစ်ကြိမ်ဖြစ်သည်။ သုံးကြိမ် လေးကြိမ် ငါးကြိမ် ခြောက် ကြိမ် ခုနစ်ကြိမ် ဖြစ်သော စိတ်ရှစ်မှာ တိဟိတ်ကာမ ကုသိုလ်ကြိယာ။ အပ္ပနာဝိထိ၌ တိက္ခမှာ သုံးကြိမ်, မန္ဒမှာ လေးကြိမ် ဖြစ်သည်။ ပစ္စဝေက္ခ နာကာလ၌လေးကြိမ် ငါးကြိမ်, မုစ္ဆာကာလ၌ ခြောက်ကြိမ်, မရဏာ သန္နအခါငါးကြိမ်, ပကတိအခါခုနစ်ကြိမ်ဖြစ်သည်။

ဈာနင်မဂ္ဂင်စသည်ဖြင့်မှတ်၍စိတ်သရုပ်ကိုပြခြင်း

ဈာနင်မဂ္ဂင်ဈာန်ဖိုလ်စသည်တို့ဖြင့်မှတ်၍ စိတ်တို့၏သရုပ်အပြားကို ပြဦးအံ့။ ဈာနင်ခုနစ်ပါးတို့တွင် နှစ်ပါးနှင့်သာယှဉ်သောစိတ်သုံးဆဲ့လေး မှာ စတုတ္ထဈာန်စိတ်တဆဲ့တစ်, ပဉ္စမဈာန်စိတ်နှစ်ဆဲ့သုံး။ ဈာနင် သုံးပါး နှင့်သာယှဉ်သော စိတ်တဆဲ့တစ်မှာ တတိယဈာန်စိတ်။ ဈာနင် လေးပါး နှင့်သာယှဉ်သောစိတ်သုံးဆဲ့ခုနစ်ခုမှာ ဒေါသမူ၂, မနောဓာတ်သုံး,ကာ မုပေက္ခာမနောဝိညာဏဓာတ်နှစ်ဆဲ့တစ်, ဒုတိယဈာန် တဆဲ့တစ်။ ဈာ နင်ငါးပါး နှင့် ယှဉ်သော စိတ်နှစ်ဆဲ့ကိုးမှာ သုခသန္တီရဏ, ကာမသော

မနဿဓော တဆဲ့သုံးခု, မဟာဝိပါက် သောမနဿ လေးခု, ပဉ္စမဈာန် တဆဲ့တခု။ ဈာန်နှင့်မယှဉ်သော စိတ်တဆယ်မှာ ပဉ္စဝိညာဏ်။ ဈာန် ကိစ္စတပ်သော ဧကဂ္ဂတာနှင့်ယှဉ်သောစိတ် တရာ့တဆဲ့တစ်မှာ မနော ဓာတ်သုံးခု, မနောဝိညာဏဓာတ်။ အကျယ်တရာ့ရှစ်။ ဈာန်ကိစ္စမတပ် သော ဧကဂ္ဂတာနှင့် ယှဉ်သော စိတ်တဆယ်မှာ ပဉ္စဝိညာဏ်။ ဈာန် ကိစ္စတပ်သော ဥပေက္ခာနှင့်ယှဉ်သောစိတ်လေးဆဲ့ခုနစ်မှာမနောဓာတ်, ဥပေက္ခာမနောဝိညာဏဓာတ်။ ဈာန်ကိစ္စမတပ်သော ဥပေက္ခာနှင့်ယှဉ် သောစိတ်ရှစ်မှာ စက္ခု သောတ ဃာန ဇိဝှါဝိညာဏ်။

မဂ္ဂင်နှင့်ယှဉ်သောစိတ်တရာ့သုံးမှာ သဟိတ်စိတ်အကျယ်။ မဂ္ဂင်နှင့် မယှဉ်သော စိတ်တဆဲ့ရှစ်မှာ အဟိတ်စိတ်။ မဂ္ဂင် နှစ်ပါးနှင့်သာ ယှဉ် သောစိတ်တစ်မှာ ဝိစိကိစ္ဆာသဟဂုတ်။ မဂ္ဂင်သုံးပါးနှင့်သာ ယှဉ်သော စိတ်ခုနစ်ခုမှာ လောဘမူ ဥပေက္ခာလေးခု, ဒေါသမူနှစ်, ဥဒ္ဓစ္စသဟဂုတ် စိတ်။ မဂ္ဂင်လေးပါးနှင့်သာယှဉ်သောစိတ် သုံးဆဲ့ခြောက်ခုမှာ လောဘမူ သောမနဿသဟဂုတ်လေးခု, ဒွိဟိတ်ကာမဝိပါက်လေးခု, ဒွိဟိတ်ကာ မကြိယာလေးခု, ပဉ္စမဈာန်မှတပါးမဟဂ္ဂုတ်စိတ်နှစ်ဆဲ့လေးခု။ မဂ္ဂင်ငါး ပါးနှင့်သာ ယှဉ်သော စိတ်တဆဲ့တခုမှာ တိဟိတ်ကာမဝိပါက် လေးခု, တိဟိတ် ကာမကြိယာလေးခု, ရူပပဉ္စမဈာန်။ မဂ္ဂင်ခုနစ်ပါးနှင့်သာ ယှဉ် သော စိတ်သုံးဆဲ့ခြောက်မှာ ဒွိဟိတ်ကုသိုလ်လေးခု, ပဉ္စမဈာန်မှတပါး လောကုတ္တရာစိတ်သုံးဆဲ့နှစ်ခု။ မဂ္ဂင်ရှစ်ပါးနှင့်ယှဉ်သောစိတ်တဆဲ့နှစ်မှာ တိဟိတ်ကာမကုသိုလ်လေးခု, လောကုတ္တရာပဉ္စမဈာန်စိတ်ရှစ်ခု။ မဂ္ဂင် ကိစ္စတပ်သောဝိတက်နှင့်ယှဉ်သောစိတ်လေးဆဲ့ခုနစ်မှာ သဟိတ် သဝိ တက္ကစိတ်။ မဂ္ဂင်ကိစ္စ မတပ်သော ဝိတက်နှင့် ယှဉ်သော စိတ်ရှစ်မှာ အဟိတ်သဝိတက္ကစိတ် မဂ္ဂင်ကိစ္စ တပ်သော ဝိရိယနှင့်ယှဉ်သော စိတ် ခုနစ်ဆဲ့တခုမှာ သဟိတ်သဝိရိယစိတ်။ မဂ္ဂင်ကိစ္စမတပ်သော ဝိရိယနှင့် ယှဉ်သောစိတ် နှစ်ခုမှာ မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်။ မဂ္ဂင်ကိစ္စတပ် သော ဧကဂ္ဂတာနှင့် ယှဉ်သောစိတ်တရာ့နှစ်ခုမှာ ဝိစိကိစ္ဆာသဟဂုတ် စိတ်မှတပါး စိတ်အကျယ်။ မဂ္ဂင်ကိစ္စ မတပ်သော ဧကဂ္ဂတာနှင့် ယှဉ် သောစိတ် တဆဲ့ကိုးခုမှာ ဝိစိကိစ္ဆာသဟဂုတ်နှင့် အဟိတ်စိတ်။

ရူပြော်ဝ နှစ်ဆဲ့နှစ်ပါးတို့တွင် သုံးပါးနှင့်သာ ယှဉ်သောစိတ် တဆဲ့ခုနစ်ခုမှာဝိစိကိစ္ဆာသဟဂုတ်တခု,အဟိတ်ဝိပါက်တဆဲ့ငါးခု,ပဉ္စဒွါရာဝဇ္ဇန်း, ရူပြော် လေးပါးနှင့်သာ ယှဉ်သောစိတ် တဆဲ့သုံးခုမှာ ဝိစိကိစ္ဆာ သဟဂုတ်မှ တပါး အကုသိုလ်စိတ်, မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်။ ရူပြော် ခြောက်ပါးနှင့်သာ ယှဉ်သောစိတ် တဆဲ့နှစ်ခုမှာ ဒွိဟိတ် သောဘဏစိတ်။ ရူပြော် ခုနစ်ပါးနှင့် ယှဉ်သောစိတ် လေးဆဲ့ ခုနစ်ခုမှာ တိဟိတ်စိတ်။ ရူပြော်ကိစ္စတပ်သော ဇောဂတာနှင့် ယှဉ်သောစိတ် ၅စ်ဆဲ့၅စ်ခုမှာ ဝိစိကိစ္ဆာ သဟဂုတ်မှတပါးသောစိတ်။ ရူပြော် ကိစ္စ မတပ်သော ဇောဂတာနှင့် ယှဉ်သောစိတ်တခုမှာ ဝိစိကိစ္ဆာသဟဂုတ်။

ဖိုလ်နှင့်ယှဉ်သောစိတ် ခုနစ်ဆဲ့သုံးခုမှာ သဟိတ်စိတ် ဇောသတ္တတိ, မနောဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်။ဖိုလ်နှင့်မယှဉ်သောစိတ် တဆဲ့ခြောက်ခုမှာ အဟိတ် ဝိပါက်, ပဉ္စဒွါရာဝဇ္ဇန်း။ ဖိုလ်နှစ်ပါးနှင့်သာ ယှဉ်သောစိတ် နှစ်ခုမှာ မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်။ ဖိုလ်သုံးပါးနှင့်သာ ယှဉ်သောစိတ်တခုမှာ ဝိစိကိစ္ဆာသဟဂုတ်စိတ်။ ဖိုလ်လေးပါးနှင့်သာ ယှဉ်သောစိတ် တဆဲ့တခုမှာ ဝိစိကိစ္ဆာ သဟဂုတ်မှတပါး အကုသိုလ်စိတ်။ ဖိုလ် ခြောက်ပါးနှင့် ယှဉ်သောစိတ် တဆဲ့ နှစ်ခုမှာ ဒွိဟိတ် သောဘဏစိတ်။ ဖိုလ် ခုနစ်ပါးနှင့် ယှဉ်သောစိတ် လေးဆဲ့ ခုနစ်ခုမှာ တိဟိတ်စိတ်။ ဖိုလ် ကိစ္စတပ်သော ဇောဂတာနှင့် ယှဉ်သောစိတ် ခုနစ်ဆဲ့နှစ်ခုမှာ ဝိစိကိစ္ဆာ သဟဂုတ်မှ တပါး သဟိတ်စိတ်, မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်။ ဖိုလ် ကိစ္စ မတပ်သော ဇောဂတာ နှင့် ယှဉ်သောစိတ် တဆဲ့ ခုနစ်ခုမှာ ဝိစိကိစ္ဆာသဟဂုတ်စိတ်,အဟိတ်ဝိပါက်,ပဉ္စဒွါရာဝဇ္ဇန်း။

ရုပ်ကို ဖြစ်စေတတ်သောစိတ် ခုနစ်ဆဲ့ငါးခုမှာ အရူပဝိပါက်မှတပါးသောမနောဝိညာဏဓာတ်,မနောဓာတ်။ရုပ်ကိုမဖြစ်စေတတ်သောစိတ် တဆဲ့ လေးခုမှာ ပဉ္စဝိညာဏ်, အရူပဝိပါက်။ပြုံးရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ် တဆဲ့သုံးခုမှာ လောဘမူ,သောမနဿလေးခု,မဟာကုသိုလ်သောမနဿလေးခု,မဟာကြိယာသောမနဿလေးခု, ဟသိတုပ္ပါဒ်။ပြုံးရယ်ခြင်းကိုမဖြစ်စေနိုင်သော စိတ်ခုနစ်ဆဲ့ခြောက်ခုမှာယခင်တဆဲ့သုံးခုမှကြွင်းသောစိတ်။ ဝိညတ်ကိုဖြစ်စေတတ်သောစိတ်သုံးဆဲ့နှစ်ခုမှာကာမ

ဇော နှစ်ဆဲ့ကိုးခု,မနောဒွါရာဝဇ္ဇန်း,အဘိညာဏ်ဒွေ။ ဝိညတ်ကိုမဖြစ်စေနိုင်သောစိတ် ငါးဆဲ့ခုနစ်မှာ ယခင်သုံးဆဲ့နှစ်ခုမှ တပါးစိတ်။ဣရိယာပုထ်ကို ခိုင်စေဘတ်သောစိတ် ငါးဆဲ့ ခြောက်ခုမှာ ကာမဇော နှစ်ဆဲ့ ကိုးခု, မနောဒွါရာဝဇ္ဇန်း, မဟာဂ္ဂုတ် လောကုတ္တရာဇော နှစ်ဆဲ့ ခြောက်ခု။ ဣရိယာပုထ်ကို မခိုင်စေနိုင်သောစိတ် သုံးဆဲ့သုံးခုမှာ မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်မှ တပါးသော အဟိတ်စိတ် တဆဲ့ ခြောက်ခု, မဟာဝိပါက် ရှစ်ခု,မဟဂ္ဂုတ်ဝိပါက်ကိုးခု။ရုပ်ကိုဖြစ်စေ ဣရိယာပုထ်ကိုခိုင်စေ ဝိညတ်ကိုဖြစ်စေခြင်း ကိစ္စတို့ကိုသာပြုနိုင်၍ ပြုံးရယ်ခြင်း ကိစ္စကို မပြုနိုင်သောစိတ် တဆဲ့ကိုးခုမှာ သောမနဿ သဟဂုတ်မှ တပါးသော ကာမဇော တဆဲ့ခြောက်ခု, မနောဒွါရာဝဇ္ဇန်း,အဘိညာဏ် ကိစ္စတပ်နိုက်သော ရူပပဉ္စမဈာန်ဇောနှစ်ခု။ရုပ်ကိုဖြစ်စေခြင်း ဣရိယာပုထ်ကို ခိုင်စေခြင်း ကိစ္စနှစ်ပါးတို့ကိုသာပြုနိုင်၍ ဝိညတ်ကိုဖြစ်စေခြင်း ပြုံးရယ်ခြင်းကိုဖြစ်စေခြင်း ကိစ္စနှစ်ပါးတို့ကို မပြုနိုင်သောစိတ် နှစ်ဆဲ့ခြောက်ခုမှာ အဘိညာဏ်ကိစ္စတပ်နိုက်မှ တပါးသောအပ္ပနာဇော။ရုပ်ကိုဖြစ်စေခြင်း ကိစ္စတပါးကိုသာပြုနိုင်၍ ဣရိယာပုထ်ကို ခိုင်စေခြင်း ဝိညတ်ကို ဖြစ်စေခြင်း ပြုံးရယ်ခြင်း ကိစ္စ သုံးပါးတို့ကို မပြုနိုင်သောစိတ် တဆဲ့ ကိုးခုမှာ သန္တီရဏ သုံးခု, မနောဓာတ်သုံးခု, မဟာဝိပါက်ရှစ်ခု,ရူပဝိပါက်ငါးခု။ ရုပ်ကိုဖြစ်စေခြင်း ဣရိယာပုထ်ကို ခိုင်စေခြင်း ဝိညတ်ကိုဖြစ်စေခြင်း ပြုံးရယ်ခြင်းကို ဖြစ်စေခြင်းကိစ္စလေးပါးလုံးကိုပြုနိုင်သောစိတ်တဆဲ့သုံးခုမှာကာမသောမနဿ သဟဂုတ်ဇော။ ၎င်းကိစ္စလေးပါးလုံးကို မပြုနိုင်သောစိတ် တဆဲ့လေးခုမှာ ဒွေပဉ္စဝိညာဏ်,အရူပဝိပါက်။

အပ္ပမညာ ကိစ္စတပ်သော အခေါ်သနှင့် ယှဉ်သောစိတ် နှစ်ဆဲ့ရှစ်ခုမှာ မဟာကုသိုလ်,မဟာကြိယာ,ပဉ္စမဈာန်မှ တပါးသော ရူပစိတ်။ အပ္ပမညာ ကိစ္စ မတပ်သော အခေါ်သနှင့် ယှဉ်သောစိတ် သုံးဆဲ့ တခုမှာ မဟာဝိပါက်, လောကီပဉ္စမဈာန်, လောကုတ္တရာစိတ်။ ဇောမဟုတ်ဘဲ ဇော အရာ၌ တည်သော စိတ် တခုမှာ မနောဒွါရာဝဇ္ဇန်း။ ဤစိတ်သည် ပရိတ္တာရုံဝိထိ၌ ဇုဗ္ဗောကိစ္စတပ်၍ နှစ်ကြိမ်သုံးကြိမ် ဖြစ်သောအခါ ဇော အရာ၌ တည်သည်။ အာဝဇ္ဇန်းမဟုတ်ဘဲ အာဝဇ္ဇန်းအရာ၌ တည်သော

စိတ်လေးခုမှာ တိဟိတ်ကာမကုသိုလ်။ ဤစိတ်သည် မဂ္ဂဝိထိ၌ ဂေါတြဘူဝေါဒါန် ကိစ္စတပ်ခိုက် မဂ်၏အာဝဇ္ဇန်းအရာ၌ တည်သည်။အာဝဇ္ဇန်းနှင့်ကင်း၍သာ ဖြစ်သောစိတ် တဆဲ့လေးခုမှာ ပဉ္စဒွါရာဝဇ္ဇန်း,မဟဂ္ဂုတ်ဝိပါက်,မဂ်စိတ်။ အာဝဇ္ဇန်းနှင့် မကင်းမှု၍သာ ဖြစ်သောစိတ် ငါးဆဲ့ခြောက်ခုမှာ အကုသိုလ်စိတ် တဆဲ့နှစ်ခု,ဒွေပဉ္စဝိညာဏ်တဆယ်, သမ္ပဋိစ္ဆိုန်းဒွေ, သုခသန္တီရဏ, ကာမ ကြိယာဇော, ဒွိဟိတ် ကုသိုလ်, မဟဂ္ဂုတ်ဇော။အာဝဇ္ဇန်းနှင့် ရံခါကင်း ရံခါမကင်းသောစိတ် တဆဲ့ကိုးခုမှာ မနောဒွါရာဝဇ္ဇန်း, ဥပေက္ခာသန္တီရဏ,မဟာဝိပါက်, တိဟိတ်ကာမကုသိုလ်, ဖိုလ်စိတ် လေးခု။ ဤတွင် မနောဒွါရာဝဇ္ဇန်းမှာ အာဝဇ္ဇန်းကိစ္စ တပ်ခိုက် အာဝဇ္ဇန်းနှင့်ကင်း၍ဖြစ်သည်။ဝုဋ္ဌောကိစ္စတပ်ခိုက် အာဝဇ္ဇန်းနှင့်မကင်း။ ဥပေက္ခာ သန္တီရဏ နှစ်ခုမှာ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်ခိုက် အာဝဇ္ဇန်းနှင့် ကင်း၍ ဖြစ်သည်။ သန္တီရဏကိစ္စ တဒါရုံကိစ္စ တပ်ခိုက်မကင်း။ မဟာဝိပါက်မှာ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်ခိုက် အာဝဇ္ဇန်းနှင့် ကင်း၍ဖြစ်သည်။ တဒါရုံကိစ္စတပ်ခိုက်မကင်း။ တိဟိတ်ကာမကုသိုလ်မှာ မဂ္ဂဝိထိ၌ ဂေါတြဘူ ဝေါဒါန်အခိုက် အာဝဇ္ဇန်းနှင့် ကင်း၍သာဖြစ်သည်။ကြွင်းသောအခိုက်မကင်း။ ဖိုလ်စိတ်မှာ မဂ္ဂဝိထိ၌ဖြစ်ခိုက် အာဝဇ္ဇန်းနှင့် ကင်း၍သာ ဖြစ်သည်။ ဖလသမာပတ္တိ သမာပဇ္ဇန အခါ၌ မကင်း။

ဤတွင်ရှေ့ကား အဘိဓမ္မတ္ထသရူပဒီပကကျမ်း၌
ရှေးဦးစွာသော စိတ္တသရူပဒီပကကထာပြီးပြီ။

၂—စေတသိကသရုပဒီပကကဏ္ဍ

စေတောယုတ္တလက္ခဏာကိုပြခြင်း

စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ သဗ္ဗထာ-ဟု အောက်၌ အကျဉ်း ဥဒ္ဒေသ မာတိကာ ပြထားခဲ့သော အစဉ်အား လျော်စွာ စိတ္တံ-ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသဖြစ်သော စိတ်တို့၏ ဝိဘာဂကို ပြခြင်းသည် အပြီးသို့ ရောက်ပြီဖြစ်၍ ထိုဥဒ္ဒေသ အစဉ်အားလျော်စွာ စေတသိကံ-ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသဖြစ်သော စေတသိက်တို့၏ ဝိဘာဂကိုပြပေအံ့။

အဘယ်သို့သောသဘောလက္ခဏာရှိသောတရားသည်စေတသိက် မည်သနည်းဟူမူ။

၁။ စိတ်နှင့်အတူတကွဖြစ်ခြင်းဟူသောဧကုပ္ပါဒ။
၂။ စိတ်နှင့်အတူတကွချုပ်ခြင်းဟူသောဧကနိရောဓ။
၃။ စိတ်နှင့်တူသော အာရုံရှိခြင်း ဟူသော ဧကာလမ္ဗဏ။
၄။ စိတ်နှင့်တူသော မှီရာရှိခြင်းဟူသော ဧကဝတ္ထုက။

*ဤလေးပါးသော စေတောယုတ္တ လက္ခဏာ ရှိသော သဘော တရားသည် စေတသိက် မည်သည် ဟူလေ။

စေတောယုတ္တလက္ခဏာကို အဘယ်ကြောင့် လေးပါးဆိုရသနည်း။ ထိုလေးပါးတွင် တပါးပါးကိုပင် ဆိုသော်လည်း တရုံတခုသော အပြစ် မရှိ။ လိုအပ်သောအကျိုး ပြီးကောင်းပါသည်သာ မဟုတ်လောဟူမူ။ ထို လေးပါးတွင် အကယ်၍ ဧကုပ္ပါဒ လက္ခဏာ တပါးသည်း ဆိုသော် ထို သည် ဖြစ်အံ့ ကမ္မဇရုပ်တို့သည် စိတ်၏ ဥပါဒ်ငြိဘင် ခဏတိုင်း၌ပင် ဖြစ် ရကား စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ကမ္မဇရုပ်တို့သည်၎င်း, စိတ္တဇရုပ် ဟူသမျှသည် စိတ်၏ ဥပါဒ် ခဏ၌သာ ဖြစ်ရကား အလုံးစုံသော စိတ္တဇ ရုပ်တို့သည်၎င်း, စိတ်နှင့်အတူတကွ ဖြစ်ခြင်း ရှိကုန်သောကြောင့် စေတ သိက်မည်ကုန်ရာ၏။ ထိုကမ္မဇရုပ်,စိတ္တဇရုပ်တို့၏ စေတသိက်မည်သည်

* စေတသိက်လက္ခဏာလေးပါးကို ပဉ္စပကရဏ အဋ္ဌကထာနှင့်ညီ၍ဆိုသည်။ ဓာတုကထာ အဋ္ဌကထာ၌ ဧကဝတ္ထုက မရှိဟုမှတ်လေ။

၏အဖြစ်ကိုလည်း အလိုမရှိအပ်သည်သာ ဖြစ်ရကား ယင်းတို့၏ စေတသိက်မည်သည်၏အဖြစ်ကို ပယ်လိုသောကြောင့် ဧကနိရောဓလက္ခဏာကိုဆိုပြန်ရသည်။

စိတ်နှင့်အတူတကွလည်းဖြစ်ပါမှ စိတ်နှင့်အတူတကွလည်းချုပ်ပါမှ စေတသိက်မည်သည်။ထိုကမ္မဇရုပ်,စိတ္တဇရုပ်တို့မှုကား စိတ္တက္ခဏ တဆဲ့ခုနစ်ချက် ခဏငယ် ငါးဆဲ့တချက် အသက်ကာလ ရှိသောကြောင့် အကြင်စိတ်နှင့် ဥပါဒ်ပြိုင်၍ဖြစ်၏။ထိုစိတ်မှ တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် ပြိုင်၍သာ ချုပ်ရကား မိမိနှင့်အတူတကွ ဥပါဒ်ပြိုင်သောစိတ်နှင့် အတူတကွသာဖြစ်၍ အတူတကွ မချုပ်သောကြောင့် ဧကနိရောဓဖြင့် ယင်းတို့၏ စေတသိက် မည်သည်၏ အဖြစ်ကို ပယ်နိုင်သည်။

ကေဉ္စါဒ,ဧကနိရောဓလက္ခဏာ နှစ်ပါးမှုကိုသာဆိုကလည်း ကာယဝိညတ်,ဝစီဝိညတ်,ဟူသော ဝိညတ်ရုပ် နှစ်ခုသည် စိတ်သို့အစဉ်လိုက်၍ဖြစ်တတ်သော စိတ္တာနုပရိဝတ္တိ တရားဖြစ်၍ စိတ်နှင့်တူမျှသော အသက်ကာလရှိရကား အကြင်စိတ်နှင့် ဥပါဒ်ပြိုင်၍ မိမိဖြစ်၏။ထိုစိတ်နှင့်ပင် ပြိုင်၍ ချုပ်သောကြောင့် ထိုဝိညတ်နှစ်ပါး၏ စေတသိက် မည်သည်၏ အဖြစ်သည်ဖြစ်ရာသော သည်သာဖြစ်၍ဧကာလမ္ဗဏဖြင့်ဝိညတ်၏ စေတသိက် မည်သည်၏ အဖြစ်ကို နှစ်စေရပြန်သည်။

စိတ်နှင့်အတူတကွလည်းဖြစ်ပါမှ ထို့အတူ ဖြစ်သော စိတ်နှင့်အတူတကွလည်းချုပ်ပါမှ ထိုစိတ်နှင့်တူသောအာရုံလည်းရှိပါမှ စေတသိက်မည်သည်။ ဝိညတ်နှစ်ပါးမှုကား အာရုံကို မယူတတ်သော အနာရမ္မဏ တရားဖြစ်ရကား စိတ်နှင့်တကွဖြစ်ခြင်း တကွချုပ်ခြင်းသာရှိ၍ တူသော အာရုံရှိသည် မဖြစ်နိုင်သောကြောင့် ဧကာလမ္ဗဏဖြင့် ဝိညတ်နှစ်ပါး၏ စေတသိက်မည်သည်၏အဖြစ်ကို နှစ်စေနိုင်သည်။

တနည်းသည်း။ အကြင်စိတ်နှင့် ဥပါဒ်ပြိုင်၍ဖြစ်၏။ ထိုဥပါဒ်ပြိုင်သော စိတ်နှင့်ပင်ပြိုင်၍ အတူတကွချုပ်၏ဟု ဆိုခဲ့သည့်သော ဝိညတ်နှစ်ပါးသော်ကို သာမဟုတ်ဘဲ အကြင်စိတ်နှင့်အတူတကွ ဥပါဒ်ပြိုင်၍ဖြစ်၏။ထိုစိတ်မှ တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူတကွပြိုင်၍ ချုပ်သောတရားသည်

လည်း စေတသိက် မည်၏ဟု စိတ်သာမညကိုယူ၍ ကြီးသော သူတို့၏ အလိုအားဖြင့် တရသောစိတ်နှင့် ဥပါဒ်ပြိုင်၍ဖြစ်သော ကမ္မဇရုပ် စိတ္တဇ ရုပ်တို့သည် ထိုစိတ်မှတဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်ပြိုင်၍ပင်ချုပ် ရကား စိတ်နှင့်အတူတကွဖြစ်ခြင်းအတူတကွချုပ်ခြင်း ရှိသောကြောင့် စေတသိက်မည်ရာခဲ့ရကား စိတ်နှင့်ဧကုပ္ပါဒ,ဧကနိရောဓ,ဖြစ်ရုံမျှနှင့် စေ တသိက်မမည်သေး။ဧကာလမ္ဗဏလည်းဖြစ်ပါမှစေတသိက်မည်သည်။ ထိုရုပ်တို့ကား အာရုံကိုမယူနိုင်သော အနာရမ္မဏတရားဖြစ်၍ စိတ်နှင့် တူသော အာရုံရှိသည်၏ အဖြစ်မရှိသောကြောင့် စေတသိက်မမည်ဟု ဧကာလမ္ဗဏဖြင့် ယင်းသည့်ရုပ်တို့၏စေတသိက်မည်သည်၏ အဖြစ်ကို နှစ်စေရသည်။

*ဧကဝတ္ထုကဖြင့်ကား နှစ်စေရန်တရားပင် သီးခြားတပါးမရှိသော် လည်း ထိုစိတ်နှင့် ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏ, ဖြစ်ခြင်းလက္ခ ဏာသုံးပါးနှင့် ပြည့်စုံသောတရားတို့သည် ယင်းစိတ်နှင့်ပြားသော မှီရာ ဝတ္ထုရုပ် ရှိသည်မဟုတ်။ စင်စစ်တူသောမှီရာ ဝတ္ထုရုပ် ရှိသည်သာ တည်းဟုသိစေသည်။ ဤကား ဧကုပ္ပါဒလက္ခဏာကို ပဓာနအရင်းထား ၍ အစဉ်အတိုင်း အနုလုံအားဖြင့် ဖွင့်သော။

တတ္ထ ယဒိ ဧကုပ္ပါဒမတ္တေနေဝ စေတောယုတ္တာတိ အဓိပ္ပေတာ။ တ ဒါ စိတ္တေန သဟ ဥပ္ပဇ္ဇမာနာနံ ရူပဓမ္မာနမ္ပိ စေတောယုတ္တတာ အာပဇ္ဇေ ယျာတိ ဧကနိရောဓဂ္ဂဟဏံ။ ဧဝမ္ပိ စိတ္တာနုပရိဝတ္တိနော ဝိညတ္တိဒွယဿ ပသင်္ဂေါ နသက္ကာ နိဝါရေတုံ။ တထာ ဧကတော ဥပ္ပါဒေါဝါ နိရော ဓောဝါ ဧတေသန္တိ ဧကုပ္ပါဒနိရောဓာတိ ပရိကပ္ပေန္တဿ ပုရေတရ မုပ္ပန္နတွာ စိတ္တဿ ဘင်္ဂက္ခဏေ နိရုဇ္ဈမာနာနမ္ပိ ရူပဓမ္မာနန္တိ ဧကာလမ္ဗ ဏဂ္ဂဟဏံ။ ယေ ပန တိဝိဓလက္ခဏာ။ တေ နိယမတော ဧကဝတ္ထု ကာယေဝါတိ ဒဿနတ္ထံ ဧကဝတ္ထုကဂ္ဂဟဏံ။

ဟူသော ဋီကာကျော်နှင့် အညီဆိုသော နည်းတည်း။ တတ္ထ၊ ထိုဧ ကုပ္ပါဒ စသည် လေးပါး တို့တွင်။ ဧကုပ္ပါဒမတ္တေနေဝ၊ ဧကုပ္ပါဒ တပါး

* ဧကဝတ္ထုက သဒ္ဒါကို အလွန်အားဖြင့် ဆိုအပ်သောကြောင့် ဥက္ကဋ္ဌနည်းမည်၏။

တည်းမှုဖြင့်သာလျှင်။ စေတောယုတ္တာ၊ စိတ်နှင့်ယှဉ်ကုန်၏။ ဣတိ၊ ဤသို့။ ယဒိအဓိပ္ပေတာ၊ အကယ်၍အလိုရှိအပ်ကုန်သည်ဖြစ်အံ့။ တဒါ၊ထိုကြပ္ပါဒ တပါးဘည်းမှုဖြင့် စေတောယုတ္တ ဖြစ်ကုန်၏ဟု အလိုရှိအပ်သည် ရှိသော်။ စိတ္တေန၊ စိတ်နှင့်။ သဟ၊ အတူတကွ။ ဥပ္ပန္နမာနာခန့်၊ ဥပါဒ်ပြိုင်၍ ဖြစ်ကုန်သော။ ရူပဓမ္မာနမ္ပိ၊ ကမ္မဇစိတ္တဇရုပ်တရားတို့၏လည်း။စေတောယုတ္တတာ၊ စေတောယုတ္တ အဖြစ်သည်။ အာပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဣတိတသ္မာ၊ ထိုသို့ကြပ္ပါဒ တခုဘည်းမှုဖြင့် စေတောယုတ္တ ဖြစ်သည်ဟူက စိတ်နှင့်အတူတကွ ဥပါဒ်ပြိုင်၍ဖြစ်သော ကမ္မဇရုပ် စိတ္တဇရုပ်တို့၏ စေတောယုတ္တအဖြစ်ဖြစ်ရာသောကြောင့်။ တံနိဝါရဏတ္ထံ၊ (ထည့်။) ထိုစိတ်နှင့်ကြပ္ပါဒဖြစ်သော ကမ္မဇစိတ္တဇရုပ်တို့၏ စေတောယုတ္တအဖြစ်ကိုပယ်မြစ်ခြင်း အကျိုးငှါ။ ဧကနိရောဓဂ္ဂဟဏံ၊ ဧကနိရောဓ သဒ္ဒါကို။ ကတံ၊ (ထည့်။) ပြုတော်မူအပ်၏။ ဝါ၊ ဧကနိရောဓဂ္ဂဟဏံ။ ဧကနိရောဓ လက္ခဏာကိုယူခြင်းသည်။ ဟောတိ၊ ၏။ ဧဝမ္ပိ၊ ဤသို့ဧကနိရောဓသဒ္ဒါဖြင့်ဆိုအပ်ပြီးသော ကမ္မဇရုပ် စိတ္တဇရုပ်တို့ကို နှစ်စေသော်လည်း။ စိတ္တာနုပရိဝတ္တိနော၊ စိတ်သို့အစဉ်လိုက်၍ဖြစ်သော။ ဝိညတ္တိဒွယဿ၊ ဝိညတ်နှစ်ပါး၏။ ပသင်္ဂေါ၊ စေတောယုတ္တအဖြစ်၌ လျှဉ်းပါးခြင်းကို။ နိဝါရေတုံ၊ ပယ်ရှား. တားမြစ်ခြင်းငှါ။ နသက္ကာ၊မတတ်ကောင်းမတတ်နိုင်။ တထာ၊ထိုဝိညတ်နှစ်၏ စေတောယုတ္တ အဖြစ်ကိုတားမြစ်ခြင်းငှါ မတတ်ကောင်းသည်နှင့်အတူ။ ဧတေသံ၊ ထိုတရားတို့အား။ စိတ္တေန၊ နှင့်။ ဧကတော၊တကွနက်။ ဥပ္ပါဒေါဝါ၊ ဖြစ်ခြင်းသည်သော်ရင်း။ နိရောဓောဝါ၊ ချုပ်ခြင်းသည်သော်ရင်း။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဘေဓမ္မာ၊ တို့သည်။ ကြပ္ပါဒနိရောဓာ၊ ကြပ္ပါဒနိရောဓ မည်ကုန်၏။ ဣတိဣမံဝစနတ္ထံ၊ ဤသို့သော ဝစနတ္ထကို။ ပရိကပ္ပေန္တဿ၊ကြံသောပုဂ္ဂိုလ်၏။ မတေန၊အလိုအားဖြင့်။ ပုရေတရံ၊ ရှေးဦးစွာသောစိတ်၏ ဥပါဒ်ခဏာ၌။ ဥပ္ပန္နံတွာ၊ ဖြစ်၍။ စိတ္တဿ၊ ထိုဥပါဒ်ပြိုင်၍ဖြစ်သောစိတ်မှ တဆဲ့ခုနစ်ချက်မြောက်သောနောက်စိတ်၏။ ဘင်္ဂက္ခဏေ၊ ဘင်ခဏာ၌။ နိရုဇ္ဈမာနာနံ၊ချုပ်ကုန်သော။ ရူပဓမ္မာနမ္ပိ၊ ကမ္မဇစိတ္တဇရုပ်တရားတို့၏လည်း။ ပသင်္ဂေါ၊ စေတောယုတ္တအဖြစ်၌ လျှဉ်းပါးခြင်းကို။ နိဝါရေတုံ ငှါ။ နသက္ကာ မတတ်နိုင်။ ဣတိတသ္မာ၊

ထိုပြဆိုပြီးသော သဘောရှိသော ဝိညတ်ရုပ်ကမ္မဇပဲဇ္ဈတ္တဇရုပ်တို့၏ စေတောယုတ္တ အဖြစ်၌ လျဉ်းပါးခြင်းကို ပယ်မြစ်ခြင်းငှါ မဟုတ်နိုင်သောကြောင့်။ တံနိဂါရကတ္တံ၊ ထိုဝိညတ်ရုပ်ကမ္မဇပဲဇ္ဈတ္တဇရုပ်တို့၏ စေတောယုတ္တ အဖြစ်ကို ဘားမြစ်ခြင်းငှါ။ ကောသလမ္ဗဏဂ္ဂဟဏံ၊ ကောလမ္ဗဏသဒ္ဒါကို။ ကတံ၊ ၏။ ယေခမ္ဗာ၊ အကြွင်းတရားတို့သည်။ ဝေံတိဝိဓလက္ခဏာ၊ ဤသို့ကေပ္ပဒ စသည် သုံးပါးအပြားရှိသော လက္ခဏာ ရှိကုန်၏။ ဘေခမ္ဗာ၊ တို့သည်။ နိယမဘော၊ အမြဲအားဖြင့်။ ကောဝဏ္ဏကာယေဝ၊ စိတ်နှင့် တူသော မှီရာရှိကုန်သည် သာတည်း။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းငှါ။ ကောဝဏ္ဏကဂ္ဂဟဏံ၊ ကောဝဏ္ဏကသဒ္ဒါကို။ ကတံ၊ ၏။

သင်္ခေပသင်္ဂဟနာဒိကထာ အနုလုံပဋိလုံနှစ်ပါးဖြင့် စိစစ်၏။ ထိုတွင် အနုလုံအားဖြင့် စိစစ်ရာ၌ ဋီကာကျော်ဝယ် ဝိညတ်ဒွေဖြင့် ပသက်ပြုသော အရာ၌ အဝိနိဗ္ဘောဂရုပ်ဖြင့်ပသက်ပြု၏။ဝိညတ်ဖြင့်ပသက်ပြုသောစကားကိုလည်း ဝိညတ်ရုပ်ဟူသည် ပဲဇ္ဈတ္တဇပထဝီဓာတ် ကမ္မဇပထဝီဓာတ်တို့၏ ဝိကာရမျှဖြစ်၍ …င်းရုပ်မှာ ဖြစ်ခြင်းဥပါဒ် ချုပ်ခြင်းဘင်ဟူ၍ မရှိရကား ဝိညတ်ဖြင့် ပသက်ပြုသော ဆရာတို့ စကားကို စိစစ် ဆင်ခြင် ရမည်ဟု ဋီကာကျော်ကိုရည်၍ပင် မန္တစ်သက်ဟန်ဆို၏။ အကယ်၍ ကေပ္ပဒကေနိရောဓနှစ်ပါးမျှဖြင့် စေတောယုတ္တ ဖြစ်သည်ဟူငြားအံ့ အဝိနိဗ္ဘောဂရုပ်တို့သည် ဘချာဘဆံမှ သီးခြားကွဲပြား၍ တပါးစီမဖြစ်နိုင်။အခါခပ်သိမ်း မကွေမကွာ အတူတကွသာဖြစ်သောကြောင့် ထိုရုပ်တို့သည် တပါးနှင့် တပါးအတူတကွသာဖြစ်၍ အတူတကွသာချုပ်ကုန်ရကား ထိုရုပ်တို့၏ စေတောယုတ္တ အဖြစ်သည် ဖြစ်ရာဖြစ်သောကြောင့် ကောသလမ္ဗဏဖြင့် ယင်းတို့၏ စေတောယုတ္တအဖြစ်ကိုနှစ်စေရသည်။ ကေပ္ပဒလည်းဖြစ်ပါမှ ကေနိရောဓလည်းဖြစ်ပါမှ တူသောအာရုံလည်းရှိပါမှ စေတောယုတ္တ ဖြစ်သည်။ အဝိနိဗ္ဘောဂ ရုပ်တို့မှုကား အတူတကွဖြစ်ခြင်း အတူတကွ ချုပ်ခြင်းသာရှိ၍ ရုပ်ဟူသမျှသည် အာရုံကိုမယူတတ်သောအဗျာကတ တရားသာဖြစ်၍တူသော အာရုံရှိသည်၏အဖြစ် မရှိနိုင်ရာသောကြောင့် ကောသလမ္ဗဏဖြင့် အဝိနိဗ္ဘောဂရုပ်တို့၏ စေတောယုတ္တအဖြစ်ကိုနှစ်စေနိုင်သည်ဟူလို၏။

နနုစ ကေုပ္ပါဒမဇ္ဈေနေဝ စေတောယုတ္တတာ ဝိညာယတိ။ ကသ္မာ ကေနိရောဓဝိသဒ္ဒေါ ဂဟိတောတိ။ နဝိညာယတိ။ ဗိဇ္ဇေန သဟ ဥပ္ပန္နမာနာနံ ရူပဓမ္မာနမ္ပိ စေတောယုတ္တတာ သမ္ဘဝတော။တသ္မာ ကေနိရောဓဂ္ဂ ဟဏံ ကတံ။ ဝေဓိ ဗိဇ္ဇသာမညေန ဗိဇ္ဇေန သဟ ကေုပ္ပါဒနိရောဓာ နံ ဗိဇ္ဇဇရူပါနံ အဝိနိဗ္ဘောဂရူပါနမ္ပိ စေတောယုတ္တတာ ပသင်္ဂေါ သိ ယာ၊ တံ နိဝါရဏတ္ထံ ဧကာလမ္ဗဏဂ္ဂဟဏံ ကတံ။ အာစရိယေဟိ ပန ဝိညတ္တိယာ ပသင်္ဂေါ ဝုတ္တော။ ဝိညတ္တိယာ ဥပ္ပါဒနိရောဓနံ အဘာဝ တော ဝိစာရေတဗ္ဗံ။ **သင်္ခေပဝဏ္ဏနာဋီကာ။**

နနုစစောဒေဒိ၊ စောဒနာဦးအံ့။ ကေုပ္ပါဒမဇ္ဈေနေဝ၊ ကေုပ္ပါဒတပါး တည်းမှုဖြင့်သာလျှင်။ စေတောယုတ္တတာ၊စေတောယုတ္တအဖြစ်ကို။ဝိညာ ယတိနနု၊ သိအပ်နိုင်ရာပါသည်မဟုတ်လော။ အထ (ထည့်။) ထိုသို့သိနိုင် ရာလျက်။ ကသ္မာ၊ အဘယ်ကြောင့်။ ကေနိရောဓဝိသဒ္ဒေါ၊ ကေနိရောဓ စသောသဒ္ဒါတို့ကို။ ဂဟိတော၊ ယူအပ်ကုန်သနည်း။ ဣတိအယံ၊ ဤသည် ကား။ စောဒနာ၊ ခြင်းတည်း။ ဗိဇ္ဇေန၊ စိတ်နှင့်။ သဟ၊ တကွနက်။ ဥပ္ပန္န မာနာနံ၊ ဥပါဒ်ပြိုင်၍ ဖြစ်ကုန်သော။ ရူပဓမ္မာနမ္ပိ၊ ရုပ်တရားတို့၏လည်း။ စေတောယုတ္တတာသမ္ဘဝတော၊ စေတောယုတ္တအဖြစ်၏ ဖြစ်သင့်သော ကြောင့်။ နဝိညာယတိ၊ ဧကုပ္ပါဒမှုဖြင့် စေတောယုတ္တအဖြစ်ကို မသိနိုင်။ တသ္မာ၊ ထိုသို့မသိနိုင်သောကြောင့်။ ဧကနိရောဓဂ္ဂဟဏံ၊ ဧကနိရောဓ သဒ္ဒါကို၊ ဝါ၊ ဧကနိရောဓလက္ခဏာကို ယူခြင်းကို။ ကတံ၊ ၏။ ဧဝမ္ပိ၊ ဤ သို့ပင် ဧကနိရောဓလက္ခဏာကို ယူအပ်သော်လည်း။ ဗိဇ္ဇသာမညေန၊ တခုတည်းသော စိတ်ဝိသေသကိုမယူဘဲ စိတ်သာမညအားဖြင့်။ ဗိဇ္ဇေ န၊ စိတ်နှင့်။ သဟ၊ တကွ။ ဧကုပ္ပါဒနိရောဓာနံ၊ တူသောဖြစ်ခြင်းတူသော ချုပ်ခြင်းရှိကုန်သော။ ဗိဇ္ဇဇရူပါနမ္ပိ၊ စိတ္တဇရုပ်တို့၏ [illegible]င်း။ အဝိနိဗ္ဘောဂ ရူပါနမ္ပိ၊ အဝိနိဗ္ဘောဂ ရုပ်တို့၏ [illegible]င်း။ စေတောယုတ္တ[illegible]ပသင်္ဂေါ၊ စေ [illegible] အဖြစ်၌ လျှည့်ပါးခြင်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ သိ ယာ၊ ဖြစ်[illegible]၏။ [illegible]သ္မာ၊ ထို[illegible]ကြောင့်၊ [illegible]နိဝါရ[illegible]ဏတ္ထံ၊ ထိုစိတ္တဇရုပ်အဝိ နိဗ္ဘောဂ ရုပ်[illegible]၏ စေ[illegible]တောယုတ္တအဖြစ်ကို ပယ်မြစ်ခြင်းငှါ။ ဧကာလမ္ဗ ဏ[illegible]ဟဏံ၊ ဧကာလမ္ဗဏကို [illegible]ယူခြင်း[illegible]ကို။ ကတံ၊ [illegible]၏။ အာစရိယေဟိပန၊

ဆရာတို့မှုကား။ ဝိညတ္တိယာ၊ ဝိညတ်ဖြင့်။ ပသင်္ဂေါ။ လျဉ်းပါးခြင်းကို။ ဝုတ္တော၊ ဆိုအပ်၏။ ဝိညတ္တိယာ၊ ဝိညတ်၏။ ဝါ၊ အား။ ဥပ္ပါဒနိရောဓာနံ၊ ဖြစ်ခြင်းဥပါဒ် ချုပ်ခြင်း ဘင်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ တံ၊ ထိုဝိညတ်ရုပ်ဖြင့် ပသင်္ဂ ပြုသောဆရာတို့စကားကို။ ဝိစာရေတဗ္ဗံ၊ဆင်ခြင်စိစစ်အပ်၏။

နနု ကေဝလွှကမတ္တေနေဝ စေတသိကာနံ စေတောယုတ္တတာ ဝိညာယတိ။ကသ္မာ ကောလမ္ဗဏာဒိဂ္ဂဟဏာနိ ကတာနီတိ၊နဝိညာယတိ၊မရဏာသန္န ဝိထိယံ တဒါရမ္မဏာ ရတိနမ္ပိ ကေဝလွှကတ္တာ။ တသ္မာ တပ္ပသင်္ဂနိဝတ္တနတ္ထံ ကောလမ္ဗဏဂ္ဂဟဏံ ကတံ။ဝေဝမ္ပိ ပဋိသန္ဓိ ပဉ္စမဘာဝင်္ဂါနမ္ပိ ကောလမ္ဗဏဝတ္ထုကတ္တာ တံပသင်္ဂေါ ဘဝေယျ။တသ္မာ တံပသင်္ဂနိဝတ္တနတ္ထံ ကေနိရောဓဂ္ဂဟဏံ ကတံ၊ ဧဝံ တိဝိဓလက္ခဏာ စေတသိကာ ကေုပ္ပါဒါဥဒါဟု နာနုပ္ပါဒါတိ သင်္ကာသိယာ။တံ နိဝတ္တနတ္ထံ ကေုပ္ပါဒဂ္ဂဟဏံ ကတံ။

ဟူသော သင်္ခေပ ဝဏ္ဏနာနှင့် လျော်စွာ ကေဝလွှက လက္ခဏာကို ပဓာနအရင်းထား၍ ပဋိလုံအားဖြင့် နောက်ဆုတ်ပြန်၍ စိစစ်သော နည်းကိုပြဦးအံ့။ စိတ်နှင့်တူသော မှီရာရှိသော တရားသည် စေတသိက် မည်၏ဟု အကယ်၍ ကေဝလွှကလက္ခဏာ တပါးတည်းကိုသာ ဆိုသည် ဖြစ်အံ့ မရဏာသန္န အခါ ရတိစိတ်မှ ပြန်၍ ရေသော် တဆဲ့ ခုနစ်ချက် မြောက်သောစိတ်၏ ဠိခဏကစ၍ ကမ္မဇရုပ်ဟူသမျှသည် အသစ်တဖန် ဖြစ်ပြန်သော မည်သည် မရှိသောကြောင့် ရတိစိတ်နှင့် တကွ ရတိစိတ် ရှေ့ တဆဲ့ခြောက်ချက်မြောက်စိတ် တိုင်အောင်သော ပဉ္စဝိညာဏ်မှ တပါးသော စိတ်တို့သည် ရတိစိတ်မှရှေ့ တဆဲ့ ခုနစ်ချက် မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ဟာဒယဝတ္ထုရုပ် တခုတည်းကိုသာ မှီကြရသည်ဖြစ်၍ ထိုဝတ္ထုရုပ်ကိုမှီသော ဘဝင်စိတ်,မရဏာသန္နဝိထိစိတ်, ရတိစိတ်,တို့သည် တပါးနှင့်တပါး တူသောမှီရာရှိသည်ဖြစ်၍ယင်းသည့် စိတ်တို့၏ စေတောယုတ္တ အဖြစ်သည် ဖြစ်ရာခဲ့ရကား ကောလမ္ဗဏဖြင့် ယင်းတို့၏ စေတောယုတ္တ အဖြစ်ကို နစ်စေသည်။ စိတ်နှင့်တူသော မှီရာလည်းရှိပါမှ တူသောအာရုံလည်းရှိပါမှ စေတောယုတ္တဖြစ်သည်။

ထိုမရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ ခြောက်ချက်မြောက် တိုင်အောင်သော စိတ်တို့တွင် ဝိထိစိတ်တို့သည် အနန္တရဘဝ၌ယူလတ္တံ့သော ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကိုသော်၎င်း၊ထိုကံ၏အာရုံ၊ ထိုကံကိုပြုစဉ် အဆောက် အဦတို့တွင် တပါးပါးဖြစ်သော ကမ္မနိမိတ်ကိုသော်၎င်း၊ ယူလတ္တံ့ဘဝ၌ အမိဝမ်းရေ စသည့်၌ တည်သောရုပါရုံဟူသော ဂတိနိမိတ်ကိုသော်၎င်း၊အာရုံပြုသည်။ ရှေ့နောက်ဘဝင်စိတ်၊စုတိစိတ်၊တို့မှာကား ပစ္စုပ္ပန်ဘဝ ယူခဲ့ပြီးသော ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကိုသော်၎င်း၊ ထိုကံ၏ အာရုံစသော ကမ္မနိမိတ်ကိုသော်၎င်း၊ယခုဘဝယူခဲ့သော ပဋိသန္ဓေ၏စွဲနေရာ အမိဝမ်းရေစသည်၌တည်သောရုပါရုံဟူသော ဂတိနိမိတ်ကိုသော်၎င်း၊အာရုံပြုသည်ဖြစ်၍ ထိုစိတ်သည် တူသော မှီရာဝတ္ထု ရုပ်ပင် ရှိသော်လည်း ဝိထိစိတ်တို့နှင့် ဘဝင်စိတ်၊ စုတိစိတ်၊ တို့သည် အာရုံမတူကြ သောကြောင့် ထိုမရဏာသန္နအခါဖြစ်သော ဝိထိစိတ်၊ဘဝင်စိတ်၊စုတိစိတ်၊တို့၏ စေတောယုတ္တအဖြစ်ကို ဧကာလမ္ဗဏဖြင့် နှစ်စေနိုင်သည်။

ဧကာလမ္ဗဏဖြင့် ဤစိတ်တို့ကို နှစ်စေ၏ ဆိုသော်လည်း စုတိဘဝင်တို့၏ ဝိထိစိတ်တို့နှင့် အာရုံမတူသောကြောင့် စုတိစိတ်၊ဘဝင်စိတ်၊တို့မှထောက်၍ ဝိထိစိတ်တို့ကို၊ဝိထိစိတ်တို့မှထောက်၍ ဘဝင်စိတ်၊စုတိစိတ်၊တို့ကို နှစ်စေနိုင်ရာသည်။ ဝိထိစိတ်တွင်၌ မှာကား အာဝဇ္ဇန်း စသည်တို့တွင် စိတ်တခုနှင့် တခုသည်၎င်း၊မရဏာသန္နဝိထိ၏ ရှေ့နောက်ဖြစ်သင့်သော ဘဝင်စိတ်နှင့် စုတိစိတ်သည်၎င်း၊ဝတ္ထု အာရုံ နှစ်ပါးရုံပင် တူချေသေးရကား ဧကဝတ္ထုက၊ ဧကာလမ္ဗဏ နှစ်ပါးမှုဖြင့် ယင်းတို့၏ စေတောယုတ္တ အဖြစ်ကို မနှစ်စေနိုင် သေးသောကြောင့် ဧကနိရောဓဖြင့်တဖန်နှစ်စေရပြန်သည်။

ထိုကိုသာမဟုတ်သေး ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီသည်၊ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်သည်လည်း ထိုဝတ္ထုကိုပင်မှီသည်။တခုသောဘဝ၌ပဋိသန္ဓေ၊ဘဝင်၊စုတိ၊စိတ်တို့သည်အာရုံအားဖြင့် တူမြဲဖြစ်၍ ထိုပဋိသန္ဓေစိတ် ပဌမဘဝင်စိတ်တို့သည် အာရုံအားဖြင့်လည်း တူရကား ဧကဝတ္ထုက ဧကာလမ္ဗဏ နှစ်ပါး မှုဖြင့်

ယင်းတို့၏ စေတောယုတ္တအဖြစ်ဖြင့် လျဉ်းပါးရန်ရှိသည်ကိုလည်း ကေ နိရောဓဖြင့် နှစ်စေရသည်။ စိတ်နှင့်တူသော မှီရာလည်းရှိပါမှ,တူသော အာရုံလည်းရှိပါမှ,အတူတကွလည်းချုပ်ပါမှ, စေတောယုတ္တဖြစ်သည်။ ထိုစိတ်တို့ကား တူသောမှီရာ တူသောအာရုံသာရှိ၍ စိတ်ဟူသမျှသည် တယောက်သောပုဂ္ဂိုလ်သန္တာန်၌ နှစ်ပါးပြိုင်၍ချုပ်ခြင်းမရှိရကား ကေ နိရောဓဖြင့် ယင်းတို့၏ စေတောယုတ္တအဖြစ်ကို နှစ်စေနိုင်သည်။

ကေဝုပ္ပါဒဖြင့်ကား။ ဗသာစသည်မှတပါး စေတောယုတ္တ အဖြစ်၌ နှစ်စေရန်တရား အသီးအခြားပင် မရှိသော်လည်း ထိုစိတ်နှင့် ကေဝဏ္ဏက, ကောလမ္ဗဏ,ကေနိရောဓ,ဖြစ်ခြင်းလက္ခဏာသုံးပါးတို့နှင့် ပြည့်စုံသော တရား တို့သည် စိတ်၏ ဥပါဒ် ခဏမှ တပါး အခြား ကာလ၌ ဖြစ်သည် မဟုတ် စင်စစ် စိတ်နှင့်အတူတကွ ဥပါဒ်ပြိုင်၍ ဖြစ်သော တရားတို့သာ တည်းဟု သိစေသည်ဟူလို။

အနုလောမအားဖြင့်စီစစ်သောနည်း၌ကောလမ္ဗဏဖြင့်အဝိနိဗ္ဘောဂ ရုပ်တို့၏ စေတောယုတ္တ အဖြစ်ကို နှစ်စေကြောင်း, ပဋိလောမအားဖြင့် စီစစ်ရာဝယ် ကောလမ္ဗဏဖြင့် တရသော မဟာဘုတ်လျှင် မှီရာရှိသော ကြွင်းသော ကလာပ်တူ မဟာဘုတ် ဥပါဒါရုပ်တို့၏ စေတောယုတ္တ အ ဖြစ်ကို နှစ်စေကြောင်း,ကို ဆရာတို့ ဆိုကြ လေသည်ကား အရာ အား လျော်စွာ သမ္ပယောဂ လက္ခဏာကို ပြသော ကေဝုပ္ပါဒ, ကေနိရောဓ, စသည်၌ ကေ၏ သဟတ္ထမတူ ထူးခြားကွဲပြားသည်ကို နှလုံးမထား သာ မညာအားဖြင့်အတူတူချည်းသာဟုယူပြီးလျှင် မူလဋီကာစကားကို မိမိတို့ ကိုးကား မှီခိုရာမှတ်ထင်၍သာဖြစ်ရာသည်။ သဘောလည်းမလျော်မူလ ဋီကာဆရာ၏ အလိုတော်လည်း မကျချေ။ ယုတ္တသဒ္ဒါ, အဝိယုတ္တသဒ္ဒါ, သမ္ပယုတ္တသဒ္ဒါ, တို့ကား ယှဉ်ခြင်း သမ္ပယောဂတ္တကို ဟောသည်ချည်း တည်း။ထိုသမ္ပယောဂအနက်ကို ဤစေတောယုတ္တာစသည်၌ ယုတ္တသဒ္ဒါ ဖြင့် သေသံစိတ္တာဝိယုတ္တာနံ စသည်၌ အဝိယုတ္တ သဒ္ဒါဖြင့် ဒိဋ္ဌိဂတသမ္ပ ယုတ္တံ စသည်၌ သမ္ပယုတ္တ သဒ္ဒါဖြင့် စိတ္တုပ္ပါဒေသု ပဋ္ဌောက် သမ္ပယော ဂေါ ပဉ္စတိ စသည်၌ သမ္ပယောဂသဒ္ဒါဖြင့် ဆိုသည်။

သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ-ဟူသော ဓမ္မသင်္ဂဏီပါဠိတော် မာတိကာ ဝေဒနတိက်၌ သုခဝေဒနာကို သမ္ပယုတ္တာ၏ သဟာဋ္ဌထား၍ ဟောတော်မူသောကြောင့် ဤအရာ၌ သမ္ပယောဂလက္ခဏာ ဖြစ်သော ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏ, ဧကဝတ္ထုက,တို့၌ သုခဝေဒနာသာ ဧက၏သဟာဋ္ဌ ဖြစ်သင့်သည်။ဤ၌သမ္ပယောဂလက္ခဏာကို စိစစ်လျှင်လည်း သုခဝေဒနာနှင့် ဧကုပ္ပါဒ'စသည် တပါးပါး ဖြစ်သင့်သော တရားဖြင့်သာ သမ္ပယောဂအဖြစ်ဖြင့် ပသဂ်ပြုသင့်သည်။

စတုပဟိသမ္ပယောဂေါ-ဟူသော ဓာတုကထာပါဠိတော်၌ နာမက္ခန္ဓာ လေးပါးကို သမ္ပယောဂ၏ သဟာဋ္ဌထား၍ ဟောတော် မူသောကြောင့် ဤ၌သမ္ပယောဂလက္ခဏာကိုစိစစ်လျှင် နာမက္ခန္ဓာတပါးပါးနှင့်ဧကုပ္ပါဒ စသည် တပါးပါး ဖြစ်သင့်သော တရား ဖြင့်သာ သမ္ပယောဂ အဖြစ်၌ ပသဂ် ပြုသင့်သည်။ ဤစေတော ယုတ္တာ၌ကား စိတ်ကိုသာ ယုတ္တာ၏ သဟာဋ္ဌ ထား၍ ဆိုသောကြောင့် ဤ၌ စေတောယုတ္တ- ဟူသော သမ္ပယောဂ လက္ခဏာကိုပြသော ဧကုပ္ပါဒနိရောဓာစ, ဧကာလမ္ဗဏ ဝတ္ထုကာ,တို့၌ စိတ်သာ ဧက၏သဟာဋ္ဌဖြစ်သင့်သည်ဖြစ်၍ ဤစေတောယုတ္တ လက္ခဏာကို စိစစ်ရာ၌ စိတ်နှင့်ဧကုပ္ပါဒ,စသည် တပါးပါးဖြစ်သင့်သော တရားဖြင့်သာ စေတောယုတ္တအဖြစ်၌ ပသဂ်ပြုသင့်သည်။စိတ်နှင့်ဧကုပ္ပါဒ,စသည်မဖြစ်။ မိမိတို့ချင်းသာ တပါးနှင့်တပါး ဧကုပ္ပါဒ, ဧကနိရောဓ, ဖြစ်သော အဝိနိဗ္ဘောဂရုပ် ရှစ်ခုတို့ဖြင့်ရင်း, စိတ်နှင့် ဧကဝတ္ထုက ဖြစ်သည်မဟုတ်။ မိမိတို့ချင်းသာ တခုတည်းသော မဟာဘုတ်လျှင် မှီရာ ရှိသော ထိုမှီရာ မဟာဘုတ်မှ ကြွင်းသော သုံးပါးသော ကလာပ်တူ မဟာဘုတ် ဥပါဒါရုပ်တို့ဖြင့်ရင်း,စေတောယုတ္တအဖြစ်၌ ပသဂ်မပြုသင့်။ ထို့ကြောင့် အဝိနိဗ္ဘောဂရုပ် တခုသော မဟာဘုတ်လျှင် မှီရာ ရှိသော ကြွင်းသော ကလာပ်တူ မဟာဘုတ် ဥပါဒါရုပ်တို့၏ စေတောယုတ္တ အဖြစ်ကို ဧကာလမ္ဗဏဖြင့် နှစ်စေကြောင်းကို ဆိုသော ဆရာတို့စကား ကို မသင့်ဟူ၍သာ မှတ်အပ်၏။

သင်္ဂြိုဟ်ကျမ်း၌ ဆိုအပ်သော သမ္ပယောဂလက္ခဏာ လေးပါးတွင် ဧကာလမ္ဗဏ-ဟူသော တတိယလက္ခဏာကို ကထာဝတ္ထုပါဠိတော်၌

စတုတ္ထလက္ခဏာ အရာ၌ထား၍ ကေဝဋ္ဋက-ဟူသော စတုတ္ထလက္ခဏာကို တတိယလက္ခဏာ အရာ၌ထား၍ ဟောတော်မူသည်။ ကထာဝတ္ထု ပါဠိတော်၌ နတ္ထိ ကေစိဓမ္မာ ကေဟိစိ ဓမ္မေဟိ သမ္ပယုတ္တာ-ဟူသော ပါဠ်ဖြင့် တပုံတခုသော တရားတို့နှင့် သမ္ပယုတ် ဖြစ်ကုန်သော တပုံတခုသောတရားတို့သည်မရှိပါကုန်သလောဟုမေးသော သကဝါဒီပုဂ္ဂိုလ်၏ပုစ္ဆာကို "အာမန္တာ" ဟူသောပါဠ်ဖြင့် တပုံတခုသောတရားတို့နှင့် ယှဉ်ကုန်သော တပုံ တခုသော တရားတို့သည် မရှိကုန်သည်ဟုတ်၏ဟု ဖြေဆိုသော ပရဝါဒီပုဂ္ဂိုလ်၏ အယူကို ပယ်မြစ်ခြင်း၌။ နနုအတ္ထိ ကေစိ ဓမ္မာ ကေဟိစိ ဓမ္မေဟိ သဟဂတာ သဟဇာတာ သံသဋ္ဌာ ဧကုပ္ပါဒါ ဧကနိရောဓာ ဧကဝတ္ထုကာ ဧကာရမ္မဏာ-ဟူ၍ ဟောတော်မူရာ၌ သမ္ပယုတ္တာ-ဟူသော ပုဒ်၏သဟဇာတကိုမည်သည့် တရားနှင့်ဟု အထူး ဝိသေသ အားဖြင့် မှတ်ခြင်းမရှိ။ ကေဟိစိ ဓမ္မေဟိဟု အနိယမ သာမညအားဖြင့်သာ ဟောတော်မူသောကြောင့် ဤပါဠိတော်ဝယ် ဧကုပ္ပါဒစသည်ဖြင့် သမ္ပယုတ္တ အဖြစ်ရှိသည် မရှိသည်ကို စိစစ်ရာ၌ကား အဝိနိဗ္ဘောဂရုပ် စသည်တို့ဖြင့်လည်း သမ္ပယောဂအဖြစ်၌ ပသင်္ဂပြုကောင်းရကား မူလဋီကာ၌ အဝိနိဗ္ဘောဂရုပ် စသည်တို့ဖြင့်လည်း ပသင်္ဂပြု၍ စိစစ်တော်မူသည်။

ကေဟိစိဓမ္မေဟိ၊ တပုံတခုသောတရားတို့နှင့်။ သမ္ပယုတ္တာ၊ အညီအညွတ်ဧကုပ္ပါဒစသောအပြားတို့ဖြင့်ယှဉ်ကုန်သော။ ကေစိဓမ္မာ၊ တပုံတခုသောတရားတို့သည်။ နတ္ထိ၊ မရှိပါကုန်သလော။ ဣတိ၊ ဤသို့မေးသည်ရှိသော်။ အာမန္တာ၊ ပြော်....တပုံတခုသော တရားနှင့် ယှဉ်သော တပုံတခုသောတရားမရှိသည်ဟုတ်၏။ ကေဟိစိ၊ တပုံတခုကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သဟဂတာ၊ အတူတကွ ဧကုပ္ပါဒ စသော အဖြစ်သို့ရောက်ကုန်သော။ သဟဇာတာ၊ ဧကုပ္ပါဒ စသည်ဖြင့် တကွဖြစ်ကုန်သော။ သံသဋ္ဌာ၊ ဧကုပ္ပါဒစသည်၏အစွမ်းဖြင့်နှီးနှောကုန်သော။ ဧကုပ္ပါဒါ၊ တကွဖြစ်ခြင်းရှိကုန်သော။ ဧကနိရောဓာ ကုန်သော။ ဧကဝတ္ထုကာ၊ ကုန်သော။ ဧကာရမ္မဏာ၊ ကုန်သော။ ကေစိ၊ တပုံတခုကုန်သော။ ဓမ္မာ၊ တို့သည်။ အတ္ထိနနု၊ ရှိပါကုန်သည်သာမဟုတ်ပါလော။

မူလဋီကာ၌မိစ္ဆာဟန်ကိုပြလိုက်ဦးအံ့။ သမ္ပယောဂ လက္ခဏာလေးပါးတွင် အကယ်၍ ဧကုပ္ပါဒလက္ခဏာတပါးတည်းမျှဖြင့် သမ္ပယုတ္တဖြစ်သည်ဟူအံ့။ အတူတကွ ပြိုင်၍ဖြစ်ကုန်သော ရုပ်နာမ် တရားတို့၏ ရုပ်သည်နာမ်နှင့် နာမ်သည်လည်းရုပ်နှင့် အချင်းချင်းသမ္ပယုတ်အဖြစ်သည် ဖြစ်ရာခဲ့သောကြောင့် ထိုရုပ်နာမ်တို့၏ တပါးနှင့်တပါး သမ္ပယုတ်အဖြစ်ကို ပယ်မြစ်ခြင်းငှါ ဧကနိရောဓကို ဟောတော်မူသည်။ အတူတကွလည်းဖြစ်ပါမှ, အတူတကွလည်းချုပ်ပါမှ, သမ္ပယုတ်ဖြစ်သည်။ ရုပ်နာမ်နှစ်ပါး တို့တွင်ကား ရုပ်သည် စိတ္တက္ခဏ တဆဲ့ ခုနစ်ချက်၊ ခဏငယ် ငါးဆဲ့တချက် အသက်ကာလကြာမှချုပ်သည်။နာမ်မူကား စိတ္တက္ခဏ တချက်၊ ခဏငယ် သုံးချက် ကာလကပင် ချုပ်သည်ဖြစ်၍ အတူတကွ သာဖြစ်၍ အတူတကွ ချုပ်ခြင်းမရှိသောကြောင့် ဧကနိရောဓဖြင့် ထိုရုပ်နာမ်တရားတို့၏ အချင်းချင်းသမ္ပယုတ်အဖြစ်ကို ပယ်မြစ်နိုင်သည်။

ဤသို့ပင် ဧကုပ္ပါဒ ဧကနိရောဓ လက္ခဏာနှစ်ပါးဖြင့် သမ္ပယုတ် ဖြစ်သည်ဟူသော်လည်း အဝိနိဗ္ဘောဂရုပ်တို့သည် တရံတဆစ်မျှ သီးသန့်ကွဲပြား အခြားစီဖြစ်သောမည်သည်မရှိ။ အခါခပ်သိမ်း အတူတကွသာဖြစ်၍အတူတကွသာ ချုပ်သောကြောင့် အဝိနိဗ္ဘောဂရုပ်တို့၏ အချင်းချင်းတပါးသည် တပါးနှင့်သမ္ပယုတ်အဖြစ်သည် ဖြစ်ရာသောကြောင့် ထိုအဝိနိဗ္ဘောဂ ရုပ်တို့၏ အချင်းချင်း သမ္ပယုတ်အဖြစ်ကို တားမြစ်ခြင်းငှါ ဧကဝတ္ထုကကို ဟောတော်မူသည်။ အချင်းချင်း အတူတကွ ဖြစ်ခြင်းလည်းရှိပါမှ, အတူတကွချုပ်ခြင်းလည်းရှိပါမှ, တူသောမှီရာလည်း ရှိပါမှ, သမ္ပယုတ်ဖြစ်သည်။ အဝိနိဗ္ဘောဂရုပ်တို့မူကား အချင်းချင်း ဧကုပ္ပါဒ ဧကနိရောဓသာရှိ၍ ဧကဝတ္ထုက အဖြစ်မရှိသောကြောင့် ဧကဝတ္ထုကာဖြင့် ထိုအဝိနိဗ္ဘောဂရုပ်တို့၏ သမ္ပယုတ်အဖြစ်ကိုတားမြစ်နိုင်သည်။

ဤသို့ပင် ဧကုပ္ပါဒ, ဧကနိရောဓ, ဧကဝတ္ထုက, လက္ခဏာသုံးပါးဖြင့် သမ္ပယုတ် ဖြစ်သည် ဟူသော်လည်း အဝိနိဗ္ဘောဂရုပ်ရှစ်ခုတို့တွင် တခုသောမဟာဘုတ်သည် ကြွင်းသောမဟာဘုတ်သုံးခု, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဟူသော ဥပါဒါရုပ်လေးခုအားဖြင့် ခုနစ်ခုသောရုပ်တို့အား မှီရာ

နိဿယအဖြစ်ဖြင့် ကျေးဇူးပြုသောကြောင့် ထိုရုပ်နှစ်ခုသော ရုပ်တို့သည် တခုသော မဟာဘုတ်ကိုမှီကြသည်၏အဖြစ်ဖြင့် အချင်းချင်းတပါးသည် တပါးနှင့်တူသောမှီရာရှိကုန်သည်ဖြစ်၍ ယင်းလည်းရုပ်ခုနစ်ခုတို့၏ သမ္မုယုတ်အဖြစ်သည် ဖြစ်ရာခဲ့ရကား ထိုရုပ်ခုနစ်ခုတို့၏ သမ္မယုတ်အဖြစ်ကို တားမြစ်ခြင်းငှါရင်း, စက္ခုဒသကကလာပ်,သောတဒသက,ဃာန,ဇိဝှါ, ကာယဒသက, ဝတ္ထုဒသက, ကလာပ်တို့၌ အသီးအသီးပါသောမဟာဘုတ်လေးခုတို့သည် အစဉ်အတိုင်း မိမိတို့၌မှီသော စက္ခုဝတ္ထု,သောတဝတ္ထု, ဃာနဝတ္ထု,ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု,ဟူသော တခုတည်းသော ဝတ္ထုရှိသောကြောင့် ဧကဝတ္ထုက မည်ကုန်၏ဟုကြံသောပုဂ္ဂိုလ်တို့၏အလိုအားဖြင့် ထိုလေးပါးသောမဟာဘုတ်တို့၏ သမ္မယုတ်အဖြစ်သို့ရောက်ခြင်း ဖြစ်ကုန်ရာခဲ့ရကား ယင်းသည် မဟာဘုတ်တို့၏သမ္မယုတ်အဖြစ်ကိုတားမြစ်ခြင်းငှါရင်း,ဧကာရမ္မဏကိုဟောတော်မူပြန်သည်။အချင်းချင်းတပါးသည်တပါးနှင့် ဧကုပ္ပါဒလည်းဖြစ်ပါမူဧကနိရောဓလည်း ဖြစ်ပါမူ, ဧကဝတ္ထုကလည်း ဖြစ်ပါမူ, တူသော အာရုံလည်းရှိပါမူ, သမ္မယုတ်ဖြစ်သည်။ ထိုတခုသော မဟာဘုတ်လျှင် မှီရာရှိသော ကြွင်းသော မဟာဘုတ် ဥပါဒါရုပ် တို့သည်ရင်း, စက္ခုဒသက ကလာပ် စသော ဒသကကလာပ် ခြောက်ခုတို့၌ ပါသော မဟာဘုတ်လေးခုတို့သည်ရင်း, ဧကုပ္ပါဒ, ဧကနိရောဓ, ဧကဝတ္ထုကသာဖြစ်၍ရုပ်ဟူသမျှသည် အာရုံကို မယူတတ်သော အနာရမ္မဏ တရား ဖြစ်သောကြောင့် တူသောအာရုံရှိသည်၏ အဖြစ်မရှိရကား ဧကာရမ္မဏဖြင့် ထိုတခုသော မဟာဘုတ်သာလျှင် မှီရာရှိသော ရုပ်ခုနစ်ခု, စက္ခုဒသက စသည်၌ပါသော မဟာဘုတ်လေးခုတို့၏ သမ္မယုတ်အဖြစ်ကို တားမြစ်နိုင်သည်။ ဤကား ဧကုပ္ပါဒကို ပဓာနထား၍ အနုလောမအားဖြင့် စိစစ်သောနည်းတည်း။

ဧကာရမ္မဏကို ပဓာနထား၍ ပဋိလောမအားဖြင့် စိစစ်သောနည်းကိုပြဦးအံ့။ အကယ်၍ ဧကာရမ္မဏ လက္ခဏာ တပါးတည်းဖြင့် သမ္မယုတ်ဖြစ်သည်ဟူအံ့။ တခုသောစက္ခုဒွါရဝီထိ၌ အလုံးစုံသော စက္ခုဒွါရိကစိတ်တို့သည် ရူပါရုံကိုသာအာရုံပြုသည်။ သောတဒွါရဝီထိ၌ သော

တဒွါရိက စိတ်တို့သည် သဒ္ဒါရုံကိုသာ, ဃာနဒွါရဝီထိ၌ ဃာနဒွါရိက စိတ်တို့သည် ဂန္ဓာရုံကိုသာ, ဇိဝှါဒွါရဝီထိ၌ ဇိဝှါဒွါရိက စိတ်တို့သည် ရသာရုံကိုသာ, ကာယဒွါရဝီထိ၌ ကာယဒွါရိကစိတ်တို့သည် ဖောဋ္ဌဗ္ဗာရုံကိုသာအာရုံပြုသည်ဖြစ်၍ အစဉ်အတိုင်း ပဉ္စဝိညာဏ်စိတ်တို့နှင့်ကြွင်းသော ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း စသော ပဉ္စဒွါရိက စိတ်တို့သည် တူသောအာရုံရှိကုန်ရကား ထိုပဉ္စဝိညာဏ်စိတ်တို့နှင့် ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းစသောစိတ်တို့၏ သမ္ပယုတ်အဖြစ်ကိုတားမြစ်ခြင်းငှါ ကေဝဠုကာကို ဟောတော်မူသည်။ တူသောအာရုံလည်းရှိပါမှ တူသော မှီရာလည်းရှိပါမှ သမ္ပယုတ် ဖြစ်သည်။ ဤစိတ်တို့တွင်ကား ပဉ္စဝိညာဏ်တို့သည် အစဉ်အတိုင်း ပဉ္စပသာဒဝတ္ထုကိုမှီကုန်သည်။ ကြွင်းသောပဉ္စဒွါရိကဝီထိစိတ်တို့သည်ဟဒယဝတ္ထုကိုမှီကုန်သည်ဖြစ်၍တူသောအာရုံသာရှိ၍ တူသောမှီရာ မရှိသောကြောင့် ကေဝဠုကာဖြင့် ထိုပဉ္စဝိညာဏ်တို့၏ ကြွင်းသောစိတ်တို့နှင့် သမ္ပယုတ်အဖြစ်ကိုရင်း,အသီးအသီးသောဝီထိ၌ရင်း, သူတပါးသန္တာန်၌ရင်း, တခုတည်းသောအာရုံ၌ဖြစ်ကုန်သော ပြားသော မှီရာရှိကုန်သောစိတ်တို့၏ သမ္ပယုတ် အဖြစ်ကိုရင်း, တားမြစ်နိုင်သည်။

ဤသို့ပင် ကောရမ္ဘဏာ ကေဝဠုကာ လက္ခဏာနှစ်ပါးကို ဆိုသော်လည်း ပဉ္စဝိညာဏ်မှတပါးသော သမ္ပဋိစ္ဆိုန်း သန္တီရဏစသော စိတ်တို့သည် တူသောအာရုံလည်းရှိသည်။ ဟဒယဝတ္ထုကိုချည်း မှီသည်ဖြစ်၍ တူသောမှီရာလည်းရှိသည်ဖြစ်၍ ထိုစိတ်တို့၏သမ္ပယုတ်အဖြစ်ကို တားမြစ်ခြင်းငှါ ကေနိရောဓကို ဟောတော်မူသည်။ တူသော အာရုံလည်းရှိစေ, တူသောမှီရာလည်းရှိစေ, အတူတကွချုပ်ခြင်းလည်းရှိစေ, ဤလက္ခဏာ သုံးပါးနှင့်ပြည့်စုံမှ သမ္ပယုတ်ဖြစ်သည်။ စိတ်ဟူသမျှသည် တယောက်သော ပုဂ္ဂိုလ်သန္တာန်၌ နှစ်ပါးပြိုင်၍ ဖြစ်ခြင်းသည် တခဲ့တဆစ်မျှမရှိကောင်း။တခုချုပ်မှ တခုဖြစ်မြဲဖြစ်၍ ထိုသမ္ပဋိစ္ဆိုန်း သန္တီရဏစိတ် စသည်တို့သည် တူသောအာရုံ တူသောမှီရာသာရှိ၍ အတူတကွချုပ်ခြင်း မရှိကုန်ရကား ကေနိရောဓဖြင့် ယင်းတို့၏ သမ္ပယုတ်အဖြစ်ကိုတားမြစ်နိုင်သည်။

ဤသို့ကထာဝတ္ထုပါဠိတော်၌ သမ္ပယုတ္တာ၏ သဟဇာတကို "ကေဟိစိ ဓမ္မေဟိ သမ္ပယုတ္တာ" ဟု အနိယမသာမညအားဖြင့် ဟောတော်မူသော ကြောင့် ထိုပါဠိတော်ဝယ် သမ္ပယုတ္တလက္ခဏာကို ဟောတော်မူသော ဧကုပ္ပါဒါဒိစသည်၌ ဧက၏ သဟဇာတ သည်လည်း အနိယမ သာမညဖြစ် သင့်၍သာ အဝိနိဗ္ဘောဂရုပ်စသည်ကို သမ္ပယုတ္တအဖြစ်၌ ပသဂ်ထား၍ စိစစ်တော်မူသည်။ ယုတ္တာ၏ သဟဇာတကို စေတောယုတ္တာ၊ ဟုဝိသေသ ဝိတ်ကိုထား၍ ဆိုသောအရာများ၌ ရင်းရုပ်တို့ဖြင့် ပသဂ်ပြု၍စိစစ်တော် မူမည်မဟုတ်။ ထို့ကြောင့် ထိုဆရာတို့၏ အဝိနိဗ္ဘောဂရုပ် စသည်ဖြင့် စေတောယုတ္တအဖြစ်၌ ပသဂ်ပြုသောစကားကို မူလဋီကာဆရာ၏အလို တော်မကျဟူ၍သာမှတ်လေ။

ဧကုပ္ပါဒါတိ ဧကော သမာနော ဥပ္ပါဒေါ ဧတေသန္တိ ဧကုပ္ပါဒါ။ သမာနပစ္စယေဟိ သဟုပ္ပတ္တိကာတိ အတ္ထော။ သဟုပ္ပတ္တိကာနံ ရူပါရူပါနံ အညမညံ သမ္ပယုတ္တတာ အာပန္နေယျာတိ ဧကနိရောဓာတိ ဝုတ္တံ။ ယေ သမာနုပ္ပါဒါ သမာနနိရောဓာ စ တေ သမ္ပယုတ္တာတိ ရူပါရူပါနံ အညမညသမ္ပယောဂေါ နိဝါရိတော ဟောတိ၊ ဧဝမ္ပိ အဝိနိဗ္ဘောဂရူပါနံ အညမညသမ္ပယုတ္တတာ အာပန္နေယျာတိ ဧကဝတ္ထုကာတိ ဝုတ္တံ။ ယေ ဧကုပ္ပါဒါ ဧကနိရောဓာ ဧကဝတ္ထုကာ စ တေ သမ္ပယုတ္တာတိ ဧဝမ္ပိ အဝိနိဗ္ဘောဂရူပေသု ဧကံ မဟာဘူတံ သေသမဟာဘူတောပါဒါရူပါနံ နိဿယပစ္စယော ဟောတီတိ တေနတာနိ ဧကဝတ္ထုကာနီတိ။ စက္ခာဒိ နိဿယဘူတာနိဝါ ဧကဝတ္ထုံ ဧတေသံ သန္တီတိ ဧကဝတ္ထုကာနီတိ ကပ္ပေန္တဿ တေသံ သမ္ပယုတ္တတာပတ္တိ သိယာတိ တံ နိဝါရေတုံ ဧကာရမ္မဏာတိ ဝုတ္တံ။ ယေ ဧကုပ္ပါဒါ ဧကနိရောဓာ ဧကဝတ္ထုကာ ဧကာရမ္မဏာ စ ဟောန္တိ။ တေသမ္ပယုတ္တာတိ ပဋိလောမတော ဝါ ဧကာရမ္မဏာတိ ဝုတ္တေ ဧကဝိထိယံ ပဉ္စဝိညာဏ သမ္ပဋိစ္ဆနာနံ နာနာဝိထိယံ ပရသန္တာနေစ ဧကသ္မိံ အာရမ္မဏေ ဥပ္ပဇ္ဇမာနာနံ ဘိန္နဝတ္ထုကာနံ သမ္ပယုတ္တတာ အာပန္နေယျာတိ ဧကဝတ္ထုကာတိ ဝုတ္တံ။ ယေ ဧကဝတ္ထုကာ ဟုတွာ ဧကာရမ္မဏာ တေ သမ္ပယုတ္တာတိ၊ ဧဝမ္ပိ သမ္ပဋိစ္ဆန သန္တီရဏာဒီနံ သမ္ပယုတ္တတာ အာပန္နေယျာတိ ဧကနိရောဓာတိ ဝုတ္တံ။

ယေ ကေနိရောဓာ ဟုတွာ ကေဝဋ္ဋကာ ကောရမ္ဗတာ တေ သမ္ဗယုတ္တာတိ ကိမ္ပန နာနူပ္ပါဒါပိ ဧဝံ တိဝိဓလက္ခဏာ ဟောန္တိ။ အထ ကေုပ္ပါဒါဝေါတိ ဝိစာရဏာယံ ကေုပ္ပါဒါဝေ ဧဝံ လက္ခဏာ ဟောန္တီတိ ဒဿနတ္ထံ ကေုပ္ပါဒါတိ ဝုတ္တံ။ **မူလဋီကာ။**

ကေုပ္ပါဒါတိဧတ္ထ၊ကေုပ္ပါဒဟူသောဤပုဒ်၌။ဧတေသံ၊ထိုတရားတို့အား။ ဧကောသမာနော၊တူသော။ဥပ္ပါဒေါ၊ဖြစ်ကြောင်းသည်။ဝါ၊ဖြစ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထိုသို့တူသော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ တေဓမ္မာ၊တို့သည်။ကေုပ္ပါဒါ၊ကေုပ္ပါဒမည်ကုန်၏။ သမာနပစ္စယေဟိ၊တူသောအကြောင်းတို့ကြောင့်။သဟုပ္ပတ္တိကာ၊တကွဖြစ်ခြင်းရှိကုန်၏။ဣတိ အတ္ထော၊ ဤသို့သောအနက်ကို။ ဝေဒိတဗ္ဗော၊သိအပ်၏။ ကေုပ္ပါဒမတ္တော၊ ကေုပ္ပါဒလက္ခဏာတပါးတည်းမျှကို၊ဝုတ္တေ၊ဆိုအပ်သည်ရှိသော်၊တနည်း၊ ဧဝံ၊ ဤသို့ကေုပ္ပါဒမျှဖြင့် သမ္ပယုတ်အဖြစ်ကို ဆိုသည်။ သတိ၊ ရှိသော်။ သဟုပ္ပတ္တိကာနံ၊အတူတကွဥပါဒ်ပြိုင်၍ဖြစ်ကုန်သော။ရူပါရူပါနံ၊ရုပ်နာမ်တို့၏။ အညမညသမ္ပယုတ္တတာ၊ အချင်းချင်း တပါးသည် တပါးနှင့် ယှဉ်သည်၏ အဖြစ်သည်။ အာပဇ္ဇေယျ၊ ဖြစ်ခဲ့ရာ၏။ ဣတိတသ္မာ၊ ထိုသို့အတူတကွဖြစ်သော ရုပ်နာမ်တို့၏ ရုပ်သည်နာမ်နှင့် နာမ်သည်လည်းရုပ်နှင့် အချင်းချင်း ယှဉ်ခြင်း ဖြစ်ရာသည်၏ အဖြစ်ကြောင့်။ ကေနိရောဓာတိ၊ ကေနိရောဓာ-ဟူသောစကားကို။ ဝါ၊ကေနိရောဓာ-ဟူသောလက္ခဏာကို။ တံနိဝါရဏတ္ထံ၊ ထိုရုပ်နာမ် တို့၏ အချင်းချင်း သမ္ပယုတ် အဖြစ်ကို တားမြစ်ခြင်းငှါ။ဝုတ္တံ၊ဟောတော်မူအပ်၏။ယေဓမ္မာ၊တို့သည်။ သမာနုပ္ပါဒါ၊တူသောဖြစ်ခြင်းရှိကုန်၏။ သမာနနိရောဓာ၊ တူသောချုပ်ခြင်း ရှိကုန်၏။တေ၊ထိုတူသောဖြစ်ခြင်းချုပ်ခြင်းရှိသောတရားတို့သည်။သမ္ပယုတ္တာ၊ သမ္ပယုတ္တမည်ကုန်၏။ ဣတိ၊ ဤသို့။ ရူပါရူပါနံ၊ ရုပ်နာမ်တို့၏။ အညမညသမ္ပယောဂေါ၊ တပါးနှင့်တပါး ယှဉ်ခြင်းကို။ နိဝါရိတော၊တားမြစ်တော်မူအပ်သည်။ ဟောတိ၊ ၏။ ဧဝံအပိ၊ ဤသို့ကေုပ္ပါဒ, ကေနိရောဓလက္ခဏာနှစ်ပါးကိုပင်ဆိုသော်လည်း။ ဝါ၊ ဤသို့ပင်ကေနိရောဓာဖြင့် ရုပ်နာမ်တို့၏ အချင်းချင်း သမ္ပယုတ်အဖြစ်ကို တားမြစ်အပ် တားမြစ်နိုင်သော်

လည်း။ အဝိနိဗ္ဘောဂရူပါနံ၊ တရံတဆစ်မျှ သီးသန့် ကွဲပြား အခြားစီဖြစ်သောမည်သည့်မရှိ ဖြစ်လည်းအတူပျက်လည်းအတူ မကွေမကွာအတူတကွသာ ဖြစ်ခြင်းရှိသော အဝိနိဗ္ဘောဂရုပ် ရှစ်ခုတို့၏။ အညမညသမ္ပယုတ္တတာ၊ အချင်းချင်း သမ္ပယုတ်ဖြစ်သည့်၏ အဖြစ်သည်။ အာပဇ္ဇေယျ၊ ဖြစ်ရာချေသေး၏။ ဣတိတသ္မာ၊ ထိုသို့ဧကုပ္ပါဒ,ဧကနိရောဓ လက္ခဏာနှစ်ပါးကိုပင် ဆိုသော်လည်း။ အဝိနိဗ္ဘောဂရုပ်တို့၏ အချင်းချင်း သမ္ပယုတ်အဖြစ်သည် ဖြစ်ရာသေးသည့်၏ အဖြစ်ကြောင့်။ တံ နိဝါရဏတ္ထံ၊ ထိုအဝိနိဗ္ဘောဂရုပ်တို့၏သမ္ပယုတ်အဖြစ်ကိုတားမြစ်ခြင်းငှါ။ ဧကဝတ္ထုကာတိ၊ ဧကဝတ္ထုက-ဟူသော လက္ခဏာကို။ ဝါ၊ ဧကဝတ္ထုက-ဟူ၍။ ဝုတ္တံ၊ ၏။ ယေဓမ္မာ၊အကြင်တရားတို့သည်။ ဧကုပ္ပါဒါစ၊အတူတကွလည်း ဖြစ်ခြင်းရှိကုန်၏။ ဧကနိရောဓာစ၊အတူတကွလည်း ချုပ်ခြင်းရှိကုန်၏။ ဧကဝတ္ထုကာစ၊ တူသောမှီရာလည်းရှိကုန်၏။ တေဓမ္မာ၊တို့သည်။ သမ္ပယုတ္တာ၊တ္တမည်ကုန်၏။ ဣတိ၊ ဤသို့။ အဝိနိဗ္ဘောဂရူပါနံ၊အဝိနိဗ္ဘောဂရုပ် ရှစ်ခုတို့၏။ အညမည သမ္ပယောဂေါ၊ ကို။ နိဝါရိတော၊ သည်။ ဟောတိ၊၏။ ဧဝံအပိ၊ ဤသို့ဧကုပ္ပါဒ, ဧကနိရောဓ, ဧကဝတ္ထုက, လက္ခဏာ သုံးပါးကိုပင် ဆိုသော်လည်း။ ဝါ၊ဤသို့ပင်ဧကဝတ္ထုကာဖြင့် အဝိနိဗ္ဘောဂရုပ်တို့၏ သမ္ပယုတ် အဖြစ်ကို တားမြစ်နိုင် သော်လည်း။ အဝိနိဗ္ဘောဂ ရူပေသု၊ အဝိနိဗ္ဘောဂရုပ်ရှစ်ခုတို့တွင်။ ကေ၊တရသော။ မဟာဘူတာ၊မဟာဘုတ်သည်။ သေသမဟာဘူတောပါဒါရူပါနံ၊ကြွင်းသောသုံးခုသောမဟာဘုတ်ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဟူသော လေးပါးသော ဥပါဒါရုပ်တို့အား။ နိဿယပစ္စယော၊နိဿယပစ္စည်းဘဝ်သည်။ မှီရာဖြစ်၍ကျေးဇူးပြုသည်။ ဟောတိ၊၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေန၊ထိုနိဿယသတ္တိဖြင့် ကျေးဇူးပြုသော တရသော မဟာဘုတ်ဖြင့်။ ဘာဒနိ၊ထိုကြွင်းသော မဟာဘုတ် ဥပါဒါရုပ်တို့သည်။ ဧကဝတ္ထုကာနိ၊ ဧကဝတ္ထုကမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊သို့။ ကပ္ပေန္တသ္သ၊ ကြံသောပုဂ္ဂိုလ်၏။ မဘေန၊အလိုအားဖြင့်။ ဘေသံ၊ ထိုတရသော မဟာဘုတ်ကို မှီသော ကြွင်းသော မဟာဘုတ် ဥပါဒါရုပ်တို့၏။ သမ္ပယုတ္တတာပတ္တိ၊ သမ္ပယုတ်အဖြစ်သို့ ရောက်ခြင်းသည်။ သိယာ ဖြစ်ရာ၏။ ဝါ၊ဝနည်းကား။ ဧဘေသံ၊ ထိုစက္ခုဒသက

ကလာပ်, သောတ, ဃာန, ဇိဝှါ, ကာယ,ဝတ္ထုဒသက ကလာပ်ရုပ်တို့၌ အကျုံးဝင်သော မဟာဘုတ်တို့အား။ သန္နိဿိတံ၊အစဉ်အတိုင်း မှီမှီတို့ကိုမှီသော။ကော်၊တရသော။ ဝတ္ထု၊စက္ခုဝတ္ထု,သောတ,ဃာန,ဇိဝှါ,ကာယဝတ္ထု,ဟဒယဝတ္ထု သည်။အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထိုသို့မှီမှီကိုမှီသော တရသောဝတ္ထုရှိသည်၏ အဖြစ်ကြောင့်။စက္ခာဒိနိဿယဘူတာနိ၊စက္ခုဝတ္ထုစသည်တို့၏ မှီရာဖြစ်သော မဟာဘုတ်တို့သည်။ကေဝတ္ထုကာနိ၊ကမည်ကုန်၏။ဣတိ၊ဤသို့။ကပ္ပေန္တဿ၊၏။မတေန၊ဖြင့်။တေသံ၊ထိုစက္ခုဒသက,သောတ,ဃာန,ဇိဝှါ,ကာယဒသက,ဝတ္ထုဒသက,ကလာပ်တို့၌ အကျုံးဝင်သော လေးပါးသောမဟာဘုတ်တို့၏။ သမ္ပယုတ္တတာပတ္တိ၊သည်။သိယာ၊၏။ဣတိတသ္မာ၊ထို့ကြောင့်။ တံနိဝါရဏတ္ထံ၊ထိုတရသော မဟာဘုတ်လျှင် မှီရာရှိသော ကြွင်းသော ကလာပ်တို့ မဟာဘုတ် ဥပါဒါရုပ်တို့၏ သမ္ပယုတ်အဖြစ် အစဉ်အတိုင်း စက္ခုဝတ္ထု စသော တရသောဝတ္ထု၏ မှီရာဖြစ်သော စက္ခုဒသကကလာပ် စသည်တို့၌ အကျုံးဝင်သော လေးပါးသော မဟာဘုတ်တို့၏ သမ္ပယုတ်အဖြစ်ကို တားမြစ်ခြင်းငှါ။ ကောရမ္မဏာတိ၊ဏာဟူ၍။ ဝါ၊ ဏလက္ခဏာကို။ ဝါ၊ ဏာဟူသော စကားကို။ဝုတ္တံ၊၏။ယေဓမ္မာ၊တို့သည်။ ကေုပ္ပါဒါစ၊ကုန်သည်ရင်း။ ကေနိရောဓာစ၊ရင်း။ ကေဝတ္ထုကာစ၊ရင်း။ ကောရမ္မဏာစ၊ တူသော အာရုံရှိကုန်သည်ရင်း။ ဟောန္တိ၊ကုန်၏။တေဓမ္မာ၊တို့သည်။ သမ္ပယုတ္တာ၊မည်ကုန်၏။ ဣတိ၊ ဤသို့။ တေသံ၊ ထိုတရသော မဟာဘုတ်လျှင် မှီရာရှိသော ကြွင်းသော မဟာဘုတ် ဥပါဒါရုပ် စက္ခုဝတ္ထုစသော တရသောဝတ္ထုရှိသောမဟာဘုတ်တို့၏။အညမညသမ္ပယောဂေါ၊ကို။နိဝါရိတော၊သည်။ဟောတိ၊ဖြစ်၏။ဝါ၊တနည်းကား။ ပဋိလောမတော ပဋိလုံအားဖြင့်။ ကောရမ္မဏာတိ၊ ကောရမ္မဏာ-ဟူ၍။ ဝုတ္တေ၊ တပါးတည်းသော သမ္ပယောဂ လက္ခဏာကို ဆိုအပ်သည်။ သတိ၊ ရှိသော်။ ကေဝိထိယံ၊ တရတည်းသော ဝိထိ၌။ပဉ္စဝိညာဏ သမ္ပဋိစ္ဆနခန့် ပဉ္စဝိညာဏ်သမ္ပဋိစ္ဆိုန်းတို့၏။သမ္ပယုတ္တတာစ၊သမ္ပယုတ်အဖြစ်သည်ရင်း။ နာနာဝိထိယဉ္စ၊အသီးအသီးသောဝိထိ၌ ရင်း။ပရသန္တာနေစ၊သူ့ ပါးသန္တာန်၌ ရင်း။ကေသ္မိံ အာရမ္မဏေ၊တရတည်းသောအာရုံ၌။ ဥပ္ပဇ္ဇမာနာနံ၊ဖြစ်ကုန်သော။ ဘိန္န

ဝဏ္ဏကာနံ၊ပြားသောမိရာဝဏ္ဏရှိကုန်သောစိတ်တို့၏။သမ္ပယုတ္တတာစ၊
သမ္ပယုတ် အဖြစ်သည်၎င်း။ အာပဇ္ဇေယျ၊ ဖြစ်ခဲ့ရာ၏။ ဣတိတသ္မာ၊ ထို့
ကြောင့်။ တံနိဝါရဏတ္ထံ၊ ထိုဘာသောဝိတင်ခြင်း ပဥ္စဝိညာဏ် သမ္ပဋိစ္ဆန်း
တို့၏ သမ္ပယုတ်အဖြစ် အသီးအသီးသောဝိတ်၊ တပါးသော သန္တာန်တို့
ဝယ် တခုတည်းသော အာရုံ၌ဖြစ်သော ပြားသော ဝဏ္ဏရုပ်လျှင် မိရာ
ရှိသော စိတ်တို့၏ သမ္ပယုတ်အဖြစ်ကို တားမြစ်ခြင်းအကျိုးငှါ။ဧကဝဏ္ဏ
ကာတိ၊ဟူ၍။ဝုတ္တံ၊၏။ ယေဓမ္မာ၊တို့သည်။ ဧကာရမ္မဏာ၊ တူသောအာရုံ
ရှိကုန်သည်။ဟုတ္တာ၊ဖြစ်ကုန်၍။ဧကဝဏ္ဏကာ၊တူသောမိရာရှိကုန်သည်။
ဟောန္တိ၊ကုန်၏။တေဓမ္မာ၊တို့သည်။သမ္ပယုတ္တာ၊တ္တမည်ကုန်၏။ဣတိ၊သို့။
တေသံ၊ ထိုပဥ္စဝိညာဏ် သမ္ပဋိစ္ဆန်းစသော စိတ်တို့၏။ အညမည သမ္ပ
ယောဂေါ၊ကို။နိဝါရိတော၊သည်။ဟောတိ၊ဖြစ်၏။ဝေံအပိ၊ဤသို့ပင် ဧကာ
ရမ္မဏ, ဧကဝဏ္ဏက, လက္ခဏာ နှစ်ပါးကို ဆိုသော်လည်း။ သမ္ပဋိစ္ဆန
သန္တီရဏာဒီနံ၊သမ္ပဋိစ္ဆန်းစိတ်,သန္တီရဏစိတ်,စသည်တို့၏။သမ္ပယုတ္တ
တာ၊ သည်။ အာပဇ္ဇေယျ၊ ရာ၏။ ဣတိတသ္မာ၊ ကြောင့်။ တံနိဝါရဏတ္ထံ၊
ထိုဧကာရမ္မဏ,ဧကဝဏ္ဏက,ဖြစ်သော သမ္ပဋိစ္ဆန်း,သန္တီရဏစသည်
တို့၏သမ္ပယုတ္တအဖြစ်ကို တားမြစ်ခြင်းငှါ။ဧကနိရောဓာတိ၊ဟူ၍။ဝုတ္တံ၊၏။
ယေဓမ္မာ၊ တို့သည်။ ဧကနိရောဓာ၊ အတူတကွ ချုပ်ခြင်း ရှိကုန်သည်။
ဟုတ္တာ၊၍။ ဧကဝဏ္ဏကာစ ကုန်သည်၎င်း။ ဧကာရမ္မဏာစ၊ ကုန်သည်
၎င်း။ဟောန္တိ၊ကုန်၏။ တေဓမ္မာ၊တို့သည်။ သမ္ပယုတ္တာ၊မည်ကုန်၏။ ဣတိ၊
ဤသို့။သမ္ပဋိစ္ဆနသန္တီရဏာဒီနံ၊တို့၏။ အညမညသမ္ပယောဂေါ၊ကို။နိဝါ
ရိတော၊သည်။ဟောတိ၊ဖြစ်၏။ကိံပန၊အဘယ်သို့နည်း။နာနုပ္ပါဒါဝိ၊အသီးအသီး
အခြားမဲ့ဖြစ်သော တရားတို့သည်လည်း။ဧဝံတိဝိဓလက္ခဏာ၊ဤသို့ဧက
နိရောဓ, ဧကဝဏ္ဏက, ဧကာရမ္မဏ, ဟူသော သုံးပါး အပြား ရှိသော
လက္ခဏာ ရှိကုန်သည်။ ဟောန္တိကိံ၊ဖြစ်ကုန် သလော။ အထ၊ ထိုသို့မ
ဟုတ်။ဧကုပ္ပါဒါဝ၊အတူတကွဖြစ်ခြင်းရှိသော တရားတို့သည်သာလျှင်။
ဧဝံတိဝိဓလက္ခဏာ ကုန်သည်။ ဟောန္တိကိံ၊ လော။ ဣတိဝိစာရဏာ
ယံ၊ဤသို့မေးမြန်း စိစစ်ခြင်းသည်။သတိ၊ရှိသော်။ ဧကုပ္ပါဒါဝ၊ တို့သည်
သာလျှင်။ဧဝံလက္ခဏာ၊ဤသို့ဧကနိရောဓ စသည် သုံးပါးအပြားရှိသော

လက္ခဏာရှိကုန်၏။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှါ။ ဧကုပ္ပါဒါတိ၊ ဒါဟူသော စကားကို။ ဝုတ္တံ၊ ၏။ ဤသို့ပြည့်စုံအောင်သမ္ဗန်။

စေတသိက်သရုပ်နှင့်-စေတသိက်မည်ကြောင်းပြခြင်း

ဤစေတသိက်တို့ကား သရုပ် အရေအတွက် အားဖြင့် အဘယ်မျှအပြားရှိသနည်းဟူမူ။ ငါးဆဲ့နှစ်ပါး အပြားရှိသည်ဟူလေ။ ထိုငါးဆဲ့နှစ်ပါးသော တရားတို့သည် အဘယ်ကြောင့် စေတသိက် မည်သနည်း ဟူမူ။ စေတသိဘဝံစေတသိကံ။ စေတသိ၊ စိတ်၌။ ဘဝံ၊ ဖြစ်သည်တည်း။ စေတသိကံ၊ စိတ်၌ဖြစ်သည်။ ဟူသည်နှင့်အညီစိတ်၌ ဖြစ်သောကြောင့် စေတသိက်မည်ပါသည်ဟူလေ။

ငါးဆဲ့နှစ်ပါးသော တရားတို့သည် စိတ်၌ဖြစ်ကုန်သည်ဟူ၏။ အိုင်၌ကြာဖြစ်သည်ဟူရာ၌ အိုင်သည်ကောနစင်စစ်ကြာ၏တည်ရာ အာဓာရ၊ ကြာသည် ကောနစင်စစ် အိုင်၌တည်သော အာဓေယျဖြစ်သောကြောင့် အိုင်၌ပေါက်သောကြာကို ကောနစင်စစ်အိုင်၌ ဖြစ်သောကြောင့် အိုင်၌ဖြစ်သည်ဟု ဆိုရသကဲ့သို့ ငါးဆဲ့နှစ်ပါးသော တရားတို့သည် စိတ်၌ဖြစ်ကုန်သည်ဟူရာ၌ စိတ်သည်ကောနစင်စစ် ငါးဆဲ့နှစ်ပါးသော တရားတို့၏ တည်ရာအာဓာရမဟုတ်။ ထိုငါးဆဲ့နှစ်ပါးသောတရားတို့လည်း ကောနစင်စစ် စိတ်၌ဖြစ်သည် မဟုတ်။ စိတ်၌စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်စိတ်ပြဓာန်းသည်၏ အဖြစ်ကြောင့် သာလျှင် စိတ်၌ဖြစ်သည်ဟု ဆိုရလေသည်။

စေတသိက်သည် စိတ်၌စပ်၍ဖြစ်ခြင်းရှိသည်ဟူ၏။ စိတ်စေတသိက်တို့သည် အချင်းချင်းတပါးသည်တပါးအား အညမညသတ္တိဖြင့် ကျေးဇူးပြုတတ်သောကြောင့် စိတ်သည်လည်း စေတသိက်၌စပ်၍ ဖြစ်ခြင်းရှိပါသည်သာမဟုတ်လော။ ထိုသို့လျက်အဘယ်ကြောင့် စေတသိက်ကိုသာ စိတ်၌စပ်၍ ဖြစ်ခြင်းရှိသည်ဟုဆိုရလေသနည်းဟူမူ။ စေတသိက်သည် စိတ်နှင့်ကင်း၍ ပ ျပ ဆက်မှု အာရုံကိုယူခြင်းငှါမစွမ်းနိုင်သောကြောင့် စေတသိက်ကိုသာစိတ်၌စပ်၍ဖြစ်ခြင်းရှိသည်ဟုဆိုရလေသည်ဟူလေ။

စိတ်စေတသိက်တို့သည် အချင်းချင်းမကင်းရသောတရားဖြစ်သောကြောင့် စေတသိက်သည် စိတ်နှင့်ကင်း၍ အာရုံကိုယူခြင်းငှါ မစွမ်းနိုင်သော် စိတ်သည်လည်း စေတသိက်နှင့်ကင်း၍ အာရုံကိုယူခြင်းငှါ မစွမ်းနိုင်ရာ။ ထိုသို့လျက် အဘယ်ကြောင့် စေတသိက်ကိုသာ စိတ်နှင့်ကင်း၍ အာရုံကို ယူခြင်းငှါ မစွမ်းနိုင်ဟု ဆိုလေသနည်း ဟူမူ။ စေတသိက်တို့သည်စိတ်ရှိပါသော်သာအာရုံ၌ဖြစ်နိုင်သည်။စိတ်မရှိခဲ့ကအလျှင်းပင်အာရုံ၌ မဖြစ်နိုင်သောကြောင့် စေတသိက်ကိုသာ စိတ်နှင့်ကင်း၍ အာရုံကို ယူခြင်းငှါမစွမ်းနိုင်ဟု ဆိုရလေသည်ဟူလေ။

စေတသိက်သည် စိတ်နှင့်ကင်း၍ အာရုံ၌မဖြစ်နိုင် စိတ်ရှိပါမှဖြစ်နိုင်သည်ဟူ၏။ယင်းသို့မဖြစ်နိုင်သော် စိတ်သည်လည်းစေတသိက်နှင့်ကင်း၍ အာရုံ၌မဖြစ်နိုင်ရာသည်သာမဟုတ်ပါလောဟူမူ။ စိတ်မူကားဝိတက်စသော အချို့သောစေတသိက်နှင့် ကင်း၍ပင်သော်လည်း အာရုံ၌ဖြစ်ပါ၏ဟူလေ။ ဤသို့စိတ်သည် အချို့သောစေတသိက်နှင့်ကင်း၍လည်းဖြစ်နိုင်သောကြောင့် စေတသိက်၌စပ်၍ ဖြစ်ခြင်းရှိသည်မမည်။ စေတသိက်သာလျှင် စိတ်နှင့်ကင်း၍ အာရုံ၌မဖြစ်နိုင်သောကြောင့် စိတ်၌စပ်၍ ဖြစ်ခြင်းရှိသည်မည်သည်။

စေတသိက်၏သာလျှင် စိတ်နှင့်စပ်၍ဖြစ်ခြင်းရှိသည်၏အဖြစ်, စိတ်၏ စေတသိက်နှင့်စပ်၍ ဖြစ်ခြင်းမရှိသည်၏အဖြစ်, ကို အဘယ်ကြောင့် သိပါသနည်းဟူမူ။ စိတ်စေတသိက်တို့တွင် စိတ်သာလျှင် ပဓာနပုဗ္ဗင်္ဂမရှေ့ဆောင်ရှေ့သွားဖြစ်ကြောင်းကို "မနောပုဗ္ဗင်္ဂမာဓမ္မာ" စသည်ဖြင့်ဟောတော်မူသောကြောင့် သိပါသည်ဟူလေ။

စိတ်သည် စင်စစ်စေတသိက်၏ တည်ရာမဟုတ်။ စေတသိက်သည်လည်းစင်စစ်စိတ်၌ ဖြစ်တတ်တည်တတ်သည် မဟုတ်ဘဲလျက် စိတ်ကို စေတသိက်၏ဖြစ်ရာ စေတသိက်ကို စိတ်၌ဖြစ်သည်ဟု ပြရသဖြင့်ရင်း, စေတသိက်သည် စိတ်နှင့်စပ်၍ဖြစ်ခြင်းရှိ၏ဟု ပြရသဖြင့်ရင်း, အဘယ်သို့သော အကျိုးရှိပါသနည်းဟူမူ။ သုခစသောတရားတို့မှာ စိတ်မရှိဟူ၍ရင်း, သုခစသည်တို့သည် ပျက်သည် အသစ်ဖြစ်သည် ဟူ၍မရှိ အမြဲ

တည်၏ဟူ၍ရင်း, မိန္ဒြာညက်ဖြင့် ပေါက်ပြန် ချွတ်ယွင်းသော အားဖြင့် သိမြင်သော သုခစသည်တို့၏ စိတ်မရှိသည်၏အဖြစ် မြသည်၏ အဖြစ် စသော ပေါက်ပြန်မှားယွင်းသော အယူတို့ကိုပယ်ရခြင်း အကျိုးရှိသည် ဟူလေ။

စေတသိက်သုံးမျိုးပြားကြောင်းကိုပြခြင်း

ငါးဆဲ့နှစ်ပါးသော စေတသိက်တို့ဟူသည်အဘယ်နည်း။ အဘယ်သို့ ငါးဆဲ့နှစ်ပါးဖြစ်သနည်းဟူမူ။

၁။ အညသမာန်းစေတသိက်တဆဲ့သုံးခု။
၂။ အကုသိုလ်စေတသိက်တဆဲ့လေးခု။
၃။ သောဘဏစေတသိက်နှစ်ဆဲ့ငါးခု။

ဤသည်တို့ကား စေတသိက် ငါးဆဲ့နှစ်ပါးတို့တည်း။ ဤသို့ငါးဆဲ့နှစ်ပါးဖြစ်သည်ဟူလေ။ လူငါးဆဲ့နှစ်ယောက်တို့ကို လူဆိုး, လူကောင်း, နှစ်ရပ်နှင့် ပေါင်းသင်း ဆက်ဆံသော သူတို့ကိုတရ, လူဆိုးနှင့်သာ ပေါင်းသင်းဆက်ဆံသောသူတို့ကိုတရ, လူကောင်းနှင့်သာ ပေါင်းသင်းဆက်ဆံသော သူတို့ကိုအရအားဖြင့် သဘောတူရာ သုံးရသုံးပုံပေါင်းရ၍ ရေတွက်သကဲ့သို့ စေတသိက် ငါးဆဲ့နှစ်ခုတို့ကိုလည်း သောဘဏစိတ် အသောဘဏစိတ် နှစ်ရပ်လုံးနှင့်ယှဉ်သော အညသမာန်း စေတသိက်တို့ကိုတရ, အကုသိုလ် ဟူသော အသောဘဏ စိတ်နှင့်သာ ယှဉ်သော အကုသိုလ် စေတသိက်တို့ကိုတရ, သောဘဏစိတ်နှင့်သာ ယှဉ်သော သောဘဏစေတသိက်တို့ကိုတရ, အားဖြင့်သဘောတူရာ သုံးရသုံးပုံပြု၍ပေါင်းရရေတွက်သည်။

အညသမာန်းစေတသိက် တဆဲ့သုံးခု, အကုသိုလ်စေတသိက် တဆဲ့လေးခု, သောဘဏစေတသိက်နှစ်ဆဲ့ငါးခု, ဟူ၍ဆို၏။

ထိုတွင်တဆဲ့သုံးခုသော စေတသိက်တို့သည် အဘယ်ကြောင့် အညသမာန်း မည်ကုန်သနည်း။ တဆဲ့လေးခုသော စေတသိက် တို့သည် အဘယ်ကြောင့် အကုသိုလ် စေတသိက် မည်ကုန်သနည်း။ နှစ်ဆဲ့ငါးခု

သောဠစေတသိက်တို့သည် အဘယ်ကြောင့် သောဘဏစေတသိက်မည် လေကုန်သနည်းဟူမူ။ တဆဲ့သုံးခုသော စေတသိက်တို့သည်၊ မောဟ, အဟိရိက, စသော စေတသိက် ၁၄ဆဲ့လေးခု တို့သည် သက်သက် ၁၆ဖက်သတ် အကုသိုလ် သဘောသာ ရှိသကဲ့သို့ သက်သက်တဖက် သတ်အကုသိုလ် သဘောသာ ရှိသည်မဟုတ်၊ သဒ္ဓါ, သတိ, စသော သောဘဏစေတသိက် နှစ်ဆဲ့ငါးခုတို့သည် သက်သက် ဘဖက်သတ် သောဘဏ သဘောသာရှိသကဲ့သို့ သောဘဏ သဘောသာ ရှိသည် လည်းမဟုတ်, သောဘဏ ဗိတ်နှင့်ယှဉ်ခိုက် သောဘဏ သဘောရှိ သည်ဖြစ်၍ အသောဘဏ မှ ၁ပါး သောဘဏနှင့် တူသည်၏ အဖြစ်, အသောဘဏ ဗိတ်၌ယှဉ်ခိုက်လည်း အသောဘဏသဘောရှိသည်ဖြစ် ၍ သောဘဏမှ ၁ပါး အသောဘဏနှင့်တူသည်၏အဖြစ်ကြောင့် အည သမာန်း မည်ပါသည်။ တဆဲ့လေးခုသော စေတသိက် တို့သည် အကု သိုလ် ဗိတ်၌သာယှဉ်၍ အကုသိုလ်သဘောသာ ရှိသောကြောင့် အကု သိုလ်စေတသိက် မည်ပါသည်။နှစ်ဆဲ့ငါးခုသော စေတသိက် တို့သည် သောဘဏဗိတ်၌သာ ယှဉ်သည်ဖြစ်၍ သောဘဏသဘောသာရှိသော ကြောင့် သောဘဏမည်ပါသည်ဟူလေ။

ယသောဘဏာ ပေက္ခာယ ဣတရေ၊ ဣတရာပေက္ခာယ သောဘဏာ စ အညေနာမ။ တေသံ သမာနာ နဉ္ဇတ္တ သဒ္ဓါဒယောဝိယ အကုသလာဒိ သဘာဝါယေဝါတိ အညသမာနာ။ **ဋီကာကျော်**။

သောဘဏာပေက္ခာယ၊ သောဘဏဗိတ်ကို ငဲ့သောအားဖြင့်။ ဝါ၊ ငဲ့ သည်ရှိသော်။ ဝါ၊ငဲ့သောအခါ၌။ ဣတရေ၊သောဘဏဗိတ်မှ၁ပါးသော အသောဘဏ ဗိတ်တို့သည်။ အညေနာမ၊ အညေမည်ကုန်၏။ ဣတရာ ပေက္ခာယ၊ သောဘဏမှ ၁ပါးသော အသောဘဏ ဗိတ်ကို ငဲ့သော အားဖြင့်။ သောဘဏာစ၊ သောဘဏဗိတ်တို့သည်လည်း။ အညေနာမ အညေမည်ကုန်၏။ ယေစေတသိကာ၊ အကြင်တဆဲ့သုံးပါးသော စေတ သိက်တို့သည်။ တေသံအညေသံ၊ ထိုအညေ မည်သော အသောဘဏ ဗိတ် သောဘဏဗိတ်တို့နှင့်။သမာနာ၊တူကုန်၏။ ဥဒ္ဒတ္တသဒ္ဓါဒယော၊ဥဒ္ဒတ္တ စသော ၁၃ဆဲ့လေးပါးသောစေတသိက်၊ သဒ္ဓါစသောနှစ်ဆဲ့ငါးပါးသော

စေတသိက်တို့သည်။ အကုသလာဒိသဘာဝါယေဝ၊ အကုသိုလ်စသော သဘော ရှိကုန်သည်သာလျှင်။ ဝါ၊ အစဉ်အတိုင်း အကုသိုလ် သဘော သောဘဏသဘော ရှိကုန်သည်သာလျှင်။ ဟောန္တိပိယ၊ ဖြစ်ကုန်သကဲ့သို့။ အကုသလသဘာဝါယေဝ၊ အကုသိုလ် သဘောသာ ရှိကုန်သည်၎င်း။ သောဘဏ သဘာဝါယေဝစ၊ သောဘဏ သဘောသာ ရှိကုန်သည်၎င်း။ နဟောန္တိ၊ မဖြစ်ကုန်။ ဣတိ တသ္မာ၊ ထိုသို့ဥဒ္ဒေသစသော အကုသိုလ်စေတသိက် တဆဲ့လေးခုတို့ကဲ့သို့ သက်သက်တဖက်သတ် အကုသိုလ်သဘောသာလည်း ရှိသည်မဟုတ် သဒ္ဓါစသောစေတသိက်နှစ်ဆဲ့ငါးခုတို့ကဲ့သို့ သက်သက်တဖက်သတ်သောဘဏသဘောသာလည်းရှိသည်မဟုတ်၊ အသောဘဏ သဘောလည်းရှိ၊ သောဘဏ သဘောလည်းရှိသည်ဖြစ်၍ အရောမည်သော အသောဘဏစိတ် သောဘဏစိတ်တို့နှင့် တူသည်၏အဖြစ်ကြောင့်။ တေစေတသိကာ၊ ထိုတဆဲ့သုံးပါးသော စေတသိက်တို့သည်။ အညသမာနာ၊ အညသမာန်း အမည်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့ပြည့်ရုံအောင်သမ္ဗန်။

ဥပမာကား။ လူငါးဆဲ့နှစ်ယောက်တို့တွင် တဆဲ့လေးယောက်သော လူတို့သည် ပျားဖွပ် သားထိုး ခိုးဝှက်လိမ်လည်ခြင်း စသော ဆိုးညစ်ယုတ်မာသောအမှုကိုသာလေ့လာပြုကျင့်သောသူယုတ်တို့ကိုသာပေါင်းဘက်မှီဝဲသည်ဖြစ်၍ သက်သက်ယုတ်မာသော သဘောသာ ရှိသကဲ့သို့ နှစ်ဆဲ့ငါးယောက်သော လူတို့သည်လည်း အဖြစ်ကင်းလွတ် ကောင်းမြတ်သော လယ်လုပ် ကုန်သွယ် ရောင်းဝယ် ကူးသန်းခြင်း, ကိုယ်နှုတ်နှလုံးစောင့်သုံးဖြောင့်မှန်ကျင့်ကြံခြင်း, စသော ကောင်းသောအမှုကိုသာ လေ့လာပြုကျင့်သော သူကောင်း သူမြတ်တို့ကိုသာ ဆည်းကပ် ပေါင်းဖော်သည်ဖြစ်၍ သက်သက်ကောင်း မြတ်သောသဘောရှိသကဲ့သို့ တဆဲ့သုံးယောက်သောလူတို့မှကား သူယုတ်သူမြတ် နှစ်ရပ်နှစ်ဖက်ကိုပင်စပ်ယှဉ် ရောရက်ဆက်ဆံ မှီဝဲပေါင်းသင်းသည်ဖြစ်၍ သူယုတ်တို့နှင့်ပေါင်းဖော်လျက် ယုတ်မာသောအမှုကို, သူမြတ်တို့နှင့် ပေါင်းဖော်လျက် ကောင်းမြတ်သောအမှုကို ပြုနိုင်သည်ဖြစ်၍ သူယုတ်သူမြတ် နှစ်ရပ်နှင့်ပင် တူသကဲ့သို့တည်း။

ဤ၌ လောဘ,ဒေါသ,ဧသည်တို့နှင့် ယှဉ်သော အကုသိုလ်စိတ်တဆဲ့ နှစ်ခုတို့သည် ပျားဖွပ် သားထိုး ဒိုးဒက်ခြင်းစသော ယုတ်မာသော အမှုကိုပြုကျင့်သော သူယုတ်တို့နှင့်တူ၏။ ထိုအကုသိုလ်စိတ်တို့နှင့်သာ ယှဉ်သော ဥဒ္ဓစ္စစသော စေတသိက် တဆဲ့လေးခုတို့သည် ထိုသူယုတ်တို့နှင့်သာ သက်သက် တဖက်သတ် ပေါင်းဖော်၍ ယုတ်မာသော အမှုကိုသာ ပြုသောလူ ဘဆဲ့လေးယောက် တို့နှင့်တူ၏။ သောဘဏ စိတ်တို့သည် အပြစ်ကင်းသော လယ်လုပ်ကုန်သွယ် ရောင်းဝယ်ကူသန်းခြင်း စသော ကောင်းသော အမှုကိုသာပြုသော သူမြတ်တို့နှင့် တူ၏။ ထိုသောဘဏ စိတ်တို့နှင့်သာ ယှဉ်သော သဒ္ဓါ သတိ စသော စေတသိက် နှစ်ဆဲ့ငါးခု တို့သည် ထိုသူမြတ်တို့နှင့်သာ ပေါင်းဖော်၍ ကောင်းမြတ်သော အမှုကို သာပြုသောလူ နှစ်ဆဲ့ငါးယောက် တို့နှင့်တူ၏။ အကုသိုလ် ဟူသော အသောဘဏ စိတ်နှင့်ပေါင်း, သောဘဏ စိတ်နှင့်ပေါင်း, ယှဉ်သော ဖဿ စသော စေတသိက် တဆဲ့သုံးခုတို့၏ အကုသိုလ် ဟူသော အသောဘဏ၌ယှဉ်ခိုက် အသောဘဏ သဘောရှိသည်၊ သောဘဏ၌ ယှဉ်ခိုက် သောဘဏသဘော ရှိသည်ဖြစ်၍ အသောဘဏ သောဘဏ နှစ်ပါး တို့နှင့်တူခြင်းသည် သူယုတ်သူမြတ် နှစ်ရပ်နှင့်ပေါင်းဖော်သောလူ တဆဲ့ သုံးယောက်တို့၏ သူယုတ်တို့နှင့် ပေါင်းခိုက် သူယုတ် သဘော၊ သူမြတ် တို့နှင့်ပေါင်းဖော်ခိုက် သူမြတ်သဘော ရှိသည်ဖြစ်၍ သူယုတ်သူမြတ် နှစ် ရပ်နှင့်ပင် တူသည်နှင့် တူ၏ဟု ဟာဝလေ။

ရာသီသုံးခုတို့၏အစဉ်ထားပုံစသည်ကိုပြခြင်း

စိတ္တုပ္ပါဒ္ဘာဝကို ပြဆိုရာ ပဌမပရိစ္ဆေဒ၌ ကုသိုလ်အဗျာကတတို့ကို မပြမဆိုမှီ အကုသိုလ်စိတ်တို့ကို လက်မှုန်ရှုပျား အဦးအစထား၍ ပြဆို ခဲ့သည့် အားလျော်စွာ ဤစေတသိက ဒိဘာဝကိုပြဆိုရာ ဒုတိယပရိစ္ဆေ မန္တလာသုံး သုံး ဒုတိုယ သိပြု၍ ပြဆိုအပ်သော စေတသိက ရာသီ သုံးပါး တွင် အကုသလရာသီကို ရှေးဦးစွာပြဆိုသင့်လျက် ယင်းကိုမပြဘဲအညာ ကြောင့် အညသမာန ရာသီကို ရှေးဦးစွာ ပြဆိုလေသနည်းဟူမူ။ သုံးပါး

သော ရာသိတို့တွင် အညသမာန ရာသိဖြစ်သော စေတသိက် တို့သည် အကုသိုလ် ကုသိုလ် အဗျာကတ စိတ်တို့နှင့်ယှဉ်သည် ဆက်ဆံသည် ဖြစ်၍ အရာကျယ်သောကြောင့် ရှေးဦးစွာ ပြဆိုပါသည် ဟူလော။

ယင်းသို့ အရာကျယ်သောကြောင့် ရှေးဦးစွာ ဆိုရသည် ဟူခဲ့သော်၊ ရာသိနှစ်ပါးတွင် အကုသလရာသိ စေတသိက်တို့သည် စိတ်တဆဲ့ နှစ်ခု တို့နှင့်သာ ယှဉ်သည်။ သောဘဏရာသိ စေတသိက်တို့ မှုကား စိတ်ငါး ဆဲ့ကိုးခု,အကျယ် ကိုးဆဲ့တခုနှင့် ယှဉ်သည်ဖြစ်၍ အကုသလရာသိထက် အရာကျယ်ရကား သောဘဏရာသိကို ရှေးဦးဆိုအပ်ရာပါသည်။ထိုသို့ လျက်ထိုကိုမဆိုဘဲ အဘယ်ကြောင့် အကုသလရာသိကို ဆိုလေသနည်း ဟူမူ။ ပဌမ ပရိစ္ဆေဒ၌ ပြဆိုအပ်သော စိတ်အစဉ် အားလျော်စွာ အကုသိုလ်နှင့်သာ ယှဉ်သော စေတသိက်ကိုရှေ့, ကုသိုလ် အဗျာကတတို့နှင့် ယှဉ်သော စေတသိက်ကို နောက်ထား၍ ဆိုလိုသောကြောင့် အကုသလရာသိကိုရှေ့ သောဘဏ ရာသိကို နောက်ထား၍ ဆိုအပ်သည် ဟူလော။

အညသမာန်း စေတသိက် တဆဲ့သုံးခု ဟူသည် အဘယ်နည်းဟူမူ၊ ဖဿစသော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခု, ဝိတက်စသော ပကိဏ်း စေတသိက် ခြောက်ခု, ဤတဆဲ့ သုံးခု တည်း ဟူလော။ ဖဿ စသော စေတသိက်ခုနစ်ခုသည် အဘယ်ကြောင့် သဗ္ဗစိတ္တသာဓာရဏ မည်သနည်း။ ဝိတက် စသော စေတသိက် ခြောက်ခုသည် အဘယ် ကြောင့် ပကိဏ်းမည်သနည်းဟူမူ။ ယခင် ပြဆိုခဲ့ပြီးသောလု တဆဲ့သုံး ယောက်တို့သည် သူယုတ် သူမြတ် နှစ်ရပ်နှင့် သဘောတူ ပေါင်းနိုင်ခြင်း တူသော်လည်း ထိုတဆဲ့ သုံးယောက်တွင် ခုနစ်ယောက်သည် သူယုတ် ရှိသမျှ သူမြတ် ရှိသမျှနှင့် တယောက်မကျန် ဆက်ဆံ ပေါင်းဘက် နိုင် သည်ဖြစ်၍ အလုံးရုံနှင့် ဆက်ဆံသကဲ့သို့ ထိုစေတသိက် တဆဲ့သုံးခုတို့ သည် သောဘဏ အသောဘဏ နှစ်ပါးလုံး၌ ယှဉ်နိုင်၍ နှစ်ပါးလုံးနှင့် တူခြင်းသာမည အညသမာန်းအဖြစ်ဖြင့် တူသော်လည်း ထိုတဆဲ့သုံးခု တွင် ဖဿစသော ခုနစ်ခုသည် သောဘဏစိတ် ရှိသမျှ အသောဘဏ စိတ်ရှိသမျှတို့နှင့် တပါးမကျန် အကုန်ယှဉ်နိုင် သည်ချည်းဖြစ်၍ အလုံးရုံ

သော စိတ်တို့နှင့် ဆက်ဆံ သောကြောင့် သဗ္ဗစိတ္တ သာဓာရဏ မည်သည် ဟူလေ။

ခြောက်ယောက်သော လူတို့မှာ သူယုတ်သူမြတ် ရှိသမျှမကုန် အချို့အချို့နှင့်သာ ပြိုးပြွမ်း ပြောက်ကျား ပေါင်းဘက်ဆက်ဆံ နိုင်သကဲ့သို့၊ ဝိတက်စသော စေတသိက် ခြောက်ခုတို့မှာ သောဘဏ အသောဘဏ စိတ်နှစ်ပါးယှဉ်သည်ပင် ဖြစ်သော်လည်း အလုံးစုံနှင့်အကုန် အစဉ်မယှဉ် မဆက်ဆံနိုင်။ထိုခြောက်ပါးတွင် အဓိမောက္ခဝိရိယဆန္ဒ သုံးပါးတို့သည် သောဘဏ စိတ်၌သော အလုံးစုံနှင့်ပင် ယှဉ်သေး၏။ အသောဘဏ၌သော်ကား အချို့စိတ်နှင့်သာ ယှဉ်သည်။ဝိတက်,ဝိစာရ,ပီတိ, သုံးပါးတို့သော်ကား သောဘဏအသောဘဏစိတ် နှစ်ပါး၌ပင် အချို့စိတ်နှင့်သာ ယှဉ်သည်ဖြစ်၍ ပြိုးပြွမ်း ပြောက်ကျားသာ ယှဉ်သောကြောင့် ပကိဏ်း မည်သည် ဟူလေ။

မောဟ စသော စေတသိက် တဆဲ့ လေးခု တို့သည် သူခိုးကြီးတို့၌ ဆည်းကပ် ပေါင်းဖော်သော သူတို့သည်ပြ မိဒိတို့လည်း ခိုးသူပင် မည်သကဲ့သို့ အကုသိုလ် စိတ်တို့နှင့်သာ ယှဉ်သည် အကုသိုလ် သဘောသာ ရှိကုန်သည်ဖြစ်၍ အကုသိုလ်စေတသိက် မည်ကုန်သည်။စိတ္တဝိဘာဂကို ပြသောအရာ၌ မူလဘေဒအားဖြင့် သုံးပါးပြားသော အကုသိုလ် စိတ်တို့ကို လောဘမူ,ဒေါသမူ, မောဟမူ,ဟု အစဉ်ပြဆိုခဲ့သည့် အားလျော်စွာ လောဘမူစိတ်နှင့်သာယှဉ်သော လောဘ,ဒိဋ္ဌိ,မာန,တို့ကိုရှေးဦးစွာမပြမဆိုဘဲ မောဟ စသည့်တို့ကို အဘယ်ကြောင့် ရှေးဦးထား၍ ပြဆိုလေသနည်းဟူမူ။ခိုးမှုကြီး တဆဲ့နှစ်ယောက်တို့နှင့်ဆက်ဆံပေါင်းဘက်သော လက်သား ခိုးသူငယ်အများတွင် လေးယောက်သော လက်သား ခိုးသူငယ်တို့သည် ခိုးမှုကြီး တဆဲ့နှစ်ယောက်လုံးသို့ ဆည်းကပ်ပေါင်းဖော်သည်ဖြစ်၍ အလုံးစုံသော ခိုးမှုတို့နှင့် ဆက်ဆံသကဲ့သို့ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, စေတသိက် လေးခု တို့သည် အကုသိုလ်စိတ် တဆဲ့လေးခုနှင့် ယှဉ်သည်ဖြစ်၍ လောဘစသည် တို့ထက် အများကျယ်သောကြောင့် ထိုလေးပါးတို့ကို ရှေးဦးစွာဆိုသည် ဟူလေ။ ထိုသို့အကုသိုလ်စိတ် တဆဲ့နှစ်ပါ လုံးနှင့် ယှဉ်သည်ဖြစ်၍ပင် ထိုလေးပါးစေတသိက်လေး

ခုတို့သည် အလုံးရုံအကုသိုလ်စိတ် ဟူသမျှတို့နှင့် ဆက်ဆံသောကြောင့် သဗ္ဗာကုသလ သာဓာရဏ စေတသိက် မည်လေသည်။ ကြွင်းသောစေတသိက်တို့ကိုကား အောက်၌ ပြဆိုခဲ့ပြီးသော စိတ်အစဉ်အားလျော်စွာ လောဘမူစိတ်နှင့်သာယှဉ်သော လောဘ,ဒိဋ္ဌိ,မာန,တို့ကိုရှေးဦးစွာ။ ထို့နောင် ဒေါသမူ စိတ်နှင့်သာ ယှဉ်သော ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,တို့ကို။ ထို့နောင် လောဘမူ,ဒေါသမူ,နှစ်ပါးနှင့်ယှဉ်သော ထိန, မိဒ္ဓ,တို့ကို။ ထို့နောင် မောဟမူ စိတ်နှင့်သာ ယှဉ်သော ဝိစိကိစ္ဆာကိုဆိုသည်ဟု မှတ်လေ။

သဗ္ဗာကုသလ သာဓာရဏ စေတသိက် လေးခုတွင်ကား မောဟသည် အလုံးရုံသော အကုသိုလ် စိတ်တို့၏ အမြစ်အခြေ ပဓာနမူလ တရားဖြစ်၍ ယင်းကို ရှေးဦးစွာဆိုသည်။ ထို့နောင် သတ္တဝါခပ်သိမ်းတို့ကို ဖျက်ဆီးတတ်သော လောကပိနာသက အဖြစ်ဖြင့် ထင်ရှားသောကြောင့် အဟိရိက,အနောတ္တပ္ပ,ဟူသော လောကပိနာသက ဒုက်ကို။ ထို့နောင် အဆုံး စွန်သော အကုသိုလ် စိတ်၌သာ ပြဓာန်း သောကြောင့် ဥဒ္ဓစ္စကို အဆုံးထား၍ ဆိုသည်။

လောဘ,ဒိဋ္ဌိ,မာန,တို့တွင်လည်း လောဘသည် မူလတရားဖြစ်သောကြောင့်၎င်း, လောဘမူစိတ် ရှစ်ခုလုံးနှင့် ယှဉ်သည်ဖြစ်၍ ဒိဋ္ဌိ, မာန, တို့ထက် အရာကျယ်သောကြောင့်၎င်း,လောဘကို ရှေးဦးစွာဆိုသည်။ ဒိဋ္ဌိ, မာန, နှစ်ပါးတို့သည် စိတ်လေးခုစီနှင့် ယှဉ်ကြခြင်း တူသော်လည်း ဒိဋ္ဌိသာ အမြဲယှဉ်သော နိယတယောဂီ စေတသိက် ဖြစ်၍ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးခု တို့နှင့် ယှဉ်သည်ပင် ဖြစ်သော်လည်း ၎င်းစိတ်လေးခုတို့ ဖြစ်လေတိုင်း ယှဉ်သည်မဟုတ် ရံခါသာယှဉ်သော အနိယတယောဂီ စေတသိက် ဖြစ်သောကြောင့်၎င်း, မာနသမ္ပယုတ္တံ-ဟု မာနဖြင့်ဝိသေသ သရုပ်ထုတ်၍ မမှတ်ဘဲ ဒိဋ္ဌိဂတသမ္ပယုတ္တံ-ဟု ဒိဋ္ဌိဖြင့်သာ ဝိသေသ သရုပ်ထုတ်၍ စိတ်ကို မှတ်ရကား မာနထက် ထင်ရှားသောကြောင့်၎င်း,ဒိဋ္ဌိကိုရှေ့ဆိုသည်။

ဒေါသစသောလေးပါးတွင်လည်း ဒေါသသည်မူလတရားဖြစ်သောကြောင့်၎င်း,ဣဿာစသော သုံးပါးတို့သည် ဒေါသမူစိတ်နှင့် ယှဉ်သော

လည်း ၎င်းစိတ် ဖြစ်တိုင်း ယှဉ်သည် မဟုတ် မိမိတို့ ဖြစ်ထိုက်သော အကြောင်းအားလျော်စွာ ရံခါသာယှဉ်သော အနိယတယောဂီစေတသိက် ဖြစ်၍ ဒေါသသာ ဒေါသမူစိတ်ဖြစ်တိုင်း အမြဲယှဉ်သော နိယတယောဂီ စေတသိက်ဖြစ်သောကြောင့်၎င်း, ဒေါသကိုရှေ့ထား၍ဆိုသည်။ဣဿာ စသော သုံးပါးသည် အနိယတ ယောဂီ စေတသိက် အဖြစ်ဖြင့် တူကြသော်လည်း ဟောတော်မူသောပါဠိတော် ရှေ့နောက် အစဉ်အားလျော်စွာ အစဉ်အတိုင်း ၎င်းသုံးပါးကို ဆိုသည်။

အကုသိုလ်စိတ် တဆဲ့နှစ်ခုတို့သည် ခိုးမှုးကြီး တဆဲ့ နှစ်ယောက်နှင့် တူ၏။ မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ,စေတသိက် လေးခုတို့သည် အကုသိုလ်စိတ် တဆဲ့နှစ်ခုလုံးနှင့် ယှဉ်သောကြောင့် ခိုးမှုးကြီးတဆဲ့နှစ် ယောက်လုံးကို မှီဝဲဆည်းကပ်သော လက်သားခိုးသူငယ်လေးယောက် နှင့်တူ၏။ လောဘသည် လောဘမူစိတ် ၈စ်ခုနှင့်သာ ယှဉ်သောကြောင့် ခိုးမှုးကြီး ၈စ်ယောက်ကိုသာ မှီဝဲဆည်းကပ်သော လက်သားခိုး သူငယ် တယောက်နှင့် တူ၏။ ဒိဋ္ဌိသည် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခုနှင့် မာန သည်လည်း ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးခုနှင့်သာယှဉ်သောကြောင့် ၎င်း စေတသိက်နှစ်ခုသည် ခိုးမှုးကြီးလေးယောက်တို့ကိုသာ မှီဝဲသောလက် သား ခိုးသူငယ်နှစ်ယောက်နှင့်တူ၏။ ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, စေတသိက်လေးခုတို့သည် ဒေါသမူစိတ်နှစ်ခုနှင့်သာ ယှဉ်သောကြောင့် ခိုးမှုးကြီး နှစ်ယောက်ကိုသာ ဆည်းကပ်မှီဝဲသော လက်သား ခိုးသူငယ် လေးယောက်နှင့်တူ၏။ထိန,မိဒ္ဓ,စေတသိက်နှစ်ခုသည် လောဘမူ,ဒေါသ မူ,သသင်္ခါရိကစိတ်ငါးခုနှင့်သာယှဉ်သောကြောင့် ခိုးမှုးကြီးငါးယောက် ကိုသာမှီဝဲသော လက်သားခိုးသူငယ်နှစ်ယောက်နှင့်တူ၏။ဝိစိကိစ္ဆာစေ တသိက်သည် ဝိစိကိစ္ဆာ သဟဂုတ်စိတ် တခုတည်းနှင့်သာ ယှဉ်သော ကြောင့် ခိုးမှုးကြီးတယောက်ထည်းကိုသာ ဆည်းကပ်မှီဝဲသော လက် သား ခိုးသူငယ်တယောက်နှင့် တူ၏ဟု မှတ်လေ။

သီလ သမာဓိ ပညာ စသောဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ သူတော်သူ မြတ်ဟု သမုတ်အပ်သော ကောင်းမြတ် ဘင့်တယ်သော သူတို့ကိုသာ ဆည်းကပ်မှီဝဲသော သူတို့သည် မိမိတို့လည်း တင့်တယ် လျောက်ပတ်

သူမြတ်သူကောင်းပင်မည်သကဲ့သို့ သဒ္ဓါသတိစသော စေတသိက်နှစ်ဆဲ့ ငါးခုတို့သည် သောဘဏစိတ်နှင့်သာ ယှဉ်သောကြောင့် သောဘဏ စေတသိက်မည်ကုန်သည်။

ထိုသောဘဏ စေတသိက်တို့သည် သဘောတူရာ ပေါင်းရသော် သောဘဏသာဓာရဏ, ဝိရတိ, အပ္ပမညာ, ပညိန္ဒြေ, ဟူ၍ လေးရ ကွဲသည်။ ထိုလေးရတွင် သဒ္ဓါသတိစသော သောဘဏသာဓာရဏစေတသိက် တဆဲ့ကိုးခု တို့သည် အရေအတွက် အားဖြင့် များသောကြောင့်၎င်း,သောဘဏစိတ်ငါးဆဲ့ကိုးခု အကျယ်ကိုးဆဲ့တခုတို့နှင့် အကုန်ယှဉ်နိုင်သည်ချည်းဖြစ်၍ သောဘဏစိတ်ရှိသမျှနှင့် ဆက်ဆံရကား ဝိရတိစသည်တို့ထက် အရာကျယ်သောကြောင့်၎င်း, ဝိရတိစသည်တို့၏ ရှေးဦးစွာ သောဘဏသာဓာရဏ စေတသိက်တို့ကိုပြဆိုသည်။ သောဘဏစိတ်ရှိသမျှ အလုံးစုံနှင့် ဆက်ဆံသောကြောင့်ပင် ၎င်းစေတသိက် တဆဲ့ကိုးခုကို သောဘဏသာဓာရဏ ဟူ၍ခေါ်ဆိုသည်။ ထို့နောင် အများအနည်းအစဉ်အားဖြင့် ဝိရတိ,အပ္ပမညာ,ပညိန္ဒြေ,တို့ကို အစဉ်အတိုင်းရှေ့နောက်ဆိုသည်။

တနည်းလည်း။ အမည်တူအပေါင်းရှိမရှိနှစ်ပါးတွင် ဝိမိနှင့်အမည်တူ အပေါင်းမရှိ တပါးတည်းမျှဖြစ်၍ ပညိန္ဒြေကို နောက်ဆုံးထား၍ ဆိုသည်။ အမည်တူအပေါင်းရှိသော စေတသိက်သုံးခုတွင်လည်း။ ဝိရတိအပ္ပမညာ တို့သည် မိမိတို့နှင့်ယှဉ်သင့် ယှဉ်ထိုက်သော စိတ်၌သော်လည်း ၎င်းစိတ်တို့ဖြစ်တိုင်း မပါမယှဉ်။ အကြောင်းအား လျော်စွာ တရံတခါသာ ယှဉ်လေရကား အမြဲမကွာ ယှဉ်ခြင်းမရှိ အနိယတယောဂီသာ ဖြစ်၍ သဒ္ဓါသတိစသော စေတသိက် တဆဲ့ကိုးခုတို့သာ သောဘဏစိတ်ဖြစ်တိုင်း မကွေမကွာ အမြဲအားဖြင့်ယှဉ်ခြင်းရှိသော နိယတယောဂီ စေတသိက် ဖြစ်သောကြောင့် ဝိရတိစသည်တို့၏ ရှေးဦးစွာသောဘဏသာဓာရဏ စေတသိက်တို့ကိုပြဆိုသည်။

ဝိရတိအပ္ပမညာ တို့တွင်ကား အပ္ပမညာ နှစ်ခုတို့သည် မိမိတို့ယှဉ်ထိုက်သော စိတ်ဟူသမျှ၌ပင် ရံခါသာယှဉ်သည်။ ဝိရတိတို့သော်လောကီစိတ်၌ ယှဉ်ခိုက်သာ ရံခါယှဉ်၍ လောကုတ္တရာ စိတ်၌သော် အမြဲပင်

ယှဉ်သည့်ဖြစ်၍ တစ်စိတ်အားဖြင့် နိယတယောဂီဖြစ်သေးရကား ဝိရတိကိုရှေး, အပ္ပမညာကိုနောက်ဆိုသည်။ ဤသမ္မာဝါစာ စသောသုံးပါးသည် ဒုစရိုက်တို့မှ ကြဉ်ရှောင်ကြောင်းဖြစ်၍ ဝိရတိမည်သည်။ ထိုထိုအရာ၌ ဒွါရကို ဆိုသောအစဉ်, ကံကိုဆိုသောအစဉ်, ကြဉ်ရှောင်အပ်သော ပါဏာတိပါတစသော ဝိရမိတဗ္ဗဒုစရိုက်တို့ကို ပြဆိုဟောကြားသော အစဉ်အားလျော်စွာ ကာယဒုစရိုက်တို့မှ ကြဉ်ကြောင်း ဖြစ်သော သမ္မာကမ္မန္တကိုရှေးဦးမဆိုဘဲ အဘယ်ကြောင့် သမ္မာဝါစာကိုအဦးထား၍ ဆိုလေသနည်း ဟူမူ။ သမ္မာဝါစာသည် ဝစီဒုစရိုက် လေးပါးတို့မှ ကြဉ်ကြောင်း, သမ္မာကမ္မန္တသည် ကာယဒုစရိုက် သုံးပါးတို့မှ ကြဉ်ကြောင်း ဖြစ်၍ ကြဉ်အပ်သော ဒုစရိုက် အများအနည်း အားဖြင့် အရာအကျယ်အကျဉ်းသို့လိုက်၍ သမ္မာဝါစာကိုရှေး သမ္မာကမ္မန္တကိုနောက်ဆိုသည်။ ထို့နောင် ၎င်း, ဒုစရိုက်ခုနစ်ပါးမှ၎င်း, ကုဟန၊ လပနစသော မိစ္ဆာဇီဝတို့မှ၎င်း, ကြဉ်ကြောင်းဖြစ်သော သမ္မာအာဇီဝကိုဆိုသည်။

ကရုဏာသည် ဒုက္ခိတသတ္တဝါကိုအာရုံပြုသည်။ မုဒိတာသည် သုခိတသတ္တဝါ ကိုအာရုံပြုသည်။ သုခိတဒုက္ခိတ သတ္တဝါတို့တွင်လည်း သုခိတသတ္တဝါထက် ဒုက္ခိတသတ္တဝါသာ အလွန်များ ရကား ဒုက္ခိတ သတ္တဝါလျှင် အာရုံရှိသော ကရုဏာကို ရှေ့ထား၍ ပြဆိုသည်။

ထိုတရားနှစ်ပါးသည် အဘယ်ကြောင့် အပ္ပမညာမည်သနည်း ဟူမူ။ ဤ၏ဖို့ဤ၏မှုဟုမြေဆချင့်ချက်ခြင်းဖြင့်မပိုင်းခြားနိုင်အောင်ပြားပြောင်လှ၍ အပိုင်းအခြားမှည့်ပမာဏကိုလွန်သောကြောင့်၎င်း အပ္ပမာဏဖြစ်သောသတ္တပညတ်အာရုံ၌ ဖြစ်သောကြောင့်၎င်း အပ္ပမညာမည်ပါသည်ဟူလေ။

စေတသိက်တို့၏ သရုပ်ကိုပြ၍ ပြသသည်၌ စသည်တို့၏ ဝစနတ္ထ ပြသော သဒ္ဒနယနှင့်တကွပြဆိုသည်ရှိသော် အလွန်ကျယ်ဝန်းများပြားပြားသောကြောင့်၎င်း။ သဒ္ဒနယ၌ လေ့လာခြင်း မရှိသော ပုဂ္ဂိုလ်အား အမှတ်အသားခက်ခဲပေသောကြောင့်၎င်း။ သဒ္ဒနယနှင့်တကွ မပြမဆိုဘဲ ဖိုပြသာစသော စေတသိက်တို့၏ ဖြသစသည်မည်ကြောင်း။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, နှင့်တကွ သရုပ်မျှကိုသာပြဆိုအံ့။

လက္ခဏာဒိသု ဟိ တေသံ တေသံ ဓမ္မာနံ သဘာဝေါဝါ သာမညံဝါ လက္ခဏံ နာမ၊ ကိစ္စံဝါ သမ္ပတ္တိဝါ ရသောနာမ၊ ဥပဋ္ဌာနာကာရောဝါ ဖလံဝါ ပစ္စုပဋ္ဌာနံနာမ၊ အာသန္နကာရဏံ ပဒဋ္ဌာနံ နာမ။ **အဋ္ဌသာလိနီ**။

ဟိသဒ္ဒါ၊ မှန်၏။ လက္ခဏာဒိသု၊ လက္ခဏာ စသည်တို့တွင်။ တေသံ တေသံဓမ္မာနံ၊ ထိုထိုပရမတ္ထတရားတို့၏။ သဘာဝေါဝါ၊ ဖုသနဝေဒယန အစရှိသော အသီးအသီးသော မိမိတို့၏ ဝိသေသ သဘောသည်ရင်း။ သာမညံဝါ၊ အများနှင့် ဆက်ဆံသော အနိစ္စစသော သာမည သဘော သည်ရင်း။ လက္ခဏံနာမ၊ လက္ခဏာ မည်၏။ ကိစ္စံဝါ၊ ကိစ္စသည်ရင်း။ သမ္ပတ္တိဝါ၊ ပြည့်စုံခြင်းသည်ရင်း။ ရသောနာမ၊ ရသမည်၏။ ဥပဋ္ဌာနာကာရောဝါ၊ ရှုသောပုဂ္ဂိုလ်၏ ဉာဏ်အား ရှေ့ရှုထင်သော အခြင်းအရာ သည်ရင်း။ ဖလံဝါ၊ အကျိုးသည်ရင်း။ ပစ္စုပဋ္ဌာနံနာမ၊ ပစ္စုပဋ္ဌာန်မည်၏။ အာသန္နကာရဏံ၊ နီးစွာသော အကြောင်းသည်။ ပဒဋ္ဌာနံနာမ၊ ပဒဋ္ဌာန် မည်၏။ ဤအဋ္ဌကထာကို နှလုံးထား၍ ပြဆိုလတ္တံ့သော အရာတို့၌ ဤ အရာဝယ် ဝိသေသသဘောကို လက္ခဏာဆိုသည်။ ဤအရာ၌ သာမည သဘောကို လက္ခဏာဆိုသည်။ ဤအရာ၌ ကိစ္စရသကို။ ဤအရာ၌ သမ္ပတ္တိရသကိုဆိုသည် စသည်ဖြင့် ထိုက်သည်အားလျော်စွာ သိလေ။

သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့၏သဘောလက္ခဏာကိုပြခြင်း

ဖဿစေတသိက်သည်။ အဘယ်ကြောင့်ဖဿမည်သနည်းဟူမူ။ အာရုံကို တွေ့ထိတတ်သောကြောင့် ဖဿမည်သည်ဟူလေ။ ဤဖဿသည် အဘယ်လက္ခဏာရှိသနည်းဟူမူ။ အာရုံကို တွေ့ထိခြင်း လက္ခဏာရှိပါ သည်ဟူလေ။

ဖဿသည် စေတသိက်ဖြစ်၍ နာမ်တရားဖြစ်ပါသည် မဟုတ်လော။ နာမ်တရားဖြစ်ကလည်း အာရုံကိုမတွေ့ထိကောင်းသည်သာ မဟုတ်ပါ လော။ထိုသို့လျက်အဘယ်ကြောင့်ဖဿသည်အာရုံကိုတွေ့ထိခြင်းလက္ခဏာရှိရလေသနည်းဟူမူ။ ဤဖဿသည် နာမ်တရား ဟုတ်ပါပေ၏။ သို့ပင် နာမ်တရား ဖြစ်သော်လည်း။ အာရုံ၌တွေ့ထိသော အခြင်းအရာအား

ဖြင့်သာဖြစ်သောကြောင့် အာရုံကိုတွေ့ထိခြင်း လက္ခဏာရှိပါ၏ဟူလေ။ ဤဖဿ၏ စင်စစ်ပင်အာရုံကိုမတွေ့ထိရဘဲလျက်တွေ့ထိရသောအခြင်းအရာဖြင့် ဖြစ်ခြင်းကို။ ချဉ်သောသစ်သီး စသည်ကို စားသော သူကို မြင်သော တပါးသောသူအား မိမိပင်မစားရသော်လည်း စားရဘိသကဲ့သို့ တံတွေးယိုရည် ယိုခြင်းဖြစ်သကဲ့သို့ဥပမာ။ ပုတ်ခတ်ရိုက်နှက် အပ်သော သူကိုမြင်သော သနားတတ်သောသူအား မိမိပင်အရိုက်မခံရသော်လည်း ခံရအံ့သကဲ့သို့ ကြက်သီးမွေးညင်းထခြင်း ကိုယ်တုန်လှုပ်ခြင်း ဖြစ်သကဲ့သို့ဥပမာ။ သစ်ပင်သစ်ကိုင်းများ၌ မကောင်းသဖြင့် တည်သောသူကို မြင်သော မရဲရင့်သော ကြောက်တတ်သော မြေ၌တည်သော သူသည် မိမိပင် သစ်ကိုင်းများ၌ ကျလုလုမတည်သော်လည်း တည်ရဘိသကဲ့သို့ ဒူးမြင်းခေါင်း ဆတ်ဆတ်တုန်ခြင်း စသည်တို့နှင့် တူသည်ဟုမှတ်လေ။

ထိုဖဿသည် အဘယ်ရသရှိသနည်းဟူမူ။ စိတ်အာရုံတို့ကို စပ်ခြင်း ထိခိုက်စေခြင်းကိစ္စဟူသော သံဃဋ္ဋနရသရှိသည်ဟူလေ။ စိတ်အာရုံတို့ကို စပ်သည်ထိခိုက်စေသည် ဟူ၏။ စိတ်အာရုံတို့သည် အလုံးစုံနှီးနှော ရောရှက်မည်ကို မဆိုထားဘိ အနည်းငယ် တစိတ်တဒေသမျှဖြင့်လည်း ကပ်ငြိခြင်းမရှိပါသည်သာ မဟုတ်ပါလော။ ယင်းသို့တစိတ်မျှ မကပ်ငြိကလည်း စိတ်အာရုံကိုစပ်ခြင်းထိခိုက်စေခြင်း မဖြစ်ရာသည်သာမဟုတ်ပါလောဟူမူ။ စိတ်အာရုံသည် တစိတ် တဒေသ အနည်းငယ်မျှ မကပ်ငြိသည်မှန်၏။ ယင်းသို့ပင်မကပ်ငြိသော်လည်း စိတ်အာရုံကိုစပ်သည် ထိခိုက်စေသည်သာဟူလေ။

အဘယ်တရားသည် အဘယ်တရားကို တစိတ်မျှမငြိကပ်ဘဲ ထိခိုက်သကဲ့သို့ ထိခိုက်သနည်းဟူမူ။ ရူပါရုံသည် စက္ခုပသာဒကို သဒ္ဒါရုံသည် သောတပသာဒကို တစိတ်မျှမကပ်မငြိဘဲ စပ်သကဲ့သို့ ထိခိုက်သကဲ့သို့ စပ်သည် ထိခိုက်သည် ဟူလေ။

တနည်းလည်း။ စက္ခုစသော ပဉ္စ ရူပါရုံစသော အာရုံတို့၏ ထိခိုက်ခြင်းကြောင့် ဖြစ်ရကား ဝတ္ထု အာရုံတို့၏ ထိခိုက် ခြင်းကြောင့် ဖြစ်ခြင်းဟူသော သံဃဋ္ဋနရသရှိသည် ဟူလေ။ နည်းနှစ်ပါ တွင် ရှေ့ကား ကိစ္စရသ။ နောက်ကား သမ္ပတ္တိရသဟု အထူးကိုမှတ်။

ဝေဒနာ၊အာရုံတို့ ထိခိုက် ခြင်းကြောင့် ဖဿ ဖြစ်ရာ၌ နှိုင်းယှဉ်စရာ အဘယ်ဥပမာကို သိအပ်သနည်း ဟူမူ။ ဆိတ်နှစ်ကောင် ခတ်သောဥပမာ၊ လင်းကွင်း သံလွင်တီးသောဥပမာ၊ လက်ချပ်လက်ဖက်တီးသောဥပမာ၊ တို့ကိုသိလေ။ ဤဥပမာ၌ ဆိတ်နှစ်ကောင်ခတ်ကြရာ။ဆိတ်တကောင်ကဲ့သို့ဝေဒနာကို၊ ဆိတ်တကောင်ကဲ့သို့အာရုံကို၊ ဆိတ်နှစ်ကောင်တို့၏ ခတ်မိခြင်းကဲ့သို့ ဖဿကိုမှတ်။ လင်းကွင်း သံလွင်တီးရာ၌ လင်းကွင်းသံလွင်တဖက်ကဲ့သို့ ဝေဒနာကို၊တဖက်ကဲ့သို့ အာရုံကို၊ငင်းနှစ်ဖက်တို့၏ တီးခတ်မိခြင်းကဲ့သို့ ဖဿကိုမှတ်။ လက်ချပ်လက်ဖက် တီးရာ၌ လက်တဖက်ကဲ့သို့ ဝေဒနာကို၊လက်တဖက်ကဲ့သို့ အာရုံကို၊လက်နှစ်ဖက်တို့ ပေါင်းဆုံ တီးခတ်မိခြင်းကဲ့သို့ ဖဿကို မှတ်လေ။

အဘယ်ပစ္စုပဋ္ဌာန် ရှိသနည်းဟူမူ။ဝေဒနာ၊အာရုံ၊ဝိညာဏ်၊သုံးပါးတို့ ပေါင်းဆုံ မိခြင်းကြောင့် ဖြစ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ထင်ခြင်းဟူသော သန္နိပါတပစ္စုပဋ္ဌာန်ရှိသည်ဟူလေ။စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော- ဟူသော ပါဠိတော်၌ ဝေဒနာ၊အာရုံ၊ဝိညာဏ်၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းမျှ သည်ပင် ဖဿ ဟူသော အနက်ကို မယူနှင့်။ ငင်းသုံးပါး တို့၏ ပေါင်းဆုံ မိခြင်းကြောင့် ဖဿဖြစ်သည် ဟူသော အနက်ကိုသာယူ။

ဣမဿစ သုတ္တပဒဿ သင်္ဂတိယာ ဖဿောတိ အယမတ္ထော၊နသင်္ဂတိမတ္တမေဝ ဖဿောတိ။**အဓိဿာသိနီ**။ဣမဿစ သုတ္တပဒဿ၊ဤတိဏ္ဏံ သင်္ဂတိ ဖဿော-ဟူသော ပါဠိတော်ပုဒ်၏။ သင်္ဂတိယာ၊ ပေါင်းဆုံမိခြင်း ကြောင့်။ ဖဿော၊ ဖဿသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံအဓတ္ထော၊ကို။ ဂဟေတဗ္ဗော၊ယူအပ်၏။ သင်္ဂတိမတ္တမေဝ၊ပေါင်းဆုံမိခြင်းမျှ သည်သာလျှင်။ ဖဿော၊ ဖဿမည်၏။ ဣတိအယံအတ္ထော၊ အနက်ကို။ နဂဟေတဗ္ဗော၊မယူအပ်။

ဤနည်း၌ ဥပဋ္ဌာနာကာရကို ပစ္စုပဋ္ဌာန်ဟုယူ။တနည်းလည်း။ ဝေဒနာဟူသော အကျိုးရှိခြင်းဟူသော ဝေဒနာပစ္စုပဋ္ဌာန် ရှိသည် ဟူလေ။ ဤ၌ဖလပစ္စုပဋ္ဌာန်ကိုယူ။တိဏ္ဏံ သင်္ဂတိ ဖဿော။ဖဿပစ္စယာ ဝေဒနာ။ ဟု ဟောရကား ဖဿသည် ဝေဒနာကို ဖြစ်စေ၏။ဝေဒနာသည် ဖဿ၏

အကျိုးဖြစ်၏ ဟူသည်။အပပြင်က အပုဟူသော အကြောင်းကြောင့် ချုပ်၌တည်သော တေဇောဓာတ်သည် ပျောင်းပြော့ နူးညံ့ခြင်းကို ပြုသည်ရှိသော် မိမိ၏ တည်ရာ ဖြစ်သော ချုပ်၌သာ ပျောင်းပြော့ နူးညံ့ခြင်းကို ပြုသည်။ မိမိ၏အကြောင်းပင် ဖြစ်သော်လည်း တည်မှီရာမဟုတ်၊ အပဖြစ်သော မီးကျီး၌ ပျောင်းပြော့ခြင်းကို မပြုသကဲ့သို့။ဤဖဿသည် ဝေဒနာကိုဖြစ်စေသော အကြောင်းပင် ဖြစ်သော်လည်း မိမိ၏ တည်ရာ မဟုတ်သော ဝတ္ထု အာရုံတို့၌မဖြစ်စေ။ မိမိ၏မှီရာဖြစ်သော စိတ်၌သာ ဖြစ်စေသည်။

အဘယ်သည် နီးသော အကြောင်း ဖြစ်သနည်း ဟူမူ။ ထင်ခြင်းသို့ရောက်သော အာရုံလျှင် နီးစွာသော အကြောင်းရှိသည်။

[ဝေဒနာစေတသိက် စသည်တို့၏ သရုပ်လက္ခဏာ စသည်တို့ကို ပြရာ၌ အကျယ်မဆိုပြီ။ ဤ၌ဆိုခဲ့ပြီးနည်းကိုမှီး၍ အကျယ်ကိုသိလေ။]

ဝေဒနာစေတသိက်မှာ။အာရုံ၏အရသာကိုခံစားတတ်သောကြောင့် ဝေဒနာမည်သည်။ ဤဝေဒနာသည် ဝေဒိယနလက္ခဏာ၊ အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိသည်။ အနုဘဝနရသာ၊အာရုံ၏အရသာကိုသုံးဆောင် ခံစားခြင်း ကိစ္စရှိသည်။စေတသိကအဿာဒပစ္စုပဋ္ဌာနာ၊ စိတ်၌မှီ၍ အာရုံကို သာယာတတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်ခြင်းရှိသည်။ ပဿဒ္ဓိပဒဋ္ဌာနာ၊ ပဿဒ္ဓိလျှင် နီးစွာသော အကြောင်းရှိသည်။

ဖဿစသော သမ္ပယုတ် တရားလည်း ဝေဒနာ အာရုံပြုသော အာရုံကိုပင် အာရုံပြုကြပါလျက် အဘယ်ကြောင့် ဝေဒနာကိုသာ အာရုံ၏အရသာကို သုံးဆောင်ခံစားခြင်း ကိစ္စရှိသည်ဟုကွက်စိတ်ထူးခြားဆိုရလေသနည်းဟူမူ။ဖဿစသော သမ္ပယုတ် တရားတို့သည် ဝေဒနာနှင့် အာရုံပြုကြခြင်း တူသော်လည်း ဖဿစသည်တို့သည် အာရုံကို တွေ့ထိကာမျှစသော ကိစ္စသာ ရှိကုန်သည်၊အာရုံ၏ အရသာကို ခံစားသော အရာသို့ရောက်သည် ရှိသော် ကြွင်းသော သမ္ပယုတ် တရားတို့သည် တစိတ်မျှ

သာ ခံစားနိုင်သည်။စင်စစ်ကား ဝေဒနာသာလျှင် အစိုးတရ ဝံ့ဝံ့ရဲရဲ အရှင်သခင်အဖြစ်ဖြင့် ခံစားနိုင်သည်။ ထို့ကြောင့် ဝေဒနာကိုသာ အာရုံ၏ အရသာကိုခံစားခြင်းကိစ္စရှိသည်ဟု ဆိုရလေသည် ဟူလေ။

ဥပမာကား။ ဝေဒနာသည် ပြည်ကြီးသေဌနင်း မင်းနှင့်တူ၏။ ကြွင်းသော သမ္ပယုတ် တရားတို့သည် စားတော်ကဲနှင့် တူကုန်၏။ အဘယ်သို့တူသနည်း ဟူမူ။ စားတော်ကဲသည် အထူးထူးသော အရသာ ရှိသော ခဲဘွယ် ဘောဇဉ်ကို ချက်ပြုတ် ကြော်လှော် ပြုပြင်ပြည့်ရုံစေ၍ ပွဲတော်အုပ်၌ ထည့်ပြီးလျှင် တံဆိပ် ခတ်မှတ်၍ မင်း၏ အထံတော်၌ ချထား၍၊ တံဆိပ်ကို ဖျက်၍ ပွဲတော်အုပ်ကို ဖွင့်လှစ် ပြီးလျှင် အသီး အသီးသော လက်သုပ် ဟင်းလျာစသော ဘောဇဉ်တို့မှ အဦးအဦးကို ယူ၍ ပန်းကန်တို့၌ ထည့်ပြီး၍ အပြစ်ရှိမရှိကို ရုံစမ်းခြင်းငှါ အတန်ငယ် အတန်ငယ်မျှ မည်း၍ မင်းအားပွဲတော်ကို ဆက်ကပ်သည်ရှိသော် မင်းသည်အစိုးတရ ရဲရဲဝံ့ဝံ့ အရှင်သခင်ဖြစ်၍ စားသုံး၏။ စားတော်ကဲနှင့် သမ္ပယုတ် တရားတူ၏။စားတော်ကဲသည် အပြစ်ရှိမရှိကိုရုံစမ်းရုံမျှ ဘောဇဉ်ကို သုံးဆောင်ရသည်နှင့် အာရုံ၏ အရသာကို ခံစားသော အရာ၌ ဖဿစသော သမ္ပယုတ် တရားတို့၏ တစိတ်မျှ ခံစားနိုင်ခြင်း တူ၏။ မင်းနှင့် ဝေဒနာတူ၏။ မင်းသာလျှင် အစိုးတရ ရဲဝံ့စွာ အလိုရှိတိုင်း စားသုံး သည်နှင့် ဝေဒနာသာ စင်စစ်အာရုံ၏ အရသာကို အစိုးတရခံစားသည်နှင့်တူ၏။ဤသို့တူသည်ဟူလေ။

သညာစေတသိက်မှာ။ နောက်၌ သိကြောင်းအမှတ်ကိုပြု၍ သိတတ်သောကြောင့် သညာမည်သည်။အမှတ်ပြု၍ သိခြင်းလက္ခဏာရှိ၏။ ရှေးအမှတ်ဖြင့် သိခြင်း ကိစ္စရှိ၏။ လက်သမားသည် သစ်ပျဉ် စသည် တို့၌ အရင်းအဖျား ဖြတ်ပယ်သင့် ယူသုံးသင့် စသည်ကို၊ မင်မီးသွေး စသည် ဖြင့် မှတ်ထား၍ ဘဖန်ထိုအမှတ်ဖြင့် အရင်းအဖျား စသည်ကို သိခြင်းကဲ့သို့ငှင်း, တရုံတယောက်သောသူကို မှည့်မည်း ဝက်ချင် လက်ခြေအင်္ဂါ အဆင်းသဏ္ဌာန်စသော တရုံတခုသော အမှတ်ဖြင့် မှတ်ထား၍ နောက်ကာလ၌ ဤသူကား ဤမည်သော သူတည်းဟု သိခြင်း ကဲ့သို့ငှင်း, မင်းဘဏ္ဍာထိမ်း ရွှေတိုက်စိုး ရွှေတိုက်ဝန်သည် ထိုထိုဝတ်ဆင်ရန် အဝတ်

ဘဏ္ဍာတို့၌ အမည် အမှတ် အသားကို ရေးမှတ် ထား၍။ ဤမည်သော ဘဏ္ဍာကို ဆောင်ခဲ့ဟုပြောဆို စေခိုင်းသည်ရှိသော် မှတ်သားထားရင်း အမှတ်အကျွရာကို ကြည့်၍ ထိုအမှတ်ဖြင့် ထိုဘဏ္ဍာကိုသိ၍ ဆောင်ယူသကဲ့သို့ရင်း,သညာသည် မှတ်ဘူးသောအမှတ်ဖြင့် သိခြင်းကိစ္စရှိသည်။

တနည်းလည်း။ သစ်ရွေ သမားသည် ဤကား ဖျဉ်းရွေသင့်၊ ဤကား ချန်ထားသင့် စသည်ကို၊ နောင် ဖျဉ်းရွေသော ကာလ သိရခြင်း၏ အကြောင်းဖြစ်သော တမျဉ်းခတ်ခြင်းစသော အမှတ်ကို ပြုသကဲ့သို့၊သညာသည် နောက်၌တဖန်သိရခြင်း၏ အကြောင်းဖြစ်သော အမှတ်ကို ပြုခြင်းကိစ္စရှိသည်။

မျက်စိကောင်းစဉ် ဆင်ကိုမြင်ဘူးသော မျက်စိနှစ်ဖက်ပုံ ပျက်သော သူကန်းတို့သည် မိမိတို့သိမြင် မှတ်သားရင်းအမှတ်ဖြင့် နှလုံးသွင်းသကဲ့သို့၊ သညာသည် ရှေး၌ မှတ်အပ် တိုင်းသော အမှတ်နိမိတ်၏ အစွမ်းဖြင့် နှလုံးသွင်းတတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှု ထင်ခြင်းရှိသည်။ တနည်း။ ဆင်ကိုသုံးသပ် ကိုင်စမ်းဘူးသော အမှတ်ဖြင့် ဆင်ကိုပြောကြားသော သူကန်းသည် ဆင်၏အမြီးကို စမ်းသပ်ကိုင်ဘူးသည်ဖြစ်၍ မိမိမှတ်ယူဘူးသော အမှတ်၏ အစွမ်းဖြင့် ဆင်ဟူသည် တမြက်နှင့်တူ၏ဟု နှလုံးသွင်းခြင်းကိုပြု၍ ပြောကြား သကဲ့သို့ရင်း, အစွယ်ကို စမ်းသပ် ဘူးသော သူကန်းသည် ဆင်ဟူသည် စပါးထောင်းသော ကျည်ပွေ့နှင့် တူ၏ဟု ပြောကြား သကဲ့သို့ရင်း, နားရွက်ကို စမ်းသပ်မိသော သူကန်းသည် ဆင်ဟူသည် စကောနှင့် တူ၏ဟု မိမိကိုင်မှတ်သော အမှတ်၏အစွမ်းဖြင့် နှလုံးသွင်း၍ ပြောကြားသကဲ့သို့ရင်း, သညာသည်မိမိမှတ်ယူဘူးသော အမှတ်၏အစွမ်းဖြင့် နှလုံးသွင်းခြင်းကိုပြုတတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှု ထင်ခြင်းရှိသည်။ တနည်း။ အာရုံ၌ သက်ဝင်၍ ဖြစ်ခြင်း မရှိသောကြောင့် လျှပ်စစ်ရောင်သည် ကြာမြင့်စွာ မတည်သကဲ့သို့ စွဲမြဲ ကြာမြင့်စွာ မတည်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်ခြင်းရှိသည်။

သမင်သားငယ်တို့အား မြက်ဆုပ်ဖြင့် ပြုလုပ်သော လူရုပ်တို့၌ လူဟု ဖြစ်သောအမှတ်ကဲ့သို့၊ထင်တိုင်းသော အာရုံလျှင် နီးစွာသောအကြောင်း

ရှိသည်။ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်, သညာနှစ်ပါးတွင် ဉာဏ်နှင့် မယှဉ်သော သညာ၌သာ ပြဆိုပြီးသည့် အတိုင်း ဖြစ်သည်။ ဉာဏသမ္ပယုတ် သညာသော်ကား ဉာဏ်သို့သာ အစဉ်လိုက်ရသည်။ အဘယ်ကဲ့သို့နည်းဟူမူ။ သသမ္ဘာရပထဝီဖြစ်သော မြေကြီး၌ပထဝီဓာတ်မှ ကြွင်းသော တရားတို့သည် ပထဝီသို့သာ၊သသမ္ဘာရအာပေါဖြစ်သော ရေ၌ အာပေါဓာတ်မှ ကြွင်းသောရုပ်တို့သည် အာပေါဓာတ်သို့သာ၊သသမ္ဘာရ တေဇောဖြစ်သောမီး၌ တေဇောဓာတ်မှကြွင်းသောတရားတို့သည် တေဇောဓာတ်သို့သာ အစဉ်လိုက်ရသကဲ့သို့တည်း ဟူလေ။

စေတနာစေတသိက်မှာ။ စေ့ဆော် တိုက်တွန်းတတ် မိမိနှင့် တကွ သမ္ပယုတ် တရားတို့ကို အာရုံ၌စပ်တတ် ယှဉ်စေတတ် သောကြောင့် စေတနာ မည်သည်။ ထိုစေတနာကား စေ့ဆော်တိုက်တွန်းခြင်း မိမိနှင့် တကွ သမ္ပယုတ် တရားတို့ကို အာရုံ၌ ယှဉ်စပ်ခြင်းသဘော လက္ခဏာ ရှိသည်၊ အလွန် အားထုတ်ခြင်း ကိစ္စရှိသည်။ အဘယ်ကဲ့သို့ အားထုတ် သနည်း။ လယ်ကိုရိတ်ဖြတ်ခြင်း၌ များစွာသော လယ်ရိတ် ယောကျ်ား သူရင်းငှါးတို့ကိုခေါ်ယူ၍ လယ်ကွက်လယ်ကျင်းသို့ဆင်းသောလယ်ရှင် ယောကျ်ားသည်။ သူရင်းငှါး ယောကျ်ားတို့ထက် နှစ်ဆတက် အလွန် အကြူး ထူး၍အားထုတ်သကဲ့သို့ အားထုတ်ခြင်း ကိစ္စရှိသည်။ လယ်ရှင် နှင့်စေတနာတူ၏။ သူရင်းငှါးနှင့် သမ္ပယုတ်တရားတူ၏။ လယ်ရှင်၏နှစ်ဆတက်လွန်၍ အားထုတ်ခြင်းနှင့် စေတနာ၏အားထုတ်ခြင်းတူ၏။

သမ္ပယုတ်တရားတို့ကို မိမိတို့ကိစ္စ၌ ဖြစ်စေခြင်းငှါ စီရင်တတ်သော တရား။ မိမိကိစ္စသမ္ပယုတ်တရားတို့ကိစ္စကို ပြီးစေတတ်သော တရားဟူ၍ ဉာဏ်အား ရှေ့ရှုထင်ခြင်းရှိ၏။ ဤစေတနာသည် တပည့်ကြီး လက်သမားကြီးဗိုလ်မှူးတို့နှင့်တူ၏။ **ဘူဟာနက်ပြဉီးအခွံ။** ကျောင်းသား တပည့်ကြီးသည် မိမိသင်အံခြင်းငှါအားထုတ်သည်ရှိသော်။ကြွင်းသောကျောင်းသား တပည့်ငယ် တို့သည်လည်း။ ထိုတပည့်ကြီးသို့ အတုအစဉ်လိုက်၍ သင်အံ ကြရသောကြောင့်။ တပည့်ကြီးသည် အဝေးမှ လာသော ဥပဇ္ဈာယ် ဆရာကိုမြင်၍ မိမိသင်အံသည်ဖြစ်၍ တပါးသော သူငယ်တို့ကိုလည်း မိမိတို့သင်အံသောအမှု၌ဖြစ်စေ သင်အံစေသကဲ့သို့ပင်း။လက်

သမားကြီးသည် မိမိဖြတ်ဖောက်ဖျဉ်းရှေ့ခြင်းအမှုကိုပြုခြင်း၌အားထုတ်သည်ရှိသော်။ ကြွင်းသော တပည့်လက်သမားတို့လည်း ထိုဆရာလက်သမားကြီးသို့လိုက်၍ ဖြတ်ဖောက် ခွဲစိတ် ဖျဉ်းရှေ့ခြင်းကို ပြုကြရကုန်သည်ဖြစ်၍။ မိမိဖြတ်ဖောက်ခြင်း စသည်ကို ပြုသည်ဖြစ်၍ ကြွင်းသော လက်သမားတို့ကိုလည်း။ မိမိတို့၏ဖြတ်ဖောက်ဖျဉ်းရှေ့ခြင်း စသောအမှုကိုပြုစေသကဲ့သို့ရင်း။ ဗိုလ်မှူးသည် မိမိစစ်ထိုးခြင်း၌ အားထုတ်သည်ရှိသော်။ သူရဲစစ်သား တို့သည်လည်း ထိုဗိုလ်မှူးသို့ အစဉ်လိုက်၍ တိုက်ကြရကုန်သည်ဖြစ်၍ ဗိုလ်မှူးသည် မိမိကိုယ်တိုင် စစ်ထိုးသည် ရှိသော် သူရဲစစ်သားတို့ကိုလည်း ထိုးခုတ်ပစ်ခတ်ခြင်းစသော စစ်ထိုးမှုကိုပြုစေသကဲ့သို့ရင်း။ စေတနာသည် မိမိကိစ္စကို အားထုတ်သည်ရှိသော်။ ကြွင်းသော သမ္ပယုတ် တရားတို့လည်း မိမိတို့ကိစ္စကို အားထုတ်ကုန်ရကား။ စေတနာသည် မိမိကိစ္စဖြင့် အာရုံ၌ ဖြစ်သည်ရှိသော်။ တပါးသော သမ္ပယုတ်တရားတို့ကိုလည်း မိမိတို့ကိစ္စဖြင့် အာရုံ၌ဖြစ်စေသည်။ ဤ၌ စေတနာသည် တပည့်ကြီး လက်သမားကြီး ဗိုလ်မှူးတို့နှင့် တူ၏။ ကြွင်းသော သမ္ပယုတ်တရားတို့သည် တပည့်ငယ် လက်သမားငယ် စစ်သည် သူရဲတို့နှင့်တူ၏။ စေတနာ၏ မိမိကိစ္စဖြင့် အာရုံ၌ ဖြစ်ခြင်းသည် တပည့်ကြီး၏ သင်အံခြင်း။ လက်သမားကြီး၏ ဖြတ်ဖောက် ဖျဉ်းရှေ့ခြင်း စသည်ကိုပြုခြင်း။ ဗိုလ်မှူး၏ စစ်ထိုးခြင်းနှင့် တူ၏။ သမ္ပယုတ်တရားတို့၏ မိမိတို့ကိစ္စဖြင့် အာရုံ၌ ဖြစ်ခြင်းသည်။ တပည့်ငယ်တို့၏ သင်အံခြင်း။ လက်သမားငယ်တို့၏ ဖျဉ်းရှေ့ခြင်းစသော မိမိတို့အမှုကိုပြုခြင်း။ စစ်သည် သူရဲတို့၏ ထိုးခုတ်ခြင်းစသော စစ်တိုက်ခြင်းကို ပြုခြင်းတို့နှင့်တူ၏။

ဧကဂ္ဂတာစေတသိက်မှာ။ထိုထိုအာရုံ၌ ပျံ့လွင့်ခြင်းမရှိသည်၏အဖြစ်ဖြင့် တခုတည်းသော အာရုံဟူသော အဂ္ဂရှိသောစိတ်၏ အဖြစ်ဟူသော အကြောင်းကြောင့် ဧကဂ္ဂတာမည်သည်။ ဤဧကဂ္ဂတာသည် ထိပ်ဖြူရုံ၏ အထွဋ်အချက်သည် အခြင်စသော အဆောက်အဦတို့ကို ဖွဲ့တတ်သော ကြောင့် အလုံးစုံသော အဆောက်အဦတို့၏ အကဲ အဦး အမှူး ပဓာန ဖြစ်သကဲ့သို့ အလုံးစုံသော ကုသိုလ် တရားတို့၏ သမာဓိနှင့် ယှဉ်သော စိတ်ဖြင့် ပြီးခြင်းကြောင့် အလုံးစုံသော ကုသိုလ်တရားတို့၏ အကဲ အဦး

အမှူး ပဓာနဖြစ်ရကား။ ပါမောက္ခလက္ခဏာရှိသည်။တနည်းလည်း။မင်းမည်သည် စစ်သည်ဗိုလ်ပါဘောင်သို့ ရောက်သည် ရှိသော်။ အကြင်အကြင်အရပ်အကွက်၌ စစ်သည်တို့ပြိုပျက်ဆုတ်နစ်သည်ကိုမြင်၍ ထိုထိုအရပ်သို့ သွားသည်ရှိသော်။ စစ်သည် သူရဲတို့သည် တဖန်ပြည့်မြဲ ပြည့်ပြန်သည်ဖြစ်၍ စစ်သည်သူရဲတို့၏ ဇရိုဇရဲပြိုကွဲခြင်းကိုမဖြစ်စေသကဲ့သို့ မိမိနှင့် အတူတကွဖြစ်သော သဟဇာတ် တရားတို့ကို ဇရိုဇရဲ ပျံ့လွင့်စိမ့်၍ မပေးသောကြောင့်သမာဓိဟူသော ဤဧကဂ္ဂတာသည် အဝိက္ခေပလက္ခဏာရှိသည်။တနည်းလည်း။ထိုထိုအာရုံသို့ မရွေ့ရှားခြင်းမပျံ့လွင့်ခြင်း လက္ခဏာရှိသည်။

ရေချိုးကသည်မှုန့်တို့ကို ရေဖြင့် နယ်၍ လုံးဗထားသည်ရှိသော် ရေသည် ထိုကသည်မှုန့်တို့ကိုကစင့်ကလျားလွင့်ပါးမရှိစေရ ပေါင်းဗသကဲ့သို့ ဧကဂ္ဂတာသည် မိမိနှင့်သဟဇာတ် သမ္ပယုတ်တရားတို့ကို ထိုထိုအာရုံသို့ ပြောင်းရွှေ့လွင့်ပါးမရှိစေရ တခုတည်းသော အာရုံ၌ ပေါင်းဗခြင်းကိစ္စရှိသည်။ ငြိမ်သက်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အားထင်ခြင်း ဟူသော ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန် ရှိသည်။ တနည်း။ သမာဓိဖြင့် ဗိတ်ဘည်ကြည်သော ပုဂ္ဂိုလ်သာ ဟုတ်မှန်စွာ သိမြင်ကြောင်းကို။ သမာဟိတော ယထာဘူတံ ပဇာနာတိ ပဿတိဟု ဟောတော်မူသောကြောင့် ဉာဏ်ဟူသောအကျိုးရှိခြင်းဟူသောဖလပစ္စုပဋ္ဌာန်ရှိသည်။ကာယသုခဖြစ်သူ ချမ်းသာ သမာဓိ ဖြစ်ရကား သုခလျှင်နီးစွာသောအကြောင်းရှိသည်။ဤဧကဂ္ဂတာသည်ထိုထိုအာရုံ၌ပြောင်းရွှေ့ခြင်းမရှိတခုတည်းသော အာရုံ၌သာ ငြိမ်သက်စွာတည်ရကား လေကင်းရာလေငြိမ်ရာအရပ်၌ မယိမ်းမယိုင် ဖြောင့်မတ်ငြိမ်သက်ကောင်းစွာတည်သော ဆီမီးလျှံနှင့်တူ၏။

ဝီရိယစေတသိက်မှာ။ သမ္ပယုတ်တရားတို့၏ ဖြစ်ကြောင်းပစ္စည်းကြောင်း ဖြစ်သောကြောင့်လည်း သမ္ပယုတ်တရားတို့ကို စောင့်ခြင်းလက္ခဏာ၌ အဓိုးရသည်၏အဖြစ်ကို ပြုစေတတ်သောကြောင့်လည်း ဝီရိယမည်သည်။ ဤဝီရိယ စေတသိက်သည် မိမိနှင့် မကွေ့ မကွာ အတူတကွ ဖြစ်သော သမ္ပယုတ် တရားတို့ကို အစဉ်မပြတ် စောင့်ခြင်း လက္ခ

ကာရှိသည်။စောင့်သည်ဆိုသော်လည်း ကြာရိုး၏ အတွင်း၌တည်သော ရေသည် ကြာကိုညှိုးနွမ်း သွေ့ခြောက်မရှိစေရ စောင့်ရှောက်သကဲ့သို့ ထိုသို့စောင့်ရာ၌လည်း မခန်းခြောက်မိထင်ရှားရှိသော ခဏ၌သာစောင့် ရှောက်သကဲ့သို့ ထိုဇီဝိတိန္ဒြေသည် ဘင်သို့မရောက်မချုပ်မပျက်မီ မိမိ ထင်ရှားရှိသော ခဏ၌သာ စောင့်ရှောက်သည်။ နို့ထိန်း မိန်းမသည် တပါးသော မိန်းမတို့မွေးဘွားသောသူငယ်ကို နို့ရည်တိုက်ကျွေးမွေးမြူ စောင့်ရှောက်သကဲ့သို့ အကြင်အကြင်မိမိတို့၏ ဥစ္စာဖြစ်သောကံစသော အကြောင်းကြောင့်ဖြစ်သော တရားတို့ကိုလည်း စောင့်ရှောက်သည်။

သမ္ပယုတ် တရားတို့ကို ဖြစ်စေခြင်း ကိစ္စရှိသည်။ ဖြစ်စေရာ ၌လည်း အလွတ်ပြင်ပကတည်၍ဖြစ်စေသည်မဟုတ် လှေသူကြီးသည် လှေထက် တည်၍ လှေကိုဆောင်သကဲ့သို့ ထိုဇီဝိတိန္ဒြေသည် မိမိသည် ဖြစ်စေအပ် သော တရားတို့နှင့် စပ်သဖြင့်သာလျှင် ဖြစ်စေသည်။ ကံသည် မိမိချုပ် ပျောက်မရှိသည့်နောက်မှ အကျိုးဝိပါက် ကမ္မဇရုပ်တို့ကို ဖြစ်စေသကဲ့ သို့ မိမိချုပ်ပျောက် ဘင်သို့ရောက်သည်မှ အထက်ဖြစ်သော နောင်ကာ လ၌မဖြစ်စေနိုင် အဘယ်ကြောင့် မဖြစ်စေနိုင်သနည်းဟူမူ။ မိမိဟူသော ဇီဝိတိန္ဒြေ၏ရင်း မိမိသည် ဖြစ်စေအပ်သော သမ္ပယုတ် တရားတို့၏ရင်း မရှိခြင်းကြောင့် မဖြစ်စေနိုင်သည်ဟူလေ။

ဤဇီဝိတိန္ဒြေကား သမ္ပယုတ်တရားတို့ကိုပင်လျှင်ထားတတ်တည်ရပ် စေတတ်သော တရားတည်းဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေ့ရှုထင် ခြင်းရှိ၏။ သမ္ပယုတ်တရားတို့ကို ထား၏ တည်စေ၏ပင် ဆိုသော်လည်း ဆီမီးစာဆီသည် မိမိတို့ရှိစဉ်သာဆီမီးလျှံကိုတည်ရပ်စေနိုင်၍ ကုန်ခန်း သောဆီမီးစာဆီသည် ဆီမီးလျှံကိုမထားနိုင် မတည်ရပ်စေနိုင်သကဲ့သို့ ဘင်ခဏ၌ မိမိဟူသော ဇီဝိတိန္ဒြေကပင် ပျက်ဆဲ ဖြစ်သောကြောင့် ဘင် ခဏ၌ မထားနိုင်ဟုမှတ်။ထိုဇီဝိတိန္ဒြေသည် ဘင်ခဏ၌ရင်း, ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ရင်း,သမ္ပယုတ်တရားတို့ကိုစောင့်ခြင်း ဖြစ်စေခြင်း ထားခြင်းတို့ကို မပြုနိုင် ဟူ၍ပင် ဆိုသော်လည်း ဥပါဒ်ခဏ ဌီခဏဟူသော မိမိထင်ရှားရှိစဉ် ခဏ၌ ထိုထိုစောင့်ခြင်း ဖြစ်စေခြင်း

ထားခြင်းတို့ကို ပြီးစေတတ် ပြီးစေနိုင် သောကြောင့် စောင့်ခြင်း ဖြစ်စေနိုင်ခြင်း တန့်ရပ်စေနိုင်ခြင်း ဟူသော အစွမ်းအာနုဘော်မှလည်း မကင်းသည်သာဟု မှတ်လေ။

မနသိကာရစေတသိက်မှာ။ ဝိထိပဋိပါဒကမနသိကာရ, ဇဝနပဋိပါဒကမနသိကာရ, အာရမ္မဏပဋိပါဒက မနသိကာရ, ဟူ၍သုံးပါး အပြားရှိသည်။ ထိုတွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဝိထိအစဉ်ကို စီစဉ်တတ်သည်ဖြစ်၍ ရှေးဖြစ်သော ဘဝင်စိတ်မှ ထူးသော ဝိထိစိတ်ကို ပြုတတ်သောကြောင့် ဝိထိပဋိပါဒက မနသိကာရမည်၏။ မနောဒွါရာဝဇ္ဇန်းစိတ်သည် ဇောစိတ်အစဉ်ကိုစီစဉ်တတ်သည်ဖြစ်၍ ရှေ့စိတ်မှထူးသော ဇောစိတ်ကို ပြုတတ်သောကြောင့် ဇဝနပဋိပါဒက မနသိကာရ မည်၏။ ဤမနသိကာရ စေတသိက်မူကား အာရုံ၌ စိတ်ကိုပြုခြင်း ထားခြင်းကြောင့် အာရမ္မဏပဋိပါဒကမနသိကာရ မည်၏။ ထိုမနသိကာရသည် စိတ်ကို အာရုံ၌ အောက်မေ့စေခြင်းလက္ခဏာရှိ၏။တနည်း။စိတ်ကိုအာရုံ၌ အညီအညွတ်ကောင်းစွာ ဆောင်ခြင်း လက္ခဏာရှိ၏။ ရထားထိန်း ရထားမှူးသည် မြင်းကိုကိုရထား၌ ကသကဲ့သို့ သမ္ပယုတ် တရားတို့ကို အာရုံနှင့် ဖွဲ့စပ်ယှဉ်တွဲခြင်းကိစ္စရှိ၏။အာရုံသို့ရှေ့ရှုသည်၏ အဖြစ်လျှင်ဉာဏ်အားထင်ခြင်းရှိ၏။

သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခုတို့၏ လက္ခဏာ စသည်နှင့်တကွ ပြဆိုအပ်သော သရုပ်ကား ပြီးပြီ။

ပကိဏ်းစေတသိက်တို့၏သဘောလက္ခဏာကိုပြခြင်း

ဝိတက်စေတသိက်မှာ။ အာရုံကို ကြံတတ်သောကြောင့် ဝိတက်မည်သည်။ ဤဝိတက်သည် အာရုံ၌ စိတ်ကို ရှေ့ရှုတင်ခြင်း လက္ခဏာရှိ၏။ **ဥပမာကား၊** တယောက်သော တောတွင်းသား ယောကျ်ားသည် မင်းအိမ်သို့ တက်လိုသော်လည်း တက်နေကျမဟုတ် ဘက်ခြင်း၌ လေ့လာခြင်းမရှိသည်ဖြစ်၍ မင်းနှင့်အကျွမ်းဝင်သော မိမိ၏ဆွေမျိုးဖြစ်သော သူကိုသော်ရင်း, အဆွေခင်ပွန်းဖြစ်သော သူကိုသော်ရင်း, အမှီရှေ့ဆောင်

ပြု၍ ဝင်ရသကဲ့သို့တည်း။ဤဥပမာ၌ မင်းအိမ်နှင့် အာရုံတို့၏ မင်းကျွမ်းဝင်သောသူနှင့် ဝိတက်တို့၏ တောတွင်း သားနှင့် စိတ်တို့၏ မင်းကျွမ်းဝင်သော သူသည် တောတွင်းသားကို မင်းအိမ်ထက်သို့ ရောက်အောင် တင်ဆောင်ခြင်းသည် ဝိတက်၏စိတ်ကို အာရုံသို့ရှေ့ရှု တင်ဆောင်ခြင်းနှင့်တူ၏ဟု ဟပ်လေ။

ထိုဝိတက်သည် အာရုံကို အဖန်ဖန် တီးခေါက်ခြင်း ထက်ဝန်းကျင်မှ တီးခေါက်ခြင်း ကိစ္စရှိ၏။ အာရုံ၌စိတ်ကို တင်စပ် တီးခေါက် ခြင်းလျှင် ညဏ်အား ရှေ့ရှုထင်ခြင်းရှိ၏။ဝိတက်သည် စိတ်ကိုအာရုံသို့ တင်သည် စိတ်သည် ဝိတက်ကိုမှီ၍ အာရုံသို့ တက်ရသည် ဟူခဲ့သော် အဝိတက္ကစိတ်မှာ ဝိတက်မယှဉ်မရှိသောကြောင့် ထိုအဝိတက္ကစိတ်သည်အဘယ်ကြောင့်အာရုံသို့ တက်နိုင်ရလေသနည်းဟူမူ။ ထိုတောတွင်းသားသည် မင်းကျွမ်းဝင်သောသူကိုမှီ၍ မင်းအိမ်သို့ဝင်ဖန် တက်ဖန်များ၍ လေ့လာကျွမ်းကျင်ပြီး ဖြစ်၍ ထိုမင်းကျွမ်း ဝင်သောသူ မပါဘဲသော်လည်း မင်းအိမ်သို့ တက်နိုင် သကဲ့သို့ ထိုသို့တက်နိုင် သော်လည်း ရှေးမူလ မဆွကာလတို့က ထိုမင်းကျွမ်းဝင်သော သူတို့ကိုမှီ၍ ထိုသူ၏ အစွမ်းသတ္တိဖြင့် တက်ရချေ သောကြောင့် ထိုသူပင် မပါသော်လည်း ထိုသူ၏အစွမ်းသတ္တိကြောင့်ပင် ဝင်နိုင်သကဲ့သို့ အဝိတက္ကစိတ်သည် ဝိတက်နှင့် ကင်း၍ပင် အာရုံသို့ တက်နိုင်၏ ဆိုသော်လည်း သဝိတက္က စိတ်၌ ဝိတက်နှင့်တကွ ဖြစ်ကြသောအခါ အာရုံ၌ လေ့လာပြီးဖြစ်၍ ဝိတက်ပင် မပါသော်လည်း ထိုအဝိတက္က စိတ်သည် ဝိတက်၏ အစွမ်းသတ္တိဖြင့်သာ အာရုံသို့ တက်နိုင်ပါသည် ဟူလေ။ တနည်းလည်း၊ အဝိတက္က စိတ်တို့တွင် ပဉ္စဝိညာဏ် စိတ်သည် ဝတ္ထုအာရုံတို့ ထိခိုက် ခြင်း၏ အစွမ်းဖြင့် ဒုတိယဈာန်စိတ် စသည် တို့သည် အောက်အောက် ဖြစ်သော ဘာဝနာ၏ အစွမ်းဖြင့် ဝိတက်ပင် မပါမယှဉ် သော်လည်း အာရုံသို့ တက်နိုင်ပါသည် ဟူလေ။

ဝိစာရစေတသိက်မှာ။ အာရုံ၌ စိတ်၏ ကျင်လည် ကျက်စားကြောင်း ဖြစ်သောကြောင့် ဝိစာရမည်သည်။ဤဝိစာရသည် အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်း လက္ခဏာရှိ၏။ ထိုအာရုံ၌ သဟဇာတ် ဖြစ်သော သမ္ပ

ယုတ် တရားတို့ကို ယှဉ်စေခြင်း ကိစ္စရှိ၏။ စိတ်ကို အာရုံ၌ အစဉ်မပြတ် ဖွဲ့ခြင်းလျှင် ညတ်အား ထင်ခြင်းရှိ၏။

ဝိတက်,ဝိစာရနှစ်ပါးအထူး

ဤဝိတက်ဝိစာရ နှစ်ပါးတို့သည် သဝိတက္ကသဝိစာရစိတ် ငါးဆဲ့ငါး ခုတို့၌ ယှဉ်သောအခါ မကွေမကွာအတူတကွလာဖြစ်ကြကုန်သည်ဖြစ် ၍ ၎င်းနှစ်ပါးတို့၏ အထူးကို သိနိုင်ခဲရာ၏။အဘယ်သို့ ထူးကြပါသနည်း ဟူမူ။ သဝိတက္ကစိတ်၌ အတူတကွပင် ဖြစ်ကြသော်လည်း ဝိစာရထက် ရုန့်ရင်း ကြမ်းတန်းခြင်း သဘောကြောင့်၎င်း, ပုဗ္ဗင်္ဂမ ပဓာန ရှေ့သွား ဖြစ်သော သဘောကြောင့်၎င်း,စိတ်ကို အာရုံသို့ ရှေ့ရှုတင်ခြင်း သဘော ကြောင့်၎င်း,ထိုးအပ်သော ခေါင်းလောင်း၏ ရှေးဦးစွာမြည်သော အသံ ကဲ့သို့ စိတ်၏အာရုံ၌ ရှေးဦးစွာ ကျခြင်းသည် ဝိတက်၊ သိမ်မွေ့သော သ ဘောကြောင့်၎င်း, အာရုံကို အဖန်ဖန် သုံးသပ်ခြင်း သဘောကြောင့် ၎င်း, ခေါင်းလောင်း၏ အဆင့်ဆင့် မြည်သော ကြည်းညည်းသံကဲ့သို့ စိတ်ကို အာရုံ၌ အစဉ်မပြတ် ဖွဲ့စပ်ခြင်းသည် ဝိစာရ။ ကောင်းကင်သို့ ပျံတက် လိုသော ငှက်၏ အတောင်ကို ခတ်ခြင်းကဲ့သို့၎င်း,ပန်းနံ့သည် အစဉ်ဖွဲ့အပ် သောပန်းနံ့သို့အစဉ်လိုက်သောစိတ်ရှိသောပိတုန်း၏ပဒုမာကြာသောသို့ ရှေ့ရှုကျခြင်းကဲ့သို့၎င်း,ရှေးဦးစွာဖြစ်သောကာလ၌စိတ်၏ တုန်လှုပ်ခြင်း ဖြစ်၍ဖြစ်သော ပျံ့လွင့်ခြင်းသည်ဝိတက်၊ကောင်းကင်၌ပျံတက်ပြီးသော ငှက်၏အတောင်ကို ဖြန့်ခြင်းကဲ့သို့၎င်း,ပဒုမာကြာတော ကြာရုံသို့ ကျပြီး သော ပိတုန်း၏ ပဒုမာကြာပွင့်၏ အထက်၌ လှည့်လည်ရစ်ဝဲခြင်း ကဲ့သို့ ၎င်း, စိတ်၏ မတုန်မလှုပ် လွန်းသည်၏ အဖြစ်ဟူသော ငြိမ်သက်သော ဖြစ်ခြင်းကား ဝိစာရ။ ဤသို့ထူးပါ၏ ဟူလေ။

ထိုးအပ်သော ခေါင်းလောင်း၏ ရှေးဦး မြည်သော အသံနှင့် ဝိတက်၊ နောက်ဆင့်မြည်သော ကြည်းညည်းသံနှင့် ဝိစာရတူ၏။ကောင်းကင်သို့ ပျံတက်လိုသောငှက်၏ အတောင်ခတ်ခြင်းနှင့် ဝိတက်၊ ပျံတက်ပြီးသော ငှက်၏ အတောင်ကို ဖြန့်ဝဲခြင်းနှင့် ဝိစာရတူ၏။ ပိတုန်း၏ ပဒုမာကြာ တောကြာရုံသို့ ကျခြင်းနှင့် ဝိတက်၊ ကြာပွင့်၏ အထက်၌ ရစ်ဝဲခြင်းနှင့်

ဝိစာရတူ၏။ အညစ် အကြေး ချေးညှိ တို့ဖြင့် ညစ်နွမ်းသော ကြေးခွက်ကို လက်တဘက်ဖြင့် မြဲစွာကိုင်၍ လက်တဘက်ဖြင့် ဆပ်ပြာ ဆီ သားမြီးငွေ့ စသည်တို့ဖြင့် ပွတ်တိုက်ရာ၊ဝိတက်သည် ထိုကြေးခွက်ကို ပွတ်တိုက်သောသူ၏ မြဲစွာကိုင်သော လက်နှင့်တူ၏၊ဝိစာရသည် ပွတ်တိုက်သောလက်နှင့်တူ၏။အိုးလုပ်သောစက်ကိုလည်စေ၍အိုးလုပ်ရာ၊ဝိတက်သည် အိုးလုပ်သောသူ၏ နှိပ်၍ထားသော လက်တဘက်နှင့်တူ၏၊ ဝိစာရသည် ထိုမှဤမှ လှည့်လည်သော လက်တဘက်နှင့် တူ၏။ ကွန်ပါဖြင့် ထောက်လှည့်၍ အဝန်းအဝိုင်း အရေးကိုပြုရာ၊ ဝိတက်သည် အလယ်၌ စိုက်ထောက်၍ထားသောခုံးနှင့်တူ၏၊ဝိစာရသည်အဝန်းအရေးအသား ထင်စိမ့်သောငှါလှည့်လည်၍ ရေးချစ်သောခုံးနှင့်တူ၏။ **ဤသို့ထူးကြပါ၏ဟုမှတ်လေ။**

အဓိမောက္ခစေတသိက်မှာ။ အာရုံကိုဆုံးဖြတ်ခြင်းပင်၊ထိုအဓိမောက္ခသည် အာရုံကိုဆုံးဖြတ်ခြင်း၊အာရုံ၌မြဲစွာတည်ခြင်းလက္ခဏာရှိ၏။မရွေရှားခြင်း ကိစ္စရှိ၏။ ဆုံးဖြတ်ခြင်းလျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ ဆုံးဖြတ်အပ်သော တရားလျှင် နီးစွာသော အကြောင်းရှိ၏။ အာရုံ၌ မတုန်မလှုပ်တည်သည့်၏ အဖြစ်ကြောင့် မြဲစွာစိုက်ထားသော တံခါးတိုင်နှင့် တူ၏။

ဝီရိယစေတသိက်မှာ။ ရဲရင့်သော သူ၏အဖြစ် ရဲရင့်သော သူတို့၏အမှု ဖြစ်သောကြောင့်ရင်း, သင့်သောအစီအရင် အကြောင်းဖြင့် ဖြစ်စေအပ်သောကြောင့်ရင်း,ဝိရိယမည်သည်။ ထိုဝိရိယသည် သမ္ပယုတ်တရားတို့ကို ထောက်ပံ့ ခိုင်စေခြင်း ဥပတ္ထမ္ဘန လက္ခဏာ ရှိသည်။ အဘယ်သို့ထောက်ပံ့ ခိုင်စေသနည်း ဟူမူ။ ယိမ်းယိုင် လည်းပြို လုသော အိမ်ကျောင်း စရပ်အို တို့ကို မယိမ်း မယိုင် မလည်းပြို ရအောင် ကျားဖြင့် ထောက်ကူသည်ရှိသော် ထိုအိမ် ကျောင်း စရပ်အို တို့သည် မလည်းပြို မယိမ်းယိုင် ခိုင်ခံ့သည် ဖြစ်၍ ထောက် ကူသော ကျားသည် ၎င်းအိမ်ကျောင်း စရပ်တို့ကို ထောက်ပံ့ ခိုင်စေသကဲ့သို့ ကုသိုလ် ကောင်းမှုကိုပြုသော ပုဂ္ဂိုလ် တရံတခါသော ကိစ္စအမှုကို ပြုသော ပုဂ္ဂိုလ်တို့သည် ထိုအမှုကို ပြုခြင်းမှ တွန့်တိုဆုတ်နစ်သည်ကို ဝီရိယဖြင့် ကူညီထောက်ပံ့အားပေးသည် ရှိသော် ထိုအမှုတို့မှ မလျော့ မယုတ် မဆုတ်မနစ် ခိုင်ခံ့

အားရှိ ပြန်သဖြင့် အလိုရှိတိုင်း ၎င်းအမှုကိစ္စတို့ ပြီးမြောက်သည်၊ ဤသို့ ထောက်ပံ့သည် ဟူလေ။ အိမ် ကျောင်း စရပ်အိုတို့နှင့် သမ္ပယုတ်တရား တူ၏။ ဝိရိယသည် ထောက်ကူသော ကျားနှင့်တူ၏။ ဝိရိယထောက်ကူ သောကြောင့် သမ္ပယုတ် တရားတို့၏ ခိုင်ခံ့ခြင် သည် ကျားထောက်ကူ သောကြောင့် အိမ်အိုစသည် ခိုင်ခံ့ပြန်ခြင်းနှင့် တူ၏။ ကုသိုလ်မှုစသော အမှုကို ပြုလုပ်သော ပုဂ္ဂိုလ်သည် အိမ်ရှင်စသည်နှင့်တူ၏ဟု ဟပ်လေ။

တနည်းလည်း။ ဤဝိရိယသည် သမ္ပယုတ်တရားတို့ကို ချီးပင့်အားပေး ခြင်း ပဂ္ဂဟလက္ခဏာရှိသည်။ အဘယ်သို့ ချီးပင့်အားပေးသနည်း ဟူမူ။ နည်းသောစစ်သည် များသောစစ်သည် နှစ်ဘက်တို့သည် စစ်မြေအရပ်၌ တိုက်ကြမည့်စစ်ရေး ပြိုင်ဆိုင်သည် ရှိသော် နည်းသော တဘက်စစ်သည်သည် အားလျော့ ဆုတ်နစ်သည် ဖြစ်၍ ဆုတ်နစ် ကြောင်းကို မင်းအား တင်လျှောက်သည်ရှိသော် မင်းသည် ခဲယမ်းမီးကျောက် မျိုးရိက္ခာနှင့်တကွ ရဲရင့် သန်စွမ်း စစ်အရာ၌ လိမ်မာ ကျွမ်းကျင်သော သူရဲစစ်သည်တို့ကို ထပ်လောင်းချီးပင့်သဖြင့်၎င်း,နည်းငယ်သောစစ်သည်သည် အားရှိသောကြောင့် များသော တဘက်စစ်သည်ကိုပင် အောင်မြင်ပျက်ရှုံးစေနိုင်ရာ၌ မင်းသည်မိမိစစ်သည်ကိုချီးပင့်သကဲ့သို့ ဝိရိယသည်မိမိနှင့် အတူတကွဖြစ်သော သမ္ပယုတ်တရားတို့ကိုတပုံဘခသောအမှုကိုပြုလုပ်ခြင်းမှ ဆုတ်နစ်အားလျော့ခြင်းကိုမပေး ချီးမြှင့်ထောက်ပင့်သည် ဟူလေ။ ဝိရိယသည် မင်းနှင့်တူ၏။သမ္ပယုတ်တရားသည် စစ်သည်နှင့်တူ၏။သမ္ပယုတ်တရားတို့၏ တွန့်တို ဆုတ်နစ်ခြင်းသည် စစ်သည်တို့၏ အားလျော့ ဆုတ်နစ်ခြင်းနှင့် တူ၏။ ဝိရိယ၏ ချီးပင့်ခြင်းသည် မင်း၏ လက်နက် စစ်သည်ထပ်လောင်းသည်နှင့်တူ၏။တနည်းလည်း။ ဝိရိယသည် အားထုတ်ခြင်း ဥဿာဟလက္ခဏာရှိ၏။သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခြင်း ကိစ္စဟူသော ဥပတ္ထမ္ဘနရသရှိ၏။ မဆုတ်မနစ်သည်၏ အဖြစ်လျှင် ညဏ်အားထင်ခြင်းဟူသော အသံသိဒနဘာဝပစ္စုပဋ္ဌာန်ရှိ၏။ထိတ်လန့်ခြင်း သံဝေဂရှိသောသူသည် ကောင်းမှုပြုခြင်း၌အားထုတ်ရကား ထိတ်လန့်ခြင်း သံဝေဂလျှင် နီးစွာသောအကြောင်းရှိ၏။ ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိရိယကိုရည်၍ သံဝေဂပဒဋ္ဌာန် ဟုအဋ္ဌကထာဆရာ ဆိုတော်မူ

သည်။ တနည်း။ အားထုတ် ပြုလုပ်အပ်သော ဝီရိယာရမ္ဘဝတ္ထုလျှင် နီး စွာသော အကြောင်းရှိသည်။ အလုံးစုံသော စီးပွါးချမ်းသာ အရာဌာန လိုအပ်သမျှသည် ဝီရိယဖြင့် ကြိုးကုတ် အားထုတ် ပြုလုပ် ရွက်ဆောင်မှ အလိုရှိတိုင်း အောင်မြင် ပြီးစီးသောကြောင့် ဝီရိယသည် အလုံးစုံသော သမ္ပတ္တိတို့၏ မူလဘူတ အကြောင်းရင်း ဖြစ်သည်ဟု မှတ်အပ်၏။ ထို့ ကြောင့် အလုံးစုံသော စီးပွါး ဥစ္စာ ချမ်းသာ ဟူသမျှကို အလိုရှိကြသော သူတို့သည် အားထုတ်လုံ့လဝီရိယကို အမြဲမပြတ် ယှဉ်စေကြရမည်။

ပီတိစေတသိက်မှာ။ ကိုယ်စိတ်ကို နှစ်သက်ရောင့်ရဲစေ ပွါးစေတတ် သောကြောင့် ပီတိ မည်သည်။ ဤပီတိသည် အာရုံကို မရက် မစက် ရုံ မက်မြတ်နိုးခြင်း လက္ခဏာရှိသည်။ ကိုယ်စိတ်ကို ပျိုစေ နှစ်မျှစေခြင်း ကိစ္စရှိသည်။တနည်း။ပျံ့နှံ့ခြင်းကိစ္စရှိသည်။ တက်ကြွသည့်၏အဖြစ်လျှင် ညာဏ်အားထင်ခြင်းရှိသည်။ ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။

ပီတိငါးပါး

ဤပီတိသည်။ ခုဒ္ဒကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေ ဂါပီတိ, ဖရဏာပီတိ, ဟူ၍ငါးပါးရှိ၏။ ထိုတွင် ခုဒ္ဒကာပီတိသည် ကိုယ်၌ ကြက်သီးမွေးညင်း ထခြင်းမျှကိုသာ ပြုစွမ်းနိုင်သည်။ ခဏိကာ ပီတိ သည် လျှပ်စစ်ပြက်ခြင်းကဲ့သို့ ခဏခဏခြင်းခဏခြင်း ကြက်သီး ထခြင်းကိုပြု ၏။ ဩက္ကန္တိကာပီတိသည် သမုဒ္ဒရာလှိုင်းတံပိုးသည် သမုဒ္ဒရာကမ်းကို လွှမ်း၍လွှမ်း၍ ပြက်သကဲ့သို့ တကိုယ်လုံးကို လွှမ်းကာ လွှမ်းကာ ဖြစ်၍ ပြက်၏။ ဥဗ္ဗေဂါပီတိသည် ရှေ့ပီတိ သုံးပါးတို့ထက် အားရှိ၏။ ကိုယ်ကို ချီပင့်၍ ကောင်းကင်၌ ပျံလွင့်စေခြင်း အတိုင်းအရှည်သို့ရောက်၏။

ကောင်းကင်သို့ ပျံလွင့်ဘူးသော ထုံးသက်သေကား။ သီဟိုဠ်ကျွန်း ဝယ် ပုဏ္ဏဝလ္လိက မည်သော ကျောင်းတိုက်၌ သီတင်းသုံးသော မဟာ တိဿမထေရ်သည် လပြည့်နေ့ ညချမ်းအခါ စေတီအပြင်သို့သွား၍ လ ရောင် လသာသည်ကိုမြင်၍ မဟာစေတီရှိရာသို့ မျက်နှာဆိုတည့်ကြည့် ၍ ဤအချိန်အခါ၌ များစွာသော ပရိသတ် လေးပါးတို့သည် မဟာစေတီ တော်ကို ဖူးမျှော် ရှိခိုးကြအံ့သည် တကားဟု ပကတိအားဖြင့် ရှေး၌ ဖူး

မြင်ဘူးသော စေတီတော်ဟူသော အာရုံ၏အစွမ်းဖြင့် ဘုရားလျှင် အာရုံ ရှိသော ဥဗ္ဗေဂါပီတိကို ဖြစ်စေ၍ အင်္ဂတေတို့ဖြင့် သုတ်မံပွတ်တိုက် ချော ပြေသော တလင်း အပြင်၌ ထိုးပေါက် လိုမ့်အပ်သော ဆန်းကြယ်သော ကျင်လုံးကဲ့သို့ ကောင်းကင်၌ တက်သွားပျံလွင့်၍ မဟာစေတီတော် ရင် ပြင်၌တည်လေ၏။ ဤဝတ္ထု၌ ဥဗ္ဗေဂါပီတိသည် မထေရ်ကိုကောင်းကင် ၌ပျံလွင့်စေ၏။

ထို့မှတပါးလည်း။ သိဟိုဠ်ကျွန်းတွင်ပင် ဂိရိကဏ္ဍက မည်သော ကျောင်းတိုက်၏ ဂေါစရဂါမ်မှီရာဖြစ်သော ဝတ္တကာလက မည်သော ရွာ၌ တယောက်သော အမျိုးသမီးမိန်းမငယ်သည် ရှိ၏။ ထိုမိန်းမငယ်၏ မိဘတို့သည် ညချမ်းအခါ တရားနာအံ့သောငှါ ကျောင်းသို့သွားကြကုန် သည်ရှိသော် ချစ်သမီး သင်သည် လေးသောကိုယ်ဝန်ရှိ၏ အခါမဟုတ် ည၌ကာလဖြစ်၍ ထိုမှဤမှ လှည့်လည် သွားလာခြင်းငှါ မတတ်ကောင်း ငါတို့သည် သင်၏အတွက်ပါပြု၍တရားနာခံခဲ့ကြအံ့ဟု ပြောဆိုမှာ ထား၍ သွားကြကုန်၏။ ထိုမိန်းမငယ်သည် တရားနာ သွားလိုပါလျက် မိဘတို့စကားကို မလွန်ဆန်ဝံ့သောကြောင့် အိမ်၌သာ ကျန်ရစ်ရလေ သည်နှင့် အိမ်တံခါး၌ရပ်တည်လျက် လရောင်ဖြင့် ဂိရိကဏ္ဍကကျောင်း တိုက် ကောင်းကင် စေတီပြင်ကို မျှော်ကြည့်သည်ရှိသော် စေတီတော် အား ဆီမီးပူဇော်ခြင်းကိုရင်း၊ ပန်းနံ့သာ စသည်တို့ဖြင့် စေတီတော်ကို ပူဇော်ပြီး၍ စေတီတော်ကိုလက်ျာရစ်လှည့်ကုန်သော ပရိသတ်လေးပါး တို့ကိုရင်းမြင်လေ၏ ရဟန်းသံဃာတို့၏ တပေါင်းတည်းတရားတော်ကို ရွတ်ဘတ်သော အသံကိုလည်း ကြားရ၏။ ထိုအခါ ထိုမိန်းမငယ်အား အ ကြင်လူတို့သည် ကျောင်းသို့သွား၍ ဤသို့သဘောရှိသော စေတီတော် အပြင်၌ ဖူးမြင်ပူဇော်လှည့်လည်ရကုန်၏ ဤသို့သဘောရှိသော သာယာ ဖွယ်သော တရားစကားကို ကြားနာခြင်းကို ရကုန်၏။ ထိုလူအပေါင်း တို့ ကား ဘုန်းရှိပေကုန်စွ တကားဟု စဉ်းစားကြံစည် ကြည့်ရှုစဉ်ပင်လျှင် ဥဗ္ဗေဂါပီတိသည်ဖြစ်၏ ထိုအခါထိုမိန်းမငယ်သည် ကောင်းကင်၌တက် ကြွပျံလွင့်၍ မိဘတို့မရောက်မီ ရှေးဦးစွာပင် ကောင်းကင်ဖြင့် စေတီပြင် ၌သက်ဆင်း၍ စေတီတော်ကိုပူဇော်ရှိခိုးပြီး၍ တရားတော်ကို နာလျက်

နေနှင့်၏။ ထိုအခါ မိဘတို့လာရောက်တွေ့မြင်သဖြင့် ချစ်သမီးသင်သည် အဘယ်ခရီးဖြင့် လာသနည်း ဟုထိုမိန်းမငယ်ကို မေးမြန်းကြကုန်လတ်က အကျွန်ုပ်သည် ကောင်းကင်ခရီးဖြင့် လာခဲ့သည် လမ်းခရီးဖြင့်မလာ ဟုပြောဆို ပြန်ကြားသည်ရှိသော် ချစ်သမီး ကောင်းကင်ခရီး မည်သည် ရဟန္တာ အရှင်တို့သာ လှည့်လည်သွားလာနိုင်ကုန်၏။ သင်သည် အဘယ့်ကြောင့် ကောင်းကင်ဖြင့် လာနိုင်အံ့နည်းဟု ဆိုကြကုန်သည် ရှိသော် အကျွန်ုပ်သည် လရောင်ဖြင့် စေတီတော်ကို ဖူးမျှော်ကြည့်ရှုတည်နေစဉ် အကျွန်ုပ်အား ဘုရားလျှင်အာရုံရှိသော ကြီးစွာသောနှစ်သက်ခြင်း ပီတိသည်ဖြစ်၏။ ထိုအခါ အကျွန်ုပ်သည် မိမိ၏ရပ်သည်၏ အဖြစ်ကိုလည်းမသိ ထိုင်သည်၏ အဖြစ်ကိုလည်းမသိ ယူတိုင်းသော ဘုရားတည်းဟူသောအာရုံဖြင့်ပင်လျှင်ကောင်းကင်သို့တက်လွင့်၍ စေတီပြင်၌တည်နေလာပါသည် ဟု မိဘတို့အား အကြောင်းကိုပြန်ကြား၏ ဤဝတ္ထု၌လည်း ဥဗ္ဗေဂါပီတိသည် မိန်းမငယ်ကို ကောင်းကင်၌ ပျံလွင့်စေ၏။ ဤသို့ဥဗ္ဗေဂါပီတိသည် မိမိဖြစ်ရာပုဂ္ဂိုလ်၏ ကိုယ်ကိုကောင်းကင်သို့ပျံတက်စေနိုင်သောအတိုင်းအရှည်ရှိ၏။

ဖရဏာပီတိ ဖြစ်သည်ရှိသော် လေဖြင့်ပြည့်သော သားရေအိပ်စည်ဖောင်း လေမွှေရာကဲ့သို့၎င်း ကြီးစွာသော ရေအယဉ်ဖြင့် စီးဆင်းသော တောင်ဂှမ်းကဲ့သို့၎င်း ဆိဗ္ဗကျသော ဝါဂွမ်းကဲ့သို့၎င်း တကိုယ်လုံးကိုနှံ့၍ အစဉ်အတိုင်းပြည့်၏။ **ဤသို့ပီတိငါးပါးအထူးကိုသိလေ။**

ဆန္ဒစေတသိက်မှာ။ ပြုလိုသောသူ၏ အဖြစ်ဟူသော အာရုံဖြင့်အလိုရှိသည်၏အဖြစ်ဟူသော သဘောတရားတည်း။ ဤဆန္ဒသည် ပြုလိုသောသူ၏ အဖြစ်တည်းဟူသော ကတ္တုကာမတာ လက္ခဏာရှိ၏။ အာရုံကိုရှာမှီးခြင်း အာရမ္မဏပရိယေသနကိစ္စရှိ၏။ အာရုံဖြင့် အလိုရှိသည်၏ အဖြစ်လျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေ့ရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။အလိုရှိအပ်သောအာရုံလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

ဤဆန္ဒသည် တစုံတခုသော ဝတ္ထုကို အလိုရှိသော သူငယ် အစရှိသော တစုံတယောက်သောသူသည် ထိုဝတ္ထုကို ရလိုယူလို၍ တောင်းခံခြင်းငှါ လက်ဝါးကို ဖြန့်ခံသည်ရှိသော် ထိုဖြန့်သော လက်ဝါးကို ရှုမြင်

သော ပုဂ္ဂိုလ်၏ ညာဏ်အား ဤသူငယ်သည် ဤဝတ္ထုဖြင့် အလိုရှိ၏ဟူ၍ သူငယ်၏ ဝတ္ထုဖြင့် အလိုရှိသည်၏အဖြစ် ထင်ရှားရှု ထင်ရာ၌ကဲ့သို့ စိတ်၏ အာရုံကိုယူသောအရာ၌ အကယ်၍စိတ်မှာလက်ရှိသည်ဖြစ်အံ့ ထိုအာရုံ ကိုအလိုရှိသော ဆန္ဒနှင့်ယှဉ်သော စိတ်၏ လက်ကို ဖြန့်သည်နှင့်တူ၏။ ဤကား။ အာရမ္မဏာဿ ဂဟဏေစာယံ စေတသော ဟတ္ထပ္ပသာရဏံဝိယ ဒဋ္ဌဗ္ဗော။ ဟူသော **အဋ္ဌသာလိနီ**။ တထာဟေဿ အာရမ္မဏဂ္ဂဟ ဏော စေတသော ဟတ္ထပ္ပသာရဏံ ဝိယာတိဝုတ္တံတိ။ ဟူသော **ဋီကာ ကျော်**။တို့နှင့်အညီတည်း။

စသတ္တံ၊အာရမ္မဏေနအတ္ထိကတာ ပစ္စုပဋ္ဌာနော်ဟုငါဆိုသောစကား မှန်၏။ အယံဆန္ဒော၊ ဤဆန္ဒကို။ စေတသော၊ စိတ်၏။ အာရမ္မဏဿ၊ အာရုံကို။ဂဟဏေ၊ယူသောအခါ၌။ စေတသော၊ အာရုံဖြင့်အလိုရှိသော စိတ်၏။ဟတ္ထပ္ပသာရဏံဝိယ၊လက်ကိုဖြန့်ခြင်းကဲ့သို့။ ဝါ၊ခြင်းနှင့်တူ၏ဟူ ၍။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ ။တထာတံဝစနံ၊ထိုအာရမ္မဏေန အတ္ထိကတာ ဟုငါဆိုသောစကားသည်။ဟိသစ္စံ၊မှန်၏။ဝါ၊တထာဟိတေဘာဝေ၊ဆန္ဒ ဟူသည် အာရုံဖြင့်အလိုရှိသည်၏ အဖြစ်ပင် ဖြစ်သောကြောင့် သာလျှင်။ ဧသေသောဆန္ဒော၊ ဤဆန္ဒကို။ စေတသော၊ ၏။ အာရမ္မဏဂ္ဂဟဏေ၊ ၌။ စေတသော၊ ၏။ ဟတ္ထပ္ပသာရဏံဝိယာတိ၊ လက်ဖြန့်သည်နှင့် တူ၏ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာ၌ဆိုအပ်၏။

ဤသို့ စေတသောဟူသော သမ္ဗန်ကို အာရမ္မဏဂ္ဂဟဏေ ဟူသော ရှေ့ပုဒ် ဟတ္ထပ္ပသာရဏံ ဟူသော နောက်ပုဒ်တို့နှင့်စပ်၍ပေး။နှစ်ဖက်ဝန် တတ်သောထမ်းပိုးဖြင့် ဝန်ကိုထမ်းဆောင်ရာ အလယ်၌ ကြွချီထမ်းယူမှ နှစ်ဖက်ဝန်ပါသကဲ့သို့။ ပရိသမန္တတော နဂရဿ ဗာဟိရေ ခညာတိတိ ပရိက္ခာ စသည်ဟူရာ၌ ပရိသမန္တတောဟူသောရှေ့သမ္ဗန္ဓပုဒ် ဗာဟိရေ ဟူသော နောက်သမ္ဗန္ဓပုဒ်တို့၌ စပ်နိုင်စေမှုသော၌။ နဂရဿ ဟူသော သမ္ဗန်ပုဒ်ကို သမ္ဗန္ဓပုဒ် နှစ်ခုတို့၏ အလယ်၌ ထားသကဲ့သို့။ ဤ၌လည်း ကာဖနည်း အားဖြင့် စေတသော ဟူသော သမ္ဗန်ပုဒ်ကို အာရမ္မဏဂ္ဂဟ ဏေ ဟူသော ရှေ့သမ္ဗန္ဓပုဒ် ဟတ္ထပ္ပသာရဏံ ဟူသော နောက်သမ္ဗန္ဓ

ပုဒ်တို့၌ စပ်နိုင် စေခြင်းငှါ သမ္ဗန္ဓိပုဒ် နှစ်ရ တို့၏ အလယ်၌ ထားသည်။
ငါတို့အကြိုက်။

ဧသော ဆန္ဒော စေတသော အာရမ္မဏဂ္ဂဟဏေ စောရာနံ တမသိ
ဘဏ္ဍဂ္ဂဟဏတ္ထံ ဟတ္ထပ္ပသာရဏံဝိယ တံသဒိသောတိ အဋ္ဌကထာယံ
ဝုတ္တံတိ ယောဇနာ-ဟု ဖွင့်သော **မဏိမဉ္ဇူ** အလိုသော်၊ စေတသော
ဟူသော သမ္ဗန်ကို အာရမ္မဏဂ္ဂဟဏေဟူသော ရှေ့ပုဒ်နှင့်သာစပ်လို၏။
ဤဆန္ဒသည် စိတ်၏အာရုံကို ယူသောအရာ၌ ခိုးသူတို့၏ အမိုက်တိုက်၌
ဥစ္စာထုပ်ကို ယူခြင်းငှါ လက်ကို ဆန့်လှမ်း သည်နှင့် တူ၏ ဟူ၍လည်း
ဆိုလို၏။ ယခင်ပါဌ်ကိုလည်း။ တထာဟိတတောဝေ၊ ကြောင့်သာလျှင်။
ဧသဧသောဆန္ဒော၊ကို။စေတသော၊၏။ အာရမ္မဏဂ္ဂဟဏေ၊၌။ ဟတ္ထပ္ပ
သာရဏံဝိယာတိ၊ အမိုက်တိုက်၌ ဥစ္စာထုပ်ကို ယူခြင်းငှါ ခိုးသူတို့၏
လက်ကို ဆန့်လှမ်း သည်နှင့် တူ၏ဟူ၍။ ဝုတ္တံ၊၏-ဟု အနက်ပေးလို၏။
ဧသောဆန္ဒော၊ကို။စေတသော၊၏။ အာရမ္မဏဂ္ဂဟဏေ၊၌။ စောရာနံ၊ခိုး
သူတို့၏။တမသိ၊အမိုက်တိုက်၌။ဘဏ္ဍဂ္ဂဟဏတ္ထံ၊ဥစ္စာထုပ်ကိုခိုးယူခြင်း
ငှါ။ဟတ္ထပ္ပသာရဏံဝိယ၊လက်ကို ဆန့်လှမ်းခြင်းနှင့် တူ၏ဟူ၍။ တံသဒိ
သောတိ၊ ထိုခိုးသူ၏ အမိုက်တိုက်၌ ဥစ္စာ ဘဏ္ဍာ တို့ကို ခိုးယူ ခြင်းငှါ
လက်ကို ဆန့်လှမ်းခြင်းနှင့် တူ၏ဟူ၍။ အဋ္ဌကထာယံ၊အဋ္ဌသာလိနီ အဋ္ဌ
ကထာ၌။ဝုတ္တံ၊ဆိုအပ်၏။

ဆန္ဒဟူသည် အာရုံဖြင့်အလိုရှိသည်၏ အဖြစ်ပင်တည်းဟု ဆို၏။တစုံ
တခုသော ဝတ္ထု အာရုံကို ယူသော အရာ၌ အာရုံဖြင့် အလိုရှိခြင်း ဖြစ်ရာ
၏၊ တစုံတခုသော ဝတ္ထု အာရုံကို သူတပါးတို့အား စွန့်ကြဲပေးကမ်း လှူ
ဒါန်းသောအခါ အာရုံဖြင့် အလိုရှိခြင်း မဖြစ်ရာ၊ ယင်းသို့မဖြစ်ခဲ့က အာရုံ
ဖြင့် အလိုရှိသည်၏ အဖြစ်သည် ဆန္ဒမည်၏ ဟူသောစကား မသင့်ရာ
ဟူ၍ဘွယ်ရှိ၍။ ဒါနဝတ္ထုပရိစ္စာဂဝသေန ပဝတ္တကာလေပိ စေသဝိဿဇ္ဇ
တမ္ဗေန ဘောန အတ္ထိကောဝ-ဟူသော စကားကို **ဋီကာကျော် ဆရာ ဆို
တော်မူသည်**။ ဝတ္ထုအာရုံကို ယူသောအခါ၌သာ ထိုဝတ္ထုအာရုံဖြင့် အ
လိုရှိသည် မဟုတ်၊ ဝတ္ထုအာရုံကို ပေးလှူ စွန့်ကြဲခြင်း၏ အစွမ်းဖြင့် ဖြစ်
သော အခါ၌လည်း ထိုပေးလှူ စွန့်ကြဲ အပ်သော ဝတ္ထုအာရုံဖြင့် အလိုရှိ

သည်သာ ဖြစ်၍ အာရုံဖြင့် အလိုရှိသည်၏ အဖြစ်သည် ဆန္ဒမည်၏ ဟူသော စကားသည် သင့်ပါ၏ ဟူလို။

စသတ္တံ၊ မှန်၏။ ဧသဧသောဆန္ဒော၊ ဤဆန္ဒသည်။ ဒါနဝတ္ထုပ္ပဝိသဇ္ဇနဝသေန၊ဒါနဝတ္ထုကို ပေးလှူစွန့်ကြဲသည်၏ အစွမ်းဖြင့်။ပဝတ္တကာလေပိ၊ ဖြစ်သောအခါ၌လည်း။ဝိဿဇ္ဇိတဗ္ဗေန၊ပေးစွန့်အပ်သော။တေနဝတ္ထုနာ၊ ထိုအလှူဝတ္ထုဖြင့်။ အတ္ထိကော၀၊အလိုရှိသည်သာလျှင်။ ဟောတိ၊ဖြစ်၏။ ဒါနဝတ္ထုကို ပေးစွန့်သည်၏ အစွမ်းဖြင့် ဖြစ်သော အခါ၌လည်း ထိုပေးလှူအပ်သော ဝတ္ထုဖြင့် အလိုရှိရာ၌ အဘာယ်ကဲ့သို့သော ဥပမာကို သိအပ်သနည်း။ ဝါ၊ အဘယ်သူသည် အဘယ်ဝတ္ထုဖြင့် အလိုရှိသကဲ့သို့ အလိုရှိသနည်း ဟူဘွယ်ရှိ၍။ ဒိပိတဗ္ဗဥသုနံ ဂဟဏေ အတ္ထိကော ဣဿာသော ဝိယ-ဟု **ဋီကာဆရာမိန့်ဆိုသည်**။

ကိမိဝ၊ အဘယ် ကဲ့သို့နည်း ဟူမူကား။ ဣဿာသော၊ လေးသမားသည်။ဒိပိတဗ္ဗဥသူနံ၊ပစ်အပ်သော မြှားတို့ကို။ဂဟဏေ၊ယူခြင်း၌။အတ္ထိကော ဝိယ၊ ထိုပစ်အပ်သောမြှားဖြင့် အလိုရှိသကဲ့သို့တည်း။ ဝါ၊ ဣဿာသော၊သည်။ဒိပိတဗ္ဗဥသူနံ၊တို့ကို။ဂဟဏေ၊၌။ဒိပိတဗ္ဗေန၊ပစ်အပ်သော။ တေနဥသုနာ၊ထိုမြှားဖြင့်။ အတ္ထိကောဝိယ၊အလိုရှိသကဲ့သို့။ ဧသဧသော ဆန္ဒော၊သည်။ဒါနဝတ္ထုပ္ပဝိသဇ္ဇနဝသေန၊ဖြင့်။ပဝတ္တကာလေပိ၊၌လည်း။ ဝိဿဇ္ဇိတဗ္ဗေန၊သော။ တေနဝတ္ထုနာ၊ဖြင့်။ အတ္ထိကော၀၊သည်သာလျှင်။ ဟောတိ၊၏။

သား၄က် စသည်တို့ကို ပစ်သောလေးသမားသည် ထိုပစ်အပ်သော မြှားထက် အဆအရာမက သာလွန်သော အကျိုးအာနိသင်ကို မြင်၍သာ ပစ်သည်။ ထိုမြှားဖြင့် အလိုမရှိ၍ စွန့်ပစ်သည် မဟုတ် အလိုရှိသည်သာ ဖြစ်သကဲ့သို့ ဤဆန္ဒသည် ဒါနဝတ္ထုကို ပေးလှူစွန့်ကြဲသည်၏ အစွမ်းဖြင့် ဖြစ်သော အခါ၌လည်း ထိုဒါနဝတ္ထုထက် အဆအရာမကသော အကျိုးအာနိသင်ကို မြင်၍သာ ပေးလှူ စွန့်ကြဲသည်။ ထိုဝတ္ထုဖြင့် အလိုမရှိ၍ မဟုတ် ထိုပေးလှူအပ်သော ဝတ္ထုဖြင့် အလိုရှိသည်သာ ဟူလို။

ကိမိဝ၊သင်္ဂါဓမဂဓောဘာ ဣဿာသော ခေ့ဂ္ဂဟော ဒိပိတဗ္ဗဥသူနံ ဂဏှာ ဏော ဒိပိတဗ္ဗေဟိ တေဟိ ဥသူဟိ အတ္ထိကော ဝိယ-ဟု ယောဇနာသော

မဏိမဉ္ဇူ အလိုသော် စစ်မြေအရပ်သို့ သွားသော လေးသမားသည် ပစ်အပ်သော မြှားတို့ကိုယူခြင်း၌ ထိုပစ်အပ်သော မြှားတို့ဖြင့် အလိုရှိသည်နှင့်တူ၏ဟုဆို၏။အဓိပ္ပါယ်ကား ဤဆန္ဒသည် မှုဆိုးလေးသမားသည် မိမိပစ်လွှတ်လိုက်သော လေးမှထွက်သောမြှားကို ဖမ်းယူခြင်း၌ လက်ကိုဆန့်ရောင်သည်နှင့် တူ၏ ဟူ၍၎င်း, ဝိဟဲ့စွာသော သားသူငယ်ကို အငိုတိတ်အောင် ဖြားယောင်း ချော့မော့လို၍၊ နေ,လ, နက္ခတ်, ကြယ်, တို့ကို လှမ်းရောင်ပြသည်နှင့် တူ၏ဟူ၍၎င်း,ပြောဆိုကုန်၏ မဟုတ်သည်ချည်းသာ။

ပကိဏ်းစေတသိက် ခြောက်ခုတို့၏ သဘောလက္ခဏာကို ပြခြင်းကား ဤတွင်ပြီးပြီ။

အကုသိုလ်စေတသိက်တို့၏သဘောလက္ခဏာကိုပြခြင်း

မောဟစေတသိက်မှာ။သမ္ပယုတ်တရားတို့၏ မိုက်မဲတွေဝေကြောင်းဖြစ်သော ကြောင့်၎င်း, မိမိသည်ပင် မိုက်မဲ တွေဝေ တတ်သောကြောင့်၎င်း, မောဟမည်သည်။ တနည်း၊ မိုက်မဲတွေဝေခြင်းမျှသည်ပင် မောဟမည်သည်။ ဤမောဟသည် စိတ်၏ ကန်းသည်၏ အဖြစ် မိုက်သည်၏အဖြစ် တည်းဟူသော လက္ခဏာရှိ၏။ တနည်း၊မသိခြင်းလက္ခဏာရှိ၏။ **အဇ္ဈာသသဘိနီ**။ တနည်း၊ အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာရှိ၏။ **ဠိကာကျော်**။ထိုးထွင်း၍ မသိခြင်း ကိစ္စရှိ၏။တနည်း၊အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း ကိစ္စရှိ၏။ကောင်းသောအကျင့်၏ ဆန့်ကျင်ဘက် မကောင်းသော အကျင့်ဟု ဉာဏ်အား ထင်ခြင်းရှိ၏။ တနည်း၊ အမိုက်ရ အမိုက်မှောင်ဟု ဉာဏ်အား ထင်ခြင်းရှိ၏။အယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏။အကုသိုလ် ဟူသမျှတို့၏ အကြောင်းရင်းမူလဟု မှတ်အပ်၏။

လုံစွာသော တိုက်ခန်း တွင်း၌ ထားအပ်သော အနီအဝါ စသော အဆင်းရှိသော အဝတ်ကို ညဉ့်အခါဝင်၍ ယူသောသူသည်။လက္ကယ်,သန်းခေါင်း, မိုးမှောင်, တိုက်ခန်း, ဟူသော အကြောင်းလေးပါးနှင့် ပြည့်စုံသော မှောင်သည် ထိုအဝတ်တို့၏ ထင်ရှားရှိသော အနီအဝါ စသော

အဆင်းကို ဖုံးလွှမ်းအပ်သည်ဖြစ်၍ ဤအဝတ်ကား အနီတည်း ဤအဝတ်ကား အဝါတည်းဟု ဟုတ်မှန်တိုင်း မသိနိုင်သကဲ့သို့ အနိဋ္ဌ,ဣဋ္ဌ,စသော သဘောရှိသော ရုပ်, နာမ်, တရားတို့ကို ရှုသည် ရှိသော် ထိုရုပ်, နာမ်, တရားတို့၏ အနိဋ္ဌ,စသော သဘောကို မောဟသည် ဖုံးလွှမ်း အပ်သည်ဖြစ်၍ ထိုရုပ်, နာမ်, တရားတို့၏ ဟုတ်မှန် တိုင်းသော အနိဋ္ဌ,စသော သဘောကိုမသိမမြင်နိုင်သည်။အနိဋ္ဌ,စသော သဘောရှိသောရုပ်,နာမ်,တရားတို့သည် ဘိုက်ခန်းတွင်း၌ ထားအပ်သော အနီအဝါ စသော အဆင်းရှိသော အဝတ်နှင့်တူ၏။ထိုရုပ်,နာမ်,တရားတို့၏ အနိဋ္ဌ,စသော သဘောသည် ထိုအဝတ်တို့၏ အနီအဝါစသော အဆင်းနှင့်တူ၏။ မောဟသည် အကြောင်းအင်္ဂါလေးပါးနှင့် ပြည့်စုံသောကြီးစွာသော အမိုက်မှောင်နှင့်တူ၏။ရုပ်,နာမ်,တရားတို့၏ အနိဋ္ဌ,စသောသဘောကို မောဟ၏ဖုံးလွှမ်းခြင်းသည် ထိုအဝတ်တို့၏ အနီအဝါစသော အဆင်းကို မှောင်၏ဖုံးလွှမ်းခြင်းနှင့်တူ၏။ ရုပ်,နာမ်,တရားတို့ကို အာရုံပြုသော စိတ်သည် တိုက်ခန်းတွင်း၌အဝတ်ကိုယူသောသူနှင့်တူ၏။ထိုရုပ်,နာမ်,တရားတည်းဟူသော အာရုံ၏အနိဋ္ဌ,စသောသဘောကိုမောဟဖုံးလွှမ်းသောကြောင့် ဤတရားကား အနိဋ္ဌ သာတည်း ဣဋ္ဌ သာတည်းဟု ဟုတ်မှန်သော သဘောကို စိတ်၏ မသိမမြင် နိုင်ခြင်းသည် ထိုအဝတ်၏ အနီအဝါစသော အဆင်းကို မှောင် ဖုံးလွှမ်း သောကြောင့် ဤအဝတ်ကား အနီတည်း စသည်ဖြင့် ပကတိ ဟုတ်မှန်သော အဆင်းကို ထိုယူသောသူ၏ မသိမမြင်ခြင်းနှင့်တူ၏ဟု အစဉ်အတိုင်း ဥပမာ ဥပမေယျကို ဟပ်၍ယူ။ ဤကား မောဟ၏အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာ ရှိသည်၏ အဖြစ်ကို သိသာအောင် ထုတ်ဆောင် ပြဆိုသော ဥပမာတည်း။

အဟိရိက စေတသိက်မှာ။ ကာယဒုစရိုက် စသည်တို့ကို ပြုခြင်းမှ မရှက်တတ် မစက်ဆုပ် မရွံရှာတတ်သော သူ၏အဖြစ်ဟူသော သဘောကြောင့် အဟိရိကမည်သည်။ဤအဟိရိကသည် ကာယဒုစရိုက် စသည်တို့ကို မစက်ဆုပ် မ ရွံရှာခြင်း လက္ခဏာရှိ၏။ တနည်း၊ ကာယဒုစရိုက် စသည်တို့မှ မရှက်ခြင်း လက္ခဏာရှိ၏။ ရွာသူတို့မွေးသော ဝက်သည် မစင်ကို မ ရွံမစက်ဆုပ် သကဲ့သို့ အဟိရိကသည် ဒုစရိုက်တို့ကို မစက်

ဆုပ်သည်။ အဟိရိကသည် ရွာဝက်နှင့် တူ၏။ ဒုစရိုက် တို့သည် မစင်နှင့်တူ၏။အဟိရိက၏ ဒုစရိုက်ကို မစက်ဆုပ်ခြင်းသည် ရွာဝက်၏ မစင်ကို မစက်ဆုပ်ခြင်းနှင့်တူ၏။

အနောတ္တပ္ပစေတသိက်မှာ။ ကာယဒုစရိုက် စသည်တို့မှ မကြောက်တတ် မထိတ် လန့်တတ် သည်၏ အဖြစ် ဟူသော အကြောင်းကြောင့် အနောတ္တပ္ပမည်သည်။"ဤအနောတ္တပ္ပသည် ကာယဒုစရိုက် စသည်တို့မှ မကြောက်ရွံ့ခြင်း မထိတ်လန့်ခြင်း လက္ခဏာ" ရှိ၏။ ပိုးဖလံ နှံ့ကောင်သည် မီးမှမကြောက်သကဲ့သို့ အနောတ္တပ္ပသည်ဒုစရိုက်တို့မှမကြောက်သည်။ဤ၌လည်း ပိုးဖလံနှံ့ကောင်နှင့်အနောတ္တပ္ပမီးနှင့်ဒုစရိုက်နှံ့ကောင် ပိုးဖလံ၏ မီးမှ မကြောက်ခြင်းနှင့် အနောတ္တပ္ပ၏ ဒုစရိုက်မှ မကြောက်ခြင်းတူ၏ဟု ဟပ်လေ။

ဇိဂုစ္ဆတိ နာဟိရိကော၊ ပါပါဂူထာဝ သူကရော။
နဘာယတိ အနောတ္တပ္ပီ၊ သလဘောဝိယ ပါဝကာ။ ။

ဦးကာဝကျော် ၌ထုတ်ဆောင်အပ်သော ရှေးဆရာတို့ဂါထာ။ အဟိရိကော၊ အဟိရိကနှင့် ပြည့်စုံသော သူသည်။ သူကရော၊ ရွာသူတို့ မွေးသောဝက်သည်။ ဂူထာ၊မစင်မှ။ ဝါ၊မစင်ကို။ နဇိဂုစ္ဆတိဣဝ၊ မစက်ဆုပ်သကဲ့သို့။ ပါပါ၊ ကာယဒုစရိုက်စသောမကောင်းမှုမှ။ဝါ၊ကို။ နဇိဂုစ္ဆတိ၊ မစက်ဆုပ်။ သလဘော၊ ပိုးဖလံသည်။ ပါဝကာ၊မီးမှ။ နဘာယတိဝိယ၊ မကြောက်သကဲ့သို့။ အနောတ္တပ္ပီ၊ အနောတ္တပ္ပနှင့် ပြည့်စုံသော သူသည်။ ပါပါ၊ မှ။ နဘာယတိမကြောက်။

[ဤစေတသိက် နှစ်ခုတို့၌ လက္ခဏာ, ကိုသာ **အဋ္ဌသာလိနီ** ၌ပြ၍ ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, တို့ကိုပြဆိုတော်မမူ။ဤတရားနှစ်ပါး တို့သည် သတ္တဝါ အပေါင်းတို့ကို ဖျက်ဆီး တတ်သော လောကပါနာသက တရားတို့ချည်းသာတည်း။]

ဥဒ္ဓစ္စ စေတသိက်မှာ။ တုန်လှုပ် ပျံ့လွင့်သောသူ၏ အဖြစ် ဟူသော သဘောကြောင့် ဥဒ္ဓစ္စမည်သည်။ ဤဥဒ္ဓစ္စသည် လေတိုက်ခတ် သဖြင့် တုန်လှုပ်သော ရေသည် မငြိမ်ဝပ်သကဲ့သို့ စိတ်၏မငြိမ်ဝပ်ခြင်း လက္ခ

ထာရှိ၏။ **အဓိဋ္ဌာနကိုးသော**။ ဝါ၊ အုတ်ကျောက် တို့ဖြင့် ခတ်မိခြင်းကြောင့် အထက်သို့ တက်လွင့်သော ပြာသည် မငြိမ်ဝပ်သကဲ့သို့ စိတ်၏ မငြိမ်ဝပ်ခြင်းလက္ခဏာရှိ၏။ **ဋီကာကျော်**။ ဥပမာသာလျှင်သည်လက္ခဏာမထူး။

[ဤ၌ လက္ခဏာစသည်တို့ကို ပြပြီးပြလတ္တံ့ တို့၌ပင်အဓိဋ္ဌာသာလိနီ အဋ္ဌကထာကို မှီ၍ပြသည်။]

လေသည်တိုက်ခတ်အပ်သည်ဖြစ်၍ ပျံ့လွင့်လှုပ်ရှားသောတံခွန်လုံးတံခွန်ပြားတို့သည်ငြိမ်သက်စွာမတည်ရပ်သကဲ့သို့မတည်ရပ်ခြင်းကိစ္စရှိ၏။ လေသည် တိုက်ခတ်အပ်သည်ဖြစ်၍ တက်လွင့်သောပြာသည် တုန်လှုပ်သကဲ့သို့ တုန်လှုပ်သည်၏အဖြစ်လျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ စိတ်၏ မငြိမ်ဝပ်ခြင်း၌ အသင့်အားဖြင့်နှလုံးမထားခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ဤဥဒ္ဓစ္စဟူသည် စိတ်၏ ပျံ့လွင့်ခြင်းပင်တည်းဟု မှတ်အပ်၏။ ဤစေတသိက် လေးခုတို့သည် အကုသိုလ်စိတ်တဆဲ့နှစ်ခုလုံး၌ ယှဉ်နိုင်သည်ချည်းဖြစ်၍ အလုံးစုံသောအကုသိုလ်တို့နှင့်ဆက်ဆံသောကြောင့် သဗ္ဗာကုသလသာဓာရဏ မည်ကုန်၏။

လောဘစေတသိက်မှာ။ သမ္ပယုတ်တရားတို့၏ အာရုံကို လိုချင်မက်မောကြောင်း မိမိသည်ပင် လိုချင်မက်မောတတ်သည်၏ အဖြစ်ဟူသောအကြောင်းကြောင့် လောဘမည်သည်။ ထိုလောဘသည်ကား မျောက်ထောင်သော နှဲစေးသောအစေးသည် မျောက်ကိုဖမ်းယူသကဲ့သို့။ အာရုံကိုယူခြင်းလက္ခဏာရှိ၏။ **အဓိဋ္ဌာနသာလိနီ**။ ဝါ၊ မျောက်ထောင်သောနှဲစေးသည် မျောက်၌ကပ်ငြိသကဲ့သို့ အာရုံ၌ကပ်ငြိခြင်းလက္ခဏာရှိ၏။ **ဋီကာကျော်**။ စေးသည် နှဲသည်ဟူသည် အတူတူ။ စေးသောထမင်းကိုထမင်းနှဲဟု ခေါ်ကြသည်။ အဝတ်စသည်၌ ကပ်ငြိတက်သော စေးသောအသီးရှိသော သက်ပင်ငယ်ကို စေးနှဲပင်ဟု ခေါ်ပေါ်ကြသည် များကိုထောက်။ လောလောပူသော သံအိုးကင်း၌ ပစ်ချအပ်သော သားတစ်သည် အိုးကင်း၌ ကပ်ငြိသကဲ့သို့ အာရုံ၌ငြိတွယ်ခြင်း ကိစ္စရှိ၏။ ဆိုးချေးစွန်းသောအဝတ်ကို ဖွပ်လျှော်သော်လည်း။ ထိုဆိုးချေးမှ မစင်မကျွတ် မလွတ်နိုင်သကဲ့သို့ အာရုံကိုမစွန့်မလွှတ်နိုင်ခြင်းလျှင် ဉာဏ်အားထင်ခြင်းရှိ၏။ သံ

ယောဇဥ်၏ အခ ရုံဖြစ်သော တရားတို့၌ သာယာသောအားဖြင့် ရှုခြင်း လျှင် နီးစွာသော အကြောင်းရှိ၏။

ဟောဟောဒီးဒီး လျင်စွာသောအဟုန်ဖြင့် စီးသောရေအယဉ်ရှိသော မြစ်သည်၊မိမိ၌မျောသော သစ်ပင်တုံးစသောဝတ္ထုကို မဟာသမုဒ္ဒရာသို့ သာဆောင်ယူ၍ သွားသကဲ့သို့ ဘဏ္ဍာဘည်းဟူသော မြစ်သည်တိုးပွါး သည်ရှိသော်။ မိမိ၏ကိန်းရာဖြစ်သော ပုဂ္ဂိုလ်ကိုအပါယ်လေးပါးသို့သာ ဆောင်သွားတတ်သည်။

မျောက်စသော သတ္တဝါတို့ကိုထောင်သော စေးနှဲသော ညောင်စေး စသော အနှံ့အစေးသည် မျောက်စသော သတ္တဝါတို့၌ ကပ်ငြိသကဲ့သို့ လောဘသည် အာရုံ၌ကပ်ငြိသည် ဟူရာ၌။ ထိုအနှံ့ အစေးသည် ကပ်ငြိ သည်ပင် ဆိုသော်လည်း အလွန်ရှည်လျား မြင့်ကြာမရှိ ကွာပြယ်ကျွတ် လွယ်သေး၏။သားမယား ရွှေငွေစသော လောဘနိယ အာရုံတို့၌ကပ်ငြိ သော လောဘသော်ကား ဘဝတပါးမှ ဘဝတပါးကူးပြောင်းသည်တိုင် အောင်လည်း မကွာမပြယ် ငြိတွယ်တတ်သည်။ ဘဝကူးပြောင်းသည် တိုင်အောင် ကပ်ငြိကြောင်းကိုကား မိမိမယား၌ကပ်ငြိ တွယ်တာသော လောဘကို မခွါနိုင်သောကြောင့် လင်ယောကျာ်းသည် သေလွန်သော အခါ ထိုမယား၏မိန်း၌ပင် မြွေဖြစ်ရကြောင်း။ ၎င်းဘဝမှ ရုတေပြန်လျှင် လည်း တဖန်ပင် ခွေးဖြစ်လာရကြောင်း။ ၎င်းဘဝမှရုတေပြန်လျှင်လည်း တဖန်ပင်နွားဖြစ်လာရကြောင်း။ ထိုဘဝမှရုတေပြန်လျှင်လည်း ထိုလေး ဘဝတို့၌ ထိုမိန်းမ၏ ပယောဂကြောင့်ချည်းသာ သေရသော်လည်း ထို မိန်းမ၌ကပ်ငြိသော လောဘသည် မပြယ်မကွာသေးသည်ဖြစ်၍ တဖန် ပင် ထိုမိန်းမ၏သား ဖြစ်လာရကြောင်း စသည်ကိုပြဆိုသောဝတ္ထု။ မိမိ ဥစ္စာ၌ ကပ်ငြိသော လောဘကို မခွါနိုင်သောကြောင့် သေသောအခါ ဥစ္စာစောင့် ပြိတ္တာဖြစ်ခြင်း။ မိမိဥစ္စာ၌ ကပ်ငြိသော လောဘကို မခွါနိုင် သောကြောင့် သေသောအခါ ထိုဥစ္စာထားရာအရပ်၌မြွေဖြစ်ရကြောင်း။ ထို့အတူကြွက်ဖြစ်ရကြောင်းကို ပြဆိုသောဝတ္ထုစသည်ကို ထောက်၍ သိအပ်၏။

ဒိဋ္ဌိစေတသိက်မှာ။ မဟုတ်မမှန် ဖောက်ပြန် မှားယွင်းသော အားဖြင့် မြင်တတ် သောကြောင့် ဒိဋ္ဌိမည်သည်။ ဒိဋ္ဌိသည် ယာထာဝဒဿန ဖြစ်သော သမ္မာဒိဋ္ဌိ အယာထာဝဒဿန ဖြစ်သော မိစ္ဆာဒိဋ္ဌိ ဟူ၍ နှစ်ပါးရှိသည်။ ဒိဋ္ဌိ သဒ္ဒါသည်လည်း ၎င်းနှစ်ပါးလုံးကိုပင်ဟောနိုင်သည်။ ဤအရာ၌လည်း မိစ္ဆာဒိဋ္ဌိဟူ၍လည်း မိစ္ဆာသဒ္ဒါနှင့် ဝိသေသမဆို သမ္မာဒိဋ္ဌိဟူ၍လည်း သမ္မာသဒ္ဒါနှင့် ဝိသေသမဆို။ ကေဒေသဿ ဂဟဏေ အသတိ ဂဟေတဗ္ဗဿ အတ္တဿ နိပ္ပဒေသတာ ဝိညာယတိ။ ကေဒေသဿ၊ တစိတ်သော ဝိသေသအနက်ကို။ ဂဟဏေ၊ ယူခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ ဂဟေတဗ္ဗဿ၊ ယူအပ်သော။ အတ္တဿ၊ အနက်၏။ နိပ္ပဒေသတာ၊ အကြွင်းအကျန် မရှိသည်၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်၏။ ဟူသည်နှင့်အညီ အစိတ်ကိုမယူသော် အကြွင်းမရှိ အလုံးစုံကို အကုန်ယူသင့်ရကား။ ဤ၌ မိစ္ဆာဒိဋ္ဌိဟူ၍၎င်း၊ သမ္မာဒိဋ္ဌိဟူ၍၎င်း၊ အစိတ်ဝိသေသကို မယူမဆိုသောကြောင့် နှစ်ပါးလုံးကိုပင် ယူသင့်ရာပါသည် မဟုတ်လော။ ထိုသို့လျက် အဘယ်ကြောင့် အယာထာဝဒဿနဖြစ်သော မိစ္ဆာဒိဋ္ဌိကိုသာယူလေသနည်းဟူမူ။ သာမညဇောတနာယ ဝိသေသေ အဝဋ္ဌာနတော ဝိသေသတ္ထိနာ ဝိသေသော ပယောဇိယတိ။ သာမညဇောတနာယ၊ သာမညအနက်ကိုထွန်းပြတတ်သောသဒ္ဒါ၏။ ဝိသေသေ၊ ဝိသေသအရာ၌။ အဝဋ္ဌာနတော၊ တည်ခြင်းကြောင့်။ ဝိသေသတ္ထိနာ၊ ဝိသေသအနက်ကို အလိုရှိသောသူသည်။ ဝိသေသော၊ ဝိသေသအနက်ကို။ ပယောဇိယတိ၊ ယှဉ်အပ်၏။ ဟူသည်နှင့် အညီ အနက်သာမန်ကို ဟောသော သဒ္ဒါသည် ဝိသေသအရာ၌ တည်ရကား။ ဝိသေသကိုလိုသောသူသည် ဝိသေသအနက်ကိုပင် ယူနိုင်ရကား။ ဤ၌ဒိဋ္ဌိသဒ္ဒါသည် သာမညဒိဋ္ဌိနှစ်ပါးကိုပင် ဟောနိုင်သော်လည်း ဝိသေသအရာ၌တည်သည်ဖြစ်၍ ဝိသေသအနက်ကိုယူလိုသောကြောင့် အယာထာဝဒဿန ဖြစ်သော မိစ္ဆာဒိဋ္ဌိကိုသာယူပါသည်ဟူလေ။

ဘနည်း။ သာမညဝစနော ပိ သဒ္ဒေါ သဒ္ဒန္တရသန္နိဓာနေန ဝိသေသဝိသယော။ သဒ္ဒေါ၊ သဒ္ဒါသည်။ သာမညဝစနော ပိ၊ အနက်သာမန်ကိုပင် ဟောသော်လည်း။ သဒ္ဒန္တရသန္နိဓာနေန၊ သဒ္ဒါတပါးနှင့်တကွ

တည်သောကြောင့်။ ဝိသေသဝိသယော၊ ထူးသောအနက်လျှင်အရာရှိ၏။ ဟူသည်နှင့်အညီ သဒ္ဒါသည် သာမည အနက်ကိုပင် ဟောသော်လည်း။ တပါးသော သဒ္ဒါနှင့်တကွ တည်သောကြောင့် အနက်အထူးကိုဟောရကား။ ဤ၌ ဒိဋ္ဌိသဒ္ဒါသာမညဒိဋ္ဌိကိုပင် ဟောသော်လည်း။ မောဟ,အဟိရိက,လောဘ, အစရှိသော သဒ္ဒါတို့နှင့်တကွ တည်သောကြောင့် မိစ္ဆာဒိဋ္ဌိလျှင် ဟောအရာရှိရကား။ အယာထာဝ ဒဿန ဖြစ်သော မိစ္ဆာဒိဋ္ဌိကို သာယူပါသည် ဟူလေ။ တနည်း။ သာမညဝစနဿာပိ ဟိ အတ္ထပကရဏာဒိနာ ဝိသေသဝိသယတာ ဟောတိ။ **ဋီကာကျော်။** ။ဟိ သစ္စံ၊မှန်၏။ သာမညဝစနဿာပိ၊ သာမညအနက်ကို ဟောသောသဒ္ဒါ၏လည်း။ အတ္ထပကရဏာဒိနာ၊ အနက်အရာစသောအားဖြင့်။ ဝိသေသဝိသယတာ ထူးသော အနက်လျှင်အရာရှိသည်၏အဖြစ်သည်။ ဟောတိ၊ ၏။ ဟူသည်နှင့်အညီ။ အနက်,အရာ,လိင်,ဩစိတ္တ,ကာလ,ဒေသ,အားလျော်စွာ။ ထူးသောအနက်လျှင် အရာရှိရကား ဤ၌အကုသိုလ် စေတသိက်တို့ကိုပြဆိုသောအရာဖြစ်၍ အရာအားလျော်စွာအယာထာဝဒဿနဖြစ်သော မိစ္ဆာဒိဋ္ဌိကိုသာယူပါသည် ဟူလေ။

ဤဒိဋ္ဌိသည် မှားသော မသင့်သော အားဖြင့် နှလုံးသွင်းခြင်း လက္ခဏာရှိ၏။ အနိစ္စစသည်မှတပါး နိစ္စစသောအားဖြင့် သုံးသပ်ခြင်းကိစ္စရှိ၏။ မှားသော အားဖြင့် နှလုံး သွင်းတတ်သော အရေးဟူ၍ ညာဏ်အား ထင်ခြင်းရှိ၏။ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းဖြစ်သော အရိယာပုဂ္ဂိုလ်တို့ကို မဖူးတွေ့လို မမြင်လိုသည်၏ အဖြစ်စသည်လျှင် နီးစွာသော အကြောင်းရှိ၏။ မိစ္ဆာဒိဋ္ဌိကံသည် အနန္တရိယကံများထက်ပင် အလွန်အကြူးထူး၍ အပြစ်ကြီးသောကြောင့် ဤဒိဋ္ဌိကို အပြစ်ဟူသမျှ တို့ထက် အလွန်ဆုံးသော အပြစ်ဟူ၍ မှတ်လေ။ ဤဒိဋ္ဌိသည် ကူးခတ် လွန်မြောက် နိုင်ခဲလှသောကြောင့် အလွန်ထူထပ်သော ဝေဝါအုံတောင်ကမ်းနှင့်တူ၏။ စောရကန္တာရ၊ ခိုးသူရှိသောခရီးခဲ။ ဝါဠကန္တာရ၊ သားရဲရှိသောခရီးခဲ။ မရုကန္တာရ၊ တပြင်တည်းသဲသာရှိသောခရီးခဲ။ နိရုဒကကန္တာရ၊ ရေမရှိသောခရီးခဲ။ ဒုဗ္ဘိက္ခကန္တာရ၊ အစာအာဟာရ ရခဲရှားပါးသော ခရီးခဲတို့သည် ရုံ့ရှာ ကြောက်မက်ဖွယ်ရှိသကဲ့သို့။ ရုံ့ရှာကြောက်မက်ဖွယ်နှင့် တကွဖြစ်သော သဘော

ကြောင့် ကြီးစွာသော ခရီးခဲနှင့်လည်း တူ၏။ မိစ္ဆာဒိဋ္ဌိဖြစ်သည်ရှိသော် သမ္မာဒိဋ္ဌိကို ရှုးဝင်ရကား သမ္မာဒိဋ္ဌိကိုရှုးဝင်တတ်သောသဘောကြောင့် သတ္တဝါတို့ကို ရှုးဝင်တတ်သော ငြောင့်တံသင်းနှင့်လည်းတူ၏။ အာရုံကို မြဲစွာယူတတ်သောကြောင့် လူကိုဖမ်းယူတတ်သော မိကျောင်း စသည်နှင့်လည်း တူ၏။

မျက်စိလည်သည်ဖြစ်၍ တောင်ကိုမြောက် မြောက်ကိုတောင်စသည် ဖြင့် ထင်မှတ်သော အရပ်မျက်နှာ၌ တွေဝေသောသူသည်။ ဤခရီးကား ဤမည်သောရွာသို့ သွားရောက်သော ခရီးတည်းဟု မှတ်ယူသော်လည်း ခရီးလွဲ ခရီးမှားကိုသာ ယူမိသဖြင့် ထိုခရီးသည် ရည်ရွယ်သွားလိုသော ရွာသို့ မရောက်စေဘဲ အလွဲသို့သာ ရောက်စေသကဲ့သို့၊ ဒိဋ္ဌိအမြင်အယူ ရှိသော ပုဂ္ဂိုလ်သည် ဤဒိဋ္ဌိ အယူသည် နတ်ရွာ သုဂတိသို့ ရောက် ကြောင်း ခရီးတည်းဟု ယူသော်လည်း ထိုဒိဋ္ဌိသည် နတ်ရွာ သုဂတိသို့ မရောက်စေနိုင်၊ အပါယ်သို့သာ ရောက်စေတတ် သောကြောင့် မဟုတ် မမှန်သော ခရီးလွဲ ခရီးမှား နှင့်လည်း တူ၏။

မာနစေတသိက်မှား၊ ငါသာမြတ်၏ စသည်ဖြင့် မှတ်ထင်တတ်သော ကြောင့် မာနမည်သည်။ ဤမာနသည် တက်ကြွထောင်လွှားခြင်း ဥဏ္ဏတိ လက္ခဏာရှိ၏။မြှောက်ပင့်ခြင်းကိစ္စရှိ၏။ အမြင့်ဆုံးအထက်ဆုံးဖြစ်သော တံခွန် ကဲ့သို့ အထက် အမြင့်ဆုံး အမြတ်ဆုံး ပြုလိုသည်၏ အဖြစ်လျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ဒိဋ္ဌိဝိပ္ပယုတ်ဖြစ်သော လောဘလျှင် နီးစွာ သော အကြောင်းရှိ၏။ရူးသွပ်ခြင်းကဲ့သို့ မှတ်အပ်၏။ ဤမာနသည် အခါ ခါ အဆင့်ဆင့်ဖြစ်သည်ရှိသော်၊ရှေးရှေးမာနကိုထောက်၍ အလွန်တက် ကြွ ထောင်လွှား တတ်သော သဘောကြောင့် အဆင့်ဆင့် များစွာကုန် သော တံခွန်တို့တွင် အမြင့်ဆုံးဖြစ်သော တံခွန်နှင့်တူ၏။

ကေတုသဒ္ဒါ, ဓဇသဒ္ဒါ, ပဋာကသဒ္ဒါ, တို့၏ တံခွန်ဟော ပရိယာယ် အဖြစ်ကို။ ကေတုဓဇောပဋာကာစ-ဟူ၍ **အဘိဓာန်၌** ထုတ်ပြသည်။တံ ခွန်ဟူသော မြန်မာဝေါဟာရဝယ် စေတီတော်ကို ထီးတံခွန် စသည်တို့ ဖြင့် ပူဇော်သည် တံခွန်ကုက္ကား မုလေးပွါး စသည်တို့ဖြင့် ပူဇော်သည် စသည် ဟူရာ၌ တံခွန်တိုင် စသည်တို့၌ ဆွဲထား လှူဒါန်းသော အလံ

အပြားဖြစ်သော ကြီးကြီးငယ်ငယ်သော တံခွန်လုံး စသည်ကိုယူ။ ဤမာန၏ တံခွန်နှင့်တူကြောင်း နှိုင်းခိုင်းပုံပြသော အရာ၌ကား တက်ပွါးစေခင်မာန်၊ သွားတံခွန်ကို-ဟူသော ကိုးခန်းလင်္ကာ။ တံခွန်မသွား ရထားမတင့် ဟူသော ရှေးသူဟောင်းတို့စကား။ စစ်တံခွန်လွှင့်သည်ဟူ၍၎င်း, မင်းရဲကျော်စွာ လှေတော် တဆဲ့ရနှစ်လံရှိ ရွှေလောင်း၌ ရွှေတံခွန် စိုက်သည်ဟူ၍၎င်း, တပက်ဆွဲအရပ်၌ တပ်စွဲရပ်နေသော မင်းငယ်ကျော်ထင်ကို တိုက်မည်ဟု ပန်းရမြို့မှ တယဂါမဏိအမတ်ကြီး ထွက်သောအခါ ဆင်တံခွန်ကို လှည့်၍ ထွက်သည် ဟူ၍၎င်း,ရာဇဝင်ဝယ် ဆိုသောစကားတို့၌ကဲ့သို့ အလံကို တံခွန်ခေါ်သည်ဟုယူ။ ကေတုကမျတာ၌ ကေတုအရကို။ကေတု ဝုစ္စတိ ဗဟူသု ဓဇေသု အဗ္ဘုဂ္ဂတဓဇော-ဟု ဓဇသဒ္ဒါဖြင့် ပြဆိုသော အဋ္ဌသာလိနီအဋ္ဌကထာ။ မာန၏တံခွန်နှင့် တူကြောင်းကို။ မာနောပိ ပုနပ္ပုနံ ဥဂ္ဂစ္ဆမာနော အပရာပရေ ဥပါဒါယ အဗ္ဘုဂ္ဂဋ္ဌေန ကေတုဝိယာတိ ကေတု- ဟူ၍၎င်း, သမုဿိတဋ္ဌေန ဓဇော-ဟူ၍၎င်း, နှိုင်းခိုင်းပြဆိုသော ၎င်းအဋ္ဌကထာတို့ကို ထောက်သဖြင့်။ ကေတုကမျတာ စိတ္တဿ-ဟူသော ဓမ္မသင်္ဂဏီပါဠိတော်။ကေတုကမျတာပစ္စုပဋ္ဌာနော၊ ဟူသော အဋ္ဌသာလိနီအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်ဋီကာ၊ ဋီကာကျော်တို့၌။ ကေတုသဒ္ဒါ, ဓဇသဒ္ဒါ, တို့၏ အလံတည်းဟူသော တံခွန်ကို ဟောသည်၏ အဖြစ်ကိုလည်း သိလေ။ သိကြားမင်း အမှူးရှိသော တာဝတိံသာ နတ်စစ်သည် အပေါင်းတို့၏ အသုရာ စစ်သည် အပေါင်းတို့နှင့် တိုက်ခိုက်မည် စစ်အင် ကျင်းပ ပြိုင်ဆိုင် မိကြသော အရာဝယ် သုတ္တနိပါတ် ဓဇဂ်သုတ် ပါဠိတော်၌။ မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ စသည်။ ဓဇဂ္ဂံ ဥလ္လောကယတံ၊ စသည်ဖြင့် ဟောတော်မူသည်ကို ထောက်၍ စင်စစ် အလံကိုသာ တံခွန်ဟု ယူအပ်သည်၏ အဖြစ်ကိုလည်း သိလေ။

ဆရာဘို့ကား။ ကေတုသဒ္ဒါကို မှန်ကင်းဟော ယူ၍ စရပ်, တန်ဆောင်း, ကျောင်း, စသည်တို့ဝယ်, တယင်၌ စိုက်ထားအပ်သော မှန်ကင်းသည် မိမိတက်မြင့်သော တပုံတခုသော ဝတ္ထုမရှိပြီ။အလုံးပုံသော အဆောက်အဦတို့ထက် အမြင့်ဆုံးဖြစ်၍ မာနလည်း မိမိကိုယ်ကို သူတ

ပါးတို့ထက် အမြင့်အမြတ်ဆုံး ထားတတ် သောကြောင့် မာနသည် မှန်ကင်းနှင့် တူသည်ဟု ဆိုကုန်၏။ မြန်မာ ဝေါဟာရ အားဖြင့် မှန်ကင်းဟု ခေါ်ဝေါ်အပ်သော မှန်ကင်းရွက်ဖြစ်သောဝတ္ထုုထိုးတို့၏ အထက်၌တပ်ထားအပ်သော ဌက်မင်းနားဟု ခေါ်ဝေါ်အပ်သော ဝတ္ထုတို့သည်။အလံရွက်အရာ၌ တည်ကုန်မှု ထိုဆရာတို့၏ စကားသည်လည်း အသင့်ပင်ဖြစ်သည်။

မာနကိုးပါး

ဤမာနကား။သေယျမာန်,သဒိသမာန်,ဟီနမာန်,ဟူ၍ သုံးပါးရှိသည် ပုဂ္ဂိုလ်သည်လည်း သေယျပုဂ္ဂိုလ်,သဒိသပုဂ္ဂိုလ်,ဟီနပုဂ္ဂိုလ်,ဟူ၍ သုံးပါးပင်ရှိသည်။ ဤမာနသုံးပါးသည် အသီးအသီး ပုဂ္ဂိုလ်သုံးယောက်လုံး၌ပင် ဖြစ်ကောင်းသောကြောင့် မာနသည် ကိုးပါးပြား၏။ ထိုတွင် သူတပါးထက် လွန်ကဲ ထူးမြတ်သော သေယျပုဂ္ဂိုလ်အား ငါသည် သူတပါးတို့ထက် လွန်ကဲ ထူးမြတ်၏ဟု ဖြစ်သော မာနသည် သေယျ, သေယျမာန်မည်၏။မိမိကလွန်မြတ်ပါလျက် ငါသည်ထိုသူနှင့်တူ၏ဟု ဖြစ်သော မာနသည် သေယျ,သဒိသမာန်မည်၏။ ၎င်းပုဂ္ဂိုလ်အား ငါသည် ထိုသူအောက် ယုတ်ညံ့၏ဟု ဖြစ်သောမာနသည် သေယျ, ဟီနမာန် မည်၏။ သူတပါးတို့နှင့် အတူတူသာဖြစ်သော သဒိသပုဂ္ဂိုလ်အား ငါသည် ထိုသူနှင့်တူ၏ဟု ဖြစ်သော မာနသည် သဒိသ,သဒိသမာန်မည်၏။ ငါသည် ထိုသူတို့ထက် မြတ်၏ဟု ဖြစ်သော မာနသည် သဒိသ,သေယျမာန်မည်၏။ငါသည် ထိုသူအောက် ယုတ်ညံ့၏ဟု ဖြစ်သော မာနသည် သဒိသ, ဟီနမာန် မည်၏။ သူတပါးအောက် ယုတ်ညံ့သော ဟီနပုဂ္ဂိုလ်အား ငါသည် ထိုသူအောက် ယုတ်ညံ့၏ဟု ဖြစ်သော မာနသည် ဟီန, ဟီနမာန်မည်၏။ ငါသည် ထိုသူထက် မြတ်၏ဟု ဖြစ်သော မာနသည် ဟီန,သေယျမာန် မည်၏။ ငါသည် ထိုသူနှင့် တူ၏ဟု ဖြစ်သော မာနသည် ဟီန, သဒိသမာန်မည်၏။ထိုကိုးပါးတွင် သေယျ,သေယျမာန်၊ သဒိသ,သဒိသမာန်၊ ဟီန, ဟီနမာန်၊ ဤမာန်သုံးပါးတို့သည် ဟုတ်မှန်သည် အတိုင်းဖြစ်သောကြောင့် ယာထာဝမာန် မည်၏။ ကြွင်းမာန် ခြောက်ပါးသည်

မဟုတ်မမှန်ဘဲ ဖြစ်သောကြောင့် အယောသောမနသိကာရမည်၏။ယိုတွင် ယောနိသောမနသိကာရ သုံးပါးကို အရဟတ္တမဂ်ပယ်သည်။ အယောနိသောမနသိကာရ ခြောက်ပါးကို သောတာပတ္တိမဂ် ပယ်သည်။

ဒေါသစေတသိက်မှာ။ သမ္ပယုတ်တရားတို့၏ ပျက်စီးကြောင်း ဖြစ်သောကြောင့်၎င်း,မိမိသည်ပင် ပျက်စီးတတ်သောကြောင့်၎င်း, ပျက်စီးခြင်းမျှသာ ဖြစ်သောကြောင့်၎င်း,ဒေါသမည်သည်။တနည်း၊မိမိ၏ဖြစ်ရာ ပုဂ္ဂိုလ်ကို၎င်း,ဘပါးသော ပုဂ္ဂိုလ်ကို၎င်း, ဖျက်ဆီးတတ်သောကြောင့် ဒေါသမည်သည်။လက်ဖြင့်မစင်ကိုကိုင်၍ သူတပါးတို့အားပစ်ပက်သည် ရှိသော် ထိုမစင်သည် သူတပါးတို့အား စင်ထ လူးလည်းသည် သော်လည်းရှိရာ၏။မလူးလည်းသည်သော်လည်းရှိရာ၏။ မိမိ၏လက်ကိုသော်ကား လူးလည်းသည်သာ ဖြစ်သကဲ့သို့ ဒေါသသည် သူတပါးကိုသည်း ဖျက်ဆီး၍ ဆိုသော်လည်း သူတပါးတို့သည် ပျက်စီးသည်သော်လည်း ရှိရာ၏။မပျက်စီးသည်သော်လည်းရှိရာ၏။ မိမိ၏ဖြစ်ရာ ပုဂ္ဂိုလ်ကိုသော်ကား ဖျက်ဆီးသည်သာတည်း။ အယုတ်ဆုံး အားဖြင့် အဆင်းပျက်ခြင်း အဆင်းမလှခြင်း ဖောက်ပြန်ခြင်းသို့ ရောက်စေသော အားဖြင့် ဖျက်ဆီးတတ်သည်။ ထို့ကြောင့် ဒေါသသည် သူတပါးတို့အား ပစ်ပက် ခြင်းငှါ လက်ဖြင့် ကိုင်အပ်သော မစင်နှင့်တူ၏။သူတပါးတို့အား ပစ်ပက်အံ့သော ငှါ လက်ဖြင့် ကိုင်ယူအပ်သော မီးကျီးခဲပြာပူ ခဲသည်တို့နှင့်လည်းတူ၏။ တနည်း၊ မိမိ၏ မှီရာဖြစ်သော ပုဂ္ဂိုလ် မှီရာဖြစ်သောစိတ်ကို ပကတိသဘောမှ ဖောက်ပြန် ခြင်းသို့ ရောက်စေတတ် သောကြောင့် ဒေါသ မည်သည်။

ဤဒေါသည်၊ ဖွံကန် ခဲအုန် တို့ဖြင့် ရိုက်ပုတ် ပစ်ခတ် အပ်သော မြွေ ဟောက်သည် ခက်ထန် ကြမ်းတမ်းသကဲ့သို့ ကြမ်းကြုတ်ခက်ထန်သော သူ၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။မိမိ၏မှီရာဖြစ်သောပုဂ္ဂိုလ်ကို လောင်ခြင်းကိစ္စရှိ၏။တောမှဖြစ်သော တောမီး သည် မိမိ၏မှီရာတောကို လောင်သကဲ့သို့ ဒေါသသည် မိမိ၏မှီရာပုဂ္ဂိုလ်ကို လောင်တတ် ပျက်စီး စေတတ်သည်၊ တောမီးနှင့်ဒေါသ၊ တောနှင့်ပုဂ္ဂိုလ်တူ၏။ ဝါ၊ သံမှဖြစ်

သော သံချေးသည် မိမိ၏မှီရာသံကိုစား၍ ပျက်ဆီးသကဲ့သို့ မိမိ၏ကိန်းရာပုဂ္ဂိုလ်ကိုပျက်ဆီးစေတတ်သောကြောင့် ဒေါသသည် သံချေးနှင့်လည်းတူ၏။ မနောပဒေါသိက နတ်တို့၏ ဒေါသသည် ထိုနတ်တို့အား ပုတောခြင်းသို့ ရောက်စေအောင်ပင် ပျက်ဆီးသည်။ ရအပ်သော နှိပ်စက်ခွင့်ရှိသော နှိပ်စက်ခွင့်ကိုရသော ရန်သူသည် ပ ဖက်ရန်သူကို နှိပ်စက်ပျက်ဆီးသကဲ့သို့ နှိပ်စက်ပျက်ဆီးခြင်းလျှင် ဉာဏ်အားထင်ခြင်းရှိ၏။ အာဃာတဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။

[အာဃာတဝတ္ထုကိုးပါးတို့ကိုဒေါသမူလစိတ်တို့ကိုပြဆိုသော အရာ၌ပြဆိုခဲ့ပြီ။ ဤဒေါသကို အဆိပ်နှင့်ရောသော ကျင်ငယ်ပုပ်ကဲ့သို့မှတ်အပ်၏ဟု အဋ္ဌကထာ၌ဆို၏။]

ဣဿာစေတသိက်ဖွင့်။ သူတပါးတို့၏စည်းစိမ်ကို ငြူစူတတ် သည်းမခံနိုင် တတ်သည်၏ အဖြစ်ကြောင့် ဣဿာမည်သည်။ ဣဿတီတိ ဥသူယတိ၊ နသဟတိ။ **မဏိမဉ္ဇူ**။ ဣဿတိတိ၊ ဣဿတိဟူသည်ကား။ ဥသူယတိ၊ ငြူစူတတ်၏။ နသဟတိ၊ သည်းမခံနိုင်။ ထိုဣဿာသည် သူတပါးတို့စည်းစိမ်ကို ငြူစူခြင်း သည်းမခံနိုင်ခြင်း လက္ခဏာရှိ၏။ ထိုသူတပါးကို စည်းစိမ်၌ မမွေ့လျော်နိုင်ခြင်း ကိစ္စရှိ၏။ မကြည့်မမြင်လိုဘဲ ထိုသူတပါးတို့စည်းစိမ်မှမျက်နှာလွှဲသည်၏ အဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်ခြင်းရှိ၏။ သူတပါးတို့စည်းစိမ်လျှင် နီးစွာသော အကြောင်းရှိ၏။

တနည်း။ သူတပါးတို့၏ ရအပ်သောလာဘသက္ကာရ စသည်တို့၌ ဤသူတို့အား ဤလာဘ်ကိုရသဖြင့် အဘယ်အကျိုးရှိအံ့နည်း စသည်ဖြင့် သူတပါးတို့၏ လာဘသက္ကာရ စသော စည်းစိမ်ကို ကဲ့ရဲ့ရှုတ်ချခြင်း လက္ခဏာရှိ၏။ လာဘသက္ကာရ စသည်တို့တွင် သင်္ကန်းစသော ပစ္စည်းလေးပါးသည် လာဘမည်၏။ ကောင်းမွန်စွာ ပြုပြင်စီရင်အပ်သော ကောင်းမြတ်သော ပစ္စည်းလေးပါးသည် သက္ကာရ အရိုအသေ အလေး အမြတ်ပြုခြင်းသည် ဂရုကာရ၊ ပဒက္ခိဏတိုဖြင့် ရှိခိုးခြင်းသည် ဝန္ဒနာ၊ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ခြင်းသည် ပူဇနာ၊ ထိုလာဘ စသည်တို့ကို သူတပါးတို့ ရသည်ရှိသော် ဤသူတို့အား ဤလာဘ စသည်ဖြင့် အဘယ်မှုစအံ့

နည်း အဘယ်အကျိုး ရှိအံ့နည်းဟု ဣဿာရှိသောသူသည် ကဲ့ရဲ့ရှုတ်ချ တတ်၏၊ရခြင်းကိုအလိုမရှိ။

ဣဿာသည် လူတို့၌လည်းဖြစ်၏။ ရဟန်းတို့၌လည်းဖြစ်၏။ လူတို့၌ အချို့သော သူသည် လယ်ယာလုပ်ဆောင် ရောင်းဝယ် ကူးသန်းခြင်း စသည်တို့တွင် တခုခုသော အသက်မွေးကြောင်းအမှုဖြင့် မိမိ၏ လုံ့လ ဥဿာဟကိုအမှီပြု၍ကောင်းသောယာဉ်ရထားစသောအသုံးအဆောင် အဆောက်အဦ တို့ကိုရင်း။ ရွှေငွေရတနာ စသော ဥစ္စာတို့ကိုရင်းရ၏။ တဦးသောသူသည် ထိုသူ၏ရခြင်းကို အလိုမရှိသည်ဖြစ်၍ ထိုရခြင်းဖြင့် မနှစ်သက် ဤသူသည် ဤစည်းစိမ်မှ အဘယ်အခါ၌ ဆုတ်ယုတ် ပျက်စီး ၍ အထီးကျန်သဖြင့် တောင်းစား ယမ်းစား သွားလာလှည့်ပတ် ရသည် ဖြစ်ပါအံ့နည်းဟုကြံ၍ တစုံတခုသောအကြောင်းဖြင့် ထိုသူသည်ထိုစည်း စိမ်မှဆုတ်ယုတ်သည်ရှိသော် ဝမ်းမြောက်ခြင်းဖြစ်၏။ ရဟန်းတို့၌လည်း တယောက်သော ဣဿာရှိသော ရဟန်းသည် တပါးသော ရဟန်းတို့ အား မိမိတို့၏ သုတ ပရိယတ် စသည်ကို အမှီပြု၍ ဖြစ်သော စည်းစိမ်ကို မြင်၍ ဤရဟန်းသည် အဘယ်အခါ ဤစည်းစိမ်မှ ဆုတ်ယုတ် ပျက်စီး ပါအံ့နည်းဟု ကြံ၍ တစုံတခုသော အကြောင်းဖြင့် ထိုစည်းစိမ်မှ ဆုတ် ယုတ်ပျက်စီးသည်ကိုမြင်သော် နှစ်သက်ဝမ်းမြောက်၏။

မစ္ဆရိယစေတသိက်မှာ။ မိမိ၏စည်းစိမ်ကို လျှို့ဝှက်တတ်သောသူ၏ အဖြစ်တည်းဟူသော တရားဖြစ်၍ မစ္ဆရိယမည်သည်။ **တနည်း**။ လက် ဖျစ်တီး၍ အံ့ချီးလောက်အောင် အံ့ဘွယ်သရဲ လွန်ကဲထူးမြတ်သော ဤ ဝတ္ထုသည် ငါ့အားသာဖြစ်ပါစေ သူတပါးတို့အား မဖြစ်ပါစေသတည်း ဟု ဖြစ်တတ်သော သဘောဖြစ်၍ရင်း မစ္ဆရိယမည်သည်။ ထိုမစ္ဆရိယ သည် ရပြီးရလတ္တံ့သော မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း လက္ခဏာရှိ၏။ ထိုသို့သဘောရှိသော မိမိစည်းစိမ်ကိုပင် သူတပါးတို့နှင့် ဆက်ဆံသည် ၏အဖြစ်၌ မနှစ်သက်ခြင်း သည်းမခံနိုင်ခြင်းကိစ္စရှိ၏။စိတ်၏တွန့်တိုခြင်း လျှင် ဉာဏ်အားထင်ခြင်းရှိ၏။ ဝါ၊ မိမိပစ္စည်းကိုတောင်းယူအံ့သောသူကို မြင်၍ မြင်သည်ရှိသော် ခါးစပ်သည်၏ အဖြစ်ဖြင့် တွန့်တို ဆုတ်နစ်သော

ဝိတ်၏ အဖြစ်လျှင် ဉာဏ်အား ရှေ့ရှု ထင်ခြင်းရှိ၏။ မိမိ စည်းစိမ်လျှင် မစ္ဆရိယဖြစ်ခြင်း၏ အကြောင်းဟူသမျှတို့ထက် နီးစွာသော အကြောင်း ရှိ၏။

မစ္ဆရိယငါးပါး

ပဉ္စမစ္ဆရိယာနိ အာဝါသမစ္ဆရိယံ ကုလမစ္ဆရိယံ လာဘမစ္ဆရိယံ ဝဏ္ဏမစ္ဆရိယံ ဓမ္မမစ္ဆရိယံ။ ဟု **မြတ်စွာဘုရားသခင်** ၌ မစ္ဆရိယငါးပါးကို ဟောတော်မူ၏။ ထိုငါးပါးတွင် အလုံးစုံသော ကျောင်းတိုက်အရပ်၊ အသီးအသီးသော ကျောင်းအရပ်၊ တခုသောတိုက်ခန်း စသည်သည် အာဝါသမည်၏။ ထိုအာဝါသ၌ နေရသည်ရှိသော် ချမ်းသာစွာနေရ၏၊ ပစ္စည်းတို့ကို ရကုန်၏။တယောက်သောရဟန်းသည် တပါးသောသီလ ဝန္တ သိက္ခာကာမ ရဟန်း၏ ထိုအာဝါသသို့ လာခြင်းကို အလိုမရှိ လာ ရောက်သော်လည်း လျင်စွာသွားပါစေဟု ကြံအောက်မေ့၏။ဤသို့တပါး သော ရဟန်း၏ ထိုအာဝါသသို့ လာရောက်ခြင်းကို အလိုမရှိခြင်းသည် အာဝါသ မစ္ဆရိယမည်၏။ ခိုက်ရန်ငြင်းခုံခြင်းစသည်ကို ပြုတတ်သော ရဟန်းတို့၏ ထိုအာဝါသသို့လာရောက်ခြင်းကိုအလိုမရှိရာ၌ကား အာဝါ သမစ္ဆရိယမဖြစ်။အလုပ်အကျွေးသည်ရင်း ဆွေမျိုးသည်ရင်း ကုလမည် ၏။ ထိုကုလ၌ တပါးသောရဟန်း၏ လာရောက်ခြင်းကို အလိုမရှိသော ရဟန်းအား ကုလမစ္ဆရိယ ဖြစ်၏။ ယုတ်မာသော ရဟန်းတို့၏ လာ ရောက်ခြင်းကိုကား အလိုမရှိသော်လည်း ကုလမစ္ဆရိယမဖြစ်။ ပစ္စည်း လေးပါးသည် လာဘ မည်၏။ ထိုလာဘ်ကို တပါးသော သီလဝန္တ ရဟန်း ရသည်ရှိသော် မရပါစေနှင့်ဟု ကြံသော ရဟန်းအား လာဘ မစ္ဆရိယဖြစ်၏။အကြင်ရဟန်းသည် ဒါယကာတို့၏ သဒ္ဓါတရားကိုဖျက် ဆီးတတ်၏။ ဒါယကာတို့ လှူသောပစ္စည်းကို အလျဉ်းပင် မသုံးဆောင် ခြင်း မကောင်းသဖြင့်သုံးဆောင်ခြင်းစသည်တို့၏ အစွမ်းဖြင့်ဖျက်ဆီး၏။ ပုပ်သိုးဆွေးမြေ့ခြင်းသို့ပင်ရောက်သော်လည်း သူတပါးတို့အားမပေးထို ကိုမြင်၍ အကယ်၍ ဤရဟန်းမရသည်ဖြစ်အံ့ တပါးသောသီလရှိရဟန်း ရ၍ သုံးဆောင်ခြင်းသို့ရောက်ရာ၏ ဤသို့ကြံသောရဟန်းအား လာဘ

မစ္ဆရိယမဖြစ်။ ကိုယ်အဆင်းသည်၎င်း တရုံတခုသော ဂုဏ်သည်၎င်း ဝဏ္ဏ မည်၏။ ထိုနှစ်ပါးတွင် အဆင်း၌ ဝန်တိုခြင်း မစ္ဆေရ ရှိသောသူသည် ဤသူကား ကြည်ညိုဘွယ် ရှိပေသည် အဆင်းလှပေသည်ဟု သူတပါးတို့ ချီးမွမ်း ပြောဆိုသည်ရှိသော် ထိုစကားကို မဆိုနိုင် မဆိုလို။ ဂုဏ်၌ ဝန်တိုခြင်း မစ္ဆေရ ရှိသောသူသည် ဤပုဂ္ဂိုလ်ကား ဤသို့သော ဂုဏ်ရှိပေသည်ဟု သီလဓုတင် အကျင့် အာစာရဖြင့် ဂုဏ်ကို သူတပါးတို့ဆိုသည်ကို မနှစ်သက် မဆိုလို မဆိုနိုင်သော ရဟန်းအား ဝဏ္ဏမစ္ဆရိယဖြစ်၏။ ပရိယတ္တိဓမ္မသည်၎င်း ပဋိဝေဓဓမ္မသည်၎င်း ဓမ္မမည်၏။ ထိုနှစ်ပါးတွင် အရိယာပုဂ္ဂိုလ်တို့သည် မိမိရအပ် သိအပ်သော မဂ်ဖိုလ်ဟူသော ပဋိဝေဓဓမ္မကို နတ်နှင့်တကွသော လောက၏ ရခြင်း သိခြင်းကိုသာ အလိုရှိကုန်သည်။ ထိုပဋိဝေဓဓမ္မကို သူတပါးတို့ မရမသိပါစေကုန်လင့်ဟု မကြံကုန်။ ဓမ္မမစ္ဆရိယ မည်သည် ပရိယတ္တိဓမ္မ၌သာ ဖြစ်သည် ထိုဓမ္မမစ္ဆရိယ ရှိသောသူသည် လျှို့ဝှက် နက်နဲသော အကြင် ကျမ်းဂန် စကားအစဉ်ကို မိမိတတ်သိ၏။ ထိုကျမ်းဂန် စကားအစဉ်ကို သူတပါးတို့မသိစေခြင်း အကြင်သူမူကား ပုဂ္ဂိုလ်ကိုပုံစမ်းဆင်ခြင်၍ ဓမ္မကိုချီးမြှင့်ထောက်ပင့်သော အားဖြင့်၎င်း၊ ဓမ္မကိုပုံစမ်းဆင်ခြင်၍ ပုဂ္ဂိုလ်ကိုချီးမြှင့်ထောက်ပင့်သော အားဖြင့်၎င်း မပေး။ ဤသို့သော မပေးခြင်းသည် ဓမ္မမစ္ဆရိယမည်၏။ ထိုဓမ္မာနုဂ္ဂဟအားဖြင့် မပေးခြင်း ပုဂ္ဂလာနုဂ္ဂဟ အားဖြင့် မပေးခြင်း နှစ်ပါးတွင် အချို့သော ပုဂ္ဂိုလ်သည် လျှပ်ပေါ်၏။ တရံတခါ ရဟန်း၊ တရံတခါ ပုဏ္ဏား၊ တရံတခါ နိဂဏ္ဌဖြစ်၏။ ထိုပုဂ္ဂိုလ်ကို ဤသူကား ဆရာစဉ်ဆက်ပဝေဏီအားဖြင့် လာသောပါဠိ၊ သိမ်မွေ့နူးညံ့သော [illegible]အထူးကို ဖနှောင့်ယှက်လတ္တံ့။ ဤသို့ကြံ၍မပေးခြင်းသည် ပုဂ္ဂိုလ်ကိုဆင်ခြင်၍ ဓမ္မာနုဂ္ဂဟအားဖြင့် မပေးခြင်းမည်၏။ ဤတရားသည် သိမ်မွေ့နူးညံ့လှ၏ ဤပုဂ္ဂိုလ်သည် အကယ်၍ သင်ယူရသည်ဖြစ်အံ့ ဗျာနလာဘိ အရိယာအဖြစ် စသည်ကို ပြောကြား၍ မိမိကိုယ်ကို ဖျက်ဆီးလတ္တံ့ဟု ကြံ၍မပေးခြင်းသည် ဓမ္မကိုဆင်ခြင်၍ ပုဂ္ဂလာနုဂ္ဂဟအားဖြင့် မပေးခြင်း မည်၏။ ဤသူသည် ဤဓမ္မကိုသင်ယူရသည်ရှိသော် ငါတို့အယူကို ဖျက်ဆီးလတ္တံ့ဟုကြံ၍ မပေးခြင်းသည် ဓမ္မမစ္ဆရိယမည်၏။

ထိုငါးပါးတွင် အာဝါသ မစ္ဆရိယကြောင့် ဘီလူးသော်၎င်း ပြိတ္တာသော်၎င်း ဖြစ်၍၊ ထိုအာဝါသ၏ တမြက်ချေးအမှိုက်တို့ကို ဦးခေါင်းဖြင့် ရွက်၍လှည့်လည်ရ၏။ ကုလမစ္ဆရိယကြောင့် မိမိဆွေမျိုးအလုပ်အကျွေး ဒါယကာတို့သည်။ တပါးသော ရဟန်းတို့အား ပေးလှူခြင်း မြတ်နိုးခြင်း စသည်တို့ကိုပြုသည်ကိုမြင်၍ ငါ၏အမျိုးဒါယကာတို့သည် ပျက်စီးခဲ့ပြီဟု ကြံ၍သောရဟန်းအား ခံတွင်းမှ သွေးသော်လည်းအန်၏။ ဝမ်းလျှောခြင်းသော်လည်းဖြစ်၏။ အူတို့သော်လည်း အပိုင်း အပိုင်း ပြတ်၍ထွက်ကုန်၏။ လာဘမစ္ဆရိယကြောင့် သံဃာ၏၎င်း, ဂိုဏ်းပုဂ္ဂိုလ်၏၎င်း, ဥစ္စာဖြစ်သော လာဘ်၌ဝန်တို၍ ပုဂ္ဂလိကကိုကဲ့သို့ သုံးဆောင်၍ ဘီလူးသော်၎င်း, ပြိတ္တာသော်၎င်း, စပါးကြီးမြွေ သော်၎င်, ဖြစ်၍ ဖြစ်ရ၏။ သရီရဝဏ္ဏမစ္ဆရိယ, ပရိယတ္တိဓမ္မမစ္ဆရိယ,ဖြင့် မိမိ၏အဆင်းဂုဏ်ကိုသာ ချီးမွမ်း၍သူတပါး၏အဆင်းဂုဏ်ကိုချီးမွမ်းသည်ရှိသော် ဤဂုဏ်ဤအဆင်းသည် အဘယ်ဂုဏ် အဘယ်အဆင်း ဆိုလောက်အံ့ နည်းဟု ဆိုသည်ဖြစ်၍၎င်း,ပရိယတ္တိဓမ္မကိုလည်း တပုဒ်တယောက်သောသူအား တပုဒ်တချသောဓမ္မကို မပေးသည်ဖြစ်၍၎င်း,အဆင်းမလှခြင်း အရီအရည်ယိုသော ခံတွင်းရှိခြင်းဖြစ်၏။ တနည်းလည်း၊ အာဝါသမစ္ဆရိယကြောင့် ရဲရဲပြောင်ပြောင် တောက်လောင်သော သံအိမ်၌ရဲ၌ ခံရကျက်ရ၏။ ကုလမစ္ဆရိယကြောင့် လာဘ်နည်းခြင်း လာဘ်မရခြင်းဖြစ်၏။ လာဘမစ္ဆရိယကြောင့် ဘင်ပုပ် ငရဲ၌ ဖြစ်၏။ ဝဏ္ဏမစ္ဆရိယကြောင့် ဘဝတိုင်း ဘဝတိုင်း၌ပင် အဆင်းလှခြင်း မည်သည် မဖြစ်နိုင်။ ဓမ္မမစ္ဆရိယကြောင့် ပြာပူ ငရဲ၌ ဖြစ်ရ၏။

ဤမစ္ဆရိယသည် အဏ္ဏတ္တတရားကိုသာ အာရုံပြုသည် ဗဟိဒ္ဓတရားကိုအာရုံမပြုနိုင်ဟုအချို့သောဆရာတို့ဆိုကုန်၏။ မာတိကာအရကောက်တို့၌လည်း အဏ္ဏတ္တာ ရမ္မဏာ ဓိက်ဝယ် ဗဟိဒ္ဓါရမ္မဏာ မွှော-ဟူသော ဒုတိယ ပုဒ်၏ အရကိုကောက်ရာ ဗဟိဒ္ဓာ..ရားကို အာရုံပြု၍ ကာမဇတ် ငါးဆဲ့လေးခု အဘိညာဏ်ခွေ မစ္ဆရိယကြဉ်သော စေ..သိက် ငါးပညာသရ၏ဟူ၍ မစ္ဆရိယကိုကြဉ်၍ ကောက်ကုန်၏။ ထိုမာတိကာ အကောက် ဆရာတို့ အလိုအားဖြင့်လည်း မစ္ဆရိယသည် ဗဟိဒ္ဓ..ရား

ကိုအလျှင်းပင် အာရုံမပြုနိုင်။ကေန္တာ့အားဖြင့် အဇ္ဈတ္တတရားကိုသာ အာရုံပြုသည်ဟု ယူလိုကုန်၏။ မစ္ဆရိယ ငါးပါးတွင် အာဝါသ မစ္ဆရိယသည် ကျောင်းတိုက် အရာမြေစသော အာဝါသကို အာရုံ ပြုသည်။ ကုလမစ္ဆရိယသည် အမျိုးစသော ကုလကို။ လာဘမစ္ဆရိယသည် သင်္ကန်း,ဆွမ်း, စသော လာဘကို အာရုံပြုသည်။

[ထိုအာဝါသ, ကုလ,လာဘ, တို့သည်လည်း။ တရံတဆစ်မှု ထိုမစ္ဆရိယ ပုဂ္ဂိုလ်၏ အဇ္ဈတ္တမဖြစ် စင်စစ်ဗဟိဒ္ဓသာ ဖြစ်သော ကြောင့် မစ္ဆရိယသည် အဇ္ဈတ္တ တရားကိုသာ အာရုံပြုသည်ဟု ယူကြ ဆိုကြသော ဆရာတို့ အယူ စကားကို မသင့် ဟူ၍သာ မှတ်လေ။]

ကုက္ကုစ္စစေတသိက်မှာ။ပြုအပ်ပြီးသောဒုစရိုက် မပြုလိုက်ရ မပြုလိုက် မိသော သုစရိုက်အမှု ဟူသော ကဲ့ရဲ့ စက်ဆုပ် ဖွယ်သော အမှုကို အာရုံ ပြုသော စိတ်၏ အဖြစ်ဟူသော သဘောဖြစ်၍ ကုက္ကုစ္စ မည်သည်။ ထို ကုက္ကုစ္စသည် ဒုစရိုက် အမှုကို ပြုပြီးသည်မှာလည်း, သုစရိုက် အမှုကို မပြု လိုက်မိသည်မှာလည်း, နောက်ကာလ၌ ထိုပြုအပ် ပြီးသော ဒုစရိုက်, မပြု လိုက်ရ, မပြုလိုက်မိသော သုစရိုက် တို့ကိုပင် အာရုံပြု၍ အထပ်ထပ် အဖန်ဖန် ပူပန်ခြင်း လက္ခဏာရှိ၏။ ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက်ရ သောသုစရိုက်ကို အဖန်တလဲလဲ စိုးရိမ်ခြင်း ကိစ္စရှိ၏။ဖောက်ပြန်သော စက်ဆုပ်ဖွယ်သော ရှေ့ရှုဘဖန် အောက်မေ့ခြင်းဟူ၍ ဉာဏ်အား ရှေ့ရှု ထင်ခြင်းရှိ၏။ပြုအပ်ပြီးသောဒုစရိုက် မပြုလိုက်ရသော သုစရိုက်လျှင် နီး စွာသော အကြောင်းရှိ၏။

ပြုအပ် ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်, တို့ကို တဖန် အောက်မေ့ပြန်ခြင်းကို အဘယ်ကြောင့် ဖောက်ပြန်သော မတင့်မတယ် ကဲ့ရဲ့ဖွယ်သော အောက်မေ့ခြင်း စက်ဆုပ်ဖွယ်သော အောက်မေ့ခြင်းဟု ဆိုအပ်လေသနည်း ဟူမူ။ ပြုအပ်ပြီးသော ဒုစရိုက်ရှိသော သူသည် ငါ သည် ဤမည်သောဒုစရိုက်ကို ပြုမိချေပြီ။ထိုပြုမိလေသည့်ကား မှားခြင်း ကြီးမှားလေစွဟု အခါခါအဖန်ဖန်ပင် အောက်မေ့သော်လည်း ထိုပြုအပ်

ပြီးသော ဒုစရိုက်ကို ပြုပြီး မဟုတ် ရအောင် မတတ်နိုင်ပြီ။ သုစရိုက်ကို မပြုလိုက်မိသော သူသည်လည်း ငါသည် ငယ်ရွယ် သန်မာ အားရှိ ချမ်းသာစဉ်ကာလ ဥပုသ်သီတင်း ကျင့်သုံးခြင်းစသော သုစရိုက်အမှုကို ပြုနိုင်တန် လောက်လျက် မပြုလိုက်မိ။ ထိုသို့ သုစရိုက် အမှုကို မပြုလိုက်သည်ကား မှားလေစွဟု အကြိမ်ကြိမ် အထပ်ထပ်ပင် အောက်မေ့သော်လည်း ထိုသို့အောက်မေ့ခြင်းကြောင့် ထိုမပြုခဲ့မိသော သုစရိုက်ကို ပြုပြီးဖြစ်ရအောင် မတတ်နိုင်ပြီ ဖြစ်သောကြောင့် ထိုအောက်မေ့ ခြင်းကို ဖောက်ပြန်သော မတင့်မတယ် ကဲ့ရဲ့ ဖွယ်သော အောက်မေ့ခြင်း စက်ဆုပ်ဖွယ်သော အောက်မေ့ခြင်းဟု ဆိုရလေသည် ဟူလေ။

[ဤကုက္ကုစ္စ စေတသိက်၌။ အသိး အသီး ဆုံးဖြတ် ရေးသားပြဆို ပြောကြား ကြသော ဆရာတို့ဝါဒကို ပြဆို ပယ်ဖျက်ခြင်း စသည်နှင့်တကွ အကျယ်ဖြစ်သော ဝိနိစ္ဆယကို အထက်ပုံရိုက် လုပ်ဆောင်ပြီး မြို့ပြင်ကြီး ငါးစောင်တွဲ စာအုပ်ဝယ် ပါရှိသော ကုက္ကုစ္စဝိနိစ္ဆယမှာ ကြည့်လေ။]

ထိနစေတသိက်မှာ။ အမှုကိုအားမထုတ်ခြင်း အားထုတ်ခြင်းမှ ဆုတ်နစ်ခြင်း၏ အစွမ်းဖြင့် စိတ်၏ တွန့်တို သည်၏ အဖြစ်ပင်တည်း။ ထိုထိနသည် အားမထုတ်နိုင်ခြင်း လက္ခဏာရှိ၏။ ဝီရိယကို နှုတ်ပယ်ခြင်း ကိစ္စရှိ၏။ ဆုတ်နစ်ခြင်းလျှင် ညောင်အား ထင်ခြင်းရှိ၏။ အမှု၌မနှစ်လျော်ခြင်း ပျင်းရိခြင်း ကိုယ်လက် တဆန့်ဆန့် ရှိခြင်း စသည်တို့၌ အသင့် အားဖြင့် နှလုံး မသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ဤထိနသည် ထောပတ်ပိုင်နှင့်တူ၏။ ထောပတ်ပိုင်သည် မပြန့်မစီးဘဲ ခဲ၍ တည်သကဲ့သို့ ထိနသည် ထိုထိုအာရုံ၌ မပြန့်ဘဲ ခဲသည်၏ အဖြစ်ဖြင့် တည်သည်။

မိဒ္ဓစေတသိက်မှာ။ သမ္ပယုတ် တရားတို့၏ အစွမ်းသတ္တိမရှိ ကုန်ခန်းပင်ပန်းခြင်းမှ ပင်တည်း။ ထိုမိဒ္ဓသည် အမှု၌ မခံ့သည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ဆုတ်နစ်ခြင်းကိစ္စရှိ၏။ တွန့်တိုသည်၏ အဖြစ်လျှင် ညောင်အား ထင်ခြင်းရှိ၏။ တနည်း မျက်တောင်တခတ်ခတ် အိပ်မွေ့ခြင်းဟူသော အကျိုးရှိ၏။ အမှု၌မလျော်ခြင်း ပျင်းရိခြင်း ကိုယ်လက် တဆန့်

သန္တိရှိခြင်း စသည်တို့၌ အသင့်အားဖြင့် နှလုံးမသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

ထိနမိဒ္ဓနှစ်ပါးအထူး

ထိနမိဒ္ဓနှစ်ပါးတွင် စိတ်၏မကျန်းမမာ နာသည်၏အဖြစ်,စိတ်၏အမှု၌မခံ့သည်၏ အဖြစ်, သစ်ပင်၌ ဆွဲနေသော လင်းဆွဲကဲ့သို့၎င်း, နို့ သိကောက် စသည်၌ ဘင်လဲအိုးကို ဆွဲထားသကဲ့သို့၎င်း, ဣရိယာပုထ်ကို ဖြစ်စေတတ်သော ထိုဣရိယာပုထ်ကို မပိုင်စေနိုင်သောစိတ်၏ ဆွဲတွယ်သော အခြင်းအရာ အားဖြင့် ဖြစ်ခြင်း။ ထောပတ်ခိုင်သည် စီးပြန့်ခြင်းမရှိ အရုအခဲ၏ အဖြစ်ဖြင့် တည်သကဲ့သို့ စိတ်၏ ပြန့်ခြင်းမရှိ ပုခဲသည်၏ အဖြစ်ဖြင့် တည်ခြင်းသည်ထိန။ သမ္ပယုတ် စေတသိက်ခန္ဓာ ဟူသော နာမကာယ၏ မကျန်းမမာ နာသည်၏ အဖြစ်သည်၎င်း,နာမကာယ၏ အမှု၌ မခံ့သည်၏ အဖြစ်သည်၎င်း, မိုးယံတိမ်သည် ကောင်းကင်ကို ပိတ်ကာ ဖုံးအုပ်သကဲ့သို့ နာမကာယကို ပိတ်ကာဖုံးအုပ်သည်၏ အဖြစ်သည်၎င်း, မြို့ကိုပိတ်ဆို့၍ ထားသည် ရှိသော် လူတို့သည် ပြင်သို့ ထွက်ခြင်းငှါ မရသကဲ့သို့ မိဒ္ဓသည် ပိတ်ဆို့အပ်သော တရားတို့သည် ပြန့်သည်၏ အစွမ်းဖြင့် ထွက်ခြင်းကို မရကုန်ရကား နာမကာယကို အတွင်း၌ သော့ခတ်ထား ပိတ်ဆို့တတ်သည်၏ အဖြစ်သည်၎င်း,မိဒ္ဓ။ **ဤသို့နှစ်ပါးအထူးကိုသိအပ်သ။**

ဤမိဒ္ဓသည် သေက္ခပုထုဇ္ဇန်တို့၏ အိပ်ပျော်ခြင်း၏ ရှေ့အဘို့ နောက်အဘို့ ကာလ၌ ဖြစ်၏။ ထိုမိဒ္ဓကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်၏။ ရဟန္တာ ပုဂ္ဂိုလ်တို့အား ကရဇကာယ၏ အားနည်းသည်၏ အဖြစ်ကြောင့် ဘဝင်သို့ သက်ခြင်း ဘဝင်စိတ်တို့၏ဖြစ်ခြင်း မည်သည်ဖြစ်၏။ ထိုဘဝင်စိတ်သည် ဝီထိစိတ်ချပ်ဖက်ရောရှက်မရှိဘဲ ဖြစ်သည်ရှိသော် ထိုရဟန္တာတို့သည် အိပ်ကုန်၏။ ဤသို့သဘောရှိသော ကရဇကာယ၏ အားနည်းသည်၏ အဖြစ်သည် မဂ်ဖြင့်ပယ်သတ် အပ်သည်မဟုတ် ဤသို့သော အိပ်ခြင်းကို ဥပါဒိန္နကဖြစ်သော သတ္တဝါတို့၌လည်း ရ၏။ အနုပါဒိန္နက ဖြစ်သော သစ်ပင်တို့၌လည်းရ၏။ ရဟန္တာသည် ရှည်စွာသော ခရီးသို့ သွားသည်ဖြစ်၍၎င်း, တခုခုသော အမှုကိုပြု၍၎င်း, ပင်ပန်း၏။

ဤသို့သော အခါ ဥပါဒိန္နကဋ္ဌရသည်။ အနုပါဒိန္နကဋ္ဌ အရွက် အပွင့်တို့၌ သာရ၏။ အချို့သော မန်ကျည်း,ဇီးဖြူ,ပြည်ပန်းရွေ့,စသော သစ်ပင်တို့၏ အရွက် တို့သည် နေ့အခါ နေရောင်ဖြင့် ဖြန့်ကား ကုန်၏။ ညဉ့်အခါ တွန့် ခေါက်ရုံးဖုကုန်၏။ပဒုမာပန်း စသည့်တို့သည် နေ့အခါ နေရောင်ဖြင့် ပွင့် ကုန်၏။ညဉ့်အခါ တဖန်ငုံပြန် ရုံးဖုပြန်ကုန်၏။ ဤသို့သောအခါ အနုပါဒိန္န ကဋ္ဌရသည်။

ဝိစိကိစ္ဆာစေတသိက်မှာ။ဉာဏ်တည်းဟူသော ကုစားခြင်းမှ ကင်း သောကြောင့်၎င်း, ကင်းသော ဉာဏ်တည်းဟူသော ကုစားခြင်းရှိသော ကြောင့်၎င်း, သဘောကို ရုံစမ်းဆင်ခြင်သော အခါ ပင်ပန်းကြောင်း ဖြစ် သောကြောင့်၎င်း,ဝိစိကိစ္ဆာမည်သည်။ ထိုဝိစိကိစ္ဆာသည် ယုံမှားခြင်း လက္ခဏာရှိ၏။ဤတရားကား နိစ္စလေလော အနိစ္စလေလော စသည်ဖြင့် ဖြစ်ခြင်းကြောင့် တခုတည်းသော အခြင်းအရာ၌ တည်ခြင်းငှါ မစွမ်းနိုင် ရကား။ ထက်ဝန်းကျင်မှ ဖြစ်ဘတ်သည်၏ အဖြစ်ဟူသော ယုံမှားခြင်း လက္ခဏာ ရှိသည်ဟူလို။ အာရုံ၌ တုန်လှုပ်ခြင်းကိစ္စရှိ၏။ ဤဝိစိကိစ္ဆာ သည် အထူးထူးသော အာရုံ၌ တုန်လှုပ်သည်။ ဥဒ္ဓစ္စကား တခုတည်း သောအာရုံ၌ တုန်လှုပ်သည်။ သဘောကို မဆုံးဖြတ်နိုင်ခြင်းလျှင် ဉာဏ် အား ရှေ့ရှုထင်ခြင်းရှိ၏။တနည်းတခုတည်းသောအဘို့ဖြင့် မယူနိုင်ခြင်း လျှင် ဉာဏ်အား ရှေ့ရှုထင်ခြင်းရှိ၏။အယောနိသောမနသိကာရလျှင် နီး စွာသော ဖြစ်ကြောင်းရှိ၏။

ဤဝိစိကိစ္ဆာသည် ပဋိပတ်ကို တားမြစ်ဘတ်သောကြောင့် နှစ်သွယ် နှစ်ခွသော လမ်းနှင့်တူ၏။ဤဝိစိကိစ္ဆာကို မှေ့သင်္ဂဟဏီပါဠိတော်,နိက္ခေပ ကဏ္ဍ, ဒုဿနတိက်,ကို ဝေဘင်နုဗ္ဗာ၌။ သတ္ထရိကင်ခတိ၊ မြတ်စွာဘုရား၌ ယုံမှားသံသယရှိခြင်း။ဓမ္မေကင်ခတိ၊တရားတော်၌ ယုံမှားခြင်း စသည်ဖြင့် ရှစ်ပါး ဟောတော်မူ၏။ ထိုတွင် မြတ်စွာဘုရား၌ ယုံမှားခြင်းသည် ရူပ ကာယကိုယ်၌ ယုံမှားခြင်း ဂုဏ်တော်၌ ယုံမှားခြင်း ကိုယ်ဂုဏ် နှစ်ပါးရုံ၌ ယုံမှားခြင်းဟု သုံးပါး ရှိသည်။ ကိုယ်တော်၌ ယုံမှားသည်ရှိသော် သုံးဆဲ့ နှစ်ပါးသော မြတ်သော လက္ခဏာတို့ဖြင့် တန့်ဆာဆင်အပ်သော ကိုယ် ပေါ်မည်သည့် ရှိပါလေ၏လော မရှိလေသလောဟု ယုံမှား၏။ ဂုဏ်

တော်၌ယုံမှားသည် ရှိသော် အတိတ်ပစ္စုပ္ပန် အနာဂတ် တရားတို့ကို သိခြင်းငှါစွမ်းနိုင်သောသဗ္ဗညုတဉာဏ်မည်သည်ရှိလေ၏လော မရှိလေသလောဟုယုံမှားသည်။ကိုယ်ဂုဏ်နှစ်ပါးရုံ၌ယုံမှားသည်ရှိသော် ရှစ်ဆယ်သော လက္ခဏာတော်ငယ် တလံမျှလောက်သော ရောင်ခြည်တော်တို့ဖြင့် တင့်တယ်သော ရူပကာယတော်နှင့် ပြည့်စုံသော အလုံးစုံသော ဉေယျတရားတို့ကို သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်ကိုရသော သတ္တဝါတို့ကို သံသရာမှ ကူးမြောက်စေနိုင်သော ဘုရားမည်သည် ရှိလေ၏လော မရှိလေသလောဟု ယုံမှားသည်။

ကိလေသာတို့ကို ပယ်ခွါစွန့်ဖြတ်တတ်ကုန်သော မဂ်လေးပါးတို့သည်၎င်း၊ ငြိမ်းပြီးသော ကိလေသာရှိကုန်သော ဖိုလ်လေးပါး တို့သည်၎င်း၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော သေခြင်းကင်းရာ နိဗ္ဗာန်မည်သည်၎င်း၊ ရှိလေ၏လော မရှိလေသလောဟုယုံမှားသော်၎င်း၊ ဤတရားသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဟုတ်လေ၏လော မဟုတ်လေသလောဟု ယုံမှားသော်၎င်း၊တရားတော်၌ ယုံမှားသည် မည်၏။

မဂ်၌တည်သော မဂ္ဂဋ္ဌာန်လေးယောက်၊ ဖိုလ်၌တည်သော ဖလဋ္ဌာန်လေးယောက် ဟူသော ဤသံဃာရတနာသည် ရှိလေ၏လော မရှိလေသလောဟုယုံမှားသော်၎င်း၊ဤသံဃာသည်ကောင်းစွာကျင့်ခြင်းရှိသော သုပ္ပဋိပန္နပုဂ္ဂိုလ် ဟုတ်လေ၏လော မဟုတ်လေသလောဟုယုံမှားသော်၎င်း၊ဤသံဃာရတနာ၌ပေးလှူအပ်သောအလှူ၏အကျိုးရင်းအကျိုးဆက်သည်ရှိလေ၏လော မရှိလေသလောဟု ယုံမှားခြင်းသည်၎င်း၊ သံဃာ၌ယုံမှားသည်မည်၏။ အဓိသီလ,အဓိစိတ္တ,အဓိပညာ, သိက္ခာသုံးပါးရှိလေ၏လော မရှိလေသလောဟု ယုံမှားသော်၎င်း။သိက္ခာသုံးပါးကိုကျင့်ခြင်းဟူသော အကြောင်းကြောင့် အကျိုးအာနိသင်သည် ရှိလေ၏လော မရှိလေသလောဟု ယုံမှားသော်၎င်း သိက္ခာ၌ ယုံမှားသည် မည်၏။

လွန်လေပြီးသော အတိတ်ဖြစ်သော ခန္ဓာအာယတန ဓာတ်တို့သည် ပုဗ္ဗန္တ ရှေးအဘို့၌ ဖြစ်သော တရားမည်၏။ ထိုရှေးအဘို့တရားတို့၌ အတိတ်တရား ဟုတ်လေ၏လော မဟုတ်လေသလောဟု ယုံမှားသည် ရှိ

သော် ပုဗ္ဗန္တ၌ယုံမှားသည်မည်၏။ ဖြစ်လတ္တံ့ အနာဂတ် ဖြစ်သော ခန္ဓာ အာယတန စသော တရားတို့၌ အနာဂတ်ဟုတ်လေ၏လော မဟုတ်လေလောဟု ယုံမှားသည်ရှိသော် နောက်အဘို့ဖြစ်သော အပရန္တ၌ ယုံမှား သည်မည်၏။ အတိတ်အနာဂတ် နှစ်ပါးစုံ၌ ယုံမှားသည်ရှိသော် ပုဗ္ဗန္တာ ပရန္တ၌ ယုံမှားသည်မည်၏။ တဆဲ့နှစ်ပါးသော အဘို့အင်္ဂါရှိသော ပစ္စည်း ကြောင့်ဖြစ်သော ပဋိစ္စသမုပ္ပန်တရားတို့သည် ရှိလေ၏လော မရှိလေသလောဟု ယုံမှားသည်ရှိသော် အဝိဇ္ဇာစသောအကြောင်းကြောင့်ဖြစ်သော သင်္ခါရ အစရှိသော ပဋိစ္စသမုပ္ပန္န တရားတို့၌ ယုံမှားသည်မည်၏။

အကုသိုလ် စေတသိက်တို့၏ သရုပ်အပြားကိုပြဆိုသော
စကားရပ်ဗကား ဤတွင်ပြီးပြီ။

သောဘဏစေတသိက်တို့၏သဘောလက္ခဏာကိုပြခြင်း

ယခုအခါ လက္ခဏာစသည်နှင့်တကွ သောဘဏ စေတသိက်တို့၏ သရုပ်ကိုပြအံ့။

သဒ္ဓါစေတသိက်မှာ။ ဘုရားစသော ကောင်းသောအာရုံ၌ သမ္ပယုတ် တရားတို့၏ ယုံကြည်ကြောင်း ဖြစ်သောကြောင့်၎င်း မိမိသည်ပင် ယုံ ကြည်တတ် သောကြောင့်၎င်း သဒ္ဓါမည်သည်။ ဝါ၊ သဒ္ဓါဟူသည် ယုံ ကြည်ခြင်းမှုပင်တည်း။ ထိုသဒ္ဓါသည် စိတ်ကို ကြည်လင်စေခြင်း လက္ခ ဏာရှိ၏။ ဤသဒ္ဓါသည် စကြာမင်း၏ ပတ္တမြားနှင့်တူ၏။ တူပုံကိုပြဦး အံ့ စကြဝတေးမင်းသည် ဆင်, မြင်း, ရထား, ခြေသည်, ဟူသော အင်္ဂါ လေးပါးရှိသော စစ်သည်အပေါင်းနှင့်တကွ အခွန့်ရှည်စွာသော ခရီးသို့ သွားသည်ရှိသော် နည်းသော ရေရှိသော မြောင်းငယ် တခုကို သက် ဆင်းကူးသွားရာ၏။ထိုမြောင်းငယ်၌ရှိသော အနည်းမှုသာဖြစ်သော ရေ သည် ဆင်မြင်းရထားခြေသည်တို့သည် သက်ဆင်းချောက်ချားစေအပ် သည်ဖြစ်၍ မှော်သေးမှော်ညွှန်း သစ်ရွက်နှံတို့ဖြင့် နောက်ကျု၍ ရွှံ့ညွှန် အတိသာ ဖြစ်ရာ၏။ ထိုမြောင်းငယ်ကို ကူးပြီးသော စကြာမင်းသည် အချင်းတို့ သောက်ဘို့ရန်ရေကို ဆောင်ယူကုန်လောဟု မင်းချင်းတို့ကို

စေနိုင်းရာ၏။ ရေကိုကြည်စေတတ်သော ပတ္တမြားပါလာသည်နှင့် မင်းချင်းတို့သည် ထိုပတ္တမြားကို ထိုညွှန်ရေ၌ထည့်ချကုန်ရာ၏။ ပတ္တမြားကိုထည့်ချခြင်းပင်လျှင်မှော်သေးမှော်ညှင်းအမှိုက်သွံတို့သည် ရုံးပုံနစ်မြုပ်၍ရေသည် နောက်ကျုခြင်း ကင်းစင်ကြည်လင်ရာ၏။ထိုအခါ ထိုမင်းချင်းတို့သည် ကြည်စွာသောရေကို စကြာမင်းအား ဆက်သ၍ မိမိတို့သည်အလိုရှိရာ ထိုရေကြည်ဖြင့် သောက်ချိုးခြင်း ချက်ပြုတ်ခြင်း စသော ကိစ္စတို့ကိုပြုကြကုန်၏။

ဤဥပမာ၌။ စိတ်သည်ရေနှင့်တူ၏။ ယောဂါဝစရ ပုဂ္ဂိုလ်တို့သည် မင်းချင်းတို့နှင့် တူကုန်၏။ ကိလေသာ တို့သည် မှော်သေး မှော်ညှင်း စသည်တို့နှင့် တူကုန်၏။ စိတ်ကိုကြည်စေတတ်သော သဒ္ဓါစေတသိက်သည် ရေကို ကြည်စေတတ်သော ပတ္တမြားနှင့် တူ၏။ သဒ္ဓါတရား ဖြစ်သည်ရှိသော် နီဝရဏတို့ကိုပယ်ခွါ၍ နီဝရဏကင်းသောစိတ်၏ ကြည်လင်ခြင်း မနောက်ကျုခြင်းသည် ပတ္တမြားကို ရေ၌ ထည့်သဖြင့် မှော်အမှိုက် စသည်တို့ ရုံးပုနစ်မြုပ်၍ ရေ၏ ကြည်ခြင်းနှင့်တူ၏။ ထိုကြည်လင်သောစိတ်ဖြင့် ယောဂါဝစရ ပုဂ္ဂိုလ်တို့သည် အလှူပေးခြင်း, သီလဆောက်တည်ခြင်း,ဥပုသ်ကျင့်သုံးခြင်း, ဘာဝနာကိုပွါးများခြင်း, စသည်တို့ကိုပြုခြင်းသည် မင်းချင်းတို့၏ ထိုရေကြည်ကို သောက်ချိုး ချက်ပြုတ်ခြင်းစသော အလိုရှိတိုင်းသော ကိစ္စကိုပြုကြသည်နှင့်တူ၏။ ကိလေသာတို့ကို ငြိမ်းငြိမ်းစေယှဉ်စေတတ်သော အာရုံကာမဂုဏ်တို့သည် ရေ၌ မှော်သေးမှော်ညှင်းနှင့် စသည်ကို သကြွလှုပ်ရှား မွှေနှံ့အောင် သက်ဆင်းချောက်ချားသော ဆင်, မြင်း, ရထား, ခြေသည်, တို့နှင့် တူ၏။ **ဤသို့ ဥပမာ ဥပမေယျကို ဟာဝ်၍သိလေ။**

တနည်းသော်။ သဒ္ဓါသည် သမ္ပယုတ် တရားတို့၏ ရှေ့သွား ရှေ့ပြေး ရှေ့သွားဖြစ်ခြင်း လက္ခဏာရှိ၏။ အဘယ်သို့ ရှေ့သွား ရှေ့သွားဖြစ်သနည်း ဟူမူ။ ဝဲကျောင်း မကန်း ငမန်း သူသတ်သော ဘီလူးရက္ခိုသ် စသည်တို့ဖြင့် ပြည့်သော ကမ်းလျှံ[illegible] ပြည့်သော ရေရှိသော အပြောကျယ်သော မြစ်ကြီးသို့ ရောက်၍ ကြောက်လန့် ထိတ်သော ဇာတ်ရှိသော လူအပေါင်းသည် မြစ်ကမ်း နှစ်ဘက်တို့၌ ရပ်နေ၏။ ထို

အခါစစ်ထိုးခြင်း၌ ရဲတင်းသန်မာသော သူရဲကြီးသည် လာလတ်၍ သင်တို့ အဘယ်ကြောင့် မဆင်းမကူးဘဲ ဖင့်နွဲ့ရပ်ဆိုင်း တည်နေကြသနည်းဟု မေးသည်ရှိသော် ရှေ့မှာကြောက်မက်ဖွယ် ရှိသောကြောင့် မကူးဝံ့၍ ရပ်ဆိုင်း တည်နေကြပါသည်ဟု ပြောကြားလျှင် မကြောက်ကြလင့် ငါ၏နောက်က လိုက်ခဲ့ကြဟုခေါ်၍ ထက်စွာသွေးအပ်သော သန်လျက်ကိုကိုင်စွဲ၍ မြစ်သို့သက်ဆင်းပြီးလျှင်လာတိုင်းလာတိုင်းသောမိကျောင်း မကန်း စသည်တို့ကို တားမြစ်ပယ်ရှား၍ ဤမှာဘက်ကမ်းက လူတို့ကို ထိုမှာ ဘက်ကမ်းသို့ ထိုမှာ ဘက်ကမ်းက လူတို့ကိုလည်း ဤမှာ ဘက်ကမ်းသို့ချမ်းသာစွာ ရှေ့ဆောင် ရှေ့ညွှန်ပြု၍ ကူးပို့ရာ ထိုသူရဲကြီးသည် ကမ်းနှစ်ဘက်မှ ကူးကြသော လူအပေါင်း တို့၏ ရှေ့ညွှန် ရှေ့ပြေး ရှေ့ဆောင် ဖြစ်သကဲ့သို့ ဤသဒ္ဓါ စေတသိက်သည် အလှူပေးခြင်း သီလ ဆောက်တည်ခြင်း ဥပုသ်ကျင့်သုံးခြင်း ဘာဝနာပွါးခြင်း စသည်ကိုပြုသော သူအပေါင်း၏ ရှေ့ညွှန် ရှေ့ပြေး ရှေ့ဆောင် ဖြစ်သည် ဟူလေ။ ဥပမာ နှစ်ရပ်တွင်။ ရှေ့ကား အဠကထာ ဆရာ နှင့်တကွ အရှင် နာဂသေနမထေရ်ဆောင်သောဥပမာ၊ နောက်ကားအဠကထာဆရာဆောင်သောဥပမာ။ တနည်းလည်း။ ဤသဒ္ဓါသည် ဘုရားဂုဏ်တော်စသည်ကို ယုံကြည်ခြင်း လက္ခဏာရှိ၏။ ဝါ၊ဘုရားရတနာစသည်တို့ကို တောင့်တခြင်းလက္ခဏာရှိ၏။ တနည်းလည်း၊ ဤသဒ္ဓါသည် ဖောက်ခွဲ၍ သက်ဝင်ဘိသကဲ့သို့ ဘုရားဂုဏ်တော် စသည်၌ သက်ဝင်ခြင်း လက္ခဏာ ရှိ၏။ စကြာမင်း၏ ပတ္တမြားသည် ရေကိုကြည်စေသကဲ့သို့ စိတ်ကို ကြည်စေခြင်းကိစ္စရှိ၏။ တနည်း၊ မြစ်၌ကူးပို့သော သူရဲသည် ကူးလိုသော သူတို့ကို ရှေ့ဆောင်ပြု၍ ပို့သကဲ့သို့ ရှေ့ဆောင်ခြင်း ကိစ္စရှိ၏။ အဇ္ဈိမ်မှထုတ်သဲသော ကြေးမုံကဲ့သို့ မနောက်ကျုသော ကြည်လင်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ထင်ခြင်းရှိ၏။ တနည်းလည်း၊ ဆုံးဖြတ်ခြင်း နှလုံးသွင်းတတ်သော တရားဟူ၍ ဉာဏ်အား ထင်ခြင်းရှိ၏။ ယုံကြည်အပ်သော ဝတ္ထုလျှင် နီးစွာသောဖြစ်ကြောင်းရှိ၏။ ဝါ၊ သောတာပတ္တိမဂ်ကိုရကြောင်း အင်္ဂါဖြစ်သော သဒ္ဓမ္မသဝန စသည်လျှင် နီးစွာသောအကြောင်းရှိ၏။

ဤသဒ္ဓါကိုလက်ရှိဥစ္စာကဲ့သို့ငှင်းမျိုးစေ့ကဲ့သို့ငှင်းမှတ်အပ်၏။လက်၌ ဥစ္စာရှိသောသူသည် ထိုလက်ရှိဥစ္စာဖြင့်အလိုရှိရာ ရောင်းဝယ်ကူးသန်း ခြင်း စသည်ကိုပြု၍ ထိုကူးသန်းခြင်းဖြင့် မြတ်စွန်းတိုးပွါး များစွာသော အသုံး အဆောင်တို့ကို သုံးဆောင် ခံစားရသကဲ့သို့ သဒ္ဓါတရားရှိသော သူသည် ထိုသဒ္ဓါတရား အကြောင်းခံသဖြင့် ဒါန သီလ စသောကုသိုလ် ကောင်းမှုကိုပြု၍ ထိုကောင်းမှု၏ များစွာသော အကျိုးကို ခံစားရသည် ဖြစ်၍ သဒ္ဓါတရားသည် လက်ရှိအရင်းဥစ္စာနှင့်တူသည်။ မျိုးစေ့ကို စိုက် ပျိုး၍ ဖွံ့ဖြိုး ကြီးမားသော သစ်ပင်ဖြစ်၍ ထိုသစ်ပင်၏ များစွာသော အ သီးကို ရသကဲ့သို့ သဒ္ဓါတရား အကြောင်းထား၍ ဒါန, သီလ, စသော ကောင်းမှုကိုပြုသည်ရှိသော် ထိုကောင်းမှု၏ များစွာသော လူနတ် စည်း စိမ်စသော အကျိုးကို ခံစားရသည်ဖြစ်၍ သဒ္ဓါသည် မျိုးစေ့နှင့် တူသည် ဟူလေ။

သတိစေတသိက်မှာ။ဘုရားစသော ကောင်းသောအာရုံ၌ သမ္ပယုတ် တရား တို့၏ အောက်မေ့ကြောင်း ဖြစ်၍ငှင်း, မိမိ သည်ပင် အောက်မေ့ တတ်သည် ဖြစ်၍ငှင်း,အောက်မေ့ကာမျှသာဖြစ်၍ငှင်း, သတိမည်သည်။ ထိုသတိသည် အာရုံ၌ သက်ဝင်၍ တည်စေခြင်း လက္ခဏာရှိ၏။ ရေ၌ချ အပ်သော ဖူးအုံ စသည်သည် ပေါလော ပေါ်သကဲ့သို့ မပေါ်ဘဲ ရွှေငွေ ကြေးသံ စသည်သည် နစ်မြုပ်သည် ဖြစ်၍ ရေ၌ သက်ဝင်၍ တည်သ ကဲ့သို့ အာရုံ၌ သမ္ပယုတ်တရားတို့ကို သက်ဝင်၍ တည်စေသည် ဟူလို။ အာရုံ၌ သက်ဝင်၍ တည်ကလည်း ထိုအာရုံကို မမေ့စေ အောက်မေ့စေ မှတ်စေ သည်ကိုပင် အပိလာပန ဆိုသည်ဖြစ်၍ အပိလာပန လက္ခဏာ ဟူသောပုဒ်ကို။ အပိလာပနလက္ခဏာ၊ အာရုံ၌ သမ္ပယုတ် တရားတို့ကို မပေါ်ဘဲ နစ်မြုပ်သက်ဝင်၍ တည်စေခြင်း မမေ့စေခြင်း အောက်မေ့စေ ခြင်း မှတ်စေခြင်း လက္ခဏာရှိ၏ ဟူ၍အနက်ပြန်။

* [လာပနဟု ဩဠ္ဌဇ ပဥ္စမက္ခရာ ပစောက်နှင့် မရှိသင့်၊ လာ ဗနဟု တတိယက္ခရာ ဗထက်ချိုက်နှင့်သာ ရှိစေရမည်။]

* ဤဝါဒကိုဆင်ခြင်သင့်သည်။

အဘယ်ကဲ့သို့ အောက်မေ့စေသနည်းဟူမူ။ စကြာမင်း၏ရွှေတိုက်စိုး ရွှေတိုက်ဝန် ဘဏ္ဍာစိုးသည် အရှင် မင်းကြီး၏ ဆင်တော်, မြင်းတော်, ရထားတော်, ခြေသည်တော်, တို့ကား ဤမျှအရေ အတွက်ရှိ၏။ ရွှေငွေကား ဤမျှရှိ၏။ အလုံးစုံသော ဥစ္စာနှစ်ကား ဤရွေ့ ဤမျှရှိ၏။ ထိုအလုံးစုံကို အရှင်မင်းကြီးသည် သိတော်မူပါလေဟု ညဉ့်တိုင်းနံနက်တိုင်း စာရင်းကိုဘတ်၍ တင်လျှောက် အောက်မေ့စေသကဲ့သို့ ထို့အတူ သတိသည် ဤလေးပါးသော တရားတို့သည် သတိပဋ္ဌာန် တို့တည်း။ ဤသတိပဋ္ဌာန် တရားတို့သည် လေးပါးတို့တည်း။ ဤသမ္မပ္ပဓာန်တို့ကား လေးပါးတည်း။ ဤသို့စသည်ဖြင့် ကုသိုလ်တရားတို့ကို အောက်မေ့စေသည် ဟူလေ

ဘနည်းလည်း။ သတိသည် ထောက်ပံ့ ချီးမြှင့်ခြင်း လက္ခဏာရှိ၏။ အဘယ်ကဲ့သို့ ထောက်ပံ့ ချီးမြှင့် သနည်း ဟူမူ။ စကြာမင်း၏ သားကြီးရတနာသည် စကြာမင်း၏ အကျိုးစီးပွါး ရှိမရှိကို ဤကား အကျိုးစီးပွါး ဤကား အကျိုးစီးပွါးမဲ့ စသည်ဖြင့်သိ၍ အကျိုးစီးပွါး မရှိသည်ကို ပယ်ရှား နှုတ်ပစ်သဖြင့် အကျိုးစီးပွါး ရှိသည်ကိုသာ ထောက်ပံ့ ချီးမြှင့်သကဲ့သို့ ထိုအတူ သတိသည် ဖြစ်သည်ရှိသော် အကျိုးရှိမရှိသော တရားတို့၏ အလားသဘောကို စုံစမ်းရှာမှီး၍ အကျိုးမရှိသော ဒုစရိုက်တရားတို့ကို နှုတ်ပယ်သဖြင့် အကျိုးရှိသော သုစရိုက် တရားတို့ကို ထောက်ပံ့ ချီးမြှင့်သည် ဟူလေ။

ဤသတိသည် မမေ့မလျော့ခြင်း ကိစ္စရှိ၏။ စောင့်ရှောက်တတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ထင်ခြင်းရှိ၏။ တနည်း၊ အာရုံသို့ ရှေးရှု သည့်၏ အဖြစ်လျှင် ဉာဏ်အား ထင်ခြင်း ရှိ၏။ မြဲစွဲ နိုင်ခံ့သော သညာလျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။ ဝါ ကာယစသော သတိပဋ္ဌာန်လျှင် နီးစွာသော အကြောင်းရှိ၏။ ဤသတိသည် အာရုံ၌မြဲစွာတည်တတ်သည့်၏ အဖြစ်ကြောင့် မြဲစွာစိုက်ထားသော တံခါးတိုင်နှင့်တူ၏။ ကိလေသာတို့ကို မဖြစ်စေရ စက္ခုဒွါရစသော ခြောက်ပါးသော ဒွါရတို့ကို လုံစွာ စောင့်ရှောက် တတ်သောကြောင့် ရန်သူတို့ကို မဝင်ရအောင် မြို့တံခါးကို လုံစွာ စောင့်ရှောက် တတ်သော တံခါးစောင့် တံခါးမှူးနှင့် တူ၏ ဟူ၍လည်း မှတ်လေ။

ဟိရိစေတသိက်မှာ။ ကာယဒုစရိုက် စသည်တို့ကို။ ဝါ။ တို့ကြောင့်။ ဝါ။ တို့မှ စက်ဆုပ် ရှုံ့ရှာတတ်သောကြောင့် ဟိရိမည်သည်။ ဟိရိယတိ ကာယဒုစ္စရိတာဒီဟိ ဇိဂုစ္ဆတိ,ဝယ် ကာယဒုစ္စရိတာဒီဟိ၌ ဟိဝိဘတ်သည် **အဋ္ဌသာလိနီအဋ္ဌကထာ မူလဋီကာ** တို့ အလိုအားဖြင့်။ တတိယာဝိဘတ်, ပဉ္စမီဝိဘတ်, နှစ်ပါးတွင် တတိယာဟိဝိဘတ်။ ပါပတော ဇိဂုစ္ဆနလက္ခဏာ,ဟု တောပစ္စည်းနှင့် ဆိုလတ္တံ့ ကိုထောက်၍ ဋီကာကျော်အလိုသော် ပဉ္စမီဝိဘတ်။ အနက်မှာ အဋ္ဌကထာ အလိုက်ကံအနက်၊ မူလဋီကာဆရာ အလိုသော် ဟိတ်အနက်။ ဋီကာကျော်ဆရာ အလိုသော်ကား ကံအနက် ဟိတ်အနက် နှစ်ချက်ပင်။ မိမိအလိုမူ ပစ္စတေဒေဝဒတ္တေန။ ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ ပစ္စတေ၊ ငရဲ၌ကျက်၏။ စသည်ဟူရာ၌ကဲ့သို့ သကမ္မက ဓာတ်သည် ဝတ္တိစ္ဆာအားလျော်စွာ အကမ္မကလည်း ဖြစ်ရကား အဝဓိအနက်၌ သက်သော ဟိဝိဘတ် ဟူ၍လည်း ယူလို၏။ ကာယ ဒုစ္စရိတာဒီဟိ၊ ကာယဒုစ္စရိုက်စသော မကောင်းမှုတို့ကို။ ဝါ။ တို့ကြောင့်။ ဝါ။ တို့မှဟုပေး။ ဤကား မဏိမဉ္ဇူ၌ ဆိုသော အဓိပ္ပါယ်တည်း။

မြတ်စွာဘုရား မူကား **ဓမ္မသင်္ဂဏီ ပါဠိတော်၌**။ ဟိရိယတိ ဟိရိယိတဗ္ဗေန ပါပကာနံ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ-ဟူ၍။ ဟိရိယိတဗ္ဗေန-ဟူသောပုဒ် သမာပတ္တိယာ-ဟူသော ပုဒ်တို့ကို တတိယာ ဝိဘတျန္တဖြင့်သာ ဟောတော် မူသောကြောင့် ကာယဒုစ္စရိတာဒီဟိ၌ ဟိကို ပဉ္စမီဝိဘတ်-ဟူ၍ မဏိမဉ္ဇူဆရာ ယူခြင်းသည် ပါဠိတော်နှင့်မညီ။ ထိုဝိဘတ်ကို အဝဓိအနက်၌ ဖြစ်၏ဟု ဆိုခြင်းသည်လည်း။ ဟိရိယိတဗ္ဗေနာတိ ဥပယောဂတ္ထေ ကရဏဝစနံ။ ဟိရိယိတဗ္ဗယုတ္တကံ ကာယဒုစ္စရိတာဒိဓမ္မံ ဟိရိယတိ ဇိဂုစ္ဆတီတိ အတ္ထော-ဟူ၍ရင်း။ သမာပတ္တိယာတိဣဒမ္ပိ ဥပယောဂတ္ထေ ကရဏဝစနံ။ တေသံ ဓမ္မာနံ သမာပတ္တိယာ သမင်္ဂီဘာဝံ ဟိရိယတိ ဇိဂုစ္ဆတီတိ အတ္ထော-ဟူ၍ရင်း။ ဥပယောဂတ္ထကိုသာ ဖွင့်ပြသော အဋ္ဌကထာနှင့်မညီ။

ဟိရိယိတဗ္ဗေန၊ ရှက်ဘွယ် စက်ဆုပ်ဘွယ်နှင့် ယှဉ်သော ကာယဒုစရိုက်စသောတရားတို့ကို။ ဟိရိယတိ၊ စက်ဆုပ်၏။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့၏။ သမာပတ္တိယာ၊ ပြည့်

ရုံခြင်းကို။ ဟိရိယတိ၊ ၏။ (ပါဠိတော်၏အနက်) ဟိရိယိတဗ္ဗေနာတိ၊ ဟိရိယိတဗ္ဗေန-ဟူသည်ကား။ ဩ၊ ဟူသောပုဒ်သည်။ ဥပယောဂတ္ထေ၊ ကံအနက်၌။ ကရဏဝစနံ၊ တတိယာဝိဘတ်သည်။ ဝါ၊ တတိယာဝိဘတ် ရှိသောပုဒ်သည်။ ဟိရိယိတဗ္ဗယုတ္တကံ၊ စက်ဆုပ်အပ်စက်ဆုပ်ထိုက်သည့် ယှဉ်သော။ ကာယဒုစ္စရိတာဒိဓမ္မံ၊ ကာယဒုစရိုက်စသောတရားကို။ ဟိရိယတိဇိဂုစ္ဆတိ၊ စက်ဆုပ် ရွံရှာ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ သမာပတ္တိယာတိဣဒံ၊ သမာပတ္တိယာ ဟူသော ဤပုဒ်သည်လည်း။ ဥပယောဂတ္ထေ၌။ ကရဏဝစနံ၊ တည်း။ တေသံဓမ္မာနံ၊ ထိုယုတ်မာသော အကုသိုလ်တရားတို့၏။ သမာပတ္တိယာ သမင်္ဂီဘာဝံ၊ ပြည့်စုံခြင်းရှိသည့်၏ အဖြစ်ကို။ ဟိရိယတိဇိဂုစ္ဆတိ၊ ၏။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။ (အဓိကထာအနက်)။

ဤဟိရီသည် ကာယဒုစရိုက်စသောမကောင်းမှု၊ မကောင်းမှုကိုစက်ဆုပ်ရွံရှာခြင်း လက္ခဏာရှိ၏။ ဤဟိရီသည် မိမိကိုယ်ကို အလေးပြုသောအားဖြင့် ဒုစရိုက်ကို စက်ဆုပ် သောကြောင့် အမျိုးကောင်း ချွေးမနှင့်တူ၏။ အဘယ်သို့ တူသနည်းဟူမူ။ အမျိုးကောင်း ချွေးမသည် ငါ၏အမိ အဘွား စသော အမျိုး စဉ်ဆက်သည် မိမိလင်ရှိလျက် တပါးသော ယောကျ်ားတို့နှင့် နှီးနှောစပ်ရှက် ဆက်ဆံခြင်း လျှပ်ပေါ်လော်လည်မှုကို မပြုစဘူးသည် ဖြစ်၍ ငါသည် အမျိုးကောင်း သမီးတကား။ ထိုသို့အမျိုးကောင်းသမီး ဖြစ်ပါလျက် တပါးသော ယောကျ်ားတို့နှင့် ရောရှက်ဆက်ဆံခြင်း လျှပ်ပေါ်လော်လည်မှုကိုပြု၍ မသင့်မလျော်ချေဟု၊ မိမိကိုယ်ကို အလေးပြုသောအားဖြင့် လျှပ်ပေါ်သောအမှုကို စက်ဆုပ် ရွံရှာသကဲ့သို့ ဟိရီသည်လည်း မိမိကိုယ်ကို အလေးပြုသောအားဖြင့် ဒုစရိုက်ကို စက်ဆုပ် ရွံရှာသည်။ ဤသို့တူသည် ဟူလေ။ မဏိမဉ္ဇူသ၌ ကုလဝဓူဝိယ၌ ဝဓူ၏အရကို ချွေးမ ဟူသော မိန်းမ ဝိသေသကိုယူ၍ သုဗောဓာဟု အရကောက်တော်မူသည်။ **အဘိဓာန်၌ကား**။ ဣတ္ထီ သီမန္တိနီ နာရီ။ ထီ ဝဓူ ပမဒင်္ဂနာဟု ရှု[illegible] စသည် တို့ကဲ့သို့ ဝဓူသဒ္ဒါ ကိုလည်း မိန်းမ သာမန်ဟော ပရိယာယ်ကိုပြရာ၌ လာ၏။

ဩဠာရပ္ပ စေတသိက်မှာ။ ကာယ ဒုစရိုက် စသည်တို့မှ ထိတ်လန့် ဘတ် ကြောက်ဘတ် သောကြောင့် ဩဠာရပ္ပ မည်သည်။ **မဏိမဉ္ဇူဆရာ သည်** ဟိရိ၏အရာ၌ကဲ့သို့ ဩဠာရပ္ပအရာ၌လည်း။ ကာယဒုစ္စရိတာဒိဟိ ဟူသောပုဒ်၌ ဟိဝိဘတ်ကို၊ အဓိကရဏအလို ကမ္မတ္ထတတိယာဝိဘတ်။ မူလဋီကာအလို ဟေတွတ္ထတတိယာဝိဘတ်။ ဋီကာကျော်အလို ကမ္မတ္ထ ဟေတွတ္ထ နှစ်ပါး၌ ပဉ္စမီဝိဘတ်ဟု ယူတော်မူ၏။ **ဝိဘာအလိုသော်** အဝဓိ အနက်၌ ပဉ္စမီဝိဘတ် ဟူ၍လည်း ယူလို၏။

ပါပတော ဇိဂုစ္ဆနလက္ခဏာ။ ပါပတော ဥတ္တာသလက္ခဏံ။ ပါပတော ဇိဂုစ္ဆနတော။ ပါပတော ဥတ္တာသနတော။ ဂူထတော ဂါမသူကရော ဝိယ ကာယဒုစ္စရိတာဒီတော အဇိဂုစ္ဆနလက္ခဏံ။ အဂ္ဂိတော သလဘော ဝိယ ဘယတော အနုတ္တာသလက္ခဏံ-ဟူ၍ တောပစ္စည်းအဆုံးထား၍ချင်း။

ဇိဂုစ္ဆတိ နာဟိရိကော၊ ပါပါ ဂူထာဝ သူကရော။
နဘာယတိ အနောတ္တပ္ပီ၊ သလဘောဝိယ ပါဝကာ။ ။

ဟူ၍ ပါပါပုဒ် ဂူထာပုဒ် ပါဝကာပုဒ်တို့ကို ပဉ္စမီဝိဘတ် အဆုံးထား၍ ချင်း။ ကာယဒုစ္စရိတာဒိဟိ နှင့်စပ်ဆိုင်သဘောတူသောပုဒ်တို့ကိုဆိုသော ဋီကာကျော် ဆရာသည်။ ဟိရိအရာ ဩဠာရပ္ပအရာ နှစ်ပါးလုံး၌ပင် ကာယ ဒုစ္စရိတာဒိဟိ၊ ဟူသောပုဒ်၌ ဟိဝိဘတ်ကို ပဉ္စမီဝိဘတ်ဟူ၍သာ ချင်း။ ထို ပဉ္စမီဝိဘတ်သည်လည်း အဝဓိအနက်၌သာ ဖြစ်သည်ဟူ၍သာ ချင်း၊ ယူ တော်မူလို၏။ ထိုတွင် ပဉ္စမီဝိဘတ်ဟူ၍ ယူခြင်းသည်။ ဟိရိယတိ ဟိရိယိ တဗ္ဗေန၊ ဟူ၍ ချင်း။ ဩဠာရပ္ပတိ ဩဠာရပ္ပိတဗ္ဗေန၊ ဟူ၍ ချင်း။ တတိယာ ဝိဘတ် အဆုံးထား၍သာ ဟောတော်မူသော ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် မညီ၊ အဝဓိအနက်၌သာ ဖြစ်သည်ဟူ၍ ယူခြင်းသည်လည်း။ ဟိရိယတိ ဟိရိယိတဗ္ဗေန ၌။ ဟိရိယိတဗ္ဗေနကို။ ဟိရိယိတဗ္ဗေနာတိ ဥပယောဂတ္ထေ ကရဏဝစနံ ဟုဖွင့်ဆို၍ တတိယာနာဝိဘတ်၏ ကံအနက်၌ ဖြစ် ကြောင်းကို ချင်း။ ဩဠာရပ္ပတိ ဩဠာရပ္ပိတဗ္ဗေနဝယ် ဩဠာရပ္ပိတဗ္ဗေန၌ နာဝိ ဘတ်ကို ဟေတွတ္ထေ ကရဏဝစနံ၊ ဟူ၍ ဟိတ်အနက်၌ ဖြစ်ကြောင်းကို

ၦင်း။ ပြဆိုသော အဋ္ဌသာလိနီ အဋ္ဌကထာနှင့်မညီ။ ထို့ကြောင့် ဋီကာ ကျော်ဆရာ၏ အယူသည် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်ချေ၏။

သြတ္တပ္ပတိ သြတ္တပ္ပိတဗ္ဗေန ပါပကာနံ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ။ ဟူသော **ဓမ္မသင်္ဂဏီပါဠိတော်** ကို။ ။သြတ္တပ္ပနိဒ္ဒေသေ ဟေတွတ္ထေ ကရဏဝစနံ။ သြတ္တပ္ပိတဗ္ဗယုတ္တကေန သြတ္တပ္ပသ ဟေတုဘူတေန ကာယဒုစ္စရိတာဒိနာ ဝုတ္တပ္ပကာရေယာစ သမာပတ္တိယာ သြတ္တပ္ပ သ ဟေတုဘူတာယ သြတ္တပ္ပတိဘာယတီတိအတ္ထော။ ဟုဖွင့်ဆိုသော အဋ္ဌသာလိနီ အဋ္ဌကထာအလိုသော် ဤသြတ္တပ္ပအရာ၌ ကာယဒုစ္စရိတာ ဒိဟိ၌၊ဟိဝိဘတ်ကို ဟိတ်အနက်၌ ဖြစ်သော တတိယာ ဝိဘတ်သာ ဟူ လိုသည်။

သြတ္တပ္ပနိဒ္ဒေသေ၊သြတ္တပ္ပနိဒ္ဒေသ၌။သြတ္တပ္ပိတဗ္ဗေနာတိပဒ၊ ဟူသော ပုဒ်သည်။ ဟေတွတ္ထေ၊ ဟိတ်အနက်၌။ ကရဏဝစနံ၊ တတိယာဝိဘတ် အဆုံးရှိ၏။ သြတ္တပ္ပသ၊ ၏။ ဟေတုဘူတေန၊ အကြောင်း ဖြစ်၍ ဖြစ် သော။ သြတ္တပ္ပိတဗ္ဗယုတ္တကေန၊ ကြောက်အပ်သည်နှင့်ယှဉ်သော။ ကာ ယဒုစ္စရိတာဒိနာစ၊ ကာယဒုစရိုက်စသည်ကြောင့်ၦင်း။ ဝုတ္တပ္ပကာရေယ၊ ဆိုအပ်ပြီးသော အပြား ရှိသော။ သြတ္တပ္ပသ၊ ၏။ ဟေတုဘူတာယ၊ သော။ သမာပတ္တိယာစ၊ ယုတ်မာသော အကုသိုလ်တရားတို့၏ ပြည့်စုံ ခြင်းကြောင့်ၦင်း။ သြတ္တပ္ပတိဘာယတိ၊ ကြောက်၏။ ဣတိအယံ၊ ကာ။ အတ္ထော၊ တည်း။

ဤသြတ္တပ္ပသည် ကာယဒုစရိုက်စသည်တို့မှ ကြောံထိတ်ခြင်း လက္ခ ဏာရှိ၏။ဤသြတ္တပ္ပသည် သူတပါးကိုအလေးပြုသောအားဖြင့်မကောင်း မှုမှကြောက်တတ်သောကြောင့် ပြည့်တန်ဆာမနှင့်တူ၏။ အဘယ်သို့တူ သနည်းဟူမူ။ပြည့်တန်ဆာမသည် အကယ်၍ငါ့အား ကိုယ်ဝန်ပင်္ဂသန္ဓေ ရှိသည်ဖြစ်အံ့ ယောကျ်ားတို့သည် ငါ၏ထံသို့မလာမရောက်ရာ ယင်းသို့ မလာ မရောက် ကလည်း ငါအား လာဘ်မှ ဆိပ်ရာ၏ဟု မိမိထံ လာ ရောက်မြဲ ယောကျ်ားတို့ကို အလေးပြုသော အားဖြင့် ပင်္ဂသန္ဓေ စွဲနေအံ့ သည်မှ ကြောက်သကဲ့သို့ ထို့အတူ သြတ္တပ္ပသည် အကယ်၍ ငါသည် ပါဏာတိပါတ စသော မကောင်းမှု ဒုစရိုက်ကို ပြုသည်ဖြစ်အံ့၊ သူတော်

ကောင်းတို့သည် ငါ အားကဲ့ခဲ့ကုန်ပြီဟု တပါးသောသူတို့ကို အလေး ပြုသော အားဖြင့် ထိုဒုစရိုက်မှ ကြောက်ထိတ်သည်။ ဤသို့တူသည် ဟူ လေ။

ဟိရီဩတ္တပ္ပနှစ်ပါးအထူး

ဤ၌ လက္ခဏာ ဥပမာတို့ကို ဋီကာကျော် လာသည့် အတိုင်း ပြဆို သည်။ ဟိရီဩတ္တပ္ပ နှစ်ပါးတို့၏ အထူးကို အဋ္ဌသာလိနီ၌ ပြဆိုသည် အားလျော်စွာဖြစ်ကြောင်း သမုဋ္ဌာန်အထူး အလေးပြုခြင်းအထူး သဘော အထူး လက္ခဏာ အထူးတို့ဖြင့် ပြဆိုဦးအံ့။ ထိုဟိရီ ဩတ္တပ္ပ နှစ်ပါးတို့ တွင် ဟိရီမည်သည် အဇ္ဈတ္တသမုဋ္ဌာန်ကို အကြောင်းပြု၍ဖြစ်၏။ ဩတ္တပ္ပ သည် ဗဟိဒ္ဓသမုဋ္ဌာန်ကို အကြောင်းပြု၍ဖြစ်၏။ ဟိရီသည် မိမိကိုအလေး ပြုသောအားဖြင့်ဖြစ်၏။ ဩတ္တပ္ပသည် လောကကို အလေးပြုသော အား ဖြင့်ဖြစ်၏။ ဟိရီသည်ရှက်ခြင်း လဇ္ဇာသဘောအားဖြင့်တည်၏။ ဩတ္တပ္ပ သည် ကြောက်ခြင်း သဘောအားဖြင့်တည်၏။ ဟိရီသည် ရိုသေခြင်းနှင့် တကွဖြစ်ခြင်း လက္ခဏာရှိ၏။ ဩတ္တပ္ပသည်အပြစ်ကို ကြောက်ခြင်းဘေး ကိုရှုခြင်း လက္ခဏာရှိ၏။

ထိုတွင်အဇ္ဈတ္တသမုဋ္ဌာန်လျှင် ဖြစ်ကြောင်းရှိသောဟိရီကို အမျိုးဇာတ် ကိုဆင်ခြင်ခြင်း အရွယ်ကိုဆင်ခြင်ခြင်း ရဲရင့်သည်၏အဖြစ်ကို ဆင်ခြင် ခြင်း အကြားအမြင်များသည်၏အဖြစ်ကိုဆင်ခြင်ခြင်း ဟူသော လေးပါး သောအကြောင်းတို့ဖြင့်ဖြစ်စေ၏ အဘယ်သို့ဖြစ်စေသနည်းဟူမူ။ ပါဏာ တိပါတစသော မကောင်းမှုကို ပြုခြင်းမည်သည် မြတ်သောအမျိုးဇာတ် ရှိသောသူတို့၏ အမှုမဟုတ် ယုတ်ညံ့သော အမျိုးဇာတ် ရှိသော မုဆိုး တံငါ စသည်တို့၏ အမှုသာ ဖြစ်ချေသည်။ အမျိုး မြတ်သော ငါကဲ့သို့ သော သူသည် ဤပါဏာတိပါတ စသော မကောင်းမှုကိုပြု၍ မသင့် လျော်ချေဟု အမျိုးဇာတ်ကိုဆင်ခြင်၍ ပါဏာတိပါတ စသောမကောင်း မှုကိုမပြုဘဲ ဟိရီကိုဖြစ်စေ၏။ အချို့သောသူသည် ဤမကောင်းမှုကို ပြု ခြင်းမည်သည် အသက်အရွယ် ငယ်သောသူတို့ ပြုသောအမှုသာဖြစ်ချေ သည် ငါကဲ့သို့သော ကြီး ရင့်သော အသက်အရွယ် ရှိသောသူသည် ဤ

သို့သော မကောင်းမှုကိုပြု၍ မလျောက်ပတ်ချေဟု မိမိ၏အရွယ်ကို ဆင်ခြင်၍ မကောင်းမှုကိုမပြုဘဲ ဟိရီကို ဖြစ်စေ၏။ အချို့သော သူသည် ဤမကောင်းမှုကို ပြုခြင်းမည်သည် ကြောက်ခြင်းရှိ အားနည်းသော သူတို့အမှုသာဖြစ်၏။ ငါကဲ့သို့သော ရဲရင့်သန်စွမ်းသည့်၏အဖြစ်၌ တည်သောသူတို့၏ အမှုမဟုတ်ချေဟု မိမိ၏သန်စွမ်းရဲရင့်သည့်၏ အဖြစ်ကိုဆင်ခြင်၍လည်း မကောင်းမှုကိုမပြုဘဲ ဟိရီကိုဖြစ်စေ၏။ အချို့သောသူသည် ဤမကောင်းမှုကို ပြုခြင်းမည်သည် အကြားအမြင်မရှိ အလွန်မိုက်သောသူတို့ပြုသောအမှုသာဖြစ်ချေသည် ငါကဲ့သို့သော များသောအကြားအမြင်ပညာရှိသောသူတို့၏ အမှုမဟုတ်ချေဟု မိမိ၏များသော အကြားအမြင်ရှိသည့်၏ အဖြစ်ကိုဆင်ခြင်၍လည်း မကောင်းမှုကိုမပြုဘဲ ဟိရီကို ဖြစ်စေ၏။ ဤသို့ဇာတိ, ကိုဆင်ခြင်ခြင်း၊ ဝယ, ကိုဆင်ခြင်ခြင်း၊ သူရဘာဝ, ကို ဆင်ခြင်ခြင်း၊ ဗာဟုသစ္စ, ကိုဆင်ခြင်ခြင်း ဟူသော လေးပါးသော အကြောင်းတို့ဖြင့် အဇ္ဈတ္တသမုဋ္ဌာန်လျှင် ဖြစ်ကြောင်းရှိသော ဟိရီကိုဖြစ်စေ၏။ ဤအကြောင်း လေးပါးတွင် တပါးပါးဖြင့် ဟိရီကို ဖြစ်စေပြီး၍ကား ထိုဟိရီကိုမိမိစိတ်သို့သွင်း၍ မကောင်းမှုကိုမပြု ဤသို့ဟိရီသည် အဇ္ဈတ္တသမုဋ္ဌာန်ကိုစွဲ၍ ဖြစ်သည်။

အဘယ်သို့ ဗဟိဒ္ဓသမုဋ္ဌာန် ဗဟိဒ္ဓ အကြောင်းကို စွဲ၍ ဩတ္တပ္ပ ဖြစ်သနည်းဟူမူ။ အကယ်၍သင်သည် မကောင်းမှုကို ပြုသည်ဖြစ်အံ့၊ ဤမည်သောရဟန်းသည် ဤသို့သော မကောင်းမှုကိုပြု၏၊ ဤမည်သော သိက္ခာပုဒ်ကိုလွန်ကျူး၏။ ဤသို့စသည်ဖြင့် ပရိသတ်လေးပါးတို့အလယ်၌ ကဲ့ရဲ့ခြင်းသို့ရောက်လတ္တံ့, ပြည်ကြီးသူ မြို့ကြီးသားတို့သည် မစင်ကိုစက်ဆုပ်ကဲ့ရဲ့ ရှုံ့ရှာကုန်သကဲ့သို့ ပညာရှိသူတော်ကောင်း အပေါင်းတို့သည် သင့်ကို ရှုံ့ရှာစက်ဆုပ် ကဲ့ရဲ့ကြကုန်လတ္တံ့, ရဟန်း သိက္ခာပုဒ်ကို လွန်ကျူးကျော်နင်း၍ မကောင်းသော နေခြင်းဖြင့် နေ၍၊ လဇ္ဇီပေသလ, သိက္ခာကာမ, သီလဝန္တ, ဖြစ်သော ရဟန်းကောင်း တို့သည် သင့်ကို ပေါင်းဘော် ဆက်ဆံခြင်းမရှိ စွန့်ပယ် ကြည့်လေကြသည်ရှိသော် သင့်ကိုယ်ကို သင်အသို့ ပြုအံ့နည်း ဤသို့ကြံစည် ဆင်ခြင်၍ ဗဟိဒ္ဓ သမုဋ္ဌာန်လျှင် ဖြစ်ကြောင်း ရှိသော ဩတ္တပ္ပဖြင့် မကောင်းမှုကိုမပြုဘဲ ကြည်ရှောင်၏။ ဤသို့

ပရိသတ် လေးပါးအသယ်၌ အများကဲ့ရဲ့ကြမည်ကို ကြောက်ခြင်း ပညာရှိတို့ ကဲ့ရဲ့ကြမည်ကို ကြောက်ခြင်း သီလရှိသော ပုဂ္ဂိုလ်တို့ ကဲ့ရဲ့စက်ဆုပ် ရွံရှာကြမည်ကို ကြောက်ခြင်း ဗဟိဒ္ဓ အကြောင်းကြောင့် ဩတ္တပ္ပ ဖြစ်သည်။

ဟိရိသည် အဘယ်သို့မိမိကိုယ်ကို အလေးပြု၍ဖြစ်သနည်းဟူမူ။ ဤလောက၌ အချို့သော အမျိုးကောင်းသားသည် သာသနာတော်၏ဂုဏ်ကျက်၏ အကျိုးကို ယုံကြည်ခြင်း သဒ္ဓါတရား အားကြီး ခြင်းကြောင့် ရဟန်းပြုသော သဒ္ဓါပဗ္ဗဇိတဖြစ်သော များသောအကြားအမြင်ရှိသော ခုတင်ကို ဆောင်သော ငါကဲ့သို့သောသူအား မကောင်းမှုကို ပြုခြင်းငှါ မသင့်မလျော် မလျောက်ပတ်ချေဟု မိမိကိုယ်ကို အလေးအမြတ် အကြီးပြု၍ မကောင်းမှုကို မပြုဘဲကြဉ်ရှောင်၏။ ဤသို့ဟိရိသည် မိမိကိုယ်ကို အလေးအမြတ် အကြီးပြုသည် ဟူလေ။

ဩတ္တပ္ပသည် အဘယ်သို့လောကကိုအလေးအမြတ် အကြီးပြု၍ဖြစ်သနည်းဟူမူ။ဤလောက၌ အချို့သောအမျိုးကောင်းသားသည် ဤလောကသည် အလွန်ကျယ်ဝန်းလှစွာ၏။ ဤအလွန်ကျယ်ဝန်းသော လောက၌ကြီးသော တန်ခိုးရှိကုန်သော ဒိဗ္ဗစက္ခု အဘိညာဏ်ကိုရကုန်သောမိမိစိတ်ဖြင့် သူတပါးတို့ စိတ်ကို သိနိုင်ကုန်သော မကောင်းမှုကို ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်, တို့ဖြင့် အပပြုကုန် စွန့်မျောကုန်သော ရသေ့ရဟန်းတို့သည် များစွာပင်ရှိကုန်၏။ထိုပုဂ္ဂိုလ်သည် ဝေးစွာသောအရပ်၌သော်လည်း မြင်နိုင်ကုန်၏။အနီး၌တည်နေကုန်သော်လည်း မထင်မြင်ကုန်။ မိမိစိတ်ဖြင့်လည်း သူတပါးတို့စိတ်ကို သိနိုင်ကုန်၏။ ထိုရဟန်းတို့သည်လည်း ငါ့ကိုမြင်ကုန်လတ္တံ့. ထိုသို့မြင်သောအခါ အချင်းတို့ဤအမျိုးသားကို ကြည့်စမ်းကြပါကုန် သာသနာတော် ဂုဏ်ကို ယုံကြည်သဒ္ဓါ၍ အိမ်ရာ ထောင်သော လူတို့ဘောင်မှ ခွါရှောင်ထွက်ခဲ့၍ ရဟန်းပြုသည် ဖြစ်ပါလျက် အကုသိုလ် တရားတို့ဖြင့်သာ ရောပြွမ်းလျက်နေ၏။ ဤသို့ တန်ခိုးကြီးသော ရသေ့ ရဟန်းတို့သည် ရွံရှာကဲ့ရဲ့ကုန် အပြစ်တင်ကုန်လတ္တံ့. ဤလောက၌ ဒိဗ္ဗစက္ခုကို ရကုန်သော ဤသူသည် ဤသို့ ကြံ၏။ ဤသူ၏ သန္တာန်၌ ဤသို့သောစိတ်ဖြစ်၏ စသည်ဖြင့် သူတပါးတို့၏ စိတ်

ကို မိမိစိတ်ဖြင့် ပိုင်းခြား ကုန်စဉ် သိမြင်နိုင်ကုန်သော တန်ခိုးကြီးသော နတ်ဗြဟ္မာ တို့သည် ရှိကုန်၏။ ထိုတန်ခိုးကြီးသော နတ်ဗြဟ္မာ တို့သည်လည်း ငါ့ကို သိမြင်ကြ ကုန်လတ္တံ့။ ထိုသို့ သိမြင်သော အခါ သူတော်ကောင်း အပေါင်းတို့ ဤအမျိုးသားကို ကြည့်ကြပါကုန် ဤအမျိုးသား၏ပြုမူကျင့်ကြံ နေထိုင်ဟန်ကို ကြည့်ကြပါကုန် ဤအမျိုးသားသည် သဒ္ဓါယုံကြည်သဖြင့် အိမ်၏ အဖိုးအပွါးကို အားထုတ် ရွက်ဆောင်သော လူ့ဘောင်မှ ထွက်ရှောင် ပဗ္ဗဇ္ဇာ ခံ၍ ရဟန်းပြုသည် ဖြစ်ပါလျက် အကုသိုလ် မကောင်းမှုတို့ဖြင့်သာ ပျော်ပါး ပြွမ်းတီး၍ နေဘိ၏။ ဤသို့တန်ခိုးကြီးသော နတ်ဗြဟ္မာတို့သည် ငါ့ကို သိမြင်သဖြင့် ရှုံ့ရှာကဲ့ရဲ့ အပြစ်တင်ကြကုန်လတ္တံ့။ ဤသို့အောက်မေ့ ကြံစည်ဆင်ခြင်၍ လောကကိုအလေးအမြတ်ပြု၍ အကုသိုလ်ကို ပြုကျင့် လွန်ကျူးခြင်း မရှိ စွန့်၍၏။ ကုသိုလ်တရားကို အားထုတ်ပွါးများစေ၏။ မိမိကိုယ်စိတ်ကို အကုသိုလ် အညစ်အကြေး တို့ဖြင့် ရောပြွမ်း ညစ်နွမ်း မရှိစေဘဲ သန့်ရှင်း စင်ကြယ်စွာ ပြု၍ဆောင်၏။ ဤသို့ဩတ္တပ္ပသည် လောကကို အကြီးအကဲ အလေးအမြတ်ပြု၍ဖြစ်သည် ဟူလို။

ဟိရီ၏ စက်ဆုပ် ရှုံ့ရှာခြင်း ရှက်ခြင်း သဘောအားဖြင့် တည်သည်၏အဖြစ်။ ဩတ္တပ္ပ၏ ကြောက်သော အခြင်းအရာ အားဖြင့် တည်သည်၏အဖြစ်သည် မကောင်းမှုကို ကြဉ်ရှောင်သော အရာ၌ထင်ရှား၏။အဘယ်သို့ ထင်ရှားသနည်းဟူမူ။ အချို့သောသူသည် ကျင့်ကြံ ကျင့်ငယ် စွန့်ခြင်းစသည်ကို ပြုသော ဘယောက်သော အမျိုးသားသည် ရှက်ဖွယ် ရှက်လောက်သော သူဘယောက်ကိုမြင်၍ ရှက်သောအခြင်းအရာသို့ ရောက်သကဲ့သို့ ဤအတူ မိမိအဇ္ဈတ္တ သန္တာန်၌ ရှက်ခြင်း သဘောရှိသော ဟိရီကို သက်သေ ဖြစ်စေ၍ မကောင်းမှုကို မပြု။အချို့သော သူသည် အပါယ်ဘေးကို ကြောက်သောကြောင့် မကောင်းမှုကို မပြု။

ဥပမာကား။ မစင်ဖြင့်လိမ်းကျံ အပ်သော အေးသော သံတွေခဲတခု လောလောပူသော သံတွေခဲတခု အားဖြင့် နှစ်ခုသော သံတွေခဲတို့တွင်။ ပညာရှိသောသူသည်အေးသောသံတွေခဲကိုမစင်လိမ်းကျံသောကြောင့် ရှုံ့ရှာ စက်ဆုပ်၍ မကိုင်သကဲ့သို့ ပူသောသံတွေခဲကို လက်ကို လောင်အံ့

သည်မှ ကြောက်၍ မကိုင်သကဲ့သို့တည်း။ဤဥပမာ၌ အစ္စာမစ္ဆရိယနှင့် ဂုဏ်ကျေးဇူးကို လိုက်ပိုင်းခြား၍ သိသောနိကန္တိ ယှဉ်သော ကုသိုလ်ဓမ္မအပေါ်၌ ဂုဏ်ကျေးဇူး၏ အစွမ်းအစကို မြင်၍ ပြုသော ကုသိုလ်ဓမ္မသည် ရှက်ခြင်း စက်ဆုပ်ရွံရှာခြင်း သဘောရှိသောဟိရိကို သက်စေဖြစ်စေ၍ မကောင်းမှုကို မပြု ခြင်းသည် အေးသော သံတွေခဲကို မစင် လိမ်းကပ်သောကြောင့် စက်ဆုပ် ရွံရှာသော အားဖြင့် မကိုင်သည်နှင့် တူ၏။ အပါယ် ဘေးကို ကြောက် သောကြောင့် မကောင်းမှုကို မပြု ခြင်းသည်။ ပူသော သံတွေခဲကို လောင်အံ့သည်မှ ကြောက်သောကြောင့် မကိုင် သည်နှင့်တူ၏။ဤဥပမာ ဥပမေယျကို ဟပ်လေ။

ဟိရိ၏ ရိုသေ တုံ့ဝပ် ခြင်းနှင့် ၁ ကွဖြစ်သော သဘော လက္ခဏာ ရှိသည့်၏အဖြစ်။ဩတ္တပ္ပ၏ အဖြစ်ကို ကြောက်ခြင်း ဘေးအားဖြင့် ရှုခြင်း သဘော လက္ခဏာ ရှိသည့်၏ အဖြစ် သည်လည်း မကောင်းမှုမှ ကြည် ရှောင်သော အခါ၌ပင် ထင်ရှား၏။ ထင်ရှားဟန်ကို ပြဦးအံ့။ အချို့သော သူသည် မိမိအမျိုး မြတ်သည့်၏ အဖြစ်ကို ဆင်ခြင်ခြင်း ဆရာ ဘုရား၏ မြတ်သည့်၏ အဖြစ်ကို ဆင်ခြင်ခြင်း အမွေဥစ္စာ၏ မြတ်သည့်၏ အဖြစ်ကို ဆင်ခြင်ခြင်း သီတင်းသုံးဘော်တို့၏ မြတ်သည့်၏ အဖြစ်ကို ဆင်ခြင်ခြင်း ဟူသော လေးပါးသော အကြောင်းတို့ဖြင့် လေးမြတ် ရိုသေခြင်း လက္ခ ဏာ ရှိသော ဟိရိကို ဖြစ်စေ၍ မကောင်းမှုကိုမပြု။ အချို့သော သူသည် မိမိကိုယ်ကို မိမိပင် အပြစ် တင်ခြင်း စောဒနာ ခြင်းမှ ကြောက်ခြင်း ဟူ သော အတ္တာနုဝါဒဘေး, သူတပါးတို့ အပြစ် တင်ခြင်း စောဒနာ ခြင်းမှ ကြောက်ခြင်းဟူသော ပရာနုဝါဒဘေး,ဒဏ်ထိခြင်း ဒဏ်ထားအံ့သည်မှ ကြောက်ခြင်း ဟူသော ဒဏ္ဍဘေး, အပါယ် ဒုဂ္ဂတိဘုံသို့ ကျအံ့ ရောက်အံ့ သည်မှ ကြောက်ခြင်း ဟူသော ဒုဂ္ဂတိ ဘေး, ဟူသော လေးပါးသော အကြောင်း တို့ဖြင့် အပြစ်မှ ကြောက်ခြင်းဘေး, ဟူ၍ ရှုခြင်း လက္ခဏာ ရှိသော ဩတ္တပ္ပကို ဖြစ်စေ၍ မကောင်းမှုကိုမပြု ဤသို့ထင်ရှားသည်။

ဟိရိဖြစ်ခြင်းအကြောင်းလေးပါး

ဇာတိမဟတ္တပစ္စဝေက္ခနာ,သတ္ထုမဟတ္တပစ္စဝေက္ခနာ,ဒါယဇ္ဇမဟတ္တ ပစ္စဝေက္ခနာ,သဗြဟ္မစာရီမဟတ္တပစ္စဝေက္ခနာ,ဟူကုန်သော သပ္ပဋိဿဝ လက္ခဏာရှိသော ဟိရိဖြစ်ခြင်း၏ အကြောင်းလေးပါးကြောင့် အသီး

အသိး ဟိရိဖြစ်ဟန်ကို ပြဦးအံ့။ အချို့သော သူသည် ငါ၏ မိဘတို့သည် ဗုဒ်ိုင်း,အမိအမျိုး အဘအမျိုးတို့တွင် တရုံတယောက်မျှသည်ငင်း, ပါဏာ တိပါတ စသော ဒုစရိုက် မှုဖြင့် အသက်မွေးခြင်း သေအရက် သောက် ခြင်း စသော ယုတ်မာသော အမှုကို ပြုသော မည်သည် မရှိ အပြစ်ကင်း သော လယ်လုပ် ကုန်သွယ် ကူးသန်းမှု စသော အသက် မွေးမှု ကိုသာ ပြုကြကုန်သည်။ သီလ အကျင့်နှင့် ပြည့်စုံ၍ ကုံထံ ကြွယ်ဝ ချမ်းသာကြ သည်ဖြစ်၍ ငါ၏ အမျိုးသည် စင်ကြယ် ကောင်းမြတ်သော အမျိုး ဖြစ် သည် ငါသည်လည်း ထိုအမျိုး၌ ဖြစ်သောကြောင့် အမျိုးအားဖြင့် မြတ် သောသူ ဖြစ်သည် ထိုသို့ အမျိုး အားဖြင့် မြတ်ပါလျက် ယုတ်မာသော လူမျိုးတို့ ပြုအပ်သော မကောင်းမှုကို ပြု၍ မလျော်ချေဟု မိမိ၏ အမျိုး အားဖြင့် မြတ်သည်၏အဖြစ်ကို ဆင်ခြင်၍ မကောင်းမှုကိုမပြုဘဲ ဟိရိကို ဖြစ်စေ၏။

အချို့သော သူသည် ငါသည် မြတ်စွာ ဘုရားနှင့် တကွ ဘုရားလျှင် အမွန်အကြောင်းရှိသော တရား,သံဃာ,ဟူသော ရတနာ သုံးပါးကို ကိုး ကွယ် မှီခိုရာဟု ယုံကြည် ဆည်းကပ်၍ မြတ်သော သာသနာတော်၌ ရှင်ရဟန်း ပြုလုပ်သည် ဖြစ်၍ မြတ်စွာ ဘုရားသည် ငါ၏ ဆရာဖြစ်ချေ သည်။ငါ၏ ဆရာသာ မဟုတ် လူနတ်ဗြဟ္မာ သတ္တဝါ ခပ်သိမ်းတို့၏ ကိုး ကွယ် လည်းလျောင်း ဦးညွတ် ပူဇော်ရာဖြစ်၍ နတ်နှင့်တကွသော လော က၏လည်း ဆရာဖြစ်သည်။လောက၌ ဆရာဟူသမျှတို့ထက် ရာထောင် သိန်းသန်းမက ဆဆ သာလွန်သော သဗ္ဗညုတဉာဏ်, ဒသဗလဉာဏ်, စသော နာမကာယ ဂုဏ်၊ သုံးဆဲ့ နှစ်ပါးသော လက္ခဏာ တော်ကြီး စသည်ဖြင့် တန်ဆာ ဆင်အပ်သော ရူပကာယဂုဏ်တို့နှင့် ပြည့်စုံသော အမိပတိ အတုမရှိသော ဆရာဖြစ်သည်။ သို့စဉ် မြတ်လှစွာသော ဆရာ ဖြစ်သော မြတ်စွာဘုရား၏ တပည့်ဖြစ်ပါလျက် ငါသည် မကောင်းမှုကို ပြု၍ မတော်ချေဟု ဆရာဖြစ်သော မြတ်စွာဘုရား၏ မြတ်သည်၏ အဖြစ် တည်းဟူသောဂုဏ်ကိုဆင်ခြင်၍မကောင်းမှုကိုမပြုဘဲဟိရိကိုဖြစ်စေ၏။

အချို့သောသူသည် သာသနာတော်၌ ရှင်ရဟန်းပြုသဖြင့် ရှင်ရဟန်း အဖြစ်ဟူသော မြတ်စွာဘုရား အမွေတော်ကို ရပေသည်။ ဘိုး, ဘွား,

မိဘ,တို့၏ ဥစ္စာရွှေငွေရတနာစသော အမွေကိုရသောသူသည် ထိုအမွေဥစ္စာဖြင့် ရင်းနှီး ကူးသန်း ဖြစ်ထွန်း တိုးပွါး မရေတွက်နိုင် များစွာပင် ဥစ္စာရှိသော်လည်း ထိုဥစ္စာသည် မင်း,ခိုးသူ,စသော ရန်သူတို့နှင့် ဆက်ဆံသည်ဖြစ်၍ ရန်သူတို့နှိပ်စက်လုယူ ဖျက်ဆီးသဖြင့် ပစ္စက္ခမျက်မှောက်တွင်ပင် ပျက်စီးပြုန်းတီး ကုန်ခန်းတတ်သည်။ထိုသို့ပင် ရန်သူတို့ မဖျက်သော်လည်း တသက်လျှာ တဘဝမျှသာ ခံစားရသည် ဘဝတပါးသို့ တချင်ရွေးခန့်မျှ မလိုက်မပါနိုင် မြတ်စွာဘုရား ပေးတော် မူသော အမွေဖြစ်သော ရဟန်း အဖြစ်လျှင် အမွန်အကြောင်း ရှိသော ကုသိုလ် ဟူသော အမွေဥစ္စာတို့ သော်ကား မင်းစသော ရန်သူတို့နှင့် မဆက်ဆံ ရန်သူတို့ မဖျက်ဆီးနိုင် နိဗ္ဗာန်ရသည် တိုင်အောင် ဘဝများစွာသို့ လိုက်ပါ၍ ကြီးကျယ် ပြန့်ပြော မြတ်သော လူနတ် စည်းစိမ်ကို ဖြစ်စေနိုင်ကုန်သည်။ပစ္စက္ခဘဝ၌ပင် သော်လည်း သူခပ်သိမ်းတို့၏ လှူဒါန်းပူဇော်ခြင်းကို ခံရခြင်းစသော အကျိုးကို ရကုန်သည်။ အမွေဥစ္စာ ဟူသမျှတို့ထက် သို့စဉ် မြတ်သှစွာသော ရဟန်းအဖြစ် တည်းဟူသော အမွေတော်ကို ရပါလျက် ငါသည် အမွေရှင် ဖြစ်သော မြတ်စွာဘုရားသည် ပယ်ရှားစွန့်ပစ် စက်ဆုပ် ကဲ့ရဲ့ အပ်သော မကောင်းမှုကို ပြု၍ မသင့်ချေဟု ရဟန်းအဖြစ် တည်းဟူသော အမွေ၏ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်၍လည်း မကောင်းမှုကို မပြုဘဲ ဟိရိကို ဖြစ်စေ၏။

အချို့သောသူသည် ငါနှင့်အတူတကွ တရားကို ကျင့်ဘော် သီတင်းသုံးဘော် ဖြစ်သော ပုဂ္ဂိုလ်တို့သည်၊မြတ်စွာဘုရား၏ အဆုံးအမတော်၌ တည်၍ သိက္ခာပုဒ်ကိုကျူးလွန်ခြင်းမရှိတရားကို လွန်စွာအားထုတ်ကျင့်ဆောင်သော လဋ္ဌိပေသလ သိက္ခာကာမ သီလဝန္တ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့ ချည်းသာ ဖြစ်ကြပေကုန်သည်။ ငါသည် သို့စဉ်မြတ်လှစွာသော သီတင်းသုံးဘော် တို့နှင့်မတူ အမှုကွဲပြား ရဟန်းတရားကို အားမထုတ် သိက္ခာပုဒ်ကို ကျူးလွန်ခြင်း စသော မကောင်းမှုကို ပြုချေသော်ဟသ်ာ တထောင် တို့၏ အတွင်း၌ ကျီးတကောင်သည် မတင့်တယ် သကဲ့သို့ သီတင်း သုံးဘော်တို့၏ အလယ်၌ မတင့်တယ်ရာဟု သီတင်း သုံးဘော် အတူတကွ တရား ကျင့်ဘော် တို့၏ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်၍

မကောင်းမှုကို မပြုဘဲ ဟိရိကို ဖြစ်စေ၏။ ဤသို့ ဇာတိမဟတ္တ, သတ္ထု မဟတ္တ, ဒါယဇ္ဇမဟတ္တ, သဗြဟ္မစာရီ မဟတ္တ, တို့ကို ဆင်ခြင်ခြင်း အကြောင်း လေးပါး တို့ကြောင့် အသီးအသီး ဟိရိဖြစ်ခြင်းကို သိလေ။

မိမိကိုယ်ကို မိမိစောဒနာအံ့သည်မှ ကြောက်ခြင်း အတ္တာနုဝါဒဘယ, သူတပါးတို့ စောဒနာအံ့သည်မှ ကြောက်ခြင်း ပရာနုဝါဒဘယ,ဒဏ်သင့် အံ့သည်မှ ကြောက်ခြင်း ဒဏ္ဍဘယ, အပါယ်ဒုဂ္ဂတိသို့ လားရအံ့သည်မှ ကြောက်ခြင်း ဒုဂ္ဂတိဘယ, ဟူသော အကြောင်းလေးပါး တို့ကြောင့် အသီးအသီး သြတ္တပ္ပ ဖြစ်ဟန်ကိုလည်း သိလေ လွယ်ပြီ။

ဤဟိရိ သြတ္တပ္ပ တရား နှစ်ပါး တို့သည် လောကကို စောင့်ရှောက် တတ်သောကြောင့် လောကပါလတရားမည်ကုန်၏။ ထိုနှစ်ပါးတို့ လောကကို စောင့်ရှောက် ကြောင်းကို။ ဒွေမေ ဘိက္ခဝေ သုက္ကာ ဓမ္မာ လောကံ ပါလေန္တိ၊ ကတမေ ဒွေ ဟိရိစ သြတ္တပ္ပဉ္စ-ဟူ၍ ဟောတော် မူသည်။ ဘိက္ခဝေ၊တို့။ သုက္ကာ၊ စင်ကြယ်သန့်ရှင်းကုန်သော။ ဣမေဒွေဓမ္မာ၊ ဤတရားနှစ်ပါးတို့သည်။ လောကံ၊သတ္တလောကကို။ ပါလေန္တိ၊စောင့်ရှောက်ကုန်၏၊ဒွေ၊နှစ်ပါးကုန်သော တရားတို့ ဟူသည်။ကတမေ၊အဘယ်တရားတို့နည်းဟူမူကား။ ဟိရိစ၊ ဟိရိလည်းတပါး။ သြတ္တပ္ပဉ္စ၊ သြတ္တပ္ပလည်း တပါး။ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။

ဤတရား နှစ်ပါးတို့သည် အကယ်၍ ဤသတ္တလောကကို မစောင့် ရှောက် ကုန်သည် ဖြစ်အံ့။ ဤလောက၌ ဤလူအပေါင်း၌ အမိ ဟူ၍ဂုဏ်း မိထွေး မိကြီး ဟူ၍ဂုဏ်း အရီးဟူ၍ဂုဏ်း ဆရာ၏ မယားဟူ၍ဂုဏ်းအလေး ပြုအပ်သောသူတို့၏ မယားဟူ၍ဂုဏ်း မထင်ကုန်ရာ။ထိုသို့မထင်ကလည်း ဆိတ်ကုလား ဆိတ်မြန်မာ ကြက် ဝက် ခွေး မြေခွေး စသည့်တို့ သည် အမိစသည်ဖြင့် မှတ်ထင်ခြင်းမရှိ။ ဇာတ်အားဖြင့် ရောရှက်ခြင်းသို့ ရောက်ကုန် သကဲ့သို့ လူအပေါင်းသည် ဇာတ်အားဖြင့် ရောရှက်ခြင်းသို့ ရောက်ကုန်ခဲ့ရာသည်။ ဤဟိရိသြတ္တပ္ပတရားနှစ်ပါးတို့ စောင့်ရှောက်ပေ ကုန်သောကြောင့်သာလျှင် အမိဟူ၍ဂုဏ်း မိထွေးမိကြီး စသည်ဟူ၍ဂုဏ်း ထင်မြင်ကုန်သည်။

[ဒေဝဓမ္မဇာတ်၌။ ဟိရိ, ဩတ္တပ္ပ, နှစ်ပါးကို ဒေဝဓမ္မဟူ၍လည်း ဟောတော်မူသည်။ အကျယ်ကို သိလိုသော် ၎င်းဇာတ်မှာ ကြည့်ကြပါလေ။ အလွန် ကျယ်လွန်းအံ့ မိုးသည်ဖြစ်၍ ၎င်းဇာတ်ကို ဤအရာ၌ဆောင်၍ မပြသည်။]

အလောဘ စေတသိက်မှာ။ လောဘ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၎င်း အာရုံ၌သမ္ပယုတ်တရားတို့၏ မမက်မောကြောင်း ဖြစ်သောကြောင့်၎င်း မမက်မော တတ်သောကြောင့်၎င်း မမက်မောခြင်း မျှသာ ဖြစ်၍၎င်း အလောဘ မည်သည်။ ထိုအလောဘသည် စိတ်၏ အာရုံ၌ မမက်မောကြောင်းဖြစ်သော လက္ခဏာရှိ၏။ တနည်းလည်း ပဒုမာကြာဖက်ပေါ်၌ ရေသည် ထိုကြာဖက်၌ မကပ်ငြိ သကဲ့သို့ အာရုံ၌ မကပ်ငြိသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ တပုံတခုသောဘရားကို အာရုံပြု၍ဖြစ်သော အလောဘစေတသိက်သည် ကြာဖက်၌တည်သော ရေနှင့်တူ၏။ အာရုံသည် ကြာဖက်နှင့်တူ၏။ အလောဘ၏ အာရုံ၌မကပ်ငြိခြင်းသည် ရေ၏ကြာဖက်၌မကပ်ငြိသည်နှင့်တူ၏။ကိလေသာမှလွတ်ပြီးသော ရဟန္တာသည် တပုံတခုသောပစ္စည်းကို ငါ၏ပစ္စည်းဟု မသိမှီးမသိမ်းဆည်းသကဲ့သို့ ဤအလောဘသည် မသိမှီးမသိမ်းဆည်းခြင်းကိစ္စရှိ၏။ ဋီကာကျော်၌ ဤမုတ္တဘိက္ခု ဝိယ၊ ဟူသော ဥပမာကို။အလောဘ၏ အလဂ္ဂတာ လက္ခဏာရှိသည်၏ အဖြစ်ကို ပြရာ၌ထုတ်၏။ မစင်တွင်း၌ကျသော ယောကျ်ားသည် မစင်ဖြင့် တွယ်ခြင်းကပ်ခြင်းကို အလိုမရှိသကဲ့သို့ ဤအလောဘသည် အာရုံ၌ မငြိတွယ်သည်၏ အဖြစ်ဖြင့် ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်အား ရှေ့ရှုထင်ခြင်းရှိ၏။ အာရုံ၌ ဖြစ်သော အလောဘသည် မစင်တွင်း မစင်ပု၌ကျသော ယောကျ်ားနှင့်တူ၏။ အာရုံသည် မစင်တွင်း၌ ရှိသော မစင်ပုနှင့် တူ၏။ အလောဘ၏ အာရုံ၌မငြိတွယ်ခြင်းသည် ထိုယောကျ်ား၏ မစင်ကို မငြိတွယ်လိုသည်နှင့်တူ၏ဟု ဟာပ်လေ။

အဒေါသစေတသိက်မှာ။ ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း အာရုံကို မပြစ်မှားတတ် သမ္ပယုတ် တရားတို့၏ မပြစ်မှားကြောင်း ဖြစ်သောကြောင့်၎င်း မပြစ်မှားခြင်း သဘောမျှသာ ဖြစ်၍၎င်း အဒေါသ

မည်သည်။ ဤအဒေါသသည် မကြမ်းတန်းသောသူ၏ အဖြစ် တည်းဟူသော လက္ခဏာရှိ၏။ တနည်း၊ မဆန့်ကျင်ခြင်း အဝိရောဓ လက္ခဏာရှိ၏။ ငယ်စဉ်ကာလကစ၍ အတူတကွ ပေါင်းသင်း နေထိုင်ကြသော အဆွေခင်ပွန်းနှစ်ယောက်တွင် တယောက်သည် ရပ်ဝေးမြေခြား မြင့်ရှည်စွာသွားနေပြီးမှ တဖန်တခေါက် လာရောက်၍ ရှိနှင့်ရင်း အဆွေခင်ပွန်းဟောင်းနှင့် တွေ့ကြသောအခါ အလွန်နှစ်သက် ရွှင်လန်း ဝမ်းမြောက်ကြည်လင် ချစ်ခင် လေးမြတ်သော ရှိနှင့်ရင်း အဆွေခင်ပွန်းသည် လာရောက်သောအဆွေခင်ပွန်း၌ မဆန့်ကျင်သကဲ့သို့ ဤအဒေါသသည် အာရုံ၌မဆန့်ကျင်ခြင်း အဝိရောဓလက္ခဏာ ရှိသည်ဟူလို။ ရှိရင်းအဆွေခင်ပွန်းနှင့် အဒေါသ လာရောက်သော အဆွေခင်ပွန်းနှင့် အာရုံတူသည်။ ဋီကာကျော်၌ ဤအနုကူလမိတ္တောဝိယ ဟူသော ဥပမာကို အစဏ္ဍိက္ကလက္ခဏာ၌ ဆောင်၏။

ဤအဒေါသသည် ကိုးပါးသော အာဃာတဝတ္ထုကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ တနည်း၊ စန္ဒကူးသည် ကိုယ်ပူပန်ခြင်းကို ပယ်ဖျောက် သကဲ့သို့ စိတ်၏ပူပန်ခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ ပူပန်သော စိတ်နှင့် ပူပန်သောကိုယ် အဒေါသနှင့် စန္ဒကူး အဒေါသ၏ စိတ်ပူပန်ခြင်းကို ပယ်ဖျောက်ခြင်းနှင့် စန္ဒကူး၏ ကိုယ်ပူပန်ခြင်းကို ပယ်ဖျောက်ခြင်း တူသည်ဟု အစဉ်အတိုင်းဟာပ်လေ။

လပြည့်ဝန်းသည် ကြည့်မြင်သော သူတို့၏စိတ်အား အေးချမ်းသော အားဖြင့်ထင်သကဲ့သို့ ဤအဒေါသသည် အဒေါသ၏ သဘောကိုရှုသော ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အား အေးချမ်းသည်၏ အဖြစ်ဖြင့် ရှေ့ရှုထင်ခြင်းရှိ၏။ လပြည့်ဝန်းနှင့် အဒေါသ လကိုကြည့်မြင်သောသူနှင့် ယောဂီပုဂ္ဂိုလ် ကြည့်သောသူ၏စိတ်နှင့် ယောဂီပုဂ္ဂိုလ်၏ဉာဏ် စိတ်အားထင်ခြင်းနှင့် ဉာဏ်အားထင်ခြင်း လဝန်း၏ ချမ်းအေးခြင်း သဘောနှင့် အဒေါသ၏ ချမ်းအေးခြင်း သဘောတူ၏ဟု ဟာပ်လေ။

တတြ မဇ္ဈတ္တတာ စေတသိက်မှာ။ မိမိနှင့်အတူတကွဖြစ်သော သမ္ပယုတ် တရားတို့၌ အညီအမျှ ဖြစ်တတ် သောကြောင့် တတြမဇ္ဈတ္တတာ မည်သည်။ သားနှစ်ယောက်တို့၏ အဘသည် သားနှစ်ယောက် တို့ကို

အမွေဥစ္စာပေးခြင်း စသည်ဖြင့် အညီအမျှချီးမြှင့် မစရွက်ဆောင်သကဲ့သို့ ဤတတြမဇ္ဈတ္တတာသည် မိမိနှင့် သမ္ပယုတ် ဖြစ်သော စိတ်စေတသိက်တို့ကို အညီအမျှရွက်ဆောင်ခြင်း လက္ခဏာရှိ၏။ အဘနှင့် တတြမဇ္ဈတ္တတာ သားနှစ်ယောက် နှင့် သမ္ပယုတ်စိတ်စေတသိက် အဘ၏ သားနှစ်ယောက်ကို အညီအမျှချီးမြှင့် ရွက်ဆောင်ခြင်းနှင့် တတြမဇ္ဈတ္တတာ၏ စိတ်စေတသိက်တို့ကို အညီအမျှရွက်ဆောင်ခြင်းတူ၏။

နှစ်ဖက်ဝန်ကိုထမ်းသောသူသည် ဝန်နှစ်ဖက်ကို အယုတ်အလွန်မရှိစေရ ယုတ်လျော့သော တဖက်ဝန်ကို ထပ်ဖြည့်၍ ပိုလွန်သော တဖက်ဝန်ကိုနှုတ်သကဲ့သို့ ဤတတြမဇ္ဈတ္တတာသည် သမ္ပယုတ်စိတ်စေတသိက်တို့၏ တပါးအောက် တပါးယုတ်လျော့ခြင်း တပါးထက်တပါး ပိုလွန်အားရှိခြင်းကို တားမြစ်ခြင်း ဦနာဓိကနိဝါရဏကိစ္စရှိ၏။ ဝန်ထမ်းသောသူနှင့် တတြမဇ္ဈတ္တတာ ဝန်နှစ်ဖက်နှင့် စိတ်စေတသိက် ဝန်ထမ်းသောသူ၏ ဝန်နှစ်ဖက်ကို တဖက်ဖက်က ယုတ်လျော့ သာလွန်မရှိစေရ ထပ်ဖြည့် နှုတ်ခြင်းနှင့် တတြမဇ္ဈတ္တတာ၏ စိတ်စေတသိက်၏ တပါးပါးက ယုတ်လျော့အားနည်းခြင်း လွန်ကဲအားရှိခြင်းကို ပယ်မြစ်ခြင်းနှင့်တူ၏။

တနည်းလည်း။ စောင်း သမားသည် စောင်း ကြိုးကို လျော့လည်း မလျော့လွန်း တင်းလည်း မတင်းလွန်း စေသကဲ့သို့ စိတ်စေတသိက်တို့ကို အလိုရှိအပ်သော အခြင်းအရာ ဣဋ္ဌာကာရ အားဖြင့် အာရုံကိုယူခြင်း အလိုမရှိအပ်သော အခြင်းအရာ အနိဋ္ဌာကာရ အားဖြင့် အာရုံကိုယူခြင်း ဟူသော ဘဖက်ဖက်သို့ ကျခြင်းကို ဖြတ်ပယ်ခြင်း ပက္ခပါတုပစ္ဆေဒန ကိစ္စရှိ၏။ စောင်းသမားနှင့် တတြမဇ္ဈတ္တတာ စောင်းကြိုးနှင့် စိတ်စေတသိက် စောင်းကြိုး လျော့လွန်းသည်နှင့် စိတ်စေတသိက် တို့၏ ဣဋ္ဌာကာရအားဖြင့် အာရုံကိုယူခြင်း တင်းလွန်းသည်နှင့် အနိဋ္ဌာကာရ အားဖြင့် အာရုံကိုယူခြင်း စောင်းသမား၏ ကြိုးတို့ကို မလျော့မတင်းလွန်းစေသည်နှင့် တတြမဇ္ဈတ္တတာ၏ စိတ်စေတသိက်တို့ကို ဣဋ္ဌာကာရအနိဋ္ဌာကာရအားဖြင့် အာရုံကိုယူခြင်းဟူသော ဘဖက်ဖက်သို့ကျခြင်းကို ပယ်ဖြတ်ခြင်းတူသည်ဟု ဟပ်လေ။

မြင်းနှစ်ကောင် ကသောရထားကို နှင်သောရထားထိန်းသည် အညီအမျှ ရထားထမ်းပိုးကို ရွက်ဆောင်သော မြင်းနှစ်ကောင်တို့ကို လျစ်လျူရှုသကဲ့သို့ ဤတတြမဇ္ဈတ္တတာသည် မိမိနှင့်သမ္ပယုတ်ဖြစ်သော စိတ်စေတသိက်တို့ကို လျစ်လျူရှုခြင်း ရှိသည်၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေ့ရှုထင်ခြင်းရှိ၏။ ရထားထိန်းနှင့် တတြမဇ္ဈတ္တတာ မြင်းနှစ်ကောင်နှင့် စိတ်စေတသိက် မြင်းနှစ်ကောင်၏ ထမ်းပိုးကို အညီအမျှထမ်းသည်နှင့် စိတ်စေတသိက်တို့၏ တပါးနှင့်တပါး မယုတ်မလွန်အညီဖြစ်ခြင်း ရထားထိန်း၏ မြင်းနှစ်စီးတို့ကိုလျစ်လျူရှုခြင်းနှင့် တတြမဇ္ဈတ္တတာ၏ စိတ်စေတသိက်တို့ကို လျစ်လျူရှုခြင်း တူ၏ဟူလေ။

ကာယပဿဒ္ဓိ စေတသိက်မှာ။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဟူသော သမ္ပယုတ်စေတသိက်ခန္ဓာသုံးပါး၏ ကိလေသာ ဟူသောပူပန်ခြင်းမှ ငြိမ်းခြင်းပင်ဖြစ်၍ငြင်း။ ဝါ၊ သမ္ပယုတ်စေတသိက်ခန္ဓာသုံးပါး၏ ပူပန်ခြင်းမှ ငြိမ်းကြောင်း သက်သာရာ ရကြောင်း ဖြစ်၍ငြင်း ကာယပဿဒ္ဓိ မည်သည်။ ထိုကာယပဿဒ္ဓိသည်၊ သမ္ပယုတ် စေတသိက် ခန္ဓာသုံးပါး၏ ပူပန်ခြင်းမှ ငြိမ်းခြင်း လက္ခဏာရှိ၏။ စေတသိက် ခန္ဓာ သုံးပါး၏ ပူပန်ခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ ၎င်းသုံးပါး၏ မတုန်လှုပ်သည်၏အဖြစ် အေးသည်၏အဖြစ်လျှင် ဉာဏ်အား ရှေ့ရှုထင်ခြင်းရှိ၏။ ၎င်းခန္ဓာ သုံးပါးလျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။ ဤကာယပဿဒ္ဓိသည် သမ္ပယုတ်စေတသိက် ခန္ဓာသုံးပါး၏ မငြိမ်းခြင်းကိုပြုတတ်သော ဥဒ္ဓစ္စစသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။

စိတ္တပဿဒ္ဓိ စေတသိက်မှာ။ စိတ်၏ကိလေသာဟူသော ပူပန်ခြင်းမှ ငြိမ်းခြင်း ဖြစ်၍ငြင်း, စိတ်၏ ပူပန်ခြင်းမှ ငြိမ်းကြောင်း သက်သာရာ ရကြောင်း ဖြစ်၍ငြင်း,စိတ္တပဿဒ္ဓိ မည်သည်။ ထိုစိတ္တပဿဒ္ဓိသည် စိတ်၏ ပူပန်ခြင်းမှ ငြိမ်းခြင်းလက္ခဏာရှိ၏။စိတ်၏ပူပန်ခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။စိတ်၏မတုန်လှုပ်သည်၏အဖြစ် အေးသည်၏အဖြစ်လျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ စိတ်လျှင် နီးစွာသော အကြောင်းရှိ၏။ စိတ်၏မငြိမ်းခြင်းကို ပြုတတ်သော ဥဒ္ဓစ္စ စသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၏။

ကာယလဟုတာစေတသိက်မှာ။ စေတသိက် တို့၏ ပေါ့ပါး လျင်မြန်သည်၏ အဖြစ်သည်ပင် ကာယလဟုတာ မည်သည်။ စေတသိက်ဟု သာမန် ဆိုသော်လည်း မိမိနှင့်သမ္ပယုတ် ဖြစ်ရိုက်သော စေတသိက် ခန္ဓာသုံးပါးကိုယူ။

[နောက် ဆိုလတ္တံ့သော ကာယမုဒုတာ စသည်၌လည်း ဤနည်း မှတ်လေ။]

ထိုကာယလဟုတာသည် စေတသိက်တို့၏ နူးညံ့ လေးလံသည်၏ အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိ၏။စေတသိက်တို့၏ နူးညံ့လေးလံသည်၏ အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။စေတသိက်တို့၏ နူးညံ့လေးလံ မလျင်မြန်သည်၏ အဖြစ်ကို ပြုတတ်သော ထိန,မိဒ္ဓ,စသော ကိလေသာ တို့၏ ဆန့်ကျင်ဘက် ဖြစ်၏။

စိတ္တလဟုတာစေတသိက်မှာ။ စိတ်၏ ပေါ့ပါးလျင်မြန်သည်၏ အဖြစ်သည်ပင် စိတ္တလဟုတာ မည်သည်။ ဤ၌ စိတ်၏ဟု သာမန် ဆိုသော်လည်း မိမိနှင့် ယှဉ်ရိုက် ဖြစ်သော စိတ်ကိုသာယူ။

[နောက် ဆိုလတ္တံ့သော စိတ္တမုဒုတာ စသည်၌လည်း ဤနည်းပင်။]

ထိုစိတ္တလဟုတာသည် စိတ်၏ နူးညံ့ လေးလံသည်၏ အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိ၏။ နူးညံ့ လေးလံသည်၏ အဖြစ်ကို ပယ်ဖျောက် နှိပ်နင်းခြင်း ကိစ္စရှိ၏။ စိတ်၏ မနူးညံ့ သည်၏ အဖြစ်လျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ စိတ်လျှင် နီးစွာသော အကြောင်းရှိ၏။ စိတ်၏ နူးညံ့ လေးလံ မလျင်မြန်သည်၏ အဖြစ်ကို ပြုတတ်သော ထိန,မိဒ္ဓ,စသော ကိလေသာ တို့၏ ဆန့်ကျင်ဘက် ဖြစ်၏။

ကာယမုဒုတာစေတသိက်မှာ။စေတသိက်တို့၏ နူးညံ့သည်၏ အဖြစ် ပင်ဖြစ်၍ ကာယမုဒုတာ မည်သည်။ထိုကာယမုဒုတာသည် စေတသိက် တို့၏ ခက်ထန် ခိုင်မာသည်၏ အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိ၏။ စေတသိက်တို့၏ ခက်ထန် ခိုင်မာသည်၏အဖြစ်ကို ဖျောက်ပယ်ခြင်း ကိစ္စရှိ၏။ စေတသိက်တို့၏ ကျွန်းမာခြင်းလျှင် ဉာဏ်အား ရှေ့ရှု ထင်ခြင်း ရှိ၏။

စေတသိက်လျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။ စေတသိက်၏ ခက်မာ တောင့်တင်းသည်၏ အဖြစ်ကို ပြုတတ်သော ဒိဋ္ဌိ,မာန,စသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။

စိတ္တမုဒုတာစေတသိက်မှာ။ စိတ်၏ နူးညံ့ပျောင်းပြောင်းသည်၏ အဖြစ်ပင်ဖြစ်၍ စိတ္တမုဒုတာ မည်သည်။ ထိုစိတ္တ မုဒုတာသည် စိတ်၏ တောင့်တင်း ခိုင်မာ ခက်ထန်သည်၏ အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိ၏။တောင့်တင်းခက်ထန်သည်၏ အဖြစ်ကို ပျောက်ပယ်ခြင်း ကိစ္စရှိ၏။မထိပါးခြင်းလျှင် ဉာဏ်အား ထင်ခြင်း ရှိ၏။ စိတ်လျှင် နီးစွာသော ဖြစ်ကြောင်း ရှိ၏။ စိတ်၏ ခိုင်မာ တောင့်တင်း ခက်ထန်သည်၏ အဖြစ်ကို ပြုတတ်သော ဒိဋ္ဌိ, မာန,စသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၏။

ကာယကမ္မညတာစေတသိက်မှာ။ စေတသိက်တို့၏ အမှုနှင့် ခံ့သည်၏ အဖြစ်ပင်ဖြစ်၍ ကာယကမ္မညတာ မည်သည်။ ထိုကာယကမ္မညတာသည် စေတသိက်တို့၏ အမှုနှင့် မခံ့သည်၏ အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိ၏။ စေတသိက် တို့၏ အမှုနှင့် မခံ့သည်၏ အဖြစ်ကို ပျောက် ပယ်ခြင်း ကိစ္စရှိ၏။ စေတသိက်တို့၏ အာရုံပြုခြင်းနှင့် ပြည့်စုံခြင်းလျှင် ဉာဏ်အား ထင်ခြင်းရှိ၏။စေတသိက်လျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။ စေတသိက်တို့၏ အမှုနှင့် မခံ့သည်၏ အဖြစ်ကို ပြုတတ်သော ဆိုအပ်ခဲ့ပြီးသော ဥဒ္ဓစ္စ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ, တို့မှ ကြွင်းသော ကာမစ္ဆန္ဒ, ဗျာပါဒ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ,အဝိဇ္ဇာ,ဟူသော နီဝရဏတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်၏။

စိတ္တ ကမ္မညတာ စေတသိက်မှာ။ စိတ်၏ အမှုနှင့် ခံ့သည်၏ အဖြစ်ပင် ဖြစ်၍ စိတ္တကမ္မညတာ မည်သည်။ထိုစိတ္တကမ္မညတာသည် စိတ်၏အမှုနှင့် မခံ့သည်၏ အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိ၏။ စိတ်၏ အမှုနှင့် မခံ့သည်၏ အဖြစ်ကို ပယ်ပျောက်ခြင်း ကိစ္စရှိ၏။ စိတ်၏ အာရုံပြုခြင်းနှင့် ပြည့်စုံခြင်း လျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ စိတ်လျှင် နီးစွာသော ဖြစ်ကြောင်း ရှိ၏။ စိတ်၏ အမှုနှင့် မခံ့သည်၏ အဖြစ်ကို ပြုတတ်သော ကာမစ္ဆန္ဒ, ဗျာပါဒ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အဝိဇ္ဇာ, ဟူသော နီဝရဏတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်၏။

[ဤကာယကမ္မညတာ စိတ္တကမ္မညတာ စေတသိက် နှစ်ပါးတို့သည် ကြည်ညိုဖွယ်သော ဝတ္ထုတို့၌ ကြည်ညိုခြင်းကို ရွက်ဆောင်တတ်ကုန်၏။အစီးအပွါးကို ပြုရာတို့၌ သမ္မယုတ်တရား၏ ယှဉ်ခြင်း၌ ခံ့သည်၏ အဖြစ်ကို ဆောင်တတ်ကုန်၏။အဘယ်ကဲ့သို့နည်းဟူမူ။ အလွန် စင်ကြယ်စွာ ဖျော်ထားပြီးသော ရွှေသည် ပတီး နားဒောင်း စသည် အလိုရှိတိုင်း ပြုလုပ် ခြင်း၌ ခံ့သကဲ့သို့ ခံ့သည် ဟူလေ။]

ကာယပါဂုညတာစေတသိက်မှာ။ စေတသိက် တို့၏ ခပ်သိမ်းသော အမှုကို ပြုခြင်း၌ လေ့လာ ပေ့ါပါးသည်၏ အဖြစ်ပင် ဖြစ်၍ ကာယပါဂုညတာ မည်သည်။ ထိုကာယပါဂုညတာသည် စေတသိက် တို့၏ ကျင်နာခြင်းမှ ကင်းကွာ၍ လေ့လာ ပေ့ါပါးခြင်း လက္ခဏာရှိ၏။ စေတသိက်တို့၏ ကျင်နာခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ အပြစ် ကင်းသည်၏ အဖြစ်လျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ စေတသိက်လျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။ စေတသိက်တို့၏ မကျန်းမာခြင်း ကျင်နာခြင်းကို ပြုတတ်သော အသဒ္ဓိယ စသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ ဖြစ်၏။

စိတ္တပါဂုညတာ စေတသိက်မှာ။ စိတ်၏ ထိုထို အမှုကို ပြုခြင်း၌ လေ့လာ ပေ့ါပါးသည်၏ အဖြစ်ပင်ဖြစ်၍ စိတ္တပါဂုညတာ မည်သည်။ထိုစိတ္တပါဂုညတာသည် စိတ်၏ ကျင်နာခြင်းမှ ကင်းကွာ၍ လေ့လာ ပေ့ါပါးခြင်း လက္ခဏာရှိ၏။ စိတ်၏ ကျင်နာခြင်းကို ဖျောက်ပယ်ခြင်း ကိစ္စရှိ၏။အပြစ်ကင်းလွတ်သည်၏ အဖြစ်လျှင် ဉာဏ်အား ထင်ခြင်းရှိ၏။စိတ်လျှင် နီးစွာသော ဖြစ်ကြောင်း ရှိ၏။ စိတ်၏ မကျန်းမာခြင်း ကျင်နာ ခြင်းကို ပြုတတ်သော အသဒ္ဓိယ စသော ကိလေသာ၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်၏။တရုံတခုသော အနာရောဂါမရှိ၊သွေးလေ စသော ဓာတ် ညီညွတ် ဖြောင့်မှန် သန်စွမ်းသော ယောကျ်ား၏ ထိုထိုအမှုကို ပြုလုပ် ရွက်ဆောင် ခြင်း၌ ခံ့လျော် ပေ့ါပါးသော ကိုယ်စိတ် ရှိခြင်းကဲ့သို့ ဤစေတသိက် နှစ်ခုသည် စိတ် စေတသိက်တို့၏ ကျင်နာခြင်း ဘေးဥပဒ်မရှိ ပေ့ါပါးသည်၏ အဖြစ်ပင်ဖြစ်သည်။

ကာယုဇုကတာ စေတသိက်မှာ။ စေတသိက် တို့၏ ကောက်ကျစ် လိမ်လည်ခြင်းမရှိ ပကတိ ဖြောင့်မတ်သည်၏ အဖြစ်ပင်ဖြစ်၍ ကာယုဇု ကတာ မည်သည်။ ထိုကာယုဇုကတာသည် စေတသိက်တို့၏ ဖြောင့် မတ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏။ စေတသိက်တို့၏ ကောက် ကွေ့လိမ်လည်သည်၏ အဖြစ်ကို ဖျောက်ပယ်ခြင်း ကိစ္စရှိ၏။မကောက် ကျစ်သည်၏ အဖြစ်လျှင် ဉာဏ်အား ထင်ခြင်းရှိ၏။စေတသိက်လျှင် နီးစွာ သော ဖြစ်ကြောင်း ရှိ၏။ စေတသိက် တို့၏ စဉ်းလဲ ကောက်ကျစ် လိမ် လည် သည်၏အဖြစ်ကို ပြုတတ်သော မာယာ,သာဌေယျ စသော ကိ လေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။

စိတ္တုဇုကတာ စေတသိက်မှာ။ စိတ်၏ ကောက်ကျစ် စဉ်လဲခြင်း မရှိ ဖြောင့်မတ်သည်၏ အဖြစ်ပင်ဖြစ်၍ စိတ္တုဇုကတာ မည်သည်။ထိုစိတ္တုဇု ကတာသည် စိတ်၏ ဖြောင့်မတ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏။ စိတ်၏ စဉ်းလဲ လိမ်လည် ကောက်ကျစ် ခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စ ရှိ၏။ ကောက်ကျစ် စဉ်းလဲခြင်း မရှိသည်၏ အဖြစ်လျှင် ဉာဏ်အား ထင် ခြင်းရှိ၏။ စိတ်လျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။ စိတ်၏ ကောက်ကျစ် စဉ်းလဲ သည်၏ အဖြစ်ကို ပြုတတ်သော မာယာ,သာဌေယျ စသော ကိ လေသာ၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်၏။

အကောက်သုံးမျိုး

ကောက်ခြင်းသည် အတန်ငယ်သွား၍ တဖန်တုံ့တည့်ပြန်သော နွား ကျင်ငယ် စွန့်သော အရာကဲ့သို့ လွန်စွာ ကောက်သော ဂေါမုတ္တဝင်္က အ ကောက်, လ-ရေး ကဲ့သို့ ကောက်သော စန္ဒလေခါဝင်္က အကောက်, ထွန်တုံး စွန်းကဲ့သို့ အနည်းငယ်မျှ ကောက်သော နင်္ဂလကောဋိဝင်္က အကောက် ဟူ၍ သုံးပါးရှိသည်။ ဇိမှသဒ္ဒါ, ဝင်္ကသဒ္ဒါ, ကုဋိလသဒ္ဒါ,တို့ သည် အကောက် ဟူသော အနက်ကို ဟောသော သဒ္ဒါချည်းသာဖြစ်၍ ထိုထိုအရာ၌ ထိုသဒ္ဒါ သုံးရတွင် တခုခုကိုသာ ဟောဆိုသည် ဖြစ်အံ့ ထို တခုခုသော သဒ္ဒါဖြင့်ပင် သာမညအားဖြင့် အကောက်သုံးပါးလုံးကိုယူ။ ၎င်းသဒ္ဒါသုံးခုလုံးကိုပင် တခုတည်းသောအရာ၌ ဟောဆိုသည်ရှိသော်

ဇိမှသဒ္ဒါဖြင့် ဂေါမုတ္တဝက်ကို, ဝက်ဆဒ္ဒါဖြင့် စန္ဒလေခါဝက်ကို, ကုဋိလသဒ္ဒါဖြင့် နင်္ဂလကောဋိဝက်ကို,သာသယူ။

ထိုအကောက်သုံးပါးတွင် မကောင်းမှုကိုမိမိပြုလျက် မကောင်းမှုကို ငါမပြုဟု ပြောဆိုသော သူသည် နွားကျင်ငယ် စွန့်သော အရာကဲ့သို့ အလွန်ကောက်သောကြောင့် ဂေါမုတ္တဝက်,မည်၏။ မကောင်းမှုကို မိမိပြုလျက် မကောင်းမှုမှ ငါကြောက်၏ဟု ပြောဆိုသောသူသည် လရေးကဲ့သို့ များသော အားဖြင့် ကောက်သောကြောင့် စန္ဒလေခါဝက်, မည်၏။ မကောင်းမှုကို မိမိပြုလျက် မကောင်းမှုမှ ကြောက်ရာ၏ဟု ပြောဆိုသော သူသည် ထွန်တုံးစွန်း ကဲ့သို့ ကောက်သည် ဆိုရရုံသာ အလွန်မကောက် သောကြောင့် နင်္ဂလကောဋိဝက်, မည်၏။ **တနည်းလည်း**။ အကြင်သူအား ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ, ဟူသော ကမ္မဒွါရသုံးပါးလုံး မစင်ကြယ် ထိုသူသည် ဂေါမုတ္တဝက်, မည်၏။ အကြင် သူအား ဒွါရသုံးပါးတွင် အမှတ်မရှိသော ဒွါရနှစ်ပါး မစင်ကြယ် ထိုသူသည် စန္ဒလေခါဝက်, မည်၏။ အကြင်သူအား အမှတ်မရှိ တပါးသော ဒွါရမစင်ကြယ် ထိုသူသည် နင်္ဂလကောဋိဝက်, မည်၏။ ဤကား။ ခုဒ္ဒကနိကာယ်ကိုဆောင်သော ခုဒ္ဒကဘာဏကဆရာတို့၏ အလိုတည်း။

တနည်းလည်း။ အကြင် ရဟန်းသည် ပဌမ, မဇ္ဈိမ, ပစ္ဆိမ, အရွယ်သုံးပါးလုံး၌ပင် နှစ်ဆဲ့တပါးသော အနေသန တို့၌ရင်း ခြောက်ပါးသော အဂေါစရ ဌာနတို့၌ရင်း ပြုကျင့်ကျက်စား၏။ ဤရဟန်းသည် ဂေါမုတ္တဝက်, မည်၏။ အကြင်ရဟန်းသည် ပဌမအရွယ်၌ စတုပါရိသုဒ္ဓိသီလကို ဖြည့်၏ မကောင်းမှုမှရှက်ခြင်းရှိ၏ အပ်မအပ်ကိုဆင်ခြင်ခြင်း ကုက္ကုစ္စကရှိ၏ သိက္ခာသုံးပါးကိုဖြည့်ကျင့်လို၏။ မဇ္ဈိမအရွယ် ပစ္ဆိမအရွယ်၌သော်ကား မသင့်သောအားဖြင့် ပစ္စည်းကိုရှာမှီးခြင်း မသွားလာအပ်သော ဝေသိယာဂေါစရ စသည်တို့၌ သွားလာခြင်းစသည်ကိုပြု၏ ဤရဟန်းသည် စန္ဒလေခါဝက်, မည်၏။ အကြင် ရဟန်းသည် ပဌမ အရွယ်၌ရင်း မဇ္ဈိမအရွယ်၌ရင်း စတုပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်၏ လဇ္ဇီကုက္ကုစ္စကသိက္ခာကာမဖြစ်၏။ပစ္ဆိမအရွယ်၌သော်ကား နှစ်ဆဲ့တပါးသော အနေသနအမှု

တို့ဖြင့် အသက်မွေးခြင်း စသည်ကိုပြု၏ ဤရဟန်းသည် နဂ်လကောဒ္ဒိဝက်, မည်၏။

[ဤကား။ ဒီဃနိကာယ်ကိုဆောင်သော ဒီဃဘာဏကဆရာတို့၏အလိုတည်း။ နဂ်လကောဒ္ဒိ အရကို ထွန်တုံးစွန်း တဖက်၌သာ လက်ကိုင်ရန်ဖိုက်သော အဖျားကိုင်းသော ထွန်ကိုင်း ဟူ၍လည်း ဆရာတို့ယူကြကုန်၏။]

ကိလေသာ၏ အစွမ်းဖြင့် ဆိုအပ်ပြီးသော အခြင်းအရာ အားဖြင့် ကောက်သော ပုဂ္ဂိုလ်၏အဖြစ်သည် အစဉ်အတိုင်း ဇိမှတာ, ဝက်တာ, ကုဋိလတာ, မည်၏။ ထိုဇိမှတာ စသော တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော စေတသိက် ခန္ဓာသုံးပါးတို့၏ ဖြောင့်မတ်သည်၏ အဖြစ် ဟူသော ကာယုဇုကတာ စိတ်ခန္ဓာ၏ ဖြောင့်မတ်သည်၏ အဖြစ်ဟူသော စိတ္တုဇုကတာ တို့သည် အဇိမှတာ, အဝက်တာ, အကုဋိလတာ, မည်ကုန်၏။ ဤကာယပဿဒ္ဓိ, စသည်တို့၌ ကာယသဒ္ဒါသည် သမူဟသဒ္ဒါ, သမုဒါယသဒ္ဒါ,စသည်တို့ကဲ့သို့ အပေါင်းဟူသော အနက်ကိုဟောသည် အပေါင်းအရကိုကား မိမိတို့နှင့် သမ္ပယုတ်ဖြစ်သော နာမက္ခန္ဓာကိုသာ ယူသည်။ နာမက္ခန္ဓာ လေးပါး တွင်ကား။ စိတ္တပဿဒ္ဓိ စသည်ဖြင့် ဝိညာဏက္ခန္ဓာကို ယူလတ္တံ့ဖြစ်၍ ပါရိသေသ အားဖြင့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဟူသော စေတသိက် ခန္ဓာသုံးပါး တို့ကိုသာ ယူတော်မူသည်။

ဧကဂ္ဂတာ,စသော စေတသိက်တို့ကို ကာယေကဂ္ဂတာ, စိတ္တေကဂ္ဂတာ,စသည်၊ ကာယသမာဓိ, စိတ္တသမာဓိ, စသည်ဖြင့် နှစ်ပါးစီ မဟောမဆိုဘဲ စိတ္တေကဂ္ဂတာ စသည်၊ သမာဓိ စသည် သာမည တပါးတည်းစီသာ ဟောဆိုသကဲ့သို့ ဤစေတသိက် တို့ကို ပဿဒ္ဓိ, လဟုတာ, မုဒုတာ, စသည်ဖြင့် တပါးတည်းသာ မဟောမဆိုမူ၍ ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ, စသည်ဖြင့် အဘယ်ကြောင့် နှစ်ပါးစီဟောဆိုလေသနည်း ဟူမူ။ ထိုပဿဒ္ဓိ,စသော စေတသိက်တို့သည်နှစ်ပါးနှစ်ပါးစီသာလျှင်တပေါင်းတရတည်း ဖြစ်၍ အကြင်အကြင် မိမိတို့ ပယ်အပ် ပယ်သင့်သော ဆန့်

ကျင်ဘက်ဖြစ်သော ဥဒ္ဓစ္စ,ထိန,မိဒ္ဓ,ဒိဋ္ဌိ,မာန,ကာမစ္ဆန္ဒ, စသော တရားတို့ကို ပယ်ကြသောကြောင့် နှစ်ပါးစီဟောဆိုရသည် ဟူလေ။

ယသ္မာစေတေ ဒွေဒွေ ဓမ္မာဝ ဧကတော ဟုတွာ ယထာသကံ ပဋိပက္ခဓမ္မေ ဟန္တိ၊ တသ္မာ ဣဓဝေ ဒုဝိဓတာ ဝုတ္တာ။ နသမာဓိအာဒီသု။ **ဋီကာကျော်**။ စ၊ စသောဒနာဘွယ်ကို ပယ်ဦးအံ့။ ယသ္မာ၊ ကြောင့်။ ဧတေ ဓမ္မာ၊ ထိုပဿဒ္ဓိ စသော တရားတို့သည်။ ဒွေဒွေဝေ၊ နှစ်ပါးနှစ်ပါးတို့သာလျှင်။ ဧကတောဟုတွာ၊ တပေါင်းတရုတည်းဖြစ်ကုန်၍။ ယထာသကံပဋိပက္ခဓမ္မေ၊ အကြင်အကြင် မိမိတို့၏ ဥစ္စာဖြစ်ကုန်သော။ ဥဒ္ဓစ္စ, ထိန, မိဒ္ဓ, ဒိဋ္ဌိ, မာန, စသော ဆန့်ကျင်ဘက် တရားတို့ကို။ ဟန္တိ၊ ပယ်သတ်ကုန်၏။ တသ္မာ၊ ကြောင့်။ ဣဓဝေ၊ ဤပဿဒ္ဓိ စသည်တို့၌သာလျှင်။ဒုဝိဓတာ၊ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, စသည်ဖြင့် နှစ်ပါးနှစ်ပါး အပြား ရှိသည်၏ အဖြစ်ကို။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ သမာဓိအာဒီသု၊ သမာဓိ စသည်တို့၌။ ဒုဝိဓတာ၊ ကာယသမာဓိ, စိတ္တသမာဓိ, စသည်ဖြင့် နှစ်ပါးနှစ်ပါး အပြား ရှိသည်၏ အဖြစ်ကို။ နဝုတ္တာ၊ မဆိုအပ်ကုန်။

တနည်းလည်း။ စိတ္တပဿဒ္ဓိ, စိတ္တလဟုတာ, စသည် တို့ဖြင့် စိတ်၏သာလျှင် ငြိမ်းခြင်း ပေါ့ပါးခြင်း စသည် ဖြစ်ကုန်သည်။ ကာယပဿဒ္ဓိ စသည် တို့ဖြင့်ကား စေတသိက် တို့၏သာ ငြိမ်းခြင်း စသည် ဖြစ်သည် မဟုတ် ထိုကာယပဿဒ္ဓိ စသည်တို့လျှင် ဖြစ်ကြောင်း ရှိသော မွန်မြတ်သောရုပ်တို့ကို ပြန့်နှံ့သောအားဖြင့် ရူပကာယ၏ ငြိမ်းခြင်းစသည်လည်း ဖြစ်၏ဟု ပြခြင်းငှါ ဤစေတသိက်တို့၌သာ နှစ်ပါးအပြားရှိသည်၏ အဖြစ်ကိုဆိုသည် ဟူလေ။ဤစေတသိက် တဆဲ့ကိုးခုတို့သည် သောဘဏစိတ်ငါးဆဲ့ကိုးခု အကျယ် ကိုးဆဲ့တခုလုံးနှင့် ယှဉ်သည် ဖြစ်၍ သောဘဏစိတ်ဟူသမျှတို့နှင့် ဆက်ဆံသောကြောင့် သောဘဏသာဓာရဏမည်ကုန်သည်။

သောဘဏသာဓာရဏ စေတသိက်တို့၏ သရုပ်အပြားကို
ပြဆိုသောစကား ဤတွင်ပြီးပြီ။

ဝိရတီစေတသိက်တို့၏ သဘောလက္ခဏာကိုပြခြင်း

ယခုအခါ ဝိရတီစေတသိက်တို့၏ သရုပ်အပြားကိုပြအံ့။ **သမ္မာဝါစာစေတသိက်မှာ** မိစ္ဆာဝါစာကို ပယ်ခြင်းဟူသော သင့်သောအကြောင်းဖြင့် ဆိုကြောင်း ဖြစ်သောကြောင့်၎င်း, ကောင်းသော ချီးမွမ်းအပ်သော မဖောက်မပြန် ဟုတ်မှန်သော စကားကို ဆိုကြောင်း ဖြစ်သောကြောင့်၎င်း, သမ္မာဝါစာမည်သည်။ တနည်း၊ မြတ်သောဝါစာ, ချီးမွမ်းအပ်သောဝါစာ, ဖြစ်သောကြောင့် သမ္မာဝါစာ မည်သည်။ ထိုသမ္မာဝါစာသည်၊ သိမ်းဆည်းခြင်း လက္ခဏာရှိ၏။ ဝစီဒုစရိုက်တို့မှ ကြဉ်ခြင်း ကိစ္စရှိ၏။ မိစ္ဆာဝါစာကို ပယ်ခြင်းလျှင် ဉာဏ်အားထင်ခြင်းရှိ၏။ တနည်း၊ သမ္မာဝါစာသည် မုသာဝါဒစသော လေးပါးသော ဝစီဒုစရိုက်တို့ကိုမလွန်ကျူးမကျော်နင်းခြင်း လက္ခဏာရှိ၏။ ဝစီဒုစရိုက်ဟူသော ဝတ္ထုမှတွန့်ဆုတ်ခြင်းကိစ္စရှိ၏။ ဝစီဒုစရိုက်တို့ကို မပြုခြင်းလျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ သဒ္ဓါ, ဟိရိ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ, စသော ဂုဏ်လျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။ ဝစီဒုစရိုက် ဟူသော မကောင်းမှုကိုပြုခြင်းမှ စိတ်၏မျက်နှာလွှဲသည်၏ အဖြစ်ဖြင့်ဖြစ်၏။

သမ္မာကမ္မန္တစေတသိက်မှာ။ မြတ်သောအမှု, ချီးမွမ်းအပ်သောအမှု, ဖြစ်သောကြောင့် သမ္မာကမ္မန္တမည်သည်။ ထိုသမ္မာကမ္မန္တသည် ကာယဒုစရိုက်တို့ကို မလွန်မကျူး မကျော်နင်းခြင်း လက္ခဏာရှိ၏။ ကာယ ဒုစရိုက်တို့မှ ကြဉ်ခြင်းကိစ္စရှိ၏။ ဝါ၊ ကာယဒုစရိုက် ဝတ္ထုတို့ကို တွန့်ဆုတ်ခြင်းကိစ္စရှိ၏။ မိစ္ဆာကမ္မန္တကို ပယ်ခြင်းလျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ ဝါ၊ ကာယဒုစရိုက်တို့ကို မပြုခြင်းလျှင် ဉာဏ်အား ထင်ခြင်းရှိ၏။ သဒ္ဓါ, ဟိရိ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ, စသော ဂုဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ ကာယဒုစရိုက်ကို ပြုခြင်းမှ စိတ်၏ မျက်နှာ လွှဲသည်၏ အဖြစ်ဖြင့်ဖြစ်၏။

သမ္မာအာဇီဝစေတသိက်မှာ။ ကောင်းသော အသက်မွေးကြောင်း, ကောင်းသော အသက်မွေးခြင်း, ချီးမွမ်းအပ်သော အသက်မွေးမှု, ဖြစ်သောကြောင့် သမ္မာအာဇီဝမည်၏။ ထိုသမ္မာအာဇီဝသည် အလျှုံးသဖြင့်

ဖြူစင်သန့်ရှင်းခြင်းလက္ခဏာရှိ၏။ ဝါ၊ ကာယဒုစရိုက် ဝစီဒုစရိုက်ဘည်း ဟူသော မကောင်းမှုတို့ကို မလွန်ကျူး မကျော်နင်းခြင်း လက္ခဏာရှိ၏။ သင့်သောအကြောင်းဖြင့် အသက်မွေးခြင်းကိစ္စရှိ၏။ ဝါ၊ဒုစရိုက်ခုနစ်ပါး တို့မှ တွန့်ဆုတ်ခြင်းကိစ္စရှိ၏။ မိစ္ဆာဇီဝကို ပယ်ခြင်းလျှင် ယောဂီပုဂ္ဂိုလ် ၏ ဉာဏ်အား ထင်ခြင်းရှိ၏။ ဝါ၊ ဒုစရိုက်အမှုတို့ကို မပြုခြင်းလျှင် ဉာဏ် အား ထင်ခြင်းရှိ၏။ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ,စသော ဂုဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ ဒုစရိုက်တို့ကို ပြုခြင်းမှ စိတ်၏ မျက်နှာလွှဲ သည်၏ အဖြစ်ဖြင့်ဖြစ်၏။ ထိုစေတသိက်သုံးခုတို့သည် မိမိနှင့်သမ္ပယုတ် ဖြစ်သောတရားတို့၏ ဒုစရိုက်တို့မှ ကြဉ်ကြောင်း ဖြစ်သောကြောင့်ဇင်း, မိမိသည်ပင် ဒုစရိုက်တို့မှ ကြဉ်တတ် သောကြောင့်ဇင်း, ဒုစရိုက်တို့မှ ကင်း၍သာ မွေ့လျော်တတ်သောကြောင့်ဇင်း, ဝိရတိမည်၏။

ထိုစေတသိက် သုံးခုတို့တွင်။ သမ္မာကမ္မန္တသည် ပါဏာတိပါတ, အ ဒိန္နာဒါန,ကာမေသုမိစ္ဆာစာရ, ဟူသော ကာယဒုစရိုက်သုံးပါးတို့မှကြဉ် ရှောင်သည်။ သမ္မာဝါစာသည် မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ,ဟူသော ဝစီဒုစရိုက် လေးပါးတို့မှ ကြဉ်ရှောင်သည်။သမ္မာ အာဇီဝသည် ကာယဒုစရိုက် သုံးပါး၊ဝစီဒုစရိုက် လေးပါးအားဖြင့် ခုနစ် ပါးသော ဒုစရိုက်တို့မှ ကြဉ်ရှောင်သည်။ ကာယဒုစရိုက် သုံးပါးမှ ကြဉ် ရှောင်သည်ကို သမ္မာကမ္မန္တ၊ ဇင်းမှကြဉ်ရှောင် သည်ကိုပင် သမ္မာအာဇီ ဝ၊ဝစီဒုစရိုက်လေးပါးမှ ကြဉ်ရှောင်သည်ကို သမ္မာဝါစာ၊ဇင်းလေးပါးမှ ကြဉ်ရှောင် သည်ကိုပင် သမ္မာ အာဇီဝ ဟူခဲ့သော်၊' သမ္မာ အာဇီဝသည် သမ္မာကမ္မန္တ, သမ္မာဝါစာတို့မှ အသို့ ထူးနိုင်တော့အံ့နည်း မထူးရာပြီတ ကား ဟူငြားအံ့။ အသက် မွေးခြင်း အကြောင်း မရှိသော ဒုစရိုက် တို့မှ ကြဉ်ရှောင်ရာ၌ သမ္မာကမ္မန္တ,သမ္မာဝါစာ,အသက်မွေးခြင်း အကြောင်း ရှိသော ဒုစရိုက်တို့မှ ကြဉ်ရှောင်ရာ၌ သမ္မာအာဇီဝ ဖြစ်သည် ဤသို့ ထူး ပါ၏ ဟူလေ။

အကြင်မင်းညီမင်းသားမှူးမတ်ဗိုလ်ပါသူရဲစသောသူတို့သည်။ရှောင်း ချစီးပွါး ပြုလုပ် အသက်မွေးရန်ဘို့ မဟုတ်ဘဲ မြူးထူး ပျော်ပါး ကစားလို ခြင်း,မိမိတို့၏ ခွန်အား စွမ်းပကားသတ္တိရဲရည် ရဲရင့်ရှိသည်၏ အဖြစ်ကို

ပြလိုခြင်း, စသော အကြောင်းကြောင့် လှေယာဉ် စီးလျက် ပိုက်ကွန်တို့ဖြင့် ငါးတို့ကို ဖမ်းယူခြင်း,တောခ္ခ်သမင်ဒရယ်စသော သားတို့ကို လိုက်လံဖမ်းဆီး ပစ်ခတ်ခြင်း,ခရီးသွားတို့ကို လုယူတိုက်ခိုက်ခြင်း,မသွားလာအပ်သော မိန်းမတို့၌ သွားလာ လွန်ကျူးခြင်း,စသော ကာယဒုစရိုက်ကို ပြုကုန်၏။ထိုသူတို့ပြုအပ်သော ကာယဒုစရိုက်သည် စီးပွါးပြုလုပ်ရောင်းချ အသက် မွေးရန်ဘို့ မဟုတ်သောကြောင့် အသက် မွေးခြင်း ဟူသော အကြောင်း မရှိသော အသက် မွေးခြင်း ဟူသော အကြောင်းကို မငဲ့မူ၍ ပြုအပ်သော ကာယဒုစရိုက်မည်၏။ထိုအသက်မွေးခြင်း အသက်မွေးရန် အကြောင်းမရှိသော ကာယဒုစရိုက် သုံးပါးတို့မှ ကြဉ်ရှောင် ခြင်းသည် သမ္မာကမ္မန္တ မည်၏။ ကြဉ်ရှောင်ဟန် ကြဉ်ရှောင် ပုံမှာ သမ္ပတ္တဝိရတိ စသော ဝိရတိသုံးပါးတို့၏ အထူးကို ပြသောအရာ၌ ထင်ရှားလတ္တံ့။

စီးပွါးပြုလုပ် ရောင်းချ အသက်မွေးရန် အလို့ငှါ မူဆိုး တငါ စသော သူတို့သည် သားငါး ထောင်ခြင်း ပစ်ခတ်ခြင်း စသော ပါဏာတိပါတ အမှုကို ပြုကုန်၏။ ခိုးသား ထားပြ စသော သူတို့သည် ခိုးယူ တိုက်ခိုက်ခြင်း အဒိန္နာဒါန်အမှုကိုပြုကုန်၏။ ပြည့်တန်ဆာမ စသည်တို့သည် လက်ဆောင် ဥစ္စာ စားယူ၍ သူတပါးတို့လင်၌ ကာမေသု မိစ္ဆာစာရ အမှုကို ပြုကုန်၏။ ထိုမူဆိုး တငါ ခိုးသား ထားပြ ပြည့်တန်ဆာမတို့ ပြုအပ်လွန်ကျူးအပ်သောပါဏာတိပါတ,အဒိန္နာဒါန်,ကာမေသုမိစ္ဆာစာရ,ဟူသော ကာယဒုစရိုက် တို့သည် စီးပွါးပြုလုပ် အသက်မွေးရန် အသက် မွေးလိုခြင်း ဟူသော အကြောင်းကြောင့် ပြုအပ်, အသက်မွေးခြင်း ဟူသော အကြောင်းကိုငဲ့၍ ပြုအပ်သော ကာယဒုစရိုက် မည်၏။ ထိုအသက်မွေးရန် အသက်မွေးခြင်း ဟူသော အကြောင်းရှိသော အသက်မွေးခြင်းဟူသော အကြောင်းကိုငဲ့၍ ပြုအပ်သော ကာယဒုစရိုက် သုံးပါးတို့မှ ကြဉ်ရှောင်ခြင်းသည် သမ္မာအာဇီဝ မည်၏။

အသက်မွေးရန်ဘို့ မဟုတ် အသက် မွေးခြင်း ဟူသော အကြောင်းကိုမငဲ့ အခဥစ္စာ မယူမူ၍ မိမိ၏ ပြောရေး ဆိုရာ လိမ္မာရဲရင့် သည်၏ အဖြစ်ကို ပြလို သိစေလိုခြင်း,ဉာတိမိတ္တ စသည်ဖြစ်၍ ထောက်ပံ့ မစလိုခြင်း,

တရုံတရာသော ဘေးအပြစ်မှ ရှောင်လွှဲ ကင်းလွတ် စေလိုခြင်း, စသော အကြောင်းကြောင့် မဟုတ်မမှန် ပြောဆိုခြင်း မုသာဝါဒအမှု၊ မိမိကိုချစ်မြတ်နိုးစေလိုခြင်း,သူတပါးတို့ကို တယောက်နှင့် တယောက် ကွဲပြားစေလိုခြင်း အကြောင်းကြောင့် သူတယောက်၏ အကြောင်း အရာကို သူတယောက်ထံ ပြောကြား ဂုံးတိုက်ခြင်း ပိသုဏဝါစာအမှု၊ ဆယ်ပါးသော အက္ကောသဝတ္ထုတို့ဖြင့် ဆဲရေးခြင်း ဖရုသဝါစာအမှု၊ အနက်အကျိုးမရှိသော သီတာမင်းသမီးကို ဒသဂိရိဘီလူးဆောင်ယူခြင်း စသည်ကိုဆိုရာ ဝတ္ထု စသည်ကို ပြောဟော ပြဆိုခြင်း သမ္ဖပ္ပလာပအမှု, ဟူသော ဝစီဒုစရိုက် လေးပါး တို့သည် အသက်မွေးရန်ဘို့ မဟုတ် အသက်မွေးခြင်း ဟူသော အကြောင်းကို မငဲ့မူ၍ ပြောဆိုအပ်သော အသက်မွေးခြင်း ဟူသော အကြောင်း မရှိသော ဝစီဒုစရိုက် မည်၏။ ထိုအသက်မွေးခြင်း အကြောင်း မရှိသော ဝစီဒုစရိုက် လေးပါး တို့မှ ကြဉ်ရှောင် ခြင်းသည် သမ္မာဝါစာ မည်၏။

လက်ဆောင်ပဏ္ဏာ ကြေးငွေအခ ဥစ္စာယူ၍ ရှေ့နေရှေ့ရပ်ရှေ့ဆောင် ပြုလုပ် မဟုတ်မလျှား သူတပါးတို့ အမှုကို ပြောဆိုခြင်း မုသာဝါဒ၊ မည်သည့်သူ နှစ်ယောက် တို့ကို အချစ် ပြယ်ပျက်အောင် ပြုပါဟု အခ ဥစ္စာ ပေး၍ စေခိုင်းရာ ၎င်းအခ ဥစ္စာကို ယူ၍ ထိုသူ နှစ်ယောက် တို့ကို အချစ် ပြယ်ပျက် ကွဲပြား ကြအောင် ဂုံးတိုက် ပြောဆိုခြင်း ပိသုဏဝါစာ၊ တရုံတယောက်သောသူကို ဆဲရေးစိမ့်ငှါ အခဥစ္စာပေး၍ စေခိုင်းရာ ၎င်းအခ ဥစ္စာကို ယူ၍ သူတပါးတို့အား ဆဲရေးခြင်း ဖရုသဝါစာ၊ အခဥစ္စာ ယူ၍ စာဟောစာပြောသရာ သာချင်းသည် ဇာတ်ရုပ်ပုံ သဘင်သည် ပြုလုပ်၍ အနက်ဖြစ် အကျိုးမရှိသော ရာမ,ဤနောင်, မွေ့နွှန်းဝတ္ထု, ဟောစာ သာချင်းတို့ကို ဟောပြော ပြဆိုခြင်း များစွာ ရေးသား စီရင်ကြသော ဒေဝကုမ္ဘန်ဇာတ် စသော ပြဇာတ်ဝတ္ထုတို့ကို သဘင်ခင်းကျင်း ပြသ ပြောဆိုခြင်း သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက် လေးပါးသည် အသက်မွေးရန် ပြုအပ်သော အသက်မွေးခြင်း ဟူသော အကြောင်းရှိသော အသက်မွေးခြင်း ဟူသော အကြောင်းကိုငဲ့၍ ပြုအပ်သော ဝစီဒုစရိုက် မည်၏။ ထိုအသက် မွေးခြင်း ဟူသော အကြောင်း ရှိသော ဝစီဒုစရိုက်မှ ကြဉ်

ရှောင်ခြင်းသည် သမ္မာအာဇီဝမည်၏။ ဤသို့သမ္မာအာဇီဝ၏ သမ္မာကမ္မန္တ သမ္မာဝါစာတို့မှ အထူးကို သိအပ်သည်။

အသက်မွေးခြင်း ဟူသော အကြောင်း မရှိသော အသက်မွေးခြင်း ဟူသော အကြောင်းကို မငဲ့မူ၍ ပြုအပ်သော ဝစီဒုစရိုက် လေးပါးသည် မိစ္ဆာဝါစာ မည်၏။ ထိုမိစ္ဆာဝါစာမှ ကြဉ်ခြင်းသည် သမ္မာဝါစာမည်၏။ အသက်မွေးခြင်း ဟူသော အကြောင်း မရှိသော ၎င်းအကြောင်းကို မငဲ့မူ၍ ပြုအပ်သော ကာယဒုစရိုက် သုံးပါးသည် မိစ္ဆာကမ္မန္တမည်၏။ ထိုမိစ္ဆာကမ္မန္တမှ ကြဉ်ခြင်းသည် သမ္မာကမ္မန္တ မည်၏။ အသက်မွေးခြင်း ဟူသော အကြောင်းရှိသော အသက်မွေးခြင်း ဟူသော အကြောင်းကို ငဲ့၍ ပြုအပ်သော ၎င်းဒုစရိုက် ခုနစ်ပါးသည် မိစ္ဆာဇီဝ မည်၏။ ထိုမိစ္ဆာဇီဝမှ ကြဉ်ခြင်းသည် သမ္မာအာဇီဝ မည်၏။ ဤသို့လည်း အထူးကို မှတ်လေ။ သမ္မာဝါစာသည် မိစ္ဆာဝါစာဝိရတိ၊ သမ္မာကမ္မန္တသည် မိစ္ဆာကမ္မန္တဝိရတိ၊ သမ္မာအာဇီဝသည် မိစ္ဆာဇီဝဝိရတိ မည်၏ ဤသို့လည်း မှတ်လေ။

ဝိရတီသုံးပါး

ထိုဝိရတိသည် သမ္ပတ္တဝိရတိ,သမာဒါနဝိရတိ,သမုစ္ဆေဒဝိရတိ,ဟူ၍ သုံးပါးပြား၏။ ထိုတွင် သိက္ခာပုဒ်ကို ခံယူဆောက်တည်ခြင်းမရှိဘဲ သတ်ယူ သေစေလိုလျှင် သေအောင် သတ်ယူ ခြင်း၌ တတ်စွမ်းနိုင်လောက်သော သားငါး စသော ဝတ္ထုကိုမူ၍င်း, ဥစ္စာရှင် စသော တပုံတယောက်သောသူမှ မမြင်မသိ အလွယ်တကူ ခိုးယူခြင်း၌ စွမ်းနိုင်လောက်သော သူတပါး သိမ်းဆည်းအပ်သော ဥစ္စာဘဏ္ဍာတို့ကို၎င်း,ငြိုငြင်ခဲယဉ်းမရှိ အလွယ်ဖြင့်သော ပြုကျင့် လွန်ကျူး ခြင်း၌ တတ်စွမ်းနိုင် လောက်သော မာတုရက္ခိတာ စသော အဂမနီယ ဝတ္ထုကို၎င်း, တွေ့ကြုံလျက် မဟုတ်မလျော် ရှိသော ပြောဆိုရန်စသော အကြောင်းအခွင့်သင့်လျက် ဤပါဏာတိပါတ,အဒိန္နာဒါန,ကာမေသုမိစ္ဆာစာရ,မုသာဝါဒ,စသော ဒုစရိုက်ကို ပြုကျင့်ခြင်း အမှုသည် အမျိုးအာဖြင့် သုတ်သော သူတို့၏ အမှုသာတည်း ကာ အမျိုးအာဖြင့် မြတ်သော သူတို့၏ အမှုမဟုတ်။ငါ၏အမျိုး အသ မျိုး ပြုသည်ပြုကိုသော အမျိုးမျိုးသောဖြစ်ကြပေကုန်သည် ၎င်းအမျိုး၌

တဗုံဘယောက်သောသူမျှ ဒုစရိုက်အမှုကို မပြုပေ ထုံးချွန်ဖောက်ပြန်၍ ငါပြုခဲ့က မသင့်မလျောက်ပတ်ချေဟူ၍ မိမိ၏အမျိုးကို ဆင်ခြင်၍၎င်း,ဤ ပါဏာတိပါတ စသောအမှုသည် ကြီးသော အသက်အရွယ်ရှိသော သူတို့၏ အမှုမဟုတ် ငယ်ရွယ်သော သူတို့၏ အမှုသာ ဖြစ်သည် အသက်အရွယ်ကြီးသောငါကဲ့သို့သောသူအား ၎င်းဒုစရိုက်မှုကိုပြု၍ မလျော်ချေဟူမိမိ၏အရွယ်ကိုဆင်ခြင်၍၎င်း,ဤဒုစရိုက်အမှုသည်များသောအကြားအမြင် ပညာရှိသော သူတို့၏ အမှုမဟုတ် အကြား အမြင် ပညာမဲ့သော သူတို့၏ အမှုသာ ဖြစ်သည် ငါကဲ့သို့သော အကြားအမြင် ပညာသုတများသောသူအား ဤဒုစရိုက်အမှုကိုပြု၍ မသင့်ရာချေဟု မိမိ၏ ဗဟုသုတ ပညာဝဏ္ဏ အဖြစ်ကို ဆင်ခြင်၍၎င်း, ဒုစရိုက်အမှုမည်သည် ဆင်းရဲငြိုငြင် ပင်ပန်းသော သူတို့၏ အမှုဖြစ်သည် ငါကဲ့သို့သော စည်းစိမ် ဥစ္စာပေါများကုံလုံပြည့်စုံ ချမ်းသာသော သူဖြစ်လျက် ဤဒုစရိုက်အမှုကို ပြု၍ မတော်ချေဟု မိမိ၏ဥစ္စာ စည်းစိမ်နှင့် ပြည့်စုံသည်၏ အဖြစ်ကို ဆင်ခြင်၍၎င်း, ဤရပ်သူရွာသားတို့သည် တဗုံတယောက်မျှ ဒုစရိုက်အမှုကိုမပြု သီလ သိတင်းနှင့် ပြည့်စုံသော သူချည်းသာ ဖြစ်ကြပေကုန်သည် ငါတယောက်ထည်းမှသာ ထုံးခြားဖောက်ပြန်၍ မပြုကောင်းပေဟု မိမိ၏ နေရာအရပ်ကိုဆင်ခြင်၍၎င်း,ဤသို့စသည်ဖြင့် ဆင်ခြင်၍တွေ့ရောက်သော ဝတ္ထုကိုမလွန်ကျူးမူ၍ ထိုဒုစရိုက်အမှုမှ ကြဉ်ရှောင်ကုန်၏ ထိုသို့ကြဉ်ရှောင် ခြင်းသည် သမ္ပတ္တဝိရတိ မည်၏။

အဘယ်သူအားဖြစ်သော ဝိရတိကဲ့သို့နည်း ဟူမူ။ သိဟိုဠ်ကျွန်းဝယ် စက္ကနလုလင်အားဖြစ်သော ဝိရတိကဲ့သို့တည်း။ ထိုစက္ကနလုလင်၏ ငယ်ရွယ်သော အခါ အမိအား ပြင်းပြစွာသော ရောဂါဖြစ်၏။ ဆေးဆရာက ဤရောဂါသည် ယုန်သား စိုကို စားရမှ ပျောက်မည် ဖြစ်၍ သွေးတို့ဖြင့် စိုစွတ်သော လပ်လပ် လောလော ဖြစ်သော ယုန်သား စိုကို ရမှ တော်မည်ဟု ဆိုသည်ရှိသော် လယ်တောသို့ ငါညီသွားရောက် လှည့်လည်၍ ယုန်ကိုရှာပါချေဟု အစ်ကိုသည် စေခိုင်းအပ်သည် ဖြစ်၍ လယ်တောသို့ သွားရောက်သောအခါ ကောက်ပင်နုတ်ကို စားအံ့သောငှါ လာသော တကောင်သော ယုန်သည် စက္ကနကိုမြင်၍ ကြောက်လန့်ရကား လျင်မြန်စွာ

တဟုန်တည်း ထွက်ပြေး ပါသည်ကို နွယ်နှင့်ငြိ၍ မပြေးမလွတ်နိုင်သဖြင့် သေဘေးမှ ကြောက်သောကြောင့် ယုန်တို့၏ဘာသာဖြင့် ကိရိ,ကိရိ, ဟု ကြောက်သောအသံကိုပြု၏။စဏ္ဍနလုလင်လည်း ထိုအသံကိုကြားသဖြင့် ဖမ်းယူပြီးသော် ဤယုန်၏ အသားဖြင့် ငါ့အမိ၏ ရောဂါကို ကုစားအံ့ဟု ကြံ၍၏။ထို့နောက်တဖန် ဤသို့ကြံပြန်၏။ငါသည်အမိ၏ အသက်ဟူသော အကြောင်းကြောင့် သူတပါးကို ဇီဝိတိန္ဒြေမှ အကြင်ချွေချသည် ဖြစ်အံ့ ထိုသို့ချခြင်းသည် ငါ့အားမလျောက်ပတ် မသင့်လျော်ချေဟုကြံ၍၏။ထိုသို့ ကြံပြီး၍ကား သင်သွားလေတော့ သင်၏ဆွေမျိုးယုန်တို့နှင့် အတူတကွ ချမ်းသာစွာ မြက်နုရေကြည်ကို စားသောက်၍ နေပါလေတော့ဟု ဆို၍ ထိုယုန်ကို လွှတ်လိုက်ပြီး၍ အိမ်သို့ ပြန်လာသည်ရှိသော် ယုန်ကို ရခဲ့၏ လောဟု အစ်ကိုကမေးသောအခါ အလုံးစုံသောအကြောင်းကို ပြန်ပြော၍ အစ်ကိုကဆဲရေး မောင်းမဲသော်လည်း ခွန်းတုံ့လှန်၍ မပြန်မပြောဘဲ အမိ၏ အနီးသို့သွား၍ မိခင်ကျွန်ုပ်သည် အကြင်အခါမှစ၍ သူ၏အသက် ကို မသတ်စကောင်းဟု သိကြားလိမ္မာခြင်းသို့ ရောက်၏။ ထိုအခါမှစ၍ သေစေလိုသောစိတ်ဖြင့် သတ္တဝါကို ဇီဝိတိန္ဒြေမှ ချမိ၏ဟု မသိသည်မှန် ပါ၏။ ထိုသို့ဆိုတိုင်းမှန်ပါသော် မိခင်၏ရောဂါသည် ကင်းပျောက်ပါစေ သတည်းဟု သစ္စာပြု၏။ ထိုသို့သစ္စာပြုသော ခဏ၌ပင်လျှင် ၎င်းအမိ၏ ရောဂါသည် ပဒုမာကြာဖက်ပေါ်မှ ရေသည်လိမ်းကျံကပ်ငြိ တွင်းကျန် မရှိ ကုန်စင်လျှောကျသကဲ့သို့ ကုန်စင်ပပျောက် ကင်းလွတ်၏။

ဆောက်တည်အပ်သော သိက္ခာပုဒ်ရှိသော သူတို့အား သိက္ခာပုဒ်ကို ဆောက်တည်သောအခါ၌၎င်း, ခံယူဆောက်တည်ပြီးသည်နောက်တွေ့ ရောက်သောဝတ္ထုကို မိမိ၏ အသက်ကို စွန့်၍သော်လည်း မလွန်ကျူး သောအခါ၌၎င်း,ဖြစ်သော ဝိရတိသည် သမာဒါနဝိရတိမည်၏။အဘယ် သူအား ဖြစ်သော ဝိရတိကဲ့သို့နည်း ဟူမူ။ သီဟိုဠ်ကျွန်း၌ပင် ဥတ္တရဝဍ္ဍ မာနမည်သော တောင်ခြေရွာ၌ နေသော ဥပါသကာ အားဖြစ်သော ဝိရ တိကဲ့သို့တည်းဟူလေ။ထိုဥပါသကာသည် အမ္ဗတိတ္ထမည်သောကျောင်း တိုက်၌ သီတင်း သုံးနေသော ပိင်္ဂလရက္ခိတ မည်သော မထေရ်၏ထံ သိက္ခာပုဒ်တို့ကို ခံယူဆောက်တည်ပြီး၍ လယ်ကိုထွန်၏။ထိုသို့ ထွန်နေ

စဉ်အခါ ထိုဥပါသကာ၏ နွားသည်ပျောက်ခဲ့၏ ထိုသို့ပျောက်သဖြင့် ထိုနွားကို လိုက်လံ ရှာဖွေသည်ရှိသော် ဥတ္တရဝဍ္ဎမာန တောင်သို့ တက်၍ ထိုသို့ရှာသောအခါ ထိုတောင်၌နေသော တကောင်သော စပါးကြီးမြွေသည် ထိုသီတင်းသည် ကိုဖမ်း၍ ပတ်လေ၏ ထိုအခါ ထိုသီတင်းသည် ဥပါသကာသည် ပခုံးထက် ထမ်းလျက်ပါသော ဤပဲကွပ်ဖြင့် ဤမြွေ၏ ဦးခေါင်းကို ဖြတ်တော့အံ့ဟုကြံပြီးမှ တဖန်ငါသည် သူခပ်သိမ်းတို့ ချီးမွမ်းအပ်သော ဂုဏ်နှင့် ပြည့်စုံသော ကျောက်သီး အတုအလေး မှုအပ်သော မထေရ်၏ အထံ၌ ခံယူဆောက်တည် ခဲ့သော သိက္ခာပုဒ် တို့ကို အကြင် ဖျက်ငြားအံ့ ထိုသို့ သိက္ခာပုဒ် တို့ကို ဖျက်ခြင်းသည် ငါ့အား မလျောက်ပတ် ပါတကားဟု ကြံပြန်၏။ ဤသို့ ချိတုံချတုံ သုံး ကြိမ်တိုင်အောင်ကြံပြီးမှ ငါ၏အသက်ကို စွန့်တော့အံ့ သိက္ခာပုဒ် တို့ကို မဖျက်ပြီဟုကြံ၍ ပခုံး၌ထမ်းအပ်သော အရိုးတပ်သော ထက်လှစွာသော ပဲကွပ်ကို တော၌ပစ်လိုက်၏။ ထိုအခါစပါးကြီးမြွေသည် ထိုဥပါသကာ၏ သီလတန်ခိုးအစွမ်းကြောင့် အပတ်ကိုဖြေလွှတ်၍ ဖဲသွားလေ၏။

အရိယမဂ်နှင့်ယှဉ်သော ဝိရတိသည် ထိုပါဏာတိပါတ စသော ဒုစရိုက်တို့ တဖန် ဖြစ်နိုင်ခြင်းမရှိစေရ ကုန်စင်ကြွင်းမဲ့ ဖြတ်ခြင်း ကြီး ဖြတ်အောင်ဖျက်၍ ပယ်ဘတ်သောကြောင့် သမုစ္ဆေဒဝိရတိ မည်၏။ ထိုသမုစ္ဆေဒဝိရတိ ဖြစ်သော အခါမှစ၍ အရိယာပုဂ္ဂိုလ် တို့အား သူ၏အသက်ကို သတ်ခြင်း စသည်ကို ပြုမည်ကို မဆိုထားဘိ သတ္တဝါကိုသတ်အံ့ စသည်ဖြင့် ကြံသော စိတ်မျှသော်လည်း မဖြစ်ပြီ။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်သည် ဘဝတပါး ဖုံးလွှမ်းသောအားဖြင့် မိမိ၏ အရိယာအဖြစ်ကိုပင် မသိသော်လည်း သင်သည် ဤသတ္တဝါကို သတ်လော မသတ်သော် သင့်ကိုသတ်အံ့ဟု အကယ်၍ စေခိုင်းသည်ဖြစ်အံ့ သတ္တဝါကို သတ်ခြင်းကိုမပြု မိမိသာအသက် အသေခံရတော့သည်။ သတ္တဝါတို့ကို ဝဋ်၌ဖွဲ့ဘတ်သောကြောင့် သေတုမည်သော ပါဏာတိပါတ စသော ဒုစရိုက်တို့၏ အကြောင်းဖြစ်သော ရာဂ, ဒေါသ, အစရှိသော အကုသိုလ်တရားတို့ကို အကြွင်းမဲ့ပယ်ဖြတ်သတ်တတ်သောကြောင့် ဤသမုစ္ဆေဒဝိရတိသည်ပင် သေတုဃာတဝိရတိလည်း မည်၏။

ထိုဝိရတိသည် ပါဏာတိပါတ စသော ရှောင်ကြဉ်အပ်သော ဝိရမိတဗ္ဗဝတ္ထုမှကြဉ်ခြင်း သဘောမည်အားဖြင့် တပါးတည်းသာဖြစ်သော်လည်း အသက်မွေးခြင်း ဟူသော အကြောင်းမရှိသော အသက် မွေးခြင်း ဟူသောအကြောင်းကိုမငဲ့မူ၍ ပြုအပ်သော ပါဏာတိပါတ စသော မိစ္ဆာကမ္မန္တမှ ကြဉ်ခြင်းဟူသော မိစ္ဆာကမ္မန္တဝိရတိ၊ အသက်မွေးခြင်း ဟူသော အကြောင်းမရှိသော အသက်မွေးခြင်း ဟူသော အကြောင်းကိုမငဲ့မူ၍ ပြုအပ်သော မုသာဝါဒ စသော မိစ္ဆာဝါစာမှ ကြဉ်ခြင်း ဟူသော မိစ္ဆာဝါစာဝိရတိ၊ အသက်မွေးခြင်းဟူသော အကြောင်းရှိသောအသက်မွေးခြင်း ဟူသော အကြောင်းကိုငဲ့၍ ပြုအပ်သော ကာယဒုစရိုက်, ဝစီဒုစရိုက်, ဟူသော မိစ္ဆာဇီဝမှ ကြဉ်ခြင်းဟူသော မိစ္ဆာဇီဝ ဝိရတိ၊ ဟူ၍ သုံးပါးပြား၏။ ထိုတွင် မိစ္ဆာကမ္မန္တဝိရတိသည်။ ပါဏာတိပါတမှကြဉ်ခြင်း မိစ္ဆာကမ္မန္တဝိရတိ၊ အဒိန္နာဒါနမှ ကြဉ်ခြင်း မိစ္ဆာကမ္မန္တဝိရတိ၊ ကာမေသုမိစ္ဆာစာရ ကြဉ်ခြင်း မိစ္ဆာကမ္မန္တဝိရတိ၊ ဟူ၍ သုံးပါး ပြားသည်။ မိစ္ဆာဝါစာဝိရတိသည်လည်း မုသာဝါဒမှကြဉ်ခြင်း မိစ္ဆာဝါစာဝိရတိ၊ ပိသုဏဝါစာမှ ကြဉ်ခြင်း မိစ္ဆာဝါစာဝိရတိ၊ ဖရုသဝါစာမှကြဉ်ခြင်း မိစ္ဆာဝါစာဝိရတိ၊ သမ္ဖပ္ပလာပမှကြဉ်ခြင်း မိစ္ဆာဝါစာဝိရတိ၊ ဟူ၍ လေးပါးပြားသည်။ မိစ္ဆာဇီဝဝိရတိသည်လည်း ပါဏာတိပါတမှ ကြဉ်ခြင်း မိစ္ဆာဇီဝဝိရတိ စသောအားဖြင့် ကြဉ်အပ်သောဝတ္ထုခုနစ်ပါးပြားသောကြောင့် ဝတ္ထုအားလျော်စွာ ခုနစ်ပါးပင်ပြားသည်။ တနည်းလည်း၊ သမ္မာဝါစာ ဟူသော မိစ္ဆာဝါစာဝိရတိသည် သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ, သမုစ္ဆေဒဝိရတိ, ဟူ၍ သုံးပါးပြား၏။ သမ္မာကမ္မန္တ ဟူသော မိစ္ဆာကမ္မန္တဝိရတိ၊ သမ္မာအာဇီဝ ဟူသော မိစ္ဆာဇီဝဝိရတိ တို့သည်လည်း ထို့အတူ သမ္ပတ္တဝိရတိ စသော အားဖြင့် သုံးပါးစီပင် ပြား၏။ အစိတ်အဖိတ် အကျယ်အားဖြင့် ပြားသင့်သည်ကိုလည်း သိလေ။

ဤဝိရတိအရာ၌ သမ္မာဝါစာစ အာဇီဝဟေတုကိုမငဲ့မူ၍။ ဝါ၊ အသက်မွေးခြင်း ဟူသော အကြောင်းမရှိသော မုသာဝါဒ စသော ဝစီဒုစရိုက် လေးပါးတို့မှ ကြဉ်ခြင်းလက္ခဏာရှိသော သမ္မာဝါစာစေတသိက်တည်း။ သမ္မာကမ္မန္တော စ၊ အာဇီဝဟေတုကိုမငဲ့မူ၍။ ဝါ၊ အသက်မွေးခြင်းဟူသော

အကြောင်းမရှိသော ပါဏာတိပါတစသော ကာယဒုစရိုက် သုံးပါးတို့မှ ကြဉ်ခြင်း လက္ခဏာရှိသော သမ္မာကမ္မန္တ စေတသိက်ဝိရ်င်း။ သမ္မာအာဇီဝေါစ၊ အာဇီဝဟေတုကိုင့်၍။ ဝါ၊ အသက်မွေးခြင်း ဟူသောအကြောင်း ရှိသော ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါးတို့မှ ကြဉ်ခြင်းလက္ခဏာရှိသော သမ္မာအာဇီဝ စေတသိက်ဝိရ်င်း၊ ဟူ၍ နှစ်ပိဋကပ် နှစ်နည်းစီ အနက် မြန်မာပြန်ဆိုကြကုန်၏။ ဤအနက်ကို လက်မှန်ရှေးဦးစွာ ပြန်ဆိုသောဆရာသည် နှစ်ပိဋကပ်တွင် သင်္ခေပဝဏ္ဏနာဋီကာကိုမှီ၍ ပဌမပိဋကပ်ကို ဋီကာကျော်ကိုမှီ၍ ဒုတိယပိဋကပ်ကို ပြဆိုတော်မူသည့် လက္ခဏာရှိသည်။ ထိုတွင် ဋီကာကျော်ကိုမှီသောအရာမှာ။ သောပန အာဇီဝဟေတုက ကာယဝစီဒုစ္စရိတတော ဝိရမဏာဝသေန သတ္တဝိဓော။ ဟူ၍အာဇီဝဟေတုက ဟူသော ဝိသေသနကို သမ္မာဝါစာ သမ္မာကမ္မန္တအရာ၌မဆိုဘဲ သမ္မာအာဇီဝ အရာ၌သာ ဆိုသော **ဋီကာကျော်** နှင့် ညီပါပေ၏။ ဋီကာကျော်နှင့်သာ ညီသည်မဟုတ်သေး။

ကာယဒွါရေပန ဝိတိက္ကမော အာဇီဝဟေတုကောဝ ဟောတိ။ နအာဇီဝ ဟေတုကောဝ။ တထာ ဝစီဒွါရေ။ တတ္ထယံ ရာဇရာဇမဟာမတ္တာ ဒိနှာ ပသုတာ သူရဘာဝံ ဒဿေန္တာ မိဂဝဓံဝါ ပန္ထဒုဟနံဝါ ပရဒါရဝီတိက္ကမံဝါ ကရောန္တိ။ ဣဒံ အကုသလံ ကာယကမ္မံ နာမ။ တတော ဝိရတိပိ သမ္မာကမ္မန္တော နာမ။ ယံ ပန နအာဇီဝဟေတုကံ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ ဘာသန္တိ၊ ဣဒံ အကုသလံဝစီကမ္မံ နာမ။ တတော ဝိရတိပိ သမ္မာဝါစာ နာမ ။ယံ ပန အာဇီဝဟေတု နေသာဒ မစ္ဆဗန္ဓာဒယော ပါဏံ ဟနန္တိ အဒိန္နံ အာဒိယန္တိ မိစ္ဆာစာရံ စရန္တိ၊ အယံ မိစ္ဆာဇီဝေါ နာမ။ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ။ ယံပိ လဉ္ဇံ ဂဟေတွာ မုသာဘဏန္တိ။ ပေသုညဖရုသသမ္ဖပ္ပလာပေ ပဝတ္တေန္တိ၊ အယမ္ပိ မိစ္ဆာဇီဝေါ နာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ။ ဟူသော **အဋ္ဌသာလိနီအဋ္ဌကထာ**။

န အာဇီဝဟေတုကတော စတုဗ္ဗိဓဝစီဒုစ္စရိတတော တိဝိဓကာယဒုစ္စရိတတောစ ဝိရတိ ယထာက္ကမံ သမ္မာဝါစာ သမ္မာကမ္မန္တောစ ဟောတိ။ န သမ္မာအာဇီဝေါ။ အာဇီဝဟေတုကတောပန တံဒွယတော ဝိရတိ

သမ္မာအာဇီဝေါ နာမ၊ နှ သမ္မာဝါစာ နှ သမ္မာကမ္မန္တော။ဟူသော **မဂ်ဝီ မဂ္ဂဋ္ဌ** တို့နှင့်လည်းညီ၏ သဘောလည်းသင့်လျော်၏။

သာဝက သုံးရပ်၏ အနက်ကို ဆိုဦးအံ့။ သောပနှ၊ ထိုသမ္မာအာဇီဝ သည့်ကား။ အာဇီဝဟေတုကကာယဝစီဒုစ္စရိတတော၊ အသက်မွေးခြင်း ဟူသော အကြောင်းရှိသော ကာယဒုစရိုက် သုံးပါး ဝစီဒုစရိုက်လေးပါး မှ။ဝိရမဏာဝသေနှ၊ ကြဉ်သည်၏ အစွမ်းအားဖြင့်။ သတ္တဝိဓော၊ ခုနစ်ပါး အပြားရှိသည်။ဟောတိ၏။ **ဋီကာဘကျော်အနက်**။

ကာယဒွါရေ၊ ကာယဒွါရ၌။ ဝိတိက္ကမောပနှ၊ လွန်ကျူးသော ပါဏာ တိပါတ စသော ကာယဒုစရိုက် သည့်ကား။ အာဇီဝဟေတုကောပိ၊ အ သက်မွေးခြင်းဟူသော အကြောင်းရှိသော ကာယဒုစရိုက် သည့်လည်း။ အတ္ထိ၊ ရှိ၏။နှအာဇီဝဟေတုကောပိ၊အသက်မွေးခြင်းဟူသောအကြောင်း မရှိသော ကာယဒုစရိုက်သည့်လည်း။ အတ္ထိ၊၏။ တထာ၊ထိုကာယဒွါရ၌ လွန်ကျူးသော ကာယဒုစရိုက်အတူ။ဝစီဒွါရေ၊၌။ဝိတိက္ကမော၊လွန်ကျူး သောမုသာဝါဒစသောဝစီဒုစရိုက်သည့်။အာဇီဝဟေတုကောပိ၊အသက် မွေးခြင်းဟူသော အကြောင်းရှိသောဝစီဒုစရိုက်သည့်လည်း။ အတ္ထိ၊၏။နှ အာဇီဝဟေတုကောပိ၊အသက်မွေးခြင်းဟူသောအကြောင်းမရှိသောဝစီ ဒုစရိုက် သည့်လည်း။ အတ္ထိ၊၏။ တတ္ထ၊ ထိုအသက်မွေးခြင်း ဟူသော အ ကြောင်းရှိအကြောင်းမရှိအားဖြင့်နှစ်ပါးသောကာယဒုစရိုက်နှစ်ပါးသော ဝစီဒုစရိုက်တို့တွင်။ရာဇရာဇမဟာမတ္တာ၊မင်းမင်း၏အမတ်ကြီးတို့သည် ခိဍ္ဍာပသုတာ၊မြူးထူးပျော်ပါးခြင်း၌လေ့လာကုန်သည်ဖြစ်၍။ သူရဘာဝံ၊ ရဲစွမ်းသတ္တိ ရှိသည်၏ အဖြစ်ကို။ဒဿေန္တာ၊ပြလိုကုန်သည်ဖြစ်၍။ မိဂဝ ဓံဝါ၊သမင်စသော သားတို့ကို သတ်ခြင်းကိုငင်း။ ပန္တဒုဟံဝါ၊လမ်းခရီး၌ လုယူ တိုက်ခိုက် ဖျက်ဆီး ခြင်းကိုငင်း။ ပရဒါရဝိတိက္ကမံဝါ သူတပါး မယားကို လွန်ကျူးခြင်း ကိုငင်း။ ယံကရောန္တိ၊ အကြင် ပြုကုန်၏။ ဣဒံ၊ ဤပျော်မြူးလျက် ရဲရင့်သည်၏ အဖြစ်ကိုပြလို၍ မင်းစသော သူတို့ပြုအပ် သော အသက်မွေးခြင်း၏ အကြောင်း မဟုတ်သော၃ သားသတ် စသော ကာယဒုစရိုက် အမှုသည်။အကုသလံ၊အကုသိုလ်ဖြစ်သော။ ကာယကမ္မံ နာမ၊ကာယကံမည်၏။တတော၊ထိုအသက်မွေးခြင်းဟူသော အကြောင်း

မရှိဘဲ ပျော်မြူးလိုခြင်း စသော အကြောင်းဖြင့်သာ ပြုအပ်သော ကာယဒုစရိုက် ဟူသော ကာယကံမှ။ ဝိရတိပိ၊ ကြဉ်ခြင်း ဝိရတိ သည်လည်း။ သမ္မာကမ္မန္တောနာမ၊သမ္မာကမ္မန္တမည်၏။ ပန ကာယကံမှတပါး ဝစီကံကို ဆိုဦးအံ့။ နအာဇီဝဟေတုကံ၊ အသက်မွေးခြင်း ဟူသော အကြောင်း မရှိသော။စတုဗ္ဗိဓံ၊လေးပါးအပြားရှိသော။ ယံဝစီဒုစ္စရိတံ၊အကြင်ဝစီဒုစရိုက်ကို။ဘာသန္တိ၊ပြောဆိုကုန်၏။ဣဒံ ဤပြောဆိုအပ်သော အသက်မွေးခြင်း ဟူသော အကြောင်း မရှိသော လေးပါးသော ဝစီဒုစရိုက်သည်။ အကုသလံ၊သော။ ဝစီကမ္မံနာမ၊မည်၏။ တတော၊ ထိုဝစီကံ မည်သော အသက်မွေးခြင်း ဟူသော အကြောင်း မရှိသော မုသာဝါဒ စသော ဝစီဒုစရိုက် လေးပါးမှ။ဝိရတိပိ၊ကြဉ်ခြင်းသည်လည်း။သမ္မာဝါစာနာမ၊မည်၏။ပန သမ္မာဝါစာသမ္မာကမ္မန္တမှတပါး သမ္မာအာဇီဝကိုပြဦးအံ့။အာဇီဝဟေတု၊ အသက် မွေးခြင်း ဟူသော အကြောင်းကြောင့်။ နေသာဒမစ္ဆဗန္ဓာဒယော၊မုဆိုးတံငါစသော သူတို့သည်။ပါဏံ၊သားငါးစသော သတ္တဝါကို။ ယံဟနန္တိ၊ အကြင် သတ်ကုန်၏။ အဒိန္နံ၊ ဥစ္စာရှင်သည် မပေးအပ်သော သူတပါး သိမ်းဆည်းသော ဥစ္စာကို။ ယံအာဒိယန္တိ၊ အကြင်ခိုးယူကုန်၏။ မိစ္ဆာစာရံ၊ သူတပါးတို့ မယားတို့၌ မှားယွင်းသော အကျင့်ကို။ ယံစရန္တိ၊ အကြင် ကျင့်ကုန်၏။ အယံ၊ ဤအသက် မွေးခြင်း ဟူသော အကြောင်းကြောင့် တံငါ,မုဆိုး,သူခိုး, ထားပြ, စသည်တို့၏ သတ်ဖြတ် ခိုးတိုက်ခြင်းစသော ကာယဒုစရိုက် အမှုသည်။မိစ္ဆာဇီဝေါနာမ၊မိစ္ဆာဇီဝမည်၏။ တတော ထိုအသက်မွေးခြင်း ဟူသော အကြောင်းရှိသော ကာယဒုစရိုက်ဖြစ်သော မိစ္ဆာဇီဝမှ။ဝိရတိ၊ကြဉ်ခြင်းသည်။သမ္မာအာဇီဝေါနာမ၊မည်၏။လဉ္ဇံ၊လက်ဆောင်ပဏ္ဏာ ဥစ္စာအခတ်ပိုးကို။ ဂဟေတွာ၊စားယူ၍။ မုသာ မဟုတ်မမှန် ဖောက်ပြန် ချွတ်ယွင်းသော စကားကို။ ယံဘဏန္တိ၊အကြင်ဆိုကုန်၏။ ပေသုညဖရုသသမ္ဖပ္ပလာပေ၊သူနှစ်ယောက်တို့အား အချစ်ပျက်အောင် ကုံးတိုက်ခြင်း, အကျေအသ ဝဇ္ဇုတို့ဖြင့် ဆဲရေးခြင်း,ဟူသော ကြမ်းကြုတ်သော စကားကိုဆိုခြင်း,အကျိုးမရှိ အကောင်အထည် အနက်ဒြပ် မရှိသော ပြဇာတ်ဝတ္ထု စသည်တို့ကို ပြဆိုဟောပြောခြင်း , စသည်တို့ကို။ ယံပဝတ္တေန္တိ၊ အကြင် ဖြစ်စေကုန်၏။ အယံပိ၊

လက်ဆောင်ပဏ္ဏာ အခွန်တော်စားယူ၍ သူ့ဥစ္စာ ပါးတို့အပေါ်၌ ရှေ့နေလိုက်ခြင်း စသည်တို့ဖြင့် မဟုတ်မလျော် မုသားဆိုခြင်း, ကုံးတိုက်ခြင်း, ဆဲရေးခြင်း, ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း ဟူသော ဝစီဒုစရိုက် လေးပါး သည်လည်း။ မိစ္ဆာဇီဝေါ ဝါနာမ မည်၏။ ဥ.တော်တို့အခွန်တော် စားယူခြင်း စသည်ဖြင့် အသက် မွေးခြင်း ဟူသော အကြောင်း ရှိသော ဝစီဒုစရိုက် ဟူသော မိစ္ဆာဇီဝမှ ဝိရတိ ကြဉ်ခြင်းသည်။ သမ္မာအာဇီဝေါ နာမ မည်၏။ **အဋ္ဌသာလိနီအနက်**။

နအာဇီဝဟေတုကတော အသက်မွေးခြင်း ဟူသော အကြောင်းမရှိ သော။ စတုဗ္ဗိဓဝစီဒုစ္စရိတတော စ မုသာဝါဒစသော လေးပါးသော ဝစီ ဒုစရိုက်မှ၎င်း။ နအာဇီဝဟေတုကတော သော။ တိဝိဓကာယ ဒုစ္စရိတ တော စ ပါဏာတိပါတ စသည်ဖြင့် သုံးပါးအပြားရှိသော ကာယဒုစရိုက် မှ၎င်း။ ဝိရတိ ကြဉ်ခြင်းသည်။ ယထာက္ကမံ အစဉ်အတိုင်း။ သမ္မာဝါစာစ သမ္မာဝါစာ မည်သည်၎င်း။ သမ္မာကမ္မန္တော စ သည်၎င်း။ ဟောတိ ၏။ သမ္မာအာဇီဝေါ သမ္မာအာဇီဝ မည်သည်။ နဟောတိ မဖြစ်။ ပန သမ္မာအာ ဇီဝမဖြစ်သည်မှာ ဘယ်ပါး ဖြစ်သည်ကို ပြဦးအံ့။ အာဇီဝဟေတုကတော အ သက်မွေးခြင်း ဟူသော အကြောင်းရှိသော။ တံဒွယတော ထိုကာယဒုစ ရိုက် ဝစီဒုစရိုက် နှစ်ပါးမှ။ ဝိရတိ သည်။ သမ္မာအာဇီဝေါ နာမ မည်၏။ နသမ္မာဝါစာ သမ္မာဝါစာ မမည်။ နသမ္မာကမ္မန္တော သမ္မာကမ္မန္တ မမည်။ **မဏိမဉ္ဇူအနက်**။ အဓိပ္ပါယ်မှာ ၎င်းအနက် ဖြင့်ပင် ထင်ရှား လောက်ပြီ ဖြစ်၍ သီးခြား မဆိုပြီ။

သမ္မာဝါစာစ အာဇီဝဟေတုကို မငဲ့မူ၍ ဝစီဒုစရိုက် လေးပါးမှ ကြဉ် ခြင်း လက္ခဏာရှိသော သမ္မာဝါစာစေတသိက်၎င်း။ သမ္မာကမ္မန္တောစ အာဇီဝဟေတုကို မငဲ့မူ၍ ကာယဒုစရိုက် သုံးပါးမှ ကြဉ်ခြင်း လက္ခဏာ ရှိသော သမ္မာကမ္မန္တ စေတသိက်၎င်း။ သမ္မာအာဇီဝေါစ အာဇီဝဟေ တုကိုငဲ့၍ ကာယဒုစရိုက် သုံးပါး,ဝစီဒုစရိုက် လေးပါးမှ ကြဉ်ခြင်းလက္ခ ဏာရှိသော သမ္မာအာဇီဝ စေတသိက်၎င်း-ဟူ၍ ဤပါးသော ပဋမအနက် မှကား။ သင်္ခေပဝဏ္ဏနာ ဋီကာကိုမှီ၍ ပေးသော အနက်ဖြစ်သောလည်း။

အာဒိဝဟေတုံ အနုပေက္ခိတ္တွာ ကဘေဟိ ဝစီဒုစ္စရိတေဟိစ ကာယဒုစ္စရိတေဟိစ ဝိရတိ သမ္မာဝါစာ သမ္မာကမ္မန္တော ၁နာမ။ အပေက္ခိတ္တွာ ကဘေဟိ သတ္တဒုစ္စရိတေဟိ ဝိရတိ သမ္မာအာဇီဝေါ နာမ- ဟူသော မှီရင်း **သင်္ခေပဝဏ္ဏနာဋီကာ** နှင့်ပင် မညီသောကြောင့် မှီသော်လည်း မှီသည့်မမည် မှီရာမရောက်ချေ။

အာဇီဝဟေတုံ၊အသက်မွေးခြင်း ဟူသော အကြောင်းကို။အနုပေက္ခိတ္တွာ၊မငဲ့မူ၍။ ကဘေဟိ ပြုအပ်ကုန်သော။ ဝစီဒုစ္စရိတေဟိစ ဝစီဒုစရိုက်လေးပါးတို့မှ၎င်း။အာဇီဝဟေတုံ၊ကို။အနုပေက္ခိတ္တွာ၊၍။ ကတေဟိ၊ကုန်သော။ ကာယဒုစ္စရိတေဟိစ၊ ကာယဒုစရိုက် သုံးပါးတို့မှ၎င်း။ ဝိရတိ၊ ကြဉ်ခြင်းသည်။ သမ္မာဝါစာ သမ္မာကမ္မန္တော၁နာမ၊ အစဉ်အတိုင်း သမ္မာဝါစာ, သမ္မာကမ္မန္တ မည်၏။ အာဇီဝဟေတုံ၊ ကို။ အပေက္ခိတ္တွာ၊ ငဲ့၍။ ကတေဟိ ပြုအပ်ကုန်သော။ သတ္တဟိဒုစ္စရိတေဟိ၊ ဝစီဒုစရိုက်လေးပါး, ကာယဒုစရိုက်သုံးပါး, အားဖြင့် ခုနစ်ပါးကုန်သော ဒုစရိုက်တို့မှ။ ဝိရတိ၊ သည်။သမ္မာအာဇီဝေါနာမ၊သမ္မာအာဇီဝမည်၏။

အဘယ်သို့ မညီသနည်း ဟူမူ။ သင်္ခေပဝဏ္ဏနာ ဋီကာဆရာသည် အနုပေက္ခိတ္တွာ, အပေက္ခိတ္တွာ, ဟူသော တွာပစ္စယန္တပုဒ်တို့ကို ကတေဟိ ဟူသော ပုဒ်နှင့်သာ စပ်၍ဆိုတော်မူသည်။ ဒီသျှဆရာမူကား၊ ၎င်း အနုပေက္ခိတ္တွာ,အပေက္ခိတ္တွာ,ဟူသော တွာပစ္စယန္တပုဒ်တို့ကို ကတေဟိနှင့် မစပ်ဘဲ ဝိရတိဟူသော ပုဒ်နှင့်စပ်၍ အနက် ပေးလေသောကြောင့် မညီသည် ဟူလေ။၎င်းသင်္ခေပဝဏ္ဏနာဋီကာနှင့် ညီအောင်သော်ကား။ သမ္မာဝါစာစ၊ အာဇီဝဟေတုကို မငဲ့မူ၍ ပြုအပ် ကုန်သော ဝစီဒုစရိုက် လေးပါးတို့မှ ကြဉ်ခြင်းလက္ခဏာရှိသော သမ္မာဝါစာ စေတသိက်၎င်း။သမ္မာကမ္မန္တောစ၊ အာဇီဝဟေတုကို မငဲ့မူ၍ ပြုအပ်ကုန်သော ကာယဒုစရိုက် သုံးပါးတို့မှကြဉ်ခြင်း လက္ခဏာရှိသော သမ္မာကမ္မန္တ စေတသိက်၎င်း။ သမ္မာအာဇီဝေါစ၊ အာဇီဝဟေတုကို ငဲ့၍ ပြုအပ် ကုန်သော ဝစီဒုစရိုက် လေးပါး,ကာယဒုစရိုက် သုံးပါးတို့မှကြဉ်ခြင်း လက္ခဏာ ရှိသော သမ္မာအာဇီဝစေတသိက်၎င်း,ဟု ပေးလေ။

[ဋီကာနှစ်စောင်ကို မှီ၍ နှစ်နည်းစီ အနက် ပြန်ဆို ပို့ချတော်မူသော ဆရာတော် ဘုရားသည်၊ ကျမ်းဂန်အလွန်တတ်မြောက် လိမ္မာ သာသနာတော်၌ နေလအသွင် အလွန် ထင်ရှား ကျော်ထင်းအတူ အလွန်အလေး မူအပ်သော ဆရာတော် ဘုရား ဖြစ်၍ မှီရင်း သခေ်ပဝဏ္ဏနာ ဋီကာဆရာ၏ အလိုအာဘော်၊ ဝိရတိ စေတသိက် သုံးခု တို့၏ သဘော လက္ခဏာ၊ သဒ္ဒနယ, အတ္ထနယ, စသည် ဥဿုံ အလုံး ပုံကို လက်ဝါး ပြင်ထက် တင်ထားသော ပတ္တမြားကိုကဲ့သို့ ဝိုးဝါးယုံမှားမရှိ ယထာဘူတ ဉာဏ်ဖြင့် ထင်လင်းဟုတ်မှန်စွာ သိနိုင်သော ဆရာတော်ဘုရားဖြစ်၍ ပို့ချတော်မူရင်း ကာလကပင် သတိလစ်ဟင်း မှားယွင်းသည် ဟူ၍ မဆိုအပ်မဆိုထိုက်။ တပည့်အများတို့အား ပို့ချတော်မူသော ချနက်ကို တပည့်ကြီးတို့ ရေးသား မှတ်ထားသော နိသျှဖြစ်၍ တပည့်ကြီးတို့ ရေးတင်သောအခါ။ သမ္ဗာဝါစာစ၊အာဇီဝဟေတုကို မငဲ့မူ၍ ပြုအပ်ကုန်သော။ ဝါ၊ အသက်မွေးခြင်း ဟူသော အကြောင်းမရှိသော စသည်ဖြင့် ဟုတ်မှန်စွာ ပို့ချပါလျက်။ ပြုအပ် ကုန်သော ဟူသော ကတေဟိ ဟူသော ပုဒ်၏ အနက်ကို မေ့လျော့သဖြင့် မရေး မတင်မိသည် သော်လည်း ဖြစ်ရာသည်၊ နောက် သားတို့ အဆင့်ဆင့် ရေးကူးသော အခါ မရေးကူးမိသည် သော်လည်း ဖြစ်ရာသည်။]

နောက်ကာလ အချို့ဆရာတို့ကား ထိုရှေးနိသျှ အနက်ကို အမှန်မှတ်ယူ၍ ဝိရတိ စေတသိက်တို့၏ အထူးသဘောလက္ခဏာ စသည်ကို ဆုံးဖြတ် ရေးသား ပြောဆိုကြကုန်၏။ ထိုဆရာတို့သည် ဤအနက်၏ ဟုတ်သင့် ဟုတ်တန် မှန်မမှန်ကို ကြံစည်စစ်ဆေးခြင်းမရှိ ပုင်ကိုမည်သည့် ကျမ်းဂန်ကို မှီထောက်၍ ဤသို့ အနက် ပေးသည်ဟု မှီထောက်ရာ ကျမ်းဂန် အရင်းကိုလည်း မကြည့်မမျှော် သင့်လျော်သော သဘောကိုလည်း နှေ ရာကျမသိ ပဌမ အနက်ကို အမှန်ဟု မှတ်ယူ ယုံမှု မက ဟုတ်မှန်သော ဒုတိယ အနက်ကိုလည်း မှားသော ပဌမအနက် နောက်သို့ လိုက်စေ၍ ယူသဖြင့် ပြောဆိုကြကုန်၏။ မှန်သော ဒုတိယအနက်ကို မှားသော ပဌမ

အနက်၏ နောက်သို့ လိုက်စေ၍ ယူကြောင်းကို အဘယ်ကြောင့် သိသနည်း ဟူခဲ့မူ။ အကယ်၍ မှန်သော ဒုတိယအနက်ကို မှန်သည့်အတိုင်း ယူသည်ဖြစ်အံ့ ထိုဆရာတို့ရေးသား ဆုံးဖြတ်သော ဝိနိစ္ဆယတို့၌ မှားသော ပဌမအနက်အတိုင်း မှားသော ဝိနိစ္ဆယတရပ်, မှန်သော ဒုတိယအနက် အတိုင်း မှန်သော ဝိနိစ္ဆယတရပ်, အားဖြင့် နှစ်ရပ်သော ဝိနိစ္ဆယ ပါရှိခဲ့ရာသည် ထိုသို့ကား မပါမရှိခဲ့ မှားသော အဓိပ္ပါယ် အဆုံးအဖြတ်သာပါ ရှိသောကြောင့် မှန်သောဒုတိယအနက်ကိုလည်း မှားသော ပဌမအနက် နောက်သို့သာ လိုက်စေ၍ ယူကြကြောင်းကို သိပါသည် ဟူလေ။

ပြောဆိုကြဟန်ကိုပြဦးအံ့။ အချို့သော ဆရာတို့သည် ဝိရတိစေတသိက် သုံးပါးတို့၏ အရေးကို ဥပမာနှင့်တကွ ခိုးသူသည် ရိုက်နှက်စစ်ကြောမေးမည်ရှိရာ ရိုက်နှက်အံ့သော မင်းဒဏ်မှကြောက်သောကြောင့် မိမိ၏အမှုကို ဟုတ်မှန်သည့်အတိုင်း အဖြောင့်အမှန် ပြောဆို၍ နောင်ခိုးယူမှုကို မပြုဝံ့ပါပြီဟု ဝန်ခံ၍ ခိုးမှုမှရှောင်သကဲ့သို့၊ အသက် မွေးခြင်းကို မငဲ့မူ၍ မင်းဘေး မင်းဒဏ် အပါယ်ဘေး စသည်တို့ကို ကြောက်၍သာ ရှောင်ခြင်းသည် သမ္မာဝါစာ။ ခိုးသူသည် သားမယား ကျွေးမွေး ပြည့်ဖုံအောင် များစွာသော ဥစ္စာပစ္စည်းတို့ကို ခိုးယူခြင်း၌ စွမ်းနိုင်သော်လည်း ဤမင်းလက်ထက် ကြပ်တည်းလှသည်ဟုအောက်မေ့၍ အသက်မွေးခြင်း အာဇီဝဟေတုကိုမငဲ့ဘဲ မင်းပြစ် မင်းဒဏ် ကိုသာ ကြောက်သောကြောင့်မခိုးဝံ့ ခိုးမှုမှ ရှောင်သကဲ့သို့၊ အာဇီဝဟေတုကိုမငဲ့ဘဲ မင်းဘေး အပါယ်ဘေးတို့ကိုသာ ကြောက်သဖြင့် ပါဏာတိပါတ, စသော ကာယဒုစရိုက်မှ ကြဉ်ရှောင်သည်ကား သမ္မာကမ္မန္တ။ သေစေ ဘတ်သော အဆိပ် သီးတို့ကို သေအံ့သည်မှ ကြောက်သောကြောင့် မစားဝံ့သောသူကဲ့သို့ အာဇီဝဟေတု ကိုသာငဲ့၍ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ကြဉ်ခြင်းသည် သမ္မာအာဇီဝ ဤသို့ အရေးကိုဆိုကုန်၏။

အချို့သော ဆရာတို့လည်း သမ္မာဝါစာ သမ္မာကမ္မန္တ တို့သည် မင်းဘေး အပါယ်ဘေး စသည်ဟူသော ဗဟိဒ္ဓအကြောင်းကိုသာငဲ့၍ ဒုစရိုက်မှ ကြဉ်ရှောင်သည်။ သမ္မာအာဇီဝသည် မိမိအသက် မွေးခြင်း အာဇီဝ

ဟောတု ဟူသော အဏ္ဍုဏ္ဍကိုသာငဲ့၍ ဒုစရိုက်မှ ကြဉ်ရှောင်သည်။ ဤသို့ သမ္မာအာဇီဝသည် အဏ္ဍုဏ္ဍကိုငဲ့မငဲ့ ဗဟိဒ္ဓကိုငဲ့မငဲ့ အားဖြင့် သမ္မာဝါစာ, သမ္မာကမ္မန္တတို့မှ ထူး၏ဟူ၍ အထူးကိုဆိုကုန်၏။

အချို့သော ဆရာတို့လည်း သမ္မာဝါစာနှင့် သမ္မာအာဇီဝ၏ အထူး၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ၏ အထူးကို၊ တယောက်သော သူသည် သူတပါးတို့ ဥစ္စာ လယ်ယာ ဥယျာဉ် စသည်ကို မိမိဥစ္စာဟု ပြောဆို လျှောက်ထား တရားစွဲဆိုပြီးလျှင် ရှေ့နေကောင်း ရှေ့နေကျော် ပုဂ္ဂိုလ် ထံသွား၍ ကျွန်တော်၏ အမှုကို လိုက်၍ပြောပါဟု ကြေးငွေပေး၍ ခေါ်၏။ ရှေ့နေပုဂ္ဂိုလ်လည်း ကောင်းပြီဟု ဝန်ခံယူလိုက်၏။ ထိုသို့လက်ခံ ပြီးမှ ခပ်သိမ်းသော အမှုကိုပင်ငါလိုက်၍ ပြောဆိုရလျှင် နိုင်နေကြဖြစ်၍ ယခု အမှုမှာလည်း ငါပြောရလျှင်နိုင်တော့မည်။ မဟုတ်မလျား မုသားပြောဆို သော သူမှုကား သေသည်၏ အခြားမဲ့ဝယ် အပါယ်ငရဲ၌ ဆင်းရဲစွာခံရ သည်၊ ငရဲမှ လွတ်၍ လူပင် ဖြစ်လာ သော်လည်း ပုပ်သောခံတွင်း အနံ့ အရည်ယိုသောခံတွင်းရှိရခြင်း, မဟုတ်မလျား သူတပါးတို့၏ စွပ်စွဲစော ဒနာခြင်းကို ခံရခြင်း, စသည်ဖြင့် များပြား ကြီးမားသော အပြစ်ကို ခံရ တတ်ချေသည်ဖြစ်၍ ကြီးစွာသော အပြစ်ရှိသော မုသာဝါဒ အမှုကို ငါ ပြု၍မပြောချေဟု ဆင်ခြင်ကြံတွေး၍ အပါယ်ဘေး စသည်မှ ကြောက် သောကြောင့်၎င်း၊ အမှုကိုရှေ့နေမလိုက်ဘဲ ယူမိသော ကြေးငွေကို ပြန် ၍ပေးလိုက်၏။ ထိုအခါ ထိုရှေ့နေအား သမ္မာဝါစာဝိရတိ ဖြစ်၏။ မုသာ ဝါဒကံသည် ငရဲသို့ကျခြင်း စသော ကြီးစွာသော အပြစ်ရှိသည်၊ ဤအမှု ကိုလိုက်၍ ရသော ကြေးငွေသည် ငါ့အား တသက် ပတ်လုံး စားသုံး လောက်သည် မဟုတ်ချေ၊ သို့ဖြစ်၍ ၎င်းအမှုကို ငါလိုက်၍ မပြောပြီဟု ကြံသဖြင့် အာဇီဝဟေတုကိုငဲ့၍ မလိုက်မပြောဘဲ လက်ခံမိသော ကြေး ငွေကို ပြန်ပေးလိုက်၏။ ထိုအခါ ထိုရှေ့နေအား သမ္မာအာဇီဝဝိရတိ ဖြစ် ၏။ ဤသို့သမ္မာဝါစာ, သမ္မာအာဇီဝ တို့၏ အထူးကိုပြဆိုကုန်၏။

တယောက်သောသူသည် မိမိနွားကို မိမိမသတ်ဝံ့သောကြောင့် နွား ကို သတ်နေကြ နွားသတ် ယောကျ်ားထံသွား၍ ဤမှာအခဥစ္စာဖြင့် ဤ နွားကိုသတ်၍ ပေးပါဟု ကြေး ငွေပေး၍ အသတ် စေခိုင်း၏။ နွားသတ်

ယောက်ျားသည် အခကိုယူ၍ အာမခံလိုက်ပြီးမှ၊ ဤနွားကို ငါသတ်လျှင် သေရွာတော့မည် သေလျှင်ငါ့အား ပါဏာတိပါတကံထိုက်၍ ငရဲ၌ခံရခြင်း စသော ဘေးနှင့် တွေ့ရချေတော့မည်ဟု ကြံ၍ နွားကို မသတ်ဘဲ ငွေကိုပြန်ပေးလိုက်၏။ ထိုအခါထိုနွားသတ်ယောက်ျားအားသမ္မာကမ္မန္တ ဖြစ်သည်။ ဤနွားကိုသတ်၍ အခရသောငွေသည် ငါ့အား အသက်ထက်ဆုံး စားသုံးလောက်သည်မဟုတ်၊ မကောင်းမှုသာ များတော့မည်ဟုကြံ၍ မသတ်ဘဲ ငွေကိုပြန်ပေးလိုက်၏။ ထိုအခါ ထိုနွားသတ် ယောက်ျားအား သမ္မာအာဇီဝဖြစ်သည်ဟု သမ္မာကမ္မန္တ, သမ္မာအာဇီဝ နှစ်ပါးတို့၏ အထူးကိုလည်း ပြဆိုကုန်၏။

ထိုဆရာတို့ကား ယခင် ပြဆိုခဲ့သော အနက်မှား အနက်မှန် နှစ်ရပ်တွင် မှားသော အနက်ကို အမှန်မှတ်ထင်၍၊ အနက်မှန်ကိုလည်း အနက်မှားနောက်သို့သာ လိုက်ပါစေလျက်၊ ၎င်းအနက်ကိုသာ အမှီပြု၍ မှားကြလေကုန်သည်။ ၎င်းဆရာတို့အရပ်ရပ် ဆိုဆုံးဖြတ်သမျှစကားတို့ကိုအဋ္ဌကထာဋီကာစသော ကျမ်းဂန်နှင့်မညီ သဘောလည်း မမှန်သောစကားဟူ၍ မှတ်ရမည်။

အဘယ်သို့မညီသနည်းဟူမူ။ ကံကံ၏အကျိုးကို ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံသော သူသည်၎င်း, မကောင်းမှုဒုစရိုက်မှ စက်ဆုပ်ရွံရှာခြင်း ရှက်ခြင်း ဟိရိတရားနှင့် ပြည့်စုံသောသူသည်၎င်း, မကောင်းမှုဒုစရိုက်ကြောင့် ထိတ်လန့် ကြောက်ရွံ့ခြင်း ဩတ္တပ္ပ တရားနှင့် ပြည့်စုံသော သူသည်၎င်း, အလိုနည်းခြင်း အပ္ပိစ္ဆတာဂုဏ်, ရရသမျှဖြင့်သာ ရောင့်ရဲခြင်း သံတုဋ္ဌိတာဂုဏ်, ခေါင်းပါးစွာ ကျင့်ခြင်း သံလေခတာဂုဏ်, စသည်တို့နှင့် ပြည့်စုံသော သူသည်၎င်း, ပါဏာတိပါတ စသော မကောင်းမှု ဒုစရိုက်တို့ကို မပြုဖြစ်နိုင်၊ ထိုဒုစရိုက်တို့မှ ကြဉ်ရှောင်သည်သာ ဖြစ်သောကြောင့် သဒ္ဓါ,ဟိရိ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ, စသော ဂုဏ်၊ ဤအကြောင်း တို့သည် သမ္မာဝါစာ, သမ္မကမ္မန္တ, သမ္မာအာဇီဝ, ဟူသော ဝိရတီ သုံးပါးတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဝိရတီ သုံးပါးလုံး၏ အကြောင်းကို သဒ္ဓါဟိရိဩတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ ဟူ၍ အတူတူသာပြဆိုတော်မူသည်။ ထူးထွေကွဲပြား၍ အကြောင်းတခြား

ဝိဆိုတော်မမူ၊ထို့ကြောင့် အပါယ်ဘေးကို ကြောက်၍ ဒုစရိုက်မှ ကြဉ်သော် သမ္မာဝါစာ, သမ္မာကမ္မန္တ ဖြစ်သည်။အဆိပ်သီးကိုစားသော် သေလတ္တံ့ဖြစ်၍ သေအံ့သည် အသက်မရှည် အံ့သည်ကိုငဲ့၍ အဆိပ်သီးကို မစားသကဲ့သို့ ဇီဝိတဟေတုကိုငဲ့၍ ဒုစရိုက်မှ ကြဉ်သော် သမ္မာအာဇီဝ ဖြစ်သည်ဟူ၍ပင်း။သမ္မာဝါစာ, သမ္မာကမ္မန္တတို့သည် အပါယ်ဘေး ဟူသော ဗဟိဒ္ဓကိုငဲ့၍ ဗဟိဒ္ဓ အကြောင်းကြောင့် ဖြစ်သည်၊ သမ္မာအာဇီဝသည် အသက် မွေးခြင်း ဟူသော အဇ္ဈတ္တ ကိုငဲ့၍ အဇ္ဈတ္တ အကြောင်းကြောင့် ဖြစ်သည် ဟူ၍ပင်း။ ဖြဲကြောင်း အလုံးကို ဆိုသော ဆရာတို့ စကားကို ကျမ်းဂန်နှင့်မညီသော စကားဟူ၍သာ မှတ်ရမည်။

တိဿောပိ၊ သုံးပါးလုံးလည်း ဖြစ်ကုန်သော။ ဝေါ့ဝိရတိယော၊ ထို သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝိရတိ တို့သည်။ သဒ္ဒါဟိရိ ဩတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ၊ သဒ္ဒါ, ဟိရိ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ, စသော ဂုဏ်ကျေး နီးစွာသော ဖြစ်ကြောင်း ရှိကုန်၏။ သိက္ခာပုဒ်ကို မဆောက်တည်ဘဲ တွေ့ရောက်သောဝတ္ထုမှ ကြဉ်ရှောင်သောကြောင့် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော သမ္ပတ္တဝိရတိဖြစ်ရာ၌ ဝတ္ထုကို တွေ့သောအခါ ဆင်ခြင်ဟန် ဆင်ခြင်၍ မလွန်ကျူးဟန်တို့ကို ငါကဲ့သို့သော အနွယ်နှင့် ပြည့်စုံသောသူအား ဤအမှုကိုပြု၍ မသင့် မလျော်ချေ ငါကဲ့သို့သော အမျိုးနှင့်ပြည့်စုံသော ငါကဲ့သို့သော အသက်အရွယ်ကြီးသော ငါကဲ့သို့သော အကြားအမြင် ပညာရှိသောသူအား ဤ အမှုကိုပြု၍ မလျောက်ပတ်ချေ ဤကဲ့သို့သူတော်ကောင်းတို့၏ နေရာရပ်ရွာ၌နေသော ငါ့အား ဤဒုစရိုက်မှုကို ပြု၍မသင့်ချေ ဤသို့စသည်ဖြင့် မိမိ၏ အနွယ်, အမျိုး, အသက်, အရွယ်, အကြားအမြင်, ပညာ, ရပ်ရွာ, ဒေသ, စသည်ကို ဆင်ခြင်၍ တွေ့ရောက်သော ဝတ္ထုကို မလွန်ကျူးသည် ဟူ၍သာ **အဋ္ဌသာလိနီအဋ္ဌကထာ၌**။

အသမာဒိန္နသိက္ခာပဒါနံ အတ္တနော ဇာတိဝယဗာဟုသစ္စာဒီနိ ပစ္စဝေက္ခိတွာ အယုတ္တံ အမှာကံ ဝေရူပံ ကာတုန္တိ သမ္ပတ္တံ ဝတ္ထုံ အဝီတိက္ကမန္တာနံ ဥပ္ပဇ္ဇမာနာ ဝိရတိ သမ္ပတ္တဝိရတီတိ ဝေဒိတဗ္ဗာ။ဟူ၍ပင်း။ **ကင်္ခါဝိတရဏီ-အဋ္ဌကထာ၌လည်း**။ယာသိက္ခာပဒါနိအဂဟေတွာကောဝလံ

အတ္တနော ဂေါတ္တကုလပဒေသာဒိနိ အနုဿရိတွာ နမေ ဣဒံ ပတိရူပန္တိ ပါဏာတိပါတာဒိနိ နကရောတိ သမ္ပတ္တံ ဝတ္ထုံ ပရိဟရတိ တတော အာရမတိ ဝိရမတိ တာယ သာဝိရတိ သမ္ပတ္တဝိရတီတိ ဝေဒိတဗ္ဗာ။ ဟူ၍ ငင်း။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဟူသော သမ္ပတ္တဝိရတိ ဖြစ်ခဉ္စ အတူတူသာ ပြဆိုတော်မူသည်။ ထူးထွေကွဲပြားကြံဟန် ဆင်ခြင်ဟန် တပါးတခြားစီဆိုတော်မမူ ထို့ကြောင့် ခိုးသူတယောက်ထည်း ရှေ့နေတယောက်ထည်း နွားသတ်တယောက်ထည်း၌ပင် ကြံဟန် ဆင်ခြင်ဟန် မတူ ကွဲပြားသည်ကိုစွဲ၍ ဤသို့ ကြံဆင်ခြင်၍ ကြဉ်ရှောင်သော် သမ္မာဝါစာ, သမ္မာကမ္မန္တ, ဖြစ်သည်။ ဤသို့ ကြံဆင်ခြင်၍ ကြဉ်ရှောင်သော် သမ္မာအာဇီဝ ဖြစ်သည်ဟု ကြံဆင်ခြင်ခြင်း အထူးအားဖြင့် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, တို့၏ အထူးကို ဆုံးဖြတ် ရေးသား ပြောဆိုသောဆရာတို့ စကားကိုလည်း ကျမ်းဂန်နှင့် မညီသော စကား ဟူ၍သာ မှတ်ရမည်။

အတ္တနော၊ မိမိ၏။ ဇာတိဝယဗာဟုသစ္စာဒိနိ၊ အမျိုးဇာတ်, အသက်အရွယ်, များသော အကြားအမြင် ရှိသည်၏ အဖြစ်စသော ဂုဏ်တို့ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်စင်းစား၍။ အမှာကံ၊ငါတို့အား။ ဧဝရူပံ၊ဤသို့သဘောရှိသော ဒုစရိုက်အမှုကို။ကာတုံ၊ပြုခြင်းငှါ။ဝါ၊ပြုခြင်းသည်။အယုတ္တံ၊မသင့်ချေ။ဣတိ၊ဤသို့ဆင်ခြင်၍။သမ္ပတ္တံ၊တွေ့ရောက်သော။ ဝတ္ထုံ၊ဝတ္ထုကို။ အဝိတိက္ကမန္တဿ၊ မလွန်ကျူးကုန်သော။ အသမာဒိန္န သိက္ခာပဒါနံ၊ ဆောက်တည်အပ်သော သိက္ခာပုဒ် မရှိကုန်သော သူတို့အား။ ဥပ္ပဇ္ဇမာနာ၊ထိုက်သည်အားလျော်စွာဖြစ်သော။ဝိရတိ၊သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူသော ဝိရတိကို။သမ္ပတ္တဝိရတီတိ၊သမ္ပတ္တဝိရတိ မည်၏ ဟူ၍။ဝေဒိတဗ္ဗာ၊၏။ရှေ့ပါဌ်၏အနက်။

ယော၊အကြင်သူသည်။ သိက္ခာပဒါနိ၊သိက္ခာပုဒ်တို့ကို။ အဂဟေတွာ၊ မယူမဆောက်တည်မူ၍။ကေဝလံ၊သက်သက်။အတ္တနော၊၏။ ဂေါတ္တကုလပဒေသာဒိနိ၊အနွယ်,အမျိုး,နေရာရပ်ရွာ,စသည်တို့ကို။ အနုဿရိတွာ၊ အဖန်ဖန် ကြံအောက်မေ့၍။ မေ၊ ငါ့အား။ ဣဒံ၊ ဤဒုစရိုက်အမှုကို ပြုခြင်းသည်။ နပတိရူပံ၊ မလျောက်ပတ်ချေ။ ဣတိ၊ဤသို့ဆင်ခြင်၍။ ပါဏာတိပါ

တာဒိနံ၊ပါဏာတိပါတစသော ဒုစရိုက်တို့ကို။ နကရောတိ၊မပြု။ သမ္ပတ္တံ၊ တွေ့ရောက်သော။ဝတ္ထုံ၊ဝတ္ထုကို။ပရိဟရတိ၊မလွန်ကျူးဘဲစွန့်ပယ်၏။ တတော၊ထိုတွေ့ရောက်သော ပါဏာတိပါတစသော ဝိရမိတဗ္ဗဝတ္ထုမှ။ အာရမတိ၊စိတ်ဖြင့်ကြဉ်၏။ဝိရမတိ၊ကိုယ်နှုတ်စိတ်တို့ဖြင့်ကြဉ်၏။တဿ၊ ထိုသူ၏။ သာဝိရတိ၊ ထိုဝိရတိကို။ သမ္ပတ္တဝိရတီတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ယခင် အထက်၌ ပြဆိုခဲ့ပြီးသော အဋ္ဌသာလိနီ, ဋီကာကျော်, မဏိမဉ္ဇူ,တို့ဝယ် ဒုစရိုက်ခုနစ်ပါးလုံး၌ပင် စီးပွါးပြုလုပ် ရောင်းချ သုံးဆောင် အသက် မွေးရန်ဘို့ မဟုတ်ဘဲ ပြုအပ်သော၊ အသက် မွေးခြင်း အာဇီဝဟေတုကိုမငဲ့မူ၍ ပြုအပ်သော၊အသက်မွေးခြင်းဟူသော အကြောင်းမရှိသောဒုစရိုက်။စီးပွါးပြုလုပ်ရောင်းချသုံးဆောင်အသက်မွေးရန်ဘို့ပြုအပ်သော အသက်မွေးခြင်း အာဇီဝဟေတုကိုငဲ့၍ ပြုအပ်သော၊အသက်မွေးခြင်းဟူသော အကြောင်းရှိသော ဒုစရိုက်ဟူ၍ နှစ်ပါးစီပြားသည်ဟု ဒုစရိုက်ကိုသာ နှစ်ပါးစီခွဲဝေ၏။ထိုတွင် အသက်မွေးခြင်းဟူသော အာဇီဝဟေတုကို မငဲ့မူ၍ ပြုအပ်သော ပါဏာတိပါတ စသော ကာယဒုစရိုက် သုံးပါးသည် မိစ္ဆာကမ္မန္တ၊ထိုမိစ္ဆာကမ္မန္တမှကြဉ်သော ဝိရတိကို သမ္မာကမ္မန္တ ဟူ၍၎င်း။ အသက် မွေးခြင်း ဟူသော အာဇီဝဟေတုကို မငဲ့မူ၍ ပြုအပ်သော မုသာဝါဒ စသော ဝစီဒုစရိုက် လေးပါးသည် မိစ္ဆာဝါစာ၊ ထိုမိစ္ဆာဝါစာမှ ကြဉ်သော ဝိရတိကို သမ္မာဝါစာ ဟူ၍၎င်း။ အသက် မွေးခြင်းဟူသော အာဇီဝဟေတုကိုငဲ့၍ ပြုအပ်သော ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါး, အားဖြင့် ဒုစရိုက် ခုနစ်ပါးသည် မိစ္ဆာဇီဝ၊ထိုမိစ္ဆာဇီဝမှ ကြဉ်သော ဝိရတိကို သမ္မာအာဇီဝ ဟူ၍၎င်း။ ဒုစရိုက် တို့၌သာ အာဇီဝဟေတုကို မငဲ့မူ၍ ပြုအပ်သော ဒုစရိုက်, အာဇီဝဟေတုကို ငဲ့၍ပြုအပ်သော ဒုစရိုက်,ဟူ၍ အာဇီဝဟေတု ဟူသော အကြောင်း ရှိမရှိ အထူးကို ပြဆိုတော်မူကြသည်။ အာဇီဝဟေတုကို မငဲ့မူ၍ ကာယဒုစရိုက်သုံးပါးတို့မှ ကြဉ်လျှင် သမ္မာကမ္မန္တ၊ဝစီဒုစရိုက်လေးပါးတို့မှ အာဇီဝဟေတုကို မငဲ့မူ၍ ကြဉ်လျှင် သမ္မာဝါစာ၊ ၎င်းဒုစရိုက် ခုနစ်ပါးတို့မှ အာဇီဝဟေတုကိုငဲ့၍ ကြဉ်မှု သမ္မာအာဇီဝ ဟူ၍ ဆိုတော်မမူကြ။ ထို့

ကြောင့် ခိုးသူ၏ ခိုးမှုမှ ကြဉ်ရှောင်ရာ ရှေ့နေလိုက်သောသူ၏ ရှေ့နေမှုမှ ကြဉ်ရှောင်ရာ နွားသတ်ယောက်ျား၏ နွားသတ်ခြင်းမှ ကြဉ်ရှောင်ရာတို့ ၌ခိုးသူ နွားသတ် ယောက်ျားတို့အား အာဇီဝဟေတုကို မငဲ့မူ၍ အပါယ်ဘေး စသည်ကို ကြောက်သောကြောင့် ထိုခိုးမှု နွားသတ်မှု တို့မှ ကြဉ်ရှောင်သောအခါ သမ္မာကမ္မန္တ ဖြစ်ကြောင်း။ အာဇီဝဟေတုကိုငဲ့၍ ထိုခိုးမှုနွားသတ်မှုမှ ကြဉ်ရှောင်သောအခါ သမ္မာအာဇီဝ ဖြစ်ကြောင်း။ ရှေ့နေလိုက်သော သူအား အာဇီဝဟေတုကို မငဲ့မူ၍ အပါယ်ဘေး စသည်ကို ကြောက်သောကြောင့် အခငွေကို ပြန်ပေး၍ လှည့်စားခြင်း ရှေ့နေလိုက်မှုမှ ကြဉ်ရှောင်သောအခါ သမ္မာဝါစာ ဖြစ်ကြောင်း။ အာဇီဝဟေတုကို ငဲ့၍ ရှေ့နေလိုက်မှုမှ ကြဉ်ရှောင်သော အခါ သမ္မာအာဇီဝ ဖြစ်ကြောင်း ကို ဆုံးဖြတ် ရေးသား ပြောဆိုသော စကားလည်း ကျမ်းဂန်နှင့် မညီ သော စကားသာဟူ၍ငင်း၊ ခိုးသူ၏ခိုးမှု နွားသတ်ယောက်ျား၏ နွားသတ် မှုတို့သည် အသက် မွေးခြင်း အာဇီဝဟေတုကို ငဲ့၍သာ ပြုအပ်သော မိစ္ဆာဇီဝ ကာယဒုစရိုက် မှုသာ ဖြစ်သောကြောင့် ထိုခိုးမှုမှ ကြဉ်ရှောင် သောခိုးသူ နွားသတ်မှုမှ ကြဉ်ရှောင်သော နွားသတ်ယောက်ျားတို့အား မည်သည့်အကြောင်းမရွေး တစုံတခုသော အကြောင်းကိုပင် အကြောင်း ပြု၍ ကြဉ်ရှောင် သော်လည်း မုချစင်စစ် သမ္မာအာဇီဝသာ ဖြစ်သည် သမ္မာကမ္မန္တမဖြစ်။ အခငွေယူ၍ ရှေ့နေလိုက်သော သူ၏ မဟုတ်မမှန် ပြောဆို ရှေ့နေလိုက်မှု သည်လည်း အာဇီဝဟေတုကို ငဲ့၍သာ ပြုအပ် သော မိစ္ဆာဇီဝဝစီဒုစရိုက်မှုသာ ဖြစ်သောကြောင့် ထိုရှေ့နေလိုက်မှုမှ ကြဉ်ရှောင်သော ရှေ့နေလိုက်သော သူအားလည်း မည်သည့်အကြောင်း မဆို တစုံတခုသော အကြောင်းကိုပင် အကြောင်းပြု၍ ကြဉ်ရှောင်သော် လည်း ဧကန်စင်စစ် သမ္မာအာဇီဝသာဖြစ်သည် သမ္မာဝါစာမဖြစ်။ ထို့ ကြောင့် ခိုးသူ နွားသတ် ယောက်ျားတို့အား ထိုခိုးမှုနွားသတ်မှုမှ အာဇီဝ ဟေတုကိုမငဲ့ဘဲ အပါယ်ဘေး စသည်ကို ကြောက်၍ ကြဉ်ရှောင်သော အခါ သမ္မာကမ္မန္တ ဖြစ်သည်။ ရှေ့နေလိုက်သောသူအား ထိုရှေ့နေလိုက် မှုမှ အာဇီဝ ဟေတုကို မငဲ့မူ၍ အပါယ်ဘေး စသည်ကိုသာ ကြောက် သောကြောင့် ကြဉ်ရှောင်သော အခါ သမ္မာဝါစာ ဖြစ်သည် ဟူ၍ ဆို

ဖြတ် ရေးသား ပြောဆိုသော စကားကိုလည်း ကျမ်းဂန်နှင့် မညီ သဘောအားဖြင့်လည်း မဟုတ်မမှန်သော စကားဟူ၍သာ ငြင်း မှတ်အပ်၏။

အချုပ်မှတ်ရန်မှာ။ အသက်မွေးခြင်း ဟူသော အကြောင်းကိုမငဲ့မူ၍ ပြုအပ်လွန်ကျူးအပ်သော ကာယဒုစရိုက် သုံးပါးတို့မှ ကြဉ်ရှောင်သော် သမ္မာကမ္မန္တသာဖြစ်သည် သမ္မာအာဇီဝမဖြစ်။အသက်မွေးခြင်းဟူသော အကြောင်းကို မငဲ့မူ၍ ပြုအပ်လွန်ကျူးအပ်သော ဝစီဒုစရိုက် လေးပါးမှ ကြဉ်ရှောင်သော် သမ္မာဝါစာသာဖြစ်သည် သမ္မာအာဇီဝမဖြစ်။အသက်မွေးခြင်းဟူသော အကြောင်းကိုငဲ့၍ ပြုအပ်လွန်ကျူး အပ်သော ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက် လေးပါး, ဟူသော ဒုစရိုက် ခုနစ်ပါးမှ ကြဉ်ရှောင်သည်ရှိသော် သမ္မာအာဇီဝသာ ဖြစ်သည် သမ္မာကမ္မန္တ, သမ္မာဝါစာ,မဖြစ် ဟူ၍သာ မှတ်လေ။

ဝေရမဏီနှင့်ဝိရတိတူကြောင်း

ပါဏာတိပါတာဝေရမဏီတိအာဒီသု ဝေရမဏီနာမ ဝိရတိ-ဟု **သီလက္ခန်ကျူရုဒနန္တသုတ်အဋ္ဌကထာ**။အဋ္ဌသာလိနီ ဝေရမဏီတိ ကုသလ စိတ္တသမ္ပယုတ္တာ ဝိရတိ-ဟု **သမ္မာဒိဋ္ဌိသုတ်အဋ္ဌကထာဋီကာ**။ဝိရတိ ဟူသည်နှင့် ဝေရမဏီဟူသည်အတူတူ ဝိရတိပင်ဝေရမဏီမည်သည်။ ၍ဝိရတိသည် အဘယ်ကြောင့် ဝေရမဏီ မည်သနည်း ဟူမူ။ ဝိရမတိ ဝိရမန္တိ ဧတာယ ဝိရမဏာမတ္တမေဝဝါ ဧသာတိ ဝေရမဏီ။ဝေရံ ပါပံ မဏာတိ ဝိနာသေတီတိ ဝေရမဏီ-ဟု မဏိမဥ္ဇူ။ ဝေရံ မဏာတိ ဝိနာသေတီတိ ဝေရမဏီ-ဟု အဋ္ဌသာလိနီ။ ဝေရံ မဏာတီတိ ဝေရမဏီ။ ဝေရံ ပဇဟာတီတိ အတ္ထော။ ဝိရမတိဝါ ဧတာယ ကရဏဘူတာယ ဝေရမှာ ပုဂ္ဂလောတိ ဝိကာရဿ ဧကာရံ ကတွာပိ ဝေရမဏီ-ဟု သမ္မာဒိဋ္ဌိသုတ် အဋ္ဌကထာ။ ဝေရန္တိ ပါဏာတိ ပါတာဒိကံ ပါပဓမ္မံ။ သောဟိ ဝေရဟေတုကတ္တာ ဝေရန္တိ ဝုစ္စတိ။ တံ မဏာတိ မယိ ဌာဝ ဠီတာယ ကထမာဂစ္ဆတီတိ တဇ္ဇေန္တီ ဝိယ နီဝါရေတီတိ ဝေရမဏီ။ ငြင်းသုတ်ဋီကာ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ဝေရဟေတုတာယ ဝေရံ ဝုစ္စတိ ပါဏာတိပါတာဒိပါပဓမ္မော။တံ မဏာတိ မယိ ဌာဝ ဌိတာယ ကထမာဂစ္ဆတီတိ တဇ္ဇေန္တီ

ဝိယ နိဟရတိတိ ဝေရမဏီ။ တတော၀ါ ပါပဓမ္မတော ဝိရမတိ ဧတာ ယာတိ ဝိရမဏီတိ ဝတ္တဗ္ဗေ နိရုတ္တိ နယေန ဣကာရဿ ဧကာရံ ကတွာ ဝေရမဏီတိဝုတ္တံ-ဟု သီလက္ခန္ဓဋီကာတို့၌ မိန့်ဆိုအပ်သည်နှင့် အညီ ပါဏာတိပါတ စသော ပါပဓမ္မမှ ကြဉ်တတ်သည်၏ အဖြစ်၊ ပုဂ္ဂိုလ်တို့၏ ၎င်း, သမ္ပယုတ်တရားတို့၏၎င်း, ထိုပါပဓမ္မမှ ကြဉ်ကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း, ထိုပါပဓမ္မမှ ကြဉ်ခြင်း မျှပင် ဖြစ်၍၎င်း, သူရဲကောင်း ယောကျ်ားသည် ၏အရပ်၌ ငါရှိပါလျက် အဘယ်ကြောင့် သင်တို့ ၏အ ရပ်သို့ လာရအံ့နည်းဟု ရန်သူတို့ကို ငြိမ်းချောက် မောင်းမဲဘိ သကဲ့သို့ ၏ပုဂ္ဂိုလ် သန္တာန်၌ ငါဟူသော ဝိရတိ ရှိလျက် တည်လျက် အဘယ် ကြောင့် ၏ပုဂ္ဂိုလ် သန္တာန်ဝယ် ဖြစ်လာရအံ့ နည်းဟု ထိုပါပဓမ္မတို့ကို ငြိမ်းချောက်မောင်းမဲဘိသကဲ့သို့ ငြိမ်းချောက်မောင်းမဲသလိုငြိမ်းချောက် မောင်းမဲ သည်နှင့် အတူ နှင်ထုတ်တားမြစ် စွန့်ပစ်တတ် သည်၏ အဖြစ် ကြောင့်၎င်း,ဝေရမဏီ မည်ပါသည် ဟူလေ။

ပါဏာတိပါတာ ဝေရမဏီတိအာဒိသု၊ ပါဏာတိပါတာ ဝေရမဏီ စသည်တို့၌။ဝေရမဏီနာမ၊ဝေရမဏီမည်သည်ကား။ ဝိရတိ၊ဝိရတိပင် တည်း။ဝေရမဏီတိ၊ ဏီမည်သည်။ အတ္တတောပန၊ သရုပ်တရားကိုယ် အားဖြင့်။ကုသလစိတ္တသမ္ပယုတ္တာ၊ကုသိုလ်စိတ်နှင့်ယှဉ်သော။ ဝိရတိ၊တိ ပင်တည်း။ယာဝိရတိ၊အကြင်ဝိရတိသည်။ဝိရမတိ၊မကောင်းမှုဒုစရိုက်မှ ကြဉ်တတ်၏။ဣတိတသ္မာ၊ကြောင့်။သောဝိရတိ၊သည်။ ဝေရမဏီ၊ ဝေရ မဏီမည်၏။ ဝါ၊ တနည်းကား။ ဧတာယ၊ ၏ဝိရတိဖြင့်။ ဝိရမန္တိ၊ ကြဉ် တတ်ကုန်၏။ ဣတိ၊ ၏သို့ကြဉ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ သော ဝိရတိ၊ သည်။ ဝေရမဏီ၊ မည်၏။ ဝါ၊ ကား။ သောဝိရတိ၊ ၏ဝိရတိဟူ သည်။ ဝိရမဏမတ္တမေဝ၊ ပါပဓမ္မကို ကြဉ်ခြင်းမျှသာပင်။ ဣတိတသ္မာ၊ ကြောင့်။ ဝေရမဏီ၊ မည်၏။ ဝါ၊ ကား။ ဝေရံပါပံ၊ ရန်သူ ဟူသော မ ကောင်း မှုကို။ မဏာတိဝိနာသေတိ၊ ဖျက်ဆီး တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဝေရမဏီ၊ မည်၏။

ဝေရံ၊ ပါဏာတိပါတ စသော ရန်ကို။ မဏာတိဝိနာသေတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝေရမဏီ၊ မည်၏။ ဝေရံ၊ ကို။ မဏာတိ၊ ပယ်စွန့်တတ်

၏။ ဉာတိတသ္မာ၊ ကြောင့်။ ဝေရမဏီ၊ မည်၏။ ဝေရံ၊ ကို။ ပဇဟတိ၊ ပယ်စွန့်တတ်၏။ ဉာတိအယံ၊ ဤပယ်စွန့်ခြင်း ဟူသော အနက်သည်။ အတ္ထော၊ ဝေရမဏီသဒ္ဒါ၏ အနက်တည်း။ ဝါ၊ ကား။ ကရဏဘူတာယ၊ ကရိယာ်း ဖြစ်၍· ဖြစ်သော။ ဧတာယဝိရတိယာ၊ ထိုဝိရတိဖြင့်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဝေရမှာ၊ ပါဏာတိပါတ စသောရန်မှ။ ဝိရမတိ၊ ကြဉ်တတ်၏။ ဉာတိတသ္မာ၊ ကြောင့်။ သာဝိရတိ၊ သည်။ ဝိကာရသ၊ ဝိအက္ခရာကို။ ဝါ၊ ဝအက္ခရာ၏ မှီရာဖြစ်သော ဧအက္ခရာကို။ ဧကာရံကတွာပိ၊ ဧအက္ခရာပြု၍လည်း။ ဝါ၊ ဝ၏မှီရာပြု၍လည်း။ ဝေရမဏီ၊ မည်၏။

ဝေရန္တိ၊ ဝေရဟူသည်ကား။ ပါဏာတိပါတာဒိကံ၊ ပါဏာတိပါတ အစရှိသော။ ပါပဓမ္မံ၊ တည်း။ ဟိသစ္စံ၊ မှန်၏။ သော၊ ထိုပါဏာတိပါတ စသောပါပဓမ္မကို။ ဝေရဟေတုတ္တာ၊ ရန်၏အကြောင်း၏အဖြစ်ကြောင့်။ ဝေရန္တိ၊ ဝေရဟူ၍။ ရန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံဝေရံ၊ ကို။ ဉာဓ၊ ဤ ပုဂ္ဂိုလ်၌။ မယိ၊ငါဝိရတိသည်။ ဌိတာယ၊တည်နေလျက်။ ကထံ၊အဘယ် ကြောင့်။ အာဂစ္ဆတိ၊ လာရလိမ့်နည်း။ ဉာတိ၊ ဤသို့။ တဇ္ဇေန္တီဝိယ၊ စင်စစ်ပင် ခြိမ်းချောက်ခြင်းကို မပြုတတ်သော်လည်း ခြိမ်းချောက် မောင်းမဲ သကဲ့သို့ ဖြစ်၍။ မဏာတိနီဝါရေတိ၊ တားမြစ် တတ်၏။ ဉာတိတသ္မာ၊ ကြောင့်။ ဝေရမဏီ၊ မည်၏။ ပါဏာတိပါတာဒိပါပဓမ္မော၊ ကို။ ဝေရ ဟေတုကတာယ၊ ရန်၏အကြောင်း ဖြစ်သောကြောင့်။ ဝေရန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံဝေရံ၊ ကို။ ဉာဓ၊ ဤပုဂ္ဂိုလ်သန္တာန်၌။ ဝါ၊ ဤတရား အပေါင်း အစု၌။ မယိ၊ ဝိရတိ ဟူသော ငါသည်။ ဌိတာယ၊ တည်နေပါ လျက်။ ကထံ၊ အဘယ်သို့သော အကြောင်းကြောင့်။ အာဂစ္ဆတိ၊ လာရ အံ့နည်း။ ဉာတိ၊ ဤသို့။ တဇ္ဇေန္တီဝိယ၊ သကဲ့သို့ဖြစ်၍။ မဏာတိနီဟာရတိ၊ နှင်ထုတ်တတ်၏။ ဉာတိတသ္မာ၊ ကြောင့်။ ဝေရမဏီ၊ မည်၏။ ဝါ၊ ကား။ ဧတာယဝိရတိယာ၊ ဖြင့်။ ဧတေ‌ာပါပဓမ္မတော၊ မှ။ ဝိရမတိ၊ရှောင်ကြဉ် တတ်၏။ ဉာတိတသ္မာ၊ ကြောင့်။ ဝိရမဏီတိ၊ ဝိရမဏီဟူ၍။ ဝတ္တဗ္ဗေ။ဆို အပ်လျက်။ နိရုတ္တိနယေန၊ ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့်။ ဉာကာရဿ၊ ဉာ အက္ခရာ၏။ ဧကာရံ၊ ဧအက္ခရာအပြုကို။ ကတွာ၊ ၍။ ဝေရမဏီတိ၊ဟူ၍။ ဝုတ္တံ၊ ၏။ အစဉ်အတိုင်းသာဓက ပါဌ်တို့၏ အနက်။

သီလဆောက်တည်နည်းကိုပြခြင်း

သမာဒါနဝိရတိနှင့် စပ်လျဉ်းသောအားဖြင့် ဤအရာ၌ သိက္ခာပုဒ်တို့ကိုခံယူ ဆောက်တည်သော အခြင်းအရာတို့ကို အမြွက်မျှ ပြလိုက်ဦးအံ့။ ဥပါသကေနပန အတ္တနာဝါ ပရဿသန္တိကေဝါ ဧကဇ္ဈံဝါ ပစ္စေကံဝါ သမာဒိယန္တေန သမာဒိန္နာနိ ဟောန္တိ။ ဟူသော **ခုဒ္ဒကပါဌ အဋ္ဌကထာ**နှင့်အညီ။ ငါးပါးသီလ, ရှစ်ပါးသီလ, တို့ကို ဆောက်တည်လိုသော သူတို့သည် မိမိအလျောက် ဘာသာကိုယ်တိုင်ဇင်း, ရုပ်ပွါးစေတီဗောဓိပင် ရဟန်းသာမဏေ သိတင်းသည်တို့၏ အထံ၌ဇင်း, ဆောက်တည်သည် ရှိသော် ဆောက်တည် ကောင်း၏။ ထိုသို့ ဆောက်တည်သော အခါ၌။ ပဉ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ။ ဟု ငါးပါးသီလကို။ အဋ္ဌင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ။ ဟု ရှစ်ပါး သီလကို တပေါင်းတည်း သော်လည်း ခံယူဆောက်တည် ကောင်း၏။ အသီးအသီး တပါးတပါးစီ ခွဲ၍ သော်လည်း ဆောက်တည် ကောင်း၏။ ဤသို့ ဆောက်တည် သော် ဆောက်တည်သည်ပင်မည်၏။

ဥပါသကေနပန၊ ဥပါသကာ ဒါယကာ သည်ကား။ အတ္တနာဝါ၊ အလျောက် ဘာသာကိုယ်တိုင်ဇင်း။ ပရဿ၊ ရုပ်ပွါး,စေတီ,ဗောဓိ,ရဟန်း, သာမဏေ, စသော သူတပါး၏။ သန္တိကေဝါ၊ အထံ၌ဇင်း။ ဧကဇ္ဈံဝါ၊ တပေါင်း တစုတည်းဇင်း။ ပစ္စေကံဝါ၊တပါးစီအသီးအသီးဇင်း။ သမာဒိယန္တေန၊ ဆောက်တည်သဖြင့်။ ဝါ၊ ဆောက်တည်သည်ရှိသော်။ သမာဒိန္နာနိ၊ ဆောက်တည်အပ်သည် မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အသီးအသီး တပါးစီ ဆောက်တည်သောသူသည် အဘယ်သို့ဆို၍ ဆောက်တည်ရမည်နည်း ဟူမူ။ အဇ္ဇတဂ္ဂေ ဇီဝိတဟေတုပိ ပါဏံ နဟနာမီတိဝါ, ပါဏာတိပါတာ ဝိရမာမီတိဝါ, ဝေရမဏိံ သမာဒိယာမီတိဝါ,ဧဝံ သိက္ခာပဒါနိ ဂဏှန္တဿပန ဝိရတိ သမာဒါနဝိရတိ။ဟူသော **သီလက္ခန်ကူဋဒန္တသုတ်အဋ္ဌကထာနှင့်အညီ** အသီးအသီးတပါးတပါးစီ ဆောက်တည်လိုသောသူသည်။ ။ပါဏံ နဟနာမိ၊ အဒိန္နံ နအာဒိယာမိ၊ ကာမေသုမိစ္ဆာစာရံ နစရာမိ၊ မုသာ နဘဏာမိ၊ သုရာမေရယမဇ္ဇပမာ

ဒဋ္ဌာနံ နပိဝါမိ၊ဟူ၍ ငါးပါးသီလကို။ ရှစ်ပါးသီလဖြစ်အံ့ ကာမေသုမိစ္ဆာစာရအရာ၌ အဗြဟ္မစရိယာဟုဆို၍ ကြွင်းလေးပါးမှာ ရှေးအတိုင်းဆိုပြီးလျှင်။ ဝိကာလဘောဇနံ နဘုဉ္ဇာမိ၊ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနံ နစရာမိ၊ ဥစ္စာသယန မဟာသယနေ နသယာမိ၊ ဟုဆို၍သော်လည်း ဆောက်တည်အပ်၏။

နောက်နည်းတို့၌ငါးပါးသီလခံယူဆောက်တည်ဟန်ကိုသာပြအံ့။ ရှစ်ပါးသီလ ဆောက်တည်ပုံကိုလည်း နည်းမှီး၍သိလေ။ ပါဏာတိပါတာ ဝိရမာမိ၊အဒိန္နာဒါနာ ဝိရမာမိ၊ကာမေသု မိစ္ဆာစာရာ ဝိရမာမိ၊မုသာဝါဒါဝိရမာမိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝိရမာမိ၊ ဟူ၍လည်းဆောက်တည်အပ် ဆောက်တည်ကောင်း၏။ ပါဏာတိပါတာ ဝေရမဏိံ သမာဒိယာမိ၊ အဒိန္နာဒါနာဝေရမဏိံ သမာဒိယာမိ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏိံ သမာဒိယာမိ၊ မုသာဝါဒါဝေရမဏိံ သမာဒိယာမိ၊ သုရာ မေရယ· မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိံ သမာဒိယာမိ၊ ဟု ဆို၍လည်း ဆောက်တည်အပ် ဆောက်တည်ကောင်း၏။

အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ဇီဝိတဟေတုပိ၊ အသက်ဟူသော အကြောင်းကြောင့် သော်လည်း။ ပါဏံ၊ သတ္တဝါကို။ နဟနာမိ၊ မသတ်ပါအံ့။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ပါဏာတိပါတာ၊ သတ္တဝါကို ဇီဝိတိန္ဒြေမှ လျင်စွာချခြင်းမှ။ ဝိရမာမိ၊ ရှောင်ကြဉ်ပါအံ့။ ဣတိ ဝါ၊ ဤသို့အစရှိသည်ဖြင့်သော်၎င်း။ ပါဏာတိပါတာ၊ မှ။ ဝေရမဏိံ၊ ကြဉ်ခြင်းကို။ ဝါ၊ ကြဉ်ရှောင် တတ်သော။ ဝါ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာ ပုဒ်ကို။ သမာဒိယာမိ၊ ခံယူဆောက်တည်ပါ၏။ ဣတိ ဝါ၊ ဤသို့ အစရှိသည်ဟူ၍ သော်၎င်း။ ဧဝံ၊ ဤသို့။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဂဏှန္တဿ၊ ခံယူ ဆောက်တည်သောသူအား။ ဥပ္ပဇ္ဇမာနာ၊ သော။ ဝိရတိ၊ သည်။ သမာဒါနဝိရတိ၊ မည်၏။ ယခင်အဋ္ဌကထာ၏ အနက်။

ဤအဋ္ဌကထာဝယ်။ ပါဏံနဟနာမီတိဝါ စသည်၌ ဣတိသဒ္ဒါ သုံးခု တို့သည် အာဒိအနက်ကိုဟောသည်။ ထို့ကြောင့် ပါဏံနဟနာမီတိ၌ ဣတိသဒ္ဒါဖြင့် အဒိန္နံနအာဒိယာမိ စသည်ကိုယူ။ ပါဏာတိပါတာ ဝိရမာမီတိ၌ ဣတိသဒ္ဒါဖြင့် အဒိန္နာဒါနာဝိရမာမိ စသည်ကိုယူ။ ပါဏာတိပါတာ

ဝေရမဏိံ သမာဒိယာမိတိဝါ၌ ဣတိသဒ္ဒါဖြင့် အဒိန္နာဒါနာ ဝေရမဏိံ သမာဒိယာမိ စသည်ကို ယူရမည့်အကြောင်းကို ၎င်းသုတ်ဋီကာ၌။ နဟာနာမိတိတိ ဧတ္ထ ဣတိသဒ္ဒေါ အာချတ္ထော။ တေနအဒိန္နံ နအာဒိယာမိတိ ဧဝမာဒိနံ သင်္ဂဟော။ ဟူ၍ပြဆိုတော်မူ၏။

နဟာနာမိတိတိဧတ္ထ၊ နဟာနာမိတိ ဟူသော ဤပုဒ်၌။ ဣတိသဒ္ဒေါ၊ အကျုံးဝင်သော ဣတိသဒ္ဒါသည်။ အာချတ္ထော၊ အာဒိအနက်ရှိ၏။ တေန၊ ထို အာဒိအနက်ရှိသော ဣတိသဒ္ဒါဖြင့်။ အဒိန္နံနအာဒိယာမိတိဧဝမာဒိနံ၊ အဒိန္နံနအာဒိယာမိ ဤသို့အစရှိသော ကြွင်းသော စကားတို့ကို။ သင်္ဂဟော၊ သင်္ဂြိုဟ်ခြင်း အကြွင်းမဲ့ အကုန်ယူခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဝါ သဒ္ဒေနဝါ၊ဟူ၍ အကြွင်းကိုဝါသဒ္ဒါဖြင့် ယူသည်ဟူ၍လည်း ၎င်းဋီကာ၌ ဆိုတော်မူသေး၏။

ဤ၌ဝါသဒ္ဒါသည် နိဒဿန အနက်ကိုမဟော ဝိကပ် အနက်ကိုသာ ဟောသည်။ အဋ္ဌကထာ ဆရာလည်း ဤဝါသဒ္ဒါ တို့ဖြင့် ပါဏံနဟာနာမိ စသည်ဖြင့် ဆို၍သော်၎င်း, ပါဏာတိပါတာ ဝိရမာမိစသည်ဖြင့် ဆို၍ သော်၎င်း, ပါဏာတိပါတာဝေရမဏိံသမာဒိယာမိ၊ စသည်ဖြင့် ဆို၍ သော်၎င်း, ခံယူဆောက်တည်နည်း သုံးပါးတွင် တပါးပါးဖြင့် ဆောက် တည်ခံယူသော်လည်း ခံယူဆောက်တည်သင့်၏ ဟူသော ဝိကပ်အနက် ကိုသာ ပြတော်မူသည်။ ဣတိသဒ္ဒါ သုံးခုတို့ကို နိဒဿနတ္ထ ယူသော် လည်းသင့်၏။ ဤသီလက္ခန် အဋ္ဌကထာ၌။ ပါဏံနဟာနာမိတိဝါ စသည် ဖြင့် ခံယူဆောက်တည်နည်း သုံးပါးမျှကိုသာ ပြတော်မူသည်ကား ဥပ လက္ခဏာ,နိဒဿနမျှသာဖြစ်သည်။ ထို့ကြောင့် ပါဏာတိပါတာ ဝေရမ ဏိံ သိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် ဝေရမဏိသဒ္ဒါနှင့် သိက္ခာပဒ သဒ္ဒါကို သမာသ်မတွဲဘဲ ဝါကျအတိုင်း ဆို၍သော်၎င်း, ဝေရမဏိဧဝ သိက္ခာပဒံ ဝေရမဏိသိက္ခာပဒံဟု ကမ္မဓာရယ်သမာသ်တွဲ၍ပါဏာတိ ပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် ဆို၍သော်၎င်း, ဆောက်တည် ခံယူသင့်သည်သာတည်း။

ဝိရမတိဝါ ဧတာယ ကရဏဘူတာယ ဝေရမှာ ပုဂ္ဂလောတိ ဝိကာ ရဿ ဧကာရံ ကတွာပိ ဝေရမဏီ။ ဟူသော **သမ္မာဒိဋ္ဌိသုတ်အဋ္ဌကထာ**

ထာဝယ် ကတ္တာပိ ဝိသဒ္ဒါဖြင့် ဝိသဒ္ဒါကို ဝေမပြုဘဲ နိပ္ဖန္န ရှိရင်းတိုင်းသော ဝိရမဏ် သဒ္ဒါဖြင့်ပင် ပါဏာတိပါတာ ဝိရမဏီ သမာဒိယာမိ စသည် ဟူ၍လည်း ဆိုသင့်ကြောင်းကို ပြတော်မူသည်။ ချဒ္ဒကပါဌအဋ္ဌကထာ၌လည်း၊ဝေရမဏိသိက္ခာပဒံ ဝိရမဏိသိက္ခာပဒံဟု ရှေးဆရာတို့ နှစ်ထွေပင်ရွတ်ဆိုကြကြောင်းကို။ ဝေရမဏိသိက္ခာပဒံ ဝိရမဏိသိက္ခာပဒန္တိ ဒွိဓာပိ သဇ္ဈာယံ ကရောန္တိ-ဟူ၍ ပြဆိုတော်မူသည်။ ထို့ကြောင့် ဝိသဒ္ဒါကို ဝေမပြုဘဲ ဝိ၏ အစိတ် ရကို မပြုဘဲ ပါဏာတိပါတာဝိရမဏီ သမာဒိယာမိ စသည်ဟူ၍ရင်း, ပါဏာတိပါတာ ဝိရမဏီသိက္ခာပဒံ သမာဒိယာမိစသည်ဟူ၍ရင်း, ပါဏာတိပါတာဝိရမဏိသိက္ခာပဒံ သမာဒိယာမိ စသည်ဟူ၍ရင်း, ဆို၍လည်းခံယူ ဆောက်တည်ကောင်းသည်သာဟု မှတ်အပ်၏။

သမ္မာကမ္မန္တော ကာယကမ္မံ။ သမ္မာဝါစာ ဝစီကမ္မံ။ တေသံ ဒွယေ ဂဟိတေ သမ္မာအာဇီဝေါ တပ္ပက္ခိကတ္တာ ဂဟိတောဝ ဟောတိ-ဟူ၍ **အဋ္ဌသာလိနီ အဋ္ဌကထာ မိန့်ရကား**။ ထိုသုံးပါးတွင် သမ္မာကမ္မန္တကား ကာယကံ၊သမ္မာဝါစာကား ဝစီကံ၊ ထိုသမ္မာကမ္မန္တ, သမ္မာဝါစာ,နှစ်ပါးတို့ကို ယူသည်ရှိသော် ထိုနှစ်ပါး၏ အဘို့လျှင် အဘို့ရှိသည်၏ အဖြစ်ကြောင့် သမ္မာအာဇီဝကိုလည်း ယူအပ်ရကား သမ္မာအာဇီဝသည် ကာယကံ,ဝစီကံ,နှစ်ပါးပင်ဟု ယူလေ။ သမ္မာကမ္မန္တော၊သည်။ ကာယကမ္မံ၊ ကာယကံတည်း။ သမ္မာဝါစာ၊ သည်။ ဝစီကမ္မံ၊ တည်း။ တေသံ ဒွယေ၊ ထိုသမ္မာကမ္မန္တ,သမ္မာဝါစာ,နှစ်ပါးကို။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ သမ္မာအာဇီဝ သည်၏။တပ္ပက္ခိကတ္တာ၊ထိုသမ္မာကမ္မန္တ,သမ္မာဝါစာ,နှစ်ပါးတို့၏အဘို့လျှင် အဘို့ရှိသည်၏ အဖြစ်ကြောင့်။သမ္မာအာဇီဝေါ၊ကို။ဂဟိတောဝ၊ယူအပ်သည်သာလျှင်။ဟောတိ၊၏။

တေသုပိ ပဋိပါဋိယာ သတ္တစေတနာပိ ဝေန္တိ ဝိရတိယောပိ-ဟု **အဋ္ဌသာလိနီ၌ လာရကား**။ ပါဏာတိပါတာဝေရမဏိ စသော ကာယကံသုံးပါး,မုသာဝါဒါဝေရမဏိ စသော ဝစီကံလေးပါး,ဤခုနစ်ပါးသောကံ အရကို စေတနာ ကိုလည်း ကောက်ယူ သင့်၏။ ဝိရတိ ကိုလည်း ကောက်သင့်၏။ ဟိဝိဉ္ဇာရေမိ၊ ချဲ့ဦးအံ့။ တေသု၊ ထိုဆယ်ပါးသော ကမ္မ

ပသာဒရုပ်တို့တွင်။ ပဉ္စပါဒိယာ၊ အစဉ်အတိုင်း။ သတ္တ၊ ခုနစ်ပါးကုန်သော ပါဏာတိပါတဝိရတိ အဒိန္နာဒါနဝိရတိ စသည်တို့ ဟူသည်။စေတနာဝိ၊ စေတနာတို့ သည်လည်း။ ဝဋ္ဋန္တိ၊ သင့်ကုန်၏။ ဝိရတိယောပိ၊ ဝိရတိတို့ သည်လည်း။ဝဋ္ဋန္တိ၊ကုန်၏။ထိုကာယကံ,ဝစီကံ,နှစ်ပါးတို့သည် ဒွါရ သုံးပါးလုံး၌ပင် ဖြစ်ကုန်၏။

အဘယ်သို့သောအခါ၌ ဖြစ်သနည်း ဟူမူ။ အကြင်အခါ ပါဏာတိပါတာဝိရမာမိ,အဒိန္နာဒါနာဝိရမာမိ, ကာမေသုမိစ္ဆာစာရာဝိရမာမိ, ဟူ၍ ဘုံတရသော အကြောင်းကြောင့် နှုတ်မြွက်၍ ရွတ်ဆိုခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍ ဤသိက္ခာပုဒ် သုံးပါးတို့ကို လက်ပြခြင်း စသည်ဖြင့် ခံယူဆောက်တည်၏၊ ထိုအခါ၌ ကာယကံသည် ကာယ ဒွါရ၌ပင် ဖြစ်သည်။ အကြင် အခါ၌ ထိုသိက္ခာပုဒ် သုံးပါး တို့ကို ပါဏာတိပါတာ ဝိရမာမိ, စသည်ဖြင့် နှုတ်မြွက်၍ ခံယူ ဆောက်တည်၏၊ ထိုအခါ ကာယကံသည် ဝစီဒွါရ၌ဖြစ်သည်။ အကြင်အခါ၌ ထိုသုံးပါးသော သိက္ခာပုဒ်တို့ကို ပေးသည် ရှိသော် ကိုယ်နှုတ် အင်္ဂါတို့ကို မလှုပ်ရှားစေဘဲ ပါဏာတိပါတာ ဝိရမာမိ, စသည်ဖြင့် စိတ်ဖြင့်သာလျှင် ခံယူဆောက်တည်၏၊ ထိုအခါ၌ ကာယကံသည် မနောဒွါရ၌သာ ဖြစ်သည်။ မုသာဝါဒါဝေရမဏီ အစရှိသော သိက္ခာပုဒ် လေးပါးတို့ကိုလည်း ဆိုအပ်ခဲ့ ပြီးသော နည်းအားဖြင့် ကိုယ်နှုတ် စိတ်တို့ဖြင့် ခံယူ ဆောက်တည် ရာ၌ အစဉ်အတိုင်း ဝစီကံ၏ ဒွါရသုံးပါးတို့၌ ဖြစ်သည် ကိုလည်း သိလေ။

အပ္ပမညာ နှစ်ပါး, လေးပါး အကြောင်း

ကရုဏာ မေတ္တာသိက်မှာ။ တပါးသောသူတို့ ဆင်းရဲ ပင်ပန်း လတ်သော် ဤသူတို့၏ ဆင်းရဲ ပင်ပန်းခြင်းကို အဘယ်သို့သော အကြောင်းဖြင့် ပယ်ရ ပါအံ့နည်းဟူ၍ သူတော်ကောင်း တို့၏ စိတ်ပင်ပန်းခြင်း စိတ်တုန်လှုပ်ခြင်းကို ပြုတတ် ဖြစ်စေတတ် သောကြောင့်၎င်း,သူတပါးတို့၏ ဆင်းရဲခြင်းကို နှိပ်စက်တတ် ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့်၎င်း, ဆင်းရဲခြင်းသို့ ရောက်သော ဒုက္ခိတသတ္တဝါတို့၌ ဩဓိသဖရဏာ,အနောဓိသ

ဖရဏာ,၏ အစွမ်းဖြင့် ဖြန့်တတ် ပြန့်စေတတ်သည်၏ အဖြစ်ကြောင့်၎င်း, ဒုက္ခိတသတ္တဝါကို မြင်လတ်သော် သူတော်ကောင်းတို့၏ စိတ်တုန်လှုပ်ပင်ပန်း ဆင်းရဲခြင်း ဖြစ်ရကား ချမ်းသာခြင်းကို ဖိတ်ဆီး တားမြစ် တတ်သည်၏ အဖြစ်ကြောင့်၎င်း,ကရုဏာမည်သည်။

မုဒိတာစေတသိက်မှာ။ထိုမုဒိတာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏၎င်း,မုဒိတာနှင့် ယှဉ်သော သမ္ပယုတ် တရားတို့၏၎င်း,သုခိတသတ္တဝါတို့၌ ဝမ်းမြောက်ကြောင်း ဖြစ်သောကြောင့်၎င်း, မိမိသည်ပင် ဝမ်းမြောက်တတ်သည်၏ အဖြစ်ကြောင့်၎င်း, ဝမ်းမြောက်ခြင်း မျှသာ ဖြစ်သော သဘော ဖြစ်၍၎င်း, မုဒိတာ မည်သည်။ ဤ၌ အပ္ပမညာ စေတသိက်အရကို ကရုဏာ မုဒိတာ နှစ်ပါး တို့ကိုသာ ပြသောကြောင့်။ ဒွေအပ္ပမညာယော နာမဟု ဒွိသင်္ချာနှင့် ဆိုသင့်ပါသည် မဟုတ်လော၊ ထိုသို့လျက် အဘယ်ကြောင့် အဋ္ဌကထာ ဆရာသည် ဒွိသင်္ချာနှင့် မဆိုဘဲ၊ အပ္ပမညာယော နာမဟု သာမညအားဖြင့် ဆိုအပ်လေသနည်းဟူမူ။ဤ၌ကရုဏာ,မုဒိတာ, တို့သာ အပ္ပမညာ မည်သည်မဟုတ်၊ မေတ္တာ, ဥပေက္ခာ, တို့လည်း အပ္ပမညာ မည်သေးသောကြောင့် အပ္ပမညာသည် နှစ်ပါးသာမက လေးပါး ရှိရကား၊ဒွိသင်္ချာနှင့် ဒွေအပ္ပမညာယော-ဟူ၍ မဆိုပါသည် ဟူလေ။

ယင်းသို့ အပ္ပမညာသည် နှစ်ပါးမကလေးပါးဖြစ်သည် ဟူသော်၊စတုသင်္ချာနှင့် စတဿော အပ္ပမညာယော-ဟူ၍ ဆိုပါတော့လော၊ အဘယ်ကြောင့် သင်္ချာမပါ သာမည အားဖြင့်သာ ဆိုရလေ သနည်း ဟူပြန်ငြားအံ့။ အပ္ပမညာသည် နှစ်ပါးတည်းသာမက လေးပါး ရှိသည် ဖြစ်သော်လည်း၊ဤအရာ၌ လေးပါးလုံးကို မပြမဆို ကရုဏာ,မုဒိတာ,နှစ်ပါးတို့ကိုသာ ပြဆိုသောကြောင့်၊ စတဿော အပ္ပမညာယော နာမ-ဟူ၍ စတုသင်္ချာနှင့်လည်း မဆိုသင့်၊ ဤ၌ကရုဏာ, မုဒိတာ, နှစ်ပါးမျှကိုသာ ပြဆိုသော်လည်း၊အပ္ပမညာသည် နှစ်ပါးတည်းသာ ရှိသည်မဟုတ်၊ မေတ္တာ, ကရုဏာ,မုဒိတာ, ဥပေက္ခာ,ဟု လေးပါး ရှိသောကြောင့်၊ ဒွေအပ္ပမညာယော-ဟူ၍ ဒွိသင်္ချာနှင့်လည်း မဆိုသင့်၊ ထို့ကြောင့် သင်္ချာ မတပ်ဘဲ အပ္ပမညာယောနာမ-ဟု သာမညအားဖြင့် ဆိုတော်မူသည် ဟူလေ။

အပ္ပမညာဟူသည် နှစ်ပါးတည်းသာ ရှိသည်မဟုတ်၊ မေတ္တာ, ကရုဏာ,မုဒိတာ,ဥပေက္ခာ,ဟူ၍ လေးပါးရှိသည်ဟူ၏။ ယင်းသို့လေးပါး ရှိခဲ့သော် လေးပါးလုံးကိုပင် ပြဆိုပါတော့လော၊ အဘယ်ကြောင့် ဤ၌ ကရုဏာ, မုဒိတာ, နှစ်ပါးမျှကိုသာ ပြဆိုလေသနည်း ဟူပြန်အံ့။ မေတ္တာ, ဟူသည် အခြားမဟုတ် အဒေါသ စေတသိက်ပင် ဖြစ်သည်။ ဥပေက္ခာ, ဟူသည်လည်း အခြားမဟုတ် တတြမဇ္ဈတ္တတာ စေတသိက်ပင် ဖြစ်သည်။ ထိုအဒေါသ တတြမဇ္ဈတ္တတာ တို့ကိုလည်း၊ သောဘဏ သာဓာရဏ စေတသိက်တို့ကို ပြဆိုသောအရာ၌ ပြဆိုခဲ့ပြီး ဖြစ်သည် ဖြစ်၍ မေတ္တာ, ဥပေက္ခာ,နှင့်တကွ လေးပါးလုံးကို မပြမဆိုဘဲ ကရုဏာ,မုဒိတာ,နှစ်ပါးမျှကိုသာ ဆိုပါသည် ဟူလေ။

အဒေါသသည် အဘယ်ကြောင့် မေတ္တာမည်ရသနည်း ဟူမူ။ သတ္တဝါတို့၌ ချစ်ခြင်းကို ပြုတတ်သည်၏အဖြစ်၊ အဆွေခင်ပွန်းတို့၌ ဖြစ်တတ်သည်၏ အဖြစ်၊ အဆွေ ခင်ပွန်းတို့၏ အမှုဖြစ်သည်၏ အဖြစ် တည်းဟူသော အကြောင်းကြောင့် မေတ္တာ မည်ပါသည် ဟူလေ။ တတြမဇ္ဈတ္တတာသည် အဘယ်ကြောင့် ဥပေက္ခာ မည်သနည်း ဟူမူ။ သတ္တဝါ တို့၌ ချစ်ခြင်း မုန်းခြင်းမရှိ လျစ်လျူရှုတတ် သောကြောင့် ဥပေက္ခာမည်သည် ဟူလေ။

ယင်းသို့အဒေါသ,တတြမဇ္ဈတ္တတာ,တို့ပင် မေတ္တာ,ဥပေက္ခာ,မည်၍၊ ထိုမေတ္တာ, ဥပေက္ခာ, တို့လည်း အပ္ပမညာ မည်ခဲ့သော်၊ ထိုအဒေါသ, တတြမဇ္ဈတ္တတာ,တို့ကို မေတ္တာ ဟူသောအမည် ဥပေက္ခာ ဟူသောအမည်အားဖြင့်၊ အပ္ပမညာ မည်ကြခြင်း တူသော ကရုဏာ,မုဒိတာ,တို့နှင့် အပနှုဟကွ ဤအပ္ပမညာကို ပြဆိုသောအရာ၌ တရတည်း ပြဆိုပါတော့လော၊ အဘယ်ကြောင့် ဤအရာ၌ မပြမဆိုဘဲ သောဘဏ သာဓာရဏ စေတသိက်တို့ကို ပြဆိုသောအရာ၌ အဒေါသ, ဟူသော အမည် တတြမဇ္ဈတ္တတာ,ဟူသော အမည်ဖြင့်ပြဆိုလေသနည်းဟူပြန်ခဲ့အံ့။ဤလေးပါးတို့သည် အပ္ပမညာ မည်ကြခြင်း သာမညအားဖြင့် တူသော်လည်း၊ကရုဏာ,မုဒိတာ,တို့သည် သောဘဏစိတ်အချို့၌သာ ယှဉ်နိုင်သည်၊ အလုံးစုံ၌မယှဉ်နိုင်၊ အဒေါသ,တတြမဇ္ဈတ္တတာ,တို့သော်ကား၊ သဒ္ဓါ,သတိ, စ

သည်တို့ကဲ့သို့ သောဘာဏာစိတ်ငါးဆဲ့ကိုးခုအကုန်လုံး၌ ယှဉ်နိုင်သည်ဖြစ်၍၊သောဘာဏာစိတ်ရှိသမျှနှင့်ဆက်ဆံရကား၊ သောဘဏ သာဓာရဏ လည်းမည်သောကြောင့်ငှင်း၊ထိုအဒေါသ,တတြမဇ္ဈတ္တတာ,တို့နှင့်သော ဘဏ စိတ်အကုန်လုံး၌ ယှဉ်ကြခြင်း၊သောဘဏ သာဓာရဏ မည်ကြခြင်းတူသော သဒ္ဓါ,သတိ,စသောစေတသိက်တို့နှင့် တပေါင်းတရုတည်း ပြဆိုလို သောကြောင့်ငှင်း၊ အဒေါသသည် မေတ္တာ မည်၏ပင် ဆိုသော်လည်း၊သတ္တဝါတို့၏အကျိုးစီးပွါးကိုတောင့်တလိုလားသောအခြင်းအရာ အားဖြင့်ဖြစ်သောအခါ၌သာမည်သည်။အချင်းခပ်သိမ်းဖြစ်တိုင်းပင် မည်သည်မဟုတ်၊ တတြမဇ္ဈတ္တတာ, သည်လည်း ဥပေက္ခာ မည်၏ ဟူ၍ပင် ဆိုသော်လည်း၊သတ္တဝါတို့၌ အလယ်အလတ် သဘောရှိသည်၏ အဖြစ်ဖြင့်ဖြစ်သောအခါ၌သာမည်သည်။ဖြစ်လေသမျှတိုင်း၌မည်သည်မဟုတ်၊ မေတ္တာကိစ္စ ဥပေက္ခာကိစ္စဖြင့် ဖြစ်ခိုက်၌သာ အပ္ပမညာ မည်သည် ဖြစ်၍၊ ထိုအဒေါသ, တတြမဇ္ဈတ္တတာ, စေတသိက်တို့ကို မေတ္တာ ဟူသော အမည် ဥပေက္ခာ ဟူသော အမည်ဖြင့်၊ ကရုဏာ, မုဒိတာ, တို့နှင့် တရုတဝေးတည်း အပ္ပမညာအရာ၌ မပြမဆိုဘဲ၊ သဒ္ဓါ, သတိ, စသည်တို့နှင့် တရုတပေါင်းတည်း၊ အဒေါသ ဟူသောအမည် တတြမဇ္ဈတ္တတာ ဟူသော အမည်ဖြင့်သာ သောဘဏသာဓာရဏ စေတသိက်တို့ကို ပြဆိုသောအရာ၌သာ ပြဆိုပါသည် ဟူလေ။

အပ္ပမညာ လေးပါးတို့၏ လက္ခဏာစသည်ကို ပြခြင်း

ဤတရားလေးပါးတို့ကို တပါးသောကျမ်းတို့၌ငှင်း, ဤသင်္ဂြိုဟ်ကျမ်းတွင်ပင် ဆိုလတ္တံ့သော ကမ္မဋ္ဌာန်း ပိုင်း၌ငှင်း, လေးပါးလုံးကိုပင် တရုတည်းဆိုကြ၏။ထိုတရားလေးပါးတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, တို့ကို ပြည့်စုံခြင်း၏အကြောင်း ပျက်စီးခြင်း၏အကြောင်းနှင့်တကွ ပြဦးအံ့။ ထိုလေးပါးတွင် **မေတ္တာသည်** သတ္တဝါတို့၏ အကျိုးစီးပွါးကိုလိုလား တောင့်တသော အခြင်းအရာ အားဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏။ သတ္တဝါတို့၏ အကျိုးစီးပွါးကို ဆောင်ခြင်း ကိစ္စရှိ၏။ ရန်ငြိုးထားခြင်း၏

အကြောင်းဖြစ်သော အာဃာတဝတ္ထုကိုပယ်ဖျောက်တတ်သော တရား 'ဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေ့ရှုထင်ခြင်းရှိ၏။ သတ္တဝါ တို့ကို နှလုံးကို ပွါးစေတတ်သည်၏ အဖြစ်ဟူသော နှစ်သက်ဖွယ် အားဖြင့် ရှုခြင်းလျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။ ဗျာပါဒ၏ ငြိမ်းခြင်းသည် ၎င်း မေတ္တာ၏ ပြည့်စုံကြောင်းတည်း။ ရာဂ၏အစွမ်းဖြင့် ချစ်ခြင်း၏ ဖြစ်ခြင်းကား ၎င်းမေတ္တာ၏ ပျက်စီးကြောင်းတည်း။

ကရုဏာသည်။ ဒုက္ခိတ သတ္တဝါတို့၏ ဆင်းရဲ ဒုက္ခကို ပယ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။သူတပါးတို့၏ ပင်ပန်းဆင်းရဲခြင်းကို သည်းမခံနိုင်ခြင်း ကိစ္စရှိ၏။ သူတပါးတို့အား၊ တို့ကို၊ မညှိုးပ်စက် မညှဉ်းဆဲတတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အားထင်ခြင်း ရှိ၏။ ဒုက္ခသည် နှိပ်စက်အပ်သောသူတို့ကို ကိုးကွယ်ရာမဲ့သည်၏အဖြစ်ဖြင့် ရှုခြင်းလျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။ သူတပါးတို့အား နှိပ်စက်ညှဉ်းဆဲခြင်း ဟူသော ဝိဟိံသာ၏ ငြိမ်းခြင်းသည် ထိုကရုဏာ၏ ပြည့်စုံကြောင်းတည်း။စိုးရိမ်ခြင်းဟူသော သောက၏ဖြစ်ခြင်းကား ကရုဏာ၏ ပျက်စီးကြောင်းတည်း။

မုဒိတာသည်။ သုခိတသတ္တဝါတို့၌ ဝမ်းမြောက်ခြင်းလက္ခဏာရှိ၏။ သူတပါးတို့၏ စည်းစိမ်ချမ်းသာကို မငြူစူခြင်း ကိစ္စရှိ၏။ သူတပါးတို့ စည်းစိမ်ချမ်းသာ၌ မနှစ်မလျော်ခြင်း ဟူသော အရတိကို ပယ်ဖျောက်တတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အားထင်ခြင်းရှိ၏။သတ္တဝါတို့၏ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းကို ရှုခြင်းလျှင် နီးစွာသောဖြစ်ကြောင်းရှိ၏။ သူတပါးတို့ စည်းစိမ်၌ မနှစ်လျော်ခြင်း ဟူသော အရတိ၏ငြိမ်းခြင်းသည် မုဒိတာ၏ ပြည့်စုံကြောင်းတည်း။ ရွှင်ခြင်း ဖြစ်ခြင်းကား မုဒိတာ၏ ပျက်စီးကြောင်းတည်း။

ဥပေက္ခာသည်။ သတ္တဝါတို့၌ အလယ် အလတ် ဖြစ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ သတ္တဝါတို့၌ ညီမျှသည်၏ အဖြစ်ဖြင့် ရှုခြင်းကိစ္စရှိ၏။ မုန်းခြင်း ချစ်ခြင်းမှ ငြိမ်းခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ထင်ခြင်းရှိ၏။ သတ္တဝါတို့မှာ ကံသာလျှင် ဥစ္စာရှိကုန်၏။ ကံသာလျှင် မှီရာရှိကုန်၏။ ထိုသတ္တဝါတို့သည် မိမိတို့ပြုသောကံ၏ အလို

အားဖြင့် ချမ်းသာခြင်းသို့ရောက်ကုန်သည် သော်လည်း ဖြစ်ကုန်လတ္တံ့၊ ဆင်းရဲခြင်းမှ သော်လည်း ကင်းလွတ်ကုန်လတ္တံ့၊ ရောက်ပြီးရပြီးသော စည်းစိမ်ဥစ္စာမှ သော်လည်း မဆုတ်ယုတ်ကုန်လတ္တံ့ ဟူ၍ဖြစ်သော ကံသာလျှင် မိမိဥစ္စာရှိသည်၏ အဖြစ်အားဖြင့် ရှုခြင်းလျှင် နိုးစွာသော ဖြစ်ကြောင်းရှိ၏။ မုန်းခြင်း ချစ်ခြင်းမှ ငြိမ်းခြင်းသည် ထိုဥပေက္ခာ၏ ပြည့်စုံကြောင်းတည်း။ ကာမဂုဏ် တည်းဟူသော အိမ်၌မှီသော အညာဏုပေက္ခာ၏ ဖြစ်ခြင်းကား၊ ထိုဥပေက္ခာ၏ ပျက်စီးကြောင်းတည်း။ ဤလေးပါးတွင် မေတ္တာသည် ဗျာပါဒကို ပယ်ဖျောက်နိုင်ခြင်း အကျိုးရှိ၏။ ကရုဏာသည် ညှဉ်းဆဲ နှိပ်စက်ခြင်း ဝိဟိံသာကို ပယ်ဖျောက် နိုင်ခြင်း အကျိုးရှိ၏။ မုဒိတာသည် သူတပါးတို့ စည်းစိမ်၌ မနှစ်သက်ခြင်း အရတိကို ပယ်ဖျောက် နိုင်ခြင်း အကျိုးရှိ၏။ ဥပေက္ခာသည် ရာဂကိုပယ်ဖျောက်နိုင်ခြင်းအကျိုးရှိ၏။

တခုသောရွာ၌ တယောက်သော ယောကျ်ားအား နှစ်ယောက်သော ရန်သူတို့သည်ရှိကုန်၏။ ထိုနှစ်ယောက်တို့တွင် တယောက်သောရန်သူသည် ထိုယောကျ်ားကို အကြောင်းအခွင့် သင့်သောအခါ ငါသတ်အံ့ဟု ကြံ၍၊ ထိုယောကျ်ားနှင့် ရပ်ရွာမခြား အနီးအပါး၌ပင် အဆွေခင်ပွန်း အလား အဆွေခင်ပွန်းအယောင် လှည့်လည်သွားလာ၍ သတ်ရအံ့သော အခွင့်ကိုသာ ရှာကြံကြည့်ရှုလျက် အနီး၌ပင် နေရကား၊ ထိုယောကျ်ား၏ နီးသောရန်သူဖြစ်၏။ ထိုနီးသောရန်သူကို အဆွေခင်ပွန်းအသွင်အနီး၌ပင် လှည့်လည် သွားလာရကား၊ ဤသူကား ရန်သူတည်းဟု အလွန်အသိခက်သောကြောင့် ရန်သူအဖြစ်ကိုမသိ သတိမထား၊ထိုယောကျ်ား၏မိဘစသော သူတို့သည်၊ထိုရန်သူသတ်အံ့သောဘေးမှ ထိုယောကျ်ားကို မစောင့်ရှောက်ဘဲ အမှတ်မဲ့သာ နေချေသော်၊ ထိုရန်သူသည် ထိုယောကျ်ားကို မကြာမတင် ဆောလျင်စွာပင် သတ်ခွင့်ကို ရရာသည်။ တယောက်သော ရန်သူမူကား ထိုယောကျ်ား၏ နေရာ ရပ်ရွာနှင့် ဝေးကွာသော တောအုံ တောင်ကမ်း ထူထပ်ရာ ဘောနက်ကြီးဝယ် ပုန်းကွယ် လျှို့ဝှက်ရာကနေ၍ ထိုယောကျ်ားကို သတ်အံ့သော၌ အခွင့်ရှာသော်လည်း ထိုယောကျ်ား၏နေရာကားရွာ, ရန်သူ၏ နေရာကားဘော,

ဖြစ်၍နေရာမတူဝေးကွာကြသောကြောင့်၊ထိုရန်သူသည် ထိုယောကျ်ား၏ ဝေးသော ရန်သူဖြစ်၏။ ထိုရန်သူသည် ထိုယောကျ်ားနှင့် နေရာသဘောမတူ ဝေးကွာကြသည်ဖြစ်၍ သတ်ခွင့်ရနိုင်ခဲရကား ထိုရန်သူကိုမကြောက်မရွံ့ဘဲ မိမိတို့စီးပွါးကိုအားထုတ်ရှက်ဆောင်ရသည်။

ထိုအတူ ဤဘုံ ဘုရား လေးပါးတွင်လည်း၊ ဘပါးတပါး၌ပင် နှစ်ပါးနှစ်ပါးစီသော ရန်သူတို့သည် ရှိကုန်၏။ ထိုတွင် ရာဂသည် သတ္တဝါ တို့၏ ဂုဏ်ကိုရှုတတ်သည်။ မေတ္တာသည်လည်း သတ္တဝါတို့ဂုဏ်ကို ရှုတတ်သည်ဖြစ်၍ ရာဂသည် မေတ္တာနှင့် သတ္တဝါတို့၏ဂုဏ်ကို ရှုတတ်ကြခြင်းသဘောတူရကား၊ ရာဂသည် မေတ္တာ၏ နီးသောရန်သူဖြစ်၏။ ထိုရာဂသည် မေတ္တာနှင့်သဘောတူ၍ နီးသောရန်သူဖြစ်ရကား၊ မကြာမတင်ဆောလျင်စွာပင် မေတ္တာကို ဖျက်ဆီးခွင့် ရတတ်သည်။ ထို့ကြောင့် ယောဂီ ပုဂ္ဂိုလ်သည် ရာဂ၏ ဖျက်ဆီးအံ့သည်မှ ကောင်းမွန် လုံခြုံစွာ မေတ္တာကို စောင့်ရှောက်အပ်၏။ ဗျာပါဒသည် သတ္တဝါတို့၏ အပြစ်ကိုသာ ရှုတတ်သည်။ မေတ္တာသည် သတ္တဝါတို့၏ ဂုဏ်ကိုသာ ရှုတတ်သည်ဖြစ်၍ သဘောချင်းမတူ အလွန်ဝေးကွာကြရကား၊ ဗျာပါဒသည် မေတ္တာ၏ ဝေးသော ရန်သူဖြစ်၏။ ထိုသို့ ဝေးသော ရန်သူ ဖြစ်ရကား၊ အကြင် သူသည် မေတ္တာ ဘာဝနာကို ပွါးစေ၏။ ထိုသူသည် အကြင် အကြောင်းကြောင့် အမျက်ထွက်ခြင်းကိုပြုလတ္တံ့၊ ထိုအကြောင်းသည် အလျှင်းပင် မရှိသောကြောင့် ထိုဗျာပါဒမှ ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ ယောဂီပုဂ္ဂိုလ်သည် မေတ္တာဘာဝနာကို ပွါးအပ်၏။

စက္ခုဝိညာဏ် စသော ပဉ္စဝိညာဏ် တို့ဖြင့် သိအပ်ကုန်သော အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွါးစေတတ်ကုန် နှလုံးမွေ့လျော်ဘွယ်ရှိကုန်သော, လောကာမိသနှင့် စပ်ကုန်သော, ငါးပါးသောအာရုံ ကာမဂုဏ်တို့ကို မရအပ်သော ကာမဂုဏ်ကိုလည်း ငါမရပါလေဟူ၍၊ ရှေး၌ရဘူး၍ ဖောက်ပြန် ပျက်စီးလေပြီးသည်ကိုလည်း ဖောက်ပြန် ပျက်စီးလေပြီဟူ၍၊ အဖန်တလဲလဲ အောက်မေ့သောပုဂ္ဂိုလ်အား ဖြစ်သော ဒေါမနဿသည်၊ ကာမဂုဏ် တည်းဟူသော ဇိမ်၌ မှီသည်ဖြစ်၍ ဂေဟာသိ

တ ဒေါမနဿမည်၏။ ထိုဂေဟသိတ ဒေါမနဿသည် ပျက်စီး ဆင်းရဲခြင်းကို ရှုတတ်သည်။ ကရုဏာလည်း ပျက်စီး ဆင်းရဲခြင်းကို ရှုတတ်သည်ဖြစ်၍ ပျက်စီးဆင်းရဲခြင်းကို ရှုတတ်သည့်၏ အဖြစ်ဖြင့် ဒေါမနဿသည် ကရုဏာနှင့် သဘောတူရကား၊ ဒေါမနဿသည် ကရုဏာ၏ နီးသောရန်သူဖြစ်၏။ ထိုဒေါမနဿသည် ကရုဏာနှင့် ပျက်စီးဆင်းရဲခြင်းကိုရှုကြခြင်း သဘောတူသည်ဖြစ်၍ ကရုဏာ၏ နီးသောရန်သူ ဖြစ်ရကား၊ မကြာမတင် ဆောလျင်စွာပင် ကရုဏာကို ဖျက်ဆီးခွင့် ရတတ်သည်။ ထို့ကြောင့် ကရုဏာဘာဝနာကို ပွါးစေသော ယောဂီပုဂ္ဂိုလ်သည် ဒေါမနဿ၏ ဖျက်ဆီးအံ့သောဘေးမှ ကရုဏာကိုကောင်းမွန်လုံခြုံစွာ စောင့်ရှောက်အပ်၏။

ဝိဟေသာသည် သတ္တဝါတို့ကိုနှိပ်စက်ညှဉ်းဆဲခြင်း သဘောရှိသည်။ ကရုဏာသည် သတ္တဝါတို့ကို သနားခြင်း သဘောရှိသည် ဖြစ်၍ ကရုဏာနှင့် ဝိဟေသာသည် သဘောခြင်းမတူ အလွန်ဝေးကွာ ကြရကား၊ ဝိဟေသာသည် ကရုဏာ၏ ဝေးသော ရန်သူဖြစ်၏။ ထိုသို့ဝိဟေသာသည် ကရုဏာ၏ ဝေးသောရန်သူဖြစ်ရကား၊ အကြင်သူသည် ကရုဏာကိုပွါးစေ၏။ ထိုသူသည် အကြင်အကြောင်းကြောင့် သူတပါး တို့အား လက်ဝါးဖြက် စသည်တို့ဖြင့် ပုတ်ခတ် ရိုက်နှက်ခြင်းကို ပြုလတ္တံ့၊ ထိုအကြောင်းသည် အလျှင်းပင် မရှိသောကြောင့် ထိုဝိဟေသာမှာ ထိတ်လန့်ကြောက်ရွံ့ခြင်း ကင်းသဖြင့် ယောဂီပုဂ္ဂိုလ်သည် ကရုဏာကို ပွါးစေအပ်၏။

ဣဋ္ဌ, ကန္တ, မနာပ, ဖြစ်သော ငါးပါးသော အာရုံ ကာမဂုဏ်တို့ကို၊ ရသော ကာမဂုဏ်ကိုလည်း ရသောအားဖြင့်၊ ရှေး၌ရဘူး၍ မရှိကင်းကုန် ဖောက်ပြန်ပျက်စီးပြီးကိုလည်း ရဘူးသောအားဖြင့်၊ ငါရဘူးသည်ဟု အဖန်တလဲလဲ အောက်မေ့သော ပုဂ္ဂိုလ်အားဖြစ်သော သောမနဿသည် ဂေဟသိတသောမနဿမည်၏။ ထိုဂေဟသိတသောမနဿသည် ပြည့်ရုံသောစည်းစိမ်ကိုရှာတတ်သည်။ မုဒိတာသည် သူတပါးတို့၏ပြည့်ရုံသောစည်းစိမ်ကို ရှာတတ်သည်ဖြစ်၍ ပြည့်ရုံသောစည်းစိမ်ကို ရှာတတ်

သည့်၏ အဖြစ်ဖြင့် ထိုသောမနဿသည် မုဒိတာနှင့်သဘောတူရကား၊ သောမနဿသည် မုဒိတာ၏ နီးသော ရန်သူဖြစ်၏။ ထိုသို့ သောမနဿသည် မုဒိတာ၏နီးသော ရန်သူဖြစ်သောကြောင့်၊မကြာမတင်ဆောလျင်စွာပင် မုဒိတာကို ဖျက်ဆီးခွင့် ရတတ်သည်။ ထို့ကြောင့် မုဒိတာကို ပွါးစေအပ်သော ယောဂီသည် သောမနဿ ဖျက်ဆီး-အံ့သော ဘေးမှ မုဒိတာကို လုံခြုံကောင်းမွန်စွာ စောင့်ရှောက်အပ်၏။

အရတိသည် သူတပါးတို့ စည်းစိမ်၌ မမွေ့လျော်ခြင်း သဘောရှိသည်။ မုဒိတာသည် သူတပါးတို့ စည်းစိမ်၌ ဝမ်းမြောက်ခြင်း သဘောရှိသည်ဖြစ်၍ အရတိသည် မုဒိတာနှင့် သဘောအားဖြင့်မတူ အလွန်ဝေးကွာကြရကား မုဒိတာ၏ဝေးသောရန်သူဖြစ်၏။ ထိုသို့အရတိသည် မုဒိတာ၏ ဝေးသော ရန်သူဖြစ်သောကြောင့်၊ အကြင်သူသည် မုဒိတာကို ပွါးစေအပ်၏။ထိုသူသည်ကုသိုလ်တရားတို့၌ အကြင်အကြောင်းကြောင့် ဆန့်ကျင်ခြင်း မမွေ့လျော်ခြင်း ဖြစ်လတ္တံ့၊ ထိုအကြောင်းကား အလျှင်းပင် မရှိရကား၊ ထိုအရတိဟူသော ဘေးမှ ကြောက်ရွံ့ခြင်း ကင်းသဖြင့် ယောဂီပုဂ္ဂိုလ်သည် မုဒိတာကို ပွါးစေအပ်၏။

ဂေဟသိတ ဖြစ်သော အညာဏုပေက္ခာသည် အပြစ်ဂုဏ်တို့ကို မစဲစစ်တတ်။ ဥပေက္ခာလည်း အပြစ်အကျိုးတို့ကို မစဲစစ်တတ်သည် ဖြစ်၍ ထိုအညာဏုပေက္ခာသည်း ဥပေက္ခာနှင့် အပြစ်ဂုဏ်ကို မစဲစစ်တတ်ခြင်း၏အစွမ်းဖြင့် သဘောတူရကား၊ ဥပေက္ခာ၏နီးသော ရန်သူဖြစ်၏။ထိုသို့ အညာဏု ပေက္ခာသည် ဥပေက္ခာ၏ နီးသော ရန်သူ ဖြစ်သောကြောင့်၊ မကြာမတင် ဆောလျင်စွာပင် ဥပေက္ခာကို ဖျက်ဆီးခွင့် ရတတ်သည်၊ ထို့ကြောင့် ဥပေက္ခာကို ပွါးစေသော ယောဂီသည်၊ အညာဏုပေက္ခာသည် ဖျက်ဆီးအံ့သော ဘေးမှ ဥပေက္ခာကို ကောင်းမွန် လုံခြုံစွာ စောင့်ရှောက်အပ်၏။

ရာဂသည် တပ်မက်မောခြင်း သဘောရှိသည်။ ပဋိဃသည် အမျက်ထွက်ခြင်း ပြစ်မှားခြင်း သဘောရှိသည်။ဥပေက္ခာသည် တပ်ခြင်းပြစ်မှားခြင်းမရှိ လျစ်လျူရှုတတ်သော သဘောရှိသည် ဖြစ်၍၊ ရာဂ, ပဋိဃ, တို့

သည် ဥပေက္ခာနှင့် သဘော အားဖြင့် မတူ အလွန် ဝေးကွာကြ သော ကြောင့်၊ ရာဂ,ပဋိဃ,တို့သည် ဥပေက္ခာ၏ ဝေးသော ရန်သူဖြစ်၏။ ထိုသို့ ရာဂ, ပဋိဃ, တို့သည် ဥပေက္ခာ၏ ဝေးသော ရန်သူ ဖြစ်သောကြောင့်၊ ရာဂ, ပဋိဃ,တို့ ဖျက်ဆီး အံ့သော ဘေးမှ ကြောက်ရွံ့ခြင်း ကင်းသဖြင့် ယောဂီပုဂ္ဂိုလ်သည် ဥပေက္ခာကို ပွါးစေအပ်၏။

ဗြဟ္မဝိဟာရမည်ကြောင်းကိုပြခြင်း

ဤမေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ,တို့ကို၊ ထိုထိုအရာတို့၌ ဗြဟ္မ ဝိဟာရဟူ၍ ဟောပြတော် မူကုန်၏။ ထိုတရားတို့သည် အဘယ်ကြောင့် ဗြဟ္မဝိဟာရ မည်ကုန်သနည်း ဟူမူ။ ဤတရားလေးပါးတို့သည် သတ္တဝါ တို့၌ ကောင်းစွာ ကျင့်သည်၏ အဖြစ်ဖြင့် မြတ်သော နေခြင်း ဖြစ်သော ကြောင့်၎င်း, ဗြဟ္မာတို့သည် ဒေါသ အပြစ်ကင်းသောစိတ် ရှိကုန်သည် ဖြစ်၍ နေကုန်သကဲ့သို့ ဤတရားလေးပါးတို့နှင့်ယှဉ်ကုန် ပြည့်စုံကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ ဗြဟ္မာနှင့်တူကုန်သည်ဖြစ်၍ ဒေါသအပြစ်ကင်း သောစိတ် ရှိကုန်သည်ဖြစ်၍ သာလျှင် နေကုန်ရကား၊ အပြစ်ကင်းသော နေခြင်း ဖြစ်သောကြောင့်၎င်း,ဗြဟ္မဝိဟာရ မည်ပါသည် ဟူလေ။

အဘယ်ကြောင့် လေးပါးအောက်အယုတ်၊ လေးပါးထက်အလွန်မဖြစ် ဘဲ ဤဗြဟ္မဝိဟာရ တရား တို့သည် လေးပါးသာ ဖြစ်လေသနည်း ဟူမူ။ မာန်တဟူးဟူး ဒေါသကြူးသောသူတို့၏ ထိုဗျာပါဒမှ စင်ကြယ်ကြောင်း သည် မေတ္တာသာတည်း။ ဘတောင်,လက်ဆုပ်,တုတ်,အုတ်, စသည်တို့ ဖြင့်၊ သူတပါးတို့ကို နှိပ်စက် ညှဉ်းဆဲခြင်း များသော သူ၏ ထိုဝိဟိံသ တရားမှ စင်ကြယ်ကြောင်းကား ကရုဏာသာ။ သူတပါးတို့ စည်းစိမ် ချမ်းသာ ဥစ္စာစီးပွါး ပေါများ ပြည့်စုံခြင်း၌ မနှစ်သက် မနွေလျော်နိုင်ခြင်း အရတိ တရား ပေါများသော သူတို့၏ ထိုအရတိမှ စင်ကြယ် ကြောင်း ကား မုဒိတာသာ။ ကာမဂုဏ်၌ အလွန်မက်မော ရာဂပြောသော သူတို့ ၏၊ ထိုရာဂမှ စင်ကြယ်ကြောင်း တရားကား ဥပေက္ခာသာ ဖြစ်သည်။ ထိုသို့ ဗျာပါဒဗဟုလ, စသော ပုဂ္ဂိုလ် တို့၏ ထိုဗျာပါဒ စသည်တို့မှ စင်

ကြယ် ကြောင်းသည်၊ ဤမေတ္တာ စသော တရားလေးပါးသာ ဖြစ်သော ကြောင့်၊ဤဗြဟ္မဝိဟာရ တရားကို လေးပါးသာ ဟောတော်မူသည်။

ယောဂီပုဂ္ဂိုလ်တို့၏၊ သတ္တဝါတို့၌ နှလုံးသွင်းခြင်းသည်၊ ထိုသတ္တဝါ တို့၏ အကျိုးစီးပွါးကို ရှက်ဆောင်ခြင်း၊ ထိုသတ္တဝါ တို့၏ အကျိုးစီးပွါး မဲ့ကိုပယ်ခြင်း၊ထိုသတ္တဝါတို့ စည်းစိမ်ဥစ္စာ ချမ်းသာစီးပွါး ပေါများပြည့် ရုံ ကုံလုံ ကြွယ်ဝခြင်း၌ ဝမ်းမြောက် ဝမ်းမြောက်ခြင်း၊ သတ္တဝါတို့၏ ဆင်း ရဲသောအဘို့ ချမ်းသာသောအဘို့ကို အထူးနှလုံးမပြု လျစ်လျူရှုခြင်းတို့ ၏ အစွမ်းဖြင့် လေးပါး အပြားသာ ရှိ၏။ ထိုတွင် ဟိတူပသံဟာရသည် မေတ္တာ၏သဘော,အဟိတာပနယနသည် ကရုဏာ၏သဘော,သမ္ပတ္တိ မောဒနသည် မုဒိတာ၏သဘော,အနာဘောဂသည် ဥပေက္ခာ၏သဘော ပင် ဖြစ်သည်။ ဤသို့သတ္တဝါတို့၌ ယောဂီပုဂ္ဂိုလ်၏ နှလုံးသွင်းခြင်းသည် လေးပါးသာ အပြား ရှိသော ကြောင့်လည်း၊ ဤဗြဟ္မဝိဟာရ တရားကို လေးပါးသာ ဟောတော် မူသည်။

အမိသည် အသက်အရွယ် ငယ်နုသောသား,မကျန်းမမာ ရောဂါနှိပ် စက်သောသား,အရွယ်သို့ရောက်သောသား, မိမိအမှု၌ အလျောက်ဘာ သာ အားထုတ် လေ့လာ စီးပွါးရှာနိုင်သောသား, လေးယောက်တို့တွင်၊ သားငယ်၏ အလွန် ကြီးပွါး လွယ်ခြင်းကို၊ နာသော သား၏ စွဲရောက် သော ရောဂါမှ ကင်းလွတ် ထွက်မြောက် ခြင်းကို၊ အရွယ်ရောက်သော သား၏ ထိုအရွယ်ဖြင့် ရှည်မြင့်စွာ တည်ခြင်းကို အလိုရှိ၍၊ မိမိအမှု၌ အ လျောက် ဘာသာ လေ့လာ ရှက်ဆောင်သော သားကို၊ တစုံတခုသော အမှု၌ ကြောင့်ကြ စိုးရိမ်ခြင်းကို မပြုမူ၍၊ သားတို့၌ နှလုံးသွင်းခြင်းကို ပြု သကဲ့သို့၊ ထို့အတူ ဗြဟ္မဝိဟာရ တရားကို ပွါးများသော ပုဂ္ဂိုလ်သည်၊ မေတ္တာ စသည်တို့၏ အစွမ်းဖြင့် လေးပါးသော အခြင်းအရာ အားဖြင့် သတ္တဝါ၌ နှလုံးသွင်းခြင်းကို ပြုတတ်သောကြောင့်လည်း၊ ဤဗြဟ္မဝိဟာ ရတရားကို လေးပါးသာ ဟောတော် မူပါသည် ဟူလေ။

ဤဗြဟ္မဝိဟာရတရား လေးပါးတို့၏ အစဉ်ကို အမှတ်မဲ့တပါးပါးက စ၍ မဟောမဆို၊ ရှေ့နောက်အစဉ်ကိုလည်း အမှတ်မဲ့ မထားဘဲ၊ ထိုထို

အရာတို့၌မေတ္တာကိုသာအစထား၍၊မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ ဟူသော အစဉ်အားဖြင့် အဘယ်ကြောင့် ဟောဆို လေသနည်း ဟူမူ။ ဤလေးပါးသော ဗြဟ္မဝိဟာရ တရားတို့ကို ပွါးများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်၊ ရှေးဦးစွာ သတ္တဝါတို့၏ အကျိုး စီးပွါးကို လိုလား တောင့်တသော အခြင်းအရာ အားဖြင့် ဖြစ်သည့်၏ အစွမ်းဖြင့် သတ္တဝါတို့၌ ကျင့်အပ်၏။ မေတ္တာ သည်လည်း သတ္တဝါတို့၏ အကျိုး စီးပွါးကို လိုလား တောင့်တ ရှက်ဆောင်သော အခြင်းအရာ အားဖြင့် ဖြစ်ခြင်း လက္ခဏာရှိသည်။ ထိုနောင် ဤသို့ တောင့်တ အပ်သော အကျိုးစီးပွါးရှိကုန်သော သတ္တဝါတို့ကို ဒုက္ခ၏နှိပ်စက်ခြင်းကို မြင်၍သော်၎င်း,အဆင့်စကား ကြား၍သော်၎င်း,မမြင်မကြားဘဲပင် ဗိတ်ဝယ်ထင်စေ ပွါးစေ၍ သော်၎င်း, ထိုဒုက္ခိတသတ္တဝါတို့၏ ဒုက္ခကိုပယ်သော အခြင်းအရာ အားဖြင့် ဖြစ်သည့်၏ အစွမ်းဖြင့် သတ္တဝါတို့၌ ကျင့်အပ်၏။ ကရုဏာသည်လည်း ထိုဒုက္ခိတ သတ္တဝါတို့၏ ဆင်းရဲခြင်းကို ပယ်သော အခြင်းအရာ အားဖြင့် ဖြစ်ခြင်း လက္ခဏာရှိသည်။ထိုနောင်မှ ဤသို့မေတ္တာဖြင့် တောင့်တ အပ်ပြီးသော အကျိုးစီးပွါး ကရုဏာဖြင့် တောင့်တ အပ်ပြီးသော ဒုက္ခမှ ပယ်ခြင်းကင်းစေခြင်းရှိကုန်သောထိုသတ္တဝါ၏ စည်းစိမ်ချမ်းသာ စီးပွါးဥစ္စာနှင့်ပြည့်စုံခြင်းကိုမြင်ကြားပွါးထင်စေ၍ထိုသတ္တဝါတို့၏ စည်းစိမ်၌ဝမ်းမြောက်ခြင်း၏အစွမ်းဖြင့်သတ္တဝါတို့၌ကျင့်အပ်၏။မုဒိတာသည်လည်း သူ့ဘပါးတို့၏စည်းစိမ်၌ ဝမ်းမြောက်ခြင်း လက္ခဏာရှိသည်။ထိုနောင်သတ္တဝါတို့၌တဖန်ပြုရန်ပြုဘွယ်ကိစ္စမရှိပြီ ဖြစ်သောကြောင့်၊လျစ်လျူရှုခြင်းဟုဆိုအပ်သောအလယ်အလတ်ဖြစ်သောအခြင်းအရာအားဖြင့် သတ္တဝါတို့၌ ကျင့်အပ်၏။ဥပေက္ခာသည်လည်း လျစ်လျူရှုခြင်း အလတ်သဘောဖြစ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိသည်။ဤသို့ သတ္တဝါ တို့၏ အကျိုးကို လိုလား တောင့်တခြင်း အစရှိသော အခြင်းအရာ ဟူသော အစွမ်းကြောင့် မေတ္တာကို ရှေးဦး အစစွာ ဟောသည်၊ ထိုနောက် ကရုဏာကို ဒုတိယ၊ မုဒိတာကို တတိယ၊ ဥပေက္ခာကို စတုတ္ထ၊ ဤသို့အစဉ်ထား၍ ဟောတော်မူသည် ဟူလေ။

အပ္ပမညာမည်ကြောင်းကိုပြခြင်း

မေတ္တာ စသော တရားလေးပါးတို့ကို ထိုထိုအရာ၌ အပ္ပမညာ ဟူ၍လည်း ဟောဆိုအပ်ကုန်၏။ ဤတရား လေးပါးတို့သည် အဘယ်ကြောင့် အပ္ပမညာ မည်ကုန်သနည်းဟူမူ။ ယသ္မာ ပန သဗ္ဗာပေတာ အပ္ပမာဏေ ဂေါစရေ ပဝတ္တန္တိ။ တသ္မာ တာ အပ္ပမညာတိ ဝုစ္စန္တိ-ဟူသော **အဋ္ဌသာလိနီအဋ္ဌကထာနှင့်အညီ**။ အတိုင်းအရှည် ပမာဏမရှိသောကြောင့် အပ္ပမာဏမည်သော သတ္တဝါပညတ် တည်းဟူသော အာရုံ၌ဖြစ်ကုန်သောကြောင့် အပ္ပမညာ မည်ကုန်သည် ဟူလေ။ ပန၊ အဘိုတပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧတာ၊ ထိုမေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ, တို့သည်။ အပ္ပမာဏေ၊ ဤရွေ့ ဤမျှဟု ပမာဏ အတိုင်းအရှည် မရှိသော။ ဂေါစရေ၊ သတ္တပညတ်တည်း ဟူသော အာရုံ၌။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ကြောင့်။ တာ၊ ထိုမေတ္တာ စသော တရားလေးပါးတို့ကို။ အပ္ပမညာတိ၊ အပ္ပမညာတို့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဤယသ္မာပန စသောပါဌ်ဖြင့် အပ္ပမာဏသဒ္ဒါကို၊ နတ္ထိပမာဏံ ဧတေသာတိအပ္ပမာဏံ-ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြု၍ အပ္ပမာဏပုဒ်အရကို အတိုင်းအရှည် ပမာဏမရှိသော သတ္တဝါပညတ်အာရုံကို ယူရမည် အဖြစ်ကိုရင်း။ အပ္ပမညာသဒ္ဒါကို၊ အပ္ပမာဏေပဝတ္တာအပ္ပမညာဟုပဝတ္တ တဒ္ဓိတ်ပြု၍ အပ္ပမာဏ ဟူသောပုဒ် နောင် ပဝတ္တအနက်၌ ဏျပစ္စည်း သက်စေ၍ အပ္ပမညာ ဟူသောပုဒ်ကို ပြီးစေရမည် အဖြစ်ကိုရင်း။ အဋ္ဌကထာဆရာ ပြတော်မူသည်။ ထိုမေတ္တာစသော တရားတို့၏ အာရုံဖြစ်သော သတ္တဝါတို့ကို၊ ထိုတရားတို့၏ တယောက် နှစ်ယောက် စသော အနည်းငယ်မျှသော သတ္တဝါကို အာရုံပြုခိုက် ဤရွေ့ဤမျှဟု ရေဆချင့်တွက်ခြင်းငှါ စွမ်းနိုင်ရာပါသည်။ ထိုသို့စွမ်းနိုင်ခဲ့ကလည်း ထိုသတ္တဝါတို့သည် အပ္ပမာဏ မမည်ရာ၊ ယင်းသို့ အပ္ပမာဏ မမည်ကလည်း ထိုတရားတို့သည် အပ္ပမာဏအာရုံ၌ဖြစ်၏ဟုယူခြင်းသည်မသင့်ရာတကား ဟူမူ။ ထိုတရားတို့၏ အာရုံဖြစ်၍ဖြစ်ကုန်သော သတ္တဝါတို့သည် အပ္ပမာ

ဏာ မည်ပါကုန်၏။ ထိုသို့မည်သောကြောင့် ထိုတရားတို့သည် အပ္ပမာဏ အာရုံရှိဖြစ်၏ ယူခြင်းသည်သင့်ပါ၏ ဟူလေ။

ထိုတရားတို့၏ အာရုံဖြစ်သော သတ္တဝါတို့သည် အဘယ်ကြောင့် အပ္ပမာဏ မည်သနည်း ဟူပြန်မူ။ ထိုတရားတို့သည် ပမာဏကိုမယူဘဲ အလုံးစုံကို နှံ့၍ဖြစ်သောကြောင့်၊ ထိုတရားတို့၏ အာရုံဖြစ်သော သတ္တဝါတို့သည် အပ္ပမာဏမည်ပါကုန်သည်ဟူလေ။ပမာဏကိုမယူမှု၍ ဖြစ်သည်ဟူ၏။ ထိုအာရုံဖြစ်သော သတ္တဝါသည် အလွန်များသည် ဖြစ်၍ မရေတွက်နိုင်သောကြောင့် မယူလေသလော ဟူမူ။ တယောက်ထည်းသော သတ္တဝါ၏လည်း ပမာဏကိုမယူဟူလေ။ အဘယ်သို့မယူသနည်း ဟူမူ။ဤမျှလောက်သော ကိုယ်အရပ်အစိတ်၌သာ မေတ္တာစသည်ကိုပွါးစေအပ်၏ဟု မယူသည်ဟူလေ။

အပ္ပမာဏာဟိ သတ္တာ ဧတေသံ ဂေါစရဘူတာ။ ဧကသတ္တသာာပိ ဧတ္တကေ ပဒေသေ မေတ္တာဒယော ဘာဝေတဗ္ဗာတိ ဧဝံပမာဏံ အဂ ဟေတွာ သကလဖရဏဝသေနေဝ ပဝတ္တတ္တာ။ ဟူသောရင်း အဋ္ဌကထာကိုမှီ၍ ဆိုလိုက်သည်။ ဟိသဒ္ဒါ၊ မေတ္တာစသော တရားတို့၏ အပ္ပမာဏဖြစ်သော အာရုံရှိဖြစ်ကြောင်းကို ပြဆိုသော သဗ္ဗာပေတာ အပ္ပမာဏဂေါစရေပဝတ္တန္တိဟု ငါဆိုသောစကားမှန်၏။ ဧတေသံ၊ထိုမေတ္တာစသည်တို့၏။ ဂေါစရဘူတာ၊ အာရုံဖြစ်၍ ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ဧကသတ္တဿာပိ၊တယောက်ထည်းသော သတ္တဝါ၏လည်း။ ဧတ္တကေ၊ ဤမျှ ဤမျှ အတိုင်းအရှည် ရှိသော။ ပဒေသေ၊ ကိုယ်အစိတ်အရပ်၌။ မေတ္တာဒယော၊ မေတ္တာ စသည်တို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ ဣတိဧဝံ၊ ဤသို့။ ပမာဏံ၊ အတိုင်းအရှည် ပမာဏကို။ အဂဟေတွာ၊ မယူမူ၍။ သကလဖရဏဝသေနေဝ၊ အလုံးစုံ တကိုယ်လုံး၌ ပြန့်နှံ့ဘည်၏ အစွမ်းဖြင့်သာလျှင်။ ပဝတ္တတ္တာ၊ မေတ္တာစသည်တို့၏ ဖြစ်သည်၏ အဖြစ်ကြောင့်။ အပ္ပမာဏာ၊ အပ္ပမာဏမည်ကုန်၏။

ကရုဏာမုဒိတာအပ္ပမညာယောနာမ ဟူသော သင်္ဂြိုဟ်ကျမ်းစေတသိက်ပိုင်းအဖွင့်ဖြစ်သော ဋီကာကျော်၌၊အပ္ပမညာယော ဟူသောပုဒ်ကို၊ အပ္ပမာဏသတ္တာရမ္မဏတ္တာ အပ္ပမာဏာ။ တာဧဝ အပ္ပမညာ။ဟုဖွင့်ဆို

တော်မူ၏။ အပ္ပမညာဟူသောပုဒ်၌ ဏျပစ္စည်းကိုအနက်အသိမရှိ သွတ္တသာဟု ယူတော်မူသည်။ အပ္ပမာဏသတ္တာရမ္မဏတ္တာ။ ဤဧွရှုဤမှုဟု အတိုင်းအရှည် ပမာဏ မရှိသော သတ္တပညတ်လျှင် အာရုံ ရှိသည်၏ အဖြစ်ကြောင့်။ ကရုဏာမုဒိတာ၊ ကရုဏာစေတသိက်, မုဒိတာစေတသိက်တို့သည်။ အပ္ပမာဏာ၊ အပ္ပမာဏမည်ကုန်၏။ တာဝေ၊ ထိုအပ္ပမာဏမည်သော ကရုဏာ,မုဒိတာ, တို့သည်ပင်လျှင်။ အပ္ပမညာ၊အပ္ပမညာမည်ကုန်၏။ မဏိမဉ္ဇူဆရာလည်း **ဋီကာကျော်ဆရာ၏ အလိုကို ပြခြင်းငှါ**။ နတ္ထိ ပမာဏံ ဧတေသန္တိ အပ္ပမာဏာ။ သတ္တာ။ တဒါရမ္မဏာ အပ္ပမာဏာ ဥတ္တရပဒလောပေန။ တေဝ အာရမ္မဏာဘူတာ ဧတေသမတ္ထိ။ တတ္ထဝါ ဘဝါ အာရမ္မဏကရဏဝသေနာတိ အပ္ပမာဏာ။ ကာရဏူပစာရဝသေနဝါ အပ္ပမာဏာ။ တာဝေ အပ္ပမညာ သကတ္ထေ ဏျပစ္စယဝသေန။ ဟု လေးနည်း ဖွင့်ဆိုတော်မူ၏။ ထိုတွင် တဒါရမ္မဏာအပ္ပမာဏာ ဥတ္တရပဒလောပဝသေန ဟူသော ပဌမနည်းဖြင့်။ အပ္ပမာဏာအာရမ္မဏာ ဧတေသန္တိအပ္ပမာဏာ ဟုစတုတ္ထိဗဟုဗ္ဗီဟိသမာသ်ပြု၍ အပ္ပမာဏာရမ္မဏာဟု ဆိုလိုလျက်၊ အာရမ္မဏာဟူသော နောက်ပုဒ်ကိုချေ၍ ကရုဏာ, မုဒိတာ,တို့ကို အပ္ပမာဏာဆိုသည်ဟု အပ္ပမာဏသတ္တာရမ္မဏတ္တာ၊ ဟူသော ပါဌ်ဖြင့် ဋီကာကျော်ဆရာ ပြတော်မူသည်ဟု ပြသည်။တေဝါအာရမ္မဏာဘူတာ ဧတေသမတ္ထိ ဟူသော ဒုတိယနည်းဖြင့် အပ္ပမာဏာ ဧတေသမတ္ထီတိ အပ္ပမာဏာ ဟူသော အဿတ္ထိတဒ္ဓိတ်ကို ယင်းပါဌ်ဖြင့် ဋီကာကျော်ဆရာပြသည်ဟုပြသည်။ တတ္ထဝါဘဝါ အာရမ္မဏကရဏဝသေန ဟူသော တတိယနည်းဖြင့်၊ အပ္ပမာဏေသုဘဝါ အပ္ပမာဏာ ဟူသော ဘဝတဒ္ဓိတ်ကို ယင်းပါဌ်ဖြင့် ဋီကာကျော်ဆရာ ပြသည်ဟု ပြသည်။ ကာရဏူပစာရဝသေနဝါ ဟူသော စတုတ္ထ နည်းဖြင့်ကား။ အကြောင်း အာရုံဖြစ်သော သတ္တပညတ်၏ အပ္ပမာဏ ဟူသော အမည်ကို၊ အကျိုးအာရမ္မဏိက ဖြစ်သော ကရုဏာ, မုဒိတာ, တို့၌ တင်စား၍၊ ကာရဏူပစာရ အားဖြင့် ကရုဏာ, မုဒိတာ, တို့ကိုပင် အပ္ပမာဏ ဆိုသည်ဟု ယင်းပါဌ်ဖြင့် ဋီကာကျော်ဆရာ ပြသည်ဟု ပြသည်။ သကတ္ထေဏျပစ္စယဝသေန ဖြင့် အပ္ပမညာ ဟူသောပုဒ်သည်၊အပ္ပမာဏ

ပုဒ်နောင် သကဗ္ဗုဒ်ဥ ဖျေပစ္စည်း သက်၍ ပြီးသော သကဗ္ဗုတဒ္ဓိတ်ပုဒ်
တည့်ဟု ဝါဒေဝအနုမညာဖြင့်ဋီကာကျော်ဆရာပြသည်ဟုပြသည်။
ဧတေသံ၊ ထိုသတ္တဝါတို့အား။ ပမာဏံ၊ ဤဖွေ့ရှု့ဟု အတိုင်း အ
ရှည့်ပမာဏသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ အပ္ပမာဏာ၊ အပ္ပ
မာဏ မည်ကုန်၏။ သတ္တာ၊ သတ္တဝါတို့ကိုရ၏။ တဒါရမ္မဏာ၊ ထိုအပ္ပ
မာဏဖြစ်သော သတ္တပညတ်လျှင် အာရုံရှိကုန်သော ကရုဏာ, မုဒိတာ,
တို့သည်။ ဥတ္တရပဒလောပဝသေန၊အပ္ပမာဏာရမ္မဏာဟု ဆိုလိုလျက်
အာရမ္မဏ ဟူသော နောက်ပုဒ်ကိုချေသည်၏ အစွမ်းဖြင့်။ အပ္ပမာဏာ၊
အပ္ပမာဏမည်ကုန်၏။ ဝါ တနည်းကား။ ဧတာသံ၊ ထိုကရုဏာမုဒိတာ
တို့အား။ အာရမ္မဏဘူတာ၊ အာရုံဖြစ်၍ဖြစ်ကုန်သော။ တေအပ္ပမာဏာ၊
ထိုအပ္ပမာဏဖြစ်သော သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိတသ္မာ၊
ကြောင့်။ အပ္ပမာဏာ၊ မည်ကုန်၏။ ဝါ၊ တနည်းကား။ ယာ၊ အကြင်ကရု
ဏာ, မုဒိတာ, တို့သည်။ ဘဂ္ဂတေသုအပ္ပမာဏေသု၊ ထိုအပ္ပမာဏဖြစ်
သော သတ္တဝါတို့၌။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်း
ဖြင့်။ ဘဝါ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တာ၊ ထိုကရုဏာ,မုဒိတာ,
တို့သည်။ အပ္ပမာဏာ၊ မည်ကုန်၏။ ဝါ၊ ကား။ ကာရဏူပစာရဝသေန၊
အာရုံအကြောင်းဖြစ်သော သတ္တဝါတို့၏ အပ္ပမာဏဟူသောအမည်ကို၊
အာရမ္မဏိက အကျိုးဖြစ်သော ကရုဏာမုဒိတာတို့၌တင်စားသော ကာ
ရဏူပစာရ၏ အစွမ်းဖြင့်။ တာ၊ ထိုကရုဏာ မုဒိတာတို့သည်။ အပ္ပမာ
ဏာ၊ မည်ကုန်၏။

မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ၊ စေတိ ဣမာစတဿောအပ္ပ
မညာယောနာမ။ဟူသော နဝမပရိစ္ဆေဒကမ္မဋ္ဌာန်းပိုင်း အပ္ပမညာယော
ဟူသော ပုဒ်၏ အဖွင့်သင်္ဂြိုဟ် ဋီကာဟောင်း၌လည်း။ အပ္ပမာဏာရမ္မ
ဏတ္တာ အပ္ပမာဏဖလတ္တာစ အပ္ပမာဏာ၊ တာယေဝအပ္ပမညာ။ ဟုဖွင့်
ပြတော်မူ၏။ဤဋီကာဟောင်း ဆရာအလိုသော် အပ္ပမာဏ ရမ္မဏတ္တာ
ဟူသော ဍှေပဟိတ်ဖြင့် မဏိမဉ္ဇူဆရာ ဆိုသည်အတိုင်း၊ နည်းလေးပါး
တို့ကိုပြသည် ဟူ၍ပင်ယူ။ အပ္ပမာဏ ဖလတ္တာ ဟူသော နောက်ဟိတ်
ဖြင့် အပ္ပမာဏသဒ္ဒါ ကို၊နည့်ပမာဏံဧတေသန္တိ အပ္ပမာဏာနိဟုစတုတ္ထီ

ဗဟုဗ္ဗီဟိပြု၍ မေတ္တာစသော ဗြဟ္မဝိဟာရ၏ အကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ် စသည်တို့ကို ကောက်လေ။ ထို့နောင် အပ္ပမာဏာနိ ဖလာနိ ဧတေသန္တိ အပ္ပမာဏာနိ ဟုစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြု၍၊ အပ္ပမာဏဖလာဟူအဝိလျက် ဖလဟူသော နောက်ပုဒ်ကိုချေ၍ အပ္ပမာဏာဆိုသည်ဟု ပြသည်။

တနည်းလည်း။ အပ္ပမာဏဖြစ်သော အကျိုးကိုဟောသော အပ္ပမာဏ ဟူသော ပုဒ်နောင် အဿတ္ထိ အနက်၌ ဏပစ္စည်း သက်စေ၍၊ အပ္ပမာဏာနိ ဧတာသံအတ္ထိတိအပ္ပမာဏာဟု အဿတ္ထိ ပြုလေဟု ယင်းသည် နောက်ဟိတ်ဖြင့် ဋီကာဟောင်းဆရာပြသည်။ တနည်းလည်း၊ အပ္ပမာဏာနိ နိဗ္ဗတ္တေန္တီတိ အပ္ပမာဏာ ဟု နိဗ္ဗတ္တေန္တီတဒ္ဓိတ်ပြု၍ အပ္ပမာဏ ပုဒ်နောင် နိဗ္ဗတ္တေန္တိ အနက်၌ ဏပစ္စည်းသက်၍ အပ္ပမာဏာ ပြီးသည်ဟု ပြသည်။ တနည်းလည်း၊ အကျိုး ဝိပါက် နာမက္ခန္ဓာ စသော အကျိုး၏ အပ္ပမာဏ ဟူသော အမည်ကို၊ အကြောင်းဖြစ်သော မေတ္တာ စသော ဗြဟ္မဝိဟာရ လေးပါး၌တင်စား၍၊ ထိုဗြဟ္မဝိဟာရ လေးပါးကိုပင် အပ္ပမာဏဆိုသည်ဟုပြသည်။ အပ္ပမညာဟူသောပုဒ်ကို ဗြဟ္မဝိဟာရ တရားလေးပါးတို့ကိုဟောသော အပ္ပမာဏပုဒ်နောင် သကတ္ထ၌ ဏျပစ္စည်း သက်၍ အပ္ပမညာ ပြီးသည်ဟု တာယေဝအပ္ပမညာ ဖြင့် ဋီကာဟောင်း ဆရာပြသည်။ ဤဇွေ့ရှေ့၌မှုဟု ချင့်ဆပိုင်းခြား ရေတွက်ခြင်းငှါ မစွမ်းနိုင်အောင် မြားမြောင်လှစွာသော အကျိုးအာနိသင်ကို၊ ဤဗြဟ္မဝိဟာရ ကုသိုလ်တို့သာဖြစ်စေနိုင် ပေးစွမ်းနိုင်သည်မဟုတ်၊ယင်းမှတပါးသော ကုသိုလ်တို့သည်လည်း ဖြစ်စေနိုင် ပေးစွမ်းနိုင်သောကြောင့်၊ ဤဗြဟ္မဝိဟာရ ကုသိုလ်ကိုသာ ထူးခြားကွက်စိတ်၍ အပ္ပမာဏအကျိုးရှိသောကြောင့်၊အပ္ပမာဏမည်သည်ဟု မဆိုသင့်ပြီဟု နှလုံးထား၍ ဋီကာဟောင်းဆရာ ပြဆိုအပ်သော ဟိတ်နှစ်ချက်တွင် ပဌမဟိတ်ကိုသာယူ၍ အပ္ပမာဏဖလတ္တာစ ဟူသော ဒုတိယဟိတ်ကို ဋီကာကျော်ဆရာယူတော်မမူလေသည်။

ပဏ်ဏတ္တိပဏ်ဏ ဟုညွှန်၌ ပေါက်ရောက်တတ်သောကြောင့် ကြာသည် ပဏ်ဏ မည်သည် ဟူရာ၌ ကြာသာ ညွှန်၌ ပေါက်သည် မဟုတ်၊

ဟင်းရံ့ ကတောက် စသည်တို့လည်း ညွန်နှစ် ပေါက်ရောက် သည့်ပင်၊ သို့သော်လည်း ပက်ဇဟူသော အမည်သည်၊ဟင်းရံ့စသည်တို့၌ မထင်ကြာ၌သာ ထင်သောကြောင့်၊ အထင်ရှဋ္ဌိ အားဖြင့် ကြာကိုသာ ပက်ဇဟူသကဲ့သို့၊ ဗြဟ္မဝိဟာရတရား ကုသိုလ်တို့သာ အပ္ပမာဏ အကျိုးကို ဖြစ်စေ နိုင်သည် မဟုတ်၊ တပါးသော ကုသိုလ်တို့လည်း ၎င်းအကျိုးကို ဖြစ်စေနိုင် ပေးစွမ်းနိုင် သော်လည်း၊ အပ္ပမာဏ ဟူသော အမည်သည် တပါးသော ကုသိုလ်တို့၌ မထင်၊ ဗြဟ္မဝိဟာရ ကုသိုလ် တို့၌သာ ထင်သည်ဖြစ်၍ အထင်ရှဋ္ဌိ အားဖြင့်၊ အပ္ပမာဏဖလတ္တာစ အပ္ပမာဏာ-ဟု ဋီကာဟောင်းဆရာဆိုသည်ဟုယူ၊ဤမေတ္တာစသောဗြဟ္မဝိဟာရတရား လေးပါး တို့သည်၊ အကျိုးကို ဖြစ်စေတတ် ဖြစ်စေနိုင်သော ကုသိုလ်တို့နှင့်သာ ယှဉ်သည်မဟုတ်၊ အကျိုးကိုမဖြစ်စေတတ် မဖြစ်စေနိုင်သော ဝိပါက်ကြိယာတို့နှင့်လည်း ယှဉ်သည်သာ ဖြစ်သောကြောင့်လည်း၊အပ္ပမာဏဖလတ္တာ- ဟူသော ဒုတိယဟိတ်ကို ဋီကာကျော် ဆရာမယူလေသည်။

ဤသဗ္ဗိုဟ် ဋီကာဟောင်းဆရာ၊ ဋီကာကျော်ဆရာ၊ မဏိမဉ္ဇူဆရာတို့၏စကားသည်။ အဌသာလိနီ အဌကထာနှင့်မညီ အဘယ်သို့မညီသနည်းဟူမူ။ အဌသာလိနီ၌ ဤမေတ္တာ စသည်တို့ကို၊ အဘယ်ကြောင့် ဝိဘင်း ပါဠိတော်၌ အပ္ပမညာဟု ဟောတော် မူလေသနည်း ဟူ၍။ ဝိဘင်္ဂေစ ကသ္မာ အပ္ပမညာတိ ဝုတ္တတိ-ဟု ကထေတုကမျတာ ပုစ္ဆာဖြင့် မေး၍။ပဝတ္တနတော့စ အပ္ပမာဏေ၊တာဂေါစရေ ယေန တဒပ္ပမညာ-ဟု အကျဉ်းသင်္ဂဟ အားဖြင့် ဖြေပြီး၍ တဖန်အကျယ် အားဖြင့်။ ယသ္မာပန သဗ္ဗာပေတာ အပ္ပမာဏေ ဂေါစရေ ပဝတ္တန္တိ။ တသ္မာ အပ္ပမညာတိ ဝုတ္တတိ။အပ္ပမာဏာဟိ သတ္တာ တာသံ ဂေါစရဘူတာ-ဟု အကျယ် အားဖြင့်ဖြေပြတော် မူသည်။ကသ္မာစ၊အဘယ်ကြောင့်လည်း။ဝိဘင်္ဂေ၊ဝိဘင်းကျမ်း၌။ အပ္ပမညာတိ၊အပ္ပမညာဟူ၍။ ဝုတ္တတိ၊ဟောတော် မူအပ်သနည်း။ ယေနကာရဏေန၊ အကြင် အကြောင်းကြောင့်။ ယာ၊ အကြင် မေတ္တာ စသည်တို့သည်။ အပ္ပမာဏေ၊အတိုင်းအရှည်မရှိသော။ ဂေါစရေ၊သတ္တဝါ ပညတ် ဟူသော အာရုံ၌။ပဝတ္တန္တိ၊ဖြစ်ကုန်၏။တံတေနကာရဏေန၊

ထိုအကြောင်းကြောင့်။ ဘာ၊ ထိုမေတ္တာ စသည့်တို့ကို။ အပ္ပမညာတိ၊အပ္ပမညာ ဟူ၍။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။ **ကြွင်းအနက်မှာ နောက်ကဆိုခဲ့ပြီ။**

ဤအဋ္ဌကထာ၌ အပ္ပမာဏအရကို သတ္တဝါပညတ်ကိုသာ ယူ၍ ဏျပစ္စည်းကို ပဝတ္တအနက်ယူ၍ ထိုအပ္ပမာဏ ဖြစ်သောသတ္တပညတ်အာရုံ၌ဖြစ်သောမေတ္တာစသည်ကို အပ္ပမညာဟူ၍သာဆိုတော်မူသည်။ဋီကာဆရာတို့ကာ, အပ္ပမာဏအရကို မေတ္တာစသည်ကိုလည်းကောက်ယူ၍ ဏျပစ္စည်းကိုလည်းအနက်မရှိဟုယူတော်မူကြသည်။ဤသို့မညီသည်ဟူလေ။ နညာ်ပမာဏံဝေတေသန္တိ အပ္ပမာဏာ-ပြု၍ သတ္တပညတ်ကို ဟောသော အပ္ပမာဏသဒ္ဒါနောင်ပဝတ္တအနက်၌ ဏျပစ္စည်းကြံ၍ အပ္ပမာဏော ပဝတ္တာအပ္ပမညာ-ဟုအဋ္ဌကထာနှင့်အညီ တကြိမ်တခါတည်းပြု၍ပင်ပြီးကောင်းလျက် မပြီးရ၊ အဆင့်ဆင့် အခါခါ ပြုရသဖြင့် အကျိုးအထူးမရှိ နိရတ္ထကသာ ဖြစ်ရာ သောကြောင့်၎င်း, ပြဆိုခဲ့ပြီးသော အဋ္ဌကထာနှင့်မညီသောကြောင့်၎င်း,ထိုထိုအဋ္ဌကထာ ဋီကာဆရာတို့ ဖွင့်ဆိုကြသည်အတိုင်း ဆိုရိုးဆိုနည်း မကျသောကြောင့်၎င်း,အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံတွင် တပုံတရာ၌မျှ၊ မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ,တို့ကို အပ္ပမာဏ ဟူသော အမည်တို့ဖြင့် ဟောဆိုတော်မူကြသော စကားမရှိသောကြောင့်၎င်း,ထိုသဂြိုဟ်ဋီကာဟောင်းဆရာဋီကာကျော်ဆရာ,မဏိမဉ္ဇူဆရာ,တို့၏ စကားကို ဆင်ခြင်အပ်၏။

တနည်းသည်း။ဤအပ္ပမာဏာရမ္မဏာတ္တာ အပ္ပမာဏဖလတ္တာစ အပ္ပမာဏာ။ တာယေဝအပ္ပမညာ-ဟူသော သဂြိုဟ် ဋီကာဟောင်း စကားသည် ၎င်းဆရာ ရေးသားရင်း စကားမဟုတ်။ အပ္ပမာဏ သတ္တာရမ္မဏတ္တာ အပ္ပမာဏာ။ ဘာဝေ အပ္ပမညာ-ဟူသော ဋီကာကျော် စကားလည်း ၎င်းဆရာ ရေးသားရင်း စကားမဟုတ်။ နောက်သားတို့ အဆင့်ဆင့် ရေးကူးသောအခါ ချွတ်ယွင်း ရေးသားမိသည် သော်လည်း ဖြစ်ရာသည်။ နောက်ကြည့်ရှု ပုံချသောဆရာတို့ မိမိတို့သဘောအလျောက် ပြုပြင်ရေးသားသည်သော်လည်းဖြစ်ရာသည်။ဋီကာဟောင်းဆရာရေးရင်း

မှာ၊ အပ္ပမာဏာ ရမ္မဏာတ္တာ အပ္ပမာဏဖလတ္တာစ အပ္ပမညာ-ဟူ၍သာ ဖြစ်ရာသည်။ဋီကာကျော်ဆရာ ရေးရင်းမှာလည်း၊ အပ္ပမာဏသတ္တာရမ္မဏတ္တာ အပ္ပမညာ- ဟူ၍သာ ဖြစ်ရာသည်။ အဘယ်ကြောင့်နည်း ဟူမူ။ ဤယခု ပေတို့၌ ရှိသော စကားသည် ဋီကာဆရာတို့ ရေးဆိုရင်း စကား ဟုတ်လဲ့အံ့။ထိုဋီကာဆရာတို့ စကားသည် ကျမ်းတစောင်တည်း၌ပင် ရှေ့နောက် အောက်ထက် မညီရှိရာခဲ့သည်၊အဘယ်ကြောင့် မညီရာသနည်း ဟူမူ။ သင်္ဂြိုဟ် ဋီကာဟောင်းဝယ် နဝမပရိစ္ဆေဒ အဖွင့်၌သာ။ အပ္ပမာဏာရမ္မဏတ္တာ အပ္ပမာဏဖလတ္တာစ အပ္ပမာဏာ။တာယေဝအပ္ပမညာ ဟု ရှိသည်။ ဒုတိယပရိစ္ဆေဒ အဖွင့်၌သော်ကား အပ္ပမာဏ သတ္တာ ရမ္မဏတ္တာ အပ္ပမညာ-ဟူ၍သာ ကျမ်းတပါးတို့နှင့် အညီပင်ရှိသည်။ ဋီကာကျော်၌လည်း ဒုတိယပရိစ္ဆေဒ အဖွင့်၌သာ၊ အပ္ပမာဏ သတ္တာ ရမ္မဏတ္တာ အပ္ပမာဏာ။တာဝေအပ္ပမညာဟုရှိသည်။နဝမပရိစ္ဆေဒ အဖွင့်၌သော်ကား။ အပ္ပမာဏ သတ္တာရမ္မဏတ္တာ အပ္ပမညာ-ဟူ၍သာ ကျမ်းတပါးတို့နှင့် အညီပင်ရှိသည်။ထို့ကြောင့် ထိုစကားတို့ကို ဋီကာဆရာတို့ ရေးရင်း စကားဟု ယူခဲ့သော် ရှေ့နောက် အောက်ထက် မညီရာသည် ဟူလေ။ သို့သည့် ကျမ်းပြု ဆရာ၏ စကားဖြစ်၍ ရှေ့နောက် အောက်ထက်မညီ၊အနက်အဓိပ္ပါယ် တမျိုးတည်း၌ပင် ကွဲပြားမရှိရာဖြစ်၍ ဋီကာဆရာတို့ရေးဆိုရင်း စကားမဟုတ်၊နောက်မှပြုပြင်ရေးမှားသော စကားဟူ၍သာ မှတ်ယူသင့်သည်။ မဏိမဉ္ဇူဆရာလည်း ဋီကာပါဠိရှိသည်အတိုင်း ညီလျော်အောင်သာ များစွာသော နည်းတို့ဖြင့် ဖွင့်ပြတော် မူလေသည်။တနည်းလည်း၊ သောတုဇနတို့ အထူးထူးသော သဒ္ဒနယ၌ စိန္တာမယဉာဏဝဍ္ဎန အကျိုးငှါ နှစ်ထွေနှစ်ပါး တခြားတပုံစီ ဋီကာဆရာတို့ ဖွင့်ဆိုတော်မူကြ လေသည်ဟုယူ။

ပညိန္ဒြေစေတသိက်၏သဘောလက္ခဏာကိုပြခြင်း

ပညိန္ဒြေစေတသိက်မှာ။အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်သည်။အဘယ်သို့သော အပြားအားဖြင့် အဘယ်ကိုသိတတ်သနည်း

ဟူမူ။ ဤတရားတို့ကား စင်စစ်ကေန် ဒုက္ခမှန်၏။ ဤတရားကား စင်စစ်ကေန် ဒုက္ခ၏ ဖြစ်ကြောင်း သမုဒယမှန်၏။ ဤတရားကား စင်စစ်ကေန် ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်နိရောဓမှန်၏။ ဤတရားတို့ကား စင်စစ်ကေန် နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း မဂ္ဂ မှန်၏ဟု ဒုက္ခ, ဒုက္ခသမုဒယ, စသော အပြားဖြင့် အရိယသစ္စာတို့ကို သိတတ်သည် ဟူလေ။

တနည်းလည်း။ထိုထိုရုပ်နာမ် တရားတို့ကို သိစေတတ် ပြတတ် ထင်ရှားသည်ကို ပြုတတ်သောကြောင့် ပညာမည်သည်။ အဘယ်သို့ သိစေတတ် ပြတတ် ထင်ရှားပြုတတ် သနည်း ဟူမူ။ ဤတရား တို့ကား မချုပ်မပျက်ဘဲ အမြဲတည်သော နိစ္စ မဟုတ်၊ ချုပ်တတ် ပျက်စီး တတ်သော မမြဲသော အနိစ္စသာတည်း။ တရံတဆစ်မျှ ချမ်းသာခြင်းမရှိ ဒုက္ခ အတိသာတည်း။ဤတရားတို့ကား ဖောက်ပြန်ပျက်စီးခြင်းမရှိဘဲ အကျိတ်အခဲ အမြဲတည်ပါစေ စသည်ဖြင့် ကြံစည် တောင့်တ သော်လည်း တောင့်တ တိုင်းမတည်၊တရံတယော်သောသူ၏ အလိုသို့မျှမလိုက်ဖောက်ပြန်ပျက် စီးခြင်း သဘောရှိသည်အတိုင်း ဖောက်ပြန် ပျက်စီးသည်သာဖြစ်၍ တန်ခိုးကြီးသော နတ်,ဗြဟ္မာ,သာဝက,ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် တို့ပင်သော်လည်း အစိုးမရအနတ္တသာတည်း-ဟူ၍ သိစေတတ် ပြတတ် ထင်ရှား သည်ကို ပြုတတ်သည် ဟူလေ။ လောက၌ တယောက်သော ယောက်ျားသည် တိုင်းပြည်ကို လုယူ တိုက်ခိုက် ဖျက်ဆီး တတ်သော သူပုန်ရန်သူတို့ကို နှိပ်စက်လွှမ်းမိုး အောင်မြင်သဖြင့် တိုင်းပြည်ကို အစိုး ရသောကြောင့်၊ ပြည်ကြီး သေဌ်နင်း မည်သကဲ့သို့၊ ထိုပညာ သည်ပင် အဝိဇ္ဇာ တည်းဟူသော ရန်သူကို နှိပ်နင်းလွှမ်းမိုး အောင်မြင်သဖြင့် သမ္ပယုတ် တရားတို့၌ အစိုးရသောကြောင့် ဣန္ဒြေ မည်ရကား ပညိန္ဒြေ မည် သည်။တနည်းလည်း၊လက်သမားမှုစသောတရံတခုသောအမှုကိုပြုရာ၌ ထိုအမှု၌ ကျွမ်းကျင်လိမ္မာသော သူသည်၊မိမိမှတပါးသော လက်သမား အလုပ်သည်တို့ကို ဤအမှုကို ပြုသောအရာ၌ သင်သည် ငါတို့၏အပေါ်၌ အကြီး အကဲ ဆရာ ဖြစ်ပါလောဟု မိမိကိုယ်ကို ထိုသူတို့၏ အပေါ်၌ အကြီးအမှူးဆရာ၏ အဖြစ်ကိုပြုစေ,ဆရာမြှောက်စေ,သကဲ့သို့၊ထိုပညာ သည်ပင် တရားတို့ကို မဖောက်မပြန် ဟုတ်မှန်စွာ သိခြင်း လက္ခဏာ၌

ငါ့ကိုအစိုးရသူအဖြစ်ဖြင့် တင်ထားကြလောဟုမစေခိုင်းသော်လည်း စေခိုင်းဘိသကဲ့သို့ဖြစ်၍ ဒဿနလက္ခဏာ၌ မိမိ၏အစိုးရသည်၏အဖြစ်ကို၊ သမ္ပယုတ် တရားတို့ကို ပြုစေတတ် သောကြောင့် ဣန္ဒြေလည်း မည်ဖြန် ရကား ပညိန္ဒြေ မည်သည် ဟူလေ။

ထိုပညာသည် အရောင်အလင်းကို ဖြစ်စေခြင်းလက္ခဏာရှိ၏။အဘယ် သို့အရောင်အလင်းကို ပြုသနည်းဟူမူ။ နံရံလေးဘက်ရှိသော တိုက်ခန်း တွင်း၌ ညဥ့်မိုက်သော အခါဝယ် ဆီမီးညှိထွန်းသည် ရှိသော်၊ ထိုဆီမီး သည် အမိုက်တိုက်မှောင်အပေါင်းကိုပယ်ဖျောက်ဖျက်ဆီးသကဲ့သို့ရှင်း, မီးရောင်ကို ဖြစ်စေသကဲ့သို့ရှင်း, အလင်းကိုပြုသကဲ့သို့ရှင်း, ရူပါရုံတို့ကို ထင်ရှားသည်ကိုပြုသကဲ့သို့ရှင်း,ပညာသည် မိမိဖြစ်သည်ရှိသော် အဝိဇ္ဇာ တည်းဟူသော မှောင်ကို ဖျက်ဆီး ပယ်ဖျောက်သည်။ ဝိဇ္ဇာ တည်းဟူ သော အရောင်ကိုဖြစ်စေသည်။ဉာဏ်တည်းဟူသောအလင်းကိုပြုသည်။ အရိယသစ္စာတို့ကို ထင်ရှားအောင်ပြုသည်။ ဤသို့အရောင်အလင်းကို ပြု သည်ဟူလေ။

လရောင်, နေရောင်, မီးရောင်, ပညာရောင်, ဟူသောအရောင်လေးပါး တို့တွင်။ ပညာရောင်သည် အမြတ်ဆုံးဟု ဟောတော်မူသောကြောင့်၊ ပညာရောင်နှင့် တူသော တပုံတခုသော အရောင်မည်သည်မရှိပြီ။ အ ဘယ်ကြောင့် ပညာရောင်သည် အမြတ်ဆုံး၊ ပညာရောင်နှင့် တူသော အရောင်မရှိဟု ဆိုရလေသနည်းဟူမူ။ မီးရောင်သည် အနီးအပါးအရပ် ၌သာ လင်းစေနိုင်သည်။ လရောင်,နေရောင်,တို့သည်လည်း အခွင့်အဆ် သင့်လှပါမှ သုံးကျွန်းမျှ၌သာလင်းစေနိုင်သည်။ ပညာရောင်မူကား အဘိ ညာဏ် ဉာဏ်ရှိသောပုဂ္ဂိုလ်သည်၊ထိုထိုစကြဝဠာသို့ ကိုယ်တိုင်မသွား မရောက်ဘဲ တခုတည်းသောအရပ် တခုတည်းသော ထက်ဝယ်ပလ္လင် ဖြင့် ထိုင်နေလျက်ပင် ထိုပုဂ္ဂိုလ်၏ ပညာရောင်သည်၊ တသောင်းသော စကြဝဠာတိုက်ကို တပြိုင်တည်း လင်းစေနိုင်သည်။ ထို့ကြောင့် ပညာ ရောင်သည် အရောင်တကာ တို့ထက် အမြတ်ဆုံး၊ ပညာရောင်နှင့် တူ သော တပုံတခုသော အရောင်မည်သည်မရှိဟု ဆိုရဆိုထိုက်လေသည် ဟူလေ။

တနည်းလည်း။ ပညာသည် အပြားအားဖြင့်သိခြင်းလက္ခဏာရှိ၏။အဘယ်သို့အပြားအားဖြင့် သိသနည်းဟူမူ။ဆေးအရာ၌ အလွန်လိမ္မာသော ဆေးဆရာသည်၊အနာရောဂါတို့ကို ထစေမြဲစေတတ်သော မသင့်သော ဆေးအစာအာဟာရဘောဇဉ် စသည်တို့ကို၎င်း, အနာရောဂါကို ကင်းပျောက် ပြေငြိမ်းစေတတ်သော သင့်သော ဆေးအစာ အာဟာရဘောဇဉ် စသည်တို့ကို၎င်း,အပြားအားဖြင့် သိသကဲ့သို့၊ပညာသည် ဖြစ်သည်ရှိသော် ဤတရားကား အပြစ်နှင့်တကွ ဖြစ်သော မကောင်းဆင်းရဲသော အကျိုးကိုပေးတတ်သော သတ္တဝါတို့ကို အပါယ်သို့ ချတတ်သော အကုသိုလ်တရားတည်း။ဤကားအပြစ်မရှိကောင်းသောချမ်းသာသောအကျိုးပေးတတ်သော သတ္တဝါတို့ကို နတ်ရွာသုဂတိသို့ တင်ရောက် စေတတ်သော ကုသိုလ်တရားတည်းဟူ၍၎င်း, ဤဒုစရိုက် အမှုတို့ကား မမှီဝဲအပ်သော ယုတ်သော မည်းညစ်သော အမှုတည်း။ ဤသုစရိုက်မှုတို့ကား မှီဝဲအပ်သော မြတ်သော ဖြူစင်သော အမှုတည်း။ ဤသို့စသော အပြားတို့ဖြင့် ဓမ္မတို့ကိုသိသည် ဤသို့အပြားအားဖြင့် သိသည်ဟူလေ။

တနည်းလည်း။ ရောဂါအပြား, ရောဂါ၏လက္ခဏာ, ရောဂါ၏ ဖြစ်ကြောင်း, ရောဂါ၏ငြိမ်းခြင်း, ရောဂါငြိမ်းခြင်း၏အကြောင်း, တို့၌အလွန်သိကျွမ်းလိမ္မာသော ဆေးဆရာသည်၊ကိုးဆဲ့ခြောက်ပါးသောရောဂါကို ဤရောဂါသည် ဤသို့လက္ခဏာရှိ၏ဟု ရောဂါ၏သဘောကိုသိသကဲ့သို့၎င်း,မည်သည့်ရောဂါသည် မည်သည့်ဓာတ် ဖောက်ပြန်ခြင်း မည်သည့်အစာကိုမှီဝဲမိခြင်းကြောင့်ဖြစ်၏ဟုရောဂါဖြစ်ခြင်း၏ အကြောင်းကိုသိသကဲ့သို့၎င်း,မည်သည့်လက္ခဏာရှိသော် မည်သည့်ရောဂါငြိမ်းပြီဟု ရောဂါ၏ငြိမ်းခြင်းကိုသိသကဲ့သို့၎င်း,မည်သည့်ရောဂါသည်မည်သည့်ဆေးအာဟာရကိုမှီဝဲသုံးဆောင်မှငြိမ်းမည်ဟူ၍ရောဂါငြိမ်းခြင်း၏အကြောင်းကို သိသကဲ့သို့၎င်း, ပညာသည် လောကီစိတ် ရှစ်ဆဲ့တခု။ လောဘမှ ဘပါး စေတသိက် ငါးဆဲ့တခု။ ရုပ်နှစ်ဆဲ့ရှစ်ခု။ ဟူသော ဤတေဘူမက သင်္ခါရ တရားတို့သည် ဒုက္ခသဘော ရှိကုန်၏ဟု ထိုတရားတို့၏ ဒုက္ခအဖြစ်ကို သိသည်။ ဤဒုက္ခသစ္စာဖြစ်သော တေဘူမက တရားတို့သည်၊ လောဘသာလျှင် ဖြစ်ကြောင်း ရှိကုန်၏ဟု အကြောင်း သမုဒယတရား

ကိုလည်းသိသည်။ ဤဒုက္ခအပေါင်းတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သည် သန္တိသဘောရှိ၏ဟု နိရောဓကိုလည်း သိသည်။ ဤဒုက္ခ၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းကား မဂ်ဝိတ်လေးချ၌ ယှဉ်သော ဤမဂ္ဂင်တရား ရှစ်ပါး တို့ပင်တည်းဟု သိသည်။ ဤသို့ အပြား အားဖြင့် သိသည် ဟူလေ။ ဘနည်းလည်း။ လေးပစ်သော အရာ၌ အလွန် လိမ္မာသော လေးသမားသည် ပစ်လွှတ်အပ်သော မြှားသည် ချွတ်ယွင်း တိမ်းပါး လွဲဖယ်မရှိ မှတ်တိုင်၌ ရူးဝင်သကဲ့သို့၊ ပညာသည် ဟုတ်မှန်သောသဘော အတိုင်းမချွတ်မယွင်း ထိုးထွင်း၍သိခြင်း လက္ခဏာရှိ၏။ ဆီမီးသည် ရူပါရုံကိုပြသကဲ့သို့ အာရုံကိုပြခြင်း ကိစ္စရှိ၏။ တောသို့သွားသောခရီး၌ အလွန်မှတ်မိသိကျွမ်း လိမ္မာသော ခရီးညွှန်ယောကျ်ားသည် လမ်း၌ မတွေဝေသကဲ့သို့ မတွေဝေသော, တွေဝေခြင်း ကင်းသော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ထင်ခြင်းရှိ၏။ သမာဓိဖြင့် တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်သည် ဟုတ်မှန်စွာ သိနိုင်သောကြောင့်၊ သမာဓိလျှင် နီးစွာသော ဖြစ်ကြောင်းရှိ၏။

မဟာပထဝီ မြေကြီးသည်၊ သတ္တဝါ အပေါင်းတို့၏ ကောင်းသော တည်ရာဖြစ်သကဲ့သို့ရင်း, အလွန်ကျယ်ဝန်းပြန့်ပြောသကဲ့သို့ရင်း, ပညာသည်လည်း ကုသိုလ်ဓမ္မတို့၏ ကောင်းသော တည်ရာဖြစ်သည်၊ အလွန်ကျယ်ဝန်း ပြန့်ပြောသည်ဖြစ်၍ မြေကြီးအလုနှင့် တူ၏။ ရိဃ်းကြိုးစက်သည်၊ ကျောက်တောင်တို့ကို ဖြိုဖျက်နှိပ်စက်ညှဉ်းဆဲသကဲ့သို့၊ ကိလေသာတို့ကို ဖြိုဖျက်နှိပ်စက်ညှဉ်းဆဲတတ်သောကြောင့် ရိဃ်းကြိုးစက်နှင့်လည်းတူ၏။မိမိမှီရာပုဂ္ဂိုလ်ကို အတ္တဟိတဖြစ်သော မိမိအကျိုးစီးပွါးကို ကျင့်ခြင်း၌၊ ညွှတ်စေဘတ် ဆောင်တတ်သောကြောင့်ရင်း, မိမိနှင့် သမ္ပယုတ်ဖြစ်သော ဘရားတို့ကို မဖောက်မပြန် ဟုတ်မှန်တိုင်းသောသဘော လက္ခဏာကို ထိုးထွင်း၍ သိခြင်း၌၊ ညွှတ်စေတတ် ဆောင်တတ်သော ကြောင့် ုင်း, ရှေ့ဆောင် ရှေ့ညွှန် နှင့်လည်း တူ၏။ လမ်မဟုတ် လမ်းကောက်လမ်းမှားသို့ သွားသောသိန္ဓောမြင်းတို့ကို၊ လမ်းမှန်လမ် ဖြောင့်သို့ ာက်သွားစေပ်မ့်သောဂျါထိုးဆွမောင်းနှင်သော နှင်တံကဲ့သို့၊မကောင်းသောလမ်းကောက်လမ်းမှာ လမ် မဟုတ်ရာသို့ပြေ သွားသောကောက်

ကျစ်သောစိတ်ကို၊ လမ်းဖြောင့် လမ်းမှန်သို့ တက်သွားစေမှသော၄၊ ထိုး ဆွဘတ်သောကြောင့်၊ သိန္ဓောမြင်းကို မောင်းနှင်သော နှင်တံနှင့်လည်း တူ၏။ ကိလေသာ တို့ကို ဖြတ်တတ် သောကြောင့် ရန်သူ၏ ဦးခေါင်းကို ဖြတ်တတ်သော ထားသန်လျက် လက်နက်နှင့်လည်းတူ၏။ လေးထောင့် ပြာသာဒ်သည် ခပ်သိမ်းသော ဇိမ်ကျောင်း စသော အဆောက်အဦတို့ ထက် ငွါးငွါးစွင့်စွင့် မြင့်တက်သကဲ့သို့၊ အလုံးစုံသောတရားတို့ထက်မြင့် မြတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ လေးထောင့် ပြာသာဒ်နှင့် လည်းတူ၏။

စကြဝတေးမင်း၏ စကြာရတနာသည်၊ သူခပ်သိမ်းတို့အား ချစ်နှစ် သက်ခြင်းကို ပြုတတ်ပေးတတ် ဖြစ်စေတတ်သောသဘော,ရှိသေလေး မြတ်ပြုအပ် ပြုထိုက်သောသဘော, နှစ်ကာလဝေးကွာ ဘုရားတခါမှ ဖြစ် ပေါ်သောကြောင့် အလွန်ရခဲသောသဘော, နှစ်ချပြိုင်၍ ဖြစ်ပေါ်ခြင်းမရှိ ရကား၊ တုဘက် မရှိခြင်းသဘော, စကြာမင်းတို့သာ သုံးဆောင်ထိုက် သည်ဖြစ်၍ မြတ်သောပုဂ္ဂိုလ်တို့သာ သုံးဆောင်ထိုက်သော သဘော, ရှိသကဲ့သို့၊ ဤမဂ္ဂသည်လည်း ချစ်နှစ်သက်ခြင်းကို ပြုတတ် ပေးတတ် ဖြစ်စေတတ် သည်၏ အဖြစ် တည်းဟူသော သဘောရှိသည်၏ အဖြစ်, အလေးအမြတ်ပြုအပ်သည်၏အဖြစ်, အလွန်ဖြစ်ခဲ၍ ရခဲလှသည်၏အဖြစ်, တုဘက်မရှိသည်၏အဖြစ်, မြတ်သော ပုဂ္ဂိုလ်တို့သာ သုံးဆောင် ထိုက် သည့်၏အဖြစ်ကြောင့်, စကြဝတေးမင်း၏ စကြာရတနာနှင့်လည်းတူ၏ ဟူ၍မှတ်လေ။

သဘောသဘာဝ်ပညတ်ခြေဘာသိုအကျသိုလ်နှင့်မယှဉ်သည်ကိုပြခြင်း

ဤပြဆိုခဲ့ပြီးသော စေတသိက်တို့တွင် မိဿကမဂ်ကိုပြဆိုသော အ ရာ အခရှိသည်တို့၌၊ ဝိတက်ကို သမ္မာသင်္ကပ္ပ, မိစ္ဆာသင်္ကပ္ပ, ဟုနှစ်ပါး။ ဝိရိယကိုလည်း သမ္မာဝါယာမ, မိစ္ဆာဝါယာမဟုနှစ်ပါး။ ဧကဂ္ဂတာကို လည်း သမ္မာသမာဓိ, မိစ္ဆာသမာဓိ ဟု နှစ်ပါးစီ ဝေဘန်ခွဲယူရသကဲ့သို့၊ သတိစေတသိက်ကိုလည်း သမ္မာသတိ, မိစ္ဆာသတိ,ဟူ၍ နှစ်ပါးဝေဘန်

သင့် ခွဲယူသင့်ပါသည် မဟုတ်လော ဟူငြားအံ့။ ဝိတက်, ဝိရိယ, ဆန္ဒ တာ, စေတသိက်တို့သည်၊မဟာကုသိုလ် အစရှိသော သောဘဏစိတ်, အကုသိုလ်ဟူသော အသောဘဏစိတ်အားဖြင့် နှစ်မျိုး နှစ်ပါးသော စိတ်တို့၌ယှဉ်ကုန်သည်၊ထိုတွင်သောဘဏစိတ်၌ယှဉ်ခိုက်သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသမာဓိ, မည်ကုန်သည်။ အကုသိုလ် ဖြစ်သော အသောဘဏစိတ်၌ ယှဉ်ခိုက် မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ, မည်ကုန်သည်ဖြစ်၍၊ ထိုဝိတက်, ဝိရိယ, ဆန္ဒတာ, တို့ကို နှစ်ပါးစီ ဝေဘန် ခွဲယူရသည်။ သတိစေတသိက်မူကား ယင်းတို့ကဲ့သို့ မယှဉ်၊ သောဘဏ စိတ်နှင့်သာယှဉ်၍ အကုသိုလ်စိတ်နှင့် မယှဉ်သောကြောင့် နှစ်ပါးမခွဲမယူသင့်သည် ဟူလေ။

မှားသောအမြင် အယူရှိကုန်သော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ် စသည်တို့သည် မိမိတို့ ပြုအပ်ပြီးသောအမှုကို အောက်မေ့နိုင်ပါကုန်သည် မဟုတ်လော၊ ထိုသို့အောက်မေ့ခြင်းသည်သတိပင်ဖြစ်ပါသည်မဟုတ်လော၊သတိဖြစ်က လည်းထိုသတိသည် အကုသိုလ်စိတ်တို့နှင့်လည်းယှဉ်ရပါသည်မဟုတ် လော ဟူပြန်ငြားအံ့။ အောက်မေ့နိုင်ကုန်၏၊ ထိုသို့အောက်မေ့ခြင်းမူကား သတိမဟုတ်၊ ထိုအောက်မေ့သော အခြင်းအရာအားဖြင့် အကုသိုလ်စိတ် တို့၏ ဖြစ်ခြင်းသာတည်း၊ထို့ကြောင့် သတိစေတသိက်သည် အကုသိုလ် စိတ်တို့နှင့် မယှဉ်သည်သာ ဟူလေ။

သုတ္တန်ပါဠိတော်၌ကား။ မိစ္ဆာသတိဟု ဟောတော်မူပါသည် မဟုတ် လော ဟူမူ။ ဟောတော်မူ၏၊ ထိုသို့ဟောတော် မူခြင်းသည်ကား၊ အကု သိုလ် ခန္ဓာတို့၏ သတိမှကင်းသည်၏အဖြစ်၊ သတိ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်၊မိစ္ဆာမဂ်မိစ္ဆတ္တတို့ကို ပြည့်စေခြင်း၌ ပရိယာယ်အားဖြင့် သာ ဟောတော် မူသည်။ မုချအားဖြင့် ဟောတော်မူသည် မဟုတ်၊ ထို ကြောင့် သတိသည် အကုသိုလ်စိတ်တို့နှင့် မယှဉ်သည်သာဟု မှတ်အပ် သည်ဟူလေ။ ဤစောဒနာသောဓနာစကားရပ်များကို။

အသတိယစ္စေတ္ထပန သတိ နဋ္ဌိတိ နဂဟိတာ။ ကိံ ဒိဋ္ဌိဂတိကာ အတ္တနော ကတကမ္မံ နသရန္တိတိ၊ သရန္တိ။ သာပန သတိ နဟောတိ၊ ကေဝလံ တေနာကာရေန အကုသလစိတ္တပ္ပဝတ္တိ။ တသ္မာ သတိ နဂဟိ

တာ။ အထ ကသ္မာ မိစ္ဆာသတိတိ သုတ္တန္တေ ဝုတ္တာ။ သာပန အကုသလက္ခန္ဓာနံ သတိဝိရဟိတတ္တာ သတိပဋိပက္ခတ္တာစ မိစ္ဆာမဂ္ဂမိစ္ဆတ္တာနံ ပူရဏတ္ထံ တတ္ထ ပရိယာယေန ဒေသနာ ကတာ။ နိပ္ပရိယာယေနပနေ သာနတ္ထိ။ တသ္မာ နဂဟိတာ။

ဟူသော **အဋ္ဌသာလိနီအဋ္ဌကထာကိုမှီ၍ ပြဆိုလိုက်သည်**။ အသတိယံစိတ္တေ၊ သတိတရားမှ လွတ်ကင်း၍ အလျှင်းပင် သတိနှင့် မယှဉ်သော အကုသိုလ်စိတ်၌။ သတိ၊ သမ္မယုတ် ဖြစ်သော သတိ စေတသိက်သည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ထိုသို့အကုသိုလ်စိတ်၌ သမ္မယုတ်ဖြစ်သော သတိ စေတသိက် မရှိသည့်၏ အဖြစ်ကြောင့်။ သတိ၊ သတိကို။ နဂဟိတာ၊ မိစ္ဆာမဂ်အရာ စသည်၌ယူတော်မမူအပ်။ ဒိဗ္ဗဂတိကာ၊ များသောအမြင် အယူရှိကုန်သော မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်တို့သည်။ အတ္တနော၊ မိမိ၏။ ဝါ၊ မိမိသည်။ ကတကမ္မံ၊ ပြုအပ်ပြီးသောအမှုကို။ နသရန္တိကိံ၊ မအောက်မေ့နိုင်ပါကုန်သလော။ ဣတိ၊ ဤသို့မေးငြားအံ့။ သရန္တိ၊ အောက်မေ့နိုင်ကုန်၏။ ပန၊ ထိုသို့ပင် အောက်မေ့နိုင်ကုန် သော်လည်း။ သာ၊ ထိုမိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်တို့၏ မိမိပြုအပ်ပြီးသောအမှုကိုတဖန်လျှောက်၍ အောက်မေ့ခြင်းသည်။ သတိ၊ သတိစေတသိက်သည်။ နဟောတိ၊မဖြစ်။ ကေဝလံ၊သတိစေတသိက်နှင့် မရောမရှက်သက်သက်။ တေနာကာရေန၊ ထိုအောက်မေ့သော အခြင်းအရာအားဖြင့်။ အကုသလစိတ္တပ္ပဝတ္တိ၊ အကုသိုလ်စိတ်၏ ဖြစ်ခြင်းသာဘည်း။ တသ္မာ၊ ထိုသို့မိစ္ဆာဒိဋ္ဌိတို့၏ မိမိတို့ပြုပြီး အမှုကို တဖန် ပြန်လျှောက်၍ အောက်မေ့ခြင်း၏ သတိမဟုတ် ထိုအောက်မေ့သော အခြင်းအရာ အားဖြင့် အကုသိုလ်စိတ်၏ ဖြစ်ခြင်းမျှသာ ဖြစ်သောကြောင့်။ သတိ၊ကို။ နဂဟိတာ၊အပ်။ သတိ၊ကို။ ယဒိနဂဟိတာ၊အကယ်၍ မယူအပ်သည်ဖြစ်အံ့။ အထ၊ ထိုသို့မယူအပ်သည် ရှိသော်။ ဝါ၊ ထိုသို့မယူအပ်ခဲ့က။ ကသ္မာ၊ အဘယ်ကြောင့်။ သုတ္တန္တေ၊ သုတ္တန်ပါဠိတော်၌။ မိစ္ဆာသတိတိ၊ မိစ္ဆာသတိဟူ၍။ ဝုတ္တာ၊ဟောတော်မူအပ်သနည်း။မိစ္ဆာသတိတိ၊ ဟူ၍။ သုတ္တန္တေ၊ ၌။ ကိဥ္စာပိဝုတ္တာ၊ အကယ်၍ကားဟောတော်မူအပ်၏ရှင့်။ ပန၊ ထိုသို့ပင်ဟောတော်မူအပ်သော်လည်း။ သာဒေသနာ၊ ထိုမိစ္ဆာသတိသံတိဋ္ဌတိ ဟူသော သုတ္တန် ဒေသနာတော်ကို။ အကုသ

လက္ခဏ္ဍခံ၊ အကုသိုလ် ဖြစ်ကုန်သော နာမက္ခန္ဓာ တို့၏။ သတိဝိရဟိတတ္တာစ၊ သတိမှ ကင်းသည်၏ အဖြစ်ကြောင့်၎င်း။ သတိပဋိပက္ခတ္တာစ၊ သတိ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်၎င်း။ မိစ္ဆာမဂ္ဂမိစ္ဆတ္တာနံ၊ မိစ္ဆာမဂ်မိစ္ဆတ္တ တို့ကို။ ပူရဏတ္ထံ၊ ပြည့်စေခြင်း အကျိုးငှါ၊ တတ္ထ၊ ထိုသုတ္တန်ပါဠိတော်၌။ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ ကထာ၊ ပြုတော်မူအပ်၏။ နိပ္ပရိယာယေနပန၊ မုချအားဖြင့်သော်ကား။သောမိစ္ဆာသတိ၊ ဤမိစ္ဆာသတိဟူသည်။ နတ္ထိ၊မရှိ။ တသ္မာ၊ ထိုသို့မိစ္ဆာသတိသံတိဋ္ဌတိဟူသော ဒေသနာကို ပရိယာယ်အားဖြင့်သာ သုတ္တန်၌ဟောတော်မူ၍ မိစ္ဆာသတိ ဟူ၍ မုချအားဖြင့် မရှိသည်၏ အဖြစ်ကြောင့်။ သတိ၊ ကို။ နဂဟိတာ၊ အပ်။

ယင်းသို့ မိစ္ဆာသတိဟူသည် သတိစေတသိက် မဟုတ် ဟူခဲ့သော်၊ မိစ္ဆာသတိဟူသည် တရားကိုယ်အားဖြင့် အဘယ်တရားဖြစ်လေသနည်း ဟူမူ။ မိစ္ဆာသတိသံတိဋ္ဌတိတိ မိစ္ဆာသတိ သင်္ခါတာ လဒ္ဓိသဟဂတာ တဏှာ သံတိဋ္ဌတိ။ ဟု **သီလက္ခန် အဋ္ဌကထာ၌ ဖွင့်ဆို သောကြောင့်။** မိစ္ဆာသတိ ဟူသည် တရားကိုယ်အားဖြင့် သတိစေတသိက်မဟုတ် ဒိဋ္ဌိဂတသမ္ပယုတ် ဖြစ်သော လောဘ ဟူသော တဏှာသာတည်း ဟူလေ။ မိစ္ဆာသတိသံတိဋ္ဌတိတိ၊ မိစ္ဆာသတိသံတိဋ္ဌတိ ဟူသည်ကား။ မိစ္ဆာသတိသင်္ခါတာ၊ မိစ္ဆာသတိဟု ဆိုအပ်သော။ လဒ္ဓိသဟဂတာ၊ မှားသော အယူဟူသော မိစ္ဆာဒိဋ္ဌိနှင့်တကွဖြစ်သော။ တဏှာ၊တဏှာသည်။သံတိဋ္ဌတိ၊ မြဲစွာတည်၏။

မိစ္ဆာသတိဟူသည် ဒိဋ္ဌိဂတသမ္ပယုတ်တဏှာဟူ၏။ထိုတဏှာကိုအဘယ်ကြောင့် မိစ္ဆာသတိဟုဆိုအပ်သနည်းဟူမူ။မိစ္ဆာလဒ္ဓိသဟဂတာ တဏှာ မုသာဝိတထံ သရဏတော ပဝတ္တနတော မိစ္ဆာသတိတိ ဝုစ္စတိ။ဟူသော **သီလက္ခန်ဋီကာ,အင်္ဂုတ္တိုရ်ဋီကာတို့နှင့်အညီ။** မဟုတ် မမှန် ဖောက်ပြန် ချွတ်ယွင်း၍ ဖြစ်တတ်သောကြောင့် မိစ္ဆာသတိဟု ဆိုအပ်သည်ဟူလေ။ မိစ္ဆာလဒ္ဓိသဟဂတာ၊ ဖောက်ပြန် မှားယွင်းသော အယူဟူသော မိစ္ဆာဒိဋ္ဌိနှင့်တကွဖြစ်သော။ တဏှာ၊တဏှာကို။မုသာဝိတထံ၊ ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်မူ၍။ သရဏတော ပဝတ္တနတော၊ ဖြစ်

တတ်သည့်၏ အဖြစ်ကြောင့်။ မိစ္ဆာသတိတိ၊ မိစ္ဆာသတိ ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။

ဤအဋ္ဌကထာဋီကာတို့၌ ဒိဋ္ဌိဂတသမ္ပယုတ် ဖြစ်သော ပဌမလောဘမူစိတ်ကို ပြဆိုသောအရာ၊ ဒိဋ္ဌိဝါဒကို ပြဆိုသောအရာဖြစ်၍သာ မိစ္ဆာသတိအရကို ဒိဋ္ဌိဂတသမ္ပယုတ် တဏှာကိုသာ ကောက်ယူတော်မူကြကုန်သည်။ ဒိဋ္ဌိဂတဝိပ္ပယုတ်တဏှာကိုလည်း မိစ္ဆာသတိ ဟူ၍ ဆိုအပ်၏ဟု မှတ်အပ်၏။

တနည်းလည်း။ မိစ္ဆာသင်္ကပ္ပါဒယောဝိယ ဟိ မိစ္ဆာသတိနာမ ပါဋိယေက္ကော ကောစိ ဓမ္မော နတ္ထိ။ တဏှာသီသေန စတုန္နံပိ အကုသလက္ခန္ဓာနမေတံ အဓိဝစနံ။ ဟူ၍ **သီလက္ခန်အဋ္ဌကထာ, မဇ္ဈိမနိကာယ် အဋ္ဌကထာ**။တို့၌ မိန့်ဆိုတော်မူကြသောကြောင့်၊ မိစ္ဆာသင်္ကပ္ပ,မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိတို့မှာ, ဝိတက်, ဝီရိယ, ဧကဂ္ဂတာ, ဟူ၍ တရားကိုယ် သီးခြားရှိကုန်သကဲ့သို့၊ မိစ္ဆာသတိဟူ၍ တရားကိုယ်သီးခြားတပုံတခုသော တရားမရှိ။ ဤမိစ္ဆာသတိ ဟူသော အမည်သည်၊ တဏှာကို အဦးပြုသော အားဖြင့် တဏှာပြဓာန်းသော အကုသိုလ် နာမက္ခန္ဓာလေးပါးတို့၏ အမည်သာ ဟူလို။

သတိစေတသိက်သည် အကုသိုလ်တို့နှင့် မယှဉ်သကဲ့သို့၊ သဒ္ဓါစေတသိက်သည်လည်း အကုသိုလ်တို့နှင့် မယှဉ်သည်သာဟု မှတ်အပ်၏။ မှားသောအမြင်အယူရှိကုန်သော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့သည်၊ မိမိတို့ဆရာကို ယုံကြည်ပါကုန်သည် မဟုတ်လော၊ ထိုသို့ယုံကြည်ခြင်းသည် သဒ္ဓါပင် မဟုတ်ပါလော၊ သဒ္ဓါဟုတ်ကလည်း ထိုသို့ယုံကြည်ခြင်းသည် ဒိဋ္ဌိဂတသမ္ပယုတ် စိတ်ဖြင့်သာ ဖြစ်သင့်ရကား၊ သဒ္ဓါစေတသိက်သည် အကုသိုလ် တို့နှင့်လည်း ယှဉ်ရပါသည် မဟုတ်လော ဟူငြားအံ့။ မိစ္ဆာဒိဋ္ဌိတို့သည် မိမိတို့ဆရာကို ယုံကြည်ကြကုန်၏။ ထိုသို့ယုံကြည်ခြင်း မူကား သဒ္ဓါမဟုတ် စကားကို ဝန်ခံခြင်းမျှသာဖြစ်သည်။ စကားကို ဝန်ခံခြင်းဟူသည်လည်း တရားကိုယ်အားဖြင့် မပုံစမ်းမဆင်ခြင်ခြင်း ဟူသော မောဟ သည်သော်၎င်း, ဒိဋ္ဌိစေတသိက် သည်သော်၎င်း, တပါးပါးသာ ဖြစ်သည် ဟူလေ။ ဤစကားတို့ကိုကား။

အသဒ္ဓိယပိဇ္ဇော ပသာဒေါနာမ နတ္ထိ။ တသ္မာ တာဝ သဒ္ဓါ နဂဟိတာ။ ကိံ ပန ဒိဋ္ဌိဂတိကာ အတ္တနော အတ္တနော သတ္ထာရံ နသဒ္ဒဟန္တီတိ၊ သဒ္ဒဟန္တိ။ သာ ပန သဒ္ဓါ နာမ န ဟောတိ။ ဝစနသမ္ပဋိစ္ဆနမတ္တမေဝေတံ၊ အတ္ထတော အနုပပရိက္ခာဝါ ဟောတိ ဒိဋ္ဌိဝါ။

ဟူသော **အဋ္ဌသာလိနီကို မှီ၍ဆိုသည်**။ အသဒ္ဓိယပိဇ္ဇော၊ သဒ္ဓါယုံ ကြည်ခြင်းမှ ကင်းသောအကုသိုလ်စိတ်၌။ ပသာဒေါနာမ၊ ကြည်ညိုခြင်း သဒ္ဓါတရား မည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ တာဝ၊ ရှေးဦး စွာ။ သဒ္ဓါ၊ သဒ္ဓါစေတသိက်ကို။ နဂဟိတာ၊ ယူတော်မမူအပ်။ ကိံ ပန၊ အသို့နည်း။ ဒိဋ္ဌိဂတိကာ၊ မှားသောအမြင် အယူရှိသော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ် တို့သည်။ အတ္တနော အတ္တနော၊ မိမိမိမိ၏။ သတ္ထာရံ၊ ဆရာကို။ နသဒ္ဒဟန္တိ၊ မယုံကြည်ပါကုန်သလော။ ဣတိ၊ ဤသို့မေးငြားအံ့။ သဒ္ဒဟန္တိ၊ ယုံကြည် ကုန်၏။ သာ ပန၊ ထိုမိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်တို့၏ မိမိတို့ဆရာကို ယုံကြည်ခြင်း သည်။ ဝစနသမ္ပဋိစ္ဆနမတ္တမေဝ၊ ထိုမိမိတို့ဆရာ၏ စကားကို ဝန်ခံခြင်း မျှသာတည်း။ အတ္ထတော၊ သရုပ်တရားကိုယ်အားဖြင့်။ ဧတံ၊ ဤစကားကို ဝန်ခံခြင်း ဟူသည်။ အနုပပရိက္ခာဝါ၊ မစုံစမ်း မဆင်ခြင်ခြင်း ဟူသော မောဟသည်သော်၎င်း။ ဒိဋ္ဌိဝါ၊ ဒိဋ္ဌိစေတသိက်သည်သော်၎င်း။ ဟောတိ၊ ဖြစ်၏။

သဒ္ဓါသတိတို့ကဲ့သို့ ပညိန္ဒြေသည်လည်း အကုသိုလ်စိတ်တို့နှင့်မယှဉ် ဟူ၍ပြင်မှတ်အပ်၏။ မိစ္ဆာအမြင်အယူရှိသော ပုဂ္ဂိုလ်တို့အား လှည့်ပတ် ခြင်း ဝဉ္စနပညာဟူသည် ရှိပါသည်မဟုတ်လော, ထိုဝဉ္စနပညာဟူသည် ဉာဏ်ပင်ဖြစ်ပါသည် မဟုတ်လော, ဉာဏ်ဟုတ်ကလည်း ပညိန္ဒြေသည် အကုသိုလ် စိတ်တို့နှင့်လည်း ယှဉ်ရပါသည် မဟုတ်လော ဟူငြားအံ့။ ဝဉ္စနပညာ ဟူသည် ဉာဏ်မဟုတ် မာယာသာတည်း။ မာယာ ဟူသည် လည်း တရားကိုယ်အားဖြင့် တဏှာသာတည်း ဟူလေ။

ဤကား။ အန္ဓဗာလပိဇ္ဇော ပညာ နတ္ထီတိ နဂဟိတာ။ ကိံ ဒိဋ္ဌိဂတိကာ နံ ဝဉ္စနာ ပညာ နတ္ထီတိ၊ အတ္ထိ၊ နပနေသာ ပညာ၊ မာယာနာမေသာ ဟော တိ သာ အတ္ထတော တဏှာဝ။ ဟူသော **အဋ္ဌသာလိနီနှင့် အညီတည်း**။

အန္တဗာလပဓတ္တေ၊ အလွန်မိုက်သော မောဟနှင့် ယှဉ်သော အကုသိုလ် စိတ်၌။ ပညာ၊ ပညာသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့အကုသိုလ်စိတ်၌ ပညာမရှိသောကြောင့်။ နဂဟိတာ၊ အကုသိုလ်အရာ၌ ပညာကိုမယူအပ်။ ဒိဋ္ဌိဂတိကာနံ၊ မိစ္ဆာအမြင် အယူရှိကုန်သော ပုဂ္ဂိုလ်တို့အား။ ဝဉ္စနာပညာ၊ လှည့်ပတ်ခြင်း ဝဉ္စနပညာ ဟူသည်။ နတ္ထိကိံ၊ မရှိပါသလော။ ဣတိ၊ ဤသို့မေးငြားအံ့။ အတ္ထိ၊ ရှိ၏။ ပန၊ ထိုသို့ပင် ရှိသော်လည်း။ သော၊ ဤဝဉ္စနပညာဟူသည်။ နပညာ၊ပညာစေတသိက်မဟုတ်။ သော၊ဤဝဉ္စနပညာဟူသည်။ မာယာနာမ၊ မာယာမည်သည်။ ဟောတိ၊ ၏။ သာ။ ထို မာယာ ဟူသည်။ အတ္ထတော၊ သရုပ် တရားကိုယ် အားဖြင့်။ တဏှာဝ၊ တဏှာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

တနည်းလည်း။ မိစ္ဆာဉာဏ်ဟု ရှိပါသည် မဟုတ်လော, ထိုမိစ္ဆာဉာဏ် ဟူသည် ပညိန္ဒြေပင် ဖြစ်ပါသည် မဟုတ်လော, ပညိန္ဒြေ ဖြစ်ကလည်း ထိုပညိန္ဒြေသည် အကုသိုလ် စိတ်တို့နှင့်လည်း ယှဉ်ရပါသည် မဟုတ်လော ဟူငြားအံ့။ မိစ္ဆာဉာဏ် ဟူသည် တရားကိုယ်အားဖြင့် တရုံတခုသော မကောင်းမှုကိုပြု၍ ငါပြုသောအမှုကား၊ ကောင်းလှစွဟု ဆင်ခြင်သော အခြင်းအရာအားဖြင့် ဖြစ်သော အကုသိုလ် စိတ်သာ၊ ပညိန္ဒြေ မဟုတ်၊ ထို့ကြောင့် ပညိန္ဒြေသည် အကုသိုလ် စိတ်တို့နှင့် မယှဉ်သည်သာ ဟူလေ။

ဤကား။ မိစ္ဆာဉာဏန္တိ မိစ္ဆာဝိညာဏော မိစ္ဆာပစ္စဝေက္ခဏန္တော ဟူသော **သံယုတ်အဋ္ဌကထာ**။ မိစ္ဆာဉာဏဿ မိစ္ဆာသဘာဝေါ နာမ နတ္ထိ ဝိညာဏမေဝေတ္ထ ပစ္စဝေက္ခဏာဝသေန ပဝတ္တံ ဉာဏသဒ္ဒေန ဝုတ္တန္တိ အာဟ မိစ္ဆာဝိညာဏောတိ။ မိစ္ဆာပစ္စဝေက္ခဏာယ ကိဉ္စိပါပံ ကတွာ အဟော မယာ ကတံ သုကတန္တိဧဝံ ပဝတ္တော မိစ္ဆာပစ္စဝေက္ခဏော။ ဟူသော **ရင်းဋီကာတို့နှင့် အညီတည်း**။ မိစ္ဆာဉာဏန္တိ၊ မိစ္ဆာဉာဏ် ဟူသည်ကား။ မိစ္ဆာပစ္စဝေက္ခဏန္တော၊ မှားသော ဆင်ခြင်ခြင်း ဟူသော။ မိစ္ဆာဝိညာဏော၊ မှားသောဒိဋ္ဌိနှင့် ယှဉ်သောစိတ်တည်း။ မိစ္ဆာဉာဏဿ၊ မိစ္ဆာဉာဏ်၏။ မိစ္ဆာသဘာဝေါနာမ၊ မိစ္ဆာသဘော မည်သည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤမိစ္ဆာဉာဏံ ဟူသော

ပုဒ်၌။ မိစ္ဆာပဋိပတ္တိယာဝသေန၊ မှားသော ဆင်ခြင်ခြင်း၏ အစွမ်းဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ဝိညာဏမေဝ၊ အကုသိုလ် စိတ်ကိုသာလျှင်။ ဉာဏသဒိသေန၊ ဉာဏသဒ္ဒါဖြင့်။ ဝုတ္တတိ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့နှလုံးပြု၍။မိစ္ဆာဝိညာဏတောတိ၊ မိစ္ဆာဝိညာဏတောဟူ၍။ အာဟ၊ မိစ္ဆာဉာဏသဒ္ဒါကို အဋ္ဌကထာဆရာဖွင့်ဆိုတော်မူ၏။ မိစ္ဆာပဋိပတ္တိယာယ၊ မှားသောဆင်ခြင်ခြင်းဖြင့်။ ကိဉ္စိပါပံ၊ တစုံတခုသောမကောင်းမှုကို။ ကတွာ၊ ပြု၍။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်သော အမှုသည်။ အဟောသုကတံ၊ ဖြော်ကောင်းစွာ ပြုအပ်သောအမှုတည်း။ ဣတိဝေ၊ဤသို့။ ပဝတ္တော၊ဖြစ်သော။မိစ္ဆာပဋိပတ္တိတော၊မှားသောဆင်ခြင်ခြင်းဟူသော အကုသိုလ် ဝိညာဏ်တည်း။

တနည်းလည်း။ မိစ္ဆာဉာဏ ဟူသည် ပညိန္ဒြေမဟုတ်၊ တရားကိုယ်အားဖြင့် မကောင်းမှုကိုပြုရတို့၌ အကြောင်းဥပါယ်ကို ရှာကြံခြင်း၏ အစွမ်းဖြင့် မကောင်းမှုကိုပြု၍ ငါသည် ကောင်းစွာ ပြုအပ်၏ဟု ဆင်ခြင်သော အခြင်းအရာ အားဖြင့် ဖြစ်သော မောဟသာတည်း။ ဤသို့ မိစ္ဆာဉာဏအရကို မောဟကို ကောက်ယူသည်ကား။

မိစ္ဆာဉာဏန္တိ ပါပကိရိယာသု ဥပါယစိန္တာဝသေန ပါပံ ကတွာ သုကတံ မယာတိ ပစ္စဝေက္ခဏာကာရေန ဥပ္ပန္နော မောဟော။ ဟူသော **မူလပဏ္ဏာသအဋ္ဌကထာ**။ မိစ္ဆာဉာဏန္တိ ဝိပရီတဉာဏံ။ အယာထာဝဉာဏံ။ပါပကိရိယာသု ဥပါယစိန္တာဝသေန ပါပံ ကတွာ သုကတံ မယာတိ ပစ္စဝေက္ခဏာကာရေန ဥပ္ပန္နောမောဟော။ ဟူသော **မဟာနိဒ္ဒေသအဋ္ဌကထာတို့နှင့်အညီတည်း**။ မိစ္ဆာဉာဏန္တိ၊ ဟူသည်ကား။ ပါပကိရိယာသု၊မကောင်းမှုကိုပြုရတို့၌။ဥပါယစိန္တာဝသေန၊အကြောင်းဥပါယ်ကို ကြံသည်၏အစွမ်းဖြင့်။ ပါပံ၊ မကောင်းမှုကို။ ကတွာ၊ ပြု၍။ မယာ၊ ငါသည်။ သုကတံ၊ ကောင်းစွာ ပြုအပ်၏။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခဏာကာရေန၊ဆင်ခြင်သောအခြင်းအရာအားဖြင့်။ ဥပ္ပန္နော၊ဖြစ်သော။ မောဟော၊ မောဟပင်တည်း။ ။မိစ္ဆာဉာဏန္တိ၊ မိစ္ဆာဉာဏံဟူသည်ကား။ ဝိပရီတဉာဏံ၊ ဖောက်ပြန်သော သိခြင်းတည်း။ အယာထာဝဉာဏံ၊ မဟုတ်မမှန်သော သိခြင်းတည်း။ ပါပကိရိယာသု၊ တို့၌။ ဥပါယစိန္တာဝသေန၊

ဖြင့်။ ပါပံ၊ကို။ ကတွာ၊၍။ မယာ၊သည်။ သုကတံ၊၏။ ဉာတိ၊သို့။ ပစ္စဝေက္ခ ဏာကာရေန၊ ဖြင့်။ ဥပ္ပန္နော၊ သော။ မောဟော၊ တည်း။

သောဘဏစေတသိက် နှစ်ဆဲ့ငါးခုတို့၏ လက္ခဏာစသည်နှင့်
တကွသော သရုပ်ကိုပြဆိုသော စကားပြီး၏။
စေတသိက် ငါးဆဲ့နှစ်ခုတို့၏ သရုပ်
ကိုပြသော စကားပြီးပြီ။

သညာ, ဝိညာဏ်, ပညာ, သိတို့၏ အထူး

ထိုတရားတို့တွင် တူယောင်ရိုးမှား သဘောမပြား မထူးခြားသကဲ့သို့ ရှိသောတရားတို့၏ အထူးကိုပြဦးအံ့။ ဝိညာဏ်လည်း အာရုံကို သိတတ်သည်, သညာလည်း အာရုံကို သိတတ်သည်, ပညာလည်း အာရုံကိုသိတတ်သည်ဖြစ်၍ ထိုတရားသုံးပါးတို့၏ အထူးကို အဘယ်သို့ သိအပ်သနည်း။ ထိုသုံးပါးတို့၏ သိခြင်းသည် အဘယ်သို့ ထူးကြပါသနည်း ဟူမူ။ တယောက်သော သူငယ်သည် ရွှေကို တွေ့မြင်ရရှိသောကြောင့် အမိအားပေး၏။ အမိသည် ရွှေပန်းထိမ်အားပြ၏။ထိုသူသုံးယောက်တို့သည်၊ ရွှေကို မြင်ကြခြင်း တူသော်လည်း သူငယ်သည် ဤဝတ္ထုကား ဝါဝါပြောင်ပြောင်ရှိ၏ ဟူ၍သာသိသည်၊ ဤဝတ္ထုရွှေတည်းဟူ၍မသိ၊ မည်မျှအရည်ရှိသည် မည်မျှ အဘိုးထိုက်တန်သည် ဟူ၍လည်း မသိ။ သူငယ်၏ အမိသည် ဝါဝါပြောင်ပြောင် ရှိသည်ကိုလည်းသိ၏၊ ရွှေဟူ၍လည်း သိ၏၊ ဤရွှေသည် ရှစ်မူးရည်ရှိသည် ကိုးမူးရည်ရှိသည်၊ မည်၍ မည်မျှ အဘိုး ထိုက်တန်သည် ဟူ၍သော်ကားမသိ။ ရွှေပန်းထိမ် မူကား ဝါဝါပြောင်ပြောင် ရှိသည်ကိုလည်းသိ၏၊ ရွှေဟူ၍လည်းသိ၏၊ရှစ်မူးရည် ကိုးမူးရည် စသည်ဖြင့် အရည်အကဲ မည်မျှထိုက်၏ဟု အဘိုးတန် ကိုလည်းသိ၏။ ထို့အတူ သညာ, ဝိညာဏ်, ပညာ တို့ အာရုံကို သိခြင်း သာမညတူသော်လည်း၊ သညာသည် သူငယ်သည် ရွှေကိုတွေ့မြင်ရသောအခါ ဝါဝါပြောင်ပြောင် ရှိသည်ကိုသာသိ၍ ရွှေဟူ၍မသိ၊ မည်သည့် အရည်အကဲရှိသည် မည်မျှအဘိုးတန်သည် ဟူ၍လည်း မသိသကဲ့သို့၊ အာရုံကို

အနိဋ္ဌာရုံဝါစသည်ဖြင့်သာသိသည်။အာရုံ၏ အနိဋ္ဌသဘော, ဒုက္ခသဘော, အနတ္တသဘော လက္ခဏာကိုမသိ၊ ထိုအနိစ္စ လက္ခဏာ စသည်တို့၌ ဝိပဿနာကိုစီးဖြန်းအားထုတ်၍ မဂ်ဖိုလ်သို့လည်းမရောက်စေနိုင်။ဝိညာဏ်သည်လည်း၊ သူငယ်၏ အသိသည် ဝါဝါ ပြောင်ပြောင် ရှိသည် ရွှေဖြစ်သည်ဟူ၍သာသိ၍ ရွှေရည်ရွှေကဲ အတိုးတန်ကို မသိသကဲ့သို့၊ အာရုံကို အနိဋ္ဌဝါ စသည်ဖြင့်ရင်း, အနိစ္စစသော သဘောလက္ခဏာကိုသာရင်း, သိ၍ ထိုအနိစ္စလက္ခဏာ စသည်၌ ဝိပဿနာကို အားထုတ်၍ မဂ်ဖိုလ်သို့သော်ကား မရောက်စေနိုင်။ ပညာမူကား ရွှေပန်းထိမ်သည်သည် ဝါဝါ ပြောင်ပြောင် ရှိသည်ကိုလည်းသိ၊ ရွှေဟူ၍လည်းသိ၊ အရည် အကဲ အတိုးတန်ကိုလည်းသိသကဲ့သို့၊ အာရုံကိုအနိဋ္ဌဝါ စသည်ဖြင့်လည်းသိသည်၊၍တရားကား အနိစ္စစသည်သာတည်းဟု လက္ခဏာကိုလည်းသိသည်၊ထိုအနိစ္စစသည်ဖြင့် ဝိပဿနာကို အားထုတ်၍ မဂ်ဖိုလ်သို့လည်း ရောက်စေနိုင်သည်။ ဤသို့ထူးကြသည်ဟူလေ။

[ဉာဏဝိပ္ပယုတ်သညာဖြင့် အမှတ်ပြုသော အခြင်းအရာအားဖြင့် အာရုံကို ယူသည်၏ အစွမ်းဖြင့် ဖြစ်သောအခါ၌ ဝိညာဏ်သည်အားမရှိ မခေါ်ဝေါ်လောက် အဗ္ဗောဟာရိကသာဖြစ်၏၊ အမှတ်ပြု၍ယူခြင်းမှ တပါးသောအခါ၌ကား ဝိညာဏ်သည်အားရှိ၏။ ဉာဏသမ္ပယုတ် ဖြစ်သောအခါ သညာဝိညာဏ်တို့ မခေါ်ဝေါ်လောက် မိမိတို့မှာအားမရှိ ပညာ၏နောက်လိုက်သာဖြစ်ကြရကုန်သည်။]

စေတနာ, မနသိကာရ, ဝိတက်တို့၏ အထူး။

စေတနာ စေတသိက်သည် သမ္ပယုတ် တရားတို့ကို အာရုံ၌စပ်ခြင်း လက္ခဏာရှိသည်၊ ယင်းတို့ကိုအာရုံ၌ စပ်သော ဟူသည်လည်း အာရုံ၌ ဖြစ်စေသည်ပင်ဖြစ်သည်။ မနသိကာရသည် သမ္ပယုတ်တရားတို့ကို အာရုံ၌ ဆောင်ခြင်း ထားခြင်း လက္ခဏာရှိသည်၊ အာရုံ၌ ဆောင်သော ဟူသည်လည်း ထိုသမ္ပယုတ်တရားတို့ကို အာရုံ၌ဖြစ်စေသည်ပင်ဖြစ်သည်။ ဝိတက်သည် သမ္ပယုတ်တရားတို့ကို အာရုံသို့ရှေ့ရှုတင်ခြင်း လက္ခဏာ

ရှိသည်၊ အာရုံသို့တင်သော ဟူသည်လည်း အာရုံ၌ ယင်းတို့ကို ဖြစ်စေသည်ပင်ဖြစ်သည်။ ထိုသို့သမ္ပယုတ် တရားတို့ကို အာရုံ၌ဖြစ်စေကြခြင်းတွင်ရကား ထိုတရားသုံးပါးတို့၏ အထူးကိုလည်း သိနိုင်ခဲရာ၏။ အဘယ်သို့ထူးကြပါသနည်း ဟူမူ။ မိုလ်မှူး မိုလ်ချုပ်သည် စစ်ထိုးခြင်းအမှု၌ မိမိယှဉ်သဖြင့် လက်နက်ကိုင် စစ်သားတို့ကိုလည်း စစ်ထိုးခြင်းအမှု၌ ယှဉ်စေသကဲ့သို့၊စေတနာ စေဘသိက်သည် မိမိသည် အာရုံကို ယူသဖြင့် ဝိတက်သည် တင်အပ်တိုင်းသော မိမိနှင့်သမ္ပယုတ်ဖြစ်သော တရားတို့ကိုလည်း ထိုထိုမိမိသည် ယူအပ်သောအာရုံ၌ ယှဉ်စေသောအားဖြင့် အာရုံ၌ဖြစ်စေသည်။ ရထားထိန်းရထားမှူးသည် မြင်းတို့ကိုရထား၌ကသောအားဖြင့် ယှဉ်စေသကဲ့သို့၊ မနသိကာရသည် မိမိနှင့်သမ္ပယုတ်ဖြစ်သောတရားတို့ကို အာရုံသို့ရှေ့ရှု ယှဉ်စေသော အားဖြင့် အာရုံ၌ဖြစ်စေသည်။ တစုံတခုသောဝတ္ထုကို ခွက်အုပ်စသည်၌ ထည့်သကဲ့သို့၊ ဝိတက်သည် မိမိနှင့် သမ္ပယုတ်ဖြစ်သောတရားတို့ကိုအာရုံ၌ တင်ခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်၊ ထိုသမ္ပယုတ် တရားတို့ကို ထိုအာရုံ၌ ထည့်သကဲ့သို့ဖြစ်၍ အာရုံ၌ ဖြစ်စေသည်။ ဤသို့ထူးကြသည် ဟူလေ။

ဆန္ဒနှင့်လောဘအထူး

ဆန္ဒလည်း အာရုံကို လိုချင်သည်၊ လောဘလည်း အာရုံကို လိုချင်သည်ဖြစ်၍ သဘော တူသကဲ့သို့ ရှိ၏။ ထိုနှစ်ပါး အသို့ထူးကြ သနည်း ဟူမူ။စိတ်၏အာရုံကို အာရုံပြုလိုသည်၏ အဖြစ်မျှသည်ဆန္ဒ။ စိတ်၏အာရုံ၌ ပြင်းစွာ မက်မော ခြင်းသည် လောဘ။ဤသို့ထူးသည် ဟူလေ။**ဋီကာကျော်**။တနည်းလည်း၊ ဖျာသင်ဖြူး စသည်၌ ခွက်ဖလား စသည်ကို တင်ထားသည်ရှိသော်၊ထိုခွက်ဖလား စသည်တို့သည် ထိုဖျာသင်ဖြူးစသည်၌ထိကာမျှဖြစ်၍ တည်သကဲ့သို့၊ဆန္ဒသည် အာရုံကို အာရုံပြုကာမျှဖြစ်၍ လိုချင်သည်။ ထိုဖျာ စသည်၌ ညောင်စေး စသည်ကို တင်ထားသည်ရှိသော် ထိုညောင်စေးသည် ထိုဖျာ စသည်၌ ငြိတွယ်သော အားဖြင့်တည်သကဲ့သို့၊လောဘသည် အာရုံ၌ငြိတွယ်သောအားဖြင့် လိုချင်သည်။ ဤသို့ထူးကြသည် ဟူလေ။

ဒိဋ္ဌိမြင်ဉာဏ်မြင်အထူး

ဒိဋ္ဌိလည်း မြင်တတ်သည် ဉာဏ်လည်း မြင်တတ်သည်ဖြစ်၍ မြင်ခြင်း နှစ်ပါးသည် အသို့ထူးကြပါသနည်း ဟူမူ။ ဒိဋ္ဌိသည် စင်စစ် အနိစ္စ, ဒုက္ခ, အနတ္တ သဘောသာ ရှိသောအာရုံ၏ မဖောက်မပြန် ဟုတ်မှန်တိုင်းသော အနိစ္စစသော သဘောကိုစွန့်၍၊ နိစ္စ,သုခ,အတ္တ ဟူ၍ မဟုတ်မမှန် ဖောက်ပြန် ချွတ်ယွင်းသော အားဖြင့် မှတ်ယူ တတ်သည်။ ဉာဏ်မူကား အနိစ္စ စသည် သဘောရှိသော အာရုံကို ဟုတ်မှန်သော သဘောအတိုင်း ဤတရားသည် အနိစ္စသာ စသည်ဖြင့် မှတ်ယူ တတ်သည်။ ဤသို့ထူးကြသည် ဟူလေ။ ယခင်ပြဆိုခဲ့ပြီးသော ပညိန္ဒြေစေတသိက်သည်ပင် မိမိ၏ကိန်းရာဖြစ်သောပုဂ္ဂိုလ်၊မိမိနှင့်တကွ ယှဉ်ဘက်ဖြစ်သောသမ္ပယုတ်တရားတို့ ၏အာရုံ၌မတွေဝေခြင်း၏အကြောင်းဖြစ်သောကြောင့်ရင်း,မိမိသည်ပင် အာရုံ၌ မတွေဝေ တတ်သည်၏ အဖြစ်ကြောင့်ရင်း, အမောဟလည်း မည်၏။

[အကုသိုလ်အတိုရှိသော အကုသိုလ်စေတသိက်တို့ကိုပြဆို သောအရာ၌ ပြဆိုခဲ့ပြီးသော လောဘ,ဒေါသ,မောဟ။ ကုသိုလ် အဗျာကတ အတိုရှိသော သောဘဏ စေတသိက် တို့ကို ပြဆို သောအရာ၌ ပြဆိုခဲ့ပြီးသော အလောဘ,အဒေါသ။ ဤယခုပြဆို အပ်သောအမောဟ ဤစေတသိက်ခြောက်ခုတို့သည် မူလလည်း မည်၏။ဟိတ်လည်း မည်၏။]

လောဘ,ဒေါသ,မောဟ တို့၏ အထူး

ထိုဟိတ် ခြောက်ပါး တို့တွင် လောဘ,ဒေါသ,မောဟ, ဟူသော အကုသိုလ်ဟိတ် သုံးပါး တို့သည် အဘယ်သို့ တပါးသည် တပါးမှ အချင်းချင်း ထူးကြလေသနည်း ဟူမူ။

လောဘကြီးသော သူသည် လောဘနိယဝတ္ထု၏ အဆင်းသဏ္ဌာန် ဉာဏ်,ဗိရိယ,စသောဂုဏ်ကို ရှိရုံလောက်မက ပိုမိုသာလွန်၍ မှတ်ထင် စွဲ ယူတတ် သောကြောင့်၊ လောဘသည် ပိုလွန်၍ ယူခြင်း၏ အကြောင်း

ဖြစ်၏။ ဒေါသကြီးသော သူသည် မိမိနှင့်ဆန့်ကျင်သော သူတပါးတို့၏ အဆင်း သဏ္ဍာန်ဉာဏ်, ဣရိယာ, စသော ဂုဏ်ကို ရှိသည့်အတိုင်း မမှတ်ယူနိုင်၊ယုတ်လျော့နှိမ်ချ၍ ယူတတ်,မှတ်ထင်တတ် သောကြောင့်၊ ဒေါသသည် ယုတ်လျော့နှိမ့်ချ၍ ယူခြင်း၏ အကြောင်းဖြစ်၏။ မောဟ အားကြီးသော သူသည် ဟုတ်မှန်သည်မှ တပါး မဟုတ် မမှန်သော အားဖြင့် ယူတတ်သောကြောင့်၊မောဟသည် မဟုတ်မမှန် ယူခြင်း၏ အကြောင်းဖြစ်၏၊ဤသို့ထူးသည်။လောဘပြောသောသူသည် သတ္တဝါသင်္ခါရတို့၌ ချစ်နှစ်သက်ခြင်းသဘော,ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကင်းခြင်းကို သည်းမခံနိုင်ခြင်း သဘော ရှိသောကြောင့်၊ လောဘသည် ပိယဝိပ္ပယောဂဒုက္ခ၏ အကြောင်းဖြစ်၏။ ဒေါသအားကြီးသောသူသည် မချစ်မနှစ်သက်ခြင်းသဘော,မချစ်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် တွေ့ကြုံခြင်းကို သည်းမခံနိုင်သော သဘောရှိသောကြောင့်၊ ဒေါသသည် အပိယသမ္ပယောဂဒုက္ခ၏ အကြောင်းဖြစ်၏။မောဟကြီးသော သူသည် လိုအပ်သော ဝတ္ထုကို မရသည် ရှိသော် ကမ္မဿကတာ သဘောကို မသိ မဆင်ခြင် နိုင်သည် ဖြစ်၍ ဒုက္ခကြီးစွာ ဖြစ်တတ် သောကြောင့်၊မောဟသည် လိုအပ်သော ဝတ္ထုကို မရခြင်းကြောင့် ဖြစ်သော ဣစ္ဆိတာလာဘဒုက္ခ၏ အကြောင်းဖြစ်၏၊ဤသို့လည်း ထူးသည်။ လောဘသည် အဖန်ဖန် ပဋိသန္ဓေ နေရခြင်း ဇာတိဒုက္ခ၏ အကြောင်း ဖြစ်၏။ ဒေါသကြီးသောသူသည် အိုလွယ်ရကား ဒေါသသည် ဇရာဒုက္ခ၏ အကြောင်းဖြစ်၏။ တွေတွေဝေဝေ သေရခြင်းသည် ပင်ပန်းဆင်းရဲရကား မောဟသည် မရဏဒုက္ခ၏ အကြောင်း ဖြစ်၏၊ ဤသို့လည်း ထူးသည်။ လောဘ ကြီးသော သူသည် များသော အားဖြင့် ပြိတ္တာ ဘုံ၌ ဖြစ်တတ်သောကြောင့် လောဘသည် ပြိတ္တာဘုံ၌ ဖြစ်ခြင်း၏ အကြောင်း ဖြစ်၏။ ဒေါသ ကြီးသော သူသည် များသော အားဖြင့် ငရဲဘုံ၌ ဖြစ်တတ်သောကြောင့် ဒေါသသည် ငရဲဘုံ၌ ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။မောဟကြီးသောသူသည် များသောအားဖြင့် တိရစ္ဆာန်ဘုံ၌ ဖြစ်တတ်သောကြောင့် မောဟသည် တိရစ္ဆာန်ဘုံ၌ ဖြစ်ခြင်း၏ အကြောင်း ဖြစ်၏။ ဤသို့လည်း ထူးသည်။ လောဘကြီးသောသူသည် မသင့်လျော်သော ဝတ္ထု အာဟာ

ရကိုသော်လည်း သုံးဆောင်မှီဝဲတတ်သောကြောင့် လောဘသည် ရော ဂါများခြင်း၏ အကြောင်း ဖြစ်၏။ ဒေါသ ကြီးသော သူသည် အရွယ် မရောက်မီကပင်၊ ဆံဖြူခြင်း,သွားကျိုးခြင်း,အရေတွန့်ခြင်း စသည်တို့ဖြင့် အရွယ်ယုတ်လျော့ လွယ်သောကြောင့် ဒေါသသည် အရွယ်ယုတ်လျော့ ခြင်း၏အကြောင်းဖြစ်၏။မောဟကြီးသောသူသည် အကျိုးစီးပွါးရှိမရှိကို မသိ၊ အကျိုး ရှိသည်ကို ရှောင်လွှဲ၍ အကျိုး မရှိသည်ကို မှီဝဲတတ်သော ကြောင့် မောဟသည် အသက် တိုခြင်း၏ အကြောင်းဖြစ်၏၊ ဤသို့လည်း ထူးသည်။ လောဘကြီးသောသူသည် ပစ္စည်းဥစ္စာ၌ အာသာဆန္ဒပြင်းပြ ၍ အနိစ္စသာ ဖြစ်သော သင်္ခါရကို အနိစ္စဟု မမြင်နိုင်သောကြောင့် လော ဘသည် အနိစ္စဟု မရှုမမြင်နိုင်ခြင်း၏ အကြောင်းဖြစ်၏။ဒေါသကြီးသော သူသည် မငြိမ်းအေးသော အာဃာတဝဏ္ဏ ရှိသည်ဖြစ်၍ သင်္ခါရ ဒုက္ခကို မမြင်နိုင် သောကြောင့် ဒေါသသည် သင်္ခါရဒုက္ခကို မရှုမမြင် နိုင်ခြင်း၏ အကြောင်းဖြစ်၏။မောဟကြီးသောသူသည် ခန္ဓာငါးပါးကို သတ္တဝါတို့၏ အလို အကြိုက်သို့ မလိုက် တရုံတယောက်သော သူမှု အစိုးမရ အနတ္တ သာဟု မရှုမမြင်နိုင်သောကြောင့် မောဟသည် အနတ္တဟု မရှုမမြင်နိုင် ခြင်း၏ အကြောင်းဖြစ်၏၊ဤသို့လည်း ထူးသည် ဟူလေ။

အလောဘ,အဒေါသ,အမောဟ တို့၏ထူး

အကုသိုလ်ဟိတ်သုံးပါးတို့၏ အထူးကိုပြ၍ သိရပါပေပြီ။အလောဘ, အဒေါသ,အမောဟ ဟူသော ကုသိုလ်ဟိတ်သုံးပါးတို့ကား အဘယ်သို့ ထူးကြသနည်းဟူမူ။အလောဘသည် မစ္ဆေရ ဟူသော အညစ်အကြေး ၏ ဆန့်ကျင်ဘက်ဖြစ်၏။ အဒေါသသည် ပါဏာတိပါတ, စသော ဒုသီ လ ဟူသော အညစ် အကြေး၏ ဆန့်ကျင်ဘက် ဖြစ်၏။ အမောဟသည် ကုသိုလ်တို့၌ မပွါးများခြင်း၏ ဆန့်ကျင်ဘက် ဖြစ်၏၊ ဤသို့ ထူးသည်။ အလောဘသည် ဒါန၏ အကြောင်း ဖြစ်၏။ အဒေါသသည် သီလ၏ အ ကြောင်းဖြစ်၏။အမောဟသည် ဘာဝနာ၏အကြောင်းဖြစ်၏။အလောဘ သည် မပိုမသာ ဟုတ်မှန်တိုင်းသာ ယူခြင်း၏ အကြောင်းဖြစ်၏။ အဒေါ သသည် မနှိမ့်မရှုတ် ဟုတ်တိုင်းယူခြင်း၏ အကြောင်းဖြစ်၏။ အမောဟ

သည် မဖောက်မပြန် မှန်တိုင်းယူခြင်း၏ အကြောင်း ဖြစ်၏။ အလောဘသည် ထင်ရှားသောအပြစ်ကို ကွယ်ဝှက် ဖုံးလွှမ်းခြင်းမရှိ၊ အပြစ်အတိုင်း မှတ်ယူခြင်း၏ အကြောင်းဖြစ်၏။ အဒေါသသည် ထင်ရှားရှိသော ဂုဏ်ကို မချေမဖျက်၊ ဂုဏ်အတိုင်း ယူခြင်း၏ အကြောင်းဖြစ်၏။ အမောဟသည် အနိဋ္ဌစသော ဟုတ်မှန်သော သဘောကို ဟုတ်တိုင်း မှန်တိုင်း မှတ်ယူခြင်း၏ အကြောင်းဖြစ်၏။

အလောဘသည် ပိယဝိပ္ပယောဂဒုက္ခ မဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ အဒေါသသည် အပိယသမ္ပယောဂဒုက္ခ မဖြစ်ခြင်း၏ အကြောင်း ဖြစ်၏။ အမောဟသည် လိုအပ်သော ဝတ္ထုကို မရခြင်းကြောင့် ဖြစ်သော ယံပိစ္ဆံ န လဘတိ ဒုက္ခမဖြစ်ခြင်း၏ အကြောင်း ဖြစ်၏။ အလောဘသည် ဇာတိဒုက္ခ မဖြစ်ခြင်း၏ အကြောင်း။ အဒေါသည် ဇရာဒုက္ခ မဖြစ် ခြင်း၏ အကြောင်း။ အမောဟသည် မရဏဒုက္ခ မဖြစ်ခြင်း၏ အကြောင်း ဖြစ်၏။ အလောဘသည် လူတို့၏ ချမ်းသာစွာ ပေါင်းဖော်ရခြင်း၏ အကြောင်း။ အမောဟသည် ရဟန်းတို့၏ချမ်းသာစွာပေါင်းဖော်ရခြင်း၏အကြောင်း။ အဒေါသသည် သူခပ်သိမ်း တို့၏ ချမ်းသာစွာ ပေါင်းဖော် ရခြင်း၏ အကြောင်း ဖြစ်၏။ အလောဘသည် ပြိတ္တာဘုံ မဖြစ်ရခြင်း၏ အကြောင်း။ အဒေါသသည်ငရဲ၌မဖြစ်ရခြင်း၏အကြောင်း။ အမောဟသည်တိရစ္ဆာန်၌မဖြစ်ရခြင်း၏ အကြောင်းဖြစ်၏။

အလောဘသည် ရာဂ၏အစွမ်းဖြင့် ကပ်ခြင်း၏မရှိခြင်း မဖြစ်ခြင်းကို ပြုတတ်သည်။ အဒေါသသည် ဒေါသ၏ အစွမ်းဖြင့် ပဲခြင်း၏ မရှိခြင်း မဖြစ်ခြင်းကို ပြုတတ်သည်။ အမောဟသည် မောဟ၏ အစွမ်းဖြင့် လျစ်လျူရှုခြင်း၏ မရှိခြင်းကို ပြုတတ်သည်။ အလောဘသည် နေက္ခမသညာ, အသုဘ သညာတို့၏ ဖြစ်ကြောင်း။ အဒေါသသည် အဗျာပါဒ သညာ, အပ္ပမာဏ သညာ တို့၏ ဖြစ်ကြောင်း။ အမောဟသည် အဝိဟိံသာ သညာ, ဓာတုသညာ, တို့၏ ဖြစ်ကြောင်း ဖြစ်၏။ အလောဘသည် ကာမသုခလ္လိကာနုယောဂဟူသော အယုတ်တရားကို ကြဉ်ခြင်း၏အကြောင်း။ အဒေါသသည် အတ္တကိလမထာ နုယောဂ ဟူသော အယုတ် တရားကို ကြဉ်ခြင်း၏ အကြောင်း။ အမောဟသည် မဇ္ဈိမ ပဋိပတ်ကို ကျင့်ခြင်း၏

အကြောင်း ဖြစ်၏။ အလောဘသည် အဘိဇ္ဈာ ကာယ ဂန္ထကို ဖြေဖျက်ကြောင်း။ အဒေါသသည် ဗျာပါဒကာယဂန္ထကို ဖြေဖျက်ကြောင်း။ အမောဟသည်ကြွင်းသောဂန္ထ နှစ်ပါးကိုဖြေဖျက်ကြောင်းဖြစ်၏။အလောဘသည် အနာရောဂါ ကင်းခြင်း၏ အကြောင်း။ အဒေါသသည် အရွယ်တင်ခြင်း၏အကြောင်း။ အမောဟသည် အသက်ရှည်ခြင်း၏ အကြောင်း ဖြစ်၏။

အလောဘသည် ဥစ္စာစည်းစိမ်ပြည့်စုံခြင်း၏ အကြောင်း။ အဒေါသသည် အဆွေခင်ပွန်းပြည့်စုံခြင်း၏အကြောင်း။အမောဟသည် မိမိကိုယ်ပြည့်စုံခြင်း၏အကြောင်းဖြစ်၏။အလောဘသည်ဒိဗ္ဗဝိဟာရ၏အကြောင်း အဒေါသသည် ဗြဟ္မဝိဟာရ၏ အကြောင်း။ အမောဟသည် အရိယဝိဟာရ၏ အကြောင်းဖြစ်၏။အလောဘသည် သကပက္ခဖြစ်သောသတ္တဝါသင်္ခါရတို့၌ ဒုက္ခငြိမ်းအေးခြင်း၏ အကြောင်း။အဒေါသသည် ပရပက္ခဖြစ်သော သတ္တဝါသင်္ခါရတို့၌ ဒုက္ခငြိမ်းအေးခြင်း၏ အကြောင်း။ အမောဟသည် မဇ္ဈတ္တဖြစ်သော သတ္တဝါသင်္ခါရတို့၌ ဒုက္ခငြိမ်းအေးခြင်း၏ အကြောင်းဖြစ်၏။ အလောဘသည် အနိစ္စဟု ရှုမြင်နိုင်ခြင်း၏ အကြောင်း။ အဒေါသသည် ဒုက္ခဟု ရှုမြင်နိုင်ခြင်း၏ အကြောင်း။ အမောဟသည် အနတ္တဟုရှုမြင်နိုင်ခြင်း၏ အကြောင်းဖြစ်၏။

အနိစ္စဟု ရှုမြင်နိုင်ခြင်းသည် အလောဘဖြစ်ခြင်း၏ အကြောင်း။ ဒုက္ခဟုရှုမြင်နိုင်ခြင်းသည် အဒေါသဖြစ်ခြင်း၏ အကြောင်း။ အနတ္တဟု ရှုမြင်နိုင်ခြင်းသည် အမောဟဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ တေဘူမက သင်္ခါရကို အနိစ္စဟု သိမြင်ပြီးလျှက် အဘယ်သူသည် ထိုတေဘူမက သင်္ခါရအလို့ငှါ လောဘကို ဖြစ်စေတော့အံ့နည်း မဖြစ်စေရာပြီ၊ ထို့ကြောင့် တေဘူမက သင်္ခါရကို အနိစ္စဟုရှုမြင်နိုင်ခြင်းသည် အလောဘ ဖြစ်ခြင်း၏ အကြောင်းဖြစ်သည်။ တေဘူမကသင်္ခါရကို ဒုက္ခဟုသိမြင် ပြီးလျှက် စင်စစ် ကြမ်းကြုတ် လှစွာသော တပါးသော ကောဓဒုက္ခကို အဘယ်ပုဂ္ဂိုလ်သည်ဖြစ်စေတော့အံ့နည်း မဖြစ်စေရာပြီ၊ထို့ကြောင့် တေဘူမက သင်္ခါရကို ဒုက္ခဟုရှုမြင်နိုင်ခြင်းသည် အဒေါသဖြစ်ခြင်း၏အကြောင်းဖြစ်သည်။ အလုံးစုံသော တရားတို့၏ အတ္တမှဆိတ်သည်၏ အဖြစ်ကို သိပြီး

လျက် အဘယ်မည်သော ပုဂ္ဂိုလ်သည် တဖန်ပြင်းစွာ တွေဝေခြင်းသို့ ရောက်စေ တော့အံ့နည်း မရောက်စေရာပြီ၊ ထို့ကြောင့် အလုံးစုံသော တရား တို့ကို အနတ္တဟု ရှုမြင်နိုင်ခြင်းသည် အမောဟ ဖြစ်ခြင်း၏ အ ကြောင်း ဖြစ်သည်။ ဤသို့ အလောဘ အဒေါသ အမောဟ တို့ထူးကြ သည် ဟူလေ။

ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စအထူး

ဝိစိကိစ္ဆာလည်း အာရုံ၌တုန်လှုပ်ခြင်း ကိစ္စရှိ၏။ ဥဒ္ဓစ္စလည်း အာရုံ၌ တုန်လှုပ်ခြင်းကိစ္စရှိသည်ဖြစ်၍ ၎င်းနှစ်ပါး အဘယ်သို့ ထူးသနည်းဟူမူ။ ဝိစိကိစ္ဆာသည်အထူးထူးသောအာရုံ၌တုန်လှုပ်သည်။ဥဒ္ဓစ္စမူကား တခု တည်းသော အာရုံ၌ တုန်လှုပ်သည်၊ ဤသို့ ထူးသည် ဟူလေ။ ဥဒ္ဓစ္စံပဟိ ကောဝရမ္မဏေ ဝိပ္ဖန္ဒတိ။ ဝိစိကိစ္ဆာ နာနာရမ္မဏေ။ **အဋ္ဌသာလိနီ**။ ဝိစိ ကိစ္ဆာသဟဂုတ်စိတ်, ဥဒ္ဓစ္စသဟဂုတ်စိတ်တို့သည် အာရုံ၌ လိမ့်တတ် ကုန်၏။ အာရုံ၌လိမ့်၍ ဖြစ်တတ်သော တရားသည် အဘယ်မျှရှိသနည်း အဘယ်တရားတို့နည်းဟုမေးသည်ဖြစ်အံ့၊ နှစ်ပါးရှိသည်။နှစ်ပါးဟူသည် လည်း ဤမောဟမူစိတ်နှစ်ခုပင်ဟု ဖြေကြားအပ်၏။ ယင်းသို့အာရုံ၌လိမ့် ၍ဖြစ်ခြင်း တူခဲ့သော်ထိုစိတ်နှစ်ခုတို့သည်၊အဘယ်သို့ ထူးကြသနည်းဟူ မူ။ လုံးသောပတ္တမြားတုံး၊ လေးထောင့်ဖြစ်သော ပတ္တမြားတုံးနှစ်ခုတို့ကို ဆင်ခြေလျှောနိမ့်ရှိုင်းချိုင့်ဝှမ်းရာအရပ်၌ လှိမ့်၍လွှတ်လိုက်သည်ရှိသော် လုံးသော ပတ္တမြားတုံးသည် ရပ်ဆိုင်းခြင်းမရှိ လိမ့်သည်သာ ဖြစ်သကဲ့ သို့၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်သည် ရပ်တန့်ခြင်းမရှိ အာရုံ၌ လိမ့်သည် သာဖြစ်၏။ လေးထောင့် ပတ္တမြားတုံးမူကား တန့်၍တန့်၍ လိမ့်သကဲ့သို့ ဥဒ္ဓစ္စသဟဂုတ်စိတ်သည် အာရုံ၌လိမ့်သော်လည်း အဓိမောက္ခနှင့် ယှဉ် သည်ဖြစ်၍ ရအပ်သော ထောက်တည်ရာလည်း ရှိသေးရကား၊ တန့်၍ တန့်၍သာလိမ့်သည်၊ ဤသို့ထူးသေး၏ ဟူလေ။

သဒ္ဓါ, သတိ စသော တရားခုနစ်ပါး အထူး

သဒ္ဓါ, သတိ, သမာဓိ, ပညာ, တဏှာ, ဒိဋ္ဌိ, အဝိဇ္ဇာ, ဤတရားခုနစ်ပါး တို့သည် အာရုံသို့သက်ဝင် တတ်ကုန်၏။ ထိုတွင် တဏှာ, ဒိဋ္ဌိ, အဝိဇ္ဇာ,

ဤသုံးပါး တို့သည် အကုသိုလ် အတိုင်း၌ အာရုံသို့ သက်ဝင်၍ တည်ကုန်သည်။ ထိုသို့သက်ဝင်၍ တည်သောကြောင့်ပင် ထိုတရား သုံးပါးတို့ကို ဩဃ ဟူ၍ ဟောတော်မူသည်။ သဒ္ဓါ, သတိ, သမာဓိ, ပညာ ဤလေးပါးတို့မူကား ကုသိုလ်အတိုင်း၌ အာရုံသို့သက်ဝင်၍ တည်ကုန်သည်။လေးပါးအထူးမှာ သဒ္ဓါသည် အာရုံသို့ဖောက်ခွဲ၍ ဝင်ဘိသကဲ့သို့ သက်ဝင်သည်၊သတိမှာမပေါ်ဘဲရေ၌နစ်မြုပ်သကဲ့သို့သက်ဝင်သည်၊ သမာဓိမှာ အောက်၌ တည်သကဲ့သို့ သက်ဝင်သည်၊ပညာမှာ ထက်ဝန်းကျင်အားဖြင့် သက်ဝင်သည်၊ဤသို့ထူး၏။ဧကဂ္ဂတာသည် အကုသိုလ်၌ယှဉ်သောအခါ အားမရှိ၊ အလွန် အားငယ်သည်။ ကုသိုလ်၌ ယှဉ်သောအခါ အားကြီး၏။ မြူထရာမြေအရပ်၌ ရေဖြင့်သွန်းလောင်း၍ အပြေအချောတလင်းပြုလုပ်သော်လည်း အတန်ငယ်မျှကာလပတ်လုံးသာမြူသိပ်သည် ချောက်သည်၊ နောက်မြူထမြဲ ပကတိပင် ထပြန်သကဲ့သို့၊အကုသိုလ် အတိုင်း၌ဖြစ်သော ဧကဂ္ဂတာသည်အားမရှိ၊ထိုမြူထရာအရပ်၌ အိုးတို့ဖြင့်ရေကိုသွန်းလောင်း၍ ပေါက်တူးဖြင့် တူးပေါက်၍ ထုနယ်ပြီးလျှင် တူ တင်းပုတ် တို့ဖြင့် နှက်သိပ်လိမ်းကျံ ချောမောပြေပြစ်စွာ ပွတ်တိုက်၍ ထားသည်ရှိသော် ကြေးမုံပြင်၌ အရိပ်ထင်သကဲ့သို့ အရိပ်ထင်၏။နှစ်ပေါင်းအရာ မြင့်ကြာရှည်လွန်သော်လည်း ထိုခဏ၌ပင် မကြာမတင်ပြုလုပ်၍ ထားဘိသကဲ့သို့ ဖြစ်၍ တည်သကဲ့သို့ ကုသိုလ်အတိုင်း၌ ဖြစ်သော ဧကဂ္ဂတာသည် အလွန်အားရှိသည်။

တခုတည်းသောအာရုံ၌ဖြစ်သောတရားတို့၏ အထူးကိုသိနိုင်ခဲခြင်း

တခုတည်းသော အာရုံ၌ဖြစ်ကြကုန်သော ကိစ္စ, လက္ခဏာ, စသောသဘောအားဖြင့်မတူ ထူးခြားကွဲပြားကုန်သော နာမ်တရားတို့၏ တပါးနှင့်တပါး သဘောအားဖြင့် ထူးခြားသည်၏ အဖြစ်ကို အလွန် သိခြင်းငှါ ခဲယဉ်း၏။ ထိုသိခြင်းငှါ အလွန်ခဲယဉ်းသော တရားတို့ကို ဤတရားကား ဖဿမည်၏၊ ဤတရားကား ဝေဒနာမည်၏ စသည်ဖြင့် ပညတ်သို့တင်၍ ဟောပြနိုင်ခြင်းသည် ထိုထက်ပင်အလွန်ခဲယဉ်းလှသည်။ တခုတည်း

သောခွက်၌ထည့်၍ တနေ့ပတ်လုံး အောက်ထက်မလပ် ပတ်ပတ်မွှေအပ်သော တွင်းရေ,ကန်ရေ,မြစ်ရေ, စသော အထူးထူးသောရေတို့၏ရင်း, နှမ်းဆီ, မုံညင်းဆီ, စသော အထူးထူးသော ဆီတို့၏ရင်း, အဆင်းအနံ့အရသာတို့၏ ထူးသည့်၏ အဖြစ်ဖြင့် အထူးကို မြင်၍ရင်း, နမ်း၍ရင်း, လျက်၍ရင်း, ဤကားတွင်းရေ, ဤကား ကန်ရေ, စသည်သိခြင်းငှါတတ်နိုင်ရာသေး၏။ထိုသို့ပင်တတ်နိုင်သော်လည်း ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ရောမွှေ၍ထားသော ရေစသည်တို့ကို အသီးအသီး ခွဲနုတ်၍ ပြခြင်းသိခြင်းအမှုကို အလွန်ပြုနိုင်ခဲသော အမှုဟူ၍ဆိုအပ်၏။မြတ်စွာဘုရားမူကား တခုတည်းသော အာရုံကို အာရုံပြု၍ တပြိုင်တည်း တရတည်းဖြစ်ကုန်သော ဗိတ်စေတသိက်ဖြစ်သောဤနာမ်တရားတို့ကိုအသီးအသီး ဝေဘန်ခွဲခြမ်း၍ ဤကား ဖဿမည်၏၊ ဤကား ဝေဒနာ, ဤကား သညာ မည်၏၊ စသည်ဖြင့် အမည်နာမပညတ်ကို ထုတ်သဖြင့် သိမြင်ဟောပြတော်မူခြင်းကို ပြုတော်မူအပ်သော အမှုသည်၊ ပြဆိုခဲ့ပြီးသော အထူးထူးသော ရေစသည်ကို အသီးသီး ခွဲခြမ်း၍ ပြသည်ထက် အဆအသိန်းအသန်းမက အလွန်ခက်ခဲသောအမှုကို ပြုတော်မူအပ်လေသည်။ အရှင်ပဉ္စေကဗုဒ္ဓါတို့၏ တရားကို သိခြင်းသည် သူအ ဇွိပ်မက်မြင်သည်နှင့်တူသည်ဟု အဋ္ဌကထာတို့၌ဆိုသည်။ ဇွိပ်မက်မြင်မက်သော သူအသည် မိမိမြင်မက်သော ဇွိပ်မက်ကို သူတပါးတို့အား ပြန်ကြားခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ပဉ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း သစ္စာလေးပါး တရားဥသုံတို့ကို ကုန်စင်ကြွင်းမဲ့သိသော်လည်း ဤကား ဒုက္ခသစ္စာ, ဤကား သမုဒယသစ္စာ, ဤကားဖဿ, ဤကားဝေဒနာ, စသည်ဖြင့် အသီးအသီးပညတ်သို့တင်၍ ဟောတော်မူခြင်းငှါမစွမ်းနိုင်သည်သာတည်း။

နာနာဥဒကာနံ ဟိ နာနာတေလာနံ ဝါ ဧကဘာဇနေ ပက္ခိပိတွာ ဒိဝသံ နိမ္မထိတာနံ ဝဏ္ဏဂန္ဓရသာဒီနံ နာနတာယ ဒိသွာ ဝါ ဃာယိတွာ ဝါ သာယိတွာ ဝါ နာနာကရဏံ သက္ကာ ဘဝေယျ ဉာတုံ။ ဧဝံသန္တေပိ ဒုက္ကရန္တိ ဝုတ္တံ။ သမ္မာသမ္ဗုဒ္ဓေနပန ဣမေသံ အရူပီနံ ဗိတ္တစေတသိကာနံ ဓမ္မာနံ ဧကာရမ္မဏေ ပဝတ္တမာနာနံ ပါဋိယေက္ကံ ပါဋိယေက္ကံ ဝိနိဗ္ဘောဂံ ကတွာ ပညတ္တိဥဒ္ဓရမာနေန အတိဒုက္ကရံ ကတံ။ **အဋ္ဌသာလိနီ**။

ပဒိ၊ မြတ်စွာဘုရား၏ ပြုနိုင်ခဲသောအမှုကို ပြုတော်မူသည်၏ အဖြစ်ကို ထင်ရှားပြဦးအံ့။ ကောဘာဇနေ၊ တခုတည်းသောခွက်၌။ ပက္ခိပိတွာ၊ ထည့်၍။ ဒိဝသံ၊ တနေ့ပတ်လုံး။ နိမ္မထိတာနံ၊ မွှေနှောက် အပ်ကုန်သော။ နာနာဥဒကာနံဝါ၊ အထူးထူးသောရေတို့၏ရင်း။ နာနာတေလာနံဝါ၊ အထူးထူးသောဆီတို့၏ရင်း။ဝဏ္ဏဂန္ဓရသာဒိနံ၊အဆင်းအနံ့အရသာစသည်တို့၏။ နာနတာယ၊ ထူးသည်၏အဖြစ်ကြောင့်။ နာနာကရဏံ၊ အထူးကို။ ဒိသွာဝါ၊ အဆင်းကို မြင်၍ရင်း။ ဃာယိတွာဝါ၊ အနံ့ကိုနမ်း၍ရင်း။ သာယိတွာဝါ၊ အရသာကို လျက်၍ရင်း။ ဉာတုံ၊ သိခြင်းငှါ။ သက္ကာ၊ တတ်ကောင်းသည်။ ဘဝေယျ၊ဖြစ်ရာ၏။ ဧဝံသန္တေပိ၊ဤသို့ပင်သိခြင်းငှါတတ်ကောင်းသော်လည်း။ ဒုက္ကရန္တိ၊ ပြုနိုင်ခဲသောအမှုဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ သမ္မာသမ္ဗုဒ္ဓေနပန၊ မြတ်စွာဘုရားသည်သော်ကား။ ဧကာရမ္မဏေ၊တခုတည်းသောအာရုံ၌။ ပဝတ္တမာနာနံ၊ ဖြစ်ကုန်သော။ အရူပီနံ၊နာမ်ဖြစ်ကုန်သော။စိတ္တစေတသိကာနံ၊စိတ်စေတသိက်ဟူကုန်သော။ရုမေသံဓမ္မာနံ၊ ဤတရားတို့ကို။ ဝါ၊တို့၏။ ပါဋိဧက္ကံပါဋိဧက္ကံ၊ အသီးအသီး။ ဝိနိဗ္ဘောဂံ၊ ခွဲခြမ်း ဝေဘန်ခြင်းကို။ ကတွာ၊ ပြု၍။ ပညတ္တိ၊ နာမပညတ်ကို။ ဥဒ္ဓရမာနေန၊ ထုတ်သဖြင့်။ ဝါ၊ ထုတ်တော် မူသော။ သမ္မာသမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ အတိဒုက္ကရံ၊ အလွန်ပြုနိုင်ခဲသော အမှုကို။ ကတံ၊ ပြုတော်မူအပ်၏။

နာဂသေနမထေရ် သည်လည်း မင်းကြီး၊ မြတ်စွာဘုရားသည် ပြုနိုင်ခဲသော အမှုကို ပြုတော် မူအပ်၏ဟု မိလိန္ဒ မင်းကြီးအား မိန့်တော်မူ၏။ အရှင်နာဂသိန်၊ အဘယ်သို့လျှင် မြတ်စွာ ဘုရားသည် ပြုနိုင်ခက်သော အမှုကို ပြုသနည်းဟု မင်းကြီးက မေးလျှောက် ပြန်သည် ရှိသော်၊ မင်းကြီး၊ တခုတည်းသော အာရုံ၌ ဖြစ်ကုန်သော စိတ်စေတသိက် ဟူသော ဤနာမ်တရားတို့ကို ဤကားဖဿ,ဤကားဝေဒနာ,ဤကားသညာ,ဤကားစေတနာ,ဤကားစိတ်,စသည်ဖြင့် အသီးအသီး မှတ်သား ပိုင်းခြားခြင်းကို အကြွင်ပြုတော်မူအပ်၏။ထိုပြုတော်မူခြင်းသည် ခဲယဉ်းသော ပြုနိုင်ခက်သောအမှုကို ပြုသည်မည်၏ဟု မိန့်တော်မူ၏။ အရှင်ဘုရား၊ ဥပမာကို ပြ

တော်မူပါလေဟု မင်းကြီးက တဖန်မေးလျှောက်ပြန်သည်ရှိသော်၊မင်းကြီး၊ ဥပမာဆိုသော်ကား။ တရံတယောက်သောယောကျ်ားသည် လှေ သင်းဘောဖြင့် သမုဒ္ဒရာသို့သက်၍ လက်ဖက်ဖြင့် ရေကိုခပ်ယူပြီးသော်၊ လျှာဖြင့် လျက်၍ ရေကို ရုံစမ်းသည် ဖြစ်ရာ၏။ မင်းကြီး ထိုယောကျ်ား သည် ထိုသို့လျှာဖြင့်လျက်၍ ရုံစမ်းသည်ရှိသော်၊ ဤရေကား ဂင်္ဂါမြစ်မှ လာသော ရေတည်း, ဤရေကား ယမုနာမြစ်မှ လာသော ရေတည်း, ဤရေကား အစိရဝတီမြစ်မှ လာသော ရေတည်း, ဤရေကား မဟီ မြစ်မှ လာသော ရေတည်း, ဤရေကား သရဘူမြစ်မှ လာသော ရေ တည်း,ဟု သိခြင်းငှါ သိစွမ်းနိုင်ပါ မည်လောဟု မေး၏။ ထိုသို့မေးသည် ရှိသော် မင်းကြီးသည် အရှင်နာဂသိန် ထိုသို့သိခြင်းငှါ ခဲခက်သှပေသည် ဟုလျှောက်၏။ ထိုအခါ နာဂသိန် မထေရ်က မင်းကြီး၊တရတည်းသော အာရုံ၌ ဖြစ်ကုန်သော စိတ်စေတသိက် ဖြစ်သော နာမ် တရား တို့ကို ဤ ကားဖဿ,ဤကားဝေဒနာ,စသည်ဖြင့် မှတ်သားပိုင်းခြားခြင်းကို မြတ်စွာ ဘုရားသည် အကြင် ပြုတော်မူ၏၊ ထိုပြုတော် မူခြင်းသည် ထိုရေကို သိ သောထက်ပင် အလွန်ခဲယဉ်း စွာ၏ဟု မိန့်တော်မူ၏။ ထိုသို့ တခုတည်း သောခွက်၌ ရောဖျော်အပ်သော ရေ၏အထူး,ဆီ၏အထူး,သမုဒ္ဒရာ၌ရေ ၏အထူးကို သိသောထက်ပင် တခုသော အာရုံ၌ တပြိုင်တည်း ဖြစ်ကြ ကုန်သော စိတ်စေတသိက်တရားတို့၏ အထူးကိုသိခြင်းငှါ အလွန်ခဲခက် သည်ဖြစ်၍၊ ထိုထိုသို့သော တရားတို့၏ ထိုထိုမဖောက် မပြန် ဟုတ်မှန် တိုင်းသော မိမိတို့ကိစ္စလက္ခဏာကို သဘောအတိုင်း ထိုးထွင်း၍သိတော် မူသည်ဖြစ်၍ မြတ်စွာ ဘုရားသည် ထိုထိုသို့သော တရားတို့ကို ဝေဘန် ဟောကြားတော် မူသည်ဟူ၍ ဒေသက ဖြစ်သော မြတ်စွာ ဘုရား၌ ယုံ ကြည်၍ ဤတရားတို့သည် ဤသို့ထူးကုန်၏ဟု သက်ဝင် ယုံကြည်သော အားဖြင့် သင်ကြားဆောင်ရွက်လေ့ကျက် ဆွေးနွေးမေးမြန်းခြင်း စသည် တို့ဖြင့် ထိုတရားတို့၏ သဘောကို သိခြင်းငှါ အားထုတ် ခြင်းကို ပြုအပ် ပြုသင့် ပြုထိုက်၏။ ထိုထိုဓမ္မထိုထိုအရာတို့၌ ဖောက်ပြန်မှားယွင်း၍ ကျင့် ခြင်းတို့ဖြင့် ပြင်းစွာသော တွေဝေခြင်းသို့ မရောက်စေအပ် မရောက်စေ လင့်ဟု ရှေးဆရာမြတ်တို့ ဆုံးမဩဝါဒ ပေးကြောင်းကို **ဦကာသကျောင်း၌**။

ဓမ္မာနံ ဟိ တံတံ ယာထာဝသရသလက္ခဏံ သဘာဝတော ပဋိဝိဇ္ဈိတွာ ဘဂဝတာ တေတေဓမ္မာ ဝိဘတ္တာတိ ဘဂဝတိ သဒ္ဓါယ ဧဝံ ဝိသေသာ ဣမေဓမ္မာတိ ဩကပ္ပေတွာ ဥဂ္ဂဟပရိပုစ္ဆာဒိဝသေန ယောဂေါ ကရဏီယော။ နပန တတ္ထတတ္ထ ဝိပ္ပဋိပဇ္ဇန္တေဟိ သမ္မောဟော အာပဇ္ဇိတဗ္ဗောတိ၊ အယမေတ္ထ အာစရိယာနံ အနုသာသနီ-ဟု **မိန့်ဆိုပြန်ကြွားတော်မူ၏။**

ဟိသစ္စံ၊မှန်၏။ဓမ္မာနံ၊စိတ်စေတသိက်စသော တရားတို့၏။တံတံယာထာဝသရသလက္ခဏံ၊ထိုထိုမဖောက်မပြန် ဟုတ်မှန်တိုင်းသော မိမိတို့၏ ကိစ္စလက္ခဏာကို။ သဘာဝတော၊ ဟုတ်မှန်သော သဘောအတိုင်း။ ပဋိဝိဇ္ဈိတွာ၊ထိုးထွင်း၍ သိတော်မူသည်ဖြစ်၍။ဘဂဝတာ၊မြတ်စွာဘုရားသည်။ တေတေဓမ္မာ၊ ထိုထိုတရားတို့ကို။ ဝိဘတ္တာ၊ ဝေဘန်ဟောကြားတော်မူအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဘဂဝတိ၊ ဒေသက ဖြစ်သော မြတ်စွာဘုရား၌။သဒ္ဓါယ၊ယုံကြည်၍။ဣမေဓမ္မာ၊ဤတရားတို့သည်။ဧဝံဝိသေသာ၊ ဟောတော်မူတိုင်း ဤသို့ထူးကုန်၏။ဣတိ၊သို့။ဩကပ္ပေတွာ၊သက်ဝင်ယုံကြည်၍။ဥဂ္ဂဟပရိပုစ္ဆာဒိဝသေန၊သင်ကြားလေ့ကျက်ဆောင်ရွက်ဆွေးနွေးမေးမြန်းခြင်း အစရှိသည်တို့၏အစွမ်းဖြင့်။ ယောဂေါ၊ သိခြင်း၌ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်,ပြုသင့်,ပြုထိုက်၏, ပြုရမည်။ တတ္ထတတ္ထ၊ထိုထိုဓမ္မတို့၌။ဝါ၊ဓမ္မတို့၏ ထိုထိုကိစ္စလက္ခဏာ စသည်တို့၌။ဝိပ္ပဋိပဇ္ဇန္တေဟိ၊ဖောက်ပြန် မှားယွင်း၍ ကျင့်ခြင်းတို့ဖြင့်။သမ္မောဟော၊ပြင်းစွာတွေဝေခြင်းသို့။နပန အာပဇ္ဇိတဗ္ဗော၊မရောက်အပ်,မရောက်စေနှင့်။ ဣတိ အယံ၊ဤပြဆိုအပ်ပြီးသည်ကား။ဧတ္ထ၊ဤအရာ၌။ အာစရိယာနံ၊ ရှေးဆရာတို့၏။အနုသာသနီ၊အဆုံးအမတော်တည်း။

အညသမာနရာသီသမ္ပယောဂနည်းကိုပြခြင်း

ဤစေတသိက်တို့သည်စိတ်-၈၉-ခုတို့၌ထိုက်သည်အားလျော်စွာအသီးအသီး ယှဉ်ကုန် မှီကုန်သည်ဖြစ်၍ ယှဉ်မှီရာစိတ် ပြားသည်အတိုင်း ပြား

သင့်ရကား ထိုယှဉ်မှီရာစိတ်တို့၏ သရုပ်အပြားနှင့်အတူ ပြားသော စေတသိက်တို့၏ သရုပ်အပြားကို တနည်းပြဆိုဦးအံ့။

ဖဿစေတသိက်-၈၉၊ဤဖဿသည် စိတ်-၈၉-ခုလုံးနှင့် ယှဉ်သောကြောင့် ယှဉ်မှီရာစိတ်၏ အစွမ်းဖြင့်-၈၉-ခု ဖြစ်သည်။ကြွင်းသော ဝေဒနာ,သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ,မနသိကာရ ဟူသော သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခြောက်ခုတို့သည်လည်း ဤဖဿနှင့်အတူ ၈၉-ခုစီပင် ပြားသောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်ပေါင်း ၆၂၃-ခု ဖြစ်သည်။

ဝိတက်စေတသိက်-၅၅၊ ဤဝိတက်သည် ဒွေပဉ္စဝိညာဏ်တဆယ်မှ တပါးသော ကာမစိတ်-၄၄-ခု၊ပဌမဈာန်စိတ်-၁၁-ခုအားဖြင့် စိတ်-၅၅ ခုတို့နှင့် ယှဉ်သောကြောင့်-၅၅-ဖြစ်သည်။ ဝိစာရစေတသိက်-၆၆၊ ဤဝိစာရသည် ယခင်သဝိတက္ကစိတ်-၅၅-ခု၊ ဒုတိယဈာန်စိတ်-၁၁-ခုအားဖြင့် စိတ်-၆၆-ခု တို့နှင့် ယှဉ်သောကြောင့်-၆၆-ဖြစ်သည်။ အဓိမောက္ခစေတသိက်-၇၈၊ ဤအဓိမောက္ခသည် ဒွေပဉ္စဝိညာဏ်,ဝိစိကိစ္ဆာသဟဂုတ်,ဤစိတ်-၁၁-ခုမှတပါးစိတ်-၇၈-ခုတို့နှင့်ယှဉ်၍-၇၈-ပါးပြားသည်။ ဝီရိယစေတသိက်-၇၃၊ဤဝီရိယသည် ပဉ္စဝိညာဏဓာတ်တဆယ်,မနောဓာတ်သုံးခု, သန္တီရဏစိတ်သုံးခု, အားဖြင့် ဤစိတ်-၁၆-ခုမှ တပါး စိတ် ၇၃-ခုတို့နှင့်ယှဉ်ခြင်းကြောင့်-၇၃-ပါးပြားသည်။ပီတိစေတသိက်-၅၁၊ ဤပီတိသည် သုခသဟဂုတ် ကာယဝိညာဏ်, စတုတ္ထဈာန် ဧကာဒသ, ဤစိတ်-၁၂-ခုမှ တပါးသော သုခသဟဂုတ် စိတ်-၅၁-ခုနှင့် ယှဉ်ခြင်းကြောင့်-၅၁-ပါးပြားသည်။ဆန္ဒစေတသိက်-၆၉၊ဤဆန္ဒသည် အဟိတ်စိတ်-၁၈-ခု, မောဟမူနှစ်ခု, အားဖြင့် ဤစိတ်နှစ်ဆယ်မှ တပါးသောစိတ် ၆၉-ခုနှင့်ယှဉ်ခြင်းကြောင့်-၆၉-ပါးပြားသည်။ဤပြဆိုခဲ့ပြီးသောဝိတက် အစရှိသော စေတသိက်-၆-မျိုးကို ပေါင်းသော်ကား ပကိဏ်း စေတသိက်ပေါင်း-၃၉၂-ပါးဖြစ်၏။ ယခင်ပြဆိုပြီး သဗ္ဗစိတ္တသာဓာရဏ စေတသိက်-၆၂၃-ခု၊ ပကိဏ်း စေတသိက်-၃၉၂-ခု အားဖြင့် နှစ်ရပ်ကို ပေါင်းသော်၊အညသမာန်း စေတသိက်ပေါင်း-၁၀၁၅-ခုဖြစ်၏။

အကုသလရာသိသမ္ပယောဂနည်းကိုပြခြင်း

မောဟစေတသိက်-၁၂၊ဤမောဟသည် အကုသိုလ်စိတ်-၁၂-ခုနှင့် ယှဉ်၍-၁၂-ပါး ပြားသည်။ အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ စေတသိက်တို့ လည်း၊ဤမောဟနှင့်တူစွာ-၁၂-ပါးစီပင်ပြားသည်။ လောဘစေတသိက် ၈စ်၊ ဤလောဘသည် လောဘမူစိတ် ၈စ်ခုနှင့် ယှဉ်၍ ၈စ်ပါး ပြားသည်။ ဒိဋ္ဌိစေတသိက်လေး၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုနှင့် ယှဉ်၍ လေးပါး ပြားသည်။မာနစေတသိက်လေး၊ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးခုနှင့် ယှဉ်၍ လေးပါး ပြားသည်။ ဒေါသစေတသိက်နှစ်၊ဤဒေါသသည် ဒေါသမူစိတ် နှစ်ခုနှင့်ယှဉ်၍ နှစ်ပါးပြားသည်။ ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ စေတသိက် တို့လည်း၊ဤအတူနှစ်ပါးစီပင် ပြားကုန်သည်။ထိနစေတသိက်ငါး၊ဤထိန သည် လောဘမူသသင်္ခါရိကလေးခု, ဒေါသမူသသင်္ခါရိကတခု, ဤစိတ် ငါးခုတို့နှင့်ယှဉ်၍ ငါးပါးပြားသည်။မိဒ္ဓစေတသိက် သည်လည်း ဤအတူ ငါးပါးပင်ပြားသည်။ဝိစိကိစ္ဆာ စေတသိက်တစ်၊ ဤဝိစိကိစ္ဆာသည် ဝိစိ ကိစ္ဆာ သဟဂုတ်စိတ် တခုတည်း နှင့်သာယှဉ်၍ တပါးတည်းသာ ဖြစ် သည်။ ဤမောဟ အစရှိသော စေတသိက်တို့ကိုပေါင်း၍ အကုသိုလ်စေ တသိက်ပေါင်း-၈၃-ပါးဖြစ်၏။

သောဘဏရာသိသမ္ပယောဂနည်းကိုပြခြင်း

သဒ္ဓါစေတသိက်-၅၉၊ ဤသဒ္ဓါသည် သောဘဏစိတ်-၅၉-ခုလုံးနှင့် ယှဉ်ခြင်းကြောင့်-၅၉-ပါးပြားသည်။ သတိစေတသိက် အစရှိကုန်သော ကြွင်းသော သောဘဏသာဓာရဏ စေတသိက်-၁၈-ခုတို့သည်လည်း ဤသဒ္ဓါကဲ့သို့-၅၉-ပါးစီပင် ပြားရကား၊သောဘဏသာဓာရဏ စေတ သိက်ပေါင်း တထောင့်တရာ့နှစ်ဆဲ့တပါး ဖြစ်ကုန်၏။သမ္မာဝါစာ စေတ သိက်-၁၆၊ဤသမ္မာဝါစာသည် မဟာကုသိုလ်စိတ်၈စ်ခု, လောကုတ္တရာ စိတ်၈စ်ခု အားဖြင့်၊ ဤစိတ်တဆဲ့ခြောက်ခု တို့နှင့် ယှဉ်ခြင်းကြောင့်-၁၆ ပါးပြားသည်။ သမ္မာကမ္မန္တ စေတသိက်, သမ္မာအာဇီဝ စေတသိက်တို့ လည်း ဤသမ္မာဝါစာနှင့် အတူ-၁၆-ပါးစီပင် ပြားရကား၊ ဝိရတိ စေဘ

သိက်ပေါင်း လေးဆဲ့ရှစ်ပါး ဖြစ်သည်။ကရုဏာစေတသိက်-၂၀၊ ဤကရုဏာသည် မဟာကုသိုလ်ရှစ်ခု,မဟာကြိယာရှစ်ခု,သုခသဟဂုတ် ရူပါဝစရစိတ်-၁၂-ခုအားဖြင့် ဤစိတ်နှစ်ဆဲ့ရှစ်ခုတို့နှင့် ယှဉ်ခြင်းကြောင့်-၂၀ ပါးပြားသည်။ မုဒိတာစေတသိက်သည်လည်း ဤအတူ-၂၀-ပါးပင်ပြား၏။ပညိန္ဒြေစေတသိက်-၄၇၊ဤပညိန္ဒြေသည် ကာမတိဟိတ်စိတ်-၁၂-ခု, မဟဂ္ဂုတ်စိတ်-၂၇-ခု, လောကုတ္တရာစိတ်ရှစ်ခု အားဖြင့် ဤစိတ်-၄၇-ခု တို့နှင့် ယှဉ်ခြင်းကြောင့်-၄၇-ပါးပြားသည်။ ဤသဋ္ဌါအစ ပညိန္ဒြေအဆုံး ရှိသော စေတသိက်တို့ကို ပေါင်းသော် သောဘဏစေတသိက်ပေါင်း တထောင့်နှစ်ရာ့ခုနစ်ဆဲ့နှစ်ပါးဖြစ်၏။

[အညသမာန်းစေတသိက်, အကုသိုလ်စေတသိက်, သောဘဏစေတသိက်, ၃-မျိုးလုံးကို ပေါင်းသော် အလုံးရုံ စေတသိက်ပေါင်း-၂၃၇၀-ဖြစ်၏။ဤကား စိတ်-၈၉-ပါးကိုယူ၍ ပြဆိုသော နည်းတည်း။]

စိတ်နှင့်အမျှယှဉ်သောအညသမာန်းစေတသိက်အပြားကိုပြခြင်း

စေတသိက်တို့၏ ယှဉ်မှီရာစိတ်ကို အကျယ် အားဖြင့်-၁၂၁-ပါး ယူ၍ စေတသိက်တို့၏ သရုပ် အပြားကို တနည်း ပြဆိုဦးအံ့။ ဖဿစေတသိက်၊၁၂၁-ဤဖဿသည် စိတ်အကျယ်-၁၂၁-ပါးတို့နှင့်ယှဉ်သည်ဖြစ်၍ ၁၂၁-ပါးပြားသည်။ဝေဒနာ, သညာ အစရှိသော ကြွင်းသော စေတသိက်-၆-ခုလည်း ဖဿနှင့် အတူ အသီးအသီး-၁၂၁-ပါးစီပင် ပြားရကား သဗ္ဗစိတ္တသာဓာရဏစေတသိက်ပေါင်းရှစ်ရာ့လေးဆဲ့ခုနစ်ပါးဖြစ်သည်။ အဓိမောက္ခ စေတသိက်-၁၁၀၊ ဤအဓိမောက္ခသည် ဝိစိကိစ္ဆာသဟဂုတ်စိတ်, ဒွေပဉ္စဝိညာဏ်, စိတ်တို့မှ တပါးသော စိတ်အကျယ် တရာ့တဆယ်တို့နှင့် ယှဉ်ခြင်းကြောင့်-၁၁၀-ဖြစ်သည်။ ဝီရိယ စေတသိက်-၁၀၅။ ဤဝီရိယသည်၊ ပဉ္စဝိညာဏဓာတ်, မနောဓာတ်, သန္တီရဏ, တို့မှတပါး စိတ်အကျယ် တရာ့ငါးခုတို့နှင့် ယှဉ်ခြင်းကြောင့်-၁၀၅ ပါးပြားသည်။ ဆန္ဒစေတသိက်-၁၀၁၊ ဤဆန္ဒသည်၊ မောဟမူစိတ်, အ

ဟိတ်ဖိတ် တို့မှတပါးသော စိတ်အကျယ် တရာ့ကခုတို့နှင့် ယှဉ်ခြင်းကြောင့်-၁၀၁-ပါး ပြားသည်။ ဝိတက်, ဝိစာရ, ပီတိ ဤ-၃-ပါး တို့မှာ ရှေးနည်း အစဉ်အတိုင်း-၅၅-ပါး-၆၆-ပါး-၅၁-ပါး ဖြစ်ရကား၊ ပကိဏ်း စေတသိက်ပေါင်း လေးရာ့ရှစ်ဆဲ့ရှစ်ပါး ဖြစ်၏။ သဗ္ဗစိတ္တသာဓာရဏ ပကိဏ်း-၂-ဗုပေါင်း အညသမာန်းစေတသိက်-၁၃၃၅-ပါးဖြစ်၏။

စိတ်နှင့်အမျှယှဉ်သောသောဘဏစေတသိက်အပြားကိုပြခြင်း

သဒ္ဓါစေတသိက်-၉၁၊ ဤသဒ္ဓါသည် သောဘဏစိတ် အကျယ် ကိုးဆဲ့တပါးတို့နှင့် ယှဉ်ခြင်းကြောင့်-၉၁-ပါး ပြားသည်။ သတိအစရှိသော ကြွင်းသော စေတသိက် တဆဲ့ရှစ်ခုလည်း၊ဤသဒ္ဓါစေတသိက် နည်းတူ ၉၁-ပါးစီပင် ပြားသောကြောင့် သောဘဏ သာဓာရဏ စေတသိက်ပေါင်း တထောင့်ခုနစ်ရာ့နှစ်ဆဲ့ကိုးပါးဖြစ်သည်။ သမ္မာဝါစာစေတသိက် ၄၈၊ ဤသမ္မာဝါစာသည် မဟာကုသိုလ် ရှစ်ခု, လောကုတ္တရာစိတ် အကျယ် လေးဆယ်, အားဖြင့် စိတ်-၄၈-ပါးတို့နှင့် ယှဉ်ခြင်းကြောင့်-၄၈ ပါးပြားသည်။ သမ္မာကမ္မန္တ, သမ္မာအာဇီဝ, တို့လည်း၊ ဤသမ္မာဝါစာနှင့် အတူ-၄၈-ပါးစီပင် ပြားရကား ဝိရတိစေတသိက်ပေါင်း တရာ့လေးဆဲ့လေးပါးဖြစ်သည်။ ကရုဏာ,မုဒိတာ,နှစ်ပါးမှာ ရှေးနည်းအတိုင်း နှစ်ဆဲ့ရှစ်ပါးစီပင်ဖြစ်၏။ ပညိန္ဒြေ စေတသိက်-၇၉၊ ဤပညိန္ဒြေသည် ကာမတိဟိတ်စိတ်-၁၂-ခု, မဟဂ္ဂုတ်စိတ်-၂၇-ခု, လောကုတ္တရာစိတ် အကျယ် ၄၀,တို့နှင့်ယှဉ်ခြင်းကြောင့်-၇၉-ပါးပြားသည်။သဒ္ဓါအစ ပညိန္ဒြေအဆုံးရှိသော စေတသိက် နှစ်ဆဲ့ငါးရပ်ကို ပေါင်းသော် သောဘဏ စေတသိက်ပေါင်း နှစ်ထောင့်ရှစ်ပါး ဖြစ်၏။ အကုသိုလ် စေတသိက်မှာ ရှေးနည်းနှင့်မထူးပြီဖြစ်၍ ရှေးနည်းအတိုင်း ရှစ်ဆဲ့သုံးခုပင်ဖြစ်သည်။

[အညသမာနရာသိ, အကုသလရာသိ, သောဘဏရာသိ စေတသိက်-၃-ခုတို့ကို ပေါင်းသော် အလုံးစုံစေတသိက်ပေါင်း သုံးထောင့်လေးရာ့နှစ်ဆဲ့ခြောက်ပါးဖြစ်၏။]

အကုသိုလ်စိတ်၌ယှဉ်သော စေတသိက်သင်္ဂြိုဟ်ကိုပြခြင်း

စေတသိက်တို့၏ သင်္ဂြိုဟ် အပြားကို စိတ်ဖြင့်မှတ်၍ တနည်း ပြဦးအံ့။ လောဘမူစိတ်နှင့် ယှဉ်ကောင်းသော စေတသိက်-၂၂-ခုမှာ၊ အညသမာန်း-၁၃-ခု, သဗ္ဗာကုသလသာဓာရဏ စေတသိက်လေးခု, အားဖြင့် ၍စေတသိက်-၁၇-ခု၌ လောဘ,ဒိဋ္ဌိ,မာန,ထိန,မိဒ္ဓ ၅ါးခုတို့ကို ထည့်။ ဒိဋ္ဌိဂတ သမ္ပယုတ် စိတ်နှင့် ယှဉ်ကောင်းသော စေတသိက်-၂၁-ခုမှာ၊ ယခင်-၂၂-ခု၌ မာနကိုနှုတ်။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်နှင့် ယှဉ်ကောင်းသော စေတသိက်-၂၁-ခုမှာ၊ ယခင်-၂၂-ခု၌ ဒိဋ္ဌိကိုနှုတ်။ လောဘမူ သောမနဿသဟဂုတ်နှင့် ယှဉ်ကောင်းသော စေတသိက်-၂၂-ခုမှာ၊ယခင်-၂၂ ခုပင်။ လောဘမူဥပေက္ခာသဟဂုတ်နှင့် ယှဉ်ကောင်းသော စေတသိက် ၂၁-ခုမှာ၊ ယခင်-၂၂-ခု၌ ပီတိကိုနှုတ်။ လောဘမူ အသင်္ခါရိကနှင့် ယှဉ်သော စေတသိက်-၂၀-မှာ၊ ယခင်-၂၂-ခု၌ ထိန, မိဒ္ဓ တို့ကိုနှုတ်။ လောဘမူသသင်္ခါရိကနှင့်ယှဉ်သော စေတသိက်-၂၂-ခုမှာ၊ယခင်-၂၂-ခုပင်။ လောဘမူ သောမနဿ အသင်္ခါရိကနှင့် ယှဉ်သောဝင်း-၂၀-မှာ၊ ယခင် ၂၂-ခု၌ ထိန,မိဒ္ဓ နှစ်ခုကိုနှုတ်။လောဘမူ သောမနဿ သသင်္ခါရိကနှင့် ယှဉ်သောဝင်း-၂၂-မှာ၊ယခင်-၂၂-ခုပင်။ လောဘမူဥပေက္ခာ အသင်္ခါရိကနှင့်ယှဉ်သော ဝင်း-၁၉-မှာ၊ ယခင်-၂၂-ခု၌ ပီတိ,ထိန,မိဒ္ဓ ၅၊-၃-ခုကို နှုတ်။ လောဘမူဥပေက္ခာသသင်္ခါရိကနှင့် ယှဉ်သော ဝင်း-၂၁-မှာ၊ယခင် ၂၂-ခု၌ ပီတိကိုနှုတ်။ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကနှင့် ယှဉ်သော ဝင်း ၁၉-မှာ၊ ယခင်-၂၂-ပါး၌ မာန, ထိန, မိဒ္ဓ တို့ကိုနှုတ်။ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကနှင့် ယှဉ်သော ဝင်း-၂၁-မှာ၊ ယခင်-၂၂-၌ မာနကိုနှုတ်။ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကနှင့်ယှဉ်သော ဝင်း-၁၉-မှာ၊ ၂၂-၌ ဒိဋ္ဌိ,ထိန, မိဒ္ဓ တို့ကိုနှုတ်။ ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကနှင့် ယှဉ်သော ဝင်း-၂၁ မှာ၊ ၂၂-၌ ဒိဋ္ဌိကိုနှုတ်။ ဒိဋ္ဌိဂတသမ္ပယုတ် သောမနဿနှင့် ယှဉ်သော ဝင်း-၂၁-မှာ၊ ၂၂၌ မာနကိုနှုတ်။ ဒိဋ္ဌိဂတသမ္ပယုတ် ဥပေက္ခာသဟဂုတ် နှင့် ယှဉ်သော ဝင်း-၂၀-မှာ၊ ၂၂-၌ မာန, ပီတိ တို့ကိုနှုတ်။ ဒိဋ္ဌိဂတဝိပ္ပ ယုတ် သောမနဿသဟဂုတ်နှင့် ယှဉ်သော ဝင်း-၂၁-မှာ၊ ၂၂-၌ ဒိဋ္ဌိကို

နှတ်။ ဒိဋ္ဌိဂတဝိပ္ပယုတ် ဥပေက္ခာသဟဂုတ်နှင့် ယှဉ်သော ဝင်း- ၂၀-မှာ၊ ၂၂-၌ ဒိဋ္ဌိ, ပီတိ တို့ကိုနှတ်။ လောဘမူစိတ် ၈ခုတို့တွင် ပဌမလောဘမူနှင့် ယှဉ်သော စေတသိက်-၁၉-မှာ၊ ၂၂-၌ မာန,ထိန,မိဒ္ဓ ကိုနှတ်။ ဒုတိယလောဘမူစိတ်နှင့် ယှဉ်သော ဝင်း- ၂၁-မှာ၊ ၂၂-၌ မာနကိုနှတ်။တတိယလောဘမူ စိတ်နှင့် ယှဉ်သော ဝင်း-၁၉-မှာ၊ ၂၂-၌ ဒိဋ္ဌိ, ထိန, မိဒ္ဓ တို့ကိုနှတ်။ စတုတ္ထ လောဘမူစိတ်နှင့် ယှဉ်သော ဝင်း- ၂၁-မှာ၊ ၂၂-၌ ဒိဋ္ဌိကိုနှတ်။ ပဉ္စမလောဘမူစိတ်နှင့် ယှဉ်သော ဝင်း -၁၈-မှာ၊ ၂၂-၌ ပီတိ, မာန, ထိန,မိဒ္ဓ ဤ-၄-ပါးကိုနှတ်။ ဆဋ္ဌလောဘမူစိတ်နှင့် ယှဉ်သော ဝင်း ၂၀-မှာ၊ ၂၂-၌ ပီတိ, မာန, နှစ်ပါးကိုနှတ်။ သတ္တမ လောဘမူစိတ်၌ယှဉ်သော ဝင်း-၁၈-မှာ၊ ၂၂-၌ ပီတိ, ဒိဋ္ဌိ, ထိန, မိဒ္ဓ တို့ကိုနှတ်။ အဋ္ဌမလောဘမူစိတ်နှင့် ယှဉ်သော ဝင်း- ၂၀-မှာ၊ ၂၂-၌ ပီတိ,ဒိဋ္ဌိ တို့ကိုနှတ်။ လောဘမူစိတ်နှင့် မယှဉ်သော စေတသိက်-၃၀-မှာ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဤငါးခုနှင့် သောဘဏစေတသိက်။ လောဘမူစိတ်နှင့်သာ ယှဉ်သော စေတသိက်-၃-မှာ၊ လောဘ, ဒိဋ္ဌိ, မာန။ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်နှင့် မယှဉ်သော စေတသိက်-၃၁-မှာ၊ ယခင်-၃၀-၌ မာန ကိုထည့်။ ဒိဋ္ဌိဂတသမ္ပယုတ်နှင့်သာ ယှဉ်သော ဝင်း-၁-မှာ၊ ဒိဋ္ဌိစေတသိက်။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်နှင့် မယှဉ်သောဝင်း-၃၁-မှာ၊ယခင်-၃၀ ၌ ဒိဋ္ဌိကိုထည့်။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်နှင့်သာ ယှဉ်သောဝင်း၊ ၁-မှာ၊မာန စေတသိက်။ ဒေါသမူစိတ်နှင့် ယှဉ်သော စေတသိက်- ၂၂-မှာ၊ ယခင် ၁၇-ခု၌ ပီတိကိုနှတ်၍ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ ဤ ၆-ခုကိုထည့်။ ဒေါသမူ အသင်္ခါရိကနှင့်ယှဉ်သော စေတသိက်- ၂၀-မှာ၊ ယခင်- ၂၂-၌ ထိန, မိဒ္ဓ, ကိုနှတ်။ ဒေါသမူသသင်္ခါရိကနှင့် ယှဉ်သောဝင်း ၂၂-မှာ၊ ယခင်- ၂၂-ပင်။ ဒေါသမူစိတ်နှင့်မယှဉ်သော စေတသိက်-၃၀ မှာ၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ, ဤငါးပါးနှင့် သောဘဏ စေတသိက်။ ဒေါသမူ စိတ်နှင့်သာ ယှဉ်သော စေတသိက်-၄-မှာ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ လောဘမူစိတ် ဒေါသမူ စိတ်နှင့်သာ ယှဉ်သော စေတသိက်- ၂-မှာ၊ ထိန, မိဒ္ဓ။ မောဟမူစိတ်နှင့်ယှဉ်သော စေတသိက်-၁၆-မှာ၊ ယခင်-၁၇-၌ ပီတိ, ဆန္ဒ နှစ်ပါးကိုနှတ်၍ ဝိစိကိစ္ဆာကို

ထည့်။ ဝိဝိက်ဳ္ကာ သဟာဂုတ်စိတ်နှင့် ယှဉ်သော ၎င်း-၁၅-မှာ၊ ယခင် ၁၆-၌ အဓိမောက္ခကိုနုတ်။ ဥဒ္ဓစ္စသဟဂုတ်စိတ်နှင့် ယှဉ်သော ၎င်း-၁၅ မှာ၊ ယခင်-၁၆-၌ ဝိဝိက်ဳ္ကာကိုနုတ်။ မောဟမူစိတ်နှင့် မယှဉ်သော စေတသိက်-၃၆-မှာ၊ ပီတိ, ဆန္ဒ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, စေတသိက်တဆဲ့တခုနှင့် သောဘဏ စေတသိက်။ မောဟမူစိတ်နှင့်သာ ယှဉ်သော စေတသိက်-၁-မှာ၊ ဝိဝိကိစ္ဆာ။ ဝိဝိကိစ္ဆာ သဟာဂုတ် စိတ်နှင့်သာ ယှဉ်သော ၎င်း-၁-မှာလည်း၊ ဝိဝိကိစ္ဆာပင်။ အကုသိုလ်စိတ်နှင့်ယှဉ်ကောင်းသော စေတသိက်-၂၇-မှာ၊ အညသမာန်း-၁၃-ခု၊အကုသိုလ်စေတသိက်-၁၄-ခု။အကုသိုလ်သော မနသာ သဟာဂုတ်နှင့်သာ ယှဉ်သော ၎င်း-၂၂-မှာ၊ ယခင်-၂၇-၌ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိဝိကိစ္ဆာ, ဤငါးခုကိုနုတ်။အကုသိုလ် ဥပေက္ခာသဟာဂုတ်နှင့် ယှဉ်သော ၎င်း-၂၂-မှာ၊ ယခင်-၂၂-၌ ပီတိကို နုတ်၍၊ ဝိဝိကိစ္ဆာ ကိုထည့်။ အကုသိုလ် သမ္ပယုတ်နှင့် ယှဉ်သော ၎င်း ၂၆-မှာ၊ ၂၇-၌ မာနကိုနုတ်။ အကုသိုလ် ဝိပ္ပယုတ်နှင့် ယှဉ်သော ၎င်း ၂၀-မှာ၊ ၂၇-၌ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိဝိကိစ္ဆာ, ဤ-၆-ခုကိုနုတ်။ အကုသိုလ် အသင်္ခါရိကနှင့် ယှဉ်သော ၎င်း-၂၄-မှာ၊ ၂၇-၌ ထိန, မိဒ္ဓ, ဝိဝိကိစ္ဆာ, ကိုနုတ်။ အကုသိုလ် သသင်္ခါရိကနှင့် ယှဉ်သော ၎င်း-၂၆-မှာ၊ ၂၇-၌ ဝိဝိကိစ္ဆာကိုနုတ်။ အကုသိုလ်စိတ်နှင့်သာ ယှဉ်သော စေတသိက်-၁၄-မှာ၊ အကုသိုလ် စေတသိက်။ သမ္ပယုတ် အကုသိုလ်နှင့်သာယှဉ်သော စေတသိက်-၆-ခုမှာ၊ ဒိဋ္ဌိ,ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိဝိကိစ္ဆာ။ ဝိပ္ပယုတ် အကုသိုလ်နှင့်သာ ယှဉ်သော စေတသိက်-၁-ခုမှာ၊ မာန။ အကုသိုလ် ဥပေက္ခာ သဟာဂုတ် နှင့်သာ ယှဉ်သော စေတသိက်-၁-ခုမှာ၊ ဝိဝိကိစ္ဆာ။ အကုသိုလ် သသင်္ခါရိက နှင့်သာ ယှဉ်သော စေတသိက်-၂-ခုမှာ၊ ထိန, မိဒ္ဓ။

အဟိတ်စိတ်၌ယှဉ်သော စေတသိက်သရုပ်ကိုပြခြင်း

အဟိတ်စိတ်နှင့် ယှဉ်သော စေတသိက်-၁၂-မှာ၊ ဆန္ဒမှတပါးသော အညသမာန်း။အကုသလဝိပါက်စိတ်နှင့် ယှဉ်သော၎င်း-၁၀-ခုမှာ၊ယခင်

၁၂–ချ၌ ပီတိ,ဝီရိယ,ကိုနုတ်။ အဟိတ်ကုသလဝိပါက်စိတ်နှင့် ယှဉ်သော ရင်း ၁၁-မှာ၊ ၁၂–၌ ဝီရိယကိုနုတ်။ အဟိတ်ကြိယာနှင့် ယှဉ်သော ရင်း ၁၂-မှာ၊ ယခင် ၁၂-ပင်။ အဟိတ်ဝိပါက်နှင့် ယှဉ်သော ရင်း ၁၁–မှာ၊ ၁၂–၌ ဝီရိယကိုနုတ်။ ပဉ္စဝိညာဏ်နှင့် ယှဉ်သော ရင်း ၇-မှာ၊ သဗ္ဗစိတ္တသာဓာရဏ။ သမ္ပဋိစ္ဆိုန်းနှင့် ယှဉ်သော စေတသိက် ၁၀–မှာ၊ ၁၂–၌ ပီတိ,ဝီရိယ, ကိုနုတ်။ ဥပေက္ခာ သန္တီရဏနှင့် ယှဉ်သော ရင်း ၁၀–မှာ ယခင် ၁၀-ပင်။ သုခသန္တီရဏနှင့် ယှဉ်သော ရင်း ၁၁-မှာ၊ ၁၂-၌ ဝီရိယ၊ ကိုနုတ်။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော ရင်း ၁၀-မှာ၊ ၁၂-၌ ပီတိ, ဝီရိယ ကိုနုတ်။ မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော ရင်း ၁၁–မှာ၊ ၁၂–၌ ပီတိကိုနုတ်။ ဟသိတုပ္ပါဒ်နှင့် ယှဉ်သော ရင်း ၁၂၊ အဟိတ် သောမနဿ သဟဂုတ်နှင့် ယှဉ်သော ရင်း ၁၂။ ဤ ၂-ရပ်မှာ၊ ယခင် ၁၂-ပင်။ အဟိတ် ဥပေက္ခာ သဟဂုတ်နှင့် ယှဉ်သော ရင်း ၁၁-မှာ၊ ၁၂-၌ ပီတိ ကိုနုတ်။ အကုသိုလ်စိတ် အဟိတ်စိတ် တို့ဖြင့် မှတ်၍ ပြဆိုပြီး နည်းကို မှီးသဖြင့် အသောဘဏစိတ် သာမညဖြင့် မှတ်၍လည်း ဝေဘန်လေ လွယ်ပြီ။

ကာမာဝစရစိတ်၌ယှဉ်သောစေတသိက်သရုပ်ကိုပြခြင်း

မဟာကုသိုလ်စိတ်နှင့် ယှဉ်သော စေတသိက် ၃၈-မှာ၊အညသမာန်း ၁၃-ခု,သောဘဏ စေတသိက် ၂၅-ခု။ မဟာဝိပါက်နှင့် ယှဉ်သော စေတသိက် ၃၃-မှာ၊ ယခင်-၃၈-ချ၌ ဝိရတိ ၃-ခုနှင့် ကရုဏာ,မုဒိတာ,တို့ကိုနုတ်။ မဟာကြိယာနှင့် ယှဉ်သော ရင်း ၃၅–မှာ၊ ယခင် ၃၈–၌ ဝိရတိ ၃-ခုကိုနုတ်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်နှင့် ယှဉ်သော ရင်း ၃၈–ခု မှာ၊ ယခင် ၃၈။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်နှင့် ယှဉ်သော ရင်း ၃၇ မှာ၊ ၃၈-၌ အမောဟကိုနုတ်။ မဟာကုသိုလ် သောမနဿ သဟဂုတ်နှင့် ယှဉ်သော ရင်း ၃၈–မှာ၊ယခင် ၃၈–ပင်။ မဟာကုသိုလ် ဥပေက္ခာသဟဂုတ်နှင့်ယှဉ်သော ရင်း ၃၇-မှာ၊၃၈-၌ပီတိကိုနုတ်။ မဟာကုသိုလ် ပဌမ ခွေးနှင့်ယှဉ်သော ရင်း ၃၈-မှာ၊ယခင်အတိုင်းပင်။မဟာကုသိုလ် ဒုတိယ ခွေးနှင့်ယှဉ်သော ရင်း ၃၇–မှာ၊ ၃၈-၌ အမောဟကိုနုတ်။မဟာကုသိုလ်

တတိယဈာန်နှင့်ယှဉ်သောရင်း ၃၇-မှာ၊ ၃၈-၌ပီတိကိုနှုတ်။မဟာကုသိုလ် စတုတ္ထဈာန်နှင့် ယှဉ်သော ရင်း ၃၆-မှာ၊ ၃၈-၌ ပီတိ,ပညိန္ဒြေ,တို့ကိုနှုတ်။ မဟာဝိပါက် မဟာကြိယာ တို့၌လည်း ဤနည်းရှစ်ချက်စီခွဲလေ။ အထူး မှာ မဟာဝိပါက်ဖြင့်မှတ်ရာ၌ ဤသင်္ချာရှစ်ရပ်ဝယ် အစဉ်အတိုင်း ဝိရတိ, အပ္ပမညာဒွေး ၏ ၅-ခုတို့ကိုနှုတ်။ မဟာကြိယာဖြင့် မှတ်ရာ၌ ဝိရတိ ၃ ခုကိုနှုတ်။

မဟဂ္ဂုတ်စိတ်၌ယှဉ်သောစေတသိက်သရုပ်ကိုပြခြင်း

ရူပါဝစရစိတ်နှင့် ယှဉ်သော စေတသိက် ၃၅-မှာ၊ ယခင် ၃၈-ခု၌ ဝိရတိ ၃-ခုကိုနှုတ်။ရူပပဉ္စမဈာန်နှင့် ယှဉ်သော ရင်း ၃၅-မှာ၊ယခင်-၃၅ ပင်။ရူပဒုတိယဈာန်နှင့် ယှဉ်သော စေတသိက် ၃၄-မှာ၊ ၃၅-၌ ဝိတက် ကိုနှုတ်။ ရူပတတိယဈာန်နှင့် ယှဉ်သော ရင်း ၃၃-မှာ၊ ၃၄-၌ ဝိစာရကို နှုတ်။ ရူပစတုတ္ထဈာန်နှင့် ယှဉ်သော ရင်း ၃၂-မှာ၊ ၃၃-၌ ပီတိကိုနှုတ်။ ရူပပဉ္စမဈာန်နှင့် ယှဉ်သော ရင်း ၃၀-မှာ၊ ၃၂-၌ ကရုဏာ,မုဒိတာ,သုခ၊ ၏ ၃-ခုကိုနှုတ်၍ ဥပေက္ခာကိုထည့်။ အရူပစိတ်နှင့် ယှဉ်သော ရင်း ၃၀ မှာ၊ယခင် ၃၀-ပင်။

အသောဘဏ-သောဘဏ စိတ်၌ ယှဉ်သော စေတသိက်သရုပ်ကိုပြခြင်း

အသောဘဏနှင့် ယှဉ်သော စေတသိက် ၂၇-မှာ၊ အညသမာန်း ၁၃-ခု၊အကုသိုလ်စေတသိက် ၁၄-ခု။သောဘဏစိတ်နှင့်ယှဉ်သောရင်း ၃၈-မှာ၊အညသမာန်း ၁၃-ခု,သောဘဏ စေတသိက် ၂၅-ခု။လောကီ စိတ်နှင့် ယှဉ်သော စေတသိက် ၅၂-မှာ၊အကုန်။လောကုတ္တရာနှင့် ယှဉ် သော ရင်း ၃၆-မှာ၊ယခင် ၃၈-၌ အပ္ပမညာဒွေးကိုနှုတ်။ အသောဘဏ စိတ်နှင့်သာယှဉ်သောရင်း ၁၄-မှာ၊အကုသိုလ်စေတသိက်။သောဘဏ စိတ်နှင့်သာ ယှဉ်သော ရင်း ၂၅-မှာ၊ သောဘဏ စေတသိက်။ လော

ကိစိတ်နှင့်သာ ယှဉ်သော ၎င်း ၁၆-မှာ၊အကုသိုလ်စေတသိက် ၁၄-ချ၊ ကရုဏာ,မုဒိတာ။

လောကုတ္တရာစိတ်၌ ယှဉ်သောစေတသိက် သရုပ်ကိုပြခြင်း

လောကုတ္တရာပဌမဈာန်နှင့်ယှဉ်သောစေတသိက် ၃၆-ချမှာ၊၃၀-၌ ကရုဏာ,မုဒိတာ ကိုနုတ်။လောကုတ္တရာ ဒုတိယဈာန်နှင့် ယှဉ်သော ၎င်း ၃၅-မှာ၊၃၆-၌ဝိတက်ကိုနုတ်။လောကုတ္တရာတတိယဈာန်နှင့် ယှဉ်သော ၎င်း ၃၄-မှာ၊၃၅-၌ဝိစာရကိုနုတ်။လောကုတ္တရာ စတုတ္ထဈာန်နှင့် ယှဉ် သော ၎င်း ၃၃-မှာ၊၃၄-၌ပီတိကိုနုတ်။လောကုတ္တရာ ပဥ္စမဈာန်နှင့် ယှဉ် သော ၎င်း ၃၃-မှာ၊ ယခင် ၃၃-ချ၌ သုခ, ကိုနုတ်၍ ဥပေက္ခာကိုထည့်။ မဂ်ပဌမဈာန်နှင့် ယှဉ်သော စေတသိက် စသည်ဖြင့် မဂ်စိတ်ဖြင့် မှတ်၍ ၎င်း။ ဖိုလ်ပဌမဈာန်နှင့် ယှဉ်သော စေတသိက် စသည်ဖြင့် ဖိုလ်စိတ်ဖြင့် မှတ်၍၎င်း။ဤနည်းငါးချက်စီခွဲလေ အလုံးရုံတူကြ၏။

ကုသိုလ်,ဝိပါက်,ကြိယာ,တို့၌ ယှဉ်မယှဉ်သော စေတသိက် သရုပ်ကို ပြခြင်း

ကုသိုလ်စိတ်နှင့် ယှဉ်သော စေတသိက် ၃၈၊ ဝိပါက် စိတ်နှင့် ယှဉ် သော ၎င်း ၃၈-၌နှစ်ရပ်မှာ၊ ယခင်-၃၈-ချပင်။ ကြိယာ စိတ်နှင့် ယှဉ် သော ၎င်း ၃၅-မှာ၊၃၈-၌ဝိရတိကိုနုတ်။အဗျာကတစိတ်နှင့် ယှဉ်သော ၎င်း ၃၈-မှာလည်း၊ယခင် ၃၈-ပင်။ ကာမကုသိုလ်နှင့်ယှဉ်သော စေတ သိက် ၃၈-မှာလည်း၊ ယခင် ၃၈-ပင်။ ရူပကုသိုလ်နှင့် ယှဉ်သော ၎င်း ၃၅-မှာ၊၃၈-၌ဝိရတိကိုနုတ်။အရူပကုသိုလ်နှင့် ယှဉ်သော ၎င်း-၃၀-မှာ၊ ယခင် ၃၅-၌ ဝိတက်,ဝိစာရ, ပီတိ, သုခ, ကရုဏာ, မုဒိတာ ဤခြောက် ပါးကို နုတ်၍ ဥပေက္ခာကိုထည့်။ လောကုတ္တရာ ကုသိုလ်နှင့် ယှဉ်သော ၎င်း ၃၆-မှာ၊ယခင် ၃၈-၌ အပ္ပမညာနွေးကိုနုတ်။ ကာမဝိပါက်နှင့် ယှဉ်

သော ၄င်း ၃၃-မှာ၊ ယခင် ၃၈-၌ ဝိရတိသုံးခု, အပ္ပမညာနှစ်ပါး, ကိုနုတ်။ ရူပဝိပါက်နှင့်ယှဉ်သော ၄င်း ၃၅-မှာ၊ယခင် ၃၅-ပင်။ အရူပ ဝိပါက်နှင့် ယှဉ်သော ၄င်း ၃၀-မှာ၊ယခင် ၃၀-ပင်။လောကုတ္တရာ ဝိပါက်နှင့် ယှဉ်သော ၄င်း ၃၆-မှာလည်း၊ ယခင် ၃၆-ပင်။ ကာမကြိယာနှင့် ယှဉ်သော ၄င်း ၃၅-မှာ၊ ၃၈-၌ ဝိရတိကိုနုတ်။ ရူပကြိယာနှင့် ယှဉ်သော ၄င်း ၃၅-မှာ၊ ယခင် ၃၅-ပင်။အရူပကြိယာနှင့် ယှဉ်သော ၄င်း ၃၀-မှာ လည်း၊ ယခင် ၃၀-ပင်။ အကုသိုလ်စိတ်နှင့်သာ ယှဉ်သော စေတသိက် ၁၄-မှာ၊ အကုသိုလ် စေတသိက်။ ကုသိုလ် ဝိပါက်နှင့်သာ ယှဉ်သော ၄င်းသုံးမှာ၊ ဝိရတိစေတသိက်။ ကုသိုလ်, ဝိပါက်, ကြိယာ, နှင့်သာ ယှဉ်သော ၄င်း ၂၂-မှာ၊ ဝိရတိမှ တပါး သောဘဏ စေတသိက်။ အကုသိုလ်,ကုသိုလ်,ဝိပါက်,ကြိယာ,လေးပါးလုံးနှင့်ယှဉ်သော၄င်း ၁၃-မှာ၊ အညသမာန်း။အကုသိုလ်နှင့် မယှဉ်သော စေတသိက် ၂၅-မှာ၊ သောဘဏ စေတသိက်။ ကုသိုလ်နှင့် မယှဉ်သော ၄င်း ၁၄-မှာ အကုသိုလ် စေတသိက်။ ဝိပါက်နှင့် မယှဉ်သော ၄င်း ၁၄-မှာလည်း၊ ယခင် ၁၄ ပင်။ ကြိယာနှင့် မယှဉ်သော ၄င်း ၁၇-မှာ၊ အကုသိုလ် စေတသိက် ၁၄-ဝိရတိသုံး။ကာမစိတ်နှင့် မယှဉ်သော ၄င်းမှာ,မရှိ။ရူပစိတ်နှင့်မယှဉ် သော ၄င်း ၁၇-မှာ၊ ယခင် ၁၇-ပင်။ အရူပစိတ်နှင့် မယှဉ်သော ၄င်း ၂၂-မှာ၊ယခင် ၁၇-ခုနှင့် ဝိတက်,ဝိစာရ,ပီတိ,ကရုဏာ,မုဒိတာ။လောကုတ္တရာနှင့် မယှဉ်သော ၄င်း ၁၆-မှာ၊ ယခင် ၁၄-ခုနှင့် ကရုဏာ, မုဒိတာ။

သုခ,ဒုက္ခ,သောမနဿ,ဒေါမနဿ,ဥပေက္ခာ,တို့၌ ယှဉ် မယှဉ်သော စေတသိက် သရုပ်ကို ပြခြင်း

သုခသဟဂုတ်စိတ်နှင့် ယှဉ်သော စေတသိက် ၇-မှာ၊ သဗ္ဗစိတ္တသာ ဓာရဏ။ ဒုက္ခသဟဂုတ်စိတ်နှင့် ယှဉ်သော ၄င်း ၇-မှာ၊ ယခင် ၇-ပင်။ သောမနဿသဟဂုတ်စိတ်နှင့် ယှဉ်သော ၄င်း ၄၇-မှာ၊ဒေါသ,ဣဿာ,

မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ,ဤငါးပါးမှ တပါးသော စေတသိက်။ ဒေါမနဿသဟဂုတ်စိတ်နှင့် ယှဉ်သော ၎င်း ၂၂-မှာ၊ယခင် ၂၇-ခု၌ လောဘ,ဒိဋ္ဌိ,မာန,ဝိစိကိစ္ဆာ,ပီတိ,ဤငါးပါးကိုနှုတ်။ ဥပေက္ခာ သဟဂုတ် စိတ်နှင့် ယှဉ်သော ၎င်း ၄၇-မှာ၊ ၅၂-၌ ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဤငါးပါးကိုနှုတ်။သောမနဿသဟဂုတ်စိတ်နှင့်သာ ယှဉ်သော စေတသိက် ၁-မှာ၊ ပီတိ။ ဒေါမနဿသဟဂုတ် စိတ်နှင့်သာ ယှဉ်သော ၎င်းလေးမှာ၊ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ။ဥပေက္ခာသဟဂုတ်စိတ်နှင့်သာ ယှဉ်သော ၎င်းတစ်မှာ၊ ဝိစိကိစ္ဆာ။ သောမနဿ သဟဂုတ် ဥပေက္ခာ သဟဂုတ် နှစ်ပါးနှင့်သာ ယှဉ်သော ၎င်း ၂၀-မှာ၊ လောဘ, ဒိဋ္ဌိ,မာန,သောဘဏ စေတသိက်။ သောမနဿ သဟဂုတ် ဒေါမနဿ သဟဂုတ် ဥပေက္ခာသဟဂုတ် သုံးပါးနှင့်သာ ယှဉ်သော ၎င်း ၁၁-မှာ၊ ပီတိမှတပါး ပကိဏ်းငါးခု၊ထိန,မိဒ္ဓ၊သဗ္ဗာကုသလ သာဓာရဏလေးခု။ သုခ,ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာသဟဂုတ် ငါးပါး လုံးနှင့် ယှဉ်သော ၎င်း ၇-မှာ၊ သဗ္ဗစိတ္တသာဓာရဏ။ သောမနဿ သဟဂုတ် စိတ်နှင့် မယှဉ်သော စေတသိက် ငါးမှာ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာ။ဒေါမနဿသဟဂုတ်နှင့် မယှဉ်သော ၎င်း ၃၀-မှာ၊ ပီတိ,လောဘ,ဒိဋ္ဌိ,မာန,ဝိစိကိစ္ဆာ,ဤငါးပါးနှင့် သောဘဏစေတသိက်။ ဥပေက္ခာ သဟဂုတ်နှင့် မယှဉ်သော ၎င်းငါးမှာ၊ ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ သုခသဟဂုတ်နှင့် မယှဉ်သော ၎င်း ၄၅-မှာ၊ သဗ္ဗစိတ္တသာဓာရဏ ၇-ခုမှ တပါးသော စေတသိက်။ ဒုက္ခသဟဂုတ်နှင့် မယှဉ်သော ၎င်း ၄၅-မှာ၊ယခင် ၄၅-ခုပင်။

အဟိတ်,သဟိတ်,စသည်တို့၌ ယှဉ်မယှဉ်သော စေတသိက် သရုပ်ကို ပြခြင်း

အဟိတ်စိတ်နှင့် ယှဉ်သော စေတသိက် ၁၂-မှာ၊ ဆန္ဒမှတပါးသော အညသမာန်း။ဧကဟိတ်စိတ်နှင့် ယှဉ်သော၎င်း ၁၆-မှာ၊မောဟမူစိတ်နှင့်ယှဉ်သော စေတသိက်ပင်။ ဒွိဟိတ်စိတ်နှင့် ယှဉ်သော ၎င်း ၅၀-မှာ၊

ဝိစိကိစ္ဆာ, ပညိန္ဒြေ, တို့မှတပါးသော စေတသိက်။ တိဟိတ်စိတ်နှင့်ယှဉ်သော ရင်း ၃၈-မှာ၊ အညသမာန်း, သောဘဏ။ အဟိတ် ဧကဟိတ် နှစ်ပါးနှင့် ယှဉ်သော ရင်း ၁၁-မှာ၊ ဆန္ဒ, ပီတိ, မှ တပါး အညသမာန်း။ ဧကဟိတ် ဒွိဟိတ် နှစ်ပါးနှင့် ယှဉ်သော ရင်း ၁၅-မှာ၊ ယခင် ၁၁-ခုနှ သဗ္ဗာကုသလသာဓာရဏ ၄-ကိုထည့်။ ဒွိဟိတ် တိဟိတ် နှစ်ပါးနှင့်ယှဉ်သော ရင်း ၃၇-မှာ၊ ၃၈-နှ ပညိန္ဒြေကိုနုတ်။ အဟိတ် ဒွိဟိတ် နှစ်ပါးနှင့် ယှဉ်သော ရင်း ၁၂-မှာ၊ ယခင် ၁၂။ အဟိတ် တိဟိတ် နှစ်ပါးနှင့် ယှဉ်သောရင်း ၁၂-မှာလည်း၊ ယခင် ၁၂။ ဧကဟိတ် တိဟိတ် နှစ်ပါးနှင့်ယှဉ်သော ရင်း ၁၁-မှာ၊ ယခင် ၁၁-ပင်။ ဧကဟိတ် ဒွိဟိတ် တိဟိတ် ၃ ပါးနှင့် ယှဉ်သော ရင်း ၁၂-မှာလည်း၊ ယခင် ၁၂-ပင်။ အဟိတ် ဧကဟိတ် ဒွိဟိတ် တိဟိတ် ၄-ပါးလုံးနှင့် ယှဉ်သော ရင်း ၁၁- မှာလည်း၊ ယခင် ၁၁-ပင်။ ဧကဟိတ်စိတ်နှင့်သာ ယှဉ်သော စေတသိက် ၁-မှာ၊ ဝိစိကိစ္ဆာ။ ဒွိဟိတ်စိတ်နှင့်သာယှဉ်သောရင်း ၉-မှာ၊ လောဘ,ဒိဋ္ဌိ,မာန, ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓ။ တိဟိတ် စိတ်နှင့်သာ ယှဉ်သောရင်း ၁-မှာ၊ အမောဟ။ ဧကဟိတ် ဒွိဟိတ် နှစ်ပါးနှင့်သာ ယှဉ်သော ရင်း ၄-မှာ၊ သဗ္ဗာကုသလသာဓာရဏ။ ဒွိဟိတ် တိဟိတ် နှစ်ပါးနှင့်သာ ယှဉ်သော ရင်း ၂၅-မှာ၊ ပညိန္ဒြေမှတပါး သောဘဏစေတသိက်,ဆန္ဒ။ အဟိတ် ဒွိဟိတ် တိဟိတ် ၃-ပါးနှင့်သာ ယှဉ်သော ရင်း ၁-မှာ၊ ပီတိ။ အဟိတ် ဧကဟိတ် ဒွိဟိတ် တိဟိတ်-၄-ပါးလုံးနှင့်ယှဉ်သောရင်း-၁၁ မှာ၊ ယခင် ၁၁-ပင်။ အဟိတ်စိတ်နှင့်မယှဉ်သော စေတသိက် ၄၀-မှာ၊ အကုသိုလ်စေတသိက် ၁၄-ခု၊ သောဘဏစေတသိက် ၂၅-ခု, ဆန္ဒ။ ဧကဟိတ်စိတ်နှင့် မယှဉ်သော ရင်း ၃၆-မှာ၊ ဆန္ဒ, ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဤ ၁၁-ခုနှင့်သော ဘဏစေတသိက်။ ဒွိဟိတ်စိတ်နှင့် မယှဉ်သော ရင်း ၂-မှာ၊ ဝိစိကိစ္ဆာ, အမောဟ။ တိဟိတ်စိတ်နှင့် မယှဉ်သော ရင်း ၁၄-မှာ၊ အကုသိုလ်စေတသိက်။

နိယတယောဂီ, အနိယတယောဂီ စေတသိက် သရုပ်ကိုပြခြင်း

စိတ်နှင့် အမြဲယှဉ်ခြင်း မရှိသော အနိယတယောဂီ စေတသိက် ၁၁ မှာ၊ မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိရတိ ၃-ခု, အပ္ပမညာ ၂ ခု, ပညာ, မိစ္ဆာဒိဋ္ဌိ ဖြစ်တော့သည်... မညာ၂မွေး။ စိတ်နှင့်အမြဲယှဉ်ခြင်းရှိသော နိယတယောဂီစေတသိက် ၄၁ မှာ၊ ယခင် ၁၁-ပါးမှ ကြွင်းသောစေတသိက်။ လောဘမူစိတ် ၈စ်ခုလုံး နှင့်ဖြစ်တိုင်းယှဉ်သောစေတသိက် ၁၇-မှာ၊ ဒိတ္ထိမှတပါး အညသမာန်း ၁၂၊ သဗ္ဗာကုသလသာဓာရဏ ၄၊ လောဘ။ လောဘမူစိတ် အချို့နှင့်သာဖြစ်တိုင်းယှဉ်သော ၎င်း ၂-မှာ၊ ဒိဋ္ဌိ, ဒိဋ္ဌိ။ လောဘမူစိတ် အချို့နှင့် သာ ရံခါသာယှဉ်သော ၎င်း ၃-မှာ၊ မာန, ထိန, မိဒ္ဓ။ ဒေါသမူနှစ်ပါးလုံး နှင့် ဖြစ်တိုင်းယှဉ်သော ၎င်း ၁၇-မှာ၊ ယခင် ၁၇-၌ လောဘကို နုတ်၍ ဒေါသကိုထည့်။ ဒေါသမူ နှစ်ခုလုံးနှင့် ရံခါသာ ယှဉ်သော ၎င်း ၃-မှာ၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ဒေါသမူ အချို့နှင့်သာ ရံခါသာ ယှဉ်သော ၎င်း ၂-မှာ၊ ထိန, မိဒ္ဓ။ မောဟမူ နှစ်ခုလုံးနှင့် ဖြစ်တိုင်း ယှဉ်သော ၎င်း ၁၄-မှာ၊ သဗ္ဗစိတ္တသာဓာရဏ, ဝိတက်, ဝိစာရ, ဝီရိယ, သဗ္ဗာကုသလ သာဓာရဏ။ မောဟမူစိတ် အချို့နှင့်သာ ဖြစ်တိုင်း ယှဉ်သော ၎င်း ၂ မှာ၊ အဓိမောက္ခ, ဝိစိကိစ္ဆာ။ အကုသလဝိပါက် ၇-ခုလုံးနှင့် ဖြစ်တိုင်း ယှဉ်သော စေတသိက် ၇-မှာ၊သဗ္ဗစိတ္တသာဓာရဏ။အကုသလဝိပါက် စိတ် အချို့နှင့်သာ ဖြစ်တိုင်းယှဉ်သော ၎င်း ၃-မှာ၊ ဝိတက်, ဝိစာရ,အဓိမောက္ခ။ အဟိတ်ကုသလဝိပါက် ၈စ်ခုလုံးနှင့် ဖြစ်တိုင်း ယှဉ်သော ၎င်း ၇-မှာ၊ ယခင် ၇-ပင်။ အဟိတ်ကုသလဝိပါက် အချို့နှင့်သာ ဖြစ်တိုင်း ယှဉ်သော ၎င်း ၄-မှာ၊ ဝိတက်, ဝိစာရ, အဓိမောက္ခ, ပီတိ။အဟိတ်ကြိယာ ၃-ခုလုံးနှင့် ဖြစ်တိုင်းယှဉ်သော ၎င်း ၁၀-မှာ၊ ဝီရိယ, ပီတိ, ဆန္ဒ, မှတပါး အညသမာန်း။ အဟိတ်ကြိယာအချို့နှင့်သာ ဖြစ်တိုင်းယှဉ်သော ၎င်း ၂-မှာ၊ဝီရိယ, ပီတိ။ မဟာကုသိုလ်၈စ်ခုလုံးနှင့် ဖြစ်တိုင်းယှဉ်သော စေတသိက် ၃၀-မှာ၊ ပီတိမှတပါး အညသမာန်း ၁၂၊ သောဘဏသာ ဓာရဏ ၁၉။ မဟာကုသိုလ် ၈စ်ခုလုံးနှင့် ရံခါသာ ယှဉ်သော ၎င်း ၅ မှာ၊ ဝိရတိ ၃-ခု၊ ကရုဏာ, မုဒိတာ။ မဟာကုသိုလ် အချို့နှင့်သာ ဖြစ်

တိုင်းယှဉ်သော ၎င်း ၂-မှာ၊ ပီတိ, အမောဟ။ မဟာဝိပါက် ရှစ်ခုလုံးနှင့် ဖြစ်တိုင်းယှဉ်သော ၎င်း ၃၁-မှာ၊ ယခင် ၃၁-ပင်။ မဟာဝိပါက် အချို့နှင့်သာ ဖြစ်တိုင်းယှဉ်သော၎င်း ၂-မှာ၊ ပီတိ, အမောဟ။ မဟာကြိယာ ရှစ်ခုလုံးနှင့် ဖြစ်တိုင်း ယှဉ်သော ၎င်း ၃၁-မှာ၊ ယခင် ၃၁-ပင်။ မဟာကြိယာ အချို့နှင့်သာ ဖြစ်တိုင်းယှဉ်သော ၎င်း ၂-မှာ၊ ပီတိ, အမောဟ။ ရူပစိတ် ၁၅-ခုလုံးနှင့် ဖြစ်တိုင်း ယှဉ်သော စေတသိက် ၃၀-မှာ၊ ၃၈ ၌ ဝိရတိ, အပ္ပမညာ, ဝိတက်, ဝိစာရ, ပီတိ,ဤ၇စ်ခုကိုနုတ်။ရူပစိတ်အချို့နှင့်သာ ဖြစ်တိုင်းယှဉ်သော ၎င်း ၃-မှာ၊ ဝိတက်, ဝိစာရ, ပီတိ။ ရူပစိတ် အချို့နှင့်သာ ရံခါသာယှဉ်သော ၎င်း ၂-မှာ၊ ကရုဏာ, မုဒိတာ။ လောကုတ္တရာစိတ်လေးဆယ်လုံးနှင့် ဖြစ်တိုင်းယှဉ်သော၎င်း ၃၃-မှာ၊ ၃၈-၌ ဝိတက်, ဝိစာရ, ပီတိ, ကရုဏာ,မုဒိတာ, တို့ကိုနုတ်။လောကုတ္တရာစိတ် အချို့နှင့်သာ ဖြစ်တိုင်းယှဉ်သော ၎င်း ၃-မှာ၊ဝိတက်, ဝိစာရ, ပီတိ။စိတ်တခုနှင့်သာယှဉ်သော စေတသိက် ၁-မှာ၊ ဝိစိကိစ္ဆာ။စိတ်နှစ်ခုနှင့်သာ ယှဉ်သော ၎င်းလေးမှာ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ စိတ် ၄ ခုနှင့်သာ ယှဉ်သော ၎င်း ၂-မှာ။ဒိဋ္ဌိ,မာန၊ စိတ်ငါးခုနှင့်သာ ယှဉ်သော ၎င်း ၂-မှာ၊ ထိန, မိဒ္ဓ။ စိတ်ရှစ်ခုနှင့်သာ ယှဉ်သော ၎င်း ၁-မှာ၊ လောဘ။ စိတ် ၁၂-ခုနှင့်သာ ယှဉ်သော ၎င်း ၄-မှာ၊ မောဟ, အဟိရိက, အနောတ္တပ္ပ,ဥဒ္ဓစ္စ။စိတ် ၁၆-ခုနှင့်သာ ယှဉ်သော ၎င်း ၃-မှာ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ။စိတ်နှစ်ဆဲ့ရှစ်ခုနှင့်သာ ယှဉ်သော ၎င်း ၂-မှာ၊ကရုဏာ, မုဒိတာ။စိတ်လေးဆဲ့ခုနစ်ခုနှင့်သာ ယှဉ်သော ၎င်း ၁ မှာ၊အမောဟ။ စိတ်ငါးဆဲ့တခုနှင့်သာယှဉ်သော ၎င်း ၁-မှာ၊ ပီတိ။စိတ်ငါးဆဲ့ငါးခု နှင့်သာ ယှဉ်သော ၎င်း ၁-မှာ၊ ဝိတက်။ စိတ်ငါးဆဲ့ကိုးခု နှင့်သာ ယှဉ်သော ၎င်း ၁၉-မှာ၊ သောဘဏ သာဓာရဏ။ စိတ် ၆၆-ခုနှင့်သာယှဉ်သော ၎င်း ၁-မှာ၊ ဝိစာရ။ စိတ် ၆၉-ခုနှင့်သာ ယှဉ်သော ၎င်း ၁-မှာ၊ ဆန္ဒ။ စိတ် ၇၃-ခုနှင့်သာ ယှဉ်သော ၎င်း ၁-မှာ၊ ဝီရိယ။ စိတ် ၇၈-ခုနှင့်သာ ယှဉ်သော ၎င်း ၁-မှာ၊ အဓိမောက္ခ။ စိတ် ၈၉-ခုလုံးနှင့်သာ ယှဉ်သော ၎င်း ၇-မှာ၊ သဗ္ဗစိတ္တသာဓာရဏ။

အညသမာန်းစေတသိက်နှင့် စေတသိက်တို့ယှဉ်မယှဉ် သရုပ်ကိုပြခြင်း

စေတသိက်တို့ဖြင့်မှတ်၍ စေတသိက်တို့၏ သရုပ်အပြားကို ပြဦးအံ့။ ဖဿနှင့်မယှဉ်သော စေတသိက် ၁-မှာ၊ ဖဿ။ ဖဿနှင့်ယှဉ်သော ၎င်း ၅၁-မှာ၊ဖဿမှ တပါး စေတသိက်။ ဖဿနှင့် အမြဲယှဉ်သော ၎င်း-၆ မှာ၊ ဖဿမှတပါး သဗ္ဗစိတ္တသာဓာရဏ။ ဖဿနှင့် ရံခါသာ ယှဉ်သော ၎င်း ၄၅-မှာ၊ သဗ္ဗစိတ္တသာဓာရဏမှ တပါးစေတသိက်။ ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, တို့၌လည်း ဤနည်း လေးချက်စီခွဲလေ။ **ဖဿ** ဖြင့် မှတ်သည်နှင့်တူ၏။

ဝိတက်နှင့် မယှဉ်သော စေတသိက် ၁-မှာ၊ ဝိတက်။ ဝိတက်နှင့် ယှဉ်သော ၎င်း ၅၁-မှာ၊ ဝိတက်မှ တပါး စေတသိက်။ဝိတက်ဖြစ်တိုင်း အမြဲ ယှဉ်သော စေတသိက် ၇-မှာ၊ သဗ္ဗစိတ္တသာဓာရဏ, ဝိစာရ။ ဝိတက်နှင့် ရံခါသာ ယှဉ်သော ၎င်း ၄၃-မှာ၊ ၅၂-၌ သဗ္ဗစိတ္တသာဓာရဏ, ဝိတက်, ဝိစာရ, တို့ကိုနုတ်။ ဝိစာရနှင့် မယှဉ်သော ၎င်း ၁-မှာ၊ ဝိစာရပင်။ဝိစာရနှင့်ယှဉ်သော ၎င်း ၅၁-မှာ၊ ဝိစာရမှတပါးစေတသိက်။ ဝိစာရနှင့် အမြဲယှဉ်သော ၎င်း ၇-မှာ၊ သဗ္ဗစိတ္တသာဓာရဏ။ ဝိစာရနှင့် ရံခါသာယှဉ်သော ၎င်း ၄၄-မှာ၊ ၅၂-၌ သဗ္ဗစိတ္တသာဓာရဏ,ဝိတက်, ဝိစာရတို့ကိုနုတ်။ အဓိမောက္ခနှင့် မယှဉ်သော ၎င်း ၂-မှာ၊ အဓိမောက္ခ, ဝိစိကိစ္ဆာ။ အဓိမောက္ခနှင့် ယှဉ်သော ၎င်း ၅၀-မှာ၊ ယခင်နှစ်ပါးမှ အကြွင်း။အဓိမောက္ခနှင့်အမြဲယှဉ်သော ၎င်း ၇-မှာ၊သဗ္ဗစိတ္တသာဓာရဏ။ အဓိမောက္ခနှင့် ရံခါသာယှဉ်သော ၎င်း ၄၃-မှာ၊ ၅၂-၌ သဗ္ဗစိတ္တသာဓာရဏ, အဓိမောက္ခ, ဝိစိကိစ္ဆာ, ဤ ၉-ပါးကိုနုတ်။ ဝီရိယနှင့် မယှဉ်သော ၎င်း ၁-မှာ၊ ဝီရိယပင်။ ဝီရိယနှင့်ယှဉ်သော ၎င်း ၅၁-မှာ၊ ဝီရိယမှအကြွင်း။ ဝီရိယနှင့်အမြဲယှဉ်သော ၎င်း ၇-မှာ၊ သဗ္ဗစိတ္တသာဓာရဏ။ ဝီရိယနှင့် ရံခါသာ ယှဉ်သော ၎င်း ၄၄-မှာ၊ ၅၂-၌ သဗ္ဗစိတ္တ သာဓာရဏ, ဝီရိယ တို့ကိုနုတ်။ ပီတိနှင့် မယှဉ်သော ၎င်း ၆-မှာ၊ ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ။ ပီတိနှင့် ယှဉ်သော ၎င်း-၄၆

မှာ၊ ၅၂-၌ ယခင် ၆-ပါးကိုနှုတ်။ ပီတိနှင့် အမြဲယှဉ်သော ၎င်း ၈-မှာ၊ သဗ္ဗစိတ္တသာဓာရဏ,အဓိမောက္ခ။ ပီတိနှင့်ရံခါသာယှဉ်သော ၎င်း-၃၀ မှာ၊ ယခင် ၄၆-၌ ဤရှစ်ပါးကိုနှုတ်။ ဆန္ဒနှင့် မယှဉ်သော ၎င်း ၂-မှာ၊ ဆန္ဒ, ဝိစိကိစ္ဆာ။ ဆန္ဒနှင့် ယှဉ်သော ၎င်း ၅၀-မှာ၊ ၅၂-၌ ဤနှစ်ပါးကိုနှုတ်။ ဆန္ဒနှင့် အမြဲယှဉ်သော ၎င်း ၉-မှာ၊ သဗ္ဗစိတ္တ သာဓာရဏ, အဓိမောက္ခ, ဝီရိယ။ ဆန္ဒနှင့် ရံခါသာ ယှဉ်သော ၎င်း ၄၁-မှာ၊ယခင် ၅၀-၌ ဤ ၉-ပါးကိုနှုတ်။

အကုသိုလ်စေတသိက်နှင့် စေတသိက်တို့ယှဉ်မယှဉ် သရုပ်ကိုပြခြင်း

မောဟနှင့် မယှဉ်သော စေတသိက် ၂၆-မှာ၊ မောဟနှင့် သောဘဏစေတသိက်။ မောဟနှင့်ယှဉ်သော ၎င်း ၂၆-မှာ၊အညသမာန်း ၁၃၊ မောဟမှတပါး အကုသိုလ်စေတသိက် ၁၃။မောဟနှင့်အမြဲယှဉ်သော ၎င်း ၁၃-မှာ၊ သဗ္ဗစိတ္တ သာဓာရဏ ၇-ခု, ဝိတက်, ဝိစာရ, ဝီရိယ, အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ။မောဟနှင့်ရံခါသာယှဉ်သော ၎င်း ၁၃-မှာ၊ အဓိမောက္ခ, ပီတိ, ဆန္ဒ, လောဘ, ဒိဋ္ဌိ,မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ထိန,မိဒ္ဓ,ဝိစိကိစ္ဆာ။အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ,တို့ဖြင့် မှတ်၍ ဤနည်း လေးချက်စီ ခွဲလေ၊ဤနှင့်သင်္ချာတူ၏။မောဟအရာ၌ ထိုက်သည်အားလျော်စွာ အဟိရိက စသည် တခုခုကိုယူ။ ယင်းတို့အရာ၌ မောဟကိုယူ။လောဘနှင့် မယှဉ်သော ၎င်း ၃၀-မှာ၊ လောဘ,ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဤ ၆-ပါးနှင့် သောဘဏ စေတသိက်။ လောဘနှင့် ယှဉ်သော ၎င်း ၂၁-မှာ၊အညသမာန်း-၁၃၊သဗ္ဗာကုသလ သာဓာရဏ-၄၊ဒိဋ္ဌိ,မာန,ထိန,မိဒ္ဓ။လောဘနှင့် အမြဲယှဉ်သော ၎င်း-၁၆ မှာ၊ပီတိမှတပါး အညသမာန်း ၁၂၊ သဗ္ဗာကုသလ သာဓာရဏ။ လောဘနှင့် ရံခါသာ ယှဉ်သော ၎င်း ၅-မှာ၊ ပီတိ, ဒိဋ္ဌိ, မာန, ထိန,မိဒ္ဓ။ ဒိဋ္ဌိနှင့် မယှဉ်သော ၎င်း ၃၂-မှာ၊ ဒိဋ္ဌိ,မာန,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာ,ဤခုနစ်ပါးနှင့်၊သောဘဏစေတသိက်။ဒိဋ္ဌိနှင့်ယှဉ်သော ၎င်း

၂၀-မှာ၊အညသမာန်း ၁၃-ခု၊လောဘ,ထိန,မိဒ္ဓ၊ သဗ္ဗာကုသလသာဓာရဏ။ ဒိဋ္ဌိနှင့်အမြဲယှဉ်သော ၎င်း ၁၇-မှာ၊ ယခင် ၂၀-၌ ပီတိ,ထိန,မိဒ္ဓ, ကိုနုတ်။ ဒိဋ္ဌိနှင့်ရံခါသာ ယှဉ်သော ၎င်း ၃-မှာ၊ ပီတိ,ထိန,မိဒ္ဓ။ မာနနှင့် မယှဉ်သော ၎င်း ၃၂-မှာ၊ယခင် ၃၂-ပင်။ မာနနှင့် ယှဉ်သော ၎င်း ၂၀ မှာလည်း၊ယခင် ၂၀-ပင်။မာနနှင့် အမြဲဖြစ်တိုင်း ယှဉ်သော ၎င်း ၁၇-မှာ လည်း၊ယခင် ၁၇။မာနနှင့် ရံခါသာ ယှဉ်သော ၎င်း ၃-မှာလည်း၊ယခင် ၃-ပင်။ ဒေါသနှင့် မယှဉ်သော ၎င်း ၃၀-မှာ၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ,ဝိစိကိစ္ဆာ,ဤ ၆-ပါးနှင့် သောဘဏစေတသိက်။ဒေါသနှင့် ယှဉ် သော ၎င်း ၂၁-မှာ၊ ပီတိမှတပါး အညသမာန်း ၁၂၊ သဗ္ဗာကုသလသာ ဓာရဏ၊ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓ။ ဒေါသနှင့် အမြဲယှဉ်သော ၎င်း ၁၆-မှာ၊ ၂၁-၌၊ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓ,ကိုနုတ်။ဒေါသ နှင့် ရံခါသာ ယှဉ်သော ၎င်း ၅-မှာ၊ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓ။ ဣဿာနှင့် မယှဉ်သော ၎င်း ၃၃-မှာ၊ပီတိ,လောဘ,ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဤရှစ်ပါးနှင့် သောဘဏ စေတသိက်။ ဣဿာနှင့် ယှဉ်သော ၎င်း ၁၉-မှာ၊ ပီတိမှတပါး အညသမာန်း၊ သဗ္ဗာ ကုသလ သာဓာရဏ၊ဒေါသ,ထိန,မိဒ္ဓ။ ဣဿာဖြစ်တိုင်း အမြဲယှဉ်သော ၎င်း ၁၇-မှာ၊ ယခင် ၁၉-၌ ထိန,မိဒ္ဓ,ကိုနုတ်။ဣဿာနှင့် ရံခါသာ ယှဉ် သော ၎င်း ၂-မှာ၊ ထိန,မိဒ္ဓ။ မစ္ဆရိယ,ကုက္ကုစ္စ,တို့ဖြင့် မှတ်၍လည်း ဤ နည်း လေးချက်စီ ခွဲလေ။ဤဣဿာဖြင့် မှတ်သည်နှင့် သချာသရုပ်တူ၏။ ထိနနှင့် မယှဉ်သော ၎င်း ၂၇-မှာ၊ သောဘဏ စေတသိက် ၂၅-နှင့်၊ ထိန,ဝိစိကိစ္ဆာ။ ထိနနှင့်ယှဉ်သော ၎င်း ၂၅-မှာ၊အညသမာန်း ၁၃-ခု၊ ထိန, ဝိစိကိစ္ဆာမှတပါး အကုသိုလ် စေတသိက်-၁၂။ ထိနနှင့်ဖြစ်တိုင်း အမြဲယှဉ်သော ၎င်း ၁၇-မှာ၊ ပီတိမှတပါး အညဘမာန်း ၁၂-ခု၊ သဗ္ဗာ ကုသလ သာဓာရဏ-၄-ခု၊မိဒ္ဓ။ထိနနှင့်ရံခါသာယှဉ်သော ၎င်း ၈-ခုမှာ၊ ပီတိ,လောဘ,ဒိဋ္ဌိ,မာန,ဒေါသ,ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ။ ဤအတူ မိဒ္ဓ ဖြင့် မှတ်၍လည်း ၄-ချက်ခွဲ သချေသချေယျတူ၏။ ဝိစိကိစ္ဆာနှင့် မယှဉ် သော ၎င်း ၃၈-မှာ၊ အဓိမောက္ခ, ပီတိ,ဆန္ဒ, လောဘ,ဒိဋ္ဌိ,မာန, ဒေါသ, ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓ၊ ဝိစိကိစ္ဆာ, ဤတဆဲ့သုံးခုနှင့်၊ သော

ဘဏစေတသိက်။ ဝိစိကိစ္ဆာနှင့် ယှဉ်သော ၎င်း ၁၄-မှာ၊ သဗ္ဗစိတ္တသာ ဓာရဏ ၇-ခု၊ ဝိတက်, ဝိစာရ, ဝီရိယ၊ သဗ္ဗာကုသလ သာဓာရဏ။ ဝိစိ ကိစ္ဆာနှင့် အမြဲယှဉ်သော ၎င်း ၁၄-မှာ၊ ယခင် ၁၄-ခုပင်။ ဝိစိကိစ္ဆာနှင့် ရံခါသာ ယှဉ်သော စေတသိက်မှာ မရှိ။

သောဘဏစေတသိက်နှင့်စေတသိက်တို့ ယှဉ်မယှဉ်သရုပ်ကိုပြခြင်း

သဒ္ဓါနှင့်မယှဉ်သော စေတသိက် ၁၅-မှာ၊ အကုသိုလ် စေတသိက် ၁၄-နှင့်၊ သဒ္ဓါစေတသိက်။ သဒ္ဓါနှင့်ယှဉ်သော ၎င်း ၃၇-မှာ၊ သဒ္ဓါမှတပါး သောဘဏစေတသိက် ၂၄-ခု၊ အညသမာန်း ၁၃။ သဒ္ဓါနှင့် အမြဲယှဉ် သော ၎င်း ၂၀-မှာ၊ သဗ္ဗစိတ္တ သာဓာရဏ၊ အဓိမောက္ခ, ဝီရိယ, ဆန္ဒ၊ သဒ္ဓါမှတပါး သောဘဏ သာဓာရဏ-၁၈-ခု။ သဒ္ဓါနှင့် ရံခါသာ ယှဉ် သော ၎င်း ၈-မှာ၊ ဝိတက်, ဝိစာရ, ပီတိ, ဝိရတိ ၃၊ ကရုဏာ, မုဒိတာ, အမောဟ။ သဒ္ဓါမှ ကြွင်းသော **သောဘဏသာဓာရဏ** စေတသိက် တ ဆဲ့ရှစ်ခုတို့ဖြင့်လည်း အသီးအသီးမှတ်၍ လေးချက်စီခွဲလေ သင့်ချာတူ၏။ သဒ္ဓါ စေတသိက် အရာ၌ သတိစေတသိက် စသည်ကို ထိုက်သည်အား လျော်စွာလည်း လှည့်၍ယူ။

သမ္မာဝါစာနှင့် မယှဉ်သော ၎င်း-၁၇-မှာ၊ အကုသိုလ် စေတသိက် ၁၄၊ သမ္မာဝါစာ, ကရုဏာ, မုဒိတာ။ သမ္မာဝါစာနှင့် ယှဉ်သော ၎င်း-၃၅ မှာ၊ အညသမာန်း ၁၃၊ သမ္မာဝါစာ, ကရုဏာ, မုဒိတာ, တို့မှတပါး သော ဘဏစေတသိက် ၂၂။ သမ္မာဝါစာနှင့်အမြဲယှဉ်သော ၂၈-မှာ၊ ဝိတက် ဝိစာရ, ပီတိ, မှတပါး အညသမာန်း-၁၀၊ သောဘဏသာဓာရဏ ၁၉။ သမ္မာဝါစာနှင့် ရံခါသာ ယှဉ်သော ၎င်း ၆-မှာ၊ ဝိတက်, ဝိစာရ, ပီတိ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, အမောဟ။ **သမ္မာကမ္မန္တ, သမ္မာအာဇီဝ**, တို့ ဖြင့် မှတ်၍လည်း ဤနည်းခွဲလေ သင့်ချာတူ၏။ သင်္ချေယျ သရုပ်မှာ အချင်း ချင်းလဲ၍ယူ။ ဤဝိရတိသုံးခုသည် မဟာကုသိုလ်၌ယှဉ်ခိုက် အသီးအသီး ယှဉ်သည်၊ လောကုတ္တရာစိတ်၌ကား အတူတကွသာ ယှဉ်သည်။

ကရုဏာနှင့်မယှဉ်သော ၎င်း ၁၉-မှာ၊အကုသိုလ်စေတသိက် ၁၄၊ ဝိရတိသုံး၊ အပ္ပမညာခွေး။ ကရုဏာနှင့် ယှဉ်သော ၎င်း ၃၃-မှာ၊ အညသမာန်း ၁၃၊သောဘဏသာဓာရဏ ၁၉၊အမောဟ။ကရုဏာနှင့်အမြဲ ယှဉ်သော ၎င်း ၂၉-မှာ၊ ယခင် ၃၃-၌ ဝိတက်,ဝိစာရ,ပီတိ, အမောဟ, ဤလေးပါးကိုနုတ်။ကရုဏာနှင့် ရံခါသာယှဉ်သော ၎င်းလေးမှာ၊ဝိတက်, ဝိစာရ, ပီတိ, အမောဟ။ မုဒိတာ ဖြင့် မှတ်၍လည်း ဤနည်း လေးချက်ခွဲ၊ သင်္ချာသင်ျေယျတွေ၏။

အမောဟနှင့် မယှဉ်သော ၎င်း ၁၅-မှာ၊ အကုသိုလ် စေတသိက်၊ အမောဟ။ အမောဟနှင့် ယှဉ်သော ၎င်း ၃၇-မှာ၊ ယခင် ၃၀-၌အမောဟကိုနုတ်။ အမောဟနှင့် အမြဲယှဉ်သော ၎င်း. ၂၉-မှာ၊ ယခင် ၂၉-ပင်။ အမောဟနှင့် ရံခါသာ ယှဉ်သော ၎င်း၈စ်မှာ၊ဝိတက်,ဝိစာရ,ပီတိ,ဝိရတိ သုံး၊အပ္ပမညာခွေး။

စေတသိက် ၁၄-ခု နှင့်သာ ယှဉ်သော စေတသိက် တစ်မှာ၊ ဝိစိကိစ္ဆာ။ စေတသိက် တဆဲ့ကိုးခုနှင့်သာ ယှဉ်သော ၎င်းသုံးမှာ၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ စေတသိက် နှစ်ဆယ်နှင့်သာ ယှဉ်သော ၎င်းနှစ်မှာ၊ ဒိဋ္ဌိ,မာန။စေတသိက် နှစ်ဆဲ့တခုနှင့်သာ ယှဉ်သော ၎င်းနှစ်မှာ၊ လောဘ, ဒေါသ။ စေတသိက် နှစ်ဆဲ့ငါးခုနှင့်သာ ယှဉ်သော ၎င်းနှစ်မှာ၊ ထိန, မိဒ္ဓ။ စေတသိက် နှစ်ဆဲ့ခြောက်ခုနှင့်သာ ယှဉ်သော ၎င်းလေးမှာ၊သဗ္ဗာကုသလသာဓာရဏ။ စေတသိက် သုံးဆဲ့ သုံးခုနှင့်သာ ယှဉ်သော ၎င်းနှစ်မှာ၊ ကရုဏာ,မုဒိတာ။စေတသိက် သုံးဆဲ့ငါးခုနှင့်သာ ယှဉ်သော ၎င်းသုံးမှာ၊ ဝိရတိ။ စေတသိက် သုံးဆဲ့ ခုနစ်ခု နှင့်သာ ယှဉ်သော ၎င်းနှစ်ဆယ်မှာ၊ သောဘဏသာဓာရဏ-၁၉၊အမောဟ။စေတသိက် လေးဆဲ့ခြောက်ခု နှင့်သာ ယှဉ်သော ၎င်းတစ်မှာ၊ပီတိ။ စေတသိက် ငါးဆယ်နှင့်သာ ယှဉ်သော ၎င်းနှစ်မှာ၊အဓိမောက္ခ,ဆန္ဒ။ စေတသိက် ငါးဆဲ့တခုနှင့်သာ ယှဉ်သော ၎င်းတဆယ်မှာ၊သဗ္ဗစိတ္တသာဓာရဏ၊ဝိတက်,ဝိစာရ,ဝီရိယ။

ဝေဒနာ အပြားနှင့် စေတသိက်တို့ ယှဉ်မယှဉ် သရုပ်ကို ပြခြင်း။

ဣန္ဒြိယဘေဒအားဖြင့် ငါးပါးပြားသော ဝေဒနာတို့ဖြင့် မှတ်၍ စေတသိက်တို့၏ သရုပ်အပြားကို ပြဦးအံ့။ **သုခ** ဝေဒနာနှင့် ယှဉ်သော စေတသိက်ခြောက်မှာ၊ဝေဒနာမှတပါး သဗ္ဗစိတ္တသာဓာရဏ။ သုခဝေဒနာနှင့် မယှဉ်သော စေတသိက် ၄၆-မှာ၊ ပကိဏ်း စေတသိက်ခြောက်၊ အကုသိုလ် စေတသိက် ၁၄၊ သောဘဏ စေတသိက် ၂၅၊ ဝေဒနာ။ **ဒုက္ခ**ဝေဒနာနှင့် ယှဉ်သော ၎င်းခြောက်၊ ဒုက္ခဝေဒနာနှင့် မယှဉ်သော ၎င်း ၄၆၊ ဤနှစ်ချက်မှာ ရှေ့နှစ်ချက်နှင့်တူ၏။ **သောမနဿ** ဝေဒနာနှင့် ယှဉ်သော စေတသိက် ၄၆-မှာ၊ ဝေဒနာမှ တပါး အညသမာန်း တဆဲ့နှစ်၊ သဗ္ဗာကုသလသာဓာရဏလေး၊လောဘ,ဒိဋ္ဌိ,မာန,ထိန,မိဒ္ဓ။သောဘဏ စေတသိက် နှစ်ဆဲ့ငါး။သောမနဿဝေဒနာနှင့် မယှဉ်သော ၎င်းခြောက်မှာ၊ ဝေဒနာ,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာ။ **ဒေါမနဿ** ဝေဒနာနှင့် ယှဉ်သော ၎င်းနှစ်ဆဲ့ တစ်မှာ၊ ဝေဒနာ, ပီတိ, မှတပါး အညသမာန်း တဆဲ့တစ်၊ လောဘ,ဒိဋ္ဌိ,မာန,ဝိစိကိစ္ဆာ,မှ တပါး အကုသိုလ် စေတသိက် တဆယ်။ဒေါမနဿဝေဒနာနှင့် မယှဉ်သော ၎င်း ၃၁-မှာ၊ဝေဒနာ,ပီတိ,လောဘ,ဒိဋ္ဌိ,မာန,ဝိစိကိစ္ဆာ, ဤခြောက်ပါးနှင့်၊ သောဘဏ စေတသိက် နှစ်ဆဲ့ငါးခု။ **ဥပေက္ခာ** ဝေဒနာနှင့် မယှဉ်သော ၎င်းခြောက်မှာ၊ဝေဒနာ,ပီတိ,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ။ဥပေက္ခာဝေဒနာနှင့် ယှဉ်သော ၎င်းလေးဆဲ့ ခြောက်မှာ၊ ယခင် ခြောက်ပါးမှ တပါးသော စေတသိက်။ သောမနဿ ဝေဒနာနှင့်သာ ယှဉ်သော စေတသိက် တစ်မှာ၊ ပီတိ။ဒေါမနဿ ဝေဒနာနှင့်သာ ယှဉ်သော ၎င်းလေးမှာ၊ဒေါသ,ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ။ ဥပေက္ခာ ဝေဒနာနှင့်သာ ယှဉ်သော ၎င်းတစ်မှာ၊ဝိစိကိစ္ဆာ။ ဝေဒနာတပါးနှင့်သာ ယှဉ်သော စေတသိက် ၆-မှာ၊ ပီတိ, ဒေါသ,ဣဿာ; မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာ။ ဝေဒနာ နှစ်ပါးနှင့်သာ ယှဉ်သော ၎င်းနှစ်ဆဲ့ရှစ်မှာ၊ လောဘ,ဒိဋ္ဌိ,မာန,ဤသုံးပါးနှင့်၊ သောဘဏ စေတသိက်။ ဝေဒနာ သုံးပါးနှင့်သာ ယှဉ်သော ၎င်းတဆဲ့ တစ်မှာ၊ ပီတိ,မှ တပါး ပကိဏ်းငါး၊ထိန,မိဒ္ဓ၊သဗ္ဗာကုသလသာဓာရဏ။ ဝေဒနာ ငါးပါး လုံးနှင့် ယှဉ်သော ၎င်း ၆-မှာ၊ဝေဒနာမှတပါး သဗ္ဗစိတ္တသာဓာရဏ။

ဟိတ်အပြားနှင့် စေတသိက်တို့ ယှဉ်မယှဉ် သရုပ်ကို ပြခြင်း

၆–ပါးသော ဟိတ်တို့ဖြင့် မှတ်၍ စေတသိက်တို့၏ သရုပ် အပြားကို ပြဦးအံ့။ ဟိတ်နှင့် ယှဉ်သော စေတသိက် ၅၂-မှာ၊ စေတသိက် အကုန်။ ဟိတ်နှင့်လည်းယှဉ် ဟိတ်လည်းဖြစ်သော စေတသိက် ၆-မှာ၊လောဘ, ဒေါသ,မောဟ, အလောဘ,အဒေါသ, အမောဟ။ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မဟုတ်သော ၎င်း ၄၆-မှာ၊ဟိတ်တရားကိုယ် ၆-ပါးမှတပါးသော စေတသိက်။ဟိတ်တပါးနှင့်သာယှဉ်သော ၎င်း ၃-မှာ၊လောဘ,ဒေါသ, ဝိစိကိစ္ဆာ။ ဟိတ်တပါးနှင့်သာ ယှဉ်သော ဟိတ်ဖြစ်သော ၎င်း ၂–မှာ၊ လောဘ,ဒေါသ။ဟိတ်တပါးနှင့်သာယှဉ်သော ဟိတ်မဟုတ်သော ၎င်း ၁–မှာ၊ဝိစိကိစ္ဆာ။ဟိတ်နှစ်ပါးနှင့်သာယှဉ်သောစေတသိက် ၉-မှာ၊မောဟ,ဒိဋ္ဌိ,မာန, ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, အလောဘ, အဒေါသ, အမောဟ။ ဟိတ်နှစ်ပါးနှင့်သာ ယှဉ်သော ဟိတ်ဖြစ်သော စေတသိက် ၄-မှာ၊ မောဟ, အလောဘ, အဒေါသ, အမောဟ။ ဟိတ် နှစ်ပါးနှင့်သာ ယှဉ်သော ဟိတ်မဟုတ်သော စေတသိက် ၅–မှာ၊ ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ဟိတ် ၃–ပါးနှင့်သာ ယှဉ်သော စေတသိက် ၂၇–မှာ၊ ဟိတ်တရားကိုယ် ၃–ပါးမှတပါး၊ သောဘဏ စေတသိက်–၂၂၊ ထိန, မိဒ္ဓ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ။ ဟိတ်ငါးပါးနှင့်သာ ယှဉ်သော ၎င်း ၁–မှာ၊ ပီတိ။ ဟိတ် ၆–ပါးနှင့် ယှဉ်သော ၎င်း ၁၂–မှာ၊ ပီတိမှ တပါး အညသမာန်း။

ကိစ္စအပြားနှင့်စေတသိက်တို့ယှဉ်မယှဉ်သရုပ်ကိုပြခြင်း

ကိစ္စဖြင့်မှတ်၍၊စေတသိက်တို့၏ သရုပ်အပြားကိုပြဦးအံ့။ ပဋိသန္ဓေကိစ္စတပ်သော စေတသိက် ၃၅–မှာ၊ အညသမာန်း ၁၃–ခု၊ ဝိရတိမှ တပါး သောဘဏ စေတသိက် ၂၂–ခု။ ဘဝင်ကိစ္စ စုတိကိစ္စတပ်သော စေတသိက် ၃၅–ခုလည်း ဤသည်တို့ပင်။ အာဝဇ္ဇန်းကိစ္စတပ်သော စေတသိက် ၁၁–မှာ၊ ပီတိ, ဆန္ဒ မှတပါး အညသမာန်း။ ဝုဋ္ဌောကိစ္စ တပ်သော စေတသိက်လည်း ဤ ၁၁–ခုပင်။ ဒဿနကိစ္စ တပ်သော ၎င်း ၇

မှာ၊ သဗ္ဗစိတ္တသာဓာရဏ။ သဝနကိစ္စ,ဃာယနကိစ္စ,သာယနကိစ္စ,ဖုသနကိစ္စ, တစ်သော စေတသိက် ၇-ခု အရလည်း ဤ ၇-ခုပင်။ သမ္ပဋိစ္ဆနကိစ္စတစ်သော ၎င်း ၁၀-မှာ၊ ဆန္ဒ, ပီတိ, ဝီရိယ မှတပါး အညသမာန်း။ သန္တီရဏကိစ္စတစ်သော ၎င်း ၁၁-မှာ၊ ဆန္ဒ, ဝီရိယ, မှတပါး အညသမာန်း။ တဒါရုံကိစ္စ တစ်သော ၎င်း ၃၃-မှာ၊ အညသမာန်း ၁၃၊ သောဘဏသာဓာရဏ ၁၉၊ အမောဟ။ ဇောကိစ္စ တစ်သော ၎င်း ၅၂-မှာ၊ အကုန်။ ကိစ္စတဆဲ့လေးပါးတွင် တကိစ္စသာတစ်သောစေတသိက် ၁၇ မှာ၊ အကုသိုလ်စေတသိက် ၁၄၊ ဝိရတိ ၃၊ ဤ ၁၇-ပါးသည် ဇောကိစ္စသာတစ်သည်။ လေးကိစ္စသာတစ်သော စေတသိက် ၂-မှာ၊ ကရုဏာ, မုဒိတာ။ ပဋိသန္ဓေ, ဘဝင်, စုတိ, ဇောကိစ္စတစ်သည်။ ငါးကိစ္စသာတစ်သော စေတသိက် ၂၁-မှာ၊ သောဘဏ သာဓာရဏ,အမောဟ, ဆန္ဒ။ ယခင် ၄-ကိစ္စနှင့် တဒါရုံကိစ္စတစ်သည်။ ၆-ကိစ္စသာတစ်သော ၎င်း ၁ မှာ၊ပီတိ။ ယခင်ငါးကိစ္စနှင့်,သန္တီရဏ,ကိစ္စတစ်သည်။ ၇-ကိစ္စသာတစ်သော ၎င်း ၁-မှာ၊ ဝီရိယ။ ယခင်ငါးကိစ္စနှင့် အာဝဇ္ဇန်းကိစ္စ, ဝုဋ္ဌောကိစ္စ, တစ်သည်။ ၉-ကိစ္စသာတစ်သော၎င်း ၃-မှာ၊ဝိတက်,ဝိစာရ,အဓိမောက္ခ၊ ဒဿန စသော ငါးကိစ္စမှ တပါးသော ကိစ္စတစ်သည်။ ၁၄-ကိစ္စ တစ်သော ၎င်း ၇-မှာ၊ သဗ္ဗစိတ္တသာဓာရဏ။

အာရုံ အပြားနှင့် စေတသိက်တို့ ယှဉ်မယှဉ်သရုပ်ကိုပြခြင်း

အာရုံဖြင့်မှတ်၍ စေတသိက်တို့၏ သရုပ်အပြားကို ပြဦးအံ့။ လောကီတရားကိုသာ အာရုံပြုသော စေတသိက် ၁၄-မှာ၊ အကုသိုလ် စေတသိက်။လောကုတ္တရာတရားကို အာရုံမပြုနိုင်သော စေတသိက် ၁၄-မှာ၊ ယခင် ၁၄-ခုနှင့် ကရုဏာ, မုဒိတာ။ အတိတ်ကိုသာ အာရုံပြုသော စေတသိက် ၁-မှာ၊ ကုက္ကုစ္စ။ ခဏတ္တယပတ္တဖြစ်၍ ချုပ်ပြီးသော အတိတ်, ကြိယာတိပ္ပန္နဖြစ်သော အတိတ်တို့ကိုယူ။ ဤကုက္ကုစ္စ၏ အတီတာရမ္မဏ ဖြစ်သည်ကို ကုက္ကုစ္စဝိနိစ္ဆယ ၌ပြဆိုခဲ့ပြီ။ ဓမ္မာရုံကိုသာ အာရုံပြုသော ၎င်း ၂-မှာ၊ ကရုဏာ,မုဒိတာ။ ပညတ်ကိုသာအာရုံပြုသော စေတသိက်

လည်း ဤနည်းနှစ်ပါးပင်။ ဗဟိဒ္ဓကိုသာအာရုံပြုသော ၄င်း ၆-မျိုး၊ ဝိရတိ ၃၊ အပ္ပမညာနွေး၊ ဈာသာ။အဇ္ဈတ္တကိုသာအာရုံပြုသော စေတသိက်မရှိ။ အဇ္ဈတ္တတိက်ဝယ် ပဌမတ္တ တရား လေးပါးတွင် မိမိသန္တာန်၌ ဖြစ်ခိုက် သောစိတ် ၅၈စ်ဆဲ့ကိုးခု, စေတသိက် ၌နေးပညာသ, ဇာန္ဒြိယဗဒ္ဓ ဖြစ်သော ရုပ်အဋ္ဌဝိသ, တို့ကို အဇ္ဈတ္တာဓမ္မာ ဟူသော ပဌမပုဒ်ဖြင့် ဟောတော်မူ သည်။သူတပါးတို့သန္တာန်၌ ဖြစ်ခိုက်သော စိတ်၅၈စ်ဆဲ့ကိုးခု,စေတသိက် ၌နေးပညာသ,ဇာန္ဒြိယဗဒ္ဓဖြစ်သော ရုပ်အဋ္ဌဝိသ,နှင့်တကွ အနိန္ဒြိယဗဒ္ဓရုပ်, နိဗ္ဗာန်တို့ကို ဗဟိဒ္ဓါဓမ္မာဟူသော ဒုတိယပုဒ်ဖြင့် ဟောတော်မူသည်။

အဇ္ဈတ္တာရမ္မဏတိက်၌လည်း ရှေးတိက်ဝယ်ပဌမပုဒ်၏ အရသာဖြစ် သော မိမိသန္တာန်၌ ဖြစ်ခိုက်သော စိတ်, စေတသိက်, ရုပ် ဟူသော အဇ္ဈတ္တတရားကိုအာရုံပြုသော စိတ်,စေတသိက်, တရားတို့ကို အဇ္ဈတ္တာ ရမ္မဏာဓမ္မာ, ဟူသော ပဌမပုဒ်ဖြင့် ဟောတော် မူသည်။ ဒုတိယ ပုဒ်၏ အရဖြစ်သော သူတပါးတို့ သန္တာန်၌ ဖြစ်ခိုက်သော စိတ်, စေတသိက်, ရုပ်နှင့်တကွ အနိန္ဒြိယဗဒ္ဓရုပ်, နိဗ္ဗာန်, ပညတ်, ဟူသော ဗဟိဒ္ဓ တရားကို အာရုံပြုသော စိတ်, စေတသိက်, တရားတို့ကို ဗဟိဒ္ဓါရမ္မဏာဓမ္မာ, ဟူ သောဒုတိယပုဒ်ဖြင့် ဟောတော်မူသည်ဖြစ်၍၊ ဝိရတိ,အပ္ပမညာ,ဈာသာ တို့တွင်လည်း၊ ဝိရတိ ၃-ခုသည် ပါဏာတိပါတ အစရှိသည်တို့မှ ကြဉ် သောအခါ မဟာကုသိုလ် စိတ်နှင့် ယှဉ်ခိုက် ဝိတိက္ကမိတဗ္ဗ ဖြစ်သော ဗဟိဒ္ဓ တရားကိုသာ အာရုံပြုသည်။ လောကုတ္တရာ စိတ်နှင့် ယှဉ်ခိုက် လည်း ဗဟိဒ္ဓဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြုသည်။ ကရုဏာ, မုဒိတာ တို့လည်း အစဉ်အတိုင်း ဒုက္ခိတသုခိတသတ္တပညတ် ဖြစ်သော ဗဟိဒ္ဓ တရားကိုသာအာရုံပြုသည်။ ဈာသာလည်း သူတပါးစည်းစိမ် စသည်ကို ငြူစူသည်၏ အစွမ်းဖြင့်သာဖြစ်၍ ထိုစည်းစိမ် စသော ဗဟိဒ္ဓ တရားကို သာ အာရုံပြုသည်။ ဤသို့ ဝိရတိ, အပ္ပမညာ, ဈာသာ ဟူသော စေတ သိက် ၆-ခုတို့သည် ဗဟိဒ္ဓတရားကိုသာအာရုံပြု၍ တရံတဆစ်မျှအဇ္ဈတ္တ တရားကို အာရုံမပြုသောကြောင့်၊ အဇ္ဈတ္တာရမ္မဏာဓမ္မာ ဟူသော ပဌမ ပုဒ်၏ အရဖြစ်သော အဇ္ဈတ္တတရားကို အာရုံပြုခိုက်ဖြစ်သော စိတ်စေတ

သိက် တရားတို့ကို ကောက်ယူရာ ထိုဝိရတိ, အပ္ပမညာ, ဈာနသာ တို့ကို ကြည့်၍ကောက်ရသည်။

ဗဟိဒ္ဓါရမ္မဏာဓမ္မာ ဟူသော ဒုတိယပုဒ်၏ အရဖြစ်သော ဗဟိဒ္ဓ တရားကိုအာရုံပြုနိုက်ဖြစ်သော စိတ်စေတသိက်တရားကိုကောက်ယူရာ ၌ကား၊ဗဟိဒ္ဓတရားကို အာရုံမပြုဘဲ အမြဲကေန္တ အားဖြင့် အဇ္ဈတ္တတရား ကိုသာ အာရုံပြုသော စေတသိက်မည်သည် မရှိသည်သာ ဖြစ်ရကား တရုံတချသော စေတသိက်ကိုမျှ မကြည့်သင့်ပြီ။ မာတိကာ အရကောက် တို့၌ အဇ္ဈတ္တာရမ္မဏတိက်ဝယ် ဗဟိဒ္ဓါရမ္မဏာဓမ္မာဟူသော ဒုတိယပုဒ် ၏ အရကိုကောက်ရာ၌ မနေ့ရစေတသိက်ကို ကြည့်၍ကောက်သော ကြောင့် ထိုဆရာတို့၏အလိုအားဖြင့် မန္တရိယစေတသိက်သည် အဇ္ဈတ္တ တရားကိုသာ ကေန်အာရုံပြုသည် ဟူလိုကုန်၏။ ထိုအကောက်ကို အမှီ ပြု၍ပင် ဆရာအဆက်ဆက်တို့လည်း ယခုထက်တိုင်အောင်ပင် မန္တရိ ယ စေတသိက်ကို အဇ္ဈတ္တာရမ္မဏာကေန်ဟု မှတ်ယူပြောဆိုကြကုန်၏။ ထိုသို့ ကောက်ယူ ရေးသား ပြောဆိုကြသော စကားသည် ပါဠိအဋ္ဌက ထာတို့နှင့် မညီ။ အဘယ်သို့ မညီသနည်း ဟူမူ၊ **အင်္ဂုတ္တိုရ် ပါဠိတော်, ဓမ္မသင်္ဂဏီပါဠိတော်**။ အစရှိသည်တို့၌ ထိုမန္တရိယကို။

ပဉ္စမန္တရိယာနိ အာဝါသမန္တရိယံ ကုလမန္တရိယံ လာဘမန္တရိယံ ဝဏ္ဏမန္တရိယံ ဓမ္မမန္တရိယန္တိ။ ဟူ၍ အာရုံအကြောင်းကိုအစွဲပြု၍ ငါးပါး အပြား အားဖြင့် ဟောတော်မူသည်။ **အဋ္ဌသာလိနီအဋ္ဌကထာ**။ အစရှိ သည်တို့၌လည်း ဤနည်းငါးပါးပင် ဝေဘန်တော် မူကြသည်။ ဤငါးပါး တို့တွင် အာဝါသမန္တရိယသည်၊ ကျောင်း,အရာမ်,အိမ် အစရှိသည်ကို။ ကုလမန္တရိယသည်၊ ဆွေမျိုး, အလုပ်အကျွေး, ပစ္စည်းဒါယကာ အစရှိ သည်ကို။ လာဘမန္တရိယသည် ဆွမ်း, သင်္ကန်း အစရှိသည်ကို အာရုံပြု သည်။ ထိုအာဝါသ, ကုလ, လာဘ အစရှိသည် တို့သည်လည်း စင်စစ် ဗဟိဒ္ဓ အာရုံသာ ဖြစ်ကုန်ရကား၊ ပါဠိအဋ္ဌကထာတို့ အလိုအားဖြင့် ဤ မန္တရိယသည် အဇ္ဈတ္တတရားကိုသာ အာရုံပြုသည်မဟုတ်၊ဗဟိဒ္ဓတရား ကိုလည်း အာရုံပြု၍ဖြစ်သောကြောင့် စင်စစ်အဇ္ဈတ္တတရားကိုသာ ကေန် အာရုံပြုသည်ဟု မဆိုထိုက်သောကြောင့် မညီသည်ဖြစ်၍ ထိုဆရာတို့

စကားကို မမှတ်အပ်။ ထို့ကြောင့် အာရုံဖြင့်မှတ်၍ စေတသိက် တို့၏ သရုပ်ကိုပြဆိုသော၍အရာ၌၊ အဏ္ဏဝကိုသာအာရုံပြုသော စေတသိက် အရကိုမရှိဟု ပြဆိုလိုက်သည်။

ဝေဒနာ အပြားနှင့်စေတသိက်တို့ယှဉ်မယှဉ်သရုပ်ကိုပြခြင်း

ဝေဒနာ ဖြင့်မှတ်၍ စေတသိက်တို့၏ သရုပ် အပြားကို ပြဦးအံ့။ ဝေဒနာ ၆-ပါးလုံးကိုမှီနိုင်သော စေတသိက်-၇-မှာ၊ သဗ္ဗစိတ္တသာဓာရဏ။ ဟာဒယဝေဒနာတပါးတည်းကိုသာ မှီနိုင်သောစေတသိက် ၄၅-မှာ၊ ယခင် ၇-ပါးမှ တပါးသောစေတသိက်။ ဝေဒနာကိုအမြဲမှီသော ရင်း ၄-မှာ၊ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ဝေဒနာကိုရံခါသာမှီသော ရင်း ၄၀-မှာ၊ ယခင် ၄-ခုမှ တပါးသောစေတသိက်။ မိမိနှင့်အတူ ဥပါဒ်သောဝေဒနာကို မှီနိုင်သော ရင်း ၃၅-မှာ၊အညသမာန်း ၁၃-ခု၊ ဝိရတိမှတပါး သောဘဏ စေတသိက် ၂၂-ခု။ မိမိနှင့်အတူ ဥပါဒ်သော ဝေဒနာကိုမမှီနိုင်သော ရင်း ၁၇-မှာ၊ အကုသိုလ်စေတသိက် ၁၄၊ ဝိရတိ ၃။

ဘုံဖြင့်မှတ်၍စေတသိက်သရုပ်တို့ကိုပြခြင်း

ဘုံဖြင့်မှတ်၍ စေတသိက်တို့၏ သရုပ် အပြားကို ပြဦးအံ့။ ကာမဘုံ၌ ဖြစ်ကောင်းသော စေတသိက် ၅၂-မှာ၊ အကုန်။ ရူပဘုံ, အရူပဘုံ၌ ဖြစ်ကောင်းသော စေတသိက် ၄၇-မှာ၊ ၅၂-၌ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၏ ၄-ခုကိုနုတ်။ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကောင်းသော စေတသိက် ၄၆-မှာ၊ယခင် ၄၀-၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကိုနုတ်။ ကာမဘုံ၌သာဖြစ်သော ရင်း ၄-မှာ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ၁၁-ဘုံ၌သာ ဖြစ်သော ရင်း ၄-မှာ၊ယခင် ၄-ပင်။ ၂၅–ဘုံ၌သာ ဖြစ်သော ရင်း ၂–မှာ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ။ဘုံ ၃၀-၌ ဖြစ်နိုင်သော ရင်း ၄၆-မှာ၊ဒိဋ္ဌိ,ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ဟူသော ၏ ၆-ပါးမှ တပါးသော စေတသိက်။

ပုဂ္ဂိုလ်ဖြင့် မှတ်၍ စေတသိက် သရုပ်တို့ကို ပြခြင်း

ပုဂ္ဂိုလ်ဖြင့်မှတ်၍စေတသိက်တို့၏သရုပ်အပြားကိုပြဦးအံ့။ပုဂ္ဂိုလ်-၁၂ယောက်တွင် ပုထုဇ္ဇန်၌သာဖြစ်သောစေတသိက် ၂-မှာ၊ဒိဋ္ဌိ,ဝိစိကိစ္ဆာ။ အနာဂါမိဖလဋ္ဌာန်၌မဖြစ်သော ၎င်း ၆-မှာ၊ဒိဋ္ဌိ,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာ။ အရဟတ္တဖလဋ္ဌာန်၌ မဖြစ်သော ၎င်း ၁၄-မှာ၊ အကုသိုလ် စေတသိက်။ မဂ္ဂဋ္ဌာန်၌ မဖြစ်သော ၎င်း ၁၆-မှာ၊ယခင် ၁၄ နှင့်၊ကရုဏာ,မုဒိတာ။ ပုဂ္ဂိုလ်လေးယောက်၌သာ ဖြစ်သော ၎င်း ၂-မှာ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ။ပုဂ္ဂိုလ် ၆-ယောက်၌သာ ဖြစ်သော ၎င်း ၄-မှာ၊ ဒေါသ, ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ။ပုဂ္ဂိုလ် ၇-ယောက်၌သာ ဖြစ်သော ၎င်း ၈-မှာ၊ လောဘ, မာန, ထိန,မိဒ္ဓ၊ သဗ္ဗာကုသလ သာဓာရဏ။ ပုဂ္ဂိုလ်ရှစ်ယောက်၌သာ ဖြစ်သော ၎င်း ၂-မှာ၊ကရုဏာ,မုဒိတာ။ပုဂ္ဂိုလ်ဘဆဲ့ နှစ်ယောက်လုံး၌ ဖြစ်ကောင်းသော ၎င်း ၃၆-မှာ၊ အညသမာန်း ၁၃၊ ကရုဏာ,မုဒိတာ,မှတပါး သောဘဏ စေတသိက်။

အာသဝဖြင့် မှတ်၍ စေတသိက် သရုပ် တို့ကိုပြခြင်း

အာသဝေါ တရားတို့ဖြင့် မှတ်၍ စေတသိက် တို့၏ သရုပ် အပြားကို ပြဦးအံ့။ အာသဝမည်သော စေတသိက် ၃-မှာ၊ လောဘ, ဒိဋ္ဌိ, မောဟ။ အာသဝ မမည်သော စေတသိက် ၄၉-မှာ၊အာသဝတရားကိုယ် ၃-ပါးမှ တပါးသော စေတသိက်။ အာသဝနှင့် ယှဉ်သော ၎င်း ၂၇-မှာ၊ အညသမာန်း ၁၃၊အကုသိုလ် စေတသိက် ၁၄။အာသဝနှင့် မယှဉ်သော ၎င်း ၂၅-မှာ၊သောဘဏစေတသိက်။အာသဝနှင့်လည်းယှဉ် အာသဝလည်း မည်သော စေတသိက် ၃-မှာ၊ လောဘ, ဒိဋ္ဌိ, မောဟ။ အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်သော ၎င်း ၂၄-မှာ၊ယခင် ၂၇-၌ အာသဝတရားကိုယ် ၃-ပါးကိုနုတ်။ အာသဝ၏ အာရုံဖြစ်သော ၎င်း ၅၂-မှာ၊ အကုန်။ အာသဝနှင့်လည်းယှဉ် အာသဝ၏ အာရုံလည်း ဖြစ်သော ၎င်း ၂၇-မှာ၊ ယခင် ၂၇-ပင်။ အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝနှင့် မယှဉ်သော ၎င်း ၂၅-မှာလည်း၊ ယခင် ၂၅-ပင်။အာသဝ တရားကိုယ် ၃-ပါးနှင့်သာ

ယှဉ်သော ၎င်း ၅-မှာ၊ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ။အာသဝတရားကိုယ် နှစ်ပါးနှင့်သာ ယှဉ်သော ၎င်း ၄-မှာ၊လောဘ,ဒိဋ္ဌိ,မာန,မောဟ။ အာသဝ တရားကိုယ် နှစ်ပါးနှင့်သာ ယှဉ်သော အာသဝ မည်သော ၎င်း ၃–မှာ၊လောဘ,ဒိဋ္ဌိ,မောဟ။ အာသဝ တရားကိုယ် နှစ်ပါးနှင့်သာ ယှဉ်သော အာသဝ မမည်သော ၎င်း ၁–မှာ၊မာန။ အာသဝတရားကိုယ် ၃-ပါးလုံးနှင့် ယှဉ်သော ၎င်း ၁၀-မှာ၊အညသမာန်း ၁၃၊ထိန,မိဒ္ဓ, အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ။

[ဩဃ, ယောဂ တို့ဖြင့် မှတ်၍လည်း ဤနည်း တဆဲ့လေး ချက်စီခွဲလေ။အစဉ်အတိုင်း သင်္ချာသင်္ဂြိုလ်ျ သရုပ်တူ၏။]

ဂန္ထဖြင့် မှတ်၍ စေတသိက် သရုပ်တို့ကို ပြခြင်း

ဂန္ထဖြင့် မှတ်၍ စေတသိက်တို့၏ သရုပ်အပြားကို ပြဦးအံ့။ဂန္ထမည်သော စေတသိက် ၃-မှာ၊ လောဘ,ဒေါသ,ဒိဋ္ဌိ။ ဂန္ထမမည်သော စေတသိက် ၄၉-မှာ၊ ဂန္ထ တရားကိုယ် ၃-ပါး၊မှတပါး စေတသိက်။ ဂန္ထနှင့် ယှဉ်သော ၎င်း ၂၅-မှာ၊ အညသမာန်း ၁၃၊ ဒေါသ,ဝိစိကိစ္ဆာ,မှတပါး အကုသိုလ် ၁၂။ဂန္ထနှင့် မယှဉ်သော ၎င်း ၂၇-မှာ၊ ဒေါသ,ဝိစိကိစ္ဆာ၊ သောဘဏ စေတသိက်။ ဂန္ထ၏အာရုံဖြစ်သော ၎င်း ၅၂-မှာ၊ အကုန်။ ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်သော ၎င်း ၂၃–မှာ၊ ယခင် ၂၅-၌ လောဘ, ဒိဋ္ဌိ ကိုနုတ်။ ဂန္ထနှင့်လည်းယှဉ် ဂန္ထလည်း မည်သော ၎င်း ၂-မှာ၊ လောဘ,ဒိဋ္ဌိ။ဂန္ထသာမည်၍ဂန္ထနှင့်မယှဉ်သော၎င်း ၁-မှာ၊ဒေါသ။ဂန္ထနှင့်လည်းမယှဉ် ဂန္ထလည်း မမည်သော ၎င်း ၂၆-မှာ၊ဝိစိကိစ္ဆာ၊ သောဘဏ စေတသိက်။ ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထနှင့် မယှဉ်သော ၎င်း ၂၇-မှာ၊ဒေါသ,ဝိစိကိစ္ဆာ၊သောဘဏ စေတသိက်။ဂန္ထနှင့်လည်းယှဉ် ဂန္ထ၏ အာရုံလည်း ဖြစ်သော ၎င်း ၂၅-မှာ၊ယခင် ၂၅-ပင်။ ဂန္ထတရားကိုယ် တပါးနှင့်သာ ယှဉ်သော ၎င်း ၆-မှာ၊ လောဘ, ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ဂန္ထတရားကိုယ် တပါးနှင့်သာ ယှဉ်သော ဂန္ထမည်သော ၎င်း ၂-မှာ၊ လောဘ, ဒိဋ္ဌိ။ ဂန္ထတရားကိုယ် တပါးနှင့် ယှဉ်သော

ဂန္ထ မမည်သော ၎င်း ၄-မျှ၊ မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ဂန္ထ တရားကိုယ် နှစ်ပါးနှင့်သာ ယှဉ်သော ၎င်း ၁-မျှ၊ ပီတိ။ ဂန္ထတရားကိုယ် ၃-ပါးနှင့် ယှဉ်သော ၎င်း ၁၈-မျှ၊ ပီတိမှတပါး အညသမာန်း ၁၂၊ သဗ္ဗာကုသလသာဓာရဏလေး၊ ထိန, မိဒ္ဓ။

ဥပါဒါန်ဖြင့် မှတ်၍ စေတသိက် သရုပ်တို့ကို ပြခြင်း

ဥပါဒါန်ဖြင့်မှတ်၍စေတသိက်တို့၏ သရုပ်အပြားကိုပြဦးအံ့။ ဥပါဒါန် မည်သော စေတသိက် နှစ်မျှ၊ လောဘ, ဒိဋ္ဌိ။ ဥပါဒါန် မမည်သောစေတသိက် ၅၀-မျှ၊ ဥပါဒါန် တရားကိုယ်နှစ်ပါးမှတပါး စေတသိက်။ ဥပါဒါန်နှင့် ယှဉ်သော ၎င်း ၂၂-မျှ၊ အညသမာန်း ၁၃၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာမှတပါး အကုသိုလ်စေတသိက် ကိုး။ ဥပါဒါန်နှင့် မယှဉ်သော ၎င်း ၃၀-မျှ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ဤငါးခုနှင့်၊ သောဘဏ စေတသိက်။ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်သော ၎င်း ၂၀-မျှ၊ ယခင် ၂၂-၌၊ လောဘ, ဒိဋ္ဌိ, ကိုနုတ်။ ဥပါဒါန်နှင့် လည်းယှဉ် ဥပါဒါန်လည်း မည်သော ၎င်းနှစ်မျှ၊ လောဘ, ဒိဋ္ဌိ။ ဥပါဒါန် နှင့်လည်း မယှဉ် ဥပါဒါန်လည်း မမည်သော ၎င်း ၃၀-မျှ၊ ယခင် ၃၀ ပင်။ ဥပါဒါန် တရားကိုယ် တပါးနှင့်သာ ယှဉ်သော ၎င်းသုံးမျှ၊ လောဘ, ဒိဋ္ဌိ, မာန။ ဥပါဒါန် တရားကိုယ် တပါးနှင့်သာယှဉ်သော ဥပါဒါန် မည်သော ၎င်းနှစ်မျှ၊ လောဘ, ဒိဋ္ဌိ။ ဥပါဒါန် တရားကိုယ် တပါးနှင့်သာ ယှဉ်သော ဥပါဒါန် မမည်သော ၎င်းတစ်မျှ၊ မာန။ ဥပါဒါန် တရားကိုယ် နှစ်ပါးနှင့် ယှဉ်သော ၎င်း ၁၉-မျှ၊ ယခင် ၂၀-၌၊ မာနကိုနုတ်။

နီဝရဏဖြင့် မှတ်၍ စေတသိက် သရုပ်တို့ကို ပြခြင်း

နီဝရဏဖြင့် မှတ်၍ စေတသိက်တို့၏ သရုပ် အပြားကို ပြဦးအံ့။ နီဝရဏ မည်သော စေတသိက် ရှစ်မျှ၊ လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ။ နီဝရဏ မမည်သော စေတသိက် လေးဆဲ့

လေးမှာ၊ အညသမာန်း ၁၃၊ ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယ, အပဗ္ဗိရိက, အနောတ္တပ္ပ၊ သောဘဏ စေတသိက်။ နိဝရဏာနှင့် ယှဉ်သော ၎င်း ၂၇–မှာ၊ အညသမာန်း၊ အကုသိုလ် စေတသိက်။ နိဝရဏာနှင့် မယှဉ်သော ၎င်း ၂၅-မှာ၊ သောဘဏ စေတသိက်။ နိဝရဏာနှင့်သာ ယှဉ်၍ နိဝရဏာ မမည်သော ၎င်း ၁၈-မှာ၊ ယခင် ၂၇–၌၊ နိဝရဏာတရား ၉စ်ပါးကိုနှုတ်။ နိဝရဏာနှင့်လည်းယှဉ် နိဝရဏာလည်း မည်သော ၎င်း၉စ်မှာ၊ နိဝရဏာ တရားကိုယ် ၉စ်ပါးပင်။ နိဝရဏာနှင့်လည်းမယှဉ် နိဝရဏာလည်း မမည် သော ၎င်း ၂၅–မှာ၊ သောဘဏ စေတသိက်။ နိဝရဏာတရားကိုယ် နှစ် ပါးနှင့်သာ ယှဉ်သော ၎င်းတစ်မှာ၊ ဝိစိကိစ္ဆာ။ ၎င်းဝိစိကိစ္ဆာသည် ဥဒ္ဓစ္စ မောဟနှင့်သာ ယှဉ်သည်။ နိဝရဏာ တရားကိုယ် လေးပါးနှင့်သာ ယှဉ် သော ၎င်းတစ်မှာ၊ လောဘ။ ထိန,မိဒ္ဓ,ဥဒ္ဓစ္စ,မောဟ။ ၎င်းလေးပါးနှင့်သာ ယှဉ်သည်။ နိဝရဏာတရားကိုယ် ငါးပါးနှင့်သာ ယှဉ်သော ၎င်း ၇-မှာ၊ ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ပီတိ။ ၎င်း ၇-ပါးတွင် ဒိဋ္ဌိ, မာန,ပီတိတို့မှာ လောဘ,ထိန,မိဒ္ဓ,ဥဒ္ဓစ္စ,မောဟ၊ ၎င်းငါးပါးနှင့်။ ဒေါသမှာ ထိန,မိဒ္ဓ,ဥဒ္ဓစ္စ,ကုက္ကုစ္စ,မောဟ၊ ၎င်းငါးပါးနှင့်။ ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ တို့မှာ၊ ဒေါသ,ထိန,မိဒ္ဓ,ဥဒ္ဓစ္စ,မောဟ၊ ၎င်းငါးပါးနှင့် ယှဉ်သည်ဟု အထူး ကိုသိ။ နိဝရဏာ တရားကိုယ် ငါးပါးနှင့်သာ ယှဉ်သော နိဝရဏာ မည် သော ၎င်းနှစ်မှာ၊ ဒေါသ,ကုက္ကုစ္စ။ နိဝရဏာတရားကိုယ် ငါးပါးနှင့်သာ ယှဉ်၍ နိဝရဏာ မမည်သော ၎င်းငါးမှာ၊ ဒိဋ္ဌိ,မာန, ဣဿာ, မစ္ဆရိယ, ပီတိ။ နိဝရဏာတရားကိုယ် ခြောက်ပါးနှင့်သာ ယှဉ်သော ၎င်းနှစ်-မှာ၊ ထိန,မိဒ္ဓ။ လောဘ, ဒေါသ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, မောဟ၊ ၎င်းငါးပါးနှင့်တကွ ထိနမှာ မိဒ္ဓနှင့်၊ မိဒ္ဓမှာ ထိနနှင့်ယှဉ်သည်။ နိဝရဏာတရားကိုယ် ၇-ပါးနှင့် သာ ယှဉ်သော ၎င်းလေးမှာ၊ မောဟ,ဥဒ္ဓစ္စ, အဓိမောက္ခ, ဆန္ဒ။ ထိုတွင် မောဟမှာ မိမိမှတပါး၊ ဥဒ္ဓစ္စမှာလည်း မိမိမှတပါး ကြွင်းတရားကိုယ် ၇- ပါးနှင့်၊ အဓိမောက္ခ,ဆန္ဒမှာ ဝိစိကိစ္ဆာမှကြွင်းသော ၇-ပါးနှင့်ယှဉ်သည်။ နိဝရဏာတရားကိုယ် ၇-ပါးနှင့်သာယှဉ်၍နိဝရဏာမည်သော၎င်းနှစ်မှာ၊ မောဟ,ဥဒ္ဓစ္စ။ နိဝရဏာတရားကိုယ် ၇-ပါးနှင့်သာယှဉ်၍ နိဝရဏာ မမည် သော ၎င်းနှစ်မှာ၊ အဓိမောက္ခ,ဆန္ဒ။ နိဝရဏာတရားကိုယ် ၉စ်ပါးလုံးနှင့်

ယှဉ်သော ဇင်း ၁၂-မှာ၊အဓိမောက္ခ,ပီတိ,ဆန္ဒတို့မှတပါး အညသမာန်း တဆယ်နှင့်၊ အပဟိရိက,အနောတ္တပ္ပ။

အနုသယဖြင့်မှတ်၍စေတသိက်သရုပ်တို့ကိုပြခြင်း.

အနုသယဖြင့် မှတ်၍ စေတသိက်တို့၏ သရုပ်အပြားကို ပြဦးအံ့။ အနုသယမည်သောစေတသိက် ၆-မှာ၊လောဘ,ဒိဋ္ဌိ,မာန,ဒေါသ,ဝိစိကိစ္ဆာ,မောဟ။အနုသယ မမည်သော ဇင်း ၄၆-မှာ၊ အနုသယ တရားကိုယ် ၆-ပါးမှ ကြွင်းသော စေတသိက်။ အနုသယနှင့် ယှဉ်သော ဇင်း ၂၇-မှာ၊ အညသမာန်း၊အကုသိုလ်စေတသိက်။ အနုသယ မယှဉ်သော ဇင်း ၂၅-မှာ၊သောဘဏ စေတသိက်။ အနုသယနှင့်သာ ယှဉ်၍ အနုသယ မမည်သော ဇင်း ၂၁-မှာ၊ယခင် ၂၇-၌၊ အနုသယ တရားကိုယ် ၆-ပါးကိုနုတ်။ အနုသယနှင့်လည်းယှဉ် အနုသယလည်းမည်သော ဇင်း ၆-မှာ၊အနုသယ တရားကိုယ်ပင်။အနုသယနှင့်လည်းမယှဉ် အနုသယလည်း မမည်သော ဇင်း ၂၅-မှာ၊ သောဘဏ စေတသိက်။ အနုသယ တရားကိုယ် တပါးနှင့်သာ ယှဉ်သော ဇင်းနှစ်မှာ၊ ဒေါသ, ဝိစိကိစ္ဆာ။ မောဟနှင့်သာ ယှဉ်သည်။ အနုသယ တရားကိုယ် နှစ်ပါးနှင့်သာ ယှဉ်သော ဇင်း ၅-မှာ၊ ဒိဋ္ဌိ,မာန,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ။ ထိုငါးပါးတွင် ဒိဋ္ဌိ, မာန မှာ၊ လောဘ, မောဟနှင့်။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ တို့မှာ၊ ဒေါသ,မောဟ နှင့် ယှဉ်သည်။အနုသယ တရားကိုယ်နှစ်ပါးနှင့်သာယှဉ်သော အနုသယမည်သော ဇင်း ၂-မှာ၊ ဒိဋ္ဌိ,မာန။ အနုသယ တရားကိုယ် နှစ်ပါးနှင့်ယှဉ်သော အနုသယ မမည်သော ဇင်း ၃-မှာ၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ အနုသယတရားကိုယ် ၃-ပါးနှင့်သာယှဉ်သော ဇင်း ၁-မှာ၊ လောဘ။ ဒိဋ္ဌိ,မာန, မောဟ ၃-ပါးနှင့်ယှဉ်သည်။ အနုသယတရားကိုယ် လေးပါးနှင့်သာယှဉ်သော ဇင်း ၁-မှာ၊ပီတိ။လောဘ,ဒိဋ္ဌိ,မာန,မောဟ၊၍ ၄-ပါးနှင့်ယှဉ်သည်။ အနုသယ တရားကိုယ် ငါးပါးနှင့်သာ ယှဉ်သော ဇင်း ၅-မှာ၊ ထိန, မိဒ္ဓ, မောဟ, အဓိမောက္ခ, ဆန္ဒ။ အနုသယ တရားကိုယ်ငါးပါးနှင့် ယှဉ်သော အနုသယ မည်သော ဇင်း ၁-မှာ၊ မောဟ။ အနုသယ တရားကိုယ်ငါးပါး

နှင့်ယှဉ်သော အနုသယ မမည်သော ဂုဏ်း ၄-မှာ၊ ထိန, မိဒ္ဓ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ။ အနုသယတရားကိုယ် ၆-ပါးနှင့်ယှဉ်သော ဂုဏ်း ၁၃-မှာ၊ သဗ္ဗစိတ္တသာဓာရဏ၊ ဝိတက်, ဝိစာရ, ဝီရိယ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ။

သံယောဇဉ်ဖြင့်မှတ်၍ စေတသိက်သရုပ်တို့ကိုပြခြင်း

သံယောဇဉ်ဖြင့်မှတ်၍ စေတသိက်တို့၏ သရုပ်အပြားကိုပြဦးအံ့။ သံယောဇဉ်မည်သောစေတသိက် ၉-မှာ၊ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဣဿာ, မစ္ဆရိယ။ သံယောဇဉ်မမည်သော ဂုဏ်း ၄၃-မှာ၊ သံယောဇဉ်တရားကိုယ် ၉-ပါးမှကြွင်းသော စေတသိက်။ သံယောဇဉ်နှင့် ယှဉ်သော ဂုဏ်း ၂၇-မှာ၊ အညသမာန်း၊ အကုသိုလ် စေတသိက်။ သံယောဇဉ်နှင့် မယှဉ်သော ဂုဏ်း ၂၅-မှာ၊ သောဘဏ။ သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်သော ဂုဏ်း ၁၈-မှာ၊ အညသမာန်း ၁၃၊ ထိန, မိဒ္ဓ, ကုက္ကုစ္စ, အဟိရိက, အနောတ္တပ္ပ။ သံယောဇဉ်နှင့်လည်း ယှဉ် သံယောဇဉ်လည်းမည်သော ဂုဏ်း ၉-မှာ၊ သံယောဇဉ်တရားကိုယ်။ သံယောဇဉ်နှင့်လည်း မယှဉ် သံယောဇဉ်လည်း မမည်သော ဂုဏ်း ၂၅-မှာ၊ သောဘဏ စေတသိက်။ သံယောဇဉ် တရားကိုယ် နှစ်ပါးနှင့်သာ ယှဉ်သော ဂုဏ်း ၁-မှာ၊ ဝိစိကိစ္ဆာ။ မောဟ တပါးတည်းနှင့် ယှဉ်သည်။ သံယောဇဉ်တရားကိုယ် ၃-ပါးနှင့်သာ ယှဉ်သော ဂုဏ်း ၅-မှာ၊ မာန, ဒိဋ္ဌိ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ၎င်းတွင် ရှေ့နှစ်ပါးမှာ၊ လောဘ, မောဟ, ဥဒ္ဓစ္စနှင့်။ နောက် ၃-ပါးမှာ၊ ဒေါသ, မောဟ, ဥဒ္ဓစ္စ နှင့်ယှဉ်သည်။ သံယောဇဉ် တရားကိုယ် ၃-ပါးနှင့်သာယှဉ်သော သံယောဇဉ် မည်သော ဂုဏ်း ၄-မှာ၊ မာန, ဒိဋ္ဌိ, ဣဿာ, မစ္ဆရိယ။ သံယောဇဉ်တရားကိုယ် ၃-ပါးနှင့်သာ ယှဉ်သော သံယောဇဉ်မမည်သော ဂုဏ်း ၁-မှာ၊ ကုက္ကုစ္စ။ သံယောဇဉ် တရားကိုယ် ၄-ပါးနှင့်သာ ယှဉ်သော ဂုဏ်း ၂-မှာ၊ လောဘ, ဒေါသ။ လောဘမှာ မောဟ, မာန, ဒိဋ္ဌိ, ဥဒ္ဓစ္စ ၎င်း ၄-ပါးနှင့်။ ဒေါသမှာ မောဟ, ဥဒ္ဓစ္စ, ဣဿာ, မစ္ဆရိယ ၎င်း ၄-ပါးနှင့်ယှဉ်သည်။ သံယောဇဉ် တရားကိုယ် ငါးပါးနှင့်သာ ယှဉ်သော ဂုဏ်း ၁-မှာ၊ ပီတိ။ လောဘ, မော

ဟ,မာန,ဒိဋ္ဌိ,ဥဒ္ဓစ္စ ဤငါးပါးနှင့်သာ ယှဉ်သည်။ သံယောဇဉ်တရားကိုယ် ၅စ်ပါးနှင့်သာယှဉ်သော ၎င်း ၆-မှာ၊ မောဟ,ဥဒ္ဓစ္စ,ထိန,မိဒ္ဓ,အဟိမောက္ခ, ဆန္ဒ။ ဤတွင် မောဟမှာ မိမိမှ။ ဥဒ္ဓစ္စ မှာလည်း မိမိမှ။ ထိန, မိဒ္ဓ, အဟိ မောက္ခ,ဆန္ဒတို့မှာ၊ဝိစိကိစ္ဆာ မှကြွင်းသော၅စ်ပါးနှင့်ယှဉ်သည်။သံယော ဇဉ် တရားကိုယ် ၅စ်ပါးနှင့်သာ ယှဉ်သော သံယောဇဉ် မည်သော ၎င်း ၂-မှာ၊ မောဟ, ဥဒ္ဓစ္စ။ သံယောဇဉ် တရားကိုယ် ၅စ်ပါးနှင့်သာ ယှဉ်၍ သံယောဇဉ် မမည်သော ၎င်း ၄-မှာ၊ ထိန, မိဒ္ဓ, အဟိမောက္ခ, ဆန္ဒ။ သံ ယောဇဉ် တရားကိုယ် ၉-ပါးလုံးနှင့် ယှဉ်သော ၎င်း ၁၂-မှာ၊ သဗ္ဗစိတ္တ သာဓာရဏ၊ ဝိတက်, ဝိစာရ, ပီတိယ, အဟိရိက, အနောတ္တပ္ပ။

ကိလေသာဖြင့်မှတ်၍စေတသိက်သရုပ်တို့ကိုပြခြင်း

ကိလေသာဖြင့်မှတ်၍ စေတသိက်တို့၏ သရုပ်အပြားကိုပြဦးအံ့။ ကိ လေသာမည်သော စေတသိက် ၁၀-မှာ၊ မိဒ္ဓ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ မှတပါး အကုသိုလ်စေတသိက်။ ကိလေသာ မမည်သော ၎င်း ၄၂-မှာ၊ ကိလေသာ တရားကိုယ် ဆယ်ပါးမှတပါး စေတသိက်။ ကိလေသာနှင့် ယှဉ်သော ၎င်း ၂၇-မှာ၊ အညသမာန်း၊ အကုသိုလ်စေတသိက်။ ကိလေ သာနှင့် မယှဉ်သော ၎င်း ၂၅-မှာ၊ သောဘဏစေတသိက်။ ကိလေသာ နှင့်သာယှဉ်၍ ကိလေသာမမည်သော ၎င်း ၁၇-မှာ၊ အညသမာန်း ၁၃၊ မိဒ္ဓ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ကိလေသာနှင့်လည်းယှဉ် ကိလေသာ လည်း မည်သော ၎င်း ၁၀-မှာ၊ ကိလေသာ တရားကိုယ် ဆယ်ပါးပင်။ ကိလေသာနှင့်လည်း မယှဉ် ကိလေသာလည်း မမည်သော ၎င်း ၂၅- မှာ၊ သောဘဏစေတသိက်။ ကိလေသာလေးပါးနှင့်သာယှဉ်သော စေ တသိက် ၁-မှာ၊ ဝိစိကိစ္ဆာ။ မောဟ,"အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ ဤ ၄-ပါးနှင့်သာ ယှဉ်သည်။ ကိလေသာ တရားကိုယ် ငါးပါးနှင့်သာ ယှဉ် သော ၎င်း ၁-မှာ၊ ဒေါသ။ ယခင် ၄-ပါးနှင့်တကွ ထိနနှင့်ယှဉ်သည်။ကိ လေသာ တရားကိုယ် ၆-ပါးနှင့်သာ ယှဉ်သော ၎င်း ၅-မှာ၊ မာန, ဒိဋ္ဌိ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ဤတွင် မာန,ဒိဋ္ဌိ မှာ ယခင် ငါးပါးနှင့်တကွ

လောဘနှင့်၊ ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ ၃-ပါးမှာ၊ ယခင် ၅-ပါးနှင့်တကွ ဒေါသနှင့် ယှဉ်သည်။ ကိလေသာ ၆-ပါးနှင့် ယှဉ်သော ကိလေသာ လည်းမည်သော ငင်း ၂-မှာ၊ မာန, ဒိဋ္ဌိ။ ကိလေသာ ၆-ပါးနှင့်သာ ယှဉ်၍ ကိလေသာမမည်သော ငင်း ၃-မှာ၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ကိလေသာ ၇-ပါးနှင့်သာ ယှဉ်သော ငင်း ၁-မှာ၊ လောဘ။ ဒိဋ္ဌိ, မာန, ထိန, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ ဤ ၇-ပါးနှင့် ယှဉ်သည်။ ကိလေသာ ၅စ်ပါးနှင့်သာ ယှဉ်သော ငင်း ၂-မှာ၊ ထိန, မိဒ္ဓ။ ဤတွင် မိဒ္ဓ မှာ ယခင် ၇-ပါးနှင့်တကွ လောဘနှင့်ယှဉ်သည်။ ထိနမှာ၊ လောဘ,ဒိဋ္ဌိ, မာန, ဒေါသ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ ဤ၅စ်ပါးနှင့် ယှဉ်သည်။ ကိလေသာ၅စ်ပါးနှင့်သာယှဉ်သော ကိလေသာမည်သော ငင်း ၁-မှာ၊ ထိန။ ကိလေသာ ၅စ်ပါးနှင့်သာယှဉ်၍ ကိလေသာမဟုတ်သော ငင်း ၁-မှာ၊ မိဒ္ဓ။ ကိလေသာ ၉-ပါးနှင့်သာယှဉ်သော ငင်း ၇-မှာ၊ သဗ္ဗာကုသလသာဓာရဏ ၄၊ မိဒ္ဓ, အဓိမောက္ခ, ဆန္ဒ။ ဤတွင် မောဟ, အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ ၄-ပါးတို့မှာ အသီးအသီးမိမိမှကြွင်းသော ၉-ပါးနှင့်၊ မိဒ္ဓ,အဓိမောက္ခ,ဆန္ဒ, ၃-ပါးမှာ ဝိစိကိစ္ဆာမှ ကြွင်းသော ၉-ပါးနှင့် ယှဉ်သည်။ ကိလေသာ ၉-ပါးနှင့်သာယှဉ်သော ကိလေသာမည်သော ငင်း ၄-မှာ၊ သဗ္ဗာကုသလသာဓာရဏ။ ကိလေသာ ၉-ပါးနှင့်သာယှဉ်၍ ကိလေသာ မမည်သော ငင်း ၃-မှာ၊ အဓိမောက္ခ, ဆန္ဒ, မိဒ္ဓ။ ကိလေသာ ဆယ်ပါး လုံးနှင့် ယှဉ်သော ငင်း ၁၀-မှာ၊ သဗ္ဗစိတ္တ သာဓာရဏ၊ ဝိတက်, ဝိစာရ, ဝီရိယ။

ဈာန်ဖြင့်မှတ်၍စေတသိက်သရုပ်တို့ကိုပြခြင်း

ဈာန်တို့ဖြင့်မှတ်၍ စေတသိက်တို့၏ သရုပ်အပြားကို ပြဦးအံ့။ ဈာန် မည်သော စေတသိက် ၇-မှာ၊ ဝေဒနာ, ဧကဂ္ဂတာ, ဝိတက်, ဝိစာရ, ဝီရိယ, သဒ္ဓါ, သတိ, အမောဟ။ ဈာန်မမည်သော စေတသိက် ၄၅-မှာ၊ ဈာန် တရားကိုယ် ၇-ပါးမှ တပါးသော စေတသိက်။ ဈာန်နှင့် ယှဉ်သော စေ တသိက် ၅၂-မှာ။ အကုန်။ ဈာန် ၄-ပါးနှင့်သာ ယှဉ်သော စေတသိက်

၁-မှာ၊ ဝိစိကိစ္ဆာ၊ ။ ဤဝိစိကိစ္ဆာသည် ယင်းနှင့်ယှဉ်သော ဧကဂ္ဂတာ၏ ရှုခြင်းကိစ္စ မတာပ်ခြင်းကြောင့် မနိခြေ, ဥပေက္ခာခြေ, ဇိဝိတိခြေ, ဝိရိယိခြေ ဤရှုခြေ ၄-ပါးနှင့်သာ ယှဉ်သည်။ ရှုခြေငါးပါးနှင့်သာ ယှဉ်သော ဇင်း ၄-မှာ၊ ဒေါသ, ရှုဿာ, မစ္ဆရိယ, ကုက္ကုစ္စ။ ဤ ၄-ပါးမှာ၊ မနိခြေ, ဒေါမနဿိခြေ, သမာဓိခြေ, ဇိဝိတိခြေ, ဝိရိယိခြေ, ဤငါးပါးတို့နှင့် ယှဉ်သည်။ ရှုခြေ ၆-ပါးနှင့်သာယှဉ်သော ဇင်း ၃-မှာ၊ လောဘ, ဒိဋ္ဌိ, မာန။ ရှုခြေ ၆-ပါးအရမှာ ယခင် ငါးပါး၌ ဒေါမနဿိခြေကိုနုတ်၍၊ သောမနဿိခြေ, ဥပေက္ခိခြေတို့ကိုထည့်။ ရှုခြေ ၇-ပါးနှင့်သာယှဉ်သော ဇင်း ၆-မှာ၊ သဗ္ဗာကုသလသာဓာရဏ ၄၊ ထိန, မိဒ္ဓ။ ယခင် ရှုခြေ ၆-ပါး၌ ဒေါမနဿိခြေ ကိုထည့်။ ရှုခြေ ၈စ်ပါးနှင့်သာ ယှဉ်သော ဇင်း ၁-မှာ၊ အမောဟ။ ဤအမောဟသည် မနိခြေ, သောမနဿိခြေ, ဥပေက္ခိခြေ, သမာဓိခြေ, ဇိဝိတိခြေ, ဝိရိယိခြေ, သဒ္ဓိခြေ, သတိခြေ ဤ၈စ်ပါးနှင့်ယှဉ်သည်။ ရှုခြေ ၉-ပါးနှင့်သာ ယှဉ်သော ဇင်း ၂-မှာ၊ ကရုဏာ, မုဒိတာ။ ဤနှစ်ပါးသည် ယခင်၈စ်ပါးနှင့်တကွ ပညိခြေနှင့် ယှဉ်သည်။ ရှုခြေဆယ်ပါးနှင့်သာယှဉ်သော ဇင်း ၁-မှာ၊ ဝေဒနာ။ ဆယ်ပါးအရမှာ ယခင် ၉-ပါး၌ ဝေဒနိခြေ နှစ်ပါးကိုနုတ်၍၊ အနညာတညဿာမိတိခြေ, အညိခြေ, အညာတာဝိခြေ ဟူသော အမောဟရှုခြေ ၃-ပါးကိုထည့်။ ရှုခြေတဆဲ့တပါးနှင့်သာ ယှဉ်သော ဇင်း ၃-မှာ၊ သဒ္ဓါ, သတိ, ပီတိ။ ဤတွင် သဒ္ဓါကိုကောက်ခိုက် ယခင် ဆယ်ပါး၌ သဒ္ဓိခြေကိုနုတ်၍၊ သတိကို ကောက်ခိုက် သတိခြေကိုနုတ်၍၊ ဝေဒနိခြေ နှစ်ပါးကိုထည့်။ ပီတိကိုကောက်ခိုက် ယခင်ဆယ်ပါး၌ သောမနဿိခြေ ကိုထည့်။ ရှုခြေတဆဲ့နှစ်ပါးနှင့်သာ ယှဉ်သော ဇင်း ၂၁-မှာ၊ သဒ္ဓါ, သတိမှ တပါး သောဘဏ သာဓာရဏ ၁၇၊ ဝိရတိ ၃၊ ဝိရိယ။ ယခင်ဆယ်ပါး၌ သောမနဿိခြေ, ဥပေက္ခိခြေ ကိုထည့်။ ရှုခြေ ၁၃-ပါးနှင့်သာယှဉ်သော ဇင်း ၄-မှာ၊ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဆန္ဒ။ ၁၃ ပါးအရမှာ၊ ယခင် ၁၂-ပါး၌ ဒေါမနဿိခြေ ကိုထည့်။ ရှုခြေ ၁၄-ပါးနှင့် သာယှဉ်သော ဇင်း ၂-မှာ၊ ဧကဂ္ဂတာ, ဇိဝိတိခြေ။ ဤနှစ်ပါးတွင် ဧကဂ္ဂတာကိုကောက်ခိုက် ယခင် ၁၃-ပါး၌ သမာဓိခြေ ကိုနုတ်၍၊ ဇိဝိတိခြေ ကိုယူခိုက် ဇိဝိတိခြေကိုနုတ်၍၊ သုခိခြေ, ဒုက္ခိခြေ ဘို့ကိုထည့်။ ရှုခြေတဆဲ့

ငါးပါးနှင့်ယှဉ်သော ရှင်း ၄-မှာ၊ ဖဿ, သညာ, စေတနာ, မနသိကာရ။ ယခင် ၁၃-၌ သုခိမြွေ, ဒုက္ခိမြွေ နှစ်ပါးကိုထည့်။

ဝိညာဏခေတ်ဖြင့် မှတ်၍ပြဦးအံ့။ဝိညာဏခေတ် တပါးနှင့်သာ ယှဉ်သော စေတသိက် ၄၂-မှာ၊ အကုသိုလ် စေတသိက် ၁၄၊ ဝိရိယ, ပီတိ, ဆန္ဒ, သောဘဏ စေတသိက် ၂၅။ ဝိညာဏခေတ် နှစ်ပါးနှင့်သာ ယှဉ်သော ရှင်း ၃-မှာ၊ဝိတက်,ဝိစာရ,အဓိမောက္ခ။ ဝိညာဏခေတ် ၇-ပါးနှင့် ယှဉ်သော ရှင်း ၇-မှာ၊သဗ္ဗစိတ္တသာဓာရဏ။

သဏ္ဌာဖြင့်မှတ်၍စေတသိက်သရုပ်တို့ကိုပြခြင်း

သဏ္ဌာဖြင့်မှတ်၍ စေတသိက်တို့၏ သရုပ်အပြားကို ပြဦးအံ့။ဒုက္ခသဏ္ဌာ မည်သော စေတသိက် ၅၁-မှာ၊လောဘမှတပါး စေတသိက်။ဒုက္ခသဏ္ဌာ မမည်သော စေတသိက် ၁-မှာ၊ လောဘ။ဒုက္ခသဏ္ဌာနှင့် ယှဉ်သော စေတသိက် ၅၂-မှာ၊ အကုန်။ ဒုက္ခသဏ္ဌာနှင့်သာ ယှဉ်၍ ဒုက္ခသဏ္ဌာ မဟုတ်သော ရှင်း ၁-မှာ၊ လောဘ။ ဒုက္ခသဏ္ဌာနှင့်လည်း ယှဉ် ဒုက္ခသဏ္ဌာလည်း မည်သော ရှင်း ၅၁-မှာ၊လောဘမှတပါး။ဒုက္ခသဏ္ဌာသာ မည်သော စေတသိက် ၁၅-မှာ လောဘမှတပါး အကုသိုလ် စေတသိက် ၁၃-ခု၊ကရုဏာ, မုဒိတာ။ ဒုက္ခသဏ္ဌာ ရံခါမည် ရံခါမမည်သော ရှင်း ၃၆-မှာ၊ အညသမာန်း ၁၃၊ ကရုဏာ, မုဒိတာမှတပါး သောဘဏ စေတသိက် ၂၃။ ဒုက္ခသဏ္ဌာနှင့်သာ ယှဉ်သော ရှင်း ၈-မှာ၊ လောဘ,ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ကရုဏာ, မုဒိတာ။ ဒုက္ခသဏ္ဌာနှင့်လည်းယှဉ် တပါးသဏ္ဌာနှင့်လည်း ယှဉ်သော ရှင်း ၄၄-မှာ၊အညသမာန်း ၁၃၊သဗ္ဗာကုသလသာဓာရဏ-၄၊ဒိဋ္ဌိ,မာန,ထိန,မိဒ္ဓ၊ အပ္ပမညာနှစ်ပါးမှတပါး သောဘဏစေတသိက်-၂၃။

သမုဒယ သဏ္ဌာ မည်သော စေတသိက် ၁-မှာ၊ လောဘ။ သမုဒယ သဏ္ဌာ မမည်သော ရှင်း ၅၁-မှာ၊ လောဘမှတပါး။ သမုဒယ သဏ္ဌာနှင့် ယှဉ်သော ရှင်း ၂၁-မှာ၊အညသမာန်း-၁၃၊ သဗ္ဗာကုသလသာဓာရဏ ၄၊ဒိဋ္ဌိ,မာန,ထိန,မိဒ္ဓ။သမုဒယသဏ္ဌာနှင့် မယှဉ်သော ရှင်း ၃၁-မှာ၊လော

ဘ,ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ၊ သောဘဏ စေတ
သိက်-၂၅။ သမ္မဒယ သစ္စာနှင့်သာ ယှဉ်၍ သမုဒယသစ္စာ မမည်သော
ဝင်း ၂၀-မှာ၊ယခင် ၂၀-ပင်။ သမုဒယသစ္စာသာ မည်၍ သမုဒယသစ္စာ
နှင့် မယှဉ်သော ဝင်း ၁-မှာ၊ လောဘ။ သမုဒယ သစ္စာနှင့်လည်း မယှဉ်
သမုဒယသစ္စာလည်း မမည်သော ဝင်း ၃၀-မှာ၊ယခင် ၃၀-နှ်၊ လောဘ
ကိုနုတ်။

မဂ္ဂသစ္စာ မည်သော စေတသိက် ၈-မှာ၊ဝိတက်,ဝီရိယ,ဧကဂ္ဂတာ,
သတိ,အမောဟ, ဝိရတိ-၃။ မဂ္ဂသစ္စာ မမည်သော ဝင်း ၄၄-မှာ၊ မဂ္ဂင်
တရားကိုယ် ၅စ်ပါးမှ ကြွင်းသော စေတသိက်။မဂ္ဂသစ္စာနှင့် ယှဉ်သော
ဝင်း ၃၆-မှာ၊အညသမာန်း-၁၃၊အပ္ပမညာနွေးမှတပါး သောဘဏ။မဂ္ဂ
သစ္စာနှင့် မယှဉ်သော ဝင်း ၁၆-မှာ၊ အကုသိုလ် စေတသိက်-၁၄၊ ကရု
ဏာ,မုဒိတာ။ မဂ္ဂသစ္စာနှင့်သာ ယှဉ်၍ မဂ္ဂသစ္စာ မမည်သော ဝင်း ၂၈-
မှာ၊ယခင် ၃၆-နှ်၊ မဂ္ဂင်၅စ်ပါးကိုနုတ်။ မဂ္ဂသစ္စာနှင့်လည်းယှဉ် မဂ္ဂသစ္စာ
လည်း မည်သော ဝင်း ၈-မှာ၊ မဂ္ဂင်တရားကိုယ် ၅စ်ပါးပင်။ မဂ္ဂသစ္စာနှင့်
လည်း မယှဉ် မဂ္ဂသစ္စာလည်း မမည်သော ဝင်း ၁၆-မှာ၊ အကုသိုလ်
စေတသိက်-၁၄၊အပ္ပမညာနွေး။မဂ္ဂသစ္စာ ရံခါမည် ရံခါမမည်သောဝင်း
၈-မှာ၊ယခင်၅စ်ပါးပင်။

ဒုက္ခသစ္စာ,သမုဒယသစ္စာ,နှစ်ပါးနှင့် ယှဉ်သော ဝင်း ၂၀-မှာ၊ယခင်
၂၀-ပင်။ ဒုက္ခသစ္စာ, မဂ္ဂသစ္စာ,နှစ်ပါးနှင့် ယှဉ်သော ဝင်း ၃၆-မှာလည်း၊
ယခင် ၃၆-ပင်။ ဒုက္ခ,သမုဒယ,မဂ္ဂသစ္စာ ၃-ပါးနှင့် ယှဉ်သော ဝင်း ၁၃-
မှာ၊အညသမာန်း။ဒုက္ခ,သမုဒယ,သစ္စာ နှစ်ပါးနှင့်သာယှဉ်၍ မဂ္ဂသစ္စာနှင့်
မယှဉ်သော ဝင်း ၈-မှာ၊ သဗ္ဗာကုသလသာဓာရဏ-၄၊ ဒိဋ္ဌိ,မာန,ထိန,
မိဒ္ဓ။ဒုက္ခ,မဂ္ဂသစ္စာ နှစ်ပါးနှင့်သာ ယှဉ်၍ သမုဒယသစ္စာနှင့် မယှဉ်သော
ဝင်း ၂၃-မှာ၊ အပ္ပမညာနွေးမှတပါး သောဘဏ စေတသိက်။ သမုဒယ
သစ္စာသာ မည်၍ တပါးသစ္စာ မမည်သော ဝင်း ၁-မှာ၊ လောဘ။ ဒုက္ခ
သစ္စာသာ မည်၍ တပါးသစ္စာ မမည်သော ဝင်း ၄၃-မှာ၊ မဂ္ဂင် တရား
ကိုယ် ၅စ်ပါးနှင့်၊ လောဘမှ တပါးသော စေတသိက်။ ဒုက္ခသစ္စာလည်း
မည် မဂ္ဂသစ္စာလည်း မည်သော ဝင်း ၈-မှာ၊ မဂ္ဂင် တရားကိုယ် ၅စ်ပါး

ပင်။ သစ္စာတပါးတည်းနှင့်သာ ယှဉ်၍ အခြားသစ္စာနှင့် မယှဉ်သော ရင်း ၈-မှာ၊ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ကရုဏာ, မုဒိတာ။ သစ္စာ နှစ်ပါးနှင့်သာ ယှဉ်၍ အခြားသစ္စာနှင့် မယှဉ်သော ရင်း ၃၁-မှာ၊ အပ္ပမညာဒွေးမှတပါး သောဘဏ စေတသိက်-၂၃၊ သဗ္ဗာကုသလသာဓာရဏ-၄၊ ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ။ သစ္စာ ၃-ပါး လုံးနှင့် ယှဉ်နိုင်သော ရင်း ၁၃-မှာ၊ အညသမာန်း။ သစ္စာသာမည်၍ သစ္စဝိမုတ် မဖြစ်သော ရင်း ၁၆-မှာ၊ အကုသိုလ် စေတသိက်-၁၄၊ ကရုဏာ, မုဒိတာ။ ရံခါ သစ္စာမည် ရံခါ သစ္စာ မမည်သော ရင်း ၃၆-မှာ၊ အပ္ပမညာဒွေးမှ တပါး သောဘဏ စေတသိက်-၂၃၊ အညသမာန်း-၁၃။ သစ္စာနှင့်သာ ယှဉ်၍ သစ္စဝိမုတ်နှင့်မယှဉ်သော ရင်း ၁၆-မှာ၊ ယခင် ၁၆-ပင်။ ရံခါသစ္စာ နှင့် ရံခါသစ္စဝိမုတ်နှင့်ယှဉ်သော ရင်း ၃၆-မှာလည်း၊ ယခင် ၃၆-ပင်။

ဤတွင်ရွေ့ကား အဘိဓမ္မတ္ထသရုပ်ဒီပကကျမ်း၌ နှစ်ခုမြောက်
သော စေတသိကသရုပ်ဒီပကကဏ္ဍပြီးပြီ။

န-ဗ-သာ-စ—၁၃၈—၂၈-၃-၆၃—၁၀၀၀ (လစ်သို)

အဘိဓမ္မတ္ထသရူပဒီပကကျမ်း

မှတ်သားဖွယ် အက္ခရာစဉ်

အက္ခရာစဉ် — စာမျက်နှာ

[အ]

အကိဋ္ဌနု ၁၉၁
အကိရိယ ၇၇
အကုသလရာသိသမ္ပယောဂ နည်း ၅၃၉
အကုသလဝိပါက် ၁၀၅
အကုသလဝိပါက်စိတ်(ခုနစ်ပါး)၁၃၂
အကုသလဝိပါက်စိတ် ၌(အဟေတုက ဟုအထူးမပြုပုံစသည်)၁၃၀
အကုသိုလ်ကံ ဟူသမျှတို့ထက် အပြစ်ကြီးသောကံ ၈၂
အကုသိုလ်ကုသိုလ်တို့၏- ဆန့်ကျင်ပုံ ၂၅၉
အကုသိုလ်စိတ်ကို ရှေးဦးစွာ ပြဆိုရပုံ ၅၆
အကုသိုလ်စိတ်၌ မှတ်သားရန် ဥပမာ ၉၉
အကုသိုလ်စိတ်၌ ယှဉ်သော စေတသိက် သရုပ် ၅၄၂
အကုသိုလ်စေတသိက် (တဆဲ့လေးခု) ၃၈၃
အကုသိုလ်စေတသိက် နှင့် (စေတသိက်တို့ယှဉ်မယှဉ် သရုပ်) ၅၅၄
အကုသိုလ်စေတသိက်(မည်ပုံ) ၃၈၄
အကုသိုလ်စေတသိက်ပေါင်း ၈၃-ပါး ၅၃၉

အက္ခရာစဉ် — စာမျက်နှာ

[အ]

အကျိုးဟူက အကြောင်းနှင့် မကင်းကောင်း ၁၀၅
အကောက်သုံးပါး ၄၅၉
အကြောင်းရှိသော်သာ အကျိုးဖြစ် ၅၉
အဆွေခင်ပွန်းပြည့်စုံခြင်း၏ အကြောင်း ၅၃၁
အညသမာန်းစေတသိက် (တဆဲ့သုံးခု) ၃၈၃
အညသမာန်း (မည်ပုံ) ၃၈၄
အညသမာန်းစေတသိက် နှင့် (စေတသိက်တို့ ယှဉ်မယှဉ် သရုပ်) ၅၅၃
အစဏ္ဍိက္ကလက္ခဏာ ၄၅၃
အညသမာန်းစေတသိက် ပေါင်း(၁၀၁၅) ၅၃၈
အညသမာန်းစေတသိက် ၁၃၃၅-ပါး ၅၄၁
အညသမာနရာသိသမ္ပယောဂ နည်း ၅၃၇
အညာဏုပေက္ခာ (သည် ဥပေက္ခာ၏နီးသောရန်သူ) ၅၀၀
အဋ္ဌာနကောပ ၉၃
အဏ္ဍဇယောနိ ၂၃
အတိဟသိတ ၁၂၅
အတ္တကိလမထာနုယောဂ ကြည့်ခြင်း၏ အကြောင်း ၅၃၀

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အတ္တာနုဝါဒဘယ	၄၅၁
အဒေါသ (မည်ပုံနှင့်လက္ခဏာ စသည်)	၄၅၂
အဒေါသ၏ အကျိုးများ (အကျယ်)	၅၂၉
အဒေါသဖြစ်ခြင်း၏အကြောင်း	၅၃၁
အဓိကာရအစွမ်း ကြောင့် (ချန်ရပုံ)	၁၈၀
အဓိဂမ	၄
အဓိမောက္ခ (လက္ခဏာစသည်)	၄၀၆
အနတ္တ	၂၄၄
အနတ္တဟု မရှုမမြင်နိုင်ခြင်း၏ အကြောင်း	၅၂၉
အနတ္တဟု ရှုမြင်နိုင်ခြင်း၏ အကြောင်း	၅၃၁
အနန္တရဖြစ်ကောင်းသော စိတ်များ	၃၀၀
အနာဂါမိမဂ် (ပယ်သောစိတ်)	၂၃၀
အနာဂါမိမဂ်(ပယ်သောတရား)	၂၃၅
အနာဂါရိက	၂၀၃
အနာဂါရိယသာကိဝင်	၇၇
အနာရောဂါကင်းခြင်း၏ အကြောင်း	၅၃၁
အနာသဝစိတ်	၂၀၄
အနောတ္တပ္ပ(မည်ပုံနှင့်လက္ခဏာ စသည်)	၄၁၆
အနိစ္စ	၂၄၄
အနိစ္စဟုမရှုမမြင်နိုင်ခြင်း၏ အကြောင်း	၅၂၉
အနိစ္စဟု ရှုမြင်နိုင်ခြင်း၏ အကြောင်း	၅၃၁

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အနိဋ္ဌ	၇၅
အနိမိတ္တ	၂၄၆
အနိယတယောဂီစေတသိက်	၅၅၁
အနုတ္တရစိတ်	၂၀၄
အနုပဿနာ	၂၄၄
အနုပါဒိန္န (နိမိတ်)	၂၂၀
အနုသယဖြင့်မှတ်၍ စေတသိက် သရုပ်တို့ကိုပြခြင်း	၅၆၈
အနန္တရ	၂၀၂
အန္ဓပုထုဇ္ဇန်	၃၊ ၄
အပစ္စယဓမ္မ	၃၂
အပရဂေါယာန်ကျွန်းသား	၃၇
အပရန္တ၌ ယုံမှားခြင်း	၄၃၅
အပဟာသိတ	၁၂၅
အပိယသမ္ပယောဂဒုက္ခ၏ အကြောင်း	၅၂၈
အပိယသမ္ပယောဂဒုက္ခမဖြစ် ခြင်း၏ အကြောင်း	၅၃၀
အပါယ်လေးပါး	၃၉
အပ္ပဏိဟိတ	၂၄၅
အပ္ပမညာ (နှစ်ပါး-လေးပါး)	၄၉၂
အပ္ပမညာ (မည်ပုံ)	၅၀၄
အပ္ပမာဏစိတ်	၂၀၇
အပ္ပမာဏသညာဖြစ်ကြောင်း	၅၃၀
အပြစ်အတိုင်းမှတ်ယူခြင်း၏ အကြောင်း	၅၃၀
အဗျာကတစိတ် (၅၆-ပါး၊ ၇၅-ပါး)	၂၀၅
အဗျာပါဒသညာဖြစ်ခြင်း	၅၃၀
အဘာဘက်သို့ လိုက်ပုံ	၄၂

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အဘိဇ္ဈာကာယဂန္ထကို ဖြေဖျက်ကြောင်း	၅၃၁
အဘိဓမ္မတ္ထ	၅၊ ၂၃
အဘိဓမ္မတ္ထသရူပဒီပက	၃
အမရပူရမြို့	၂
အမောဟ သည် (ပညိန္ဒြေ)	၁၃၄
အမောဟ၏ အမျိုးများ (အကျယ်)	၅၂၉
အမောဟဖြစ်ခြင်း၏ အကြောင်း	၅၃၁၊ ၂
အယာထာဝမာန် (၆-ပါး)	၄၂၄
အရတိ သည် (မုဒိတာ၏ ဝေးသောရန်သူ)	၅၀၀
အရဟတ္တမဂ် (ပယ်သောစိတ်)	၂၃၀
အရဟတ္တမဂ် (ပယ်သောအရာ)	၂၁၆
အရိယဝံသ (အရှင်)	၂
အရိယဝိဟာရ၏အကြောင်း	၅၃၁
အရူပစိတ် (၉၀)	၂၀၉
အရူပဇောစိတ် (ကာမာဝစရ မမည်ပုံ)	၄၁
အရူပဈာန်စီးဖြန်းပုံ	၂၀၂
အရူပတဏှာ	၄၇
အရူပဓာတ်	၄၇
အရူပဘုံ၌သာ ဖြစ်ကောင်း သောစိတ်	၃၄၃
အရူပဘဝ	၄၇
အရူပရာဂ	၂၁၆
အရူပါဝစရ (မခေါ်ထိုက်ပုံ)	၄၂
အရူပါဝစရ	၄၇
အရူပါဝစရစိတ်	၃၇၊ ၁၈၇
[အ]	
အရှယ်ကောင်းခြင်း၏ အကြောင်း	၅၃၁
အရှယ်ယုတ်လျော့ခြင်း၏ အကြောင်း	၅၂၉
အရောင် လေးပါး	၅၁၃
အလံ (ကို တံခွန် ခေါ်သည်)	၄၂၂
အလောဘ(မည်ပုံနှင့် လက္ခဏာ စသည်)	၄၅၂
အလောဘ၏ အကျိုးများ (အကျယ်)	၅၂၉
အလောဘဖြစ်ခြင်း၏ အကြောင်း	၅၃၁
အဝဂ္ဂ	၅၇
အဝတ္ထာဘုံ	၃၇၊ ၃၈
အဝိဇ္ဇာ	၂၁၆၊ ၅၁၃
အဝိညာဏက	၆
အဝိတက္ကစိတ်	၄၁၄
အဝိဟိံသာသညာဖြစ်ခြင်း	၅၃၀
အဝိစိ	၄၁
အင်းဝမြို့	၂
အသင်္ခတဓမ္မ	၃၂
အသင်္ခါရိကဖြစ်ခြင်း	၆၁
အသင်္ခါရိကဖြစ်ခြင်း၏ အကြောင်း	၇၇
အသင်္ခါရိက (ဖြစ်ပုံ၊ မဟာ ဝိပါက်)	၁၂
အသာမာရဏဉာဏ်တော်	၁၂၃
အသုတဝန္တပုထုဇ္ဇန်	၄
အသုဘသညာဖြစ်ကြောင်း	၅၃၀
အသောဘဏကို ရှေးဦးစွာ ပြရပုံ	၆၅

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အသောဘဏစိတ်	၂၈၄
အသောဘဏစိတ်မည်ပုံ	၅၈
အသောဘဏစိတ်၌ယှဉ်သော စေတသိက်သရုပ်	၅၄၆
အဿမုခီ (ဘီလူးမကမွေးသည့်လူ) အသက်တိုခြင်း၏ အကြောင်း	၅၂၉
အသက်ရှည်ခြင်း၏အကြောင်း	၅၃၁
အသွင်သဏ္ဍာန်ထူးသည်၏ အဖြစ်	၂၈
အဟိရိက (မည်ပုံနှင့် လက္ခဏာ စသည်)	၄၁၅
အဟေတုက	၇၇
အဟေတုကစိတ်	၂၈၄
အဟိတ်ကုသလဝိပါက်စိတ် (ရှစ်ပါး)	၁၃၂
အဟိတ်ကုသလဝိပါက်စိတ် (ရှစ်ပါးဖြစ်ရပုံ)	၁၀၉
အဟိတ်ကြိယာ	၁၃၂
အဟိတ်ကြိယာစိတ်	၁၂၁
အဟိတ်စိတ် (အစဉ်ထားပုံ)	၁၀၄
အဟိတ်စိတ် (ဇာတိဘေဒအား ဖြင့် ၂-ပါးရှိပုံ)	၁၀၅
အဟိတ်စိတ်၌ယှဉ်သော စေတ သိက် သရုပ်	၅၄၄
အဟိတ်ဝိပါက်	၁၀၅
[အာ]	
အာကာသ	၁၈၇
အာကာသသုံးပါး	၁၈၈
အာကာသာနဉ္စ	၁၈၈
အာကာသာနဉ္စာယတန	၁၈၈
အာကိဉ္စည	၁၉၁
အာကိဉ္စညာယတန	၁၉၂
အာကိဉ္စညာယတနကုသိုလ်စိတ်	၁၉၂
အာဂမန (၂-မျိုး)	၂၄၆
အာဂါရိက	၂၈၃
အာဂုမ်	၄
အာဃာတဝတ္ထု ကိုးပါး	၉၂
အာရမ္မဏပဋိပါဒကမနသိကာရ	၄၁၃
အာရုပ္ပလေးပါး (၌ ပဋိပဒါ အပြား)	၂၀၈
အာရုံအပြား (နှင့် စေတသိက် တို့ ယှဉ်မယှဉ်သရုပ်)	၅၆၀
အာရုံပဋိပဒါအရော (တဆဲ့ ခြောက်ပါး)	၁၈၄
အာရုံလေးပါး (ဈာန်အရာ တွင်)	၁၈၄
အာဝါသမစ္ဆရိယ	၄၂၇
အာသဝဖြင့် မှတ်၍ စေတသိက် သရုပ်တို့ကို ပြခြင်း	၅၆၄
[ဣ]	
ဣဋ္ဌဖြစ်သော အာရုံ	၇၅
ဣစ္ဆိတာလာဘဒုက္ခ၏ အကြောင်း	၅၂၈
ဣစ္ဆိတာလာဘဒုက္ခမဖြစ်ခြင်း၏ အကြောင်း	၅၃၀
ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ကို ဖြေဖျက်ကြောင်း	၅၃၁
ဣန္ဒြေဖြင့် မှတ်၍ စေတသိက် သရုပ်တို့ကိုပြခြင်း	၅၇၁
ဣဿာ (မည်ပုံနှင့် လက္ခဏာ စသည်)	၄၂၅

အက္ခရာစဉ် စာမျက်နှာ

[ဤ]

ဤနောင် (ဇာတ်) ၄၆၆
ဤနောင်ဇာတ် ၇၈

[ဥ]

ဥစ္စာစည်းစိမ်ပြည့်စုံခြင်း၏ အကြောင်း ၅၃၁
ဥစ္ဆေဒ ၄
ဥစ္ဆေဒအယူ ၇၇
ဥတ္တရကုရုကျွန်းသား ၃၇
ဥဒ္ဓစ္စ ၂၁၆
ဥဒ္ဓစ္စ (မည်ပုံနှင့် လက္ခဏာ စသည်) ၄၁၆
ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ၁၇၁
ဥဒ္ဓစ္စ နှင့် ဝိစိကိစ္ဆာ အထူး ၅၃၂
ဥဒ္ဓစ္စသမ္ပယုတ်အဖြစ် ၉၉
ဥဒ္ဓစ္စသမ္ပယုတ္တ (ဟု ဆိုရပုံ) ၉၇
ဥပနိဇ္ဈာနသဘော ၁၆၆
ဥပမာ ၂၂
ဥပဟာသိတ ၁၂၅
ဥပါဒါနက္ခန္ဓာ (သည် သင်္ခါရ လောက) ၅၀
ဥပါဒါန်ဖြင့် မှတ်၍ စေတသိက် သရုပ်တို့ကို ပြခြင်း ၅၆၆
ဥပါဒါရုပ်တို့ထိခိုက်ခြင်း ၁၁၃
ဥပါဒိဏ္ဏ (နိမိတ်) ၂၂၀
ဥပေက္ခာ (မည်ပုံ) ၄၉၄
ဥပေက္ခာဖြစ်ခြင်း၏အကြောင်း (လောဘမူတွင်) ၇၆
ဥပေက္ခာ (၏ ရန်သူ ၂-မျိုး) ၅၀၀
ဥပေက္ခာ (သည် ရာဂကို ပယ် ဖျောက်နိုင်ခြင်း အကျိုးရှိ၏) ၄၉၇

အက္ခရာစဉ် စာမျက်နှာ

[ဥ]

ဥပေက္ခာ (၏ လက္ခဏာ စသည်) ၄၉၆
ဥပေက္ခာ (ဟူသည်လည်းအခြား မဟုတ် တတြမဇ္ဈတ္တတာ စေတသိက်ပင်) ၄၉၄
ဥပေက္ခာသဟဂုတ် ၆၁
ဥပေက္ခာသဟဂုတ် (ဖြစ်ခြင်း ၏ အကြောင်း မဟာကြိယာ) ၁၅၈
ဥပေက္ခာ၏ ပျက်စီးကြောင်း ၄၉၇
ဥပေက္ခာ၏ ပြည့်စုံကြောင်း ၄၉၇
ဥဗ္ဗေဂါပီတိ ၄၀၈

[ဧ]

ဧကဂ္ဂတာ (ကို ၂-ပါးခွဲ၍ယူရပုံ) ၅၁၇
ဧကဂ္ဂတာ (မည်ပုံနှင့် လက္ခဏာ စသည်) ၄၀၀
ဧကနိရောဓ ၃၆၂
ဧကဝတ္ထုက ၃၆၂
ဧကာလမ္ဗဏ ၃၆၂
ဧကုပ္ပါဒ ၃၆၂

[ဩ]

ဩကာသလောက ၅၀
ဩက္ကန္တိကာပီတိ ၄၀၈
ဩတ္တပ္ပ (မည်ပုံနှင့် လက္ခဏာ စသည်) ၄၄၂
ဩပပါတိကယောနိ ၂၃
ဩဠာရိကသဒ္ဒါ ၁၂၄

[က]

ကပိလဝတ်သာကီဝင် ၃၇
ကမ္မနာနတ္တ ၂၇

အက္ခရာစဉ်	စာမျက်နှာ
[က]	
ကရုဏာစေတသိက် (၂၀)	၅၄၀
ကရုဏာ (၏ ရန်သူ ၂-မျိုး)	၄၉၉
ကရုဏာ (သည် ညှဉ်းဆဲ နှိပ်စက်ခြင်း ဝိဟိံသာ ကို ပယ်ဖျောက်နိုင်ခြင်း အကျိုးရှိ၏)	၄၉၇
ကရုဏာ၏ ပျက်စီးကြောင်း	၄၉၆
ကရုဏာ၏ပြည့်စုံကြောင်း	၄၉၆
ကရုဏာ (မည်ပုံ)	၄၉၃
ကရုဏာ (၏ လက္ခဏာစသည်)	၄၉၆
ကလျာဏပုထုဇ္ဇန်	၃၁၄
ကံထူးသည့်အဖြစ်	၂၇
ကာဏာရိဋ္ဌ	၄၂
ကာမ	၃၀
ကာမစ္ဆန္ဒနီဝရဏ	၁၇၀
ကာမတဆဲ့တဘုံ	၃၀
ကာမတဏှာ	၄၅
ကာမတရား	၄၅
ကာမဓာတ် (၌သာ အကျုံး ဝင်သောစိတ်)	၄၁
ကာမရာဂ	၃၉
ကာမရာဂဗျာပါဒသံယောဇဉ်	၂၁၅
ကာမသုခလ္လိကာနုယောဂ ကြည် ခြင်း၏အကြောင်း	၅၃၀
ကာမသုဂတိ ခုနစ်ဘုံ	၃၀
ကာမသောဘဏစိတ်	၁၄၀
ကာမာဝစရ	၃၀၊၄၂
ကာမာဝစရ(ကာမဘုံသာ မုချ)	၄၆
ကာမာဝစရကုသိုလ်စိတ်ပေါင်း (၁၇၂၈၀)	၁၄၇
ကာမာဝစရကုသိုလ်စိတ်ပေါင်း (၁၅၁၂၀)	၁၄၇
ကာမာဝစရစိတ်	၃၇
ကာမာဝစရစိတ်၌ ယှဉ်သော စေတသိက် သရုပ်	၅၄၅
ကာမာဝစရသာမည်ပုံ	၄၀
ကာယကမ္မညတာ (မည်ပုံနှင့် လက္ခဏာစသည်)	၄၅၇
ကာယပဿဒ္ဓိ (မည်ပုံနှင့်လက္ခဏာ စသည်)	၄၅၅
ကာယပါဂုညတာ (မည်ပုံနှင့် လက္ခဏာစသည်)	၄၅၀
ကာယမုဒုတာ (မည်ပုံနှင့်လက္ခဏာ စသည်)	၄၅၆
ကာယလဟုတာ (မည်ပုံနှင့် လက္ခဏာစသည်)	၄၅၆
ကာယဝိညာဏ်ဖြစ်ခြင်း၏ အကြောင်း	၁၂၀
ကာယဝိညာဏ်၏ ဒုက္ခ, သုခ ဖြစ်ပုံ	၁၁၃
ကာယုဇုကတာ (မည်ပုံနှင့်လက္ခဏာ စသည်)	၄၅၉
ကာရဏူပစာရ	၁၀၉
ကာလ	၅၄
ကိစ္စအပြား (နှင့်စေတသိက်တို့ ယှဉ်မယှဉ်သရုပ်)	၅၅၉
ကိန္နရာ (တိရစ္ဆာန်မျိုး)	၄၄
ကြိယာစိတ်မည်ပုံ	၂၆၉
ကိလေသကာမ	၃၀၊၃၉၊၄၅
ကိလေသာဖြင့် မှတ်၍ စေတသိက် သရုပ်တို့ကိုပြခြင်း	၅၇၀

အက္ခရာစဉ် စာမျက်နှာ

[က]

ကုက္ကုစ္စ (မည်ပုံနှင့် လက္ခဏာ စသည်) ၄၃၀
ကုလမစ္ဆရိယ ၄၂၇
ကုသလဝိပါက် ၁၀၅
ကုသလဝိပါက်အဟိတ်စိတ် (ဥဇနကဟိတ်) ၁၂၉
ကုသိုလ်တို့၌ မပွါးခြင်း၏ ဆန့်ကျင်ဘက် ၅၂၉
ကုသိုလ်မည်ပုံ(ဝါဒအမျိုးမျိုး) ၂၆၁
ကုန္တိ ကိန္နရိမ (က မေးသည့်လူ) ၄၂
ကောလိယသာကီဝင် ၃၇
ကောက်ခြင်း ၃-မျိုး ၄၅၉
ကောင်းကင်ပညတ် ၁၀၇
ကျောင်းစာသင်သည်(ဟု ဌာနူပစာရ အားဖြင့်သုံးပုံ) ၄၆
ကျွန်းအားဖြင့် ခွဲပုံ ၃၇

[ခ]

ခဏိကာပီတိ ၄၀၈
ခတ္တိယ ၂၄
ခုဒ္ဒကာပီတိ ၄၀၈
ခေါ် ဝေါ် ခြင်းထူးသည်၏အဖြစ် ၂၈
ခြောက်ဆယ့်နှစ်ပါးသောဒိဋ္ဌိ ၇၇

[ဂ]

ဂတိနာနတ္တ ၂၈
ဂန္ထဖြင့်မှတ်၍ စေတသိက်သရုပ် တို့ကိုပြခြင်း ၅၆၅
ဂါမ (ရွာနေလူ) ၄၆
ဂါမာဝစရ ၄၀
ဂုဏ်ကိုပိုလွန်၍ယူခြင်း ၅၂၇

အက္ခရာစဉ် စာမျက်နှာ

[ဂ]

ဂုဏ်ကိုနှိမ်ချ၍ ယူခြင်း၏ အကြောင်း ၅၂၈
ဂုဏ်အတိုင်းယူခြင်း၏ အကြောင်း ၅၃၀
ဂေါတြဘူဇော ၂၁၈

[ဃ]

ဃာနဝိညာဏ်ဖြစ်ခြင်း၏ အကြောင်း ၁၂၀

[င]

ငရဲ၌မဖြစ်ရခြင်း၏အကြောင်း ၅၃၀
ငရဲဘုံ၌ဖြစ်ခြင်း၏အကြောင်း ၅၂၈
ငှက်မင်းနား(ထီးအထက်၌ တပ်သောအရာ) ၄၂၃

[စ]

စကြာမင်း၏ပတ္တမြား (နှင့် တူသောစေတသိက်) ၄၃၅
စက္ခုဝိညာဏ်ဖြစ်ခြင်း၏ အကြောင်း ၁၁၇
စတုတ္ထစျာန်ကုသိုလ်စိတ် ၁၆၆
စန္ဒမာလာ (အရှင်) ၂
စတုတ္ထာရုပ္ပစျာန် (သည် နေဝ သညာနာသညာယတန) ၁၉၂
စိတ် ၆
စိတ် (၏ ဒုကတိက စသော အမည်များ) ၂၈၃
စိတ်(၏ ဝေဝုစ်ပရိယာယ်အပြား ၂၈၂
စိတ်(ကို ဘုံတူဇာတ်တူပေါင်း၍ ပြခြင်း) ၂၅၇

အက္ခရာစဉ်	စာမျက်နှာ
[စ]	
စိတ်(သည် ဝိတက်ကိုမှီ၍ အာရုံသို့တက်ရသည်)	၄၀၄
စိတ်အကျယ်ပြားပုံ	၂၇၀
စိတ်အကျယ်တရာ့နှစ်ဆယ့်တပါး	၂၇၈
စိတ်အသီးသီး(တို့၏ အနန္တရဖြစ်ကောင်းသောစိတ်များအကျယ်)	၂၀၇
စိတ်ကိုသာရှေ့ထား၍ ဆိုရကြောင်း	၃၅
စိတ်စေတသိက် (တို့၏ အညမညသတ္တိ)	၃၀၁
စိတ်စေတသိက် (တို့တွင် စိတ်သာလျှင်ပဓာနပုဗ္ဗင်္ဂမ)	၃၀၂
စိတ္တကမ္မညတာ (မည်ပုံနှင့် လက္ခဏာစသည်)	၄၅၇
စိတ္တပဿဒ္ဓိ(မည်ပုံနှင့် လက္ခဏာစသည်)	၄၅၅
စိတ္တပါဂုညတာ (မည်ပုံနှင့် လက္ခဏာစသည်)	၄၅၀
စိတ္တမုဒုတာ (မည်ပုံနှင့် လက္ခဏာစသည်)	၄၅၇
စိတ္တမည်ပုံ	၂၆
စိတ္တလဟုတာ (မည်ပုံနှင့် လက္ခဏာစသည်)	၄၅၆
စိတ္တုဇုကတာ (မည်ပုံနှင့် လက္ခဏာစသည်)	၄၅၈
စိတ်နှင့် အမျှယှဉ်သော အညသမာန်းစေတသိက်အပြား	၅၄၀
စိတ်နှင့်အမျှယှဉ်သော သောဘဏစေတသိက်အပြား	၅၄၁

အက္ခရာစဉ်	စာမျက်နှာ
[စ]	
စိတ်သရုပ် (အာရုံတို့ဖြင့်မှတ်၍ပြခြင်း)	၃၂၇
စိတ်သရုပ် (ကိစ္စစသည်ဖြင့်မှတ်၍ပြခြင်း)	၃၅၅
စိတ်သရုပ် (ကိစ္စတို့ဖြင့်မှတ်၍ပြခြင်း)	၃၂၃
စိတ်သရုပ် (ကိစ္စဌာနဒွါရအာရုံဝတ္ထုတို့ဖြင့် မှတ်၍ ပြခြင်း)	၃၄၁
စိတ်သရုပ် (ဈာနင်မဂ္ဂင်စသည်ဖြင့်မှတ်၍ပြခြင်း)	၃၅၇
စိတ်သရုပ် (ဒွါရတို့ဖြင့်မှတ်၍ပြခြင်း)	၃၂၄
စိတ်သရုပ် (ပုဂ္ဂိုလ်ဖြင့်မှတ်၍ပြခြင်း)	၃၄၈
စိတ်သရုပ် (ဖြစ်သောအကြိမ်ဖြင့်မှတ်၍ ပြခြင်း)	၃၅၆
စိတ်သရုပ် (ဘုံဖြင့်မှတ်၍ပြခြင်း)	၃၄၂
စိတ်သရုပ် (ဝတ္ထုတို့ဖြင့် မှတ်၍ပြခြင်း)	၃၃၆
စိတ်သရုပ်(ဝေဒနာတို့ဖြင့် မှတ်၍ပြခြင်း)	၃၂၂
စိတ်သရုပ် (ဟိတ်တို့ဖြင့် မှတ်၍ပြခြင်း)	၃၂၂
စိတ်သည် ခတ္တိယမျိုးနှင့် တူသည်	၂၅
စိတ်ဟူသည် ဝိညာဏ်	၂၅
စေတ	၂၀၂
စေတနာ (မည်ပုံနှင့်လက္ခဏာစသည်)	၃၈၈
စေတနာ၊ မနသိကာရ၊ ဝိတက်တို့၏ အထူး	၅၂၅

အက္ခရာစဉ်	စာမျက်နှာ
[စ]	
စေတောယုတ္တလက္ခဏာ(၄-ပါး)	၃၆၂
စေတသိက်	၆
စေတသိက် (၅၂-ပါး)	၃၇၃
စေတသိက် (မည်ပုံနှင့်လက္ခဏာ စသည်)	၄၆၃
စေတသိက် (မည်ပုံ)	၃၇၁
စေတသိက်တို့သည် ဝေဿမျိုးနှင့် တူသည်	၂၄
စေတသိက်ပေါင်း (၂၃၇၀)	၅၄၀
စေတသိက်ပေါင်း (၃၄၂၆)	၅၄၁
[ဆ]	
ဆန္ဒစေတသိက် (လက္ခဏာ စသည်)	၄၁၀
ဆန္ဒနှင့် လောဘအထူး	၅၂၆
[ဇ]	
ဇမ္ဗူဒီပါကျွန်းသား	၃၇
ဇရာဒုက္ခ၏အကြောင်း	၅၂၀
ဇရာဒုက္ခမဖြစ်ခြင်း၏ အကြောင်း	၅၃၀
ဇလဇ	၄၀
ဇလာဗုဇယောနိ	၂၃
ဇဝနပဋိပါဒကမနသိကာရ	၄၀၃
ဇာတိမဟတ္တ(ကို ဆင်ခြင်၍ ဟိရိဖြစ်ခြင်း)	၄၅၁
ဇာတ်သဘင်	၇၀
ဇိဝှါဝိညာဏ်ဖြစ်ခြင်း၏ အကြောင်း	၁၂၀
ဇိဝိတိန္ဒြေ(မည်ပုံနှင့်လက္ခဏာ စသည်)	၄၀၁

အက္ခရာစဉ်	စာမျက်နှာ
[ဇ]	
ဇော(ဖြင့် တဒါရုံကို မှတ်၍ ပြခြင်း)	၁၅၀
[ဈ]	
ဈာန(မည်ပုံစသည်)	၁၆၆
ဈာန်ရကြောင်း၏အာရုံ အသီးသီး	၁၃၄
[ဉ]	
ဉာဏ်မြင်,ဒိဋ္ဌိမြင်အထူး	၅၂၇
ဉာဏ(ဟူသည်ပညိန္ဒြေ စေတသိက်)	၁၃၃
[ဌ]	
ဌာနဘုံ	၃၇
ဌာနူပစာရ	၄၆
[တ]	
တတိယဈာန်ကုသိုလ်စိတ်	၁၆၆
တတြမဇ္ဈတ္တတာ(မည်ပုံနှင့် လက္ခဏာစသည်)	၄၅၃
တဒါရုံ(ကိုဇောဖြင့်မှတ်၍ ပြခြင်း)	၁၅၀
တရားတော်၌ယုံမှားခြင်း	၄၃၄
တိရစ္ဆာနဂတိ	၂၇
တိရစ္ဆာန်၌မဖြစ်ရခြင်း၏ အကြောင်း	၅၃၀
တိရစ္ဆာန်ဘုံ၌ ဖြစ်ခြင်း၏ အကြောင်း	၅၂၀
တောပစ္စည်း	၈
တွာပစ္စယန္တပုဒ်	၁၀
တုတ်လှမ်းစေတီတော်	၂

အက္ခရာစဉ်	စာမျက်နှာ
[တ]	
တုတ်လှမ်းဆရာတော်	၂
တိုက်ဆင်	၃၉
[ထ]	
ထလဇ	၄၀
ထိနမိဒ္ဓနီဝရဏ	၁၇၁
ထိနစေတသိက်(လက္ခဏာ စသည်)	၄၃၁
ထိနမိဒ္ဓနှစ်ပါးအထူး	၄၃၂
[ဒ]	
ဒဏ္ဍာဘယ	၄၅၁
ဒသဂိရိ	၇၈
ဒါန၏အကြောင်း	၅၂၉
ဒါယဇ္ဇမဟာတ္တ	၄၅၁
ဒိဋ္ဌိစေတသိက်(သည်ပဒိုင်းသီးနှင့် တူ၏)	၆၁
ဒိဋ္ဌိ(မည်ပုံနှင့်လက္ခဏာစသည်)	၄၁၉
ဒိဋ္ဌိနှင့်မယှဉ်ခြင်း	၆၁
ဒိဋ္ဌိနှင့်ယှဉ်ခြင်း	၆၁
ဒိဋ္ဌိသဒ္ဒါ	၇၆
ဒိဋ္ဌိမြင်ညာဏ်မြင်အထူး	၅၂၇
ဒိဗ္ဗဝိဟာရ၏အကြောင်း	၅၃၁
ဒုက္ခဟုရှုမြင်နိုင်ခြင်း၏ အကြောင်း	၅၃၁
ဒုက္ခသစ္စာ	၅၂
ဒုက္ခ	၂၄၄
ဒုဂ္ဂတိဘယ(ဖြစ်ကြောင်း-၄)	၄၅၁
ဒုဂ္ဂတိဘာဝ	၃၉
ဒုဂ္ဂတိလေးဘုံ	၃၈
ဒုတိယဈာန်ကုသိုလ်စိတ်	၁၆၆
ဒုဿီလ၏ဆန့်ကျင်ဘက်	၅၂၉

အက္ခရာစဉ်	စာမျက်နှာ
[ဒ]	
ဒေဝကုမ္ဘန်ဇာတ်	၇၈၊၄၆၆
ဒေဝဂတိ	၂၇
ဒေဝဒဟသာကိဝင်	၃၇
ဒေဝဓမ္မ	၄၅၂
ဒေါမနဿ(သည် ကရုဏာ၏ နီးသောရန်သူ)	၄၉၉
ဒေါမနဿဖြစ်ခြင်း၏အကြောင်း	၉၂
ဒေါမနဿပဋိဃတို့၏ထူးပုံ	၈၉
ဒေါမနဿသဟဂတဟုဆိုရပုံ	၈၈
ဒေါသ(သည်အဘယ်အကျိုးများ ကိုဖြစ်စေတတ်ပုံအကျယ်)	၅၂၈
ဒေါသ(မည်ပုံနှင့်လက္ခဏာ စသည်)	၄၂၄
ဒေါသ(သည် အဘယ်ကြောင့် ပဋိဃ မည်လေသနည်း)	၉၂
ဒေါသမူစိတ်(ကိုလောဘမူအပြီး တွင် ပြရကြောင်း)	၈၈
ဒေါသမူစိတ်(မြွောက်ပွါးပုံ)	၉၄
ဒေါသမူစိတ်(သည် ခွေးရူးနှင့် တူ၏)	၉၃
ဒွါရတို့ဖြင့်မှတ်၍စိတ်သရုပ် ပြခြင်း	၃၂၄
[ဓ]	
ဓမ္မမစ္ဆရိယ	၄၂၈
ဓာတုသညာဖြစ်ကြောင်း	၅၃၀
[န]	
နဂရာဝစရ	၃၉၊၄၀
နဂါးမကမွေးဖွားသော(လူ)	၄၁
နန္ဒိယ (အရှင်)	၃
နတ္ထိက	၇၇

အက္ခရာစဉ်	စာမျက်နှာ
[န]	
နတ္ထိဘာဝပညတ်	၁၉၁
နာမဓမ္မ	၃၃
နာမ်မည်ပုံ	၃၄
နိဗ္ဗာန်	၆
နိဗ္ဗာန်သည် ဗြာဟ္မဏမျိုးနှင့် တူသည်	၂၅
နိဗ္ဗာန်ကိုနောက်ဆုံးထားရကြောင်း	၃၂
နိဗ္ဗာန်(နာမ)မည်ပုံ	၃၅
နိဗ္ဗာန်(သည် မဟာသမုဒ္ဒရာနှင့် တူ၏)	၂၁၁
နိယတယောဂီစေတသိက်	၅၅၁
နိယတမိစ္ဆာဒိဋ္ဌိကံ	၈၂
နိရယဂတိ	၂၇
နိဝရဏဖြင့်မှတ်၍ စေတသိက် သရုပ်တို့ကိုပြခြင်း	၅၆၆
နေက္ခမ္မသညာဖြစ်ခြင်း	၅၃၀
နေဝပဟာယကနပဟာတဗ္ဗစိတ်	၂၈၅
နေဝသညာနာသညာ	၁၉၂
နေဝသညာနာသညာယတန	၁၉၂
နောက်စိတ်ဖြင့်မှတ်၍ရှေ့အနန္တရစိတ်တို့ဖြင့် သရုပ်တို့ကိုပြခြင်း (အကျယ်)	၃၀၈
နောင်ကြီးအိုင်ရွာ	၃
နောင်ကြီးအိုင်ဆရာ	၃
[ပ]	
ပင်္ကဇ	၂၀
ပကိဏ်းစေတသိက် ၆-ပါး	၄၀၃
ပကိဏ်းစေတသိက် ပေါင်း(၃၉၂)	၅၃၈

အက္ခရာစဉ်	စာမျက်နှာ
[ပ]	
ပစ္စဝေက္ခဏာ	၅၄
ပစ္စုပ္ပန္နာရ(မည်ပုံ)	၃၉၃
ပဉ္စဒွါရာဝဇ္ဇန်း	၁၁၀
ပဉ္စဒွါရာဝဇ္ဇန်းစိတ်(ဥပေက္ခာသဟဂုတ်ဟူ၍သာ ဆိုရပုံ)	၁၂၂
ပဉ္စမဈာန်ကုသိုလ်စိတ်	၁၆၆
ပဉ္စဝိညာဏ်(တို့၏ဥပေက္ခာဖြစ်ပုံ)	၁၁၂
ပညာ(မည်ပုံ)	၅၁၁
ပညာဝိညာဏ်သညာတို့အထူး	၅၂၄
ပညာရောင်သည်အမြတ်ဆုံး	၅၁၃
ပညိန္ဒြေ	၅၂၁
ပညိန္ဒြေစေတသိက်(၄၇)	၅၄၀-၁
ပညိန္ဒြေစေတသိက်(သဘောလက္ခဏာ စသည်)	၅၁၁
ပညိန္ဒြေ(သည် အမောဟ)	၁၃၄
ပညိန္ဒြေ(သည် ဉာဏမည်ပုံ)	၁၃၄
ပညတ်	၅
ပညတ်တဆဲ့တပါး	၁၇၅
ပဋိဃသမ္ပယုတ်အဖြစ်	၈၈
ပဋိဃသမ္ပယုတ်အဖြစ်ကိုသာ ဆိုရပုံ	၉၂
ပဋိဃ(သည် ခွေး၌စွဲကပ်သော ရူးသောရောဂါနှင့်တူ၏)	၉၃
ပဋိဃဟူသည် ဒေါသ	၉၂
ပဋိစ္စသမုပ္ပန္နတရား၌ယုံမှားခြင်း	၄၃၅
ပဋိပဒါလေးပါး	၁၈၂
ပဋိပဒါလေးပါး(ထူးခြားပုံ)	၂၄၂
ပဋိပတ်	၄
ပဋိသန္ဓေ ရကြောင်းများ	၂၅၂
ပဌမဈာန်၏ အာရုံ	၁၇၅

အက္ခရာစဉ် စာမျက်နှာ

[ပ]

ပဍ္စမဈာန်ကုသိုလ်စိတ် ၁၆၆
ပဍ္စမာရုပ္ပကုသိုလ်စိတ် ၁၈၉
ပဍ္စမာရုပ္ပဝိညာဏ် ၁၈၉
ပဒဋ္ဌာန်(မည်ပုံ) ၃၉၃
ပဒလက္ခဏာမန္တန် ၄၂
ပရစိတ္တဝိဇာနနကာလ ၅၄
ပရမသဒ္ဒါ(ပရမတ္ထတော၌) ၁၈
ပရမတ် ၉
ပရမတ္ထ ၁၉၊၂၇
ပရမတ္ထဒေသနာ ၇
ပရာနုဝါဒဘယ ၄၅၁
ပရိကပ္ပိတဋ္ဌ ၇၅
ပရိတ္တစိတ် ၂၈၇
ပရိယာယဒေသနာ ၂၄၅
ပရိယတ် ၄
ပဟာတဗ္ဗစိတ် ၂၈၅
ပဟာနင်္ဂ(ရူပဈာန်အရာ) ၁၇၁
ပဟာယကစိတ် ၂၈၅
ပါဒကဈာန် ၂၇၁
ပါမောက္ခလက္ခဏာ(ရှိသော
ကောဋ္ဌာသ) ၄၀၁
ပိယဝိပ္ပယောဂဒုက္ခ၏အကြောင်း၅၂၈
ပိယဝိပ္ပယောဂဒုက္ခမဖြစ်ခြင်း၏
အကြောင်း ၅၃၀
ပီတိ ၁၇၀
ပီတိ(မည်ပုံနှင့် လက္ခဏာစသည်)၄၀၈
ပီတိ(သည် ဒုဝင်္ဂိကစတုတ္ထ
ဈာန်၏ ပဟာနင်္ဂ) ၁၇၃
ပီတိငါးပါး ၄၀၈
ပုဂ္ဂလဇ္ဈာသယဈာန်(ပုဂ္ဂိုလ်
အလိုရှိအပ်သောဈာန်) ၂၇၁

အက္ခရာစဉ် စာမျက်နှာ

[ပ]

ပုဂ္ဂိုလ်ဖြင့်မှတ်၍ စေတသိက်
သရုပ်ပြခြင်း ၅၆၄
ပုဗ္ဗဝိဒေဟကျွန်းသား ၃၇
ပုဗ္ဗန္တ၌ ယုံမှားခြင်း ၄၃၅
ပုဗ္ဗန္တာပရန္တ၌ ယုံမှားခြင်း ၄၃၅
ပေတဂတိ ၂၇
ပြည်ဆရာတော်ဘုရားကြီး ၃
ပြိတ္တာဘုံ၌ မဖြစ်ရခြင်း၏
အကြောင်း ၅၃၀
ပြိတ္တာဘုံ၌ဖြစ်ခြင်း၏အကြောင်း၅၂၈

[ဖ]

ဖရဏာပီတိ ၄၁၀
ဖလသမာပတ္တိဝီထိဆိုင်ရာ ၂၉၅
ဖဿ(မည်ပုံ) ၃၉၃
ဖဿ(လက္ခဏာစသည်) ၃၉၃
ဖဿသဟဂုတ်စသည်မဆိုရပုံ
(လောဘမူစိတ်အရာတွင်) ၈၄
ဖိုလ်စိတ် (ကာမာဝစရမည်ပုံ) ၄၁
ဖိုလ်စိတ်(သခ်ာတတရား) ၅၀
ဖိုလ်စိတ်လေးပါး
(ပြားရကြောင်း) ၂၅၂

[ဗ]

ဗလဝကံ အဗလဝကံ (တို့နှင့်
တဒါရုံစသည်) ၁၅၂
ဗဟိဒ္ဓကိုအာရုံပြု၍ ဖြစ်ကောင်း
သောစိတ် ၃၃၁
ဗျဝစ္ဆေဒဝိသေသန ၁၆၃
ဗျာပါဒကာယဂန္ထကိုဖြေဖျက်
ကြောင်း ၅၃၁
ဗျာပါဒနီဝရဏ ၁၇၀

အက္ခရာစဉ်	စာမျက်နှာ
[ဗ]	
ဗျာပါဒ(သည် မေတ္တာ၏ ဝေးသောရန်သူ)	၄၉၇
ဗြဟ္မဝိဟာရ(မည်ပုံ)	၅၀၁
ဗြဟ္မဝိဟာရ၏အကြောင်း	၅၃၁
ဗြာဟ္မဏ	၂၄
[ဘ]	
ဘဝနိကန္တိတဏှာ	၆၃
ဘဝနိကန္တိလောဘဇော	၃၇၊၀၉
ဘာဝနာ၏အကြောင်း	၅၂၉
ဘုံဖြင့်မှတ်၍ စေတသိက် သရုပ်တို့ကို ပြခြင်း	၅၆၃
ဘူရိဒတ်	၄၂
[မ]	
မဂ်(တို့၏ သစ္စာကိုသိပုံ)	၂၁၆
မဂ်(တို့ ကိလေသာကိုပယ်ရာ ဥပမာအသီးသီး)	၂၂၇
မဂ်(လေးထောင်)	၂၃၄
မဂ်(လေးသောင်း)	၂၃၄
မဂ်စိတ်(ကာမာဝစရမည်ပုံ)	၄၁
မဂ်စိတ်(သင်္ခတတရား)	၅၀
မဂ်စိတ်	၁၂၄
မဂ်စိတ်(နှစ်ဆယ်)	၂၈၀
မဂ်စိတ်လေးပါး	၂၁၀
မဂ်လေးပါး(နှင့် အဓိပတေယျ-၄)	၂၅၁
မဂ်လေးပါးတို့၏ကိစ္စ	၂၂၄
မဂ္ဂ(မည်ပုံ)	၂၁၀
မဂ္ဂါဂမန	၂၄၆
မဂ္ဂင်ရှစ်ပါး	၂၁၅
[မ]	
မစ္ဆရိယ(မည်ပုံနှင့် လက္ခဏာ စသည်)	၄၂၆
မစ္ဆရိယငါးပါး	၄၂၈
မစ္ဆေရ၏ဆန့်ကျင်ဘက်	၅၂၉
မဇ္ဈိမပဋိပတ်ကိုကျင့်ခြင်း၏ အကြောင်း	၅၃၀
မန	၂၇၂
မန္တလေး	၂
မနသိကာရ	၁၂၀
မနသိကာရ(လက္ခဏာစသည်)	၄၀၃
မနသိကာရ ၃-ပါး	၄၀၃
မနသိကာရ စေတနာ ဝိတက် တို့၏ အထူး	၅၂၅
မနုဿဂတိ	၂၈
မနုဿဇာတ်	၂၄
မနုဿသဒ္ဒါ(ဘီလူးကိုဟော)	၄၄
မနောဒွါရာဝဇ္ဇန်း	၁၁၀
မနောဒွါရာဝဇ္ဇန်းစိတ်	၁၂၁
မနောဒွါရာဝဇ္ဇန်းစိတ်(ဟူသည် ဝေါဋ္ဌဗ္ဗနစိတ်)	၁၂၃
မနှိမ်မရှုတ် ဟုတ်တိုင်းယူခြင်း၏ အကြောင်း	၅၂၉
မပိုမသာ ဟုတ်မှန်တိုင်းသာ ယူခြင်း၏အကြောင်း	၅၂၉
မဖောက်မပြန်မှန်တိုင်းယူခြင်း၏ အကြောင်း	၅၃၀
မယူရ	၂၀
မဟဂ္ဂတစိတ်	၂၇၈
မဟဂ္ဂုတ်စိတ်၌ယှဉ်သော စေတသိက်သရုပ်	၅၄၆

အက္ခရာစဉ် စာမျက်နှာ

[မ]

မဟာကုသိုလ်(စိတ်တို့၏ တခု ထက်တခု မဟပ္ပဖလဖြစ်ပုံ) ၁၄၅
မဟာကုသိုလ်အသင်္ခါရိက ဖြစ်ခြင်း၏အကြောင်းများ ၁၄၁
မဟာကုသိုလ်ဥပေက္ခာ ဖြစ်ခြင်း၏အကြောင်းများ ၁၃၉
မဟာကုသိုလ်စိတ် ၁၃၂
မဟာကုသိုလ်စိတ်တို့၏ဖြစ်ပုံ ၁၄၃
မဟာကုသိုလ်ဉာဏသမ္ပယုတ် ဖြစ်ခြင်း၏အကြောင်းများ ၁၃၉
မဟာကုသိုလ်သောမနဿ ဖြစ် ခြင်း၏အကြောင်း(၂-ပါး၊ ၄-ပါး၊ ၅-ပါး၊ ၁၁-ပါး) ၁၅၀
မဟာကြိယာ(၌ သောမနဿ စသည် ဖြစ်ခြင်း၏ အကြောင်း) ၁၅၀
မဟာတိဿမထေရ်(ပီတိအစွမ်း ဖြင့် ကောင်းကင်သို့ပျံပုံ) ၄၀၀
မဟာဘုတ်ချင်းထိခိုက်မှု ၁၁၄
မဟာဝိပါက်(ဉာဏသမ္ပယုတ် စသည် ဖြစ်ပုံ) ၁၅၀
မဟာဝိပါက်(အဓိပတိဖြင့် မြှောက်ပွါးရပုံ) ၁၅၆
မဟာဝိပါက်စိတ် ၁၄၇
မဟာဝိပါက်စိတ်ပေါင်း (တရာ့လေးဆယ့်လေးခု) ၁၅၄
မဟုတ်မမှန်ယူခြင်း၏ အကြောင်း ၅၂၀
မရဏဒုက္ခ၏အကြောင်း ၅၂၀
မရဏဒုက္ခမဖြစ်ခြင်း၏ အကြောင်း ၅၃၀

အက္ခရာစဉ် စာမျက်နှာ

[မ]

မာန ၂၁၆
မာန(မည်ပုံနှင့်လက္ခဏာစသည်)၄၂၀
မာနသ ၂၀၂
မာယာ(တဏှာသာတည်း) ၅၂၁
မိဂ(အခြေနှစ်ချောင်းရှိသော ကိန္နရာကိုလည်း ဟော၏) ၄၄
မိဂသဒ္ဒါ (မှတ်ဖွယ်) ၄၂
မိဂသဒ္ဒါ (အခြေရှစ်ချောင်းရှိ သော ပုဏ္ဏန်ကိုလည်းဟော) ၄၅
မိဂသိင် ၄၂
မိစ္ဆာအမြင် ၅၂၁
မိစ္ဆာကမ္မန္တ ၄၆၇
မိစ္ဆာကမ္မန္တဝိရတိ ၄၆၇
မိစ္ဆာဇီဝ ၄၆၇
မိစ္ဆာဉာဏ် (ပညိန္ဒြေမဟုတ်) ၅၂၂
မိစ္ဆာဉာဏ(ဟူသည်မောဟသာ)၅၂၃
မိစ္ဆာဒိဋ္ဌိ ၇၆
မိစ္ဆာဒိဋ္ဌိ (တို့၏ယုံကြည်မှု) ၅၂၀
မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း ၇၇
မိစ္ဆာဝါစာ ၄၆၇
မိစ္ဆာဝါစာဝိရတိ ၄၆၇
မိစ္ဆာဝါယာမ ၅၁၇
မိစ္ဆာသင်္ကပ္ပ ၅၁၇
မိစ္ဆာသတိ (ဟူသည်တဏှာသာ တည်း) ၅၁၉
မိစ္ဆာသမာဓိ ၅၁၇
မိဒ္ဓစေတသိက် (လက္ခဏာ စသည်) ၄၃၁
မိမိကိုယ်ပြည့်စုံခြင်း၏ အကြောင်း ၅၃၁
မုချဒေသနာ ၂၄၅

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မုချနိပ္ပရိယာယဒေသနာ	၂၄၅
မုဋ္ဌောစေတီ	၂
မုဒိတာ (မည်ပုံ)	၄၉၃
မုဒိတာ(၏လက္ခဏာစသည်)	၄၉၆
မုဒိတာ (သည်သူတပါးတို့စည်းစိမ်၌ မငွေ့ မလျော်ခြင်း အရတိကိုပယ်ဖျောက်နိုင်ခြင်း အကျိုးရှိ၏)	၄၉၇
မုဒိတာ(၏ရန်သူ ၂-မျိုး)	၅၀၀
မုဒိတာ၏ ပြည့်စုံကြောင်း	၄၉၆
မုဒိတာ၏ပျက်စီးကြောင်း	၄၉၆
မုဒိတာစေတသိက်	၅၄၀
မူဆိုး	၄၀
မူလမည်ပုံ(လောဘမူလစသည်)	၅၉
မေတ္တာ(မည်ပုံ)	၄၉၄
မေတ္တာ (ဟူသည်အခြားမဟုတ်၊ အဒေါသ စေတသိက်ပင်)	၄၉၄
မေတ္တာ(၏လက္ခဏာစသည်)	၄၉၅
မေတ္တာ(သည် အဗျာပါဒကို ပယ်ဖျောက်နိုင်ခြင်းအကျိုးရှိ၏	၄၉၇
မေတ္တာ(၏ရန်သူ ၂-မျိုး)	၄၉၈
မေတ္တာ၏ ပြည့်စုံကြောင်း	၄၉၆
မေတ္တာ၏ ပျက်စီးကြောင်း	၄၉၆
မောမူဟစိတ္တာနိ(ဟုဆိုရပုံများ)	၁၀၂
မောဟ (မည်ပုံနှင့် လက္ခဏာစသည်)	၄၁၄
မောဟ(သည်အဘယ်အကျိုးများကို ဖြစ်စေတတ်ပုံအကျယ်	၅၂၈
မောဟမူစိတ်(ကိုဒေါသမူစိတ်အပြီးတွင် ပြရကြောင်း)	၉၄
မင်းတဲ့မင်းတဲဆရာတော်	၂
[မ]	
မွေ့နွန်းဇာတ်	၇၈
မွေ့နွန်းဝတ္ထု	၄၆၆
မှန်ကင်း	၄၂၃
မြင်းဘီလူးမ(က မွေးသည့်လူ)	
မြတ်စွာဘုရား၌ ယုံမှားခြင်း	၄၃၃
မြို့ပြင်	၃
မြို့ပြင်ကြီးရွာ	၃
မြို့ပြင်ရွာ	၂
မြို့သစ်	၃
မြို့သစ်မြို့	၂
[ယ]	
ယောနိ	၂၃
ယုံကြည်(တိုင်း သဒ္ဓါမဟုတ်)	၅၂၀
ယုံမှားခြင်း	၄၃၃
[ရ]	
ရတနာပုရ	၂
ရတနာပုံ	၂
ရတနာမဥ္ဇူစေတီ	၂
ရတနာမဥ္ဇူဆရာတော်	၂
ရသ(မည်ပုံ)	၃၉၃
ရဟန်းတို့၏ချမ်းသာစွာ ပေါင်းဖော်ရခြင်း၏အကြောင်း	၅၃၀
ရာဂ (သည် မေတ္တာ၏ နီးသောရန်သူ)	၄၉၈
ရာဂ,ပဋိဃ(တို့သည် ဥပေက္ခာ၏ဝေးသောရန်သူ)	၅၀၁
ရာမ	၄၆၆
ရာမဇာတ်	၇၈
ရူပစျာန်စိတ်ပေါင်း (နှစ်ရာ့နှစ်ဆယ့်ငါးပါးစသည်)	၁၈၂

အက္ခရာစဉ်	စာမျက်နှာ
[ရ]	
ရူပတဏှာ	၄၇
ရူပဓမ္မ	၃၃
ရူပဓာတ်	၄၇
ရူပဘဝ	၄၇
ရူပဘုံ၌ ဖြစ်ကောင်းသောစိတ်	၃၄၂
ရူပရာဂ	၂၁၆
ရူပါဝစရ	၄၇
ရူပါဝစရ (၌ သင်္ခါရအပြားမဆို ရပုံ)	၁၇၉
ရူပါဝစရ (မခေါ်ထိုက်ပုံ)	၄၂
ရူပါဝစရစိတ်	၃၇
ရူပါဝစရကုသိုလ်စိတ်	၁၆၅
ရူပါဝစရကြိယာစိတ်	၁၀၆
ရူပါဝစရဝိပါက်စိတ်	၁၀၅
ရောဂါများခြင်း၏ အကြောင်း	၅၂၉
ရယ်ခြင်းအပြား ခြောက်ပါး	၁၂၅
ရယ်ခြင်းကို ဖြစ်စေတတ်သော စိတ်	၁၂၅
ရုပ်(သည်ပရမတ္ထ ၄-ပါး၌ ပါဝင်ပုံ)	၆
ရုပ်ကို အာရုံပြု၍ ဖြစ်ကောင်း သောစိတ်	၃၃၁
ရုပ်ကိုဖြစ်စေတတ်သောစိတ်	၃၅၉
ရုပ်ဇီဝိတ နာမ်ဇီဝိတ	၃၄၉
ရုပ်တို့သည် သုဒ္ဓမျိုးနှင့် တူသည်	၂၅
ရုပ်သေး	၇၀
ရုပ်ကို နောက်ထား၍ ဆို ရကြောင်း	၃၂
[လ]	
လက္ခဏာ(မည်ပုံ)	၃၉၃
လာဘမစ္ဆရိယ	၄၂၇
[လ]	
လိင်္ဂနာနတ္တ	၂၀
လူ(အနှယ်အားဖြင့်၄-မျိုးပြားပုံ)	၂၄
လူ(နဂါးကမွေး)	၄၂
လူတို့၏ ဖြစ်ရာကျွန်း	၃၇
လူဇာတ်	၃၇
လူတို့၏ချမ်းသာစွာပေါင်းဖော် ရခြင်း၏အကြောင်း	၃၅၀
လောက (၏ အရကောက်ပုံ)	၅၃
လောကသုံးပါး	၄၉
လောကပါလတရား (၂-ပါး)	၄၅
လောကမည်ပုံ	၅၀
လောကီစိတ်	၂၀၃
လောကုတ္တရာ	၄၉
လောကုတ္တရာကုသိုလ်စိတ် (၄-ပါး ပြားရကြောင်း)	၂၁၄
လောကုတ္တရာစိတ်၌ ယှဉ်သော စေတသိက်သရုပ်	၅၄၇
လောကုတ္တရာစိတ် (၌ ကြိယာ မဖြစ်ပုံ)	၂၅၅
လောကုတ္တရာစိတ်	၃၇
လောကုတ္တရာစိတ် (ကာမာဝစရ မမည်ပုံ)	၄၁
လောကုတ္တရာစိတ်	၂၀၃
လောကုတ္တရာဈာန်(စင်စစ်မရှိ)	၂၇၀
လောကုတ္တရာမည်ပုံ	၅၄
လောဘ (သည် အဘယ်အကျိုး များကို ဖြစ်စေတတ်ပုံ အကျယ်)	၅၂၀
လောဘ (သည် ရှုးသွပ်သော ရောဂါနှင့်တူ၏)	၆၁

အက္ခရာစဉ်	စာမျက်နှာ
[လ]	
လောဘ (မည်ပုံနှင့် လက္ခဏာ စသည်)	၄၁၇
လောဘနည်းသောသူ	၈၁
လောဘနှင့်ဆန္ဒအထူး	၁၂၆
လောဘမူစိတ်(သည်ရူးသွပ်သော ရောဂါ စွဲကပ်သော သူနှင့် တူကြောင်း)	၆၁
လောဘမူစိတ်(ကို ဝေဒနာစသည် ဖြင့်သာ မှတ်၍ဆိုရကြောင်း အကျယ်)	၆၁
လောဘမူစိတ်၌ သောမနဿဖြစ် ခြင်း၏ အကြောင်း	၇၄
လောဘမူ၌ ဥပေက္ခာဖြစ်ခြင်း၏ အကြောင်း	၇၅
လောဘမူစိတ်ကို ရှေးဦးစွာပြပုံ	၅၉
လောဘမူစိတ်တို့ ဖြစ်ဟန်များ	၇၇
လောဘမူစိတ်(တို့၏ အပြစ်အကြီး အလေး)	၈၀
လောဘမူစိတ်တို့၏ ထားပုံ အစီအစဉ်	၈၂
လောဘမူစိတ်မြောက်ပွါးပုံ	၈၃
[ဝ]	
ဝံသဘေဒ	၂၄
ဝဂ္ဂ	၂၇
ဝဍ္ဎနပညာ (ဟူသည်ဉာဏ်မဟုတ်)	၅၂၁
ဝဏ္ဏမစ္ဆရိယ	၄၂၀
ဝတ္ထုအပြား (နှင့် စေတသိက်တို့ ယှဉ်မယှဉ်သရုပ်)	၅၆၁
ဝတ္ထုကာမ	၄၅
ဝနစရ	၄၀

အက္ခရာစဉ်	စာမျက်နှာ
[ဝ]	
ဝသဝတ္တိဘုံ	၄၁
ဝိစာရ	၁၇၁
ဝိစာရ(သည်တိဝဂ္ဂိက တတိယစျာန်၏ပဟာနင်)	၁၇၃
ဝိစာရ(မည်ပုံနှင့်တကွ တတိယစျာန်စသည်)	၄၀၄
ဝိစိကိစ္ဆာ	၂၅၁
ဝိစိကိစ္ဆာ (မည်ပုံနှင့် လက္ခဏာစသည်)	၄၃၃
ဝိစိကိစ္ဆာနီဝရဏ	၁၇၁
ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စအထူး	၅၃၂
ဝိစိကိစ္ဆာသမ္ပယုတ္တဟုဆိုရပုံ	၉၆
ဝိဇ္ဇာ	၅၁၃
ဝိညာဏ	၂၀၂
ဝိညာဏဉ္စ	၁၉၀
ဝိညာဏဉ္စာယတနကုသိုလ်စိတ်	၁၉၁
ဝိညာဏာနန္တ	၁၈၉
ဝိညာဏ်သည်စိတ္တမည်သည်	၂၆၊၂၉
ဝိညာဏ် သညာ ပညာတို့အထူး	၅၂၄
ဝိတက်(သည် စတုဝဂ္ဂိက ဒုတိယစျာန်၏ ပဟာနင်)	၁၇၂
ဝိတက်	၁၇၁
ဝိတက်(မည်ပုံနှင့် လက္ခဏာစသည်)	၄၀၃
ဝိတက်(သည် စိတ်ကိုအာရုံသို့ တင်သည်)	၄၀၄
ဝိတက် ဝိစာရ(နှစ်ပါးအထူး)	၄၀၅
ဝိတက်(ကို နှစ်ပါးခွဲ၍ယူရပုံ)	၅၂၇
ဝိတက် စေတနာ မနသိကာရတို့အထူး	၅၂၅
ဝိပရီတသညာ	၃၉

အက္ခရာစဉ်	စာမျက်နှာ
[ဝ]	
ဝိပဿနာဂမန	၂၄၆
ဝိပါကသဒ္ဒါ(ဖြင့်ရသင့်သော သဘောတို့ကိုပြခြင်း)	၁၅၅
ဝိပါက်စိတ်မည်ပုံ	၂၆၇
ဝိမောက္ခ(၃-ပါး)	၂၄၆
ဝိရတီသုံးပါး	၄၆၇
ဝိရတီစေတသိက်ပေါင်း (၁၄၄)ပါး	၅၄၁
ဝိရတီနှင့်ဝေရမဏီ (တူကြောင်း)	၄၇၅
ဝိရတီစေတသိက်ပေါင်း	၅၄၀
ဝိရတီစေတသိက် ၃-ပါး	၄၆၃
ဝိရိယ(ကို နှစ်ပါးခွဲ၍ယူရပုံ)	၅၁၇
ဝိဟာသိတ	၁၂၅
ဝိဟေသ(သည် ကရုဏာ၏ ဝေးသောရန်သူ)	၄၉၉
ဝီထိပဋိပါဒက မနသိကာရ	၄၀၃
ဝီရိယ(မည်ပုံနှင့် လက္ခဏာစသည်)	၄၀၆
ဝုဋ္ဌာနဂါမိနိဝိပဿနာ	၂၄၄
ဝေဒနာ (မည်ပုံနှင့် လက္ခဏာစသည်)	၃၉၆
ဝေဒနာအပြား (နှင့်စေတသိက် တို့ ယှဉ်မယှဉ်သရုပ်)	၅၅၈
ဝေရမဏီနှင့်ဝိရတီ (တူကြောင်း)	၄၇၅
ဝေဿ	၂၄
ဝေါဋ္ဌဗ္ဗနစိတ် (ဟူသည်မနောဒွါရာဝဇ္ဇန်း)	၁၂၃
ဝေါဟာရနာနတ္တ	၂၈
ဝေါဟာရထူးသည်၏အစွမ်း	၂၈

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သံဃာ၌ယုံမှားခြင်း	၄၃၄
သံယောဇဉ်(ပယ်ပုံများ)	၂၁၆
သံယောဇဉ်ဖြင့်မှတ်၍စေတသိက် သရုပ်တို့ကိုပြခြင်း	၅၆၉
သံသေဒဇယောနိ	၂၃
သဥတ္တရစိတ်	၂၀၄
သကဒါဂါမိ	၂၁၂
သကဒါဂါမ် (ကာမရာဂတို့၌ ခေါင်းပါးပုံ)	၂၅၁
သကဒါဂါမိမဂ် (ပယ်သောတရား)	၂၁၅
သကဒါဂါမိမဂ် (က-အားနည်းသောစိတ်)	၂၃၀
သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် (ငါးယောက်)	၂၁၄
သက္ကာယဒိဋ္ဌိ နှစ်ဆယ်	၇၇
သက္ကာယဒိဋ္ဌိ	၂၁၅
သင်္ခတဓမ္မ	၃၂
သင်္ခါရဒုက္ခကို မရှုမမြင်နိုင်ခြင်း အကြောင်း	၅၂၉
သင်္ခါရနိမိတ်(မှ ထပုံ)	၂၂၀
သင်္ခါရလောက	၅၀
သင်္ခါရလောကမည်ပုံ	၅၀
သင်္ဂါမာဝစရ	၃၉
သစ္စာဖြင့်မှတ်၍ စေတသိက်သရုပ် တို့ကို ပြခြင်း	၅၇၃
သစ္စာလေးပါး(တို့ကိုသိပုံ)	၂၂၄
သညာထူးသည်၏အဖြစ်	၂၈
သညာနာနတ္တ	၂၈
သညာ (မည်ပုံနှင့် လက္ခဏာ-စသည်)	၃၉၇

အက္ခရာစဉ် စာမျက်နှာ

[သ]

သညာ ဝိညာဏ် ပညာသိတို့၏ အထူး ၅၂၄
သတ္တလောက ၅၀-၅၄
သတ္တလောကမှထွက်မြောက်ပုံများ ၅၅
သတ္တဝါသာမည ၂၃
သတ္တဝါသင်္ခါရတို့၌ဒုက္ခငြိမ်းအေးခြင်း၏အကြောင်း ၅၃၁
သတိ စေတသိက်(သည် အကုသိုလ်စိတ်တို့နှင့်မယှဉ်သည်သာ) ၅၁၇
သတိ(မည်ပုံနှင့် လက္ခဏာ-စသည်) ၄၃၀
သတ္တုမဟတ္တ(ကို ဆင်ခြင်၍ ဟိရိဖြစ်ခြင်း) ၄၅၁
သဒ္ဓါစေတသိက် (သည်လည်း အကုသိုလ်စိတ်တို့နှင့် မယှဉ်သည်သာ) ၅၂၀
သဒ္ဓါ (မည်ပုံနှင့် လက္ခဏာ-စသည်) ၄၃၅
သဒိသမာန် ၄၂၃
သန္တိရဏ ၁၁၁
သန္တိရဏ (ဝေဒနာ ၂-ပါး၌ဖြစ်ပုံ) ၁၁၅
သန္တိရဏ(ဥပေက္ခာ၌သာဖြစ်ပုံ) ၁၁၅
သပစ္စယဓမ္မ ၃၂
သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇-ပါး) ၃၉၃
သဗ္ဗစိတ္တသာဓာရဏစေတသိက်ပေါင်း ,(၆၂၃) ၅၃၀
သဗ္ဗညုတဉာဏ်ဖြင့်သာ ဟော ၂၁
သဘာဝရူပ ၇၅

[သ]

သဘာဝဗေဒ ၂၃
သမာဒါနဝိရတိ ၄၆၇
သမာဓိ ၁၇၀
သမ္ပဋိစ္ဆိုန်း ၁၁၁
သမ္ပဋိစ္ဆိုန်းဒွေ၏ ဥပေက္ခာဖြစ်ပုံ ၁၁၄
သမ္ပတ္တဝိရတိ ၄၆၇
သမ္ပပ္ပလာပ ၄၆၆
သမ္မသိတစျာန် ၂၇
သမ္မာအာဇီဝ ၄၆၃
သမ္မာကမ္မန္တ (မည်ပုံနှင့်လက္ခဏာစသည်) ၄၆၃
သမ္မာဒိဋ္ဌိ ၇၆
သမ္မာဝါယာမ ၅၁၇
သမ္မာဝါစာ (မည်ပုံနှင့်လက္ခဏာစသည်) ၄၆၃
သမ္မာသင်္ကပ္ပ ၅၁၇
သမ္မာသမာဓိ ၅၁၇
သဝိညာဏက ၆
သသင်္ခါရိကဖြစ်ခြင်း ၆၁
သသင်္ခါရိကဖြစ်ခြင်းအကြောင်း ၇၇
သသင်္ခါရိက(ဖြစ်ပုံမဟာဝိပါက်) ၁၅၃
သဿတ ၄
သဿတအယူ ၇၇
သဿတဥစ္ဆေဒ(၂-ပါးဖြင့်အလုံးစုံဒိဋ္ဌိဟူသမျှကိုယူနိုင်သည်) ၇၇
သမုစ္ဆေဒဝိရတိ ၄၆၇
သမ္မုတိပညတ် ၆၉
သမုဒ္ဒဇာမင်းသမီး ၄၂
သမင်မ (က မွေးသောလူ) ၄၂
သဗြဟ္မစာရီမဟတ္တ ၄၅၁
သဟေတုကစိတ် ၂၀၄

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သဟိတ်ကြိယာ	၁၃၂
သဟိတ်ကုသလဝိပါက်စိတ်	၁၄၈
သာကီဝင်မျိုး	၃၇
သာသဝစိတ်	၂၈၄
သိက္ခာ၌ယုံမှားခြင်း	၄၃၄
သိတ	၁၂၅
သီတာမင်းသမီး	၇၈
သီလ၏အကြောင်း	၅၂၉
သီလဆောက်တည်နည်း	၄၈၈
သီလဗ္ဗတပရာမာသ	၂၁၅
သုခ	၁၇၁
သုခ (သည် ရူပါဝစရပဥ္စမဈာန်၏ ပဟာနင်)	၁၇၃
သုညတ	၂၄၄
သုတမေ	၂
သုတဝန္တကလျာဏပုထုဇ္ဇန်	၄
သုဒဿန	၄၂
သုဒ္ဒ	၂၄
သုဘောဂ	၄၂
သူငယ်သိမ်းတို့၏ချမ်းသာစွာပေါင်း ဖော်ရခြင်း၏ အကြောင်း	၅၃၀
သူမြတ်တို့၏ရယ်ခြင်း ၂-ပါး	၁၂၅
သူယုတ်တို့၏ ရယ်ခြင်း ၂-ပါး	၁၂၅
သူလတ်တို့၏ ရယ်ခြင်း ၂-ပါး	၁၂၅
သေယျမာန်	၄၂၃
သောတ	၂၁၀
သောတာပတ္တိ	၂၁၀
သောတာပတ္တိမဂ်	၂၁၅
သောတာပတ္တိမဂ်စိတ်	၂၁၀
သောတာပတ္တိမဂ် (ပယ်သောစိတ်)	၂၃၀

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သောတာပတ္တိမဂ် (ပယ်သောတရား)	၂၁၅
သောတဝိညာဏ်ဖြစ်ခြင်း အကြောင်း	၁၂၀
သောဘဏစိတ်	၂၈၄
သောဘဏမည်ပုံ	၅၇
သောဘဏရာသိ သမ္ပယောဂနည်း	၅၃၉
သောဘဏစိတ်၌ယှဉ်သော စေတသိက်သရုပ်	၅၄၆
သောဘဏစေတသိက်ပေါင်း (၂၀၀၈)ပါး	၅၄၁
သောဘဏစေတသိက်နှင့် (စေတသိက်တို့ယှဉ်မယှဉ် သရုပ်)	၅၅၆
သောဘဏစေတသိက်ပေါင်း (၁၂၇၂)ပါး	၅၄၀
သောဘဏစေတသိက်မည်ပုံ	၃၈၄
သောဘဏစေတသိက် နှစ်ဆဲ့ငါးခု	၃၈၃
သောဘဏသာဓာရဏ စေတသိက်ပေါင်း-၁၁၂၁	၅၃၉
သောဘဏသာဓာရဏ စေတသိက်ပေါင်း (၁၇၂၉)ပါး	၅၄၁
သောမနဿ သဟဂုတ်	၆၁
သောမနဿ (သည် မုဒိတာ၏ နီးသောရန်သူ)	၅၀၀
သောမနဿ ဖြစ်ခြင်း၏ အကြောင်း	၁၃၈

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သောမနဿ ဖြစ်ခြင်း၏ အကြောင်း(လောဘမူတွင်)	၇၆
သောမနဿဖြစ်ကြောင်း ၄-ပါး	၁၃၇
သောမနဿဖြစ်ကြောင်း ၅-ပါး	၁၃၇
သောမနဿဖြစ်ခြင်း၏ အကြောင်း (၁၁-ပါး)	၁၃၈
သောမနဿဖြစ်ခြင်း၏ အကြောင်း (မဟာ ကြိယာ)	၁၅၈
သား (မိဂ)	၄၂
သုံးဆဲ့တဘုံ(ထွက်မြောက် ပုံများ)	၅၅
[ဟ]	
ဟဒယ	၂၈၂
ဟသိတ	၁၂၅
ဟသိတသဒ္ဒါ	၁၂၆
ဟသိတုပ္ပါဒ်	၁၂၄
ဟသိတုပ္ပါဒ်စိတ်	၁၁၀
ဟိတ်အပြားနှင့်(စေတသိက်တို့ ယှဉ်မယှဉ်သရုပ်)	၅၅၉
ဟိရိဩတ္တပ္ပ (နှစ်ပါးအထူး)	၄၄၄
ဟိရိဖြစ်ခြင်းအကြောင်း ၄-ပါး	၄၄၈
ဟိရိ(မည်ပုံနှင့်လက္ခဏာစသည်)	၄၄၀
ဟိဝိဘတ်	၄၄၂
ဟိနမာန်	၄၂၇
ဟုတ်မှန်သော သဘောကို မှတ်ယူခြင်း၏အကြောင်း	၅၃၀
ဟောစာသာချင်း	၄၆၆

ပ·မ·ဓ·သ·စ — ၁၃၈ — ၂၄·၆·၆၃ —— ၁၀၀၀။